http://www.cherrythitsar.org



http://www.cherrythitsar.org

စာအုပ်အမှတ် ( ၁၅၀)

Quality Publishing House

အမှတ် ၁၅၃၊ ၅(က) လွှာ၊
ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း — ၃၀၆၄၀၄၊ ၃၂၀၀၆၃၊ ၂၈၂၆၀၄။

http://www.cherrythitsar.org

## ဒို့အဓိကအရေးသုံးပါး

| | | |
|---|---|---|
| * | ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| * | တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| * | အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

# တောင်မင်းသားဦးဘိုးတော်

## အရုဏ်ဆွမ်းများ

စာမူခွင့်ပြုချက်အမှတ် - ၇၅၈/၂၀၀၃ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၉၂/၂၀၀၃ (၈)

**ပုံနှိပ်ခြင်း**

တတိယအကြိမ် - (၂၀၀၃၊ အောက်တိုဘာလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်

ကွန်ပျူတာစာစီ - Quality

အတွင်းဖလင် - Quality

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)

၁၅၃၊ ၅(လွှာ)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၁၈၀၀ ကျပ်

http://www.cherrythitsar.org

# ≺ မာတိကာ ≻

## စာရေးသူ၏စကားဦး

## ကျေးဇူးစကား


| | | |
|---|---|---|
| ၁။ | မြသိန်းတန် | ၁ |
| ၂။ | ယိုးဒယားသူလျှို | ၂၄ |
| ၃။ | သွေးသောက်ပတ္တမြား | ၃၉ |
| ၄။ | မဏိရတနာ | ၅၃ |
| ၅။ | ဒိဗ္ဗစက္ခုဆေးလုံး | ၇၈ |
| ၆။ | သေမင်းနာရီ | ၉၃ |
| ၇။ | ဝိညာဉ်ကလဲ့စား | ၁၁၉ |
| ၈။ | ကာဏာရိုင်၏နောင်တ | ၁၃၈ |
| ၉။ | တစ်ကျွန်းပြန် ဦးဘိုးထော် | ၁၅၉ |
| ၁၀။ | မြလက်စွပ် | ၁၈၂ |
| ၁၁။ | ကုလားဆရာဝန် အကြံ | ၂၀၂ |
| ၁၂။ | ဖယောင်းရုပ် | ၂၂၅ |
| ၁၃။ | ရတနာပုံ မောင်မောင်ကလေး | ၂၄၆ |
| ၁၄။ | ဓာတ်ပုံသက်သေ | ၂၆၅ |
| ၁၅။ | စွန့်ဝံ့သူ | ၂၈၁ |
| ၁၆။ | ဒိန်းဒလိန်းနတ်ကြောင့် အကျပ်ရိုက်ခံရပုံ | ၂၇၈ |
| ၁၇။ | ပင်လယ်ဓားပြ၏ ဘဏ္ဍာတိုက် | ၃၂၃ |
| ၁၈။ | ကျားကြီး | ၃၄၆ |
| ၁၉။ | ထူးဆန်းသော မှားယွင်းမှု | ၃၆၆ |
| ၂၀။ | ရင်သွေးတော် | ၃၇၉ |
| ၂၁။ | အကြံကောင်းလို့ လက်ညှိုးတစ်ချောင်းဖြတ်ရသူ | ၃၉၅ |

# စာရေးသူ၏ စကားဦး

၁၉၁၀-၁၅ ခု၊ ပတ်ဝန်းကျင်၌ ကျွန်ုပ်သည် မွေးဖွားရာ ဇာတိဖြစ်သော ပြည်မြို့တွင် နေထိုင်ခဲ့၏။ ကျွန်ုပ်၏ အစ်ကိုမှာ ပွဲစားတစ်ယောက်ဖြစ်သဖြင့် ပြည်မြို့ထောင်ကြီးအတွင်းသို့ မြေပဲများကို ကန်ထရိုက်ရောင်းချလေ့ရှိရာ ကျွန်ုပ်က ထောင်မှူးများထံ သွားရောက်၍ မြေပဲဖိုးများကို တောင်းခံရ၏။ ကျွန်ုပ်တို့ ပွဲရုံသို့တစ်လလျှင် ၂ ကြိမ်၊ ၃ ကြိမ်မျှ မြေပဲများကို သယ်ယူရန် လာသည့်အခါတိုင်း ကျွန်ုပ်မှာ ထောင်သားများနှင့် စကားစမြည် ပြောခွင့်ရသဖြင့် ၎င်းတို့နှင့် အတော်အတန် ရင်းနှီးခဲ့လေသည်။ ကျွန်ုပ်တို့ပွဲရုံမှ မြေပဲများကို သူတို့သည် နွားများကို ဆွဲစေမည့်အစား ထမ်းပိုးတွင် အကျဉ်းသား ၅ ယောက်ခန့်က ရှေ့က ဆွဲ၍ နောက်မှ အကျဉ်းသားနှစ်ယောက်တို့ တွန်းပေးရ၏။ လှည်း၏နောက်တွင် အကျဉ်းသားများကို စောင့်ကြပ်သည့် ဦးထုပ်ပြာ၊ ဦးထုပ်ဖြူ ဗာရာတစ်ယောက် နှစ်ယောက် ပါရှိ၍ ၎င်းတို့နှင့်အတူ ပန်ချာပီ လူမျိုးဝါဒါ နှစ်ယောက်သုံးယောက်ခန့်လည်း လိုက်ပါကြီးကြပ်ရလေသည်။ ဤမြင်ကွင်းသည် အစိုးရအမိန့်ဖြင့် ထောင်အာဏာပိုင်များက အကျဉ်းသားများအား လူသားစင်စစ် ဖြစ်ပါလျက် တိရစ္ဆာန်ကဲ့သို့ ခိုင်းစေသော နယ်ချဲ့စနစ်ဆိုးတစ်ခု၏ မြင်ကွင်းတစ်ခု ဖြစ်လေသည်။

ကျွန်ုပ်၏မိခင်မှာ အစားအသောက်ဆင်းရဲသူများနှင့် ဒုက္ခိတများအပေါ်တွင် သနားကြင်နာတတ်သော အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည့်အတိုင်း ထောင်သားများ မြေပဲယူရန် လာရောက်သောအခါ ဝါဒါအစောင့်များထံခွင့်တောင်း၍ ငှက်ပျောသီးများ၊ မုန့်များ၊ ထန်းလျက်များ ကျွေးလေ့ရှိ၏။ ဖခင်ကလည်း ဆေးပြင်းလိပ်များ ဝေငှပေးလေ့ရှိ၏။ ထိုအခါ ထောင်သားများသည်ကျွန်ုပ်တို့ မိသားစုအပေါ်တွင် ခင်မင်ရင်းနှီးလာတော့၏။

ထိုထောင်သားများထဲတွင် အသက် ၄၀ ကျော်ခန့်ရှိ ကိုယ်လုံးကိုယ်ပေါက်ကောင်း၍၊ ရှေးရိုး မြန်မာဆန်ဆန် ယောက်ျားပီသသော ရုပ်လက္ခဏာရှိသည့် ဦးဘိုးထင် ဆိုသူတစ်ယောက်သည် ကျွန်ုပ်အား အထူးချစ်ခင်လျက် ထောင်ထဲတွင် ဖြစ်ပျက်သည့် သူ၏အတွေ့အကြုံများ၊ ပုံတိုပတ်စများ၊ ထူးဆန်းသော လူသတ်မှုများ၊ ကြိုးစင်သို့တင်ပုံများ၊ ထောင်ထဲမှ လုပ်ကြံမှုများ စသည်တို့ကို ပြောပြလေ့ရှိရာ၊ ကျွန်ုပ်ကလည်း နှိုက်နှိုက်ချွတ်ချွတ် မေး၍ မှတ်သား၏။

http://www.cherrythitsar.org

ဦးဘိုးထင်မှာ ထောင်သားတစ်ယောက် ဖြစ်လင့်ကစား၊ ဥပမိရုပ်ကောင်း၍ သိက္ခာသမာဓိနှင့် ပြည့်စုံသည့် လက္ခဏာရှိပြီးလျှင် အခြားထောင်သားများ အပေါ်တွင်လည်း ဩဇာညောင်းသူတစ်ယောက် ဖြစ်ဟန်တူ၏။ သို့နှင့် ကျွန်ုပ်သည် ဦးဘိုးထင်၏ ကျယ်ပြန့်သော ဗဟုသုတများကို မှတ်သားကာ သူ့ကိုလည်း တစ်နေ့တခြား လေးစားချစ်ခင် လာမိလေသည်။

၁၉၁၅ ခုနှစ်၊ ဇွန်လတွင် ကျွန်ုပ်သည် ဝတ္ထုတစ်ပုဒ်ကို သူရိယမဂ္ဂဇင်းတွင် ပထမဆုံးအကြိမ် စတင်ရေးသား၍ ဝတ္ထုနယ်ပယ်သို့ ဝင်ခဲ့ရာ၊ ၁၉၂၆ ခုနှစ်သို့ ရောက်သောအခါ ထိုနှစ် ဧပြီလ (၁၂၈၇ ခု၊ တန်ခူးလ) အထူးထုတ်ဒဂုန်မဂ္ဂဇင်းတွင် 'မြသိန်းတန်' ဟူသော အမည်ဖြင့် ထောင်မင်းသား ဦးဘိုးထော် ပထမဆုံးဝတ္ထုကို ရေးသားခဲ့လေသည်။ ဤသို့ ရေးသားနိုင်ခြင်းမှာလည်း ကျွန်ုပ်တွေ့ခဲ့ဖူးသော ပြည်မြို့ထောင်မှ အကျဉ်းသားဦးဘိုးထင် ပြောပြသော ၎င်း၏ အတွေ့အကြုံဗဟုသုတများ မူတည်ပြီးလျှင် အမျိုးမျိုး ဇာတ်အိမ်ဖွဲ့ကာ ၎င်း၏အမည်ကိုလည်း သာမန်အကျဉ်းသား ဦးဘိုးထင်အဖြစ်မှ 'ထောင်မင်းသား ဦးဘိုးထော်' ဟု ပြောင်းလဲကာ ၎င်း၏ ဇာတ်ဆောင်အဖြစ် ထည့်သွင်းရေးသားခဲ့လေသည်။

ဦးဘိုးထော် ပထမဝတ္ထုကို ပထမစတင်ရေးသားသည့်အချိန်မှ ယနေ့ထိဆိုသော် နှစ်ပေါင်း ၄၀ မျှပင် ကြာရှိခဲ့လေပြီ။

လွတ်လပ်ရေး ရပြီးနောက် ၁၉၅၀-၅၁ ခုနှစ်လောက်က ကျွန်ုပ်သည် ဗဟိုစံပြထောင်အဖြစ် သတ်မှတ်ပြီးဖြစ်သော ရန်ကုန်ထောင်ကြီးအတွင်းသို့ ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာရန် သွားရောက်ခဲ့ရာ၊ ကျွန်ုပ်အား ထောင်မှူးကြီး ဦးလှရွှေက ထောင်အတွင်းတွင် လှည့်လည်ပြသခဲ့လေသည်။ ထိုအခါ ကျွန်ုပ်မျက်မြင်တွေ့ရသော စစ်ပြီးခေတ် ဗဟိုစံပြ ထောင်ပြများမှာ ယခင်နယ်ချဲ့ခေတ်က ထောင်များနှင့် မည်မျှလောက် ကွာခြားသည်ကို တွေ့ရ၏။

ယခင်က ထောင်များတွင် ထောင်သားများအား (၁) သံခြေကျဉ်းခတ်ခြင်း၊ (၂) ကတုံးရိတ်ခြင်း၊ (၃) လည်ပင်းတွင် သံကွင်းတပ်၍ နံပါတ်ပြားများဆွဲပေးခြင်း၊ (၄) နံငယ်ပိုင်းများကို ဝတ်ဆင်စေခြင်း စသည်များကိုသာ တွေ့ရ ၏။ ယခု ထောင်ကျအကျဉ်းသားများမူ ရှပ်အင်္ကျီအဖြူနှင့် အရောင်ဆိုးထားသော လုံချည်များကိုဝတ်ဆင်ရ၍ ဘိုဆံတောက်များကိုပင် ကော့နေအောင် ဖြီးထားသည်ကို တွေ့ခဲ့ရ၏။ ယခင် နယ်ချဲ့ခေတ် ထောင်အာဏာပိုင်များမှာ ထောင်သားများအပေါ်တွင် ခက်ထန်ကြမ်းကြုတ်စွာ ဆက်ဆံ၍ ယခုခေတ်တွင်မူကား ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံမှုများနှင့် ရိုင်းပင်းကူညီမှုများကို တွေ့ရ၏။ ထောင်ထဲတွင် (၁) စာမတတ်သူများအား သင်တန်းများ ဖွင့်၍

စာသင်ပေးခြင်း၊ (၂) အကျင့်စာရိတ္တ တိုးတက်မြင့်မားစေရန် အားကစား စိတ်ဓာတ်များ ရရှိစေရန် အားကစား အမျိုးမျိုးကို ကစားခွင့်ပြုခြင်း၊ အားပေးခြင်း၊ (၃) ဘာသာရေး အသိတရား ဖွံ့ဖြိုးတိုးတက်စေရန် အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ်၊ နှစ်ပတ်လျှင် တစ်ကြိမ် ဆရာဘုန်းတော်ကြီးများအား ပင့်ဆောင်၍ တရားဓမ္မ သင်ပြဟောပြစေခြင်း စသည်တို့ကို ပြုလုပ်ပေး၏။ အာဏာပိုင်များကို ကိုယ်တိုင် အခါအားလျော်စွာ ပညာပေးဟောပြောမှုများ ပြုလုပ်ပေး၏။

အကျဉ်းသားများရရှိသော အခွင့်အရေးမှာလည်း က တန်း၊ ခ တန်း၊ ဂ တန်း ဟူ၍ အတန်းအစားအလိုက် ရရှိနေကျ အသီးသီး လျှော့ရက်များ အပြင်၊ (၁) ဗုဒ္ဓဘာသာစာမေးပွဲ၊ (၂) မင်္ဂလာစာမေးပွဲ၊ (၃) အဘိဓမ္မာစာမေးပွဲများ ကျင်းပပြုလုပ်ပေး၍ ထိုစာမေးပွဲတွင် အောင်မြင်သူများအား အထူးအခွင့်အရေးပေးလေသည်။

ယခုခေတ်ပြောင်း တော်လှန်ရေးတွင် ထောင်ဒဏ်အပြစ်ပေးခြင်း ခံနေရသူများအား ထောင်သားအကျဉ်းသားဟူ၍ပင် မခေါ်တော့ဘဲ ရဲဘက်ဟူသော အမည်ဖြင့် တိုင်းပြည်၏ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းဆောင်တာများ၌ လုပ်အားပေးလျက်ရှိသည်ကို တွေ့ရလေသည်။

သို့ဖြစ်၍ ခေတ်ဟောင်း၌ အကျဉ်းကျခံရခြင်းမှာ မိမိ ကျူးလွန်ခဲ့သော ပြစ်မှုအတွက် အစိုးရ၏ အပြစ်ဒဏ်ကို ခံရခြင်းနှင့် တူ၏။ ယခု စံပြထောင်များ၏ ရည်ရွယ်ချက်မှာ တစ်စုံတစ်ယောက်သည် ကျူးလွန်ခဲ့သော ပြစ်မှုမျိုးကိုသော် လည်းကောင်း ၊ အခြားပြစ်မှုတစ်စုံတရာကိုသော် လည်းကောင်း နောက်ထပ် မကျူးလွန်မိစေရန် အာဏာပိုင်များ၏ ဖျောင်းဖျပြုပြင်သွန်သင်ဆုံးမ ပြသပေးခြင်းကို အမှုကြီးလျှင် ကြီးသည့်အလျောက် ငယ်လျှင်ငယ်သည့်အလျောက် ကာလအပိုင်းအခြားအားဖြင့် ခံယူခြင်းသာ ဖြစ်လေသည်။

ယခု ထောင်မင်းသား ဦးဘိုးထော်ဝတ္ထုများမှာ ယခင် နယ်ချဲ့ခေတ်၊ ခေတ်ဟောင်းတွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာ အတ္ထုပ္ပတ္တိများဖြစ်၍ စာဖတ်သူများသည် ယခုခေတ် ယခုအချိန်နှင့် နှိုင်းစာပြီးလျှင် ခေတ်၏ ပြောင်းလဲမှုများကို ဝေဖန်သုံးသပ်နိုင်ရန် တင်ပြခြင်းဖြစ်ပါကြောင်း။

**ဒဂုန်ရွှေမျှား**

# ကျေးဇူးစကား

ဆရာကြီး ဒဂုန်ရွှေမျှား၏ အထင်ရှားဆုံးသော ဝတ္ထုများထဲတွင် ဤထောင်မင်းသား ဦးဘိုးထော်သည်လည်း အပါအဝင်ဖြစ်ပါသည်။ အကြိမ်ကြိမ် ပြန်ရိုက်ရသော ဝတ္ထုဖြစ်ပြီး ၄င်းတို့ထဲမှ တစ်ပုဒ်ကို ရုရှားဘာသာ ပြန်ဆိုဖူးကြောင်း သိရသည်။ ယခု **(Quality)** စာအုပ်တိုက်၏ အုပ် ၁၅၀ ပြည့်အထိမ်းအမှတ်အဖြစ် ထောင်မင်းသား ဦးဘိုးထော် စာအုပ်အား ထုတ်ဝေလိုက်ပါသည်။

အုပ် ၁၅၀ ပြည့်မြောက်အောင် အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြသော စာပေမိတ်ဆွေအပေါင်းအား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အစဉ်လေးစားလျက်

**ကိုမြင့်ထွန်း (Quality)**

# မြသိန်းတန်

အောက်တွင် ရေးသားဖော်ပြအပ်သော အကြောင်းအရာမှာ ဦးဘိုးထော် မြင်းခြံထောင်မှ ပထမဦးဆုံးအကြိမ် လွတ်မြောက်ခဲ့သော အချိန်က ကျွန်ုပ်အား ပြောပြခဲ့သော အကြောင်းအရာများပင် ဖြစ်ပါသည်။ ဤဝတ္ထုကိုမစမီ ဤနေရာတွင် ကျွန်ုပ်သည် ထိုဦးဘိုးထော်၏အကြောင်းကို အကျဉ်းချုပ်မျှ ရေးသားဖော်ပြရန် လိုပေသည်။

ဦးဘိုးထော်ဆိုသူမှာ ဇာတိအားဖြင့် ရွှေဘိုနယ် မန်ကျည်းတုံ့ရွာမှ ဖြစ်၍ မြန်မာစာပေကျမ်းဂန်များကိုလည်း စေ့စပ်သေချာစွာ လေ့လာသင်ကြားခဲ့ဖူးသည်ဖြစ်ရာ ၎င်း၏ဖခင်ရှိစဉ် ၁၂၄၇ ခုနှစ်တွင် အရှင်သီပေါမင်းအား အင်္ဂလိပ်အစိုးရတို့ သိမ်းပိုက်စဉ်အခါက တိုင်းပြည် နိုင်ငံအတွက် မခံမရပ်နိုင်ဖြစ်ကာ အင်္ဂလိပ်တို့အား တော်လှန်ပုန်ကန်ခဲ့လေသည်။

ထိုသို့တော်လှန်ပုန်ကန်စဉ်အခါက ဦးဘိုးထော်၏ဖခင်သည် ဖမ်းဆီးမိ၍ သေဒဏ်စီရင်ခြင်း ခံရသည့်အတွက် အစ်ကိုအတွက် အင်္ဂလိပ်အစိုးရ အား စိတ်နာပြီးလျှင် ယခုတစ်သက်တွင် ငါသည် ကောင်းမွန်ရိုးသားစွာ ရှာဖွေ လုပ်ကိုင်မစားမူ၍ တိုက်ခိုက်ခြင်းဖြင့် အသက်မွေးအံ့ဟု စိတ်ပိုင်းဖြတ်ကာ ၁၆ နှစ်သားကပင် တောထဲသို့ ထွက်ခဲ့လေ၏။

http://www.cherrythitsar.org



တောပုန်းဓားပြအဖြစ်ဖြင့် ၃ နှစ်တိုင် နေထိုင်ခဲ့ပြီးသော် မည်မျှ လောက်ပင် ဉာဏ်ပညာနှင့် ပြည့်စုံခြင်း သူရသတ္တိရှိခြင်း စသော ဂုဏ်အင်္ဂါတို့ နှင့် ပြည့်စုံသည် မှန်သော်လည်း "ပညာရှိသတိဖြစ်ခဲ" ဟူသော စကားအတိုင်း၊ မိမိအလွန်ယုံကြည်သောသူတစ်ယောက်၏ လိမ်လည်ဖြားယောင်းချက်ဖြင့် တစ်နေ့သ၌ ဖမ်းဆီးခံခဲ့ရသဖြင့် ထောင်ဒဏ် ခုနစ်နှစ် အပြစ်ဒဏ် ခံယူရရှာလေ သည်။

ထောင်ဒဏ်ခုနစ်နှစ်တိုင်တိုင် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲ ခြင်းတို့၏ ဒုက္ခများနှင့် တွေ့ကြုံခဲ့သော်လည်း ဦးဘိုးထော်မှာ စိတ်ဓာတ်ခက် ထန်သော လူတစ်ယောက်ဖြစ်သဖြင့် မိမိအား ဖြားယောင်းခေါ်ငင်ပြီး လိမ်လည် လှည့်ဖြား၍ ဖမ်းဆီးပေးသော မိမိ၏တပည့်ဖြစ်သူအပေါ်တွင် စိတ်မကျေချမ်း နိုင်သဖြင့် တစ်ကျွန်းမှ ထွက်လာသည်နှင့်တစ်ပြိုင်နက် ထိုသူအား တွေ့သော နေရာတွင်သတ်မည်ဟု စိတ်ပိုင်းဖြတ်၍ ထိုသူ သွားလာနေထိုင်တတ်သည့် အရပ်များကို တဖြည်းဖြည်း မေးမြန်းစုံစမ်း၍ ရှာဖွေလေတော့သည်။

ဤသို့ဖြင့် ဦးဘိုးထော်သည် တစ်ရွာမှတစ်ရွာ ပြောင်း၍ လိုက်လံရှာ ဖွေစဉ် မိမိတွင်ပါရှိသော ငွေကြေးများ ပြတ်လပ်သောအခါများ၌ ကုန်တင်ကုန် ချ ကျပန်းအလုပ်များဖြင့်လည်းကောင်း၊ အခစားကူးလီအဖြစ်လည်းကောင်း ရှာဖွေစားသောက်ရရှာလေသည်။

မည်သို့ပင်ဖြစ်စေကာမူ ဦးဘိုးထော်မှာ ထိုသူအပေါ်တွင် ကလဲ့စား ချေလိုသော စိတ်သည် နှစ်လ ရှည်ကြာလှပြီဖြစ်၍ လွင့်စင်ပျောက်ပျက်၍ သွားမည့်အစား မိမိ၏ဝမ်းထဲတွင် တည်ရှိသော အကြိတ်အခဲသည် ယခင်က ထက် ရင့်မာကြီးပွား၍ လာကြောင်းကို တွေ့ရလေ၏။ ယင်းကဲ့သို့ စုံစမ်းရှာဖွေ လျက်ရှိလေရာ ကံအားလျော်စွာ တစ်နေ့သ၌ ထိုသူသည် မြင်းခြံနယ် နွားထိုး ကြီးရွာတွင် ရှိကြောင်းကို သတင်းရရှိသဖြင့် သွားရောက်ပြီးလျှင် ထိုသူနှင့် တွေ့ဆုံမိကြလေ၏။ ဦးဘိုးထော်လည်း ထိုသူအား ညဥ့်တစ်ညဥ့်တွင် ရွာနှင့် မနီးမဝေး လယ်ပြင်တစ်ခုထဲသို့ လှည့်ပတ်ခေါ်ငင်ပြီးနောက် အကျိုးအကြောင်း ကို သေချာစွာ ပြောဆိုပြီးလျှင် ရက်စက်စွာ သတ်ဖြတ်လိုက်လေ၏။

နောက်တစ်နေ့၌ ဦးဘိုးထော်မှာ အဖမ်းခံရပြီးလျှင် လူသတ်မှုနှင့် တရားစွဲဆိုခြင်းကို ခံရလေရာ၊ သက်သေ မထင်ရှားသဖြင့် 'ကြိုး' အပြစ်ဒဏ်မှ လွတ်ပြီး မြင်းခြံထောင်တွင် (၇)နှစ် အပြစ်ဒဏ်ကို ခံရပြန်လေသည်။ ဤကဲ့သို့ မြင်းခြံထောင်တွင် အပြစ်ခံနေရသည့်အတွင်း ဦးဘိုးထော်မှာ ထောင်သက်ရှည် ပြီးလျှင် ထောင်ရည်ဝသည်ဖြစ်သောကြောင့် တစ်ကြောင်း၊ လူမိုက်တို့ မည် သည် မိမိတို့ထက်မိုက်သော သူလာလျှင် ကြောက်တတ်စမြဲ ဖြစ်ရကား ဦးဘိုး

http://www.cherrythitsar.org



ထော်မှာ 'ဗာရာ' ၏အဖြစ်မှ တဖြည်းဖြည်း တိုးတက်ပြီးလျှင် နောက်ဆုံး၌ အကျဉ်းသားများထဲတွင် အတန်းအမြင့်ဆုံးဖြစ်သော 'ထောင်မင်းသား' ဟူသော ဘွဲ့တံဆိပ် ဖြင့် ခတ်နှိပ်ချီးကျူးခြင်းကို ခံရလေသည်။

ဦးဘိုးထော်မှာ ယင်းကဲ့သို့ 'ထောင်မင်းသား' အဖြစ်ဖြင့် နေစဉ် အလုပ်ကြမ်းကို အလျဉ်းမလုပ်ရဘဲ ထောင်သားများအပေါ်တွင် စီမံခန့်ခွဲခြင်း၊ ထောင်မှူးအား ကူညီခြင်း၊ စာရင်းအင်းများကို ကိုင်တွယ်ခြင်း စသော အလုပ်တို့ကိုသာ ပြုလုပ်ရသဖြင့် အားလပ်ခွင့်ကိုလည်း အတော်အတန်ရရှိခဲ့သည့် အလျောက် အကြံအစည်တစ်ခုသည် ဖြစ်ပေါ်၍ လာခဲ့ရာ ၎င်း၏အကြံအစည်မှာ အောက်ပါအတိုင်းပင်ဖြစ်ကြောင်း။

ဦးဘိုးထော်မှာ ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့ပြီးသည့်အတိုင်း ငယ်စဉ်ကပင် စာပေကျမ်းဂန်များကိုလည်းကောင်း၊ ဗဟုသုတအစရှိသော အတွေးအမြင်များခြင်း၌လည်းကောင်း များစွာဝါသနာပါရှိသည့်အတိုင်း လူဆိုးလူမိုက်သူခိုးဓားပြတောပုန်းများအကြောင်းကို တတ်နိုင်သမျှ မေးမြန်းပြီး ၎င်းတို့၏ အပြုအမူ ခိုးဝှက်ပုံ၊ တိုက်ခိုက်လုယက်ပုံများကို အသေအချာ ရေးသားမှတ်ထားလေ့ရှိသည်ဖြစ်ရာ ဤကဲ့သို့ ပြုလုပ်ခြင်းများမှာလည်း မည်သူ၏အတွက်မျှ မဟုတ် မူ၍ မိမိ၏ဝါသနာအလိုဆန္ဒအတိုင်း ပြုလုပ်ခြင်းမျှသာ ဖြစ်လေသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းကိုလည်း မည်သူတစ်စုံတစ်ယောက်မျှ မသိမူ၍ များစွာပင် ကျပ်တည်းခဲယဉ်းစွာ ပြုလုပ်ရလေသည်။

လူတို့မည်သည် မိမိတို့ပြုလုပ်ခဲ့သော မကောင်းမှုများကိုလည်းကောင်း၊ တစ်သက်တာပတ်လုံး မိမိတို့လျှို့ဝှက်၍ လာသော အရာများကိုလည်းကောင်း၊ မိမိတို့သေရမည့်ဆဲဆဲ၌ အလုံးစုံဖွင့်၍ ပြောဆိုခဲ့တတ်ကြရကား ဦးဘိုးထော်မှာ 'ကြိုး'ပေးသောအပြစ်ဒဏ်ကို ခံရရှာသူများထံမှ ၎င်းတို့၏ မှန်ကန်သော အဖြစ်အပျက်များကို များစွာရရှိလေသည်။ ဥပမာဆိုသော် တစ်စုံတစ်ယောက်သောသူသည် အစိုးရကို စိတ်နာလျက် "ငါ သေရမည့်အတူတူ အစိုးရကိုတော့ မှန်တာကို ဖွင့်၍ မပြောပါဘူး" ဟု စိတ်ကို သန္နိဋ္ဌာန်ချ၍ထားသော သူများပင်လျှင် ဦးဘိုးထော်က တိတ်တဆိတ် စုံစမ်းမေးမြန်းသောအခါ ဟုတ်မှန်သည့်အတိုင်း ပြောဆိုတတ်ကြလေသည်။ အချို့သူများမှာ မဟုတ်မမှန်ဘဲနှင့်သော်လည်းကောင်း၊ လူမှား၍သော်လည်းကောင်း၊ မတရားသက်သေခံချက်ဖြင့်သော်လည်းကောင်း အသက်ဆုံးရှုံးခြင်းကို ခံကြရှာလေကုန်၏။ အချို့သူများမှာ သေစားသေစေ အပြစ်ဒဏ်ကို ကြောက်ရွံ့သဖြင့် 'ဘူးကွယ်' ၍နေသောသူများပင်လျှင် ဦးဘိုးထော်က ဟုတ်မှန်သည့်အတိုင်း ပြောပြရန် တိတ်တဆိတ် တောင်းပန်သောအခါ အစိုးရကို ဖွင့်၍မပြောသော်လည်း ဦးဘိုး

http://www.cherrythitsar.org


ထော်ကိုဖွင့်၍ ပြောတတ်ကြလေရာ အောက်ပါအတ္ထုပ္ပတ္တိ အဖြစ်အပျက်များ သည် မိမိ၏မိန်းမကို လည်းကောင်း၊ အခြားမိန်းမတစ်ယောက်ကို လည်းကောင်း ထိုမိန်းမနှစ်ယောက်ကို ရက်စက်စွာ သတ်ဖြတ်မှုနှင့် ၁၉၁၉ ခု (   ) လ (   ) ရက်နေ့တွင် မြင်းခြံထောင်၌ ကြိုးပေးခံရသူ 'မောင်ပေါက်ကျော်' ဆို သူ၏ အတ္ထုပ္ပတ္တိဖြစ်သဖြင့် ၎င်းအကြောင်းအရာများကို ဦးဘိုးထော် မှတ်သား ထားရှိ သည့်အတိုင်း ဦးဘိုးထော်ထံမှ တစ်ဆင့်ကြားသိရသဖြင့် ရေးသားလိုက် ခြင်း ဖြစ်ပါကြောင်း။

***

**[ ၁ ]**

ကျွန်ုပ် မောင်ဘိုးထော်မှာ စာရေးဆရာ 'မောင်ရွှေမျှား' ၏ တောင်း ပန်ချက်အရ ကျွန်ုပ်သည် မြင်းခြံထောင်၌ (၇) နှစ် အပြစ်ဒဏ်ကို ကျခံလျက်ရှိ စဉ်အခါက မိန်းမနှစ်ယောက်ကို သတ်ဖြတ်သောအမှုဖြင့် 'ကြိုးပေး' အပြစ်ဒဏ် ကို ခံရရှာသူ 'မောင်ပေါက်ကျော်' ဆိုသူ၏ အတ္ထုပ္ပတ္တိကို ကျွန်ုပ် ကိုယ်တိုင် ထိုမောင်ပေါက်ကျော်ထံမှ နားနှင့် ဆတ်ဆတ်ကြားခဲ့ရသည့်အတိုင်း ရေးသား ဖော်ပြပါအံ့။

ကျွန်ုပ်မှာ ရွှေဘိုတောင်ဘက် မန်ကျည်းတုံရွာသား ဇာတိဖြစ်၍ ကျွန်ုပ်၏ဖခင်နှင့်အစ်ကို တစ်ယောက်မှာ ၁၂၄၇ ခုနှစ်၌ ရွှေဘို ဝက်လက်နက် နယ်တွင် သူပုန်မှုဖြင့် အင်္ဂလိပ်အစိုးရတို့၏ ဖမ်းဆီးခြင်းကို ခံရပြီးနောက် အသက်ဆုံးရှုံးခြင်းကို ခံခဲ့ရလေသည်။ သို့ဖြစ်ရကား ... ကျွန်ုပ်မှာ ဖခင်နှင့် အစ်ကိုအတွက် အစိုးရအပေါ်တွင် စိတ်နာခဲ့သည့်အလျှောက် ကောင်းရောင်း ကောင်းဝယ် ကုန်သည်လယ်လုပ်ခြင်းကို မပြုမူ၍ ခိုးဝှက်တိုက်ခိုက်ခြင်းဖြင့်သာ လျှင် အသက်မွေးမြူ နေထိုင်ခဲ့လေသည်။ တောပုန်းစားပြမှုဖြင့် ၂၅ နှစ်တိုင်တိုင် တစ်ကျွန်းတွင် အပြစ်ဒဏ်ခံပြီးနောက်၊ လူသတ်မှုဖြင့် တစ်ကြိမ် မြင်းခြံထောင် တွင် (၇) နှစ် အပြစ်ဒဏ်ကို ကျခံရပြန်လေသည်။

မြင်းခြံထောင်တွင် အပြစ်ကျခံရသည့်အတွင်း (၂) နှစ်ကျော် ခန့်မျှရှိ သောအခါ ကျွန်ုပ်မှာ ထောင်ပြတာ တစ်ယောက်အား လက်သီးဖြင့် ထိုးနှံခြင်း ဖြင့် တစ်ကြိမ်၊ 'ဗာရာ' တစ်ယောက်အား ပုဆိန်ဖြင့် ပေါက်မှုဖြင့် တစ်ကြိမ်၊ အဖော်အကျဉ်းသားတစ်ယောက်အား ရွှေပေါ်အိမ်နှင့် ရိုက်မှုကြောင့်တစ်ကြိမ်၊ ကော်စားထောင်တွင် တစ်လမျှကျခံရခြင်း၊ (၃) လမျှပို၍ အပြစ်ဒဏ်ခံရခြင်း၊ ကြိမ်ဒဏ် အပြစ်ပေးခံရခြင်းစသော ဆင်းရဲခြင်းတို့ကို အသီးသီးခံရပြီးနောက် ၄ နှစ်မျှကြာရှိသောအခါ 'ထောင်မင်းသား' ၏ ရာထူးကို ရရှိလေသည်။ ထိုအခါ

http://www.cherrythitsar.org



စားရေးသောက်ရေး၌ လည်းကောင်း၊ အလုပ်အကိုင်လုပ်ရာ၌ လည်း ကောင်း၊ ယခင်ကထက် များစွာ ချောင်ချိလျက်ရှိသည့်ပြင် ထောင်သားအားလုံး မှာလည်း ကျွန်ုပ်၏သြဇာကို ကောင်းစွာ နာခံလျက်ရှိရကား ကျွန်ုပ်မှာ အပြင်တွင် လုပ်ကိုင်စားသောက်ရသည်ထက် ထောင်ထဲတွင် ပျော်မွေ့လျက်ရှိလာရာ ထောင်မှ လွတ်မည်ကိုပင် ဝမ်းနည်းရမည်ကဲ့သို့ ရှိလေ၏။

ကျွန်ုပ်မှာ ငယ်စဉ်ကပင် စာပေကျမ်းဂန်များကို အတော်အတန် သင်ကြားခဲ့ဖူးသည့်ပြင် လက်ရေးလက်သား စာရင်းအင်းများကိုလည်း နားလည်သင့်သလောက် နားလည်သဖြင့် ထောင်မှူး၏အနီးတွင် အမြဲနေရပြီးလျှင် တစ်ခါတရံ စာရေးခြင်း၊ စာဖတ်ခြင်းတို့ကိုပင် ပြုလုပ်ခွင့်ရရှိလေသည်။ သို့ဖြစ်ရကား ကျွန်ုပ်မှာ လူဆိုးတစ်ယောက်ပင်ဖြစ်သော်လည်း ဗဟုသုတ ဆိုအပ်သော အကြားအမြင်များခြင်း အတတ်တွင် များစွာ ဝါသနာပါသူ တစ်ယောက်ဖြစ်သည်နှင့်အညီ တစ်နေ့သ၌ အောက်ပါအတိုင်း အကြံတစ်ခုသည် ဖြစ်ပေါ်၍လာခဲ့လေ၏။

ထိုအကြံအစည်မှာ အခြားမဟုတ်၊ အစိုးရ၏ စက်တိုင်သို့ရောက်သော သူများထံမှ ၎င်းတို့၏ အမှုသွား၊ အမှုလာတို့ကို အစအဆုံးတိုင် မေးမြန်းမှတ်သားရန် ဖြစ်လေရာ၊ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ တရားခံ၏အကျိုးအတွက် လည်းမဟုတ်၊ အစိုးရ၏ အလိုတော်ကို ထောက်၍လည်း မဟုတ်၊ အခကြေးငွေရသောကြောင့်လည်း မဟုတ်၊ ကျွန်ုပ်၏ဝါသနာအတိုင်း မိမိ၏ အလိုဆန္ဒအလျောက်မျှသာ ပြုလုပ်ခြင်းဖြစ်လေသည်။ သို့သော်လည်း ဤကဲ့သို့ လူဆိုးတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို မေးမြန်းမှတ်သားစုဆောင်းခြင်း သည် ကျွန်ုပ်၌ များစွာ အကျိုးရှိကြောင်းကို နောက်ဆုံး၌ တွေ့ရလေရာ နောင်အခွင့်အခါ ကြုံကြိုက်ပါက ၎င်းတို့၏ အဖြစ်အပျက်များကို ရေးသားဖော်ပြပါဦးမည်။ ယခုအောက်တွင် ရေးသားအံ့သော အကြောင်းအရာတို့မှာ မိန်းမနှစ်ယောက်အား သတ်ဖြတ်မှုနှင့် သေစားသေစေရန် အပြစ်ဒဏ်ကိုခံရရှာသူ 'မောင်ပေါက်ကျော်' ၏ အကြောင်းအရာအတ္ထုပ္ပတ္တိများ ဖြစ်ပါကြောင်း။

***

[ ၂ ]

ကျွန်ုပ် မောင်ဘိုးထော်မှာ ထိုအခါက မြင်းခြံထောင်တွင် ထောင်မင်းသားဖြစ်သည့်အလျောက် မောင်ပေါက်ကျော်အား ကြိုးမပေးမီညဥ့်၌ ထောင်မှူးထံမှ အခွင့်ရရှိပြီးနောက် မောင်ပေါက်ကျော်ရှိရာ ကျဉ်းမြောင်းလှသော အခန်းတွင်းသို့ ၎င်း၏ အတ္ထုပ္ပတ္တိများကို မေးမြန်းရန် ရောက်ရှိခဲ့လေ၏။

http://www.cherrythitsar.org


'ကြိုးပေး' အပြစ်ဒဏ်ကို ရရှိပြီးနောက် အများသော အကျဉ်းသားတို့မှာ စကားမပြောဘဲ တိတ်ဆိတ်စွာ နေတတ်ကြပြီးလျှင် အချို့သူများမှာလည်း မိမိတို့၏သေရမည့်ဘေးကို ကြောက်လွန်းလှသည်ဖြစ်၍ ရူးသွပ်၍ သွားသူများကိုသာ တွေ့ခဲ့ရဖူးသည်မှန်သော်လည်း မောင်ပေါက်ကျော်မှာ အနည်းငယ်မျှ ဣန္ဒြေမပျက်ဘဲ၊ ကျွန်ုပ်နှင့် ကောင်းမွန်စွာ စကားပြောဆိုလျက် ရှိလေ၏။ မောင်ပေါက်ကျော်မှာ အသက်အရွယ်အားဖြင့် ၃၅ နှစ်ကျော် ၄၀ အတွင်းမျှ ရှိပြီဖြစ်၍ လူတို့၏အရွယ် (၁၀) ပါးတွင် အနှစ်သုံးဆယ်မှ လေးဆယ်အတွင်းသည် ခွန်အားဗလနှင့် ပြည့်စုံ၍ ကြံစည်လုပ်ကိုင်ရာ၌လည်း ရှေ့နောက် ဆင်ခြင်တိုင်းထွာခြင်းတရား အရှိဆုံးသော အရွယ်ဖြစ်ရကား မောင်ပေါက်ကျော်မှာ စကားပြောသောအခါများ၌ လုံးပိုဟူ၍ မပါစေဘဲ ခပ်မှန်မှန်သာ ပြောဆိုတတ်လေ၏။ ကျွန်ုပ်မှာ ထောင်မင်းသား ဖြစ်သည့်အခါမှစ၍ ယခု မောင်ပေါက်ကျော်သို့တိုင်အောင် စက်တိုင်သို့ တက်ရသည့် လူပေါင်း ၁၃ ယောက်မျှရှိပြီဖြစ်၍ ထိုသူတို့၏ရုပ်လက္ခဏာ၊ ပြောပုံဆိုပုံ အကျင့်စာရိတ္တမှစ၍ တတ်နိုင်သမျှ မေးမြန်းစုံစမ်းပြီးလျှင် အကဲခတ်၍ လာခဲ့ရာ ယခု မောင်ပေါက်ကျော်ကဲ့သို့ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍ ဉာဏ်အမြော်အမြင်ရှိခြင်း၊ တည်ကြည်သိမ်မွေ့သော ဣန္ဒြေရှိခြင်း၊ ရဲရင့်စွန့်စားခြင်း၊ ယောကျ်ားပီသခြင်းစသော ဂုဏ်တို့ဖြင့် ပြည့်စုံသူကို မတွေ့ခဲ့ဖူးသည်မှာ မှန်ပါသည်။

မောင်ပေါက်ကျော်မှာ အမြင်အားဖြင့် သေးသေးသွယ်သွယ်ပင် ရှိသော်လည်း ခွန်အားဗလ၌မူ အလွန်သန်စွမ်းသော ယောကျ်ားကြီး နှစ်ယောက်ကိုပင် နိုင်နင်းနိုင်ကြောင်းကို သိရလေသည်။ စကားပြောသောအခါများ၌ နားထောင်သူသည် မိမိအလိုသို့ပါ၍လာအောင် ပြောဆိုတတ်သည်ဖြစ်ရာ ၎င်း၏မျက်နှာမှာ တစ်ခါမြင်ဖူးက ပြန်၍ အမှတ်ရလောက်အောင်ပင်ရှိသဖြင့် တင့်တယ်ဖွယ်ရာ ချိုသာသော မျက်နှာထားလည်းရှိပေကြောင်း၊ ဤကဲ့သို့ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့နှင့် ပြည့်စုံသူသည် ရက်စက်ကြမ်းကြုတ်ဆိုးယုတ်သော အမှုကို မည်သည့်နည်းနှင့်မျှမပြုဟု ၎င်း၏အကြောင်းကို ကြားသိသမျှ သူအပေါင်းတို့သည် လည်းကောင်း၊ တရားသူကြီးသည် လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်ပင် လည်းကောင်း ထင်မြင်မှတ်ယူခဲ့သော်လည်း မောင်ပေါက်ကျော်မှာ တရားလိုနှစ်ယောက်တို့ကို မိမိကိုယ်တိုင်ပင် သတ်ပါကြောင်းကို ဖြောင့်ချက်ပေးရုံမျှမက တရားလိုအား သတ်ဖြတ်ခဲ့သော 'ဓား မြှောင်' ကိုပင် ကိုယ်တိုင်ယူဆောင်ခဲ့ပြီးလျှင် မိမိကိုယ်ကို အဖမ်းခံခဲ့ရကား ကျွန်ုပ်တို့၏ထင်မြင်ချက်များမှာ အထင်နှင့်အမြင်များစွာပင် ကွဲလွဲလျက် ရှိခဲ့လေ၏။

တရားသူကြီးနှင့် အစိုးရရှေ့နေတို့က မေးခွန်းထုတ်သောအခါ မောင်ပေါက်ကျော်သည် ဣန္ဒြေမပျက် ပြုံးရယ်လျက် "ကျွန်ုပ်ကိုယ်တိုင် သတ်တဲ့အကြောင်းကို ဝန်ခံတာထပ်ပြီး မေးခွန်းထုတ်စရာ မလိုပါဘူး။ ခင်ဗျားတို့သဘောအတိုင်းသာ စီရင်ချက်ချတာပေါ့" ဟူ၍သာ ပြောဆိုပြီးလျှင် ဆက်လက်၍ အစစ်မခံ၊ စကားတစ်ခွန်းမျှလည်း မပြောဘဲ နေခဲ့လေရာ နောက်ဆုံး၌ကား တရားသူကြီးမှာ လက်လျှော့ရပြီးလျှင် မိမိကိုယ်တိုင် သတ်ကြောင်းကို ဝန်ခံသည်လည်း တစ်ကြောင်း၊ သွေးများစွန်းပေလျက်ရှိသော ဓားမြှောင်ကို ကိုယ်တိုင်ပင် ယူငင်၍လာပြီးလျှင် ဖြောင့်ချက်ပေးသည်လည်း တစ်ကြောင်း၊ အသတ်ခံရသူ သူငယ်မမှာ မောင်ပေါက်ကျော်၏ ရည်းစားသော်လည်းကောင်း၊ မယားသော် လည်းကောင်း ဖြစ်တန်ရာ၏ဟု သေသူ သူငယ်မနှင့် တရားခံမောင်ပေါက်ကျော်တို့မှာ လွန်ခဲ့သော နှစ်များ မကြာမီက ရွာတစ်ရွာ၏ အထွက်ရေတွင်းတစ်ခုအနီးတွင် စကားပြောဆိုနေသည်ကို နှစ်ကြိမ်သုံးကြိမ်မျှ တွေ့ဖူးသူရွာသားတစ်ယောက်၏ သက်သေခံချက်ဖြင့် ယခု တရားခံ မောင်ပေါက်ကျော်နှင့် သေဆုံးသူ သူငယ်မတို့မှာ တစ်နည်းအားဖြင့် ဆက်သွယ်ခြင်း ရှိရမည်ဟု အယူရှိပြီးသော် နောက်ဆုံး မောင်ပေါက်ကျော်အား သေစားသေစေရန် အပြစ်ဒဏ်ကို ပေးလိုက်ခြင်း ဖြစ်လေသည်။

ကျွန်ုပ်လည်း မောင်ပေါက်ကျော်အား ဆေးပြင်းလိပ်တစ်လိပ်ပေးပြီးသော် အောက်ပါအတိုင်း ပြောပြလေသည်။

"ဒီလိုဗျ ... ခင်ဗျားအကြောင်းအရာ အတ္ထုပ္ပတ္တိများကို မေးတာက ခင်ဗျား အကျိုးကို ပျက်စီးစေလိုတဲ့ သဘောနဲ့ မေးတာလည်း မဟုတ်ပါဘူး။ အစိုးရအရာရှိများကို ပြန်ပြောဖို့မေးတာလည်း မဟုတ်ပါဘူး။ ကျုပ်ဝါသနာအတိုင်း သေခါနီးဆဲဆဲမှာ လူဆိုတာ ဟုတ်မှန်ရာကို ပြောဆိုတတ်လို့ စက်တိုင်တက်မယ့် လူများထံက သူတို့ အတ္ထုပ္ပတ္တိများကို မှတ်ခဲ့တာ တစ်ခုမှ မှတ်လောက်သားလောက် အရေးကြီးလောက်အောင် မတွေ့ခဲ့ပါဘူးဗျာ။ ခင်ဗျားအဖြစ်အပျက်များဖြင့် မပြောတတ်ပေဘူး"

"ပြောတာပေါ့ ... ဦးဘိုးထော်ရယ်၊ ကျုပ်ကလည်း ပြောချင်အားတောင် ကြီးနေသေးတယ်။ ကျုပ်ဟာဘာပြုလို့ ဒီသူငယ်မကို သတ်တယ်၊ ဒီသူငယ်မအတွက် ဘယ်လောက် ဆင်းရဲဒုက္ခရောက်တယ်ဆိုတာ ကျုပ် မသေခင် ကမ္ဘာကို ပြောခဲ့ချင် စမ်းတယ်ဗျာ" ဟု ဆေးပြင်းလိပ်ကို အားပါးတရဖွာရှိုက်ကာ အောက်ပါပုံဝတ္ထုတစ်ခုကို စ၍ ပြောလေ၏။

***

http://www.cherrythitsar.org



## [ ၃ ]

လွန်ခဲ့သော (၁၀)နှစ်လောက်က အထက်မိုးကုတ်မြို့၌ အလွန် ကြွယ်ဝချမ်းသာသော ကျောက်ကုန်သည်ကြီး ဦးကံရေးဆိုသူတစ်ယောက်သည် ထင်ရှားစွာရှိလေ၏။ တစ်နေ့သ၌ ဦးကံရေးအိမ်သို့ နေဝင်ရီတရော အချိန်လောက်တွင် ရှမ်းနှင့် ပုံသဏ္ဌာန်တူသော အဘိုးကြီးတစ်ယောက်သည် ဟောင်းနွမ်းလှစွာသော အဝတ်အစားများကို ဝတ်၍ ပခုံးပေါ်တွင် သေတ္တာကြီးတစ်လုံးကို ထမ်းကာ အိမ်တွင်းသို့ ဝင်လာလေ၏။

ဦးကံရေးလည်း ရှမ်းအဘိုးကြီးအား အကျိုးအကြောင်းကို မေးမြန်းလေရာ အဘိုးကြီးသည် တောင်မြောက်လေးပါးကို ကြည့်ပြီးသော် မငြိမ်သက်သော ဣန္ဒြေဖြင့် မိမိအားလုံခြုံသော နေရာတစ်ခုတွင် ဖွက်ကွယ်၍ ထားနိုင်ပါက အထူးကျေးဇူးခံစားရမည်ဖြစ်ကြောင်း၊ နောက်မှ လိုက်လာသော ရန်သူများမှာ မဝေးလှသဖြင့် မကြာမီပင် မီ၍လာရန်ရှိကြောင်း၊ မိမိအတွက် ဤအချက်များ အပြင် တစ်စုံတရာမျှ ယုံမှား သံသယမရှိရန် အကြောင်းကို ပြောဆိုကာ လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူ၍ပြလေရာ ရွှေးကြီးစေ့ခန့်ရှိ ပတ္တမြား (၃) လုံးတို့မှာ အထူးပင် အရည်ကောင်းလှ၍ မီးရောင်တွင် တဖျပ်ဖျပ်တောက်ကာ အရောင်ဟပ်လျက်ရှိကုန်၏။ ယင်းကဲ့သို့ ဦးကံရေးအား ပတ္တမြား (၃) လုံး လက်ဆောင်ပေး၍ ရှမ်းအဘိုးကြီးသည် ဦးကံရေး၏အိမ်အတွင်း လုံခြုံသော အခန်းတစ်ခု၌ နေရာထိုင်ခင်းရရှိသော် ဦးကံရေးမှာ ထိုနေ့မှစ၍ ရှမ်းကြီးအား ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးရလေ၏။

ရှမ်းအဘိုးကြီးမှာ မည်သည့်အတွက်ကြောင့် ဤနေရာသို့ လာရောက်ပုန်းကွယ်၍နေသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိရချေ။ ရှမ်းအဘိုးကြီးမှာ ရောက်သည့်အခါက စ၍ အိမ်ထဲမှမထွက်ဘဲ နေခဲ့လေရာ ဦးကံရေး၏ အိမ်၌ရှိသော အစေခံကို ခေါ်၍ မိမိအား တစ်စုံတစ်ယောက်သောသူသည် လာ၍မေးမြန်းလျှင် မသိကြောင်းဖြင့် ပြောဆိုရန်အကြောင်း၊ ဤကဲ့သို့ မိမိအပေါ်တွင် စောင့်ရှောက်သည့်အတွက် တစ်လလျှင် ငွေ ၅၀ ကျပ်ထပ်ပေးဦးမည် ဖြစ်ကြောင်းဖြင့် ပြောဆိုလေ၏။ ဦးကံရေးမှာလည်း အဖိုးထိုက်တန်သော ပတ္တမြား သုံးလုံးကို ရရှိခဲ့သဖြင့် ရှမ်းအဘိုးကြီးအား ၎င်း၏ရန်သူများဘေးမှ ကွယ်ဝှက်၍ထားရသော်လည်း တစ်နေ့မျှ စိတ်မအေးနိုင်ရှာဘဲ မည်သည့်အခါ မည်ကဲ့သို့သော ရန်သူများ ပေါ်ပေါက်၍ လာလိမ့်မည်နည်းဟု မရောက်သေးသော ဘေးရန်အတွက် တွေးတောပူပန်မိလေ၏။

http://www.cherrythitsar.org



မကောင်းသော ကံကြမ္မာနှင့် ဘေးဥပါဒ်တို့ မည်သည်ကျရောက်တွေ့ ဆုံရသောအခါ၌ ပူပန်ရသည်ထက် မတွေ့မရောက်သေးမီ တင်ကြို၍ စိုးရိမ်ပူရခြင်းသည် သာလွန်၍ စိတ်မချမ်းသာခြင်းကို ဖြစ်စေ၏။

ထိုအချိန်အခါ၌ ကျောက်ပွဲစားကြီး ဦးကံရေးအိမ်တွင် အောက်မြို့မှ လာရောက်၍ အဖိုးထိုက်တန်သော ကျောက်များကို ဝယ်နေသူတစ်ယောက်လည်း တည်းခိုလျက်ရှိသည်ဖြစ်ရာ မောင်ပေါက်ကံမှာ ထိုရှမ်းအဘိုးကြီး၏ အကြောင်းကို တတ်နိုင်သမျှ စုံစမ်းလျက်ရှိလေ၏။

သို့သော်လည်း ထိုရှမ်းအဘိုးကြီးမှာ ရောက်သည့်နေ့ကတည်းကပင် သေတ္တာဟောင်းကြီးကို အမြဲသော့ခတ်လျက်ထားသည်ဖြစ်၍ အဖိုးထိုက်တန်သော ဘယ်အရာဝတ္ထု ပါလေသနည်းဟု စဉ်းစား၍မရနိုင်ဘဲ ရှိလေ၏။ ထိုအရာဝတ္ထုမှာလည်း မုချအားဖြင့် ကောင်းမွန်စင်ကြယ်စွာရရှိခဲ့သော ပစ္စည်းမဟုတ်တန်ရာချေ။ အမှန်အားဖြင့် ခိုးဝှက်ယူဆောင်ခဲ့သော ပစ္စည်းပင်ဖြစ်တန်ရာ၏။

မောင်ပေါက်ကံ ဆိုသူမှာ အစဉ်မပြတ် ရှမ်းအဘိုးကြီး၏ အရိပ်အကဲကို ကြည့်ရှုလျက် ထိုရှမ်းအဘိုးကြီးနှင့် အကျွမ်းတဝင်ဖြစ်အောင် ခေါ်ငင်ပြောဆိုကာ ၎င်း၏အကြောင်းကို စုံစမ်းပါသော်လည်း ရှမ်းအဘိုးကြီးမှာ ပါးနပ်ပြီးဖြစ်သည့်အတိုင်း မောင်ပေါက်ကံ၏ မေးမြန်းပြောဆိုချက်များကို သင့်လျော်ရုံသာ ပြန်ကြားဖြေဆိုလျက်ရှိသည်ဖြစ်ရာ၊ မောင်ပေါက်ကံမှာ အနုနှင့်မရလျှင် အကြမ်းနှင့်ကိုင်မည်ဟု စိတ်ပိုင်းဖြတ်ကာ အချက်ကောင်းကိုသာ ရှာဖွေ၍ နေ လေ၏။

တစ်နေ့သ၌ ရှမ်းအဘိုးကြီးသည် အိပ်ပျော်နေခိုက်ဖြစ်၍ မောင်ပေါက်ကံလည်း ဓားမြှောင်ကိုကိုင်ကာ အိပ်ရာမှထပြီးသော် အဘိုးကြီးနေသော အခန်းမှ ဝါးထရံကို ဓားဖြင့် လှီးဖြတ်စပြုလေ၏။ ထိုအချိန်သည်ကား ညဉ့် ၁၂ နာရီကျော်ဖြစ်၍ လွန်စွာ တိတ်ဆိတ်လေရာ၊ ဦးကံရေးမှာ မိမိအိပ်ရာပေါ်တွင် ယောင်ယမ်း အိပ်ပျော်လျက်ရှိလေ၏။ ဤကဲ့သို့ ရှမ်းအဘိုးကြီး အိပ်သောထရံကို ဓားမြှောင်ဖြင့် လှီးဖြတ်လျက်ရှိစဉ်၊ မောင်ပေါက်ကံလည်း တစ်ထွာပတ်လည်မျှ ပွင့်၍သွားသော ဝါးထရံပေါက်မှ အခန်းတွင်းသို့ ချောင်းကြည့်ရှုလေရာ၊ အလွန်မှောင်မိုက်သော အခန်းထဲတွင် လူတစ်ယောက်၏ ပုံသဏ္ဍာန်သည် ရှမ်းအဘိုးကြီး၏ သေတ္တာအနီးတွင် ဒူးထောက်လျက် သေတ္တာကို စိတ်အားထက်သန်စွာ ဖွင့်နေသည်ကို မှောင်ထဲ၌ ခပ်ရေးရေးမြင်ရလေ၏။

မောင်ပေါက်ကံ ဖြတ်လှီး၍ထားသော အခန်း၏အခြားဘက်၌မူ အိမ်နောက်ဖေးသို့ ထွက်သော ပြတင်းပေါက် တစ်ခုလည်းရှိလေရာ၊ ထိုပြတင်း

http://www.cherrythitsar.org


ပေါက်သည်လည်း ပွင့်လျက် အပြင်ဘက်မှ ထိုးဝင်လျက်ရှိသော မထင်မရှား အလင်းရောင်တွင် ရှမ်းဘောင်းဘီအပွကြီးကို ဝတ်လျက် ဦးခေါင်းမှသည် မေးသို့ သိုင်းကာ ဆံပင်ရှည်ကို ဖုံးအုပ်ပြီးလျှင် ပဝါဖြင့် စည်းလျက် ခုံညားစွာ ရပ်လျက် နေသော ပုံသဏ္ဌာန်ကို မောင်ပေါက်ကံသည် မထင်မရှား မြင်ရလေ၏။

ထိုခဏ၌ ရှမ်းအဘိုးကြီးသည် အိပ်ရာမှ ယောင်ယမ်းဟစ်အော်၍ ထပြီးလျှင် .... "သူခိုး ... သူခိုး ... သူခိုး ..." ဟု ဟစ်အော်လေရာ၊ ဦးကံရေးနှင့် တကွ အောက်ထပ်တွင် အိပ်နေသော အစေခံကလေး၏ အသံများကို ကြားရလေ၏။ ရှမ်းအဘိုးကြီးနှင့် သူခိုးသည် ထွေးလုံးရစ်ပတ်ဖြစ်ပြီးလျှင် အခန်းတွင်းမှ ဆူညံသော အသံတို့ကို တစ်ခဏမျှကြားရပြီးနောက် ရှမ်းအဘိုးကြီးသည် လဲ၍ကျန်ရစ်ခဲ့လေရာ သူခိုးသည် လျင်မြန်ပေါ့ပါးစွာ နောက်ဖေးပြတင်းပေါက်မှ အိမ်အောက်သို့ ခုန်၍ချလိုက်လေ၏။

သူခိုးသည် အိမ်အောက်သို့ ခုန်၍ ချသည်နှင့် တစ်ပြိုင်နက် မောင်ပေါက်ကံမှာ ယခင်ကပင် အိမ်အောက်မှ တင်ကြိုစောင့်နေပြီးဖြစ်၍ သူခိုးအား တအားဖက်၍ ဖမ်းလိုက်ရာ၊ နူးညံ့သိမ်မွေ့ အတွေ့ကောင်းလှ၍ ဖောင်းအိတင်းမာ ဂွမ်းဝါတမျှ နုဖတ်လှသော ကိုယ်၏အရသာကို တစ်ခဏချင်းပင် သိရ လျက် မိမိဖမ်း၍ထားသော သူမှာ ဆိုးသွမ်းကြမ်းတမ်းလှသော သူခိုးမဟုတ်ဘဲ သေးသွယ်ချောမောသော မိန်းမပျိုကလေးတစ်ယောက် ဖြစ်ကြောင်းကို တွေ့ရလေ၏။

"လွှတ်ပါ မောင်ကြီးရယ်၊ ချမ်းသာပေးပါရှင်။ ဒီလိုလုပ်ရတာဟာ ဘာပြုလို့ လုပ်ရတယ်ဆိုတာ တစ်စိတ်တစ်ဒေသ မောင်ကြီးသိရင် မောင်ကြီး ကျွန်မကို လွှတ်ပါ"

"မင်း ... ဘာလူမျိုးလဲ၊ မြန်မာလူမျိုးတော့ ဟုတ်မယ် မထင်ပါဘူး"

"ကျွန်မ ရှမ်းအစစ်ပါ"

"မင်းကို မလွှတ်နိုင်ဘူး။ အိမ်ပေါ်မှာဖြင့် အဘိုးကြီးဟာ လဲကျန်ရစ်တာပဲ၊ သေမလား ရှင်မလား မသိဘူး။ အို ... မင်းလက်မှာလည်း သွေးတွေနဲ့ပါလား"

"လက်လွန်သွားတာပါရှင်"

"ဒါဖြင့် မင်းဘာကိုလိုချင်လို့ လာတယ်ဆိုတာ ငါ့ကို ပြောရမယ်"

"သေတ္တာကို ဖွင့်ကြည့်တော့ မောင်ကြီး တွေ့ပါလိမ့်မယ်။ လွှတ်ပါရှင် ... တကတည်း ပိုင်ပိုင်နိုင်နိုင် လက်များ ဆွဲလိုက်တာ၊ ဟော ... ပြောရင်းဆိုရင်း လူတွေတောင် လာကုန်ကြပြီရှင့်၊ ကျွန်မကို မိသွားရင် ခက်ပါတော့မယ် မောင်ကြီးရယ်" ဟု ပြောပြောဆိုဆိုနှင့်ပင် မောင်ပေါက်ကံ၏ မေးရိုးကို ဦးခေါင်း

http://www.cherrythitsar.org


ဖြင့် တအားရိုက်လိုက်ရာ၊ မောင်ပေါက်ကံမှာ "အမယ်လေး" ဟု တစ်ခွန်းမျှသာ အော်နိုင်ပြီး မြေပေါ်သို့မှေ့၍ လဲကျသွားလေ၏။ သူခိုးမိန်းမပျိုလည်း မှောင်ရိပ် ထဲသို့ဝင်ကာ ပျောက်ကွယ်၍ သွားလေ၏။

***

**[ ၄ ]**

နောက်တစ်နေ့နံနက်၌ ရှမ်းအဘိုးကြီးမှာ ဧည့်သည်ဖြစ်၍ သူခိုး၏ လက်ချက်ဖြင့် သေဆုံးကြောင်းကို အိမ်နားနီးချင်းများအား သင့်လျော်ရုံမျှသာ ကျေနပ်အောင် ပြောဆိုပြီးသော် အဘိုးကြီး၏ ဈာပနကိစ္စအတွက် ဦးကံရေးက ပင် အကုန်အကျခံပြီးလျှင် ပြီးမြောက်အောင် စီမံဆောင်ရွက်ရလေ၏။ အစိုးရနှင့် ပတ်သက်၍လည်း မိမိအပေါ်တွင် ယုံမှားသံသယမရှိစေရန် ဦးကံရေးမှာ ငွေ ကြေးအတော်ပင် အကုန်အကျခံရရှာလေသည်။

ရှမ်းအဘိုးကြီး ဈာပနကိစ္စပြီးစီးလတ်သော် ဦးကံရေးလည်း ဤအမှု တွင် မောင်ပေါက်ကံကို မတိုင်ပင်က မပြီးစီးမည့်အကြောင်း သိရသဖြင့် အဘိုး ကြီး၏ သေတ္တာကို နှစ်ဦးသား ဖွင့်လှစ်ကြည့်ရာ အပေါ်ယံ၌မူ လွန်စွာ ဟောင်း နွမ်းလှသော အဝတ်များကိုသာ တွေ့ရလေ၏။ သို့သော်လည်း စိတ်လက် မပျက်ဘဲ အဝတ်ဟောင်းများကို အပြင်သို့ထုတ်၍ စိတ်အားထက်သန်စွာ ပြန် ရှာဖွေကြရာ သေတ္တာ၏ အောက်ဆုံး၌မူ ရွှေချည်ငွေချည်တို့ဖြင့် ထူးဆန်းစွာ ရက်လုပ်ထားသည့် ပိုးလွယ်အိတ်တစ်ခုကို တွေ့သဖြင့် ၎င်းလွယ်အိတ်အတွင်း ၌မူ စေတီနှင့် ပုံသဏ္ဌာန်တူသည့် ငွေကြုတ်ကလေးတစ်လုံးကို တွေ့ရလေ၏။ ဦးကံရေးနှင့် မောင်ပေါက်ကံတို့သည် ထိုငွေကြုတ်ကလေးကို တစ်ဖန် ဖွင့်၍ ကြည့်ကြပြန်ရာ မမြင်ဖူး၍ ထူးဆန်းအံ့ဩဖွယ်ကောင်းလောက်အောင် အရည် အချင်းနှင့် ပြည့်စုံသည့် 'မြ' တစ်လုံးကို တွေ့ရပြန်လေ၏။

ထို'မြ'မှာ လူ၏မျက်လုံး ပုံသဏ္ဌာန်ရှိပြီးလျှင် ၎င်း၏အရောင်မှာ မည်မျှလောက် ကောင်းပါသနည်းဆိုမူ ဤလူ့ပြည်တွင် စိမ်းလဲ့သော အရောင် အမျိုးမျိုးရှိသည့်အနက် သစ်ရွက်များ စိမ်းသည်နှင့်လည်းမတူ၊ ပန်းဆီများ စိမ်းသည်နှင့်လည်း မတူ၊ မည်ကဲ့သို့စိမ်း၍ မည်သည့်အရောင်နှင့် တူသည်ဟု နှိုင်းယှဉ်၍မပြနိုင်လောက်အောင် ထူးခြားလှသော အရောင်အဆင်းနှင့် ပြည့်စုံ ပေ၏။ ငွေကြုတ်၏အတွင်းဘက်၌ မာဂဓဘာသာဖြင့် ရေးသော စာများကို တွေ့ရလေရာ ၎င်းစာများမှာ အောက်ပါအတိုင်း အဓိပ္ပာယ်ရရှိလေသည်။

http://www.cherrythitsar.org



ဤ 'မြ' ရတနာကို စေတီတော်အတွင်းသို့ သွင်း၍ လှူဒါန်းရသော အကျိုးကြောင့် နိဗ္ဗာန်မရောက်မီအတွင်း လင်ကောင်း လင်မြတ်နှင့်သာ ဘဝဆက်တိုင်း တွေ့ရကြုံရသည့်ကိုယ် ဖြစ်ပါစေ၊ ဤစေတီကိုလည်း နောင်အကျွန်ုပ်မရှိသည့်နောက် 'မြသိန်းတန်' ဟူ၍ တွင်ရစ်ပါစေသား။

"စောမွန်လှမင်းသမီး"

ဦးကံရေးနှင့် မောင်ပေါက်ကံတို့မှာ ပြည်တစ်ပြည်မျှ အဖိုးထိုက်တန်မည့် လက္ခဏာရှိသော 'မြ' ရတနာကို ကြည့်ကာ အတန်ကြာ ကြက်သေသေလျက် ရှိကြကုန်၏။ ထိုဦးကံရေးလည်း မောင်ပေါက်ကံ၏ ပခုံးကို ပုတ်ပြီးလျှင် "မြ ကတော့ဖြင့် အဖိုးဖြတ်ရမယ်ဆိုရင် တစ်သိန်းလောက်တန်မှာပဲ၊ သည်တော့ ငါ့ညီက ဘယ်လိုသဘောရသလဲ"

"ကျွန်တော်နဲ့ မဆိုင်ပါဘူး ဦးရယ်၊ ဒီအဘိုးကြီးကို ဦးပဲ ထမင်းကျွေးမွေးပြီး ထားရတယ်။ ဦးအိမ်ပေါ်မှာ အနိစ္စရောက်ပြီး သွားတော့ သူ့မှာ တစ်စုံတစ်ရာ အဖိုးထိုက်တန်တဲ့ ပစ္စည်းရှိရင် ဦးအပြင်ကလွဲလို့ တခြားသူနဲ့ မဆိုင်ပါဘူး"

"ဒီမြအတွက်ကြောင့် ... အသက် သေရရှာတာပဲ မောင်ရဲ့၊ နို့ပေမဲ့ ကျောက်ကို ဘယ်လိုလူမျိုးလက်ထဲက ရခဲ့တယ်ဆိုတာ ကျုပ်တို့ မပြောနိုင်သေးဘူး။ လာပြီးခိုးတဲ့လူဟာလည်း ... သာမညလူစားထဲက ဟုတ်မယ်မထင်ဘူး။ ကိုင်း ... မောင့်သဘော ဘယ်နှယ့်ရသလဲ"

"ဦးပြောတာ ကျွန်တော် အင်မတန် သဘောကျပါတယ်"

ၚင်းနောက် ... ဦးကံရေးလည်း မောင်ပေါက်ကံ၏ ပခုံးကို ပုတ်လျက် .... "ကိုင်း ... ငါ့ညီ၊ ဒီတစ်ခါဖြင့် ကော်ပြီ အောက်မေ့ပေတော့။ မောင်အခုလာခြင်းဟာ ... ကျောက်များကို မိုးကုတ်မြို့မှာ ဝယ်ပြီး အမြတ်အစွန်းရအောင် အောက်မြို့ကျေးရွာကို လှည့်လည်ရောင်းချဖို့ မဟုတ်လား။ ဒီအမှုမှာ မောင်လည်း သက်ဆိုင်တယ် မောင်ရဲ့၊ ဒီ'မြ' အကြောင်းကို မောင်နဲ့ကျုပ်ပဲ သိတယ် မဟုတ်လား။ ဒီတော့ ... ယခု ကျုပ်တို့ ရတဲ့ 'မြ'ကို မောင် ရောင်းရမယ်ဆိုရင် တစ်သိန်းမပြောနဲ့ တစ်သောင်းရဖို့ ခဲယဉ်းတယ်။ ကျုပ်မှာတော့ မဟုတ်ပေဘူး မောင်ရယ်။ ဒီအလုပ်ဘက်မှာ လုပ်ခဲ့ရတာ သမဏီရှည်ခဲ့လေတော့ အဖိုးထိုက်ကျောက်များကို အဖိုးအများဆုံး ရနိုင်လောက်တဲ့နေရာကို ကိုယ်တိုင်သွားရောက်ပြီး ရောင်းချနိုင်တယ်။ သည်တော့ မောင့်အတွက် နှုတ်ပိတ်ခဆိုပြီး ငွေတစ်သောင်းပေးမယ်"

"ကျေးဇူးကြီးလှပါပြီ ဦး ခင်ဗျား"

http://www.cherrythitsar.org


"နှုတ်ဖြင့် တစ်ဆိတ်လုံပါစေ မောင်ရယ်"

"စိတ်သာချပါ ဦး ခင်ဗျာ ... ဦးတစ်သက် ကျွန်တော့်တစ်သက်ဖြင့် ယောင်လို့မှ ဖွင့်မပြောပါဘူး"

"သဘောကျလိုက်လေ မောင်ရယ်၊ ဦးကဒီလိုမှ သဘောကျတယ်။ ဦးလည်း ဒီမြို့မှာ ကြာကြာမနေတော့ပါဘူး။ ရှိတဲ့ ပစ္စည်းကလေးများ သင့်တော်တဲ့ အဖိုးနဲ့ ရောင်းချပြီး သွားတော့မှာပဲ"

***

[ ၅ ]

အကျဉ်းသားမောင်ပေါက်ကျော်လည်း ဆေးလိပ်ကို အားပါးတရ ကိုက်ပြီးလျှင် တစ်ဖန်ဆက်လက်၍ "သည်လိုနဲ့ ကျုပ်လည်းပဲ ငွေတစ်သောင်း အချောင်ရခဲ့တာ ... ပါနီထဲကလာပါနီထဲ သွားဆိုတာလို အဖတ်မတင်ပါဘူး ကိုဘိုးထော်ရယ်၊ ငွေတစ်သောင်းနဲ့ မန္တလေးဆင်းလာခဲ့ တစ်နှစ်လောက်သာ သုံးလိုက်စွဲလိုက်ဖြုန်းလိုက်ရ၊ တစ်ခါတည်း ချောတာပါပဲ။ မိန်းတွေ မှိုလိုပေါက် အောင်ယူ၊ ပြိုင်မြင်းတွေမွေး၊ မြင်းလောင်း ဖဲရိုက် တကတည်း အလိုလိုမှ မိုက်ချင်တဲ့ လူ ငွေရှိလာတော့ပြောစရာမရှိပါဘူး။ ဘာမှလိုလေသေး မရှိရဘူး"

"နေပါဦး ... ဒီတုန်းက ကျောက်ကုန်သည် မောင်ပေါက်ကံဆိုတာက ခင်ဗျားပဲလား"

"ဒါပေါ့ဗျ ... ကျုပ်က နာမည်ကို (၃) နှစ်တစ်ခါလောက် ပြောင်းနေ တာပဲ၊ တစ်ခါတလေ မောင်ပေါက်ကျိုင်းတောင်မှ ဖြစ်သွားသေးတယ်"

"တတ်လည်း တတ်နိုင်တဲ့လူပေပဲဗျာ ... ကိုင်း ... ဆက်ပါဦး"

"ဩော် ... ဒီလို ဆိုးမိုက်ပြီး နေပေမယ်လို့ ကျုပ်စိတ်ထဲမှာ စွဲနေတာ တစ်ခုကရှိတယ်။ ဘာလဲဆိုတော့ မိုးကုတ်မှာ ရှမ်းအဘိုးကြီးကို သတ်သွားတဲ့ သူခိုးမလေးမျက်နှာဟာ ကျုပ်မျက်လုံးအိမ်ထဲက ထွက်နိုင်တယ်ပဲ မရှိဘူး"

"အင်း ... ပြောပါဦးဗျာ"

"ဒါနဲ့ ... ပစ္စည်းတွေကုန်ပြန်တော့ မြင်းခြံကို တစ်ခါရွှေ့၊ မြင်းခြံက မြစ်ကြီးနားကို ရောက်ပြန်ပါရော၊ မြစ်ကြီးနားကျတော့ ရည်းစားလုမှုနဲ့ ပတ်သက်ပြီး လူတစ်ယောက်ကို သတ်မိတာနဲ့ ဒီကတည်းက ဝရမ်းပြေးပြီးနေရတာ (၃) နှစ်ကျော်ကျော် ကြာပြီးသွားတယ်ဗျ"

"ဘယ်ကို ပြေးနေသလဲ"

"ရှမ်းပြည်ကို ..."

"ရှမ်းပြည်နယ်ရောက်လို့ တစ်နှစ်ကျော်ကျော်လောက်ရှိတော့၊ ကျုပ် က လွယ်လုံး ဇော်ဘွားနယ်မှာ ရှမ်းလိုဝတ်ပြီး ပဲခင်းစိုက်နေတာကိုးဗျ၊ တစ်နေ့

http://www.cherrythitsar.org



တော့ လေးတစ်စင်းကိုင်ပြီး တောလည်ထွက်သွားတယ်။ အမဲမရတာနဲ့ တဖြည်းဖြည်း နယ်ကျူးပြီးသွားတော့ ညနေလည်း စောင်းရော တောထဲမျက်စိ လည်ပြီး ဘယ်နယ်ကို ရောက်လာမှန်းမသိရဘူးဗျ။ ဒီတော့မှ ကျောက်တုံးတစ် တုံးပေါ် ထိုင်ပြီး စဉ်းစားနေတုန်း ဖြုန်းဆို မနီးမဝေးက တေးဆိုသံလိုလို ကြားရ၊ တေးချင်းကလည်း မြန်မာလိုမဟုတ်ဘဲ ရှမ်းဘာသာနဲ့ သီဆိုလိုက်တဲ့ သီချင်း ကိုးဗျ၊ သာယာလိုက်တဲ့ အသံကလေးဆိုတာ မပြောပါနဲ့တော့ ကိုဘိုးထော် ရယ်၊ ကျုပ်တို့ မြန်မာသီချင်းသွား ယိုးဒယားဘောလယ်မျှ မကပါဘူး။ ကျုပ် လည်းပဲ အသံကြားရာ မှန်းပြီးလိုက်သွား၊ လားလား ... ရေကန်ကလေးတစ်ခု နံဘေးမှာ ယီးလေး ဒန်းစီးပြီးနေတဲ့ ရှမ်းမကလေးတစ်ယောက် တွေ့တာကိုးဗျ။ သူလည်းပဲ ကျုပ်ကို မြင်တော့ အံ့အားသင့်နေပြီး ထွက်ပြေးမယ်လုပ်၊ နို့ပေမဲ့ ရင်ဆိုင်ပြီး တွေ့နေတော့ မပြေးသာ၊ တစ်ယောက်မျက်နှာကို တစ်ယောက် သေသေချာချာ ကြည့်ပြီး၊ အတော်ကြာပဲ ကြက်သေ,သေနေကြတာကိုးဗျ"

"ဥစ္စာစောင့်မလေးများ ဖြစ်နေရော့လားဗျာ"

"ဘယ်ကလာ ဟုတ်ရမလဲဗျာ။ ကျုပ်လိုက်ပြီး ရှာနေတဲ့ မိုးကုတ်မှာ လွန်ခဲ့တဲ့ (၂) နှစ်လောက်က ရှမ်းအဘိုးကြီးကို သတ်သွားတဲ့ သူခိုးမကလေး ပေါ့"

"တွေ့ပုံနှယ် ထူးဆန်းလိုက်လေသဗျာ၊ ကိုင်း ... ပြောပါဦး"

"ကိုင်းဗျာ ... တိုတိုပဲပြောပါရစေတော့၊ ကျုပ်လည်းပဲ ယောကျ်ား အရင့်အမာကြီးဖြစ်ပြီး မရှက်နိုင်တော့ပါဘူး၊ ဒီသူငယ်မလေးနဲ့ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာရှိကြရောဆိုပါတော့၊ ဒီတော့မှ ကျုပ်က မိုးကုတ်မြို့မှာ ဖြစ်ပွားခဲ့တဲ့ အဘိုးကြီးအကြောင်းနဲ့ ပတ်သက်ပြီး မေးတာကိုး ကိုဘိုးထော်ရဲ့၊ သည်တော့မှ သူလည်းပဲ ဇာတ်လှန်ပြီးပြောပြရှာတာပါပဲ"

"ဒီအမှုကို ကျွန်မလုပ်ချင်လို့ မဟုတ်ပါဘူး ကိုပေါက်ကံရယ်၊ မလွှဲ သာလို့ လုပ်ရတာပါ။ ကျွန်မတို့နေတဲ့ စော်ဘွားနယ်မှာ စော်ဘွားကြီး အမြတ် တနိုးထားတဲ့ ရုပ်တုတော် တစ်ဆူရှိပါတယ်။ ရုပ်တုတော်က ဉာဏ်တော်တစ် တောင်ခန့်ရှိပြီး နဖူးသင်းကျစ်တော်မှာ အဖိုးတစ်သိန်းထိုက်တဲ့ 'မြ' ရတနာကို တပ်ဆင်ပြီး ကိုးကွယ်ထားတယ်။ ဒီဟာကို အကြောင်းပြုပြီး သူ ကိုးကွယ်ထား တဲ့ ရုပ်တုတော်ကို 'မြသိန်းတန်' လို့ ဘွဲ့တော်ပေးထားပါတယ် ... ရှင်။ ဒီ 'မြ'ကို ဘယ်ကရသလဲဆိုတော့ ကျွန်မတို့နေတဲ့ နယ်နဲ့ အခုလွယ်လုံ စော်ဘွား နယ်ကြားမှာ မင်းအဆက်ဆက် တိမ်မြုပ်ပပျောက်ပြီးနေတဲ့ 'မြသိန်းတန်စေတီ' ဆိုတဲ့ စေတီတစ်ဆူရှိသတဲ့ ... ရှင့်၊ ဒီစေတီရှိတဲ့နေရာကို အိပ်မက်အရ ... လူ အများနဲ့ လိုက်လံရှာဖွေတော့ တွေ့တာကိုး မောင်ရဲ့၊ ဒီစေတီတော်ကို တွေ့တော့

မှ စေတီတော်ကိုဖျက်ပြီး အတွင်းမှာ ဌာပနာထားတဲ့ အဖိုး တစ်သိန်းထိုက်တဲ့ 'မြရတနာ' ကိုယူပြီး ယခုကျွန်မပြောတဲ့ ရုပ်တုတော်နဖူး သင်းကျစ်တော်မှာ မြှုပ်နှံပြီး စော်ဘွားကြီးက ကိုးကွယ်ပြန်တာကိုး၊ သြော် ... ဒီ 'မြ' အကြောင်း ပြောရဦးမယ်။ မောင်လည်း ... ကြားဖူးပါလိမ့်မယ်။ စောမွန်လှဆိုတဲ့ ရှမ်း မင်းသမီးဟာ ... သူ့ယောက်ျားက စုန်းမဆိုပြီး တိုင်းပြည်က နှင်ထုတ်ပစ်လိုက် တော့ သူ့ခေါင်းမှာ အမြဲဝတ်ဆင်ထားတဲ့ အဖိုးတစ်သိန်းထိုက်တဲ့ 'မြ' ကို ဘုရားတည်ပြီး ဌာပနာခဲ့တယ်။ ကျွန်မ အခုပြောတဲ့ ရုပ်ပွားတော်မြတ်ကို အင် မတန် ကြည်ညိုပြီး ဟော်နန်းထဲမှာ အမြဲကိုးကွယ်ထားတယ်။ ၃ နှစ်တစ်ကြိမ် ၄ နှစ်တစ်ကြိမ်ကျ နိုင်ငံကိုလှည့်ပြီး အပူဇော်ခံတယ်။ နောက်ဆုံးအကြိမ်မှာ အုံးပေါင်စော်ဘွားနယ်က ရှမ်းစားပြများ လက်ကို ပါသွားပါရောရှင်။ သည် တော့ ကျွန်မတို့ အဖေက ဘုရားနဲ့ပတ်သက်ပြီး ပြုလုပ်ဆောင်ရွက်ရတဲ့ ဝေယျာ ဝစ္စဘုရားလူကြီးကိုး ... ရှင့်။ အားလုံးတာဝန်ဟာ သူ့ခေါင်းပေါ်မှာ ကျနေပြီး ပြောရမှာ အခုထက်ထိ အသည်းနာပါရဲ့ ... ကိုပေါက်ကံရယ် ... ကျွန်မတို့မှာ ရှိတဲ့စည်းစိမ်ကိုသိမ်း၊ သား နှစ်ယောက်ကို ဖမ်းပြီး စည်းစိမ်သိမ်းရုံမျှမက အကျဉ်းချပြီးထားတယ် မောင်ရဲ့။ ကျွန်မတို့ သားအဖ နှစ်ယောက်ကိုတော့ အသက်ကို ချမ်းသာပေးပြီး တိုင်းပြည်က နှင်ထုတ်လိုက်လေတော့ ကျွန်မတို့ လည်း ရောက်မိရောက်ရာ နယ်စွန်နယ်ဖျား လွယ်လုံတောင်ကြား ရောက်လာ ကြတာပါပဲ၊ ဒါကြောင့် ကျွန်မတို့ အသက်မသေမခြင်း ဒီ 'မြ'ကို မရ–ရအောင် လိုက်ပြီး ကျွန်မ မောင်များလည်း အကျဉ်းကလွတ်လေအောင် ကျွန်မတို့ စည်း စိမ်ကို ပြန်ပြီးရလေအောင် ကြိုးစားရခြင်း ဖြစ်ပါတယ် မောင်ရယ်။ အခုတော့ အဖေကြီးကလည်း ကောင်းကောင်း မမာလေတော့ အကြံအတိုင်း မလိုက်နိုင်ဘဲ လက်လျှော့နေရတာပါပဲ။ နို့ပေမဲ့ နေသေးရိုးလား မောင်ရယ်"

"ဒီလိုပြောတော့လည်းပဲ အင်မတန်သနားပြီး ဒါဖြင့် ကောင်းပြီ၊ ငါ လည်းပဲ မင်းကို တတ်နိုင်သမျှ ကူညီမယ်၊ 'မြ' ကို ပြန်ပြီးရအောင် ယူလာတဲ့ အခါမှာသာ မင်းကတိမဖျက်နဲ့လို့ ပြောတာကိုးဗျ"

"သြော် ... ဒါဖြင့် ဒီ 'မြ' က သာမည မဟုတ်ဘဲကိုးဗျ၊ ဒီလိုစွန့်စား တဲ့ မိန်းကလေးများလည်း ရှိသေးသကိုး ထူးလည်း ထူးဆန်းပါပေတယ်ဗျာ။ နေပါဦး ဒီသူငယ်မ အမည်က ဘယ်သူတဲ့လဲ"

"ခင်စောသက်တဲ့၊ ရက်ရက်စက်စက် ချောတဲ့ ရုပ်ပါပေပဲဗျာ။ ကျုပ် လည်းပဲ နယ်တကာစေ့ပြီးလာပါပြီ။ ချောတယ် လှတယ်ဆိုတဲ့ မိန်းမကလေး တွေ ကိုယ်တိုင် တွေ့ဖူးပါရဲ့။ သူ့ကိုတော့ မှီဖို့ အင်မတန် ရှားပါတယ်"

"ကိုင်း ... သည်တော့ ခင်ဗျား ဘယ်လိုလုပ်သလဲ"

http://www.cherrythitsar.org


"သြော် ... ကျုပ်လား၊ သည်တော့ ဒီ 'မြ' ကိုရဖို့တော့ မခဲယဉ်းဘူးဘဲ ဆိုပါတော့၊ ဘယ်နေရာမှာရှိတယ်၊ ဘယ်သူ့လက်ထဲမှာ ရှိတယ် နိုင်ငံခြားကိုပဲ ရောက်သွားပြီ၊ ဒီဟာတွေကို ပထမစုံစမ်းဖို့က ခက်တဲ့အကြောင်းပြောတာကိုဗျ။ ပြောတော့ သူက ဒီအတွက်တော့ မစိုးရိမ်ပါနဲ့တဲ့၊ ယခု ဒီ'မြ'ဟာ မည်သူမည်ဝါ လက်ထဲမှာရှိတယ်ဆိုတာ အသေအချာ ပြောလိုက်ပါ့မတဲ့။ တစ်နည်းနည်းနဲ့ သာ မရ,ရအောင် ကြံဖန်ယူခဲ့ပါလို့ ပြောတာကိုဗျ။ ဒီလိုဆိုကိုး ကိုဖိုးထော်ရဲ့၊ ဒီ'မြ'ဟာ ဦးကံရေး လက်ထဲကို ရောက်ပြီး (၆)လလောက်ကြာတော့ ဦးကံရေး ဟာ အောက်ပုသိမ်နယ် သူ့ညီထံမှာ သွားပြီးသေတယ်ဆိုကိုးဗျ။ သေတော့မှ သေခါနီးမှာ ဒီ'မြ' ကို သူ့ညီ ဦးကံအေးဆိုတဲ့လူ လက်ထဲမှာ အပ်ပြီးပစ်ခဲ့သတဲ့ ဗျ"

"သြော် ... လက်ပြောင်းပြီး သွားမှကိုး"

"ဟုတ်တယ် ... သည်တော့ ကျုပ်လည်းပဲ ဒီနေရာမှာ ချိန်းချက်ပြီး ခင်စောသက်ဆိုတဲ့ ရှမ်းမလေးနဲ့ မကြာမကြာ တွေ့ဆုံစကားပြောရတာကိုး၊ တစ်ယောက် တစ်ယောက် အင်မတန် ယုံကြည်ကြပြီး သူကလည်း ကျုပ်ကို အားကိုး ကျုပ်ကလည်း သူ့ကို အင်မတန် မေတ္တာရှိပြီး တစ်ယောက်နဲ့ တစ် ယောက် ကတိထားကြတာကိုး။ ကျုပ်က အခုပြောတဲ့ 'မြ' ကို ပုသိမ်နယ်က ဦးကံအေးထံက တစ်နည်းနည်းနဲ့ မရ,ရအောင် ယူပေးရမယ်။ ရတဲ့အခါ အဖိုး ဘယ်လောက်ပဲ သူများက ပေးသော်လည်း မရောင်းစားဘဲ ခင်စောသက် လက် ထဲကို လက်ရောက်ပေးအပ်ရမယ်။ ဒီအခါကျမှ သူတို့စည်းစိမ်ကို ပြန်ရ၊ သူတို့ နယ်ကို ကျုပ်က လိုက်ပြီး လင်မယားအဖြစ်နဲ့ ပေါင်းသင်းနေထိုင်ရမယ်။ အဲဒီလို ကတိထားကြပြီး နောက်တစ်လလောက်ကြာတော့ လက်ထဲမှာ စုမိတဲ့ ငွေသား ကလေးနဲ့ ပုသိမ်ကို ထွက်လာခဲ့တာပဲ ကိုဘိုးထော်ရဲ့"

"ကိုင်း ... ဒါနဲ့ ပုသိမ်ကို ရောက်ရော ဆိုပါတော့ဗျာ"

"ဒါနဲ့ ပုသိမ်ရောက်တော့ ပန်းထိမ်ဆရာတစ်ယောက် အိမ်မှာ ကပ် ရပ်ပြီး အလုပ်လုပ်နေ၊ ဦးကံအေးအကြောင်းကို တဖြည်းဖြည်း ထောက်လှမ်းစုံ စမ်းကြည့်တော့ ဦးကံအေး ဆိုတဲ့လူဟာ လူကုံထံတစ်ယောက် ဖြစ်ပြီး ပုသိမ်မြို့ က ၈ မိုင်လောက်ကွာတဲ့ 'ကျိန်ချောင်း' ဆိုတဲ့ ရွာကလေးမှာ စပါးပွဲစားအလုပ်နဲ့ အသက်မွေးမြူ နေထိုင်တယ်ဆိုတာကိုးဗျ။ သည်ဟာနဲ့ ကျုပ် ငွေကလေးများ ရသလောက် စုဆောင်းပြီး ကျောက်ကလေး ဘာကလေးတွေ ဝယ်၊ ကျောက် ကုန်သည် လုပ်ပြီး ယခုတင်က ပြောတဲ့ 'ကျိန်ချောင်း' ရွာသွား၊ ဦးကံအေး အိမ်မှာတည်းခို ရောင်းချတာကိုး"

"သြော် ... သူ့အိမ် ရောက်အောင် ကြံရတဲ့ နည်းကိုးဗျ။ ကိုင်းဗျာ ... ဆက်စမ်းပါဦး"

"သြော် ... ဒါနဲ့ ဦးကံအေးအကြောင်းကို ပြောရဦးမယ် ကိုဘိုးထော်ရဲ့၊ သူက စပါးပွဲစားအလုပ်နဲ့ အသက်မွေးပြီး အရာရာမှာ အင်မတန် စေ့စပ်တဲ့ လူဗျာ။ သူ့အိမ်က တိုက်ခံအိမ်ဗျ၊ အိမ်ဝင်းခြံကြီးကလည်း အတော် ကျယ်ဝန်းတယ်။ အိမ်ဝင်းမှာ ပတ်ပတ်လည် စိုက်ပြီးထားလိုက်တဲ့ တစာင်းပင်တွေဟာလည်း ဘယ်လောက်ကြာက စိုက်ထားတယ် မဆိုနိုင်ပါဘူးဗျာ။ လူ့လက်ခုပ် တစ်ဖောင်က ကျော်သေးတယ်။ ညကျပြီဆိုမှဖြင့် အိမ်ဝင်းတံခါးကို အလုံပိတ်ပြီးထားလေတော့ အချိန်မတော်မှာ အိမ်ဝင်းထဲကို လူမပြောနဲ့ ခွေးတောင်ဝင်နိုင်ဖို့ ခဲယဉ်းပါတယ်။ ဦးကံအေးဟာ အဂ္ဂိရတ်ဘက်မှာလည်း အတော်ဝါသနာပါလေတော့ လူဆိုတာ အစားကြိုက်တတ်တဲ့လူ အစားနဲ့အသောက် ဝါသနာပါတဲ့လူ အသောက်နဲ့ လူ၏စရိုက်ကို လိုက်ပြီး ပေါင်းသင်းပြန်တော့လည်း တစ်ယောက်နဲ့တစ်ယောက် အသိအကျွမ်းဖြစ်ပြီး အင်မတန် ယုံကြည်ကြတာကိုး။ ဒီလိုနဲ့ တစ်ခေါက်က နှစ်ခေါက်၊ နှစ်ခေါက်က သုံးခေါက် ဆိုသလို တည်းခိုပြီး အယုံသွင်း လာလိုက်တာ အခါလယ် ကျော်ကျော်လောက်ရှိလာတောင် ကိုယ်လိုချင်တဲ့ အချက်ကို မသိရသေးဘူး ... ကိုဘိုးထော်ရဲ့"

"ဒါနဲ့ ... နောက်ဆုံးကျတော့ သိရရော့လား"

"သြော် ... ကြာကြာနေတော့ ဘယ်ခံနိုင်မလဲ ဦးဘိုးထော်ရယ်၊ မေးပါများ စကားရဆိုတာကိုး။ သူ့ဆီမှာ အင်မတန် လျှို့ဝှက်ပြီးသိမ်းထားတဲ့ အဖိုးထိုက်ကျောက်ကောင်းတစ်လုံး ရှိတယ်ဆိုတာ သိရတာတာပေါ့လေ။ နို့ပေမဲ့ ... လိုတဲ့အချက်ဟာက ဒီဦးကံအေးဆီမှာ ကျုပ်လိုက်ပြီး ရှာနေတဲ့ 'မြ' အမှန်ရှိမရှိ ရှိရင်လည်း ဘယ်နေရာမှာ ဝှက်ပြီးထားတယ်၊ ဘယ်လိုနည်းနဲ့ ကြံဖန်ပြီး သူ့ဆီကရမယ်၊ ဒီ ၃ ချက် အရေးကြီးတာကိုး ကိုဘိုးထော်ရဲ့"

"အင်း ... ဟုတ်ပါရဲ့၊ တကယ်လို့ သူ့မှာ ရှိတာက တခြား၊ ကိုယ်လိုက်ပြီး ရှာတာက တလွဲဆိုသလိုဖြစ်နေရင်လည်း အခက်သားကလား"

"ဒါနဲ့ ... ကျုပ်လည်းပဲ နောက်ဆုံးကျတော့ ငွေ ၁၀ဝိ လောက် အကုန်ခံပြီး ရှမ်းပြည်က ကျောက်ကုန်သည်တစ်ယောက်ကို ကျုပ်နဲ့အတူ ခေါ်လာ ...။ ရောက်တော့ ... စိန်ကောင်း ကျောက်ကောင်း ပတ္တမြားကောင်းတွေကို ထုတ်ပြပြီး ရှမ်းပြည်က ကျောက်ကုန်သည်က အဖိုးတစ်သောင်းလောက်တန်တဲ့ မြတစ်လုံးကို ထုတ်ပြတာကိုဗျ။ ထုတ်ပြပြီး သူ့'မြ'ဟာ နှယ်နှယ်ရရ မြမဟုတ်တဲ့အကြောင်း၊ ဘယ်မင်းလက်ထက်က ဘယ်မိဖုရားကို ဘာပြုလို့ ဆုတော်လာဘ်တော်အဖြစ်ဖြင့် ပေးကမ်းကြောင်း၊ ၎င်းနောက် ဘယ်လိုနည်းနဲ့ ဆင်း

http://www.cherrythitsar.org


သက်ပြီး တစ်လက်ကတစ်လက်ပြောင်းလာခဲ့တဲ့အကြောင်းကို ပြောတာကိုးဗျ။ သည်တော့ ... လူဆိုတာ မခံချင်တဲ့ အလုံးသွားတွေ့တော့ သူ့မှာရှိတဲ့သံသေတ္တာထဲက 'မြ' ကြီးကို ထုတ်ပြပြီး ဒီမြဟာ အဖိုးဖြတ်မယ်ဆိုရင် တစ်သိန်းခန့် တန်ကြောင်း၊ စော်ဘွားနယ်တစ်နယ် တောင်ကြားထဲမှာ စောမွန်လှ မင်းသမီးတည်ထားတော်မူခဲ့တဲ့ မြသိန်းတန်ဆိုတဲ့ စေတီတော်ထဲက တွေ့ရှိပြီး စော်ဘွားကြီးတစ်ဦးက ဆင်းတုတော်တစ်ဆူ၏ နဖူးသင်းကျစ်တော်မှာ မြှုပ်နှံပြီး ကိုးကွယ်ထားကြောင်း၊ ၎င်းနောက် ရှမ်းဓားပြများ လက်ထဲမှာ ရောက်ရှိနေသည်မှာ အတော်ကြာကြောင်း၊ ထိုမှတစ်ဖန် ဆင်းသက်၍ သူ၏အစ်ကိုတော်တစ်ယောက်လက်တွင်းသို့ ရောက်လာပြီးလျှင် သူ့လက်သို့ ရောက်လာကြောင်း၊ ယခုအခါမှာ ကုလားမင်းများ အုပ်စိုးသည့်အခါဖြစ်၍ ဤ 'မြ' မှာ အဖိုးမထိုက်တန်သော်လည်း မြန်မာ ရာဇဝင်ထွက် 'မြ' ရတနာ အစစ်ဖြစ်၍ များစွာ အဖိုးထိုက်တန်ကြောင်း၊ ဤ 'မြ'၏အကြောင်းကို ကောင်းမွန်စွာ သိပြီးလျှင် ရှမ်းရာဇဝင်၌လည်း အထင်အရှားရှိ၍ ရှမ်းစော်ဘွားများထံသို့ အဖိုးငွေတစ်သိန်းရလျှင် တင်ပို့ရောင်းချမည်ကြံစည်ကြောင်း၊ ရှမ်းဘာသာဖြင့် ဤမြကို မြသိန်းတန်ဟု ခေါ်တွင်းကြောင်းပြောတာကိုး ကိုဘိုးထော်ရဲ့။ မခံချင်အောင် ပြောတော့ လူဆိုတာ ကွယ်ဝှက်ပြီးထားတဲ့ အရာပေမယ့် တစ်နေ့နေ့တော့ ပေါ်တာပဲ ကိုဘိုးထော်ရေ ...။ သည်ဟာကြောင့် ပညာရှိသတိဖြစ်ခဲလို့ ဆိုတယ် မဟုတ်လားဗျ"

"ကောင်းလိုက်လေဗျာ ... အကြံကဖြင့် ပိုင်ပါပေရဲ့"

"ဒီလိုနဲ့ ကျုပ်လိုက်ပြီး ရှာဖွေနေတဲ့ မြကိုဖြင့် တွေ့ပြီ။ ငါ ဘယ်နည်းနဲ့ ရအောင်ကြံရပါ့မလဲ၊ အစိုးရ အပြစ်ဒဏ်ကိုလည်း လွတ်ကင်းအောင်၊ ကိုယ် လိုချင်တဲ့ 'မြ' ကိုလဲရပြီး ခင်စောသက်ထံ လက်ဝယ် ရောက်ပေးရလေအောင် အကြံ ထုတ်တာကိုးဗျ။ သည်တော့ နောက် (၁) လလောက်ကြာတော့ အကြံတစ်ခုရတာပဲ ကိုဘိုးထော်ရေ့"

"ပြောပါဦး ဗျာ"

"သုံးလလောက်ကြာပြီးသွားပေမယ့် ဦးကံအေးအိမ်ကိုတော့ တစ်လကို တစ်ခေါက်နှစ်ခေါက်ဆိုသလို အမြဲသွားပြီး ဝင်ရက်ထွက်ရက်ပေါ့ဗျာ။ ဒီ အခါတုန်းက ကျုပ်နေတဲ့ အိမ်နဲ့ မျက်နှာချင်းဆိုင် အိမ်မှာလည်း သားရှင်ပြုအလှူကလည်း လုပ်မည့်ဆဲဆဲကိုးဗျ။ ကျုပ်အကြံက ဒီအလှူရက်အတောအတွင်းမှာ သိန်းတန်မြဟာ ကျုပ်လက်ထဲကို ရောက်ရမယ်။ ဒါနဲ့ ကျုပ်လည်း ရန်ကုန်ပြေးပြီး ဝယ်စရာ ခြမ်းစရာ ရှိတာကလေးတွေဝယ် ပြန်လာတော့ တစ်ခါ တည်း အလှူမဏ္ဍပ်ကို သွားပြီး ညက အိပ်မက်ရာမက် မကောင်းတဲ့

http://www.cherrythitsar.org



အကြောင်း၊ ကျိန်းကျေအောင် ရဟန်းခံမည့်အကြောင်း၊ လူတို့မည်သည် မည် မျှလောက်ပင် ဘုရားတရားကို ကြည်ညိုစေကာမူ ရဟန်းခံခြင်းတည်းဟူသော ပဗ္ဗဇ္ဇိတဒုကလ္လဘကို လွန်စွာမှ ရခဲကြောင်း၊ ဗေဒင်ဆရာကြီးများကလည်း မိမိ၏ ဇာတာမှာ လွန်စွာမှ ညံ့ဖျင်းနေ၍ ရဟန်းခံမှသာလျှင် အသက်ရှည်မည့် အကြောင်း၊ ရဟန်းမခံခင်ပင်လျှင် အစိုးရများ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံဖို့ ရှိကြောင်း လူအများ ကြားလောက်အောင် ပြောပြီးတစ်ခါတည်း ခေါင်းတုံးရိတ် ချလိုက်တာပဲ ကိုဘိုးထော်ရေ့ ...။ ဒီတစ်ခါတုန်းက ကျုပ်က ဆံပင်ရှည်ထား သေးတာကိုးဗျ"

"ဆံပင်တောင် အဆုံးခံပြီး ကြံရတာပဲနော်၊ ကိုင်းဗျာ ... ဆုံးအောင် ဆက်စမ်းပါဦး"

"ခေါင်းတုံးရိပ်ပြီးတဲ့ညက အလှူတရားမနာမီ တစ်နေ့ကိုးဗျ။ အဲဒီ ည အလှူအိမ်မှာ ကြက်တွေ ဝက်တွေကိုင်သူက ကိုင်၊ မဏ္ဍပ်ကို ပြင်သူက ပြင်၊ လက်ဖက်ရည်ဝိုင်းဖွဲ့ပြီး စကားပြောသူက ပြော၊ သုံးပုံဖဲရိုက်သူက ရိုက်၊ ရှုပ်ယှက်ခတ်ပြီးနေတုန်း ကျုပ်လည်းပဲ လူမြင်လောက်တဲ့ နေရာမှာ ဟိုလျှောက် ဒီလျှောက်၊ ဟိုလူနဲ့ စကားပြော ဒီလူနဲ့ စကားပြော ဒီအချက်က လူအများ သက်သေရအောင် အယုံသွင်းတဲ့ အချက်ကိုးခင်ဗျ"

"တော်လည်း တော်တဲ့လူဗျာ"

"ဒါနဲ့ ည (၁၀) နာရီ ကျော်ကျော်လောက် ရှိတော့ ကျုပ်လည်းပဲ ဝက်သားအိုးတွေ ပြင်ဆင်နေရာက လူအလစ်ကိုကြည့်ပြီး မြစ်ဆိပ်ကို တစ်ခါ ထဲ ဆင်းခဲ့တာပဲဗျ။ မြစ်ဆိပ်မှာ အသင့်ပြင်ပြီးကလားဗျာ။ ကျုပ် ငှားထားတဲ့ လူ (၄) ယောက်က မော်တော်ဘုတ်နဲ့ အသင့်စောင့်ပြီး နေတာကိုဗျ။ မြစ်ဆိပ် ကျတော့ ကဗျာကယာ ရေမိုးချိုး အဝတ်အစားလဲ၊ ရန်ကုန်က အသင့်ဝယ် လာတဲ့ ဆံပင်ပုံကို တပ်ပြီး တစ်ခါတည်း ကျိန်းချောင်းရွာကို အပြင်းမောင်းတာ ပဲဗျို့။ ရောက်ရောဆိုပါတော့ဗျာ၊ ရောက်တော့လှေမှာ လူ ၂ ယောက်အစောင့် ထားခဲ့ပြီး ကျန်တဲ့ ၂ ယောက်ခေါ်၊ ဦးကံအေးအိမ်ကို တစ်ခါတည်း သွားတာပဲ။ ဦးကံအေးလည်း အချိန်မတော်မို့ ရုတ်တရက် တံခါးဖွင့် မပေးဘူး ဦးဘိုးထော် ရဲ့။ နောက်တော့မှ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်၊ ကျုပ်မျက်နှာကို အသေအချာ မြင်ရတော့ ခမျာမှာလည်း သဘောရိုးထင်ပြီး တံခါးဖွင့်ပေးရှာတာကိုးဗျ။ သည် တုန်းက ကျုပ် ပုဆိုးတောင်ရှည်နဲ့ ရင်ဖုံးအင်္ကျီနဲ့ ဆံပင်ကို ဖော်ပြီး ခေါင်းပေါင်း စချလို့ တကယ့်မြို့အုပ်ဂိုက် မင်းသားဂိုက်ပဲဗျာ"

"ဟုတ်လည်း ဟုတ်တဲ့ လူပါပေပဲဗျာ"

http://www.cherrythitsar.org



"ဒါနဲ့ တိုတိုပြောတော့မယ်၊ အိမ်လည်းရောက်ကရော ဦးကံအေးကို အကျိုးအကြောင်းပြောပြီး 'မြသိန်းတန်' ကို တောင်းတာပေါ့ဗျာ၊ သည်တော့ သူက ငွေဆိုရင် အခု သူ့မှာ ရှိတဲ့ ပစ္စည်းရှိသမျှကို ကျေနပ်အောင်ယူပြီး သွားပါ တဲ့။ ဒီ'မြ'ကိုဖြင့် မပေးပါရစေနဲ့လို့ တောင်းပန်တာကိုဗျ၊ သူလည်းပဲ ကျုပ် ဒီလိုလုပ်တာ ပထမတော့ သူကိုယ်တိုင် မယုံကြည်နိုင်ရှာပဲကိုးဗျ။ နောက်တော့မှ ကျုပ် တကယ်ပြောတော့မှ သူ့ခမျာလည်း သည့်လောက်တောင် အဖိုးထိုက်တန်တဲ့ ပစ္စည်းကို ရုတ်တရက် ဘယ်မှာပေးချင်ရှာမလဲဗျ။ ကျုပ်လည်းပဲ အချိန်ကုန်မခံနိုင်တဲ့ အကြောင်းကိုပြောပြီး 'မြ' ကို ချက်ချင်းပေးအပ်ဖို့ အကြောင်းပြောတော့ 'မင်းလုပ်ရက်လေခြင်းကွယ်၊ ငါ့ကိုဖြင့် ဒီတစ်ခါ လူယုံသတ်တာပဲ" ဆိုပြီး ရှီးတီးယားတားနဲ့ ကြွက်လျှောက်ပေါ်မှာ တင်ထားတဲ့ ရဲတင်း၊ ပေါက်ဆိန်ကို လှမ်းပြီးဆွဲတာကိုး ကိုဘိုးထော်ရဲ့၊ ဘာရမလဲဗျာ။ ကျုပ်က ဒီလိုနေရာမျိုးမှာတော့ ပါးပြီးနပ်ပြီး သားကလား၊ ဒီတော့မှ သူ့ညာဘက်လက်ကို ခပ် နာနာညှစ်ပြီး ဓားမြှောင်နဲ့ ရင်ဝကပ်ထားတာကိုးဗျ။ အဲဒီတော့မှပဲ သာသာကြည်ကြည် ထုတ်ပေးတော့တယ်။ သည့်အပြင်လည်း ငွေသား ၆၀၀၀ စရိတ်ဆိုပြီး ယူခဲ့သေးတယ်။ သံသေတ္တာထဲမှာတော့ ငွေနှစ်သောင်းကျော်ကျော် တွေ့တာပါ ပဲ။ နို့ပေမဲ့ မယူပါဘူးဗျာ ကိုယ်လိုချင်တာရရင်ပြီးတာပါပဲ။ ပြီးတော့ ကျုပ် လည်းပဲ ကျုပ်မျက်နှာကို မီးရောင်မှာပြပြီး သေသေချာချာ မှတ်ထားဖို့ အကြောင်းပြောပြီး မော်တော်ဘုတ်နဲ့ ပုသိမ်ကို ပြန်တာကိုးဗျ။ လမ်းမှာ ဆံပင်ပုံတွေ အဝတ်အစားတွေကို ခဲတစ်ခုဆွဲပြီး ချောင်းထဲပစ်ခဲ့၊ ဆိပ်ကမ်းရောက်တော့ ညကဝတ်တဲ့ ဘောင်းဘီ အညစ်ကြီးကို ဝတ်ပြီး အလျှုအိမ်ပြန်ခဲ့တာပါပဲဗျာ။ တပည့်လေးယောက်ကို တစ်ယောက် တစ်ထောင်စီ၊ မော်တော်ဘုတ်မောင်းတဲ့ အကောင်ကို ငွေတစ်ထောင်၊ ကျုပ်အတွက် တစ်ထောင် ကိုက်နေတာပေါ့ဗျာ။ ကျုပ်တပည့်များလည်း ညတွင်းချင်း သူတို့နေရပ်ကို ပြန်သွားကြ၊ တစ်နာရီ နှစ်နာရီလောက်ကလေး အလုပ်လုပ်ရတာ တစ်ယောက် တစ်ထောင်ကျစီရတော့ ကောင်းကောင်းကြီး လုံတာပေါ့ဗျာ။ အစအနမှ မသိကြပါဘူး။ အစိုးရစုံထောက်များတောင် ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ခဲ့တာပဲ၊ မတတ်နိုင် ဘူး ကိုဘိုးထော်ရဲ့ မတတ်သာတော့ ကြံရတော့တာပဲ"

"အင်း ... ဒီလို စွန့်စွန့်စားစား ကြံကြံဖန်ဖန် ကုပ်ကုပ်ကပ်ကပ် ကြံဝံ့စည်ဝံ့တဲ့လူ ... ကျုပ် တစ်သက်နဲ့ တစ်ကိုယ် မတွေ့ဖူးပါဘူးဗျာ"

"အလျှု မဏ္ဍပ်ရောက်တော့ ကျုပ်လည်းပဲ လူတွေကြားထဲ မယောင်မလည် ဝင်ပြီး (၄) နာရီ ထိုးလောက်ကျတော့ ကိုယ်ကပဲ ဆော်အောပြီး ထမင်းအိုးတွေတည်၊ ဟင်းအိုးတွေ တည်၊ ဟင်းအိုးတွေနွှေး၊ ရေခပ်နဲ့ လုပ်တာ ကိုးဗျ။

http://www.cherrythitsar.org



မနက် (၁၀) နာရီလည်းကျရော လာဖမ်းတာပါပဲဗျာ။ ဖမ်းမယ်ဆိုတာလဲ ကျုပ်က တွက်ပြီးသားပဲ၊ ဒီလိုနဲ့ တိုတိုပြောပါရစေတော့ဗျာ။ ရုံးကျတော့ ဦးကံအေးက ကျုပ်ကိုယ်တိုင် အင်မတန် အဖိုးထိုက်တန်တဲ့ 'မြ' တစ်လုံးနဲ့ ငွေ ၆၀၀၀ ကျပ် ယူသွားပါတယ်လို့ ထွက်တာကိုးဗျ၊ ကျုပ်ကလည်း ဦးကံအေး ထွက်ချက်ဟာ မဟုတ်မမှန်ကြောင်း ဒီအချိန် ဒီအခါမှာ မိမိအပေါင်းအဖော်များနဲ့ အတူ အလှူမဏ္ဍပ်မှာ အိပ်နေပါကြောင်း၊ ဒီဟာတွင်မကသေးဘူး ခေါင်းတုံး ရိတ်ပြီး နှစ်ရက်လောက် ကြာမှ တစ်ဖန် ဒီလူဟာ ဆံပင်ရှည်ဖြစ်လာပြီး ဓားပြ တိုက်ပြန်တယ်ဆိုတော့ လူမှား၍ဖြစ်စေ၊ အင်မတန် လူချင်းတူ၍ဖြစ်စေ၊ ဤကဲ့ သို့မဟုတ်လျှင် ဦးကံအေး ရူး၍ဖြစ်စေ၊ ဖြစ်ရမည်အကြောင်း သက်သေသက် ကာယနှင့်တကွ ပြပြီး လျှောက်လဲတော့ ရုံးမင်းလည်း ကျုပ်ပြောတာ အယူရှိပြီး၊ တစ်ခါတည်း တရားသေ လွှတ်လိုက်တာပါပဲဗျာ"

"ကောင်းပါပေ့ဗျာ၊ ကြံပုံကဖြင့် စေ့ပါပေရဲ့"

"ကျုပ်လည်းပဲ ... စိတ်လက် မချမ်းသာဘူး။ ဗေဒင်ယာယီများ လည်း အဟော ရှိတယ်ဆိုပြီး အရင်ပြောတဲ့ စကားနဲ့ညီအောင် တစ်လလောက် ရဟန်းခံပြီး မိတ်ဆွေသင်္ဂဟများကို နှုတ်ဆက်၊ ရန်ကုန်ကို ပြောင်းရွှေ့ဦးမယ်ဆို ပြီး ကတိထားခဲ့တဲ့အတိုင်း ရှမ်းပြည်ကို တက်ခဲ့တာကိုးဗျ။ လွယ်လုံတောင် ကြားရောက်တော့ ခင်စောသက်တို့ သားအဖနှစ်ယောက်အကြောင်းကို မေးမြန်း ကြည့်တော့ ... ခင်စောသက်ဟာ စော်ဘွားသားတစ်ယောက်နဲ့ ရပြီး၊ သီပေါ နယ်စပ်ကို ရွှေ့သွားပြီဆိုတဲ့အကြောင်း သတင်းရတာကိုး ကိုဘိုးထော်ရဲ့"

'တကတည်းဗျာ ... ကြိုးစားပြီး ကြံစည်ခဲ့လေသမျှ အသည်းနာစရာ ကောင်းလိုက်လေတယ်"

"အင်း ... လောကကြီးဟာ တယ်ခက်တာကလားဗျာ။ ကမ္မသတ္တော တိဆိုတယ် မဟုတ်လားဗျ။ ခင်ဗျားတို့ဟာ ကံစီမံတဲ့အတိုင်း ခံကြရတယ် မဟုတ်လား၊ ကျုပ်လည်းပဲ အင်း ... သင်းက ကတိဖျက်မှုဖြင့် ငါကဘာပြုလို့ တပ်မက်ရဦးမှာလဲလို့၊ သည်လောက်တောင် သစ္စာဖျက်တဲ့မိန်းမ လောကမှာ မြေလေးအောင် တာရှည်မထားဘူး။ တွေ့ရာမှာ သတ်မယ်လို့ ... စိတ်ကိုပိုင်း ဖြတ်ပြီး သီပေါနယ်စပ်ကို တစ်ခါတည်း လိုက်ခဲ့တာပဲ"

"အင်း ... မိန်းမများဟာ တယ်ပြီး ကြောက်စရာကောင်းပါကလား နော်"

"ဩော် ... အတွေ့နဲ့ကြုံမှုဖြင့် မိန်းမဆိုတဲ့ လူမျိုးဟာ သက်လုံ ကောင်းဖို့ အခက်သားကလား၊ တစ်ဖက်သား အပြောကောင်းမှုဖြင့် အချစ် ဟောင်းကို မေ့ချင်ရင်လည်း မေ့သွားတတ်တာပဲ ကိုဘိုးထော်ရဲ့၊ ဒါနဲ့ ကျုပ်

http://www.cherrythitsar.org


လည်းပဲ ရုပ်ဖျောက်ပြီး စုံထောက်တော့ ဒီလိုဆိုပဲဗျ။ စော်ဘွားသားတစ်ယောက်ဟာ သူ့နောက်ကို လိုက်ပြီးနေတာ ကျုပ်နဲ့ မတွေ့ခင်ကတည်းက ဆိုသကိုးဗျ။ ဒီတော့ ကျုပ်အောက်ကို သွားနေတုန်း သူ့ခမျာမှာ ... အဖေကြီးကလည်း ဆုံး၊ မောင်တွေကိုလည်း အားမကိုးရလေတော့၊ ခိုကိုးရာမဲ့ ဖြစ်ပြီးနေတုန်း မိန်းမတစ်ယောက်က ကြားထဲက အောင်သွယ်ကောင်းတာနဲ့ အချစ်အဟောင်းအပေါ်မှာ စိတ်ဖောက်ပြားပြီး စော်ဘွားသားနဲ့ ပါသွားတာပါပဲဗျာ"

"ဖြစ်မှဖြစ်ရလေတယ် ... ကိုပေါက်ကံရယ်"

"သည်တော့မှ ကျုပ်အမြဲဆောင်တဲ့ ဓားမြှောင်ကို ထက်အောင်သွေးပြီး ရွာအထွက်က လူအလစ်ကို နေ့တိုင်းချောင်းနေတာပေါ့လေ ... လေးငါးရက်လောက် စောင့်မိတော့ ... ကံအားလျော်စွာပဲ ခင်စောသက်နဲ့ သူ့အောင်သွယ်မိန်းမ ရွာပြင်က ရေတွင်းကို ရေခပ်ထွက်လာကြတာကိုးဗျ၊ သည်တော့ ... ကျုပ်လည်းပဲ ချုံကွယ်က ထွက်လာ၊ သူတို့ရှေ့မှာ သွားပြီးရပ်၊ ခေါင်းမှာ ဆောင်းထားတဲ့ ရှမ်းခမောက်ကြီး ချွတ်ချလိုက်ပြီး 'ဟေ့ ... ခင်စောသက်၊ မင်း ငါ့ကို သိသေးရဲ့လား၊ အခုတော့ ဘယ်သိတော့မလဲ။ စော်ဘွားကတော်ကြီးပေကိုး၊ မင်းအတွက် ဘယ်လောက်များ အပင်ပန်းဆင်းရဲခံပြီး ဒီလောက်ကြာအောင် စောင့်ခဲ့ရ၊ လုပ်မှလုပ်ရက်လေခြင်းကွယ်' လို့ပြောတော့ ... သူလည်းပဲ အံ့အားသင့်ပြီး၊ ကြက်သေသေနေရာက သတိရပြီး 'အမယ်လေး ... ကျွန်မမှားပါပြီ ကိုပေါက်ကံရယ်၊ ရှင်ထွက်သွားကတည်းက ကျွန်မမှာ ဘယ်လိုဒုက္ခရောက်ပြီး အားကိုးရာမဲ့ ဖြစ်နေတယ်ဆိုတာ ရှင်မသိဘူးနော်၊ အခုဒီလိုဖြစ်ရတာလည်း ကျွန်မ သဘောချည်းပဲ မဟုတ်ပါဘူးရှင်၊ ပြီးတော့လည်း ...'

'အို ... စကားရှည်မနေပါနဲ့ကွယ်၊ တန်ပါ၊ မင်းကိုတော့ငါမထားနိုင်ဘူး။ သတ်ရလိမ့်မယ် ... ကိုယ်ချစ်တဲ့လူကို သူတစ်ထူး ကြည်ဖြူနေတာ မကြည့်ရက်နိုင်ဘူး ... ခင်စောသက်ရဲ့ ... တယ်ပြီး ရက်စက်စိမ်းကားတဲ့မိန်းမပေပဲကွယ်။ ကိုင်း ... ဟောဒီမှာ ကြည့်စမ်း၊ ဘာလဲ ... ဒီ'မြ' တစ်လုံးအတွက်ကြောင့် မင်းနဲ့ ကျုပ်နဲ့ နှစ်ယောက်စလုံး အသက်တော့ဖြင့် ဆုံးကြတော့မယ်' ဆိုပြီး ဦးကံအေးဆီက ယူခဲ့တဲ့ တစ်သိန်းတန်တဲ့ 'မြ' ကို အိတ်ထဲက ထုတ်ပြတော့ သူက အတင်းလိုက်ပြီး လုတာပေါ့ဗျာ၊ အဲဒီအလုမှာ ကျုပ်လည်းပဲ ဟယ် ... မတတ်နိုင်ဘူး၊ ကြာရှည်စကားပြောနေလို့ အကြံမမြောက်ဘဲ ရှိရှာမယ် ... မဖြစ်ချေဘူးဆိုပြီး ရင်ဝကို ဓားမြှောင်နဲ့ တစ်ချက်တည်း တွက်လိုက်တာ ခမျာမှာ တစ်ခါတည်း ပက်လက်လန်ပြီး ကျသွားတာပဲ၊ အောင်သွယ်လုပ်တဲ့ ကောင်မကိုတော့ ... စိတ်ထဲမကျေနိုင်တာနဲ့ 'နောက်တစ်ခါ တို့အချစ်ကို နင်ခွဲဦးဟဲ့' ဆိုပြီး ရင်ဝကို နှစ်ချက် သုံးချက်လောက်ဆင့်ပြီး နှံလိုက်တာ သူ့ခမျာ

http://www.cherrythitsar.org



လည်း သေရှာပါရော၊ သည်တော့မှ 'ဩော် ... ငါလည်းပဲ သေရမယ့် အတူတူ၊ ဒီ 'မြ' ကို ဘာလုပ်တော့မလဲ၊ မင်းသခင်ဆီမှာပဲ မင်း နေရစ်ခဲ့ပေတော့' ဆိုပြီး အလောင်းကို သေသေချာချာပြင်၊ ရင်ခွင်ပေါ်မှာ 'မြ' ကိုထားပြီး (မြသိန်းတန်) လို့ စာရေးပစ်ခဲ့တာကိုးဗျ။ ဩော် ... ပြီးတော့ ပြောရဦးမယ်ဗျို့၊ ကျုပ်ဖြင့် တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ တွေ့ဖူးရတယ်ဗျာ။ သူတို့ နှစ်ယောက်ကို သတ်ပြီးလို့ ထွက်လာခဲ့၊ ခရီးငါးရွာတွင်းလောက်ရောက်တော့ လားလား ... ခင်စောသက်နဲ့ သူ့အဖော်မိန်းမဟာ ခင်စောသက်က ကျုပ်ထားခဲ့တဲ့ 'မြ' ကို လက်က ကိုင်လို့ သူတို့ကိုယ်မှာ ကြည့်လိုက်တော့လည်း သွေးတွေ သံတွေနဲ့ ကျုပ်သွားမယ့် လမ်းကနေပြီး ရှေ့က ကာဆီးကာဆီး လုပ်နေပါရောဗျ။ ကျုပ် လည်းပဲ ငယ်စဉ်ကတည်းက အစိမ်းသူရဲဆိုတာ အယူ မရှိပါဘူးဗျာ။ ဒီတစ်ခါ တွေ့ရတော့ ... အခု ပြောရင်းဆိုရင်းတောင် ကြက်သီးထပါသေးရဲ့၊ ဒီလိုလုပ်နေ တော့ ... ကျုပ်လည်းပဲ စိတ်ပေါက်ပေါက်ရှိတာနဲ့ 'နင်တို့ နှစ်ခါပြန် သေချင်သေး သလား' ဆိုပြီး ဓားမြှောင်နဲ့ ပြေးလိုက်တော့ ပျောက်သွားတယ်။ နောက်တော် တော်ကြာသွားမိပြန်ရင် ဒီလိုပဲ ရှေ့ကပေါ်လာပြန်၊ ဓားနဲ့လိုက်ထိုးတော့ ပျောက် သွားရောဗျ။ ဒီလိုနဲ့ ငါသေချင်း သေရင် တခြားမြို့ရွာမှာဖြင့် အသေမခံပါဘူး။ ကိုယ့်ချက်မြှုပ်ဖြစ်တဲ့ မြင်းခြံမြို့ကိုပဲ သွားပါတော့မယ်ဆိုပြီး မြင်းခြံမှာလာပြီး အဖမ်းခံတာပဲ။ အဲ ... အခုပြောတာ ကျုပ်ဇာတ်လမ်းပါပဲဗျာ" ဟုပြောကာ မောင်ပေါက်ကံလည်း ဆေးလိပ်တိုကို တစ်ဖန်မီးညှိလျက်ရှိစဉ် ထောင်နာရီမှာ လေးနာရီ ထိုးသံကို ကြားရလေ၏။

နာရီသံကို ကြားရသောအခါ မောင်ပေါက်ကံလည်း နေရာမှထလျက် ကျွန်ုပ်အား နှုတ်ဆက်ကာ "ဩော် ... ကိုဘိုးထော် အခုထိုးတာ (၄) နာရီ မဟုတ်လား။ တကတည်း စကားပြောကောင်းနေလိုက်တာ (၄) နာရီ တောင် ထိုးသွားပြီ။ အင်း ... ကျုပ်လည်းပဲ လူ့ပြည်မှာနောက်ကို နေရလှရင် (၂) နာရီပါပဲ၊ မသေခင် တစ်ရေးလောက်ဝအောင် အိပ်လိုက်ပါရစေဦးဗျာ" ဟု ပြော ကာ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်ရာ ကျွန်ုပ်လည်း သက်မကြီးချကာ မောင်ပေါက် ကံ နေသော အခန်းထဲမှ ထွက်ခဲ့၏။

သို့ဖြစ်၍ အထက်တွင်ရေးသားဖော်ပြခဲ့ပြီးသော အတ္ထုပ္ပတ္တိသည် မောင်ပေါက်ကံ စက်တိုင်သို့ မတက်မီည၌ ကျွန်ုပ်အား ပြောသွားသည့် အတိုင်း ထောင်မင်းသားအဖြစ်ဖြင့် မြင်းခြံထောင်၌ အကျဉ်းကျခံခဲ့သူ ကျွန်ုပ် မောင်ဘိုးထော်သည် စာရေးဆရာ မောင်ရွှေမှုံး၏ တောင်းပန်ချက်အရ ထည့် သွင်းရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။

◆

# ယိုးဒယားသူလျှို

ရန်ကုန်မြို့ပေါ်သို့ ဂျပန်လေယာဉ်ပျံများ ပထမလာရောက် ဗုံးမကြဲမီ ၂ လခန့်လောက်က ပြည်မြို့ ကမ်းနားလမ်းရှိ ဆရာဝန်ကြီး ဦးစောမောင် အိမ်ရှေ့သို့ ပရိုက်ဗိတ် ကားကလေးတစ်စီး ဆိုက်ရောက်လာပြီးလျှင် ကားအတွင်းမှ လောင်းကွတ်အင်္ကျီရှည်ကြီးကို ဝတ်လျက် ပျော့ဦးထုပ်ကို မျက်နှာတစ်ဝက်ဖုံးအုပ်လုမတတ်ဆောင်း၍ထားသော လူတစ်ယောက်သည် ကားပေါ်မှ ဆင်း၍ ဦးစောမောင်၏ ဆင်ဝင်အောက်သို့ ဝင်ခဲ့ပြီးလျှင် အချက်ပေး ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်လေ၏။

အိမ်တွင်းမှ တံခါးဖွင့်ပေးသဖြင့် ထိုသူသည် အပေါ်ထပ်သို့ တက်ခဲ့ရာ၊ ဦးထုပ်ကို ယခင်ကထက် အောက်သို့ ဆွဲချလိုက်သဖြင့် မျက်လုံးများသာ အနိုင်နိုင်ပေါ်တော့၏။ လည်ပင်းမှ မာဖလာကိုလည်း တစ်ပတ်ထပ်၍ ပတ်လိုက်ပြီးလျှင် ဧည့်ခန်းသို့ ဝင်လာခဲ့လေသည်။

ဆရာဝန် ဦးစောမောင်လည်း ဧည့်သည်အား ခရီးဦးကြိုပြုပြီးနောက် ကုလားထိုင်များကို ညွှန်ပြရာ၊ ထိုသူသည် ဓာတ်မီးရောင်မှ အနည်းငယ်ကွယ် လျက် အရိပ်ကျသော ကုလားထိုင်တစ်လုံးကို ရွေးချယ်၍ ထိုင်လေ၏။

"ဆရာဝန်ကြီး ဦးစောမောင် ဟုတ်ပါသလား ... ခင်ဗျာ"

"မှန်ပါတယ် ... ကျွန်တော်ပါပဲ။ ကိစ္စက ဘယ်လိုကိစ္စပါလဲ ခင်ဗျား"

"ကိစ္စကတော့ ... ကိုယ်ရေးကိုယ်တာဆိုလည်း ဟုတ်ရဲ့ခင်ဗျ၊ တိုင်းရေး ပြည်ရေးဆိုလည်း မှန်ရဲ့ ... ခင်ဗျ"

http://www.cherrythitsar.org


"ဆိုစမ်းပါဦးဗျာ"

ထိုသူသည် ကုလားထိုင်ကို ရှေ့သို့ အနည်းငယ် ဆွဲလျက် ....

"ဒီလိုပါ ... ဆရာဝန်ကြီး၊ ကျွန်တော်ဟာ ယိုးဒယားပြည်နဲ့ ပတ်သက်တဲ့ အရာရှိကြီး တစ်ယောက်ရဲ့ လူယုံတော်ပါ ခင်ဗျာ။ ကျွန်တော်တို့ အရှေ့နိုင်ငံတွေမှာ ရှေ့ဖြစ်ပွားမယ့် စစ်ရိပ်စစ်ငွေ့တွေကလည်း တစ်နေ့ထက် တစ်နေ့ သန်းလာပြီ၊ ခပ်ပြောင်ပြောင် ပြောရမယ်ဆိုရင် ဂျပန်ဟာ အင်္ဂလိပ်ကို စစ်ကြေညာတော့မှာ အမှန်ပဲ ခင်ဗျ"

ဦးစောမောင်သည် တံတွေးကို မျိုချလိုက်ပြီးနောက် "ကျွန်တော်တို့ တော့ ဒီအထိမတွေးဝံ့သေးပါဘူး ခင်ဗျာ"

"ကျွန်တော်တို့လည်း မတွေးဝံ့ပါဘူး။ သို့သော် ကိစ္စကို နားလည်ဖို့ ပလ္လင်ခံရတာပါ။ သည်တော့ ... ဂျပန်နဲ့ အင်္ဂလိပ် စစ်ဖြစ်ရင် ကျွန်တော်တို့ ယိုးဒယားပြည်ရော၊ မြန်မာပြည်ရော စိစိညက်ညက်ကျေပြီပဲ ခင်ဗျ။ အရိပ်နိမိတ်လောက်မှ ဆရာဝန်ကြီး မကြားသေးဘူး မှတ်တယ်"

"ရိုးတိုးရိပ်တိတ်လောက်တော့ အစိုးရပိုင်းက ကြားပါပြီ ခင်ဗျာ။ ဒါကြောင့် စစ်ဖြစ်လာရင် သားမယားတောင် ဘယ်ပို့ရမယ်ဆိုတာ စီမံဖို့ကြံစည်ဆဲပါပဲ"

"ဒါနဲ့ လိုရင်းကိစ္စကို ပြောရဦးမယ်။ ကျွန်တော်တို့ ဘုရင်ကလေးဟာ အခုဘန်ကောက်မှာ မရှိဘူး ခင်ဗျ။ မော်စကိုကို ရောက်နေပါတယ်"

"ကျွန်တော်တို့ သတင်းစာမှာ တွေ့ရတာက ဆွစ်ဇာလန်မှာ ဆို"

"ဟုတ်ကဲ့ ဆွစ်ဇာလန်ကနေပြီး ရုရှားပြည်ကို လျှို့ဝှက်ပြီး သွားပါတယ်။ ဂျပန်များဟာ ကုန်းလမ်း ခရီးကလာရင် ကျွန်တော်တို့ ယိုးဒယားမြေကို နင်းလာမှာ အမှန်ပဲ၊ အခုပဲနယ်ခြားမှာ စစ်တပ်တွေ ရောက်နေပြီ ခင်ဗျ၊ ဒီတော့ ဂျပန်ကို ခံပဲချရမလား။ အလျှော့ပဲပေးရမလားဆိုတဲ့ အတွင်းရေးကိစ္စတွေ အတွက် တိုင်ပင်ဖို့ ဘုရင်ကလေးရဲ့ ဦးရီးတော်ဆီကို အထောက်တော်တစ်ယောက် လေယာဉ်ပျံနဲ့ အမြန်လွှတ်ဖို့ကိစ္စပါပဲ"

"ဟုတ်ကဲ့ ... ပြောစမ်းပါဦး"

"ဒီလို လွှတ်ရမယ့် လူကို ဘန်ကောက်မှာ သူတစ်ယောက်ပဲ ရှိတယ် ဆရာဝန်ကြီးရဲ့"

"ဟုတ်ကဲ့"

"သို့ပေမယ့် ... အဲဒီလူက အခု ဘန်ကောက်မှာ မရှိဘူး ခင်ဗျာ၊ မြန်မာပြည်ကို သူလျှိုအဖြစ်နဲ့ လွှတ်ထားပြီး နောက်ဆုံး ဆရာတို့နေတဲ့ ပြည်မြို့ထောင်ထဲ ရောက်နေတယ်"

http://www.cherrythitsar.org



"ဟင် … တယ်ဆန်းပါလား။ ရောက်နေတော့ ကျုပ်က ဘယ်နှယ့် တတ်နိုင်မှာလဲဗျာ"

"တတ်နိုင်ပါသော်ကော ခင်ဗျာ၊ တတ်နိုင်တဲ့ နည်းကို ကျွန်တော် ညွှန်ပြမှာပေါ့၊ ဟောဒီမှာ ဆရာကြည့်စမ်းပါ"

မျက်နှာတစ်ဝက်ကို ဦးထုပ်ဖြင့် အုပ်ထားသူသည် အတွင်းအိတ်ထဲမှ ပန်းရောင်ဆေးရည်များပါသော ပွန်ချောင်းကလေးတစ်ခုကို ထုတ်ပြပြီးနောက်၊ "လူတစ်ယောက်ကို နောက်ထပ်ဖြေဆေးမပေးမချင်း ၂၄ နာရီလုံးလုံး အသေလို ဖြစ်သွားအောင် တတ်နိုင်တဲ့ ထိုးဆေးခင်ဗျ၊ မြန်မာပြည်ကို မရောက်သေးပါဘူး အညွှန်းကို ဆရာဖတ်ကြည့်ပါဦး"

ဆရာဝန် ဦးစောမောင်သည် ဓာတ်မီးအနီးသို့ ထ၍သွားပြီးနောက် အညွှန်းများကို ဖတ်ကြည့်ရာ ၎င်းထိုးဆေးမှာ ဒဏ်ရာအကြီးအကျယ်ရ၍ ခွဲ ဖြတ်ရမည့် ကိစ္စများတွင် ဖြစ်စေ၊ ဒူလာရောဂါ အမြစ်ဖြတ်ရန် ကိစ္စများနှင့် ဖြစ်စေ၊ စစ်ဘက်ဌာနများ၌သာ အသုံးပြုသည့် ဂျာမဏီလုပ် ထိုးဆေးဖြစ် ကြောင်းနှင့်တကွ မည်ပုံထိုးနှံရမည့်အကြောင်း အညွှန်းအစုံအလင် ပါရှိသည် ကို တွေ့ရလေသည်။

"ဟုတ်ကဲ့ … စစ်ဘက်မှာ အများအားဖြင့် သုံးတဲ့ဆေးပဲ။ ကျုပ်တို့ မြန်မာပြည်ကိုတော့ မရောက်သေးဘူး။ တစ်ခါက သတင်းစာထဲမှာတော့ ဖတ် လိုက်မိပါရဲ့"

"ခင်ဗျားတို့ဆီသာ မရောက်တယ်။ ကျုပ်တို့နိုင်ငံက ဆေးရုံတွေမှာ ရိုးနေပါပြီဗျာ"

"ဟုတ်မှာပေါ့ သည်တော့ … ဆိုပါဦး"

"ဒီဆေးကို ထောင်ထဲက အခု ကျွန်တော်ပြောတဲ့လူကို ထိုးပေးရမယ် ခင်ဗျ။ ဒီလူက (ဘီ)အတန်းနဲ့ ထောင်တစ်နှစ်ကျနေတယ်။ သူ့မှာ သွေးဒူလာ လည်း ဖြစ်နေတယ်။ ဒီတော့ သူ့ကို ဆရာက အခုထိုးဆေးကို ထိုးပေးရုံပါပဲ"

ဦးစောမောင်သည် ထိုသူအား စိုက်ကြည့်ကာ တွေဝေစဉ်းစားလျက်ရှိ၏။ ထူးဆန်းသော ဧည့်သည် သည် အင်္ကျီအိတ်ထဲမှ ငွေစက္ကူအထပ်ကြီးတစ် ထပ်ကို ဆွဲထုတ်ကာ 'စဉ်းစားမနေပါနဲ့ ဆရာ၊ ကိစ္စက ကျွန်တော်တို့နိုင်ငံက အတွင်းရေး ဖြစ်နေတဲ့အပြင် ဆရာတို့ မြန်မာပြည်နဲ့တောင် စဉ်းစားလိုက်ရင် သက်ဆိုင်တဲ့ ကိစ္စဖြစ်နေတဲ့အတွက် ဆရာ့လို လူမျိုးတစ်ယောက်ကို ရွေးချယ် အားကိုးပြီးလာခဲ့တာပါ။ ဟောဒီမှာ ဆရာ့အတွက် ဥဏ်ပူဇော်ခပါ ခင်ဗျာ"

ဦးစောမောင်မှာ တစ်လလျှင် လခ ၄၅၀ ကျပ်မျှသာ ရရှိသော ဒုတိယ ထောင်ဆရာဝန်ဖြစ်ရာ၊ လခစားတို့ မည်သည်မည်မျှပင်ရရှိစေကာမူ၊ တစ်လနှင့်

တစ်လ ပိုလျှံသည် ဟူ၍မရှိဘဲရှိနေတတ်ရကား သားအငယ် နှစ်ယောက်ကို ရှင်ပြုမည်ဟူသော အကြံမှာ ထိုနေ့တိုင်အောင် မအောင်မြင်ခဲ့သေးချေ။ သို့ဖြစ်၍ ဦးစောမောင်သည် ထိုအကြောင်းများကို ရုတ်တရက် သတိရပြီးလျှင် စားပွဲ၌ တင်ထားသော ၂၀၀၀ ကျပ်ထက်နည်းမည်မဟုတ်သော ငွေစက္ကူအထပ်ကြီးကို မြင်ရသောအခါ အတွင်းမှ လောဘရမ္မက်များသည် ၎င်း၏လက်များကို တဆတ်ဆတ်တုန်စေ၏။

"ဒီလူကို သေတယ်ထင်လို့ ခေါင်းသွင်းပြီး ထောင်ထဲမြှုပ်ပစ်လိုက်ရင်ကော"

"ဒါက ဆွေမျိုးညာတိ မရှိဘဲနဲ့ အလောင်းကို အပြင်က ယူမယ့် လူမရှိမှ မဟုတ်လား ဆရာရဲ့"

"ဟုတ်တယ်"

"သည့်အတွက်တော့ ကျွန်တော်ကြည့်ပြီး စီစဉ်ရမှာပေါ့ ခင်ဗျာ၊ ဆရာ့တာဝန်က သူ့ကို ဒီဆေးထိုးပေးလိုက်ရုံပါပဲ"

"ဘယ်တော့လောက်လုပ်ရမယ့် ကိစ္စလဲ"

"သန်ဘက်ခါပဲ ခင်ဗျာ"

"ဩော် ... ကျုပ် အထက်က ဆရာဝန်ကြီးက"

စကားမဆုံးမီ .... "ဆရာဝန်ကြီးဟာ နက်ဖြန် ညရထားနဲ့ ရန်ကုန်လိုက်ဖို့ ကိစ္စရှိတယ်ဆိုတာ ကျွန်တော် စုံစမ်းပြီးပါပြီ ခင်ဗျာ။ သည်တော့ သန်ဘက်ခါ မနက် ၁၀ နာရီလောက် ထောင်ကနေပြီး ဆရာ့အိမ်ကို တယ်လီဖုန်းဆက်လိုက်ပါလိမ့်မယ်။ ဒီအခါ ဆရာက ကားကလေးနဲ့ ခါတိုင်းလို သွားပြီး ဒီဆေးကို ထိုးလိုက်ရုံပါပဲ"

"ခင်ဗျားက ကျုပ်တို့ ဆရာဝန်ကြီးအကြောင်းရော ကျုပ်တို့တစ်တွေ အသွားအလာရော သိနှင့်မှကိုး"

"ဒီလို သိဖို့ဟာက ကျွန်တော့် ဝတ္တရားပေကိုးခင်ဗျ"

"ခင်ဗျား လူနာ နာမည်က ဘယ်သူတဲ့လဲ"

"မောင်ဗလပါတဲ့ ခင်ဗျာ"

"ဩော် ... ရွှေတောင်မှာ အစိုးရကို အကြည်ညိုပျက်အောင် တရားဟောလို့ အပြစ်ကျသွားတယ်ဆိုတဲ့ လူမှတ်တယ်"

"ဟုတ်ပါတယ် ခင်ဗျာ သူပါပဲ၊ ဒီလူက ဒူလာသွေးဝမ်းရောဂါ ရှိတယ်ခင်ဗျ။ ဒါကြောင့် ရောဂါမသက်သာလို့ ဆရာက ဆေးထိုးပေး၊ ပေးပြီးတဲ့နောက် တစ်နာရီလည်းကြာရော တစ်ခါတည်း လဲသွားတယ်လို့ လုပ်ရမှာပေါ့ ခင်ဗျ"

http://www.cherrythitsar.org



ဆရာဝန် ဦးစောမောင်သည် ဆေးတံကိုမီးညှိ၍ တစ်ချက် နှစ်ချက် ဖွာထုတ်ပြီးနောက် တစ်ခဏမျှစဉ်းစား၍ နေလေ၏။ လူနာမှာ မိမိဆေးထိုးပြီးနောက် သေဆုံးသွားဟန် ပြုရမည့်အတွက် မိမိမှာ နာမည်ပျက်မည်မှန်၏။ သို့သော် တစ်စုံတစ်ရာ တာဝန်မရှိချေ။ ကောင်းစေလိုသောသဘောဖြင့် အကယ်၍ ဆေးကိုမှား၍ပင် ပေးစေကာမူ ဆရာဝန်၌ အပြစ်မရှိကြောင်း ဥပဒေက ကာကွယ်ထား၏။ မိမိမှာ လခ ၄၅၀ ကျပ် မျှသာရသည်ဖြစ်၍ သားငယ် နှစ်ယောက်ကို ရှင်ပြုရန် မတတ်နိုင်ဘဲရှိနေခဲ့ရာ အပြင်၌ လူနာတစ်ယောက်ကို ဆေးထိုးလျှင် ၁၀ ကျပ်မျှသာရ၍ ဤမျှလောက် အလွယ်တကူ ပြုလုပ်ရမည့် ကိစ္စလေးတစ်ခုအတွက် ငွေ ၂၀၀၀ ကျပ် ကို လက်မလွှတ်သင့်ချေ။

ထူးဆန်းသော ဧည့်သည်သည် ငွေစက္ကူထုပ်ကြီးကို ဦးစောမောင်ရှေ့သို့ တိုးပေးပြီးနောက် မတ်တပ်ရပ်လိုက်ပြီးလျှင် "ဒါပါပဲ ဆရာ၊ လက်သာခံလိုက်ပါ။ ကျွန်တော် ပူဇော်တာလည်း ၂၀၀၀ ကျပ်ဆိုတော့ မနည်းလှပါဘူး။ ကိုင်း ... ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာ။ ကျွန်တော့် နေရပ်နှင့် နာမည်ကို ပြောခွင့်မရှိ လို့ ဝမ်းနည်းပါတယ်" ဟု မီးရောင်ဘက်သို့ မလှည့်ဘဲ ပြောပြောဆို ဆိုနှင့်ပင် အိမ်ပေါ်မှ လျင်မြန်စွာ ဆင်းသွားရာ ဦးစောမောင်မှာ တစ်စုံတရာပြန်၍ ပြောရန် အချိန်မရှိဘဲ ပါးစပ်ကို ဟကာ ကျန်ရစ်ခဲ့လေ၏။

*

နောက်တစ်နေ့ည ၈ နာရီ အချိန်၌ ပြည်မြို့ အရှေ့ဘက် သံတစ်ချောင်းလမ်းဆားရှိ 'တောင်ယာကြီး' ခေါ် ထောင်ခြံအတွင်းရှိ သစ်ပင်ရိပ်တစ်ခုအောက်တွင် လူနှစ်ယောက်သည် စိတ်အားထက်သန်စွာ တီးတိုးပြောဆိုလျက်ရှိလေသည်။

ထိုခြံနှင့် လမ်းမှာ ကိုက် ၅၀ ခန့်ကွာသည့်ပြင် လူနေအိမ်ခြေနည်းပါး၍ ညဥ့်အချိန် လူပြတ်သော လမ်းတစ်လမ်း ဖြစ်ရကား လွန်စွာ တိတ်ဆိတ်လျက်ရှိ၏။ တဖြိုက်ဖြိုက်ကျလျက်ရှိသော ဆီးနှင်းများသည် တစ်ခြမ်းပဲ့သာသာမျှ ထွက်ပြူနေသော လရောင်ကို ကာကွယ်လျက်ရှိလေရာ၊ မလှမ်းမကမ်းမှ လူတစ်ယောက်ကိုပင် သဲကွဲစွာ မမြင်နိုင်ချေ။

ပထမလူမှာ လောင်းကွက်အင်္ကျီရှည် အနက်ကြီးကို ဝတ်၍ မျက်နှာအပေါ်ပိုင်းကို လယ်စီးမာဖလာဖြင့် ရစ်ပတ်၍ထား၏။ ဒုတိယလူမှာ လယ်ဟိုက်အင်္ကျီလက်တိုနှင့် နံငယ်ပိုင်းကိုသာ ဝတ်၍ထားလျက် အရပ်အမောင်းကောင်းသော ထောင်သားတစ်ယောက်နှင့် သဏ္ဌာန်တူရာ ၎င်းမှာ အခြားသူမဟုတ် 'ကျွန်ုပ်တို့၏ မိတ်ဆွေ ထောင်မင်းသား ဦးဘိုးထော်' ပင် ဖြစ်လေ

http://www.cherrythitsar.org



သည်။ ၎င်းတို့အနီး မလှမ်းမကမ်း၌ကား သေနတ်ကိုင် စန္တရီတစ်ယောက်သည် သစ်ငုတ်တိုတစ်ခုပေါ်တွင် ငိုက်မျဉ်းလျက်ရှိ၏။

လောင်းကွတ်အင်္ကျီနှင့် လူသည် ဦးဘိုးထော်အား များစွာ အရိုအသေ ပေးလျက် "ဟုတ်ပါတယ် ခင်ဗျား၊ ကိုဗလဆိုတာ နောင်ကြီးပြောတဲ့ လူပါပဲ"

"ဒီလူက အခု ကျုပ်သိရသလောက် သွေးဒူလာဖြစ်ပြီး မမာနေတယ် ဗျ"

"ဒီကိစ္စကြောင့် ကျွန်တော်လာခဲ့ရတာပါပဲ ခင်ဗျာ၊ သူ့ရောဂါကို ဆေးကုရင်း ကျွန်တော်တို့မှာ အကြံတစ်ခု ရှိပါတယ်"

"ဘယ်လို ကြံချင်လို့လဲ"

လောင်းကွတ်အင်္ကျီနှင့် လူသည် မိမိ၏အကြံကို ပြောပြရာ ဦးဘိုးထော်လည်း ဦးခေါင်းကို မကြာမကြာ ညိတ်ကာ ထိုသူပြောသော စကားများကို နားစိုက်လျက်ရှိ၏။ နောက်ဆုံး၌ ဦးဘိုးထော်က ....

"ဂျပန်က သည်လောက်ပဲ အင်အားကြီးနေသလား မိတ်ဆွေ၊ ကျုပ်တို့ဖြင့် ထောင်ထဲနေရလို့လား မပြောတတ်ပါဘူးဗျာ။ ကမ္ဘာပေါ်မှာ အင်္ဂလိပ်ထက် အင်အားကြီးတာ မရှိဘူးလို့ မှတ်နေတာ"

"အင်အားကြီးလှတယ်တော့ မဟုတ်ဘူးခင်ဗျာ၊ သို့ပေမယ့် ဒီ အကောင်တွေက မိုက်ရူးရဲတွေ ဘာမဆိုလုပ်ဝံ့တယ်။ သူတို့ဘုရင်က အားလုံး သေရမယ်ဆိုရင် သေဝံ့တယ်။ မှားတယ် မှန်တယ်ဆိုတာ သူတို့ နားမလည်ဘူး။ သူတို့ ဘုရင့်စကားကိုသာ သူတို့နားလည်တယ်။ အဲဒီလိုသူတွေခင်ဗျ"

"ဒီလိုသာဆိုရင် ခင်ဗျားတို့ နိုင်ငံသာ မဟုတ်ဘူး။ ကျွန်ုပ်တို့ မြန်မာပြည်တောင် ညက်ညက်ကြေဦးမှာပေါ့"

"ဒါကတော့ အမှန်ပေါ့ခင်ဗျာ နောင်ကြီးတို့ဆီမှာသာ အစိုးရက ခပ်ဖုံးဖုံးလုပ်ထားလို့ တိုင်းသူပြည်သားတွေက မသိကြသေးတာ၊ ကျွန်တော်တို့ဆီမှာဖြင့် ပြောင်းတဲ့ရွှေ့တဲ့လူတွေ ပြောင်းရွှေ့ကုန်ကြပါပြီကော ခင်ဗျာ"

"နေပါဦး ... ခင်ဗျားတို့ ပြည်မှာ ဒီပြင် လွှတ်ဖို့လူမရှိတော့ဘူးလား ဗျာ။ ကျုပ်တို့ဆီက ထောင်ထဲ ရောက်နေတဲ့ လူတစ်ယောက်ကိုမှ ရွေးချယ်ရသလား"

"ဒီလိုပါ နောင်ကြီးခင်ဗျာ၊ ဒီ ကိုဗလဆိုတဲ့ လူက မြန်မာပြည်ရဲ့ အတွင်းရေးရော၊ မြန်မာပြည်မှာ အင်္ဂလိပ်တွေ ဘယ်လိုအုပ်ချုပ်နေတယ်ဆိုတာရော မြန်မာနိုင်ငံအတွင်းမှာစုံစမ်းဖို့ လွှတ်ထားတဲ့လူပါ ခင်ဗျာ။ နောင်ကြီးကိုတော့ တွေ့တွေ့ချင်း အင်မတန်ယုံကြည်ပြီး ကျွန်တော်တို့ အတွင်းရေးတွေ

http://www.cherrythitsar.org



ယခုဖွင့်ပြောတာပါ။ ဒါကြောင့် ဒီကိစ္စမှာ နောင်ကြီးကလွဲပြီး ကူညီနိုင်မယ့်သူ မရှိဘူးဆိုတာ သိတာနဲ့ နောင်ကြီးနဲ့ မတွေ့တွေ့အောင် ကြံရခြင်း ဖြစ်ရခြင်း ဖြစ် ပါတယ်"

"ဒါဖြင့် ဒီလူကိုရလို့ ရုရှားပြည်ကို လေယာဉ်ပျံနဲ့ လွှတ်လိုက်ရင် ယိုးဒယားပြည်မှာ အများကြီး ခရီးရောက်ဖို့ရှိတယ်ဆိုပါတော့"

"မှန်ပါတယ် ခင်ဗျာ။ အာနန္ဒာမဟီဒိုဆိုတဲ့ ဘုရင်ကလေးကို စောင့်ရှောက်ဖို့ ပါသွားတဲ့ ဘုရင်ကလေးရဲ့ ဦးရီးတော် ရောက်လာရင် ကျွန်တော်တို့နိုင်ငံမှာ စိစိညက်ညက် ကြေမယ် မဟုတ်ပါဘူး။ ဂျပန်ကိုခံချချင်တဲ့ဘက်က တစ်ဖက် အလျှော့ပေးပြီး ချော့ပေါင်းချင်တဲ့ဘက်က တစ်ဖက်ဖြစ်နေပါတယ်။ ဘုရင့်ဦးရီးတော်ကတော့ တိုင်းပြည်မနစ်နာအောင် သူတို့ကိုအသာလမ်းဖွင့်ပေး ပြီး အေးအေးဆေးဆေး နေလိုတဲ့ ဆန္ဒရှိပါတယ်"

"ဟုတ်တယ်လေ ... ခုခံလို့ နိုင်ရင် တော်ရဲ့၊ မနိုင်ရင်သက်သက် တိုင်းသူပြည်သားတွေ ဒုက္ခရောက်ပြီပေါ့။ နို့ ... အင်္ဂလိပ်ရန်ကိုကော မကြောက်ဘူးလား"

"အင်္ဂလိပ်ရန်ကနောက် ဂျပန်ရန်က အခုပဲ၊ နယ်ခြားကို စစ်တပ်တွေ ရောက်နေပြီခင်ဗျ။ ပြီးတော့ စစ်တပ်တွေမှာလည်း ဒီမြန်မာနိုင်ငံက သူငယ်တွေ ဦးစီးပြီးလာတယ်လို့ ကျွန်တော် သတင်းကြားရတယ်"

"အင်း ... တွေးလိုက်တိုင်း စိတ်မအေးစရာပါကလား မိတ်ဆွေ"

"မှန်ပါတယ်ဗျာ၊ ဒါကြောင့်မို့ ဒီကိစ္စအတွက် ကိုဗလကို ထောင်ထဲက မလွတ်လွတ်အောင် ကြံပြီး ယိုးဒယားကို အမြန်ပို့မယ်ဆိုတဲ့ အချိန်ရောက်လာလို့ ကျွန်တော်တို့အခုလို ကြံစည်ရခြင်း ဖြစ်ပါတယ် နောင်ကြီး"

"ဩော် ... ဒါထက် အလောင်းကို ယူဖို့ကော စီမံပြီးပြီလား"

"ပြီးပါပြီ ခင်ဗျာ။ ခေါင်းကိုတောင် လေပေါက်နဲ့ အသင့်လုပ်ထားပါတယ်။ ဒါနဲ့ လမ်းမှာတောင် ဂျပန်ရန်ကို ကြောက်ရသေးတယ် ခင်ဗျ။ နို့ပေမဲ့ သည်လောက်တော့ ကိစ္စမရှိပါဘူး ထင်ပါရဲ့ ခင်ဗျာ"

"ခင်ဗျား ပြောတာ ကျုပ်ဖြင့် နားမလည်သေးဘူး"

"ဒီလိုကို ခင်ဗျ၊ ကျွန်တော်တို့ရဲ့ အသွားအလာ အနေအထိုင်ကိုလည်း ဂျပန်က မျက်စိတစ်ဖက်နဲ့ ကြည့်လျက်ပဲ ခင်ဗျ။ ရန်ကုန်မှာသာ မဟုတ်ဘူး။ နောင်ကြီးတို့ မြို့မှာလည်း ဂျပန်သူလျှိုတွေ အများကြီးရှိတယ်။ ကျွန်တော် ရန်ကုန်က မီးရထားနဲ့ အလာမှာတောင် ဂျပန်တစ်ယောက် ကျွန်တော်နဲ့ တွဲတစ်တွဲတည်း ပါလာတယ်။ မဟုတ်ခါမှလွဲရော ကျွန်တော်ဖြင့် ဒီအကောင်ဟာ ကျွန်တော့်နောက်လိုက်ပြီး အရိပ်အချေကြည့်သလား မပြောတတ်ဘူး"

http://www.cherrythitsar.org



"ကိုင်းလေ ... ကျုပ်ဘက်က တာဝန်၊ ကျုပ်က လုံအောင်ဆောင်ရွက်ပေးပါ့မယ်။ လူကို ခေါင်းထဲထည့်ပြီးသည်အထိ နေရာကျပါစေ့မယ်"

"သည်လောက်ဆိုရင် တော်ပါပြီခင်ဗျာ။ ခေါင်းကို လှည်းတစ်စီးနဲ့ တင်လာပြီး ဟောဒီ သံတစ်ချောင်းလမ်းက သင်္ချိုင်းအထိမောင်း၊ ဟိုကျတော့ တူးပြီးတွင်းထဲကို ချ၊ အပေါ်က မြေမဖို့ဘဲ ထားပြီး ကျွန်တော်က ညနေဝင်ဝင်ချင်း လာတွေ့ဖို့ စီမံပြီးပါပြီ"

"အတော်လဲ ကြံကြံစည်စည်လုပ်တဲ့ လူစုပဲ"

"မတတ်နိုင်ဘူးခင်ဗျာ၊ သည့်ပြင့်နည်းလည်း မရှိတော့ဘူး နောင်ကြီးရဲ့၊ ပြီးတော့ ဒီကိစ္စမှာ ကျွန်တော်တို့က နောင်ကြီးကို လုံးလုံးအားကိုးပါတယ်"

ငင်းနောက် ထိုသူလည်း မောင်ဗလ၏ ဆွေမျိုးညာတိများ လိုက်လာဟန်ဖြင့် ယောက်ျား နှစ်ယောက်နှင့် မိန်းမတစ်ယောက်ကို စေလွှတ်မည့်အကြောင်း၊ ထိုသူများပင်လျှင် မောင်ဗလ၏ ခေါင်းကိုလှည်းဖြင့် သင်္ချိုင်းသို့ ယူဆောင်သွားမည့်အကြောင်း၊ ခေါင်းကိုလှည်းပေါ်သို့တင်၍ ပို့ရန်အချိန်မှာ ညနေ (၆) နာရီ နီးပါး၌ဖြစ်အောင် စီစဉ်ပေးပါမည့်အကြောင်းနှင့် အခြားတိုင်ပင် ရန်ရှိသည်များကို တိုင်ပင်လျက်ရှိလေ၏။

ဦးဘိုးတော်သည် ခါးကြားထဲတွင်ညှပ်ထားသော ဆေးပြင်းလိပ်တိုကို ယူ၍ မီးခြစ်ကို သူ့မျက်နှာအနီးတွင် အကြံနှင့် ခြစ်မည်ကြံရာ ထိုသူလည်း ဦးဘိုးထော်အကြံကို ရိပ်မိသည့် လက္ခဏာဖြင့် ....

"ဒါတော့လည်း သည်းခံပါ နောင်ကြီးခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်။ အခုတော့ဖြင့် ကျွန်တော်ကို မသိချင်ပါနဲ့ဦး၊ နောင်စစ်ပြီးလို့ မသေမပျောက်နေကြရရင် နောင်ကြီးကျေးဇူးကို ကျွန်တော် တစ်ခေါက်လာ ဆပ်ပါဦးမယ်" ဟု ပြောဆိုကာ ဦးဘိုးထော်အား အထုပ်တစ်ထုပ် ပေးအပ်လိုက်လေ၏။

"နောင်ကြီးအတွက် စရိတ်စကလေးပါ ခင်ဗျာ"

"အို ... ကိစ္စမရှိပါဘူး။ ကိုယ့်တိုင်းပြည် မဟုတ်သော်လည်း ဘယ်တိုင်းပြည်ပဲဖြစ်ဖြစ်၊ အရှေ့အာရှတိုက်က တိုင်းသူပြည်သားတွေရဲ့ အကျိုးအတွက် ဆောင်ရွက်ရတာ ရမှရစေ သဘောမထားပါဘူးဗျာ၊ ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ၊ ဝါသနာလည်း ပါပါတယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ကျေးဇူးလည်း အများကြီး တင်ပါတယ်။ ချောချောမောမော ဖြစ်ပါစေဆိုတာလည်း တိုင်းပြည်နိုင်ငံစောင့်တဲ့ နတ်ကောင်းနတ်မြတ်တွေ တိုင်တည်ပြီး ဆုတောင်းပါမယ်"

ငင်းနောက် ထိုသူလည်း ဦးဘိုးထော်၏ လက်ကို အားပါးတရ ဆွဲ ကာ နှုတ်ဆက်ပြီးနောက် ခြံထဲမှ တဖြည်းဖြည်း ထွက်သွားလေ၏။

http://www.cherrythitsar.org



နောက်တစ်နေ့ နေ့လည် ၁၂ နာရီအချိန်လောက်တွင် ပြည်ထောင်အတွင်းရှိ (ဘီ)အတန်းအစား အကျဉ်းသားများထားရာ တန်းလျားခန်းများအနက် တစ်ခုသော အခန်းရှေ့တွင် ထောင်သား ၃-၄ ယောက်တို့သည် လူးလာ ခတ်လျက်ရှိ၏။ ဦးဘိုးထော်သည် လူနာကုတင် အနီးတွင် ခွေးခြေငယ်တစ်ခုဖြင့် ထိုင်ကာ လူနာ၏ အရိပ်အကဲကို ကြည့်ရှုလျက်ရှိလေသည်။

ထိုအခါ ထောင်မှူးကြီးမှာ ဂို့(ရှ) ဆိုသူ ကုလားလူမျိုးတစ်ယောက်ဖြစ်၍ ထောင်သားများနှင့် ပတ်သက်သည့် ကိစ္စများတွင် ဦးဘိုးထော်အားအရာရာတိုင်ပင်လေ့ရှိသည်။

"ဘယ့်နှယ်လဲ မောင်ဘိုးထော်၊ ဘယ်လို သဘောရသလဲ၊ ကျုပ်တော့တယ်မထင်ပါဘူး"

"မှန်ပါ့၊ နောင်ဆုံး ဆရာဝန်ကြီးကို တယ်လီဖုန်းနဲ့ ထပ်ပြီး ခေါ်ဖို့ကောင်းပါသေးတယ်"

"မနက်ကလည်း တစ်ခေါက် လာကြည့်သွားပြီးပြီ မဟုတ်လား"

"မှန်ပါတယ်၊ သို့ပေမယ့် ... သက်သာပုံ မပေါ်ရင် ထပ်ပြီး တယ်လီဖုန်းဆက်ခေါ်ဖို့ မှာသွားပါတယ်"

"ဒါဖြင့်လည်း ခေါ်လိုက်ဦးမှပဲ၊ ဒီလူက ဒုတိယတန်းစား အကျဉ်းသားဆိုတော့ မခေါ်ရင် ကျုပ်တို့အပေါ် တာဝန်လာဦးမယ်"

၎င်းနောက် ၁၀ မိနစ်မျှ ကြာလတ်သော် ... ဆရာဝန် ဦးစောမောင်သည် ကားနှင့် ရောက်လာပြီးလျှင် လူနာအား တစ်ခဏမျှ စမ်းသပ်ကြည့်ရှုပြီးသော် ဆေးထိုး၍ ပေးပြီးနောက် ပြန်သွားလေ၏။

သို့သော် လူနာမှာ သက်သာသည် ဟူ၍မရှိဘဲ ၁ နာရီခန့်ကြာလတ်သော် အသက်ရှူရပ်၍ သွားလေ၏။ ထိုအခါ ဦးဘိုးထော်လည်း မောင်ဗလအသက်ကုန်သည့် အကြောင်းကို ထောင်သားတစ်ယောက်အား ထောင်မှူးကြီးထံ လွှတ်၍ပြောစေရာ ထောင်မှူးကြီးလည်း ဦးစောမောင်ထံသို့ တစ်ဖန်ပြန်၍ တယ်လီဖုန်း ဆက်ရပြန်လေ၏။

၁၅ မိနစ်ခန့်ကြာလတ်သော် ဦးစောမောင် ရောက်လာပြန်လေ၏။ မျက်နှာပေါ်တွင် အဝတ်ဖုံး၍ ထားသော မောင်ဗလအား အဝတ်ကို လှန်၍ကြည့်ပြီးနောက် ဘီအတန်းမှ မှတ်ပုံစာရင်းကို ယူခဲ့စေပြီးလျှင် မောင်ဗလ သေကြောင်းကို လက်မှတ်ထိုးပြီးနောက် ပြန်သွားလေ၏။

ညနေ (၅) နာရီသို့တိုင်ရောက်လတ်သော် ထောင်ဝင်စာဖြင့် လျှောက်ထားသော မောင်ဗလ၏ ဆွေမျိုးများထံ အကြောင်းကြားလိုက်ပြီဖြစ်၍ ၎င်းတို့လည်း ခေါင်းတစ်လုံးကို ယူကာ လာရောက်ကြပြီးလျှင် မောင်ဗလ၏

http://www.cherrythitsar.org



အလောင်းကို ထောင်ပြင်သို့ ထုတ်ရန် ပြင်ဆင်ကြကုန်၏။ ထိုအချိန်မှာ ၆ နာရီထိုးလုပြီဖြစ်၍ ဦးဘိုးထော်လည်း မောင်ဗလ၏ ဆွေမျိုးများနှင့်ရော နောက်ကာ မောင်ဗလ၏အလောင်းကို ခေါင်းတွင်းသို့ ကူညီထည့်ပြီးလျှင် နောက်ဆုံး၌ ခေါင်းကို လှည်းပေါ်တင်ကြလေ၏။ ထို့နောက် အလောင်းတင်သော လှည်းသည် နေဝင်ရီတရော အချိန်တွင် ပန်းဘဲတန်းတစ်လျှောက်မှ မောင်းခဲ့ပြီးနောက်၊ လက်သမားလမ်းနှင့် ဆေးရုံကြီးထောင့်သို့ ရောက်သောအခါ သံတစ်ချောင်း လမ်းဘက်သို့ ကွေ့ကာ အရှေ့သို့ မောင်းနှင်သွားလေ၏။

လှည်းသည် ဤလမ်းအတိုင်းမောင်းခဲ့ရာလှည်းနောက်မှ ယောက်ျား နှစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် လိုက်ပါလာခဲ့ကြလေသည်။ မိန်းမ သည် တစ်ခါတရံ အသံများထွက်အောင် ဟစ်အော်ငိုယိုလျက်ရှိ၏။

နေသည် တဖြည်းဖြည်း ဝင်စပြုပြီဖြစ်၍ လမ်းသွားလမ်းလာများပင် လှည်းပေါ်မှ ခေါင်းကို မြင်သောအခါ လှည်းနားသို့ မကပ်ဘဲ ခပ်ဝေးဝေးမှ ကွင်း၍ သွားကြ၏။ လှည်းသည် သံတစ်ချောင်းလမ်းအတိုင်း မောင်းခဲ့ရာ ဓာတ်မီးရုံကို ကျော်၍ တစ်ခေါ်လောက်ရောက်သောအခါ သစ်ပင်ရိပ်တစ်ခု အောက်တွင် လော်ရီကားကြီးတစ်စီး ရပ်နေသည်ကို တွေ့ရသဖြင့် ထိုနေရာ၌ လည်း လမ်းသည် အလွန်ကျဉ်းသည့်အတိုင်း လှည်းသမားသည် ကားကို အတော်ခဲယဉ်းစွာ ရှောင်၍မောင်းရ၏။

ထိုနေရာမှကား ... လက်ဝဲဘက်တွင် ထောင်ခြံကြီးရှိ၍ လက်ယာ ဘက်၌ ချုံပုတ်များနှင့် ထန်းတောကလေးတစ်ခုရှိရာ နဂိုကပင် လူအသွား အလာ နည်းသော နေရာဖြစ်ပြန် အချိန်ကလည်း နေဝင်ဖြိုးပျဖြစ်ပြန်ရကား လွန်စွာ တိတ်ဆိတ်လျက် ရှိလေ၏။ လော်ရီကားကြီးပေါ်၌ လူစလူန ဟူ၍ မမြင်ရချေ။ သို့သော် ... လှည်းသည် ကားနှင့် တည့်တည့်နေရာသို့ ရောက် လတ်သော် ကား၏ နောက်ပိုင်းမှ ဂျပန်လူမျိုးနှင့်တူသော ဘောင်းဘီဝတ်တစ် ယောက်သည် လျင်မြန်စွာခုန်ချလိုက်ပြီးနောက် လှည်းသမားအား ခြောက်လုံး ပြူးသေနတ်ကို ပြ၍ အရပ်ခိုင်းလေ၏။ ၎င်းပြောသော စကားများမှာ မြန်မာဘာ သာပင် ဖြစ်သော်လည်း ကောင်းစွာ မပီသချေ။

လှည်းသမားသည် ကြိုးများကို တစ်ရှိန်တည်းဆွဲ၍ ရပ်လိုက်ပြီးလျှင် လွန်စွာကြောက်ရွံ့သည့် ဟန်ဖြင့် လက် နှစ်ဘက်ကို ယှက်ခါ ဂျပန်အား ရှိခိုး လုမတတ် ရှိလေ၏။

ဂျပန်ပြောသော စကားများမှာ "ဒီဟာ လူသေမဟုတ်ဘူး၊ လူအရှင်" ဟူသော အဓိပ္ပာယ်ပါသော စကားများ ဖြစ်လေသည်။ လှည်းနောက်မှ ပါလာ သော မောင်ဗလ၏ ဆွေမျိုးများမှာ နောက်သို့ပြန်၍ ပြေးကြပြီး ဖြစ်လေသည်။

http://www.cherrythitsar.org



လှည်းသမားသည် လှမ်းပေါ်မှ မဆင်းဝံ့သေးဘဲ မိမိ၏ ရင်ဝကို ချိန်၍ ထားသော သေနတ်ပြောင်းကိုသာ စူးစိုက်ကြည့်ရှုလျက်ရှိ၏။ ၎င်း၏ တဆတ်ဆတ် တုန်လျက်ရှိသော လက်များမှာ ဂျပန်၏သေနတ်နှင့် တစ်ထွာ ခန့်သာ ကွာလျက်ရှိ၏။ ဂျပန်သည် လှည်းသမားအား လှည်းပေါ်မှ ဆင်းရန် အမိန့်ပေးလျက်ရှိလေသည်။

ဤကဲ့သို့ရှိစဉ် လှည်းသမားသည် လက်ဝဲဘက်လက်ဖြင့် သေနတ် ကိုင်ထားသော ဂျပန်၏လက်ယာဘက်လက်ကို ဖျတ်ခနဲ တွန်းဖယ်လိုက်ပြီး လျှင် ညာဘက်လက်သီးဖြင့် ဂျပန်၏လက်ဝဲဘက် မေးရိုးဆီသို့ တအားကျုံး လိုက်လေ၏။

ဂျပန်မှာ ထိုသူထက်ပင် သတိကောင်းသည့် လက္ခဏာဖြင့် ၎င်း၏ သေနတ်မှ ဒိုင်းခနဲ မြည်ကာ တစ်ချက်မျှ မီးပွင့်၍ ထွက်သွားသေး၏။ လှည်း သမားသည် လက်ယာဘက်သို့ စောင်း၍ ရှောင်တိမ်းလိုက်ရန် အချိန်ရခဲ့သဖြင့် ကျည်ဆံသည် ၎င်း၏နားရွက်အနီးမှ ပွတ်၍ ထွက်သွားလေသည်။ သို့သော် လှည်းသမား၏ လက်သီးချက်သည် ဂျပန်၏လက်ဝဲဘက်မေးရိုးကို လှလှကြီး မိ၍သွားသည်ဖြစ်ရကား ... လက်မှ သေနတ်မှာ လွတ်ကျသွားပြီးလျှင် ဂျပန်မှာ မြေပေါ်သို့ ဖင်ထိုင်လဲ ကျသွားလေ၏။

ထိုခဏ၌ လှည်းသမားသည် သေနတ်ကို လျင်မြန်စွာ ကောက်ယူ လိုက်ပြီးလျှင် လဲနေသော ဂျပန်၏ ရင်ဘတ်ပေါ်သို့ ညာဘက်ခြေထောက်ကို တင်ကာ "မလှုပ်နဲ့ တစ်ခါတည်း ပစ်ချလိုက်မယ်" ဟူသောအနေဖြင့် သေနတ် နှင့် ချိန်ရွယ်ထားလေသည်။

ဤသို့ရှိစဉ် အရှေ့ဘက်မှ ကားကလေး တစ်စီးမောင်းလာရာ ကား မောင်းသူသည် လဲ၍နေသော ဂျပန်ကိုလည်းကောင်း၊ သေနတ်ဖြင့် ချိန်ထား သော လှည်းသမားကိုလည်းကောင်း ကားဓာတ်မီးရောင်ဖြင့် ခပ်လှမ်းလှမ်း ကပင် မြင်ရလေ၏။ ကားကလေးသည် အနီးသို့ ဆိုက်ရောက်လာပြီးလျှင် လော်ရီကြီး၏ နံဘေး၌ ရပ်လေ၏။

ကားပေါ်မှ ဆင်းလာသူသည် လောင်းကွတ် အင်္ကျီအနက်ကြီးကို ဝတ်ထားသူပင်ဖြစ်၍ ....

"အင်း ... ငါတော့ အထင်သားပဲ၊ နေပါဦး ... ဟိုအကောင် နှစ် ယောက်နဲ့ အကောင်မကော"

"ပြေးကုန်ကြပြီ"

"မင်းတစ်ယောက်တော့ တော်တယ်ဟေ့ မောင်စိန်၊ အရေးအကြောင်း ရှိရင် အားကိုးရပါပေတယ်ကွယ် ... မင်းကို ငါကောင်းကောင်းကြီး ဆုပေးမယ်။

http://www.cherrythitsar.org



သို့ပေမယ့် လမ်းမကြီးမှာ ဒီလိုနေလို့ မဖြစ်သေးဘူးကွယ့်။ ဒီဟာကြီး သင်္ချိုင်း ရောက်အောင် ယူဦးမှ"

ထိုသူသည် မည်သို့ပြုလုပ်ရမည်ကို အတန်ကြာ စဉ်းစားလျက် ရှိနေရာမှ တစ်စုံတစ်ခုကို သတိရဟန်နှင့် မိမိမောင်းလာသော ကားကလေးကို လမ်းဘေးသို့ ထိုးချပြီးလျှင် ချုံပုတ်တစ်ခု အတွင်းသို့ သွင်းလေ၏။ လှည်းသမား မောင်စိန်ဆိုသူလည်း ကုတ်အင်္ကျီအစုတ်ကြီးကို ယခင်ကထက် တင်းကြပ်စွာ ကြယ်သီးများ တပ်လိုက်ပြီးလျှင် ဦးခေါင်းတွင် ပတ်ထားသော လုံချည်စုတ်ကို ပြင်၍ဝတ်လေ၏။

လောင်းကွတ်အင်္ကျီနှင့် လူသည် မိမိကားကလေးကို ချုံထဲတွင် ဝှက် ခဲ့ပြီးနောက် "လာဟေ့ ခေါင်းကို လော်ရီကားပေါ် ပြောင်းပြီးတင်ကြရအောင်"

"ဟုတ်ကဲ့"

ၾင်းနောက် လူနှစ်ယောက်သည် လှည်းပေါ်မှ မောင်ဗလ၏ ခေါင်းကြီးကို မနိုင့်တနိုင်နှင့် ဂျပန်၏ လော်ရီကားကြီးပေါ်သို့ တင်လေ၏။ ပြီးစီးသောအခါ သတိမေ့လျက်ပင် ရှိသေးသော ဂျပန်အား ခြေနှင့်လက်များကို ကြိုးများဖြင့် တုတ်ကြပြီးလျှင် ပါးစပ်ကိုလည်း ရုတ်တရက် မအော်နိုင်စေရန် လက်ကိုင်ပဝါတစ်ထည်ဖြင့် ချည်နှောင်ပြီးနောက် လမ်းဘေးမြောင်းထဲသို့ ချထားကြလေ၏။ ထို့နောက် လောင်းကွတ်နှင့် လူလည်း လှည်းသမားကိုပါ လော်ရီပေါ်သို့ တက်စေပြီးလျှင် သင်္ချိုင်းဘက်သို့ လှည့်၍ လျင်မြန်စွာ မောင်းသွားလေ၏။

ထိုသူသည် လှည်းသမားအား ကား၏ရှေ့ပိုင်းတွင် ၎င်းနှင့်အတူ ထိုင်စေလျက် လော်ရီကားကို ကျင်လည်စွာ မောင်းနှင်သွားလေရာ ရွာထဲလမ်းမကြီးဘက်သို့ ရောက်သောအခါ လက်ဝဲဘက်သို့ကွေ့ပြီးလျှင် အရှေ့စူးစူးသို့ ယခင်ကထက် လျင်မြန်စွာ မောင်းနှင်သွားလေသည်။ ၎င်းနောက် ထိုသူကစ၍ "ဒီလူ နှစ်ယောက်ဟာ သိပ်ခက်တဲ့လူတွေပဲ၊ တစ်ယောက် ၁၀၀ ကျပ်စီပေးပြီး ငှားထားရတာ၊ တကယ် အရေးရှိတော့ ဘာမှ အားမကိုးရဘူးကွယ့်၊ မိန်းမကိုတော့ ထားပါဦး"

"ဟုတ်ပါရဲ့"

"ခင်ဗျား ကယ်ပေလို့သာပေါ့ဗျာ၊ နို့မဟုတ်ရင် ကိစ္စအချောပဲ"

"ဟုတ်ကဲ့"

"ခင်ဗျားကို ဟိုရောက်တော့ ကျုပ်ငွေ ၅၀၀ ကျပ် ထပ်ပေးဦးမယ် ကြားလား"

"ဟုတ်ကဲ့"

http://www.cherrythitsar.org



ငင်းနောက် နှစ်ယောက်သား စကားမပြောဘဲ တိတ်ဆိတ်စွာ ကြည့်နေပြန်၏။ ကားသည် ဘုရားစေတီတစ်ဆူ၏ နံဘေး အုတ်တံတိုင်း အနီးမှ ဖြတ်ကာ လက်ယာဘက်သို့ ချိုး၍ ကံတော်ဦး သင်္ချိုင်းသို့ ဝင်သွားပြီးလျှင် ဇရပ်ပျက်တစ်ဆောင်ရှေ့တွင် ရပ်လေ၏။

ထိုဇရပ်ပေါ်၌ကား လူ နှစ်ယောက်သည် ရေနံဆီ လက်ဆွဲမှန်အိမ်တစ်လုံးဖြင့် စောင့်ဆိုင်းလျက်ရှိနေကြရာ လောင်းကွတ်အင်္ကျီနှင့်လူသည် ရှေး ဦးစွာ ကားပေါ်မှ ဆင်းသည်နှင့်တစ်ပြိုင်နက် ထိုသူများသည် အနီးသို့ ရောက် လာကြလေသည်။ ငင်းနောက် လှည်းသမားနှင့်တကွ ၄ ဦးသားတို့သည် ခေါင်း ကို လော်ရီကားပေါ်မှ ချခဲ့ကြပြီးလျှင် ဇရပ်ပေါ်သို့ တင်ခဲ့ကြလေ၏။

လောင်းကွတ်အင်္ကျီနှင့်လူသည် ငင်း၏တပည့်များအား ခေါင်းဖုံးကို ဖွင့်ရန် အမိန့်ပေးရာ ထိုသူများသည် ခေါင်း၏အပေါ်ဖုံးကို လျင်မြန်စွာ ဖွင့်ကြလေ၏။ ခေါင်း၏ ခေါင်းရင်းဘက်၌ ကြေးဝါဖက်ဆွဲကွင်း ၂ ခုကိုတစ်ဖက် တစ်ချက်စီ အပြင်မှ တပ်ဆင်ထားရာ ငင်း၏ ၅ မူးလုံးခန့်ရှိ အပေါက်ငယ် တစ်ခုစီ ပါ၍ ထိုအပေါက်မှာ သစ်သားတွင် ဖောက်၍ထားသော အပေါက်များ နှင့် အံကိုက်ရှိနေသဖြင့် ရုတ်တရက်အပြင်မှ မမြင်နိုင်ချေ။

ခေါင်းဖုံးပွင့်၍လာသောအခါ မောင်ဗလမှာ အိပ်၍နေသော သူတစ်ယောက်ကဲ့သို့ ရှိနေလေ၏။ လောင်းကွတ်အင်္ကျီနှင့် လူသည် အိတ်ထဲမှ ပြဒါး ချိန်ကလေးတစ်ခုကို ယူ၍ မောင်ဗလ၏ ပါးစပ်တွင်းသို့ ထည့်ထားပြီးနောက် တစ်မိနစ်ခန့်ကြာသောအခါ အခြားအိတ်ထဲမှ ဆေးထိုးသည့် ကိရိယာများကို ထုတ်ယူပြီးလျှင် မောင်ဗလ၏ လက်ဝဲဘက် လက်မောင်းကို ဖန်ပြွန်ထဲမှ ပန်းရောင် ဆေးရည်များကုန်သွားသည့်တိုင်အောင် အပ်ကို ထိုးနှစ်လိုက်လေ၏။

ထို့နောက် လက်ပတ်နာရီကို ကြည့်ရှုစောင့်ဆိုင်းလျက်ရှိလေရာ အနီး မှ တပည့်များသည်လည်း ကျောက်ရုပ်များကဲ့သို့ မလှုပ်မယှက်ရှိနေလေ၏။ အလောင်းတစ်ခုကို နံဘေးမှ လူ ၄ ယောက်ဝိုင်း၍ ကြည့်ရှုလျက်ရှိရာ ကုန်ရာ ညဥ့်၏ဆိတ်ငြိမ်ခြင်းဖြင့် ရောစပ်ခါ ရှိနေရကား၊ ခပ်လှမ်းလှမ်းက ကြည့်မည် ဆိုက မကောင်းဆိုးဝါးများဟုပင် မှတ်ထင်ရန်အကြောင်းရှိလေသည်။

၅ မိနစ်ခန့်ကြာလျှင် မောင်ဗလ၏ တောင့်တင်းလျက်ရှိသော ကိုယ် သည် အတန်ငယ် တွန့်လိမ်လှုပ်ရှားလာပြီးလျှင် တစ်ခဏမျှကြာသောအခါ မျက်လုံးနှစ်လုံးကို ဖွင့်၍ ကြည့်ပြီးနောက် ငုတ်တုတ်ထိုင်လေ၏။ ထို့နောက် စူးစမ်းရှာဖွေလိုသော မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုလျက် ရှိလေသည်။ လောင်းကွတ်အင်္ကျီနှင့် လူသည် မောင်ဗလ၏ ပါးစပ်ထဲသို့ အရက် အနည်းငယ် လောင်းထည့်လိုက်ပြီးလျှင် ....

http://www.cherrythitsar.org



"မောင်ဗလ သတိထားလေ၊ မနေ့ကစာထဲ ရေးလိုက်တာတွေ မေ့ကုန်ပြီလား"

"အို ... နောင်တော်ကြီးပါလား ... နေပါဦး ... ကျွန်တော် ဘယ်ရောက်လာတာလဲ ခင်ဗျ"

"ဆေးထိုးပြီးတဲ့နောက် သေပြီထင်လို့ ထောင်သင်္ချိုင်း ပို့လိုက်တာ၊ အခု သင်္ချိုင်းရောက်နေတာပေါ့ မောင်ဗလရဲ့၊ ရှင်းပြီ မဟုတ်လား"

"ဩော် ... ဟုတ်ပြီ၊ ဟုတ်ပြီ ... ကျွန်တော် ကောင်းကောင်း သတိရ ပါပြီ"

"ကံကောင်းလို့ပေါ့ မောင်ဗလရယ်၊ သင်္ချိုင်းကို မရောက်ဘဲ၊ ဟိုဂျပန်ကောင်တွေ လက်ထဲရောက်မလို့ပေါ့၊ ဟောဒီက လှည်းဆရာ ကိုစိန် ... အလို"

"အလို" ဟု ပြောလိုက်ခြင်းမှာ လှည်းဆရာ မောင်စိန်ဆိုသူ၏ မျက်နှာမြင်သဖြင့် အံ့အားသင့်၍ ပြောလိုက်ခြင်းဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် လှည်းဆရာသည် ၎င်း၏ကုတ်အင်္ကျီ အစုတ်ကြီးကို ချွတ်လိုက်ပြီးလျှင် ဦးခေါင်းတွင် ရစ်ပတ်၍ထားသော လုံချည်စုတ်ကို လျင်မြန်စွာ ခွာချလိုက်ပြီးလျှင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရာ၊ အခြားသူများသည် အံ့အားသင့်ကာ ၎င်းအား ဝိုင်း၍ ကြည့်ရှုလျက်ရှိကြကုန်၏။

မောင်ဗလနှင့် နောင်တော်ကြီး ဆိုသူပါ၊ ၎င်းအား "ဦးဘိုးထော်" ဟု တစ်ပြိုင်နက် ခေါ်လိုက်ကြလေ၏။

"ဩော် ... လက်စသတ်တော့ ဆရာကိုး ခင်ဗျ။ ဒါကြောင့်လည်း ရဲရဲတွံ့တွံ့ ဂျပန်ကို ခံချဝံ့တာပဲကိုး ... ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့မှာ အမေ မွေးတဲ့ အသက်မရှိပါဘူး။ ဆရာအသက်ပဲ ရှိပါတော့တယ် ခင်ဗျာ"

"ဂျပန်ရန်ရှိတယ်ဆိုလို့ လမ်းမှာ စိတ်မချတာနဲ့ အရေးအကြောင်းရှိရင် ကူညီဖို့ ခင်ဗျား လှည်းသမားကို ကျုပ်နေရာ ခဏထားခဲ့ပြီး လိုက်လာခဲ့တယ်။ ကျုပ် ထင်တဲ့အတိုင်းလည်း တွေ့တာပဲ မဟုတ်လား"

"ဒီရန် မအေးသေးဘူး ဆရာ၊ ဒီ ကျွန်တော်တို့မြို့က မြန်မြန်ထွက်မှ ဖြစ်မယ်"

၎င်းနောက်လူ (၅) ယောက်တို့သည် လော်ရီကားကြီးဖြင့် ဂျပန်ကို တွေ့ရသော နေရာသို့ လာခဲ့ကြရာ၊ ဂျပန်ကို မိမိတို့ ချည်နှောင်ထားခဲ့သည့်အတိုင်း တွေ့ရမှ စိတ်အေးသွားကြ၏။

လောင်းကွတ်အင်္ကျီနှင့် လူသည် ၎င်း၏တပည့်များအား မိမိ၏ ကားကလေးကို ချုံထဲမှ ထုတ်ယူခဲ့စေ၍ ဦးဘိုးထော်ကိုလည်း ၎င်းအလိုရှိသော နေရာသို့ နေရာသို့ အရောက်လိုက်ပို့ပြီးနောက် ငွေ ၁၀၀၀ ကျပ် ထပ်မံပေးခဲ့ပြီး

http://www.cherrythitsar.org


လျှင် နောင်တစ်နေ့နေ့တွင် လာရောက်၍ ကျေးဇူးဆပ်ပါဦးမည့်အကြောင်းနှင့် အကြိမ်ကြိမ် ပြောကာ နှုတ်ဆက်လေ၏။

ငင်းနောက် ကားကလေးသည် ဆေးရုံလမ်းခွဲသို့ ရောက်သောအခါ တောင်ဘက်သို့ တည့်တည့်ကြီး မောင်းနှင်သွားပြီးလျှင် မထင်ရှားသော 'လ' ရောင်အောင်၌ ပျောက်ကွယ်၍ သွားလေသတည်း။

◆

# သွေးသောက်ပတ္တမြားများ

၁၉၃၃ ခုနှစ်တွင် ကျွန်ုပ်သည် ပြည်မြို့ထောင်၌ ရှိနေသည်ဖြစ်၍ ထိုအခါက ထောင်မှူးကြီးမှာ မြို့မှ မကြာမီကပင် ပြောင်းလာသော မျက်နှာဖြူ 'မစ္စတာမက်ကောမစ်' ဆိုသူ ဖြစ်လေသည်။ ထောင်မှူးကြီးသည် ဆိုးသွမ်းဟော့ ရမ်းသော အကျဉ်းသမားများ အပေါ်တွင် တစ်ခါတစ်ရံ မှတ်လောက်အောင် ဆုံးမလေ့ရှိသော်လည်း အလုပ်အကိုင် ရှိသေစွာလုပ်၍ ဝတ္တရားမပျက်မကွက် သူတို့ အပေါ်၌ကား ကြင်နာသနားစိတ်ရှိခဲ့လေသည်။ သို့ဖြစ်၍လည်း ထောင်သားများမှာ ၎င်းအား ချစ်ကြောက်ရိုသေရှိကြကုန်၏။ တစ်ခါက ၎င်းမှာ အသက်ပေါင်း ကုမ္ပဏီတစ်ခုမှ ငွေ ၅၀၀၀ ကျပ် ထုတ်ယူရရှိခဲ့သည်ဆိုပြီးလျှင် ထောင်သားများအား ထိုနေ့အဖို့ ကြက်သားဟင်းနှင့် ထမင်းအဝ ကျွေးပြီးလျှင် ဆေးလိပ်တစ်လိပ်စီပင် ဝေငှခဲ့လေသည်။

မစ္စတာမက်ကောမစ်မှာ အသက် ၅၅ နှစ်မျှရှိပြီဖြစ်၍ ပင်စင်ယူရန် နီးကပ်လာပြီဖြစ်ရာ မကြာမီပင် အခွင့်ယူ၍ ၎င်း၏နေရင်းဌာနသို့ ပြန်တော့မည့် အကြောင်းနှင့် ကျွန်ုပ်အား စကားစပ်မိသည့်အခါအများ၌ ပြောဖူး၏။ ထောင်မှူးကြီးက ကျွန်ုပ်အားများစွာ ခင်မင်သည့်အလျောက် ၎င်းအိမ်၌ ဗာဟီရ ခိုင်းစေရန် လက်ပါးစေအတွက် နေ့စဉ်ထောင်သား ၄ ယောက်မျှ သွားရောက် အလုပ်လုပ်ကိုင်ရလေရာ၊ ထို ၄ ယောက်ကို ကျွန်ုပ်ကိုယ်တိုင် သဘော အကောင်းဆုံးနှင့် အရိုးဖြောင့်ဆုံးလေးယောက်ကို ရွေးချယ်ပေးခဲ့ရလေသည်။

http://www.cherrythitsar.org



၎င်းတို့မှာ နံနက် ၇း၃၀ နာရီတွင် ထောင်မှူးကြီး၏ အိမ်သို့ရောက်ရှိ၍ ၁၀ နာရီတွင် ထောင်သို့ ပြန်ရ၏။ ညနေပိုင်းကား နေ့လည် ၁ နာရီတွင် အလုပ်စပြီးလျှင် ညနေ ၄ နာရီ၌ ပြန်ရလေသည်။

ကျွန်ုပ်တို့ ကိုယ်တိုင်မှာကား တစ်ပတ်လျှင် ၂ ကြိမ်ကျ ထိုလူများ အလုပ်ကောင်းစွာ လုပ်မလုပ်ကို သွားရောက်ကြည့်ရှုရ၏။ လုပ်ရသည့်အလုပ်မှာ ပင်ပန်းကြီးစွာ လုပ်ရသည် မဟုတ်ချေ။ ထောင်မှူးကြီး၏ အဝတ်များကို ဖွတ်လျှော်ရခြင်း၊ မီးပူတိုက်ရခြင်း၊ ကြမ်းနှင့် အိမ်ထောင်ပရိဘောဂများကို ပြောင်လက်အောင် ပွတ်တိုက်ရခြင်း၊ ပန်းပင်များကို ရေလောင်းရခြင်း၊ အိမ်တွင်း၌ အလှထားသည့် ပန်းအိုးများကို ပြင်ဆင်ရခြင်း၊ ပန်းကန် ခွက်ယောက်များကို ဆေးကြောရခြင်း၊ ဖိနပ်တိုက်ရခြင်းမှ စ၍ အိမ်တွင်းမှု၌ အစစ လိုလေသေးမရှိ လုပ်ကိုင်ရ၏။ ထောင်မှူးကြီးမှာ လူပျိုကြီးတစ်ယောက်ဖြစ်၍ မိန်းမပင် မရှိစေကာမူ ထောင်သားများ၏ အပြုအစုကို ခံခြင်းဖြင့် ကျေနပ်နေသူ ဖြစ်လေသည်။

၎င်းမှာ ပန်းပင်များကို လွန်စွာဝါသနာပါသူတစ်ယောက်ဖြစ်၍ အိမ်တွင်း၌ပင် အလွန်လှပသော ရွက်လှပင် အမျိုးမျိုးကို ကြေးအိုး၊ ကြွေအိုး၊ မြေအိုး အမျိုးမျိုးဖြင့် စိုက်ပျိုးထား၏။ ထိုမျှသာမကသေး အိမ်ရှေ့ဧည့်ခန်းရှိ စားပွဲတစ်လုံးပေါ်တွင် စားပွဲတစ်လုံးလျှင် ပန်းအိုးတစ်လုံးကျစီ တင်ထားလျက်၊ ထိုပန်းအိုးများထဲသို့ ထောင်ခြံမှ ထွက်သည့် ပန်းအမျိုးမျိုးကို နေ့စဉ်လဲလှယ်စိုက်ထိုးထားရ၏။

ပန်းအိုးများမှာလည်း တရုတ်ပြည်မှ လာသော ကြွေအိုးများ၊ ဥရောပ တိုက်ထွက် အိုးများ၊ ကြေးအိုးများ၊ မြန်မာဖြစ် ကြွေတုအိုးများ စသည်ဖြင့် အမျိုးပေါင်းများစွာ ရှိ၏။ ပန်းနှင့် အလှအပ ကြိုက်သူတစ်ယောက်ဖြစ်သည့် အတိုင်းလည်း စိတ်သဘောကောင်းသူတစ်ယောက် ဖြစ်လေသည်။

ထောင်မှူးကြီးအိမ်တွင် အလုပ်ကျသူများမှာ အလုပ်သက်သာရုံသာမက လက်ဖက်ရည်ကြမ်းနှင့် ပေါင်မုန့်အကျန်များ၊ တစ်ခါတစ်ရံ နို့ဆီဗူး အကတ်အသတ်များ၊ ဟင်းကြွင်းဟင်းကျန်များကိုပင် စားသောက်ရသဖြင့် အလုပ်သက်သာရုံမက စားကောင်းသောက်ကောင်းတို့ကိုလည်း စားကြရသည် ဖြစ်ရကား ထောင်သားများမှာ ထိုအလုပ်ကိုရရှိရန် သူ့ထက်ငါ တိုးဝှေ့လျှောက်ထားကြလေသည်။

ကျွန်ုပ်မှာ ထိုအလုပ်အတွက် ခန့်ထားရသူဖြစ်သည့်အတိုင်း ကျွန်ုပ်ထံ ထိုအလုပ်အတွက် အမြဲကပ်ရပ်သူများ ရှိရာ၊ ကျွန်ုပ်ကသာလျှင် ၎င်းတို့၏ အကျင့်စာရိတ္တကို ရွေးချယ်၍ လူများလျှင် များသည့်အလျောက် လူချင်းလဲလှယ်၍ ခန့်ထားရလေသည်။

http://www.cherrythitsar.org



တစ်နေ့သ၌ တောင်ယာကြီးဘက်တွင် အလုပ်ဝတ္တရားကျသော အကျဉ်းသမား ၃၀ တို့ကို သေနတ်ကိုင်အစောင့် စန္ဒရီ ၇ ယောက်၊ ဗာရာ ၆ ယောက်နှင့် ကျွန်ုပ်ပါ ကြီးကြပ်ပြီးလျှင် ထောင်ထဲမှထုတ်ခဲ့၍ တောင်ယာကြီး ဘက်သို့ လာခဲ့ကြ၏။ အချိန်မှာ နံနက် ၆ နာရီမျှသာရှိသေး၍ ဆီးနှင်းများ သည် ထူထပ်စွာ ကျရောက်လျက်ရှိရာ၊ ကျွန်ုပ်တို့လူစုလည်း ထောင်၏ အရှေ့ တောင်ဘက်ရှိ တောင်ယာခင်းသို့ လာခဲ့ကြလေသည်။ ထောင်သားများမှာ နံပါတ်များ အသီးသီးရှိကြရာ ဗာရာ ၆ ဦးမှာ တစ်ဦးလျှင် အကျဉ်းသား ၅ ယောက်မျှ မိမိတို့လူများကို အသီးသီးထိန်းကြရလေသည်။ ၎င်းတို့အားလုံးကို ကျွန်ုပ်က စောင့်ကြည့်ရ၍ အလုပ်ခွင်တွင် အလုပ်လုပ်နေစဉ် စန္ဒရီ ၇ ယောက် တို့က နံဘေးမှ ဝိုင်းဝန်းစောင့်ရှောက်ရလေသည်။

အချိန်မှာ ဆောင်းဦးပေါက်အချိန်ဖြစ်ရကား လုပ်ရသော အလုပ်မှာ ပန်းမုန်လာနှင့် 'နိုကို'များ စိုက်ပျိုးရန်အတွက် မြေကို မြောင်းဖော်ရသော အလုပ်၊ ကျောက်ခဲနှင့် အမှိုက်သရိုက်များကို ရှင်းလင်းရသော အလုပ်ဖြစ်လေသည်။

နှစ်ဧကမျှ ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ကျွန်ုပ်နှင့် ဗာရာ ၆ ယောက်တို့သည် အကျဉ်းသားအလုပ်သမား ၃၀ အား သူ့နေရာနှင့်သူ အသီး သီးတာဝန်ချထားပေးပြီးသော် ကျွန်ုပ်ကိုယ်တိုင်မှာ ချမ်းအေးလှသည်ဖြစ်၍ သဲပုံ စေတီနှင့် မနီးမဝေးရှိ ကုက္ကိုပင်တစ်ပင်အောက်တွင် အမှိုက်သရိုက်များကို စုပုံ မီးရှို့ပြီးနောက် ခါးကြားတွင် လိပ်ထားသည့်တစ်လက်မခန့်ရှိ ဆေးပြင်းလိပ်တို ကို ခဲကာ 'ဖိမ်' လျက် ရှိနေခဲ့လေ၏။ အလွန်အေးချမ်းသောအချိန်တွင် မီးပုံ အနီး၌လည်း ရှိပြန်၊ ဆေးပြင်းလိပ်တို အရသာကိုလည်း ခံစားရပြန်ဖြစ်ရကား၊ ကျွန်ုပ်မှာ ယခင်က ရေးဟောင်းနှောင်းဖြစ်များကို စဉ်းစားလျက်လည်းကောင်း၊ လွတ်မည့်နေ့ရက်ကို လက်ချိုးရေတွက်လျက်လည်းကောင်း ရှိနေခဲ့၏။

သဲပုံစေတီမှာ ထောင်သားများစု၍ သဲများကို ကျုံးယူကာ တည် ဆောက်ခဲ့သော စေတီတော် ဖြစ်ပြီးလျှင် ၎င်း၌ ရဟန္တာဓာတ်တော်များပင် ဌာပနာ၍ထားရန် ထောင်သားများ ကြိုးစားခဲ့ကြောင်းကို ကျွန်ုပ်ထက် ထို ထောင်တွင် ထောင်သက်ရှည်သူများက ပြောကြားသဖြင့် သိရှိရလေသည်။ ထိုသဲပုံစေတီတော်ကလေးမှာ မုခ်(၄) ပေါက်ဖြင့် သပ်ရပ်စွာတည်ရှိလျက် ထို မုခ်လေးမုခ်တွင် ပန်းများ စိုက်ထိုးထားသော မြေပန်းအိုး တစ်လုံးစီရှိလေသည်။ ထိုပန်းတကောင်းများ၌ တောင်ယာကြီးသို့ အလုပ်ဝတ္တရားကျသော အကျဉ်း သားများကိုယ်တိုင် ဗုဒ္ဓသရဏံပင် ခေါ် နေရာတိုင်းလိုလို၌ ပေါက်လေ့ရှိသော တောင်ခြံနံဘေးပတ်လည်ရှိ ပန်းပင်များမှ ပန်းများနှင့် ယုတ် စွအဆုံးအားဖြင့် ရွက်လှကိုင်းများကိုပင် ထိုး၍ လှူဒါန်းလေ့ရှိကြ၏။

http://www.cherrythitsar.org


ဤသို့မီးဖိုအနီးတွင် စိတ်ကူးယဉ်နေခိုက် အရှေ့ဘက်မုခ်ဆီသို့ တရွေ့ရွေ့ လာနေသော ပုံသဏ္ဌာန်တစ်ခုကို မြင်ရသဖြင့် ကျွန်ုပ်လည်း အကျဉ်းသား (၃၀) ထဲမှ တစ်ယောက်ယောက်သည် အခါတိုင်းကဲ့သို့ ပန်းများတင်ရန် လာရောက်ခြင်းဖြစ်သည်ဟု အမှတ်မဲ့ပင်နေလိုက်၏။ သို့သော် ထိုသူ၏ နောက်မနီးမဝေးမှ အခြားသဏ္ဌာန်တစ်ခု လိုက်လာပြီးလျှင် နောက်လိုက်လာသော သဏ္ဌာန်သည် လဲ၍နေသောသစ်ပင်ကြီးတစ်ပင်နောက်တွင် ရိပ်ခနဲပျောက်ကွယ်သွားလေ၏။ ပထမပုံသဏ္ဌာန်သည် ၎င်းအား မည်သူများ ချောင်းမြောင်းကြည့်ရှုနေဘိသနည်းဟူသော အမူအရာဖြင့် တစ်ခဏမျှ ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီးသော် လက်ထဲ၌ပါသည့် ပန်းကိုင်းကို လွှင့်ပစ်လိုက်ရုံမျှမက ပန်းတကောင်းမှ ပန်းများကိုပါ လွှင့်ပစ်လိုက်ပြီးလျှင် ပန်းတကောင်းကို နံငယ်ပိုင်းအောက်သို့ ဝှက်လိုက်လေ၏။ ဆီးနှင်းများမှာ ထူထပ်စွာ ကျရောက်လျက် ဝေလီဝေလင်းမျှသာ ရှိသေး၏။ မုခ်ပေါက်မှာ ကျွန်ုပ်နှင့် ကိုက် ၅၀ ခန့်ဝေးရာ ပုံသဏ္ဌာန်သည် ကျွန်ုပ်အား ကျောခိုင်းလျက်ရှိသဖြင့် မည်သူမည်ဝါဟူ၍ မသဲကွဲချေ။

ကျွန်ုပ်လည်း ထိုအကျဉ်းသား၏ အပြုအမူကို အံ့သြစွာ ကြည့်ရှုလျက် ရှိလေသည်။ သို့သော် ထိုအံ့သြခြင်းများကား အချိန်များစွာ မကြာလှချေ။ အခြားအကျဉ်းသားတစ်ယောက်၏ သဏ္ဌာန်တစ်ခုသည် ပန်းတကောင်းဝှက်၍ထားသူအား နောက်ကျောမှ တစ်စုံတစ်ခုသော လက်နက်ဖြင့် တအားစိုက်လိုက်ပြီးလျှင် ဝှက်၍ထားသော ပန်းတကောင်းကို လုယူလေ၏။ ထိုအချိန်၌ကား ဆီးနှင်းများသည် ယခင်ကထက် ထူထပ်စွာ ကျရောက်လျက်ရှိသည်ဖြစ်၍ ၎င်းတို့၏မျက်နှာကို သဲကွဲစွာ မမြင်သော်လည်း နှစ်ယောက်သား ထွေးလုံးနေသည်ကိုကားမြင်ရ၏။ ထိုအခါ ကျွန်ုပ်မှာ ကြက်သေသေလျက်ရှိရာမှ သတိရလာပြီးလျှင် ဘုရားစေတီသို့ တအားကုန်ပြေးသွားလေ၏။ သို့သော် ထိုနေရာ သို့ မရောက်မီ လက်နက်ကိုင်သော သူနှင့် ပထမလူသည် ပန်းတကောင်းကို တစ်ယောက်တစ်ပြန် လုယူနေရာမှ ပထမလူသည် မြေပေါ်သို့ လဲကျသွားလေ၏။ သို့သော် ပန်းတကောင်းကို လက်မှမလွှတ်ချေ။

ကျွန်ုပ်ရောက်သွားသောအခါ၌ကား ဒုတိယလူမှာ တအားကုန်ပြေးလေပြီ။ ၎င်းမှာ ပထမလူ လဲကျသွားသည်ကို မြင်သဖြင့်တစ်ကြောင်း၊ ကျွန်ုပ်ပြေးလာသည်ကို မြင်သဖြင့် တစ်ကြောင်း၊ ပန်းတကောင်းကို လက်လွှတ်ခဲ့ပြီးလျှင် ထောင်ခြံစည်းရိုး ရှိရာဆီသို့ တအားကုန်ပြေးသွားလေ၏။ အခြားဗာရာများနှင့် စန္ဒရီကုလားများရှိသော နေရာမှာ ကျွန်ုပ်တို့နှင့် ကိုက် ၁၀၀ ခန့် ဝေးသည်ဖြစ်ရာ၊ ကျွန်ုပ်လည်း အသံကုန်ဟစ်အော်လိုက်သဖြင့် အနီးဆုံး စန္ဒရီတစ်ယောက်သည် ခြံစည်းရိုးဆီသို့ ပြေးသော အကျဉ်းသားနောက်သို့ လိုက်လေ

http://www.cherrythitsar.org



၏။ ခြစ်စည်းရိုးမှာ တောင်ယာကြီး ပတ်လည်တွင် ခါးစောင်းခန့်မြင့်သော သံတိုင်ဖြင့် ကာရံထားသော်လည်း သွပ်ကြိုးများမှာ အလွန်လျော့ရဲစွာရှိနေသဖြင့် ထွက် ပြေးသော အကျဉ်းသားမှာ ထိုသွပ်ကြိုးအောက်မှလျှိုကာ အပြင်သို့ ရောက်သွားဟန် လက္ခဏာရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ဆီးနှင်း များမှာ ယခင်ကထက် ပိုမိုကျလာပြီးလျှင် ဝါးတစ်ရိုက်သာသာခန့်ရှိ လူတစ် ယောက်ကိုပင် မြင်နိုင်ရန် ခဲယဉ်းသဖြင့်တစ်ကြောင်း၊ အထူးသဖြင့် ထိုနေရာများ တွင် ချုံပုတ်များထူထပ်သဖြင့်တစ်ကြောင်း၊ စန္တရီသည် အကျဉ်းသားအား မျက်ခြေပြတ်သွားလေ၏။ ထိုအခါ စန္တရီကုလားသည် ၃ ကြိမ်မျှ ရပ်တန့်ရန် ဟိန္ဒူဘာသာဖြင့် ဟစ်အော်ပြီးနောက် သေနတ်ကို ကောင်းကင်သို့ မြှောက်၍ ပစ်ဖောက်လိုက်လေ၏။ ထိုအချိန်မှာကား အခြား စန္တရီ နှစ်ယောက်နှင့် ဗာရာ နှစ်ယောက်တို့လည်း လာရောက်ကြပြီဖြစ်ရာ အကျဉ်းသားကိုကား မတွေ့ရ တော့ချေ။ ဆီးနှင်းများ အကြားတွင် ပျောက်ကွယ်၍သွားခဲ့ချေပြီ။

*

ထိုအခါ ကျွန်ုပ်တို့လည်း ဘုရားစေတီရှိရာသို့ လာခဲ့ကြပြီးလျှင် အရှေ့ဘက်မုခ်အနီးတွင် လဲနေသော အကျဉ်းသားကို တွေ့ရသည်နှင့် မျက်နှာကို ကြည့်ရှုရာ၊ ၎င်းမှာ သာယာဝတီနယ်သား ရန်အောင်ဆိုသူဖြစ်ကြောင်း တွေ့ကြရလေသည်။ ရန်အောင်မှာ အတော်အတန်ခွန်အားကောင်းသော သူတစ်ယောက်ဖြစ်လျက် ဓားခုတ်မှုတစ်မှုနှင့် အပြစ်ခံနေရသူတစ်ဦး ဖြစ်ပြီးလျှင် ယခင်က ပြစ်မှုပေါင်းများစွာ ကျူးလွန်ဖူးသော လူဆိုးတစ်ယောက်ဖြစ်၍ အသက်မှာ ၄၀ ခန့်ရှိလေပြီ။ နောက်ကျော၌ကား စီပတ်သံပြားကို ချွန်ထက်အောင် သွေး၍ထားသော ထင်းရူးသစ်သားလက်ကိုင်ဖြင့် ဓားမြှောင်တစ်ခုမှာ လက်ကိုင်သည့်နေရာအထိ စူးဝင်နစ်မြုပ်လျက်ရှိပြီးလျှင် အလောင်းမှာ သဲနုံးမြေပေါ်တွင် လက်ဝဲဘက်သို့ စောင်းကာ လဲလျက် ၎င်း၏လက်များသည်ကား အပြာနုရောင်ပန်းတကောင်းကို မြဲမြံစွာ ဆုပ်ကိုင်လျက်ပင် ရှိသေး၏။

ကျွန်ုပ်တို့မှာ အလောင်းကို ကြည့်ရှုသနားနေရုံမျှနှင့် ကိစ္စမပြီးသေးချေ။ ထွက်ပြေးသူကို စစ်ဆေးရမည် ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်လည်း အားလုံးဗာရာများကို ခေါ်ပြီးလျှင် လူသတ်မှု ကျူးလွန်ထွက်ပြေးသော အကျဉ်းသားကို အားလုံးအကျဉ်းသားများအား တန်းစီရာဖွေသောအခါ ထွက်ပြေးသူ မှာ ထွန်းပြည့်ဆိုသူဖြစ်ကြောင်းသိကြရ၏။ ထွန်းပြည့်မှာ နှစ်ကြီးသမား မဟုတ်ဘဲ လွတ်ရက် ၁၃ ရက်မျှသာ လိုတော့သည့် အကျဉ်းသားတစ်ယောက်ဖြစ်ရာ ၎င်းနှင့် တစ်စုံတရာ ဆက်သွယ်ဟန် လက္ခဏာမရှိသော သာယာဝတီသား ရန်အောင်အား အဘယ်ကြောင့်သတ်ရသည်ကို ကျွန်ုပ်တို့မှာ စဉ်းစားမရနိုင်ချေ။

http://www.cherrythitsar.org



ငင်းနောက် ကျွန်ုပ်လည်း ဗာရာတစ်ယောက်ကို ခေါ်ပြီးလျှင် ထောင်မှူးကြီးထံ အစီရင်ခံရန် ထောင်ဆီသို့ ပြန်ခဲ့၏။ ဤပြစ်မှုများအတွက် ဗာရာ ၆ ယောက်နှင့် ကျွန်ုပ်ကိုယ်တိုင် 'လျှော့' ရက် မည်မျှမဲတင်းရဦးမည်ကိုလည်း စဉ်းစားမိသေး၏။ ထောင်မှူးကြီးအတွက်လည်း သက်သာလှမည် မဟုတ်ချေ။

ထောင်မှူးကြီးသည် ကျွန်ုပ်ပြန်ပြောသော စကားများကို ခေါင်းတညိတ်ညိတ် နားထောင်လျက်ရှိရာမှ "ကိုင်းလေ ... ဖြစ်ပြီးတဲ့ဟာ ဘယ်နှယ့်လုပ်ပြီး တတ်နိုင်ပါတော့မလဲ၊ အထက်ကကျုပ်တို့အပေါ် အပြစ်ရှိတယ်ထင်လို့ အပြစ်ပေးရင်လည်း ဒီအပြစ်ကို ဝေခံကြရုံပေါ့" ဟုသာ နောက်ဆုံးပြောကြားပြီးလျှင် အကျိုးအကြောင်းကို ရာဇဝတ်ဝန်ကြီးနှင့် အရေးပိုင်ထံ တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်၏။ မကြာမီ ဆိုင်ရာ ပုလိပ်အရာရှိများ ရောက်လာ၍ ရန်အောင် ဓားထိုးခံရပုံနှင့်တကွ၊ ထွန်းပြည့်ထွက်ပြေးပုံတို့ကိုပါ စစ်ဆေးရာ ၂ မှုစလုံး၌ပင်၊ ပုလိပ်အရာရှိများသည် သေသူ အကျဉ်းသား ရန်အောင်နှင့် ထွက်ပြေးသော အကျဉ်းသား ထွန်းပြည့်တို့နှင့် ပတ်သက်သော မှတ်တမ်းအမှုတွဲများကိုလည်း ကြည့်ရှုရန် ထောင်မှူးကြီးထံမှ တောင်းယူပြီးလျှင် ရန်အောင်၏ အလောင်းကိုလည်း ဆေးရုံသို့ပို့စေ၏။ ထောင်မှူးကြီးမှာ စိတ်ကောင်းရှိသူ တစ်ယောက်ဖြစ်၍ ကျွန်ုပ်အပေါ်တွင်လည်းကောင်း၊ အခြားဗာရာ ၆ ယောက်အပေါ်တွင်လည်းကောင်း ဆိုင်ရာအထက်အစိုးရသို့ ညှာတာစွာ အစီရင်ခံမည်ဖြစ်သော်လည်း ကျွန်ုပ်မှာ ထိုနေ့အဖို့ ဝမ်းနည်းကြေကွဲဖွယ် စိတ်နှလုံး မချမ်းမြေ့ဖွယ် အဖြစ်အပျက်များကိုတွေ့ရသဖြင့် တစ်နေ့လုံး ကိုယ်လက်မအီမသာ ရှိနေခဲ့၏။

*

နောက်တစ်နေ့၌ ထောင်မှူးကြီးသည် ကျွန်ုပ်အား ငင်း၏ရုံးခန်းမှ နေအိမ်သို့ ခေါ်သွားလေ၏။ ထိုအချိန်မှာ ငင်းအိမ်၌ ဗာဟီရ အလုပ်လုပ်ရသော ထောင်သားများ ထမင်းစားပြန်ခိုက်ဖြစ်၍ အိမ်၌ စားပွဲထိုးကုလားတစ်ယောက်နှင့် အစေခံတစ်ယောက်သာ ရှိလေသည်။

ထောင်မှူးကြီးသည် ယမန်နေ့က ဖြစ်ပျက်သော အမှုအကြောင်းကို ဆက်လက်၍ မေးရာမှ ....

"ဘယ်နှယ့်လဲ ဒီကောင် နှစ်ယောက်ဟာ ဘာရန်ငြိုးမှ အဆက်မရှိဘဲနဲ့ သည်လောက် ရက်ရက်စက်စက် သတ်သွားတယ်ဆိုတာ မဆန်းဘူးလား မောင်ဘိုးထော်"

"မှန်ပါတယ် သခင်၊ ပြီးတော့ သည့်ထက် ဆန်းတာက သေသွားတဲ့ ရန်အောင်နဲ့ ထွန်းပြည့်ဟာ ဘာမဟုတ်ဘဲ ပန်းထိုးတဲ့ ရေတကောင်းကလေးကို

http://www.cherrythitsar.org



အတင်းလုရင်းဖြစ်ရတာ သာပြီး ဆန်းပါတယ်”

“ဩော် ... ဟုတ်တယ်၊ မောင်ဘိုးထော်ပြောမှ ကျုပ်တစ်ခုသတိရတယ်။ သေသွားတဲ့ ရန်အောင်ဆိုတဲ့ အကောင်ဟာ ကျုပ်အိမ်မှာ ဗာဟီရလုပ်ဖို့ ခေါ်လာဖူးတဲ့ ရန်အောင်ပဲ မဟုတ်လား”

“မှန်ပါတယ် သခင် ... သူပါပဲ”

“နေပါဦး၊ ဒီအကောင်ဟာ စိတ်မှ ကောင်းရဲ့လား ... မောင်ဘိုးထော်”

“ဘာပြုလို့လဲ သခင်”

“ဟိုဘက် စားပွဲပေါ်တင်ထားတဲ့ ပန်းတကောင်း အပြာကလေး ကြည့်စမ်း၊ သူတို့လုတယ်ဆိုတဲ့ သဲပုံစေတီက ပန်းတကောင်းနဲ့ မတူဘူးလား”

“ဟုတ်တယ် သခင် ... တူတာမှ သိပ်တူတာပဲ”

“ဒီအကောင်ဟာ ... မောင်ဘိုးထော် စပြီးခေါ်လာတဲ့ နေ့ကပဲ၊ ဒီပန်းတကောင်းအပြာကလေးကို ဖုန်သုတ်ရာက စေ့စေ့စပ်စပ် ကိုင်ကြည့်လိုက်၊ အောက်ကြည့်လိုက်၊ အပေါ်ကြည့်လိုက်နဲ့ လှည့်ပတ်ကြည့်နေတာ ကျုပ်တွေ့ရတယ်။ တစ်ခါနှစ်ခါကြည့်ရင် ကျုပ်ဂရုမစိုက်ပါဘူး။ နို့ပေမဲ့ ဒီလိုကြည့်တာ သုံးလေးခါတွေ့ရတော့ ဒီအကောင်ဟာ ပန်းအိုးကိုများ ခိုးချင်လို့လားလို့ ကျုပ်စိတ်ကတောင် နည်းနည်းသင်္ကာမကင်းဖြစ်မိသေးတယ်။ ဒီအကြောင်းကို မနေ့က သူ့ကိုသတ်သွားပြီး မောင်ဘိုးထော်အစစ်ခံတော့မှ ကျုပ်အမှတ်ရတော့တယ်”

“ဟုတ်တယ် သခင် ... ဒီကောင် ခိုးချင်လို့များလားမှ မသိဘဲ”

“နို့ပေမဲ့ ဒီဟာက ... တရုတ်ပြည်က ထွက်တာ ၃၀ ကျပ်တောင်ပေးရတယ်။ သဲပုံစေတီက ပန်းတကောင်းက မောင်ဘိုးထော်တို့ မြန်မာပြည်ဖြစ်ပဲ၊ သမိုင်းစက်မှာ လုပ်တာထင်ပါရဲ့၊ ကျုပ်လည်း ရန်ကုန်လေလံပွဲက ဆွဲလာတာပဲ။ သူတို့သဲပုံစေတီမှာ ပန်းထိုးဖို့ လိုနေတယ် ပြောသံကြားတာနဲ့ ကျုပ်လှူလိုက်တာပဲ”

“ဩော် ... ကျွန်တော် မရောက်သေးခင်က မှတ်တယ်”

“ဟုတ်တယ် ... မောင်ဘိုးထော် ဒီလိုထင်တယ် မောင်ဘိုးထော်ရဲ့။ တချို့လူတွေမှာ လုံးလုံးစိတ်နောက်တာတော့ မဟုတ်ဘူး။ နို့ပေမဲ့ ထောင်ကျလို့ စိတ်ညစ်ရာက တစ်စတစ်စ စိတ်နောက်လာပြီး တိုလီမိုလီ ကလေးကစားစရာတို့လို အရုပ်ကားတို့လို အဲဒီလို အဖိုးမတန်တဲ့ ပစ္စည်းကလေးတွေကို ကလေးများ စိတ်ရှိသလို လိုချင်ပြီး ခပ်ယဉ်ယဉ်နဲ့ ရူးနေတဲ့ အရူးတစ်မျိုး ကျုပ်တို့နိုင်ငံမှာ ရှိတယ်။ ဒါကြောင့် ရန်အောင်လည်း ဒီလိုများ ရူးနေသလား မပြောတတ်ဘူး”

“ဆန်းတော့ ဆန်းတာပဲ သခင်။ ကျွန်တော်လည်း မတွေးတတ်နိုင်အောင် ရှိနေပါတယ်”

http://www.cherrythitsar.org



"နေပါဦး မနေ့က သူတို့ချင်း ပန်းအိုးလုတော့ ဘယ်လိုဖြစ်သလဲ ပန်းအိုးကော ဘယ်ရောက်သွားသလဲ"

"သူတို့ချင်းအလုမှာ ပန်းအိုးဟာ လည်ပင်းနားက ပြတ်ထွက်သွားတာနဲ့ အသုံးမကျလို့ အမှိုက်တွင်းထဲကို ကျွန်တော် ပစ်ချလိုက်ပြီ"

"ကိုင်းလေ ... သေတဲ့လူလည်း သေပြီး ထွက်ပြေးတဲ့ အကောင်မိဖို့လည်း ပုလိပ်တာဝန်ပဲ။ ကျုပ်တို့အပေါ်မှာ အထက်အစိုးရက ပေါ့လျော့တယ်ဆိုပြီး ဘယ်လိုများ အရေးယူဦးမယ်ဆိုတာ ကျုပ်တော့ စောင့်ကြည့်ရုံရှိတာပေါ့။ မဟုတ်ဘူးလား မောင်ဘိုးထော်"

"မှန်ပါတယ် သခင်"

နောက်တစ်လခန့်မျှ ကြာသောအခါ ထောင်မှူးကြီးမှာ သာယာဝတီထောင်သို့ ပြောင်းရွှေ့ရမည်ဟူသော အမိန့် ရောက်လာ၏။ ကျွန်ုပ်မှာ 'လျှော့ရက်' ၅ ရက်လည်းကောင်း၊ ဗာရာ ၆ ယောက်မှာ ၁၀ ရက်မျှစီလည်းကောင်း ဖြတ်တောက်ခြင်းကိုခံရ၏။ အစောင့်စန္ဒရီ ၇ ယောက်မှာ ၎င်းတို့လခထဲမှ တစ် လလျှင် ၂ ကျပ်ကျစီ ၆ လမျှ ဖြတ်တောက်ခြင်းကို ခံခဲ့ရလေသည်။

ထောင်မှူးကြီးသည် ပြောင်းရွှေ့ခါနီး၌ ကျွန်ုပ်အား ထောင်မှလွတ်သောအခါ မည်သည့်နေရာ၌ပင် ရှိစေကာမူ လာရောက် လည်ပတ်ရန်မှာကြားခဲ့ပြီးလျှင် ၎င်းထံလာရောက်ရန် စရိတ်ငွေ ၁၀ ကျပ်ကို ထောင်မှူးကလေးတစ်ဦးထံ ကျွန်ုပ်သို့ ပေးရန် အပ်ခဲ့လေသည်။

ထောင်မှူးကြီး ပြောင်းရွှေ့သွားပြီးနောက် ၇ လကျော်ကျော်မျှ ကြာသောအခါ ကျွန်ုပ်လည်း လွတ်မြောက်ခဲ့၏။ သို့သော် ထောင်မှူးကြီးထံသို့ကား မရောက်ခဲ့ချေ။ ဆင်းရဲသားဘဝ လုပ်ကိုင်စားသောက်နေရခြင်းဖြင့်သာ အချိန်ကို ကုန်လွန်ရလေ၏။

*

နောက် ၅ နှစ်ခန့်ကြာလတ်သော် ကျွန်ုပ်လည်း အထက်ပါ အဖြစ်အပျက်များကို မေ့လျော့လျက်ရှိ၏။ ထိုအခါ ကျွန်ုပ်မှာ စားခုတ်မှုတစ်မှုအတွက် ရန်ကုန်ထောင်ကြီးတွင် ၁ နှစ်မျှ အကျခံလျက်ရှိနေခဲ့၏။ ထိုအခါက ထောင်မှူးကြီးမှာ ဦးဘမောင်ဆိုသူဖြစ်၍ ကျွန်ုပ်အား အတော်ပင်အရေးပေးသူ ဖြစ်လေသည်။

တစ်နေ့သ၌ လူသတ်မှုဖြင့် ထိုနေ့ပင် ကြိုးမိန့်ပေးခြင်းခံရမည့် သူတစ်ယောက်က ကျွန်ုပ်အား တွေ့လိုကြောင်း ထောင်မှူးကြီးထံမှ တစ်ဆင့် သိရှိရသဖြင့် ကျွန်ုပ်လည်း ထောင်မှူးကြီးထံ အခွင့်တောင်းပြီးလျှင် ထိုသူအခန်းသို့ အရေးတကြီး လိုက်ပါသွားလေသည်။ ကျွန်ုပ် မသွားမီ ကျွန်ုပ်၏ ကိုယ်ပေါ်

http://www.cherrythitsar.org



တွင် ရာဇဝတ်မှုဖြစ်လောက်သည့် ပစ္စည်းများ ပါမပါကိုကား ဆိုင်ရာ ထောင်ပြာ တာများက ထုံးစံအတိုင်း စစ်ဆေးကြသေး၏။

ကြိုးမိန့်ပေးခြင်းခံရသော သူများထားရာ တိုက်ခန်းများမှာ တစ်ခန်းနှင့်တစ်ခန်းစီတန်းလျက် မျက်နှာချင်းဆိုင် ဆောက်လုပ်ထားလေရာ အမိုးမှာ တစ်ဆက်တည်း ရှိနေသဖြင့် ကျွန်ုပ်လည်း ထိုအမိုးအောက်ရှိ လူသွားလမ်းမှ ၎င်းရှိရာ အခန်းနံပါတ်ကို မေးခဲ့ပြီးဖြစ်သည့်အတိုင်း ထိုသူထံသို့ တိုက်ရိုက် သွားလေ၏။ ကြိုးမိန့်ကျပြီး တရားခံမှာ အရပ် ၅ ပေ၊ ၁၀ လက်မခန့်ရှိ၍ ဖြောင့်စင်းတောင့်တင်းသော ကိုယ်ရှိပြီးလျှင် လေးထောင့်ပုံသဏ္ဌာန်ရှိ မေးရိုးကြီးမှာ ခံ့ညားထည်ဝါလှပေ၏။ ကြိုးမိန့်ကျပြီး တရားခံများမှာ အများအားဖြင့် မည်သည့်စကားမျှ မပြောနိုင်ဘဲ ဆွံ့အဘိသကဲ့သို့ တွေဝေမိန်းမော၍သော်လည်းကောင်း၊ သတိလစ်ကာ အော်ဟစ်၍သော်လည်းကောင်း ရှိနေတတ်ကြရာ ထိုသူမှာမူ တစ်စုံတစ်ရာ မဖြစ်ဘိသကဲ့သို့ အနည်းငယ်မျှ 'မူ' မပျက်ဘဲ သံတိုင်များကို အတွင်းမှကိုင်၍ မတ်တတ်ရပ်ကာ ကျွန်ုပ်အား ပြုံးရွှင်စွာ နှုတ်ဆက်လေ၏။

"ဩော် ... ဦးဘိုးထော်ဆိုတာ မှတ်တယ် ... ကြားဖူးပါတယ် ခင်ဗျာ၊ ကြားဖူးပါတယ်။ ဒါကြောင့် ထောင်ပိုင်ကြီးဆီမှာ အခွင့်တောင်းပြီး ခဏ ကလေး မသေခင်တွေ့ချင်လို့"

"နာမည် ဘယ်လိုခေါ်သလဲ"

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည် စိန်ကြီးတဲ့ခင်ဗျ (ကျွန်းပြန်စိန်ကြီး) ဆိုရင် သာယာဝတီ နယ်တလွှားမှာတော့ ပြားပြားဝပ်သွားတာပေါ့ဗျာ။ သို့သော် စိန်ကြီးသော ဘာကြီးသော နောက်ဆုံး ဘယ်လောက်ကြာအောင် အစွမ်းကောင်းနိုင်ကြမလဲ ဆိုတာလိုပေါ့ဗျာ ... တစ်နေ့မှာ အစိုးရ လက်အောက် ရောက်ကြစမြဲပေါ့"

"အမှုက လူသတ်မှုနော်၊ ဘယ်သူ့ကို သတ်ခဲ့တာလဲ မောင်စိန်ကြီး"

"စံနွဲ့ဆိုတဲ့အကောင်ပေါ့ဗျာ ... ထွန်းပြည့်လို့လည်း ခေါ်တယ်။ အရင် ဆရာစံသူပုန်ထတုန်းက ကျွန်တော်တို့ ဂိုဏ်းသားတစ်ယောက်ပါပဲ။ သူလည်း ကျွန်တော်တို့လို တိုက်ဝံ့ခိုက်ဝံ့ သတ်ဝံ့ဖြတ်ဝံ့ တဲ့ လူတစ်ယောက်ပေါ့။ သတ္တိလည်း သိပ်ကောင်းပဲ။ သို့သော် ... ကျွန်တော့်အပေါ်မှာ သူတို့ သစ္စာဖောက်ကြတယ် ခင်ဗျာ။ ဒါကြောင့် နောက်ဆုံး အဆုံးစီရင်လိုက်ရတယ်။ သို့သော် ကျွန်တော် လွဲသွားတာတစ်ခုက သူတို့သိတဲ့ပစ္စည်းရအောင် ရှာဖွေမယူနိုင်ခင် ဒေါသ အလျောက် လက်လွန်သွားတော့ ကျွန်တော်လွဲတယ် ဆိုရမှာပေါ့။ ပြောပါ့မယ် ခင်ဗျာ ... ပြောပါ့မယ်၊ ပြောရုံတောင်မကဘူး။ ကျွန်တော် သေပြီးတဲ့နောက်

http://www.cherrythitsar.org



ဆရာ့ကို ပစ္စည်းတစ်ခုတောင် အပ်ခဲ့ချင်တဲ့အတွက် ဆရာနဲ့ တွေ့ရအောင် ကျွန်တော် စီမံလိုက်တာပဲ။ လူချင်းမတွေ့ဖူးပေမယ့် ဆရာ့နာမည် ကြားဖူးနေတာ ကြာလှပြီ ခင်ဗျ။ မြင်မြင်ချင်းလည်း ကျွန်တော့် အစ်ကိုအရင်း တစ်ယောက်လို့ အောက်မေ့မိပါတယ်"

"ဘယ်လို ပစ္စည်းများလဲဗျာ ... ပြောစမ်းပါဦး"

"ပစ္စည်းဆိုပေမဲ့ ကျွန်တော့်လက်ထဲမှာ အခုတော့ မရှိဘူးခင်ဗျ၊ သို့ သော် ရှိတဲ့နေရာကိုတော့ ကျွန်တော် တပ်အပ်သိပါတယ်"

"ဘာပစ္စည်းလဲဗျ"

"ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်ဟာ ဆရာစံ လက်ထက်က သူ့ညာလက်ရုံးကြီး တစ်ယောက်ပါပဲ။ ဖားရွှေကျော်တိုက်ပွဲဆိုတာ ကြားဖူးပါလိမ့်မယ်။ အဲဒီ တိုက်ပွဲကို ခေါင်းဆောင်တဲ့ ဗိုလ်စိန်ဆိုတာ တခြားလူ ဟုတ်ပါရိုးလားဗျာ၊ ကျွန်တော်ပါပဲ။ ဒါနဲ့ အလံတောင် စခန်းမှာ ရိက္ခာအတွက် အင်မတန်လိုနေတဲ့အကြောင်း၊ ငွေရအောင် အမြန်ကြံစည်ရမယ့် အကြောင်း၊ ဓားပြတိုက်တန်လျှင် တိုက်ပြီးငွေရှာရမယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ ဆရာကြီး အမိန့်ရတော့ ကျွန်တော်လည်း သရက်တစ်ပင်ရွာက သူဌေး ဖိုးရွှေသီးဟာ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတဲ့အကြောင်း၊ သူ့ဆီမှာ အင်မတန် အဖိုးတန်တဲ့ ပတ္တမြားကြီး တစ်လုံး ရှိတဲ့အကြောင်း ဓာတ်သိဖြစ်တာနဲ့ ကျွန်တော့်တပည့် ၇ ယောက်နဲ့ ကျွန်တော်ပါ ဖိုးရွှေသီးအိမ်ဝင်စီးတာကိုး ခင်ဗျ။ စီးတော့ အဘိုးကြီးက ဒီပြင်ပစ္စည်းသာ ထုတ်ပေးတယ်။ ပတ္တမြားကိုတော့ သူ မထုတ်ဘူး ခင်ဗျ။ ဒါနဲ့ ကျွန်တော်လည်း တောင်းလို့ မရနိုင်တဲ့အဆုံးမှာ ရင်ဝကို ဓားမြှောင်နဲ့ စပါးလုံးတစ်ထောက်လောက်ဝင်အောင် ခပ်ဆတ်ဆတ်ကလေး ထောက်လိုက်တော့မှ နောက်ဆုံးထုတ်ပေးတာကိုး ဆရာရဲ့၊ ကောင်းလိုက်တဲ့ ပတ္တမြား ခင်ဗျာ၊ ဒီအသက် ဒီအရွယ်သာ ရောက်လာရော သည်လောက် အရည်ကောင်းတဲ့ ပတ္တမြား ကျွန်တော် မတွေ့ဖူးပါဘူး။ ကွမ်းသီးလုံးကလေးနီးပါး ရှိတယ် ဆရာရဲ့"

"ဒါနဲ့ အားလုံး ပစ္စည်းတွေယူ တောထဲ ရောက်တော့ ပတ္တမြားကြီး ထုခွဲဖို့ တိုင်ပင်ကြတာကိုး ခင်ဗျ။ သည်တုန်းက ကျွန်တော့်လက်အောက်မှာ လက်အောက်ဗိုလ် ဗိုလ်ရန်အောင် ဆိုတာရှိတယ် ခင်ဗျ။ သူက ဒီအတွက် ဘာမှ မစိုးရိမ်ဖို့အကြောင်း သူကိုယ်တိုင် ရန်ကုန်သွားပြီး ပတ္တမြားကို ထုခွဲရောင်းချပေးမယ့် အကြောင်းပြောတော့ ကျွန်တော်လည်း သူ့ကို စရိတ်စကအလုံအလောက်ပေးပြီး ရန်ကုန်ကို လွှတ်လိုက်ပါရောခင်ဗျ။ ဒါနဲ့ ၁၀ ရက်နဲ့လည်း ပြန်မလာ ၁၅ ရက်နဲ့လည်း ပြန်မလာတော့ ထွန်းပြည့်ဆိုတဲ့ အကောင်ကို တစ်ခါ လွှတ်ရပြန်တာကိုးဗျ၊ 'ငနေ' မလာနိုင်လို့ 'ငကြာ' လွှတ်တော့မှ

http://www.cherrythitsar.org


တစ်ခါတည်းကို ပြန်မလာတော့ပါဘူးဗျာ။ ဒါနဲ့ တစ်လက နှစ်လ၊ နှစ်လက သုံးလ စောင့်တာ တစ်ယောက်မှ ပေါ်မလာတော့ဘူး"

"ကျွန်တော့်မှာတော့ သူတို့ဆီကို မလိုက်နိုင်ဘူး၊ ဆရာကြီးနဲ့ အထက် သွားပြီး တိုင်ပင်ရ ငွေကြေးစုဆောင်း၊ စားရေရိက္ခာဝယ်ပြီး စခန်းတွေ လျှောက်ပို့ ရနဲ့ အချိန်ကုန်ခဲ့တာပါပဲ ... ဒါနဲ့ ကျွန်တော့်တို့ ဆရာကြီး ဆရာစံကို ဖမ်းမိပြီး ကျွန်တော့်ကိုပါ ဖမ်းမိလေတော့ ဆရာကြီးကို ကြိုးမိန့်ပေးလိုက်ပြီး ကျွန်တော့် မှာတော့ ကံကောင်းထောက်မလို့ တစ်ကျွန်းပို့ခံခဲ့ရတာကို ခင်ဗျ။ သို့ပေမဲ့ ကျွန်း မှာ တယ်မကြာပါဘူး၊ (၁) နှစ်ကျော်ကျော်လောက်နေပြီး ကျွန်တော်သေချင် သေ ကြေချင်ကြေ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်ဆိုပြီး ဖောင်ကလေး တစ်ခုနဲ့ ပြေးလာခဲ့တာ လမ်းမှာ ဖြစ်ပျက်ပုံတွေများ လျှောက်ပြီး ပြောရမယ်ဆိုရင် တစ်ညလုံးဆုံးမှာ မဟုတ်ဘူး ဆရာရယ်။ ဒါနဲ့ နောက်ဆုံးပိတ် ပင်လယ်နားက ကျွန်းကလေးတစ်ကျွန်း ရောက်သွားပြီး ကံအားလျော်စွာ ဆလုံ လူမျိုးတွေက ကျွန်တော့်ကို သနားသဖြင့် ကယ်ဆယ်ထားပါတယ်"

"ဟိုမှာ သူတို့နဲ့ အတူနေရင် တစ်သက်လုံးနေရပါရဲ့၊ နို့ပေမဲ့ ကျွန် တော်က မနေနိုင်သေးဘူး။ ဒီအကောင်တွေ ကျွန်တော့်အပေါ်မှာ တစ်ပတ်ရိုက် သွားတာနဲ့ ကျွန်တော်ကိုယ်တိုင် အသက်စွန့်ပြီး တိုက်ယူခဲ့ရတဲ့ ပတ္တမြားကြီး အကြောင်းဟာ ကျွန်တော့် စိတ်ထဲမှာ ဖျောက်ဖျက်လို့ မရအောင် စွဲနေတယ်။ ဒါနဲ့ ကျွန်တော်လည်း ဆလုံတွေနဲ့ အတူ ၆ လလောက် အလုပ်လုပ်ပြီး မြန်မာ ပြည်ဘက်ကူးလာတယ်။ မော်လမြိုင်ကို ရောက်ပြီး နောက်ဆုံးစုံစမ်းဦးမယ်လို့ ရန်ကုန်မှာ ခိုနေခဲ့တယ်။ ကျွန်တော့် စိတ်ကူးက ရန်ကုန်မှာမတွေ့မှ သူတို့နေရင်း ဌာနဖြစ်တဲ့ တောကို လိုက်မယ်လို့ အောက်မေ့တာကိုး ဆရာရဲ့၊ ဒီလိုနဲ့ ရန်ကုန် မှာ ရပ်ဖျောက်ပြီးနေခဲ့တာ သူတို့ဟာ အဖမ်းခံရတဲ့ အထဲမှာတော့ မပါသေးဘူး လို့ သတင်းအစအနရတာကိုး ခင်ဗျ"

"သို့ပေမဲ့ ဘယ်နေရာရောက်လို့ ဘယ်နေရာပေါက်နေတယ်ဆိုတာ အခက်သားပဲ၊ လိုက်ပြီး ရှာတယ်ဆိုတာက ငွေရှိမှ ဖြစ်တာကိုး ဆရာ၊ လွယ်တာ မှ မဟုတ်ဘဲ။ ဒါနဲ့ ရန်ကုန်ရောက်လို့ တစ်လကျော်ကျော်လောက် ရှိတော့ တရုတ်တန်းက ဖဲဝိုင်းတစ်ဝိုင်းမှာ ရန်အောင်ကို သွားပြီးတွေ့တာကိုးဗျ။ နို့ပေမဲ့ ကျွန်တော့်ကို ကောင်းကောင်းမမှတ်မိဘူး၊ မမှတ်မိဆိုလည်း ကျွန်တော့်မှာ ပါး မြိုင်းမုတ်ဆိတ်မွေးတွေကို မရိပ်ဘဲ တမင်ရှည်အောင်ထား၊ တရုတ်ဘောင်းဘီ အပွကြီးဝတ်၊ မျက်မှန်အနက်ကြီး တပ်ထားတော့ ဘယ်သူမှ မမှတ်မိနိုင်ပါဘူး ခင်ဗျာ။ တရုတ်အဘိုးကြီးတစ်ယောက်လို့ အောက်မေ့ကြတာပါပဲ"

http://www.cherrythitsar.org



"ဒါနဲ့ ကျွန်တော်လည်း ဒီအကောင်ကို မိတ်ဖွဲ့ချင်တဲ့ သဘောနဲ့ အရက်ဆိုင်တစ်ဆိုင် ခေါ်သွား၊ အရက်ဆိုင်က ဟိုတယ်တစ်ခု ခေါ်သွားပြီး ကျွန်တော့်ပါသမျှ ငွေကလေးနဲ့ တိုက်လား ကျွေးလားလုပ်၊ တော်တော်ယုံကြည်တော့မှ ကျွန်တော်လည်း မျက်မှန်ကြီးဖြုတ်၊ ခါးက ဓားမြှောင်ဆွဲထုတ်ပြီး 'ဟေ့ ... ရန်အောင် မင်း ငါ့သိသေးရဲ့လား' လို့ နဂိုအသံနဲ့ မေးလိုက်တော့မှ လက်နက်ကလည်း မပါပြန်၊ ငယ်ကြောက်လည်းဖြစ်ပြန်၊ ကျွန်တော့် ဓားမြှောင်အကြောင်းလည်း သိပြန်ဆိုတော့ ဒီကောင် ကုလားထိုင်ပေါ်က ဆင်းဒူးထောက်ပြီး 'ချမ်းသာပေးပါ ဆရာရယ်၊ ကျွန်တော်သစ္စာ မဖောက်ပါဘူး။ ကျွန်တော်တို့ အဖြစ်အပျက်ကလေး နားထောင်ပါဦး' ဆိုပြီး တောင်းပန်တာကိုးဗျ။ ဒီတော့မှ 'ကိုင်း ... မင်း ပြောစရာရှိရင်ပြော၊ ငါ့အပေါ်မှာ လိမ်မယ်ကောက်မယ်များတော့ မကြံနဲ့' ဆိုပြီး နံကို ဓားမြှောင်ဦးနဲ့ထောက်တော့မှ ဒီကောင်လည်း သူတို့ အဖြစ်အပျက် ပြန်ဖြေတာကိုး ဆရာရဲ့"

"သူ့အပြောက သူ့နဲ့ ထွန်းပြည့်နဲ့ ဒီပတ္တမြားကို မထုခွဲရခင် ရုပ်ဖျောက်ပြီး သမိုင်းကပန်းကန်ခွက်ယောက် ကြွေအိုး ကြွေခွက်လုပ်တဲ့ စက်ထဲဝင်လုပ်သတဲ့ ခင်ဗျ။ ဒီအချိန်မှာ သူတို့နှစ်ယောက်ကို ဝရမ်းထုတ်ထားတော့ သူတို့လည်း အသာရုပ်ဖျောက်ရင်း တစ်နေ့တော့ ပန်းကန်စက်ထဲပုလိပ်တွေ ဝင်လာပြီး ဖမ်းပါလေရောတဲ့ ခင်ဗျာ"

"ဒီအခါမှာ သူတို့က စားပွဲပေါ်မှာ ပန်းစိုက်ထားတဲ့ ပန်းတကောင်းတွေကို မီးဖုတ်တဲ့ ဘက်က အလုပ်လုပ်နေရလေတော့ ထွန်းပြည်က ဉာဏ်ရပြီး ပတ္တမြားကြီးကို ပန်းအိုးတစ်လုံး ဖင်ကရွှံ့ပျော့ထဲ အမှတ်တမဲ့ ထည့်လိုက်သတဲ့ ခင်ဗျာ။ ကြံကြံဖန်ဖန် ခင်ဗျာ သူတို့မို့ အကြံရတတ်ပလေတယ်။ ဒါနဲ့ သူတို့ နှစ်ယောက်ကိုလည်း ဖမ်းသွားပြီး သူပုန်မှုက မထင်ရှားဘဲ ဓားပြမှု ရိုးရိုးနဲ့ သာယာဝတီထောင်မှာ ၃ နှစ်စီချလိုက်တာကိုး ခင်ဗျ။ ဒီအတောအတွင်း သူတို့ဟာ ပတ္တမြားကြီးကိုတော့ ဘယ်တော့မှ မမေ့ပါဘူးဆိုတာ ပြောတယ်။ တစ်နေ့နေ့ ဒီပန်းကန်စက်ထဲသွားပြီး သူတို့လုပ်တဲ့ ပန်းတကောင်းတွေ ဘယ်ရောက်သွားသလဲဆိုတာ စုံစမ်းမယ်ပေါ့ ခင်ဗျာ၊ ဒါနဲ့ နောက်ဆုံးထောင်က ထွက်လာ၊ သမိုင်းစက်မှာ သွားပြီးစုံစမ်းတော့ ကံအားလျော်စွာပဲ ဟိုနေ့က ဖုတ်တဲ့ ပန်းတကောင်း (၃)လုံးဟာ ဂျူဗလီပြပွဲအတွက် အထူးဖုတ်တဲ့အကြောင်း ဆေးရောင်က အပြာရောင်ဖြစ်တဲ့ အကြောင်းသိရတာကိုး ခင်ဗျ"

"ဒါနဲ့ ဂျူဗလီက ပြပွဲအရာရှိဆီ လိုက်ပြန်တော့ ၁ လုံးကို ပြည်ထောင်မှူးကြီးက ဝယ်သွားတယ်။ ကျန်တဲ့ ၂ လုံးကတော့ ရွှေတောင်တန်းက ဘုရားလူကြီးတစ်ယောက်ကဝယ်ပြီး ရွှေတိဂုံဘုရား အနောက်ဘက်စောင်း

http://www.cherrythitsar.org



တန်းဘက်က တန်ဆောင်းမှာထားတဲ့အကြောင်း သိရလေတော့ သူတို့လည်း ဘုရားပေါ်က ပန်းအိုးနှစ်လုံးကို ပထမခိုးပြီး ခွဲကြည့်ကြတာပေါ့ ဆရာ၊ နို့ပေမဲ့ သူတို့ထင်တဲ့အတိုင်း ဘာမှမတွေ့ရဘဲကိုး ခင်ဗျ။ သည်တော့မှ ပတ္တမြားကြီးဟာ ပြည်မြို့က ထောင်မှူးကြီးဝယ်သွားတဲ့ ပန်းအိုးထဲမှာ ဧကန်ရှိပြီဆိုတာ တွက်တာကိုး ဆရာရဲ့၊ သည်တော့မှ ကျွန်တော်လည်း ရန်အောင်နဲ့ ထွန်းပြည့်ကို ပြည်မြို့ထောင်ထဲမှာ မကျကျအောင် ကြံခဲ့ရတယ်"

"နို့ပေမဲ့ ထောင်ထဲမှာ ပန်းအိုးကို တွေ့သလား၊ မတွေ့ဘူးလားဆိုတာ ကျွန်တော် မပြောတတ်သေးဘူး။ ကျွန်တော် တစ်ခါထောင်ဝင်စာခံပြီး မေးကြည့်တော့ ပထမတစ်ခါက မတွေ့ဖူးလို့ ပြောတယ် ဆရာရဲ့၊ ဒုတိယ အကြိမ်ကျတော့ တွေ့တော့တွေ့ပြီ၊ နို့ပေမယ့် ထောင်မှူးကြီးအိမ်ပေါ် ဧည့်ခန်းမှာ ရောက်နေလေတော့ ဘာမှ မတတ်နိုင်သေးဘူးတဲ့ ဆရာရဲ့၊ ဒါနဲ့ ကျွန်တော်လည်း သူတို့ကို စောင့်ရင်း ရန်ကုန်မှာ အလုပ်အကိုင် အကြံအစည်ကလေးတွေ ကြံစည်နေတုန်း တစ်နေ့တော့ လတ္တာ(ယခု – လသာ)လမ်းက လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း သတင်းစာတစ်စောင်မှာ 'ပြည်ထောင်ထဲမှာ ရန်အောင်ကို ထွန်းပြည့်က သတ်သွားတယ်' ဆိုတဲ့ သတင်းကို ဖတ်ရတော့ ဧကန္တ ထွန်းပြည့်ဟာ သစ္စာဖောက်ပြီလို့ တစ်ထစ်ချတွက်လိုက်တယ်။ ထွက်ပြေးရင် ဧကန္တ ရန်ကုန်လာရမယ်။ ဒီအကောင် တွေ့ရင်တော့ ချမ်းသာမပေးဘူး ဆိုပြီး ရှာလိုက်တာ ... လားလား ... တွေ့မယ့်တွေ့တော့ အင်းစိန်မှာ သွားတွေ့ပါရော ခင်ဗျာ"

"တိုတိုပြောပါရစေတော့၊ ဒီအကောင် သတ်ခါနီး အကုန်လုံး ဖွင့်ပြောခဲ့တာက ရန်အောင့်ကို သတ်တာမှန်ပါတယ်တဲ့။ သတ်တာလည်း ပန်းအိုးထဲက ပတ္တမြားကို ထုတ်ယူဖို့အကြံပါတဲ့။ နို့ပေမဲ့ ပတ္တမြားဟာ သူ့လက်ထဲ ပါမလာတဲ့အကြောင်း ပန်းအိုးလုတဲ့နေရာမှာ ပန်းအိုးဟာ လည်ပင်းကျိုးပြီး နှုတ်ခမ်းပြတ်သာ သူ့လက်ထဲပါလာခဲ့တဲ့အကြောင်း ပြောတာကိုး ခင်ဗျ။ နို့ပေမဲ့ ကျွန်တော်လည်း သစ္စာဖောက်တဲ့အကောင်မို့ ချမ်းသာမပေးပါဘူး။ တစ်ခါတည်း ကိစ္စ တုံးစီရင်လိုက်တော့တာပါပဲ"

"ဒါဖြင့် ခင်ဗျားအမှုမှာ သေတဲ့လူဟာ ထွန်းပြည့်ပေါ့"

"ဟုတ်ပါတယ် ဆရာ ... ဒါကြောင့် ဆရာ ဒီပတ္တမြားကို ကျွန်တော် သေပြီးတဲ့နောက် ဆရာထောင်ကထွက်ရင် ရအောင်ကြံပါ ဆရာ၊ ကျွန်တော် စိတ်ထင် အနည်းဆုံး ၃၀၀၀၀ ကျပ် လောက်တော့ တန်ပါလိမ့်မယ်။ ဆရာက အားလုံးထောင်တွေကို ရောက်ဖူးပြီး ထောင်မှူးတွေနဲ့ အကျွမ်းတဝင်ရှိတော့ ကြံမယ်ဆိုရင် အထမြောက်နိုင်ပါတယ်"

http://www.cherrythitsar.org



"ကောင်းပါပြီဗျာ ... ခင်ဗျားပြောတာ ကျုပ်နားလည်ပါပြီ"

"ပြီးတော့လည်း ကျွန်တော့် မိန်းမ မညွန့်ဆိုတာ ဖားရွှေကျော်ရွာမှာ ရှိပါတယ် ဆရာ ... ကလေးသုံးယောက်နဲ့ ဆင်းရဲနေပါတယ်။ ဆရာအကျိုးခံစားရရင် ကျွန်တော့် မိန်းမကိုလည်း အတော်အသင့် ကြည့်ရှုလိုက်ပါ ဆရာ"

"စိတ်ချပါ မောင်စိန်ကြီး ... ကျုပ်ကြည့်ရှုလိုက်ပါမယ်"

"ကျေးဇူးတင်ပါတယ် ဆရာ ... ဒီလိုဆိုရင် ကျွန်တော် သေပျော်ပါပြီ။ ဒီအကြောင်းတွေသာ ဆရာ့ကို ဖွင့်မပြောခဲ့ရင် ဒီပတ္တမြားကြီးဟာ မြေကြီးသြဇာ ဖြစ်ရတော့မယ်"

"စိတ်သာချ ကျုပ်ကြည့်ပြီး ဆောင်ရွက်လိုက်ပါမယ်"

*

ရန်ကုန်ထောင်မှ လွတ်မြောက်ခဲ့ပြီးနောက် ကျွန်ုပ်လည်း ပြည်မြို့သို့ လာခဲ့ရာ ထောင်မှူးကြီး မက်ကောမစ်ကိုပင် ကံအားလျော်စွာ ပြန်၍တွေ့ရ သဖြင့် အထူးဝမ်းမြောက်မိ၏။ မစ္စတာမက်ကောမစ်သည် အထက်လူကြီးနှင့် သင့်မြတ်သဖြင့် သာယာဝတီထောင်တွင် တစ်နှစ်မျှနေပြီးလျှင် ပြည်မြို့သို့ပြန်ရောက်၏။ ကျွန်ုပ်လည်း အထက်ပါအကြောင်းများကို မကွယ်မထောက် ဟုတ်တိုင်းမှန်ရာ ပြောပြလေရာ ထောင်မှူးကြီးကပင် မယုံ့တယုံနှင့် "ဒါဖြင့်လဲ ရှာကြည့်ချင်ကြည့်လေ၊ ပင်ပန်းတာမှ မဟုတ်ဘဲ" ဟု ပြောသဖြင့် ကျွန်ုပ်သည် ပေါက်ပြားတစ်ခုကို ယူခဲ့ပြီးလျှင် သဲပုံစေတီအနီးရှိ အမှိုက်တွင်းကို ဖော်လေရာ နှစ်ပေါင်းများစွာ မြုပ်၍နေသော ပန်းအိုး၏အောက်ပိုင်းကို တွေ့ရလေသည်။

ပန်းအိုး၏ဖင်၌ကား အသေအချာ ကြည့်သောအခါ တစ်နေရာတွင် အပြင်သို့ အနည်းငယ်စူထွက်လျက်ရှိသော နေရာတစ်ခုကို တွေ့ရသည်နှင့် လက်ရိုက်တူကလေးဖြင့် ခွဲကြည့်ရာ ကျွန်ုပ်အား စိန်ကြီးပြောသွားသည့် ပတ္တမြားကြီးကို တွေ့ရသဖြင့် ကျွန်ုပ်တို့မှာ အတိုင်းမသိ ဝမ်းမြောက်၏။

ဤပတ္တမြားကြီးကြောင့် လူသုံးယောက်၏ သွေးများမြေကျခဲ့ရပြီ ဖြစ်ရကား ပတ္တမြားကြီးကို ကြည့်ရင်း ကြည့်ရင်း .... 'သွေးသောက် ပတ္တမြား' ဟု ပင် အမည်မှည့်ချင်စိတ်ပေါက်လာရပေသည်။

ထောင်မှူးကြီးသည် သုံးလမျှ အခွင့်ယူ၍ ထိုပတ္တမြားကြီးကို ထုခွဲရာ ငွေ ၂၀၀၀ဝ ရရှိသဖြင့် ၎င်းအနက် ကျွန်ုပ်အား ၁၀၀၀ဝ ပေးရာ၊ ကျွန်ုပ်သည် စိန်ကြီးသေခါနီး၌ ထားရှိလိုက်သော ကတိကို မဖျက်ဘဲ ဖားရွှေကျော်ရွာသို့ သွားရောက်ပြီးလျှင် စိန်ကြီး၏မိန်းမ မညွန့်အား ငွေ ၅၀၀ဝ ပေးခဲ့ပါသည်။ ထောင်မှူးကြီးလည်း အလုပ်ပြန်၍ မဝင်ဘဲ တစ်ခါတည်း ပင်စင်ယူ၍ သွားပါကြောင်း။

# မထိရတနာ

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်လောက်က မြင်းခြံထောင်၌ ဆရာကလေးဆိုသူ လူသတ်တရားခံတစ်ယောက်အား ကြိုးပေးရာ ပထမ အကြိမ်တွင် ကြိုးပြတ်ကျသွားသဖြင့် ထောင်မှူးများနှင့်တကွ ထောင်ပိုင်ဆရာဝန်ကြီးမှာ အံ့အားသင့်၍သွားလေသည်။

သို့သော် ကြိုးမိန့်တို့မည်သည် ဤသို့ ကြိုးပြတ်ရုံမျှနှင့် တရားခံအား လွှတ်နိုင်သော အခွင့်အရေးမရှိချေ။

ပုဒ်မ ၃၀၂ ဥပဒေ အမိန့်စာအပိုဒ်တွင် 'သည်အထိ၊ သို့မဟုတ် သေသည့်တိုင်အောင် ကြိုးဆွဲချ၍ သတ်စေရမည်' ဟူ၍ တိုက်ရိုက်အဓိပ္ပာယ်ပါရှိလေသည်။

တရားခံတစ်ဦးအား ကြိုးပေးရာတွင် ၎င်းအတွက် သီးသန့်၍ အလွန်ကောင်းသော မနီလာကြိုး ၂ ခွေကို ထားရမြဲဖြစ်သည့်အတိုင်း ကြိုးမပေးမီ တစ်နေ့ကပင် ထောင်ဝင်းအတွင်းရှိ သမံတလင်းပေါ်တွင် ထောင်သား နှစ်ယောက်တို့က ကြိုးခွေကို ကောင်းစွာ ဆွဲဆန့်ပေးရသေး၏။ ကြိုးမှာ အသစ်ကြပ်ချွတ်ဖြစ်သည့်ပြင် အလွန်သန်မာတောင့်တင်းလှ၍ လူ၏ကိုယ်အလေးချိန်နှင့် ကြိုး၏အရှည်အတိုကိုလည်း ကိုက်၍ထားရ၏။

ဤမျှလောက် သေချာပေါက်လုပ်၍ထားသော ကြိုးပြတ်၍ကျသည်ဆိုခြင်းမှာလည်း မြန်မာအယူအဆအားဖြင့် နတ်များပင် ကူညီစောင့်ရှောက်

http://www.cherrythitsar.org



ခြင်းပေလော၊ သို့မဟုတ် ဆေးဝါးအင်းအိုင် ဂါထာမန္တန်တို့ဖြင့် မန်းမှုတ်၍ထား သောကြောင့် ဖြစ်လေသလောစသည်ဖြင့် အမျိုးမျိုး တွေးထင်ဖွယ် ဖြစ်လေ သည်။ သို့သော် ဒုတိယ 'ကြိုး' ၌ကား ဆရာကလေးမှာ အသက်ပါ၍ သွားရှာ ၏။

နတ်များမှာ မတရားခံရမည့် သူများကိုသာ ကူညီမည်ဆိုက ကူညီ ရန်ရှိသော်လည်း ဆရာကလေး၏အမှုမှာ ၎င်းကိုယ်တိုင်က မိမိသတ်ကြောင်း ဖြင့် ဖြောင့်ချက်ပေးသော အမှုဖြစ်လေသည်။

သို့သော် ထိုဆရာကလေးမှာ လူသာမန်တစ်ယောက် မဟုတ်ဘဲ အတော်အတန် ထူးဆန်းသော လူတစ်ယောက်ဖြစ်သည့်ပြင် မိမိ၏ဘဝကို အနည်းငယ်မျှ နမြောစုံမက်ဟန်လက္ခဏာမရှိဘဲ မြန်မြန်သေခြင်းသည် မြန်မြန် ဝဋ်ကျွတ်ခြင်းဖြစ်သည်ဟု ထင်မှတ်ဟန် လက္ခဏာရှိလေသည်။

ကျွန်ုပ်မှာ ဆရာကလေးနှင့် သီတင်း ၆ ပတ်ခန့်မျှ သိကျွမ်းခဲ့ရသဖြင့် မိတ်ဆွေ ဖြစ်ခဲ့သော်လည်း ၎င်းမှာ လူထူးလူဆန်းတစ်ယောက်ဖြစ်ကြောင်းကို သာ သိရှိ၍ ၎င်း၏ရာဇဝင်ကိုမူကား ၎င်းသေဆုံးပြီးနောက်မှ ကောင်းစွာ သိရှိရ လေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဆရာကလေးနှင့် ပတ်သက်၍ ဖြစ်ပျက်ခဲ့ရ သော အောက်ပါအတ္ထုပ္ပတ္တိကို တစ်စုံတရာ ကွယ်ဝှက်ခြင်းမရှိဘဲ ရေးသားဖော် ပြပါအံ့။

မောင်ဘိုးထော်

*

မြင်းခြံထောင်၌ ကျွန်ုပ်မှာ ၄ ကြိမ်မျှ အပြစ်ခံခဲ့ရဖူးရာ၊ ဤအကြိမ်မှာ ဒုတိယအကြိမ်ဖြစ်လေသည်။

ထောင်သားများမှာ ပထမအကြိမ်ကပင် ကျွန်ုပ်၏အကြောင်းကို ကောင်းစွာ သိရှိပြီးဖြစ်၍ ဒုတိယအကြိမ်၌လည်း ထောင်မင်းသားအဖြစ်ဖြင့်ပင် ကျွန်ုပ်ကို ခန့်အပ်ကြပြန်လေသည်။ ကျွန်ုပ်မှာ အထက်အရာရှိကြီးများကို သင့် မြတ်အောင်ပေါင်းရုံမျှမက ဗာရာများ၊ ထောင်ပြာတာများနှင့် ထောင်သားများ ကိုလည်း တစ်ဦးနှင့်တစ်ဦး သွေးကွဲဆူပူခြင်းမရှိစေရန် အမြဲတစေ ဂရုစိုက်နိုင် သည်ဖြစ်၍ ကျွန်ုပ်၏အမည်မှာ တည်မြဲကောင်းမွန်လျက် ရှိလေ၏။

ကျွန်ုပ်မှာ ၈ လမျှ အကျဉ်းခံရမည်ဖြစ်၍ ၆ လမျှ ကြာရှိသောအခါ တစ်နေ့သ၌ ဆရာကလေးဆိုသူတစ်ယောက်သည် လူသတ်မှုဖြင့် ထောင်တွင်း သို့ ရောက်လာခဲ့လေ၏။

၎င်းဆရာကလေးဆိုသူမှာ အသက် ၄၀ ကျော်ခန့်မျှ ရှိပြီဖြစ်၍ သျှောင်ကို ချောမွေ့စွာထုံးပြီးလျှင် အဝတ်ဖြူတစ်စုံဖြင့် ဝတ်ဆင်လျက်ရှိလေရာ

http://www.cherrythitsar.org



၎င်း နဖူးရေဒူးရေတို့မှာလည်း သာမန်ရာဇဝတ်မှု ကျူးလွန်သူတစ်ယောက်နှင့်မတူဘဲ သူတော်ကောင်းတစ်ယောက်၏ အသွင်အပြင်ရှိလေသည်။ ရုပ်ရည်အားဖြင့်လည်း သန့်ပြန့်သူတစ်ယောက်ဖြစ်သည့်ပြင် ၎င်း၏ မျက်နှာထားနှင့် အထူးသဖြင့် စူးရှသော မျက်လုံးများမှာ ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ သစ္စာရှိခြင်း အစရှိသော လက္ခဏာတို့သည် တစ်စုတစ်ဝေးတည်း စုပေါင်းရောနှောလျက်ရှိသော အသွင်ကို ဆောင်လျက်ရှိလေရာ ခက်ထန်ကြမ်းကြုတ်လှသော ကျွန်ုပ်၏တပည့် နှစ်ယောက် သုံးယောက်တို့ပင်လျှင် ၎င်းအား မထီမဲ့မြင်မပြုဝံ့ဘဲ ကြောက်ရွံ့ရိုသေသကဲ့သို့ ရှိကြရကား ၎င်းမှာ လူထူးလူဆန်းတစ်ယောက်ဟု ကျွန်ုပ် သတိပြုမိ၏။

ဆရာလေး၏အမှုမှာ ရက်သတ္တ ၅ ပတ်ခန့်စစ်ဆေးနေရသည်ဖြစ်၍ ထိုအတွင်း၌ ကျွန်ုပ်လည်း ဆရာလေးနှင့် အတော်ပင် အကျွမ်းတဝင်ရှိခဲ့၏။ အခြားသော လူသတ်မှုတရားခံများမှာ အမှုစစ်ဆေးနေစဉ်အတွင်း အပြင်အပမှ ဆွေမျိုးညာတိများ ရောက်လာတတ်ခြင်း၊ တရားခံဘက်မှ ရှေ့နေသည် မိမိ၏ အမှုသည်အား လာရောက်တွေ့ဆုံ၍ ဥပဒေအချက်အလက်နှင့် ပတ်သက်သည့် ကိစ္စများကို ဆွေးနွေးခြင်းများ ရှိတတ်သော်လည်း ဆရာကလေး အမှု၌မူ မည်သည့်ဆွေမျိုးမှလည်း လာရောက်ခြင်းမရှိ၊ မည်သည့်ရှေ့နေ ရှေ့ရပ်မှလည်း တိုင်ပင်နှီးနှောခြင်းမရှိသဖြင့် ရုံးချိန်နေ့တစ်နေ့ ညဉ့်၌ ကျွန်ုပ်က "ဘယ်နှယ့်လဲ ဆရာကလေး ... အမှုက ဘယ်နှယ့်နေသလဲ"

"ဘယ်နှယ့်နေရမလဲဗျာ ... ကြိုးပေါ့"

"ဘာပြုလို့လဲဗျ"

"အမှုရှည်နေမှာစိုးတာနဲ့ ဒီကနေ့တော့ ကျုပ်က သတ်တဲ့အကြောင်း တစ်ခါတည်း ဖွင့်ချလိုက်တယ်"

"အံ့သြပါရဲ့ဗျာ ... အမှုဆိုတာ တတ်နိုင်သမျှ ဖုံးမှ ဖိမှပေါ့ ဆရာကလေးရဲ့"

"သည့်ပြင်လူမှာတော့ ဟုတ်ချင်ဟုတ်မှာပေါ့ဗျာ ... နို့ပေမဲ့ ကျုပ်မှာတော့ မထူးတော့ပါဘူး။ ဒီတစ်ခါမသေရင် နောက်တစ်ခါသေရမှာပဲ။ ဒါကြောင့် ဒီကနေ့ ကျုပ်ကို စစ်တော့ ရန်ငြိုးရှိလို့ သတ်တဲ့အကြောင်း တစ်ခါတည်း ဖွင့်ချလိုက်ပြီ၊ သန်ဘက်ခါ အမိန့်ပေးမတဲ့"

ထိုအခါ ကျွန်ုပ်မှာ သက်ပြင်းချမိ၏။ ဆရာကလေးသည် ပုတီးစိပ်လျက်ရှိနေရာမှ ....

"ဩော် ... ဒါထက် ကိုဘိုးထော်ကို ကျုပ်တစ်ခု မှာချင်တယ်ဗျာ"

"မှာခဲ့နိုင်ပါတယ် ဆရာကလေး"

http://www.cherrythitsar.org



"အင်း ... အင်း ... တော်ရဲ့ ... တော်ရဲ့ ကိုဘိုးထော်တစ်ယောက်ဖြင့် ကျုပ်ယုံကြည်မိတယ်ဗျို့၊ ခင်ဗျားမျက်နှာကို မြင်မြင်ချင်း ကျုပ်ညီလို အောက်မေ့မိတယ်။ တခြား အကောင်တွေတော့ ကျုပ်နည်းနည်းမှ မျက်စိထဲကြည့်လို့ မရပါဘူးဗျာ"

"ကျွန်တော်ကလည်း ဆရာလေးကို မြင်မြင်ချင်း ညီအစ်ကိုလို ခင်မင်မိပါတယ် ခင်ဗျာ၊ ဘယ်လိုကိစ္စမျိုးမဆို ကျွန်တော် တတ်နိုင်ရင် ဆောင်ရွက်ပေးပါ့မယ်"

"ကောင်းပါလေရဲ့ ကိုဘိုးထော်၊ ကျုပ် ကျေးဇူးတင်ပါတယ်ဗျာ"

"ဩော် ... ဒါထက် အမှုဆိုတာ အင်မတန်ခက်တာပဲ ဆရာလေးရဲ့၊ သတ်ကြောင်းကို ဖြောင့်ချက်ပေးတိုင်း ကြိုးမိန့်မကျပါဘူး။ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်လည်း ပေးနိုင်ပါတယ်။ အားမလျှော့ပါနဲ့ဦး"

"မဟုတ်ပါဘူး ကိုဘိုးထော်၊ ခင်ဗျား မသိပါဘူး။ ကျုပ် သေမင်းက ကျုပ်ကို လာခေါ်ပြီးပြီဗျ။ သည်ဟာထက် ပိုပြီး သေချာရဦးမှာလား"

"ကျွန်တော် နားမရှင်းသေးပါဘူး ဆရာလေး"

"ဒီလို ကိုဘိုးထော်ရဲ့ ... ကျုပ်တို့ အမျိုးအနွယ်တွေဟာ သေခါနီး ကျပြီလားဆိုရင် ပုလဲပုတီးကုံးဆွဲလို့ အဝတ်နီနီ ဝတ်ထားတဲ့ မိန်းမတစ်ယောက်ကို အိပ်မက်ထဲမှာ မြင်ရတယ်။ အဲဒီလို မြင်ရပြီဆိုမှဖြင့် (၇) ရက်အတွင်းသေတာပဲ၊ ကျုပ်တို့ အဘိုးလည်း သေခါနီးမှာ မြင်ရတယ်။ ကျုပ်တို့အဖေလည်း မြင်ရသတဲ့။ ကျုပ်လည်း မနေ့ညကဗျာ ... အိပ်မက်ထဲမှာ ဒီမိန်းမကို မြင်ရတယ်။ ကျုပ်ဖြင့် သေရမှာကို သည့်လောက်မကြောက်ဘူး။ ဒီမိန်းမက ကျုပ်ကို လက် ယပ်ခေါ်စက်တိုင်ကို လက်ညှိုးထိုးပြီး ပြနေတာ ... မြင်ရတာ အသည်းနှလုံး တုန်လိုက်တာဗျာ၊ အိပ်ရာကနိုးတောင် ဇောချွေးတွေ ပြန်နေတုန်းရှိနေသေး တယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါလောက် တစ်ခါမှ မတုန်လှုပ်ဖူးသေး ဘူး"

"ပြောစမ်းပါဦး ဆရာလေးရယ် ... တယ်လည်း ထူးဆန်းပါ ကလား"

"ဒီလိုဗျ ကျုပ်တို့ အမျိုးအနွယ်က ကျိန်စာသင့်ထားတဲ့ အမျိုးအနွယ် ကိုဘိုးထော်ရဲ့၊ ကျုပ်တို့မှာ မိဘဘိုးဘွားက ဆင်းသက်လာတဲ့ ရန်သူရှိတယ်။ အဲဒီရန်သူကို အဆက်အနွယ်တိုင်း အဆက်အနွယ်တိုင်း လက်စားချေရတယ်။ ဥပမာဗျာ ကျုပ်တို့ အဘိုးလက်ထက်မှာ တစ်ဖက်ရန်သူတစ်ယောက်ကို တစ်နည်းနည်းနဲ့ ကြံဖန်ပြီး သတ်ခဲ့ရတယ်။ ကျုပ်တို့ အဖေလက်ထက်မှာ ကျုပ်တို့ အဖေကပဲဖြစ်ဖြစ်၊ သူနဲ့ ညီအစ်ကို မောင်နှမတော်တဲ့ လူပဲဖြစ်ဖြစ်၊ တစ်ဖက်ရန်

http://www.cherrythitsar.org


သူ့ကို တစ်နည်းနည်းနဲ့ လက်စားချေခဲ့ရတယ်။ ကျုပ် လက်ထက်ကျတော့လဲ ကျုပ်က ဖြစ်စေ၊ ကျုပ်နဲ့ညီအစ်ကို မောင်နှမထဲက ဖြစ်စေ၊ ရန်သူတစ ယောက် ယောက်ကို ဘယ်နည်းနဲ့မဆို ကြံဖန်ပြီးသတ်ရမယ်။ သည်တော့မှ ကျုပ်ဟာ ကျုပ်မိဘများရဲ့ စကားကို နားထောင်ရာ ရောက်မယ်လို့ အယူရှိကြတယ်။ အဲဒါ ကျုပ်တို့ ဘေး – ဘိုး – ဘီ – ဘင် လက်ထက်ကတည်းက ဆင်းသက်ပြီး လာတာ ကျုပ်လက်ထက်ရောက်လာခဲ့တာပဲ"

"နေပါဦး ဆရာလေးရဲ့၊ ရန်သူဆိုတာက ဘယ်သူလဲ"

"ကျုပ်တို့ အဆက်အနွယ်က မင်းမျိုးမင်းနွယ်ဖြစ်တယ် ကိုဘိုးထော်။ ရန်သူဆိုတာလည်း တခြားမဟုတ်ဘူး။ ကျုပ်တို့ မြန်မာဘုရင် မင်းဆွေမင်းမျိုးထဲကပဲ ...။ ဟံသာဝတီမှာ ဘုရင့်နောင် မရှိတဲ့နောက် ... တောင်ငူဘုရင် လက်ထက်ကတည်းကစပြီး မိန်းမတစ်ယောက်အတွက်နဲ့ ပတ်သက်လို့ တစ်ဖက်နဲ့ တစ်ဖက် အကြိတ်အခဲ မကျေနိုင်ဘဲ သတ်ဖြတ်လာလိုက်ကြတာ ဘကြီးတော် လက်ထက်က ရွှေဘိုမှာ ဗိုလ်နန္ဒနဲ့ ဗိုလ်သူရတို့ ဓါးချင်းယှဉ်ခုတ်ကြတယ်ဆိုတာလည်း ဒီကိစ္စပဲ။ ရွှေဘိုမင်းလက်ထက် စစ်ကိုင်းမြို့ ကျောက်စာဝန်ဦးမောင်း အသတ်ခံရတာလည်း ကျုပ်တို့ အဆက်အနွယ်ထဲကပဲ၊ ပုဂံမင်းလက်ထက်က မန္တလေးမြို့ မြောက်ပြင်မှာ မင်းသားကြီးဆိုတဲ့ လူတစ်ယောက် ခေါင်းပြတ်နေတာ တွေ့ရတယ်ဆိုတာလည်း ကျုပ်တို့အဆက်ပဲ။ ဒီလိုနဲ့ မင်းတစ်ဆက်က တစ်ဆက်ကူးပြောင်းလာခဲ့တာ ပုဂံမင်းက မင်းတုန်းမင်း ... သီပေါပါတော်မူပြီး အင်္ဂလိပ်လက်ထက်ရောက်တောင် ဒီအကြိတ်အခဲဟာ မကျေနိုင်ဘဲ တစ်ဖက်နဲ့ တစ်ဖက် ဘယ်မှာနေတယ် ထိုင်တယ်ဆိုတာ သတင်းစုံစမ်းပြီး လက်ဦးရာဘက်က အရင်သတ်ကြတာ ကျုပ်တို့ အဘိုးလည်း ကြိုးစင်မှာ သေရတာပဲ၊ သို့သော် ကျုပ်တို့ အဘေးကတော့ ရှမ်းပြည်ဘက်ကို တက်သွားလို့ အသက်ချမ်းသာရာရတယ်ဆိုပေမဲ့ ယခုထက်ထိ အသင်းအစအန မကြားရတော့ပါဘူးဗျာ။ သည်တော့ ကျုပ်လည်း နောက်ဆုံး သူဌေး ဦးပေါ်ကြွယ်ဆိုတဲ့လူကို သတ်လို့ ကြိုးစင်တက်ရမှာ စဉ်းစားကြည့်တော့ ကြောက်စရာမရှိလှပါဘူး ကိုဘိုးထော်"

ကျွန်ုပ်မှာ ဆရာလေး၏ အကြောင်းများကို ကြားရသောအခါ အံ့သြတွေဝေလျက်ရှိလေ၏။ ထို့နောက် ကျွန်ုပ်က ....

"ဆရာလေးက ကိုယ့်အဆက်အနွယ်တွေ တယ်သိပါကလား"

"သိဆို ကျုပ်တို့ အမျိုးအနွယ်တွေဟာ ရန်သူများကိုလက်စားချေဖို့ အကြောင်းရာဇဝင် အကိုးအကားနဲ့ ကျုပ်တို့ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက ထားပစ်ခဲ့တယ် ကိုဘိုးထော်ရဲ့၊ ခင်ဗျား ယုံလား"

"ဒီလိုဆိုရင် မယုံစရာမရှိပါဘူး ဆရာလေး"

"ဪ ... ဒါထက် ကျုပ် ရုပ်လက္ခဏာကြည့်ပြီး ကိုဘိုးထော် ဘယ်လို အကဲခတ်မိသလဲ ... ဆိုစမ်း"

"ကျုပ်ထင်သလောက်တော့ ဆရာလေးဟာ လူဆိုးတစ်ယောက် မဟုတ်ဘူး။ သစ္စာကတိရှိတယ်၊ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံပြီး သီလရှိတယ် ... ပြီးတော့ ..."

စကားမဆုံးမီ .... "တော်လောက်ပါပြီ ကိုဘိုးထော်၊ ခင်ဗျား အကဲခတ် မညံ့ဘူးဆိုတာ ကျုပ်သိပါပြီ၊ ဒါ့ထက် ခင်ဗျား ဆောင်ရွက်ရမယ့် ကိစ္စကို စကြစို့"

"ပြောပါ ဆရာလေး"

"ကျုပ်အမှုမှာ ဘယ်က ဆွေမျိုးညာတိမှမလာတဲ့အကြောင်း ခင်ဗျား မေးဖူးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"နို့ပေမဲ့ ကျုပ်ဟာ တစ်ကောင်ကြွက် မဟုတ်ပါဘူးဗျာ။ သားမယား ရှိပါတယ်။ သားကလေးတောင် အခုလောက်ရှိရင် (၁၃) နှစ်သားလောက်တော့ ရှိလောက်ရော့မယ်။ ကလေး (၁၀) နှစ်သားလောက်က ကျုပ် ထွက်လာခဲ့တာ အခု အိမ်ပြန်မရောက်တာ (၃) နှစ်ဆိုတော့ ရှင်ပြုချိန်လောက် ရောက်ရောပေါ့။ တောင်ငူကို ခင်ဗျား ရောက်ဖူးသလား"

"ရောက်ဖူးပါတယ်"

"တောင်ငူနယ် တောင်ပိုင်းမှာ ဖြူးမြို့ဆိုတာ ရှိတယ်"

"ရှိပါတယ် ဆရာလေး"

"အဲဒီမြို့ရဲ့ အနောက်ဘက် (၃) မိုင် ကျော်ကျော်လောက် ဝေးတဲ့ နေရာမှာ ကျွဲမကူးဆိုတဲ့ ရွာကလေးရှိတယ် ဦးဘိုးထော်ရဲ့။ ပဲခူးရိုးမကထွက် လာတဲ့ တောင်စွယ်တစ်ခုရဲ့ ခြေရင်းမှာ တည်ထားတဲ့ ရွာကလေးပေါ့၊ အဲဒီရွာ ကလေးမှာ အသက် (၄၀) လောက်ရှိတဲ့ မနှင်းနွယ်ဆိုတဲ့ မိန်းမတစ်ယောက်ကို တွေ့လိမ့်မယ်။ စာတစ်စောင်နဲ့ ကျုပ်လက်စွပ်ကို ပေးလိုက်မယ်။ စာကို မနှင်း နွယ်ကိုပြ မြလက်စွပ်ကို သေသေချာချာ ပေးလိုက်ပါ။ ကျုပ်သားကြီးတော့ ဒီလက်စွပ်ကို ဝတ်ပေးရမယ်။ ဘယ်လောက်ပဲ ကျပ်တည်းကျပ်တည်း ဒီလက် စွပ်ကို ဘယ်နည်းနဲ့မှ မရောင်းဖို့အကြောင်းကိုလည်း ပြောပါ"

"ကောင်းပါပြီ ဆရာလေး"

"ဒီလက်စွပ်ပြပြီး စာကိုပေးတဲ့အခါမှာ မနှင်းနွယ်က ကျုပ်တို့ ဘေး –ဘိုး–ဘီ–ဘင်– လက်ထက်ကတည်းကစပြီး သားစဉ်မြေးဆက် ကမ်းလှမ်း

http://www.cherrythitsar.org



ပေးအပ်ခဲ့တဲ့ ကြေးသေတ္တာကလေးတစ်လုံးကို ထုတ်ပေးလိမ့်မယ်။ အဲဒီ သေတ္တာထဲမှာပါတဲ့ ပေစာတွေကို ဖတ်ကြည့်တဲ့အခါကျမှ ကျုပ်တို့အဆက် အနွယ်ရဲ့ ရာဇဝင်ဟာ သာပြီး ထင်ရှားလာပါလိမ့်မယ် ကိုဘိုးထော်။ ရာဇဝင် က အတော်ကလေးရှည်လေတော့ အခုတော့ ကျုပ်ပြောပြဖို့ အချိန်မရှိလှဘူး။ အဲဒီစာဟာ သိုက်စာလို့ ဆိုရင်လည်း ဆိုနိုင်တယ်ဗျ။ ဘာပြုလို့လဲဆိုတော့ 'မဏိရတနာ မင်းသမီး'ကလေးကို မြှုပ်နှံထားခဲ့တဲ့အခါမှာ သူဝတ်ထားတဲ့ လက်ဝတ်လက်စား စိန်ရွှေရတနာတွေကို တစ်ခုမှ ဖြုတ်မယူလိုက်ဘူးတဲ့၊ ပုလဲ ပုတီးတစ်ကုံးတည်း အသပြာ တစ်သိန်းတန်တဲ့ အဲဒီအလောင်းရှိတဲ့ နေရာကို လည်း ပေစာထုပ်ထဲမှာ အညွှန်းနဲ့တကွ ခင်ဗျား တွေ့ရလိမ့်မယ် ပြီးတော့ တစ်ခုလည်း ရှိသေးတယ်"

"ပြောပါဦး ဆရာလေး"

"ကိုဘိုးထော် တစ်နေ့ညက မီးကွင်းတဲ့ လက်စွပ်အကြောင်းကို ပြော ဖူးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"မီးကွင်းရဲ့ ဘယ်ကမှာလဲ၊ တစ်ခါတည်း ရန်သူတွေတောင် နှိမ် နင်းနိုင်တဲ့ အစွမ်းရှိတဲ့ ကျောက်ကောင်းတွေ ရှိတယ် ကိုဘိုးထော်ရဲ့။ ဒီဘက်က ခင်ဗျားက ဗဟုသုတမရှိလှသေးဘူး၊ မီးကွင်းတဲ့ ကျောက်လောက်ပဲ တွေ့ဖူး သေးတယ်။ ကျုပ်ကတော့ ရခိုင်၊ တောင်ငူ၊ ဇင်းမယ်၊ ယိုးဒယားနဲ့ ရှမ်းပြည်တစ် ခွင် ပြုပြစ်စင်ရောက်ဘူးလေတော့ ဒီကျောက်မြတ်ရတနာတွေအကြောင်းကို သိတယ်။ ကြားလည်း ကြားဖူးတယ်။ ဘုရင့်နောင်ရဲ့ ပတ္တမြားလက်စွပ်အကြောင်း ကော ခင်ဗျား ကြားဖူးသလား"

"မကြားဖူးပါဘူး ခင်ဗျာ"

"ဘုရင့်နောင်ရဲ့ လက်ဝတ်တော်ဟာ ဘယ်လောက်များ စွမ်းသလဲ ဆိုရင် မင်းလောင်း သမိန်ထောရာမ ခေါင်းဆောင်တဲ့ သူပုန်များကို နှိမ်နင်းတဲ့ အခါမှာ ဒီပတ္တမြားလက်ဝတ်ရတနာကို အားပြုပြီး လက်စွပ်ထဲမှာ ပေါ်လာတဲ့ အရိပ်အရောင်ကို ခုတ်ရုံမျှနဲ့ သူပုန်တွေဟာ အတုံးအရုံး ကျဆုံးရလို့ မဟုတ် လားဗျ"

"ဒီလိုဖြင့် တယ်လည်း စွမ်းပေတာပဲ ဆရာလေး"

"ဘုရင့်နောင် နတ်ရွာစံပြီးတဲ့နောက် အဲဒီလက်ဝတ်တော်ဟာ တောင် ငူဘုရင် 'မင်းခေါင်' လက်ထဲကို တစ်နည်းနည်းနဲ့ ရောက်လာပြီး နောက်ဆုံး အခု ကျုပ်ပြောတဲ့ မဏိရတနာမင်းသမီး ကလေးအလောင်းကို မြှုပ်စဉ်အခါမှာ တစ်ခါတည်း ပါသွားသတဲ့ ကိုဘိုးထော်ရဲ့။ ဒီလက်ဝတ်ရတနာတစ်ခုနဲ့ပဲ ဒီ

http://www.cherrythitsar.org


သိုက်ဟာ ဘယ်လောက် အဖိုးထိုက်နေသလဲ။ အဲ ... မဏိရတနာ မင်းသမီး လေးနဲ့ ကျုပ်တို့ အမျိုးအနွယ်နဲ့ ဘယ်လို အဆက်အသွယ်ရှိခဲ့တယ် ဆိုတာသာ အဲဒီပေစာ ဖတ်ကြည့်တော့ သိပါလိမ့်မယ် ကိုဘိုးထော်။ ဒီပေစာကို ဖတ်ပြီး ဒီအညွှန်းအတိုင်း ခင်ဗျား လိုက်ချင်ရင် လိုက်နိုင်တယ်"

"သည့်ပြင် ပစ္စည်းတွေကိုတော့ မမက်မောပါဘူး။ အဲဒီလက်စွပ် တစ်ခုအတွက်နဲ့ပဲ ကျုပ်ဖြင့် စွန့်စားပြီး လိုက်တော့မယ် ဆရာလေး"

"ဩော် ... ဒါထက် အခုတင်က စကားကို ဆက်ပြောရဦးမယ်။ ကျုပ် လက်စွပ်ကို မနှင်းနွယ်ကို အပ်ပြီး ပေစာထုပ်ကို ခင်ဗျားရတဲ့အခါမှာ ကြည့်ရှုမှတ်သားပြီးတဲ့နောက် တစ်ခါတည်း ဖျောက်ဖျက်ပစ်စေချင်တယ်။ ကျုပ်သားကိုတောင် အသိမပေးစေချင်ဘူး။ ဟို ... ဘိုး–ဘေး–ဘီ–ဘင် လက်ထက်ကစခဲ့တဲ့ ရန်ငြိုးကို ကျုပ်လည်ပင်း စွပ်တဲ့ ကြိုးကွင်းမှာ အဆုံးသတ်စေ ချင်တယ် ဆိုပါတော့ ကိုဘိုးထော်"

"ကောင်းပါတယ် ဆရာလေး၊ ရန်စ၊ ကြွေးစ၊ မီးစ ဆိုတာ အကြွင်း မထားကောင်းပါဘူးဗျာ"

"အင်း ...ဒီရန်စငြိမ်းသွားရင် ကျုပ်သေပျော်ပါပြီဗျာ။ သို့သော် ခင်ဗျား ဆောင်ရွက်ဖို့အကြောင်း ဆက်ပြောရဦးမယ်။ ဒီလိုဗျ ... ဒီကနေပြီး တောင်ငူ နယ်ကို ရောက်အောင်သွားဖို့ စရိတ်စကအတွက် ကျုပ်မှာ တာဝန်ရှိတယ်"

"ဒီအတွက် ကိစ္စမရှိပါဘူး ဆရာလေး။ ကျုပ်ဟာ ကျုပ် ကြံဖန် သွားပါ့မယ်"

"မဟုတ်တာပဲဗျာ။ ကျုပ်တာဝန်ကို ကျုပ်ထမ်းရလိမ့်မယ်ဗျ။ ကျုပ်မှာ ငွေပါပါတယ် ဟောဒီမှာ စမ်းကြည့်စမ်း"

ဆရာလေးသည် ၎င်း၏ အင်္ကျီအနားပတ်ကို ကျွန်ုပ်အား စမ်းသပ် စေသဖြင့် ကျွန်ုပ်လည်း လက်ဖြင့် စမ်းကြည့်ရာ မာကျွတ်ကျွတ် စာရွက်ခေါက် ကလေးတစ်ခုကို တွေ့ရလေ၏။ ထို့နောက် ဆရာလေးသည် အင်္ကျီချိတ်တစ်ခု ဖြင့် အနားပတ်တွင် ချုပ်၍ထားသော အပ်ချည်ချုပ်ရိုးများကို တဖြည်းဖြည်း ကော်ထုတ်လေရာ အတွင်းမှ စက္ကူခေါက်ကလေးမှာ ၁၀၀ ကျပ်တန် ငွေစက္ကူ တစ်ချပ်ဖြစ်ကြောင်း တွေ့ရလေသည်။ ဆရာလေးသည် ထိုငွေစက္ကူကို ကျွန်ုပ်၏ လက်တွင်းသို့ထည့်၍ "ကိုင်း ... ကိုဘိုးထော် ခရီးစရိတ်အတွက် လက်ခံပါဗျ" ဟု ကျွန်ုပ်အား အတင်းပေးအပ်ပြီးနောက် "လက်စွပ်ကိုတော့ အခုမယူပါနဲ့ဦး ဗျာ ... ကျုပ်ကို ကြိုးပေးပြီး ကျုပ်ပေးမယ်"

"ဘာပြောတယ်။ ကျုပ်နားမလည်ပါဘူး"

"ကျုပ်ကို ကြိုးပေးပြီးတော့ ကျုပ်ပေးပါ့မယ်"

http://www.cherrythitsar.org


"ခင်ဗျားကို ကြိုးပေးပြီးရင် ခင်ဗျားက ဘာပေးနေစရာ လိုသေးသလဲ၊ အလောင်းမှာ ဖြုတ်ယူရုံပေါ့"

"အင်းလေ ... ကြည့်ကြသေးတာပေါ့၊ ဩော် ... ဒါထက် ကျုပ်တော့ စိတ်ချပြီနော် ကိုဘိုးထော်၊ ပြီးတော့ ခင်ဗျားနဲ့ တွေ့ရတာ ကျုပ်မှာ သိပ်ကံကောင်းတာပဲဗျာ ... ဟိုရောက်တော့သာ မနှင်းနွယ်ကို စိတ်ချမ်းသာရအောင် တတ်နိုင်သလောက် ခင်ဗျား ကြည့်ပြီး ပြောလိုက်ပေတော့ ... ဟုတ်လား"

"စိတ်ချပါဗျာ"

"ပေထုပ်ကိုလည်း ခင်ဗျားလိုရာကို ကူးယူမှတ်သားပြီး တစ်ခါတည်း ကိစ္စတုံး မီးသာရှို့ပစ်လိုက်ပါဗျာ"

"ရှို့လိုက်ပါ့မယ် ဆရာလေး ... စိတ်ချပါ"

"ပေစာမှာ ပါတဲ့သိုက်ဟာလည်း ကျုပ် မိန်းမများနေတဲ့ရွာက ၃ ညအိပ်ခရီးလောက် တောင်ပေါ်ကို တက်ပြီး သွားရတဲ့ နေရာမှာ ရှိလိမ့်မယ် ... ဒီဟာတော့ ခင်ဗျား သဘောတစ်ခုပဲ ... လိုက်လိုကလိုက် မလိုက်လိုရင်လည်း နေတာပေါ့။ နားလည်ပြီ မဟုတ်လား"

"နားလည်ပါပြီဗျာ"

ငင်းနောက် ကျွန်ုပ်တို့လည်း သံချောင်းခေါက်သံ ကြားရသည်နှင့် အိပ်ရာသို့ အသီးသီး ဝင်ကြလေ၏။

ကျွန်ုပ်မှာ ဆရာလေး ပေးသော ၁၀၀ ကျပ်တန်ငွေစက္ကူကို သင့်လျော်သောနေရာတစ်ခုတွင် ဝှက်ထားပြီးနောက် ဆရာလေး၏ စကားများကို အစမှ အဆုံးတိုင် သုံးသပ်ဆင်ခြင်လျက် ရှိသဖြင့် ရုတ်တရက် အိပ်မပျော်ဘဲ ရှိနေရာ ဆရာလေး၏ တဂျောက်ဂျောက်မြည်သော စိပ်ပုတီးသံ နားထောင်ရင်း ညဥ့်နက်မှ အိပ်ပျော်သွား၏။

*

သုံးရက်မြောက်သော နေ့၌ ဆရာလေးအား ကြိုးမိန့်ပေးလိုက်၏။ ဆရာလေးအား အယူခံဝင်မဝင် ရုံးကမေးမြန်းရာ မဝင်လိုကြောင်း ဖြေဆိုသဖြင့် ၇ ရက်မျှအကြာတွင် အပြစ်ဒဏ်ကို ခံယူရန် စောင့်ဆိုင်းလျက် ရှိနေခဲ့လေသည်။

ထိုရက်အတောအတွင်း၌ ဆရာလေးအား ကြိုးဒဏ်ခံရမည့် သူများထားရာ ကြိုးတိုက်တွင် ချထားခဲ့ပြီဖြစ်၍ ကျွန်ုပ်တွေ့ခွင့်မရဘဲ ရှိနေခဲ့ရာ အမိန့်ပေးသည့်နေ့ ညနေက တစ်ခဏမျှသာ ငင်းနှင့် မျက်နှာချင်းဆိုင်လိုက်၏။ ထိုအခါ ဆရာလေးက .... "ကျုပ်မှာတာတွေ အားလုံးမှတ်မိတယ်နော် ကိုဘိုးထော်" ဟု မေးသဖြင့် ကျွန်ုပ်က ကောင်းစွာမှတ်မိကြောင်းနှင့် ငင်းပြောခဲ့သည့်

http://www.cherrythitsar.org


အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါမည့်အကြောင်း ထပ်မံကတိပေးလိုက်သေး၏။

ကြိုးမိန့်ပေးခြင်းခံရသော တရားခံများမှာ အများအားဖြင့် စကားအပြော အဆိုမမှန်၊ အနေအထိုင် အသွားအလာ မမှန်ဘဲ ... ကယောင်ချောက်ချား ရှိနေတတ်ကြသော်လည်း၊ ဆရာကလေးမှာ တစ်စုံတရာ ဣန္ဒြေမပျက်ဘဲရှိနေခဲ့သဖြင့် ထောင်သားများနှင့်တကွ ၎င်း၏သတ္တိ ကောင်းပုံကို ထုတ်ဖော်ချီးကျူးမိကြသေး၏။ ကြိုးတိုက်သို့ ခေါ်၍သွားခါနီး၌ "လက်စွပ်ကို ကြိုးပေးပြီးတော့ ... ကျုပ်ပေးပါမယ်ဗျာ" ဟု ထပ်မံပြောသွားသေးသဖြင့် ကျွန်ုပ်မှာ ထိုအဓိပ္ပာယ် မရှိသော စကားကို ထပ်မံ ကြားရပြန်သောအခါ ပို၍အံ့အားသင့်မိ၏။ ဆရာလေးမှာ အပြင်၌ ဣန္ဒြေကောင်းသော်လည်း သွေးရူးသွေးတန်း ပြော၍သွားသော စကားပင်ဖြစ်ပေသလောဟု တွေးမိသေး၏။

ဆရာလေးအား ကြိုးပေးမည့်နံနက်မှာ အတော်ပင် ချမ်းအေးသောနေ့တစ်နေ့ဖြစ်၍ (၆) နာရီကျော်ကျော် အချိန်တွင် ကြိုးစင်ဆီမှ စကားတီးတိုးပြောဆိုသံများ ကြားရပြီးနောက် ... အောင်ကြီးဆိုသူ ဗာရာတစ်ယောက်သည် ထောင်မှူးကလေး အခန်းဆီသို့ ပြေးလာသည်ကို တွေ့ရလေ၏။ ကျွန်ုပ်က "ဟော့ ... အောင်ကြီး ... ဘာဖြစ်တာလဲကွယ်၊ ထောင်မှူးကြီးလည်း ပျာယီးပျာယာနဲ့ ပြန်သွားတာ မြင်လိုက်ရတယ် ... ဘာဖြစ်လို့လဲ"

"ကြိုးပြတ်ကျသွားတယ်။ ဒါကြောင့် ကျွန်တော် ကြိုးအသစ်လာယူရတယ် ဆရာ၊ ကျွန်တော်တို့ထောင်မှာ ဒီလိုတစ်ခါမှ မဖြစ်ဖူးဘူး ... သိပ်ထူးဆန်းတာပဲ၊ ဒီဆရာကလေးဆိုတဲ့ လူဟာ လူဆန်းတစ်ယောက်ပါပဲ ဆရာ"

အောင်ကြီးက မောကြီးပန်းကြီး ပြောလိုက်ရာတွင် ကျွန်ုပ်မှာ ယခင်ကထက်ပို၍ ဆရာလေးအပေါ်တွင် ကြည်ညိုစိတ်များ ဖြစ်ပေါ်လာမိ၏။ ထိုအခါမှ "ကျုပ်ကို ကြိုးပေးပြီးတော့မှ လက်စွပ်ကို ကျုပ်ပေးပါ့မယ်" ဟူသောစကားမှာ လေးနက်သော အဓိပ္ပာယ်ပါရှိသော စကားဖြစ်ကြောင်း၊ ဆရာလေးမှာ လူသာမန်တစ်ယောက် မဟုတ်ကြောင်း ကျွန်ုပ် စဉ်းစားမိ၏။

သို့သော် ဒုတိယကြိုး၌ကား ဆရာကလေးမှာ အသက်ပါ၍ သွားရာ၏။ လူတို့မှာမည်မျှပင် 'စွမ်း' စေကာမူ အစိုးရ၏အာဏာဖြင့် ပေးအပ်သောအပြစ်ဒဏ်ကိုကား၊ တွန်းလှန်ခုခံနိုင်မည် မဟုတ်ပေ။ 'စွမ်း' သည်ဆိုသူများလည်း အခါခပ်သိမ်း 'စွမ်း' နိုင်ကြမည် မဟုတ်ပေ။ အကုသိုလ်ကံ ဝင်ရောက်လာက ပျက်စီးရမည် မလွဲတည်း။

(၁၅) မိနစ်ခန့်ကြာသောအခါ ထောင်မှူးကြီးက ကျွန်ုပ်နှင့် တွေ့လိုကြောင်း ထောင်ပြာတာ တစ်ယောက်အား အခေါ်လွှတ်သဖြင့် ကျွန်ုပ်လည်း

http://www.cherrythitsar.org


လိုက်ပါသွားလေရာ၊ အလုပ်ခန်းသို့ ရောက်သောအခါ ထောင်မှူးကြီးသည် ကျွန်ုပ်အား ဆရာကလေးက လက်စွပ်တစ်ကွင်းကိုပေးခဲ့ကြောင်း ပြောပြီးလျှင် လက်စွပ်တစ်ကွင်းကို ပေးအပ်လေ၏။ လက်စွပ်မှာ ဆရာလေးလက်တွင် ဝတ်ထားသော ပတ္တမြားလက်စွပ်ကလေးဖြစ်ရာ ရွှေမှာ သုံးမူးသားခန့်ရှိပြီးလျှင် တောကလူများ ဝတ်လေ့ရှိသော 'ပန်းကွင်း' ပုံကွင်း၍ထား၏။ ကျောက်နီလုံးမှာ ရွှေးကြီးခန့်သာရှိသော်လည်း တွင်းထွက်ကျောက်စစ်နှင့်တူ၍ အရည်အသွေးမှာလည်း ကောင်းလှ၏။ ထိုလက်စွပ်ကို ကျွန်ုပ်လွတ်သောအခါမှ ပြန်ပေးပါရန် ပြောပြီးလျှင် ကျွန်ုပ်လည်းလက်စွပ်ကို ထောင်မှူးကြီးထံ အပ်နှံထားလိုက်လေ၏။

ထိုနေ့တစ်နေ့လုံး ထောင်သားများသည် အလုပ်လုပ်ရာတွင် စုရုံးမိတိုင်း ဆရာလေး၏အကြောင်းကို ပြောကြားပြီးလျှင် အချို့က ဆရာလေးမှာ မှော် ဆရာတစ်ယောက် ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကလည်း ကျွန်ုပ်အား ပေးခဲ့သော လက်စွပ်အတွက် ကြိုးပြတ်၍ ကျခြင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ အချို့ကလည်း အမှုစီရင်ခြင်းမှာမတရားသဖြင့် နတ်များ တန်ခိုးပြခြင်းဖြစ်သည်ဟူ၍လည်းကောင်း အမျိုးမျိုး ထင်မြင်ချက် ပေးလျက်ရှိကြကုန်၏။

ထိုည၌ ကျွန်ုပ်မှာ ဆရာလေး၏ အကြောင်းနှင့်တကွ ၎င်းပြောဆိုမှာကြားခဲ့သော စကားများကိုလည်းကောင်း ကျွန်ုပ်ထောင်မှ ထွက်သောအခါ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းကောင်း တွေးတောကာ မျက်စိကြောင်၍ နေသဖြင့် ရတ်တရက် အိပ်၍မရဘဲ နံနက်မိုးလင်းခါနီးမှ အိပ်ပျော်သွားလေ၏။

*

ရှည်လျားသော အတ္ထုပ္ပတ္တိကို အတိုချုပ်၍ ရေးရမည်ဆိုသော် ကျွန်ုပ် သည် ထောင်မှ လွတ်မြောက်သောအခါ အဝတ်အစား သင့်လျော်ရုံမျှ ဝယ်ခြမ်း ၍ မြင်းခြံမြို့မှ မီးရထားဖြင့် တောင်ငူဒိစတြိတ်ရှိ ဖြူးမြို့သို့ လိုက်ပါလာခဲ့၏။

ကျွန်ုပ်စီးခဲ့သော မီးရထားမှာ ၄ နံပါတ် အစုန်ရထားဖြစ်၍ တောင်ငူမြို့သို့ နံနက် ၂ နာရီတွင် ဆိုက်ရောက်ပြီးလျှင် ၃ နာရီခွဲလောက်တွင်မှ ဖြူးမြို့သို့ ဆိုက်ရောက်လေသည်။ ကျွန်ုပ်မှာ ထိုမြို့တွင် အသိအကျွမ်းလည်း မရှိ 'ကျွဲမကူး' ရွာသို့ သွားရန် အချိန်လည်း မလှသဖြင့် နံနက်လင်းသည့်တိုင်အောင် ဘူတာရုံတွင်း၌ပင် စောင့်ဆိုင်းလျက်ရှိနေခဲ့လေ၏။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ကျွဲမကူးရွာသို့ သွားရန် လမ်းကို စုံစမ်းလျက်ရှိလေရာ လူတစ်ယောက်သည် ဘူတာရုံမှ တောင်ဘက်သို့ ညွှန်ပြလျက် မီးရထားအလံတိုင်ကို ကျော်ပြီးသည့်နောက် လက်ယာဘက်သို့ ကျောက်တွဲများဆွဲရန် ခင်း၍ထားသော ရထားလမ်း အတိုင်း လိုက်

http://www.cherrythitsar.org



၍သွားက အနောက်တောင်ခြေရောက်သည်ဖြစ်၍ ထိုတောင်ခြေတွင် ကျွဲမကူးရွာ ရှိကြောင်း ညွှန်ကြားသဖြင့် သိရှိရ၏။

သို့ဖြစ်၍ ကျွန်ုပ်လည်း နံနက်စာကို အဝစားပြီးနောက် အခြားစား သောက်စရာများ အဝတ်ဖြင့်ထုပ်ပြီးသော် ရထားလမ်းအတိုင်း တောင်ဘက်သို့ လျှောက်ခဲ့လေ၏။ ၂ ဖာလုံခန့်သွားမိ၍ အလံတိုင်တစ်ခုသို့ ရောက်လျှင် လက်ယာဘက်သို့ခွဲလျှင် အနောက်ဘက်သို့ သွားသော လမ်းအတိုင်းလိုက်ခဲ့ ရာ ကျောက်ရထား လမ်းကလေးမှာ စိမ်းလန်းသော ကွင်းပြင်များ အလယ်တွင် ဖြူးလျက်ရှိလေ၏။ အနောက်ဘက်တွင် ရှိသော ပဲခူးရိုးမ၏ တောင်စွယ်မှာ ဂဝံကျောက်များ ထွက်သဖြင့် မီးရထားဌာနမှ ထိုတောင်ခြေတွင် 'ကျောက်တူး စခန်း' တစ်ခုဖွင့်ပြီးလျှင် ထိုလမ်းကလေးဖြင့် ဖြူးမြို့သို့အရောက် ကျောက်များ ကို သယ်ယူကြောင်း နောက်တွင် စုံစမ်းသိရှိရလေသည်။

တောင်ခြေမှာ (၃) မိုင် ကျော်ကျော် (၄) မိုင်နီးပါးမျှဝေးသဖြင့် ကျွန်ုပ် လည်း ခရီးအလယ်တွင် တွေ့ရသော လယ်တဲတစ်ခု၌ ခေတ္တမျှနား၍ ၁ နာရီမျှ သွားမိလတ်သော် တောင်ခြေသို့ ရောက်ခဲ့လေ၏။ တောင်စွယ်များမှာ မြောက် ဘက်မှ တောင်ဘက်သို့ စီတန်းလျက်ရှိလေရာ တောင်ခါးပန်းများမှာ သစ်ပင်ဝါး ပင်တို့ဖြင့် စိုပြည်စွာ ဖုံးအုပ်လျက်ရှိနေသော်လည်း တောင်ခြေနှင့် တောင်ကြား လမ်းများတွင် အလွန်ကြီးမားသော ကျောက်စိုင်ကျောက်ခဲကြီးများကို တွေ့မြင်ရ ၏။ ကျောက်ရထား လမ်းကလေးမှာ တောင်စွယ်နှစ်ခုအကြားသို့ ထိုးဝင်သွား ပြီးလျှင် 'ဒိုင်းနမိုက်' ဖြင့် ခွဲဖောက်၍ထားသော တောင်ကမ်းရှိ ကျောက်တုံးကြီး များမှာ အချို့နေရာများတွင် အစိတ်စိတ် အမြွာမြွာ ဖြစ်၍နေသည်ကို တွေ့ရ၏။ တောင်ကြားနှစ်ခုအတွင်းသို့ ဝင်သွားသော မီးရထားလမ်း တစ်ဖက်တစ်ချက်၌ ကား လေးငါးဆယ်ခန့်မျှသော တဲငယ်ကလေးများဖြင့် ဝိုင်းရံလျက် ရှိလေရာ ၎င်းတို့မှာ ကျောက်အလုပ်သမား ကူလီတဲများ ဖြစ်ဟန် လက္ခဏာရှိလေသည်။ ထိုနေရာနှင့် ၄ ဖာလုံခန့် အဝေးတွင် ကျွဲမကူး ရွာကလေးတည်ရှိ၏။

'ကျွဲမကူး' ရွာကလေးမှာ အိမ်ခြေ ၃၀ ခန့်သာရှိ၏။ ကျွန်ုပ်လည်း ဆရာလေး၏ ဇနီးမနှင်းနွယ်ကို အလွယ်တကူ ရှာဖွေတွေ့ရှိလေ၏။ မနှင်းနွယ် မှာ အသက် ၄၀ ခန့်မျှသာ ရှိသေးသော်လည်း တောသူတို့ဘဝ အလုပ်ကြမ်း များကို လုပ်ကိုင်ရဟန် လက္ခဏာရှိ၍ ၎င်း၏ ရုပ်အဆင်းမှာပို၍ အိုမင်းသည်ဟု မှတ်ထင်ရလေ၏။ ကျွန်ုပ်လည်း ပထမ၌ ဆရာလေး၏ အသိ မိတ်ဆွေတစ် ယောက်ဖြစ်ကြောင်းဖြင့် လှည့်ပတ်ပြောဆိုပြီးလျှင် မိတ်ဖွဲ့လေရာ မနှင်းနွယ် သည် လက်ဖက်ရည်ကြမ်း၊ ချေသားခြောက်၊ ကောက်ညှင်းဆိုင်ထန်းလျက် အစရှိသော တောဓလေ့ အစားအသောက်တို့ဖြင့် ဖော်ရွေစွာ ဧည့်ခံရှာလေ၏။

http://www.cherrythitsar.org


ဆရာလေး၏အကြောင်းကို မေးမြန်းကြည့်ရာတွင် ဆရာလေးမှာ အိမ်တွင် တစ်နှစ်အတွက် စားစပါး၊ မျိုးစပါး၊ ရေ၊ မီး၊ ထင်းမှ စ၍ လုံလောက်စွာထားခဲ့ပြီးလျှင် ဆေးဝါးများ ရှာဖွေရန် အထက်မြို့ ကျေးရွာသို့ တက်သွားသည်မှာ (၃) နှစ်ကျော်မျှ ရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့တိုင် သတင်းမကြားရကြောင်းဖြင့် ပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်း မနှင်းနွယ်အား စိတ်ကို ငြိမ်သက်စွာထား၍ ချုပ်တည်းစေရန် ဖျောင်းဖျပြောဆိုပြီးသော် ဆရာလေး ပေးလိုက်သောစာနှင့် လက်စွပ်ကို ထုတ်၍ပေး၏။ မနှင်းနွယ်သည် စာကိုဖတ်ပြီးနောက် အခြားမိန်းမများကဲ့သို့ ရှိုက်ကြီးတငင် ဟစ်အော်ငိုကြွေးခြင်း မပြုဘဲ မျက်ရည်ပေါက်ကြီးများကျ၍ လာပြီးလျှင် ကြိတ်မနိုင်ခဲမရဖြစ်၍ နေဘိသကဲ့သို့ နှုတ်ခမ်းများမှာ သွေးများစို့၍ လာသည့်တိုင်အောင် အံကြိတ်၍ ထားလေ၏။ ကျွန်ုပ်ကလည်း တတ်နိုင်သမျှ တရားနည်းလမ်းပြ၍ ၎င်းအား နှစ်သိမ့်စေရ၏။

အတန်ငယ်မျှ စိတ်သက်သာရာ ရသောအခါ မနှင်းနွယ်သည် မျက် ရည်များကို သုတ်ပြီးနောက် ....

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... ဒီပေစာထုပ်ပါပဲ။ သူတို့ တစ်မျိုးလုံး တစ်ဆွေလုံးကို နှိပ်စက်နေတာ၊ သူတို့ အမျိုးကိုက ကျိန်စာသင့်နေတဲ့အမျိုးပဲ မောင်ကြီးရဲ့၊ သူတို့ အဆက်အနွယ်ထဲက သေခြင်းဆိုးနဲ့ သေရတဲ့လူပေါင်းဘယ်လောက်များပြီလဲ ... ပေးမယ် ... ပေးမယ် ... သည့်လောက်တောင် သားစဉ်မြေးဆက်နှိပ်စက်နေတဲ့ ပေစာ မောင်ကြီး ယူသွားပေတော့" ဟု ပြောပြောဆိုဆိုနှင့်ပင် တူရွင်းတစ်ချောင်းကို ကိုင်ကာ အိမ်ပေါ်မှ ဆင်း၍ တောင်ခြေဆီသို့ လျှောက်သွားလေ၏။

နာရီဝက်ခန့်မျှ ကြာသောအခါ မနှင်းနွယ်သည် ရွှံ့စေးများကပ်လျက်ရှိသော အလျားတစ်တောင်၊ အနံတစ်မိုက်ခန့်ရှိ ကြေးဝါဖြင့် ပြုလုပ်ထားသော သေတ္တာကလေး တစ်လုံးကို ပိုက်၍ ပြန်လာခဲ့ပြီးလျှင် သေတ္တာကို ကျွန်ုပ်အား ပေးအပ်ပြီးနောက် "သူ့စာထဲမှာ ပါတဲ့အတိုင်း မောင်ကြီး ကြည့်ရှုပြီး ဖျက်ဆီးပစ်လိုက်ပါတော့ မောင်ကြီးရယ်"

"ကောင်းပါပြီ မနှင်းနွယ်"

"ဒီအထဲမှာပါတဲ့ ပေစာထုပ်ဟာ သူတို့ဘေးဘိုး ဘီဘင်လက်ထက်ကစပြီး၊ သားစဉ်မြေးဆက် တစ်လက်က တစ်လက် ပြောင်းပြီး လာခဲ့တာ၊ ဆရာလေး လက်ထက်သာ ရောက်ကရော ဘယ်တော့မှ ကောင်းကျိုးမပေးခဲ့ပါဘူးရှင်၊ သူ့အပြောက သူတို့အဘိုး ... အဘေးလက်ထက်ကတည်းက အငြိုးထားခဲ့တဲ့ ရန်သူတွေကိုလိုက်ရှာပြီး၊ တစ်နည်းနည်းနဲ့ ကြံဖန်သတ်ရတဲ့ အလုပ်တဲ့ရှင့်၊ အခု သူစီစဉ်တဲ့အတိုင်း မောင်ကြီးက ဒီသေတ္တာယူပြီးနောက်ဆုံး

http://www.cherrythitsar.org


ဖျောက်ဖျက်ပစ်လိုက်ရင် ကျွန်မသားကလေးလည်း ဒီဟာတွေ မသိတော့ဘူး။ ဒီရန်လည်း နှစ်ဦးနှစ်ဖက်တစ်ခါတည်း အေးသွားတော့မှာပါပဲ၊ ဒီဟာအကောင်း ဆုံးပါပဲရှင်"

"ဩော် ... ဒါထက် ... ကလေး မမြင်ပါကလား"

"သူများဆီမှာ အခစား ထားရတယ် မောင်ကြီးရယ် ...။ အခု အချိန် တောထဲမှာ နွားကျောင်းပြီး နေမှာပေါ့"

ကြေးဝါသေတ္တာကလေးမှာ အပေါ်ယံတွင် ကြေးညှိများ၊ ရွှံ့စေးများ ဖြင့် ပေကျန်လျက် ရှိနေသော်လည်း ၎င်းတို့ကို ဆေးကြော သုတ်သင်လိုက် သောအခါ အရောင်များထွက်၍လာပြီးလျှင် လှပသော ခြူးပန်းခြူးနွယ်များ ပေါ်၍လာ၏။ သေတ္တာမှာ သော့မရှိဘဲ၊ အံဖုံးအထစ်တစ်မျိုးဖြင့် ပြုလုပ်ထား လေရာ ပန်းများထုလုပ်ပုံနှင့်တကွ၊ သေတ္တာပြုလုပ်ပုံမှာ အလွန်ရှေးကျသော လက်ရာတစ်ခုဖြစ်လေသည်။ ကျွန်ုပ်လည်း အဖုံးနှင့်သေတ္တာ ကိုယ်အကြားတွင် ကိုက်၍နေသော အညစ်အကြေးများကို ဓားဦးဖြင့် ကော်ထုတ်ပြီးနောက် သေတ္တာကိုဖွင့်လေရာ နောက်ဆုံး၌ သေတ္တာပွင့်သွားလေ၏။ သေတ္တာအတွင်း၌ ကား ပေရွက်များကိုညီညာစွာစည်းနှောင်၍ အချိန်တာရှည်စွာခံစေရန် ဖယောင်း ဖြင့် လိမ်းကျံဖုံးအုပ်ထားသည်ဖြစ်ရာ ကျွန်ုပ်လည်း ပေရွက်များကို တစ်ရွက်စီ စိတ်ပါဝင်စားစွာ ဖတ်ရှုလေ၏။

ပေရွက်ပေါ်တွင် တွေ့ရသောစာများမှာ အလွန်သေးငယ်သော လက် ရေးဖြင့် ရေးထားပြီးလျှင် သက္ကရာဇ်များကို ကြည့်ရခြင်းအားဖြင့် ထိုပေစာထုပ် မှာ နှစ်ပေါင်း ၄၀၀ နီးပါးမျှရှိပြီဖြစ်ကြောင်း တွေ့ရ၏။ စာမူများမှာ အတော် အတန် ရှည်လျား၍ ဆရာလေး၏ အဆက်အနွယ်များကို အစဉ်အတိုင်း ဖော် ပြထားလေသည်။

*

ပေစာ၌ပါသော အကြောင်းအရာများမှာ ....

ထိုအချိန်သည်ကား ... ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်သည် အထွဋ် အထိပ်ရောက်ပြီးသည့်နောက် နှစ်ပေါင်း အတော်ကြာရှိပြီဖြစ်၍ ညီတော် တောင်ငူမြို့စား မင်းခေါင်သည် ကေတုမတီတောင်ငူမြို့တွင် ထီးနန်းစိုးစံလျက် ရှိလေသည်။

မင်းခေါင်မင်းကြီးတွင် မိဖုရားငယ်တစ်ပါးမှ မွေးဖွားသော သမီး တော်တစ်ပါးသည် အသက် (၁၆) နှစ်မျှရှိလတ်သော် ရုပ်ဆင်းလက္ခဏာ ကြန် အင်္ဂါနှင့် ပြည့်စုံ၍ ၎င်း၏သတင်းမှာ အတိုင်းတိုင်း အပြည်ပြည်တွင် မွေးလျက် ရှိလေ၏။

http://www.cherrythitsar.org


ခမည်းတော် 'မင်းခေါင်' ဘုရင်သည် သမီးတော်အား လွန်စွာချစ် မြတ်နိုးတော်မူပြီးလျှင် အရွယ်ရောက်ပြီဖြစ်ရကား သမီးတော်နှင့်ထိုက်သင့်သော ကြင်ဘက်တော်ကို ကြည့်ရှုရှာဖွေလျက်ရှိလေသည်။

ဇင်းမယ်မြို့စား၌လည်း သားတော်များအနက် နန္ဒကျော်ထင် နော်ရထာဆိုသူသည် ဓားခုတ်၊ လှံထိုး၊ ဆင်စီး၊ မြင်းစီးအတတ်တွင် အခြားမင်းညီမင်းသားများထက် ကျွမ်းကျင်လှသည်ဖြစ်၍ တစ်နေ့သ၌ ထကြွလျက်ရှိသော ဆင်ရိုင်းတစ်ကောင်၏ရန်ကို နှိမ်နင်းရန် မင်းကြီးမင်းခေါင်သည် တူတော်မောင် ဇင်းမယ် နော်ရထာထံ အကျိုးအကြောင်းသဝဏ်လွှာများ ပို့လေ၏။ ထိုအခါ ဇင်းမယ်နော်ရထာသည် ထိုကိစ္စနှင့် အသင့်လျော်ဆုံးဖြစ်သော သားတော် နန္ဒကျော်ထင်နော်ရထာအား ၎င်း၏ငယ်ကျွန် နောက်ပါ အခြွေအရံများနှင့်တကွ တောင်ငူမြို့သို့ချီတက်စေ၏။ ထိုအကြောင်းကို ကြားသောအခါ မင်းကြီး မင်းခေါင်လည်း လွန်စွာ နှစ်သိမ့်အားရတော်မူပြီးလျှင် မင်းသားကလေးအား မြို့၏အရှေ့ဘက် တံခါးဝမှ အဆောင်အယောင်တို့ဖြင့် ကြိုစေ၏။

မင်းသားကလေးသည် မြို့ထဲတွင် တစ်ညဉ့်မျှသာ စံနေ၍ နောက်တစ်နေ့တွင် တောင်ငူမြို့၏ အရှေ့ဘက်တောနက်ထဲသို့ နောက်လိုက် အခြွေအရံများဖြင့် ဆင်ရိုင်းရန်ကို နှိမ်နင်းရန် ထွက်ခဲ့ရာ မြို့မှ (၃) တိုင်မျှ ဝေးသော တောတစ်ခုသို့ ရောက်လတ်သော် အလွန်အရိပ်အာဝါသကောင်းသည့် အင်ပင်ကြီးများ အလယ်တွင် အေးမြကြည်လင်သော ချောင်းငယ်တစ်ခုကိုလည်း တွေ့ရသည်နှင့် ထိုနေရာတွင် တပ်စွဲစခန်းချလေ၏။

ဆင်ရိုင်းသောင်းကျန်းလျက်ရှိသော တောမှာ မင်းသားကလေး စခန်းချသည့်နေရာနှင့် ခရီးတစ်တိုင်မျှသာ ဝေးသဖြင့် မင်းသားကလေးသည် နေ့အချိန်များ၌ လက်ဖွဲ့လူစွမ်းကောင်းများနှင့်အတူ ဆင်ဖမ်းရန် တောသို့ ထွက်လျက် ညနေစောင်းသောအခါ တဲစခန်းသို့ ပြန်လေ့ရှိ၏။ (၉) ရက် မြောက်သောနေ့၌ ဆင်ရိုင်းမှာ အတော်ပင် အနာတရဖြစ်ခဲ့လျက် ၁၁ ရက်မြောက်သောနေ့တွင် အပြီးတိုင်သတ်ဖြတ် နှိမ်နင်းရရှိခဲ့လေသည်။

တောထဲတွင် တစ်ညဉ့်မျှစံခဲ့၍ နောက်တစ်နေ့၌ ငယ်ကျွန်များအား ဆင်ရိုင်းများ၏ အစွယ်နှစ်ချောင်းကို ဖြတ်စေပြီးသော် မင်းသားကလေးတို့လူစုသည် မြို့တော်သို့ ပြန်ခဲ့ကြပြီးနောက် ဘုရင်မင်းခေါင်အား အလွန်လှပသော ဆင်စွယ်နှစ်ချောင်းကို ဆက်သကြလေ၏။ ဘုရင်မင်းခေါင်သည် မင်းသားကလေး၏ ရဲရင့်သော သူရသတ္တိကို နှစ်သိမ့်အားရတော်မူလှ၍ ပြည်တော်သို့ ရုတ်တရက် မပြန်စေသေးဘဲ နန်းတော်အတွင်း၌ပင် တစ်လကိုးသီတင်းခန့် ပျော်ပါးစွာ နေထိုင်ရန် တားဆီး၍ ထားခဲ့လေ၏။

http://www.cherrythitsar.org



ထိုအချိန်၌ကား ဘုရင်ကြီးသည် သမီးတော် မဏိကလျာအတွက် သမက်တော်ရွေးချယ်လျက် ရှိနေစဉ် ဖြစ်ရကား မြေးတော် နန္ဒကျော်ထင် နော်ရထာအား အပါးတော်သို့ ခေါ်ပြီးလျှင် ဤအကြောင်းကို အလုံးစုံ ဖွင့်လှစ်တိုင်ပင်တော်မူရာ မင်းသားကလေးမှာ ငြင်းပယ်ရန် လွန်စွာခဲယဉ်းလျက်ရှိရကား ဤကိစ္စမှာ ခမည်းတော်ဘုရား၏ သဘောတစ်ခုဖြစ်ပါကြောင်းဖြင့် လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးသည် မိမိ၏တူတော်မောင် ဇင်းမယ်နော်ရထာထံ သဝဏ်လွှာများ ပို့ဆက်စေလွှတ်ရာ မကြာမီပင် သဘောတူညီလှပါကြောင်းနှင့် သဝဏ်များ ပြန်လည်ရရှိခဲ့လေသည်။

ထိုအချိန်၌ စစ်သူကြီးဗလမင်းထင်ဆိုသူသည် ဘုရင်မင်းကြီး၏ အမှုတော်ကို ထမ်းရာ၌ သက်စွန့်ကြိုးပမ်းအမှုတော်ကို ထမ်းရွက်သဖြင့် သူကောင်းပြုခြင်းကို ခံရသူဖြစ်၏။ ဟံသာဝတီ နယ်စပ်တွင် ထကြွသော သူပုန်အသေးအမွှားတို့ကို ကိုယ်တိုင်ထွက်၍ လက်နက်ဗိုလ်ပါ အလုံးအရင်းနှင့် တိုက်ခိုက်ရာတွင် အောင်နိုင်ခဲ့သဖြင့် ဘုရင်မင်းကြီးလည်း ဗလမင်းထင်အား များစွာသော ဆုတော်လာဘ်တော်များဖြင့် ချီးမြှင့်တော်မူလေသည်။

ဘုရင်မင်းကြီးချီးမြှင့်သော ဆုတော်လာဘ်တော်များကား စစ်သူကြီး ဗလမင်းထင်အတွက် အချည်းနှီးပင်ဖြစ်ခဲ့၏။ အကြောင်းသော်ကား ဗလမင်းထင်သည် သမီးတော်မဏိကလျာကိုသာလျှင် လိုလားသည့်အတွက် ဤမျှလောက် သက်စွန့်ကြိုးပမ်း ဘုရင့်အမှုတော်ကို ထမ်းဆောင်ခဲ့ခြင်း ဖြစ်လေသည်။

ဗလမင်းထင်မှာ အသက် ၂၅ နှစ် ခန့်ရှိပြီဖြစ်၍ မင်းသမီးကလေးထက် (၉) နှစ်ခန့်မျှကြီး၏။ ကြံ့ခိုင်ထွားကြိုင်းသော ရုပ်လက္ခဏာရှိပြီးလျှင် ငယ်စဉ်မှစ၍ တိုက်ရေးခိုက်ရေးတွင် လေ့ကျက်ခဲ့သောကြောင့် ခက်ထရော်ကြမ်းတမ်းသော မျက်နှာရှိ၏။ စစ်ရေးစစ်ရာ ကြံရည်ဖန်ရည်ရှိ၏။ ပရိယာယ်များ၍ ကောက်ကျစ်သော ဉာဏ်နှင့်လည်း ပြည့်စုံလေ၏။ ဓားချင်းယှဉ်ပြိုင်သတ်ပွဲတစ်ပွဲ၌ နန်းတွင်းသူနန်းတွင်းသားများ ကြည့်ရှုရလေရာ ဗလမင်းထင်သည် မဏိကလျာမင်းသမီးလေးအား တစ်ကြိမ်မျှ နီးကပ်စွာ တွေ့မြင်လိုက်ရသည့် စွဲမက်သော ဥပါဒါန်ကို ထိုအချိန်မှစ၍ မဖျောက်ဖျက်နိုင်ဘဲ ရှိနေခဲ့လေသည်။

မဏိကလျာ၌မူကား အစိမ်းသက်သက်မျှဖြစ်၍ ချစ်ခင်ဟန်ရှိသော်လည်း ပရိသတ်စုံသော မင်းပွဲအလယ်၌ ဣန္ဒြေကိုသာ ဆယ်ခဲ့ရ၏။

ထိုအခါမှစ၍ ဗလမင်းထင်နှင့် မဏိကလျာမင်းသမီးတို့သည် မျက်လုံးချင်း စွန်းငြိချစ်ခင်လျက်ရှိကြကုန်ရာ နောက်ဆုံး၌ ဗလမင်းထင်သည် မင်းသမီးအတွင်းဆောင်တွင် ခစားသော အပျိုတော်တစ်ဦးမှတစ်ဆင့် သဝဏ်လွှာ

http://www.cherrythitsar.org


များဖြင့် ကူးလူးဆက်ဆံလျက်ရှိခဲ့လေသည်။ ဗလမင်းထင်ကမူကား မိမိမှာ သာမန်စစ်ဗိုလ်တစ်ယောက်မျှသာဖြစ်၍ ဘုရင့်သမီးတော်၏အချစ်ကို မမျှော်လင့်ဝံ့ကြောင်း၊ ဘုရင့်သမီးမှာ ဘုရင့်သားနှင့်သာ ထိုက်တန်ကြောင်း၊ မိမိ၏ မေတ္တာမှာ မမီသောပန်းကို တုံးချ၍လှမ်းသည်နှင့်တူကြောင်း၊ အစရှိသော ညှုလုံးတို့ကိုသုံးလျက်ရှိရာ၊ ချစ်ခြင်းမေတ္တာတို့မည်သည် ရိုးဖြောင့်စွာ ဖွင့်လှစ်ပြောဆိုခြင်းတို့ထက် 'ခနိုးခနဲ့' ပြောခြင်းကို သဘောကျတတ်ရကား၊ တတိယ သဝဏ်လွှာတွင် မိမိဘက်သို့ ပါလာပြီဖြစ်ကြောင်းသိရ၏။ ၎င်းအကြံမှာ အကယ်၍ ဘုရင်မင်းမြတ် သဘောတော်မကျခဲ့သော် မဏိကလျာအား တိုင်းတစ်ပါးသို့ ခိုးယူထွက်ပြေးရန်ပင် ဖြစ်လေသည်။ သို့သော် ကံအားလျော်စွာ နန္ဒကျော်ထင်နော်ရထာနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားသည့်အခါ၌ကား ဗလမင်းထင်မှာ စစ်ထွက်နေသည့် အချိန်ဖြစ်၏။

ဗလမင်းထင် မျှော်မှန်းချက်ကား လွဲခဲ့လေပြီ။ အဘယ်ကြောင့်ဆိုသော် မင်းကြီးမင်းခေါင်သည် နန်းတော် မြေလွတ်၏အလယ်တွင် ခမ်းနားကြီးကျယ်သော လက်ထပ်တဲနန်းကို ထိုးစေလျက် မင်းပုဏ္ဏားများနှင့် အခါ ကောင်းရက်ကောင်းများကို ရွေးချယ်ပြီးလျှင် နန္ဒကျော်ထင် နော်ရထာနှင့် မဏိကလျာ မင်းသမီးလေး၏ ထိမ်းမြားမင်္ဂလာ အခမ်းအနားကို ကြီးကျယ်စွာ ကျင်းပပြုလုပ်စေ၏။ သမီးတော်ကို မြတ်နိုးတော်မူလှ၍လည်း မိမိ၏လက်ဝတ်ရတနာကို ချီးမြှင့်ပေးသနားတော်မူလေသည်။

ထိုညဥ့်၌ မင်းသမီးလေး၏ အဆောင်တော်တွင် ညဥ့်သူငယ်အိပ်ဆိတ်အချိန်၌ အောက်ပါအတိုင်း ဖြစ်ပျက်ခဲ့၏။

မဏိရတနာ မင်းသမီးသည် အဆောင်တော်အတွင်းသို့ ဝင်သွားရာ တစ်ခဏမျှ ကြာလတ်သော် မင်းသားကလေးသည် အဆောင်တော်အတွင်းသို့ လိုက်ပါသွားလေ၏။ သို့သော် အဆောင်တော်အတွင်း၌ကား မင်းသမီးကလေးကို မတွေ့ရချေ။ သလွန်တော်၏အောက်၌လည်းကောင်း၊ အခန်းထောင့်များ၌လည်းကောင်း မျက်နှာကြက်ပေါ်က်၌ပင် မကျန်ရှာဖွေသော်လည်း မတွေ့ရသဖြင့် မင်းသားကလေးမှာ စိုးရိမ်ထိတ်လန့်၍ လာပြီးလျှင် အခန်းပြင်သို့ အပျိုတော်များ အဆောင်ကိုင်များနှင့် တံခါးမှူးများကို ပြောကြားလေ၏။ ထိုအခါ အားလုံးပင် ဝိုင်းဝန်း၍ မီးရှူးမီးတိုင်များ ထွန်းညှိကာ တစ်ခန်းလုံး နှံ့စပ်အောင် ရှာဖွေကြသော်လည်း မင်းသမီးကလေးကို မတွေ့ရတော့ချေ။

မင်းသမီးကလေးမှာ မြေမြို၍ သွားဘိသကဲ့သို့ အကယ်ပင် ပျောက်၍ သွားလေသည်။ အခန်းမှာ လုံခြုံသော အခန်းတစ်ခုဖြစ်၍ မင်းသားကလေး ဝင်သော အပေါက်မှတစ်ပါး အပြင်သို့ ထွက်ရန် အပေါက်ဟူ၍ မရှိချေ။ အပြင်

http://www.cherrythitsar.org


၌ တံခါးမှူးများ စောင့်ကြပ်လျက်ရှိသည်ဖြစ်၍ အပြင်သို့ တိတ်တဆိတ် ထွက်သွားမည်ဆိုက မြင်နိုင်လောက်၏။ ဤအကြောင်းကို ညဥ့်တွင်းချင်းပင် ဘုရင်ကြီး ရွှေနားတော် ပေါက်ကြားလေရာ နန်းတော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကာ လိုက်လံရှာဖွေကြကုန်၏။ သို့သော် မင်းသမီးလေး၏ အရိပ်အငွေ့ကိုမျှ မတွေ့ရဘဲ အချည်းနှီးပင် ရှိခဲ့လေ၏။

နောက်တစ်နေ့ ညနေစောင်းအချိန်၌ မင်းသားကလေး စံမြန်းသောအဆောင်ပြင် ဝင်းထရံတိုင်၌ ပေရွက်ကလေးတစ်ရွက်ကို အဆောင်ကိုင်များ တွေ့သဖြင့် မင်းသားကလေးအား ဆက်သရာ ပေရွက်၌ အောက်ပါအတိုင်း တွေ့ရ၏။

> 'မဏိကလျာကို တွေ့လိုက ယခုည သက်ကြီးခေါင်းချအချိန်တွင် မြို့၏ အရှေ့တံခါးနှင့် တည့်တည့် သရက်ပင်ကြီးအောက်သို့ မင်းသားကလေး ကိုယ်တိုင် တစ်ယောက်တည်း မြင်းစီး၍ လာခဲ့လျှင် ခေါင်းမြီးခြုံ၍ ထားသော မြင်းစီးယောကျာ်းတစ်ယောက်ကို တွေ့လိမ့်မည်။ ထိုသူလမ်းညွှန်သည့်အတိုင်း လိုက်ပါသွားက မဏိကလျာမင်းသမီးကို တွေ့ရမည်။'
>
> 'အဆွေတော်'

စာ၌ ရက်စွဲနှင့်တကွ ပါရှိလေသည်။ ဤစာကိုဖတ်ရသောအခါ မင်းသားကလေးသည် များစွာ မယုံကြည်လှသော်လည်း ထူးဆန်းလှသည်ဖြစ်၍ ပေစာ အညွှန်းအတိုင်း သွားရောက်ရန် မိမိ၏မြင်းကို နေဝင်သည်နှင့် တစ်ပြိုင်နက် အသင့်ပြင်ဆင်ထားရှိစေ၏။

သူငယ် အိပ်ဆိတ်အချိန်သို့ ရောက်လတ်သော် မင်းသားကလေးသည် အသင့်ပြင်ထားသော မြင်းပေါ်သို့ တက်ပြီးလျှင် နန်းတော်မှ ထွက်၍ မြို့၏အရှေ့တံခါးသို့နှင်လေ၏။ အရှေ့တံခါးသို့ ရောက်သောအခါ တံခါးမှူးများသည် မင်းသားကလေးမှန်းသိသဖြင့် တံခါးဖွင့်၍ ပေးသည်နှင့် အရှေ့စူးစူးသို့ ထွက်ခဲ့လေ၏။ မြို့တံခါးနှင့် တစ်ခေါ်သာသာလောက် ဝေးသောနေရာ၌ကား အဓိကရ သရက်ပင်ကြီးတစ်ပင်ရှိ၍ ထိုသရက်ပင်အောက်၌ မြင်းစီးသမားတစ်ယောက်ကို ခပ်လှမ်းလှမ်းမှပင် မြင်ရသဖြင့် မင်းသားကလေးသည် ကြောက်ရွံ့ခြင်းကင်းမဲ့စွာ ထိုသူရှိရာသို့ မြင်းကိုနှင်လေ၏။

အနီးသို့ ရောက်လတ်သော် မင်းသားသည် မြင်းဇက်ကို သတ်လိုက်ပြီးနောက် "အဆွေတော်၏ ကတိအတိုင်း မင်းသမီးရှိရာ အရပ်ကို ညွှန်ပြပါလော့" ဟု ပြောလေလျှင် ထိုသူသည် မင်းသားအား တစ်စုံတစ်ရာ စကားပြန်၍ မပြောဘဲ နားလည်သည့်ဟန်ဖြင့် ဦးခေါင်းကို တစ်ချက်မျှ ညိတ်ပြီးနောက်

http://www.cherrythitsar.org



မြင်းကို အရှေ့ဘက်သို့ နှင်လေရာ မင်းသားလည်း ၎င်းနောက်မှ လိုက်လေ၏။ ထိုသူ၏မျက်နှာမှာ တစ်ခုလုံးကို တဘက်တစ်ထည်ဖြင့် သိုင်းခြုံ၍ ထားသဖြင့် မျက်နှာကို ကောင်းစွာ မမြင်ရသော်လည်း နှုတ်ခမ်းမွေးများကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် အသက်ကြီးရင့်သူတစ်ယောက်ဖြစ်ကြောင်း ခန့်မှန်းရ၏။

ထိုနေ့မှာ လဆန်း (၇) ရက်နေ့ဖြစ်သဖြင့် မှုန်ရီမှုန်မွှားသာလျက်ရှိသော လရောင်သည် များစွာအင်အား မရှိလှဘဲ ဆီးနှင်းများအကြားမှ တိုးဖော့ကျဆင်းလျက်ရှိလေရာ အေးချမ်းသော လေပြည်သည်လည်း မြင်းစီးသမားများအား ရှေ့တူရူမှ ဆီးကြိုနှုတ်ဆက်ဘိသကဲ့သို့ ရှိ၏။

ရှေ့မှ ခေါင်းမြီးခြုံ၍ ထားသော သူသည် မြင်းကို ခပ်သုတ်သုတ်နှင်လေရာ မင်းသားကလေးသည် ခပ်သုတ်သုတ်နှင်၍လိုက်လေ၏။ ဤနည်းအားဖြင့် ရှေ့ကလူ မြန်လျင်မြန်ခြင်း ရှေ့ကလူ နှေးလျှင်နှေးခြင်း မြင်းများကို စိုင်း၍သွားကြရာ ခရီး (၁) တိုင်ခန့်မျှ သွားမိလေသော် လက်ယာဘက်သို့ အတန်ငယ် ချိုးပြီးနောက် အင်ပင်ကလေးများ ပေါက်လျက်ရှိသော နေရာမှ ဖြတ်၍ မြေကွက်လပ်တစ်ခုသို့ ရောက်လာခဲ့ကြလေ၏။ ထိုနေရာမှာ သစ်ပင်များ အတန်ငယ် ရှင်းလျက် ကွက်လပ်ကလေးသည် တောင်ပူစာတစ်ခုကို ဦးတိုက်လျက် တည်ရှိလေသည်။ တောင်ကမ်းပါးယံ၌ကား ဂူတစ်ခုရှိရာ ထိုဂူဝရှေ့ မနီးမဝေးတွင်မြေကို ရှင်းလင်း၍ ညှိထားသော နေရာတစ်ခုရှိ၏။ ၎င်း၏ဘေး၌ ကျောက်တုံးတစ်တုံးပေါ်တွင် ဓားနှစ်လက်ကို ကြက်ခြေခတ်ယှက်၍ တင်ထားလေသည်။

ထိုနေရာသို့ ရောက်လတ်သော် ခေါင်းမြီးခြုံ၍ ထားသော မြင်းစီးသမားသည် မြင်းပေါ်မှ ခုန်ဆင်းသဖြင့် မင်းသားကလေးသည် ၎င်းနည်းတူ ခုန်၍ဆင်းလိုက်လေသည်။ ထို့နောက် မင်းသားကလေးက "ဘယ်မှာလဲ အဆွေတော်ရဲ့ ပြပါတော့" ဟု ပြောသဖြင့် ထိုသူသည် စကားပြန်၍မပြောဘဲ ကိုယ်တွင် ဂုက်၍ထားသော ဓားအိမ်မှ ဓားကိုထုတ်ကာ ကျောက်တုံးပေါ်တွင် တင်၍ထားသည့် ဓား ၂ လက်ကို ဓားဖြင့် ညွှန်ပြလေ၏။ မင်းသားကလေးမှာ ယခင်ကပင် သင်္ကာမကင်းရှိနေသည့်အတွင်း ဤအခြင်းအရာကို မြင်ရသောအခါ မိမိ၏ဓားကို ဓားအိမ်မှဆွဲထုတ်လေ၏။ ခေါင်းမြီးခြုံသမားသည် စောင်ကို ခွာချလိုက်ပြီးနောက် အတုအယောင်မျှ တပ်ဆင်ထားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို ဖြုတ်ချလိုက်ရာ ၎င်းမှာ အခြားသူ မဟုတ်၊ စစ်သူကြီးဗလမင်းထင်ပင် ဖြစ်လေသည်။

ဗလမင်းထင်က မိမိမှာ မဏိကလျာ မင်းသမီး၏မေတ္တာစစ်ကို ခံယူသူဖြစ်၍ မိမိ၏အချစ်ကို ဝင်ရောက်စွက်ဖက်သူအား ထားနိုင်မည် မဟုတ်

http://www.cherrythitsar.org



ကြောင်း၊ မင်းသားသည် မိမိအား စော်ကားသည့်ပြင် ယခုအချိန်ထိ မဏိကလျာ မင်းသမီးကလေးမှာ ပျောက်ဆုံးနေသဖြင့် မင်းသားကလေး၌ တာဝန်ရှိကြောင်း ဤပြဿနာအရပ်ရပ်ကို မိမိအား ဓားဖြင့် ဖြေရှင်းရန် ယခုကဲ့သို့ အနှောင့်အယှက်ကင်းသော နေရာသို့ ခေါ်ဆောင်လာရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားလေ၏။ ထိုခဏ၌ စစ်ဝတ်စစ်စား အပြည့်အစုံဝတ်၍ ထားသော စစ်သား လေးယောက်တို့သည် ဂူတွင်းမှ ထွက်လာခဲ့ကြလေ၏။

မင်းသားကလေးသည် ဗလမင်းထင်၏ စကားကို ကြားလျှင် အကျိုးအကြောင်း ပြန်လည် ဖြေရှင်းနေသော်လည်း အကျိုးမရှိကြောင်း သိသဖြင့် တစ်စုံတစ်ရာ ပြန်လှန်ချေပခြင်းမရှိဘဲ "အသင့်အလိုအတိုင်း ကျွန်ုပ်သည် ဓားနှင့်ဖြေရှင်းအံ့၊ ပြင်လော့" ဟု ဆိုလေလျှင် ဗလမင်းထင်လည်း စစ်ဝတ်တန်ဆာများကို စစ်သားတစ်ယောက်ထံမှ လဲလှယ်လေ၏။ ထို့နောက် ဗလမင်းထင်သည် ကျောက်တုံးပေါ်တွင်တင်၍ ထားသော ဓား ၂ လက်ကို မင်းသား ပထမ ရွေးချယ်စေရာ မင်းသားလည်း မိမိနှင့်နီးရာဓားကို ဆွဲယူလိုက်၏။

ထိုအခါ ပြင်ဆင်၍ထားသော ကွက်လပ်ပေါ်၌ လက်တစ်လှမ်းခန့်မှ နေ၍ တစ်ယောက်နှင့်တစ်ယောက် ဓားကမ်းပြီးနောက် ဓားပွဲလည်းစလေ၏။ ဗလမင်းထင်သည် ကိုယ်ကို အတန်ငယ်နောက်သို့ ဆုတ်ပြီးနောက် မင်းသားကလေး၏ လည်ပင်းဆီသို့ ချိန်ရွယ်ကာ အတင်းပြေးဝင် ခုတ်လိုက်လေ၏။ ခုတ်လိုက်သော ဓားချက်သည် အကယ်၍ ထိခဲ့ပါမူ ထိုနေရာ၌ပင် ခေါင်းနှင့် ကိုယ်မှာ တစ်ခါတည်း အိုးစားကွဲရန်ရှိ၏။

မင်းသားကလေးသည် နံဘေးသို့ ဖျတ်ခနဲ ရှောင်လိုက်သဖြင့် နားရွက်အနီးမှ 'ရွှီ' ခနဲ ဖြစ်ကာ နှစ်လက်မခန့်ကပ်၍ လွတ်သွား၏။ ဒုတိယအကြိမ်၌ကား မင်းသားကလေးသည် မိမိရင်ဝဆီသို့ တည့်တည့်ဝင်လာသော ဓားသွားကို မိမိဓားဖြင့် လက်ဝဲစောင်းရိုက်လိုက်ရာ ဗလမင်းထင်၏ ဓားသည် ၎င်းလက်မှ လွင့်စင်ကျသွားသဖြင့် စစ်သားတစ်ယောက်က သွားရောက်ကောက်ယူပေးရ၏။ တတိယအကြိမ်၌ကား မင်းသားကလေးသည် နောက်သို့ တစ်ချက်ဆုတ်ပြီးနောက် ဗလမင်းထင်၏ရင်ဝဆီသို့ တအားထိုးနှစ်လိုက်ရာ ဓားဦးမှာ မာချောသောအရာတစ်ခုကို ထိုးမိသည့်ဟန်ဖြင့် 'ချွမ်' ခနဲ မြည်ကာ နံဘေးသို့ ချော်ထွက်သွားလေ၏။ ထိုအခါ ဗလမင်းထင်မှာအတွင်းမှ အင်္ကျီကို သံကိုယ်ကျပ်ခံ၍ ဝတ်ထားကြောင်း သိရလေသည်။ ထိုအခါ၌ မင်းသားကလေးမှာ စိတ်ထွက်လာခဲ့ပြီဖြစ်၍ သံကိုယ်ကျပ်အဆက်များရှိရာနေရာဆီသို့ မှန်းဆ၍ မိမိ၏ဓားကို ထိုးသွင်းလျက်ရှိ၏။ ဗလမင်းထင်ကလည်း မင်းသား၏ကိုယ်ကိုပင် မထိစေကာမူ ခြေလက်စသော နေရာများသို့ ထိစေရန် အမျိုးမျိုး ကြိုးစားထိုးခုတ်လျက်

http://www.cherrythitsar.org


ရှိနေသည်ဖြစ်၍ တိုက်ပွဲမှာ ယခင်ကထက် နှစ်ဆမြန်၍ လာခဲ့လေ၏။ နောက်ဆုံး၌ ဗလမင်းထင်သည် မင်းသားကလေး၏ လည်ပင်းဆီသို့ မှန်း၍ ခုတ်ရန်လက်ကို လွှဲလိုက်သည်နှင့် တစ်ပြိုင်နက် မင်းသားကလေး၏ ဓားဦးသည် သံကျပ်မရှိသော ချိုင်းကြားအောက်မှ စူးဝင်သွားကာ ကျောကို ဖောက်၍ထွက်သွားလေ၏။ သို့သော်လည်း မိမိ၏လက်ကောက်ဝတ်တွင် ဗလမင်းထင်၏ ဓားသွားကျ၍ သွားသဖြင့် သွေးများ ထွက်၍လာ၏။ ထိုအခါ မင်းသားက "အသို့နည်း ဗလမင်းထင်၊ ကျွန်ုပ်ကို အံတုလိုသည်မှာ ယခု ကျွန်ုပ်အကြောင်းကို သိပြီမဟုတ်လော" ဟု မေးရာ ဗလမင်းထင်က ပြုံးလျက် "ကျွန်ုပ်သေရမည်ကို မကြောက်၊ မဏိကလျာနှင့် မပေါင်းရခြင်းထက် သေရခြင်းက မြတ်၏။ သို့သော် အသင်မင်းသားလည်း အနေးနှင့်အမြန် ကျွန်ုပ် နောက်ကိုလိုက်မည် မလွဲတည်း။ အသင့်လက်မှ သွေးထွက်နေသည်ကို ကျွန်ုပ် မြင်ရ၏။ ကျွန်ုပ်၏ ဓားဖျား၌ အဆိပ်ပါသည်ကို အသင် မသိသလော။ ဂူ အတွင်းသို့ ကျွန်ုပ်၏ဓား လွင့်စင်သွားခြင်းမှာ ဥပါယ်တံမျဉ်မျှသာဖြစ်၍ ထိုအခါက ပြန်ယူလာခဲ့သော ဓားမှာ ဓားဖျားတွင် အဆိပ်လူး၍ထားသော ဓား ဖြစ်၏" ဟု ဆို၏။

မင်းသားကလေးမှာ ခေါင်းထဲမှ ခပ်ဝေဝေဖြစ်၍ လာသဖြင့် ဗလမင်းထင်၏စကားမှာ ဟုတ်တန်ရာ၏အောက်မေ့ကာ ပျောက်၍နေသော မဏိကလျာ မင်းသမီးကလေးအား အမှတ်ရလျက် ယူကြုံးမရဖြစ်မိ၏။ တစ်ခဏမျှကြာလတ်သော် စစ်သား (၄) ယောက်တို့သည် ဗလမင်းထင်အား တွဲမကာ မြင်းပေါ်သို့တင်ပြီးနောက် ထွက်သွားကြကုန်ရာ မင်းသားကလေးလည်း ကျောက်တုံးကိုမှီကာ ကျန်ရစ်ခဲ့လေ၏။ (၄) ရက်ကြာသောအခါ မင်းသားကလေး၏ အလောင်းကို ဆင်ပစ်မုဆိုးတစ်ယောက်က တွေ့ရှိရ၍ ရွှေနန်းတော်ကြီးမှ အမိန့်နှင့် မြို့၏အရှေ့တံခါးသို့ ယူလာခဲ့ပြီးလျှင် မီးသင်္ဂြိုဟ်၍ ကောင်းစွာ ဖုတ်ကြည်းသင်္ဂြိုဟ်လေသည်။ မင်းသားကလေး၏အလောင်းမှာ ကျောက်တုံးကြီးကို မှီ၍နေပြီးလျှင် ထိုကျောက်တုံးမျက်နှာပြင်၌ကား "ဗလမင်းထင်၏ မသမာသောလက်ချက်နှင့် ငါအသက်ထွက်ရပြီ၊ ငါ၏နောင်လာ နောက်သားများ လက်စားချေလော့" ဟု သွေးဖြင့် ရေးထားသောစာကို မုဆိုးများ တွေ့ရကြောင်းနှင့် ဘုရင်အား လျှောက်ထားကြ၏။ ဘုရင်ကြီးသည် သမီးတော် ပျောက်ဆုံးလျက်ရှိနေသည့်အတွင်း၌ ဤကဲ့သို့ ဖြစ်ရပြန်သည် ယူကျုံးမရ ဖြစ်ရရှာ၏။ သို့ဖြစ်ရကား ရွှေစိတ်တော် မကြည်လင်ဘဲ သမီးတော်ကို ဆက်လက် ရှာဖွေလျက်ရှိ ပြန်ရာ မင်းသားကလေး၏အလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်သည့် ညဉ့်အောက်ပါအတိုင်း အိပ်မက်မြင်မက်၏။

"သမီးတော်သည် လက်ထပ်စဉ်အခါက ဝတ်ခဲ့သော အဝတ်အစား

များကို ဝတ်ဆင်လျက် မောင်တော် နန္ဒကျော်ထင် နော်ရထာအား ကလူကျီစယ်လိုသောကြောင့် ပင်တိုင်တော်ဆောင်ခန်းအတွင်းသို့ ဝင်ခဲ့ပြီး အခန်း နောက်ပိုင်းလက်ယာဘက်ထောင့်ရှိ သူ့အဝတ်ထားသည့် ကြေးသေတ္တာကြီးအတွင်းသို့ ဝင်၍ ပုန်းအောင်းနေရာ သေတ္တာမှာ အမှတ်မဲ့ 'ချက်' ကျသွားပြီးလျှင် အလိုအလျောက် ပိတ်သွားရာ၊ သမီးတော်မှာ မကြာမီ လေမွန်း၍ ဘဝတစ်ပါးပြောင်းသွားခဲ့ပါပြီ။ မင်းသားနှင့်တကွ အဆောင်ကိုင်များ၊ လူပျိုတော်များ၊ ကိုယ်ရံတော်များ၊ တံခါးမှူးများသည် ပင်တိုင်ဆောင်နှင့်တကွ နန်းတော် တစ်ခုလုံးကို မွှေနှောက်ရှာဖွေသော်လည်း သမီးတော်၏ အဝတ်တန်ဆာများ ထည့်သည့် ထိုကြေးသေတ္တာကြီးကို မည်သူမျှ ဖွင့်၍ရှာရန် သတိမရခဲ့ကြပါ။ သမီးတော်၏ဝိညာဉ်မှာ ဘဝတစ်ပါးသို့ပြောင်းသွားပြီဖြစ်သော်လည်း ရောက်ရာအရပ်မှ ခမည်းတော်အား ဦးခိုက်လျက် ရှိနေပါသည်။

သမီးတော်မှာ လေမွန်း၍ မျောမေ့သွားသော ခဏ၌ အလွန်ရုပ်ရည်သန့်ပြန့်သော မိန်းမကြီးတစ်ယောက် အရှေ့တောခြေဆီမှ ထွက်ပေါ်လာပြီးလျှင် သမီးတော်အဆောင်သို့ ဝင်လာ၍ ၎င်းနှင့်အတူလိုက်၍ နေရမည့်အကြောင်း ပြောပြပြီးလျှင် သမီးတော်၏ အလောင်းကို မည်ကဲ့သို့ မြှုပ်နှံသင်္ဂြိုဟ်ရမည့်အကြောင်းကို အသေအချာ ညွှန်ကြားပါသည်။

သမီးတော်အား မြှုပ်နှံသင်္ဂြိုဟ်ရန် အလောင်းတွင် ဝတ်ဆင်ထားသော ဘယက်တန်ဆာ ဒွါဒရာများကိုလည်းကောင်း၊ စိန်ရွှေရတနာကျောက်မျက်ရွဲများကိုလည်းကောင်း တစ်စုံတစ်ရာ ချွတ်ယူခြင်း မပြုဘဲ ဤကြေးသေတ္တာကြီးအတိုင်း အရှေ့ရိုးမတောင်ခြေသို့ မြို့သူမြို့သား မသိစေဘဲ ယူဆောင်၍သွားပါလေ။ ဤသို့ယူဆောင်သွားသောအခါ ဗျိုင်းတစ်ကောင်သည် ရှေ့မနီးမဝေးမှ နေ၍ ပျံသန်းကာ လမ်းပြပါလိမ့်မည်။ တောင်ခြေသို့ ရောက်၍ တောင်ပေါ်သို့ တက်သောအခါ ထိုဗျိုင်းပင်လျှင် လမ်းပြ၍ မြှုပ်နှံရမည့် ဂူအနီးသို့ ရောက်သောအခါ ထိုဗျိုင်းသည် သစ်ပင်မှ လိမ့်ကျ၍ အလိုအလျောက် သေလိမ့်မည်။ ထိုဗျိုင်းသေသော နေရာအနီးမှ ကျောက်ဂူမှာ သမီးတော်အား မြှုပ်ရန်နေရာအမှန် ဖြစ်ပါသည်။ သမီးတော်၏လက်ဝတ်ရတနာများမှာ အလဟဿ မဖြစ်စေဘဲ နောင်ကာလများတွင် ကုသိုလ်ကောင်းမှုပြုရန်အတွက်ဖြစ်ပါသည်။

သမီးတော်၏ အလောင်းမှာ (၁၇) ရက်မျှ ကြာပြီဖြစ်သော်လည်း ခမည်းတော် လက်ဖွဲ့ချီးမြှင့်အပ်သော ပတ္တမြား လက်ဝတ်ရတနာ၏ တန်ခိုးကြောင့် မပုတ်မသိုးသေးဘဲ အသက်ရှိစဉ်ကကဲ့သို့ တည်နေပါသည်။ 'ဤအိပ်မက်အရ အညွှန်းများအတိုင်း ခမည်းတော်က တသဝေမတိမ်း ဆောင်ရွက်၍ သမီးတော်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ပါလေ ... ခမည်းတော်'

http://www.cherrythitsar.org



အထက်ပါ အိပ်မက်ကို နံနက်လင်းအားကြီးတွင် မင်းကြီးမင်းခေါင် မြင်မက်လေရာ၊ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် သမီးတော်၏ ပင်တိုင်ဆောင်သို့ ပညာရှိအမတ် ပညာဗလနှင့် ကူးခဲ့ပြီးလျှင် ကြေးသေတ္တာကြီးကို ဖွင့်လေရာ၊ မပုပ်မသိုး အိပ်ပျော်၍သေဘိသကဲ့သို့ ရှိနေသော သမီးတော် မဏိကလျာ၏အလောင်းကို တွေ့ရလေ၏။ ထိုကြေးသေတ္တာကြီးမှာ ဘုရင့်နောင်ရှိစဉ်က ပေါ်တူဂယ် သံအမတ်ကြီးတစ်ဦးက ဆက်သသော ကြေးသေတ္တာ ဖြစ်လေသည်။

ဘုရင်မင်းမြတ်လည်း ရွှေစိတ်တော်ကို ချုပ်တည်းလျက် လွန်ပြီးအမှုကို လွန်စေတော့ဟု အမတ်ကြီး ပညာဗလအား အိပ်မက်အကြောင်းကို အစမှ အဆုံးတိုင် ပြန်ပြောလေ၏။ သို့ဖြစ်၍ ပညာဗလလည်း ကျွန်ယုံ (၄) ယောက်ကို ခေါ်လျက် မင်းသမီးကလေး၏ အလောင်းတော် ထည့်ရာ ကြေးသေတ္တာကြီးကို ဆင်တစ်စီးနှင့် တင်၍ အခြားဆင်တစ်စီးဖြင့် ကိုယ်တိုင်ကြပ်မတ်ပြီးလျှင် အရှေ့ရိုးမတောင်ခြေသို့ ထွက်ခွာသွားလေ၏။ ဘုရင်မင်းကြီး၏ အမိန့်တော်အတိုင်း ဗလမင်းထင်၏ အရိုးပြာများကိုလည်းကောင်း၊ နန္ဒကျော်ထင်နော်ရထာ၏ အရိုးပြာများကိုလည်းကောင်း၊ ရွှေအိုးတစ်လုံးစီနှင့် ထည့်ကာ သမီးတော် အလောင်းနှင့်အတူ မြှုပ်နှံရန် ယူဆောင်သွားလေသည်။

မြို့ကထွက်လျှင် ထွက်မိချင်း ဗျိုင်းတစ်ကောင်သည် ဆင်များကို လက်ယာရစ် ၃ ပတ် ပတ်၍ ပျံသန်းပြီးနောက် တောင်ခြေဆီသို့ ဦးလှည့်၍ ပျံရာဆင်များကို ဗျိုင်းပျံသည့် လမ်းအတိုင်း သွားစေ၏။ အိပ်မက်တွင် ပါသည့်အတိုင်း ထိုဗျိုင်းသည် ရှေ့မှ တစ်ထောက်စီနား၍ ပျံသန်းလေရာ တောင်ခြေကို ရောက်သောအခါ ဗျိုင်းသည် တောင်ကလပ်ဆီသို့ ပျံတက်သည်ကိုမြင်ရသည်နှင့် ပညာဗလ အမတ်ကြီးလည်း ဆင်များကို တောင်ကလပ်ပေါ်သို့ ခဲယဉ်းစွာ နှင်စေ၏။ တောင်ကလပ်၌ကား ပုဆိုးနှစ်ပတ်ခန့်ရှိ သစ်ပင်ကြီးတစ်ပင်ကို တွေ့ရလေရာ ဗျိုင်းသည် ထိုသစ်ပင်ကြီး၏အောက်ကိုင်းတစ်ကိုင်းပေါ်တွင် ခေတ္တနားပြီးနောက် မြေပေါ်သို့ ဖုတ်ခနဲကျ၍သေလေ၏။ ထူးဆန်းပုံမှာ ဗျိုင်းသေသောနေရာနှင့် တည့်တည့်ကြည့်လိုက်သော် အထက်တောင်မြင့်ကြီး၏ တောင်ကမ်းပါးယံတွင် ဂူပေါက်တစ်ခုကို မြင်ရသည်နှင့် ပညာဗလ အမတ်ကြီးသည် ဂူအတွင်းသို့ ဝင်၍ကြည့်လေရာ ဂူ၏အတွင်း၌ကား သယံဇာတ ကမ္ဘာတန်ဆာဖြစ်၍ နေသော ထူးဆန်းသော ကျောက်ပန်းကျောက်နွယ်ကြီးများကို လည်းကောင်း၊ ထိုထူးဆန်းသော ဂူအတွင်းတွင် အသင့်လျော်ဆုံးသော နေရာကို ရွေးချယ်၍ မင်းသမီးအလောင်း ပါသော ကြေးသေတ္တာကြီးကို မြှုပ်နှံလေ၏။

http://www.cherrythitsar.org


တိုင်းပြည်သို့ ပြန်ရောက်သောအခါ ကျွန်ုပ် (၄) ယောက်နှင့်တကွ ဆင်ဦးစီးများ၊ ဆင်ထိန်းများကိုပါ လှူဒါန်းလိုက်သော ကိစ္စ မပေါ်ပေါက်ရန် ဥပါယ် တံမျဉ်ဖြင့် ဖျောက်ဖျက်ပစ်လိုက်လေသတည်း။

*

အထက်ပါ မဏိရတနာ သိုက်အကြောင်းကို ရေးခဲ့သူမှာ အမတ်ကြီး ပညာဗလဖြစ်၍ ထိုပေစာကို နန္ဒကျော်ထင် နော်ရထာမင်းသားကလေး၏ ညီတော်က ရရှိခဲ့လေသည်။ ထိုမှ တစ်ဖန် ဆင်းသက်၍ အဘမှသည် သား၏ လက်သို့ တစ်ဆင့်တစ်ဆင့်ကမ်းခဲ့ရာ၊ ဟံသာဝတီ ပဲခူးနန္ဒလိုရင် လက်ထက်၌ လည်းကောင်း၊ နတ်ရှင်နောင်၏ မင်းမှုထမ်းများထဲမှလည်းကောင်း၊ တစ်ဖက် တိတ်ဆိတ်လက်စားချေသောအမှုခင်းများ ပေါ်ပေါက်လာပြီးနောက်၊ ပေစာပါ သက္ကရာဇ်များလည်း ညောင်ရမ်းမင်းဆက်မှ ကုန်းဘောင်ဆက်သို့ တဖြည်း ဖြည်းရောက်၍ လာခဲ့လေသည်။ မင်းတစ်ဆက်တစ်ဆက်သို့ ကူးပြောင်းတိုင်း နန္ဒကျော်ထင် နော်ရထာ၏ အနွယ်တော်များသည် အချို့မင်းမှုထမ်းအဖြစ်ဖြင့် လည်းကောင်း၊ အချို့လည်း သူဌေးသူကြွယ်အဖြစ်ဖြင့်လည်းကောင်း၊ အချို့ လည်း မြေပိုင်ရှင် တောင်သူလယ်သူကြီးအဖြစ်ဖြင့် လည်းကောင်း၊ ဗလမင်း ထင်၏ အဆက်အနွယ်များကို တစ်နည်းနည်းအားဖြင့် ကြံဖန်သတ်ဖြတ်၍ မိမိတို့အတ္ထုပ္ပတ္တိ အကျဉ်းချုပ်များကို ရေးသားကာ ထိုပေစာထုပ်တွင် ပေါင်းစပ် ထားခဲ့လေသည်။

ပေစာ၏နောက်ဆုံး ပေရွက်မှာ ဆရာလေး၏ ဖခင်က အတ္ထုပ္ပတ္တိကို အကျဉ်းရေးထား၍ ရန်သူများသည် မည်သူမည်ဝါဖြစ်၍ မည်သည့်အရပ်၌ နေထိုင်ပြီးလျှင် မည်သို့လုပ်ကိုင်စားသောက်ကြောင်း စာရင်းနှင့်ဖော်ပြထား၍ ဆရာလေးအားလည်း ၎င်းကဲ့သို့ပင် ရေးသားပြီးလျှင် ၎င်း၏သားကို တစ်ဆင့် ပေးအပ်ခဲ့ရန် ညွှန်ကြားထား၏။

ဤနည်းအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၄၀၀) လောက်က ဖြစ် ပျက်ခဲ့ပုံများကို ဆရာလေး သိရှိခြင်းဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်၏။ သို့ဖြစ်ရ ကား ဆရာလေးသည် မိမိ၏ဘေးဘိုးဘီဘင်လက်ထက်မှစ၍ ဆင်းသက် ဆက်ခံခဲ့သော ရန်ငြိုးကို မိမိလက်ထက်တွင် တစ်ခါတည်းအစတုံး ပျောက်ပျက် သွားစေခြင်းငှာ ကျွန်ုပ်အား ဤပေစာထုပ်ကို ဖျက်ဆီးရန် မှာကြားခဲ့ခြင်း ဖြစ်ဟန်ရှိ၏။

မဏိရတနာ သိုက်နှင့်ပတ်သက်၍ အညွှန်းကို အခြားသိုက်စာများ ကဲ့သို့ ဝေ့လည်ချောင်ပတ် ရေးသားထားခြင်း မရှိဘဲ တောတောင်များ၊ မြို့ရွာ ၏အမည်များပါ သွားရမည့်ခရီးစဉ်ကို ယခုအခါ အနောက်နိုင်ငံမှ ရေးဆွဲသည့်

http://www.cherrythitsar.org



မြေပုံများကဲ့သို့ ပညာဗလအမတ်ကြီးသည် ပေရွက်တွင် အထင်အရှား ရေးသားခဲ့၏။

ကျွန်ုပ်သည် ဆရာလေး၏ငွေထဲမှ ငွေ ၅ဝ ကို ဆရာလေးအတွက် သပိတ်သွတ်ရန် မနှင်းနွယ်အား ပေးအပ်လေ၏။ ထို့နောက် ဆရာလေးအား ရည်မှန်း၍ ဆွမ်းသွတ်ခြင်း ပရိတ်ရွတ်ခြင်း၊ ကိစ္စများပြီးစီးသည့် နောက်တစ်နေ့၌ ကျွန်ုပ်လည်း မနှင်းနွယ် သားအမိအား နှုတ်ဆက်ပြီးလျှင် ပေစာထုပ်ကို ယူ၍ ပြည်မြို့သို့ ထွက်ခဲ့၏။ ပြည်မြို့သို့ ရောက်လတ်သော် နိဗ္ဗိန္ဒတောင်သို့ သွား၍ ပေစာထုပ်ကို လုံခြုံသော ကျောက်ဂူတစ်ခုအတွင်း လုံခြုံစွာထားရှိပြီးလျှင် အခါအခွင့်သင့်သော နေ့တစ်နေ့၌ ထို 'မဏိရတနာ' သိုက်ကို အညွှန်းအတိုင်းလိုက်ရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။

(မှတ်ချက် ... ဦးဘိုးထော်၏ မှတ်တမ်းအရ မဏိရတနာသိုက်မှ ကူးယူထားသောစာများမှာ ယခုအဖော်ပြသည့်အတိုင်း အတိအကျ မဟုတ်ဘဲ အလွန်ရှေးကျသော မြန်မာစကားများဖြင့် ရေးသားထားရာ ကျွန်ုပ်က စာဖတ်သူများ အလွယ်တကူ နားလည်စေရန် ခေတ်အလျောက် မြန်မာစကားပြေရိုးရိုးဖြင့် ပြန်၍ရေးသားအပ်ပါသည်)

◆

# ဒိဗ္ဗစက္ခုဆေးလုံး

လူတစ်ယောက်သည် မိမိ၏ရှေးဖြစ် နောက်ဖြစ်များကို သိလိုသော အခါ ဗေဒင်မေးတတ်ကြလေသည်။ နောက်က ဖြစ်ပျက်ခဲ့သော အကြောင်းများမှာ များစွာ အရေးမကြီးသော်လည်း ရှေ့တွင် ဖြစ်ဆဲ ဖြစ်လတ္တံ့ အကြောင်း အရာများကိုမူကား သိရှိကြရန် များစွာ စိတ်ဝင်စားကြလေသည်။

သာမ၊ ယဇု၊ ဣရုဗ္ဗေဒ၊ အာတပ္ပနဟူ၍ ဗေဒင် ၄ ပုံရှိသည့်အနက် နောက်ဆုံးဖြစ်သော အာတပ္ပနဗေဒင်ကျမ်းမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရပြီးသူတစ်ယောက်က တပ်အပ်ပြောလိုက်ဘိသကဲ့သို့ မည်သည့်နေ့ မည်သည့်အချိန်တွင် မည်ကဲ့သို့ ဖြစ်ပျက်မည်ကို ဒိဋ္ဌဟောပြောနိုင်ရကား ဤတွင် ဗေဒင်ကျမ်းရှိခြင်းအားဖြင့် မြတ်စွာဘုရား၏ တရားတော်ကိုပင် ယုံမှားသံသယရှိရန် အကြောင်းများဖြစ်ပွားပေါ်ပေါက်လာမည် စိုးသဖြင့် ထိုဗေဒင်ကျမ်းကွယ်ခဲ့လေသည်။

ဗေဒင်ပညာသည် ကျွန်ုပ်တို့ မြန်မာလူမျိုးများသာ မဟုတ်၊ အခြားသိုးဆောင်းလူမျိုးများ၌လည်း အသီးသီးရှိကြရာ ကြည့်ရှုတွက်ချက်ပုံများနှင့် အယူအဆသာ ကွဲလွဲကောင်းကွဲလွဲပေမည်။

ကျန်ရှိသော ဗေဒင် ၃ ပုံကို ပညာရှိများသည် လက်ရိုးနည်း၊ အင်္ဂလိပ် ဝိဇ္ဇာနည်း စသည်တို့ဖြင့် အမျိုးမျိုး ဟောပြောကြ၏။ အချို့လည်း နေ၊ လ နက္ခတ်တာရာ၊ ဂြိုဟ်သွား ဂြိုဟ်လာတို့ဖြင့် တွက်ချက်ကြ၏။ သို့သော် မည်သို့

http://www.cherrythitsar.org


ပင်ဖြစ်စေ လူတစ်ယောက်၏စိတ်ကို ညှို့ပြီးလျှင် ထိုသူ၏ဝိညာဉ်ကို စေစား ခြင်းအားဖြင့် တွက်ချက်သော နည်းဟူ၍ကား ကျွန်ုပ်တို့ မကြားဖူးသေးချေ။

စိတ်ပညာကို ကောင်းစွာ လေ့လာလိုက်စားသော သူများသည် ၎င်းတို့၏ ပညာကျက်စားရာ တစ်နေ့တခြား ကျယ်ဝန်းလာသည့်အတိုင်း လူတစ်ယောက်၏ ရှေ့ဖြစ်မည့် အဖြစ်အပျက်များကို ထိုသူ၏ဝိညာဉ်ကိုပင် ညှို့ဓာတ်ဖြင့် စေစားကြည့်ရှုစေသောအခါ မြင်ကောင်းမြင်ရပေမည်ဟု တွေးတောဖွယ်ရှိ၏။ သို့သော် ဒိဋ္ဌအားဖြင့်ကား မတွေ့ဖူးသေးချေ။

ယခုရေးသားအံ့သော အတ္ထုပ္ပတ္တိမှာ အထက်ပါပြဿနာကို ရှင်းလင်းခြင်းတစ်ရပ်ပင်ဖြစ်ရာ ရေးခဲ့သူမှာလည်း ကြိုးမိန့်ကျပြီး တရားခံတစ်ယောက်ဖြစ်လေသည်။ ၎င်းမှာ အမှုစစ်ဆေးသည့် ရုံးတွင် တစ်စုံတစ်ရာ ဖွင့်လှစ်ပြောဆိုခြင်းမပြုဘဲ ၎င်း၏အတ္ထုပ္ပတ္တိကို ထောင်ထဲတွင် ရေးသားပြီးနောက် ကြိုးမိန့်ကျ၍ ကြိုးတိုက်သို့ အသွင်းခံရသောအခါ ထိုစာရွက်များကို အင်္ကျီတေများ အက်နေသော အုတ်ကြားထဲသို့ ထိုးသွင်းထားခဲ့ရာ ၎င်းအား ကြိုးပေးပြီးနောက် ၃ လကျော်ကျော်ကြာရှိမှ ထိုစာရွက်များကို ကံအားလျော်စွာ တွေ့ရှိရလေသည်။

တရားခံကို ကြိုးပေးပြီးဖြစ်၍ အမှုမှာ ပိတ်ပြီးလျှင် ပြီးဆုံးသွားပြီဖြစ်ရာ ထိုစာရွက်များမှာ ဥပဒေသဘောအရ ထိုအမှု၌ တစ်စုံတစ်ရာ တရားမဝင်တော့ ပြီဖြစ်ရကား၊ ထိုစာရွက်များကို ထောင်မင်းသာ ဦးဘိုးထော်အား ကြည့်ရှုခွင့်ပေးသည့်အတိုင်း ဦးဘိုးထော်ထံမှ တစ်ဆင့်ရရှိခဲ့သော အတ္ထုပ္ပတ္တိတစ်ခုဖြစ်ပါကြောင်း။

ထိုညမှာ နိုဝင်ဘာလ ၇ ရက်နေ့ည ဖြစ်၍ မြစ်ဘက်မှ တိုက်ခတ်လာသော လေမှာ ကျွန်တော်၏ ရိုးတွင်းချဉ်ဆီသို့ တိုင်အောင် စူးဝင်သွားသကဲ့သို့ မှတ်ထင်ရပါသည်။

ဆူးလေ ဘုရားလမ်းဘာတံတားထိပ်တွင် ရပ်ကာ တဟောဟောတဟဲဟဲ စီး၍နေသော ရေသံများကို နားထောင်၍လည်းကောင်း၊ လရောင်အောက်တွင် ဖွေးဖွေးဖြူသော လှိုင်းတွန့်များကို ကြည့်၍လည်းကောင်း နေမိ၏။ ကျွန်တော်၏စိတ်မှာ ခန္ဓာကိုယ်မှ ထွက်၍သွားပြီးလျှင် ကျယ်ပြန့်သော လဟာပြင်၌ ကျက်စား၍နေဘိသကဲ့သို့ မှတ်ထင်ရ၏။

ပထမလာစဉ်က တံတားပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရေထဲသို့ ခုန်ဆင်းလိုက်မည်ဟု အောက်မေ့မိ၏။ သို့သော် တဝုန်းဝုန်း မြည်ဟည်းကာ တံတားနံဘေးသို့ ရိုက်ခတ်လာသော လှိုင်းသံများကို ကြားရသောအခါ နောက် သို့ တစ်လှမ်းဆုတ်၍ သွားမိ၏။

http://www.cherrythitsar.org



သို့သော် ကျွန်ုပ်၏ ခါးထဲတွင် ငါးလုံးပြူးသေနတ်ကလေး တစ်လက်ပါသေး၏။ ယမ်းတောင့်အပြည့် ထိုးထားရာ ပြောင်းကို ပါးစပ်ထဲသို့ သွင်း၍ တစ်ချက်နှစ်ချက်မျှ ဆင့်၍ ဆွဲလိုက်လျှင် အမှန်မုချ ကိစ္စချောမည် ဖြစ်ရကား အရေးမကြီးချေ။ ရေနှင့်သေမည်လော၊ သေနတ်နှင့် သေမည်လော၊ သွေးထွက် သံယိုနှင့် သေရခြင်းမှာ မွန်း၍သေရခြင်းထက် သက်သာမည်လော ရွေးချယ်ရန်သာ ကျန်ရှိတော့သည်။ သို့ဖြစ်၍ ကျွန်တော်သည် သေနတ်ကလေးကို ဆွဲထုတ်လိုက်လေသည်။

သို့သော် ကျွန်တော်၏ လက်သည် ပါးစပ်ဆီသို့ မရောက် သန်မာသော လက်ကြီးတစ်ဖက်သည် ကျွန်တော်၏နောက်သို့ ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် သေနတ်ကို 'ဖတ်' ခနဲ ဆွဲယူလိုက်ရာ သေနတ်ကလေးသည် ထိုလက်ကြီးထဲသို့ ပါသွား၏။ သေနတ်လုသွားသူမှာ ဘောင်းဘီရှည်အနက်၊ ကုတ်အင်္ကျီအနက်၊ ရှပ်အင်္ကျီအဖြူကို ဝတ်၍ထားသော ဥရောပတိုက်သားတစ်ယောက် ဖြစ်လေသည်။ အသက်မှာ ၆၀ နီးပါးမျှ ရှိပြီဟု ခန့်မှန်းရ၍ ၎င်း၏ မုတ်ဆိတ်ဖြူကြီးပင် လရောင်အောက်တွင် လွင့်လျက်ရှိသည်ကို မြင်ရ၏။

၎င်းက အင်္ဂလိပ်ဘာသာဖြင့် "ဒီလို စိတ်ညစ်တိုင်း တဇွတ်ထိုးလုပ်လို့ ဘယ်တော်နိုင်မလဲ သူငယ်ရယ်"

"ကျွန်တော် စိတ်ညစ်တာ ခင်ဗျား ဘယ်နှယ့်သိသလဲ"

"ပထမရေထဲခုန်ချပြီး သေမယ်ကြံတယ်။ နောက်ရေထဲ ခုန်ချဖို့ ကြောက်ပြန်တော့ အိတ်ထဲက သေနတ်ဆွဲထုတ် ပြန်တယ်။ ဒီလိုလုပ်တာ စိတ်ညစ်တဲ့လူ မလုပ်ရင် ဘယ်သူလုပ်မလဲ၊ ပြီးတော့ မောင့်မျက်လုံးကြည့်ရတာ ဆရာကြီးသိသလောက် သိပ်ပြီးစိတ်လေလွင့်နေတယ်"

၎င်းပြောလိုက်သော စကားများအရ ကျွန်တော်သည် ထိုဆရာကြီးဆိုသူကို ကြည့်ပြီးလျှင် ၎င်းအား အားကိုးလိုသော စိတ်များ ပေါ်၍လာ၏။

"မှန်ပါတယ် ခင်ဗျာ၊ ဆရာကြီးပြောတာ အားလုံး မှန်ပါတယ်"

"ဘာများစိတ်ညစ်ရသလဲ မောင်"

"ကျွန်တော် ပုလိပ်အရာရှိတစ်ယောက်ပါ ခင်ဗျာ။ ပုလိပ်ထဲကနေပြီး စစ်ထဲလိုက်၊ စစ်မှုထမ်းပြီး နှစ်နှစ်ကျော်လောက် အကြာမှာ အမေသေတဲ့အကြောင်း ကြေးနန်းရလေတော့ မြန်မာပြည်ကို ပြန်လာတာ သင်္ဘောမနေ့ကပဲ ရောက်တယ်ခင်ဗျ။ ဒါနဲ့ အမေ့ သင်္ချိုင်းသွားကန်တော့၊ တောကို ကားနဲ့ လိုက်သွားတော့ ရွာရောက်ရင်ပဲ ပထမကြားရတဲ့ သတင်းက ကျွန်တော့်မိန်းမဟာ လွန်ခဲ့တဲ့ ၃ လလောက်ကပဲ ယောကျာ်းတစ်ယောက်နဲ့ လိုက်သွားသတဲ့ခင်ဗျာ၊ ကောင်းနိုင်ကြသေးရဲ့လား။ ပြီးတော့ ကျွန်တော့်သားကလေးဟာ ကျွန်တော်

http://www.cherrythitsar.org


စစ်ထဲလိုက်သွားတုန်းက အခါလယ်တောင် မပြည့်သေးဘူးခင်ဗျ။ အခုလောက် ဆိုရင် 'တော့တီးတော့တ' တော့ဖြင့် စကားပြောနိုင်ပြီးလို့ အင်မတန် အားခဲပြီး လာခဲ့တာ ကလေးလည်း ဆုံးသွားတာ ၆ လလောက်ရှိပြီလို့ ကြားရပြန်တယ် ခင်ဗျ။ အမေလည်းသေ၊ သားလည်းဆုံး၊ မယားလည်း လင်နောက်လိုက်၊ ဒီလိုလူမျိုးမှ မရူးရင် ဘယ်ခံနိုင်မလဲ ခင်ဗျာ"

ဆရာကြီးသည် ကျွန်တော်၏ ပခုံးကို ညင်သာစွာ ပုတ်ပြီးနောက် ကျောကို သက်လျက် –

"အင်း ... တယ်ကံဆိုးတဲ့သူငယ်ပဲ ... သို့သော် ဒီလိုရှိတယ်ကွယ် ... မင်းဗုဒ္ဓဘာသာပဲ မဟုတ်လား"

"ဟုတ်တယ် ဆရာကြီး"

"မင်းတို့ တရားမှာရှိတယ် မဟုတ်လားကွယ့်၊ လောကကြီးမှာ ဘယ်လိုအရာမျိုးမှ တည်မြဲတယ်လို့ မရှိဘူးဆို မဟုတ်လား"

"အဲဒါ ကျွန်တော်တို့ ဘုရားကဟောခဲ့တဲ့ တရားပဲ၊ ကျွန်တော်လောက် ဒုက္ခရောက်နေတဲ့ လူတစ်ယောက် ဘယ်နှယ့်လုပ်ပြီး ဖြေနိုင်မလဲ ခင်ဗျာ"

"ကိုင်းကွယ် ... ဆရာကြီးနဲ့ လိုက်ခဲ့ပါ၊ မင်းဘာမှ မပူနဲ့ စားဖို့လည်း မပူနဲ့လည်း သုံးဖို့လည်း မပူနဲ့ ဆရာကြီး ကြည့်ရှုပါမယ်"

ဆရာကြီးသည် ကျွန်တော်၏မျက်လုံးများကို စိုက်၍ကြည့်ကာ ကျွန်တော်၏လက်မောင်းရင်း နှစ်ဖက်ကို ပွတ်သပ်ရင်း ပြောဆိုလေရာ၊ ကျွန်တော်လည်း စိတ်အနည်းငယ်သက်သာရ ရလာသည်နှင့် ဆရာကြီးခေါ်ရာသို့ လိုက်ပါသွားမိလေ၏။

လမ်းပေါ်သို့ ရောက်သောအခါ တိုက်ရိပ်တစ်ခု နံဘေးတွင် ကားကလေးတစ်စီးစောင့်နေသည်ကို တွေ့ရပြီးလျှင် ဆရာကြီးသည် ကားဆီသို့ သွား၍ တံခါးဖွင့်ပေးရာ ကျွန်တော်လည်း ကားပေါ်သို့ တက်လေ၏။ ဓာတ်မီးပွင့်ကလေး လင်းသွားသဖြင့် ကားမှာ အလွန်သစ်လွင်သော ကားတစ်စီးဖြစ်ကြောင်း သိရ၏။ နူးညံ့သော သားရေဖုံးပေါ်တွင်ထိုင်ရ၏။ ထူထဲသော မှန်ချပ်ကြီးများအပြင် အနီရောင်ကတ္တီပါများကို အတွင်းမှ ကန့်လန့်ကာသဖွယ်ချထားသေး၏။

"ဒီလိုပေါ့ကွယ် ... စိတ်ပြေလက်ပျောက် ဆရာကြီးအိမ်မှာပဲ နေသေးတာပေါ့။ ဒီလိုကိုယ့်ကိုယ်ကို ကိုယ်သတ်သေတာ နောက်ဘဝတွေမှာ ဆက်လက်ပြီး ဒီလိုဖြစ်တတ်တယ်ဆို"

"ကျွန်တော်တို့ မြန်မာအယူ ဒီလိုရှိတာပဲ"

http://www.cherrythitsar.org


"အေးကွယ် ... ဆရာကြီးကလည်း ကံကောင်းထောက်မလို့ မင်းကို ကယ်ဆယ်ခွင့်ရတာဘဲ"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

"အေး ... အေး ... တစ်ယောက်နဲ့ တစ်ယောက် ကံစပ်တာကိုးကွယ့်၊ စိတ်ကို အေးအေးထားနော်"

"ဟုတ်ကဲ့ ... ကျွန်တော် နောင်တရပါပြီ ဆရာကြီး"

ကားမောင်းသူ ဒရိုင်ဘာမှာ ကျွန်တော် မြင်ရသလောက် ကုလား လူမျိုးတစ်ယောက်ဖြစ်၏။ ထိုသူသည် နောက်သို့ တစ်ကြိမ်မျှပင် လှည့်၍ မကြည့်ချေ။ ဆရာကြီး အမိန့်ပေးသောအခါ ကားထွက်၍သွားလေ၏။

*

ကားကလေးသည် မနှေးမြန် ခပ်မှန်မှန် မောင်းသွား၏။ ကားကလေး မှာ အလုံပိတ်ထားသဖြင့် မည်သည့်အရပ်သို့ ရောက်သည်လည်း မသိရ၊ မည် သည့်အသံမျှလည်း မကြားရချေ။ စိတ်ထင်အားဖြင့် တစ်နာရီကျော်ကျော်မျှ ကြာလတ်သော် ကားရပ်သဖြင့် ဒရိုင်ဘာသည် တံခါးကို ဖွင့်ပေး၍ ကျွန်တော့် အား ဆင်းစေရာ ဆရာကြီးသည် အဆောက်အဦတစ်ခုအတွင်းသို့ ကျွန်တော့် အား သွင်း၍သွား၏။

ကားပေါ်တွင် ဆရာကြီးသည် စကားတစ်ခွန်းမျှမပြောဘဲ လိုက်ပါ လာရာ ကျွန်တော်ကလည်း ကျွန်တော်၏ အဖြစ်အပျက်များကို စိတ်ကူးရင်း လိုက်ပါလာခဲ့၏။

ဧည့်ခန်းနှင့်တူသော အခန်းတစ်ခန်းသို့ ရောက်လာခဲ့ရာ ဆရာကြီး သည် ကျွန်တော့်အား ဆိုဖာတစ်လုံးပေါ်တွင် ထိုင်စေပြီးနောက် ပုလင်းတစ်ခုထဲ မှ ဘီယာအနည်းငယ်ကို တိုက်ပြီးလျှင် ....

"သောက်လိုက်ဦး ... သောက်လိုက်ဦး၊ မင်းစိတ်နည်းနည်းငြိမ်သွား အောင်၊ ဒါထက် နာမည်က ဘယ်လိုခေါ်သလဲကွယ့် သူငယ်"

"မောင်အောင်နိုင်လို့ ခေါ်ပါတယ်"

"မောင်ပြောပုံဆိုပုံ ကြည့်ရတာ အင်္ဂလိပ်စာလည်း အတော်အသင့် သင်ခဲ့ဖူးတယ် မှတ်တယ်"

"ဘီအေ ဂျူနီယာအထိ သင်ခဲ့ဖူးပါတယ်"

"ရုပ်ကလည်း မခေဘူး၊ ယောက်ျားပီသတဲ့ ရုပ်ပဲ။ ဒါနဲ့များ ကိုယ့် ကိုယ်ကို သတ်သေမယ့် ကြံတာ နှမြောစရာပဲကွယ်"

"စိတ်ညစ်တော့ ကြံမိကြံရာပါ ခင်ဗျ"

"အင်း ... မမှားတဲ့လူ ဘယ်မှာ ရှိမလဲကွယ်။ ပြီးတော့ ... ဆရာကြီး

http://www.cherrythitsar.org



ပြောမယ်။ မိန်းမဆိုတာ မရှားပါဘူးကွယ်၊ ငွေရှိရင် မိန်းမရနိုင်တာပဲ။ မိန်းမရှိရင် သားရနိုင်တာပေါ့။ ဟုတ်တယ် ... မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီမှာ ကြည့်စမ်း ... မောင်အောင်နိုင်၊ အခု ရန်ကုန်မြို့ကြီးမှာ မင်းမျက်စိနဲ့ အမြင်ပဲ။ နေထွက်ကနေဝင်တိုင် ပုပုရွရွသွားလာနေကြတာ ဘာလိုလို့လဲ"

"ငွေအတွက်ပေါ့ ဆရာကြီး"

"အေး ... ဟုတ်တယ်။ ဒါကြောင့် လောကမှာ ငွေဟာ အရေးကြီးဆုံးပဲ။ ငွေရှိရင် ကမ္ဘာကြီးကိုတောင် ဝယ်ယူနိုင်တယ်၊ လိုရာကို ပြီးစီးနိုင်တယ် ... ဟုတ်စ"

"မှန်ပါတယ်"

"ဒါကြောင့် ဆရာကြီးလည်း အလုပ်ကထွက်ပြီး ငွေရမှုကိုကြံစည်နေတာ၊ အခုတော့ အထမြောက်ပြီဆိုပါတော့ သို့သော် အသက်က ၆၄ နှစ်ရှိနေပြီ၊ မောင်တို့လို သန်သန်မြန်မြန်နဲ့ ပညာကောင်း ဦးနှောက်ကောင်းကလေး လိုနေတယ်။ ကိုင်း ... ဆရာကြီးမေးမယ်၊ ဖြေစမ်း၊ လူများဟာ ရှေ့တစ်နာရီကြာရင် ဘာဖြစ်လိမ့်မယ်ဆိုတာသိရင် ငွေမရနိုင်ဘူးလား"

"ရနိုင်တာပေါ့ ခင်ဗျာ"

"ဥပမာကွယ် ဖဲဝိုင်းတစ်ဝိုင်းမှာ လူ သုံးယောက် ရှိတဲ့အနက် နောက်တစ်ပတ် ဘယ်သူက ဘယ်ဖဲရလိမ့်မယ်ဆိုတာ ငါးမိနစ်လောက်က တင်ကြိုပြီး မြင်ထားနိုင်မယ်ဆိုရင် မင်း မနိုင်နိုင်ဘူးလား"

"နိုင်ပေါ့ ခင်ဗျာ"

"အင်း ... ဟုတ်ပြီ၊ ကိန်းသေ နိုင်တဲ့နည်းပေါ့ကွယ့်။ ဒီလိုသာ တင်ကြိုပြီး မြင်ရရင် ဖဲဝိုင်းသာမဟုတ်ဘူး။ မြင်းပွဲမှာ ကျုပ်တို့ လောင်းမယူနိုင်ဘူးလား။ ရှယ်ယာ အရောင်းအဝယ်တွေ၊ ကုန်ဈေးနှုန်းတွေ အတက်အကျ လက်မှတ်ထိုးပြီး လုပ်ကြရတဲ့ အရောင်းအဝယ်တွေ အများကြီးရှိတယ်။ ငွေစက္ကူနဲ့ ရွှေဒင်္ဂါးတွေကို လော်ရီနဲ့တိုက်ပြီး ယူနိုင်မယ် မဟုတ်လား"

"ဟုတ်တာပေါ့ ခင်ဗျာ၊ ဒီနည်းသာရရင်တော့"

စကားမဆုံးမီ "ရတာပေါ့ကွယ် ... ဒီနည်းကိုရအောင် ဆရာကြီး ကြိုးစားကြံစည်လာခဲ့တာ အနှစ် ၂၀ ရှိပြီကော၊ အခုမှပဲ အထမြောက်တော့မယ်။ ကိုင်း ... ကိုင်း ... မောင်အောင်နိုင်ကို ပြရသေးတာပေါ့ လာ ... လာ ... အတွင်းခန်းကို သွားရအောင်"

*

http://www.cherrythitsar.org



ကျွန်တော်ထိုင်နေသော ဆိုဖာ၏လက်ယာဘက်ထောင့်၌ မှန်ဗီရို ကြီးတစ်လုံးရှိ၍ ဆရာကြီးသည် ထိုဗီရိုကြီးရှိရာသို့ သွားပြီးလျှင် နံဘေးရှိ အရုပ်ကားတစ်ချပ်နောက်မှ ခလုတ်ကလေးကို နှိပ်လိုက်ရာ မှန်ဗီရိုကြီးသည် နံဘေးသို့ တလျှောမျှ ရွှေ့သွားလေ၏။ နောက်၌ကား အံဖုံးတံခါးတစ်ခုရှိ၍ ဆရာကြီးသည် ထိုတံခါးကို သော့ဖွင့်ပြီးလျှင် အတွင်းသို့ ဝင်သွားရာ ကျွန် တော်လည်း နောက်မှ လိုက်ပါသွားရလေ၏။

ဆရာကြီးသည် နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သဖြင့် မရမ်းဆီရောင် ဖန်မီးလုံးကြီး ၃ လုံးသည် အခန်းအလယ်၌ ပန်းဆိုင်းဆွဲထားဘိသကဲ့သို့ ပွင့်၍လာလေသည်။ အခန်းမှာ အလျားပေ ၄၀၊ အနံပေ ၃၀ ခန့်ရှိ၍ အခန်း တွင်း၌ကား စာအုပ်စင်များ၊ ဖန်ဘူးဖန်ခွက်၊ ဖန်ပြွန်ကြေးပိုက် စက်ကိရိယာ ဘီးများ၊ သံပတ်များဖြင့် ရှုပ်ထွေးလျက်ရှိ၏။ လက်ဝဲဘက်၌ အခြားအခန်း ဘက်သို့ ကူးသော တံခါးကလေးတစ်ခု ရှိလေသည်။ အပြင်ကြမ်းပေါ်၌ကား ကြိမ်ကုလားထိုင် နှစ်လုံး၊ စားပွဲဝိုင်းကလေးတစ်လုံး ခွေးခြေတစ်ခုရှိ၏။

ဆရာကြီးသည် ကျွန်တော့်အား ကြိမ်ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်စေပြီးနောက် အခြားဘက်အခန်းသို့ ထပ်သွားပြီးလျှင် ၂ မိနစ်ခန့်မျှ ကြာ သောအခါ ပြန်ထွက်လာခဲ့ရာ ၎င်း၏လက်ထဲ၌ကား အလျား ၂ လက်မ၊ အနံတစ်လက်မရှိ ငွေကြုတ်ကလေးတစ်ခု ပါလာလေသည်။

ဆရာကြီးသည် ကြုတ်ကို ဖွင့်လိုက်ရာ သကြားခဲကလေးများကဲ့သို့ အခဲကလေးများကို မြင်ရ၏။ ကျွန်တော်၏ စိတ်ထင်အဖြင့် ၁၅ ခဲခန့် ရှိပေ လိမ့်မည်။

"ဒီဟာတွေ ဘာလဲသိသလား မောင်အောင်နိုင်"

"မသိပါဘူး ခင်ဗျား"

"မောင်တို့ ဗုဒ္ဓဘာသာ အယူဝါဒအတိုင်း နတ်များ မြင်ရသလို ရှေး ဖြစ်ကို မြင်နိုင်တဲ့ ဆေးလုံးတွေပါ"

"အောင်မယ် ... တယ် နေရာကျပါကလား ဆရာကြီး"

"ကိုင်း ... ဒီဘက်ခဏလာဦး"

ဆရာကြီးသည် ကျွန်တော့်အား လက်ဝဲဘက်အခန်း နံရံဆီသို့ ခေါ် သွားလေ၏။ ထို့နောက် အခန်းအလယ်ရှိ ဓာတ်ပုံမှန်ကားကို ဖြုတ်လိုက်ရာ ဆီးဖြူသီးခန့်ရှိ မှန်ပေါက်ကလေး တစ်ပေါက် ပေါ်လာလေသည်။

"ကြည့်စမ်း ... မောင်အောင်နိုင်၊ ဒီမှန်ပေါက်ကလေးက နေပြီး ဟို ဘက်ခန်းကို ကြည့်လိုက်စမ်း ... ဘာမြင်ရသလဲ"

http://www.cherrythitsar.org



ကျွန်တော်သည် ဆရာကြီးပြောသည့်အတိုင်း မှန်ပေါက်မှ ကြည့်ရှုရာ နံရံ၏အခြားဘက်တွင် ကောင်းမွန်လှပစွာ ဝတ်စားထားသော မိန်းမတစ်ယောက်နှင့် ယောက်ျား ၃ ယောက်တို့သည် စားပွဲဝိုင်းတစ်လုံးတွင် ထိုင်ကာ ဖဲကစားလျက်ရှိနေကြ၏။ မိန်းမနှင့် မျက်နှာချင်းဆိုင်ထိုင်သော ယောက်ျားတစ်ယောက်သည် ဖဲများကို ကုလားဖန်ထိုးပြီးနောက် အစဉ်အတိုင်း သုံးချပ်စီ ဝေရာ ၎င်းမိန်းမမှာ ကျွန်တော်ကြည့်သော အပေါက်ကို တည့်တည့်ကျောခိုင်း ထိုင်နေသဖြင့် ကောင်းစွာမြင်ရ၏။ ၎င်းရသော ဖဲသုံးချပ်မှာ ကုလားတစ်ကောင်၊ တစ် တစ်လုံးနှင့် နှစ်ဖဲတစ်ချပ် ဖြစ်ရာ ကျွန်တော်လည်း ဆရာကြီးအား မြင်ရသည့်အတိုင်း ပြန်ပြော၏။

"အဲ ... အခုမြင်ရတာက မှန်ပေါက်က ချောင်းကြည့်လို့ သာမန်မျက်စိနဲ့ မြင်ရတာကိုးကွယ့်။ ဘယ်သူမဆို ကြည့်ရင် မြင်နိုင်တာပဲ၊ နောက်ကို နတ်မျက်စိနဲ့ ကြည့်ရလိမ့်မယ်။ နံရံမှာ နာရီကြီးကို မြင်ရရဲ့လား"

"မြင်ပါတယ် ခင်ဗျာ"

"ဘယ်နှစ်နာရီ ရှိပြီလဲ၊ ပထမ ကြည့်လိုက်ပါဦး"

"၁၁ နာရီ ၅ မိနစ် ရှိပြီ ဆရာကြီး"

"တော်ပြီ ... တော်ပြီ"

ဆရာကြီးသည် မှန်ပေါက်ကလေးကို ပိတ်လိုက်လေသည်။ ၎င်းနောက် ငွေကြုတ်ကလေးထဲမှ အငယ်ဆုံး အခဲကလေးကို တစ်ဝက်ဖဲ့ပြီးလျှင် လက်နှင့်ကိုင်လျက် ....

"ဒီဆေးလုံးဟာ စားလိုက်ရင် ဘာအရသာမှ မရှိဘူး။ သို့သော် ကိုယ်လိုချင်တဲ့ အချိန်ကို စိတ်က မှန်းပြီး တစ်ခုခုကို အာရုံပြုလိုက်မယ်ဆိုရင် အဲဒီအာရုံပြုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ ရှေ့ဖြစ်မယ့် အကြောင်းတွေ အလိုလိုမြင်လာလိမ့်မယ်။ အဲဒီမြင်တာကို မောင့်စိတ်ထဲမှာ သေသေချာချာမှတ်၊ သတိရလာတော့ ကျုပ်ကို ပြန်ပြောရမယ်။ ဒီကိစ္စက ကျုပ်ကိုယ်တိုင် လုပ်လို့ မဖြစ်ဘူး။ မောင်မြင်ရတာကို သတိရလာတော့ ကျုပ်ကို ပြန်ပြောရမယ် ကြားလား"

"အလို ... ဆရာကြီး ပြောပုံလိုဖြင့် ကျွန်တော် သတိမေ့သွားဦးမှာပေါ့"

"ခဏကလေး သတိမေ့သွားတာ ကြောက်စရာ မဟုတ်ပါဘူး မောင်အောင်နိုင်ရယ် ... ကိုင်း ... ကိုင်း ... နာရီလက်တံက စောင့်နေမှာ မဟုတ်ဘူး။ ဒီမှာ ကြည့်စမ်း ဆရာကြီးကို"

ကျွန်တော်သည် ဆရာကြီး၏မျက်နှာကို ကြည့်လိုက်ရာ ဖြူဖွေးသော မုတ်ဆိတ်ချွန်ကြီးကိုလည်းကောင်း၊ သေးသွယ်သော မျက်နှာကိုလည်းကောင်း၊ မည်းနက်စူးရှသော မျက်လုံးကိုလည်းကောင်း၊ ကွက်ကွက်ကွင်းကွင်း မြင်ရ၏။

http://www.cherrythitsar.org



အထူးအားဖြင့် ၎င်း၏မျက်လုံးအိမ်ထဲမှ မျက်နက်များမှာ ကျွန်တော်၏ အသည်းနှလုံးထိအောင် ဖောက်ထွင်းထိုးဝင်၍ လာဘိသကဲ့သို့ မှတ်ထင်ရ၏။

"ဒီမှာ ကြည့်စမ်း မောင်အောင်နိုင် ... ဒီဆေးလုံးကလေးကို မျိုလိုက် မကြောက်ပါနဲ့ကွဲ့၊ ဘာမှ မဖြစ်နိုင်ပါဘူး။ ၁၁ နာရီ မိနစ် ၂၀ ကို မင်းကြည့် လိုက်၊ မင်းစိတ်ထဲက စဉ်းစားလိုက် ... အဲဒီအချိန်မှာ မိန်းမလက်ထဲကိုသာ ဘာဖဲ ရောက်မလဲ ကြည့်လိုက်စမ်း။ မင်းဆရာကြီးစကားကို နားထောင်ပြီး ... မင်းကြည့်လိုက်"

ဆရာကြီးသည် ၎င်း၏လက်ချောင်း ရှည်ကြီးများဖြင့် ကျွန်တော်၏ မျက်နှာအနီးသို့ ကပ်ပြီးလျှင် အထက်ပါ စကားများကို ပြောရင်း ဝိုင်းကာလှည့် ကာ ရှေ့တိုးနောက်ငင် ပြုလုပ်လေ၏။ ထိုအခါ ကျွန်တော်၏ စိတ်သည် တထိတ်ထိတ် တလန့်လန့် ဖြစ်၍နေသကဲ့သို့လည်းကောင်း၊ အနီးဆုံး ဥပမာ ပြရမည်ဆိုသော် အလွန်မြင့်သော တောင်ပေါ်မှ လိမ့်ကျဘိသကဲ့သို့လည်း ကောင်း ဖျတ်ခနဲ လွင့်စဉ်သွားဘိသကဲ့သို့ လည်းကောင်း မှတ်ထင်၏။ ထို့ နောက် ကျွန်တော်လည်း အခြားသော ကမ္ဘာတစ်ခုကို ရုတ်တရက် ရောက်သွား ဘိသကဲ့သို့ ပထမ မိုးတိမ်များကဲ့သို့လည်းကောင်း၊ ဒုတိယ ဖြူဖွေးသော မီးခိုး လုံးကြီးများကဲ့သို့လည်းကောင်း ကျွန်တော်၏ ရှေ့တူရူမှ မြင်ရသော တော တောင်ရေမြေ နက္ခတ်တာရာများသည် စက်ဖြင့်လှည့် လိုက်ဘိသကဲ့သို့ လည် ၍သွားပြီးလျှင် ဦးခေါင်းထဲတွင် မိုက်ခနဲ ဖြစ်၍သွားလေ၏။

ထို့နောက် အခန်းထဲတွင် ထိုင်၍ကစားနေသူ လေးယောက်ကို မြင်ရ ၏။ မိန်းမသည် ၎င်း၏လက်ဝဲဘက်မှ လူတစ်ယောက်က ဖဲကို ကုလားဖန် ထိုးနေစဉ် နေရာမှ ထ၍ ရေချိုင့်ထဲတွင် ထည့်၍ထားသောရေကို သောက်၏။ ၎င်းနောက် ခါးကြားထဲ၌ ထည့်၍ထားသော စီးကရက်ဘူးမှ စီးကရက်တစ် လိပ်ကို ထုတ်ကာ မီးညှိ၍သောက်ပြီးနောက် နေရာတွင် ပြန်၍ထိုင်၏။ ၎င်းရှေ့၌ ချထားသော ဖဲ သုံးချပ်ကို ကောက်၍ ကြည့်လိုက်သောအခါ တစ်သုံးလုံးကို တွေ့မြင်ရ၏။

ထိုမိန်းမသည် ဝမ်းသာအားရ ဖဲချပ်များကို စားပွဲပေါ်သို့ ပစ်ချလိုက် ပြီးလျှင် ရှေ့မှ ငွေစက္ကူထပ်ကြီးကို လက်ဖြင့် သိမ်း၍ယူလိုက်လေ၏။ ဤသို့ မြင်ခိုက် ဆရာကြီးအသံဖြင့် "တော်လောက်ပြီ ... တော်လောက်ပြီ မောင် အောင်နိုင်၊ မင်း ပြန်လာတော့လေ ... မင်းသတိရပြီ မဟုတ်လား" ဟူသော အသံများကို ကြားရပြီးနောက် ကျွန်တော်လည်း အိပ်မက်မက်ရာမှ ရုတ် တရက်လန့်၍ နိုးသကဲ့သို့ ဆရာကြီး၏ မျက်နှာကို လည်းကောင်း၊ အခန်း၏ ပတ်ဝန်းကျင်ကိုလည်းကောင်း တစ်ခဏမျှ စိုက်၍ကြည့်နေမိ၏။ တစ်နာရီလျှင်

မိုင် ၅၀ နှုန်းဖြင့် မောင်းနှင်လျက်ရှိသောကားကို ရုတ်တရက် ရပ်လိုက်ဘိသကဲ့သို့ ထင်မှတ်ရ၏။

"မောင်အောင်နိုင်"

"ခင်ဗျာ"

"သတိကောင်းကောင်း ရပြီနော်"

"ရပါပြီ ဆရာကြီး"

"ရော့ ... ဘရန်ဒီကလေး နည်းနည်းသောက်လိုက်ဦး၊ ကိုယ့်လူအတော်မောသွားပြီ ထင်တယ်။ သောက်လိုက်ပါဦးကွယ် ... သောက်လိုက်ပါဦး"

ကျွန်တော်သည် ဆရာကြီးပေးသော ဘရန်ဒီကို သောက်လိုက်သေး၏။

"ဘယ့်နှယ်လဲ၊ ဘာမြင်ရသလဲ"

"မှန်ပေါက်က ကြည့်လို့ မြင်ရတဲ့ လူ လေးယောက် ဖဲကစားနေတာ မြင်ပါတယ် ဆရာကြီး"

"ဒီအချိန်မှာ မိန်းမလက်ထဲ ရောက်နေတဲ့ ဖဲချပ်ကို မြင်ရရဲ့နော်"

"မြင်ရပါတယ် ဆရာကြီး"

"ဘာမြင်ရသလဲ"

"တစ်သုံးလုံးမြင်ရတယ် ခင်ဗျာ"

"သေချာရဲ့လား မောင်အောင်နိုင်"

"သေချာပါတယ် ခင်ဗျာ၊ ကျွန်တော့် မျက်စိနဲ့ကို တပ်အပ်မြင်ရပါတယ်။ မှတ်လည်း ကောင်းကောင်း မှတ်မိပါတယ်"

"ကိုင်း ... ဟုတ်မဟုတ် ကြည့်ကြစို့"

၎င်းနောက် ဆရာကြီးသည် မှန်ပေါက်ငယ်မှ ကျွန်တော့်အား ကြည့်စေပြန်၏။

"နာရီကို ပထမကြည့်လိုက် မောင်အောင်နိုင်"

"ဟုတ်ကဲ့ ဆရာကြီး"

"ဘယ်လောက်ရှိပြီလဲ"

"၁၁ နာရီ မိနစ် ၂၀"

"ကိုင်း ... ဆက်ပြီး ကြည့်ပေတော့"

ကျွန်တော်သည် ဆက်လက်ကြည့်ရှုရာ ကျွန်တော့်အား ကျောခိုင်းထိုင်နေသော ဖဲလုံချည်နှင့် မိန်းမသည် ၎င်း၏လက်ဝဲဘက်တွင် ထိုင်နေသောယောကျ်ားတစ်ယောက်က ဖဲကို ကုလားဖန်ထိုးနေစဉ် နေရာမှထ၍သွားပြီးလျှင်

http://www.cherrythitsar.org



အခန်းထောင့် စားပွဲဝိုင်းတစ်ခုပေါ်တွင် တင်ထားသော ရေချိုင့်ထဲမှ ရေကို သောက်၏။ ထို့နောက် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ပြီးလျှင် နေရာသို့ ပြန်ထိုင်သောအခါ မိမိရှေ့တွင် မှောက်ထားသော ဖဲသုံးချပ်ကို ကောက်ယူကြည့်ရှုရာ တစ်သုံးလုံးဖြစ်နေသဖြင့် ဖဲချပ်များကို ပြန်၍ချလိုက်ပြီးလျှင် စားပွဲပေါ်၌ ပုံ၍ထားသော ငွေစက္ကူများကို သိမ်းကျုံးယူလိုက်သည်ကိုမြင်ရလေရာ၊ ၎င်း၏ပြုလုပ်ပုံများမှာ ကျွန်တော် သတိမေ့သွားစဉ်က စိတ်တွင် ထင်မြင်လာပုံနှင့် တစ်သဝေမတိမ်းအောင် ကိုက်ညီသည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း ထိုအကြောင်းကို ဆရာကြီးအား ပြန်ပြောရာ ဆရာကြီးလည်း လက်ဝါး နှစ်ဘက်ကို ပွတ်သပ်ပြီးနောက် "အောင်ပြီ ... အောင်ပြီ ... ငါ့အကြံအောင်ပြီ" ဟု သုံးကြိမ်တိုင်တိုင် ရေရွတ်လေ၏။

*

ထို့နောက် ဆရာကြီးက "၁၅ မိနစ်တင်ကြိုပြီး နတ်မျက်စိနဲ့ မြင်နိုင်ရင် ၂၄ နာရီကိုလဲ မြင်နိုင်မယ်။ တစ်ရက်လည်း မြင်နိုင်မယ်။ တစ်လကိုလည်း မြင်နိုင်မယ်။ တစ်နှစ်ကိုလည်း မြင်နိုင်မယ်၊ တော်ပြီ ... တော်ပြီ ... ဘယ်နှယ့်လဲ မောင်အောင်နိုင် မြင်းပွဲများမှာ နောက် ပြေးမယ့်ပွဲကို နာရီဝက်လောက်က တင်ကြိုပြီး ဘယ်မြင်းရှေ့က ထွက်လာမယ်ဆိုတာ ပြောနိုင်ရင် ဘယ်နှယ့်နေမလဲ"

"ဒိုင်တွေဆီက ငွေတွေကို မော်တော်ကားနဲ့ တိုက်ပြီး ယူရုံရှိတာပေါ့ ဆရာကြီး"

"အေး ... ဟုတ်တာပေါ့၊ ငွေဆိုတာ အလိုချင်ဆုံး ရနိုင်ပြီ မဟုတ်လား"

"မှန်ပါတယ်"

"ကောင်းပြီ ... ကောင်းပြီ၊ ဆရာကြီး ချမ်းသာရင် မင်းလည်း သူဌေးဖြစ်ရောပေါ့၊ သူဌေးမှ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး သူဌေးဖြစ်ရမယ်ပေါ့၊ ရော့ ဖဲလားတို့ ၊ မစ္စတာဖို့တို့ဟာ ကိုယ့်လက်အောက်ကနေရမယ်၊ ဒီလို မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ နှစ်ယောက်ဟာ ကမ္ဘာပေါ်မှာ ပြိုင်ဘက်မရှိအောင် ချမ်းသာကြတော့မှာပေါ့။ ကျွန်တော့်ကိုသာ ဆရာကြီး မမေ့ပါနဲ့ ခင်ဗျာ"

"အို ... ဘယ်ကလာ မေ့ရမှာလဲ၊ ကျုပ်ချည်းတစ်ယောက်တည်း လုပ်လို့ ဖြစ်တဲ့ ကိစ္စမှ မဟုတ်ဘဲ နှစ်ယောက်ဆိုးတူကောင်းဘက်ပေါ့"

"ကျေးဇူးပါပဲ ဆရာကြီး ခင်ဗျာ"

http://www.cherrythitsar.org



ငင်းနောက် ဆရာကြီးသည် ကျွန်တော့်အား ၁၀ မိနစ်ခန့် ခေတ္တစောင့်ဆိုင်းရန် မှာထားခဲ့ပြီးလျှင် ယခင်အခန်းထဲသို့ ဝင်သွားပြန်လေ၏။

အခန်းတွင်းသို့ ဆရာကြီး ဝင်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်လည်း အောက်ပါအတိုင်း စဉ်းစားမိ၏။ ငွေကြုတ်ကလေးနှင့် နတ်မျက်စိရသော ဆေးလုံးများမှာ စားပွဲကလေးပေါ်၌ပင် ကျန်ရစ်သေးသဖြင့် ဆေးလုံးကို ယူစားပြီးလျှင် ကိုယ်တိုင်ဖြစ်ပျက်မည့် အဖြစ်အပျက်များကို ၂ လ ၃ လမျှ မြင်နိုင်အောင် တင်ကြိုကြည့်မည်ဆိုက မြင်နိုင်မည်ဖြစ်ရာ ကျွန်တော်၌ များစွာအကျိုး ရှိမည့်အကြောင်း စိတ်ကူးမိ၏။ သို့ဖြစ်၍ ကျွန်တော်လည်း တစ်စုံတစ်ရာ မစဉ်းစားဘဲ ငွေကြုတ်အတွင်းမှ အကြီးဆုံး ဆေးလုံးသုံးလုံးကို ရွေးချယ်ပြီးလျှင် တစ်ခါတည်း စားလိုက်လေ၏။

ဆေးလုံးမှာ ပူခြင်း၊ စပ်ခြင်း၊ ချိုခြင်း၊ ချဉ်ခြင်း၊ တစ်စုံတစ်ရာ အရသာမရှိသော်လည်း ကျွန်တော်၏ စိတ်မှာ ဆေးလုံးဝင်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်ရှေ့၌ မြင်ရသော အခန်းတစ်ခုလုံးမှာ ချာလည်လည်၍ သွားသကဲ့သို့ မှတ်ထင်ရပြီးလျှင် ရှေ့မှ ရှုမြင်ခင်းသည် တဖြည်းဖြည်း မှိန်၍ သွားပြီးနောက် ကျွန်တော် မရောက်ဖူးသည့် နေရာတစ်ခုသို့ ရောက်၍သွားလေ၏။

ထိုနေရာမှာ သစ်ပင်တောတောင်များ ထူထပ်သော နေရာဖြစ်၍ ဇရပ်တစ်ဆောင်ကိုလည်း မြင်ရလေရာ၊ ဇရပ်၏နံဘေးတွင်း လူသွားလမ်းကလေးတစ်ခုကို မြင်ရ၏။ ထိုလမ်းကလေးမှ အတန်ကြာ လျှောက်၍သွားမိသောအခါ နံဘေးတစ်ဖက်တစ်ချက် ကုန်းမြင့်ကလေး ပေါ်၌ သင်္ချိုင်းရာနှင့် တူသော မှတ်တိုင်များကို မြင်ရသဖြင့် ကျွန်တော်လည်း အတော်ပင် တုန်လှုပ်၍သွားမိ၏။ တစ်ကိုယ်လုံး ဇောချွေးများပြန်လာပြီးလျှင် ကျွန်တော်သည် ထိုကြောက်မက်ဖွယ်ကောင်းသော ရှုမျှော်ခင်းကို အချိန်တော်ကြာ ငေး၍ကြည့်နေမိ၏။

ကျွန်တော်၏ လက်ယာဘက်၌ကား ၁၀ တောင်ခန့်မျှသာ ဝေးသောနေရာတွင် မြေများပွလျက်မြှုပ်နှံပြီးခါစနှင့်တူသည့် သင်္ချိုင်းတစ်ခုရှိရာ မှတ်တိုင်တစ်ခု စိုက်ထူထား၏။ သို့သော် မှတ်တိုင်မှ စာမှာ အခြားဘက်သို့ လှည့်နေသဖြင့် မမြင်ရသေးချေ။ ကျွန်တော်သည် မှတ်တိုင်မှစာကို သွားရောက်ကြည့်ရှုရာ မိုးကြိုးထိမှန်လိုက်ဘိသကဲ့သို့ အပြင်းအထန် တုန်လှုပ်၍သွားမိ၏။ ဆီး ကင်းခန့်မျှရှိ ချွေးလုံးကြီးများသည် ကျွန်တော်၏ နဖူးမှ စီးကျလာ၏။ မှတ် တိုင်တွင် ရေးထားသောစာမှာ ....

'မောင်အောင်နိုင် (အသက် ၂၆ နှစ်)

၁၉ ..... ခု၊ ဖေဖော်ဝါရီလ ၅ ရက်'

ဟု ပါရှိသောကြောင့်ပေတည်း။

http://www.cherrythitsar.org



ထိုစာကို မြင်ရသဖြင့် အပြင်းအထန် တုန်လှုပ်သွားပြီးနောက် ကျွန်တော်လည်း အိပ်မောကျစဉ် တစ်စုံတစ်ယောက်က လှုပ်၍ နှိုးလိုက်ဘိသကဲ့သို့ သတိရလာလေသည်။

ကျွန်တော်သည် အနည်းငယ်မူးနောက်လျက်ပင်ရှိသေးသဖြင့် နားထင်ကို လက်နှင့် ဖျစ်ထားရလေရာ၊ အခြားလက်တစ်ဖက်မှာ ကုလားထိုင်လက်ရမ်းကို အားပြု၍ ကိုင်ထားရ၏။ နဖူးမှ ချွေးပေါက်ကြီးများမှာ အကယ်ပင် စီးကျလျက်ရှိသည့်ပြင် ကျွန်တော်၏ ရှပ်အင်္ကျီမှာလည်း ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက် ရှိလေရာ လူမှာ တစ်မိုင်ခန့်ပြေးလာရဘိသကဲ့သို့ မောဟိုက်လျက်ရှိ၏။

ထိုအခါ၌ကား ဆရာကြီးသည် အခန်းတွင်းမှ ထွက်လာခဲ့ပြီဖြစ်၍ ကျွန်တော်၏ မျက်နှာအမူအရာကို မြင်ရသောအခါ မျက်တောင်မခတ်ဘဲ စိုက်၍ ကြည့်နေသည်ကို တွေ့ရ၏။ ယခင်က ကျွန်တော့်အပေါ်တွင် ထားသည့် ပြုံးရွှင်သော မျက်နှာမှာ မည်သည့်နေရာသို့ ရောက်သွားသည်မသိ၊ တစ်မျက်နှာလုံး သွေးရောင်ကဲ့သို့ နီမြန်းလာပြီးလျှင် ၎င်း၏သေးငယ်စူးရှသော မျက်လုံးကလေးများမှာလည်း မီးရောင်များထွက်၍ လာမတတ် တဖျတ်ဖျတ် တောက်ပ လျက်ရှိကုန်၏။

"ငါမရှိတုန်း ဆေးလုံးကို မင်းခိုးစားတယ် ဟုတ်စ"

ငြင်းကွယ်သော်လည်း ရမည်မဟုတ်ချေ။ ငွေကြုတ်အတွင်းမှ ဆေးလုံးများ လျော့နေရုံမျှမက ကျွန်တော်၏ အမူအရာများကပင် သက်သေခံလျက်ရှိလေသည်။ ဒယိမ်းဒယိုင် ဖြစ်နေသဖြင့် ကုလားထိုင်လက်ရန်းကို ယခင်ကထက် မြဲမြံစွာ ကိုင်ထားရ၏။

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော် စားမိတယ်"

"ဟဲ့ခွေး ... နင့်လောက်မိုက်တာ ဘယ်ရှိဦးမလဲ၊ အသုံးမကျဘဲနဲ့ဗျာ။ နေပါဦး ... ဘယ်နှလုံး စားလိုက်သလဲ ပြောစမ်းမှန်မှန်"

"သုံးလုံး ခင်ဗျ"

"အောင်မယ်လေး ပြီးပါလေရော ဗျာ ... ဘယ်လောက် အဖိုးထိုက်တဲ့ ဆေးထင်သလဲ ... စားပြီးတော့ မင်းဘာကို ကြည့်သလဲ ပြောစမ်း"

"ကျွန်တော့်အဖြစ်အပျက် ကျွန်တော် ကြည့်မိပါတယ် ဆရာကြီး"

"အချိန်ကကော"

"သုံးလအကြာမှာ ခင်ဗျ"

"ဒီတော့ ဘာမြင်ရသလဲ"

"ကျွန်တော့် သင်္ချိုင်းရာကို မြင်တယ် ခင်ဗျ"

"ဘာ ... မင်းသင်္ချိုင်းရာ ဟုတ်လား"

"ဟုတ်တယ် ဆရာကြီး မြေပုံတစ်ခုပေါ်မှာ ကျွန်တော့်နာမည်နဲ့၊ အသက်နဲ့၊ သေတဲ့နေ့နဲ့ အသေအချာ နာမည်ထိုးထားတာ မြင်ရပါတယ် ခင်ဗျာ"

"ဟီး ... ဟီး ... ဟီး ... ကောင်းတယ်၊ ကောင်းတယ်။ သချိုင်းရာ မြင်ရရင် မင်းသေပြီသားပေါ့ ... စိတ်ချတော့"

"အောင်မယ် ဒီလိုမြင်ရတိုင်း သေတမ်းလား ... ကျုပ် ဘာပြုလို့ သေရမှာလဲ"

"ဟီ ... ဟီ ... ဟီ ..."

ဆရာကြီးသည် ကျွန်တော် သေရမည်ကို ဝမ်းမြောက်သည့် လက္ခဏာဖြင့် အူလှိုက်သည်းလှိုက် ရယ်မောလိုက်ရာ အခန်းကလေးတစ်ခုလုံး ပဲ့တင်ထပ်၍သွားသဖြင့် အခြားဘက်၌ ဖဲကစားနေသူများပင်လျှင် ကြားနိုင်လောက်သောကြောင့် အရေးအကြောင်းရှိက အကူအညီ ရစေရန် အခြားအခန်းဘက်သို့ပင် လှမ်း၍ကြည့်မိ၏။ ဆရာကြီးသည် ကျွန်တော်၏အကြံကို သိနှင့်ပြီးလက္ခဏာနှင့် ....

"ဟိုဘက်ခန်းကို လှမ်းမကြည့်နဲ့ မောင်၊ ဒီအခန်းက အသံလုံအောင် လုပ်ထားတဲ့အခန်း၊ ဒီဘက်က မိုးကြိုးပစ်တာတောင် ဟိုဘက်ခန်းက ကြားရမယ် မဟုတ်ဘူး။ နေဦး ငါသည်လောက်နှစ်ပေါင်းများစွာ ခဲခဲယဉ်းယဉ်း ရှာဖွေထားတဲ့ပစ္စည်းကို ငါ့အခွင့် အမိန့်မရှိဘဲနဲ့ စားပစ်တဲ့ အကောင်တော့ သိစေမယ်ပေါ့ကွယ်၊ မင်းမြင်ရတဲ့ သချိုင်းရာဆိုတာ သုံးလမကြာစေရဘူး အခု ဒိဋ္ဌမှန်စေမယ်"

ထိုအခါမှ ဆရာကြီးသည် ယခင်ကထက် တုန်လှုပ်လာကာ လက်ဝါး နှစ်ဘက်ကို ပွတ်သပ်နေရာမှ ညာဘက်ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်လေ၏။

သို့သော် ကျွန်တော့်မှာ အထက်ပါ စကားများကို ဆရာကြီး ပြောနေစဉ်ကပင် အရေးရှိက အသင့်ရရန် ကြံစည်စိတ်ကူးကာ ဘောင်းဘီအိတ်ထဲမှ လက်တစ်ဖက်သည် ငါးလုံးပြူးသေနတ်ကလေး၏မောင်းကို ကိုင်ထားပြီးဖြစ်သည့်အတိုင်း "ကိုင်း ... ငါပဲသေမလား၊ မင်းပဲသေမလား ကြည့်သေးတာပေါ့ကွယ်" ပြောပြောဆိုဆိုနှင့်ပင် ဆရာကြီး၏ အရင်ဦးအောင် ကျွန်တော်လည်း သေနတ်ကလေးကို အပြင်သို့ မထုတ်ဘဲ ဘောင်းဘီအိတ်ထဲမှပင် ဆရာကြီးရှိရာသို့ ချိန်ကာ ငါးချက်စလုံးဆင့်၍ ဆွဲလိုက်လေ၏။

ဤသို့ဆွဲလိုက်ပြီးနောက် ဆေး၏တန်ခိုးမှာ မပြေသေးသကဲ့သို့ လဲ နေသော ဆရာကြီးအလောင်းသည်လည်းကောင်း၊ စားပွဲကုလားထိုင် ဖန်ခွက်၊

http://www.cherrythitsar.org


ဖန်ဘူး၊ အိမ်ထောင်ပရိဘောဂများသည်လည်းကောင်း ရဟတ်ပေါ်သို့ တင်၍ လှည့်လိုက်ဘိသကဲ့သို့ ချာချာလည်၍သွားပြီးလျှင် ကျွန်တော်လည်း သတိမေ့၍သွားပါကြောင်း။

သတိရသောအခါ ကျွန်တော့်မှာ ပုလိပ်များ လက်တွင်းသို့ ရောက်နေပြီဖြစ်၍ ကုက္ကိုင်းလမ်းမှ စိတ်ပညာ ပရော်ဖက်ဆာ ဆရာကြီး 'ဘယ်နတ်' အား ၎င်း၏နေအိမ်တွင် သေနတ်နှင့် ပစ်သတ်မှုဖြင့် နောက်ဆုံးစွဲဆိုခြင်းခံရ၏။

**(ပုံ) အောင်နိုင်**

◆

http://www.cherrythitsar.org

# သေမင်းနာရီ

၁၉၃၃ ခုနှစ်က ပြည်မြို့အကျဉ်းထောင်တွင် မစ္စတာ 'မက်ကောမစ်' ဆိုသူ ထောင်မှူးကြီးရှိရာ ထိုထောင်မှူးကြီးမှာ ထောင်သားများအပေါ်တွင် ဥပဒေရှိသလောက် အစွမ်းကုန်သက်ညှာတတ်ခြင်း၊ အခါအခွင့်ကြုံကြိုက်တိုင်း ထောင်သားများအား ကျွေးမွေးတတ်ခြင်းတို့ကြောင့် ချစ်ခင်ရိုသေသူ ပေါများလှပေ၏။ ဥပမာအားဖြင့် ခရစ်စမတ်ပွဲနေ့၊ သူ၏မွေးနေ့စသော နေ့များ၌ ထောင်သားအားလုံးတို့အား အမဲသား ဆီပြန်ဟင်းနှင့် ကျွေးပြီးလျှင် ဆေးပြင်းလိပ် တစ်လိပ်စီပင် ဝေငှတတ်၏။

(ထောင်မှူးကြီး မက်ကောမစ် ရှိစဉ်က ဦးဘိုးထော်တွေ့ကြုံခဲ့သော အဖြစ်အပျက်တစ်ခုကို ကျွန်ုပ်သည် ဤစာအုပ်တစ်နေရာ၌ ရေးသားဖော်ပြခဲ့ဖူးလေပြီ)

ကျွန်ုပ် မောင်ဘိုးထော်သည် 'မက်ကောမစ် ... မရောက်မီကပင် ပြည်ထောင်သို့ ရောက်ခဲ့ရာ ထိုအခါက ထောင်မှူးကြီးမှာ 'မစ္စတာ ဂျုန်း' ဆိုသူ မျက်နှာဖြူလူမျိုးပင် ဖြစ်၍ ၎င်းမှာ ကျွန်ုပ်တွေ့ခဲ့ဖူးသမျှ ထောင်မှူးထဲတွင် အကြမ်းကြုတ်ဆုံး အရက်စက်ဆုံး လူတစ်ယောက်ဖြစ်လေသည်။

မစ္စတာ ဂျုံးမှာ အရပ် (၆) ပေကျော်ကျော် မြင့်၍ ကာလဗလအားဖြင့်လည်း တောင့်တင်း သန်မာလှသည်ဖြစ်ရာ သူ၏ လက်သီးတစ်ချက်မှာ သာမန် မြန်မာလူမျိုး တစ်ယောက်အား တစ်ချက်တည်းနှင့် လဲစေနိုင်၏။ ဆိုးသော

ထောင်မှူးများဆိုသည်မှာ ထောင်သားများအပေါ်တွင် ဥပဒေနှင့် ညီညွတ်အောင် တင်းတင်းကြပ်ကြပ် ခိုင်းစေခြင်း၊ ဥပဒေနှင့် ညီညွတ်အောင် ကျွေးမွေးခြင်း၊ ဆေးငုံသူ၊ ဆေးလိပ်သောက်သူ၊ အရက်သောက်သူ အစရှိသော ဥပဒေကို ဖောက်ဖျက် ကျူးလွန်သူတို့အား ပြင်းပြင်းထန်ထန် အပြစ်ပေးခြင်း စသည်တို့ကို ပြုလုပ်သဖြင့်သာ ဆိုးသည်ဆိုရ၏။ မစ္စတာဂျုံးမှာကား ဤကဲ့သို့ မဟုတ်ချေ။ အပြစ်ပေးရာတွင် ဥပဒေအရ အပြစ်မပေးဘဲ သူကိုယ်တိုင် ရက်ရက်စက်စက် ပြုလုပ်တတ်လေသည်။

တစ်နေ့သော နံနက် ၁၁း၃၀ နာရီခွဲအချိန်တွင် ကျွန်ုပ်သည် ထောင်၏ အရှေ့ဘက်တွင်ရှိသော တောင်ယာကြီးမှ အကျဉ်းသား ၅၀ နှင့် ထမင်းစားရန် အလုပ်ဆင်းခဲ့ရာ၊ အနောက်ဘက် 'ဗူး' ပေါက်အနီးရှိ ထောင်မှူးကြီးနေသော ရုံးရှေ့တွင် လဲ၍နေသော အကျဉ်းသားတစ်ယောက်အား အခြား အကျဉ်းသား လေးငါးယောက်တို့သည် ဝိုင်းဝန်းပြုစုကာ သတိရအောင် နှာနှပ်လျက်ရှိသဖြင့် ကျွန်ုပ်လည်း ဝိုင်း၍နေသူများအား ဖယ်ရှားကြည့်ရှုရာ၊ သတိမရဘဲ မျောမေ့နေသော အကျဉ်းသားမှာ ဘိုးတူ ဆိုသူဖြစ်ကြောင်း တွေ့ရ၏။ ဘိုးတူမှာ လက်ပတောရွာမှ ဓားပြမှုနှင့် မကြာမီက ရောက်ရှိလာသော နှစ်ကြီးသမား လူဆိုးတစ်ယောက် ဖြစ်လေသည်။ ဘိုးတူ၏ ပါးစပ်မှ သွေးများသည် ကျောက်စရစ်များ ခင်းထားသော တမံသလင်း၌ပင် အိုင်ထွန်းလျက်ရှိ၏။ ကျွန်ုပ်က အကျိုးအကြောင်း မေးရာ၊ အကျဉ်းသားတစ်ယောက်က .....

"သခင်ကြီး လက်ချက်ပေါ့ ဆရာ"

"ဘယ်နှယ့်လုပ်လိုက်တာလဲ ကွယ့်"

"ကြံကြံဖန်ဖန်ဗျာ ... သွားတစ်ချောင်းကို ပလိုင်ယာနဲ့ ချိုးပစ်လိုက်သတဲ့"

"တယ်လည်း မိုက်တဲ့အကောင်ကြီးပဲ၊ အခု ဘယ်သွားသလဲ"

"ထမင်းစား ပြန်သွားတယ် ဆရာ"

"ဘိုးတူက ဘာလုပ်လို့တဲ့လဲ"

"အောင်ညွန့်ဆိုတဲ့ အကောင် ချောချောကလေး ဆရာမှတ်မိမှာပေါ့"

"သခင်ကြီး အချစ်တော်ကလေး မဟုတ်လား"

"ဟုတ်တယ်၊ အဲ ... သူ့ကို ဘိုးတူက လက်သီးနဲ့ ထိုးလို့တဲ့ ဆရာရဲ့"

"ဒါနဲ့ သည်လောက် လုပ်ရသလားကွယ်"

"ဘိုးတူက အောင်ညွန့်ကို လက်သီးနဲ့ ထိုးတာ သွားတစ်ချောင်းနဲ့ ပြီးသွားသတဲ့ ဆရာရဲ့၊ သည်တော့ ငါလူကို မင်းက နာအောင်လုပ်ရင် မင်းကို

http://www.cherrythitsar.org



လည်း ငါ့လူနာသလို နာအောင်လုပ်ရမယ်ဆိုပြီး ခေါင်းတုံးနှစ်ယောက်ကို အတင်းအချုပ်ခိုင်း၊ ရေ့သွားတစ်ချောင်းကို သူကိုယ်တိုင် ပလိုင်ယာနဲ့ ဆွဲနှုတ်တာပါပဲ ခင်ဗျာ"

"အင်း ... ရက်စက်ပါပေ့ကွယ် ... နို့ အခု ဘယ်လိုလုပ်ရမတဲ့လဲ"

"ဆေးရုံကို ပို့ရမတဲ့ ခင်ဗျ ... စာတစ်စောင်ရေးပြီး ပြာတာကုလား တစ်ယောက်ကို လွှတ်လိုက်ပြီ"

ထိုခဏ၌ လူနာတင်ကားတစ်စီး ဆိုက်ရောက်လာသဖြင့် လက်ထောက်ထောင်မှူးကလေး ဦးဘအောင်သည် အကျဉ်းသားလေးယောက်အား ဘိုးတူကို ချီမ,စေပြီးလျှင် ကားပေါ်သို့တင်စေ၏။ ရှစ်မှတ်ဗာရာ ဦးထုပ်ဖြူတစ်ယောက်နှင့် ကုလားထောင်ပြာတာတစ်ယောက်ကိုလည်း ကားပေါ်တွင် ထည့်လိုက်လေ၏။ ဘိုးတူမှာ ၁၅ ရက်မျှ ဆေးရုံသို့ တက်ရောက်ရရှာလေသည်။

ဘိုးတူဆေးရုံမှ ဆင်းလာပြီးနောက် ၁၅ ရက်ခန့်ကြာသောအခါ ကျွန်ုပ်သည် တောင်ယာကြီးတွင် လူ ၆၀ ဖြင့် အလုပ်လုပ်လျက်ရှိ၏။ အကျဉ်းသားများမှာ အများအားဖြင့် ဝတ်ဖြူ (ဝတ်ဖြူဆိုသည်မှာ ပြစ်မှုကို တစ်ခါတစ်ရံ ကျူးလွန်၍ အပြစ်ခံရသူများကို ပေးထားသော အမည်ဖြစ်၏။) များဖြစ်ကြရာ ထိုအကျဉ်းသား ၆၀ ကို (၈)မှတ်ဦးထုပ်ဖြူ ဗာရာ(၆) ယောက်က အုပ်ထိန်း၍ ၎င်းတို့အပေါ်တွင် (၁၂) မှတ် ဦးထုပ်ပြာ ဗာရာ (၃) ယောက်က အုပ်ထိန်းရပြန်၏။ ၎င်းတို့အပေါ်တွင် ကျွန်ုပ်က အုပ်ထိန်းရ၍ ကုလားထောင်ပြာတာ (၈) ယောက်လည်းပါရ၏။

(ဒုတိယတန်းဗာရာဖြစ်သော ဦးထုပ်ပြာမှာ (C.O) "စီ–အို" ဟုခေါ်၍ အရှည်အဓိပ္ပာယ်မှာ (Convict Overseer)ဖြစ်လေသည်။ ဦးထုပ်ဖြူမှာ တစ်လလျှင် လျှော့ရက် ၅ ရက်ရပြီးလျှင် ဦးထုပ်ပြာမှာ ၆ ရက်ရ၏။ ထိုအခါ ဦးဘိုးထော်မှာ (C.W)ဖြစ်၍ အရှည်အဓိပ္ပာယ်မှာ (Convict Warder)ဖြစ်ပြီးလျှင် 'တန္တေ' ဟုခေါ်လေသည်။ လျှော့ရက်မှ တစ်လလျှင် (၈) ရက်ရ၏။ ထောင်မှူးထောင်ပိုင်တို့၏ လူယုံတော်များသာ ဤရာထူးကိုရပြီးလျှင် အဝတ်အစားမှာ ခရမ်းရောင်ခေါင်းပေါင်း၊ အင်္ကျီပြာ၊ ဘောင်းဘီတိုအပြာဝတ်ရ၏။ ဖိနပ် စီးခွင့်ရ၏။ ကြေးဝါကိုဘဲဥပုံသဏ္ဌာန် ပြုလုပ်၍ သားရေ ခါးပတ်၌ တပ်ထားရ၏။ ထိုကြေးဝါဘဲဥပုံပေါ်တွင် (C.W) ဟု ရေးထား၏။)

ကျွန်ုပ်မှာ ထိုအခါက 'တန္တေ' ဖြစ်၍ ဦးထုပ်ဖြူဗာရာ ၆ ယောက်အား သူ့လူနှင့်သူ အလုပ်များ ခွဲဝေပေးပြီးနောက် ထောင်ခြံစည်းရိုးတွင်ပေါက်နေသော သစ်ပင်ရိပ်တစ်ခုအောက်၌ ထိုင်ကာ အကျဉ်းသားများ အလုပ်လုပ်သည်ကို

http://www.cherrythitsar.org



ကြည့်ရှုလျက်ရှိ၏။ အလုပ်စပြီးနောက် ၁ နာရီခန့်ကြာလတ်သော် အကျဉ်းသားတစ်ယောက်နှင့် ဦးထုပ်ဖြူ နှစ်ယောက်တို့သည် ကျွန်ုပ်ရှိရာသို့ လာနေသဖြင့် ကျွန်ုပ် ၎င်းတို့ အရိပ်အကဲကို စောင့်ဆိုင်းကြည့်ရှုလျက် ရှိလေသည်။

သုံးယောက်အနက် သာမန်အကျဉ်းသားမှာ မကြာမီက ဆေးရုံမှ ဆင်းလာခဲ့ရသော ဘိုးတူဖြစ်၍ ဦးထုပ်ဖြူဗာရာနှစ်ယောက်တို့မှာ အောင်မင်းနှင့် စံဖေတို့ ဖြစ်လေသည်။ ကျွန်ုပ်လည်း သစ်ပင်ရိပ်အောက် မြက်ခင်းများပေါ်တွင် နေရာထိုင်ခင်းပေးပြီးနောက် ....

"ဘယ်နှယ့်လဲဟေ့ ... မောင်အောင်မင်း၊ ဘာများ အကြောင်းထူးလာပြန်ပြီလဲ"

"မထူးပါဘူး ဆရာ ... ဟောဒီက စံဖေက ဆရာနဲ့ မိတ်ဆွေဖွဲ့ပေးစမ်းပါဆိုလို့ ခေါ်လာခဲ့တာပါ"

"အေးကွယ် ... ထောင်ထဲမှာ တွေ့ရတာ တစ်ယောက်နဲ့တစ်ယောက် ညီရင်းအစ်ကိုလိုသဘောထားကြမှပေါ့။ ငါတို့တစ်တွေဟာ ညီညွတ်ကြမှ မောင်အောင်မင်းရဲ့၊ အကြောင်းရှိရင်ပြော ... ကြားလား"

"ဒီအကောင်ပေါ့ ဆရာ ... ဆရာမရောက်ခင် ထောင်မှူးကြီးက ဘိုးတူ ချုပ်သလို အချုပ်ခိုင်းပြီး အာခေါင်ကို ဆေးလိပ်မီးနဲ့ ထိုးတာ"

"ဘာဖြစ်လို့လဲကွ"

"စံဖေဟာ တောမှာနေတုန်းက လောကဓာတ်ကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာကလေး လုပ်ဖူးတယ် ဆရာရဲ့၊ ဒါနဲ့ အတွက်အချက် အရေးအသားကလေးကလည်းတတ် နဂိုကလည်း ဖင်ပေါ့တဲ့လူတစ်ယောက်ဆိုတော့ ထောင်မှူးကြီးက သူ့အလုပ်ခန်းထဲခေါ် တောက်တိုမယ်ရခိုင်းတာပေါ့ ခင်ဗျာ။ ဒါနဲ့ တစ်နေ့တော့ ထောင်မှူးကြီး သောက်လို့ကျန်တဲ့ ဆေးပြင်းလိပ်တိုကလေးကို ပြတင်းပေါက်ကနေပြီးအပြင် လွှင့်ပစ်လိုက်တာ သံတိုင်နဲ့ထိပြီး အခန်းထဲပြန်ကျလာတာကိုး ဆရာရဲ့၊ သည်တော့ သူလည်း ငတ်ရှာလွန်းလို့ တစ်ဖွာနှစ်ဖွာ သောက်မိတယ်ထင်ပါရဲ့ ခင်ဗျာ ... ဒါပါပဲ"

"ဟုတ်လားဟေ့ ... စံဖေ"

"သည်အတိုင်း မှန်ပါတယ် ဆရာ"

"ဒါနဲ့ ထောင်မှူးကြီးက သည်လောက် ဆေးလိပ်သောက်ချင်လှတဲ့ အကောင်၊ သောက်ရစေမပေါ့ဆိုပြီး စံဖေကို ခုံရှည်တစ်ခုပေါ်မှာ ပက်လက်လှန်၊ ထောင်သားလေးယောက်ကို အချုပ်ခိုင်း၊ ပါးစပ်ကို အတင်းဟပြီး ဆေးပြင်းလိပ်မီးရဲရဲကြီးနဲ့ အာခေါင်ကို ထိုးကာ ခများမှာ ၁၀ ရက်လောက် ထမင်းမစားနိုင်ရှာဘဲ ခံလိုက်ရပါပြီကောလား ဆရာရဲ့"

http://www.cherrythitsar.org


"သည်လောက် ရက်စက်တဲ့ မျက်နှာဖြူ ငါမတွေ့ဖူးပါဘူးကွယ်"

"ရက်စက်တာတော့ မပြောနဲ့ဆရာ၊ ပြီးတော့ ဆရာ ရောက်ပြီးတဲ့နောက်ပဲ မဟုတ်လား။ ကုက္ကိုကုန်းက စားပြမှုနဲ့ကျလာတဲ့ ဖြူသီးဆိုတဲ့အကောင် ထောင်ထမင်းဟာ အင်မတန် ညံ့တယ်လေး ဘာလေးဆိုပြီး လူစွာ လုပ်မိလို့ သူကိုယ်တိုင် ပုံစံခွက်ကို ဘွတ်ဖိနပ်ကြီးနဲ့ တက်နင်းတာ ဆရာ မှတ်မိသေးတယ် မဟုတ်လား"

"မှတ်မိတာပေါ့ကွယ် ... နို့ပေမဲ့ ငါတို့လည်း မနိုင်လို့ ကြည့်နေကြရတာပေါ့။ စိတ်ထဲကတော့ ဘယ်ကျေကြမလဲ"

ထိုအခါ ဘိုးတူသည် လက်သီးတစ်ဖက်ကို စေ့စေ့ပါအောင် ဆုပ်ပြီးနောက် ....

"ကျွန်တော့်ကို လက်သမားထောင်သာ ရောက်အောင် ပို့ပေးပါဆရာ၊ ကျွန်တော် ချပြပါ့မယ်"

"မင်းက ဘယ်နှယ့်လုပ်နိုင်မှာလဲ"

"ပုဆိန်နဲ့ ပေါက်သတ်မှာပေါ့ ဆရာ"

"မဖြစ်နိုင်ပါဘူးကွယ် ... သူအထဲကို ဝင်လာရင် အားလုံး လက်နက်တွေကို ချထားရတယ်ကွယ့်။ ပြီးတော့ နောက်ကုလားနှစ်ယောက် တုတ်ထမ်းပြီး အမြဲပါသေးတယ်"

ထိုအခါ၌ အောင်မင်းက အပြင်မှ စိန်ကိုမှာယူ၍ တဖြည်းဖြည်းစုပြီးလျှင် ထောင်မှူးကြီး၏ ဘဏ္ဍာစိုးနှင့်တိုင်ပင်၍ အဆိပ်ခပ်သတ်ရန် အကြံပေးလေရာ စံဖေကမူ ဤသို့မသေမချာ အလုပ်ကို မိမိသဘောမတူကြောင်း၊ လက်နက်တစ်ခုခုကို ရှာဖွေပြီးလျှင် တစ်ခါတည်း ရာဇဝင်တွင်လောက်အောင် ဖြောင်သတ်လိုကြောင်း၊ သို့မှလည်း သတ်သူမှာ ကြိုးပေးပင် ခံရစေကာမူ နောက်မျက်နှာဖြူထောင်မှူးများသည် မြန်မာထောင်သား အကျဉ်းသားများအပေါ်တွင် အရမ်းမဲ့ စော်ကားခြင်းမှ ရပ်စဲတော့မည်ဖြစ်ကြောင်းနှင့် အကြံပေးလေ၏။ ထို့နောက် စံဖေသည် ကျွန်ုပ်အား သူ၏အကြံအစည်ကို ထောက်ခံစေလိုဟန်ဖြင့် ....

"ဘယ်နှယ့်လဲ ဆရာ ... ကျွန်တော်ပြောတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါရဲ့ကွယ် ... နို့ပေမဲ့ ဒီလိုရှိသေးတယ်ကွယ့်၊ လူဆိုတာ တစ်ခုခုကိုကြံရင် ပိပိပြားပြား ကြံစည်ရမယ်။ အစမပေါ်စေရဘူး၊ မင်းတို့ လိုချင်တာက ဒီအကောင်ကြီးမရှိရင် သဘောကျတာပဲ မဟုတ်လား"

"ဟာ ... ဒါပေါ့ ဆရာ ... ဘယ်လိုနည်းနဲ့ သေသေ၊ သေရင်ပြီးတာပေါ့။ နို့ပေမဲ့ ကျွန်တော်တို့မှာ မိုက်ဝံ့တာလောက်ပဲရှိတယ် ဆရာရဲ့၊ ဆရာလို

http://www.cherrythitsar.org



ပညာဉာဏ်မရှိကြဘူး။ ဒါကြောင့် ဆရာ့ဆီက အကြံဉာဏ်ကလေးများ ရလိုရငြား ကျွန်တော်တို့ လာတာပဲ"

"အသာနေကြပါဦးကွယ်။ ဆရာ ကြည့်ပြီး စီမံပါ့မယ်။ ဆရာလည်း အလိမ္မာသဘောနဲ့သာ ကြည့်နေရတာ ကိုယ့်အမျိုးသားတွေ ထိရင် ခံချင်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ မင်းတို့ အသိ မဟုတ်လား"

"ဒါပေါ့ ခင်ဗျာ၊ ကျွန်တော်တို့တစ်တွေဟာ သူ့တို့လက်ထဲနေရတာပဲ၊ အပြစ်ရှိလို့ ဆဲတန်ဆဲ၊ ရိုက်တန်ရိုက်၊ လျှော့ရက်ထဲက ဖြတ်ချင်ဖြတ်၊ ကော်စား ထောင်ချချင်ချပေါ့ ဆရာရဲ့"

"အင်း ... မင်းပြောတာက ဥပဒေအတိုင်းကိုးကွယ့်"

"အခုတော့ သူက သူထင်ရာ သူလုပ်နေတာပဲ"

"နေပါဦး ... အခုလို ထောင်သားတွေကို မတရား နှိပ်စက်တာ အထက်လူကြီးတွေ မသိဘူးလား"

"သိတန်သလောက်တော့ သိတာပေါ့ကွ ... နို့ပေမဲ့ မသိဟန်ဆောင်နေကြတာပေါ့ ... သူ့အထက်လူကြီးထောင်ပိုင်ကြီးတို့၊ အရေးပိုင်တို့ ဆိုတာကလည်း သူတို့လို မျက်နှာဖြူချည်းပဲ။ စကားတစ်ခွန်းနှစ်ခွန်း သွင်းလိုက်ရင် တော်ရုံကိစ္စ ပျောက်သွားတာပေါ့၊ ပြောဖို့က အလွယ်ကလေးပဲ၊ ထောင်အရာရှိများကို ခုခံလို့ ရိုက်ရတယ်ဆိုရင် မတော်တဆ သေသွားတာ ဘာဖြစ်ဦးမှာလဲ"

"ဟုတ်ပါတယ် ဆရာ ... ဆရာပြောတာ သိပ်မှန်တာပဲ"

"ပြီးတော့ ဆရာ တစ်ခု ပြောမယ်။ ရာဇဝတ်မှုတစ်ခု ကျူးလွန်တယ်ဆိုတာ ဒေါသအလျောက် ဖြုန်းဖြုန်းဒိုင်းဒိုင်း မဟုတ်ဘဲ အငြိုးရှိလို့ ကြံစည်ချင်ရင် ပိပိရိရိ သက်သပ်ရပ်ရပ် ရှိဖို့လိုတယ်ကွယ့်၊ နောက် မီးသေဖို့လိုတယ်။ ဆရာပြောတာ နားလည်ပြီ မဟုတ်လား"

"နားလည်ပါပြီ ဆရာ"

"ဘိုးတူကော နားလည်ပြီ မဟုတ်လား"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

ငင်းနောက် ကျွန်ုပ်လည်း စံဖေတို့ လူစုအား တစ်စုံတစ်ရာ မပြုလုပ်ရသေးမီ အေးချမ်းစွာနေရန်အကြောင်း ဖျောင်းဖျပြောဆိုနှစ်သိမ့်စေပြီးလျှင် သူတို့ အလုပ်ရှိရာသို့ ပြန်၍ လွှတ်လိုက်လေ၏။

*

တစ်ပတ်ခန့် ကြာလတ်သော် တစ်နေ့သော ညနေစောင်း၌ ကျွန်ုပ်သည် ထောင်မှူးကြီးနေသော အိမ်နောက်ဖေးဘက်ရှိ ပန်းခြံတွင် ပေါင်းများ

http://www.cherrythitsar.org


သုတ်သင်၍ ပန်းပင်များကို ရေလောင်းနေသော အကျဉ်းသား ၈ ယောက်တို့အား အုပ်ချုပ်ကြည့်ရှုလျက်ရှိစဉ် လက်ထောက်ထောင်မှူးကလေး ကိုဘအောင်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာလေသည်နှင့် ကျွန်ုပ်လည်း မတ်တတ်ရပ်၍ အရိုအသေပြုလေ၏။ လက်ထောက်ထောင်မှူးကလေး ကိုဘအောင်မှာ အားလုံးထောင်မှူးကလေးများထဲတွင် ကျွန်ုပ်အား အကြည့်ရှုဆုံးသူတစ်ယောက်ဖြစ်သည့်ပြင် ထောင်အတွင်းရေးနှင့် ပတ်သက်၍ လည်းကောင်း၊ အုပ်ချုပ်စီမံမှုနှင့်ပတ်သက်၍လည်းကောင်း အသေးစိပ်စီမံရန်ရှိက ကျွန်ုပ်နှင့် တိုင်ပင်လေ့ရှိသူတစ်ယောက် ဖြစ်လေသည်။

ကိုဘအောင်၏ မျက်နှာမှာ တစ်စုံတစ်ခုကို ကျွန်ုပ်အား ပြောမည်လုပ်ပြီးမှ ပြောသင့်မပြောသင့်ကို စဉ်းစားနေဟန် လက္ခဏာရှိလေသည်။ ထိုအခါ ကျွန်ုပ်ကပင် စတင်၍ .... "သခင်ကလေး ဘာအလိုရှိပါသလဲ"

"ဘာမှတော့ မဟုတ်ပါဘူးဗျာ ... ခင်ဗျားနေတာ ဒီမြောက်ဘက်တန်းလျား မဟုတ်လား"

"မှန်ပါတယ် သခင်ကလေး"

"ဒီဘက်ဆုံး အဆောင်ဟုတ်စ"

"ဟုတ်ပါတယ်"

"ခင်ဗျားနေတဲ့ အခန်းကနေကြည့်ရင် မိန်းမထောင်က တောင်ဘက်တံခါးဝကို မြင်နိုင်ရဲ့လား"

"သည်အတိုင်းတော့ မမြင်ရဘူး သခင်ကလေး"

"သည်အတိုင်း မမြင်ရရင် ဘယ်လိုမှ မြင်နိုင်တာလဲ"

"ထုပ်ပေါ်ကို တက်ကြည့်မယ်ဆိုရင်တော့ မြင်နိုင်ပါတယ်"

"တော်ပြီ ... ဒီကနေ့ ညနေ နေဝင်ရီတရောခင်ဗျား့အခန်းက ထုပ်ပေါ် တက်ပြီး ကြည့်စမ်း ... ဘာမြင်သလဲလို့"

"မှန်ပါ"

"ပြီးတော့ နက်ဖြန်ကျရင် ကျုပ်ကို ပြောနော်"

"ပြောပါ့မယ် သခင်လေး"

ထောင်မှူးကလေး ကိုဘအောင် ပြန်သွားပြီးနောက် ကျွန်ုပ်လည်းအလုပ်ဝတ္တရားကို ဆက်လက်လုပ်ကိုင်လျက် ရှိလေ၏။

ထောင်တံခါးပိတ်လိုက်ပြီးနောက် ထိုနေ့ ညနေ နေဝင်ရီတရောအချိန်သို့ရောက်လတ်သော် ကျွန်ုပ်လည်း အခန်းတွင်းရှိ ကြက်တူရွေးတန်းကို တွယ်ကပ်ကာ ထုပ်ပေါ်သို့ရောက်အောင် တက်လေ၏။ အခြားအကျဉ်းသားများလည်း ကျွန်ုပ်အပြုအမူကို ကြည့်ကာ ....

http://www.cherrythitsar.org


"ဆရာကလည်းဗျာ ... ဒီကောင်မတွေ မကြည့်ချင်စမ်းပါနဲ့" ဟု ပြောင်လှောင်ပြောဆိုကြရာ ကျွန်ုပ်ကမူ ၎င်းတို့အား သင့်လျော်ရုံမျှ ရယ်သွမ်းသွေးကာ အလိုက်အထိုက်ပြန်၍ ပြောရ၏။

နေရောင်ကွယ်ပျောက်သွားပြီး ဖြစ်သော်လည်း အနောက်ဘက်သို့ မျက်နှာမူလျက်ရှိသော အုတ်တံတိုင်းကြီးနှင့် တံခါးပေါက်ကြီးကိုလည်းကောင်း၊ အုတ်တံတိုင်းအပြင်ရှိ လူသွားလမ်းမကြီးဘေးများတွင် ပေါက်လျက်ရှိသော မန်ကျည်းပင်ကြီးကိုလည်းကောင်း၊ အစောင့်စန္တရီများချထားရာ မျှော်စင်ကလေးများကိုလည်းကောင်း ခပ်ရေးရေးမျှ မြင်ရသေး၏။ ၎င်းမှ အနောက်ဘက်သို့ မျှော်ကြည့်ပြန်သော် ဧရာဝတီမြစ်၏ပြာလဲ့လဲ့ရေပြင် အစိတ်အပိုင်းကိုပင် မထင်မရှားမှုန်မွှားမွှား မြင်ရသေး၏။ ထို့နောက် အရှေ့လောကဓာတ်မှ လမင်းသည် မှေးမှိန်သော ရောင်ခြည်များဖြင့် ထောင်၏အနောက်တံခါးအတွင်းဘက်ကို ထွန်းလင်းစေလျက်ရှိတော့၏။

မိန်းမအချုပ်သမားများ ထားသော အခန်းများနှင့် မိန်းမထောင်မှာ ကျွန်ုပ်၏အနောက်မြောက်ဘက်၌ရှိ၍ ထောင်မှူးကြီးအိမ်မှာ အနောက်တောင်ဘက်၌ရှိ၏။ ထောင်၏ဇဟိုတံခါးမကြီးမှာ ထိုနှစ်ခုအကြား၌ ရှိလေသည်။

အသက်လေးဆယ်ကျော်ခန့်ရှိ ထောင်ဝတ်ထောင်စား ဝတ်၍ထားသော မိန်းမတစ်ယောက်သည် လက်ဆွဲသားရေအိတ်တစ်လုံးကို ဆွဲကာ ထောင်မှူးကြီးအိမ်နောက်ဖေး မီးဖိုဘက်တံခါးမှ ဆင်းခဲ့ပြီးသော် ပန်းဥယျာဉ်ကလေးကို ဖြတ်၍ မိန်းမထောင်၏အရှေ့ဘက် အုတ်တံတိုင်းဆီသို့ လာလျက်ရှိလေ၏။ အုတ်တံတိုင်း၏အလယ်မှာ လေးပေ,နှစ်ပေခန့်ရှိ သံတိုင်များကာ၍ထားသော မလွယ်ပေါက်ကလေးတစ်ခုရှိသဖြင့် မိန်းမကြီးသည် မလွယ်ပေါက်အနီးသို့ ရောက်သောအခါ လက်ထောက်ထောင်မှူးကလေးတစ်ယောက် ဖြစ်သော ကိုပန်းအုံဆိုသူနှင့် ထောင်ပြာတာတစ်ယောက်သည် လက်သမားရုံနောက်မှ ဖြည်းညင်းစွာ ထွက်ပေါ်လာပြီးနောက် ထောင်မှူးကလေးသည် ခါးကြားထဲမှ သော့တွဲတစ်ခုကို ထုတ်၍ပေးရာ ထောင်ပြာတာသည် အပြင်မှ ခတ်ထားသော ကြေးသော့ခလောက်ကို ဖွင့်လေ၏။ မလွယ်ပေါက် ပွင့်သွားလေလျှင် ထိုမိန်းမသည် မလွယ်ပေါက်မှ ဝင်၍ မိန်းမ အချုပ်ထောင်တန်းလျားဆီသို့ သွားလေသည်။

မိန်းမကြီးသည် ထိုတန်းလျားဆီသို့ ရှေ့ရှုသွားပြီးနောက် မြောက်ဘက်သို့ ကွေ့၍သွားလေရာ၊ ထိုနေရာမှာ ကျွန်ုပ်၏ မြင်ကွင်းမှ မိန်းမထောင်၏ သွပ်မိုးကွယ်၍နေသဖြင့် ဆက်လက်၍ မမြင်ရတော့ချေ။ သို့ဖြစ်၍ ကျွန်ုပ် လည်း ထုပ်ပေါ်မှဆင်းခဲ့လေ၏။

http://www.cherrythitsar.org



နောက်တစ်နေ့၌ လက်ထောက်ထောင်မှူးကလေး ဦးဘအောင်က မေးမြန်းသဖြင့် ကျွန်ုပ်လည်း ယမန်နေ့ညက တွေ့မြင်ခဲ့ရသော အကြောင်းများကို ပြန်ပြောင်းပြောဆိုလျက်ရှိရာ ဦးဘအောင်က ....

"အဲဒါ ဦးဘိုးထော် ဘယ်လိုသဘောရသလဲ"

"ကျွန်တော်ကတော့ ဘာမှ အဓိပ္ပာယ် နားမလည်ဘူး သခင်ကလေး"

"ဒီလိုဗျ မိန်းမ အကျဉ်းထောင်ဘက်က အချုပ်ခန်းထဲမှာ လင်ကို ဓားနဲ့ထိုးသတ်လို့ အချုပ်ခံနေရတဲ့ ခင်မြဆိုတဲ့ ကောင်မကလေးတစ်ယောက် ရှိတယ်။ အသက် ၂၀ ကျော်ကျော်လောက်ပဲ ရှိဦးမယ်။ ကောင်မကလေးက တောသူဆိုပေမယ့် ပြုပြုပြင်ပြင်များနေရင် အတော် သနရုပ္ပရှိတဲ့ ကောင်မလေး ဒီကောင်မကလေး အချုပ်ခံနေရတာ သုံးလကျော်ပြီဗျ"

"ဟုတ်ကဲ့ ... လင်ကို ဓားနဲ့ထိုးသတ်တယ်ဆိုတဲ့ အမှုတော့ တစ်ခါ ကြားလိုက်ပါတယ်"

"အဲဒီ ကောင်မလေးပေါ့ ... ဦးဘိုးထော်ရဲ့၊ ဟိုအကောင်ကြီးက မျက်စိကျပြီး ရုံးချိန်းရက်တိုင်း ရုံးမထုတ်ခင် သူ့အခန်းထဲ ခေါ်စစ်ရတာနဲ့ အိမ်ပေါ်ခေါ်ပြီး ထမင်းကျွေးရတာနဲ့ လက်ဖက်ရည်တိုက်တာနဲ့ နောက်ဆုံး ကောင်မလေးကို မတော်တရော် လုပ်ရောဆိုပါတော့ဗျာ။ မိန်းမဗာရာတွေရော၊ ထောင်မှူး ကိုပန်းအုံတို့ လူစုတွေရော၊ ထောင်ပြာတာတွေရော၊ သူ့လူတွေဆိုတော့ သူထင်သလို ဖြစ်နေတာပေါ့ ဦးဘိုးထော်ရယ်"

"ဒီအကြောင်းတွေ ကျွန်တော်ဖြင့် မသိပါဘူး ... သခင်ကလေး"

"ဒါနဲ့ ကောင်မလေးရဲ့အမှုကလည်း တရားလိုဘက်က သက်သေတစ်ယောက်ကို ရှာနေတာနဲ့ ရုံးပိတ်တာနဲ့ အတော်ရက်ကြာသွားတယ်။ သည်အတွင်း ဖြစ်ချင်တိုင်းဖြစ်နေတယ်ဆိုပါတော့ဗျာ။ ဒါနဲ့ နောက်ဆုံးကောင်မလေး မှာ ကိုယ်ဝန်ရှိပါရော၊ သည်တော့မှ ဟိုအကောင်ကြီးလည်း မျက်လုံးပြူးသွားပြီး မြို့ထဲက သူ့မိတ်ဆွေဆေးဆရာဝန်တစ်ယောက်နဲ့ တိုင်ပင်တော့ ဆရာဝန်က ကလေးကိုဖျက်ချဖို့ အကြံပေးတာနဲ့ တူပါတယ်။ ဝမ်းဆွဲဆရာတစ်ယောက်ငှား ... ကလေးဖျက်ဖို့ စီစဉ်ကြတာကိုးဗျ၊ ခင်ဗျား မနေ့ညက မြင်ရတယ်ဆိုတဲ့ မိန်းမဟာ တခြားမဟုတ်ဘူး၊ ဝမ်းဆွဲဆရာမကို နေ့ခင်းကတည်းက သူ့အိမ်ပေါ် ခေါ်ထားပြီး ညနေဝင်ရီတရောမှ အချုပ်ခန်းထဲသွင်းပြီး ကောင်မလေးရဲ့ ပဋိသန္ဓေကို ဖျက်ဖို့စီစဉ်ကြတာနဲ့ တူတယ်"

"သိပ်ယုတ်မာတဲ့ သတ္တဝါကြီးပဲ သခင်ကလေး"

"ဒီကောင်မကလေးက တခြားမဟုတ်ဘူး ဦးဘိုးထော်ရဲ့။ ကျုပ်မိန်းမ

ဘက်က ဆွေမျိုးနီးစပ် တော်တယ်။ ကောင်မကလေးက ပထမ သဘောတူရှာမယ် မထင်ပါဘူးဗျာ။ ဒါကြောင့်လည်း ကျုပ်ကို စာရေးပြီး တိုင်ရှာတာပေါ့"

"သြော် ... ဒီလိုဆိုရင် သနားစရာ ခင်ဗျာ"

"နောက်တော့လည်း သူ့ကို ကြောက်ရတာကတစ်မျိုး၊ သူ့လက်အောက်မှာ နေရတာကတစ်မျိုး၊ မိန်းမ အထိန်းတွေကလည်း အားလုံး သူ့လူချည်းဖြစ်တော့ ဖွတ်မိုတ်လိုက်ရတာနဲ့ တူပါတယ်။ ကောင်မကလေးက ဆင်းရဲပေမယ့် အတော် ဣန္ဒြေရှိတဲ့ ဟာကလေးဗျ"

"နို့ ... ဆရာကကော ဘာမှ မကူနိုင်ဘူးလား"

"အခုဖြင့် မကူညီနိုင်သေးဘူး ဆိုပါတော့၊ တကယ်လို့ ကောင်မလေးက အထက်လူကြီး တိုင်စေကာမူ တကယ့်အရေး ဆိုရင် ဘယ်သူမှ သက်သေမလိုက်ဘူးဆိုတာတော့ စိတ်ချရတယ်"

"ဟုတ်တယ် သခင်လေး၊ ကျွန်တော်တို့အားလုံး သူ့ကို ကြောက်နေရတော့ ခက်သားပဲ"

"သို့သော် ဦးဘိုးထော်၊ လောကကြီးမှာ သည့်လောက် မတရားလုပ်နေတဲ့ လူတစ်ယောက်ကို နည်းနည်းဆုံးမ,ပေးနိုင်ရင်တော့ အကောင်းဆုံးပဲ"

"သခင်ကလေးက နည်းနည်းဆုံးမပေးချင်ရင် ကျွန်တော်မျိုးတို့က များများကြီး ဆုံးမပေးချင်တယ်"

ဦးဘအောင်သည် အတန်ကြာအောင် တစ်စုံတစ်ခုကို စဉ်းစားလျက်ရှိနေပြီးနောက် ....

"ဦးဘိုးထော်ကို ကျုပ်တစ်ခု တိုင်ပင်ချင်တယ်ဗျာ၊ နှုတ်လုံပါ့မလား"

"ဟာ ... ဒီဟာတော့ မမေးနဲ့ သခင်ကလေး ... ကျွန်တော်မျိုး အသက်ကို အာမခံပေးနိုင်ပါတယ်"

"ဒီလိုကိုး ဦးဘိုးထော်ရဲ့၊ ကျုပ်တို့က စိတ်ထဲကသာ ပါတာ ဒါမျိုးကို တစ်ခါမှ မကြံစည်ဖူးဘူး ... အရင်ကလည်း မလုပ်ဖူးဘူး။ ကိုယ့်ကိုယ်တိုင်လဲ မလုပ်ဝံ့ဘူး။ ဦးဘိုးထော်တို့ကတော့ ထောင်ထဲမှာရော၊ အပြင်မှာရော အပေါင်းအသင်း ကောင်းတယ်။ ကိုယ်တိုင် ဇက်ရဲလက်ရဲလည်း ရှိတယ်။ တပည့်တပန်း ကောင်းလည်း ရှိတယ်။ နို့ပေမဲ့ ... ကျုပ်ကြံချင်တာက တစ်ခါတည်း အစတုံး လက်သည်မပေါ်အောင် ပိပိရိရိ ကြံစည်ကြမှ နေရာကျမယ်"

"ဒီဟာတော့ ကျွန်တော်မျိုး တာဝန်ထားပါ သခင်ကလေး"

"ငွေဘယ်လောက်ကုန်မယ်ဆိုတာ ကျုပ်ကိုပြော၊ ဘာလိုချင်တယ်ဆိုတာ ကျုပ်ကိုပြော မကောင်းဘူးလား၊ တတ်နိုင်သမျှ ဘယ်ဘက်ကဖြစ်ဖြစ် ကျုပ်ကူညီမယ်"

http://www.cherrythitsar.org


"ဒီလိုဆိုရင် ဖြစ်နိုင်ပါတယ် သခင်ကလေး"

"ဒီလိုလူမျိုးနဲ့ ကြာကြာ အလုပ်လုပ်လို့လည်း မဖြစ်နိုင်ဘူးဗျ။ နို့ပေမဲ့ သူက အကြီးအကဲဆိုတော့ သူ့အမိန့်အတိုင်း ကျုပ်တို့ လိုက်နာနေရတာပဲ ... ပြီးတော့ ဒီကောင်မကလေးကို ဒီလိုအရှက်တကွဲ အကျိုးနဲ လုပ်တာတင် ကျုပ်စိတ်ထဲမှာ ဒီလို အကောင်မျိုး တစ်ခါတည်း သုတ်သင်ပစ်မှလို့ ကျုပ်စိတ်ကို တစ်ခါတည်း ပိုင်းဖြတ်လိုက်တယ်"

"အရေးကြီးတဲ့ ကိစ္စဖြစ်လေတော့ ၃–၄ ရက်လောက် စဉ်းစားဖို့ အခွင့်ပေးပါ သခင်ကလေး"

"စဉ်းစားပါဗျာ ... စဉ်းစားပါ ... နို့ပေမဲ့ အရာရာ ပိပိရိရိ ရှိပေဗျနော်။ ဦးဘိုးထော်ကို ညီအစ်ကိုရင်းမက အားထားလို့ ကျုပ်က တိုင်ပင်တာ"

"မှန်ပါတယ် သခင်ကလေး၊ ကျွန်တော်မျိုး ယုံကြည်ပါတယ် ခင်ဗျာ။ ဒီကိစ္စကို ကျွန်တော်မျိုး ... အထမြောက်အောင် ဆောင်ရွက်ပေးပါ့မယ်"

ငင်းနောက် ကျွန်ုပ်တို့လည်း လူချင်းခွဲလိုက်ကြ၏။

*

ကျွန်ုပ်ကိုယ်တိုင် အင်္ဂလိပ်မျက်နှာဖြူများကို မိက ဘက ဆင်းသက်၍ မုန်းတီးခဲ့သည်တစ်ကြောင်း၊ ထောင်မှူးကြီး 'ဂျုံး၏ ရက်စက်ပုံ၊ မတရားပြု လုပ်ပုံတို့မှာလည်း အတော်အတန် သည်းခံနိုင်စိတ်ရှိသူများပင် မခံမရပ်နိုင် လောက်အောင် တရားလွန်လွန်းလှသဖြင့် တစ်ကြောင်း မစ္စတာဂျုံးကို လုပ်ကြံ ရန် ထောင်မှူးကလေး ဦးဘအောင်အား ဝန်ခံကတိပေးလိုက်သော်လည်း အမှန် အားဖြင့်မူ လွယ်ကူသော အလုပ်မဟုတ်ချေ။ အပြင်မှာကဲ့သို့ ညဉ့်အချိန်များတွင် ချောင်းမြောင်း သတ်ဖြတ်ရန်လည်း မဖြစ်နိုင်၊ ဖြောင်လုပ်ရန်လည်း အပြစ်မကင်း ဘဲရှိမည်ဖြစ်ရကား ကျွန်ုပ်မှာ အတော်ပင် အကြံထုတ်လျက်ရှိရ၏။

ထို့ပြင် အခြားအချက်တစ်ချက်လည်း ရှိသေး၏။ လူတို့မည်သည် စိတ်ထွက်သောအခါများ၌ မည်မျှပင် လက်ရဲဇက်ရဲ လုပ်ဝံ့ကိုင်ဝံ့သည် မှန်သော် လည်း သွေးအေးသည့်အခါတွင် လူတစ်ယောက်အား သတ်ဖြတ်ရန် တာဝန် လေးလှ၏။ ကျွန်ုပ်မှာလည်း ထိုနည်းအတူ မည်သည့်ရန်သူကိုမဆို မည်သည့် လက်နက်နှင့်မဆို ရင်ဆိုင်ရန် ဦးမလေးခဲ့သော်လည်း ထောင်အရာရှိကြီး တစ်ဦး ကိုတိတ်တဆိတ် လုပ်ကြံသတ်ဖြတ်ရန် လက်နှေးလျက်ရှိ၏။ သို့သော် အမှန် အားဖြင့်မူ ဤမျှလောက် ဆိုးရွားယုတ်မာသူတစ်ယောက်အား လူ့ပြည်တွင် အရှင်မထားရန် ကျွန်ုပ်ထောက်ခံပါ၏။

ဤသို့နှင့် ကျွန်ုပ်လည်း နှစ်ရက် တိုင်တိုင် စဉ်းစားလျက်ရှိရာ တတိယ မြောက်သောနေ့၌ ထောင်ပြင်မှပြန်လာသော ဗာရာစံဖေ အုပ်ချုပ်လျက်ရှိသည့်

အကျဉ်းသား ၁၀ ယောက်အနက်မှ အကျဉ်းသားတစ်ယောက်သည် ကျွန်ုပ် အနီးသို့ ချဉ်းကပ်လာပြီးနောက် အပြင်မှ ဝှက်၍ယူလာသော ဆေးပြင်းလိပ် တစ်လိပ်ကို ကျွန်ုပ်အား ပေးသောအခါမှ ကျွန်ုပ်လည်း ပေးသူ၏မျက်နှာကို ကောင်းစွာကြည့်မိရာ ၎င်းမှာ အကျဉ်းသား 'ဘိုးရွှေ' ဆိုသူဖြစ်ကြောင်း သိရ လေသည်။

ဘိုးရွှေကိုမြင်သောအခါ ကျွန်ုပ်စိတ်ထဲတွင် အလင်းတစ်ခုပေါ်ပေါက် လာ၏။

ဘိုးရွှေ၌ 'ဘိုးငွေ' ဆိုသူ အမြွှာပူး ညီတစ်ယောက်ရှိရာ ညီအစ်ကို နှစ်ယောက်တို့မှာ တစ်ယောက်နှင့် တစ်ယောက် ခွဲခြားမရအောင် တူညီလေ သည်။ ဘိုးရွှေမှာ ဓားခုတ်မှုတစ်မှုဖြင့် ထောင်သို့ ရောက်ခဲ့ပြီးလျှင် ဘိုးငွေမှာ တရုတ်တန်းတွင် မော်တော်ကားများ၊ စက်ဘီးများ၊ နာရီများကို ပြင်ဆင်သည့် စက်ပြင်ဆိုင်တစ်ဆိုင်ဖွင့်ပြီးလျှင် နေထိုင်လေသည်။

ညီအစ်ကို နှစ်ယောက်တို့မှာ မည်မျှလောက် ရုပ်ရည်တူညီသနည်း ဆိုပါမူ ငယ်စဉ်က ၎င်းမိဘများကပင် ညီအစ်ကိုနှစ်ယောက်ကို ခွဲခြားသိနိုင် စေရန် အကြီးဖြစ်သူ ဘိုးရွှေအား ရွှေကြိုးကလေးဖြင့် လည်းကောင်း၊ ဘိုးငွေ အား ငွေကြိုးကလေးဖြင့် လည်းကောင်း လည်ပင်းတွင် ရစ်ပတ်မှတ်ထားရ ၏။ ၎င်းကို အစွဲပြု၍လည်း ဘိုးရွှေ – ဘိုးငွေ ဟု အမည်တွင်ခဲ့ခြင်း ဖြစ်လေ သည်။

ညီအစ်ကိုနှစ်ယောက်တို့မှာ တောင့်တင်း သန်မာ၍ ခွန်အားဗလနှင့် ပြည့်စုံကြသည့်ပြင် မဟုတ်လျှင် မခံချင်တတ်သော ဝါသနာရှိကြသည့်အတိုင်း သူတို့အလိုနှင့် ဆန့်ကျင်သူများကို လက်ဦးအောင် 'ချ' တတ်ရကား 'လူမိုက်' စာရင်းသွင်းခြင်း ခံရသူများ ဖြစ်လေသည်။

အထူးအားဖြင့် ညီဖြစ်သူဘိုးငွေမှာ ငယ်စဉ်က အင်္ဂလိပ်စာကို အတော်အတန် သင်ခဲ့ဖူးပြီးလျှင် ရေနံချောင်း ဘီ–အို–စီ ဘက်မှ အင်ဂျင်နီယာ တစ်ယောက်က ခေါ်သဖြင့် 'ဘွိုင်' အဖြစ်နှင့် အမေရိကန်သို့ လိုက်ပါသွားခဲ့ဖူး ၏။ အမေရိကန်တွင် ၉ နှစ်ခန့်ကြာခဲ့ရာ ဘိုးငွေသည် ၎င်း၏ဆရာဖြစ်သူ အမေရိကန် စက်ဆရာကြီး၏ ကြည့်ရှုထောက်ပံ့မှုကြောင့်တစ်ကြောင်း၊ နဂိုက လည်း ဝါသနာရှိသဖြင့် တစ်ကြောင်း၊ စက်ကိရိယာပြင်သည့် အလုပ်ရုံများတွင် လုပ်ကိုင်ခဲ့၏။ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသောအခါ ရေနံချောင်း တွင် ဘီအိုစီစက်ပြင်ဌာန၌ သုံးနှစ်ခန့်လုပ်ကိုင်ပြန်၏။

ဤမျှလောက် ပညာစုံခဲ့သော်လည်း ဘိုးငွေမှာ မခံတတ်သော 'ဉာဉ်' ရှိသဖြင့် လုပ်ဖော်ကိုင်ဖက်များနှင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားခြင်း၊ အကြီးအကဲ

http://www.cherrythitsar.org



တို့အား ပြန်၍ပြောတတ်ခြင်း၊ တစ်ခါတစ်ရံ လူကြီးများကိုပင် လက်ထိ လက်ရောက် ကျူးလွန်တတ်ခြင်းတို့ကြောင့် ထောင်သို့လည်း မကြာမကြာကျခဲ့၏။

ငင်းပြင် ဘိုးငွေမှာ အခွေ ကောင်းကောင်း ရရှိက မည်သည့်အရာ မဆို မလုပ်ရဲသည် မရှိ၊ စွန့်စွန့်စားစားလည်း လုပ်ဝံ့သူ ဖြစ်လေသည်။ သို့ဖြစ်၍ ဓာတ်သိသော ဓနရှင်များသည် တစ်ခါတစ်ရံ အကြောင်းကြုံလာက ဘိုးငွေအား တိတ်တဆိတ် ငှားရမ်းပြီးလျှင် မိမိတို့ ရန်သူများကို အစတုံးဖျောက်ဖျက်ပစ် တတ်၏။ မော်တော်ကားပြင်၊ နာရီဆိုင် ဖွင့်လှစ်ထားခြင်းမှာလည်း အပေါင်း အသင်းရှိရုံနှင့် အပြင်ပန်းပြ အလုပ်များသာ ဖြစ်ပြီးလျှင် အမှန်အားဖြင့်မူ ဤကဲ့ သို့ စွန့်စားကြံစည်သော အလုပ်မျိုးဖြင့် အသက်မွေးနေထိုင်ခဲ့သူ ဖြစ်လေသည်။

ကျွန်ုပ်မှာ ထောင်မကျမီကပင် ဘိုးရွှေ၊ ဘိုးငွေ ညီအစ်ကိုတို့နှင့် အသိ အကျွမ်းဖြစ်ခဲ့ရာ သူတို့၏ အကြောင်းကို ကောင်းစွာ သိခဲ့လေသည်။

သို့ဖြစ်ရကား အကျဉ်းသား ဘိုးရွှေကို မြင်လိုက်သည်နှင့် တစ်ပြိုင် နက် သူ၏ညီ ဘိုးငွေကို အမှတ်ရပြီးလျှင် ကျွန်ုပ်တို့၏ အကြံအစည်ကို ဘိုးငွေ နှင့်သာ တိုင်ပင်ကြံစည်ခဲ့ရလျှင် ကောင်းစွာ အထမြောက်မည်ဟု စိတ်ကူးပေါက် ခဲ့ခြင်း ဖြစ်ခဲ့လေသည်။ သို့သော် ဘိုးငွေမှာ အကျဉ်းသား မဟုတ်၊ အပြင်၌နေရ ကား အကယ်၍ ဘိုးငွေကို ထောင်ကျအောင် စီမံနိုင်သည်ဖြစ်စေ၊ သို့မဟုတ် ဘိုးရွှေကို တိတ်တဆိတ် အပြင်သို့ ထုတ်ပြီးလျှင် ဘိုးငွေနှင့် ခေတ္တလူချင်းလဲ၍ ယူနိုင်သည်ဖြစ်စေ ကျွန်ုပ်တို့အကြံမှာ အထမြောက်ရန် လမ်းရှိ၏။

ပထမအကြံမှာ အပြင်ရှိနေသူတစ်ယောက်အား ပြစ်မှုတစ်စုံတစ်ရာ ဖြင့် ထောင်သို့ကျရောက်လာအောင် ရှေးဦးစွာ ပြုလုပ်ရမည်ဖြစ်၍ လွယ်ကူ သော အလုပ်မဟုတ်သည့်ပြင် ကာယကံရှင်ကလည်း သဘောတူမည် မထင် ချေ။ သို့သော် ဒုတိယအကြံအတိုင်း အလွန်တူသော သူနှစ်ယောက်ကို လူချင်း လဲယူ၍ ကြံစည်ရန်မှာ ကျွန်ုပ်၏လုပ်ရည်ကြံရည် စွမ်းရည်သတ္တိပေါ်၌ တည်ရှိရ ကား ကျွန်ုပ်လည်း ဒုတိယအကြံကို လိုက်ရန် စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ဘိုးငွေ၏ သတ္တိစွမ်းရည်ကို သိပြီးဖြစ်သည့်အတိုင်း ဘိုးငွေ ရောက်လာသောအခါမှာ မည်မျှလောက် အချိန်ကြာသည်ဖြစ်စေ ထောင် တွင်း၌ လျှို့ဝှက်၍ လုပ်ကြံရန် ဖြစ်လေသည်။

ကျွန်ုပ်သည် ဤအကြောင်းကို လက်ထောက် ထောင်မှူးကလေး ဦးဘအောင်နှင့် တိုင်ပင်ရာ ဦးဘအောင်က ငွေ ၁၀၀၀ ထုတ်ပေးမည့်အကြောင်း ပြောသဖြင့် ကျွန်ုပ်လည်း ဘိုးရွှေနှင့် နောက်တစ်နေ့တွင် တိုင်ပင်လေ၏။ ဘိုးရွှေ မှာ နဂိုကပင် စံဖေတို့ ဂိုဏ်းသားတစ်ယောက်ဖြစ်သည့်အတိုင်း ထောင်မှူးကြီးကို လုပ်ကြံရာတွင် မိမိကိုယ်တိုင် တတ်နိုင်သမျှကူညီပါမည်ဟု ကတိပေးလေသည်။

http://www.cherrythitsar.org


ကျွန်ုပ်လည်း ထောင်မှူးကလေး ဦးဘအောင်ထံမှ အကူအညီနှင့် အကျိုးအကြောင်း စုံလင်စွာ စာတစ်စောင်းရေးပြီးလျှင် ဘိုးငွေထံ ရောက်အောင် ပို့လေ၏။ စာထဲ၌ ဘိုးရွှေနှင့် လူချင်းလဲလှယ်သည့်အခါ ငွေ ၅၀ဝိ ကို ပေးရန် ကတိထားပြီးလျှင် နောင်လုပ်ကြံပြီးစီးသည့်အခါ ကျန်ငွေ ၅၀ဝိ ကို ပေးရန် ရေးသားလိုက်လေသည်။

တောင်ယာကြီး၏ အရှေ့တောင်ဘက်မှာ သံတစ်ချောင်းလမ်းနှင့် ကပ်လျက်ရှိသဖြင့် ထိုလမ်း၌ ဓာတ်မီးစက်ရုံတစ်ခုရှိရာ ၎င်းနှင့် မနီးမဝေးတွင် ဦးပိုက်ကြီးဆိုသူ ပန်းပဲဆရာကြီးတစ်ယောက်၏ ပန်းပဲဖိုရှိလေသည်။ ဦးပိုက်ကြီးမှာ ငယ်စဉ်က ဆိုး,ခိုး,မိုက်,တေခဲ့သူတစ်ယောက်ဖြစ်သည့်အတိုင်း ထောင်သားများအပေါ်၌ လွန်စွာ ကြင်နာသနားတတ်ပြီးလျှင် တောင်ယာကြီးသို့ အလုပ်ထွက်သော ထောင်သားများအား တစ်ခါတစ်ရံ မုန့်ပဲသွားရည်စာများကို ဝေငှခြင်း၊ တစ်ခါတစ်ရံ ဆေးလိပ်များကို ပေးကမ်းခြင်းများကို ပြုလုပ်တတ်၏။ သို့ဖြစ်၍ ကျွန်ုပ်နှင့်တကွ တောင်ယာကြီးသို့ အလုပ်ထွက်နေကျ ထောင်သားများမှာ ဦးပိုက်ကြီးနှင့် အကျွမ်းဝင်ကာ သူ့အား မသိသူမရှိဘဲ ကောင်းစွာ သိကျွမ်းခင်မင်ကြကုန်၏။ ဦးပိုက်ကြီးမှာ ပန်းပဲနှင့် ပတ်သက်၍ ထောင်ကိုလည်း အတော်အတန် ကူညီသူ တစ်ယောက်ဖြစ်၏။

စာပို့ပြီးနောက် ၃ ရက်မြောက်သောနေ့၌ ကျွန်ုပ်လည်း ဘိုးငွေထံမှ ကျွန်ုပ်ချိန်းဆိုသည့်အတိုင်း မည်သည့် နေ့ရက်၌မဆို လူချင်းလဲရန်ကိစ္စအတွက် ပန်းပဲဆရာ ဦးပိုက်ကြီးအိမ်မှ အသင့်စောင့်နေမည်ဖြစ်ကြောင်းနှင့် လျှို့ဝှက်စာ တစ်စောင်ကို ရရှိလေ၏။

*

တောင်ယာကြီးသို့ အလုပ်ထွက်သော ထောင်သားများမှာ ထောင်သား (၁၀) ယောက်လျှင် ဗာရာတစ်ယောက်ကျစီ အုပ်ချုပ်လျက် "သူ့အစု အအုပ်နှင့်သူ" ဖြစ်ရကား ဘိုးရွှေကို ထိုအုပ်စုထဲသို့ရောက်အောင် ရှေးဦးစွာ ကြံစည်ရ၏။ သို့ဖြစ်၍ ကျွန်ုပ်ချိန်းဆိုထားသည့်နေ့တွင် စံဖေ၏လူအုပ်၌ ဘိုးရွှေ ပါလာလေသည်။

နံနက် (၈) နာရီလောက်တွင်အလုပ်စ၍ (၉) နာရီအချိန်လောက်သို့ ရောက်လတ်သော် ဘိုးရွှေ၏ သံခြေကျင်းတစ်ဖက်မှ သံကြိုးသည် သံကွင်းမှ ပြုတ်ထွက်သွားသည်ဖြစ်၍ ကျွန်ုပ်လည်း ထောင်ပြာတာမှူးအား ဘိုးရွှေ၏ ခြေကျင်းကို ပန်းပဲဆရာ ဦးပိုက်ကြီး၏ ပန်းပဲဖိုတွင် သွား၍တပ်ရန် လိုကြောင်း ပြောရာ ထောင်ပြာတာမှူးသည် ဘိုးရွှေအား ပန်းပဲဖိုသို့ခေါ်သွားရန် ကျွန်ုပ်နှင့် အတူ ထောင်ပြာတာ ဘဂျပ်ဆင်ဆိုသူကို ထည့်လိုက်လေ၏။ သို့ဖြစ်၍ ကျွန်ုပ်

နှင့် ဘဂျပ်ဆင်တို့သည် ကြေးနန်းကြိုးများဖြင့် ခနော်ခနဲ့မျှ ကာရံထားသော ထောင်ခြံစည်းရိုးကို ကျော်ကာ ဘိုးရွှေအား ပန်းပဲဖိုသို့ ခေါ်သွားကြလေ၏။

ဦးပိုက်ကြီး၏ပန်းပဲဖိုမှာ ကျွန်ုပ်တို့ ထွက်လာသောနေရာနှင့် ခဲတစ်ပစ် ခန့်သာဝေးသဖြင့် ကျွန်ုပ်တို့လည်း အိမ်ထဲသို့ ဝင်သွားကြသောအခါ ဦးပိုက်ကြီးကို အဆင်သင့်ပင် တွေ့ရသဖြင့် ကျွန်ုပ်က အကျိုးအကြောင်း ပြောပြရာ ဦးပိုက်ကြီးက မသိမသာပြုံးပြလျက် ....

"လုပ်ပေးရတာပေါ့ တန္တေကြီးရယ်။ နို့ပေမဲ့ အားလုံးဖြုတ်ပြီး ပြန် ဆက်မှ ခိုင်မယ်ဗျ ... နည်းနည်းတော့ ကြာလိမ့်မယ် ထင်တယ်"

"ဘယ်လောက်ကြာမှာလဲ ဆရာကြီး"

"နာရီဝက်လောက်တော့ ကြာလိမ့်မယ် ထင်တယ်"

"ကိစ္စမရှိပါဘူး ခင်ဗျာ ... စောင့်နေရတာပေါ့"

ဦးပိုက်ကြီးသည် ဘိုးရွှေအား ပန်းပဲဖိုရှိရာ နောက်ဖေးဘက်သို့ ခေါ်သွားသဖြင့် ကျွန်ုပ်တို့လည်း အပြင်ဧည့်ခန်းတွင် စောင့်ဆိုင်းနေကြလေ၏။

ကျွန်ုပ်မှာ နောက်ဖေးဘက်မှ တဒေါက်ဒေါက် ထုနေသော တူသံများ ကို လည်းကောင်း၊ ရှူးခနဲ ရှူးခနဲ မြည်ဟည်းထွက်လာသော ဖားဖိုသံများကို လည်းကောင်း နားထောင်ကာ နောက်ဖေးတွင် ဖြစ်ပျက်နေကြမည့်ပုံကို တွေး တောလျက်ရှိ၏။ ဘဂျပ်ဆင်မှာ အသက် ၅၀ ကျော်ခန့်ရှိသော ဆေးခြောက် သမားကြီးတစ်ယောက် ဖြစ်သဖြင့် ဂုန်နီအိတ်ကုလားထိုင်တစ်လုံးပေါ်တွင် ငိုက် လျက်ရှိ၏။

ကျွန်ုပ်နောက်ဖေးဆောင်သို့ သွားရောက်ကြည့်ရှုသောအခါ၌ကား ဘိုးငွေမှာ ထောင်အဝတ်အစားဝတ်ပြီး သံခြေကျင်းခတ်ပြီးဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း အိပ်ထဲတွင် ဝှက်၍ယူခဲ့သော ငွေ ၅၀ဝ ကို နောက် ဖေးခန်းထဲ၌ ပုန်းနေသော ဘိုးရွှေလက်ထဲသို့ ညီအစ်ကိုနှစ်ယောက်အရှေ့တွင် တစ်ခါတည်း ပေးခဲ့ပြီးနောက် အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။ ၎င်းငွေထဲမှ ဦးပိုက်ကြီးမှာ ငွေ ၁၀ဝ ရမည်ဖြစ်ရာ ဦးပိုက်ကြီးဘက်မှ စိုးရိမ်ရန် မရှိပေ။ ရှေးမဆွကပင် ဘိုးငွေအား ခေါင်းတုံးတုံးထားရန် စာရေးပြီးဖြစ်သဖြင့် ညီအစ်ကို နှစ်ယောက်တို့မှာ မည်မျှ တူညီပါသနည်းဆိုမူ၊ မျက်နှာချင်း၊ ကိုယ်လုံးကိုယ် ပေါက်ချင်း တူညီရုံမျှမက စကားပြောပုံ၊ လေသိမ်းလေယူမှစ၍ တူညီလှသည် ဖြစ်ရကား ကျွန်ုပ်ကိုယ်တိုင်ပင် အတော်ဂရုစိုက်၍ ကြည့်ရ၏။ အသွားအလာ အနေအထိုင်နှင့် ပတ်သက်၍လည်း ဘိုးငွေအား အထူးသင်ပြရန် မလိုချေ။ ဘိုးငွေမှာ ယခင်က နှစ်ကြိမ်မျှ ထောင်တွင် ကျခံခဲ့ဖူးရာ ထောင်ရည်ဝပြီးသူ တစ်ယောက်ဖြစ်လေသည်။

http://www.cherrythitsar.org



ထိုနေ့က ဦးပိုက်ကြီးသည် ရေနံဆီပုံးဟောင်း တစ်လုံးတွင် ပဲကြီးလှော် သုံးပိဿာခန့်ထည့်၍ ထောင်သားများ၊ ကုသိုလ်လုပ်လိုသည်ဆို၍ ပေးလိုက်ရကား 'ဘိုးရွှေ'ဟန်ဆောင်ရသော 'ဘိုးငွေ'သည် ပဲလှော်ပုံးကြီးကို ထမ်းယူခဲ့လေ၏။ ကျွန်ုပ်ကလည်း ဆရာကြီးအား ထွက်ခါနီးတွင် နှုတ်ဆက်လေရာ၊ ဆရာကြီးက မျက်လုံးတစ်ဖက်ကို မှိတ်ပြလိုက်သဖြင့် ကျွန်ုပ်ကလည်း အညှော်မခံဘဲ ပြန်၍ မှိတ်ပြလိုက်သေး၏။ ဆေးခြောက်သမား ထောင်ပြာတာ အဘိုးကြီးကား ကျွန်ုပ်တို့အကြံအစည်ကို တစ်စုံတစ်ရာ မရိပ်မိဘဲ ရှေ့မှသွားလေရာ ကျွန်ုပ်နှင့်ဘိုးငွေတို့လည်း နောက်မှလိုက်ပါသွားရလေ၏။ သို့ဖြစ်၍ ထောင်ထဲသို့ ကျွန်ုပ်ပြန်၍ ခေါ်ခဲ့သူမှာ 'ဘိုးရွှေ'မဟုတ်ဘဲ 'ဘိုးငွေ'ဖြစ်ကြောင်းကိုလည်းကောင်း၊ မကြာမီ ဦးပိုက်ကြီး အိမ်နောက်ဖေး လမ်းပေါက်မှ ထားဝယ်လုံချည်၊ သက္ကလပ် အင်္ကျီအနက်၊ ခေါင်းပေါင်းပန်းရောင်ဖြင့် ထွက်သွားသူမှာလည်း ဘိုးငွေ မဟုတ်တော့ဘဲ အကျဉ်းသား ဘိုးရွှေ ဖြစ်ကြောင်းကို ဦးပိုက်ကြီးနှင့် ကျွန်ုပ်မှလွဲ၍ မည်သူမှ မသိချေ။ ထောင်ခြံစည်းရိုးကို ကျော်၍ ဝင်လာပြီးနောက် ဘိုးငွေသည် ပဲလှော်ပုံးထဲမှ တစ်စုံတစ်ခုကို နှိုက်ယူပြီးလျှင် ကျွန်ုပ်အား လှမ်း၍ပေးလိုက်သဖြင့် ထိုအခါမှ ကျွန်ုပ်လည်း ဘိုးငွေ၏အကြံကို ရိပ်မိတော့၏။ ဘိုးငွေလှမ်းပေးလိုက်သော အရာမှာ လက်ကိုင်ကို တစ်ဝက်သာသာမျှ ဖြတ်ထားသော ခြောက်လုံးပြူးသေနတ်ကလေးဖြစ်၍ ကျွန်ုပ်လည်း ခါးထဲတွင် လျှင်မြန်စွာ ထိုးဝှက်ထားလိုက်လေ၏။ ကျွန်ုပ်တို့ အလုပ်လုပ်သော နေရာနှင့် မလှမ်းမကမ်းတွင် သစ်ငုတ်တိုကြီးတစ်ခုရှိရာ ကျွန်ုပ်လည်း ၎င်းအနီးသို့ ရောက်သောအခါမှ သစ်ငုတ်တိုအလယ်မှ ဆွေး၍ အခေါင်းဖြစ်နေသော အပေါက်ထဲသို့ အခြားလူများ မမြင်အောင် ဝှက်ထားလိုက်သည်။

ကျွန်ုပ်တို့ အကြံမှာ ဤအခြေအနေထိချောမောစွာ အောင်မြင်ခဲ့ပြီဖြစ်ရကား ကျွန်ုပ်လည်း ဘိုးငွေအား ဘိုးရွှေ၏ အလုပ်အကိုင်၊ အသွားအလာ အနေအထိုင်၊ အပေါင်းအသင်းမှစ၍ အချိန်ရတိုင်း ညွှန်ကြားပြသပေးရာ၊ ဘိုးငွေမှာ ဘိုးရွှေထက်ပင် 'ထောင်ကျွမ်း' သော သူတစ်ယောက်ဖြစ်သည့် အတိုင်း နှစ်ရက် သုံးရက်မျှ ကြာလတ်သော အတော်ပင် အသားကျ၍ သွားခဲ့လေ၏။ ဘိုးငွေမှာ ဗာရာစံဖေ၏ လက်အောက်တွင် ရှိနေရကား ဤအကြံအစည်ကို ကျွန်ုပ်ကလွဲ၍ စံဖေတစ်ယောက်သာ သိလေသည်။ အလုပ်နှင့် ပတ်သက်၍လည်း ကျွန်ုပ်နှင့် စံဖေကပါ သက်သာနိုင်သမျှ သက်သာချောင်ချိစေရန် စီမံထားသည့်အတိုင်း ဘိုးငွေမှာ အတော်အတန် အားလပ်ချိန်ရတိုင်း အကြံထုတ်လျက်ရှိလေ၏။

http://www.cherrythitsar.org


နောက်ဆုံး ဘိုးငွေက ထောင်မှူးကြီးနေသော အိမ်ပေါ်သို့ တက်ရောက်ခွင့်ရရန် အခွင့်အရေးရမှသာ အကြံမှာ အထမြောက်နိုင်မည်ဟု ပြောဆိုသည့်အတိုင်း ကျွန်ုပ်လည်း ဤအခွင့်အရေးကို ရရန် ကြံစည်ရပြန်၏။ နံနက် (၈) နာရီမှ (၁၁) နာရီအထိ ထောင်သားလေးယောက်မှာ ဦးထုပ်ပြာ ဗာရာတစ်ယောက်သော် လည်းကောင်း၊ ကြည့်ရှုပြီးလျှင် အိမ်၏ဝေယျာဝစ္စများကို ပြုလုပ်ရခြင်း၊ ကြမ်းတိုက်ရခြင်း၊ ဖိနပ်တိုက်ရခြင်း၊ အိုးခွက်တိုက်ရခြင်းများကို ပြုလုပ်ရ၏။ ထောင်မှူးကြီးမှာ သားမယားမရှိဘဲ တစ်ကိုယ်တည်းနေသူ ဖြစ်ရကား အိမ်၏ဝေယျာဝစ္စအလုပ်များကို ဘဏ္ဍာစိုးက ကြည့်ရှုစေခိုင်းလေသည်။ ဤအလုပ်များမှာ အလွန်သက်သာသော အလုပ်မျိုးဖြစ်၍ အကျဉ်းသားတိုင်း လုပ်လိုကြရာ ကျွန်ုပ်က ရွေးချယ်ပေးသည့်အတိုင်း အကျဉ်းသားလေးယောက်ကို တစ်ပတ်လျှင် တစ်ကြိမ်ကျ လှူလဲ၍ ခိုင်းစေရလေသည်။ သို့ဖြစ်၍ နောက်တစ်ပတ်၌ ဘိုးငွေမှာ ထောင်မှူးကြီးအိမ်တွင် ဝေယျာဝစ္စ အလုပ်လုပ်ရန် အလှည့်ကျရောက်သဖြင့် လုပ်ကိုင်ရလေ၏။

*

ထိုည၌ ဘိုးငွေသည် အခြားအကျဉ်းသားများ အိပ်မောကျနေချိန်၌ ကျွန်ုပ်နှင့် တီးတိုးတိုင်ပင်လျက် ရှိလေသည်။

"ဘယ်နှယ့်လဲဟေ့ ... အိမ်အခြေအနေကို မြင်ရပြီ မဟုတ်လား"

"မြင်ရပါပြီ ဆရာ ... ဒါနဲ့ ထောင်မှူးကြီးအိမ်မှာ နာရီတွေ တယ်ပေါပါလား ဆရာရဲ့"

"ဒီအကောင်ကြီးက အင်မတန် ထူးဆန်းတာကလားကွယ်၊ နာရီဝါသနာပါသတဲ့ကွယ့်၊ မင်းမြင်ပါလိမ့်မယ်။ အိမ်ပေါ်မှာ တိုင်ကပ်နာရီတွေရော၊ စားပွဲတင်နာရီရော၊ တိုင်ကပ်နာရီဆိုတာလည်း အကြီးအသေး စုံနေတာပဲ"

"အဲဒါ ကျွန်တော်တို့ အကြံအောင်ဖို့ပဲ ဆရာ"

"ဘာပြုလဲ ကိုယ့်လူ၊ နာရီတွေ ပေါတာနဲ့ ကျုပ်တို့ အကြံနဲ့ ဘယ်လိုဆိုင်လို့လဲ"

"ဘယ်လိုဆိုင်တယ်ဆိုတာ ဆရာနောက်တော့ သိလိမ့်မပေါ့ ဆရာ၊ ဒါထက် ကျွန်တော် နာရီပြင်တတ်တဲ့အကြောင်း၊ သူ့အစ်ကို ဘိုးငွေဆိုတာ နာရီပြင်ဆရာဖြစ်လို့ သူ့အစ်ကိုဆီမှာ နာရီပြင်တဲ့ အလုပ်လုပ်ဖူး၍ နာရီအိမ်ကိုလည်း အလှအပလုပ်ပေးတတ်တဲ့အကြောင်း ထောင်မှူးကြီးကို ဆရာ ပြောပေတော့"

"ဒီလိုဆိုရင် လွတ်သဘောကျပေါ့ကွယ် ... ထောင်မှူး ကိုပန်းအုံအိမ်ကို တစ်ခါ အလည်သွားဆို ထင်ပါရဲ့၊ ဟိုလူကလည်း အိမ်မှာ နာရီသုံးလေးလုံး

ရှိလေတော့ သူနဲ့ ဝါသနာချင်းတူတယ်ဆိုပြီး အဲဒီကတည်းက ကိုပန်းအုံနဲ့ အလွမ်းသင့်သွားတာပဲ ... တဲ့။ ဦးဘအောင်က တစ်ခါပြောဖူးတယ်။ သူတို့ အင်္ဂလိပ်လူမျိုးတွေဟာ အခက်သားကလားကွယ်။ သူတို့ ဝါသနာတွေက အတော်ဆန်းတယ်ကွယ့်။ အချို့လည်း သေနတ်ဝါသနာပါပြီး သေနတ်အမျိုးမျိုးကို မပစ်ဘဲနဲ့ ဝယ်ထားတတ်တယ်။ တချို့လည်း နာရီ၊ တချို့လည်း ဖောင်တိန်၊ တချို့လည်း မြင်း၊ တချို့က ပန်းပင်၊ တချို့က ခွေး ဝါသနာပါတတ်ကြတယ်။ မောင်ဘိုးငွေလည်း နိုင်ငံခြားရောက်ဖူးတာပဲ ဆရာ့ထက်ပိုပြီးသိမှာပေါ့"

"မှန်ပါတယ် ဆရာ ... ကျွန်တော်လည်း တွေ့ဖူးပါတယ်။ ကိုင်း ... နက်ဖြန်ကျ ပြောပေတော့ ဆရာ"

"အေးကွယ် ... စိတ်ချ၊ သူ့နာရီတွေ ပြင်ပေးမယ်ဆိုရင် မင်းတော့ ဆေးပြင်းလိပ် ကောင်းကောင်း သောက်ရဦးမှာပေါ့ကွယ်"

၎င်းနောက် အတော်ညဥ့်နက်လာသည်နှင့် ကျွန်တော်တို့လည်း စကားလက်စ ဖြတ်လိုက်ကြလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်လည်း ထောင်မှူးကြီးအလုပ်ခန်းတွင် အမှိုက်လှဲခြင်း၊ စားပွဲကုလားထိုင်များကို ဖုန်သုတ်ခြင်းများ ပြုလုပ်လျက်ရှိစဉ် ထောင်မှူးကြီးမှာ ၎င်းကိုယ်တိုင် နံရံတွင် ချိတ်ဆွဲထားသော တိုင်ကပ်နာရီကို သော့ပေးလျက်ရှိသည်နှင့် ကျွန်ုပ်က ဘိုးရွှေမှာ နာရီများကို ပြင်တတ်ကြောင်း အနည်းငယ်ပြောပြလေရာ ထောင်မှူးကြီးမှာ စိတ်မြန်သော သူတစ်ယောက် ဖြစ်သည့်အတိုင်း ဘိုးရွှေအား ချက်ချင်းခေါ်ခဲ့ရန် အမိန့်ပေးလေ၏။

ဘိုးရွှေရောက်လာသောအခါ ထောင်မှူးကြီးသည် မျက်နှာထား ခပ်ချိုချိုနှင့် ....

"ဘိုးရွှေ"

"ဘုရား"

"မောင်မင်း ... နာရီကောင်းကောင်း ပြင်တတ်တဲ့အကြောင်း ဟောဒီက တန်ချေကြီးက ပြောတယ် ... မှန်သလား"

"မှန်ပါတယ် ဘုရား၊ ကျွန်တော်မျိုးအစ်ကိုရဲ့ နာရီပြင်ဆိုင်မှာ အလုပ် လုပ်ဖူးပါတယ် ဘုရား"

"ကျုပ်အိမ်က နာရီတွေက အတော်ကောင်းတဲ့ နာရီတွေ ဖြစ်တယ်။ တချို့ဟာ ဘိလပ်က ကျုပ်ယူလာတဲ့ နာရီဖြစ်တယ်။ တချို့လည်း ဆွစ်ဇာလန်က တိုက်ရိုက်မှာယူထားတယ်။ တချို့လည်း အိန္ဒိယကနာရီတွေဖြစ်ကြောင်း နာရီစက် သာမကဘူး အိမ်ကိုလည်း အလှအပဖြစ်အောင် ကောင်းကောင်းဆေးကြောပြီး ပြင်ပေးနိုင်ပါမလား"

http://www.cherrythitsar.org


"ပေးနိုင်ပါတယ် ဘုရား"

"ကျုပ် ဂရုမစိုက်နိုင်တာ တစ်နှစ်လောက်ရှိသွားပြီ၊ ဒါကြောင့် တချို့လည်း အထဲမှာ ဘယ်လိုဖြစ်နေသလဲဆိုတာ ကျုပ်မသိဘူး။ တချို့လည်း သွားနေတုန်းပဲ၊ ကျုပ်အိမ်မှာ အားလုံးနာရီ ၁၁ လုံးရှိတယ်"

"မှန်ပါ … ကျွန်တော်မျိုး ကြည့်ပြီး … အားလုံး ပြင်ပေးပါ့မယ် ဘုရား"

"ကောင်းပြီ … မောင်မင်း နက်ဖြန်မနက်ကစပြီး အလုပ်ကြမ်း မဆင်းနဲ့တော့ … ကျုပ်အိမ်ကို ရှစ်နာရီလာရမယ်"

"ကောင်းပါပြီ ဘုရား"

ၾင်းနောက် ထောင်မှူးကြီးလည်း ကျွန်ုပ်ဘက်သို့ လှည့်ပြီးလျှင် ဘိုးရွှေကို နောက်တစ်နေ့ နံနက် ရှစ်နာရီ အရောက်ပို့ရန် ပြောပြီးလျှင် ပြန်လွှတ်လိုက်လေ၏။

နောက် ၃–၄ ရက်ကြာသောအခါ ထောင်မှူးကြီးသည် ဘိုးငွေအား အတော်ပင် သဘောကျလျက်ရှိကြောင်း၊ နာရီပြင်ရန် ကိရိယာတန်ဆာပလာများလည်း ထောင်မှူးကြီးထံ တွင်ရှိသဖြင့် ထောင်မှူးကြီးသည် ၎င်းတို့ကို ထုတ်ပေးပြီးလျှင် နာရီများကို ပြင်ဆင်စေရာ လေးရက်အတွင်းတွင် နာရီနှစ်လုံးမျှ ပြင်ဆင်ပြီးဖြစ်ကြောင်း၊ ယခုပြင်မည့်ဆဲဆဲ နာရီတစ်လုံးမှာ ဆွစ်ဇာလန်နိုင်ငံမှ မှာယူသော အိမ်ရှည်နာရီအကြီးစားမျိုးဖြစ်၍ ထိုနာရီကြီး၏ မျက်နှာ၌ ဂုံညင်းဝိုင်းခန့် အပေါက်လေးတစ်ပေါက်ရှိရာ ထိုအပေါက်ထဲတွင် ငှက်ရုပ်ကလေးတစ်ရုပ်ရှိကြောင်း နှစ်ပတ်လျှင် တစ်ကြိမ်ကျ သော့ပေးရ၍ ထိုငှက်ရုပ်ကလေးမှာ မိနစ်လက်တံ '၁၂ နာရီကွက်' သို့ ရောက်တိုင်း တစ်နာရီထိုးလျှင် တစ်ချက်၊ နှစ်နာရီထိုးလျှင် နှစ်ချက်၊ သုံးနာရီထိုးလျှင် သုံးချက် စသည်ဖြင့် အော်မြည်ကြောင်း၊ ထိုနာရီကြီးမှာ အတွင်းမှ ချို့ယွင်းနေသဖြင့် ၎င်းကို ပြင်ဆင်ရမည်ဖြစ်ကြောင်းနှင့် ဘိုးငွေက ပြောပြသဖြင့် အလုံးစုံသိရှိရ၏။

နောက်တစ်နေ့တွင် ဘိုးငွေကတောင်းသဖြင့် ကျွန်ုပ်လည်း သစ်ငုတ်ကြီးအတွင်းတွင်ဝှက်ထားသော ခြောက်လုံးပြူးသေနတ်ကလေးကို လက်သမားရုံသို့ ခဲယဉ်းစွာယူခဲ့ရပြီးလျှင် ပျဉ်ပုံများကြားတွင် ပထမဝှက်၍ ထားရ၏။

ဘိုးငွေမှာ လက်သမားရုံသို့ ဝင်ခွင့်ထွက်ခွင့်ရစေရန် လက်သမားရုံမှ သီးသန့်ထားသော ပျဉ်များယူနိုင်ရန် ဆိုင်ရာ အစောင့်ဗာရာနှင့်ထောင်ပြာတာမှူးတို့အား ထောင်မှူးကြီးက အမိန့်ပေးပြီးဖြစ်သည့်အတိုင်း ဘိုးငွေမှာ လက်သမားရုံသို့လည်းကောင်း၊ ထောင်မှူးကြီးအလုပ်ခန်းထဲသို့ လည်းကောင်း၊ ထောင်မှူးကြီးအိမ်သို့လည်းကောင်း ဝင်ထွက်သွားလာနိုင်ရန် အခွင့်အရေးရ၍နေ၏။ ဤ

http://www.cherrythitsar.org



သို့ အခွင့်အရေးရသည့်အတိုင်းလည်း ဘိုးငွေမှာ ပျဉ်ပုံကြားထဲတွင် ဝှက်ထား သော သေနတ်ကလေးကို ပျဉ်ချပ်များနှင့် ရောနှောကာ ထောင်မှူးကြီးအိမ်ပေါ်သို့ ရောက်အောင်ယူသွားနိုင်လေသည်။ ဤအတွင်း ဘိုးငွေမှာ နာရီစက်များကို ပြင်ဆင်ရုံမကဘဲ နာရီအိမ်များကိုပါ အသစ်လဲ လှယ်ပြုလုပ်ပေးခြင်း၊ ဆေးသုတ် ခြင်း၊ ဆက်စပ်ဖာထေးပေးခြင်းများကို ပြုလုပ်ပေးတတ်သေး၍ ဘိုးငွေညဏ် သွားသည်ကို မြင်ရလေလေ ထောင်မှူးကြီးမှာ ဝမ်းသာအားရရှိလေလေ ဖြစ်လေ ၏။ မိမိခါးပိုက်တွင်းသို့ 'မြွေပွေး' တစ်ကောင်ကို ထည့်သွင်းမိပြီး ရှိနေသည့် အဖြစ်ကိုကား အနည်းငယ်မျှ မရိပ်မိရှာချေ။

ထိုနှစ်ရက် သုံးရက်အတွင်း ဘိုးငွေမှာ အလုပ်ကို ယခင်ကထက် ကြိုးစားလုပ်ကိုင်လျက်ရှိ၏။ နာရီဟောင်းအချို့မှာ လုပသော အိမ်သစ်များ၌ ထည့်သွင်းပြီးဖြစ်ကာ တစ်ချောက်ချောက် တစ်ချက်ချက် သွားလျက် ရှိကြကုန် ၏။ ဝေယျာဝစ္စလုပ်သော အခြားအကျဉ်းသားများမှာ ၁၀ နာရီခွဲတွင် ပြန်ခဲ့ရ သော်လည်း ဘိုးငွေမှာ ညနေ ၄ နာရီခွဲမှ ပြန်ရ၏။ ကျွန်ုပ် နောက်ဆုံးရောက် သွားသော အချိန်၌ ဘိုးငွေမှာ အထက်ကဖော်ပြခဲ့ပြီးသော အိမ်ရှည်နာရီကြီးကို စက်ရော နာရီအိမ်ကိုပါ ပြင်ဆင်လျက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုည၌ ဘိုးငွေသည် အခြားသူများ အိပ်ချိန်တွင် ကြက်တူရွေးတန်း ခြားလျက်ရှိသော အခြားအခန်းဘက်မှနေ၍ 'ပစ်ပြီးခြောက်လုံးပြူးယမ်းတောင့် ကလေး' တစ်တောင့်ကို ကျွန်ုပ်အား လှမ်းပေးပြီးနောက် ....

"ကိုင်း ... ဆရာ ... အားလုံးတော့ စီစဉ်ပြီးပြီ ... ကျွန်တော် ပြောတာ ဆရာ သေသေချာချာ နားထောင်စမ်းပါဦး"

"ပြောစမ်းပါဦးကွယ်"

"ထောင်မှူးကြီး ထမင်းစားတဲ့စားပွဲရဲ့ လက်ယာဘက် ခပ်စောင်း စောင်းမှာ ပြတင်းပေါက်တစ်ပေါက်ရှိတယ် ဆရာ"

"အေး .... ရှိတယ်"

"အဲဒီ ပြတင်းပေါက်နဲ့ ဝါးတစ်ရိုက်လောက် မရှိတရှိမှာ ထောင်ပြင် ဘက်က ပေါက်နေတဲ့ ကုက္ကိုပင်က ကုက္ကိုကိုင်းကြီး ကွေးကျနေတာ ရှိပါလေ ကော ... ဆရာ"

"အေး ... ရှိသားပဲ၊ ဒါဘာဖြစ်သလဲ"

"ဘုရား မ, တာပဲ ဆရာ၊ ဒီသစ်ကိုင်းကြီးရှိနေတာ ကျွန်တော်တို့ အတွက် သိပ်နေရာကျတာပေါ့ ဆရာ"

"ဘာပြုလို့လဲ"

"တကယ်လို့ ဒီသစ်ကိုင်းကြီးပေါ်ကနေပြီး သေနတ်နဲ့ ပစ်ရင် တန်းနေတာပေါ့ ဆရာရဲ့"

"အေး ... ပစ်ဝံ့ရင်တော့ အဟုတ်သားပေါ့ မောင်ဘိုးငွေရဲ့"

"ကျွန်တော် ကိုယ်တိုင်တော့ မပစ်ဘူးလေ ... ကျွန်တော်က ငှားပစ်မှာပေါ့"

"မဟုတ်တာကွယ်၊ မင်းက ... အပြင်ကလူတွေနဲ့များ ကြံပြန်ပြီလား၊ မတော်တဆ မိသွားမှဖြင့် မီးခိုးကြွက်လျှောက်လိုက်ပြီး တို့တစ်တွေပါ ကိစ္စများ ကုန်ပါဦးမယ် မောင်ဘိုးငွေရယ်"

"ဟာ ... ဒီလိုဖော်မယ့်လူကို ကျွန်တော်က ဘယ်ငှားမလဲ ဆရာရဲ့၊ တစ်ခါတည်း စကားကို မပြောတတ်တဲ့လူကို ငှားခဲ့တာပဲ"

"ဘယ်သူလဲကွယ့် ... ပြောစမ်းပါဦး"

"အခု မသိချင်ပါနဲ့ဦး ဆရာ ... ကျွန်တော်က သူများလို ကြွားပြီး ကိုယ့်အကြံ အထမမြောက်ခင် ထုတ်ပြောချင်တဲ့ အကောင်မျိုး မဟုတ်ဘူး"

"ဒီဟာကတော့ မောင်ဘိုးငွေအကြောင်း ဆရာသိပြီးသားပဲ။ ဒါကြောင့်လဲ မောင်ဘိုးငွေကို အားကိုးပြီး ဆရာကိုယ်တိုင် စွန့်စွန့်စားစားကြံစည်လို့ ဒီအထဲရောက်လာတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်ကလည်း ဆရာ့ကို အားကိုးပါတယ်"

"နို့ပေမဲ့ စကားမပြောတတ်တဲ့လူကို ငှားထားတယ်ဆိုတာက မောင်ဘိုးငွေ စကားက ဝေ့လည်လည်နဲ့ ဆရာနားမလည်သေးပါဘူး"

"သည်းခံပါ ဆရာ၊ သိပ်မကြာတော့ပါဘူး၊ နက်ဖြန်ခါပဲ သိပါလိမ့်မယ်။ အချိန်က ည (၇) နာရီနဲ့ (၈) နာရီကြား နားသာထောင်ပေရော့ ဆရာ"

"နို့ ... ဒီယမ်းတောင့်ခွံကလေးက ဘာလုပ်ရမှာလဲကွဲ့"

"ဩော် ... ဟုတ်ပါရဲ့၊ သတိမေ့နေတယ်။ ဒီလိုကိုး ဆရာရဲ့ ... လက်သည်ကို သူတို့ခြေရာခံတဲ့အခါမှာ တွေ့ရအောင် အဲဒီကုက္ကိုပင်ကြီးခြေရင်းမှာ ချထားရမယ်။ အဲဒီကိစ္စတော့ သခင်ကလေး ဦးဘအောင်ကို တာဝန် လွှဲရုံပေါ့ ဆရာ ... မနက်ကျတော့ သူ့ကို ဆရာက ပေးလိုက်ရုံပေါ့"

"ဆရာဖြင့် ... ကောင်းကောင်းကို နားမရှင်းသေးပါဘူးကွယ်"

"ဩော် ... ဆရာကလဲ၊ သေနတ်သံကြားပြီးတဲ့နောက် ကုက္ကိုပင်ကြီးပေါ်ကနေပြီးပစ်တယ်လို့ ပုလိပ်ကထင်မယ် မဟုတ်လား ဆရာရဲ့၊ အဲဒီလိုထင်လို့ရှာတဲ့အခါမှာ သစ်ပင်ခြေရင်းက ပစ်ပြီး ယမ်းတောင့်တစ်တောင့် တွေ့ရတယ်ဆိုတော့ ကျွန်တော် ငှားထားတဲ့လူအပေါ်မှာလည်း သံသယကင်းရော မဟုတ်လား"

ငှင်းနောက် ၁၂ နာရီသံချောင်း ခေါက်သံ ကြားရသည်နှင့် ကျွန်ုပ်လည်း ဆက်လက်မမေးတော့ဘဲ အသီးသီး အိပ်ရာသို့ ဝင်ကြလေ၏။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်လည်း တောင်ယာကြီးသို့ မထွက်မီ ထောင်မှူးကလေး ဦးဘအောင်အနီးသို့ကပ်၍ အကျိုးအကြောင်း အကျဉ်းချုပ် ပြောပြီးလျှင် ယမ်းတောင့်ခွံကလေးကို သူ၏ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။

*

ထိုည ထောင်တံခါးပိတ်ပြီးနောက် ကျွန်ုပ်လည်း ရင်ထဲတွင် တထိတ်ထိတ်နှင့် ရှိနေခဲ့ရာ အတန်ကြာသောအခါ (၇) နာရီ သံချောင်း ခေါက်သံကို ကြားရလေ၏။ လူတို့မည်သည် မကောင်းမှုတစ်ခုကို ပြုလုပ်ရာ၌ မည်မျှပင် လျှို့ဝှက်ကြံစည်စေကာမူ ကိုယ်အမူအရာ နှုတ်အမူအရာတို့မှာ ထူးခြားတတ်သည့်အတိုင်း ကျွန်ုပ်လည်း အနည်းငယ်မျှ စိတ်သက်သာရာရစေရန် စက်ဘီးလျှောက်လျက်ရှိ၏။ အခြားအခန်းဘက်၌ကား ဘိုးငွေမှာ အခြားအကျဉ်းသားများနှင့်အတူ စကားကို ရယ်မောပြောဆိုနေသော်လည်း တစ်ခါတစ်ရံ တစ်စုံတစ်ရာကို နားစွင့်၍ ထောင်လိုက်ဘိသကဲ့သို့ ဖျတ်ခနဲ ဖျတ်ခနဲ ရှိနေသဖြင့် ကျွန်ုပ်ကပင် ကြက်တူရွေးတန်းအနီးသို့ ခေါ်ပြီးလျှင် သတိပေးရသေး၏။ ဤသို့နှင့် အချိန်များသည် ကျွန်ုပ်၏စိတ်ထဲတွင် တထိတ်ထိတ်ရှိနေရင်း တရွေ့ရွေ့သွားလျက်လေရာ နာရီ တစ်ဝက်ခန့်ကြာလတ်သော် ထောင်မှူးကြီးအိမ်ဆီမှ 'ဒိုင်း ... ဒိုင်း' ဟူသော သေနတ်သံ နှစ်ချက်ကို ခပ်အုပ်အုပ်ကြားလိုက်ရပြီးနောက် ထောင်တစ်ခုလုံးမှာ အသက်မရှိသကဲ့သို့ ဆိတ်ငြိမ်၍သွားလေ၏။

သို့သော် နောက်တစ်ခဏ၌ပင် ထောင်သားအချင်းချင်း မေးမြန်းသံများ၊ ထောင်ပြာတာများ၏ ဟစ်အော်သံများကို အရပ်လေးမျက်နှာမှ ကြားရပြီးလျှင် ထောင်လုန့်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် သေနတ် (၃) ချက် ဆက်လက် ပစ်ဖောက်သံနှင့် ဆူညံစွာ သံချောင်းခေါက်သံများကို ကြားရလေ၏။ ထိုအချိန်၌ ထောင်မှူးကြီးအိမ်ဆီမှ ဟစ်အော်ပြေးလွှားသံများကို ကြားရပြီးလျှင် လက်ဆွဲမီးအိမ်များသည် ထိုမှဤမှ ဇော့ယမ်းကာ ထောင်ဝင်းအတွင်း၌ သွားလာနေသည်ကိုလည်းကောင်း၊ ထောင်အပြင်တွင် မီးတုတ်များကို ထွန်းညှိကာ သေနတ်ထမ်းစန္တရီများ ထောင်ပြာတာများသည် ထောင်ကို ပတ်၍ ပြေးလွှားနေသည်ကို လည်းကောင်း မြင်ရသဖြင့် ကျွန်ုပ်တို့ အကြံမှာ တစ်နည်းနည်းဖြင့် အထမြောက်ပြီဟု အောက်မေ့မိ၏။ သို့သော် မည်သို့ဖြစ်ပျက်သည်ကိုကား အတိအကျ မသိရသေးချေ။

http://www.cherrythitsar.org


ထောင်လှန့်သံ၊ သေနတ်ပစ်သံများကို ကြားရသောအခါ ထောင်ခန်းတန်းလျား အသီးသီးမှ ထောင်သားများသည် တစ်ယောက်တစ်ခွန်း ဆူညံစွာ ပြောလျက်ရှိရာမှ ကျွန်ုပ်၏ထောင်ဘက်တန်းလျားမှ လူတစ်ယောက်၏ အသံဖြင့် "ဟေ့ ... ထောင်လှန့်တယ်ဟေ့ ... သေနတ်နဲ့ ပစ်တတ်တယ်နော် ... မှောက်နေကြ မှောက်နေကြ" ဟု ကျယ်လောင်စွာ ဟစ်အော်လိုက်သည်ကို ကြားရသဖြင့် အကျဉ်းသားများသည် ကြမ်းပျဉ်ပေါ်တွင် အလျားမှောက်ကာ ပြားပြားဝပ်မျှ ရှိနေကြကုန်၏။ ထောင်နှင့် မျက်နှာချင်းဆိုင်ရှိနေသော အိမ်များမှာလည်း ဟစ်အော်သံများ၊ တံခါးပိတ်သံများကို ကြားရသဖြင့် မြို့ထဲ၌ပင် အတော်လန့်ဖျပ်၍သွားကြောင်း သိရ၏။ မကြာမီ ထောင်ပြင်တံခါးဝဆီမှ ကားဆိုက်သံများ၊ တံခါးဖွင့်သံများ၊ ထောင်တွင်းသို့ ဝင်လာသော ဖိနပ်သံများကို ကြားရသဖြင့် ဆိုင်ရာ အရာရှိများ၊ ပုလိပ်များ၊ စစ်တပ်များ ရောက်ရှိလာကြောင်း သိရလေသည်။ စစ်သားများသည် ထောင်တွင်းသို့ ဝင်လာပြီးလျှင် ထောင်တန်းလျားများ ရှိရာသို့ ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်များဖြင့် ချိန်ကာ ဒုတိယ ထောင်မှူးများ၊ လက်ထောက် ထောင်မှူးများအသံဖြင့် ကောင်းမွန်ငြိမ်သက်စွာ နေရန် ဟစ်အော်အမိန့်ပေးလျက်ရှိလေ၏။ လက်နိုပ်ဓာတ်မီးရောင်များသည် ဝင်းခနဲ လက်ခနဲ ကျွန်ုပ်တို့ရှိရာ ထောင်တန်းလျားများဆီသို့ ထိုးလျက် ရှိကုန်၏။

ထိုအချိန်သည်ကား သာယာဝတီ သူပုန်သည် ပြည်ဒိစတြိတ်သို့ပင် ကူးစက်ကာ ဝက်ထီးကန်နယ်တစ်ဝိုက်တွင် ဆူပူထကြွလျက် ရှိရကား၊ အင်္ဂလိပ်အစိုးရများမှာ ကျီးလန့်စာ စားဖြစ်နေသော အချိန်ဖြစ်လေသည်။

တစ်နာရီခန့်ကြာ၍ စစ်တပ်များ ပြန်သွားသောအခါမှ ကျွန်ုပ်အား ညဥ့်အစောင့်ကျသော စန္ဒရီထောင်ပြာတာတစ်ယောက်က ပြောပြသဖြင့် ထောင်မှူးကြီး 'မစ္စတာဂျုံး' အား တစ်စုံတစ်ယောက်သောသူက သေနတ်နှင့် ပစ်သတ်သွားကြောင်း၊ အလောင်းကို ဆေးရုံကြီးသို့ ယူသွားပြီဖြစ်ကြောင်းသိရ၏။

ဘိုးငွေမှာ စကားတစ်စုံတစ်ရာ မပြောဘဲ စောင်ကို ခေါင်းမြီးခြုံကာ အိပ်စက်လျက်ရှိရာ ကျွန်ုပ်မှာ ထောင်မှူးကြီးမျက်နှာကို တရေးရေးမြင်ကာ ရတ်တရက် အိပ်၍မပျော်နိုင်ဘဲ မျက်စိကြောင်လျက်ရှိလေ၏။ မစ္စတာဂျုံးမှာ ထောင်သားများအပေါ်တွင် ရက်ရက်စက်စက် ဥပဒေလက်လွတ်ညှဉ်းပန်းနှိပ်စက်တတ်သည် မှန်သော်လည်း ကျွန်ုပ်အပေါ်၌မူ ဖော်ဖော်ရွေရွေ ပြုလုပ်ခဲ့သဖြင့် လူတစ်ဦးတစ်ယောက်အနေဖြင့် ကြည့်လျှင် ရက်စက်ရာ ကျသော်လည်း ထောင်သားအများ၏ အကျိုးရှိရာ ရှိကြောင်းအတွက် ပြုလုပ်ခြင်းဖြစ်ရကား ဝမ်းမနည်းလှချေ။ သို့သော် လူတို့မည်သည် သေသောအခါ၌ 'ကောင်းကျိုး၊ ဆိုးကျိုး' ရှိ

http://www.cherrythitsar.org



သည့်အနက် 'ကောင်းကျိုး'ကိုသာ ရွေး၍ အမှတ်ရတတ်သဖြင့်သာ ကျွန်ုပ် အပေါ်၌ ဖော်ရွေခဲ့ပုံများကို အမှတ်ရခြင်းဖြစ်လေသည်။

နောက်တစ်နေ့နံနက်၌ အရေးပိုင်နှင့်တကွ ရာဇဝတ်ဝန်ကြီး၊ ပုလိပ် အရာရှိများ၊ စုံထောက်များပါ ကားနှင့် ရောက်လာကြပြီးလျှင် စုံထောက်အရာရှိ နှစ်ယောက်တို့သည် ထောင်သားအားလုံးတို့အား 'တန်းစီ' စေပြီးနောက် တစ် ယောက်မကျန် စစ်ဆေး၏။ ထောင်တန်းလျားများကိုလည်း ပိုက်စိပ်တိုက်၍ ရှာဖွေလေ၏။ သို့သော် မည်သည့်နေရာကမျှ သံသယရှိနိုင်လောက်သော သဲ လွန်စကို မရကြချေ။

ထို့နောက် စုံထောက်များသည် ထောင်မှူးကြီးအိမ်သို့သွားရောက် ကြည့်ရှုကာ ... ရှာဖွေစစ်ဆေး၏။ ထောင်မှူးကြီး၏ သေနတ်များကိုလည်း အသင့်တွေ့ရပြီးလျှင် ယမ်းတောင့်များကိုလည်း မှန်ကန်စွာ တွေ့ရှိရလေသည်။

ထောင်မှူးကြီးမှာ ညစာစားနေစဉ် သေဆုံးခြင်း ဖြစ်ရာ ဘဏ္ဍာစိုး၏ အစစ်ခံချက်အရ ထောင်မှူးကြီးမှာ ညတိုင်း ၇ နာရီတိတိတွင် စားပွဲ၌ထိုင်၍ ရှစ်နာရီအထိ စားသောက်တတ်ကြောင်း၊ အိမ်ပေါ်တွင် မိမိကလွဲ၍ မည်သူမျှ မရှိကြောင်း၊ အိမ်တံခါးများမှာလည်း ထိုအချိန်က အားလုံးပိတ်ထားကြောင်း၊ သို့သော် ပြတင်းပေါက်များကို ဖွင့်ထားကြောင်း၊ ခုနစ်နာရီခွဲလောက်၌ မိမိသည် မီးဖိုခန်းတွင် ပေါက်မုန့်ကိုကြက်ဥနှင့် ကြော်လျက်ရှိစဉ် သေနတ်သံနှစ်ချက် ဆင့်၍ ကြားလိုက်ရသဖြင့် အိမ်ရှေ့ခန်းသို့ ကမန်းကတန်း ပြေးထွက်လာရာ ထောင်မှူးကြီးမှာ စားပွဲပေါ်သို့ ခေါင်းစိုက်ကျကာ လဲနေသည်ကို တွေ့ရ ကြောင်း၊ သေနတ်ဒဏ်ရာမှာ လက်ယာဘက် လက်ပုံကို နောက်မှ ဖောက်ထွင်း ၍ ရှေ့ သို့ထွက်သွားသည်ကို တွေ့ရကြောင်းများဖြင့် အစစ်ခံကြောင်း သိရှိရ လေသည်။

စုံထောက်များသည် ထောင်မှူးကြီး ကျောပေး၍ ထိုင်နေသော ဘက် ၌ ပွင့်၍နေသော ပြတင်းပေါက်မှ ကြည့်သောအခါ ဝါးတစ်ရိုက် မရှိတရှိတွင် ကွေး၍ကျနေသော ကုက္ကိုကိုင်းကြီးကို တွေ့ရသဖြင့် ထိုကုက္ကိုကိုင်းပေါ်မှ လှမ်း ၍ပစ်ရမည်ဟု ယူဆကာ ထောင်နံရံအပြင်သို့ ထွက်၍ ကုက္ကိုပင်ခြေရင်းတွင် ရှာဖွေရာပစ်ပြီး ယမ်းတောင့်ခွံတစ်ခုနှင့် ရှုပ်ယှက်ခတ်နေသော ခြေရာများကို တွေ့ရလေ၏။

ထိုအခါ စုံထောက်များ၏ စိတ်တွင် ယခင်ကထက် သေချာ၍ သွား လေသည်။

*

ညနေ ၂ နာရီခွဲတွင် တောင်ယာကြီးသို့ အလုပ်ဆင်းရလေရာ ဘိုးငွေလည်း ပါလာသဖြင့် ကျွန်ုပ်တို့မှာ ထိုအခါမှ အေးဆေးစွာ စကားပြောခွင့်ရလေသည်။

ဘိုးငွေက ဆေးလိပ်တိုတစ်ခုကို ဝါးရင်း ....

"ဘယ်နှယ့်လဲ ဆရာ၊ ကျွန်တော် မပြောဘူးလား၊ ထောင်ပြင်ဘက်က ကုက္ကိုပင်ကြီးပေါ်ကနေပြီး ပစ်တယ်လို့ ပုလိပ်က ထင်မယ်ဆိုတာ ကျွန်တော် တစ်ခါတည်း အတတ်တွက်ပြီးသား ဆရာရဲ့"

"အင်း ... ဦးဘအောင်ကလည်း မင်းပေးလိုက်တဲ့ ယမ်းတောင့်အခွံကလေး ပစ်ထားပြန်တော့ သာပြီးယုတ္တိတန် သွားတာပေါ့၊ နေပါဦး ... ဆရာမသိလို့ မေးပါရစေဦး။ ဘယ်သူက ဘယ်လိုလုပ်ပြီး ပစ်လိုက်တာလဲကွယ့်"

"ကျွန်တော် ငှားထားတဲ့ လူပေါ့ ဆရာ"

"ဘယ်သူလဲ ... ဘဏ္ဍာစိုးများလား"

"ကျွန်တော် ငှားထားတဲ့လူဆိုတာ တခြားမဟုတ်ဘူး ဆရာရေ့၊ ပြတင်းပေါက် နံဘေးနားက တိုင်မှာကပ်ထားတဲ့ အိမ်ရှည်နာရီကြီးပေါ့ ဆရာ"

"ငှက်ရုပ်ကလေးရှိတဲ့ နာရီကြီးလား"

"ဒါပေါ့ ဆရာ ... ၇ နာရီခွဲတိတိမှာ ငှက်ရုပ်ရှိတဲ့ အပေါက်ထဲကနေပြီး ပစ်လိုက်တာပေါ့။ ဒီအချိန် ဒီနေရာ ဒီကုလားထိုင်ပေါ်မှာ သူစားပွဲစားလိမ့်မယ်ဆိုတာ ကျွန်တော် တပ်အပ်သိပြီးသားပဲ၊ သေနတ်ကလေးကို နာရီထဲထည့်ပြီး နာရီစက်နဲ့ ဆက်ထားလိုက်တာကိုး ဆရာရဲ့"

"တယ်လည်း ဉာဏ်သွားပေတာပဲ မောင်ဘိုးငွေရဲ့၊ ဉာဏ်စွမ်းကို ဆရာချီးကျူးပါတယ်"

"နာရီကြီးက အထဲကစက်တွေ အတော်ကောင်းတဲ့နာရီကြီး ဆရာရဲ့၊ ကျွန်တော် အမေရိကန်မှာနေတုန်းက တစ်ခါတွေ့ဖူးတယ်။ သည်တော့အထဲက စက်တွေဟာ ဘယ်လိုအနေအထား ရှိတယ်ဆိုတာ ကျွန်တော်က နားလည်ပြီးသားပဲ။ ငှက်ရုပ်ကလေးမြည်အောင် 'မောင်း' ကလေးက တစ်ချက်ခေါက်ရတာကိုး ခင်ဗျ။ သည်တော့ မောင်းကလေးတစ်ချက် ခေါက်တဲ့ နေရာမှာသေနတ်မောင်းဖြုတ်သလို သံပတ်အပိုတစ်ခုနဲ့ တွဲပြီး တပ်ထားလိုက်တော့နာရီလည်လာလို့ ဒီနေရာရောက်ရင် ယမ်းတောင့်အိမ်ကလေးကို မောင်းကလေးက တစ်ခါတည်း သွားရိုက်တာပဲ"

"ဒါနဲ့ ၂ ချက်တီးတဲ့ အကွက်မှာ ၂ ချက်ပစ်နိုင်တာပေါ့"

"ဒါပေါ့ ခင်ဗျာ ... နှစ်ချက်ပစ်ရင် ကိန်းသေပဲဆိုပြီး ကျွန်တော်လည်း သည်အတိုင်း စီစဉ်ခဲ့တာပဲ။ နာရီကြီးကိုလည်း သူထိုင်တဲ့ကုလားထိုင်နဲ့ ချိန်

http://www.cherrythitsar.org


ထားတာကိုး ခင်ဗျ။ နို့ပေမယ့် သံသယကင်းအောင်ဟာ နာရီလက်တံကတော့ ပစ်တဲ့အခါမှာတုန်းက ၇ နာရီခွဲမှာ ရှိနေတာပါပဲ။ အတွင်းကထိုးတဲ့ နေရာကသာ ၂ ချက်ထိုးတဲ့ အကွက်ရောက်နေတာကိုး ဆရာရဲ့"

"တယ်လဲ ဉာဏ်သွားတဲ့လူပါပေပဲ မောင်ဘိုးငွေ"

"ကျွန်တော်က မကောင်းမှုနဲ့ အကျိုးပေးချင်လို့လား မပြောတတ်ပါဘူး ခင်ဗျာ၊ ဒီလိုဘက်မှာ သူများထက် ထူးထူးချွန်ချွန် ကြံလို့စည်လို့ရတယ် ဆရာရဲ့"

"နို့ပေမဲ့ မောင်ဘိုးငွေ ဥစ္စာက နာရီတွေသာမရှိရင် အခက်သားပဲ"

"ဒီလိုဆိုတော့လည်း တစ်မျိုးကြံဦးမှာပေါ့ ဆရာရယ်"

မောင်ဘိုးငွေအား ဘိုးရွှေနှင့်ပြန်၍ လဲယူရန်ကိစ္စ ကျန်သေးသဖြင့် ကျွန်ုပ်လည်း အခင်းဖြစ်ပွားပြီးနောက် ၂ ပတ်ခန့်အကြာ အေးအေးဆေးဆေး ရှိသော အချိန်၌ ဘိုးရွှေနှင့် ချိန်းထားပြီးနောက် တောင်ယာကြီးသို့ ထွက်စဉ် အခြားဥပါယ်တံမျဉ်ဖြင့် ဦးပိုက်ကြီး၏ အကူအညီကို တောင်းပြီးလျှင် လဲယူရ၏။ ကံကောင်းထောက်မသဖြင့် ဤနေရာ၌လည်း ချောချောမောမောပင် အောင် မြင်သွားလေသည်။

နောက်တစ်လခန့်အကြာတွင် ဘိုးရွှေလည်း ထောင်မှ လွတ်လေ၏။ ထောင်မှူးကြီး၏ ကျောကို ဖောက်၍ စားပွဲအံဆွဲဖုံး၌ စူးဝင်နေသော ကျည်ဆံ နှင့် ကုက္ကိုပင်ရင်းမှ ကောက်ရသော ယမ်းတောင့်အခွံတို့ကို နှိုင်းယှဉ်ကြည့်ရန် ဓာတုဗေဒဘက်သို့ တင်ပို့သောအခါ ဤကျည်ဆံကိုထွက်စေသော ယမ်းတောင့် ပင်ဖြစ်ကြောင်းနှင့် ဆိုင်ရာမှ အစီရင်ခံရာ ကျွန်ုပ်တို့၏ အကြံအစည်မှာ ပို၍ လုံခြုံသွားပြန်၏။ ထိုအချိန်မှာ ဝက်ထီးကန်နယ်တွင် သူပုန်များ ထကြွနေကြ သဖြင့် ထောင်မှူးကြီးမှာလည်း လူမုန်းများသူတစ်ယောက် ဖြစ်သည့်အတိုင်း မကြာမီက ထောင်မှ လွတ်သွားသော ဝက်ထီးကန်ရွာသားများသည် သူပုန် ဘက်သို့ ပါပြီးနောက် ထောင်မှူးကြီးအား တိတ်တဆိတ် လာရောက်ကြံစည် ခြင်း ဖြစ်ဟန်လက္ခဏာရှိကြောင်း 'ထင်ကြေး'ဖြင့် အမှုကို နောက်ဆုံးပိတ်လိုက် ရလေသည်။

ထောင်မှူးကြီး သေဆုံးသွားပြီဖြစ်၍ သူ၏ပစ္စည်းများကို လေလံ ရောင်းချရာတွင် ကျွန်ုပ် အကြံပေးသည့်အတိုင်း ငှက်ရုပ်ပါသော နာရီကြီးကို လက်ထောက်ထောင်မှူးကလေး ဦးဘအောင်က အဖိုးအများဆုံး ပေး၍ ဆွဲယူ လိုက်သဖြင့် ကျွန်ုပ်တို့၏ခြေရာများကို နောက်ဆုံးဖျောက်ဖျက်လိုက်လေ သတည်း။

◆

# ဝိညာဉ်ကလဲ့စား

လူတို့သည် စုတိစိတ်ကျပြီးနောက် ဘဝတစ်ပါး ပြောင်းသွားသော အခါ ဘဝသစ်သို့ မရောက်မီအကြား တစ်ခါတစ်ရံ ရုပ်အကောင်အထည်ဟူ၍ မရှိဘဲ၊ ကျွန်ုပ်တို့ဘုံနှင့်တစ်စပ်တည်း တည်ရှိသော အများခေါ်ဝေါ်သည့် 'တစ္ဆေ ဘုံ' သို့ ရောက်သွားတတ်သည်ဟု ဆို၏။ ထိုဘုံမှာ နာမ်ဝိညာဉ်များသာ ကျက်စားလျက်ရှိရာ ၎င်းတို့၏ ပဋိသန္ဓေမှာ ပဋိသန္ဓေ ၄ မျိုးရှိသည့်အနက် အမိဝမ်းနှင့် လွယ်၍မွေးရသော ပဋိသန္ဓေလည်း မဟုတ်၊ ဥမှပေါက်ဖွားရသော ပဋိသန္ဓေလည်း မဟုတ်၊ သစ်ပင်ဝါးပင်တို့မှ ဖြစ်သည့် သံသေဇပဋိသန္ဓေ လည်း မဟုတ်ဘဲ၊ နတ်များ ဗြဟ္မာများကဲ့သို့ ဘွားခနဲ ဖြစ်ပေါ်လာရသော ဥပပါတ် ပဋိသန္ဓေမျိုးဖြစ်လေသည်။

ထိုဝိညာဉ်ဘုံသားများမှ ကိုင်တွယ်၍ရသော သွေးသားပင် မဟုတ် စေကာမူ ၎င်းတို့အလိုရှိရာ ရုပ်ဆင်းသဏ္ဌာန်အမျိုးမျိုးကို ဆောင်နိုင်သည့် ကမ္မဇိဒ္ဓိ တန်ခိုးဟု ဆိုအပ်သော သိဒ္ဓိတစ်မျိုးပြီးမြောက်လျက်ရှိရကား ထိုသဏ္ဌာန်များကို လည်း ကျွန်ုပ်တို့ ဘုံသားများအား တွေ့မြင်စေလိုသည့်အခါမှသာ တွေ့ မြင်စေနိုင်၏။ ထိုဝိညာဉ်ဘုံမှာ ကျွန်ုပ်တို့ ဘုံနှင့် တစ်ပြေးတည်း ရှိသည့်ပြင် ဖြစ်ရသည့်ဘဝမှာလည်း အချိန် ရှည်ညောင်းခြင်း မရှိလှသေးဘဲ လူ့ဘဝနှင့် နီးစပ်လှသဖြင့် သူတို့ဖြစ်ခဲ့သည့် ဘဝဟောင်းကို ပြန်ပြောင်း အမှတ် ရ မည်ဆိုကလည်း ရနိုင်လောက်ပေသည်။

http://www.cherrythitsar.org



လောကဓာတ်နည်းအားဖြင့်ဆိုသော် 'သေခြင်း' ဆိုသည်မှာ အစွန့်ရှည်ကြာစွာ မခံနိုင်သော အိုမင်းဟောင်းနွမ်းသည့် ရုပ်ကလာပ်ကို စွန့်ပစ်ကာ ရုပ်သစ်လဲလှယ်ခြင်းမျှသာဖြစ်၍ လူ့ဘဝမှ စုတေ၍ ဤကဲ့သို့ ဥပပါတ်ပဋိသန္ဓေ တည်နေသော ဘဝသို့ရောက်သောအခါ အိပ်မက်မက်သော သူသည် ရုတ်တရက် နိုးလာသည်နှင့်တစ်ပြိုင်နက် ခပ်ရေးရေးမျှထင်၍ ကျန်ရစ်သော မိမိ၏ အိပ်မက်ကို ပြန်၍ အမှတ်ရသကဲ့သို့ ရှိချေမည်။ သို့ဖြစ်ရကား ထိုဝိညာဉ်ဘုံ သားများသည် တစ်ခါတစ်ရံ မိမိတို့ ရုပ်ဟောင်းသဏ္ဍာန် အသွင်အပြင်ကိုဆောင် ကာ ကျွန်ုပ်တို့၏ဘုံသို့ ပြန်လာတတ်ကြောင်းများဖြင့် ပြောသံကြားရဖူးလေ သည်။ ထိုဘုံသားများသည် ကျွန်ုပ်တို့ဘုံသားများအား ကြောက်ရွံ့လှ၍ တတ် နိုင်သမျှ ရှောင်ကြဉ်ကြသည်ဆိုစေကာမူ ရံဖန်ရံခါ ၎င်းတို့သည် ကျွန်ုပ်တို့ဘုံသို့ လာရောက်လာကာ ဘေးအန္တရာယ်အမျိုးမျိုးကိုပင် ပေးတတ်သည်ဟု ယုံ ကြည်ကြလေသည်။

ယခု ရေးသားအံ့သော အတ္ထုပ္ပတ္တိမှာ ဦးဘိုးထော်ထံမှ တစ်ဆင့် ကြားသိရသည့်အတိုင်း ရေးသားခြင်းဖြစ်ရာ ဝိညာဉ်ဘုံနှင့် လူ့ဘုံအဆက် အသွယ်တစ်ခုကို ဖော်ပြသော အတော်အတန် ထူးဆန်းသည့် အဖြစ်အပျက် တစ်ခု ဖြစ်လေသည်။

သို့ဖြစ်၍ ကျွန်ုပ်သည် ဦးဘိုးထော်၏ ကိုယ်တွေ့အဖြစ်အပျက်တစ်ခု ကို သူပြောပြသည့်အတိုင်း အောက်တွင် ရေးသားအပ်ပါသည်။

*

ကျွန်ုပ် မောင်ဘိုးထော်သည် အထက်မြန်မာပြည် အမည်မဖော်လို သော ထောင်တစ်ထောင်တွင် အကျဉ်းကျခံလျက်ရှိစဉ် ကျွန်ုပ်တို့မှာ ထောင်မှ ထောင်မှူးကြီး အခွင့်ယူ၍သွားသဖြင့် သူ၏နေရာသို့ ရန်ကုန်မှ ရို(စ)မေယာ ဆိုသူ ထောင်မှူးသစ်တစ်ယောက် ရောက်ရှိလာ၏။ နောက်ရောက်လာသော ထောင်မှူးမှာ အင်္ဂလိပ်သွေး အတော်ပင်ပါသော အင်္ဂလိပ်ကုလား ကပြားတစ် ယောက်ဖြစ်၍ အသက် ၄၀ ကျော်ခန့်ရှိပြီးလျှင် အလွန်မွန်ရည်သော ရုပ် လက္ခဏာ ရှိလေသည်။ မျက်နှာမှာ လိုက်လျောလွန်းခြင်းလည်း မရှိ၊ ဣန္ဒြေ ကြီးလွန်းသည်လည်း မဟုတ်သော မျက်နှာမျိုးရှိ၍ တည်ကြည်ခြင်း၊ ခံ့ညား ခြင်း၊ ဩဇာ တိက္ကမရှိခြင်းတို့သည် တစ်ပေါင်းတစ်စည်းတည်း ပေါင်းစပ်ထား သကဲ့သို့ ရှိဘိ၏။ အနေအထိုင် အမူအရာအားဖြင့် ယခင်က ကျွန်ုပ်တွေ့ခဲ့ဖူး သော ထောင်မှူးများနှင့်မတူဘဲ တရားသူကြီးတစ်ယောက်ကဲ့သို့လည်းကောင်း၊ ဝတ်လုံတစ် ယောက်ကဲ့သို့လည်းကောင်း ရှိနေပြီးလျှင် မြန်မာစကား ကောင်း ကောင်းတတ် ၍ ယဉ်ကျေးဖော်ရွေစွာ ပြောဆိုတတ်လေသည်။ သူ့တွင် (၇)

http://www.cherrythitsar.org



နှစ်အရွယ် သမီးကလေးတစ်ယောက်နှင့် (၅) နှစ်အရွယ် သားယောကျ်ားကလေးတစ်ယောက်ပါလာရာ ကလေးများ၏ ဖခင်မှာ မဂိုလူမျိုးကုလားမတစ်ယောက်ဖြစ်ပြီးလျှင် အငယ်ဆုံးကလေး ငယ်စဉ်ကပင် ဆုံးရှာခဲ့ပြီဖြစ်ကြောင်း သိရှိရ၏။ ကလေးများအား ထောင်မှူးကြီး၏ မိခင်အိုကြီးနှင့် အာယားကုလားမတစ်ယောက်တို့က ကြည့်ရှုရ၏။

ထောင်မှူးကြီးရောက်ပြီးနောက် ၃ ရက်အတွင်း၌ပင် ထောင်သားများကို စစ်ဆေးခြင်း၊ ထောင်အလုပ်များကို ကြည့်ရှုခြင်း၊ ထောင်သားအဝင်အထွက်စာရင်းအင်း၊ ထောင်၏ကျန်းမာရေး၊ ထောင်အုပ်ချုပ်ပုံ စသည်တို့ကို ကြည့်ရှုကာ စီမံခန့်ခွဲ၍ပြီးလေပြီ။

ထိုအတွင်း ကျွန်ုပ်သည် ထောင်မှူးကြီးနှင့် ၂ ကြိမ် ၃ ကြိမ်မျှ မျက်နှာချင်းဆိုင်မိရာ ထောင်မှူးကြီးမှာ ကျွန်ုပ်အကြောင်းကို အတော်အတန်သိရှိပြီးဖြစ်ဟန် လက္ခဏာနှင့် ကျွန်ုပ်အား စောင်းပါးရိပ်ခြည် ကြည့်ရှုသည်ကို သတိပြုမိ၏။ ထောင်တွင်း၌ ဆိုးသွမ်းသူများ၊ ဦးထုပ်ရထောင် ဗာရာများ၊ ထောင်တန္တေများ၊ ၎င်းတို့အကြောင်းကို ရေးမှတ်ထားသော ရာဇဝင်အတိုကောက်များရှိရာ ထောင်မှူးကြီးမှာ ကျွန်ုပ်၏ရာဇဝင်ကို ဖတ်ပြီးဟန်ရှိ၏။ ထောင်မှူးကြီးမှာ ထိုအခါက သူနေထိုင်မည့်အခန်းကို ဆေးကြောခြင်း၊ ရှင်းလင်းသုတ်သင်ခြင်း၊ ဆေးသုတ်ခြင်း၊ အိမ်ထောင်ပရိဘောဂများကို နေရာချထားခြင်းများ ပြုလုပ်နေသဖြင့် အကျဉ်းသမား ၂ ယောက်နှင့် ဦးထုပ်ဖြူဗာရာ နှစ်ယောက်တို့က ထိုအလုပ်များကို လုပ်ကိုင်ဆောင်ရွက်ရလေရာ ကျွန်ုပ်က အုပ်ချုပ်သူအကြီးအကဲအဖြစ်ဖြင့် လိုက်ပါရ၏။ ဤသို့နှစ်ရက် သုံးရက်မျှ ပြုလုပ်နေရစဉ်အတွင်း တစ်နေ့သော နံနက်ခင်းတွင် ကျွန်ုပ်သည် နှင်းဆီပန်းတစ်စည်းကို ထောင်ခြံအတွင်းမှ ယူလာ၍ အိမ်ရှေ့စားပွဲပေါ်ရှိ ပန်းတကောင်းတွင် စိုက်ထိုးလျက်ရှိရာ ထောင်မှူးကြီးနှင့် မျက်နှာချင်းဆုံမိ၍ ကျွန်ုပ်က အရိုအသေပြုလိုက်၏။ ထိုအခါ ထောင်မှူးကြီးလည်း ကျွန်ုပ်အား ကြည့်ပြီးနောက် "ထောင်မင်းသား မောင်ဘိုးထော်မဟုတ်လား" ဟု မေးလိုက်ရာ မြန်မာလိုအတော် ပီသစွာ မေးလိုက်ခြင်းဖြစ်၍ ကျွန်ုပ်မှာ ပထမအံ့အားသင့် နေပြီးမှ ဟုတ်ပါကြောင်းနှင့် ဖြေဆိုရလေ၏။

"မောင်မင်း ဘာမှုနဲ့ ရောက်လာသလဲ"

"ရိုက်မှုပါသခင်"

"ဘယ်သူ့ကို ရိုက်လို့လဲ"

"တပည့်ကလေး တစ်ယောက်က မိုက်မိုက်ကန်းကန်း ပြန်ပြောလို့ ကျွန်တော်မျိုး ဆုံးမမိတာ နံရိုးနှစ်ချောင်း ကျိုးသွားတဲ့အတွက် ကျွန်တော်မျိုး ထောင်ကျရပါတယ်"

http://www.cherrythitsar.org


"အရင်က ထောင်ဘယ်နှစ်ခါ ကျဖူးသလဲ ... မောင်ဘိုးထော်"

"ဒီတစ်ခါပါဆိုရင် ... ၆ ခါ ရှိပါပြီ သခင်"

"ဘာမှုတွေလဲ"

"အားလုံး ဓားထိုးမှုနဲ့ ရိုက်မှုချည်းပါပဲ"

"လိမ်တာ ခိုးတာ မရှိဘူးနော်"

"ကျွန်တော်မျိုး မလိမ်တတ်ပါဘူး။ ခိုးလည်း ဘယ်တော့မှ မခိုးဘူး"

"ဒေါသကြီးသလား"

"ဒေါသကြီးတာ မဟုတ်ပါဘူး ... သခင်၊ ကျွန်တော်မျိုးအပေါ်မှာ မဟုတ်တာလုပ်ရင် ဘယ်သူ့ကိုမှ မခံတတ်ဘူး။ ပြန်လုပ်ရမှ စိတ်ကျေနပ်တယ်"

"မောင်မင်း အကျင့်စာရိတ္တကောင်းတဲ့အကြောင်းနဲ့ သတ္တိရှိတဲ့ ကြောင်း အရင်ထောင်မှူးကြီးက ကောင်းကောင်း ရေးပစ်ခဲ့တာပဲ။ အထက် လူကြီးများမှာ အရေးအကြောင်းရှိရင် တကယ်အကူအညီရတဲ့ လူတစ်ယောက် လို့ ပြောတယ်"

"မှန်ပါတယ်၊ အထက်လူကြီးများကို ကျွန်တော်မျိုး ရိုသေပါတယ်"

"မောင်မင်း ဇာတိ ဘယ်အရပ်ကလဲ"

"အထက် ရွှေဘို တောဘက်ကပါ"

"ရွှေဘိုသားများဟာ အင်မတန် သတ္တိကောင်းတယ် ဆိုပါကလား၊ အင်္ဂလိပ်လို ရေးထားတဲ့ မြန်မာရာဇဝင်တွေကို ကျွန်ုပ် နည်းနည်းပါးပါး ဖတ်ဖူး တယ်"

"မှန်ပါတယ်၊ သူတို့က မျိုးချစ်စိတ်ရှိကြပါတယ်"

"မောင်ဘိုးထော် ... ဘယ်ထောင်တွေမှာ တနေ့ ဖြစ်ဖူးသလဲ"

"ရန်ကုန်၊ အင်းစိန်၊ မြောင်းမြ၊ သာယာဝတီ ..."

"တော်ပါပြီ ... တော်လောက်ပါပြီ၊ ဒါထက် ဒီထောင်က အကောင် တွေ တော်တော်ငြိမ်ငြိမ်ဝပ်ဝပ် ရှိကြရဲ့လား"

"ရှိကြပါတယ် သခင်ကြီး၊ နို့ပေမဲ့ သုံးလေး ယောက်ကတော့ နည်း နည်းဆိုးချင်တယ်"

"သူတို့က ဘာလုပ်ဖူးလို့လဲ"

"ထောင်သားအချင်းချင်း ရိုက်ဖူးတယ်။ ဒုတိယထောင်မှူးတစ် ယောက်ကို လက်သီးနဲ့ ထိုးဖူးတယ်။ ထောင်မှူးကလေးကို တစ်ယောက်ကခဲနဲ့ ပေါက်ဖူးတယ်။ ဒီဟာပါပဲ"

"ထောင်သားတွေအပေါ် မောင်ဘိုးထော်က အတော်ပဲ ဩဇာညောင်း တယ်ဆိုတဲ့ အကြောင်း ကျွန်ုပ်သိရတယ်"

"မှန်ပါတယ် ... ကျွန်တော်မျိုးကိုတော့ သူတို့ ချစ်ကြောက်ရိုသေပါတယ်"

"ဒါမှလည်း အုပ်ချုပ်လို့ လွယ်တာပေါ့လေ ... အချင်းချင်း အုပ်ချုပ်တာ ကျွန်ုပ်တို့လည်း သက်သာတာပေါ့"

ထိုခဏ၌ လက်ဖက်ရည်ပွဲရောက်လာသည်နှင့် ထောင်မှူးကြီးသည် ကျွန်ုပ်အား မျက်နှာခပ်ချိုချိုနှင့် ကြည့်လိုက်သဖြင့် ကျွန်ုပ်လည်း အခြားပြုလုပ်ဆောင်ရွက်ရန်ရှိသည့် အိမ်မှုကိစ္စများကို ပြုလုပ်လျက်ရှိလေ၏။

ထိုနေ့မှစ၍ ထောင်မှူးကြီးနှင့် အတော်ပင် မျက်မှန်းတန်းမိပြီဖြစ်၍ ထောင်မှူးကြီးသည် ၎င်း၏အလုပ်ခန်းကိုလည်းကောင်း၊ အိမ်သို့လည်းကောင်း မကြာခဏခေါ်ကာ ကျွန်ုပ်အား ခိုင်းစေ၏။ ကျွန်ုပ်ကလည်း ဝတ္တရားရှိသည့်အတိုင်း ရိုသေကျိုးနွံစွာ ဆောင်ရွက်ပေး၏။

*

ကျွန်ုပ်မှာ ဤကဲ့သို့ ထောင်မှူးကြီးအိမ်သို့ ဝတ်ကြီးဝတ်ငယ်များကို ဆောင်ရွက်ပေးရန် မကြာခဏ ဝင်ထွက်သွားလာနေသဖြင့် ထောင်မှူးကြီးအား ပြောရဲဆိုရဲ ဖြစ်၍ လာပြီးလျှင် ကလေးများနှင့်လည်း အတော်ပင် ခင်မင်ရင်းနှီး၍လာခဲ့လေသည်။

ကလေးများမှာ အဖ အင်္ဂလိပ်ကပြား၊ အမိ မဂိုကုလားမတို့မှ ဆင်းသက်ပေါက်ဖွားလာသော သားသမီးများ ဖြစ်ကြသည့်အတိုင်း ချစ်စဖွယ်ကောင်းသော ကလေးများဖြစ်လေသည်။ အကြီးဖြစ်သူ မေရီမှာ အသက် ၇ နှစ်ခန့်မျှရှိပြီဖြစ်၍ ဖြူဖွေးနုထွတ်သော အသား၊ ရှည်ကော့သော မျက်တောင်၊ ပြာသည်ဆိုရုံမျှ ပြာလဲ့လဲ့ရှိသော မျက်လုံး၊ နက်မှောင်သော ဆံပင်များရှိပြီးလျှင် နှာတံကောင်းကောင်း မျက်လုံးပြူးပြူး ရှိနေ၏။ ဖြူဆွတ်၍ ပန်းနုရောင် ပေါက်နေသော အင်္ဂလိပ်လူမျိုးတို့၏ အသားနှင့် ပြာလဲ့သော မျက်လုံးများကိုလည်းကောင်း၊ မိခင်ဘက်မှ မဂိုလူမျိုးတို့၏ ပေါ်လွင်သော နှာတံနှင့် မည်းနက်သော ဆံပင်တို့ကိုလည်းကောင်း ရောစပ်ကာ အမွေရထားသကဲ့သို့ ရှိနေ၏။ နုနယ်ဖြူဝင်းလျက် ဖောင်းဖောင်းမို့မို့ ရှိနေသော ပါးကလေးများမှာ အရောင်ရင့်သော ပန်းသီးကဲ့သို့ ရှိနေ၏။ မေရီမှာ မြန်မာစကားကို အတော်ပင် ပြောတတ်ပြီဖြစ်ရာ၊ ကျွန်ုပ်လာတိုင်း ကျွန်ုပ်အနီးသို့ကပ်၍ "ဦးလေးကြီး ... ဦးလေးကြီး" ဟု ခေါ်လေ့ရှိ၏။ ကျွန်ုပ်လည်း မေရီ၏ နူးညံ့သော ပါးပြင်ကလေးများကို ကိုင်ကာ ကျွန်ုပ်၏ကြမ်းတမ်းသော လက်များဖြင့် ပွတ်သပ်လိုက်သောအခါ မေရီသည် "အို ... ဦးကြီးကလည်း" ဟု ပြောကာ မျက်စောင်းထိုး၍ ကြည့်တတ်၏။ ၎င်း၏အပြစ်ကင်းမဲ့၍ ပြာလဲ့သော မျက်လုံးကြီးများကို မြင်ရသောအခါ ကျွန်ုပ်

http://www.cherrythitsar.org



၏ ကြမ်းတမ်းမိုက်မဲသော ဘဝအကြောင်းကို ပြန်ပြောင်းအောက်မေ့ကာ သတိတရားရမိ၏။ ကျွန်ုပ်၏ နေရင်းဇာတိကိုလည်းကောင်း၊ ကျွန်ုပ်၏ မိဘဆွေမျိုးများကိုလည်းကောင်း အမှတ်ရမိ၏။ မေရီသည် ငါ၏သမီးကလေးပင် ဖြစ်ပါတော့ဟု ဆုတောင်းမိ၏။ မေရီသည် ရုပ်ရည်လှပသည်မဟုတ်၊ ပါးစပ်မှလည်း ချစ်စဖွယ် တွတ်တီးတွတ်တာ ပြောတတ်လေရာ၊ ကျွန်ုပ်မှာ ဤသို့ပြောဆိုရနေသည့် အချိန်များတွင် ကျွန်ုပ်၏ ရန့်ရင်းကြမ်းတမ်းသော ဘဝကိုပင် မေ့လျော့၍ ရှိနေတော့၏။

အငယ်ဘောဘီကား အသက် ၅ နှစ်ခန့်သာ ရှိသေး၍ အလွန်ဆော့သော ကလေးတစ်ယောက် ဖြစ်ရာ၊ မေရီကဲ့သို့ မဟုတ်ဘဲ အရွယ်နှင့် မလိုက်အောင် ကြမ်းတမ်းလေသည်။ စကားသင်စ ဖြစ်သေး၍ မြန်မာစကားကို မပီကလာ ပီကလာပြောတတ်၏။ ရုပ်ရည်အားဖြင့် ဖခင်နှင့် တူပြီးလျှင် ခုန်လိုက်၊ ပေါက်လိုက်၊ ပြေးလိုက်၊ လွှားလိုက်၊ တက်လိုက်နှင့် အမြဲ ဆော့၍နေသော ကလေးဖြစ်သည့်အတိုင်း အာယားကုလားမပင် ဘောဘီအား ဆလံသ,ရလေသည်။

အချိန်သည် တရွေ့ရွေ့ ကုန်လွန်လာခဲ့၍ ကျွန်ုပ်၏ထောင်သက်မှာလည်း တက်၍လာသည်နှင့်အမျှ ကျွန်ုပ်၏ လွတ်မြောက်ရန် ရက်များသည်လည်း နီးကပ်၍လာခဲ့လေပြီ။ ထောင်မှူးကြီးရောက်သည်မှာ ၃ လကျော် ၄ လခန့်မျှ ကြာရှိသောအခါ တစ်နေ့သော နံနက်ခင်း၌ ကျွန်ုပ်သည် လက်သမားရုံတွင် ဦးထုပ်ဖြူဗာရာတစ်ယောက်နှင့် စကားပြောနေစဉ် ထောင်မှူးကြီး၏ အော်ဒလီကုလားတစ်ယောက် လာရောက်ကာ ကျွန်ုပ်အား ထောင်မှူးကြီးက ယခုအလိုရှိကြောင်း ပြောကြားလာသဖြင့် ကျွန်ုပ်လည်း ထောင်မှူးကြီးအိမ်သို့ လိုက်ပါသွားရလေ၏။

အချိန်မှာ နံနက် လက်ဖက်ရည်သောက်ချိန် ဖြစ်သော်လည်း ထောင်မှူးကြီးသည် စားပွဲဝိုင်းပေါ်တွင် တည်ခင်းထားသော လက်ဖက်ရည်ကို သောက်ပြီးဟန် မရှိသေးဘဲ လက်နှစ်ဖက်နောက်သို့ ပစ်ကာ အခန်းထဲတွင် လူးလာတုန့်ပြန်စင်္ကြံလျှောက်လျက်ရှိသည်ကို တွေ့ရလေသည်။ ဆံပင်မှာ သပ်ရပ်စွာ မရှိဘဲ စုတ်ဖွားဖွား ပွယောင်းယောင်းရှိနေရာ ထောင်မှူးကြီးသည် ဦးခေါင်းကို မကြာမကြာ ကုတ်ကာ ကျွန်ုပ်ဝင်လာသည်ကို တစ်ချက်မျှလှမ်း၍ ကြည့်လိုက်ပြီးနောက် လျှောက်မြဲလျှောက်၍နေပြန်၏။

တစ်ခဏမျှ ကြာလတ်သော် ကျွန်ုပ်အား လှမ်း၍ .... "ဟေ့ ... မောင်ဘိုးထော် ရောက်လာပြီလားဟေ့"

"မှန်ပါတယ် သခင်ကြီး"

http://www.cherrythitsar.org



"သိပ်ခက်တာပဲ မောင်ဘိုးထော်၊ ဒီဟာယုံရမှာလည်း အခက်၊ မယုံရ မှာလည်း အခက်ပဲ။ ကျုပ်ကို အကြံကလေးများ နည်းနည်းပါးပါး ပေးစမ်းပါဦး မောင်ဘိုးထော်"

"အမိန့်ရှိပါ သခင်ကြီး ... ကျွန်တော်မျိုး တတ်နိုင်သမျှ ကူညီဖို့ အသင့်ရှိပါတယ်"

"ခက်တယ် မောင်ဘိုးထော် ... ခက်တယ်။ အထင်ခံ အမြင်ခံ ရန်သူ ဆိုရင် ကျုပ် မကြောက်ပါဘူး။ ဓားချင်းယှဉ်ပြီး ခုတ်မလား၊ သေနတ်ချင်း ပြိုင်ပစ်ချင်သလား၊ ဒါမှမဟုတ်ရင် လက်သီးချင်းပဲ ထိုးဦးမလား၊ ကျုပ်က အဆင်သင့်ပဲ၊ အခုတော့ မောင်ဘိုးထော်ရယ် ..."

"ဘယ်လိုရန်သူမျိုးမို့လဲ သခင်ကြီးရဲ့၊ ကျွန်တော်မျိုး ရှေ့ကနေပြီး အသေခံစမ်းပါရစေ"

"မြောင်းမြထောင်က ဂျက်ဆင်ဆိုတဲ့ ဒုတိယထောင်မှူးကလေးက ကျုပ်ရဲ့ တပည့်ပဲ မောင်ဘိုးထော်၊ ကျုပ်နဲ့ ရန်ကုန်မှာ တစ်ခါတွေ့တုန်းက သူ့အသက်ကို တန္တေတစ်ယောက်က ကယ်ခဲ့ဖူးတယ်ဆိုတဲ့အကြောင်း ကျုပ်ကို ပြောဖူးတယ်။ လက်စသတ်တော့ ကယ်တဲ့တန္တေဟာ မောင်ဘိုးထော်ပဲကိုး"

"မှန်ပါတယ် သခင်ကြီး၊ သူ့ကို ထောင်သားတွေက လုပ်ကြံမယ့် အကြောင်း ကျွန်တော်မျိုးက ကြိုတင်သိလို့ လက်မတင်ကလေး အချိန်မီ ကယ် လိုက်ရပါတယ်"

"တော်ပါပေတယ် မောင်ဘိုးထော် ... သဘောထားကြီးပါပေတယ်။ ထောင်ကျနေတဲ့ ထောင်ကျတစ်ယောက် ဗာရာပဲဖြစ်ဖြစ်၊ တန္တေပဲဖြစ်ဖြစ်၊ ရိုးရိုးအကျဉ်းသားပဲဖြစ်ဖြစ် ထောင်မှူးထောင်ပိုင်တွေရဲ့ အသက်ကို ကယ်ဖို့ နေနေသာသာ အမြဲမုန်းနေတာသာ ကျုပ်တွေ့ဖူးတယ်"

"သခင်ကြီးပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ကိစ္စတစ်ခုမှာ ဘယ် ဘက်ကမှားတယ်၊ ဘယ်ဘက်က မှန်တယ်၊ ဘယ်သူတရားတယ်၊ ဘယ်သူ မတရားဖူးဆိုတာ စဉ်းစားပြီးမှ ကျွန်တော်မျိုးက လုပ်ပါတယ်။ တကယ်လို့ ထောင်မှူးကသာ မတရားဘူးဆိုရင် ကျွန်တော်မျိုးလည်း လုပ်ကြံတဲ့ဘက်ကနေ ပြီး အားပေးသင့်ရင် အားပေးမှာ အမှန်ပဲ"

"ဒီလို သဘောမျိုးကို ကျုပ်က သာပြီး ကြိုက်သေးတယ်။ ကိုင်း ... ကျုပ်ပြောတာ နားထောင်စမ်းပါဦး။ မောင်ဘိုးထော်က ဗုဒ္ဓဘာသာပဲ မဟုတ်လား"

"မှန်ပါတယ် သခင်ကြီး ... ကျွန်တော်မျိုး ဗုဒ္ဓဘာသာပါပဲ"

http://www.cherrythitsar.org


"သေပြီးတဲ့ လူတစ်ယောက်ဟာ ကျွန်ုပ်တို့ဘုံကို ပြန်လာပြီး ဒုက္ခပေးနိုင်သလား"

"မဟုတ်တာ သခင်ကြီး ... သေပြီးသား လူတစ်ယောက်က ဘာ ဒုက္ခ ပေးနိုင်ရမှာလဲ"

"သူတို့နေတဲ့ ဝိညာဉ်ဘုံက ကျွန်ုပ်တို့ဆီကို လာကောလာနိုင်သလား"

"တစ္ဆေခြောက်တာကို သခင်ကြီးပြောနေတာ ထင်ပါရဲ့"

"ဟုတ်တယ် မောင်ဘိုးထော် ... မြန်မာမှာ ဘယ်လိုခေါ်တယ်လို့တော့ ကျွန်ုပ်ကောင်းကောင်း နားမလည်ဘူး။ နို့ပေမဲ့ ကျွန်ုပ် မြင်ရတယ်။ ကျွန်ုပ် မျက်စိနဲ့ တပ်အပ်မြင်ရတယ်။ သေပြီးတဲ့လူတစ်ယောက် ကျွန်ုပ်ကို ဒုက္ခပေးရအောင် ပြန်လာနေတယ်"

"ဖြစ်ပုံကို တဆိတ်အမိန့်ရှိပါဦး သခင်ကြီး ... သခင်ကြီးပြောတာ ကျွန်တော်မျိုး ကောင်းကောင်း နားမလည်သေးပါဘူး"

"ဒီလို ... မောင်ဘိုးထော်၊ ကျွန်ုပ်ဟာ အရင်က ထောင်မှူးမဟုတ်ဘူး။ တရားသူကြီး လုပ်ခဲ့ဖူးတယ်။ စက်ရှင်တရားသူကြီးအဖြစ်နဲ့ ၄ နှစ်လုပ်ခဲ့ဖူးတယ်။ ကျွန်ုပ် ဗီရိုနဲ့ အပြည့်ပါလာတဲ့ စာအုပ်တွေဟာ ကျွန်ုပ် တရားသူကြီး လုပ်တုန်းက ဥပဒေစာအုပ်တွေချည်းပဲ၊ စက်ရှင်တရားသူကြီးဆိုတာ မောင်ဘိုးထော် သိတဲ့အတိုင်း ဓားပြမှု၊ ပြန်ပေးမှု၊ လူသတ်မှုမှစပြီး အမှုကြီးတွေ စီရင်ရပြီး လွှတ်တန်လွှတ်၊ ချတန်ချ၊ တစ်ကျွန်းပို့တန်ပို့၊ ကြိုးပေးတန်လည်း ပေးရတာပေါ့လေ။ ဒါနဲ့ ကျွန်ုပ် မန္တလေးမှာ စက်ရှင်မင်းကြီးအဖြစ်နဲ့ နေတုန်းက ဖကီးခေါ်တဲ့ ကုလားဘုန်းကြီးတစ်ယောက်ကို ကြိုးမိန့်ပေးဖူးတယ်။ အမှုက အင်မတန် ထင်ရှားတဲ့ အမှုတစ်ခုပဲ။ သူနဲ့အဖော် တခြားဖကီးတစ်ယောက်ကို သတ်တဲ့အမှု ပဲ မောင်ဘိုးထော်ရဲ့"

"အမိန့်ရှိပါ သခင်ကြီး"

"စက်ရှင်မင်းကြီးတစ်ယောက်အတွက် ကြိုးမိန့်ပေးရတယ်ဆိုတာ မဆန်းတော့ပါဘူး။ ဒါပေမဲ့ မောင်ဘိုးထော် ... ကျွန်ုပ်ဟာ မိဘမျိုးရိုးကစပြီး ပစ္စည်းဥစ္စာရှိလာတော့ လာဘ်သပ်ပကာကို မမက်ဘူး။ ဘယ်တော့မှ ယူလည်း မယူဘူး။ ကျွန်ုပ်ရတဲ့ လခနဲ့ကျွန်ုပ် ဘိလပ်မှာ ဝင်ထားတဲ့ အစုတွေကရတဲ့ အမြတ်တွေနဲ့ဟာ လာဘ်ယူစရာမလိုပါဘူး။ တရားကို မှန်မှန် ကန်ကန် ကျွန်ုပ် စီရင်ခဲ့တယ်။ ကျွန်ုပ်စိတ်ထဲမှာ အပြစ်မရှိဘူး ထင်ရင် အောက်ရုံးက ဘာပဲပြောပြော လွှတ်တော်ကို အယူခံလို့ ကျွန်ုပ်ရဲ့ အလုပ်ပဲပြုတ်ပြုတ် ဆိုင်းမနေဘူး တစ်ခါတည်း လွှတ်ပစ်လိုက်တာပဲ။ ကျွန်ုပ်စိတ်ထဲမှာ အပြစ်ရှိတယ် ထင်ရင်

http://www.cherrythitsar.org



လည်း ဘယ်အရေးပိုင်က၊ ဘယ်မင်းကြီးက ပြောပြော၊ ဘယ်သူ့မျက်နှာမှ မထောက်ဘူး။ တစ်ခါတည်း အပြစ်ပေးတာပဲ။ တရားခံတစ်ယောက်ကို အပြစ်ပေးဖို့ လွှတ်ဖို့ဆိုတာက တရားဥပဒေ အပေါ်မှာသာ တည်တယ်ဆိုတာ မောင်ဘိုးထော် သိပြီးသားပဲ"

"မှန်ပါတယ် သခင်ကြီး"

"ဒါကြောင့် ဘယ်သူ့မျက်နှာမှ မထောက်ဘဲ တရားဥပဒေအတိုင်း စီရင်ခဲ့ရင်ဖြင့် ကျွန်ုပ် လုပ်တာတွေဟာ အင်မတန် အမှားနည်းလိမ့်မယ်လို့ ကျွန်ုပ်ယူဆတယ်"

"မှန်ပါ"

"ဒါနဲ့ တရားသူကြီးဆိုတာ စစ်ဆေးရတဲ့ တရားခံတွေက များလွန်းလို့ ဘယ်သူ့ကို ဘာမှုနဲ့ ဘယ်တုန်းက ဘာအပြစ်ပေးလိုက်တယ်ဆိုတာ ကျွန်ုပ် ကောင်းကောင်း မမှတ်မိတော့ဘူး။ နို့ပေမဲ့ ဒီကုလားဘုန်းကြီးတစ်ယောက်ကိုတော့ ကျွန်ုပ် စိတ်ထဲက ဖျောက်ဖျက်လို့ မရနိုင်အောင်ဖြစ်နေတယ် မောင်ဘိုးထော်၊ ကျွန်ုပ်သေတဲ့အထိ သူ့ကိုတော့ သတိရနေလိမ့်မယ် ထင်တယ်။ ဒီ ဘုန်းကြီးကို ကြိုးမိန့်ပေးပြီးကတည်းက သူ့ကို ကြောက်နေတဲ့ စိတ်ဟာ ကျွန်ုပ် ဝမ်းထဲမှာ အမြဲကိန်းအောင်းနေပြီ မောင်ဘိုးထော်"

"ဘာကြောင့် သည်လောက် အစွဲအလန်းကြီးနေရတာလဲ သခင်၊ ပြီးတော့ သူ့ကို အမြဲကြောက်နေရအောင် သေပြီးသား လူတစ်ယောက်က ဘာ တတ်နိုင်ဦးမှာလဲ သခင်ကြီးရဲ့"

"မဟုတ်ဘူး မောင်ဘိုးထော် ... မဟုတ်ဘူး၊ သူတတ်နိုင်တယ်။ သူ့ကို အသက်ရှင်နေတဲ့လူထက် ကျွန်ုပ် ကြောက်နေတယ်"

"ကြောက်ပုံကို အမိန့်ရှိပါဦး သခင်ကြီး"

"သူက ကျွန်ုပ်အခုတင်က ပြောတဲ့ ဝိညာဉ်ဘုံမှာနေတဲ့ လူတစ်ယောက်ပဲ။ အဲဒီဘုံက ကျွန်ုပ်ဆီကို လာတာ ၃ ခါရှိပြီ"

"မဟုတ်နိုင်ပါဘူး သခင်ကြီး"

"ဘာမဟုတ်နိုင်ရမှာလဲ၊ ဒုတိယအကြိမ်လာတဲ့အခါမှာ ကျွန်ုပ်မျက်စိနဲ့ တပ်အပ်မြင်ရတယ်"

"မှန်ပါ ... အမိန့်ရှိပါ သခင်ကြီး"

"ဒီဖကီးကို ကျွန်ုပ် ကြိုးပေးလိုက်တော့ သူက သူမဟုတ်ရတဲ့အကြောင်း၊ ပုလိပ်များကသာ လီဆယ်ပြီး အမှုဆင်ထားတဲ့အကြောင်းတွေ ပြောတာပေါ့လေ။ မောင်ဘိုးထော်လည်း အမှုတွေ မကြာမကြာ ဖြစ်ဖူးသားပဲ၊ သိမှာပေါ့။ တရားခံဆိုတာ ဒီလိုပြောရိုးပြောစဉ် ပြောကြတာမျိုးပဲ။ ဒီလိုပြောတာ

ကျွန်ုပ်တို့အတွက် အဆန်းမဟုတ်တော့ပါဘူး။ အမှုကတော့ အမှုမှန်တစ်ခုပဲ မောင်ဘိုးထော်၊ အမှုအကြောင်းကိုတော့ အရှည်မပြောပါရစေနဲ့၊ သက်သေခံ ကောင်းကောင်းကြီး လုံလောက်တဲ့ အမှုဆိုတာ ယုံမှားစရာမရှိဘူး။ ဒါနဲ့ အယူခံဖို့ရက်ပေးပြီး ခများ အယူခံမှာလည်း ရှုံးတော့ နောက်ဆုံး ကြိုးပေးခံရရှာတယ်။ ဒါနဲ့ သူ့ကို ကြိုးပေးပြီးတဲ့ညမှာ ကျွန်ုပ်အိပ်မက်တစ်ခု မက်တယ်။ ကျွန်ုပ် အမိန့်ပေးလိုက်တဲ့ အခါတုန်းက ဝတ်ထားတဲ့ အဝတ်အစား ဝတ်လို့၊ နို့ပေမဲ့ မျက်နှာကတော့ သွားကျဲကျဲ မျက်တွင်းဟောက်ပက်နဲ့ လူသေကြီးပဲ၊ လက်က စိပ်ပုတီးကိုင်ပြီး “ခင်ဗျားက တရားသူကြီးဖြစ်လို့ ကျုပ်ကို ကြိုးမိန့်ပေးခဲ့တာ၊ ကျုပ်မှာတော့ လည်ပင်းမှာ ကြိုးကွင်းတပ်ပြီး မရှုမလှသေရပြီ။ ကျုပ်တကယ် သတ်လို့ အမှုမှန်ဖြစ်ရင်တော့ ကျုပ်စိတ်မနာပါဘူး။ အခုတော့ ကျုပ်မှာ မဟုတ်ဘဲနဲ့ အသေခံရတာ ဒီဘဝ မဟုတ် ဘယ်ဘဝမှ မကျေဘူး။ ကျုပ်ကိုယ်ကြီးကို ခင်ဗျားသတ်နိုင်ပေမယ့် ကျုပ်ရဲ့ ဝိညာဉ်ကိုတော့ ခင်ဗျား မသတ်နိုင်ဘူး။ ဒီတော့ ကျုပ်ဖြစ်တဲ့ ဝိညာဉ်ဘဝကလာပြီး ကလဲ့စားချေလှည့်မယ်။ ဘယ်လို ချေမယ် ထင်သလဲ ... ခင်ဗျားကလေးတွေ အားလုံးကို ကျုပ်ဇီဝိန်ချွေမယ်။ တစ်ယောက် ပြီး တစ်ယောက် ကျုပ်သေသလို လည်ပင်းမှာ ကြိုးကွင်းတပ်ပြီး သေရစေ့မယ် နားလည်လား၊ စောင့်သာကြည့်ပေတော့” ဆိုပြီး တစ်ခါတည်း ပျောက်သွားတယ်။ ဒါနဲ့ ကျုပ်လည်း အိပ်ရာက ဇောချွေးတွေ ပြန်ပြီး လန့်နိုးတော့တာပဲ မောင်ဘိုးထော်ရယ်”

ထောင်မှူးကြီးသည် နဖူးမှ ချွေးများကို လက်ကိုင်ပဝါနှင့် သုတ်လျက် ရှိလေ၏။

“တယ်ပြီး ထူးဆန်းပါလား သခင်ကြီး”

“ထူးဆန်းဆို ဒီဟာပဲလေ၊ သူတို့ဖကီးတွေဆိုတာ ဟိန္ဒူရှေးဟောင်း ကျမ်းကြီးတွေကို အင်မတန် တတ်ပြီး ဝိညာဉ်ကို စေစားတတ်တဲ့အတတ်တွေ ဘာတွေ တက်လို့လားတော့ မပြောတတ်ဘူး။ ကျွန်ုပ်အတွက်ဆိုရင် ကျွန်ုပ် နည်းနည်းကလေးမှ မကြောက်ပါဘူး။ အခုတော့ သားသမီးကလေးတွေ အတွက်ဖြစ်လို့ ကျွန်ုပ်လည်း အများကြီး စိုးရိမ်မိတယ်”

“မှန်တာပေါ့ သခင်ကြီး ... ကိုယ့်ရင်သွေးဆိုတော့ စိုးရိမ်ကြစမြဲပါပဲ”

“ဒါနဲ့ နောက်တစ်နှစ်လောက်ကြာတော့ ကျွန်ုပ် စိတ်ထဲမှာ ဒီအကြောင်း မေ့မတတ်ဖြစ်နေတုန်းတစ်ည ကျွန်ုပ်အိမ်ရှေ့ဧည့်ခန်းမှာ စာဖတ်နေတယ်။ အချိန်က ည ၁၀ နာရီကျော်ကျော်လောက်ရှိပြီ၊ ဒါပေမဲ့ ပူတဲ့ရာသီမို့ ကျွန်ုပ်တို့ မအိပ်နိုင်ကြသေးဘူး။ ဒီတုန်းက မေရီနှင့်ဘောဘီတို့အမေ မသေသေး ဘူး မောင်ဘိုးထော်ရဲ့၊ ဒါနဲ့ ခေါင်းရင်းခန်းမှာရှိတဲ့ ပန်ကာဖွင့်ပြီး စာဖတ်နေ

တယ်။ ကျွန်ုပ် မိန်းမက အနားက ကုလားထိုင်တစ်လုံးပေါ်မှာ ဇာထိုးနေတယ်။ ဒါနဲ့ တော်တော်ကြာတော့ ကျုပ်မိန်းမက အိပ်ချင်ပြီဆိုပြီး အိပ်ခန်းထဲဝင်သွားတော့ ကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ စာအုပ်က အတော်ကလေး ဖတ်ကောင်းတဲ့ စာအုပ်ဖြစ်လေတော့ တော်တော်နဲ့ ကျုပ် မထ ဖြစ်ဘူး။ ဒါနဲ့ နောက်နာရီဝက်လောက်ကြာတော့ အောက်ကိုဆင်းတဲ့ တံခါးမကြီးဆီက လေအေးကလေး တစ်ချက်သုတ်လာပြီး ကျောထဲမှာစိမ့်ခနဲ ဖြစ်သွားတာ ကျွန်ုပ်သိလိုက်တယ်။ ဒီတော့ ဘယ်နှယ့်လဲ တံခါးဟာ စေ့ထားရက်သားနဲ့ ဘာကြောင့် လေဝင်ပါလိမ့်မလဲလို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိတာကိုး မောင်ဘိုးထော်ရဲ့"

"မှန်ပါ၊ အမိန့်ရှိပါဦး"

"ဒါနဲ့ ကျွန်ုပ်လည်း တံခါးကို ကြည့်လိုက်တော့ သေသေချာချာ စေ့ထားတဲ့ တံခါးဟာ လက်လေးသစ်လောက် ဟနေပြီး ဒီကလေဝင်လာတာ တွေ့ရတာကိုး၊ ဒါနဲ့ကြည့်နေရင်း တံခါးဟာ လက်လေးသစ်လောက် ဟရာက တစ်မိုက်လောက်၊ ပြီးတော့ တစ်ထွာလောက်၊ ပြီးတော့ တောင်းဆုပ်လောက်၊ ပြီးတော့ တစ်တောင်လောက်၊ တဖြည်းဖြည်း ပွင့်လာပါရော မောင်ဘိုးထော်ရယ်၊ လေလည်း မတိုက် လူလည်း မရှိဘဲနဲ့ တကယ်ထူးဆန်းတာပါပဲ။ လူတစ်ယောက်တံခါးကို တွန်းပြီး အခန်းထဲကို တဖြည်းဖြည်း ဝင်လာတဲ့အတိုင်းပါပဲ။ ဒါနဲ့ ကျွန်ုပ်လည်း စာရေးစားပွဲ လက်ဝဲဘက် အံဆွဲထဲမှာ ခြောက်လုံးပြူးထားတာ သတိရမိလေတော့ အံဆွဲကို ဖွင့်လိုက်တာကိုး ... နို့ပေမဲ့ ကျွန်ုပ်စိတ်ကသာ ဖွင့်တာလက်က မဖွင့်နိုင်တော့ဘူး။ ကျွန်ုပ်ရဲ့ ခြေတွေလက်တွေဟာ ကြိုးနဲ့တုပ်ထားသလို နည်းနည်းကလေးမှ မလှုပ်နိုင်ဘူး ... မောင်ဘိုးထော်၊ တစ်ပေလောက်သာ ဝေးတဲ့နေရာကို ကျွန်ုပ်ရဲ့လက် မရောက်နိုင်တော့ဘူး"

"သိပ်ထူးဆန်းတာပါပဲ သခင်ကြီး"

"ထူးဆန်းဆို ကျွန်ုပ်တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးတယ်။ ဒါနဲ့ တံခါးဟာ လေမတိုက်ဘဲနဲ့ တရွေ့ရွေ့ ပွင့်လာပြီး ကြည့်နေတုန်း မတ်တတ်ဗြုန်းဆို မီးခိုးလုံးကြီးလိုလို ဖြူဖြူအလုံးကြီးတစ်ခု မထင်မရှားပေါ်လာရာက တစ်နေရာထဲကို တဖြည်းဖြည်း စုစုလာပြီး နောက်ဆုံးလူတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ပေါ်လာတာကိုး မောင်ဘိုးထော်ရဲ့ ... တခြားဟုတ်ပါရိုးလား မောင်ဘိုးထော် ကျွန်ုပ် ကြိုးမိန့်ပေးလိုက်တဲ့ ဖကီးကြီးပေါ့။ လက်ထဲမှာ စိပ်ပုတီးကြီးနဲ့ မျက်နှာက ပကတိ ကမ္ဘဋ္ဌာန်းရပ်လို မတုန်မလှုပ်စိုက်ကြည့်နေမိတယ်။ သူက ကျွန်ုပ်မျက်နှာကို တည့်တည့်ကြီး လက်ညှိုးထိုးပြီး 'နင့်ကလေးအကြီးဆုံးသေရမယ်' လို့ ဟိန္ဒူဘာသာနဲ့ ခပ်တိုးတိုး ရွတ်တယ် မောင်ဘိုးထော်၊ ဒီတော့

ကျွန်ုပ်မှာ ဒေါသလည်းဖြစ်၊ ကြောက်လည်းကြောက်၊ လှုပ်ကလည်း မလှုပ်နိုင်နဲ့ နောက်ဆုံး ကျွန်ုပ်ရဲ့ မိန်းမကို အော်ပြီးခေါ်တာကိုး၊ နို့ပေမဲ့ မောင်ဘိုးထော်ရေ အသံ တစ်စက်မှ မထွက်တော့ဘူး။ ကျွန်ုပ်ဟာ အကောင်းပကတိက စကားမပြောတတ်တဲ့လူတစ်ယောက် ဖြစ်သွားတာပဲ။ ဒါနဲ့ ကျွန်ုပ်လည်း မီးခိုးလုံးထဲက ထွက်လာတဲ့ သေပြီးသားအကောင်ကြီးကို ကြည့်ရင်း တစ်ခါတည်း လှုကလည်း မလှုပ်နိုင်၊ ပါးစပ်ကလည်း မအော်နိုင် ဖြစ်နေတော့တာတာပဲ၊ ဒါပေမယ့် ဒီအရုပ်ကြီးဟာ ကြာကြာတော့ မခံပါဘူး။ တစ်မိနစ်လောက်လည်း ကြာရော ပုံသဏ္ဌာန်ဟာ တဖြည်းဖြည်း ခပ်ဝါးဝါးဖြစ်လာပြီး နောက်ဆုံးတစ်ခါ တည်း ပျောက်ကွယ်သွားတော့တာပဲ”

"နောက် ဘယ်လိုဖြစ်တာလဲ သခင်ကြီး”

"ဒီအလောင်းကောင်ကြီးဟာ ပျောက်သွားရော ကျွန်ုပ် လှုပ်ရှားနိုင်လာတယ်။ အသံလည်း ထွက်လာနိုင်တယ်။ ဒီတော့မှ အံဆွဲထဲက သေနတ်ကို ဆွဲပြီး တံခါးပေါက်ပြေးသွားတော့ တံခါးလည်းပိတ်ရက်ပဲ ဘာမှလည်း မတွေ့ရဘူး။ ဝိညာဉ်ဘဝက ပြန်လာခဲ့မယ်လို့ အရင်က အိပ်မက်ပေးတဲ့အတိုင်း ဒီအကောင်ကြီး ပြန်လာတာနဲ့ တူတယ် မောင်ဘိုးထော်။ ဒါနဲ့ ကျွန်ုပ်ကို သူရဲဘောကြောင်တဲ့ လူတစ်ယောက်ထင်မှာစိုးလို့ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ အသိမပေးဘူး။ ကျွန်ုပ် မိန်းမကိုတောင် မပြောဘူး။ ကျွန်ုပ်လည်း အဲဒီနေ့ကစပြီး ကလေးတွေကို သိပ်ဂရုစိုက်တာပဲ”

"ကလေးအကြီးဆိုတာက ဘယ်သူပါလဲ သခင်ကြီး”

"ကျွန်ုပ်မှာ သားသမီး ၃ ယောက်ရှိတယ် မောင်ဘိုးထော်။ အကြီးဆုံးဆိုတာက ဒေစီတဲ့၊ အခုရှိတဲ့ မေရီထက် ၆ နှစ်ကြီးတယ်။ သည်တော့ အထူးသဖြင့် ဒေစီကို ကျွန်ုပ် မျက်စိအောက်က အပျောက်ကို မခံတော့ဘူး။ သည့်လောက် ကျွန်ုပ် သတိထားတယ်။ ကျောင်းကိုလည်း ဒရဝမ်ကုလားနဲ့ လွှတ်တယ်။ အပြန်လည်း အာယားမက သွားကြိုတယ်။ အိပ်တဲ့နေရာမှာရော နေတဲ့နေရာမှာရော ကျွန်ုပ် တတ်နိုင်သလောက် အမြဲကြည့်နေတာပဲ။ ဒေစီက အသက် ၁၂ နှစ်သာ ရှိသေးတယ်။ အိမ်မှာ အင်မတန် အဖော်အလျော်ရတဲ့ မိန်းကလေးတစ်ယောက်ပဲ။ အိမ်ထောင်မှု သိမ်းဆည်းရာမှာ သူ့အမေကို အများကြီး အကူအညီ ပေးရှာတယ်။ စာကိုလည်း ကြိုးစားလိုက်သေးတယ်။ အိမ်မှာလည်း အမေကြီးကို ကူညီမိအောင် ကူညီလိုက်သေးတယ်။ ဒါနဲ့ ... တစ်နေ့တော့ အိမ်အောက်ထပ်မှာ ကျွန်ုပ်နဲ့ ကျွန်ုပ်မိန်းမ လက်ဖက်ရည်သောက်နေကြတယ်။ မေရီ နဲ့ဘောဘီတို့လည်း စားပွဲမှာပဲ ရှိကြတယ်။ ဘောဘီကို သူ့အမေက ရင်ခွင်ထဲမှာ ချီလို့ မေရီကတော့ ကျွန်ုပ်အနားက ကုလားထိုင်မှာ ထိုင်နေတယ်။

http://www.cherrythitsar.org



ဒီအခါ လက်ဖက်ရည်စားပွဲမှာ လက်သုတ်ပဝါ မရှိသေးတာနဲ့ အိမ်ပေါ်က ဗီရိုထဲမှာ ဒေစီတက်ပြီး ယူချေဦးမယ် ဆိုပြီး ပြောပြောဆိုဆို ပြေးတက်သွားတယ်။ ကျွန်ုပ်တို့လည်း လက်ဖက်ရည်ကို သောက်မြဲတိုင်း ဆက်သောက်နေကြတာ ဒေစီ ရုတ်တရက် ပြန်ဆင်းမလာလို့ သူ့အမေက 'ဒေစီ ... မြန်မြန်လာလေ ကြာလိုက်တာ သမီးရယ်၊ ဘာများလုပ်နေသလဲ' လို့ အိမ်ပေါ်ကို လှမ်းပြောလိုက်တော့ 'လာပါပြီရှင် ... ကျွန်မလာပါပြီ ... အမယ်လေး ကျွန်မကြောက်လိုက်တာ မာမီရယ်။ လာပြီ ... လာပြီ ... ကျွန်မ လာပါပြီ' လို့ စူးစူးဝါးဝါး ပြန်ပြောလိုက်တာ ကြားရတာကိုး မောင်ဘိုးထော်ရဲ့၊ နို့ပေမဲ့ အသံက ရိုးရိုးပြော လိုက်တဲ့ အသံမဟုတ်ဘူး ... အင်မတန် ကြောက်နေလို့ တုန်တုန်ရီရီ ပြောလိုက်ရတဲ့ အသံမျိုးပဲ။ ဒါနဲ့ ကျွန်ုပ်က 'ဟယ် ... ဒေစီဘာဖြစ်ပါလိမ့်' လို့ အောက် မေ့ပြီး အိမ်ပေါ်တက်ပြေးတော့ သူ့အမေလည်း ဘောဘီကို ချီပြီး နောက်က တစ်ခါတည်း ပါလာတယ်။ လှေကားလည်း တက်မိရော လူတစ်ယောက် ကြမ်းပေါ် လဲကျသလို အိမ်ပေါ်က 'ဒုန်း' ခနဲ အသံကြီးတစ်ခု ကြားလိုက်ရတယ် မောင်ဘိုးထော်ရဲ့၊ အိမ်ပေါ်ရောက်တော့ လားလား ဒေစီဟာ လည်ပင်းမှာ ကြိုးကွင်း ပြတ်ကလေးတန်းလန်းနဲ့ ကြမ်းပေါ်မှာ လဲနေတာတွေ့ရတယ်။ ကြိုးက ဘာကြိုးထင်သလဲ၊ ကျွန်ုပ်ရဲ့ ဖိုင်တွဲတွေကို ချည်ဖို့ထားတဲ့ လက်သန်းဖျား တစ်ဝက် လောက်သာ ရှိတဲ့ပိတ်စအနီကြိုးကလေး၊ လူတစ်ယောက် မပြောနဲ့၊ ခွေးတစ်ကောင်တောင် ခိုင်အောင်ချည်လို့ မရတဲ့ ကြိုးမျိုး မောင်ဘိုးထော်၊ အဲဒီကြိုး နှစ်လံလောက်ကိုယူ၊ ထုတ်မှာချည်၊ ကြိုးကွင်းလုပ်ပြီး စာအုပ်ဗီရိုပေါ်က ခုန်ချတဲ့ လက္ခဏာပဲ မောင်ဘိုးထော်ရဲ့။ ကြိုးကွင်းလည်း တင်းတယ်ဆိုရုံကလေးတင်းပြီး မခိုင်လို့ ပြုတ်ကျသွားတာပဲ။ ကြိုးပြတ်ကလေးလည်း ထုတ်မှာ တန်းလန်းမြင်ရ တယ်။ ဒါနဲ့ ကျွန်ုပ်လည်း 'ဟယ် ဒေစီ ဘယ်လိုဖြစ်တာလဲ' ဆိုပြီး လည်ပင်းက ကြိုးကွင်း ကပျာကယာ ဆွဲဖြတ်ပြီး ပွေ့လိုက်တော့ ဒေစီ အသက်ငွေ့ငွေ့ပဲ ရှိတော့တယ်။ ဒီအချိန်မှာ အိမ်နီးပါးချင်းတစ်ယောက်ရော အစေခံတွေရော ဒရိုင်ဘာရော ရောက်လာကြတာကိုး မောင်ဘိုးထော်၊ ဒါနဲ့ ကျွန်ုပ်ရဲ့ ဒရိုင်ဘာကို ဆရာဝန်ကြီး ခေါ်ဖို့ မော်တော်ကားနဲ့ လွှတ်လိုက်ရတယ်။ နောက်ဆရာဝန်ကြီးလည်း ရောက်တော့လာပါရဲ့။ နို့ပေမဲ့ ဆရာဝန်မရောက်ခင်ပဲ ဒေစီဟာ ကျွန်ုပ် လက်ပေါ်မှာ မျက်လုံးကလေးနှစ်ဖက် လန်ပြီး အသက်ပျောက်သွားရှာပါပြီ"

"သနားစရာ ကောင်းလိုက်လေ သခင်ကြီးရယ်၊ နေပါဦး ဒီဘာမဟုတ်တဲ့ လက်သန်းဖျားတစ်ဝက်လောက်ရှိတဲ့ ပိတ်စကြိုးကလေးက သေနိုင်သလား ခင်ဗျာ"

http://www.cherrythitsar.org



"အံ့သြစရာပေါ့ မောင်ဘိုးထော်ရယ် ... ဆရာဝန်တောင် လည်ပင်းအစ်လို့ သေရတာထက် အကြောက်လွန်ပြီး နှလုံးသွေးရပ်လို့ ပျက်စီးရတဲ့ လက္ခဏာရှိတယ်လို့ အစစ်ခံတယ်။ အဲဒါ ကျွန်ုပ်ရဲ့ သမီးအကြီး ဒေစီရဲ့ ဇာတ်လမ်းပဲ။ အဲဒီလို ကျွန်ုပ်ရဲ့ ရင်သွေး မရှုမလှဆုံးသွားရတော့ ကျွန်ုပ်လည်း ရူးမတတ်ဖြစ်ပြီး သည့်လောက်တောင် ဒုက္ခပေးလှတဲ့ ရာထူးကို ငါမတပ်မက်တော့ပါဘူးဆိုပြီး တစ်ခါတည်း အလုပ်က ထွက်ပစ်လိုက်တယ်။ နောက်တော့မှ ကျွန်ုပ်မိန်းမဘက်က ဆွေမျိုးတော်တဲ့ မြန်မာပြည်ထောင်မင်းကြီးက 'ခင်ဗျား ဒီလို အလုပ်မရှိဘဲနေလို့ ဘယ်ဖြစ်ဦးမလဲ။ အလုပ်တစ်ခုခုတော့ လုပ်ဦးတဲ့၊ ဣန္ဒြေရပါတယ်ဆိုပြီး အခုလုပ်ပေးလိုက်တယ်' "

"မောင်ဘိုးထော်က ဘယ်လိုတွေးမိလို့လဲ"

"သခင်ကြီးရဲ့ ရုပ်ရည်ကြည့်ရတာ ထောင်မှူးထက် တရားသူကြီးပဲဖြစ်ဖြစ်၊ ဝတ်လုံတော်ရပဲဖြစ်ဖြစ် တစ်ခုခုနဲ့ တူတယ်လို့ တွေးမိပါတယ်"

"လူကဲခတ် အတော်ကောင်းသားပဲ၊ ဒါနဲ့ နောက် ကျွန်ုပ်မိန်းမလည်း ဆုံးပြီး ဒီကလေး ၂ ယောက်နဲ့ ထောင်မှူးအလုပ်ကို လုပ်ခဲ့တာ အခုတစ်ခါထပ်ပြီး မနေ့ညက ဒီဖကီး ကောင်ကြီးကို အိပ်မက်မက်ပြန်တယ် မောင်ဘိုးထော်"

"အိပ်မက်ဆိုတာ စိတ်စွဲလန်းလို့လည်း မက်တတ်ပါတယ် သခင်ကြီး"

"ဘယ်က စိတ်စွဲလန်းရမှာလဲ မောင်ဘိုးထော်၊ ကျွန်ုပ် စိတ်မစွဲလန်းတတ်ပါဘူး။ အိပ်မက်ထဲမှာ အရင်က ကျွန်ုပ်မြင်ရတဲ့ ရုပ်အတိုင်းပါပဲ။ မျက်တွင်းဟောက်ပက် သွားကျဲကျဲကြီးနဲ့ လာပြီး 'အင်း ... ဒီတစ်ခါတော့ နင့်ကလေးအလတ်ကို ငါခေါ်ရလိမ့်မယ် ဟဲ ... ဟဲ ... နားလည်လား' တဲ့ ပြောပြီး တစ်ခါတည်း သူပေါ်လာတဲ့အတိုင်း ဒီစကားပြောပြီး အသံနက်ကြီးနဲ့ ရယ်လိုက်ရာက ဖြုန်းခနဲပျောက်သွားတော့တာပါပဲ။ ကျွန်ုပ်မှာ ဒီကလေး ၂ ယောက်ပဲ ဖျော်ဖြေစရာရှိတယ် မောင်ဘိုးထော်၊ ဒီအထဲကများ မတော်တဆ တစ်ယောက်ပဲ့သွားမှဖြင့် ... အို ... ကျွန်ုပ်တွေးတောင် မကြည့်ဝံ့ဘူး မောင်ဘိုးထော်"

"မဖြစ်နိုင်ပါဘူး သခင်ကြီး၊ ကျွန်တော်မျိုးတို့ မျက်စိအောက်မှာ ဘယ်နည်းနဲ့မှ ဒီလို မဖြစ်ရပါဘူး။ ကျွန်တော်မျိုးတစ်ယောက် ရှိပါသေးတယ်။ ကျွန်တော်မျိုး ရှေ့က အသေခံပါမယ်"

"မောင်ဘိုးထော် ပြောလိုက်တာဖြင့် တကယ်အားရှိစရာပဲ မောင်ဘိုးထော်၊ အသေခံတာက ဟုတ်ပါရဲ့၊ နို့ပေမဲ့ ကျွန်ုပ်တို့နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရမှာက ကျွန်ုပ်တို့ ဘုံသားမဟုတ်ဘဲ ဝိညာဉ်ဘုံသားဖြစ်နေတယ် မောင်ဘိုးထော်"

ထိုခဏ၌ ထောင်မှူးကလေးတစ်ယောက်သည် ဖိုင်တွဲများကို ပိုက်ကာ ယမန်နေ့က ရောက်လာသော အကျဉ်းသားသစ်များစာရင်းကို လက်မှတ်ရေးထိုးရန် ယူလာသဖြင့် ထောင်မှူးကြီးလည်း စကားကို ရပ်လိုက်လေ၏။

ဖိုင်တွဲများကို လက်မှတ်ရေးထိုးပြီး၍ ထောင်မှူးကလေးပြန်သွားသော အခါ ထောင်မှူးကြီးက ယခုလာမည့် တနင်္ဂနွေနေ့မှာ မေရီ (၇) နှစ်စေ့သော မွေးနေ့ဖြစ်သဖြင့် မြို့ပေါ်မှ လူကြီးလူကောင်းနှင့် အရာရှိကြီးများ အပါအဝင် လူ ၂၀ ခန့်မျှကို ထိုအထိမ်းအမှတ် လက်ဖက်ရည်ပွဲကလေးသို့ ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ ဤအိပ်မက်ကြောင့် အယူသည်းကာ ဤပွဲလမ်းကိုလည်း မဖျက်လိုကြောင်း၊ သို့ဖြစ်၍ ယခုမှစ၍ ထိုလက်ဖက်ရည်ပွဲကလေး ပြီးသည် အထိ သူ၏ကလေး ၂ ယောက်အား မျက်စိအောက်မှ အပျောက်မခံဘဲ စောင့်ရှောက်ပေးရန်အကြောင်း ပြောကြားလေရာ၊ ကျွန်ုပ်လည်း ထောင်မှူးကြီးအား မစိုးရိမ်ရန်အကြောင်း အားပေးစကားပြောပြီးလျှင် နံနက်စာ ပုံစံဆွဲရန် အချိန်ရောက်သည်နှင့် ထောင်မှူးကြီးအိမ်မှ ပြန်ခဲ့လေသည်။

*

ကျွန်ုပ်သည် ထောင်မှူးကြီး၏ အထက်ပါ ထူးဆန်းသော အဖြစ်အပျက်ကို ကြားရသဖြင့် အင်္ဂလိပ်သွေးများသော အင်္ဂလိပ်ကပြားတစ်ယောက်က ကျွန်ုပ်တို့ အယူဝါဒဖြစ်သည့် တစ္ဆေသရဲများကို ယုံကြည်ရသလောဟု တွေးမိ၏။ တစ်ခါတစ်ရံ ဆီလျော်အောင် ဖြစ်လာတတ်သည့် အကြောင်းအရာများနှင့် တိုက်ဆိုင်မိသဖြင့် ဤကဲ့သို့ အယူသည်းတတ်သည်ကိုလည်း တွေးမိ၏။ သို့သော် ထောင်မှူးကြီး၏ အဖြစ်အပျက်မှာ ဖြစ်ပေါ်လာခဲ့သော အခြင်းအရာများကို တစ်ခုစီတွေးတော ကြည့်လိုက်သောအခါ အမှတ်မထင် ဆီလျော်အောင် ဖြစ်လာခြင်းများ မဟုတ်တန်ရာပေ။ ကုလားဘုန်းကြီးအား ကြိုးမိန့်ပေးလိုက်ခြင်းမှစ၍ အိပ်မက်လာ၍ပေးပုံ၊ ထို့နောက် ကိုယ်ထင်ပြပုံ၊ ထို့နောက် ထိုဝိညာဉ် ကြိမ်းဝါးသည့်အတိုင်း ဒေစီသေဆုံးသွားပုံတို့မှာ တစ်ခုနှင့်တစ်ခု အကျိုးအကြောင်း ဆက်စပ်ကြည့်လိုက်က မတော်တဆ အလျဉ်းသင့်၍ ကံအားလျော်စွာ ဆီလျော်အောင် ဖြစ်ပေါ်လာသော အကြောင်းများ မဟုတ်ပေ။ သို့ဖြစ်၍ မယုံကြည်ရန်လည်း ခဲယဉ်းလှလေသည်။

သို့နှင့် ကျွန်ုပ်လည်း ထိုနေ့ညနေစောင်းမှစ၍ ထောင်မှူးကြီးအိမ်တွင် ညဉ့် ၈ နာရီထိုးသည်အထိ နေရပြီးလျှင် နံနက်တိုင်းလည်း ၆ နာရီထိုး အရောက်သွားရ၏။ အိမ်တွင်ရှိသမျှ ကြိုးများကိုလည်း မည်သည့်ကြိုးကိုမျှ မထားဘဲ အရေးတကြီးသုံးရသည့် ပိုက်ဆံကြိုး၊ အဝတ်ကြိုး ကလေးများကို ပင် ဗီရိုထဲတွင် လုံခြုံစွာ သော့ခတ်ထား၏။ အာယားကုလားမကိုလည်း

http://www.cherrythitsar.org



မေရီအား ကြိုးနှင့် မကစားစေရန် ကြပ်တည်းစွာ အမိန့်ပေးထား၏။ သစ်သား လက်ကိုင်ကလေးနှစ်ဘက်နှင့် ကြိုးခုန်၍ ကစားသော ကိရိယာကလေးကိုပင် ကလေးအား မပေးဘဲ သိမ်းဆည်းထား၏။

တနင်္ဂနွေနေ့သို့ရောက်သောအခါ ထောင်မှူးကြီးသည် မိမိအိမ်ရှေ့ ဥပစာမြက်ခင်းပေါ်တွင် ဧည့်သည် ၂၀ ကျော် ၃၀ ခန့်အား လက်ဖက်ရည်ပွဲ တည်ခင်းကျွေးမွေးရာ ထောင်ဗားရာ ၄ ယောက်နှင့် ထောင်သား ၂ ယောက်တို့ ကို အလုပ်ကြမ်းများ ခိုင်းစေ၍ ကျွန်ုပ်က ထောင်မှူးကြီးနှင့် မနီးမဝေးနေရ ပြီးလျှင် ကွင်းပြင်ထဲတွင် အာယားနှင့် ထိန်းကျောင်းလျက်ရှိသော ကလေး ၂ ယောက်ကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေရ၏။

၅ နာရီထိုးပြီးနောက် ဧည့်သည်များသည် တဖြည်းဖြည်း ပြန်စပြုပြီ ဖြစ်ရာ၊ နောက်ဆုံး၌ ထောင်အရာရှိ နှစ်ယောက် သုံးယောက်တို့နှင့် ထောင်မှူး ကြီးသာ စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ကာ ဆေးလိပ်များ သောက်လျက် ကျန်ရစ် ခဲ့ကြ၏။ ကျွန်ုပ်သည် မြက်ခင်း၏ ထောင့်တစ်ထောင့်တွင် ထိုင်ကာ အာယား ကုလားမနှင့်အတူ ကစားနေသော ကလေး ၂ ယောက်ကို စောင်းပါးရိပ်ခြည် ကြည့်ရှုလျက်ရှိလေသည်။

မေရီသည် ကြယ်ပြာရောင် ဂါဝန်ကလေးကို ဝတ်ကာ ဖိနပ်အဖြူကို စီးထားပြီးလျှင် ဦးခေါင်းတွင်လည်း လက်မခန့်ရှိ ဖဲကြိုးအပြာကလေးကို စီး ထားသဖြင့် အစိမ်းနုရောင် မြက်ခင်းပေါ်၌ ပျော်ရွှင်စွာ ပြေးလွှားလျက်ရှိ၏။ အာယားကုလားမ၏ လက်ထဲတွင်ကား တောင်ဆုပ်ခန့်ရှိ ယမင်းရုပ်ကလေး တစ်ခုကို ကိုင်ထားရာ မေရီသည် အာယားထံမှ ထိုယမင်းရုပ်ကလေးကို တောင်းယူပြီးလျှင် ဘီးလေးဘီးတပ်ထားသော လက်တွန်းလှည်းကလေးပေါ် တွင် အရုပ်ကလေးကို တင်ကာ လက်တွန်းလှည်းကလေးကို ရှေ့တိုးနောက်ငင် ဆွဲ၍နေလေ၏။ ဤကဲ့သို့ ... ပျော်ရွှင်စွာ ကစားနေသည့် ချစ်စဖွယ်ကောင်း သော မေရီမှာ ဖခင်၏စိတ်ကို မဆိုထားဘိဦး၊ ကျွန်ုပ်ကဲ့သို့ကြမ်းတမ်းခက်ထန် သော ထောင်သားတစ်ယောက်၏ စိတ်ကိုပင် ပျော့ပျောင်းအောင် ဆွဲနိုင်သော စိတ်ရှိ၏။ အငယ်ဖြစ်သော ဘောဘီမှာမူ မြင်းရုပ်ကို ခွစီးကာ အနီး၌လည်း အခြားကစားစရာများ စုပုံလျက်ရှိလေသည်။ ဘောဘီကစားနေသော နေရာမှာ မေရီနှင့် ကိုက် ၂၀ ခန့်ဝေး၍ မြက်ခင်း၏ အခြားထောင့်စွန်းတစ်ခု၌ ရှိလေသည်။

ဘောဘီသည် မြင်းရုပ်ကလေးကို စီးလျက်ရှိရာမှ မြင်းရုပ်ကို ပစ်ထား ခဲ့ပြီးနောက် လေးထောင့်ကတ်ထူသေတ္တာတစ်လုံးထဲမှ စက္ကူလေတံခွန်နှင့် ရစ် လုံးတစ်လုံးကို ထုတ်ယူပြီး စွန်လွှတ်လေ၏။ ဘောဘီမှာ အရွယ်နှင့်မလိုက် အောင် တတ်သော ကလေးတစ်ယောက်ဖြစ်သည့်အတိုင်း စက္ကူစွန်ကလေး

http://www.cherrythitsar.org



သည် တစ်ခဏချင်း၌ပင် အပေါ်သို့ ဝါးတစ်ရိုက်ခန့် တက်လျက်ရှိနေလေပြီ။ ထိုအချိန်၌ကား ညှော့သည်အားလုံး ပြန်သွားပြီဖြစ်၍ ထောင်မှူးကြီးတစ်ယောက်သာ စားပွဲနှင့်ထိုင်ကာ ကလေးများ ကစားနေသည်ကို ကြည်နူးစွာ ကြည့်လျက်ရှိလေ၏။ အာယားကုလားမမှာ ၎င်းအား မှာကြားထားသည့် အတိုင်း မေရီ့အနီးမှပင် မခွာဘဲ ရှိနေ၏။

ဆောင်းဦးပေါက်ဖြစ်သဖြင့် မြောက်လေကလေးသည် တစ်ချီတစ်ချီတွင် သုတ်လျက်ရှိလေရာ၊ ဘောဘီလွှတ်နေသော စွန်ကလေးသည် လေထဲတွင် ယိမ်းယိုင်လွင့်ပါ၍ နေသဖြင့် ဘောဘီသည် စွန်ကို မနိုင်မနင်း ရှိနေရကား အာယားကုလားမကို ဟစ်အော်၍ခေါ်လေ၏။ သို့သော် ကုလားမသည် ပြေးမသွားဘဲ ရယ်မောကြည့်ရှုလျက်သာရှိလေရာ၊ ထိုခဏ၌ မေရီသည် အရုပ်နှင့်လှည်းကလေးကို ပစ်ထားခဲ့ပြီးလျှင် ‘လာပြီ … လာပြီ’ ဟု ဟစ်အော်ကာ လက်ကလေးနှစ်ဖက်ကို မြှောက်လျက် ဘောဘီရှိရာသို့ ပြေးသွား၏။ ထိုအခိုက်၌ ဘောဘီသည် စွန်ကြိုးကို နောက်ဆုတ်၍ ဆွဲကာ နောက်သို့ တဖြည်းဖြည်း ဆုတ်လာသဖြင့် စွန်ကြိုးသည် မေရီပြေးလာသည့် လမ်းတွင် ကန့်လန့်ဖြတ်ကာ ရှိလေ၏။ သို့ရှိစဉ် စွန်သည် လေထဲတွင် အထက်အောက် လည်လျက်ရှိလေရာ ဘောဘီသည် နောက်သို့ဆုတ်လာရင်း ရစ်လုံးကို ရှေ့တိုး နောက်ငင် လုပ်လျက်ရှိသောကြောင့် စွန်ကြိုးမှာလည်း စွန်ကစားတိုင်း အထက်အောက် ဝိုက်ကာ ဖော့ယမ်းကစားလျက်ရှိလေ၏။ ထိုအခါ၌ မေရီမှာ စွန်ကြိုးသည် မေရီနှင့် နှစ်လံခန့်မျှသာ ဝေးတော့သဖြင့် စွန်ကြိုးသည် မေရီ၏ လည်ပင်းကို ရစ်ပတ်တော့မည်ကဲ့သို့ရှိစဉ် တစ်ချိန်လုံး အံ့အားသင့်၍ ကြည့်နေမိသော ကျွန်ုပ်မှာ ထိုအခါမှ ရုတ်တရက် သတိရ၍ လာပြီးလျှင် မေရီဆီသို့ တစ်ခါတည်း ဟစ်အော်ပြေးသွားလေ၏။ သို့ပြေးသွားစဉ်၌ပင် မေရီသည် စွန်ကြိုးဆီသို့ တည့်တည့်ကြီး ဝင်၍တိုးလေရာ ထိုခဏ၌ လေတစ်ချက်ကစားလိုက်သဖြင့် စွန်သည် အပေါ်သို့ ထောင်၍ တက်သွားပြီးနောက် ယခင်ကထက် လျင်မြန်စွာ ကောင်းကင်တွင် လည်လျက်ရှိလေသည်။

ဤသို့လည်ရင်းပင် စွန်ကြိုးသည် မေရီ၏ ပခုံးစွန်းနှင့် ပထမငြိပြီးနောက် မေရီ၏လည်ပင်းကို နှစ်ပတ်သုံးပတ်မျှ လျင်မြန်စွာ ရစ်ပတ်လိုက်လေ၏။

ထိုအချိန်ကား ကျွန်ုပ်ရောက်သွားပြီဖြစ်၍ ကျွန်ုပ်သည် ကြိုးစနှစ်ဖက်ကို တစ်ဖက်စီ ဆွဲယူလိုက်ပြီးလျှင် ကြိုးကို လက်မများဖြင့် လျင်မြန်စွာ ဖြုတ်ချပြီးနောက် မေရီ၏လည်ပင်းတွင် ရစ်ပတ်၍နေသော စွန်ကြိုးကို ဖြည်လိုက်လေ၏။ သို့သော် ကျွန်ုပ်ကားနောက်ကျခဲ့ချေပြီ။ ကြိုးကိုဖြည်လိုက်သည်

http://www.cherrythitsar.org



နှင့် တစ်ပြိုင်နက် မေရီသည် လက်များဖြင့် လည်ပင်းကလေးကို ဆုပ်ကိုင်ကာ မြက်ခင်းပေါ်သို့ လဲကျသွားလေရာ ကျွန်ုပ်လည်း လျင်မြန်စွာ ကောက်ယူပွေ့ချီလိုက်လေ၏။ ထိုအခါ၌ ထောင်မှူးကြီးနှင့် အာယားကုလားမသည် လည်းကောင်း၊ ထောင်ပြာတာတစ်ယောက်နှင့် ဗာရာတစ်ယောက်သည် လည်းကောင်း ရောက်လာကြတော့၏။

ကျွန်ုပ်သည် မေရီအား အလိုက်သင့် ပွေ့ချီထားလေရာ မေရီမှာ မျက်လုံးကလေးများ ပြူးထွက်ကာ သွေးများ ဆုတ်လျက်ရှိနေလေပြီ။ နှင်းဆီပွင့်တမျှ နီမြန်းလှသော ပါးကလေးမှ အနီရောင်များပင် တဖြည်းဖြည်း ဖျော့တော့၍ လာတော့၏။ ထောင်မှူးကြီးသည် ဒုတိယ ထောင်မှူးကြီးကိုခေါ်ရန် ထောင်ပြာတာကို လွှတ်လိုက်ရာ ထောင်ပြာတာလည်း ပြေး၍သွားလေ၏။ ဒုတိယထောင်မှူး ရောက်လာသောအခါ ထောင်မှူးကြီးသည် ထောင်ဆရာဝန်ကို အမြန်ဆုံး အကြောင်းကြားရန် ပြောလိုက်သဖြင့် နောက် ၅ မိနစ်ခန့်ကြာသောအခါ ဆရာဝန်ကြီးလည်း ရောက်လာလေ၏။ သို့သော် ဆရာဝန်ကြီးသည် မေရီအား အဆောတလျင် စမ်းသပ်ပြီးနောက် ပါးစပ်မှ စုတ်သပ်ကာ ဦးခေါင်းကို ယမ်းလိုက်လေ၏။

"ကျုပ်အသည်းကွဲပြီ မောင်ဘိုးထော်။ ဒါဟာ ကျုပ်ပေါ့လျော့မှုပဲ"

"မဟုတ်ဘူး သခင်ကြီး၊ ကျွန်တော်မျိုး အပြစ်လည်း ပါပါတယ်"

"မောင်ဘိုးထော် တအားပြေးသွားတာ ကျွန်ုပ် အမြင်သားပဲ မောင်ဘိုးထော်၊ သည့်ထက်ပိုပြီး ဘယ်တတ်နိုင်မလဲ၊ ကျွန်ုပ် ချီးမွမ်းပါတယ်။ ကျွန်ုပ်သာဆိုရင် ကြိုးကိုတောင် ဖြတ်မိမှာ မဟုတ်ဘူး။ အံ့အားသင့်ပြီး မှုချရပ်နေမှာပဲ၊ မောင်ဘိုးထော် အပြစ်မပါပါဘူး"

ထို့နောက် ဆရာဝန်ကြီးသည် မေရီ၏လည်တိုင်ကလေးပေါ်တွင် သွေးခြည်ဥ၍ ကျန်ရစ်ခဲ့သော ကြိုးရာကလေးများကိုလည်းကောင်း၊ စွန်ကြိုးကိုလည်းကောင်း ကြည့်ရှုပြီးလျှင် ကလေးကစားသည့် အပ်ချည်ကြိုးကလေးသုံးပတ်ရစ်ပတ်ရုံမျှနှင့် လည်ပင်းအစ်၍ သေရသည်ဆိုခြင်းမှာ သဘာဝအတိုင်းဆိုက မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း၊ ဤမျှလောက် အပ်ချည်အင်အားသည် ထိုထက်နုနယ်သော အခါလည်သားကလေးအရွယ်ကိုပင် ညှစ်သတ်ရန် မဖြစ်နိုင်ကြောင်း၊ ယခုကဲ့သို့ ထူးဆန်းသော အမှုကို မိမိတစ်သက်နှင့်တစ်ကိုယ် မတွေ့ဖူးကြောင်းဖြင့် ရှင်းလင်းပြောပြလေရာ၊ ကျွန်ုပ်တို့မှာ မျက်ရည်ကျရုံမှ တစ်ပါး မတတ်နိုင်ချေ။

*

http://www.cherrythitsar.org



နောက်တစ်လခန့်အကြာ၌ ကျွန်ုပ်သည် ထိုအကျဉ်းထောင်မှ ထွက်ခဲ့ရလေရာ ထောင်မှူးကြီးအား နှုတ်ဆက်သောအခါ မေရီ့ကို သတိရသဖြင့် ထောင်မှူးကြီးရော ကျွန်ုပ်ပါ မျက်ရည်များလည်း၍လာကြသဖြင့် အတော်ပင် ဣန္ဒြေဆည်၍ စကားပြောကြရ၏။ ထောင်မှူးကြီးက အလွန်ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောဆိုလေရာ၊ ကျွန်ုပ်က ဆိတ်ဆိတ်သာနေလိုက်ရ၏။

ထို့နောက် ကျွန်ုပ်လည်း ထိုမြို့တွင် မနေတော့ဘဲ၊ အောက်ပြည်အောက်ရွာသို့ စုန်ဆင်းခဲ့ရာ (၇) နှစ် (၈) နှစ်အရွယ် ကပြားမကလေးများကို မြင်တိုင်း ကျွန်ုပ်လက်ပေါ်တွင် အသက်ပျောက်၍သွားရရှာသော မေရီကို သတိရမိ၏။ ဤသို့ သတိရမိရုံမျှမက ထောင်မှူးကြီး၏ ရာဇဝင်ကို ပြန်ပြောင်းစဉ်းစား လိုက်မိတိုင်းသူ၏သားကလေး 'ဘောဘီ'အတွက်ကိုပါ တွေး၍ ပူပင်မိ၏။ သို့သော် ... နောက်ထပ်ကား သူတို့အကြောင်းကို သတင်း တစ်စုံတစ်ရာ မကြားရတော့ဘဲ ရှိလေရာ၊ ထောင်မှူးကြီးသားအဖအပေါ်၌ စွဲလန်းမိသော ကျွန်ုပ်၏ သံယောဇဉ်သည်လည်း နောက်ဆုံးတွင် တဖြည်းဖြည်း လျော့ပါး၍ သွားလေ တော့သတည်း။

◆

# ကာဏာရိုင့်၏နောင်တ

ကျွန်ုပ်မှာ ထောင်အတွင်း၌ ရှိနေစဉ် ကျွန်ုပ်နှင့် သိကျွမ်းသမျှ ထောင်သားတို့၏ မျိုးရိုးဇာတိကိုလည်းကောင်း၊ အကျင့်စာရိတ္တနှင့် ရာဇဝင်ကိုလည်းကောင်း မေးမြန်းစုံစမ်းလေ့ရှိသည့်အတိုင်း တစ်နေ့တွင် (………) ထောင်၌ ခိုးမှုနှင့် ရောက်သော မောင်ပေါ်လွင်ဆိုသူ တစ်ယောက်နှင့်အတော်ပင် ရင်းရင်းနှီးနှီး ဖြစ်ခဲ့လေသည်။

မောင်ပေါ်လွင်မှာ အသက် ၂၅ နှစ်ခန့်သာ ရှိသေး၍ မျက်နှာ၌ ကျောက်ပေါက်မာ သက်သက်ရှိလျက် မျက်စိတစ်ဖက်ပျက်နေသည်မှ တစ်ပါး ရုပ်ရည်သနားကများ ရှိပြီးလျှင် အလွန်ဖျတ်လတ်၍ သွက်လက်သော အမူအရာလည်း ရှိလေသည်။

ထောင်သားဟောင်းများသည် ထောင်တွင်းသို့ ရောက်လာသူမှန်သမျှ ထောင်သားသစ်မားအား ထုံးစံအတိုင်း နာမည်အမျိုးမျိုး ပေးတတ်ကြ၏ ။

ဥပမာ … အလွန်ဝ သောသူတစ်ယောက်အား ‘ဝက်ကြီး’ ဟူ၍လည်းကောင်း၊ အလွန်ပိန်သူတစ်ယောက်အား ‘ပိန်သေး’ သို့မဟုတ် ‘ငါးဖောင်ရိုး’ ဟူ၍လည်းကောင်း၊ ခြေဆာသူတစ်ယောက်အား ‘ဖယ်လိမ်’ ဟူ၍လည်းကောင်း၊ မျက်စိစောင်းသူတစ်ယောက်အား ‘ငစွေ’ ဟူ၍လည်းကောင်း ပေးတတ်ကြရာ မောင်ပေါ်လွင်ကိုမူ မျက်စိတစ်ဖက်ပျက်နေခြင်းကြောင့် ‘ကာဏာရိုင့်’ ဟူ၍အမည်ပေးခဲ့လေသည်။

http://www.cherrythitsar.org



မောင်ပေါ်လွင်မှာ ခိုးရာတွင် အလွန်ကျင်လည်ရုံမျှမက ခါးပိုက်နှိုက်ရာ၌လည်း နာမည်ရခဲ့သူတစ်ယောက်ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်လည်း သူခိုးပုံ၊ နှိုက်ပုံတို့ကို တတ်နိုင်သမျှ မေးမြန်းစုံစမ်းလျက်ရှိလေ၏။

မောင်ပေါ်လွင်မှာ သူခိုးတစ်ယောက်၊ ခါးပိုက်နှိုက်တစ်ယောက်ပင်ဖြစ်လင့်ကစား လူကြီးများအား ရိုသေခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊ စကားကိုချိုသာစွာ ပြောတတ်ခြင်း များရှိသဖြင့် ကျွန်ုပ်မှာ မောင်ပေါ်လွင် အပေါ်တွင်တူ တစ်ယောက်ကဲ့သို့ လည်းကောင်း၊ ညီတစ်ယောက်ကဲ့သို့လည်းကောင်း သဘောထားခဲ့၏။

မောင်ပေါ်လွင်ကလည်း ကျွန်ုပ်အပေါ်တွင် ဦးကြီးအရင်း၊ အစ်ကိုအရင်းကဲ့သို့ ချစ်ခင်လေးစားလေသည်။

တစ်နေ့သော တနင်္ဂနွေနေ့ ည၌ ကျွန်ုပ်တို့ နှစ်ယောက်သည် ညစာကို အမဲသားဟင်းနှင့် မြိန်ယှက်စွာ စားပြီးနောက် ထိုညဥ့်အဖို့သောက်ရန် သီးသန့်ထားသော ဆေးပြင်းလိပ်တိုကလေးနှစ်ခုကို အစောင့်များမမြင်အောင် မီးခတ်ဖြင့် လျှို့ဝှက်စွာ မီးညှိပြီးလျှင် မီးရောင်ကို လက်ဝါးဖြင့်အုပ်ကာ သောက်လျက်ရှိကြ၏။

တစ်ဖွာ နှစ်ဖွာလောက် ဖွာလိုက်ရလျှင်ပင် နတ်ပြည်သို့ ရောက်သွားသကဲ့သို့ ထင်မိ၏။ ကျွန်ုပ်မှာ ထောင်ဥပဒေများကို ရိုသေသူတစ်ယောက်ဖြစ်ကြောင်းနှင့် ထောင်အရာရှိအားလုံးပင် သိပြီးဖြစ်သော်လည်း ဆေးလိပ်သောက်ခြင်း၊ ဆေးငုံခြင်းများကိုမူ မစွန့်လွှတ်နိုင်သေးဘဲ တိတ်တဆိတ် ဖောက်ဖျက်ခြင်း ရှိလေသည်။

ကျွန်ုပ်က မောင်ပေါ်လွင်အား ....

"ဘယ်နှယ့်လဲ မောင်ပေါ်လွင်ရဲ့၊ ခိုးမှုနဲ့ မောင်ပေါ်လွင် ကျတယ်ဆိုတာ ဦးလေးဖြင့် ယုံတောင်မယုံပါဘူး"

"ဘာဖြစ်လို့လဲ ဦးလေး"

"မင့်ရုပ်ရည်ကြည့်ရတာ သူခိုးရုပ်မှ မပေါက်ဘဲကွယ်"

"ကျွန်တော် အမှန်လည်း ခိုးမိတယ် ဦးလေးရယ်၊ ပြီးတော့ ခိုးကြောင်းလည်း တရားသူကြီးရှေ့မှာ ဖြောင့်ချက်ပေးတယ်။ ဒီတော့ အမှန်ပေါ့ ဦးလေးရဲ့"

"ဒါကိုပြောတာ မဟုတ်ပါဘူးကွယ်။ မင်းဟာ ဘယ်နည်းနဲ့မှ သူခိုးတစ်ယောက်တော့ မဟုတ်နိုင်ပါဘူး"

"မျိုးရိုးတော့ မဟုတ်ဘူးပေါ့ ဦးလေးရယ်၊ ဒါပေမဲ့ ကျွန်တော် အသက် ၁၄ နှစ်လောက် ရှင်လူထွက်ချိန်မှာ ဆေးကောင်း၊ ဝါးကောင်းရပြီး ဒီဘက်ကို လိုက်စားမိခဲ့တယ် ခင်ဗျာ"

http://www.cherrythitsar.org



"အခုဖြစ်ရတာက ဘယ်လိုဖြစ်ရတာလဲကွယ့်၊ ပြောစမ်းပါဦး"

"ဒီမြို့မှာ ကျွန်တော်ရဲ့ ဦးလေးတစ်ယောက်ရှိတယ် ဦးလေးရဲ့၊ သူက လူကုံထံတစ်ယောက်ပဲ၊ နို့ပေမဲ့ ပိုက်ဆံကို အင်မတန် စစ်စီတဲ့ လူတစ်ယောက်၊ မလှူရက်၊ မစားရက်၊ မသောက်ရက် ဆိုပါတော့၊ တိုတိုပြောရရင် နောက်ဆုံး သူ့အိမ် ဝင်ခိုးတာ ဖမ်းမိတာပါပဲ ဦးလေးရယ်၊ ဒါပေမဲ့ မိပုံကတော့ အတော် ဆန်းတယ် ဦးလေးရေ့"

"ပြောစမ်းပါဦး"

"ကျွန်တော် သူခိုးဆိုပေမယ့် သူများလို သာမန်သူခိုးမျိုး မဟုတ်ဘူး။ တွေ့ကရာလည်း မခိုးဘူး။ တွေ့ကရာလည်း မယူဘူး။ ငွေလောက်ပဲ ယူ တယ်။ အထည်တို့၊ လက်ဝတ်လက်စားတို့ဆိုရင် ရွှေကလွဲပြီး ကိုင်တောင် မကြည့်ဘူး။ သူများလို 'အောက်စောင့်' တို့ ဘာတို့လည်း မထားဘူး။ တစ် ယောက်တည်း ကြံတာပဲ။ ဒီတော့ ဘယ်တော့မှ မမိဘူးပေါ့ ဦးလေးရယ်"

"အင်း ... ပြောပါဦး မောင်ပေါ်လွင်"

"ပြီးတော့ ... ငွေဘယ်လောက်ခန့်မှန်းခြေရှိတယ်၊ ရနိုင်တယ်၊ မရနိုင်ဘူးဆိုတာ သေချာမှ ခိုးတယ် ဦးလေးရဲ့"

"သေချာပေါက်မှ ကိုင်တယ်ဆိုပါတော့"

"ဒါပေါ့ ... ဦးလေးရယ်၊ ပြီးတော့ ... အိမ်တစ်အိမ် ဝင်မယ်ဆိုရင် သူခိုးဆိုတာ အရမ်းမဝင်ရဘူးဦးလေးရဲ့၊ ငွေရှိတယ်ဆိုတာ သေချာပြီးတဲ့နောက် ... စဉ်းစားစရာ အချက်တွေလည်း အများကြီး ရှိသေးတယ်"

"ဆိုစမ်းပါဦး"

"ငွေကို ဘယ်မှာ ထားတယ်၊ အိမ်သားတွေထဲမှာ ယောကျ်ား ဘယ် နှစ်ယောက်ရှိတယ်၊ ဘယ်သူဟာ ခုခံနိုင်တယ်၊ အဲဒီလူက ဘယ်အနားအိပ် တယ်၊ ဘာလက်နက်ရှိတယ်ဆိုတာ ပထမ စုံစမ်းရသေးတယ်။ ဒီနောက် ဒီကိစ္စ တွေ စုံစမ်းပြီးတဲ့အခါ ဘယ်အပေါက်က ထွက်ရမယ် ဆိုတာ အရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်လောက်ပဲ ပစ္စည်းကို ယူလို့ရရ ထွက်ပေါက်က ကျပ်နေရင် ဖမ်းမိမယ် ... မဟုတ်လား၊ ဒီတော့ လက်လျှော့တန်လျှော့လိုက်ရ တယ်။ ဒို့ပြင် တံခါးဖွင့်တာတို့ သော့တူလုပ်တာတို့ ဆိုတာတော့ ဉာဏ်ထုတ်ရ တဲ့အလုပ်တွေပါပဲ ဦးလေးရယ်၊ သိပ်ပြီး မခဲယဉ်းလှပါဘူး ... အခု ကျွန်တော် ပြောတာတွေဟာ သူခိုးရဲ့ ကျင့်ရိုးကျင့်စဉ်တွေပေါ့"

"ဖမ်းမိပုံ ဆန်းတယ်ဆိုတာ ပြောစမ်းပါဦးကွယ့်"

"ဒီလို ... ဦးလေးရဲ့၊ သူ့ဆီကို ပထမ ကျွန်တော်က သွားပြီး ငွေတစ် ရာ ချေးတယ်။ သူက ကျွန်တော့်ကို အဖက်လုပ်တောင် စကားမပြောဘူး။

http://www.cherrythitsar.org



ဒါနဲ့ သည့်လောက် မပေးချင်လှတဲ့ပစ္စည်း ငါခိုးယူမယ်ဆိုပြီး ကလဲ့စားချေတဲ့ သဘောနဲ့ ခိုးတာပါပဲ ... ဦးလေးရယ်။ ငွေကို သူဘယ်မှာထားတတ်သလဲဆို တော့ ... သူစာရေးတဲ့ စားပွဲက လက်ယာဘက် အံဆွဲထဲမှာ ထားတတ်တယ်။ သူ့မိန်းမနဲ့ သမီးများရဲ့ လက်ဝတ်လက်စားတွေကတော့ ... အခန်းထဲမှာ ထား တယ်။ ဒီတော့လက်ဝတ်လက်စားကို အယူရကျပ်တယ်။ အခန်းထဲ ရောက် အောင်ဝင်ပြီး ယူနိုင်တောင် အိပ်ရာ သုံးလေးခုကျော်ပြီး ပြေးရမယ်။ ဒီတော့ ကျွန်တော်လည်း စိတ်ကူးမထည့်မိဘူး။ ကျွန်တော် ကြံစည်တာက အိမ်ရှေ့ခန်း သူစာရေးတဲ့ စားပွဲလက်ယာအံဆွဲပဲ။ ဒါနဲ့ ... သူတို့အိမ် အနေအထားသိပြီး တဲ့နောက် အိမ်ရှေ့တံခါးက ဝင်ဖို့ စိတ်ကို ဆုံးဖြတ်လိုက်တယ် ဦးလေးရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတံခါးဟာ အလွယ်ဆုံးလည်း ဖွင့်နိုင်မယ်။ လူအိပ်တဲ့ နေရာနဲ့ အဝေးဆုံးဖြစ်တယ်။ ပြေးပေါက်ကလည်း အကောင်းဆုံးဖြစ်တယ်။ ဒါနဲ့ သူလခထုတ်လာတယ်ဆိုတာ သတင်းရတဲ့ညမှာပဲ ကြံစည်တော့တာပဲ၊ တံခါးကလည်းအတွင်းက ထိုးတဲ့ ဖြစ်ပေမယ့် အပြင်ကနေပြီး အမေရိကန်လွှန်ပူ နဲ့ နှစ်ချက်လောက် လှည့်လိုက်ရင် သုံးလက်မ ပတ်လည်အပေါက်တစ်ပေါက် တော့ လွယ်လွယ်ကလေး ပေါက်သွားနိုင်တာပေါ့"

"အင်း ... ပြောပါဦး"

"ဒါပေမဲ့ ... တံခါးကို လွှန်ပူနဲ့ အပြင်က ဖောက်တဲ့အခါ တည့်တည့် ဖောက်မိဖို့လိုတယ်။ ဒါကတော့ အတွင်းကကန့်လန့်ထိုးတဲ့နေရာကို မှန်းနိုင် အောင် အပြင်က ... တံခါးမှာ အိမ်အလည်သွားတုန်းက ထုံးကလေးတို့ခဲ့ရ တယ်။ ဒါနဲ့ လွှန်ပူနဲ့ ဖောက်ပြီး လက်ဝင်သာတဲ့အခါ အထဲက ကန့်လန့်ကို အသံမကြားအောင် ဆွဲနှုတ်တာပေါ့ ဦးလေးရယ်၊ သည့်နောက်တော့ လက်နှိပ် ဓာတ်မီးကလေးကို လက်ဝါးနဲ့ အသာအုပ်၊ စားပွဲအံဆွဲကို ဖွင့်တာပါပဲ။ ကျွန် တော့်မှာ ပါတဲ့သော့တွဲနဲ့ စမ်းလိုက်ရင် တစ်ချောင်းမတန် တစ်ချောင်းတော့ တန်တာပဲ။ ဒါပေမဲ့ မိချင်တော့ ဘယ်လိုဖြစ်လာသလဲဆိုရင် ကျွန်တော်က အင်မတန် သေချာတဲ့ လူတစ်ယောက်ဖြစ်လေတော့ ငွေကိုယူပြီး အံဆွဲကို ပြန် ပိတ်တာကိုး ဦးလေးရဲ့၊ အဲဒီလို ပြန်လည်းပိတ်ရော အဘိုးကြီးလည်း အိပ်ရာက နိုးပြီး အိမ်ရှေ့ဧည့်ခန်းဓာတ်မီးဟာ ပွင့်လာပါလေရော၊ ဒီတော့တစ်ခါတည်း တံခါးပေါက်ရှိရာ ကျွန်တော်ပြေးတော့တာပါပဲ ဦးလေးရယ်၊ နို့ပေမဲ့ ကျွန်တော် မပြေးနိုင်တော့ဘူး ခင်ဗျ။ တစ်ယောက်ယောက်က ကျွန်တော့်ကို နောက်က ဆောင့်ဆွဲလိုက်သလို စားပွဲနားမှာ ကျွန်တော်တစ်ခါတည်း ဗိုင်းခနဲ လဲကျသွား တယ်"

"နောက်ကနေပြီး ရိုက်လိုက်လို့လား"

http://www.cherrythitsar.org


"ဘယ်ဟုတ်မလဲ ဦးလေးရယ်၊ အံဆွဲပြန်ပိတ်လိုက်တဲ့အခါမှာ ကျွန်တော့်လုံချည်စဟာ အမှတ်တမဲ့ အထဲညပ်ပါ သွားတာကိုးဗျ။ ဖြစ်ရပုံများ ရယ်စရာတောင် ကောင်းသေးတယ်"

"ဒီတော့ ကျွန်တော်လည်း ခါးထဲက ဓားမြှောင်ကို တစ်ခါတည်း ဆွဲထုတ်လိုက်မိတယ်။ ဒါပေမယ့် မရတော့ပါဘူး၊ နောက်ကျသွားပြီ၊ အိပ်ခန်းထဲက လူ ၂ ယောက်ထွက်လာပြီး ကျွန်တော့်ကို ဝိုင်းဖိထားရုံမကဘူး အဘိုးကြီးကပါ ကျွန်တော့်လက်ကို တအားနင်းထားလေတော့ နောက်ဆုံး အမိခံလိုက်ရတာပါပဲ ဦးလေးရယ်"

"အင်း ... ခိုးတဲ့အလုပ်ဆိုတော့ တစ်နေ့မမိ တစ်နေ့မိ ဆိုတာလိုပေါ့ ကွယ်"

"ဒါပေမဲ့ ... ကျွန်တော် အံ့ဩတာက ကျွန်တော်ဟာ အင်မတန် သတိကောင်းပါလျက်နဲ့ အခုလို ဖြစ်ရတာဟာ တစ်ခုခု အကြောင်းရှိရမယ်လို့ ကျွန်တော် တွေးမိတယ် ဦးလေး"

"မောင်ပေါ်လွင်က ဘယ်လိုထင်လို့လဲ"

"အမှန်တော့ ကျွန်တော်တို့ ဦးလေးဟာ ကျွန်တော်တို့ မိဘများ အပေါ်မှာ ကျေးဇူးရှိတယ် ခင်ဗျ။ ဒီတော့ ကျွန်တော်က ကျေးဇူးရှင်တစ်ယောက်ကို ပြစ်မှားမိလို့လား မပြောတတ်ဘူး"

"ဒါတော့ မှန်ချင်မှန်မှာပေါ့ မောင်ပေါ်လွင်၊ ကျေးဇူးရှင်ကို ပြစ်မှားရင် ဒုက္ခတော့ ရောက်တတ်တာမျိုးပဲ"

ထို့နောက် မောင်ပေါ်လွင်လည်း ရန်ကုန်ခါးပိုက်နှိုက်များအကြောင်း၊ မည်သို့မည်ပုံ နှိုက်ယူ၍ မည်ကဲ့သို့ဝေစုခွဲရကြောင်း၊ ခါးပိုက်နှိုက်ခြင်း အတတ် မှာ သူခိုးအလုပ်ထက်ပင် စွန့်စားရကြောင်း၊ မျက်စိလျှင်ရုံမျှမက၊ လက်ကလည်း လည်၍ သွက်လက်ဖျတ်လတ်ရန်လိုကြောင်းများကို ပြောပြလျက်ရှိရာ ကျွန်ုပ် တို့လည်း အတော်ညဥ့်နက်မှ အိပ်ပျော်သွားကြ၏။

ဤသည်တို့ကား မောင်ပေါ်လွင်က ပြောပြသမျှ ကျွန်ုပ်သိရသော အကြောင်းအရာများ ဖြစ်လေသည်။

*

နောက် ၁၀ လခန့် ကြာသောအခါ မောင်ပေါ်လွင်သည် ထောင်မှ ထွက်သွား၍ ကျွန်ုပ်လည်း သူထွက်သွားပြီး နောက် (၆) လခန့် ကြာမှ ထွက်ခဲ့ရ၏။ အချိန်သည် တဖြည်းဖြည်း ကုန်လွန်၍သွားလေ၊ ကျွန်ုပ်မှာ လူဆိုးသူဆိုးများ ထောင်သားများကို တွေ့ရဖန်များသဖြင့် မောင်ပေါ်လွင်၏အကြောင်းကို သတိမေ့လျော့သွားခဲ့လေ၏။

http://www.cherrythitsar.org



နောက် ၅ နှစ်ခန့်ကြာ၍ ကျွန်ုပ်လည်း ရန်ကုန်ထောင်အတွင်း၌ ရှိနေစဉ် တစ်နေရာ၌ လူသတ်မှုနှင့် တရားခံတစ်ယောက်သည် ထောင်တွင်းသို့ ရောက်လာ၍ သွားရောက်ကြည့်ရှုရာ ၎င်းမှာ အခြားသူမဟုတ်၊ ပေါ်လွင်ခေါ် 'ကာဏာရိုင်ရှု' ဖြစ်ကြောင်း တွေ့ရလေသည်။ ပထမ၌ ကျွန်ုပ်မှာ ၎င်းအား မမှတ်မိသကဲ့သို့ ရှိနေသော်လည်း အကျဉ်းသားသည် ကျွန်ုပ်အား လေးစားသော အမူအရာဖြင့် ....

"ဦးလေး ကျွန်တော့်ကို မမှတ်မိတော့ဘူးလား။ ကျွန်တော် ကာဏာရိုင်ရှုလေ"

ဟု နှုတ်ဆက်လိုက်သောအခါမှ ကျွန်ုပ်မှာ လွန်ခဲ့သော ၅ နှစ်ခန့်က (......) ထောင်တွင် တွေ့ခဲ့သော အဖြစ်အပျက်များကို သွား၍သတိရမိတော့၏။

'ကာဏာရိုင်ရှု' ၏ လူသတ်မှုမှာ စစ်ဆေးရာတွင် ရက်ပေါင်း ၂၀ ခန့်မျှသာကြာ၍ စီရင်ချက်ချမှတ်လိုက်သော နေ့ညတွင် ကျွန်ုပ်သည် သူနှင့် စကားပြောရန် အချိန်မှာ နာရီဝက်ခန့်ရရှိခဲ့သည့်အတိုင်း သူ၏အမှုဖြစ်ပျက်ပုံ ဇာတ်လမ်းကို အောက်ပါအတိုင်း ပြောပြလေသည်။

ရန်ကုန်မြို့ လမ်း ၄၀ အထက်လမ်းတွင် တိုက်ရှေ့မှ တစ်ဆစ်ချိုး လှေကားဖြင့် တက်သွားရသော တိုက်တစ်လုံးရှိရာ ထိုတိုက်၏အပေါ်ဆုံးထပ် အခန်းတစ်ခန်းတွင် အသက် ၇၁ နှစ်ခန့်ရှိ ကောင်းစွာ ကျန်းမာဟန် မရှိသော မိန်းမကြီးတစ်ယောက်သည် အသက် ၂၅ နှစ်ခန့်ရှိ ရုပ်ရည်သားနားသော လူရွယ်တစ်ယောက်နှင့် စကားစမြည်ပြောဆိုလျက်ရှိ၏။ မိန်းမကြီးမှာ တစ်ယောက်အိပ်ခုတင်တစ်လုံးပေါ်တွင် လျောင်းကာ ထိုလူရွယ်အား ညှိုးငယ်သော မျက်လုံးများဖြင့် ကြည့်လျက်ရှိ၏။

ဝတ်ကောင်းစားလှဖြင့် ရှိနေသောလူရွယ်သည် ခုတင်အနီးရှိ ကုလားထိုင်ဟောင်းတစ်လုံးပေါ်တွင် ထိုင်ကာ ဟောင်းနွမ်းသော အိမ်ထောင်ပရိဘောဂများကို ကြည့်ရင်း တစ်စုံတစ်ရာကို စဉ်းစားလျက်ရှိလေသည်။ ထိုလူရွယ်၏ အမည်မှာ မောင်တင်ဟန်ဖြစ်၍ ဆရာဝန် စားမေးပွဲကို ဝင်ရန်ပြင်ဆင်လျက်ရှိသော ဆေးကျောင်းသားတစ်ယောက်ဖြစ်၏။ ထိုအခါက ဆရာဝန်ကြီးသည် ဆေးကျောင်းသားများအား လက်တွေ့သင်ခန်းစာရစေရန် ကျောင်းသားတစ်ဦးလျှင် လူနာတစ်ယောက်စီ ခွဲဝေ၍ ကြည့်ရှုစေ၏။ သို့ဖြင့်လည်း မောင်တင်ဟန်မှာ လမ်း ၄၀ မှ ပန်းနာရောဂါ စွဲကပ်လျက်ရှိသော ဒေါ်သိုင်းချိုထံ လာရောက်ပြီးလျှင် လူနာမည်သို့ရှိနေသည်ကို နေ့စဉ်ဒိုင်ယာရီ ရေးမှတ်၍ ဆရာဝန်ကြီးထံ ပို့ရ၏။

http://www.cherrythitsar.org



ဆရာဝန်ကြီး အမိန့်အတိုင်း ဆေးများ တိုက်ရ၏။ မောင်တင်ဟန်သည် နေ့စဉ်လာရောက်ရန် ဝတ္တရားရှိသည့်အတိုင်း ဒေါ်သိုင်းချုံထံသို့ ထိုနေ့က လာရောက်ခဲ့ခြင်း ဖြစ်လေသည်။

မိန်းမကြီး၏ ရုပ်လက္ခဏာကို လည်းကောင်း၊ ဟောင်းနွမ်းသော်လည်း အမျိုးအစား ကောင်းသော အိမ်ထောင်ပရိဘောဂ အနည်းငယ်နှင့် အဝတ်အစားများကို လည်းကောင်း ကြည့်ရှုခြင်းအားဖြင့် ဒေါ်သိုင်းချုံမှာ အလွန်ဆင်းရဲရှာသော်လည်း ဆင်းရဲသော အမျိုးအစားထဲက မဟုတ်ဘဲ တစ်ကြိမ်က ချမ်းသာခဲ့ဖူး၍ မျိုးကောင်းဆွေကောင်းထဲမှ ဖြစ်ရမည်ဟု မောင်တင်ဟန် ယုံကြည်မိ၏။ စကားပြောသောအခါများ၌လည်း ဒေါ်သိုင်းချုံသည် မောင်တင်ဟန်အား 'လူကလေး' ဟု ခေါ်လေ့ရှိသည်။ ဒေါ်သိုင်းချုံသည် မောင်တင်ဟန် ရောက်လာတိုင်းတတ်နိုင်သမျှ အစားအသောက်ကလေးများနှင့် ဧည့်ခံရှာလေရာ၊ ဆင်းရဲသော်လည်း စေတနာ သဒ္ဓါတရား ထက်သန်သူ ဖြစ်ကြောင်း သိရ၏။

"လူကလေး နေပူမယ်၊ စောစော ပြန်လေ"

"ကိစ္စမရှိပါဘူး အမေ၊ ဒီကနေ့ တော်တော် သက်သာရဲ့ မဟုတ်လား"

"သက်သာပါတယ် သားရယ်"

"အမေဟာ ... ကျွန်တော့်အပေါ်မှာ တကယ့်သားတစ်ယောက်လိုပဲ နော်၊ ကျွန်တော့်စိတ်ထင်ဖြင့် အမေ့မှာ အရင်က သားရှိဖူးတယ် ထင်တယ်"

"ရှိတာပေါ့ကွယ်၊ လူကလေးတွေးတာ မလွဲပါဘူး"

"ဒါဖြင့် ... အခု သူဘယ်မှာလဲ အမေ"

"မရှိတော့ဘူးကွယ့်"

"သေသွားပြီလား"

"အေး ... သေပြီပြောပါတော့ကွယ်၊ အမေ့အတွက်တော့ သေပါပြီ၊ ငယ်ငယ်ကတော့ သားတစ်ယောက်ဆိုပြီး ဆိုသလောက် ချစ်ခဲ့မိတယ်။ အဖေရော အမေရော ဆွေမျိုးညာတိတွေကရော ဝိုင်းပြီးချစ်ကြတာပေါ့၊ ဪ ... သား ... သား ... အမေ့မျက်စိထဲမှာတော့ ငယ်ငယ်တုန်းက ရုပ်ကိုပဲ မြင်နေတယ်။ ဟိုကတ္တီပါ အနက်အုပ်ထားတဲ့ ရုပ်ပုံပေါ့လူကလေးရယ်"

ဒေါ်သိုင်းချုံသည် စင်ပေါ်တွင် တင်ထားသော ကတ္တီပါအနက်ဖြင့် ဖုံးထားသည့် အရုပ်ကား ဘောင်တစ်ခုကို လက်ညှိုးထိုး၍ ပြလေ၏။ မောင်တင်ဟန်သည် ထိုအခါမှ ကတ္တီပါအနက်ဖြင့် အုပ်ထားသော ပန်းချီကားကို သတိပြုမိလေသည်။

"အမေ့မှာ သားတစ်ယောက်ရှိတယ်ဆိုတာ ကျွန်တော်ဖြင့် အခုမှ သိရတယ် အမေ၊ ပြီးတော့ ... ဒီပန်းချီကားကိုလည်း ကျွန်တော်ဟာ ဆေးကျောင်းသားဆိုပေမဲ့ ပန်းချီဘက်ကို ပိုပြီးဝါသနာ ထုံတယ် အမေရဲ့၊ ကိုယ်တိုင်လည်း ပန်းချီကားတွေကို ဆွဲတယ်။ ဒီတော့ ... တဆိတ် ကျွန်တော် မကြည့်ရဘူးလား အမေ"

ဒေါ်သိုင်းချို၏ အဖြေမှာ အလွန်လေးကန်၍ စိတ်ပါဝင်စားဟန် လက္ခဏာမရှိချေ။

"အမေတော့ ... ဒီရုပ်ပုံကိုကြည့်တောင် မကြည့်ချင်တော့ပါဘူး လူကလေးရယ်၊ နို့ပေမဲ့ လူကလေးကတော့ အမေ့ကို ဆေးဝါးကုသပြီး ပြုစုစောင့်ရှောက်တဲ့ ကျေးဇူးရှိတဲ့အတွက် ကြည့်ဖို့ခွင့်ပြုပါတယ်"

မောင်တင်ဟန်သည် စင်ပေါ်တွင် တင်ထားသော ကားဘောင်ကို ဆွဲယူပြီးလျှင် အပေါ်မှ ဖုံးထားသော ကတ္တီပါအဝတ်ကို တဖြည်းဖြည်း လှပ်လေရာ အတွင်း၌ ရွှေဘောင်ဖြင့် ကျက်ထားသည့် ရွက်ဖျင်ပေါ်တွင်ဆီဆေးဖြင့် ခြယ်လှယ်ရေးဆွဲထားသော ပုံတစ်ပုံကို မြင်ရလေ၏။ ရုပ်ပုံမှာ ၇ နှစ်သားအရွယ်ရှိ ကလေးတစ်ယောက်သည် မာလကာပင်တစ်ပင် နောက်မှ ထွက်လာကာ လက်တစ်ဖက်ဖြင့် မာလကာသီးတစ်လုံးကို ကိုက်စားရင်း ခိုးကြောင်ခိုးဝှက် မျက်လုံးများဖြင့် ကြည့်နေပုံဖြစ်လေသည်။ အရုပ်ကား၏ အောက်တွင် အောက်ပါအတိုင်း ကမ္ပည်းထိုးထား၏။

'ဘအုံး မာလကာသီး သူခိုး၊ အသက် ၇ နှစ်'

အခန်းတွင်း၌ကား တစ်ခဏမျှ ငြိမ်သက်လျက်ရှိ၏။ ဆေးကျောင်းသား မောင်တင်ဟန်သည် ပန်းချီကား၏ အနုပညာကို အကဲခတ်ကာ ရုပ်ပုံ၏ အချိုးအစားကျခြင်း၊ အရောင်သွင်းပုံ၏ သဘာဝကျခြင်း၊ လက်ရာကောင်းခြင်း စသည်တို့ကို အံ့သြ၍မဆုံးနိုင်အောင် ရှိလေ၏။ လူမမာမိန်းမကြီးမှာမူ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းစဉ်းစားဟန်ဖြင့် တွေဝေလျက်ရှိလေသည်။

"သိပ်ကောင်းတာပဲ အမေရယ်၊ သိပ်ပြီး သဘာဝကျတဲ့ ကားပါပဲ အမေရယ်။ သည့်လောက် ကောင်းတဲ့လက်ရာကို ကျွန်တော်ဖြင့် တစ်ခါမှ မမြင်ဖူးဘူး၊ တကယ့် အဖိုးတန်ကားဆိုတာ အမေမသိဘူးလားဟင် ... ၂၀ဝ – ၃၀ဝ အနည်းဆုံးတန်တယ် အမေ ... ၅၀ဝ တန် အမေ"

မိန်းမကြီးသည် ပြုံး၍သာ နေလေသည်။

"အင်း ... လူကလေးက ဒီလိုပြောတော့ အမေတို့ ငယ်ငယ်တုန်းက အခါကောင်း အချိန်ကောင်းတွေ တွေ့ခဲ့ရတာ သွားပြီး အမှတ်ရတယ်ကွယ် ... ရုပ်ပုံထဲက ကလေးသာ မဟုတ်ဘူး။ ဒီရုပ်ပုံကို ရေးတဲ့လူကိုပါ သွားပြီး

http://www.cherrythitsar.org


အမေသတိရမိတယ်။ တခြားသူ ဟုတ်ပါရိုးလား မောင်ရယ်၊ ရေးတဲ့ ပန်းချီဆရာက အမေ့ရဲ့ခင်ပွန်းပေါ့။ ဒီဟာ သူ့ရဲ့ နောက်ဆုံးလက်ရာပဲ၊ ကောင်းတယ်ဆိုတာကတော့ ငွေရဲ့တန်ဖိုးနဲ့ ဆွဲတာ မဟုတ်ဘဲ မေတ္တာကို တန်ဖိုးထားပြီး ဆွဲတဲ့ကားကိုး မောင်ရဲ့ ... ဒီတော့ အမေတစ်သက်လုံး ချမ်းသာလောက်အောင်ငွေကို ပုံပေးပေမယ့် အမေ မရောင်းနိုင်ဘူး"

ထိုစကားသည် မောင်တင်ဟန်၏ မျှော်လင့်ချက်များကို ဟန့်တားလိုက်သကဲ့သို့ ရှိလေသည်။

"ဝယ်မလို့ မေးတာ မဟုတ်ပါဘူး ... အမေရဲ့၊ ကျွန်တော်က ဒီကားကို ကူးယူချင်တယ်။ ကျွန်တော် အခုဆွဲနေတဲ့ ဆွဲလက်စ အရုပ်ကားကို ဒီပန်းချီကြည့်ပြီး အသက်သွင်းပေးချင်တယ်။ ကျွန်တော်ကို ကူးခွင့်ပြုမယ် မဟုတ်လား ... အမေ"

"နောက်တော့ ... လူအများမြင်အောင် ပြပွဲကိုတင်ဖို့ဆိုပါတော့"

"ဟုတ်တယ် အမေ ... ပြပွဲကိုတော့ တင်မှာအမှန်ပဲ။ ဒါပေမဲ့ ပုံစံကတခြားပါ။ တကယ်လို့ ကလေးမျက်နှာကိုကြည့်တဲ့ လူတွေက မှတ်မိတယ်ထားဦး ... အမေရဲ့ဂုဏ်သိက္ခာကို မထိခိုက်ပါဘူး။ ဒ့ိပြင်လည်း ဒီကားကိုငှားတဲ့အတွက် အမေလိုချင်သလောက် တောင်းပါ အမေ၊ ကျွန်တော် မငြင်းပါဘူး ... ပေးပါမယ်။ ပြီးတော့ ကျွန်တော့်လက်ထဲမှာ ရှိနေသမျှ ကျွန်တော့်အသက်နဲ့ လဲပြီး စောင့်ရှောက်ထားပါမယ်"

သို့သော် မောင်တင်ဟန်သည် သူ့စကားမဆုံးမီ မိန်းမကြီး၏ မျက်နှာထားကို မြင်ရသဖြင့် မည်ကဲ့သို့ဖြေဆိုမည်ကို သိနှင့်လေပြီ။

"ဒီဟာတော့ ... အမေ မလိုက်လျောနိုင်ဘူး လူကလေးရယ်၊ ဒီကားကို အမေ့မျက်စိအောက်က အပျောက်မခံနိုင်ဘူး"

"စဉ်းစားပါဦး အမေ ... ကိစ္စကလည်း ငွေရမယ့်"

စကားမဆုံးမီ .... "ငွေ ... ငွေ ... ဘာငွေလဲ ... ငွေဆိုတာရှိလည်းရှိဖူးပါပြီ၊ နောက်ထပ်လည်း မလိုချင်တော့ပါဘူး။ ငွေဟာ တခြားလူ အပေါ်မှာသာ တန်ခိုးရှိမယ် ... အမေ့အပေါ်မှာတော့ ဘာမှတန်ခိုးမရှိဘူး မောင်ရေ့"

"ဒါဖြင့်လည်း အမေ့မျက်စိအောက်မှာပဲ ပုံကြမ်းကူးယူပါရစေခင်ဗျာ"

"ဒီလိုကူးဖို့လည်း အခွင့်မပြုနိုင်ဘူး ... လူကလေးရယ်၊ အခု မင်းကိုပြတာတောင် အမေလွန်လှပြီ။ ဒီကတ္တီပါကြီး ဖုံးထားတဲ့ အောက်မှာ ဘာမှမရှိသလိုပဲ အောက်မေ့လိုက်ပေတော့"

သို့ပြောဆိုပြီးနောက် မိန်းမကြီးသည် ပန်းချီကားကို ကတ္တီပါအဖုံးနှင့် အုပ်လိုက်လေ၏။

"ကျွန်တော်ဟာ ဆေးအတတ်ကို ဝါသနာပါလှလို့ သင်နေတာ မဟုတ်ပါဘူး ... အမေ။ ကျွန်တော်က ပန်းချီပညာမှာသာ ဝါသနာထုံတာပါ။ ကျွန်တော်ရဲ့အသက်ဟာ အနုပညာထဲမှာသာ နေပါတယ်။ ဒီကားကိုကြည့်ပြီး ဆွဲရရင် ကျွန်တော်ရဲ့ ဘဝခရီးအောင်မြင်မှုဟာ အထွဋ်အထိပ် ရောက်တာနဲ့ အတူတူပါပဲ။ ပြီးတော့ အမေကိုယ်တိုင် ပန်းချီဆရာတစ်ယောက်ရဲ့ မိန်းမဖြစ်လို့ ကျွန်တော်ရဲ့ ဆန္ဒကို ကျွန်တော်ရဲ့ အသည်းနှလုံးထိအောင် အမေ မြင်နိုင်ပါလိမ့် မယ်။ ဒီလောက်တောင် တောင်းပန်တာ ခွင့်ပြုပါတော့ ... အမေ"

မိန်းမကြီးသည် များစွာတုန်လှုပ်သွားဟန်ဖြင့် မျက်ရည်များစို့၍ လာလေ၏။ သို့သော် ပြောပြီးစကားများကို မပြင်တော့ချေ။ သို့နှင့် နောက်ဆုံး တွင် မောင်တင်ဟန်လည်း လက်လျှော့ကာ ပြန်သွားရလေ၏။ သို့သော် အိမ် ရှေ့လှေကားမှ ဆင်းသောအခါ၌ကား မောင်တင်ဟန်သည် ....

"ဘာပဲဖြစ်ဖြစ် ဒီကားကိုတော့ ငါရအောင်ယူမယ်" ဟု တီးတိုးရွတ် ဆိုသွားလေသည်။

နောက်တစ်နေ့၌လည်း သူ၏တောင်းဆိုချက်များမှာ အချည်းနှီးဖြစ်ခဲ့ ၏။ သို့နှင့် အချိန်ကုန်ခဲ့ရာ နောက်တစ်နေ့တွင် မောင်တင်ဟန်သည် သူငယ် ချင်းတစ်ယောက်နှင့်အတူ လွှစ္စလမ်း(ယခု ဆိပ်ကမ်းသာလမ်း)ထိပ် ဖရေဇာ လမ်း(ယခု အနော်ရထာလမ်း) ဘက်ရှိ ဟိုတယ်ဆိုင် တစ်ဆိုင်တွင် နေ့လည်စာ စားလျက်ရှိရာ၊ ဖရေဇာလမ်းပေါ်တွင် ခါးပိုက်နှိုက်တစ်ယောက်ကို ပုလိပ်များ ဖမ်းမိသွားသဖြင့် ထိုအကြောင်းမှစ၍ စကားစပ်မိလျက် သူငယ်ချင်းဖြစ်သူက....

"ဒါထက် ... စကားမစပ် ဒီဟိုတယ်မှာ ဘဏ္ဍာစိုးလုပ်တဲ့ သောင်း ကြိုင်ဆိုတဲ့ အကောင်ဟာ အရင်က သူခိုးဗျ ... ကျုပ်သိတယ်။ ဒါပေမယ့် အခု တော့ မလုပ်တော့ပါဘူး။ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားနေပါပြီ"

"ဟုတ်လား ... ဘယ်သူလဲ"

"ကျုပ်တို့ စားပွဲကိုလာပြီး ဘာစားကြမလဲလို့ မေးတဲ့ ခေါင်းတုံးဆံ တောက်နဲ့ လူပေါ့။ သူက ဒီဟိုတယ်မှာ ဘဏ္ဍာစိုးလုပ်နေတယ်။ ခါးပိုက်နှိုက်တဲ့ နေရာများတော့ တကယ်လျင်တဲ့ လူတစ်ယောက်ဗျာ ... ကျုပ် ဓာတ်သိဗျ၊ အခုတော့ မလုပ်တော့ပါဘူး။ ဒါပေမဲ့ အပျော်လုပ်ပြစမ်းပါဆိုပြီး ဘရန်ဒီတစ် ခွက်လောက်တိုက်လိုက်ရင် ဘယ်သူ့အိတ်ထဲက ပိုက်ဆံအိတ်ကို နှိုက်ပြရမလဲ ပြမယ်။ ဘယ်သူ့အိတ်မှာ ထိုးထားတဲ့ ဖောင်တိန်ကို လိုချင်သလဲ ယူပြမယ်။ အဲဒီလောက် လျင်တဲ့အကောင်ဗျာ"

"ဒါဖြင့် ကျုပ်နဲ့ မိတ်ဖွဲ့ပေးစမ်းဗျို့"

"ကောင်းပြီ ... ကျုပ် ခေါ်လိုက်မယ်"

http://www.cherrythitsar.org



ထို့နောက် မောင်တင်ဟန်၏ သူငယ်ချင်းသည် သောင်းကြိုင်နှင့် မောင်တင်ဟန်တို့အား မိတ်ဆွေဖွဲ့ပေးပြီးနောက် ဟိုတယ်မှ ရှေးဦးစွာ ထွက်သွားလေ၏။ မောင်တင်ဟန်သည် သောင်းကြိုင်အတွက် ဘရန်ဒီတစ်ခွက် မှာပြီးလျှင် ဘီစတိတ် အကြော်စုံတို့နှင့် မြည်းစေလျက် ....

"ဒါဖြင့် ... ကိုသောင်းကြိုင်ဟာ မြို့ပေါ်က သူခိုးတွေ ခါးပိုက်နှိုက်တွေကို ကောင်းကောင်းသိမှာပေါ့"

"သိပါတယ် ... ဆရာက ဘာကိုလိုချင်လို့လဲ"

"ကျုပ် ဖွင့်ပြောတော့မယ် ကိုသောင်းကြိုင် ကျုပ်မှာ ကိစ္စကလေး တစ်ခုရှိနေတယ်ဗျ။ ဒါကြောင့် သင့်တော်မယ့် လူတစ်ယောက်ကို ခင်ဗျားက ညွှန်စေချင်တယ်ဗျာ"

"ခားပြတိုက်ရမယ့် ကိစ္စလား ဆရာရဲ့"

"ဟာ ... မဟုတ်တာပဲ၊ ကျုပ်လိုချင်တာက ခိုးရမယ့် အလုပ်ကို နိုင်နိုင်နင်းနင်း လုပ်မယ့်လူတစ်ယောက် လိုချင်တာဗျ။ ကိုင်းလေ ... ခင်ဗျားကို တော့ ကျုပ်ဖွင့်ပြောတော့မယ်။ ဒီလိုဗျာ ... ကျုပ် မိတ်ဆွေတစ်ယောက်မှာ အင်မတန်ကောင်းတဲ့ ပန်းချီကားတစ်ချပ် ရှိနေတယ်ဗျ။ အဲဒါကိုကျုပ်က ကူးယူချင်တယ်။ ဒီမိန်းမကြီးက ရောင်းလည်း မရောင်းဘူး။ ငှားလည်း မငှားဘူး။ ဒီတော့ ကျုပ်ကို တနင်္ဂနွေ တစ်ပတ်လောက်ဖြစ်စေ၊ နှစ်ပတ်လောက် ဖြစ်စေ ဒီပန်းချီကားကို ခိုးပေးစေချင်တယ်။ နောက်တော့ ကျုပ် ပြန်ထားမှာပဲ"

"ဒါဖြင့်လည်း ကောင်းသားပဲ၊ ဒီကားကိုတော့ ဆရာ တစ်ခါတည်း လစ်မသွားဘူး မဟုတ်လား၊ ကျွန်တော်တို့က အသင်းနဲ့ ဆရာရဲ့၊ ကျွန်တော်တို့ အသင်းက သစ္စာရှိတယ်။ မဟုတ်တာလည်း မလုပ်ဘူး။ ကျွန်တော့်အတွက် ဆိုရင်တော့ ဆရာ ငွေဘယ်လောက်ပဲ ပေးပေး မလုပ်တော့ဘူး။ ပြီးတော့ တစ်ခုရှိသေးတယ်။ မကောင်းတဲ့ ရည်ရွယ်ချက်နဲ့သာ ဆရာလာမယ်ဆိုရင် ကျွန်တော့်ကို မိတ်ဖွဲ့တာ ဆရာမှားပြီ၊ ဆရာ့ကို ဘယ်သူ့ဆီကိုမှ မညွှန်ပြနိုင်ဘူး"

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ဗျာ။ ဥစ္စာရှင် ကိုယ်တိုင်က သည်လောက် တန်ဖိုးထားတဲ့ ပစ္စည်းကို ကျုပ်ကလည်း အပိုင်မယူချင်ပါဘူး။ ကျုပ်က လက်ရာကို ကူးယူရုံပဲ ယူချင်ပါတယ်။ ဒိပြင်တော့ ဘာမှ မလုပ်ဘူး။ ဒါကြောင့် ဒီအလုပ်ကို သစ္စာရှိရှိ ကတိတည်တည်နဲ့ ရိုးသားစွာ လုပ်ပေးနိုင်တဲ့ လူတစ်ယောက်ကို ကျုပ်လိုချင်တာပါ"

"ဒီလိုဆိုရင်တော့ ရှိပါတယ် ဆရာ၊ ကာဏာရိဋ္ဌ ဆိုတဲ့အကောင်ဟာ ဒီအလုပ်မျိုးမှာ ဂျင်ပေါ့၊ ပြီးတော့ ဆရာပြောတဲ့အတိုင်း အလုပ်က လွယ်ရဲ့နော် ... ဘာမှ ဒုက္ခတော့ မရောက်တန်ရာပါဘူး"

"ဘာအနှောင့်အယှက်မှ မရှိပါဘူးဗျာ။ စိတ်ချပါ၊ လုပ်ရမယ့် အလုပ်ကလည်း လွယ်လိုက်တာ လွန်ပါရော၊ အခန်းမှာ မိန်းမကြီးတစ်ယောက်တည်း နေတာဗျ။ ပြီးတော့ ... ကောင်းကောင်းလည်း မမာဘူး။ တံခါးကလည်း မလုံ့တလုံနဲ့ လက်တစ်ဖက်နဲ့ တွန်းဖွင့်ပြီးတောင် ဝင်နိုင်ပါတယ်"

"ကိုင်း ... ဒါဖြင့် ဒီနေ့ညနေ ၅ နာရီတိတိမှာ ပန်းဆိုးတန်း ဒီဘက်ထောင့်က ဆရာစောင့်ပေတော့၊ ကျွန်တော် ဆက်ဆက်လာခဲ့မယ်"

ထိုနေ့ ညနေ၌ သောင်းကြိုင်သည် ဆေးကျောင်းသား မောင်တင်ဟန်အား ကျောက်မြောင်းရပ်ရှိ အလွန်ချောင်ကျသော နေရာတစ်ခုသို့ ခေါ်သွားပြီးလျှင် လူတစ်ယောက်နှင့် တွေ့ဆုံမိတ်ဖွဲ့ပေးလေရာ၊ ထိုသူမှာ 'ကာဏာရိဋ္ဌ' ဆိုသူပင် ဖြစ်လေသည်။ သောင်းကြိုင်ပြန်သွားသောအခါ မောင်တင်ဟန်က လက်ဖက်ရည်ဖိုးဟုဆိုကာ ငွေစက္ကူ ၁၀ တန် သုံးချပ် သောင်းကြိုင်၏ အိတ်ထဲသို့ ထည့်လိုက်သေး၏။

မောင်တင်ဟန်သည် ကာဏာရိဋ္ဌ၏မျက်နှာကို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက် "ငါ ဒီမျက်နှာမျိုးကို မြင်ဖူးပါတယ်။ ဘယ်မှာ မြင်ဖူးပါလိမ့်မလဲ" ဟု အတန်ကြာ စဉ်းစားလျက်ရှိ၏။ သို့သော် ... စဉ်းစား၍မရသဖြင့် နောက်ဆုံးလက်လျှော့လိုက်ရလေသည်။ မောင်တင်ဟန်က ကာဏာရိဋ္ဌအား မိတ်ဖွဲ့စကား ပြောကြားပြီးနောက် မည်သည့်လမ်း၊ မည်သည့်နေရာ၊ မည်သည့် လှေကားမှ တက်ရမည့်အကြောင်း၊ အခန်းရှင်မှာ ကောင်းစွာ မကျန်းမာသော မိန်းမကြီးတစ်ယောက်ဖြစ်၍ ပန်းချီကားကို သူ၏အိပ်ရာခေါင်းရင်းရှိ စင်ပေါ်တွင် ကတ္တီပါဖုံးအုပ်ထားကြောင်း၊ ထိုကားကိုယူပြီးလျှင် ထိုနေရာတွင် ကန့်သတ်သည့် ရက်အတွင်း၌ ဆက်ဆက်ပြန်ပေးပါမည်ဆိုသော စာတစ်စောင်ကို ထားခဲ့ရမည်ဖြစ်ကြောင်း၊ တံခါးမှာ ပျက်နေသဖြင့် ကန့်လန့်ကို အပြင်မှ လွယ်လင့်တကူ နှုတ်ယူနိုင်ကြောင်းဖြင့် စိတ်ရှည်လက်ရှည် ပြောပြလျက်ရှိလေ၏။ ကာဏာရိဋ္ဌက မောင်တင်ဟန် စကားကို နားထောင်ပြီးနောက် ....

"ဥစ္စာရှင်က မိန်းမကြီး၊ ဟုတ်စ"

"ဟုတ်ပါတယ် ... ပြီးတော့လည်း ကောင်းကောင်း မမာရှာပါဘူး"

"ငှားရင် မရဘူးလား ဆရာ ... မိန်းမကြီးလည်း ဖြစ်ပြန်၊ ဆင်းလည်း ဆင်းရဲပြန်တော့ ငွေပေးရင် ငှားမှာပေါ့ဆရာရဲ့၊ ခက်တာက တကယ်လို့ မိန်းမကြီးက အော်မယ်, ခုခံမယ်ဆိုရင် ... ကျွန်တော်က စိတ်မြန်မြန်နဲ့ ထင်မိထင်ရာ လုပ်မိမှာ စိုးတယ် ဆရာ"

"ဒီလိုဗျာ ... ခင်ဗျားဆီကို ကျုပ်လာတာဟာ နောက်ဆုံး မတတ်နိုင်တဲ့ အဆုံးကျမှ လာတာပဲ၊ ငှားဖို့ဆိုတာတော့ ဒီကားကို ဘယ်နည်းနဲ့မှ မငှား

http://www.cherrythitsar.org


ဘူး။ ငှားဖို့ နေနေသာသာ သူ့မျက်စိအောက်မှာတောင် ကူးဖို့အခွင့်မပြုဘူးဗျ။ ဒါပေမဲ့ ကျုပ်က အကြမ်းပတမ်းလုပ်တာတော့ သဘောမတူနိုင်ဘူးဗျို့၊ ဘယ်နည်းနဲ့မှ နာအောင် ကျင်အောင်တော့ မလုပ်ပါနဲ့ဗျာ။ ဒီတော့ ခင်ဗျား စိတ်ခင်ဗျား နိုင်မနိုင်ကို မလုပ်ခင် စဉ်းစား စမ်းပါဦး”

တစ်ခဏမျှ စဉ်းစားပြီးနောက် .... “ကိုင်းဗျာ ... လုပ်မယ်၊ ခင်ဗျား ဘယ်လောက်ပေးမလဲ”

“သုံးရာဗျာ ... တော်လောက်ပြီ မဟုတ်လား”

“တော်ပါပြီ ... ခင်ဗျားလိပ်စာရယ်၊ အရုပ်ကားနေရာမှာ ထားပစ်ရမယ့် စာရယ်သာ ကျုပ်ကို ပေးပေတော့၊ ဒီကနေ့ ၂ နာရီထိုးမှာ အရုပ်ကားကို ခင်ဗျားလက်ထဲအပ်မယ်။ ခင်ဗျား အိမ်က နေပြီး ငွေနဲ့သာ အဆင်သင့် စောင့်နေပေတော့”

“စိတ်ချပါဗျာ၊ ကျုပ် စောင့်နေပါ့မယ်။ ရော့ ... စရံ တစ်ရာ ယူသွား”

*

အထက်ပါ ပုံဝတ္ထုကလေးကဲ့သို့ အကြောင်းများကို ပြောပြပြီးနောက် ကာဏာရိဋ္ဌ်က ဆက်လက်၍ ....

“ဒါနဲ့ ကျွန်တော်လည်း ဒီမိန်းမကြီး အခန်းရောက်အောင် ဘယ်က တက်ရတယ်၊ လှေကားဟာ ဘယ်နှစ်ချိုးရှိတယ်၊ အလယ်ထပ်မှာ ဘယ်သူနေတယ်၊ အောက်ဆုံးထပ်မှာ ဘယ်သူရှိတယ် ... ခိုဖို့မှောင်ရိပ်က ဘယ်မှာရှိတယ် ဆိုတဲ့ အကြောင်းတွေကို ခရေစေ့တွင်းကျ သူ့ဆီက မေးပြီး ည ၁၁ နာရီကျော်ကျော်မှာ လမ်း ၄၀ ထဲကို ဝင်ပြီး အသွားအပြန် ဒီတိုက်ကို လျှောက်ကြည့်တယ်။ ကြည့်ပြီး ၁၂ နာရီလည်း ထိုးလို့ လူခြေလည်း တိတ်ရော ဒီတိုက်နဲ့ မျက်နှာချင်းဆိုင် ပြင်နေတဲ့တိုက်ပျက်တစ်လုံးအောက်ကို ဝင်ပြီးကပ်တယ်။ တစ်နာရီလဲ ထိုးရော သူပြောတဲ့ လှေကားအတိုင်း တိုက်ပေါ်ကို တက်ပါလေရော ဦးလေးရယ်၊ ဒီလိုရှင်းရှင်း လင်းလင်း တက်ရတဲ့ လှေကား မပြောနဲ့ အင်မတန်ရှုပ်တဲ့ ၅ ထပ်တိုက်လှေကားကြီးတွေတောင်တက်လာသေးတာ ဒီလှေကား လောက် ဘာအရေးကြီးသလဲ ...”

“ဒါနဲ့ အပေါ်ဆုံးထပ်ရောက်တော့ မိန်းမကြီး အခန်းက ဘာသံမှ မကြားရဘူး ခင်ဗျ။ ဒါနဲ့ကျွန်တော်လည်း မှောင်ရိပ်ကခိုပြီး တံခါးဆီကို တဖြည်းဖြည်း ကပ်သွားတော့ လား ... လား ... တံခါးဟာ အထဲက ကန့်လန့်မထိုးဘူး ခင်ဗျ၊ ဘောက်ချိတ်ကလေးနဲ့ အတွင်းက ချိတ်ရုံပဲ ချိတ်ထားတာတွေ့ရတယ်။ တံခါးကချောင်ပြီး တစ်လက်မလောက် ဟနေတော့ အထူးဖွင့်နေစရာ မလိုတော့ပါဘူး ခင်ဗျ။ လက်ညှိုးကလေးနဲ့ အပြင်ဘက်ကနေပြီး အသာမ

http://www.cherrythitsar.org



လိုက်ရုံနဲ့ ပွင့်သွားတော့တာပါပဲ ... နောက်ကျွန်တော်လည်း တံခါးနားကပ်ပြီး သူခိုးထုံးစံအတိုင်း အိမ်ထဲကလူ အိပ် မအိပ်နားထောင်တာကိုး ခင်ဗျ၊ အသက်မှန်မှန် ပြင်းပြင်းရှူပြီး နေသံကြားရတော့ အခန်းထဲမှာ လူအိပ်မောကျနေပြီ ဆိုတာ သိရတာပါပဲ"

"ဒါနဲ့ ကျွန်တော်လည်း အခန်းထဲ ခြေဖျားထောက်ဝင်တာကိုး ခင်ဗျ။ ကုတင်ပေါ်မှာ မိန်းမကြီးတစ်ယောက် ဟိုဘက်လှည့်ပြီး အိပ်နေတာရယ်၊ သူ့ခေါင်းရင်းက စင်ပေါ်မှာ အဝတ်နက်တစ်ခုနဲ့ အုပ်ထားတဲ့ အရုပ်ကား ဆိုတာရယ် မြင်ရတာပါပဲ ခင်ဗျာ"

"မြင်ရတယ်ဆိုတာက ဒီလို ဦးလေးရယ်။ လကလေးကလည်း သန်းခေါင်လောက် ထွက်အလာ တိုက်နံဘေး ပြတင်းပေါက်ပေါ်က လေဝင်ပေါက်မှန်ကဝင်ပြီးလာတဲ့ မလင်း တလင်း အရောင်ကလေးနဲ့ မြင်ရတာပေါ့ ဦးလေးရယ်၊ ပြီးတော့ ကျွန်တော့် မျက်စိကလည်း မှောင်ထဲမှာ သူများထက်ပိုမြင်နိုင်တယ်။ ဒီအကြောင်းလည်း ဦးလေးကို ပြောရဦးမှာပေါ့။ နောက် ကျွန်တော်လည်း အရုပ်ကားရှိတဲ့ နေရာရောက်အောင်ခြေဖျားထောက်သွား၊ အရုပ်ကားယူ၊ ကျွန်တော့်အိတ်ထဲက စာကလေးနှိုက်ပြီး အရုပ်ကားထားတဲ့နေရာ ချထားခဲ့တာပေါ့ ဦးလေးရယ်"

"အင်း အသက်တဖျားလုပ်ရတဲ့ အလုပ်ပဲဟေ့ ... ဦးလေးဖြင့် သုံးရာမက သုံးထောင်ပဲရရ မလုပ်ဝံ့ပါဘူးကွယ် ... လူတွေ အိပ်နေတဲ့ အိပ်ခန်းထဲဝင်ရုံနဲ့ ဦးလေးဖြင့် ရင်တုန်လှပြီ"

"ကျွန်တော်ကတော့ အစရှိနေပြီကိုး ဦးလေးရဲ့၊ နည်းနည်းကလေးမှ မကြောက်တော့ဘူး။ မိန်းမတစ်ယောက် အိပ်နေတာ မပြောနဲ့၊ ယောက်ျားကြီး ၁၀ ယောက် အိပ်နေပါစေ ကျွန်တော် ဝင်ဝံ့ပါတယ်"

"ကိုင်း ... ဆက်စမ်းပါဦး"

"ဒါနဲ့ စင်ပေါ်မှာ စာရွက်ခေါက်ကလေး ချထားခဲ့ပြီးနောက်ကိုလည်း တစ်လှမ်းပြန်ဆုတ်လိုက်ရော၊ မိန်းမကြီးဟာ အိပ်ရာက တစ်ခါတည်း လန့်နိုးပြီး အိပ်ရာပေါ်မှာ ငုတ်တုတ်ထိုင်နေရက်သား ဖြစ်နေပြီကိုး ခင်ဗျ။ ကျွန်တော်လည်း အခန်းအလယ်လောက် ရောက်လာရော မိန်းမကြီးဟာ ကျွန်တော့်အပေါ် ခုန်အုပ်လိုက်ပြီး အရုပ်ကားကို တစ်ခါတည်း လုတာပါပဲ ခင်ဗျာ။ ပါးစပ်ကလည်း 'ငါ့ ကားပေး ... သူခိုး ... သူခိုး' ဆိုပြီး အော်တော့တာပါပဲ ခင်ဗျာ ... ဒီတော့ ကျွန်တော်က 'လွှတ် ... လွှတ် ... အမယ်ကြီး ဓားထိုးခံချင်လား လွှတ်စမ်း' ဆိုပြီး ရန်း၊ သူကလည်း အော်ပေါ့ ခင်ဗျာ၊ ဒီတော့ ကျွန်တော်လည်း စိတ်ထွက်လာပြီး ကိုင်း ... သေပေတော့ဆိုပြီး ခါးထဲက ဓားမြှောင်ဆွဲနှုတ်ပြီး တစ်ချက်

တည်း ရင်ဝကို စိုက်လိုက်တာ မိန်းမကြီးလည်း ကြမ်းပြင်ပေါ် လဲကျသွားတာပါပဲ။ အဲဒီလို လဲလို့ ကားဘောင်ပေါ် အုပ်ထားတဲ့ အဝတ်ပြုတ်ကျသွားတော့ ကျွန်တော်လည်း အိတ်ထဲပါလာတဲ့ လက်နှိပ်ဓာတ်မီးအငယ် စားကလေးနှင့် အရုပ်ကားကို ထိုးကြည့်လိုက်တဲ့အခါ ပန်းချီကားကိုလည်း မြင်ရရော တစ်မိနစ် အတွင်း ကျွန်တော့် ဘဝဟာ စိတ်ထဲမှာ အလိုလိုပြောင်းသွားပြီး ဟိုငယ်ငယ်က အဖြစ်တွေဟာ မျက်စိထဲ တစ်ခါတည်း ပေါ်လာတော့တာပါပဲ ဦးလေးရယ်။ ကားအောက်က ရေးထားတဲ့ စာကို မြင်လိုက်ပြန်တော့ 'အင်း ... ဘအုံး ... ဘအုံး ခွေးထက်မိုက် တဲ့ ဘအုံး၊ နင်တော့ အမှားကြီး မှားပြီ' ဆိုပြီး မေမေ့ကို တစ်ခါတည်း ပွေ့ယူလိုက်မိတယ်"

"ဩော် ... ဒီမိန်းမကြီးက မင်းအမေလား"

"ကျွန်တော့် အမေပေါ့ ဦးလေးရယ်၊ ရုပ်ပုံကားက အဖေဟာ ကျွန်တော် ၇ နှစ်သားအရွယ်က ကျွန်တော့်ကို ပုံတူဆွဲထားတဲ့ကားပဲ။ ဘအုံးဆိုတာက ကျွန်တော့် ငယ်နာမည်ပေါ့ ဦးလေးရဲ့"

"ဖြစ်မှဖြစ်ရ မောင်ပေါ်လွင်ရယ်၊ တိုက်ဆိုင်မှ တိုက်ဆိုက်တတ်လွန်းတယ်ကွယ်"

"ကျေးဇူးရှင် အစစ်ကို ပြစ်မှားမိလို့လည်း သန်ဘက်ခါ မနက်ကို ကြိုးစင်တက်ရတော့မှာပဲ ဦးလေးရဲ့၊ တစ်ခါကလည်း ကျွန်တော့် ဦးလေးအရင်းအိမ် ဝင်ခိုးမိလို့ မမိတန်ဘဲနဲ့ မိရပြီး ထောင်တစ်နှစ်ကျခဲ့တာ ဦးလေးသိပြီးသားပဲ၊ အဲဒါနဲ့ အမေ့ကို ပွေ့ထားတဲ့အချိန်မှာပဲ အောက်ထပ်က တက်လာတဲ့ လူသံတွေရော ခြေသံတွေရော ကြားရပြီး ချက်ချင်းလိုပဲ ကျွန်တော့်ကို ဝိုင်းဖမ်းကြတာပါပဲ ဦးလေးရယ်၊ ကျွန်တော်လည်း စကားရှည်မှာစိုးတာနဲ့ တစ်ခွန်းမှ ပြန်မပြောဘူး။ ပစ္စည်းခိုးရအောင်လာရင်း လူနိုးတာနဲ့ ဓားနဲ့ ထိုးသတ်မိတဲ့အကြောင်း တည့်တည့်ကြီး ဝန်ခံလိုက်တယ်။ ကျွန်တော့်အမေလည်း ကျွန်တော့် လက်ပေါ်မှာပဲ အသက်ပျောက်သွားရှာတယ်။ သေတဲ့ မိန်းမကြီးဟာ သူခိုးတစ်ယောက်ရဲ့ အမေပါကလားဆိုပြီး ကျွန်တော့်အတွက်နဲ့ သေတဲ့လူရဲ့ဂုဏ်ကို ထိခိုက်မှာစိုးတာနဲ့ ကျွန်တော့်အမေပါရယ်လို့ ကျွန်တော် အစစ်မခံခဲ့ဘူး ခင်ဗျ"

"အင်း ... မောင်ပေါ်လွင့်က အမှုက စဉ်းစားကြည့်လေ၊ တကယ်ကြေကွဲစရာ ကောင်းလေပါကလား မောင်ပေါ်လွင်ရယ်"

"ကိုယ့် အမေရင်းကို ကိုယ်မသိလို့ ဓားနဲ့ ထိုးသတ်မိတယ် ထားဦးလေ။ သေပြီးတဲ့နောက် အမေရယ်လို့တောင် ဖွင့်ပြီး မငိုဝံ့တဲ့ ဘဝမျိုးပဲ ဦးလေးရဲ့၊ ဒီအပူကို ကျွန်တော် ကျိတ်မှိတ်ပြီးခံခဲ့တာ သန်ဘက်ခါ မနက်ကျရင်တော့ ဝဋ်ကျွတ်ပါပြီ ဦးလေးရယ်"

"အင်း ... တရားနဲ့သာ ဖြေပါတော့ မောင်ပေါ်လွင်၊ လွန်မိတဲ့ ကိစ္စကိုနောင်တရနေလို့ ... ကိုယ့်မှာသာ အကုသိုလ်ပွားတော့မှာပဲ"

"ပြီးတော့ အခုလို ကြိုးပေးခံရပြီး ကြိုးနဲ့ သေရတာဟာ ... ကျွန်တော့်စိတ်ထဲမှာတော့ တစ်မျိုး ဝမ်းသာတယ် ဦးလေးရေ့၊ ကြိုးစင်ပေါ်တက်ရမှာ နည်းနည်းကလေးမှ ကျွန်တော်ဖြင့် မကြောက်ဘူး"

"ဘာဖြစ်လို့လဲ"

"လည်ပင်းမှာ ကြိုးတပ်ပြီးသေရတာဟာ အသေဆိုးသေရတဲ့ အထဲမှာ အသက်သာဆုံးသေခြင်းပေါ့ ဦးလေးရဲ့၊ ကျွန်တော်ကြီးရင် အသေဆိုးနဲ့သေရလိမ့်မယ်လို့ ဗေဒင်က ဟောဖူးတယ်။ ဒါကြောင့် ဓားနဲ့သေရမှာ၊ သေနတ်နဲ့သေရမှာ၊ အဆိပ်သောက်သေရမှာများ ကျွန်တော်ဖြင့် သိပ်ကြောက်တာပဲ"

"အတူတူပဲနေပါလိမ့်မယ် ထင်ပါရဲ့ကွယ်"

"မဟုတ်ဘူး ဦးလေး ... ဝေဒနာခံစားရတဲ့ နေရာမှာ ဒါဟာ အသက်သာဆုံးနဲ့ အမြန်ဆုံးနည်းပဲ၊ အလွန်ဆုံးခံရလှရင် နှစ်မိနစ်ပေါ့ ဦးလေးရယ်။ ဒါထက် ... ကျွန်တော် ဘာကြောင့် သူခိုးဖြစ်လာတဲ့အကြောင်း စကားဆက်ရဦးမယ် ... အချိန်ရှိပါသေးရဲ့နော်"

"အင်း ... ငါးမိနစ်လောက်တော့ ကျန်ပါသေးတယ်။ ထောင်ပြာတာ မလာသေးပါဘူး"

"ကျွန်တော့်ကို ဘာဖြစ်လို့ကာဏာရိပ္ပ လို့ ခေါ်ကြသလဲ ဦးလေး"

"မင်းကလဲကွယ် ... အသိသားနဲ့ မေးနေရသေးသလား၊ မင်းမျက်စိတစ်ဖက်လပ်နေလို့ပေါ့ကွယ့်"

မောင်ပေါ်လွင်သည် သူ၏မျက်နှာကို လမ်းကြားတွင် ထွန်းထားသော မီးအိမ်အလင်းရောင်ဘက်သို့ လှည့်ပြီးလျှင် လက်ဝဲဘက်မျက်လုံးကို လက်နှစ်ဖက်ဖြင့် ဖြဲပြီးနောက် ... "ဟောဒီဘက် မျက်လုံးကို ဦးလေး သေသေချာချာ ကြည့်စမ်း ဘာမြင်ရသလဲ"

ကျွန်ုပ်လည်း သေချာစွာ ကြည့်ရှုရာ အပေါ်မှ မျက်ခွံမှာ စေ့လုမတတ်ပိတ်၍ နေသော်လည်း အောက်၌မူ အနက်လုံးကလေးတစ်လုံးကို တွေ့မြင်ရလေ၏။ ၎င်းမှာ လူ၏မျက်လုံးလောက် မကြီးသော်လည်း နက်ပြောင်၍ အရောင်တောက်ပြီးလျှင် မျက်ဆံကဲ့သို့ အဖြူကြောင်းကလေးတစ်ခုသည် အထက်နှင့်အောက် ထောင်လျက်ရှိလေသည်။

"ဘာမြင်ရသလဲ ဦးလေး"

"မင့်ဥစ္စာမျက်စိမှ မပျက်ဘဲ၊ မျက်လုံးကလေးက အကောင်းလို မြင်ရတယ်"

http://www.cherrythitsar.org



"အကောင်းတော့ အကောင်းပေါ့ ဦးလေးရဲ့၊ နို့ပေမဲ့ လူ မျက်လုံး တော့ မဟုတ်ဘူး"

"မင်း ပြောတာ ... ငါ ကောင်းကောင်း နားမလည်သေးပါဘူးကွယ်"

"လူမျက်လုံးမဟုတ်ဘူး ဦးလေးရဲ့၊ ကြောင်မျက်လုံး တပ်ထားတာ"

"ဘာကွယ့်"

"ကျောက်ပေါက်ပြီး ကျွန်တော့်မျက်လုံးပျက်သွားတုန်းက ကျွန်တော့်ကို ဆေးကုတဲ့ ဆရာကြီးက ကြောင်တစ်ကောင်ရဲ့ မျက်လုံးကို တပ်ပေးခဲ့တယ်"

"မဟုတ်နိုင်တာကွယ်"

"ဟုတ်တာပေါ့ ဦးလေးရယ်၊ ကျွန်တော် ကျောက်ပေါက်တုန်းက လားရှိုးနားက ရွာတစ်ရွာမှာ ကျွန်တော်ရောက်နေတယ်။ ကျွန်တော့်ကို ဆေးကုတာက ရှမ်းဆရာကြီးနဲ့ တူပါတယ်။ဒါနဲ့ကျွန်တော် မျက်လုံးထဲ ကျောက်ဝင်ပေါက်ပြီး မျက်လုံးပျက်သွားတဲ့ နောက်တစ်နေ့မှာပဲ 'မင်းကို ငါမျက်လုံးအသစ် ငါထည့်ပေးမယ်' ဆိုပြီး ကျွန်တော့်ကို ရွာကအတော်ဝေးတဲ့ တောစပ်တစ်ခုခေါ် သွား ဦးလေးရဲ့၊ အဲဒီတောထဲ ရောက်တော့ နဘူးချုံတစ်ချုံ အောက်မှာ သူက လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ ကြောင်သေတစ်ကောင် မြင်ရတယ်။ ကြောင်က သေတာကြာပြီနဲ့ တူပါတယ် ဦးလေးရယ်၊ ခေါင်းခွံနဲ့ အရိုးလောက်ပဲ ကျန်ပါတော့တယ်။ ဒါနဲ့ ဆရာကြီးက ကြောင်သေကောင်ကို တောင်ဝှေးနဲ့ ချိတ်ဆွဲပြီး အပြင်ထုတ်လိုက်တော့ ခေါင်းခွံက မျက်လုံးအိမ်ထဲမှာ မျက်လုံးတစ်ဖက်အကောင်းအတိုင်း မျက်တောင်ခတ်နေတာ ကျွန်တော်မြင်ရတယ်။ ဒီတော့ ဆရာကြီးလည်း သူ့အိတ်ထဲမှာပါတဲ့ ဆေးပုလင်းထဲက ဆေးရည်ကို အဲဒီ ကြောင်မျက်လုံးအိမ်ထဲ လောင်းထည့်လိုက်ပြီး တစ်ခါတည်း မျက်လုံးကို ဓားနဲ့ ကော် ထုတ်ယူတာပါပဲ။ ဒီနောက် အိမ်ကျတော့ ဒီကြောင်မျက်လုံးကို ဆေးရည် စိမ်ပြီး ကျွန်တော့် မျက်လုံး ပေါက်သွားတဲ့နေရာမှာ အစားသွင်းပေးလိုက်တာကိုး ဦးလေးရဲ့"

"တယ်လည်း ထူးဆန်းပါကလား မောင်ပေါ်လွင်"

"ဟုတ်ကဲ့ ... ကျွန်တော်တော့ ကိုယ်တွေ့ပဲ ဦးလေးရေ"

"အဲဒီလို အစားသွင်းလို့ ဖြစ်ကဲ့လားကွယ့်၊ အနေရ မခက်ဘူးလား"

"ပထမတော့ အောင့်သက်သက်နဲ့ အတော်အနေရ ကျပ်တာပေါ့ ဦးလေးရယ် ... ဒါပေမဲ့ သူ ဆေးထည့်ပေးပြီး ကျွန်တော့် မျက်လုံး တစ်ဖက်ကို အဝတ်နဲ့ ၇ ရက် စည်းပေးတာ၊ နောက်တော့ ဘာမှ မဖြစ်တော့ပါဘူး"

"အင်း ... ဒါလည်း ကြောင်ဦးခေါင်းမှာ ရှိတဲ့ အမြုတေပေါ့ကွယ်၊ အမြုတေဆိုတာ ဆင်မှာရှိတယ်၊ ဝက်မှာရှိတယ်၊ နဂါးမှာ ရှိတယ်၊ လူမှာရှိ

http://www.cherrythitsar.org



တယ်၊ ချိုးမှာ ရှိတယ်၊ ကြောင်မှာ ရှိတယ် ... အမျိုးမျိုးပေါ့၊ နေပါဦး ... ဒါက ဘယ်လို စွမ်းသလဲ ... မောင်ပေါ်လွင်ရဲ့”

“ဆရာကြီး ပြောလိုက်တာကတော့ ... ဒီကြောင်မျက်လုံးရှိနေသမျှ မင်းတော့ ထမင်း မငတ်နိုင်ပါဘူးကွယ်၊ မင်းလိမ္မာသလိုသာ ကြည့်သုံးပေရော့လို့ ပြောခဲ့တာပဲ၊ ဒီအခါတုန်းက ကျွန်တော်က အသက် ၁၄ နှစ်ပဲရှိသေးတယ်။ ဒါနဲ့ ကျွန်တော်လည်း ဘာမှ နားမလည်ဘူး။ အမှတ်တမဲ့ နေခဲ့တာ နောက်တစ်လ လောက်ကြာတော့ ထူးခြားတာ တစ်ခုက ည ၁၂ နာရီလောက်ဆိုရင် ကျွန်တော်ဟာ မအိပ်ချင်ဘူး ဦးလေးရေ လျှောက်လည်ချင်တာပဲ။ ဒါနဲ့ ကျွန်တော် နေတဲ့ ဘုန်းကြီးကျောင်းက တိတ်တိတ်ခိုးထွက်၊ ဝင်းထရံကျော်တက်၊ ရွာထဲလျှောက်လည်၊ ဝင်ချင်တဲ့အိမ်ဝင်၊ မီးဖိုဆောင်ဝင်၊ ထမင်းခိုးစား၊ ဟင်းခိုးစားပေါ့ ဦးလေးရယ်။ ဥယျာဉ်တို့၊ ခြံတို့ဆိုတာလည်း ဝင်ချင်တဲ့ခြံ ဝင်ပြီး သစ်သီးမျိုးစုံ ခိုးစားတာပဲ၊ ပြီးတော့ ဘယ်လို အတားအဆီးမျိုးမှလည်း မကြောက်ဘူး။ ဝင်းထရံလည်း တက်တာပဲ၊ သစ်ပင်လည်းတက်တာပဲ၊ အိမ်လည်း တက်တာပဲ၊ ဒီလိုနဲ့ တေပေလာခဲ့တာ ဒီကစပြီး ကျွန်တော်လည်း သူခိုးဖြစ်မှန်းမသိ ဖြစ်လာတော့တာပါပဲ ခင်ဗျာ။ ခက်တာက ညကျရင် ဒီလိုမလုပ်ဘဲ မနေနိုင်သလိုပဲ ဦးလေးရဲ့၊ အဲဒါ ... ထူးခြားတာပဲ”

“ဒီမျက်လုံးက မြင်ကော မြင်ရဲ့လား”

“နေ့ခင်းတော့ ကောင်းကောင်း မမြင်ရပါဘူး ဦးလေးရယ်၊ ဒါပေမဲ့ ညဥ့်မှောင်ထဲကျရင် ဘာပဲဖြစ်ဖြစ် မှုန်မှုန်တော့ မြင်ရတယ် ဦးလေးရဲ့’

“ကိုင်း ... မောင်ပေါ်လွင်၊ ဦးလေးကို နောက်ဆုံး ဘာများ မှာခဲ့ချင်သေးသလဲ၊ ဦးလေး မင့်အတွက် ဘာဆောင်ရွက်ပေးရမလဲ”

“တစ်ခုတော့ လုပ်ပေးစေချင်တယ် ဦးလေးရယ်၊ ကျွန်တော်တို့ သူခိုး၊ ခါးပိုက်နှိုက် ဂိုဏ်းမှာ အရင်က လူကြီးလုပ်ဖူးတဲ့ ကိုသောင်းကြိုင်ဆိုတာ ရှိတယ်။ အခုတော့ ဒီအလုပ်ကို သူမလုပ်တော့ဘူး။ ဖရေဇာလမ်းဘက်က လွှစ္စလမ်းထိပ် ဟိုတယ်မှာ ဘဏ္ဍာစိုးလုပ်နေတယ်။ ခေါင်းတုံးဆံတောက်နဲ့ လူဝဝ၊ အဲဒီလူက ကျွန်တော့် လက်ဝဲဘက် မျက်လုံးအိမ်ထဲမှာ ကြောင်အမြုတေ ရှိတယ်ဆိုတာ သိတယ်။ တော်တော့လူဆိုရင် ကျွန်တော့်ကို သတ်ပြီး မျက်လုံး ဖောက်ယူတာကြာလှပြီ၊ သူက ဒီပစ္စည်းကို လိုချင်နေတယ် ဦးလေးရဲ့၊ ဒီတော့ သူက ကျွန်တော့် ဆရာလည်း ဖြစ်ပြန် သူ့ကျေးဇူးလည်း ကျွန်တော့်အပေါ်မှာ ရှိပြန်ဆိုတော့ မပေးရင် မကောင်းဘူး။ သေပြီးတဲ့နောက်မှ နမြောနေရင် ရိုင်းရာကျမယ်။ ဒီပစ္စည်းကိုလည်း သူ့လက်ထဲ မရောက်စေချင်ဘူး။ ဘာဖြစ်လို့လဲဆို

http://www.cherrythitsar.org



တော့ ဒီလူလက်ထဲ ဒီပစ္စည်း ရောက်သွားရင် ကျွန်တော့်လိုပဲ မကောင်းမှုတွေ လျှောက်ပြီး သူလုပ်နေဦးမယ်"

"ကျွန်တော်တော့ နောင်တရပြီ ဦးလေး ... ကျွန်တော် တစ်ယောက်သာ အမိုက်ခံမယ်။ တခြားလူတစ်ယောက်ဟာ ကျွန်တော့် ပယောဂနဲ့ ကျွန်တော့်လို မဖြစ်စေချင်ဘူး"

"ဒီလိုဆိုရင် ဦးလေးလည်း သဘောကျတာပေါ့ကွယ် ... သူ့ကို မောင်ပေါ်လွင်က စကားဘယ်လို လွှန်နေလို့လဲ"

"ကျွန်တော့်ကို စီရင်ချက်ချပြီး အယူခံဦးမလားလို့ မေးတော့ ကျွန်တော်က မခံတော့ဘူးလို့ ပြောလိုက်တယ် ဦးလေးရဲ့"

"ခံပါဦးလားကွယ်။ တကယ်လို့ အထက်အစိုးရက သနားရင်"

(စကားမဆုံးမီ) .... "မထူးတော့ပါဘူး ဦးလေးရယ်၊ ကျွန်တော်ဟာ လောကကြီးမှာ နေဖို့လည်း မတော်ဘူး နေလည်း နေချင်စိတ် မရှိတော့ဘူး။ သေဖို့ စိတ်နှလုံးကို ဒုန်းဒုန်းချပြီးပါပြီ၊ ဒီတော့ ကျွန်တော်အယူမခံတော့ဆိုတဲ့ အကြောင်းလည်း သူသိရော အလောင်းကို သူသင်္ဂြိုဟ်ပါရစေလို့ တောင်းပန်တော့ ကျွန်တော်က သဘောတူလိုက်ရတယ်၊ 'ဒီယုန်မြင်လို့ ဒီချုံထွင်' တာပေါ့ ဦးလေးရယ်"

"ဒီတော့ ... ဦးလေးကို ဘယ်လို လုပ်စေချင်သလဲ"

"ကျွန်တော့် စကားကလည်း သူ့အပေါ် လွန်နေပြီကိုး ဦးလေးရဲ့။ ဒီတော့ ကျွန်တော့် အလောင်းကို သူ ရတောင် ဒီကြောင်မျက်လုံး သူ့လက်ထဲ မရောက်အောင် ဦးလေးက ဆောင်ရွက်ပေးစေချင်ပါတယ် ဦးလေးရယ်"

"မင့်အလောင်း သူ့လက်ထဲမအပ်ခင် အမြုတေကို ဦးလေးက ထုတ်ယူထားလိုက်စေချင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ် ဦးလေးရယ် ... ဒီအတိုင်းပါပဲ ... ဟော ဦးလေးကို ခေါ်ရအောင် ထောင်ပြတာ လာနေပြီ၊ ပြီးတော့ မှာခဲ့ပါရစေလို့ ဦးလေးရယ်၊ ဦးလေးထောင်က လွတ်သွားတဲ့အခါမှာလည်း ကျွန်တော်အတွက် သပိတ်သွတ်ပြီး အမျှအတမ်း ဝေပါနော်"

"စိတ်ချပါ မောင်ပေါ်လွင် ဒီအတွက်တော့ ဦးလေးတာဝန်ထားပါ။ ကိုင်း ... စိတ်ချပေတော့၊ ဒီအမြုတေ သူ့လက်ထဲ မရောက်အောင် ဦးလေး ကြည့်ပြီး စီမံလိုက်မယ်"

ထိုအချိန်၌ ကျွန်ုပ်တို့အနီးသို့ ထောင်ပြတာ ရောက်လာပြီဖြစ်၍ ကျွန်ုပ်လည်း မောင်ပေါ်လွင်အား နှုတ်ဆက်ပြီးနောက် လူချင်းခွဲ ကြလေ၏။

*

http://www.cherrythitsar.org


နောက်တစ်ရက်မျှ ကြာသောအခါ မောင်ပေါ်လွင်သည် ကြိုးစင်သို့ ရဲဝံ့စွာ တက်၍ အသေခံသွားလေ၏။

မောင်ပေါ်လွင်ကား ... သေကာနီးတွင် နောင်တ တရားကောင်းစွာရ သွား၏။ သူ၏ဆရာ သောင်းကြိုင် ဆိုသူသည် သူမှာထားခဲ့သည့်အတိုင်း မောင်ပေါ်လွင်၏ အလောင်းကို လာရောက် တောင်းဆိုတော့၏။ သို့သော် ... ကျွန်ုပ်အကြံက ဦးခဲ့လေပြီ။

မောင်ပေါ်လွင်အား ကြိုးမပေးမီညက ကျွန်ုပ်သည် နှစ်ကြီးသမား 'ဖိုးကြုတ်' ဆိုသူနှင့် မောင်ပေါ်လွင်၏ လက်ဝဲဘက် မျက်လုံးကိုရအောင် လျှို့ ဝှက်စွာ ကြိုတင်၍ ကြံစည်ရတော့၏။ ကြိုးပေးပြီး အလောင်းများကို ကြိုးစင် ၏အောက် လိုဏ်ခေါင်းကလေးအတွင်းသို့ ဝင်၍ လက်တွန်းလှည်း ကလေး ဖြင့် ထုံးစံအတိုင်း ကောက်ယူရ၏။ ဖိုးကြုတ်မှာ ထိုအလုပ်ကို လုပ်ရသူ ဖြစ်၍ ကျွန်ုပ်လည်း ဖိုးကြုတ်အား ငွေ ၁ဝိ ပေးရလေသည်။ ဖိုးကြုတ်ကား အမြဲတော ၏ တန်ဖိုးကို နားလည်သူ မဟုတ်ပေ။

လူကောင်ကို ထုတ်ယူလာပြီးနောက် ဆရာဝန်က သေကြောင်း စမ်း သပ်ပြီးသောအခါ အလောင်းကို ခေါင်းထဲသို့ ထည့်ရန် ထောင်သားများအား လွှဲအပ်လိုက်၏။ ထိုအခါ ဖိုးကြုတ်သည် အခြားထောင်သားတစ်ယောက်၏ အကူအညီဖြင့် အလောင်းကို ခေါင်းထဲသို့ထည့်ရလေရာ သူသည် စည်ပတ် သံချောင်းကို လုပ်ထားသော လက်လေးသစ်ခန့်ရှိ ဓားငယ်ကလေးဖြင့် မောင် ပေါ်လွင်၏အလောင်းမှ လက်ဝဲဘက် မျက်လုံးကို ကော်ထုတ်ပြီးလျှင် ခါးပိုက် ထောင်ထဲတွင် ထည့်၍ယူခဲ့၏။ ထို့နောက်မှ ရေဖြင့် ဆေးကြောပြီးလျှင် ကျွန်ုပ် အား ပေးအပ်လေသည်။

အမြဲတောကလေးမှာ ဇီးစေ့ခန့်ရှိ၍ အလယ်၌ အရည်ကြည်ရှိပြီးလျှင် ကန့်လန့်ဖြတ် အဖြူစင်းကလေးတစ်ခုလည်း ရှိလေသည်။ ကျွန်ုပ်မှာ သေခါနီး မှာကြားသော လူတစ်ယောက်၏ အလိုဆန္ဒကို ဖြည့်လိုက်ရသဖြင့် ကောင်းစွာ ကျေနပ်လျက်ရှိတော့၏။ ဤအမြဲတောသာ တခြားသူတစ်ယောက်၏ လက် ထဲသို့ ရောက်သွားက ထိုသူသည် မိမိကဲ့သို့ မကောင်းမှုဒုစရိုက်များကို ပြုလုပ် တော့မည် ဖြစ်၍ မိမိပါ ပယောဂမကင်းရှိပေတော့မည်ဟူသော မောင်ပေါ်လွင် ၏ နောက်ဆုံးစကားများကား အဖိုးတန်လှပေ၏။ ထိုစကားများကို ကျွန်ုပ် သည် ယခုတိုင်ကြားယောင်လျက်ရှိသေး၏။

ကြိုးပေးခံရသူပေါင်း များစွာတွေ့ခဲ့ဖူးသည့်အနက် မောင်ပေါ်လွင် ကဲ့သို့ သေခါနီးတွင် နောင်တတရားရသွားသူများ ရှားပါးလှ၏။ မောင်ပေါ်လွင် မှာ နဂိုဇာတိအားဖြင့် လူကောင်းတစ်ယောက်ဖြစ်ပါလျက် အမှတ်မထင်

http://www.cherrythitsar.org



'ကြောင်အမြုတေ' ကိုရခဲ့သောကြောင့် ခိုးချင်ဝှက်ချင်စိတ်များပေါ်ပေါက်ခဲ့၏။ ဤအထဲတွင် လူဆိုးဂိုဏ်းနှင့် ပေါင်းမိသောအခါ ... နှစ်ပေါင်းများစွာ ကွဲကွာ၍နေသော မိခင်အရင်းကိုပင် သတ်မိသည်အထိ မှားယွင်းခဲ့လေသည်။ သို့သော် သေခါနီးတွင် နောင်တတရား ရခဲ့သည့်ပြင် သူပြောခဲ့သော စကားများသည်လည်း အဖိုးတန်လှ၍ ကျွန်ုပ်ချီးကျူးမိ၏။

သို့နှင့် ကျွန်ုပ်လည်း တစ်ညတွင် ထောင်အတွင်း လုံခြုံသော နေရာတစ်ခု၌ တွင်းတစ်တွင်း ခပ်နက်နက် တူးပြီးလျှင် မောင်ပေါ်လွင်၏ လက်ဝဲဘက်မျက်လုံးဖြစ်သော ကြောင်အမြုတေကလေးကို အစတုံးမြှုပ်နှံလိုက်လေသတည်း။

◆

# တစ်ကျွန်းပြန် ဦးဘိုးထော်

ကျွန်ုပ်သည် မွေးဖွားရာဇာတိဖြစ်သော ရွှေဘိုနယ်၊ မန်ကျည်းတုံရွာကို စွန့်ခွာ၍ အောက်ပြည်အောက်ရွာသို့ လွင့်ခဲ့သည်မှာ ၃ နှစ် ၃ မိုးမျှ ကြာခဲ့လေပြီ။ ထို့နောက် ပြည်ဒိစတြိတ် 'ထန်းပေါက်' ရွာ၌ အခါလည်ကျော်ကျော်မျှ သောင်တင်ပြီးလျှင် လယ်ပိုင်ရှင် ဦးမြတ်သူအိမ်တွင် သူရင်းငှား( စာရင်းငှား) အဖြစ် လုပ်ကိုင်လျက်ရှိ၏။ ထန်းပေါက်ရွာကလေးမှာ အိမ်ခြေ ၇၀ ခန့်မျှသာ ရှိသော်လည်း ရွာဦးတွင် ဘုန်းကြီးကျောင်းနှင့် ဇရပ်တစ်ဆောင်တို့သည် လည်းကောင်း၊ ရေကန်နှင့် ရွာပြင်ရှိ ရေတွင်းတစ်တွင်းသည် လည်းကောင်း၊ ရွာအရှေ့ဘက်နှင့် တောင်ဘက်တွင် ထန်းပင်အုပ်နှင့် လယ်ကွင်းကြီးများသည် လည်းကောင်း ရွာ၏ကျက်သရေကို ဆောင်လျက်ရှိ၏။ ညနေစောင်းနေသာသော အချိန်များ၌ ရွာရှိ မိန်းမပျိုများသည် တောဓလေ့အတိုင်း လှပစွာဝတ်ဆင်ကာ ရေတွင်းမှရေများကို တပျော်တပါး ခပ်ကြကုန်လျက်ရှိရာ ထန်းပင်အောက်၌ လည်း ကာလသားလူငယ်များသည် ၃ ယောက်တစ်တွဲ၊ ၄ ယောက် တစ်တွဲ ထန်းရည်များကို သောက်သုံးလျက်ရှိကြကုန်၏။ ဤသို့ဖြင့် ကျွန်ုပ်တို့ ရွာကလေးမှာ သာယာလှပါပေသည်။

လယ်ပိုင်ရှင် ဦးမြတ်သူမှာ အသက် ၄၀ ကျော်တွင် ဇနီးဆုံးခဲ့သဖြင့် မုဆိုးဖိုတစ်ယောက်ဖြစ်သော်လည်း နောက်ထပ် အိမ်ထောင်မဆက်တော့ဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိရာ ကျွန်ုပ်ကလည်း သာမန်စာရင်းငှားတစ်ယောက်

http://www.cherrythitsar.org



မျှသာမကဘဲ ဖခင်တစ်ယောက်ကဲ့သို့ ပြုစု၏။ သို့ဖြစ်၍ ဦးမြတ်သူမှာ စိတ်ချမ်းမြေ့စွာ နေထိုင်ပြီးလျှင် ကျွန်ပ်အား သားရင်းတမျှ ချစ်ခင်ခဲ့၏။ အကယ်၍ ကျွန်ုပ်အိမ်ထောင်ပြုခဲ့သော် နွား ငါးကောင်ရှိသည့်အနက် ကျွန်ုပ်ကြိုက်သော နွားတစ်ရှဉ်း လက်ဖွဲ့မည့်အကြောင်းကိုလည်း ပြောထား၏။

ရွာခံကာလသားများနှင့် အပေါင်းအသင်း ဖြစ်ပြီးနောက် အတော်အတန် လူရည်လည်၍ လာခဲ့ရာ ဒုတိယနှစ်သို့ရောက်သောအခါ ကျွန်ုပ်နေထိုင်သော အိမ်နှင့် သုံးလေးအိမ်ခြားတွင်နေသော ဆယ်အိမ်ခေါင်း ဦးဘိုးချို၏သမီး မလတ်ဆိုသူကို ပိုးပန်းလျက်ရှိနေခဲ့၏။ ဦးဘိုးချိုမှာ လူ ၅၀ စိုက်လယ်တစ်ခင်းနှင့် နွားသုံးရှဉ်းပိုင်ဖြစ်ပြီးလျှင် ပစ္စည်းဥစ္စာအတန်ရှိ၍ ရွာထဲ၌လည်း ဩဇာတိက္ကမနှင့် ပြည့်စုံသူဖြစ်၏။ မလတ်မှာ ရုပ်ရည်ချောမောသူတစ်ယောက်ဖြစ်၍ အလှူအတန်းများတွင် 'ကွမ်းတောင်ကိုင်' နေရာ၌နေရသူဖြစ်လေသည်။ မျက်လုံး၊ မျက်ခုံး ကောင်းလျက် အသားအရေ ဖြူဝင်းချောမွေ့ပြီးလျှင် ဟန်ပန်အမူအရာအားဖြင့်လည်း ယဉ်ကျေးသိမ်မွေ့သူတစ်ယောက်ဖြစ်ပေရာ မလတ်၏သတင်းမှာ ကျွန်ုပ်တို့ ရွာတွင်သာမက ရွာနီးချုပ်စပ်၌ပင် ကျော်ကြားလျက်လာရောက် ပိုးပန်းသူများလည်း မရှားပေ။

ယင်းကဲ့သို့ မလတ်အား ပိုးပန်းကြသူများအနက် ကျွန်ုပ်နှင့် ထွန်းကိုင်ဆိုသူမှာ ဖွဲနဘဲအကြီးဆုံးဖြစ်ရာ မလတ်သည် ထွန်းကိုင်ထက် ကျွန်ုပ်ကိုပို၍ မျက်နှာသာပေးခဲ့လေသည်။ ထွန်းကိုင်မှာ အရုပ်ပုသော်လည်း တုတ်ခိုင်၍မျက်နှာခပ်ပြားပြားရှိ၏။ ရွာသို့ ကျွန်ုပ်မရောက်မီက ဖုံးမသိမ်ရွာမှ လူတစ်ယောက်နှင့်ရန်ဖြစ်ရာတွင် ထိုသူက ဓားနှင့် ခုတ်သောကြောင့် ထွန်းကိုင်မှာလက်ဝဲဘက်လက် သန်းကလေးတစ်ချောင်းပြတ်သွား၏။ ရွာထဲတွင် ထွန်းကိုင် နှစ်ယောက်ရှိသဖြင့် ကွဲပြားစေရန် ၎င်းအား သူငယ်ချင်းများက 'လက်ပြတ် ထွန်းကိုင်' ဟု အမည်ပေးထားလေသည်။ ကျွန်ုပ်မှာ အရုပ်မြင့်၍ ခြေတံလက်တံ ကောင်း၏။ ထွန်းကိုင်၏ဖခင်မှာ မြေပိုင်ရှင်တစ်ဦးဖြစ်၍ တစ်နှစ်လျှင်စပါး ၁၀၀၀ ခန့် ရရှိသူတစ်ယောက်ဖြစ်ပေရာ ထွန်းကိုင်မှာ အလုပ်အကိုင်ဟူ၍မည်မည်ရရမရှိဘဲ ဖခင်အား ကူညီသည်ဆိုသော်လည်း ကျိုးကျိုးနွံနွံ မရှိဘဲရွာထဲ၌ လည်ပတ်ကာ ပေါ်ကြော့နေထိုင်သူတစ်ယောက် ဖြစ်လေသည်။

ပူအိုက်သောနွေရာသီ ညနေစောင်းအချိန်များ၌ မလတ်သည် ပါးလွှာသော ပုဒုမ္မာအင်္ကျီကိုဝတ်ကာ မြို့မှဝယ်လာသော သရက်ထည် အဆင်ဆန်းကလေးများနှင့် ရေခပ်ဆင်းလာသောအခါ ရွာသူရွာသားများ ငေးမောကြည့်ရှုလောက်အောင်ပင် လှပါပေ၏။ ကာလသားများကို မဆိုထားဘိဦး ရွာရှိမိန်းမပျို အချင်းချင်းပင် မလတ်၏ ဝတ်ပုံ စားပုံကိုလည်းကောင်း၊ ဟန်အမူ

http://www.cherrythitsar.org


အရာကိုလည်းကောင်း အတုယူကြ၏။ ဆံထုံး၌ စိုက်ထားသော ရွှေဘီးကလေး သည် မလတ်၏ ဝါဝင်းသော အသားနှင့်လည်းကောင်း၊ ရွှေလည်တံ့ကလေး မှာ ကြော့ရှင်းသော လည်တံဖြင့် လည်းကောင်း များးစွာ ပနံရလှပေသည်။

တစ်နေ့၌ ကျွန်ုပ်သည် ထင်းတောမှ ထင်းတိုက်၍ အပြန်တွင် ရေခပ် ရန်လာသော မလတ်နှင့် တောစပ်ကလေးတစ်ခုအနီးတွင် တွေ့ဆုံမိသဖြင့် ကျွန်ုပ်ကလှည်းပေါ်မှ ဆင်းပြီးလျှင် စကားစ,၍ ပြောရာ မလတ်သည် ကျွန်ုပ်၏ စကားများကို လက်ခံလျက်ရှိလေ၏။ ပထမတွင် မလတ်က အသက်အရွယ် အားဖြင့် အလွန်ငယ်သေးသောကြောင့် အိမ်ထောင်ရေးကို စိတ်မကူးဝံ့သေး ကြောင်းဖြင့် ခုခံလျက်ရှိသော်လည်း ကျွန်ုပ်က မလတ်မှာ ပျားပိတုန်းများ အလယ်တွင် ရှိနေသော နှင်းဆီပွင့်ကလေးကဲ့သို့ မေတ္တာကို ပဓာနမထားဘဲ ဝတ်ရည်ကိုသာ သောက်သုံးလိုသော အခြားပျားများ လက်သို့ ပါ၍သွားမည် ကို စိုးရိမ်ကြောင်း၊ အသက် ၁၈ နှစ်ဆိုသည်မှာ စဉ်းစား နှိုင်းချိန်နိုင်လောက် သော အရွယ်ဖြစ်သဖြင့် မလတ်ကဲ့သို့ လိမ္မာရေးခြားရှိသော မိန်းကလေးတစ် ယောက်အတွက် ငယ်သေးသည်ဟု မဆိုနိုင်ကြောင်း၊ မိမိပြောဆိုသည်မှာလည်း အပေါ်ယံ နှုတ်ဖြင့် ပြောဆိုခြင်းမျှသာမဟုတ်ဘဲ ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲ ပြောဆိုခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြောဆိုရန် အခါကောင်း အခွင့်ကောင်းကို စောင့်ဆိုင်းနေခဲ့သည်မှာ တစ်နှစ်နီးပါးမျှ ရှိပြီဖြစ်၍ တစ်စုံတစ်ရာ သွယ်ဝိုက်ခြင်း မရှိဘဲ မိမိအလိုဆန္ဒကို 'တဲ့တိုး' ပြောလိုက်သည့်အတွက် ခွင့်လွှတ်ပါမည့် အကြောင်းဖြင့် ပြောလိုက်လေသည်။

"ကျွန်မ စိတ်မဆိုးတတ်ပါဘူး။ မောင်ကြီး ကိုဘိုးထော် ..."

"ကောင်းပါလေရဲ့ဗျာ ... ကျုပ်ဖြင့် ပြောသာပြောရ ... ဝမ်းထဲမှာ တုန်နေတာပဲ။ ဘယ်မိန်းကလေးကိုမှ တစ်ခါမှလည်း ဒီလိုမပြောဖူးဘူး"

"အဟုတ်ပဲလား ကိုဘိုးထော်ရဲ့"

"အဟုတ်ပါပဲ မလတ်ရယ်၊ မတော်လို့များ မလတ်က မတူဘူး ... မတန်ဘူးလို့များ ပြောလေမလားလို့ ရင်ထဲမှာ တုန်နေတာပေါ့။ ပြီးတော့ ... ကျုပ်တို့က သူများအိမ်မှာ အလုပ်လုပ်နေရတဲ့ စာရင်းငှား မဟုတ်လား"

"လောကမှာ မတူမတန်ဘူးဆိုတာတော့ မရှိပါဘူး ... ကိုဘိုးထော် ရယ်၊ ပြီးတော့ ကိုဘိုးထော်ကလည်း နူနေတာမှ မဟုတ်ဘဲ၊ မလတ်က ဆင်းရဲ တယ်၊ ချမ်းသာတယ် ဒီလိုအဆင့်အတန်း မခွဲတတ်ပါဘူး"

"ဒီလိုကြားရတာ ဝမ်းသာလိုက်တာ မလတ်ရယ် ..."

"ဩော် ... ဒါထက် ကျွန်မကို နှင်းဆီပွင့်ကလေးနဲ့ နှိုင်းတာ ကျွန်မက နှင်းဆီပွင့်ကလေးလို လှလို့လား ..."

http://www.cherrythitsar.org


"နှင်းဆီပွင့်ထက်တောင် လှသေးတယ်။ ဒါကြောင့် ပျားကောင်တွေ ဝိုင်းအုံနေတာပေါ့၊ ဒီအထဲက အတောင်မစုံတဲ့ပျားကို သာပြီး စိတ်မချရသေးတယ်"

မလတ်သည် တစ်စုံတစ်ခုကို အတန်ကြာ စဉ်းစားပြီးနောက် စဉ်းစားရသည့် ဟန်ဖြင့် ပြုံးလျက် .... "လက်ပြတ်ထွန်းကိုင်ကို ပြောနေတာလား၊ ဒီလိုလူမျိုး ကျွန်မ စိတ်ကူးထဲတောင် မထည့်ဘူး ဦးဘိုးထော်ရေ့ ...၊ ယုံတော့ တစ်နေ့ကတောင် ရေတွင်းရေခပ်နေတုန်း ယီးတီးယားတား ရှိသဲ့သဲ့ လာပြောလို့ ခွေးဆိုသလို ဆို လွှတ်လိုက်ရတယ်"

"ဒီလိုလည်း ခါးခါးသီးသီး မပြောနဲ့လေ၊ ဒီအကောင်က မိုက်တိမိုက်ကန်း လုပ်တတ်တယ် မဟုတ်လား"

"မကြောက်ပါဘူး မောင်ကြီး ကိုဘိုးထော်ရယ်"

"သတ္တိကောင်းတဲ့ အကောင်တော့ ... မဟုတ်ပါဘူး၊ နို့ပေမဲ့ ... ညစ်ကျယ်ကျယ်နဲ့၊ ဒါထက် ... မောင်ကြီးမေးတာ ဘယ်နှယ့်လဲ၊ မောင်ကြီးကို မေတ္တာမျှနိုင်မယ် မဟုတ်လား ... ဟင်"

"အရိပ်အကဲကြည့်ရင် သိလောက်ပါပြီ မောင်ကြီးရယ်။ နှုတ်က ဖွင့်ပြောဖို့ မလိုပါဘူး။ ဒီတော့ ကျွန်မနောက်ဆုံး ပြောချင်တာက ကျွန်မကို မောင်ကြီး တကယ်မေတ္တာရှိရင် အဖေကြီးဆီမှာ လူကြီးစုံရာနဲ့ လာပြီးတောင်းပါ။ အဲဒီလို မိသား၊ ဖသား ပီတဲ့ နည်းအတိုင်း ဆောင်ရွက်စေချင်ပါတယ်။ အဖေကြီးကလည်း သဘောမတူစရာ အကြောင်းမရှိပါဘူး။ ဦးမြတ်သူနဲ့ အဖေနဲ့ လည်း အင်မတန် ခင်ကြတာပဲ"

သို့ပြောဆိုလျက်ရှိစဉ် ရွာတံခါးဆီမှ မိန်းကလေး သုံးလေးယောက် လာနေသည်ကို မြင်ရသဖြင့် ကျွန်ုပ်လည်း လူချင်းခွဲလိုက်ရ၏။

ကျွန်ုပ်သည် ဘွင်းဘွင်းပြောတတ်သည့်အတိုင်း မကြာမီပင် ဤအကြောင်းများကို ကျွန်ုပ်အား မွေးစားသားတစ်မျှ ချစ်ခင်၍နေသော ကျွန်ုပ်၏ စာရင်းဒိုင် ဦးမြတ်သူအား ပြောပြရာ၊ ဦးမြတ်သူကလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူလေသည်။

သို့နှင့် အချိန်များစွာ မကုန်စေဘဲ တစ်နေ့တွင် ဦးမြတ်သူသည် ရွာထဲမှ ဩဇာရှိသူလူကြီး သုံးလေးဦးအား ခေါ်ပြီးလျှင် မလတ်၏ဖခင် ဦးဘိုးချို့ထံ သွားရောက်စေ့စပ်ကြောင်းလမ်းရာ ဦးဘိုးချို့ကလည်း သဘောတူလက်ခံလေသည်။

ဦးမြတ်သူက မိမိ၏မွေးစားသား မောင်ဘိုးထော်၏ ထိမ်းမြားမင်္ဂလာကို မိုးမကျမီ ကဆုန်လလောက်တွင် ပြီးမြောက်စေလိုကြောင်း၊ ပရိသတ်အား

http://www.cherrythitsar.org



ဧည့်ခံကျွေးမွေးရန်ကိစ္စကို မိမိက လုံးဝတာဝန်ယူပါမည့်အကြောင်းနှင့် လူကြီး များရှေ့၌ ဝန်ခံကတိပေးလေသည်။

ဤသို့ဖြင့် ထိုနှစ်က ကဆုန်လ လဆန်းရက်တွင် ကျွန်ုပ်နှင့်မလတ်တို့သည် မင်္ဂလာဆောင်နှင်းကြလေသည်။

မင်္ဂလာဆောင်အခမ်းအနားကို မလတ်၏ဖခင် ဦးဘိုးချို အိမ်ရှေ့၌ ကနားဖျင်းထိုးပြီးလျှင် မြို့မှမှာထားဝယ်ယူသော ကိတ်မုန့်များ၊ ကော်ဖီများဖြင့် တိုက်ကျွေးဧည့်ခံ၏။ ရွာထိပ်ဘုန်းကြီးကျောင်းမှ သံဃာတော်ဆယ်ပါးပင့်ဖိတ်၍ ကြက်၊ ဝက် ဟင်းလျာများဖြင့် မင်္ဂလာဆွမ်းကျွေး၏။

မင်္ဂလာအခမ်းအနားတွင် ကျွန်တော်၏စာရင်းဒိုင် ဦးမြတ်သူက ကျွန် တော်၏ ဖခင်အဖြစ် ဆောင်ရွက်လျက် ရွာတွင် သက်ကြီးဝါကြီးတစ်ဦးဖြစ်သော ဘကြီးစိုးက ကျွန်တော်တို့ ဇနီးမောင်နှံအား ပစ္စည်းဥစ္စာ ရတနာရွှေငွေ တိုးတက်လျက် အသက်ရာကျော်ရှည်ရန် ဆုမွန်များ ပေးပြီးနောက် လင့်ဝတ်ငါးပါး၊ မယားဝတ်ငါးပါးတို့ကို အကျယ်တဝင့်ဟောကာ ဆုံးမစကား ပြောကြားလေသည်။

မလတ်၏ဖခင် ဦးဖိုးချို ငွေသုံးရာ၊ နွားတစ်ရှဉ်းနှင့် ၁၀ယောက်စိုက် လယ်တစ်ကွက်ကို လက်ဖွဲ့၏။ ကျွန်တော်၏ မွေးစားဖခင် ဦးမြတ်သူက လူ ငါးယောက်စိုက် လယ်တစ်ကွက်၊ နွားတစ်ရှဉ်းနှင့် ကျွန်တော်စုဆောင်းထားသော ငွေတစ်ရာလက်ဖွဲ့၏။ ဤမျှလောက် လက်ဖွဲ့ပစ္စည်းရသော မင်္ဂလာဆောင်မှာ ကျွန်ုပ်တို့ရွာ၌ ရှားပါးလှ၏။ မိတ်ဆွေသင်္ဂဟများက စုဆောင်းလက်ဖွဲ့ကြသည်မှာ ၅ဝိ ကျော်ကျော်မျှ ရရှိသေး၏။ ကာလသားခေါင်းဆောင် ကိုဘိုးထိန် ဦးစီးသော အဖွဲ့သားများအား သောက်စားပျော်ပါးရန် ရွာခလေ့အတိုင်း ငွေ ၂ဝိ ပေးရ၏။ ဤသို့လျှင် ကျွန်ုပ်နှင့် မလတ်တို့ အခမ်းအနားကား ချောမောစွာ အောင်မြင်ခဲ့လေသည်။

*

ကျွန်ုပ်မှာ ဦးမြတ်သူအလုပ်ကို ဆက်လက် မလုပ်နိုင်တော့ဘဲ၊ မလတ်တို့ အိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ကျွန်ုပ် ပိုင်နွား နှစ်ရှဉ်းအနက် တစ်ရှဉ်းကို အိမ်နီးချင်း တစ်ဦးအား မိုးမကျမီအတွင်း ခိုင်းစားရန် စပါး ၂၅ တင်းဖြင့် အငှားချထားလိုက်၏။ လက်ဖွဲ့၍ရရှိသော ငွေလေးငါးရာခန့်ကိုလည်း ‘စပါးပေး’ ဖြင့် လည်းကောင်း ယုံကြည်စိတ်ချရသူများအား ချေးငှား၏။

ဤအချိန်အတွင်း ကျွန်ုပ်သည် ‘ဆင်မြီးဆွဲ’ ရွာဈေးသို့ လည်းကောင်း၊ တစ်ခါတစ်ရံ ပြည်မြို့ဈေးကြီးသို့ လည်းကောင်း အကြောင်းကိစ္စဖြင့် ရောက်ခဲ့ရာ ထိုအခါများတွင် မလတ်အတွက် မြို့သူများ ဝတ်စားလေ့ရှိသည့်

အဝတ်အထည်များကို ဝယ်ခဲ့၏။ ယင်းကဲ့သို့ ကျွန်ုပ် ဝယ်ခြမ်းပေးသော အထည်များကို မလတ်သည် အလွန်နှစ်သက်၍ အမြတ်တနိုး ဝတ်ရှာ၏။

ယခင်က ကျွန်ုပ်သည် ပျင်းရိသောအခါများ၌ ညနေချမ်းများတွင် အရှေ့ဘက် ရွာတံခါးအနီး ဦးဘိုးထွန်းကြီး၏ ထန်းရည်ဆိုင်သို့ မိတ်ဆွေ သူငယ်ချင်းအပေါင်းအသင်းများနှင့် သွားရောက်ကာ ထန်းရည်သောက်လေ့ရှိ ၏။ ရှေးဟောင်းနှောင်းဖြစ်များကို ပြောရင်း အချိန်ကုန်စေ၏။ သို့သော် မလတ် နှင့် လက်ထပ်ပြီး၍ အိမ်ထောင်သည်ဘဝသို့ ရောက်သောအခါ၌ကား သံယော ဇဉ်နှောင်ကြိုးက တင်းသဖြင့် စိတ်တစ်မျိုးပြောင်းလဲကာ တစ်ခါတစ်ရံမှသာ သွားရောက်တော့၏။ သွားရောက်သည့်အခါများ၌လည်း ယခင်ကကဲ့သို့ ပျော် ပျော်ရွှင်ရွှင် မရှိလှတော့ဘဲ ရှေ့အဖို့တွင် နေရေး၊ ထိုင်ရေးနှင့်တကွ စီးပွားရေးကို သာ အမြဲတစေ ကြံစည်စိတ်ကူး၍ နေမိ၏။ မလတ်အား ရွှေ ငွေ လက်ဝတ် တန်ဆာမှစ၍ အခြားမိန်းကလေးများထက် ပိုမိုပြင်ဆင်ပေးလိုသော စိတ်များဖြစ် လာ၏။ သူ၏အလိုကိုလိုက်လို၏။ သူ၏ဆန္ဒကို ပြည့်ဝစေလို၏။ အခြားသူ များ စေ့စေ့ကြည့်သည်ကိုပင် မခံချင်စိတ်များ ဖြစ်လာ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ ဇနီးမောင်နှံမှာ အေးချမ်းသာယာစွာ နေထိုင်ခဲ့ ကြ၏။ ကျွန်ုပ်သည် ဦးမြတ်သူထံတွင် စာရင်းငှားမလုပ်သော်လည်း နေ့စဉ်လို ပင် သွားရောက်၍ ဝတ်ကြီးဝတ်ငယ်များကို ပြု၏။ ယောက္ခမကြီး လက်ဖွဲ့သော လူ ၁၀ ယောက်စိုက် လယ်ကွက်ကလေးကို နောက်ထပ် ၅ ယောက်စိုက် ဝယ်ယူတိုးချဲ့ကာ ၁၅ ယောက်စိုက်ကို ကိုယ်တိုင် ထွန်ယက်လုပ်ကိုင်လေ၏။ လယ်ကွင်းမှာလည်း ရွာနှင့်မဝေးလှသဖြင့် ‘လယ်တဲ’ ဟူ၍ သပ်သပ်မထိုးဘဲ အိမ်မှပင် ဆင်း၍လုပ်ကိုင်၏။

ပျိုးနှုတ်ကောက်စိုက်ချိန်တွင် မလတ်က ကူညီ၍ ထွန်ယက်လုပ်ကိုင် သည့် ကိစ္စများကို ကျွန်ုပ်တစ်ယောက်တည်း လုပ်ကိုင်ခဲ့ရာ တစ်မိုးလုံး အားလပ် ချိန်ဟူ မရှိလှဘဲ ထွန်တုံးဖြုတ်ပြီးနောက် နတ်တော်၊ ပြာသို ရိတ်သိမ်းချိန်အထိ ဖြစ်၏။ ထွက်စပါးများကို တလင်းတွင်နယ်၍ ကောင်းစွာ လှေ့ပြီးသော် မျိုး စပါးအတွက်လည်းကောင်း၊ ဝမ်းစာအတွက်လည်းကောင်း ‘စပါးစည်’ နှင့် ကျီများ၌ သိမ်းပြီးသော် ကျန်စပါးများကို ရောင်းချရ၏။ တစ်မိုးတွင်းလုံး နွား နှင့်အတူ ဖက်၍ ကုန်းရုန်း လုပ်ကိုင်ခဲ့သမျှကိုအတိုးချ၍ အမောဖြေမည့်မျှ မကြံ ရသေးမီ ထင်းဝါးများကို စုဆောင်းရခြင်း၊ အိမ်ကို အသစ်ပြင်ဆင်မိုးရခြင်း စသည်ဖြင့် တစ်မျိုးတစ်မည် အလုပ်ရှုပ်ရပြန်၏။ မည်သို့ပင်ဖြစ်စေ လက်ထဲ တွင် သုံးစွဲရန် ငွေကြေးအတော်အတန် ရှိသည်ဖြစ်၍ လူကြီးမိဘများအား ကန်တော့ခြင်း၊ ရွာဦးဘုန်းတော်ကြီးကျောင်း ကထိန်တွင် ကထိန် သင်္ကန်းများ

http://www.cherrythitsar.org


လှူဒါန်းခြင်း၊ ပွဲလမ်းသဘင်များကို ကြည့်ရှုကာ ပြည်မြို့ရွှေဆံ တော် ဘုရားကြီးပွဲတော်သို့ တန်ဆောင်မုန်းလပြည့်နေ့တွင် သွားရောက်ခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းလောင်းခြင်းစသော ဒါနကုသိုလ်များကို ပြုလုပ်၏။ ဤ ကဲ့သို့ မလတ်နှင့်တွဲကာ လည်ပတ်သွားရောက်သည်များကို ကျွန်ုပ်တစ်သက် တွင် မမေ့နိုင်အောင်ရှိတော့၏။

ကျွန်ုပ်တို့ ရွာမှာ အလွန်ပင် အေးချမ်းသာယာလျက် ရှိလေရာ ကျွန်ုပ် တို့ဇနီးမောင်နှံမှာ ညလည်း ဘုရားသွား ကျောင်းတက်၊ အလှူအတန်း၊ ရပ်ရေး ရွာရေးများ၌ပင် တပူးတွဲတွဲ ရှိနေခဲ့လေသည်။

ပူအိုက်သော တပေါင်းလ၏ နေ့တစ်နေ့ နေဝင်ရီတရော အချိန် လောက်၌ ကျွန်ုပ်သည် ဦးဘိုးထွန်းကြီး၏ ထန်းရည်ဆိုင်ဘေးရှိ သရက်ပင် ကလေးအောက်တွင် အဖော်မပါဘဲ တစ်ယောက်တည်း ထန်းရည် သောက် လျက်ရှိရာ ဆိုင်ရှေ့ ဝါးကွပ်ပျစ်ပေါ်တွင် ရွာထဲမှ စံမြနှင့် သူတော်တို့သည် ထန်းရေ နှစ်မြူမှူကုန်၍ အပြီးတွင် စကားကို ဖောင်လောက်အောင် ပြောလျက် ရှိကြလေ၏။ သစ်ပင်ရိပ်ကလေး ရှိနေသဖြင့် သူတို့နှစ်ယောက်စလုံး ကျွန်ုပ် အား မြင်ကြဟန်မတူပေ။

"ဟေ့ ... သူတော် ... မင့်မှာ ပိုက်ဆံပါရဲ့နော်"

"ပါပါတယ် သူငယ်ချင်းရာ ... ပါလို့ သောက်တာပေါ့၊ ငါ့စပါး ရိတ်ခထဲက ဒီကနေ့ ၅ ကုန်အောင်သုံးမယ်ဆိုပြီး ၅ တန် တစ်ချပ်ထည့်ယူခဲ့ပါ တယ်။ဒီကသောက်ပြီးရင် မော်ဇာကို ပွဲသွားကြည့်ကြမယ်။ နေပါဦး ... ပိုက်ဆံ အကြောင်း ဘာဖြစ်လို့ မင်းက မေးတာလဲ"

"အဘိုးကြီးက အရင် စိတ်မျိုး မဟုတ်တော့ဘူးကွယ့်၊ ဘယ်သူ့ကိုမှ လည်း ထန်းရည်ကို အကြွေးမရောင်းတော့ဘူး။ ကြည့်ပါလား၊ သူ့ကြည့်ရတာ မှုန်ကုပ်ကုပ်နဲ့၊ ဘယ်သူနဲ့မှလည်း စကားမပြောဘူး။ ခွေးခြေပေါ်ထိုင်ပြီး ဆေးတံ ကြီး ခဲနေတာပဲ"

"ဘာပြုလို့လဲ သူငယ်ချင်းရဲ့၊ အရင်က ဒီအဘိုးကြီး ဒီလို မဟုတ်ပါ ဘူး။ ဘယ်သူ့တွေ့တွေ့ ဖော်ဖော်ရွေရွေ နှုတ်ဆက်လိုက်၊ ရယ်မောလိုက်နဲ့ အင်မတန် သဘောကောင်းတဲ့ အဘိုးကြီးပဲ၊ ပိုက်ဆံမပါသေးဘူးဆိုရင်လည်း ပြီးတာပဲ"

"မင်း ဒီအကြောင်း မသိသေးဘဲကိုး၊ တို့ရွာက စိန်မြင့်ဆိုတဲ့ ကောင်မ လေး မိုးတွင်းတုန်းက ချောင်းထဲ ရေနစ်သေတာ ကြားလိုက်ရဲ့ မဟုတ်လား"

"ကြားတာပေါ့ သူငယ်ချင်းရ၊ တို့ ကြီးတော်တောင် မသာလိုက်ပို့ သေးတယ်၊ အဲဒါ ဘာဖြစ်လဲ"

http://www.cherrythitsar.org


"အမှန်ကတော့ ဒီကောင်မလေး ရေနစ်သေတာ မဟုတ်ဘူးကွယ့်၊ ပုလိပ်ကြားမှာစိုးလို့ ဖုံးဖိထားတာ၊ စိတ်ညစ်လို့ ရေနက်ထဲ ခုန်ချသေတာ"

"ဟော့ ... ဟုတ်လား၊ ငါဖြင့် မသိပါဘူးကွယ် ... နေပါဦး ... ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ"

"ဒီအရွယ် စိတ်ညစ်တယ်ဆိုတာ ဘာအကြောင်းရှိဦးမလဲ၊ ရည်စားကိစ္စပေါ့၊ တခြားလူ ဟုတ်ပါရိုးလားကွယ်၊ တို့ရွာက လက်ပြတ်ထွန်းကိုင်ပေါ့။ ကောင်မလေးကို လွန်လွန်ကျူးကျူးလုပ်ပြီးမှ သူက သဲကုန်းက မိန်းမတစ်ယောက်ကို ယူလိုက်တယ်လေ၊ ဒီတော့ ကောင်မလေးလည်း ဆွေမျိုးတွေ မျက်နှာ ပြဖို့ ရှက်ပြီး ထင်မိထင်ရာ လုပ်လိုက်တာပဲ။ အဲဒီကောင်မလေးက ဦးဘိုးထွန်းကြီး မြေးပေါ့ကွယ့်။ ကောင်မလေးက အဘိုးကြီးကို ဝတ်ကြီးဝတ်ငယ် အင်မတန် ပြုစုတာကွ၊ အဘိုးကြီးလည်း ကောင်မလေး သေပြီးကတည်းက အရင်ကလို ဖော်ဖော်ရွှေရွှေ မရှိတော့ဘူး။ စကားလည်း သိပ်မပြောတော့ဘူး၊ တစ်ယောက်တည်း မှိုင်နေတော့တာပဲ"

"စိတ်ကို အတော်ထိခိုက်သွားတာနဲ့တူတယ်။ နို့ ဘာမှ မလုပ်ကြဘူးလား"

"ဒါမျိုးက ... အခက်သားကလားကွယ်၊ တရားစွဲနိုင်တာမျိုးမှ မဟုတ်ဘဲ၊ ဒီအကောင်ကြောင့် ကိုယ့်ကိုယ်ကို ကိုယ်သတ်သေပါတယ်။ ဘယ်နှယ့်လုပ်ပြီး သက်သေပြမလဲ"

"အင်မတန် မိုက်ရိုင်းတဲ့ အကောင်ပဲ ... နမချင်းမှ မစာဘူး။ ကောင်မလေးက ချောကချောသနဲ့၊ ငါတစ်ခါ မြင်ဖူးပါတယ်။ ကိုယ်မယူနိုင်လည်း ဘာ လို့ သွားစရတာလဲ"

'ဒီဟာတွင် ဘယ်ကဦးမလဲ ... ဦးဘိုးချိုသမီး မလတ်လည်း သူ ယီးတီးယားတား လုပ်ခဲ့သေးတာပဲ"

"မင်းတို့ရွာက ကွမ်းတောင်ကိုင်မလတ်ဆိုတာလား"

"ဟုတ်တာပေါ့ ... အခုတော့ ယောကျ်ားရသွားပါပြီ"

"အေးလေ ... ငါ ကြားပါတယ်၊ အညာသားနဲ့ဆို မဟုတ်လား"

"ရွှေဘိုးသားဆိုထင်ပါရဲ့၊ ဦးမြတ်သူ အိမ်မှာ မနှစ်က သူရင်းငှားလုပ်ဖူးတဲ့ မောင်ဘိုးထော်ဆိုတဲ့ လူနဲ့ပေါ့ ... အညာသားဆိုပေမယ့် တော်ပါတယ်ကွယ် ... ရိုးပါတယ်။ ဖော်ဖော်ရွှေရွှေလည်း ရှိပါတယ်။ သောက်ဦးကွယ် ... သူငယ်ချင်း ... တစ်မြု ထပ်ယူဦးမယ်"

"တော်ပြီဟေ့ ... ဒီကနေ့ သိပ်လွန်လို့ မကောင်းဘူး"

http://www.cherrythitsar.org



ထို့နောက် ထန်းရည်များကို အနည်းငယ် ဆက်လက်သောက်ကြပြီးလျှင် စံမြင့်နှင့် သူတော်တို့သည် ထန်းတောမှ ဖြတ်၍ မြောက်ဘက်သို့ ထွက်သွားကြရာ နေဝင်ပြီဖြစ်၍ ကျွန်ုပ်လည်း ဦးဘိုးထွန်းကြီးအား ပိုက်ဆံများပေးပြီးလျှင် နှုတ်ဆက်၍ ထွက်ခဲ့၏။

*

တပေါင်းမှသည် တန်ခူးဘက်သို့ ကူးခဲ့၏။ တောရွာဓလေ့ ထုံးစံသင်္ကြန်ရက်နီးကပ်လာပြီဖြစ်သဖြင့် ရွာဦးကျောင်း ဘုန်းတော်ကြီးနှင့်တကွ ရွာထဲမှ သက်ကြီးဝါကြီးပုဂ္ဂိုလ်များအား ကန်တော့ရန် အသီးသီး ပြင်ဆင်လျက်ရှိကြ၏။ အိုးစည်နှင့် ဒိုးပတ်ဝိုင်းသားများကလည်း ကာလသားခေါင်းအိမ် ရွာသူကြီးအိမ် စသည်တို့၌ သီချင်းများတိုက်ခြင်း၊ တီးဝိုင်းများ တိုက်ခြင်းတို့ကို ပြုလုပ်ကြ၏။ မကြာမီ ကျရောက်မည့် 'သင်္ကြန်ကြို့ပွဲ' အတွက် ယောက်ျားမိန်းမ မကျန် တစ်ရွာလုံး စိတ်အားထက်သန်လျက် ရှိကြကုန်၏။

သင်္ကြန်မကျမီ ၄–၅ ရက်ခန့်က ကျွန်ုပ်သည် ရပ်ရွာကိစ္စတစ်ခုအတွက် 'ဆင်မြီးဆွဲ' ရွာကြီးသို့ သွားရောက်၍ ညနေစာပို့ရထားနှင့် ပြန်လာရာ ဘူတာမှ ရွာသို့ လှည်းကြုံမတွေ့သဖြင့် ခြေလျင်လျှောက်၍ လာခဲ့ရရာ ရွာသို့ ၅ နာရီထိုးပြီးမှ ရောက်လာ၏။ ထမင်းကလည်း ဆာ၊ ခရီးပန်း၍လည်း လာသဖြင့် မလတ်ချက်ပြုတ်ထားသော ထမင်းဟင်းများကို မြိန်မြိန်ကြီး စားလိုက်မည်ဟု အားခဲ၍လာခဲ့၏။

အိမ်တံခါးမှာ စေ့ရုံသာစေ့ထားသော်လည်း လူသံ၊ သူသံ ဟူ၍ မကြားရဘဲ တိတ်ဆိတ်လျက်ရှိနေ၏။ ထိုနေ့က မလတ်၏ ဖခင် ဦးဘချိုမှာ ခရီးထွက်နေသဖြင့် အိမ်တွင် မလတ်တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ အခါတိုင်း၌မူ မလတ်သည် ကျွန်ုပ် ပြန်ရောက်မည့်အချိန်များ၌ အိမ်ရှေ့တွင် စောင့်မျှော်နေလေ့ရှိ၏။

သို့နှင့် ကျွန်ုပ်လည်း စေ့၍ထားသော တံခါးကို ဖြည်းညင်းစွာ တွန်း၍ ဝင်ခဲ့၏။ အတွင်းသို့ ရောက်သောအခါ ကျွန်ုပ်တို့ အိမ်ခန်းဆီမှ ကြိတ်၍ ငိုသံကဲ့သို့ အသံတစ်သံကြားရသဖြင့် ကျွန်ုပ်လည်း မလတ်၏နာမည်ကို ခေါ်ပြီးလျှင် အခန်းဆီသို့လာခဲ့ရာ၊ အိပ်ရာခေါင်းအုံးပေါ်တွင် ခပ်စောင်းစောင်းမှောက်လျက် တရှုပ်ရှုပ်ငိုနေသော မလတ်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ အံ့ဩခြင်းမက အံ့ဩကာ ....

"မလတ် ... ဘာဖြစ်တာလဲ မလတ်ရယ် ... ဒီမှာ မောင်ကြီးကို ပြောစမ်းပါဦး မလတ်ရယ်" ဟု ပွေ့ဖက်မေးမိလေ၏။

"သိပ်ရှက်စရာ ကောင်းတာပဲ ကိုဘိုးထော်ရယ် ... ဟို ..."

http://www.cherrythitsar.org


စကားမဆုံးမီ ....

"ဘာလဲ မလတ် မြန်မြန် ပြောစမ်းပါကွယ် ... မောင်ကြီး စိတ်မချမ်းသာလွန်းလို့၊ မလတ်ကို ဘယ်သူက ဘာလုပ်သလဲ ဟင် ... ဟင်"

"ထွန်းကိုင်ပေါ့ မောင်ကြီးရယ် ... အိမ်ဝင်လာပြီး ဖေဖေရော၊ မောင်ကြီးရော မရှိမှန်းလည်း သိရော ... ကျွန်မကို အတင်းဆွဲလွဲပြီး ကြံစည်တုန်း ကျွန်မလည်း သူ့မျက်ခွက်ကို တအားကုတ်ပြီး ခြေထောက်နဲ့ ဆောင့်ကန်လိုက်မှ လွတ်သွားတယ်။ အဲဒီတုန်း ဟိုဘက်အိမ်က ဦးဘိုးကြင်တို့ အိမ်သားတွေ ပြန်လာသံ ကြားမှ အိမ်ပေါ်က ပြေးဆင်းသွားတယ်"

"တောက်"

ကျွန်ုပ်သည် တောက်တစ်ချက်ခေါက်လိုက်မိ၏။ မျက်လုံးများ ပြာခနဲ ဖြစ်၍သွားကာ လက်သီးများကို တင်းကြပ်စွာ ဆုပ်ထားမိ၏။ မလတ်၏ အင်္ကျီလည်ကုပ်၌ ကြေမွနေပြီးလျှင် နောက်ကျောပြင်၌လည်း အင်္ကျီမှာ လက်နှစ်သစ်ခန့် ထောင့်တန်း စုတ်နေသည်ကို မြင်လိုက်ရ၏။

"တယ် စော်ကားတဲ့အကောင်ပဲ၊ နည်းနည်းတော့ ဆုံးမပေးဦးမှ"

ခရီးသွား၍ မောပန်းသော စိတ်များ၊ ထမင်းဆာသော စိတ်များ ပျောက်ကွယ်၍ သွားလေ၏။

ကျွန်ုပ်သည် အိပ်ရာနံဘေးရှိ ထရံတွင်ထိုးထားသော ငှက်ကြီးတောင်ဓားကို ဆွဲယူလိုက်၏။ သို့သော် မလတ်သည် ကျွန်ုပ် ဆွဲယူထားသော ဓားကို အတင်းလုလျက် .... "မောင်ကြီးကလည်း လက်လွန်ကုန်ပါ့မယ်၊ ကြောက် လောက်ရုံ နည်းနည်းပါးပါး ရိုက်နှက်ဆုံးမပေါ့" ဟု ပြောသဖြင့် ကျွန်ုပ်လည်း ညနေစောင်းများတွင် ထွန်းကိုင်လာတတ်သော ဦးဘိုးထွန်းကြီး ထန်းရည်ဆိုင် သို့ ချက်ချင်း ထွက်လာခဲ့လေ၏။

ဆိုင်သို့ရောက်သောအခါ မှောင်စပြုလေပြီ ... ကံအားလျော်စွာ လက်ပြတ်ထွန်းကိုင်သည် ရှေ့၌ ထန်းရည်အိုး အသစ်တစ်လုံးချကာ ထန်းရည်များ သောက်နေသည်ကို ပက်ပင်းပါ တွေ့ရလေ၏။ ဆိုင်ရှင် ဦးဖိုးထွန်းကြီးမှာ ဝါးမြစ်ဆေးတံကို ကိုက်ကာ ဂုန်နီအိတ်ချောဖြင့် ချုပ်ထားသော ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် အေးဆေးစွာ ထိုင်လျက်ရှိ၏။

ထွန်းကိုင်သည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း မျက်နှာပျက်သွား၏။ ထို့နောက်ဣန္ဒြေဆည်လိုက်ပြီးလျှင် ကျွန်ုပ်အား ထန်းရည်သောက်ရန် ဖိတ်ခေါ်လေသည်။

"မင်းလို ယုတ်မာတဲ့ ကာမေသုမိစ္ဆာကောင်နဲ့ ငါအတူတူ မသောက်ဘူး။ ပြောစမ်း ... လက်ပြတ်၊ ငါ့မိန်းမကို မင်းဘယ်လို"

http://www.cherrythitsar.org



ကျွန်ုပ်စကားမဆုံးမီ ထွန်းကိုင်သည် နေရာမှ ဒယိမ်းဒယိုင်ထကာ....

"ဟော့ ... ဟော့ ... အညာသား ဘိုးထော် ... မင်း ... မင်း ..."

သူ၏စကားမှာ မဆုံးတော့ချေ။ ကျစ်ကျစ်ပါအောင် ဆုပ်၍ထားသော ကျွန်ုပ်၏ ဘယ်လက်သီးဖြင့် သူ၏လက်ယာဘက် မေးရိုးကို ခပ်သာသာ ဆတ်လိုက်၏။ ထိုအခါ ထွန်းကိုင်သည် လက်ဝဲဘက်သို့ အတန်ငယ် စောင်းသွားလေရာ ... ထိုအခါတွင်မှ ကျွန်ုပ်သည် ညာဘက်သီးကို တအားဝိုက်၍ သူ၏လက်ဝဲဘက်မေးရိုးကို ထိုးချလိုက်လေသည်။ ထွန်းကိုင်သည် တင်းပုတ်နှင့် ထုနက်လိုက်သော နွားတစ်ကောင်ကဲ့သို့ လက်ယာဘက်သို့ စောင်း၍ လဲကျသွားပြီးလျှင် မလှုပ်ယှက်တော့ချေ။ ထိုအချိန်၌ ဆိုင်ထဲတွင် လူရှင်းလျက်ရှိသဖြင့် ကျွန်ုပ်လည်း အကျိုးအကြောင်းကို ဆိုင်ရှင် ဦးဘိုးထွန်းအား အကျဉ်းချုပ်မျှ ရှင်းလင်း ပြောပြပြီးလျှင် အိမ်သို့ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်၍ ထမင်းစားပြီးနောက် ကွမ်းတစ်ယာညက်မျှ မကြာမီ ကျွန်ုပ်အား ရွာသူကြီးနှင့် ပုလိပ်တစ်ယောက်တို့ လာရောက်ဖမ်းဆီးကြ၏။ လက်ပြတ်ထွန်းကိုင်မှာ ကျွန်ုပ်လက်သီးချက်ဖြင့် လဲကျသွားရာမှ စကားမေးမရတော့ဘဲ ... သေဆုံးသွားပြီဖြစ်ကြောင်းနှင့် သူကြီးနှင့် ပုလိပ်အရာရှိထံမှသိရ၏။ မလတ်သည် သူ့အတွက်ဖြစ်ရသဖြင့် ယူကြုံးမရဖြစ်ကာ ကျွန်ုပ်၏ခြေကိုဖက်၍ ငိုရာမှ သတိလစ်၍သွားရာ အိမ်နီးချင်းများက ဝိုင်း၍ ပြုစုသောအခါမှ သတိပြန်၍ရလာ၏။ ထိုအချိန်၌ကား ကျွန်ုပ်မှာ အချုပ်ဖြင့်အာဏာပိုင်များ လက်တွင် ရှိနေခဲ့လေပြီ။

ထိုည မော်ဇာပုလိပ်ဌာန၌ ကျွန်ုပ်အား ချုပ်ထားပြီးလျှင် နောက်တစ်နေ့ နံနက်ရထားဖြင့် ပြည်မြို့သို့ပို့၏။ ထိုနေ့နံနက် ရုံးချိန်မီရောက်ရှိ၍ သက်ဆိုင်ရာ ဌာနပိုင်တို့က ဒိစတြိတ်တရားသူကြီးထံ ၇ ရက် ရမ်ခံပြီးသော်ပြည်မြို့ ထောင်ကြီးအတွင်းသို့ ထောင်ကြီးချုပ်ဖြင့် ပို့လိုက်၏။

ရုံးချိန်နေ့သို့ရောက်၍ ကျွန်ုပ်အား အချုပ်မှ ထုတ်ပြီးသော် တရားဘက် ရုံးတွင် ကျွန်ုပ်၏အမှုကို စစ်ဆေး၏။ ထိုနေ့၌ မလတ်တို့သားအဖသည် ပြည်မြို့မှ ဝတ်လုံတစ်ယောက်ကို ငှားရမ်းပြီးလျှင် ရုံးသို့လာရောက်လေ၏။ မလတ်သည် တဘက်အဖြူတစ်ခုကို ခေါင်းပေါင်းကာ မျက်ရည်စက်လက်ဖြင့် အစောင့်များအကြားမှ ကျွန်ုပ်အား စကားတစ်ခွန်း၊ နှစ်ခွန်းမျှ ပြောဆိုခွင့်ရလေရာ ကျွန်ုပ်ကလည်း အမှုအတွက် တစ်စုံတစ်ရာ စိုးရိမ်ရန် မရှိကြောင်း၊ လက်သီးဖြင့် ထိုးသတ်ရုံမျှနှင့် သေရသည်ဆိုခြင်းမှာ လူသတ်မှု မမြောက်နိုင်ကြောင်းဖြင့် အားပေးစကား ပြောကြားရ၏။

http://www.cherrythitsar.org



သုံးကြိမ်မျှ စစ်ဆေးသောအခါ အမှုပြီးဆုံးခြင်းသို့ ရောက်လေ၏။ ကျွန်ုပ်ကလည်း တစ်စုံတစ်ရာ ငြင်းကွယ်ခြင်း မပြုဘဲ ... သေသူတရားလိုသည် ကျွန်ုပ်၏ ဇနီးသည်အား ဗလက္ကာရပြုလုပ်ရန် ကြိုးစားသဖြင့် ဒေါသအလျောက် လက်သီးဖြင့် တစ်ချက်ထိုးမိကြောင်း ထွက်ဆို၏။ အမှုမှာ ကျွန်ုပ်ဘက်မှ မငြင်းဆိုသည့်ပြင် ဆေးစာအရ အားဖြင့်လည်း မေးရိုး၌ လက်သီးဒဏ်ရာတွေ့ရ၍ သေသူသည် နေရာ၌ လဲကျကာ လည်ပင်းကျိုးသွားကြောင်း သက်သေခံချက်ရှိ၏။ သို့နှင့် ကျွန်ုပ်အား မူလစစ်ဆေးသော ရုံးမှာ အပြစ်ပေးနိုင်သော ရုံးမဟုတ်ဘဲ အမှု၏ဖြစ်ပျက်ပုံ အခြေအနေကိုသာ စုံစမ်းစစ်ဆေးရသော ရုံးဖြစ်သည့်အတိုင်း အမှုမှာ အမှန်ဖြစ်ကြောင်း မှတ်ချက်ဖြင့် စက်ရှင်ရုံးသို့ တင်ပို့ရလေသည်။

စက်ရှင်ရုံးသို့ရောက်သောအခါလည်း မူလရုံးမှ သက်သေခံချက်များကိုသာ ယူပြီးလျှင် တစ်ဦးတည်းသော သက်သေဖြစ်သည့် ထန်းရည်ဆိုင်ရှင် ဦးဘိုးထွန်းကြီးကိုသာ စစ်ဆေးလေသည်။ ရက်ချိန်း နှစ်ခါပေး၍ စစ်ဆေးပြီးနောက် စီရင်ချက်ချမှတ်သောနေ့တွင် စက်ရှင်တရားသူကြီးက ....

"မောင်ဘိုးထော် မင်းဟာ သေသူ ထွန်းကိုင်ကို လက်သီးနဲ့ ထိုးတာ မငြင်းဘူး ... ဆရာဝန်ကလည်း မင်းလက်သီးချက်ကြောင့် ထွန်းကိုင် လဲကျသွားပြီး လည်ကုပ်ကျိုးပြီးသေရတယ်လို့ ထွက်ဆိုတယ်။ မင်းဟာ ဘယ်နည်းနဲ့မှ အပြစ်မကင်းဘူး။ မင်းအမှုရဲ့ အချက်အလက်တွေကို ထောက်ထားခြင်းအားဖြင့် လူသတ်မှုတော့မဖြစ်ဘူး။ သို့သော် လူသေမှုကို ကျူးလွန်ရာရောက်တယ်။ ဒါကြောင့် မောင်မင်းကို ၁၀ နှစ် တစ်ကျွန်းကျခံစေရန် ကျွန်ုပ် အမိန့်ပေးလိုက်တယ်" ဟု ပြတ်သားစွာ ပြောဆိုအမိန့်ချမှတ်လေသည်။

မလတ်မှာ ရုံးခန်းတံခါးကို မှီ၍ နားထောင်နေရာ မတ်တတ်မှ လဲကျသွားရှာ၏။ လူများအား ရုတ်ရုတ်သဲသဲ ဖြစ်ကာ ဝိုင်းဝန်းပြုစုသည်ကို မြင်လိုက်ရ၏။ ကျွန်ုပ်မှာ ပထမတွင် 'သူများသတ်တာ ခံရဲမှာပေါ့' ဟု စိတ်ကို တင်း၍ထားသော်လည်း ဇနီးသည်၏အဖြစ်ကို မြင်ရသောအခါ မျက်ရည်များ စို့ကာ ရင်ထဲဆို့၍သွား၏။ ကားအနက်ကြီးသည် ကျွန်ုပ်အား တင်ဆောင်ကာ ကမ်းနားလမ်းတစ်လျှောက်မှ ထောင်ကြီးဆီသို့ မောင်းနှင်သွားလေ၏။

*

ကျွန်ုပ်အား တစ်ကျွန်းအပြစ်ဒဏ်ခံရသူ အခြားအကျဉ်းသားအချို့နှင့်အတူ ရန်ကုန်သို့ မီးရထားဖြင့်ပို့ပြီးလျှင် ရန်ကုန်၌ နှစ်ညဥ့်အိပ်ရပြီးနောက် သင်္ဘောဖြင့် အုန်းကျွန်းသို့ပို့လေ၏။ ၁၀ နှစ်မျှ မွေးဖွားရာ ဇာတိဖြစ်သော မြန်မာပြည်နှင့်တကွ ချစ်လှစွာသော ဇနီးသည်အား ခွဲခွာရခြင်းမှာ ကျွန်ုပ်၏

http://www.cherrythitsar.org


အသည်းနှလုံးကို သံပူဖြင့် ကပ်ဖိသကဲ့သို့ ရှိတော့၏။ ကျွန်ုပ်သည်ကား အချစ်နှင့် မိုင် ၅၀၀ ကျော်မျှ ပင်လယ်ခြားခဲ့လေပြီး 'သြော် ... မလတ် ... မလတ် ... ငါမရှိရင် မင်းဘယ်လောက် စိတ်ဆင်းရဲမလဲကွယ်' ဟု စိတ်ထဲက ညည်းညူမိ၏။

ကျွန်းသို့ရောက်ပြီးနောက် မကြာမီ အသစ်ရောက်လာသော လက်ထောက် ကျွန်းမင်းကြီးက ကျွန်ုပ်တို့ လူစုအား အကယ်၍ ကျွန်ုပ်တို့သည် ထောင်စည်းကမ်း ဥပဒေများကို ရှိသေစွာ ကျင့်သုံးလိုက်နာက ကျွန်းတွင် ကုန်ရောင်းကုန်ဝယ်နှင့် စီးပွားရှာနိုင်သည့်အလုပ်ကို လုပ်ခွင့်ပြုမည့်အကြောင်း ထုတ် ပြန်မိန့်ကြား၏။

သို့နှင့် ကျွန်ုပ်လည်း ထောင်စည်းကမ်းများကို ကောင်းမွန်ရှိသေစွာ လိုက်နာလျက်ရှိရာ နောက်မှ ရောက်သော အကျဉ်းသားတစ်ယောက်ပင် ဖြစ်သော်လည်း စံနမူနာထားလောက်သူတစ်ယောက်ဖြစ်ကြောင်းဖြင့် မှတ်တမ်းတင်ခြင်းခံရ၏။

တိုင်းပြည်နှင့်လည်းကောင်း၊ အချစ်နှင့်လည်းကောင်း ၁၀ နှစ်မျှ ကွဲကွာရမည့် ဒုက္ခကြီးသည်ကား ကျွန်ုပ်အတွက် မခံမရပ်နိုင်အောင် ကြီးမားလှသော ဒုက္ခကြီးပေတည်း ...။ ထွက်ပြေးခြင်းဖြင့် လွတ်မြောက်ရန် နည်းလမ်းတစ်ခုသာ ရှိတော့၏။ 'ငါတစ်နေ့နေ့တော့ လွတ်မြောက်ရမယ်" ဟု စိတ်ကို သန္နိဋ္ဌာန်ချလိုက်၏။

ကျွန်ုပ်တို့မှာ အချို့လယ်တော၌လည်းကောင်း၊ ယာခင်းနှင့် မြောင်းများ ဆက်သွယ်ဖောက်လုပ်ခြင်း၌ လည်းကောင်း၊ အချို့သစ်တောများ၌လည်းကောင်း လူခွဲ၍လုပ်ကိုင်ကြရာ ကျွန်ုပ်မှာ ယင်းအလုပ်များတွင် ရက်အနည်းငယ်မျှ လုပ်ကိုင်ပြီးနောက် လွတ်လပ်သော အလုပ်တစ်ခုတွင် လုပ်ကိုင်ရန် တာဝန်ကျတော့၏။ ကျွန်ုပ်ကလည်း အထက်အာဏာပိုင်များထံမှ ထိုတာဝန်ရယူရန် ကြိုးစားခဲ့ခြင်းကြောင့်ဖြစ်လေသည်။ လူအများနှင့်ဝိုင်း၍ လုပ်ရသောအလုပ်များမှာ အတန်ငယ်သက်သာသည်သာမက တာဝန်မရှိသလောက်ဖြစ်သော်လည်း တစ်ယောက်တည်း လုပ်ရသောအလုပ်များမှာမူ အနည်းငယ်မျှပို၍ ပင်ပန်းပြီးလျှင် တာဝန်လည်း များ၏။ ဥပမာအားဖြင့် ထိုအခါက တစ်ပိဿာ၊ နှစ်ပိဿာခန့် လေးသော လိပ်သဲကျောက်များကို နွားလှည်းဖြင့် တိုက်ပြီးလျှင် မြို့ပြင်ရှိ ကျဉ်းမြောင်းသော တောင်ကမူ လမ်းကြားကလေးများသို့ ပို့ရသောအလုပ်ရှိ၏။ ထိုအလုပ်မှာ ကျောက်များ စုပုံထားသောနေရာမှ အနည်းငယ်မျှသာ ကျောက်တုံးများကို စီရပြီးလျှင် အရေအတွက်ပြည့်သောအခါ လှည်းကို မောင်းသွားရန်သာ တာဝန်ရှိလေသည်။ လှည်းဆိုက်သောအခါ

http://www.cherrythitsar.org


လည်း ကျွန်ုပ်က အနည်းငယ်မျှသာ ကူညီပင့်ပေးရ၍ ကုန်ချလုပ်သားစုက ကျောက်တုံးများကို အောက်သို့ချ၍ စီရလေသည်။ သို့ဖြစ်၍ ကျွန်ုပ်လည်း ကျောက်တုံးများကို နွားလှည်းဖြင့် သယ်ဆောင်ရသော အလုပ်ကို ရွေးချယ်လိုက်လေသည်။

ကျောက်တုံးများကို ထောင်၏ ဥပစာဖြစ်သော မြို့တွင်းမှ တောစပ်အနီးရှိ တောင်ကုန်းကလေးများသို့ သယ်ယူရသည်ဖြစ်ရာ ကုန်ချသော နေရာ တောစပ်အနီး၌ လူသူပြတ်လပ်လှ၏။ ထို့ပြင် အခြားအချက်အလက်တစ်ခုမှာလည်း ကျွန်ုပ်ကဲ့သို့ အပြင်သို့ သီးသန့်တာဝန်ယူ၍ ထွက်ရသော အကျဉ်းသားများ၏ အမည်စာရင်းကို နေ့လည် ၁၂ နာရီထိုးပြီးနောက် မခေါ်တော့ဘဲ အလုပ်သိမ်းချိန် ညနေ ၆ နာရီ မှသာ ဘုတ်ကိုင်က ခေါ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ မည်သည့်နည်းနှင့်မဆို စွန့်စားထွက်ပြေးရန် စိတ်ကို သန္နိဋ္ဌာန်ချပြီး ဖြစ်သည့်အတိုင်း အထက်ပါ အခွင့်အရေးများကို ယူရန် မျှော်လင့်ချက်ဖြင့် တစ်ယောက်တည်းခွဲ၍ လုပ်ရသော အပြင်အလုပ်ကို လက်ခံရွေးချယ်ခြင်း ဖြစ်လေသည်။

ကျွန်ုပ် ပါဝင်သော ကျောက်တင်လှည်းအုပ်စုကို စောင့်ကြပ်ရသော 'နရမ်းဆင်' ဆိုသူ ထောင်ပြာတာအဘိုးကြီးမှာ အသက် ၆၀ ရှိပြီဖြစ်၍ ပင်စင်ယူရန် လပိုင်းမျှသာ လိုတော့၏။ မျက်စိကလည်း မှုန်၊ ကိုယ်ကလည်း ချည့်နဲ့ထိုင်းမှိုင်းပြီဖြစ်သော 'နရမ်းဆင်' သည် ၁၂ နာရီထိုးပြီးနောက် သေနတ်ကြီးကို ခေါင်းရင်း၌ ထောင်ကာ သစ်ပင်ရိပ်ကောင်းကောင်း၌ ငိုက်မျဉ်း၍နေတတ်ရာ ယင်းသည်လည်း ကျွန်ုပ်အတွက် အခွင့်ကောင်းတစ်ခုဖြစ်ပေသည်။ ထိုအကြံအစည် ရှိနေသည့် နေ့မှစ၍ ကျွန်ုပ်သည် ထမင်းကျန် အနည်းငယ်ကို နေ့စဉ်တိတ်တဆိတ် သိမ်းယူပြီးလျှင် အမှုန့်ပြု၍ ထန်းလျက်နှင့် ရောကာ အနုဆုပ်များ ပြုလုပ်ထား၏။

သို့ဖြစ်၍ မိုးအုံ့သော နေ့တစ်နေ့၌ ကျွန်ုပ်သည် ရိက္ခာများကို လွယ်အိတ်တစ်လုံးဖြင့် ထည့်လျက် ရေဘူးတစ်ဘူးကိုပါ လှည်းပေါ်သို့ တင်ထား၏။ ကျွန်ုပ်တို့ မောင်းသော လှည်းများပေါ်၌ သောက်ရေဘူးတစ်ဘူးယူရန် ခွင့်ပြုထား၏။ ထို့နောက် စောင်တစ်ထည်ကို အင်္ကျီအောက်၌ ကြိုးဖြင့် ရစ်ပတ်ထား၏။ အခြား လွယ်အိတ်တစ်လုံး၌မူ မောင်းချစားတစ်ချောင်းပါ၏။

နံနက်ခင်းတွင် လှည်း နှစ်ခေါက်တိုက်၍ ကျောက်များကိုပို့ပြီးသော် နံနက်စာ စားပြီး ၁၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ကျောက်တုံးများ ချသော နေရာနှင့် တစ်ခေါ်လောက်တွင် အိပ်စက်နားနေဟန်ပြုကာ လှည်းကို ဖြုတ်လေ၏။ ထိုနေရာမှ 'နရမ်းဆင်' စောင့်သောနေရာနှင့်လည်း အဝေးဆုံးနေရာ ဖြစ်လေသည်။ ထို့နောက် ကျွန်ုပ်လည်း ပြင်ဆင်ရန် ရှိသမျှကို ပြင်ဆင်

http://www.cherrythitsar.org



လျက် ထောင်နှင့် အဝေးဆုံးဖြစ်သော တောဘက်သို့ ပြေးလေ၏။ ထိုနေ့ ညနေ တစ်ညနေလုံး ကျွန်ုပ်သည် အချိန်အနည်းငယ်မျှသာ ရပ်နားလျက် ထောင်နှင့် ဝေးသည်ထက် ဝေးအောင် တောကို ဖြတ်၍ပြေးရ၏။ ညနေခင်းတွင် အလုပ်လုပ် အကျဉ်းသား နာမည်စာရင်းကိုလည်း ခေါ်မည် မဟုတ်သဖြင့် နောက်တစ်နေ့နံနက် မိုးလင်းမှသာ ကျွန်ုပ်မရှိသည်ကို သိကြတော့မည်။

ညဥ့်သန်းခေါင်လောက်အထိ နားနားနေနေ ပြေးခဲ့ပြီးနောက် သစ်ပင်ကြီးတစ်ပင် ခွကြားသို့ တက်၍ ၃ နာရီမျှသာ အိပ်ပြီးလျှင် ဆက်လက်ပြေးပြန်၏။ တောအုပ်ကြီးမှာ အလွန်ထူထပ်၍ မြင့်မားသော ကျွန်းပင်ကြီးများနှင့် ယင်းတို့ကြားတွင် စိုပြည်သော ချုံပုတ်များရှိ၍ ကျွန်ုပ်သည် မြွေကင်း စသော ပိုးကောင်၊ မွှားကောင်များကို အတော်ပင် ရှောင်ရှားသွားရ၏။

နောက်တစ်နေ့ညနေ၌ကား 'ဂျရဝါ' ခေါ် ကိုယ်တုံးလုံး နေထိုင်သော လူရိုင်းပုကလေးများနယ်သို့ ရောက်လာ၍ ကျွန်ုပ်လည်း ထောင်မှ ထွက်ပြေးလာကြောင်း ခြေဟန်လက်ဟန်ဖြင့် ရွာသားများအား ပြောပြရာ အကြီးအကဲဖြစ်သူသည် ကျွန်ုပ်အား သနားသည့်ဟန်ဖြင့် ကင်၍ထားသော အသားခြောက် အနည်းငယ်နှင့် ဆိတ်နို့ဘူးတစ်ခုကို ပေး၏။ ယင်းလူရိုင်းပုကလေးများမှာ အလွန်လျင်မြန် ဖျတ်လတ်၍ ခွေးအနှင့် ကျားသစ်များကို သူတို့၏ အဆိပ်လူးမြားများဖြင့် ဖမ်းဆီးလေ့ရှိကြောင်း နောင်အခါမှ ကျွန်ုပ် သိရလေသည်။ ညဥ့်အိပ်ရန် နေရာအတွက်ကိုမူ ဆိတ်များ မွေးထားသော ခြံကြီးတစ်ခြံထောင့်ရှိ တဲငယ်ကို ပေးထား၏။

သို့သော် ဤမျှနှင့် ကျွန်ုပ်ကိစ္စ မပြီးသေးပေ၊ လူရိုင်းရွာမှာ ပင်လယ်ကမ်းစပ်နှင့် များစွာ မဝေးကွာလှသဖြင့် ညနေစောင်း ကျွန်ုပ်ရောက်လာစဉ်က မြင်ခဲ့သော ပင်လယ်ကမ်းစပ်တွင် ဆိုက်ကပ်ထားသည့် လှေ နှစ်စင်း၊ သုံးစင်း အနက် လှေတစ်စင်းကိုသာ ကျွန်ုပ်လိုချင်၏။ သို့နှင့် ကျွန်ုပ်သည် ညဥ့်သန်းခေါင်ကျော်တွင် တဲငယ်မှ ထွက်ခဲ့၍ ရွာစည်းရိုးကို ကျော်ပြီးသော် ပင်လယ်ကမ်းစပ်သို့ လာခဲ့လေ၏။

ကံကောင်းထောက်မသဖြင့် လမ်း၌ တစ်စုံတစ်ရာ အနှောင့်အယှက် မတွေ့ရချေ။ လှေများမှာ လူရိုင်းများ ငါးဖမ်းထွက်သော သစ်လုံးကို ထွင်းဖောက်ထားသည့် လှေငယ်ကလေးများဖြစ်၍ ပင်လယ်ပြင်တွင် အတော်အတန် စိတ်ချရသော လှေငယ်မျိုးဖြစ်လေသည်။

ကျွန်ုပ်သည် အကြီးဆုံးသော လှေကို ရွေးချယ်ပြီးနောက် ပင်လယ်၏ ဘေးအန္တရာယ်ကို မကြောက်မရွံ့ မတွေးတောဘဲ လှေကို ကြိုးဖြုတ်၍ လှေများ ထားသော ကျောက်ဆောင်စွန်းအကွယ်မှ ပင်လယ်ပြင်ဘက်သို့ ထွက်ခဲ့လေ၏။

http://www.cherrythitsar.org



ရေး၊ မြိတ်နှင့် ထားဝယ်မြို့များမှာ ကျွန်ုပ်ပင် မရောက်ဖူးသော်လည်း ကျွန်း၏ အရှေ့ဘက် အတော်ဝေးဝေးတွင် တည်ရှိကြောင်း ကြားဖူးသဖြင့် အရှေ့ကောင်းကင်တွင် ထွက်ပေါ်သောကြယ်များကို ကြည့်ရှုမှန်းဆပြီးလျှင် လှေကို အရှေ့ဘက်သို့ ဦးတည်၍ လှော်ခတ်ရ၏။ စိတ်ထင်အားဖြင့် ၃–၄ နာရီခန့် ပင်ပန်းကြီးစွာ လှော်ခတ်ခဲ့ပြီးနောက် နေအရုဏ်တက်လာပြီဖြစ်၍ အရှေ့ဘက်မှ အလင်းရောင်များကို မြင်ရ၏။ ထိုအခါ ကျွန်ုပ်လည်း အားတက် လျက် လှော်ခတ်ပြန်၏။ ကျွန်းကိုကားမမြင်ရတော့ချေ။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် အနောက်ဘက်မှ လေအတော် ပြင်းပြင်း တိုက်လာသဖြင့် ကျွန်ုပ်သည် ရွက်တိုင်ကို ထူ၍ ဂုန်နီချောပါးပါးဖြင့် ပြုလုပ်ထားသော ရွက်ကို ဖွင့်လေရာ လှေကလေးသည် အတော် လျင်မြန်စွာ ပြေးသွားလျက် ရှိလေ၏။ လေသည် တောင်စူးစူးသို့ တိုက်သောအခါ၌ကား ကျွန်ုပ်သည် ရွက်ကို မဖွင့်ဘဲ ထား၍ အရှေ့နှင့် အရှေ့မြောက်သို့ တိုက်သော အခါ၌ကား ရွက်ကိုဖွင့်၍ ပဲ့ကိုင်ပေးရ၏။ နေထန်းတဖျားခန့်သို့ ရောက်သော အခါ၌ကား အလွန်ပူလောင်လှသဖြင့် ငါးဖယ်ပျံသကဲ့သို့ ရှိနေတော့၏။

သုံးရက်မြောက်သောနေ့၌ ညနေစောင်းတွင် တောင်အရပ်မှ မိုးသား များ တက်၍ လာပြီးလျှင် လေအတော် ပြင်းပြင်းတိုက်ခတ်လာသဖြင့် ကျွန်ုပ် လည်း ရွက်ကိုချရလေ၏။ ထို့နောက် မိုးသက်နှင့်အတူ မုန်တိုင်းကျ၍လာရာ လှိုင်းလုံးများသည် တဖြည်းဖြည်း ကြီးမား၍လာလေ၏။ လှေကလေးမှာ လှိုင်းလုံးများအကြားတွင် ငုပ်ချည်ပေါ်ချည် ရှိနေလျက်၊ ကျွန်ုပ်မှာ လှေမြုပ်၍ မသွားစေရန် အနိုင်နိုင် ထိန်းထားရ၏။ ထိုအတွင်း မိုးသည်ပြင်းထန်၍လာ သဖြင့် ကျွန်ုပ်တစ်ကိုယ်လုံးမှာ ရွှဲရွှဲစိုလျက် ရှိနေရာ ထိုအတွင်း လေကလည်း မရပ်မနား တိုက်ခတ်နေသဖြင့် ခိုက်ခိုက်တုန်အောင် ရှိနေတော့၏။

နှစ်နာရီ ကြာလတ်သော် မိုး လေ ငြိမ်သက်သွားသဖြင့် လှိုင်းလုံးများ လည်း နိမ့်ဆင်းလျော့ပါး၍ သွားလေရာ၊ ထိုအခါမှ ကျွန်ုပ်မှာ အသက်ကို မှန်မှန် ရှူနိုင်တော့၏။ ရတနာသုံးပါးနှင့် မိဘ ဆရာသမား ဂုဏ်ကျေးဇူးကြောင့် လွတ်မြောက်လာသည်ကို ကျေးဇူးတင်မိတော့၏။

ထိုည၌မှာ အလွန်မှောင်မိုက်သည့်ပြင် မိုးသားများကလည်း ကြယ် များကို ဖုံးအုပ်လျက် ရှိနေရကား ... ကျွန်ုပ်မှာ ထိုအချိန်မှစ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကို မခန့်မှန်းနိုင်အောင်ရှိတော့၏။ မည်သို့ပင်ဖြစ်စေ လှေ ကလေးမှာ မနစ်ဘဲ လှိုင်း၊ လေများအကြားတွင် မျောပါလျက်ရှိလေရာ နံနက် လင်း၍ နေထွက်လာသောအခါမှ အရှေ့အရပ်ကို ခန့်မှန်းမိသဖြင့် အရှေ့ဘက် သို့ ရောက်အောင် တတ်နိုင်သမျှ ကြိုးစားရပြန်၏။

http://www.cherrythitsar.org



တစ်ညဥ့်လုံးအေး၍နေခဲ့သော ကိုယ်မှာ … နေထွက်သည်နှင့် တစ်ပြိုင်နက် ပူ၍လာပြန်သဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ အဖျားဝင်၍ လာတော့၏။ ခံတွင်းခြောက်သဖြင့် မကြာခဏ ရေသောက်ရလေရာ၊ ဘူးထဲမှ ရေမှာလည်း လက်နှစ်သစ်ခန့်သာ ကျန်တော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ်မှာ လှေကို ပဲ့ကိုင်ပေးရန် ဝေးစွ၊ ခြေလက်များကိုမျှ မသယ်နိုင်အောင် ရှိတော့၏။ ပင်လယ်ထဲတွင် လှေမြုပ်၍သေလျှင်လည်း ငါ၏ မိုက်လက်စတုံးခြင်းပင် ဖြစ်ပေတော့သည်ဟု စိတ်အားကို လျှော့လိုက်၏။

ကျွန်ုပ်၏အသားများမှာ ခြစ်ခြစ်တောက်ပူ၍ လာပြီးလျှင် အဖျားတက်လာပြီးနောက် သတိလစ်၍ သွား၏။ အချိန်ကိုလည်း မသိ၊ နေ့ညဟူ၍လည်း မသိဘဲ ရှိနေ၏။ နှုတ်မှ စကားများ ပြောမိပြောရာ မည်သည့်စကား ပြောမိသည်ကို သတိမရချေ။ ထိုအတွင်း ကျွန်ုပ်သည် ရွာသို့ ပြန်ရောက်သွားဘိသကဲ့သို့ ထင်မိ၏။ မလတ်၏မျက်နှာကိုလည်းကောင်း၊ ဦးဘိုးချို့နှင့် ရွာသားများ၊ ဆရာဘုန်းတော်ကြီး၊ ထန်းရည်ဆိုင်ပိုင်ရှင် ဦးဘိုးထွန်းကြီးနှင့် နောက်ဆုံးတော့ သေသူ လက်ပြတ်ထွန်းကိုင်၏ မျက်နှာတို့ကို မြင်ရ၏။ အိမ်မှ ရေအိုးစင်ကို မြင်ရလေရာ၊ ကျွန်ုပ်သည် ရေငတ်လှသဖြင့် ရေအိုးစင်ဆီသို့ ပြေးသွားလေ၏။ သို့သော် … ရေမှုတ်ဖြင့် ခပ်လိုက်သောအခါ ရေတစ်စက်မှ မရှိချေ။ မကြာမီ ချောင်းကမ်းပါးသဲပြင်တစ်ခု၊ လက်ယက်ရေတွင်းကလေးတစ်တွင်းကို မြင်ရပြန်သဖြင့် ကျွန်ုပ်လည်း ဝမ်းထဲမှ ပူလောင်လှပြီဖြစ်၍ ရေတွင်းရှိရာသို့ ပြေးသွားလေ၏။ သို့သော် ရေတွင်းထဲသို့ ငုံ့ကြည့်သောအခါ ရေမတွေ့ရဘဲ … မီးတောက်မီးလျှံများ ထွက်လာသဖြင့် မျက်နှာကို မီးဟပ်ပြီးလျှင် ပက်လက်လန်၍လဲကျသွားလေ၏။ ထို့နောက် အချိန်အတန် ကြာလတ်သော် … ကျွန်ုပ်၏ကိုယ်ကို ပွေ့ချီသွားသကဲ့သို့ ကောင်းကင်သို့ အတန်ငယ်မြောက်တက်ကာ ရွေ့လျားသွားသည်ဟု ထင်ရပြီးနောက် မှောင်ကြီးကျ၍ သွားပြန်၏။

*

နံဘေးမှ အသံတစ်သံကြားရပြီးနောက် ကျွန်ုပ်သည် အိပ်ရာမှ လန့်နိုးသကဲ့သို့ သတိရလာရာ ရွက်ဖျင်နှင့် စောင်စုတ်များခင်းထားသော အိပ်ရာတစ်ခုပေါ်တွင် ရောက်နေလျက် လူကြီးတစ်ယောက်သည် ကျွန်ုပ်၏ ပါးစပ်ထဲသို့ ရေအနည်းငယ် လောင်းထည့်နေသည်ကို တွေ့ရ၏။ ရင်ထဲတွင် ပူလောင်လှသဖြင့် ကျွန်ုပ်သည် ရေခွက်ကို လိုက်၍လု၏။ သို့သော် ထိုလူကြီးသည် ကျွန်ုပ် ၏လက်ကို အသာအယာ ဖယ်ရှားလိုက်ပြီးနောက် ….

"မောင်ရင် ဖြည်းဖြည်းသောက် … ဖြည်းဖြည်းသောက် … မောင်ရင် အဖျားမပျောက်သေးဘူး"

http://www.cherrythitsar.org


ကရုဏာသက်သော မျက်နှာဖြင့် ပြောလေ၏။ လူကြီးမှာ အသက် ၅၀ ကျော်ခန့်ရှိပြီဖြစ်၍ အလွန်ဟောင်းနွမ်းစုတ်ပြတ်သော အဝတ်များကို ဝတ်ထား၏။ ဦးခေါင်းတွင် ရစ်ပတ်ထားသော အဝတ်မှာလည်း အကွက်မျှပင် မပေါ်ချေ။ အသက် ၄၀ ခန့်ရှိ သူကဲ့သို့ပင် ဟောင်းနွမ်းသော အဝတ်များကို ဝတ်ထားသော မိန်းမကြီးတစ်ယောက်သည် တဲနောက်ဖက်တွင် ထမင်းအိုး တည်လျက်ရှိ၏။

"ကျွန်တော် ဘယ်ရောက်နေသလဲ ခင်ဗျာ ... အဘ"

"မောင်ရင် ကျုပ်တို့နေတဲ့ ကျွန်းရောက်နေတာပေါ့"

"ဘာကျွန်းလဲ ခင်ဗျ"

"မြိတ်ကျွန်းစုထဲက ကျွန်းတစ်ကျွန်းပေါ့ ... အဘတို့က တံငါ သည်တွေပဲ၊ မောင်ရင့်ကို ငါးပိတင်တဲ့ စက်လှေတစ်စင်းက တွေ့လို့ ကယ်လာ ပြီး ကျုပ်တို့ဆီမှာ ထားခဲ့တယ်"

"သြော် ... ဟုတ်တယ် အဘရေ့ ... ကျွန်တော်လည်း လှေကလေးနဲ့ ထွက်ပြေးလာတာ မသေလို့ပေါ့ ခင်ဗျာ ... လှေပေါ်မှာ ဖျားပြီး သတိလစ်သွား တယ်"

ထို့နောက် ကျွန်ုပ်လည်း အဖြစ်အပျက်များကို ဟုတ်မှန်သည့် အတိုင်း ပြန်ပြောရာ လူကြီးသည် ကျွန်ုပ်အား စိန်းစိန်းကြည့်ကာ မကြာခဏ သက်ပြင်းများ ချလေ၏။ ကျွန်းကလေးမှာ မြိတ်ကျွန်းစုများ အပါအဝင် အနောက်ဘက်စွန်းကျသော ကျွန်းကလေးတစ်ကျွန်းဖြစ်၍ ကျွန်ုပ်အား ကြည့်ရှု ကယ်ဆယ်ထားသူများမှာ တံငါသည်များဖြစ်၏။ ကျွန်ုပ် စကားပြောနေသော လူကြီးမှာ ထိုကျွန်းတွင် အကြီးအကဲ ဖြစ်လေသည်။

နောက် ၃–၄ ရက်ကြာသောအခါ ကျွန်ုပ်လည်း အဖျားပျောက်ပြီး လျှင် ကျန်းမာလာပြီဖြစ်၍ လူကြီး၏လုပ်ငန်းများကို ကူညီလုပ်ကိုင်လျက် ရှိနေ တော့၏။ သို့သော် ကျွန်ုပ်ကား ... ထိုကျွန်းငယ်မှ မြိတ်သို့ ရောက်အောင် မည်ကဲ့သို့ သွားရမည်ကိုသာ လူကြီးထံ စုံစမ်းလျက်ရှိလေ၏။ မြိတ်မှ ရန်ကုန်၊ မော်လမြိုင်သို့ ငါးပိတင်ပို့သော လှေကြီးများသည် ဤကျွန်းကလေးများ အနီး တစ်ဝိုက်တွင် မကြာခဏ ရောက်လာတတ်၍ ထိုလှေကြုံများအား အကျိုး အကြောင်း ပြောဆိုတောင်းပန်လျှင် လိုက်ခွင့်ပြုလိမ့်မည် ဖြစ်ကြောင်း ပြော ရှာ၏။ ထို့ပြင်လည်း အကယ်၍ ကျွန်ုပ်သာ နေနိုင်မည်ဆိုက သူတို့နှင့်အတူ လုပ်ကိုင်စားသောက်နေနိုင်ကြောင်း၊ သူတို့တွင် သားသမီးဟူ၍ မရှိဘဲ လင် ကိုယ်မယားသာ ရှိသည့်အတွက် ကျွန်ုပ်ကို သားကဲ့သို့ပင် အမှတ်ထားမည့် အကြောင်း၊ မိမိတို့မှာ ငွေကြေးအားဖြင့် ဆင်းရဲသော်လည်း မိမိတို့ဘဝမှာ

http://www.cherrythitsar.org


လွှန်စွာအေးချမ်း၍ ပျော်မွေ့ဖွယ်ကောင်းသော ဘဝဖြစ်ကြောင်းဖြင့် ပြောကြားရှာ၏။ သို့သော် ... ကျွန်ုပ်မှာ မြန်မာပြည်တွင် ကျန်ရစ်ခဲ့သူ၏ သံယောဇဉ်နှောင်ကြိုးသည် တင်းလျက်ပင်ရှိသေးသဖြင့် လူကြီးလင်မယား၏ စကားကို ဝမ်းနည်းစွာနှင့်ပင် ငြင်းပယ်ရတော့၏။

ကျွန်ုပ်၏ဘဝဇာတ်လမ်းကား ... ဤမျှနှင့် မပြီးသေးပေ။ နောက်ဆက်ရန် ကဏ္ဍသစ်များ ကျန်ရှိသေးရာ ယင်းကဏ္ဍသစ်များသည်လည်း အချိန်မကြာမီပင် ဆက်လက်လာတော့၏။

နောက်တစ်နေ့ နံနက်ထမင်းစားချိန်မတိုင်မီ ကျွန်ုပ်ရောက်ရှိနေသော ကျွန်းကလေးသို့ အတော်အတန် ကြီးမားသော မော်တော်ဘုတ်တစ်စင်း ဆိုက်ရောက်လာ၏။ သင်္ဘောဦးတွင် အစိုးရအမှတ်အသား တံဆိပ်ကို မြင်ရခြင်းအားဖြင့် အစိုးရ မော်တော်ဘုတ်ဖြစ်ကြောင်း ထင်ရှားရုံမျှ မက ...သင်္ဘောဦးတွင် လည်း သေနတ်ကိုင် ပန်ချာပီစစ်သား ၄–၅ ယောက်ကို တွေ့မြင်ရသဖြင့် ကျွန်ုပ်အား ဖမ်းဆီးရန် လာခြင်းဖြစ်ဟန် တူ၏။

ကျွန်ုပ်တွေးထင်သည့်အတိုင်းလည်း မလွဲချေ။ ပုလိပ်အရာရှိနှစ်ဦး ထောင်အရာရှိ တစ်ဦးနှင့် စစ်သား ၄ ယောက်တို့သည် ကျွန်း၏ အကြီးအကဲဖြစ်သူ၏နေအိမ်သို့ တိုက်ရိုက်လာရောက်ကာ 'ကျွန်းပြေး မောင်ဘိုးထော်' ရှိသည် သတင်းရသဖြင့် လာရောက်ဖမ်းဆီးခြင်းဖြစ်ကြောင်း ပြောဆိုပြီးလျှင် ကျွန်ုပ်အား ဖမ်းဆီးတော့၏။ ကျွန်ုပ်လည်း အဘိုးကြီး အဘွားကြီးအား ကျွန်ုပ်တွင်ပါရှိသော ငွေ ၅ဝ ကို ကန်တော့ခဲ့ပြီးနောက် အာဏာပိုင်များ ခေါ်ရာသို့ လိုက်ပါသွားရလေရာ အဘိုးကြီးနှင့် အမယ်ကြီးမှာ မျက်ရည်စက်လက်ဖြင့် ကျန်ရစ်ခဲ့ရှာ၏။

*

ကျွန်းသို့ ပြန်ရောက်သောနေ့ နောက်တစ်နေ့၌ပင် ကျွန်ုပ်အား 'ကျွန်းမှ ထွက်ပြေးသော ပြစ်မှု' အတွက် နောက်ထပ် ၃ လကျခံစေရန် အမိန့်ချမှတ်လိုက်၏။ ကျွန်ုပ်အား မွေးရပ်ဇာတိဖြစ်သော မြန်မာပြည်ကြီးနှင့် လည်းကောင်း၊ ဇနီးချော မလတ်နှင့်လည်းကောင်း အဝေးကြီးဝေးရပြန်လေပြီ။ 'ဒီ လောကကြီးမှာ ငါ့ထက် ကံဆိုးတဲ့လူတော့ ရှိတော့မယ်မဟုတ်ပါဘူး' ဟု ဝမ်းထဲက ရေရွတ်မိ၏။

သို့သော် နောက် ၂ ရက် ၃ ရက်ခန့် ကြာရှိသောအခါ ထူးဆန်းသော အကြောင်းအရာများ ပေါ်ပေါက်လာလေသည်။

ကျွန်ုပ် ကျွန်းမှပြေးခဲ့သော ရက်နှင့် ကျွန်းသို့ ပြန်ရောက်သောရက်မှာ ၁၇ ရက်မျှကြာရှိ၍ ထိုရက်များအတွင်း ထောင်မင်းကြီး အပြောင်းအလဲ ရှိခဲ့

http://www.cherrythitsar.org



လေသည်။ နောက်ရောက်လာသော ထောင်မင်းကြီးမှာ မြန်မာပြည်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူးသော စစ်ဘက်ဆိုင်ရာ အရာရှိကြီး 'ကာနယ်တေလာ' ဆိုသူ ပုဂ္ဂိုလ်ဖြစ်၏။ ယင်းပုဂ္ဂိုလ်ကြီးမှာ အလွန်ဖြောင့်မတ်သော သူတစ်ယောက်ဖြစ်သည့်ပြင် မြန်မာလူမျိုးများနှင့် အပေါင်းအသင်းများသဖြင့် မြန်မာ များအား အထူးချစ်ခင်ကြောင်း နောင်အခါ သိရှိရလေသည်။

၃ ရက်မြောက်သောနေ့၌ ကျွန်ုပ်သည် သူ၏အမိန့်ဖြင့် အမှုစစ်ဆေးရာ ရုံးခန်းသို့ သွားရောက်ရလေသည်။ ကြမ်းပြင်ပေါ်တွင် ပုဆစ်ဒူးတုပ်၍ ထိုင်ပြီးနောက် သူ၏အမိန့်ကို နာခံလျက်ရှိရာ မင်းကြီးသည် မြန်မာဘာသာဖြင့် အောက်ပါအတိုင်း ပီသစွာ ပြောသည်ကို ကြားရ၏။

"နာမည် ... ဘယ်လိုခေါ်သလဲ"

"မောင်ဘိုးထော်လို့ ခေါ်ပါတယ် ... ဘုရား"

"မောင်ဘိုးထော်"

"ဘုရား"

"ကျွန်ုပ် ဒီကိုရောက်လာတာ ၆ ရက်ပဲရှိသေးတယ် ... မောင်ဘိုးထော်၊ မောင်ဘိုးထော် ထွက်ပြေးနေတဲ့ အချိန်မှာ ကျွန်ုပ် ရောက်လာတယ်။ ကျွန်ုပ်ကို ဘာမှ မကြောက်နဲ့"

"မှန်ပါ့"

"မောင်ဘိုးထော်အတွက် မြန်မာနိုင်ငံက သတင်းကောင်းတစ်ခု ကျွန်ုပ်မှာ ပါလာတယ်။ ဒီသတင်း မောင်ဘိုးထော်ကို ပြောဖို့ အခုခေါ်တာပဲ"

"မှန်ပါ့ အမိန့်ရှိပါ ဘုရား၊ ကျေးဇူးတင်လှကြောင်းပါ ဘုရား"

"ပြည်ဒိစတြိတ်ထန်းပေါက်ရွာမှာ ထွန်းကိုင်ဆိုတဲ့ လူတစ်ယောက်ကို သတ်မှုနဲ့ ပြည်မြို့စက်ရှင်မင်းကြီးက မောင်မင်းကို ၁၀ နှစ်တစ်ကျွန်း အပြစ်ပေး လိုက်တယ် ... ဟုတ်စ"

"မှန်ကြောင်းပါ ... ဘုရား"

"မောင်မင်း ... အယူခံသေးလား"

"မခံပါဘူး ဘုရား ... ကျွန်တော်က လက်သီးနဲ့ ထိုးမိတာလည်း အမှန်ပါပဲ ဘုရား"

"ဒါပေမဲ့ အခုနောက်ဆုံး ဆေးစာသက်သေခံအရ သေတဲ့လူ ထွန်းကိုင်ဟာ မောင်မင်း လက်သီးချက်ကြောင့် သေတာ မဟုတ်ဘူး။ အခြားအကြောင်း တစ်ခုကြောင့် သေတယ်လို့ဆိုတယ်။ မောင်ဘိုးထော်ရဲ့ မူလအမှုတွဲ ကျွန်ုပ်လက်ထဲမှာ ပါလာတယ်။ ဒီအကြောင်းကို သေခါနီး ဖြောင့်ချက်ပေးသွား

တဲ့ လူတစ်ယောက်ရဲ့ ဖြောင့်ချက်ကလည်း ထောက်ခံနေတော့ မောင်ဘိုးထော်မှာ အပြစ်မရှိတော့ဘူး"

"အမိန့်ရှိပါ ဘုရား ... ကျွန်တော်မျိုး ကောင်းကောင်း နားမရှင်းသေးပါဘူး ဘုရား"

"အခင်းဖြစ်ပွားတဲ့ နေရာက ထန်းရည်ဆိုင်ထဲမှာ ဖြစ်တယ်၊ ဒီဆိုင်ကို ပိုင်တဲ့ ဆိုင်ရှင် ဦးဘိုးထွန်းကြီးဆိုတဲ့ လူက သူသေခါနီးမှာ အမှုတစ်မှုနဲ့ ပတ်သက်လို့ ဖြောင့်ချက်ပေးပါရစေဆိုပြီး ရွာသူကြီးကို ပြောတော့ ရွာသူကြီးက ဆိုင်ရာအာဏာပိုင်များကို အကြောင်းကြားတဲ့အခါ သဲကုန်းက မြို့ပိုင်ကလေးက သက်သေလူကြီး နှစ်ယောက်ရှေ့မှာ သူ့ဖြောင့်ချက်ကို ယူရတယ်။ သူ့ဖြောင့်ချက် အတိုချုပ်ကတော့ သူ့မှာ သမီးအကြီးဆုံးက မွေးတဲ့ မြေးမချောချော အပျိုကလေးတစ်ယောက်ဟာ ရေနစ်သေတာ မဟုတ်ဘူးတဲ့၊ လူကြားကောင်းအောင်လို့သာ ပြောရတယ်။ အမှန်စင်စစ်ကတော့ ထွန်းကိုင်ရဲ့ စော်ကားခြင်းခံရလို့ အပျိုရည်ပျက်ရတဲ့အတွက် မိန်းကလေးရှက်ပြီး ချောင်းထဲ ခုန်ချသေတာတဲ့၊ ဒီကတည်းကစပြီး သူဟာ အရှက်ကြီးရှက်ပြီး ဒီအကောင်ကို ဘယ်လို လက်စားချေရမလဲလို့ စိတ်ကူးနေတယ်။ အဲဒီအမှုဖြစ်ပွားတဲ့ နေ့ကတော့ ထွန်းကိုင်ဟာ အပြင်က မူးလာပြီး သူ့ဆိုင်မှာ ထန်းရည်လာသောက်တော့ .... 'ဟုန်းမြစ်' ထည့်ပြီးစိမ်ထားတဲ့ ထန်းရည်မြူအိုးသစ်တစ်လုံး ချပေးလိုက်တာ ထွန်းကိုင်ဟာ အကုန်သောက်ပစ်လိုက်တဲ့အကြောင်း ထွန်းကိုင်ဟာ မူးတယ် ... မူးတယ် ... ပြောပြီး နေတဲ့အခိုက် မောင်ဘိုးထော်ရောက်လာပြီး လက်သီးနဲ့ တစ်ချက်ထိုးတဲ့အကြောင်း အမှန်စင်စစ် ထွန်းကိုင် သေရခြင်းဟာ လက်သီးဒဏ်ကြောင့် မဟုတ်ဘဲ အဆိပ်ကြောင့် သေရခြင်းဖြစ်ကြောင်း သူ့ဖြောင့်ချက်ထဲမှာ ပါတယ်"

ကျွန်ုပ်သည် မျက်လုံးများပြူးကာ ထောင်မင်းကြီး ပြောသော စကားများကို နားထောင်နေမိ၏။

ထောင်မင်းကြီးက ဆက်လက်၍ ....

"ဒီဟာနဲ့ မပြီးသေးဘူး၊ သူ့ဖြောင့်ချက်ကို ထောက်ခံတဲ့ သက်သေခံလည်း လိုသေးတယ်။ ဒါကြောင့် ဆိုင်ရာ အာဏာပိုင်များ အမိန့်နဲ့ ထွန်းကိုင်အလောင်းကို ဖော်ကြည့်ကြတယ်။ ကြည့်တဲ့အခါ အစာအိမ်ထဲမှာ အဆိပ်အများကြီး တွေ့ရတယ်။ အဆိပ်ကလည်း တခြား အဆိပ်မျိုးမဟုတ်ဘူး။ သစ်ပင်က ဖြစ်တဲ့ အဆိပ်မျိုးပဲ။ အဲဒီသက်သေခံ အကိုးအကားကြောင့် မောင်မင်း အပေါ်မှာ လူသတ်မှုပျက်ပြယ်သွားပြီ၊ ဘာအမှုမှမရှိတော့ဘူး။ မောင်မင်းလွတ်ပြီ၊ အကယ်၍ မောင်မင်းကိုသာ ဟိုတုန်းက ကြိုးပေးလိုက်မယ်ဆိုရင်

http://www.cherrythitsar.org



ဒီအမှုကို ဆက်စစ်မှာ မဟုတ်ဘူး။ အခုတော့ မောင်မင်းကို ကျွန်းအပြစ်ဒဏ်ပေးတဲ့အတွက် အသက်ရှင်နေဆဲ လူတစ်ယောက်ဟာ သူ့အပေါ်မှာ ပြစ်မှုမရှိဘဲနဲ့ အပြစ်မခံစေရဘူး။ ဒါမှ တရားရာ ရောက်တယ် ... ဒီတော့ မောင်ဘိုးထော် လွတ်ပြီ၊ နောက် ဗုဒ္ဓဟူးနေ့မှာ ဆိုက်မယ့် ကျွန်းပတ်သင်္ဘောနဲ့ မြန်မာပြည်ကို ပြန်ရတော့မယ်။ အလုပ်ကြမ်းကိုလည်း ဒီကနေ့စပြီး ရပ်နားလိုက်တယ်။ ကိုင်း ... သွားပေတော့"

ကျွန်ုပ်လည်း ထောင်မင်းကြီးအား လက်အုပ်ချီ၍ ကန်တော့ခဲ့ပြီးလျှင် ရုံးခန်းထဲမှ ထွက်ခဲ့လေ၏။

"ငါ လွတ်ပြီ ... မလတ်ရေ၊ မင်းနဲ့တွေ့ရတော့မယ် ... တွေ့တဲ့အခါ ကျမှ ကွဲနေသမျှ အတိုးချပြီး ချစ်လိုက်မယ်"

ဟု စိတ်ထဲက ရေရွတ်လိုက်မိ၏။

*

တစ်ကျွန်းအပြစ်ဒဏ်မှ လွတ်မြောက်၍ မြန်မာပြည်သို့ ဆိုက်ရောက်ခဲ့ပြီးနောက် ကျွန်ုပ်သည် ရန်ကုန်မှ အမြန်စာပို့ဖြင့် ပြည်မြို့သို့ ဆိုက်ရောက်ခဲ့၏။ ကျွန်ုပ်၏အကြံမှာ ပြည်ဘူတာအနီးတွင် 'မှော်ဇာ' နှင့် 'ဆင်မြီးဆွဲ' ဘက်သို့ ပြန်သော ဆန်လှည်းကြုံများကို တွေ့ရတတ်သဖြင့် ထိုလှည်းကြုံများဖြင့် ရွာသို့ လိုက်ရန်ဖြစ်သည်။

ပြည်ဘူတာသို့ ရထားဆိုက်၍ ဘုရားကြီးခြေရင်းရှိ လှည်းကြုံများကို သွားရောက်ရှာဖွေရာ၊ ကျွန်ုပ်နှင့်အသိ ဈေးဝယ်လာသော ဦးအုပ်ဖားဆိုသူ အဘိုးကြီးတစ်ယောက်နှင့် တွေ့ရ၏။ ဦးအုပ်ဖားသည် ကျွန်ုပ်အား မယုံကြည် နိုင်သော မျက်လုံးများဖြင့် ကြည့်၍ ....

"ဟော့ ... မင်း ... ဘိုးထော် မဟုတ်လား"

"ဟုတ်တယ် ... အဘ ... ကျွန်တော်လေ ... ကျွန်တော့်မှ မမှတ်မိတော့ဘူးလား"

"မင်း ... ဘာကြာသေးလဲ၊ ကျွန်းကိုပါသွားတယ် မဟုတ်လား"

ထိုအခါမှ ကျွန်ုပ်လည်း အကျိုးအကြောင်း ပြောပြရာ ဦးအုပ်ဖားမှာ အတော်ပင် အံ့အားသင့်လျက်ရှိလေ၏။

"ကျွန်တော်တို့ ရွာကော ... ရောက်သေးလား အဘ"

"အေး ... အရင်တလောက ရောက်တယ်။ မင်းလွယ်အိတ်ကြီးက ဖောင်းလှချည့်ကလား"

"ကျွန်တော့် မိန်းမဖို့လေ ... သနပ်ခါးတုံးကလေးတွေ၊ သူကြိုက်တတ်တဲ့ ပန်းကလေးတွေလည်းပါရဲ့၊ ရန်ကုန်က ဝယ်လာတယ် ... အဘရဲ့"

http://www.cherrythitsar.org



"အင်း ... အဲ ... အဲ"

ဦးအုပ်ဖားမှာ မျက်နှာပျက်သွားသည်ကိုလည်းကောင်း၊ ကျွန်ုပ်အား တစ်စုံတစ်ရာပြောမည်ပြုပြီးမှ စကားကို ရပ်လိုက်သည့်အကြောင်းကိုလည်း ကောင်း ကျွန်ုပ်ကောင်းစွာ သတိပြုမိ၏။

"ကျွန်တော်တို့အိမ်က လူတွေရော မာရဲ့ မဟုတ်လား ... အဘရဲ့"

စကားအထစ်ထစ် အငေါ်ငေါ်နှင့် .... "အင်း ... မင်းကို ခရီးရောက် မဆိုက် မပြောချင်ဘဲနဲ့ မင်းမေးလို့ရှိမှ ပြောရတော့မှာပဲ မောင်ဘိုးထော် ... မင်းမိန်းမ မလတ် ဆုံးရှာပြီ"

"အလိုလေး ... အဘရယ်၊ ကျွန်တော့်မိန်းမ ... ကျွန်တော့်မိန်းမ မလတ် ဆုံးရှာပြီ ဟုတ်စ"

"အေး ... အေး ... တရားနဲ့သာ ဖြေပေတော့ မောင်ဘိုးထော်"

ထို့နောက် ဦးအုပ်ဖားက ကျွန်တော်၏ ဇနီးမလတ်မှာ လွန်ခဲ့သော ကဆုန်လတည်းကပင် ရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားရှာပြီ ဖြစ် ကြောင်း ဖွင့်ဟပြောဆိုသောအခါ ကျွန်ုပ်၏အသည်းနှလုံးများမှာ မြေပေါ်သို့ ပြုတ်ကျသွားသကဲ့သို့ ဟာခနဲ ဖြစ်သွားတော့၏။

"ကျွန်တော် ဘယ်လိုလုပ်ပြီး ဖြေနိုင်ပါ့မလဲ အဘရယ်။ သူ့မျက်နှာ ကလေးကိုမှ နောက်ဆုံး ကျွန်တော် မမြင်လိုက်ရဘူးနော် ..."

ကျွန်ုပ်မှာ စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ ရှိုက်၍နေမိ၏။ ထို့နောက် ကျွန်ုပ်လည်း ရွာသို့ မပြန်တော့ဘဲ ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက်ရှိ သော ပြည်မြို့အရှေ့ 'မူရာဘင်' ရပ်ရှိကွမ်းခြံသို့ ထွက်လာခဲ့၏။

ထိုအခါမှစ၍ ကျွန်ုပ်သည် လောကကြီးတစ်ခုလုံးကို ယခင်ကထက် ပို၍ စိတ်နာလာခဲ့လေတော့သည်။

◆

# မြသက်စွပ်

၁၂၄၇ ခုနှစ်တွင် အရှင်သီပေါမင်း ပါတော်မူပြီးသည့်နောက် အထူးအားဖြင့် အထက်မြန်မာနိုင်ငံတွင် အချို့နေရာများ၌ တောပုန်းသူပုန် တို့ ထကြွလျက်ရှိနေခဲ့ရာ 'တောမီးလောင်၊ တောကြောင် လက်ခမောင်းခတ်' ဆိုသော စကားကဲ့သို့ သူယုတ်မာများသည် မရှိဆင်းရဲသားများ၏ ပစ္စည်းများကို အဓမ္မ နိုင်ထက်စီးနင်း တိုက်ခိုက်လုယူကြ၏။ အချို့သူများကား တိုင်းပြည်နိုင်ငံအတွက် မခံရပ်နိုင်ဖြစ်ကာ လက်နက်ချင်းပင် မညီမျှသော်လည်း အင်္ဂလိပ်စစ်တပ်များနှင့် အရာရှိများအား မြန်မာတို့ ဓားသွားဖြင့် တော်လှန်ကာ မိမိတို့ ဇာတိသွေး၊ ဇာတိမာန်ကို ပြကြကုန်၏။

သို့သော် ထိုအချိန်မှာ တစ်နိုင်ငံလုံး မီးဟုန်းဟုန်းတောက်သကဲ့သို့ ရှိနေရကာ ... သူခိုး၊ ဓားပြ၊ နိုင်ငံရေးသမား၊ သူပုန်ဟူ၍ ခွဲခြားစစ်ဆေးမေးမြန်း၍ မနေနိုင်ဘဲ မြေနိမ့်ရာ လှံစိုက်ကာ အနည်းငယ်မျှ အပြစ်ရှိသူများလည်း အကြီးလေးဆုံးသော အပြစ်ဒဏ်ကို ခံကြရ၏။ ကြီးကျယ်သော ရာဇဝတ်မှုများကို ကျူးလွန်သူများလည်း သင့်လျော်ရုံမျှသာ အပြစ်ရရှိကြ၏။

ထိုအချိန်က ဦးဘိုးထော်၏ဖခင်သည် လူစုလူဝေးဖြင့် အင်္ဂလိပ်စစ်တပ်များကို ခုခံတိုက်ခိုက်လျက်ရှိရာမှ နိုင်ငံ တဖြည်းဖြည်း အေးချမ်းလာလတ်သော် တောပုန်းဘဝသို့ ရောက်ကာ နောက်ဆုံး ဖမ်းမိ၍ သေဒဏ်စီရင်ခြင်း ခံရလေသည်။

http://www.cherrythitsar.org


ထိုအချိန်တွင် ဦးဘိုးထော်မှာ လူလားမမြောက်သေးသော ကလေး အရွယ် လူမမယ်ဘဝ၌ ရှိနေသေးရာ လူလားမြောက်၍ အထက်ပါ အကြောင်း များကို သိရသောအခါ ဗြိတိသျှအစိုးရအပေါ်၌ စိတ်နာပြီးလျှင် ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရသည့် ဆိုး၊ ခိုး၊ တိုက်ခိုက်ခြင်းများဖြင့်သာ အသက်မွေး ခဲ့လေသည်။

လူဆိုးတစ်ယောက်ပင် ဖြစ်လင့်ကစား ဦးဘိုးထော်မှာ ပညာဉာဏ် အမြော်အမြင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံခြင်း၊ ဆင်းရဲအားနွဲ့သူတို့အပေါ်တွင် သနားကရုဏာရှိခြင်း၊ ရတနာသုံးပါးနှင့် သက်ကြီး၊ ဝါကြီးတို့အား ကိုင်းရှိုင်း ခြင်းများ ရှိသဖြင့် အကျဉ်းကျ၍ ထောင်သားဘဝသို့ ရောက်နေသည့်အခါများ ၌ပင် အထက်လူကြီးများ၏ ချစ်ခင်ကြင်နာခြင်းကို ခံခဲ့ရလေသည်။

အစိုးရ ဥပဒေကို ဖောက်ဖျက် ကျူးလွန်သူများမှာ မည်သည့် ရည် ရွယ်ချက်နှင့်ပင် ဖောက်ဖျက်သူဖြစ်စေ၊ နောက်ဆုံးတွင် အစိုးရမင်း၏ ပြစ်ဒဏ်မှ မလွတ်ကင်းနိုင်ရကား ဦးဘိုးထော်မှာ အကြိမ်ပေါင်းများစွာ ထောင်ဒဏ်အပြစ် ပေးခံရ၍ မြန်မာပြည်ရှိ ထောင်မှန်သမျှ သူမရောက်ဖူးသော ထောင်ဟူ၍ မရှိ သလောက်ပင် ဖြစ်ခဲ့လေသည်။

ဤသို့ အကျဉ်းကျ ခံရဖန်များလတ်သော် ဦးဘိုးထော်မှာ ထောင် ရည်ဝလျက် ထောင်သားများ၏ အကြီးအကဲဖြစ်ကာ 'ထောင်မင်းသား' အဖြစ် သို့ ရောက်ရှိခဲ့ပြီးနောက် ထောင်မင်းသား ဦးဘိုးထော်ဟူ၍ အများကပင် သိရှိကြလေသည်။ ဦးဘိုးထော်မှာ တစ်ဖက်မှကြည့်လျှင် လူဆိုး၊ လူမိုက်၊ လူပေ၊ လူတေကြီးတစ်ယောက် ဖြစ်သော်လည်း အခြားတစ်ဖက်မှ ကြည့်လျှင် 'အကောင်း' ကလေးများ တွဲလျက်ရှိ၏။

၎င်းတို့မှာ အကြီးအကဲများအား ရိုသေခြင်း၊ ထောင်သားများအပေါ် တွင် တရားမျှတစွာ ကျင့်တတ်ခြင်း၊ ယုတ်မာညစ်ပတ်သူတို့အပေါ်တွင် ရက် တာထိုက်သူကို သနားညှာတာခြင်း စသော ဂုဏ်အင်္ဂါများ ဖြစ်၏။

သို့ကြောင့်လည်း ထောင်အရာရှိများသည် ဦးဘိုးထော်အပေါ်တွင် တတ်နိုင်သမျှ မျက်နှာသာ ပေးခဲ့ကြခြင်းဖြစ်လေသည်။

ဦးဘိုးထော်မှာ ထောင်ထဲတွင် ရှိနေသည့် အချိန်၌ ရာဇဝတ်ပြစ်မှု ကျူးလွန်သူ အမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံခဲ့ရသည်ဖြစ်ရာ ထိုသူများထံမှ သူတို့၏ဖြစ်ပျက်များကို မေးမြန်းကာ ရေးမှတ်စုဆောင်းခဲ့၏။ အထူးသဖြင့် ကြိုးမိန့်ကျပြီး သေအံ့အကျဉ်းသားများထဲမှ သူတို့၏လျှို့ဝှက်ချက်များကို ရရှိခဲ့ ၏။ အစိုးရရုံးတော်၌ မထုတ်ဖော်ခဲ့သည့် အချက်များကိုပင် ဦးဘိုးထော်အား

http://www.cherrythitsar.org


ထုတ်ဖော်ဝန်ခံခဲ့တတ်ကြလေသည်။ ကျွန်ုပ်တို့ ယခုရေးသားဖော်ပြသော အချိန်က ရန်ကုန်မြို့ ဗဟိုထောင်ကြီးတွင် ဦးဘိုးထော်နှင့်အတူ ဦးထုပ်အပြာ ရသော ၁၂ မှတ် ဗာရာတုတ်ကြီးဆိုသူတစ်ယောက် ရှိ၏။ ထိုသူကား နာမည်ကြီးလူဆိုးတစ်ယောက်ဖြစ်ပြီးလျှင် ထောင်သားများမှာ 'တုတ်ကြီး' ဆိုက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရ၏။ တုတ်ကြီးမှာ ဒုတိယအတန်းအစား ဗာရာ မျှသာဖြစ်၍ ဦးဘိုးထော်က ပထမတန်းစား ဖြစ်လေသည်။

ထောင်သားများကို အုပ်ချုပ်သည့် ဗာရာများကို အဆင့်အတန်း အလိုက်ခွဲခြားထားရာ (၈) မှတ်ရ ဗာရာများမှာ ဦးထုပ်ဖြူဆောင်းရ၍ သူခံရသော ရက်၊ လ၊ နှစ် အပိုင်းအခြား၏ သုံးပုံတစ်ပုံအတွင်း အခြားပြစ်မှု တစ်စုံ တစ်ရာ ကျူးလွန်ခြင်း မရှိက တစ်ညလျှင် ၂ နာရီမျှ အလှည့်နှင့် စောင့်ရသည်။ 'ညစောင့်ဗာရာ' (Convict Night Watchman) အဖြစ်သို့ ရောက်၏။ သူသည် တစ်လလျှင် လျှော့ရက် ၅ ရက် ရရှိပြီးလျှင် တတိယအတန်းအစားမျိုး ဖြစ်လေသည်။

၁၂ မှတ်ရ ဗာရာများကို အတိုကောက် (C.O) ဟု ခေါ်၏။ အရှည်မှာ (Convict Ovevseer) ဖြစ်၍ တစ်လလျှင် လျှော့ရက် ၆ ရက်ရလေသည်။ ဦးထုပ်ပြာဆောင်းရပြီးလျှင် အမှတ် (၈) ဗာရာများအပေါ်တွင် အုပ်ချုပ်ရ၏။ သူကား ဒုတိယ အတန်းစားမျိုး ဖြစ်လေသည်။

ပထမအတန်းအစားမှာ (C.W.) ဖြစ်၍ အရှည်အဓိပ္ပာယ်မှာ (Convict Warder) ဖြစ်လေသည်။

မြန်မာလို 'တန္ဒေ' ဟု ခေါ်၍ အဝတ်အစားမှာ အင်္ကျီအပြာ၊ ဘောင်းဘီတို အပြာ ရပြီးလျှင် သားရေခါးပတ်၏ ခေါင်းတွင် ကြေးဝါကို ဘဲဥသဏ္ဌာန် ပြုလုပ်ကာ (C.O) ဟု ရေးထား၏။ သူကား ထောင်ပိုင်၊ ထောင်မှူးများ၏ လူယုံတော်ကြီးဖြစ်လေသည်။ (တစ်လလျှင် လျှော့ရက် ၈ ရက်ရ၏။)

ဦးဘိုးထော်မှာ တန္ဒေဖြစ်၍ တုတ်ကြီးမှာ ထိုအခါက ၁၂ မှတ် ဦးထုပ်ပြာ ဆောင်းရသော (C.W) စီဒဗလျူ ဖြစ်ပြီးလျှင် ဦးဘိုးထော်နေရာကို ချိန်နေသူ ဖြစ်လေသည်။ တုတ်ကြီးမှာ လူတစ်ယောက်အား မိုက်မိုက်ကန်းကန်း ရက်ရက်စက်စက် လုပ်ဝံ့သော်လည်း ဉာဏ်ပညာ ဗဟုသုတကား ခေါင်းပါးသူ ဖြစ်၏။ သူသည် ဦးဘိုးထော်၏ဩဇာ ညောင်းမှုကိုလည်းကောင်း၊ ဦးဘိုးထော် အပေါ်တွင် ထောင်သားများက ချစ်ခင်လေးစားမှုကိုလည်းကောင်း များစွာ မရှုဆိတ်ဘဲ ဦးဘိုးထော်နှင့် တစ်ဖက်တစ်လမ်း နေခဲ့သူဖြစ်၏။ သို့သော် ဦးဘိုးထော်ကိုကား အတိအလင်း အတိုက်အခံ မလုပ်ဝံ့ချေ။ ဤအကြောင်းကို ဦးဘိုးထော် သိသော်လည်း ခပ်အေးအေးပင် လျစ်လျူရှု၍ နေခဲ့လေသည်။

http://www.cherrythitsar.org



ဦးဘိုးထော် ရောက်သွားသမျှ ထောင်များ၌ ထောင်သားများသည် ဦးဘိုးထော်အပေါ်တွင် လေးစားကြည်ညိုတတ်ကြသည့် အကြောင်းများကို အကြိမ်ကြိမ် ရေးသားဖော်ပြခဲ့ပြီးဖြစ်ရာ တစ်ခါတစ်ရံ ဦးဘိုးထော်အား 'ကဏ္ဍကောစ' လုပ်ကာ ဦးဘိုးထော်ကိုပင် မယုံကြည်သူများလည်း ရှိသေး၏။

လူတို့မည်သည် အခြားသူတစ်ယောက်၏အကျိုးကို မည်မျှပင် သယ်ပိုးရွက်ဆောင်သည် မှန်စေကာမူ အခါခပ်သိမ်းလည်း ကြည်ညိုခြင်းခံရမည် မဟုတ်ပေ။ တစ်ခါတစ်ရံ အထင်လွဲခြင်း၊ မုန်းတီးခြင်း၊ မယုံကြည်ခြင်းများကိုလည်း ခံရတတ်သည်ကား လောက၏ဓမ္မပေတည်း။

ထိုအချိန်ကား ... စစ်မဖြစ်မီ ၅ နှစ်ခန့်ကဖြစ်၍ ဦးဘိုးထော်သည် တရားသူကြီးတစ်ယောက်အား သူ့အပေါ်တွင် အမှုမမှန်ဘဲနှင့် အပြစ်ပေးရမည်လောဟု အငြိုးဖွဲ့ကာ ဓားနှင့်ခုတ်သည့်အမှုအတွက် ရန်ကုန်မြို့ ဗဟိုထောင်ကြီးတွင် ထောင်ဒဏ် ၃ နှစ်မျှ ကျခံနေရသောအချိန်ဖြစ်၏။ တစ်နေ့တွင် အကျဉ်းထောင်သို့ မောင်သြဘာဆိုသူ လူသတ်တရားခံ တစ်ယောက်ရောက်ရှိလာရာ၊ ထိုသူသည် ဦးဘိုးထော်၏မိတ်ဖွဲ့ခြင်းကို ကောင်းစွာ လက်မခံဘဲ ဦးဘိုးထော်အား ခပ်တန်းတန်းပင် နေခဲ့လေသည်။

မောင်သြဘာအား ကြိုးပေးသည့် နံနက်က ကြိုးတိုက်အတွင်းသို့ ရာဇဝတ်ကောင်ကို ဝင်ရောက်ဖမ်းဆီး လက်ထိပ် ခတ်လေရာ၊ စက်တိုင်သို့ တက်ရအံ့ဆဲဆဲ အချိန်တွင် အပြင်အထုတ်မခံဘဲ အကြောက်အကန် ရုန်းကန်နေတတ်သော အခြားရာဇဝတ်ကောင်များကဲ့သို့ မဟုတ်ဘဲ မောင်သြဘာသည် ခပ်အေးအေး လိုက်ပါလာခဲ့၏။ သို့သော် ကြိုးတိုက်မှမထွက်မီ သူသည် အုတ် နံရံတွင် မီးသွေးဖြင့် ရေးခြစ်ထားသည့် စာများကို တစ်ခဏမျှ လှည့်၍ ကြည့် နေသေး၏။ ထို့နောက်မှ အာဏာသားလက်သို့ လိုက်ပါလာခဲ့လေသည်။

ထိုနေ့က ... ကြိုးတိုက်အတွင်းသို့ ရာဇဝတ်ကောင်ကို ဝင်၍ ဖမ်းဆီးရသော အာဏာသားများတွင် (၈) မှတ်ရ 'ဗာရာဖြူလေး' ဆိုသူ တစ်ယောက်အပါအဝင်ဖြစ်၏။ ဖြူလေးသည် ကြိုးတိုက်မှ စက်တိုင်သို့ သွားသော လမ်းတစ်လျှောက် မောင်သြဘာ၏ လက်ဝဲဘက် လက်ရုံးကိုကိုင်ကာ သူ၏ နံဘေးမှ လိုက်ပါလာခဲ့၏။

စက်တိုင်ရှိသော နေရာမှာ ကြိုးတိုက်နှင့် မနီးမဝေး၌ပင် ရှိနေသော်လည်း ထိုလမ်းတစ်လျှောက်၌ အသုဘများ ချသွားသကဲ့သို့ အကျဉ်းသားတစ်ယောက်သည် ဘုရားရုပ်ပွားတော်တစ်ဆူကို လင်ပန်းတွင်း၌ ထည့်ပြီးလျှင် ခေါင်းပေါ်၌ ရွက်၍ရှေ့မှသွားရလေရာ အခြားအကျဉ်းသားတစ်ယောက်က နောက်မှ ကြေးစည်တစ်လုံးကို ရိုက်၍သွားရ၏။ ထို့နောက်မှာ ကြိုးပေးခံရမည့်

http://www.cherrythitsar.org



ရာဇဝတ်ကောင်ကို အခြား ၃–၄ ယောက်က ညှပ်၍ လိုက်ရလေသည်။ အချိန်မှာ နံနက်ဝေလီဝေလင်း အချိန်ဖြစ်၍ အချို့ငှက်များပင် မနိုးသေးဘဲ ရှိနေရာ၊ ကြေးစည်သံကြောင့် လန့်ဖျပ်သွားသော တစ်ကောင်တလေမျှသော ကျီးတစ်ကောင်၏ အာလိုက်သောအသံမှာ ဆိတ်ငြိမ်လျက်ရှိသော ပတ်ဝန်းကျင်ကို အလန့်တကြား ဖြစ်သွားစေ၏။ ဤအစီအစဉ်များကိုသာ အပြင်အပမှ လူတစ်ယောက် မြင်ခဲ့သော် နှလုံးတုန်လှုပ်ဖွယ် ကောင်းလှပေ၏။

မောင်ဩဘာသည် ပုတီးတစ်ကုံးကို လက်ယာဘက် လက်ဖြင့် ကိုင်၍ စိပ်ကာ ပါးစပ်မှလည်း ဘုရားတရားကို ရေရွတ်လျက် ရှိလေသည်။ ဖြူလေးမှာ လူမိုက်တစ်ယောက် ဖြစ်၍ ဤအဖြစ်အပျက်မျိုးကို သုံးလေးကြိမ်ထက်မနည်းတွေ့မြင်ဖူးသော်လည်း မောင်ဩဘာကိုမူ အကယ်ပင် သနားလျက်ရှိ လေသည်။

"ယောက်ျားပဲ ကိုဩဘာရယ် ... ဘာကြောက်စရာရှိလဲ၊ လူဆိုတာ တစ်သက်တစ်ခါ သေကြစမြဲပဲ"

အားပေးစကားပင် ပြောရသော်လည်း ဖြူလေး၏ အသံမှာ တုန်တုန်ရီရီရှိလှ၏။

"မကြောက်ပါဘူး ကိုဖြူလေးရယ် ... ကျုပ်တရားရှိပါတယ်"

"ဘုရား ... တရားသာ အောက်မေ့ပေတော့ဗျာ"

"ဩော် ... ဒါနဲ့ ကိုဖြူလေးကို ကျုပ်တစ်ခုပြောခဲ့ရဦးမယ်။ လူများရဲ့ လောဘ တရားများဟာ သေသည်အထိ မသတ်နိုင်ကြဘူးနော်"

"ဘာပြောတာလဲဗျ"

"ကြိုးတိုက်ထဲက အုတ်နံရံမှာ မီးသွေးခဲနဲ့ ကျုပ်စာရေးပစ်ခဲ့တယ်ဗျ"

"ခင်ဗျား ပြောတာတွေ ကျုပ်ဖြင့် တစ်လုံးမှ နားမလည်ပါဘူးဗျာ"

"ခက်တဲ့လူကွယ် ... နားမလည်လိုက်တာ၊ ကိုဘိုးထော်ကို ကျုပ် ဘာအကြောင်းမှ မပြောခဲ့ဘူး၊ ခင်ဗျား သိတယ် မဟုတ်လား ... ဒီလူက လူညာဗျ၊ လူတွေသေခါနီး မရရအောင်မေး၊ သေသွားတဲ့ လူရဲ့ပစ္စည်းနဲ့ သူက စီးပွားလမ်းဖြောင့်နေတဲ့ လူတစ်ယောက်ပဲ။ ကျုပ်က ဘာပြောလိမ့်မလဲ၊ မြေကြီးသြဇာဖြစ်ပေ့စေဗျာ"

"အခုတင်က ပြောတဲ့ ခင်ဗျား မီးသွေးခဲနဲ့ ရေးပစ်ခဲ့တဲ့ စာကို ကျုပ်က ဘာလုပ်ရမလဲ ကိုဩဘာရဲ့"

"ဒီစာသာ ဖော်ပေတော့လို့ ...ခင်ဗျားဆရာ ကိုတုတ်ကြီး ပြောလိုက်ပါတော့လေ၊ ကိုဘိုးထော်များတော့ သွားမပြောလေနဲ့နော် ... ကိုင်း ... သွားပြီ"

http://www.cherrythitsar.org



ထိုအချိန်၌ စက်တိုင်ခြေရင်းသို့ ရောက်လာပြီဖြစ်ရာ တရားသူကြီး ထောင်ပိုင်နှင့် ထောင်မှူးတို့လည်း သူ့နေရာနှင့်သူ အသင့်ရောက်လာကြပြီဖြစ်၍ စကားလက်စ ပြတ်သွားလေ၏။

နောက် နှစ်မိနစ်ခန့်အကြာတွင် ကြိုးစင်ထိပ်မှ ဂျိန်းခနဲ မြည်သော အသံကြီးသည် သစ်ပင်များပေါ်ရှိ ကျီးကန်းများကိုပင် လန့်၍ပျံသွားစေရာ မောင်သြဘာသည်လည်း လူ့ဘဝမှ ပျောက်ကွယ်သွားလေတော့သတည်း။

*

မောင်သြဘာ ကြိုးဒဏ်ခံရပြီးနောက် နှစ်ရက်မြောက်သော နေ့၌ ဦးဘိုးထော်သည် လက်သမားရုံ၌ ရှိနေစဉ် ကျော်သွဲ့ဆိုသူ အကျဉ်းသားတစ်ယောက် ရောက်လာပြီးနောက် ဦးဘိုးထော်အား ....

"ဆရာ့ကို ကျွန်တော် စကားတစ်ခွန်း ပြောစရာရှိလို့ ဆရာ"

"ဘာများလဲကွယ့် ... ကျော်သွဲ့ရဲ့"

"သတင်းက ဗာရာ ကိုဖြူလေးဆီက ကြားရတဲ့ သတင်းဆရာရဲ့"

"ဆိုစမ်းပါဦးကွယ်"

"ကိုသြဘာ အကြောင်း ဆရာသိတယ် မဟုတ်လား"

"အေးလေ ... သိတာပေါ့၊ တစ်နေ့က ကြိုးပေးခံရတဲ့ သြဘာ မဟုတ်လား"

"ဟုတ်တယ် ဆရာရဲ့၊ ဒီလူက သိုက်ဆရာများလား မပြောတတ်ပါဘူး ဆရာရယ်"

"ဘာဖြစ်လို့လဲ"

"ဒီလို ဆရာရဲ့ ... သူ့ကို ကြိုးပေးတုန်းက တိုက်ထဲကို ဝင်ဖမ်းတဲ့ အခါမှာ ကိုဖြူလေး ပါတယ်။ ပါတော့ ကြိုးစင်အသွားလမ်းမှာ ကိုသြဘာက ကြိုးတိုက်ထဲမှာ သူစာတစ်ပုဒ်ရေးပစ်ခဲ့တဲ့အကြောင်းနဲ့ ဒီစာကို ဆရာကို တုတ်ကြီးကို ပြောလိုက်ဖို့အကြောင်း ကိုဖြူလေးကို မှာခဲ့သတဲ့ ဆရာ"

"ကြိုးတိုက်ထဲမှာ ရေးထားခဲ့တယ် ... ဟုတ်စ"

"ဟုတ်တယ် ဆရာ၊ မီးသွေးခဲနဲ့ ရေးထားပစ်ခဲ့သတဲ့"

"စာက ဘာစာလဲကွယ့်"

"ဘာစာရယ်လို့တော့ ကျွန်တော် မသိဘူး။ ဟောဒီမှာ ကျွန်တော် ယူလာခဲ့တယ်။ ဒီစာကို ကြိုးတိုက်ဖွင့်ပြီး အမှိုက်လည်း ရှေဆေးလုပ်တဲ့အခါ ကိုဖြူလေးက ကူးယူပြီး ကိုတုတ်ကြီးပြတာကို ဆရာရဲ့"

"ပြတော့ တုတ်ကြီးက ဘာပြောသတဲ့လဲ"

http://www.cherrythitsar.org



"ကိုတုတ်ကြီးကတော့ စာဖတ်ပြီး အလကားစာတွေပါကွယ်။ ဩဘာဟာ နဂိုကမှ လူသူတော်ယောင်ယောင် ဘာယောင်ယောင် လုပ်နေတဲ့အကောင် ... သေခါနီးမှာ ရူးလို့ရေးချင်တာတွေ ရေး၊ ပြောချင်တာတွေ ပြောပစ်ခဲ့တာပါဆိုပြီး ကိုဖြူလေး ကူးလာတဲ့ စာရွက်ကလေးကို ထွေးလုံး လွှင့်ပစ်လိုက်တာကိုး ဆရာရဲ့၊ ဒါနဲ့ သူတို့ ထွက်သွားတော့ အလစ်မှာ ကျွန်တော် ကောက်ယူခဲ့တယ်"

ကျော်သွဲ့သည် လုံး၍ထားသော စက္ကူကလေးကို ဦးဘိုးထော်အား ပေးလိုက်သဖြင့် ဦးဘိုးထော်သည် စက္ကူကလေးကို ဖြန့်၍ဖတ်လေရာ လက်တစ်ဝါးခန့်ရှိ စာရွက်ကလေးပေါ်တွင် ခဲတံဖြင့် ကြောင်ခြစ်သကဲ့သို့ ရေးထားသော စာများကို တွေ့မြင်ရလေ၏။ လက်ရေးပင် မကောင်းသော်လည်း အသေအချာ ဖတ်က ဖတ်နိုင်လေသည်။ စာရွက်ပေါ်ရှိ စကားများကား အောက်ပါအတိုင်း ဖြစ်၏။

'ဥသျှောင်ပုန်းဝယ်
ပစ္စည်းကြွယ်
ဖော်မယ်ကြံဆ
သိုက်စာကျ'

ဦးဘိုးထော်သည် စာကို သုံးလေးကြိမ်မျှ ပြန်၍ ဖတ်ပြီးနောက် စာ ရွက်ကလေးကို ခါးကြားထဲတွင် လိမ်၍ သိမ်းထားလိုက်လေ၏။

ထိုည၌ ဦးဘိုးတော်သည် အိပ်ရာသို့ ဝင်ပြီးနောက် အပြင်လမ်း တစ်လျှောက် ဝရံတာတွင် ထွန်းညှိထားသော မီးရောင်ကလေးဖြင့် စာရွက်ကလေးကို အကြိမ်ပေါင်းများစွာ ဖတ်လျက်ရှိနေသေး၏။ တစ်နာရီခန့်ကြာမှ နောက်ဆုံးတွင် စဉ်းစားမိသည့်ဟန်ဖြင့် ....

"အင်း ... ငါထင်တဲ့အတိုင်းဆိုရင် ဒီလိုများ ဖြစ်နေမလား မပြောတတ်ဘူး"

ဟု တစ်ကိုယ်တည်း ပြောသကဲ့သို့ ရေရွတ်ပြောဆိုကာ စိတ်ချလက်ချ အိပ်လေ၏။

သို့နှင့် ဦးဘိုးထော်၏ လွတ်ရက်များသည် တစ်နေ့ထက် တစ်နေ့ နီးကပ်၍ မောင်ဩဘာအား ကြိုးပေးသည့်နေ့မှ ၁ နှစ် ၃ လ ၁၀ ရက် ရှိသော အခါ ရန်ကုန်ထောင်ကြီးမှ လွတ်မြောက်ခဲ့လေ၏။

ဤသို့ မလွတ်မြောက်မီ ဦးဘိုးထော်သည် ထောင်စာရေးထံမှ မောင်ဩဘာ၏ နေရပ်ကိုလည်းကောင်း၊ မောင်ဩဘာ၏ အမှုအကြောင်းကို လည်းကောင်း၊ မောင်ဩဘာအား ကြိုးပေးပြီးနောက် အလောင်းကို သင်္ဂြိုဟ်ရန်

http://www.cherrythitsar.org



လာ၍ယူသော မောင်ညြဘာ၏ တူတော်စပ်သည်ဆိုသူ အကြောင်းကိုလည်းကောင်း တတ်နိုင်သမျှ စုံစမ်းမေးမြန်း၍ မှတ်သားခဲ့၏။

ကြိုးပေးခံရသူ၏ အလောင်းကို ဆွေမျိုးညာတိရှိက လျှောက်ထားတောင်းယူနိုင်၍ တောင်းယူမည့်သူ မရှိသော အလောင်းကိုမူ ထောင်ကပင်တာဝန်ယူ၍ မြှုပ်နှံသင်္ဂြိုဟ်ရ၏။ အလောင်းကို ယူမည့်သူရှိက ယူမည့်သူများသည် ကြိုးပေးမည့်နေ့ နံနက်တွင် ထုံးစံအတိုင်း ထောင်ဝမှ အသင့်လုပ်ပြီး 'ခေါင်း' နှင့် လာရောက်စောင့်နေရ၏။

မောင်ညြဘာ၏အလောင်းမှာ ကြိုးပေးလိုက်သည့်နေ့က မုန့်လုပ်ဆောင်းကုန်းမှ ဝါးထရံများရက်သော မောင်ဘိုးသာ ဆိုသူ တစ်ယောက် လာရောက်ယူသွားကြောင်း သိရ၏။

သို့ဖြစ်၍ ထိုသတင်းများ ရရှိရေးအတွက် ဦးဘိုးထော်မှာ ထောင်စာရေးအားလည်းကောင်း၊ မိမိအား ရှေးဦးစွာ သတင်းပေးသူ ကျော်သွဲ့အားလည်းကောင်း မိမိစုဆောင်းထားသည့် ငွေထဲမှ ထိုက်သင့်သလောက် ကျေးဇူးပြုခဲ့ရသေး၏။

*

ထောင်မှ လွတ်ခဲ့ပြီးနောက် ဦးဘိုးထော်သည် ရှေးဦးစွာ မောင်ညြဘာအား ကြိုးမိန့်ပေးလိုက်သော ရုံးသို့သွားရောက်ကာ ရှေ့နေတစ်ယောက်ငှား ရမ်းပြီးလျှင် အမှုတွဲများကို ဖတ်စေ၏။

ထိုအခါ မောင်ညြဘာအမှုတွင် သက်သေခံခဲ့သည့် သေသူ မောင်ဖေယျအိမ်အနီး၌နေသော အိမ်နီးချင်းဖြစ်သူ၏ ထွက်ချက်၊ ၎င်းပြင် မြင်းခြံမြို့မှလာရောက်အစစ်ခံသော သူဌေးဦးဘကလေး၏ ထွက်ချက်များကို မိတ္တူ၊ကော်ပီကူးရန် ရုံးတော်သို့ လျှောက်ထားပြီးလျှင် ကူး၍ယူစေ၏။ ထိုအခါမှကြိုးပေး ခံရသော မောင်ညြဘာ၏ အမှုအကြောင်းစုံကို သိရှိရလေ၏။

အခင်းဖြစ်ပွားသော နေ့ ည ၁၁ နာရီကျော်ကျော် အချိန်၌ ကြည့်မြင်တိုင် လင်းလွန်းကွက်သစ်ရှိ သေသူ မောင်ဖေယျ နေအိမ်၌ သေသူနှင့် တရားခံသည် အရေးကြီးသော ကိစ္စတစ်ခုအတွက် ငြင်းခုံပြောဆိုလျက်ရှိကြ၏။

ထိုရပ်ကွက်ရှိ အိမ်များမှာ ... ဓနိမိုး၊ ဝါးထရံကာ အိမ်များဖြစ်ကြ၍အိမ်နီးချင်း တစ်ယောက်က အိမ်အောက်တွင် ခေတ္တမိုးခိုရင်း ထရံပေါက်မှချောင်းမြောင်း ကြည့်ရှုသဖြင့် မြင်ရလေသည်။

ထိုအိမ်နီးချင်း၏ ထွက်ချက်အရ သူတို့သည် ပစ္စည်းတစ်ခုနှင့် ပတ်သက်၍ အချင်းများလျက်ရှိကြ၏။

http://www.cherrythitsar.org


မောင်ညိဘာ၏ ပြောစကားများအရ ပစ္စည်းမှာ သေသူလက်ထဲတွင် ရှိနေကြောင်း ထင်ရှား၏။ ထိုသက်သေ၏ အစစ်ခံချက်အရ သူတို့အပြန်အလှန် ပြောနေသော စကားများမှာ အောက်ပါအတိုင်း ဖြစ်၏။

"မင်းသိမ်းထားတာတော့ ဟုတ်ကဲ့၊ ငါက ဘယ်နှယ့် လုပ်ပြီး တာ ရှည်ယုံရမှာလဲ"

"ငါ ... မင်း အပေါ်မှာ လိမ်မယ့် လူလားကွ"

"လိမ်တာ မလိမ်တာ အပထား ... ငွေလိုချင်တယ် ကွယ့်"

"ဘယ်လောက်လဲ"

"နှစ်သောင်း"

"ကြံကြံဖန်ဖန်ကွာ ... အဘိုးကြီးပြောတဲ့ဈေး မင်းက စိတ်ထဲစွဲနေတာ ကိုးကွယ့်။ ဒါက သူ့လိုဂုဏ်ရှိတဲ့ လူက တကယ့် စော်ဘွားတွေ၊ မဟာရာဇာ တွေ၊ အမေရိကန် သူဌေးတွေကို ရောင်းမှရတဲ့ဈေး မင်းတို့လို ငါတို့လို လူမျိုး ရောင်းရင် ရပ့ါမလားကွယ်"

"ဒါဖြင့် ... မဂိုလမ်းသွားပြီး စုံစမ်းကြည့်ပါလားကွယ့်"

"ကြည့်တာပေါ့ကွယ် ... ဖြည်းဖြည်းပေါ့၊ နောက်ပိုင်းကလည်း သူ့ လက်စွပ် ပျောက်သွားတယ်လို့ ဂါတ်တိုင်ထားတဲ့အတွက် ပုလိပ်လိုက်နေတယ် ဆိုတာ မင်းအသိသားပဲ"

"ဒါဖြင့်လည်း ပေါင်လေကွယ်"

"ပေါင်လို့ကော ဘယ်သူက တစ်ထောင်ထက်ပိုပြီး ပေးဦးမှာလဲ ကွယ့်၊ အဘိုးကြီးစပ်စားနေတာက ဒီလက်စွပ်က ရာဇဝင်ပစ္စည်းတစ်ခုအဖြစ်နဲ့ အဖိုးတန်တဲ့အကြောင်းသိလို့ ရာဇဝင်ပြပြီး ရောင်းမှ အဖိုးတန်မှာ ညိဘာရဲ့၊ မင်းနှယ် အပြောရခက်လိုက်ပါဘိတော့ကွယ်"

အထက်ပါ စကားများကို ကြားရပြီးနောက် နံဘေးပြတင်းပေါက်တစ် ပေါက်ပွင့်လာသည်နှင့် သက်သေခံသူသည် သေသူ မောင်ဖေယျ အိမ်အောက်မှ အမြန်ထွက်ခဲ့ရကြောင်း၊ နောက်တစ်နေ့ နံနက်လင်းလျှင် မောင်ဖေယျမှာ အိပ်ရာပေါ်တွင် ဓားခုတ်ရာပေါင်းများစွာနှင့် သေဆုံးနေသည်ကို ပွဲမှ ပြန်လာ သော အိမ်နီးချင်းက တွေ့ကြရကြောင်း သက်သေထွက်ချက်များရှိလေသည်။

မြင်းခြံမြို့ ဝါသူဌေး ဦးဘကလေး၏ ထွက်ချက်ကို ကူးယူကြည့်ရှု သောအခါ၌ အမှု၏အကြောင်းကို ပိုမိုရှင်းလင်းစွာ အောက်ပါအတိုင်း သိရှိလာ ရလေ၏။

http://www.cherrythitsar.org



ဦးဘကလေးသည် လွန်ခဲ့သော ၃ နှစ်ခန့်က မောင်ရွှေမှန်ဆိုသူတစ်ယောက်အား တပည့်အဖြစ်ဖြင့် မွေးခဲ့၏။ မောင်ရွှေမှန်မှာ စာရေးအလုပ်သာမဟုတ်၊ တောသို့တက်၍ ကုန်များဝယ်ခြင်း၊ ရန်ကုန်သို့ သင်္ဘောနှင့် ကုန်ပို့ရာတွင် လိုက်ပါရခြင်း၊ ဝါပွဲစားများနှင့် စကားပြောရခြင်းများ၌ ကျွမ်းကျင်သူဖြစ်၏။ သူသည် ဤအလုပ်များသာမက ကြမ်းကြမ်းတမ်းတမ်း လုပ်ရမည့်အလုပ်များကိုလည်း လုပ်နိုင်သည့်ပြင် သတ္တိကောင်း၍ အရာရာ၌ စိတ်ချရသောကြောင့် ဦးဘကလေး၏ ကျွန်ယုံကြီး သက်တော်စောင့်သဖွယ် အလုပ်များကို ပေးအပ်ထားခြင်း ခံရလေသည်။

တစ်နှစ်ခန့်ကြာသောအခါ မြင်းခြံမြို့တွင် ရောဂါအမျိုးမျိုးကို ကုနိုင်သည်ဆိုသော လူသူတော် 'မောင်ညြ' ဆိုသူတစ်ယောက် ပေါ်လာရာ ထိုသူမှာ သာမန် ရောဂါများကို ကုနိုင်ရုံမျှမက ဗေဒင်လက္ခဏာ၊ ယာယီ ယတြာမှစ၍ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိများတွင်လည်း အထူးစွမ်းသည်ဟု ဟိုးလေးတကျော်ဖြစ်ကာ လူအများ ဆည်းကပ်ကိုးကွယ်ကြလေ၏။ မောင်ရွှေမှန်မှာ လူသူတော်အား အထူးကြည်ညိုကာ အလုပ်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုဆရာထံသွားရောက်၍ အချိန်ကုန်လွန်စေခဲ့ပါသည်။ သူတို့နှစ်ယောက်မှာ နေ့တတွဲတွဲ ညတတွဲတွဲ ဆိုသကဲ့သို့ ရှိနေခဲ့ကြ၏။

သုံးလခန့်ကြာသောအခါ ထိုလူသူတော် မောင်ညြဆိုသူသည် မြင်းခြံမြို့မှ ရုတ်တရက် ပျောက်သွားလေ၏။ ပျောက်မသွားမီ ခုနစ်ရက်လောက်က ဦးဘကလေးအိမ်တွင် အောက်ပါအတိုင်း ဖြစ်ပျက်ခဲ့၏။

ဦးဘကလေး၌ အလွန်အဖိုးထိုက်တန်သော မြလက်စွပ်တစ်ကွင်းရှိ၏။ 'မြ' မှာ ရတီ ၂၀ ကို ၃ ဗီဇ္ဇာသာ လျော့၏။ မြ၏ အရည်ကောင်းပုံမှာ သာမညလူများ မပြောတတ်အောင်ပင် ဖြစ်၍ ရာဖြတ်များက တစ်သိန်းတန်သည်ဟု ခန့်မှန်းကြလေသည်။ ဂျမားသူဌေး (ထိုအခါက မြင်းခြံမြို့တွင် အထူးနာမည်ကြီးခဲ့သော ဂျာမားကုမ္ပဏီ စက်ပိုင်ရှင်သူဌေး) ကိုယ်တိုင်က ငါးသောင်းအထိ ပေးဖူးရာ ဦးဘကလေးက မရောင်းလိုသဖြင့် တစ်သိန်းရမှ ရောင်းမည်ဟု ပြောခဲ့ဖူး၏။ ထိုလက်စွပ်မှာ သာမန်လက်စွပ် မဟုတ်ဘဲ ရာဇဝင်အရ ဦးဘကလေး၏ မိဘ၊ ဘိုးဘွားမှ ဆင်းသက်လာသော ပစ္စည်းဖြစ်လေသည်။

၁၂၂၈ ခုသည် မြင်ကွန်း မြင်းခုံတိုင် အရေးတော်ပုံတွင် မြင်ကွန်းမင်းသား၏ တပည့် 'ပိုက်ကြီး' သည် မင်းတုန်းဘုရင် မင်းတရားကြီးအား ကျောပိုး၍ ဘေးကင်းရာသို့ ပို့ခဲ့ရာ၊ သူကိုယ်တိုင်မှာ အသတ်ခံရသော်လည်း ဘုရင်မင်း တရားကြီးမှာ အသက်ဘေးမှ လွတ်မြောက်၍ သွားလေသည်။

ဘုရင်ကြီးသည် ပိုက်ကြီးအား လက်ဝတ်ရတနာ တစ်ခုကို ဆုလာဘ်အဖြစ် ပေးသနားခဲ့ရာ၊ ပိုက်ကြီးမသေမီ ဤလက်ဝတ်ရတနာကို သူ၏သား မောင်စံသူ ဆိုသူအား ပေးအပ်နိုင်ခဲ့လေသည်။

မောင်စံသူသည် ၁၂၅၆ ခုနှစ်တွင် အမရပူရ၌ ကွယ်လွန်ခဲ့ပြီးနောက် လက်ဝတ်ရတနာမှာ သူ၏သမီး မဒေါင်းဆိုသူလက်တွင် ကျန်ရစ်ခဲ့၏။

မဒေါင်းသည် မြင်းခြံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ နောက်ဆုံး ဦးဘကလေးနှင့် သင့်မြတ်စုံဖက်ခဲ့၏။ ထိုလက်စွပ်၏ 'မြ' ကြီးမှာ မိုးကုတ်ထွက် 'ရေလိုအေး' အမည်ခံ မြနှင့် ညီအစ်ကိုတော်စပ်၍ အနေအထိုင်၊ အရည်အသွေး၊ အသားအနားမှ စ၍ ရေလိုအေးနှင့် ခွဲ၍မရအောင် တူညီလှပေရကား မင်းတုန်းဘုရင်ကြီးကိုယ်တိုင် လက်ဝဲဘက် လက်သူကြွယ်တွင် ဆင်မြန်းခဲ့လေသည်။

(ရေလိုအေး အမည်ခံ မြမှာ ... ထိုအခါက ရွှေတိုက်တော်အတွင်း၌ ရှိနေသည်ဖြစ်ရာ၊ ညီဖြစ်သော မြရတနာမှာ အထက်တွင် ဖော်ပြသည့် အတိုင်း ပိုက်ကြီး၏လက်မှ သားစဉ်မြေးဆက် ဆင်းသက်ခဲ့၍ နောက်ဆုံးတွင် မြင်းခြံမှ ဝါသူဌေး ဦးဘကလေးလက်သို့ ရောက်ခဲ့လေသည်။

ဦးဘကလေးသည် ထိုမြလက်စွပ်ကို သူခိုးသူဝှက် ဘေးမှ ကာကွယ်စေရန် မီးအာမခံ သေတ္တာကြီးထဲတွင် အခြားလက်ဝတ်လက်စားများနှင့် ရောနှောမထားဘဲ သူ၏ အဝတ်အစားများ ထည့်သည့် ယူနီဖောင်းသေတ္တာကြီးထဲတွင် အဝတ်များ အောက်၌ ကတ္တီပါ အိတ်ကလေးဖြင့် ထား၏။ သော့ ကို ခေါင်းအုံးအောက်တွင် အမြဲထားလေ့ရှိလေသည်။

ထိုနေ့က မဒေါင်းသည် သူ၏ဆွေမျိုးများရှိရာ ပက္ကူမြို့သို့ အလည်ပတ် သွားရောက်နေသဖြင့် အိမ်တွင် ဦးဘကလေးနှင့် တူမကလေးတစ်ယောက်သာ ကျန်ရစ်၏။ တူမကလေးမှာ ခြေရင်းခန်းတွင် အဖော် မိန်းမကြီးတစ်ယောက်နှင့် အိပ်၍ မောင်ရွှေမှန်မှာ အောက်တွင် အိပ်၏။

ထိုညက ဦးဘကလေးမှာ အလွန်အိပ်ချင်သဖြင့် နံနက် ၇ နာရီထိုးမှ အိပ်ရာမှ နိုး၏။ မိန်းကလေးနှင့် အဒေါ်ကြီးမှာလည်း ထိုနည်းအတူ နေမြင့်မှ အိပ်ရာမှ နိုးလေသည်။

အောက်ထပ်သို့ ဆင်းကြည့်ရာ မောင်ရွှေမှန်မှာ မရှိတော့ဘဲ နောက်ဖေးဘက်မှ တိုက်တံခါးချပ်လည်း ပွင့်နေသည်ကို တွေ့ရ၏။ ဒရဝမ်မှာ တိုက်ရှေ့တွင် ရှိသဖြင့် မောင်ရွှေမှန်မှာ တိုက်နောက်ဖေးတံခါးမှ အမှတ်မဲ့ ထွက်သွားဟန်ရှိ၏။ ပစ္စည်းများကို ကြည့်ရှုသောအခါ ယူနီဖောင်းသေတ္တာတွင်းမှ အဝတ်အစားများမှာ လက်ရာပျက်၍ နေပြီးလျှင် မြလက်စွပ် ထည့်သော ကတ္တီပါအိတ်ကလေးကား မရှိတော့ချေ။ အခြားမည်သည့် ပစ္စည်းမျှ မပျောက်ဘဲ ရှိခဲ့၏။

http://www.cherrythitsar.org



ထိုအခါ ယမန်နေ့ညက မောင်ရွှေမှန်ယူလာသော ကော်ဖီမှာ ခပ်သက်သက် ရှိသည်ထင်မိကြောင်း၊ ကော်ဖီသောက်ပြီးနောက် ၁၀ မိနစ် အတွင်း၌ပင် တစ်ခါတည်း အိပ်ပျော်သွားကြောင်း၊ တူမကလေးနှင့် အဒေါ်ကြီးမှာလည်း ကော်ဖီကို မိမိနှင့်အတူ သောက်ကြောင်း သတိရမိ၏။ မောင်ရွှေမှန်မှာ ထိုအချိန်မှစ၍ ဦးဘကလေးထံမှ ပျောက်ကွယ်သွားလေသည်။

နောက်တစ်လခန့်အကြာတွင် မောင်ရွှေမှန်မှာ ရန်ကုန်တွင်ရှိကြောင်း သတင်းရသဖြင့် ပုလိပ်ဘက်မှလည်း လိုက်လံရှာဖွေလျက်ရှိရာ မောင်ရွှေမှန်မှာ အမျိုးမျိုး ရုပ်ဖျောက်ကာ လွတ်မြောက်ခဲ့၏။ ထိုအခါက ဦးဘကလေးသည် ပုလိပ်အဖွဲ့ကို အားမရလှသဖြင့် 'ဥစ္စာရှင်လိုလျှင် ဥစ္စာရှင်ခဲ' ရမည်ဟူသော စကားအတိုင်း ရန်ကုန်မြို့သို့ ကိုယ်တိုင် လိုက်လာခဲ့ပြီးလျှင် ကြည့်မြင်တိုင် ထီးတန်းတွင် တည်းကာ အလွတ်စုံထောက် တစ်ယောက်ငှားရမ်း၍ မောင်ရွှေမှန်အား စုံစမ်းရှာဖွေလျက် ရှိလေသည်။

ရန်ကုန်တွင် နှစ်ပတ်ကျော်ကျော် ခန့်မျှ ကြာပြီးနောက် လင်းလွန်းကွက်သစ်တွင် ဖြစ်ပွားသော လူသတ်မှုအကြောင်းသတင်းစာများတွင် အကျယ်တဝင့် ရေးသားပါရှိရာ ဖမ်းထားသော တရားခံ မောင်သြဘာဆိုသူ၏ ဓာတ်ပုံကို ဦးဘကလေးသည် သတင်းစာတစ်စောင်တွင် မြင်ရသဖြင့် ဤဓာတ်ပုံကို ငါမြင်ဖူးပါသည်ဟု အတော်ပင် စဉ်းစားမှ ထိုသူမှာ ပိတ်ဖြူကို အမြဲဝတ်ကာ တစ်တောင်ခန့် ရှည်သော ဗောဓိသီးစိပ်ပုတီးကြီးကို လည်ပင်းတွင်ဆွဲ၍ မြင်းခြံမြို့တွင် ၉၆ ပါး ရောဂါများကို ကုသခဲ့သည့် လူသူတော် မောင်သြဘာ ဖြစ်ကြောင်းသွား၍ သတိရမိ၏။ သို့သော် ကွာခြားချက်တစ်ခုမှာ မြင်းခြံမှ လူသူတော် မောင်သြဘာမှာ ကတုံးဆံတောက်တိုတိုနှင့် ဖြစ်၍ ယခုလူသတ်မှု တရားခံ မောင်သြဘာမှာ သျှောင်ငုတ်စိ ကလေးရှိခြင်းပင် ဖြစ်လေသည်။

သူဌေး ဦးဘလေး ငှားရမ်းသော အလွတ်စုံထောက်သည် ပျောက်ဆုံးသွားသော လက်စွပ်ကို ပြန်၍ရအောင် မတတ်နိုင်စေကာမူ မောင်ရွှေမှန်ကိုကား တွေ့ရှိရလေပြီ။

မောင်သြဘာ သတ်လိုက်သော မောင်ဗေယျဆိုသူမှာ အခြားသူမဟုတ် ... မောင်ရွှေမှန်ပင် ဖြစ်ကြောင်း ပေါ်ပေါက်လာတော့၏။

သေသူ မောင်ဗေယျ၏ဓာတ်ပုံကို ပြသောအခါ ဦးဘကလေးကိုယ်တိုင်ကပင် ထိုသူမှာ မိမိ၏တပည့် မောင်ရွှေမှန်ဖြစ်ကြောင်း အစစ်ခံတော့၏။

မြင်းခြံမြို့တွင် လက်စွပ်ပျောက်သွားစဉ်က တိုင်ချက်ရှိသည့်အတိုင်း ဆိုင်ရာဌာနမှ ပုလိပ်များသည် သေသူ မောင်ဗေယျဆိုသူမှာ မြင်းခြံမြို့ သူဌေးဦးဘကလေး၏ လူယုံတော် မောင်ရွှေမှန်ပင်ဖြစ်ကြောင်း၊ ဦးဘကလေး၏ နောက်

ထပ်သက်သေထွက်ချက်အရ မောင်ဇေယျအိမ်ကို ရှာဖွေကြရာ လက်စွပ်ကိုကား မတွေ့ရတော့ချေ။ ကတုံးဆံတောက်နှင့် ရိုက်ထားသော မောင်သြဘာ၏ ဓာတ်ပုံကိုသာ တွေ့ရလေသည်။

သို့ဖြစ်၍ သေသူ့အိမ်မှ တရားခံ၏ ဓာတ်ပုံကို တွေ့ရခြင်းမှာ အမှုကို ပို၍ လေးနက်စေရန် အထောက်အခံ ဖြစ်လာလေတော့၏။

သို့ဖြစ်ရကား တစ်စုံတစ်ရာ သက်သေခံချက်ပင် မရှိစေကာမူ ဦးဘကလေးထံမှ မြ လက်စွပ်ခိုးယူသည်ကို လူသူတော် မောင်သြ သို့မဟုတ် ယခုအမှုတရားခံ မောင်သြဘာဆိုသူ မုချသိရမည်။ သူပင်လျှင် သေသူထံမှ မြလက်စွပ်ကိုရ၍ သွားရမည် ဟူသော တွေးထင်ချက်များ ပေါ်၍လာတော့၏။

သို့သော် တွေးထင်ချက်ဆိုသည်မှာ တွေးထင်ချက်မျှသာဖြစ်၍ ဤ လူသတ်မှုတွင် အမှု၏အလေးအပေါ့ကို တစ်စုံတစ်ရာ စွမ်းဆောင်နိုင်ခြင်း မရှိ ချေ။

တရားခံမှာ မောင်ဇေယျအား သူမသတ်ရကြောင်း ငြင်းကွယ်လျက် ရှိနေသဖြင့် လက်စွပ်ပျောက်မှုနှင့် မည်သည့်နည်းနှင့်မျှ ဆက်စပ်၍မရနိုင်ချေ။ သို့ဖြစ်၍ ဦးဘကလေးမှာ တစ်ခါတည်း လက်လျှော့လိုက်ပြီးလျှင် မြင်းခြံသို့ ပြန်သွားလေ၏။

အထက်ပါအကြောင်းအရာများသည်ကား ... တရားခံ မောင်သြဘာ၏ လူသတ်မှု အမှုတွဲပေါ်တွင် ပေါ်လွင်လျက်ရှိသော သက်သေခံချက်များ ဖြစ်လေသည်။

မောင်ဇေယျအား မောင်သြဘာ သတ်, မသတ် ဟူသော ပြဿနာမှာ မြလက်စွပ်ပျောက်ဆုံးမှုနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း မရှိချေ။

မောင်ဇေယျမသေမီ တစ်ညက မောင်သြဘာနှင့် နောက်ဆုံး ၁၁နာရီ အချိန်အထိ စကားပြောနေခြင်း၊ ထိုစကားများမှာ သူတို့သည် ပစ္စည်းတစ်ခုခုနှင့် ပတ်သက်၍ အချင်းများလျက်ရှိကြောင်း ပေါ်လွင်ခြင်း၊ မောင်ဇေယျ အိမ်မှ မောင်သြဘာ ထွက်သွားသည်ကို နောက်ဆုံးမြင်လိုက်သော သက်သေ ထွက်ချက်ရှိခြင်း၊ တရားခံနှင့် သေသူတရားလိုတို့ အဝင်အထွက်၊ အဆက်အသွယ် ရှိခြင်း၊ သေသူ၏ပစ္စည်းများထဲတွင် တရားခံ၏ဓာတ်ပုံကို တွေ့ရခြင်း၊ တရားခံအား ဖမ်းဆီးရာတွင် သေသူ၏ပစ္စည်း အဖိုးထိုက် အဖိုးတန် မတွေ့ရသော်လည်း သွေးစွန်းလျက်ရှိသော တရားခံ၏ အဝတ်များကို တွေ့ရခြင်း အစရှိသည်တို့ဖြစ်လေသည်။

အမှုကို သုံးလခန့်မျှစစ်ဆေးပြီးနောက် တိုက်ရိုက်မျက်မြင်သက်သေပင် မရှိသော်လည်း သွယ်ဝိုက်လျက် ရှိသည့်အထောက်အထား သက်သေခံတို့

မှာ ထင်ရှားသဖြင့် ပြစ်မှုထင်ရှားသည်ဆိုကာ မောင်ဩဘာအား ကြိုးဒဏ် အပြစ်ပေးလိုက်လေသည်။

သို့ဖြစ်ရကား မောင်ဩဘာသည် ဦးဘိုးထော်အား မိမိ၏ အမှုမှန်သည် မမှန်သည်ကိုလည်းကောင်း၊ အကယ်၍ မိမိတွင် လျှို့ဝှက်မှု တစ်စုံတရာရှိက ထိုလျှို့ဝှက်မှုကိုလည်းကောင်း၊ တစ်စုံတစ်ရာ မပြောခဲ့ဘဲ ကြိုးဒဏ်ခံ၍ သွားရလေရာ ပျောက်ဆုံး၍သွားသော မြင်းခြံသူဌေး ဦးဘကလေး၏ မြလက်စွပ် အကြောင်းမှာလည်း ဤနေရာတွင် ဇာတ်မြုပ်၍သွားခဲ့၏။

*

ဦးဘိုးထော်သည် မောင်ဩဘာ ရေးထားခဲ့သော စာကို မြင်ရသည့် အချိန်မှစ၍ မောင်ဩဘာ၌ အခြားသူများအား ဖွင့်မပြောရက်နိုင်သည့် အဖိုးတန် ပစ္စည်းတစ်ခုခုရှိရမည်ဟု တွက်ကိန်းချမိ၏။

သို့သော် မည်သည့်ပစ္စည်းဟူ၍ မသိရဘဲ ရှိခဲ့ရာ မောင်ဩဘာ၏ အမှုတွဲတွင် သူဌေးဦးဘကလေး၏ ထွက်ချက်ကို ကူးယူပြီးသောအခါမှသာ အဖိုးတစ်သိန်းတန် မြလက်စွပ်ကြီးသည် နောက်ဆုံး၌ တရားခံ မောင်ဩဘာ လက်သို့ရောက်ရမည်ဟူသော အချက်ကို ခန့်မှန်း၍ ကြည့်နိုင်၏။

ထိုပစ္စည်းမှာ ကြိုးပေးခံရသူ မောင်ဩဘာ၏ လက်တွင် ရှိနေကြောင်း ယုံကြည်ရသောအခါ သူရေးခဲ့သည့် စာနှင့်သာ ဆက်စပ်ကြည့်ရှုရန် လိုတော့သည်။

မောင်ဩဘာကား စိတ်မနှံ့သူတစ်ယောက် မဟုတ်ချေ။ သေခါနီးတွင် သူ၏ပစ္စည်းကို မည်သူအားမျှ မပေးလိုသဖြင့် တစ်နေရာရာ၌ ဝှက်ထားသော ဤစာကို ရေးထားခဲ့ခြင်း ဖြစ်ဟန်ရှိ၏။ ဤကား ပစ္စည်းထားရာ အရပ်ကို ညွှန်ပြသည့် 'သိုက်ညွှန်း' ပင်ဖြစ်တန်ရာ၏။

သို့ဖြစ်၍ ဦးဘိုးထော်သည် အမှု၏အကျိုးအကြောင်းနှင့် ထိုစာကို ဆက်စပ်တွေးတောကာ အမျိုးမျိုး အကြံထုတ်လျက်ရှိရာမှ နောက်ဆုံးစိတ်ကူးပေါက်သဖြင့် မုန့်လုပ်ဆောင်းကုန်းတွင်နေသော ဘိုးသာထံသွားရောက်တော့၏။

*

ဦးဘိုးထော်သည် ရန်ကုန်ဘူတာကြီးမှ လော်ကယ်ရထားဖြင့် လိုက်ပါလာခဲ့၍ ဟံသာဝတီ ဘူတာ၌ ဆင်းပြီးသော် မုန့်လုပ်ဆောင်းကုန်းရှိ ဝါးထရံများ ရက်စားရသော မောင်ဘိုးသာကို ရှာဖွေရာ အခန့်သင့်ပင် မောင်ဘိုးသာကို တွေ့ရှိရလေသည်။

http://www.cherrythitsar.org



မောင်ဘိုးသာမှာ သူ၏ဦးလေးတော်စပ်သူ မောင်ဩဘာ အချုပ်ခံနေရသည့်အတွင်း၌ ရန်ကုန်ထောင်ကြီးသို့ ၃–၄ ကြိမ်မျှ ရောက်ခဲ့ဖူးသဖြင့် ဦးဘိုးထော်အကြောင်းကို အတော်အတန် ကြားခဲ့ဖူးပြီဖြစ်ရာ၊ ယခု လူကိုယ်တိုင်တွေ့ရသောအခါ များစွာဝမ်းမြောက်ပါကြောင်း ပြောဆိုကာ ဦးဘိုးထော်အား အကြော်အမျိုးမျိုး၊ လက်ဖက်ရည်ကြမ်း စသည်တို့ဖြင့် ဧည့်ခံလျက်ရှိလေ၏။

ဦးဘိုးထော်က မိမိ အကျဉ်းခံနေရစဉ် ဦးလေး ကိုဩဘာကို တွေ့လိုက်ရကြောင်း၊ ကိုဩဘာမှာ စိတ်ထား သဘောထား ကောင်းဟန်ရှိ၍ လူသတ်မှုကိုပင် ကျူးလွန်မှ ကျူးလွန်မည်ဖြစ်ကြောင်း စကားခံ၍ ပြောဆိုရာ မောင်ဘိုးသာလည်း အနည်းငယ်ပြုံးလျက် .... "ဒါကတော့ ဆရာက ခဏတွေ့လိုက်လို့ ထင်တာပါ။ သေပြီးတဲ့လူအကြောင်းကို မကောင်းပြောလို့လည်း မကောင်းဘူး။ ဒါပေမဲ့ ကျွန်တော့်အထင် တော့ အမှန်နဲ့ တူပါတယ် ခင်ဗျာ"

"ဘာဖြစ်လို့လဲ ... မောင်ဘိုးသာရဲ့။ ကျုပ်ကြားတာက ကိုဩဘာနဲ့ သေတဲ့လူဟာ ငယ်ပေါင်း ကြီးဖော်တွေ ဆိုပါကလား"

"ဒါပေမဲ့ ... သူတို့ချင်း အတွင်းကျိတ်ရထားတဲ့ ပစ္စည်းရှိသလိုလို ပြောတာပါပဲ ခင်ဗျာ"

"မောင်ဘိုးသာတော့ သူဆုံးသွားတာ ဘာမှ ရလိုက်ပုံ မပေါ်ပါဘူး"

"ဟာ ... ဆရာကလည်း၊ ရဖို့နေနေသာသာ မသာစရိတ်တောင် မရှိမဲ့ ရှိမဲ့ ကျွန်တော်က စိုက်လိုက်ရပါသေးတယ် ဆရာ"

"ကိုင်း ... ဒါဖြင့် မောင်ဘိုးသာ ကျုပ်ပြောတာ တစ်ခုနားထောင်ပေတော့၊ မသာစရိတ်ကြေတဲ့အပြင် မောင်ဘိုးသာ အများကြီး အကျိုးရှိရမယ်"

"ဘယ်လိုလဲ ဆရာ ... ပြောစမ်းပါဦး"

"အလောင်းကို မြှုပ်တုန်းက မောင်ဘိုးသာ ကိုယ်တိုင်လိုက်သလား"

"လိုက်တာပေါ့ ဆရာ၊ ကျွန်တော် တစ်ယောက် ဂရုစိုက်မယ့် လူရှိတာပဲ"

"ဒါဖြင့် ... အလောင်းမြှုပ်တဲ့ နေရာ သေသေချာချာ မှတ်မိတယ်ပေါ့"

"မှတ်မိပြီလား ... ဆရာ၊ မြေပုံခေါင်းရင်းမှာတောင် တမာပင်ကလေး ကျွန်တော် စိုက်ပစ်ခဲ့သေးတယ်"

"ဘယ်သင်္ချိုင်းမှာလဲ"

"ကြံတောမှာ ... ဆရာရဲ့၊ သေသေချာချာ မှတ်မိပါတယ် ဆရာ၊ လွန်ခဲ့တဲ့လမှာ အသုဘကိစ္စတစ်ခုနဲ့ ရောက်တုန်းကတောင် တမာပင်ကလေး အတော်ကြီးနေတာ မြင်ခဲ့မိသေးတယ်"

"အလောင်းကို ကျုပ်တို့ ဖော်ကြရလိမ့်မယ်"

"ဘာဖြစ်လို့လဲ ... ဆရာရဲ့။ အကြောင်းကို ပြောစမ်းပါဦး"

"သူ့ကို ထည့်ထားတဲ့ ခေါင်းထဲမှာ သိုက်စာ ကျနေတယ်"

"ဟင်"

ဦးဘိုးထော်သည် သေသူ ရေးပစ်ခဲ့သောစာရပ်ကို အကျဉ်းချုပ်မျှပြော ပြပြီးနောက် မောင်ဘိုးသာအား စာရွက်ကလေးတစ်ရွက်ကို ထုတ်ပြလေသည်။

(ထိုစာရွက်ကား မူလ စာရွက်စုတ်ကလေး မဟုတ်ဘဲ စာများကို အသစ်ပြန်၍ ထင်ရှားစွာ ရေးထားသော စာရွက်ဖြစ်၏။)

ဤမျှလောက် စကားပြောမိလျှင် မောင်ဘိုးသာမှာ လူရိုးတစ် ယောက် ဖြစ်ကြောင်း ဦးဘိုးထော် သိရလေပြီ။

မောင်ဘိုးသာသည် စာရွက်ကို အထပ်ထပ် ဖတ်ကြည့်ပြီးနောက် အံ့သြတွေဝေလျက်ရှိသော မျက်နှာဖြင့် ....

"ဘယ်နှယ့်လဲ ဆရာ၊ ဘယ်လို သိုက်စာလဲ"

"ဘာပဲဖြစ်ဖြစ်လေ ... ပစ္စည်းကိုရရင် ကျုပ် အကျိုးခံစားရတာရဲ့ တစ်ဝက် မောင်ဘိုးသာ ခံစားစေရမယ်ပေါ့။ ဘယ်နှယ့်လဲ ... ဆရာ့ကိုလိုက်ပြီး သင်္ချိုင်းကို အတူတူဖွင့်ဖို့ သဘောတူပြီလား"

"ဒါတော့ ကျေးဇူးရှိရင်လည်း လုပ်ကြတာပေါ့ ဆရာ၊ နို့ပေမဲ့ သင်္ချိုင်း ကို ဖောက်တာ အပြစ်ရှိတယ် မဟုတ်လား"

"အစိုးရမျက်စိနဲ့ ကြည့်ရင် အပြစ်ရှိတယ်၊ ကျုပ်မျက်စိနဲ့ ကြည့်ရင် တော့ အပြစ်မရှိဘူး"

"ဟာ ... ဆရာကလည်း အစိုးရကို ပြောတာပေါ့ ဆရာရဲ့"

"ဒါတော့ မမိအောင်ကြည့်ပြီး ကိုယ်လိမ္မာသလို လုပ်ကြရတာပေါ့ မောင်ဘိုးသာ၊ ငွေလိုချင်တဲ့လူဟာ နည်းနည်းပါးပါးတော့ စွန့်ရတယ် မဟုတ် လား"

"ဒါတော့ ဆရာ့သဘောပဲလေ၊ ကျွန်တော်ကတော့ လိုက်ဆိုရင် လိုက်ပါ့မယ်။ ဒါထက် သိုက်စာအဓိပ္ပာယ် နည်းနည်းရှင်းပါဦး ဆရာရဲ့"

"သူတို့နှစ်ယောက် ကျိတ်ပြီးရထားတဲ့ ပစ္စည်းတစ်ခု ရှိတယ်ဆိုတဲ့ အကြောင်းတော့ မောင်ဘိုးသာ ရိပ်မိပြီ မဟုတ်လား"

"ဟုတ်ကဲ့ ... ဆရာ"

"အဲဒီ ပစ္စည်းဟာ တခြားမဟုတ်ဘူး မောင်ဘိုးသာ၊ အင်မတန်အဖိုး ထိုက်တန်တဲ့ မြလက်စွပ်တစ်ကွင်းပဲ၊ ဒီပစ္စည်းကို မောင်ဘိုးသာ ဦးလေးက ဘယ်သူ့မှ မပေးရက်ဘဲ လျှို့ဝှက်ပြီး သင်္ချိုင်းကို သူနဲ့အတူ ယူသွားရှာတယ်"

http://www.cherrythitsar.org



"ဘယ့်နှယ်လုပ်ယူသွားတာလဲ ဆရာ"

"အဲဒါကို ကျုပ်တို့ ရှာရမှာပေါ့။ ဒီမှာ သူ ရေးပစ်ခဲ့တဲ့စာ ရှိနေပြီကော 'ဥသျှောင်ပုန်းဝယ်' တဲ့ ပထမအပိုဒ်က ...."

"ဟုတ်ကဲ့ ... ဆရာ"

"ဥသျှောင်ဆိုတာ သျှောင်ကိုဆိုလိုတဲ့ အဓိပ္ပာယ်ပဲ သျှောင်ထဲမှာလို့ ဆိုလိုတယ်။ 'ပုန်း'ဆိုတဲ့ စကားက သျှောင်အတုကို ဆိုတာလား၊ ဒါမှမဟုတ်ရင် သျှောင်ထဲမှာ ပုန်းနေတယ် ဆိုတဲ့ အဓိပ္ပာယ်လားတော့ မပြောတတ်ဘူး"

"သြော် ... ဒီလိုကိုး ... ဆရာရဲ့"

"ပြီးတော့ ဒုတိယအပိုဒ် ဆက်ကြည့်လေ ... 'ပစ္စည်းကွယ်' တဲ့ အဲဒါက ပစ္စည်းရှိတယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ကျန်တဲ့နှစ်ပိုဒ်ကတော့ အရှင်းသားပဲ၊ သိုက်စာတော့ကျပြီး ဖော်မယ်သာ ကြံကြတော့ ဆိုတဲ့ အဓိပ္ပါယ်ပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် အခုမှသတိရတယ်။ သူက ဒီလို စာကလေး ပေကလေး စပ်ဖို့လည်း ဝါသနာပါတယ်။ သိုက်တို့၊ တဘောင်တို့ လည်း ဝါသနာပါတယ် ဆရာရဲ့၊ အထက်သွားပြီး လူသူတော်တောင် အကြာကြီး လုပ်နေဖူးတဲ့ လူပဲ။ သည်တော့ ကျွန်တော်တို့ ဘယ်တော့လောက် သွားကြမလဲ"

"အမြန်ဆုံးသွားရင် အကောင်းဆုံးပေါ့။ နေဦး ... ဒီကနေ့ နတ်တော်လပြည့်ကျော် (၇) ရက် မဟုတ်လား။ ကျုပ်တို့ ၁၀ နာရီလောက်သွားပြီး လ မထွက်ခင် ကိစ္စပြီးအောင် စီမံရင် မကောင်းဘူးလား"

"ကောင်းတယ် ... ဆရာ"

"ကိုင်း ... ဒါဖြင့် မြို့ထဲသွားပြီး ကျုပ်ဝယ်စရာ၊ ခြမ်းစရာကလေးတွေ ရှိတာ ဝယ်လိုက်ဦးမယ်"

"ကောင်းပါပြီ ဆရာ ... စိတ်ချပါ"

*

နေဝင်သည်နှင့် တစ်ပြိုင်နက် ဦးဘိုးထော်သည် မြင်းလှည်းကလေး တစ်စီးဖြင့် ရောက်လာ၍ ၎င်းနှင့်အတူ ပေါက်တူးတစ်လက်၊ တူးရွင်း နှစ်လက်၊ ဆောက်တစ်ခု၊ အမေရိကန်လက်ထိုးလွှတစ်ချောင်း၊ ဝက်အူလှည့်တစ်ခု၊ တူ ကလေးတစ်လက်၊ အကျီအနက်၊ လုံချည်အနက် နှစ်စုံ၊ လက်နှိပ်ဓာတ်မီး တစ်လက်၊ ဓားမြှောင်တစ်လက်၊ ဓားရှည်တစ်စင်း ပါရှိလေသည်။

နောက် တစ်နာရီခန့်မျှ ကြာလတ်သော် ... ကြံတောသုသာန်အရှေ့ဘက် သွပ်မိုးဇရပ်အနီး သင်္ချိုင်းရာတစ်ခုပေါ်တွင် အဝတ်နက် ဝတ်ထားသော

http://www.cherrythitsar.org



လူမည်းကြီးနှစ်ယောက်သည် တူရွင်းပေါက်တူးများဖြင့် မြေပုံတစ်ခုကို တူးဖော်လျက်ရှိကြ၏။

ထိုနေရာ၌ 'မြေပုံ' များမှာ အုတ်အင်္ဂတေဂူများမဟုတ်ဘဲ သာမန်သင်္ချိုင်းရာများဖြစ်လျက် အမှတ်အသား အမျိုးမျိုးထားရှိကြရာ ၎င်းတို့မှာ အချို့သစ်သားတိုင်ကလေးများ၊ အချို့ဆိုင်းဘုတ်ကလေးများ၊ အချို့ သစ်ပင်များ ဖြစ်လေသည်။

အချိန်မှာ ဆယ်နာရီကျော်ကျော်မျှ ရှိပြီဖြစ်ရာ ... ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်လျက်ရှိနေပြီးလျှင် ဆီးနှင်းများလည်း ထူထပ်စွာ ကျလျက်ရှိသဖြင့် တူးဖော်သူ နှစ်ယောက်တို့မှာ တစ်စုံတစ်ရာ စိုးရိမ်ရန် မရှိလှချေ။

သင်္ချိုင်းစောင့်၏ အိမ်ပင်လျှင် တံခါးများကို လုံခြုံစွာ ပိတ်ထားပြီဖြစ်၍ အင်္ကျီနက်၊ လုံချည်နက် တို့ကို ဝတ်ထားသည့်လူနှစ်ယောက်တို့မှာ အဝေးမှ ကြည့်ရှုက ... ဤအချိန်၊ ဤနေရာမျိုးတွင် မကောင်းဆိုးဝါးများသာ ဖြစ်ပေ လိမ့်မည် ... ဟု ထင်မှတ်ရန်သာ ရှိလေသည်။

ဆယ်မိနစ်ခန့် တူးမိလေသော် ... အခေါင်းပွတစ်ခုကို တူးရွင်းဖြင့် ထိုးမိသဖြင့် 'ခေါင်း' ကို တွေ့ရပြီဖြစ်ကြောင်း သိရလေသည်။ လူနက်ကြီးနှစ်ယောက်အနက် အငယ်က အကြီးအား လေသံဖြင့် ....

"ဒီဟာ ခေါင်းပဲ ဆရာ၊ တွေ့ပြီ"

"ခပ်တိုးတိုးနော်၊ မြေကြီးတွေသာ အပေါ်ယက်စမ်းပါ မောင်ဘိုးသာ"

သို့နှင့် မောင်ဘိုးသာသည် မြေကြီးများကို ယက်ပစ်သဖြင့် မကြာမီ ခေါင်းဖုံးပေါ်လာတော့၏။ သို့သော် ခေါင်းဖုံးမှာ ဆွေးမြေ့နေပြီဖြစ်ရကား တူရွင်းချက်များကြောင့် နေရာအနှံ့အပြားတွင် ကျိုးပဲ့ကာ ရှိနေ၏။ ဝက်အူများကိုကား ဖွင့်ရန် မလိုတော့ချေ။

ဦးဘိုးထော်က လက်နှိပ်ဓာတ်မီးကို လက်တစ်ဖက်ဖြင့် ခပ်အုပ်အုပ်ထိုးပေးရာ ... မောင်ဘိုးသာသည် ခေါင်းဖုံးကို ပေါက်နေသည့်နေရာတစ်ခုမှ သံတူရွင်းတိုကလေးဖြင့် ကော်၍ဖွင့်လိုက်လေ၏။

အတွင်းရှိ လူကောင်ကား ... အရိုးစုမျှသာ ရှိနေတော့၏။

သို့ဖြစ်၍ တစ်ခါက ရန်ကုန်ထောင်ကြီးတွင် အကျဉ်းသား တရားခံတစ်ယောက်အဖြစ်ဖြင့် ရှိနေခဲ့သော မောင်ဩဘာမှာ ယခုအခါ၌ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ဖြူဖွေးသော အရိုးစုများသာ ရှိနေကြောင်း ရုတ်တရက်စဉ်းစားလိုက်မိသဖြင့် ဦးဘိုးထော်မှာ တစ်စုံတစ်ရာ မပြုလုပ်နိုင်မီ ဟင်း ...ခနဲ သက်ပြင်းချလိုက်မိ၏။

http://www.cherrythitsar.org



ဦးဘိုးထော်သည် လက်နှိပ်ဓာတ်မီးနှင့် ဦးခွံရှိရာဘက်သို့ ထိုးကြည့်၏။ ဘာမန် ဦးခွံများ၌ ဆံပင်များသည် ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ဤမျှလောက် အချိန်ကြာမြင့်လျှင် ပြာကဲ့သို့ ဖြူဖွေးသော အရောင်အဖြစ်သို့ ရောက်ကာ ဆွေးမြေ့နေတတ်သော်လည်း ဦးခွံ၏အထက်ပိုင်းတွင် ဦးခွံနှင့် အတန်ငယ်ဝေးလျက် သီးခြားကျနေသည့် ဆံပင်ခွေကလေးတစ်ခုကို တွေ့ရ၏။ ၎င်းနောက် မိန်းမများ ဆောင်သော ဆံစုနှင့် များစွာတူလျက် အလယ်လောက်၌ အထုံးကလေးတစ်ထုံးရှိရာ၊ ထိုအထုံးသည်ကား သေသူ၏သျှောင်ဖြစ် ကြောင်း ယုံမှားဖွယ် မရှိချေ။ ထူးခြားချက်တစ်ခုမှာ ထိုဆံခွေသည် ဦးခွံနှင့် တစ်စုံတစ်ရာ အဆက်မရှိဘဲ သပ်သပ်တည်ရှိခြင်း ဖြစ်လေသည်။ ထိုဆံခွေကား မောင်ညိဘာ၏ ဥသျှောင်တု ဟုပင် ခန့်မှန်းရ၏။

ဦးဘိုးထော်သည် မိမိထင်သည့်အတိုင်း ဖြစ်လေပြီဟု ကျေနပ်သည့် ဟန်ဖြင့် ထိုဆံခွေ၏ အလယ်ဖုထုံးကလေးကို ကိုင်လိုက်ရာ၊ ဆံပင်တို့မှာ အတော်ပင် ဆွေးမြေ့နေပြီဖြစ်၍ လက်နှစ်ဖက်ဖြင့် ဆွဲလိုက်ရုံမျှနှင့် တစ်ခါတည်း ပြတ်ထွက်၍သွားလေ၏။ သို့ပြတ်ထွက်သွားသည်နှင့် တစ်ပြိုင်နက် အတွင်းမှ မာကျောသော အရာဝတ္ထုကလေး တစ်ခု ထွက်ကျလာရာ၊ ဦးဘိုးထော်သည် ဓာတ်မီးရောင်တွင် ကောက်ယူ၍ ကြည့်လိုက်လေ၏။ ၎င်းသည်ကား အခြား မဟုတ် မြလက်စွပ်ပင်ဖြစ်လေသည်။ လှပသော ချိုးပန်းချိုးနွယ်တို့ ကွင်းထား လျက် ပဲကြီးစေ့သာသာခန့်ရှိ ဖက်ဖူးနုရောင် အဆင်းရှိသော မြ မှာ ဦးဘိုးထော် ၏ ဓာတ်မီးရောင်အောက်တွင် ကြည့်ရှု၍ မငြီး တဖိတ်ဖိတ် တောက်ပလျက်ရှိ တော့၏။

"ကိုင်း ... မောင်ဘိုးသာ ကျုပ်တို့ ကိစ္စပြီးပြီ၊ ခြေရာလက်ရာ မပျက် အောင်သာ ပြန်ဖို့ကြစို့"

သို့နှင့် မြေများကို နေသားမပျက်စေရန် နှစ်ယောက်သား ပြန်၍ ဖို့ ကြလေရာ ၁၅ မိနစ်ခန့်ကြာလတ်သော် မောင်ညိဘာ၏ သင်္ချိုင်းရာ မြေပုံမှာ ယခင်ကအတိုင်း ရှိတော့၏။

မောင်ဘိုးသာ၏ နေအိမ်သို့ ပြန်ရောက်ကြ၍ ရေမိုးချိုးပြီးနောက် အဝတ်အစားများ လဲပြီးသော် ... ဦးဘိုးထော်က ....

"ကိုင်း ... မောင်ဘိုးသာ ဆရာလိုချင်တဲ့ ပစ္စည်းတော့ရပြီ။ ဒါပေမဲ့ ဒီပစ္စည်းကို ဆရာယူမယ်လို့ အစကတည်းက စိတ်မကူးခဲ့ဘူး။ ဒီလို အဖိုးထိုက် တန်တဲ့ ရတနာဆိုတာ သူ့ဥစ္စာရှင် လက်ထဲကို ပြန်ရောက်ရမယ်။ ပြီးတော့... ဒီဟာတင် မကသေးဘူး ဒီလက်စွပ်ဟာ ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်း မင်းတရားကြီးရဲ့ လက်ဝတ်ရတနာမြတ် ဖြစ်လေတော့ နောင်မြန်မာပြည်ဟာ

http://www.cherrythitsar.org



လွတ်လပ်ရေးများရလို့ ကိုယ့်မင်းကိုယ့်ချင်း တိုင်းပြည်တစ်ပြည် ဖြစ်လာတဲ့ အခါမှာ ဒီလိုပစ္စည်းမျိုးဟာ အစိုးရက ဝယ်ပြီးပြတိုက်ကြီး တစ်ခုထဲမှာ ထည့်ထားထိုက်တဲ့ ပစ္စည်းတစ်ခုပဲ မောင်ဘိုးသာ"

"ဟုတ်ကဲ့ ဆရာ ပြောတာ မှန်တာပေါ့ ဆရာ။ ပြီးတော့ ဉစ္စာရှင်ကို ပြန်ပေးမယ်ဆိုတာ ကျွန်တော်ဖြင့် ဝမ်းမြောက်လိုက်လေ ဆရာရယ်"

"သို့သော် ... မောင်ဘိုးသာ လိုက်ပြလို့ ... မောင်ဘိုးသာလည်း သဘောတူလို့ ဒီပစ္စည်းကို ရလေတော့ မောင်ဘိုးသာရဲ့ ကျေးဇူး ကျုပ်အပေါ် အများကြီး ရှိတယ်ဆိုတာတော့ ကျုပ် ဝန်ခံရမယ်"

"ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး ဆရာ"

"မဟုတ်သေးဘူးလေ ... လူဆိုတာ တရားသဖြင့် ထိုက်သင့်တဲ့ အခွင့်အရေးကိုတော့ ခံစားရဦးမှာပေါ့"

မောင်ဘိုးသာသည် စကားပြန်၍ မပြောဘဲ ငြိမ်လျက်ရှိ၏။

"သည်တော့ ကျုပ်မှာ အခုပါလာတဲ့ ငွေ ၅၀ဝ ကို လက်ငင်းယူထား လိုက်ပေဦးတော့၊ သူဌေးဦးဘကလေးက ကျေးဇူးပြုမယ်ဆိုရင်လည်း ရတဲ့ငွေ တစ်ဝက်ကို ဆရာလာပေးဦးမယ်"

ဦးဘိုးထော်သည် ငွေ ၅၀၀ ကျပ်ကို မောင်ဘိုးသာ လက်ထဲသို့ ထည့်လိုက်လေ၏။

"ကျေးဇူးတင်ပါတယ် ဆရာ၊ တကယ်ဆိုတော့ ဆရာ့အစွမ်းနဲ့ ရတာပဲ။ နည်းတယ်၊ များတယ် ကျွန်တော် သဘောမထားပါဘူး။ နောက်ထပ် ပေးချင်ပေး၊ မပေးချင်နေ၊ ကျွန်တော် ကျေနပ်ပါတယ်။ ဒါထက် ဘယ်တော့ လောက် ဆရာ အထက်ကို သွားမှာလဲ"

"ဒီကိစ္စမျိုးက ဆိုင်းနေလို့ မတော်ဘူး၊ နက်ဖြန်လောက် မြင်းခြံသွားမှ ပဲ"

ထို့နောက် ဦးဘိုးထော်သည် မုန်လုပ်ဆောင်းကုန်းရွာကလေးမှ ထို ညပင် ထွက်ခွာသွားလေသတည်း။

◆

# ကုလားဆရာဝန်၏ အကြံ

လူတို့မည်သည် မိမိထက် သာသူတစ်ယောက်က ထိုသူ၏ အဆင့်အတန်းမြင့်ခြင်း၊ အရည်အချင်းရှိခြင်း ဟူသော အကြောင်းအချက်တို့ကို မကြည့်ဘဲ မျက်စိမိုတ်ထားကြပြီးလျှင် မတော်လောဘဖြင့်သာ ထိုသူ၏နေရာကို လုယူလိုချင်တတ်ကြ၏။ ထိုသူ၏ပျက်စီးရာ ပျက်စီးကြောင်းကို ကြံတတ်ကြ၏။ အနုနည်းနှင့် မရခဲ့သော် အကြမ်းနည်းကို သုံးကြ၏။ နောက်ဆုံးထို သူသေသည်အထိ လုပ်ကြံတတ်ကြလေသည်။

ထိုကိစ္စမျိုးမှာ စာရေး၊ စာချီ၊ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်၊ မင်းကြီး စသည့် ရာထူးကြီးကျယ်သော သူချင်းသာမဟုတ် လူ့လောကတွင် နိမ့်ကျလှသည့် လောကငရဲဟု ထိုအခါက ခေါ်သော ကျွန်ပ်တို့ထောင်အတွင်း ထောင်သားအချင်းချင်း၌ပင် ရာထူးလုမှုများ ရှိလေသည်။ တစ်ကြိမ်က ကျွန်ုပ်မှာ ရန်ကုန်ဗဟိုထောင်ကြီး၌ တန္တေအဖြစ်ဖြင့် ရှိနေစဉ် ၁၂ မှတ်ရ ဗာရာတုတ်ကြီးဆိုသူသည် ကျွန်ုပ်အပေါ်၌ ဣဿာမစ္ဆရိယ စိတ်ပွားကာ ကျွန်ုပ်အား အလိုလိုမျက်မုန်းကျိုး၍ နေရုံမျှမက ကျွန်ုပ်၏ရာထူးကိုပင် လိုချင်နေသူတစ်ယောက်ဖြစ်လေသည်။ တုတ်ကြီးမှာ ခွန်အားဗလကောင်းပြီးလျှင် လူတစ်ယောက်အားရက်စက်စွာထိုးခုတ် သတ်ဖြတ်ဝံ့သူ ဖြစ်သော်လည်း ဉာဏ်ပညာ ဗဟုသုတကား ခေါင်းပါးပြီးလျှင် အပေါင်းအသင်းနည်းသူ ဖြစ်လေသည်။ ကျွန်ုပ်မှာကား မိတ်ဖွဲ့ပေါင်းသည့်နေရာတွင် အထိုက်အလိုက် ရောနှောကာ ပေါင်းသင်းဆက်

http://www.cherrythitsar.org


ဆံတတ်သဖြင့် ထောင်သားများသည် ၎င်းအား ရွံကြောက် ကြောက်ကြကုန်လျက်၊ ကျွန်ုပ်မှာမူ ချစ်ကြောက်ရိုသေစွာ ရှိနေကြသည်။ တစ် နည်းအားဖြင့်ဆိုသော် ထောင်သားများအပေါ်၌ သြဇာရှိခြင်းမှာ မေတ္တာဓာတ် ကင်းမဲ့လျက်၊ ကျွန်ုပ်ကိုမူ ထောင်သားများသာမက ထောင်အရာရှိ ကြီးငယ် တို့ကပါ မေတ္တာထားကြလေသည်။

တုတ်ကြီးမှာ အခြားသူများအပေါ်တွင် မည်မျှမိုက်စွမ်းပြခဲ့စေကာမူ ကျွန်ုပ်အပေါ်တွင် အတိအလင်းအတိုက်ခံမလုပ်ဝံ့ဘဲ ရှိရကား ... ကျွန်ုပ်က လည်း သူ့အပေါ်တွင် ခပ်အေးအေး ခပ်တန်းတန်းနှင့် ခပ်မှန်မှန်သာ ဆက်ဆံခဲ့ ၏။

ထိုအကြိမ်မှာ ရန်ကုန်ထောင်သို့ ကျွန်ုပ် တတိယရောက်ခဲ့သော အကြိမ်ဖြစ်၍ ကျွန်ုပ်၏အမှုမဖြစ်ပွားမီ သုံးလခန့်က တစ်နေ့သော ည ၉ နာရီ အချိန်လောက်တွင် မဂို(ယခု ရွှေဘုံသာ)လမ်း၌ ထောင်မှ ထိုနေ့ကပင် လွတ်လာ သည့် အကျဉ်းသားတစ်ယောက်အား ထမင်းများ ကျွေးမွေးလျက်ရှိ၏။ ထမင်း များ စားသောက်ပြီး၍ ဆိုင်မှထွက်လာရာ ကျွန်ုပ်ရှေ့ မလှမ်းမကမ်းတွင် အဝတ် အစား ခပ်နွမ်းနွမ်း ဝတ်ထားသည့် လူတစ်ယောက်သည် မှောင်ရိပ်မှ ရုတ် တရက် ထွက်လာပြီးနောက် ကျွန်ုပ်ရှေ့မှ လမ်းလျှောက်သွားသော လူတစ် ယောက်အား လက်ထဲတွင်ပါသော တုတ်တိုတစ်ချောင်းနှင့် ခပ်ဆတ်ဆတ် ရိုက်လိုက်ပြီးလျှင် ထွက်ပြေးလေ၏။ ကျွန်ုပ်သည် မျက်စိအောက်၌ မတရားလုပ် သည်ကို မကြည့်နိုင်သဖြင့် ထိုသူအား လက်သီးဖြင့် တစ်ချက်လိုက်၍ ထိုးရာ ... ကျွန်ုပ်၏ လက်သီးမှာ ချက်ကောင်းကို မမိသဖြင့် ထိုသူသည် ရှေ့သို့ ဟပ်ထိုးဖြစ်ရုံသာ ဖြစ်၍သွားပြီးလျှင် တောင်ဘက်သို့ ထွက်ပြေးလေတော့၏။ ကျွန်ုပ်အဖော်ကမူ အံ့အားသင့်လျက်ရှိ၏။

အရိုက်ခံရသူမှာ ကုလားလူမျိုးတစ်ယောက် ဖြစ်၍ သတိကောင်းသူ တစ်ယောက်လည်းဖြစ်ပြီးလျှင် ဦးခေါင်းကို တိမ်းရှောင်လိုက်သည်တွင် တုတ် ချက်မှာ ပခုံးပေါ်သို့သာ ကျရောက်လေသည်။ သို့သော် အရှိန်ကြောင့် နံဘေး သို့ စောင်း၍ လဲသွား၏။ ကျွန်ုပ်တို့လည်း ထိုသူအား သွားရောက်ပွေ့ထူရာမှာ ဒဏ်ရာမှာ အသားကို မပေါက်ဘဲ ညိုမည်း၍ နေသည်ကိုသာ တွေ့ရ၏။ အရိုက်ခံရသူမှာ မီးခိုးရောင်သက္ကလပ်ဘောင်းဘီရှည်၊ မီးခိုးရောင် ကုတ်အင်္ကျီ အညိုရောင်၊ ရှူးဖိနပ်စသည်ဖြင့် သားနား သပ်ရပ်စွာ ဝတ်ဆင်ထားသဖြင့် လူကုံထံတစ်ယောက်နှင့် တူလေသည်။

ထိုသူ ။ ။ "ကျေးဇူးတင်လိုက်လေ ခင်ဗျာ ...၊ ကျွန်တော်က သတိ နည်းနည်းလစ်သွားတယ်။ ဒီအကောင်တွေ ကျွန်တော့် ကြံစည်နေကြတယ်ဆို

http://www.cherrythitsar.org



တာ ကျွန်တော် သိတယ် ... ခင်ဗျ၊ ဓာတ်ရထားမမီမှာ စိုးတာနဲ့ ရှေ့ကို စိုက် သွားနေတုန်း ခံလိုက်ရတာ ကျွန်တော်နဲ့ ပြိုင်ဘက်အကောင်တွေရဲ့ ဉာဏ်ပေါ့”

ကျွန်ုပ် ။ ။ “ဒဏ်ရာကကော သက်သာရဲ့လား”

သူ ။ ။ “ကိစ္စမရှိပါဘူး ခင်ဗျာ ... အရေပြားပေါ်လောက်သာ ထိသွားတဲ့ ဒဏ်ရာပါ၊ အိမ်ကျ ဆေးထည့်လိုက်ရင် ပျောက်သွားမှာပဲ”

ကျွန်ုပ် ။ ။ “ကောင်းပါလေရဲ့ဗျာ ...မျက်စိအောက်မှာ မတရား တာ လုပ်တာ ကျုပ်က မကြည့်ချင်တာနဲ့ လိုက်ထိုးတာပဲ”

သူ ။ ။ “ခင်ဗျား လိုက်ထိုးတာ ကျွန်တော် မြင်လိုက်ပါတယ်။ ဒါထက် ခင်ဗျားတို့ကို ကျွန်တော် ကျေးဇူးဆပ်ပါရစေဗျာ”

ထိုသူသည် အိတ်ထဲမှ သားရေအိတ်ကို ထုတ်ယူလေ၏။

ကျွန်ုပ် ။ ။ “နေပါစေဗျာ၊ ကိစ္စမရှိပါဘူး”

ဤသို့ ပြောပြောဆိုဆိုနှင့်ပင် ကျွန်ုပ်တို့လည်း ထွက်လာရာ အရိုက် ခံရသူလည်း မြင်းရထား တစ်စီးပေါ်သို့ တက်ကာ မြင်းရထားသည် ဒါလဟိုဇီ လမ်းမှ ဆူးလေဘုရားလမ်းဘက်သို့ ချိုးသွားသည်ကို မြင်လိုက်ရလေ၏။

*

ထောင်သို့ရောက်၍ ၆ လခန့် ကြာပြီးနောက် ကျွန်ုပ်လည်း ထောင် တန္တေအဖြစ်နှင့် ရှိသောအခါ နှစ်ကြီးသမား တစ်ယောက်ဖြစ်သော ဦးထုပ်ပြာ ၁၂ မှတ်ရ တုတ်ကြီးသည် ကျွန်ုပ်အပေါ်တွင် ယခင်ကထက် မနာလို မရှုဆိတ် ရှိခဲ့လေသည်။ ထောင်သားများက ကျွန်ုပ်အပေါ်တွင် ကြည်ညိုလေးစားခြင်း ရှိလေလေ၊ ကျွန်ုပ်အပေါ်၌ သူမနာလိုလေလေ ဖြစ်ခဲ့၏။ သို့သော် ... အတိ အလင်း အတိုက်အခံ မလုပ်ဝံ့သောကြောင့် တစ်နေ့နေ့တွင် ကျွန်ုပ်အား ချောင်း မြောင်း ကြံစည်လိမ့်မည်ဟုလည်း ကျွန်ုပ်ယုံကြည်ခဲ့၏။ ထောင်သားများ၏ အကျင့်စာရိတ္တကို ပျက်ပြားစေမည့် အရာ၌ ကျွန်ုပ်က အာဏာပိုင်များဘက်မှ နေ၍ ထောင်သားများအား ဆုံးမသောအခါ သူသည် ထောင်သားများဘက်မှ အားပေးအားမြှောက်ပြုခဲ့၏။ ထောင်သားများ၏ နစ်နာချက်များကို ကျွန်ုပ်က ခေါင်းဆောင်လျက် အာဏာပိုင်များထံမှ ရဲရဲဝံ့ဝံ့ တောင်းဆိုသောအခါ၌မူ သူ သည် အာဏာပိုင်များဘက်မှ နေ၍ ကျွန်ုပ်အား အတိုက်အခံ လုပ်ခဲ့လေသည်။

လူတစ်ယောက်သည် မိမိအကျိုးထက် သူတစ်ပါး၏ အကျိုးကို မည်မျှပင် သည်ပိုးဆောင်ရွက်စေကာမူ အခါခပ်သိမ်း ကြည်ညိုလေးစားခြင်း မခံရသည်မှာ ဓမ္မတာဖြစ်ကြောင်း ထိုအခါမှ ကျွန်ုပ်လည်း သင်ခန်းစာတစ်ခု ရခဲ့၏။

http://www.cherrythitsar.org


တစ်နေ့သ၌ ထောင်ထဲသို့ ဆတ္တားဆိုသူ ကုလားကပြားဆရာဝန် တစ်ယောက် ရောက်ရှိလာရာ၊ ၎င်းမှာ ပါရစီ သူဌေးတစ်ဦး၏မိန်းမနှင့် ချစ်ကြိုက် သဖြင့် သူဌေးအား အဆိပ်ခတ်ရန် ကြံစည်မှုနှင့်သာ လျှော့ပေါ့သော အပြစ်ကို ခံရခြင်း ဖြစ်လေသည်။ ယခင်ကလည်း ဆတ္တားသည် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကို ခံခဲ့ဖူး၏။ သို့သော် ကံအားလျော်စွာ နှစ်များ မကြာမီက မဲဖြင့် လွတ်မြောက်လာခဲ့သူ တစ်ယောက်ဖြစ်ကြောင်း သိရ၏။

ဤသို့ လွတ်မြောက်လာပြီးနောက် ရန်ကုန်တွင် ဆေးဆိုင်တစ်ဆိုင် ဖွင့်လှစ်ခဲ့ရာ အတော်အတန် ပစ္စည်းဥစ္စာ တိုးတက်ခဲ့လေသည်။ သို့ရှိစဉ် အထက်က ဖော်ပြသည့်အတိုင်း ပါရစီ သူဌေးတစ်ဦး၏မိန်းမနှင့် မျောက်မ ထားကာ လင်ကြီးအားသေကြောင်းကြံစည်မှုဖြင့် ယခုအကြိမ် ရောက်ရှိလာ ခြင်း ဖြစ်လေသည်။

တုတ်ကြီးမှာ တပည့်တပန်းများ မွေး၍နေသူဖြစ်သည့်အတိုင်း ထောင် ထဲသို့ ရောက်လာသော လူသစ်မှန်သမျှအား ချော့တန်လျှင် ချော့၍ လည်း ကောင်း၊ ခြောက်တန်လျှင် ခြောက်၍လည်းကောင်း သူ့ဘက်သို့ပါအောင် ဆွဲ တတ်၏။ သို့နှင့် ဆတ္တားအား အလုပ်ကြမ်းများကို စေခိုင်းရာ၌ တုတ်ကြီးက စောင့်ကြပ်ရန် အလှည့်ကြသောအခါ ဆတ္တားအတွက် လူစားထိုးခြင်း၊ ပိုက်ဆံ ပေးရနိုင်က ငှားရမ်းပေးခြင်း အသက်သာဆုံးသော အလုပ်ကို ရွေးချယ်ပေးခြင်း စသည်တို့ဖြင့် ဆွဲဆောင်လျက် ရှိလေရကား တစ်လခန့်မျှ ကြာသောအခါ ဆတ္တားမှာ တုတ်ကြီး၏လူလုံးလုံး ဖြစ်၍သွားလေပြီ။

ထောင်အတွင်းသို့ စီးကရက်များ၊ ဆေးပြင်းလိပ်များ ခိုး၍သွင်းသော အလုပ်မှာ သမားရိုးကျ အလုပ်ဖြစ်၏။ သို့သော် တစ်ခါတစ်ရံ ထိုထက်ကဲ၍ ဘိန်းများ၊ ကိုကင်းနှင့် ဆေးခြောက်များကို အလွန်ထူးဆန်း လျှို့ဝှက်သော နည်းများဖြင့် သွင်းသေး၏။ ကျွန်ုပ်သိရသမျှမှာ လူမသမာများသည် ထောင် အတွင်းစားဖိုဆောင်သို့ ရောက်လာသည့် ထမင်းချက်များ၊ အိုးသူကြီးများ၏ အကူအညီဖြင့် သွင်းနိုင်ကြလေသည်။

ကိုကင်းနှင့် ဆေးခြောက်များကို ကန်စွန်းရိုးများ အတွင်းသို့ သွင်း၍ လည်းကောင်း၊ ဘိန်းကို ခရမ်းသီးများအတွင်း၌ ထည့်၍လည်းကောင်း၊ သွင်း ကြရာ တုတ်ကြီးမှာ ဤနည်းဖြင့် ပိုက်ဆံပေးနိုင်သော ထောင်သားများအား ထိုကုန်ပစ္စည်းများကို ဖြန့်ဖြူးကာ အမြတ်ကြီးစား၍ နေသူတစ်ယောက် ဖြစ် လေသည်။ ဆေးလိပ်သောက်ခြင်းမှာ ထောင်ဥပဒေနှင့် ဆန့်ကျင်၏။ သို့သော် ကျွန်ုပ်ကိုယ်တိုင်ပင် မနေနိုင်သည့်အခါများ၌ ဆေးလိပ်ကိုခိုး၍ သောက်ခြင်းမှာ ထောင်ဥပဒေနှင့် ဆန့်ကျင်သည်ဆိုစေကာမူ လောကဝတ်အားဖြင့်လည်းကောင်း၊

http://www.cherrythitsar.org



လူတို့၏ ထုံးတမ်းစဉ်လာအရ လည်းကောင်း၊ မြတ်စွာဘုရား၏ တရားတော်နှင့် လည်းကောင်း၊ တစ်စုံတစ်ရာ ဆန့်ကျင်ခြင်း မရှိချေ။ သို့သော် ဘိန်း၊ ဘင်း၊ ကဖော်၊ လှော်စာ၊ အရက်တို့ မှာ ဘာသာတရားနှင့် ဆန့်ကျင်သည်ကို ထားဘိဦး၊ ထောင်သားများ၏ အကျင့်စာရိတ္တကို ပို၍ပျက်စီးတတ်ခြင်းကိုကား ကျွန်ုပ်တို့ မငြင်းနိုင်ချေ။

သို့နှင့် ကျွန်ုပ်လည်း တုတ်ကြီးအား အခါအခွင့်ကောင်းကြုံ၍ မိလောက်က လက်ပူးလက်ကြပ် ဖမ်းပြီးလျှင် ထောင်မှူးကြီးလက်သို့အပ်မည်ဟု စိတ်ကူးထား၏။ သို့နှင့် တစ်နေ့သော နံနက်ခင်း၌ စားဖိုဆောင်ဆီမှ ခပ်သုတ်သုတ် ထွက်သွားသော တုတ်ကြီးကို ရိပ်ခနဲ မြင်လိုက်ရသည်နှင့် ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်သွားလေ၏။ လက်သမားရုံအနီးသို့ ရောက်သောအခါ ၎င်းအား မီလာသဖြင့် ကျွန်ုပ်က ....

"ဟေ့ ... တုတ်ကြီး"

ဟု နောက်မှ ခေါ်လိုက်ရာ ကုတ်ကြီးမှာ မိုးကြိုးထိမှန်သကဲ့သို့ ဖျတ်ခနဲ ဖြစ်သွားလေသည်။ ၎င်း၏ ခါးပိုက်ထောင့်မှာ အနည်းငယ် ဖောင်း၍ နေ၏။ ကျွန်ုပ်လည်း ၎င်းရှေ့မှ ရပ်လိုက်ကာ ....

"ဟေ့ ... မင်း ခါးပိုက်ထောင်ထဲမှာ ဘာတွေလဲကွ"

"ကန်စွန်းရိုးတွေဗျာ၊ အလကား ကောက်လာတာပါ"

"ဟေ့ ... တုတ်ကြီး၊ ငါပြောတာ မင်းနားထောင်စမ်း၊ ဒီကန်စွန်းရိုးတွေ ငါ့လက်ထဲအပ်လိုက်၊ မင့်ကို ငါဘာမှ မလုပ်ဘူး။ ထောင်မှူးကလေးတောင် မသိစေရဘူး"

"ကျုပ်က ဘာလုပ်လို့လဲဗျ။ ဒီလူ ဘာလာပြီး ကြောင်နေတာလဲ"

တုတ်ကြီးသည် ကျွန်ုပ်၏နံဘေးမှ ရှောင်ထွက်သွားမည်ပြု၏။ ထို အချိန်တွင် အတော် ခပ်လှမ်းလှမ်းမှ ထောင်မှူးကလေး လျှောက်လာသည်ကို လည်းကောင်း၊ ကျွန်ုပ်တို့ လက်ယာဘက် မနီးမဝေးတွင် ဗာရာတစ်ယောက်နှင့် ထောင်သားလေးယောက်တို့ အလုပ်လုပ်နေသည်ကို လည်းကောင်း၊ မနီးမဝေးတွင် ရပ်နေသော ထောင်ပြာတာတစ်ယောက်ကိုလည်းကောင်း ကျွန်ုပ် သတိပြုလိုက်မိ၏။

တုတ်ကြီးကား အလွယ်နှင့် ပေးအပ်မည့်သူ တစ်ယောက် မဟုတ်၊ သို့နှင့် ကျွန်ုပ်လည်း ၎င်း၏ လက်တစ်ဖက်ကို ဖမ်း၍ချုပ်ကိုင်လိုက်၏။

တုတ်ကြီးသည် မိမိမလွတ်တော့ပြီ ... ဖြစ်ကြောင်းသိသည်နှင့် ကျွန်ုပ်၏ လက်မှ ရုန်းကန်ကာ ၎င်း၏လွတ်နေသော လက်ဝဲဘက် လက်သီးဖြင့် ကျွန်ုပ်၏ မျက်နှာကို ချိန်ရွယ်၍ ထိုးလေ၏။

သို့သော် ကျွန်ုပ်က စောင်း၍ ပေးလိုက်သဖြင့် ကျွန်ုပ်၏ပခုံးစွန်းကို သာ ထိုးမိလေ၏။

သို့ရှိစဉ် ထောင်သား လေးယောက် အနက်မှ တစ်ယောက်သည် ကျွန်ုပ်တို့ ရှိရာသို့ ပြေးလာပြီးနောက် ကျွန်ုပ်အား လက်သီးဖြင့် ထိုးပြန်၏။

ကျွန်ုပ်အား နောက်ထပ် ထိုးသူမှာ အခြားသူ မဟုတ်၊ ဆရာဝန် ဆတ္တာားပင် ဖြစ်လေသည်။

ထိုအခါ ကျွန်ုပ်မှာ သွေးပူ၍လာပြီး ဖြစ်သဖြင့် တုတ်ကြီးထံမှ ဖမ်းဆီး ရမည့် ပစ္စည်းများကို လုံးဝသတိမေ့၍ သွားပြီးလျှင် မိမိအသား နာသည့် အတွက်သာ အတိုးနှင့် ပြန်၍ဆပ်ရန်သာ သတိရတော့၏။

ဆတ္တာားမှာ အားခွန်လဗရှိသူတစ်ယောက် မဟုတ်သဖြင့် နှာခေါင်း တွင် ကျွန်ုပ်၏ လက်သီးချက်တစ်ချက် မိရုံမျှနှင့် နောက်သို့ လန်၍ ထိုင်ကျ သွားလေ၏။ တုတ်ကြီးမှာမူ ကျွန်ုပ်အား ဆက်ကာ ဆက်ကာ ထိုးလျက်ရှိရာ ကျွန်ုပ်၏ မျက်နှာမှာ နှစ်ချက်ထိ၍ သွားသေး၏။

ထိုအခါ ကျွန်ုပ်လည်း သူ၏လက်သီးကို မရှောင်တော့ဘဲ ဗိုက်ဆီသို့ တစ်ချက်စွတ်၍ ထိုးလိုက်ရာ ကျွန်ုပ်၏ လက်သီးချက်မှာ အရှိုက်ကိုထိ၍ သွားသဖြင့် တုတ်ကြီးသည် ပက်လက်လန်၍ကျသွားလေ၏။

ထိုအချိန်၌ ထောင်သားအချို့နှင့် ဗာရာနှစ်ယောက်သည်လည်း ကောင်း၊ ထောင်ပြာတာသည်လည်းကောင်း ကျွန်ုပ်တို့ အနီးသို့ ရောက်လာခဲ့ လေပြီ။

ထောင်မှူးကလေးသည် ထောင်ပြာတာများ အကူအညီဖြင့် ကျွန်ုပ်၏ လက်ကို ဖမ်းဆီးချုပ်နှောင်လေရာ ကျွန်ုပ်က အကျိုးအကြောင်းရှင်းလင်း ပြောပြ သောအခါမှ ကျွန်ုပ်၏ လက်ကို လွှတ်လိုက်တော့၏။

ထို့နောက် တုတ်ကြီး၏ ခါးပိုက်ထောင်အတွင်းမှ ကန်စွန်းရိုးများကို ယူပြီးလျှင် ကျွန်ုပ်တို့ အားလုံးအား ထောင်မှူးကြီး ရုံးခန်းသို့ ခေါ်သွားလေတော့ ၏။

*

အထက်ပါ မှုခင်းကိစ္စအတွက် တုတ်ကြီးမှာ သုံးလတိုး၍သွား၏။ အိုးသူကြီး စံတင်မှာ ဆေးခြောက်များကို သွင်းယူခြင်းကြောင့် ထောင်ခြောက် လမျှ ကျခံရ၏။

ဆတ္တာားမှာ ကျွန်ုပ်အား လက်သီးနှင့် ထိုးသည့်အတွက် သုံးရက်မျှ အလုံထောင်တွင် ခံရ၏။ ကျွန်ုပ်မှာ တရားခံအား လက်ရဖမ်းဆီးပေးသည် မှန်သော်လည်း ထောင်သားနှစ်ယောက်တို့အား လက်သီးနှင့် ထိုးခြင်းသည်

http://www.cherrythitsar.org



ထောင်ကို အထိတ်တလန့်ဖြစ်စေခြင်း၊ အကြီးအကဲများအား မရိုသေရာရောက်ခြင်းများဖြစ်၍ သတိပေးသည့်အနေနှင့် ‘လျှော့ရက်’ ထဲမှ ၇ ရက် ဖြတ်တောက်ခြင်း ခံရလေသည်။

ထိုကိစ္စဖြစ်ပြီးသည့်နောက် တစ်လခန့်မျှ ကြာလတ်သောအခါ ကျွန်ုပ်နှင့် တုတ်ကြီးသည် ရေချိုးသည့်နေရာတွင် တွေ့ကြရာ တုတ်ကြီးသည် ယခင်ကကဲ့သို့ မျက်နှာထား မတင်းတော့ဘဲ မျက်နှာကို ခပ်ပြုံးပြုံးထားလျက်

“ကျုပ်အပေါ်မှာ အမှတ်ထားသေးသလား ... ကိုဘိုးထော်”

“မထားပါဘူးဗျာ ... ခင်ဗျားက ခံရတဲ့လူပဲ၊ ထားချင်းထားရင် ခင်ဗျား ကသာ ကျုပ်အပေါ်ထားဖို့ ရှိပါတယ်”

“ကျုပ်က မကောင်းတာ လုပ်မိတာကိုးဗျ။ ကျုပ်အပြစ်ကို ကျုပ် ခံရပေမယ်ပေါ့”

“ကျုပ်က ကျေပါတယ်။ ဘယ်လိုမှ သဘောမထားပါဘူး။ ခင်ဗျားတို့ တောင်ယာဘက်ကလူတွေ ဟင်းအရနည်းတယ် ... ဆိုလို့ ထောင်မှူးကြီးကိုတောင် ကျုပ်ပြောလိုက်ပါသေးတယ်”

“ကျေးဇူးပေါ့ဗျာ”

လူချင်းခွဲကြသောအခါ ကျွန်ုပ်လည်းတုတ်ကြီးအကြောင်းကို ဤသို့ စဉ်းစားမိ၏။ တုတ်ကြီးမှာ သုံးလတိုးရုံမျှမက သူ၏အကြံအစည်လည်း လုံးဝ ပျက်ပြားသွားသဖြင့် ကျွန်ုပ်အပေါ်တွင် မည်သည့်နည်းနှင့်မျှ ကျေနပ်မည် မဟုတ်ပေ။ လူမိုက်တို့မည်သည် မျက်နှာချိုသွေးရာမှ သေသည်အထိ ရက်စက်တတ်သဖြင့် တုတ်ကြီး၏ ပြုံးရယ်ခြင်းမှာလည်း ရိုးသားသော ပြုံးရယ်ခြင်း မဟုတ်တန်ရာချေ။ ပြုံးရယ်လိုက်သောအခါ၌ သူ၏မျက်လုံးများမှာ အတော် အတန်ကြည်လင် ပွင့်လင်းသကဲ့သို့ ရှိနေသော်လည်း မျက်လုံးထောင့်၌ မပြုံး မရယ် ကျန်ရစ်ခဲ့သော မျက်နက်ကလေးတစ်ခုကို ကျွန်ုပ် သတိပြုလိုက်မိရာ ၎င်း၏လက္ခဏာမှာ ပြုံးရယ်ခြင်းထက် ရန်ငြိုးသိုခြင်း၏အနက်အဓိပ္ပာယ်ကို ပို၍ဆောင်လျက်ရှိ၏။

“ကျုပ်အပြစ်ကို ကျုပ်ခံရပေမပေါ့”

ဟူသော စကားမှာလည်း တစ်မျိုးတစ်မည် အားဖြင့် ခပ်ထေ့ထေ့ ပြောလိုက်သော စကားဖြစ်တန်ရာ၏။ သို့ဖြစ်၍ အလုံးစုံကို ခြုံ၍ကြည့်သော်

“အေးကွယ် ... မင်းတော့နေနှင့်ဦး ... တစ်နေ့နေ့တော့ ... ငါ့အကြောင်းသိရစေမယ်ပေါ့”

ဟူ၍ ဆိုလိုဟန်ရှိကြောင်း ကျွန်ုပ် တွေးထင်မိ၏။ ကျွန်ုပ်တွေးထင်သည့်အတိုင်းလည်း မကြာမီ ဖြစ်ပေါ်လာတော့၏။

နောက် ၁၀ ရက်ခန့်မျှ ကြာသောအခါ ညဥ့်ကျွန်ုပ်တို့ အိပ်ရာဝင်ပြီးနောက် တစ်ခဏမျှ ကြာသောအခါ ကျွန်ုပ်၏အိပ်သော အခြားအခန်းဘက်မှ ကျွန်ုပ်အမည်ကို ခေါ်ကာ နီးစကလေးတစ်ခုဖြင့် ကျွန်ုပ် ပခုံးကို ထိုးလိုက်၏။ ထရံ၏ အခြားဘက်တွင် ကျွန်ုပ်တပည့်ထဲမှ ခွေးပုဆိုသူတစ်ယောက်အိပ်သဖြင့် အကြောင်း တစ်စုံတစ်ရာ အရေးကြီးက ထရံအကြား ကျွန်ုပ်အားခေါ်နိုင်ကြောင်း ယခင်က ပြောထားဖူးသည့်အတိုင်း အချက်ပေးခြင်း ဖြစ်ဟန်တူလေသည်။

သစ်သားထရံမှာ ထိုနေရာတွင်ကွဲ၍နေသဖြင့် အက်ကြောင်းကလေးဖြစ်၍နေရာ ခွေးပုသည် ထိုအက်ကြောင်းကလေးမှ ကျွန်ုပ်၏ပခုံးကို နီးစဖြင့် ထိုးလိုက်ခြင်း ဖြစ်လေသည်။

"ဘယ်သူလဲဟေ့"

"ဆရာ ... ဆရာ ... ကျွန်တော်ပါ ... ခွေးပုပါ"

"ဘာပြောချင်လို့လဲ ခွေးပု"

"အရေးကြီးလို့ ဆရာ ... ထရံကို ဆရာ့နားနဲ့ ကပ်ပြီး ထောင်စမ်းပါ"

"အေး ... အေး ... ထောင်မယ်၊ ကိုင်း ...ေ ပြာစမ်း"

"တုတ်ကြီးတို့ လူစု ဆရာ့ကို ကြံနေတယ် ဆရာ"

"ဘယ်လို ကြံတာလဲ"

"နက်ဖြန် တနင်္ဂနွေနေ့ မဟုတ်လား ဆရာရဲ့၊ အမဲသားကျွေးလိမ့်မယ်"

"အဲဒါ ဘာဖြစ်သလဲ"

"အမဲသား ဟင်းထဲမှာ ဆရာ့ကို သူတို့ အဆိပ်ခတ်လိမ့်မယ်"

"သူတို့ချင်းတိုင်ပင်နေတာ ကျွန်တော် ကြားရလို့ ပြောတာ ဆရာ၊ ဒီတော့ မနက်စာကို ဆရာ မစားပါနဲ့"

"မင်းအမှန် သိရဲ့လား ခွေးပုရဲ့"

"ကျွန်တော် ပြောရင် ယုံပါ ဆရာ"

"အေး ... ကောင်းပြီ"

"ကျွန်တော် ပြောတယ်ဆိုတာလည်း ဘယ်သူမှ မသိပါစေနဲ့နော် ... ဆရာ"

"အေးကွယ် ... ငါ နားလည်ပါတယ်။ မသိစေရပါဘူး"

"သတိ ဝီရိယနဲ့ နေပါ ဆရာ"

"အေးကွယ် ... ခွေးပု၊ မင်းကို ငါ ကျေးဇူးတင်တယ်ဟေ့"

http://www.cherrythitsar.org


နောက်တစ်နေ့၌ နံနက်စာအတွက် ပုံစံဆွဲသော အချိန်တွင် ကျွန်ုပ်လည်း ပုံစံဆွဲသော အပေါက်မှ ပုံစံခွက်ကို လှမ်းယူရာ သာဆန်းဆိုသော ထောင်သားသည် စိတ်ထဲတွင် တစ်စုံတစ်ရာ မလုံသကဲ့သို့သော မျက်နှာနှင့် ပုံစံခွက်ကို ကျွန်ုပ်ရှိရာသို့ အပေါက်မှ ထိုး၍ပေးလိုက်၏။ သာဆန်းမျက်နှာ ပျက်သွားသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ယမန်နေ့ညက ခွေးပု၏ သတိပေးချက်မှာ မှန်လေပြီဟု ကျွန်ုပ် တွက်မိ၏။

ကျွန်ုပ်လည်း ပုံစံခွက်ကို ယူပြီးလျှင် ယခင်က ကဲ့သို့ အပေါင်းအဖော်များနှင့် မစားဘဲ ရေကန်နှင့် အနီးဆုံးသော နေရာတစ်ခုသို့ သွားပြီးလျှင် တစ်ယောက်တည်း စားဟန်ပြု၏။

ထိုနေ့က ထမင်းဆာလိုက်သည်မှာလည်း ပြောစရာမရှိချေ။ အမဲသားဟင်းနှင့် စားရမည့်နေ့တွင်မှ ဤကဲ့သို့ ဖြစ်ရသည်ကို ကျွန်ုပ်မှာ စိတ်ထဲတွင် မချင့်မရဲပင် ဖြစ်မိ၏။ ထို့နောက် စားဖိုဆောင်အနီးမှ ကောက်ယူခဲ့သော ငှက်ပျောဖက် တစ်ခု၌ ထမင်းကို ထည့်၍ ဟင်းနှင့် နယ်ပြီးသော် မိန်းမ ထောင်ဘက်မှ အဆောင်မှူး၏ခွေးမှာ ကျွန်ုပ်တို့၏ စားကြွင်းစားကျန်များကို နေ့စဉ်လာရောက်စားသောက်လေ့ရှိသည့်အတိုင်း ကျွန်ုပ်လည်း ၎င်းအား ကျွေးလိုက်လေ၏။

ခွေးကြီးသည် အမဲသားဟင်းနှင့် နယ်ထားသော ထမင်းကို အကုန်ဟပ်၍ စားပြီးနောက် မိန်းမထောင်ဘက်သို့ ပြေးနေကျအတိုင်း ပြန်၍ပြေးလေ၏။ သို့သော် ခြံဝရောက်သည်နှင့် တစ်ပြိုင်နက် အတွင်းသို့ မဝင်ဘဲ ပြန်၍လှည့်ပြီးနောက် ထိုနေရာ၌ပင် နှစ်ပတ် သုံးပတ် လှည့်ကာ ချာချာလည်၍ လဲကျသွားလေတော့၏။

ကျွန်ုပ်လည်း ထိုအကြောင်းကို အခြားထောင်သားများ မသိစေဘဲ ကျွန်ုပ်အား အထူးကြည့်ရှုစောင့်ရှောက်သည့် ထောင်မှူးကလေးကိုသာ အကျိုးအကြောင်း ပြောပြပြီးလျှင် လျှို့ဝှက်၍ ထားခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် အဆိပ်ခပ်ကြောင်း ကျွန်ုပ်ရိပ်မိသော်လည်း ကျွန်ုပ်က သူတို့အား တစ်စုံတစ်ရာ ပြန်၍ မလုပ်မှသာလျှင် သူတို့၏ခြေလှမ်း ရတ်တရက် တန့်၍သွားမည်ဟု ကျွန်ုပ် ယူဆသောကြောင့် ဖြစ်၏။ ထောင်မှူးကလေးကိုသာ ကျွန်ုပ် အသိပေးခဲ့ရာ ထောင်မှူးကလေးလည်း ဤနေ့မှစ၍ ကျွန်ုပ်အား ပုံစံဆွဲသော အချိန်များတွင် ကျွန်ုပ်ကိုယ်တိုင် စားဖိုဆောင်သို့ သွားရောက်၍ အိုးသူကြီးအား ကူညီရန် နေရာတစ်ခု စီမံပေးခဲ့လေသည်။

အဆိပ်ခပ်ရန်မှာ သာမန်ထောင်သားများ ကြံစည်နိုင်သော အချက်မဟုတ်ပေ၊ တုတ်ကြီး၏အကြံဟု ဆိုနိုင်စေကာမူ တုတ်ကြီးသည် ဆတ္တား၏ အကူအညီ မရဘဲ ကြံစည်နိုင်မည် မဟုတ်ချေ။ တုတ်ကြီးနှင့် ဆတ္တားတို့မှာ

မည်သည့်အခါ၌ မဆို တပူးတွဲတွဲရှိနေခြင်း၊ ကျွန်ုပ်တို့၏ အရိပ်အကဲကို အမြဲ စောင့်ကြပ်ကြည့်နေကြခြင်း၊ ကျွန်ုပ်တို့နှင့်တွေ့လျှင် မသိမသာ မျက်နှာပျက် သွားခြင်းတို့မှာ သူတို့၏ပြစ်မှုကို ပို၍ထင်ရှားစေသော အချက်ဖြစ်၏။ ဆတ္တား မှာ ငွေကြေးတတ်နိုင်သူတစ်ယောက်ဖြစ်၍ အစားကောင်း အသောက်ကောင်းတို့ ကို အပြင်မှ အမြဲသွင်း၍ စားသောက်နိုင်သူဖြစ်ရာ၊ တုတ်ကြီးမှာ ဆတ္တားကို မှီ၍ ကောင်းစွာ စားသောက်နေရသည့်ပြင် ၎င်းကိုလည်း သူ၏စူးဆောက်သဖွယ် အသုံးပြု၍နေခြင်း ဖြစ်လေသည်။ တုတ်ကြီးတို့ အဆောင်ဘက်၌ အုပ်ချုပ်ရသူ မှာ ကုလားထောင်မှူးတစ်ယောက်ဖြစ်၍ ဆတ္တားသည် ထိုထောင်မှူးအား အတွင်းကျိတ် ပေးကမ်းနိုင်သူ တစ်ယောက်ဖြစ်သည့်အတိုင်း အလုပ်အကိုင် ချောင်ချိရုံမျှမက အပြင်မှ မိမိအလိုရှိသော ဆေးဝါးပစ္စည်းများ၊ ဆေးခြောက် များကိုပင် အလွယ်တကူ သွင်းယူနိုင်သည်ဟု ကြားသိရလေသည်။

အချိန်သည် တဖြည်းဖြည်း ကုန်လွန်လာခဲ့ရာ တစ်နေ့တွင် ကျွန်ုပ် တပည့်တစ်ယောက် ဖြစ်ခဲ့ဖူးသော ကျော်သွဲ့သူဆိုသူသည် ခါးပိုက်နှိုက်မှုတစ်ခု ဖြင့် ရောက်လာ၏။ ကျော်သွဲ့မှာ ... ဤထောင်တွင် ကျွန်ုပ် ဒုတိယအကြိမ် ရောက်ခဲ့စဉ်က နှစ်လ သုံးလခန့်မျှ အတူနေခဲ့ဖူးသော ကျွန်ုပ်၏ တပည့်ရင်းတစ် ယောက် ဖြစ်၏။ ယုံကြည်အားကိုးလောက်သူ တစ်ယောက်လည်း ဖြစ်၏။

ကျော်သွဲ့မှာ ကျွန်ုပ်တို့ အဆောင်ဘက်တွင် တနင်္ဂနွေ တစ်ပတ်ခန့်မျှ ကြာရှိသောအခါ ဆတ္တားတို့ အဆောင်ဘက်မှ လူ လေးယောက်နှင့် လူချင်းလဲ ရာတွင် ပါသွားလေ၏။ သို့ဖြစ်၍ ကျွန်ုပ်က ကျော်သွဲ့အား အခြားဘက်သို့ ရောက်သောအခါ ကျွန်ုပ်၏ တပည့်ရင်း ဖြစ်သည်ကို ဆတ္တား မသိစေရန်နှင့် ... ဆတ္တား၏ အကြံအစည်များကို ကျွန်ုပ်အား အခါအခွင့်ရတိုင်း သတင်းပေး ရန်အကြောင်း၊ တုတ်ကြီးကိုလည်း ချစ်ခင်ရိုသေဟန်ပြု၍ တပည့်ခံရန် အကြောင်း စသည်တို့ကို သင်ကြား၍ လွှတ်လိုက်၏။ ထိုအချိန်အတွင်း ကျွန်ုပ် တို့မှာ တစ်ဖက်နှင့် တစ်ဖက် တစ်စုံတရာ ဖြစ်ပွားခြင်း မရှိဘဲ အေးချမ်းစွာ ရှိ နေခဲ့လေသည်။

*

ထို့နောက် ခေတ်ပြောင်းချိန်သို့ ရောက်၍ လာခဲ့၏။ ဂျပန်များသည် အင်္ဂလိပ်နှင့် အမေရိကန်တို့အား စစ်ကြေညာသည်ဟူသော သတင်းကို ကြားရ ၏။ မကြာမီ ရန်ကုန်သို့ ဂျပန်လေယာဉ်ပျံများ လာရောက်ကာ ဗုံးကြဲချသည်မှာ နှစ်ကြိမ်တိုင်တိုင် ဖြစ်၏။ ထိုအခါ ထောင်ပိုင်များနှင့်တကွ မျက်နှာဖြူထောင်မှူး တို့မှာ နေ့စဉ်ပင် ခေါင်းချင်းရိုက်ကာ ရှိနေကြကုန်၏။ ဗုံးခိုကျင်းများကို သူတို့ အလုပ်တိုက်များအနီးတွင် တူးခြင်း၊ အချို့ အရေးကြီးသော နေရာများနှင့်

http://www.cherrythitsar.org



ထောင်တံတိုင်း စန္ဒရီကင်းတဲများတွင် သဲအိတ်များချထားခြင်း စသည့် အကာအကွယ်များကို ပြုလုပ်ကြ၏။

နောက်ရက် အနည်းငယ်အတွင်း ၌ 'မှောင်ချခြင်း' ပြုလုပ်ပြန်၏။ ဤရက်များအတွင်း နိုင်ငံရေးအချုပ်သမားများလည်း ထောင်အတွင်းသို့ တဖွဲဖွဲ ရောက်လာကြရာ အပြင်အပ၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို ကျွန်ုပ် တို့ မသိရသော်လည်း ထောင်အတွင်း၌မူ လှုပ်လှုပ်ရှားရှား ဖြစ်ကာ ဂနာမငြိမ် နိုင်အောင် ရှိနေတော့၏။

သို့နှင့်တစ်နေ့သော နံနက်တွင် ကျွန်ုပ်တို့ ထောင်မှ အကျဉ်းသား အချို့ကို ရွေးပြီးလျှင် မြင်းခြံထောင်သို့ ပို့မည်ဟူသော သတင်းကို ကြားရ၏။ ထိုနေ့နေ့လည်တွင် ကျွန်ုပ်နှင့်ခင်သော ထောင်မှူးကလေးအား ထိုသတင်းမှန် မမှန်ကို ကျွန်ုပ် မေးကြည့်ရာ ထောင်မှူးကလေးက ....

"ဟုတ်တယ် ... ကိုဘိုးထော်၊ ပို့ဖို့ ၇၆ ယောက် ရွေးပြီးပြီ၊ နှစ်ကြီး သမားထဲကနဲ့ နာမည်ကြီးတဲ့ လူတွေပေါ့ဗျာ"

"ဒါဖြင့် ကျွန်တော်မျိုးတို့လည်း ပါမှာပေါ့"

"နံပါတ်တစ်ထဲက ပါတာပေါ့၊ ခင်ဗျား မိတ်ဆွေတွေလည်း အားလုံး ပါတယ်"

"ဘယ်သူတွေ ပြောတာလဲ သခင်"

"တုတ်ကြီးတို့၊ ဆတ္တားတို့၊ ဖြူလေးတို့၊ ကျော်သွဲ့တို့ လူစုပေါ့ဗျာ၊ ခင်ဗျားတို့တော့ ပျော်ပျော်ပါးပါး ရေလမ်းခရီးထွက်ကြရဦးမှာပေါ့"

ထို့နောက် ကျွန်ုပ်က မည်သည့်အတွက် ဤသို့ ပြောင်းရွှေ့ကြောင်း ထောင်မှူးကလေးအား မေးမြန်းကြည့်ရာ ၎င်းက ဤကိစ္စမှာ စစ်၊ နိုင်ငံရေး စသည်ကိစ္စများနှင့် တိုက်ရိုက်ပတ်သက်သဖြင့် မိမိ၌ တစ်စုံတစ်ရာ ပြောရေးဆို ခွင့် မရှိကြောင်း၊ နောက်တစ်နေ့ ညရထားနှင့်ပင် ပြည်မြို့သို့ ပို့ဆောင်မည်ဖြစ် ကြောင်း၊ ၎င်းမှတစ်ဖန် သင်္ဘောဖြင့် မြင်းခြံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ ထောင်သားများအား နောက်တစ်နေ့ ညနေမှသာ ဤအကြောင်းကို အသိ ပေးမည်ဖြစ်၍ မည်သူအားမျှ မပြောဘဲ နှုတ်လုံရန်အကြောင်း မှာကြားပြီးလျှင် ကျွန်ုပ်ထံမှ ထွက်သွားလေ၏။

နောက်တစ်နေ့ ညနေ ၃ နာရီ၌ ထောင်မှူးကြီး၊ ဒုတိယ ထောင်မှူး ကလေးတို့သည် ဘုံစင်အနီးရှိ အလယ်ကွက်ပြင်တွင် ကျွန်ုပ်တို့အား တန်းစီစေ ပြီးနောက် ဤထောင်မှ အကျဉ်းသား ၇၆ ယောက်ကို မြင်းခြံထောင်သို့ ပြောင်း ရွှေ့ရန် အထက်အစိုးရ အမိန့်ရရှိသဖြင့် ထို ၇၆ ယောက်တို့အား ထိုနေ့ည ရန်ကုန်မှ ၉ နာရီခွဲတွင် ထွက်မည့် ပြည်အဆန်ရထားနှင့် လိုက်ပါရမည်ဖြစ်

http://www.cherrythitsar.org



ကြောင်း၊ ကျွန်ုပ်တို့နှင့်အတူ ကျွန်ုပ်တို့အား စောင့်ကြပ်ရသည့် သေနတ်ကိုင် ထောင်ပြာတာ ၂၀ အပြင် ထောင်မှူးကလေး နှစ်ယောက်လည်း လိုက်ပါမည် ဖြစ်ကြောင်း၊ ပြည်ရထားတွင် ကျွန်ုပ်တို့အတွက် လူစီးတွဲကြီး ၄ တွဲ အထူးသီး ခြားထားမည်ဖြစ်ရာ ထောင်မှ ၈ နာရီခွဲတိတိတွင် ထွက်ရမည်ဖြစ်သည့်အတိုင်း မိမိတို့အဝတ်အစားများနှင့် အိပ်ရာလိပ်များကိုပါ အသင့်ပြင်ဆင်ထားရမည်ဖြစ် ကြောင်း၊ ရန်ကုန်မှ ပြည်မြို့အထိ မီးရထားပေါ်၌လည်းကောင်း၊ ပြည်မြို့မှ မြင်းခြံအထိ သင်္ဘောပေါ်၌ လည်းကောင်း၊ ထောင်ပြာတာများနှင့်တကွ အထက် အရာရှိများကိုပါ တစ်စုံတစ်ရာ အနှောင့်အယှက်မပေးဘဲ စည်းကမ်း သေဝပ်စွာ ဖြင့် လိုက်ပါကြပါရန် အကြောင်း၊ နောက်ဆုံး သတိပေးစကား ပြော ကြားပြီးလျှင် လိုက်ရမည့်သူ ၇၆ ယောက်အား တစ်ယောက်စီ အမည်စာရင်း ခေါ်စေ၍ ထောင်မှူးကလေး ပြောခဲ့သည့်အတိုင်း ကျွန်ုပ်အား အတိုက်အခံလုပ်၍ နေသူ တုတ်ကြီးတို့ လူစုလည်း အမည်စာရင်းတွင် ပါရှိလေရာ၊ ကျွန်ုပ်တို့မှာ ထိုသူများ နှင့် ရန်ကုန်ထောင်ကြီး၌သာ မဟုတ်၊ မြင်းခြံထောင်သို့ပင် သွား၍ ရေစက်ဆုံကြ ရဦးမည်အကြောင်းကို တွေးမိပြီးလျှင် တစ်ယောက်တည်းကျိတ် ၍ရယ်မောမိ သေး၏။

ည ၈ နာရီခွဲတွင် ထောင်ကြီးမှ ထွက်ခဲ့ရ၍ ကော်မရှင်နာလမ်း (ယခု–ဗိုလ်ချုပ်အောင်ဆန်းလမ်း) တစ်လျှောက်မှ မီးရထားဘူတာအထိ လျှောက်ခဲ့ရလေရာ ကျွန်ုပ်မှာ ထောင်ကြီး ကို ပြန်၍ ကြည့်ကာ ဝမ်းနည်းရတော့ မည်ကဲ့သို့ လည်းကောင်း၊ ဝမ်းသာရ တော့မည်ကဲ့သို့လည်းကောင်း စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ဖြစ်မိ၏။ လူတို့မည် သည်၊ မည်မျှပင် ဆင်းရဲဒုက္ခရောက်သည့် နေရာ၌ နေရစေကာမူ ထိုဌာနမှ ခွဲ ခွာ၍ တခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြ ရသောအခါ မိမိနေထိုင်ခဲ့သည့် နေရာဟောင်းကို တွယ်တာခင်မင်သည့် သံယော ဇဉ် ကလေးသည် နှောင်ကြိုး ကလေးသဖွယ် ငြိတွယ်ရစ်ပတ်၍ နေတတ်သည့် အလား ကျွန်ုပ်မှာ မျက်ရည် များလည်၍ လာမတတ်ဖြစ်မိ၏။ အချို့သူများ လည်း ၎င်းတို့၏မျက်နှာကို မြင်ရခြင်းဖြင့် ကျွန်ုပ်ကဲ့သို့ပင် ရှိနေလိမ့်မည်ဟု ထင်မိ၏။

ဘူတာရုံသို့ ရောက်သောအခါ မီးရထားမှာ လူများအလွန်စည်ကား ပြည့်ကြပ်လျက် အထုပ်အပိုး ဝန်စည်စလယ်များစွာတို့နှင့် ရှိနေကြသဖြင့် ရန်ကုန်မြို့မှ အထက်အညာသို့ လူများ အတော်ပြောင်းရွှေ့၍ နေပြီ ဖြစ်ကြောင်း သိရ၏။

ကျွန်ုပ်တို့အတွက် သီးသန့်ထားသည့် တွဲကြီးလေးတွဲပေါ်တွင် ကျွန်ုပ်တို့ နေရာရရှိပြီးသော် မီးရထားလည်း ထွက်လေရာ ... ကျွန်ုပ်မှာ မောင်ချ

http://www.cherrythitsar.org



ထားသဖြင့် မဖူးမြော်နိုင်သော ရွှေတိဂုံစေတီတော်ကြီးဘက်သို့ လှည့်၍ မျှော်မှန်း ရမ်းဆကာ လက်အုပ်ချီ၍ အရိုအသေပြုမိ၏။

ကျွန်ုပ်တို့လိုက်ပါလာသော မီးရထားသည် ပြည်မြို့သို့ နံနက် ခြောက်နာရီခန့်တွင် ရောက်ရှိ၍ ကျွန်ုပ်တို့အား ဘူတာရုံမှ ကမ်းနားလမ်း တစ်လျှောက်သို့ ခေါ်ဆောင်သွားပြီးလျှင် သင်္ဘောဆိပ်သို့ ရောက်သောအခါ ကျွန်ုပ်တို့အတွက် သီးသန့်ထားရှိသော သင်္ဘောတစ်စင်းပေါ်သို့ တက်ရ၏။

ထိုသင်္ဘောမှာ ပြည်နှင့် သရက်မြို့သွား ကူးတို့သင်္ဘောအရွယ်မျှရှိ၍ နှစ်ထပ်သင်္ဘောတစ်စင်းဖြစ်လေသည်။ ပြည်ဆိပ်ကမ်းမှ ထွက်၍ ရေလယ်သို့ သင်္ဘောရောက်သောအခါ ကျွန်ုပ်လည်း ပတ်ဝန်းကျင်ရှိ ရှုမျှော်ခင်းများကို ကြည့်ရှုမိ၏။

တောင်ဘက်တွင် စိမ်းလန်းစိုပြည်သော တော၊ တောင်များနှင့် လက်ဝဲဘက် ခပ်ကျကျ တောင်ထိပ် တစ်ခုပေါ်တွင် ရွှေတို့ဖြင့် ဝင်းလျက်ရှိနေသော ရွှေဆံတော် စေတီတော်ကြီးကိုလည်းကောင်း၊ မျက်နှာချင်းဆိုင် ကမ်းရှိ တောင်ဘက် ခပ်ယွန်းယွန်း၌ 'တန့်ကြည့်တောင်' စေတီတော်ကိုလည်းကောင်း၊ ထိုမှတစ်ဖန် သင်္ဘောဦးဆီသို့ မျှော်လိုက်ပြန်သော် ... မြင့်မားသော တောင်ထိပ် ပေါ်ရှိ 'ဖိုးဦးတောင်' စေတီတော်ကိုလည်းကောင်း ဖူးမြော်ရ၏။

မြို့၏မြောက်ဘက်တွင် လှေများရှိနေ၍ ၎င်း၏ အရှေ့ဘက်၌ ကျွန်ုပ်နှစ်ကြိမ် ရောက်ခဲ့ဖူးသော ပြည်မြို့ထောင်ကြီးကို သင်္ဘောပေါ်မှပင် မမြင်ရသော်လည်း မှန်းဆ၍ လွမ်းဆွတ်မိသေး၏။

သင်္ဘောမှာ နှစ်ထပ်သင်္ဘောဖြစ်သည့်အတိုင်း အောက်ထပ်တစ်ထပ်လုံးတွင် ကျွန်ုပ်တို့အားလုံးအား ထားရှိ၍ အထက်ထပ်တွင် သင်္ဘောအရာရှိများ၊ ထောင်မှူးများ ရှိလေသည်။

သင်္ဘောပေါ်သို့ ရောက်သောအခါ သင်္ဘောဦးပိုင်းနှင့် ပဲ့ပိုင်းအပြင် အပေါ်ထပ်သို့ တက်သောလှေကားနှစ်ခု၌ သေနတ်ကိုင် ထောင်စန္တရီများ ချ ထားလျက် ကျွန်ုပ်တို့အား တစ်စုံတစ်ရာ ချည်နှောင်ခြင်း မပြုဘဲ လွတ်လပ်စွာ ထားလေသည်။

သင်္ဘော၏အလယ်၌ရှိသော စက်ခန်းကိုလည်းကောင်း၊ သင်္ဘောဦးမှ ကပ္ပတိန်၏ အခန်းကိုလည်းကောင်း၊ ပဲ့ပိုင်းမှ သင်္ဘောကုလားများ အိပ်သော နေရာကိုလည်းကောင်း သစ်သားများဖြင့် ယာယီ အကာအရံပြုလုပ်ထား၏။

သို့နှင့်ပင် ကျွန်ုပ်တို့မှာ အတော်အတန် လွတ်လပ်ချောင်ချိစွာ နေနိုင်လေသည်။

http://www.cherrythitsar.org


ပြည်မြို့ ဆိပ်ကမ်းမှ ထွက်ခဲ့၍ သင်္ဘောသည် သရက်မြို့သို့ ရောက်သောအခါမှ ရပ်နားလေသည်။ ကျွန်ုပ်တို့၏ နံနက်စာအတွက် စီစဉ်ပြီးဖြစ်သည့်အတိုင်း သရက်မြို့ဆိုင်ရာ အာဏာပိုင်တို့ထံမှ ပို့သော ထမင်းများကို စားရ၏။

သင်္ဘောမှာ ကျွန်ုပ်တို့လူစုနှင့် မလိုက်အောင် ကျယ်ဝန်းသဖြင့် တစ်နေ့လုံး ကျွန်ုပ်တို့ လူစုမှာ လွတ်လပ်စွာရှိနေကြ၏။

သို့ရှိနေသည့်အတွင်း ဆတ္တားသည် သင်္ဘောဦးခန်းဆီသို့ လမ်းသလားကာ ကပ္ပတိန်၏ ဘဏ္ဍာစိုးနှင့်လည်းကောင်း၊ ဘိုင်ကုလားနှင့်လည်းကောင်း မိတ်ဖွဲ့ကာ စကားပြောဆိုလျက်ရှိနေသည်ကို မြင်ရသဖြင့် ၎င်းမှာ ထိုသူများထံမှ အစားသောက် ကလေးများကို ဝယ်ယူလို၍သာ ကပ်ရပ်နေခြင်းဖြစ်သည်ဟု ထင်မိ၏။

သင်္ဘောဦးပိုင်းတွင် အကျဉ်းသားများရှိသော နေရာနှင့် ကပ္ပတိန်၏ အခန်းကို ခြားထားသော ယာယီပြုလုပ်ထားသည့် သစ်သားတန်းများ၏ အခြားဘက်၌ မျောက်ကလေးတစ်ကောင် ချည်ထားသည်ကို တွေ့ရ၏။

၎င်းမှာ သင်္ဘောကပ္ပတိန်၏ မျောက်ကလေးဖြစ်၍ ဘိုင်ကုလားသည် မျောက်ကလေးအား ယုယပွတ်သပ်၍ပေးခြင်း၊ အစာကျွေးခြင်းများ ပြုလုပ်ကာ ထိန်းကျောင်းရ၏။ ဆတ္တားသည် ဘိုင်ကုလားနှင့် မိတ်ဖွဲ့ပြီးလျှင် မျောက်ကလေး၏ ဦးခေါင်းကိုပင် ပွတ်သပ်ကာ မျောက်ကလေးအား အရောတဝင် ပြုလုပ်နေသည်ကိုလည်း မြင်ရ၏။

ကျွန်ုပ်မှာ မြစ်ကမ်းနဖူးများတွင် တည်ထားသည့် ကျေးရွာများကိုလည်းကောင်း၊ သင်္ဘောပေါ်မှ ဖူးမြော်နိုင်သည့် ဘုရားပုထိုးများကို လည်းကောင်း၊ စိမ်းလန်းသာယာသည့် ဝဲယာနှစ်ဖက်မှ ရှုမျှော်ခင်းများကို လည်းကောင်း ကြည့်ရှုရင်း လိုက်ပါလာရာ ... တစ်ခါတရံ စိတ်ထဲတွင် မိမိကိုယ်ကို သာမန် အကျဉ်းသားတစ်ယောက် မဟုတ်ဘဲ ကုန်သည်တစ်ယောက်အနေနှင့် အထက်မြို့ကျေးရွာသို့ ခရီးသွားနေဘိသကဲ့သို့ ထင်မှတ်မိလေ၏။

ထူးဆန်းပုံမှာ ထိုနေ့ညနေ၌ မျောက်ကလေးသည် ကြိုးခွေချည်သော ငုတ်တိုင်ကလေးပေါ်သို့တက်၍ ကစားနေရာမှ ရုတ်တရက် လဲကျကာ ကိုယ်ကို ဆန့်ချည် တင်းချည် ပြုလုပ်ပြီးနောက် ငါးမိနစ်ခန့်အတွင်း၌ပင် သေဆုံး၍သွားလေ၏။

ကပ္ပတိန်သည် မျောက်ကလေးသေရာသို့ လာရောက်ကြည့်ရှုကာ ဘိုင်ကုလားအား စကားတစ်ခွန်းမျှ မေးမြန်းပြောဆိုပြီးနောက် တစ်ခဏမျှ မျောက်ကလေး၏ အလောင်းကို ကိုင်တွယ်ကြည့်ရှုပြီးလျှင် ရေထဲသို့ ဖြည်း

ညင်းစွာ ချလိုက်၏။ လွန်ခဲ့သော ၁၀ မိနစ်ခန့်က ငှက်ပျောသီးကလေးတစ်လုံး ကို အခွံနွှာ၍ စားကာ ကြိုးချည်သော သံငုတ်ပေါ်တွင် တက်ချည် ဆင်းချည် ကစား၍နေခဲ့သော မျောက်ကလေးမှာ ရုတ်တရက် သေဆုံးသွားသည်ကို မြင် ရသောအခါ ကျွန်ုပ်မှာ များစွာစိတ်မကောင်းဖြစ်မိ၏။ လူသော်လည်းကောင်း၊ တိရစ္ဆာန်သော်လည်းကောင်း အဆင်မသင့်က ရုတ်တရက် သေဆုံးသွားတတ် ရာ မတည်မြဲသော အနိစ္စသဘောတရားကိုပင် အခိုက်အတန့်အားဖြင့် သဘော ပေါက်မိ၏။ ကျွန်ုပ်အနီးရှိ အခြားသူများမှာလည်း ကျွန်ုပ်ကဲ့သို့ပင် စိတ် မကောင်း ဖြစ်ကြသည့် လက္ခဏာရှိ၍ ဆတ္တွားမှာမူ အခြားသူများထက်ပို၍ ရင်းနှီးရကား မျက်နှာမကောင်း ဖြစ်ကာ စုတ်တသပ်သပ်ဖြင့် ရှိနေလေသည်။

ညနေ ငါးနာရီကျော်ကျော် ခန့်တွင် သင်္ဘောလည်း ဆင်ပေါင်ဝဲမြို့ သို့ ဆိုက်ရောက်လာလေရာ ကျွန်ုပ်တို့သည် ထိုမြို့တွင် ညစာစားသောက်ကြရ ၍ ဆိုင်ရာမြို့နယ် အရာရှိများနှင့်တင်ကြိုစီမံထားဟန် လက္ခဏာရှိပေသည်။ ဆင်ပေါင်ဝဲမြို့ကလေးမှာ ဧရာဝတီမြစ် အရှေ့ကမ်းတွင် တည်ရှိ၍ သင်္ဘောများ မီးထိုးရန်အတွက် ထင်းများ ဖြည့်တင်းတင်ဆောင်ရသည့် စခန်းတစ်ခု ဖြစ်လေ သည်။ သို့ဖြင့် ကျွန်ုပ်တို့ သင်္ဘောဆိပ်ကမ်းသို့ကပ်ပြီးသော် (၁) နာရီခန့်မျှ ထင်းများသယ်ယူသည်ကို စောင့်ဆိုင်းနေရ၏။ ထို့နောက် ညနေဝင်ရီတရော အချိန်တွင် မြစ်လယ်သို့ ထွက်ခွာ၍ ထိုညအဖို့ ကျောက်ချ၍ အိပ်လေသည်။ ဤကဲ့သို့ ကမ်း၌ကပ်၍ မအိပ်ဘဲ ရေလယ်တွင် ကျောက်ချအိပ်ခြင်း အကြောင်း ကို မေးမြန်းကြည့်သောအခါ ဆိပ်ကမ်း၌ အခြားသင်္ဘောများ အဝင်အထွက်ရှိ နေသည်ကို အနှောင့်အယှက်မဖြစ်စေရန် တစ်ကြောင်း၊ ညဥ့်အချိန်တွင် သင်္ဘော ပေါ်သို့ အပြင်လူများ မတက်စေရန် တစ်ကြောင်း ၊ အကျဉ်းသားများ လက် လွတ်ထွက်ပြေးမည်ကို စိုးရိမ်သဖြင့် တစ်ကြာင်း စသည်တို့ကြောင့် ကမ်းမှခွာ၍ အိပ်ကြောင်း နောင်မှသိရှိရလေသည်။

ထိုည၌ ကျွန်ုပ်တို့လည်း မိမိတို့ ကြိုက်နှစ်သက်ရာနေရာ ကလေး များကို ရွေးချယ်ပြီးလျှင် မိမိတို့နှင့် အပေါင်းအသင်းဆန့်သူ အချင်းချင်းစုရုံးကာ နေရာယူကြလေ၏။ ကျွန်ုပ်မှာ သင်္ဘော ဦးဘက်အစွန်းသို့ ရောက်၍ ဆတ္တွားမှာ ကျွန်ုပ်နှင့် လေးငါးယောက်ခြား၌လည်းကောင်း၊ တုတ်ကြီးမှာ ကျွန်ုပ်နှင့် မျက် နှာချင်းဆိုင်တန်းတွင် မျက်စောင်းထိုးလောက်ကျသော နေရာ၌ လည်းကောင်း၊ ကျော်ဆန်းမှာ ဆတ္တွား၏ အခြားဘက်လူနှစ်ယောက်၊ သုံးယောက်ခြား၌လည်း ကောင်း နေရာယူကြလေသည်။ သင်္ဘောမှာ ကျွန်ုပ်တို့ လူဦးရေနှင့်စာလျှင် ကျယ်ဝန်းလှသဖြင့် ကျွန်ုပ်တို့ အိပ်ရာမှာ တစ်ခုနှင့်တစ်ခု ပူးပူးကပ်ကပ် မရှိလှ ချေ။

http://www.cherrythitsar.org



ည ၈ နာရီထိုးတွင် အိပ်ရမည်ဖြစ်သဖြင့် အိပ်ရန် အချက်ပေးသံ ချောင်းခေါက်သောအခါ ကျွန်ုပ်တို့သည် အိပ်ရာများ အသီးသီးပြင် ကြလေ၏။ သို့နှင့် ကျွန်ုပ်လည်း အိပ်ရာလိပ်ကို ဖြေလိုက်သောအခါ အိပ်ရာလိပ်အတွင်းမှ ကင်းမလက်မည်းကဲ့သို့ မည်းမည်း အကောင်ကလေး တစ်ကောင် တက်လာပြီး နောက် စောင်ပေါ်တွင် ခင်းထားသော ကျွန်ုပ်၏ နံငယ်ပိုင်းပေါ်တွင် တရွရွသွား လျက် ရှိလေ၏။ သဘော်ဦးပိုင်းတွင် လက်ဆွဲမီးအိမ်ကြီးတစ်လုံး ထွန်းထား သော်လည်း ရန်သူ လေယာဉ်ပျံများကို ကြောက်ရွံ့သဖြင့် အပြင်မှကွယ်၍ ထွန်းထားရသည့်ပြင် ကျွန်ုပ်အိပ်ရာမှာလည်း မှောင်ရိပ်ကျသဖြင့် ထိုအကောင် ကလေးကို သဲကွဲစွာ မမြင်ရချေ။ သို့နှင့် ကျွန်ုပ်လည်း ခြေဖြင့် ဖယ်ရှားလိုက် ပြီးလျှင် ရေပြင်ထက်သို့ကန်၍ ချလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့လူစုလည်း ဘုရား ပုထိုးရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ စိပ်ပုတီးစိပ်ခြင်းအမှုများကို တစ်နာရီခန့်မျှ ပြုပြီးသော် ၉ နာရီကျော်ကျော်လောက်တွင်မှ ကျွန်ုပ်မှာ အိပ်ပျော်သွားလေသည်။

မည်မျှလောက် အချိန်ကြာအောင် အိပ်ပျော်သွားသည် မသိရချေ။ ကျွန်ုပ်မှာ ပက်လက်လှန်ကာ လက်ကို အပေါ်သို့ ပစ်လျက် သဘော်လက်ရမ်း သံတိုင်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း အိပ်ပျော်သွားလေရာ၊ ထိုလက်၏ လက်ညှိုးအရင်းနားတွင် ဆေးလိပ်မီးနှင့် ထိုးလိုက်သကဲ့သို့ ပူခနဲဖြစ်၍ သွား ပြီးနောက် အိပ်ရာမှ လန့်နိုးလေ၏။ လက်ကိုလည်း ဖျတ်ခနဲ ရုတ်လိုက်မိလေ သည်။ အချိန်မှာ ကျွန်ုပ်စိတ်ထင်အားဖြင့် ၁၂ နာရီကျော်ကျော်မျှသာ ရှိပေဦး မည်။

ထိုအချိန်၌ အောက်ထပ်ရှိ မီးအိမ်များကို ငြိမ်းထားပြီးဖြစ်၍ အပြင် လရောင် ထိုးနေသည်မှတစ်ပါး မှောင်နှင့် မည်းမည်း ရှိနေ၏။

ကျွန်ုပ်သည် ခေါင်းရင်းသို့ လှမ်း၍ကြည့်လိုက်ရာ ကျွန်ုပ်လက်မည်း ဖြင့် ဆုပ်ကိုင်ထားခဲ့သော လက်ရမ်းပေါ်သို့ တရွရွသွားနေသည့် ညဉ့်ဦးက တွေ့ခဲ့သော ကင်းမလက်မည်းကဲ့သို့ မည်းမည်းအကောင်ကလေး တစ်ကောင် သွားနေသည်ကို မြင်ရ၏။

ကျွန်ုပ် လက်ညှိုးရင်း၌ ပူခနဲဖြစ်သွားခြင်းမှာ ၎င်းကိုက်လိုက်ခြင်း ဖြစ်ဟန်တူလေသည်။

နီးကပ်စွာလိုက်၍ ကြည့်ရှုသောအခါမှ ဆေးဖြူသုတ်ပြီးစ သဘော် လက်ရမ်း အောက်ခြေသံချောင်းတန်းပေါ်တွင် တရွရွ သွားနေသည့် ပင့်ကူ နက်ကလေးတစ်ကောင်ကို တွေ့မြင်ရလေ၏။

လရောင်မှာ သံတိုင်လက်ရမ်းပေါ်သို့ ထင်ရှားစွာ ကျရောက်လျက်ရှိရ ကား အမွေးအမျှင်ကလေးများ ဖုံးအုပ်လျက် ရှိသည့် ၎င်း၏ ခြေချောင်း၊ လက်

ချောင်းကလေးများအပြင် အပေါ်ကျောလယ်တွင် ငွေမတ်စေ့ခန့်ရှိ နီနီဝိုင်းကလေး တစ်ခုကိုပင် တွေ့မြင်နိုင်လေသည်။

မည်သို့ပင်ဖြစ်စေ မည်သည့်အကောင်ပင် ဖြစ်စေ၊ ကျွန်ုပ်လည်း စဉ်းစား၍မနေဘဲ အနီးတွင် လက်နက်တစ်စုံတစ်ရာ မရှိသည်နှင့် အိပ်ရာလိပ်သော ကြိုးကို ကပျာကယာလေး ခေါက်ချိုးပြီးလျှင် တစ်ချက်တည်း ရိုက်၍ချလိုက်ရာ ပင့်ကူကလေးသည် ထက်ပိုင်းပြတ်ပြီးနောက် ရေထဲသို့ကျသွားလေ၏။

ပင့်ကူရုပ်ခြင်းများမှာ ကျွန်ုပ်တို့ မြန်မာအယူအဆအားဖြင့် ဆီနှင့်မထိလျှင် တစ်စုံတစ်ရာ စိုးရိမ်ရန် မရှိချေ။ သာမန်အဆိပ်ဖြေရွက်ကလေးများ၏ အရည်ကို လိမ်းကျံရုံမျှနှင့် ပျောက်ကင်းနိုင်၏။

သို့သော် မည်သည့်ဆေးဝါးဟူ၍ မျှလည်း မရှိချေ။

ထို့ပြင် ၎င်းကိုက်လိုက်သော နေရာမှ သွေးကလေးပင် စို့ထွက်လျက် အပူသက်သာ၍ သွားသည် ဆိုရစေကာမူ လက်ညှိုးတစ်ခုလုံးသည် တဖြည်းဖြည်း ထုံ၍ လာလေ၏။

တစ်ဖန် လက်ညှိုးမှ ကျန်လက်ချောင်း၊ လေးချောင်းသို့ ကူးစက်လာပြန်၏။

ကျွန်ုပ်လည်း အိပ်ရာချင်းကပ်နေသော သာဆန်းဆိုသူအား နှိုး၍ပြောရာ၊ သာဆန်းသည် အိပ်မှုန်စုံမွှားနှင့် ထပြီးနောက် .... "ပင့်ကူ ရုပ်တာလောက်တော့ ကိစ္စမရှိပါဘူး ... ဆရာရယ်။ တံတွေးကလေး နည်းနည်းတို့ထားလိုက်ပေါ့၊ ပျောက်သွားပါလိမ့်မယ်။ တံတွေးဟာ ဆေးတစ်ပါးပဲ ဆရာရဲ့"

ဟု ပြောပြီးနောက် မကြာမီ တခေါခေါ ဟောက်ကာ အိပ်ပျော်၍ သွားလေ၏။

ထုံကျဉ်ခြင်းသည်ကား မသက်သာဘဲ တဖြည်းဖြည်း အထက်သို့ တက်၍ လာလေရာ၊ နံနက်လင်းသောအခါတွင် ကျွန်ုပ်၏ လက်ယာဘက်လက်မှာ မမြှောက်နိုင်တော့ချေ။

နံနက်လင်း၍ ကျွန်ုပ်လည်း ထောင်မှူးကလေးအား အကျိုးအကြောင်း ပြောပြသောအခါ ထောင်မှူးကလေးသည် ပင့်ကူကိုက်သော နေရာကို 'တင်ချာ' ဆေးရည်များ ထည့်၍ပေး၏။

သို့သော် တစ်ခဏမျှသာ သက်သာရာ ရသကဲ့သို့ ရှိပြီးနောက် ထုံ ကျဉ်ခြင်းသည် လက်မောင်းတွင် မရပ်သေးဘဲ လက်မောင်းမှသည် ကိုယ်၏ လက်ယာဘက်ခြမ်းသို့ တဖြည်းဖြည်း ရောက်လာခဲ့လေ၏။

သဘော်မှာ နံနက် လေးနာရီ အချိန်တွင် ထွက်ခဲ့၍ ရှစ်နာရီခန့်တွင် မိချောင်းရဲ ရွာကလေးကို ကျော်လွန်ပြီးနောက် နံနက် ၁၀ နာရီသာသာတွင်

http://www.cherrythitsar.org



မြန်မာမင်းများ လက်ထက် ခံတပ်မြို့ဟောင်းဖြစ်ခဲ့ဖူးသည့် မင်းလှမြို့သို့ ဆိုက် ကပ်မိလေသည်။

ထို ဆိပ်ကမ်းတွင် နံနက်စာ စားကြ၏။ သို့သော် ကျွန်ုပ်မှာ ထမင်းကို တစ်လုပ်နှစ်လုပ်မျှသာ စားနိုင်ပြီးလျှင် ညနေစောင်းသို့ ရောက်သောအခါ ကိုယ်တစ်ခြမ်းမှာ အတော်ပင် မာကျောတောင့်တင်းလျက်ရှိနေလေပြီ။

ခွေးပုနှင့် ကျော်သွဲ့တို့လည်း ကျွန်ုပ်အနီးသို့ လာရောက်ကာ တတ်နိုင်သမျှ ပြုစုလျက် ရှိကြကုန်ရာ၊ ထောင်မှူးကလေးသည် ကျွန်ုပ်အား ချွေးထုတ် ဆေးနှင့် ရေနွေးများကို သောက်စေ၏။

ချွေးအနည်းငယ် ထွက်လာသဖြင့် အတန်ငယ် သက်သာရာရသကဲ့သို့ ရှိနေသော်လည်း ထိုညတွင် ညစာမစားနိုင်တော့ချေ။

ကျွန်ုပ်တို့မှာ ညစာကို မကွေးမြို့မှ တင်ပို့သဖြင့် ဖက်များနှင့် ထုပ်၍ ယူခဲ့ကြရလေသည်။

ဤသို့ဖြင့် အစဉ်အတိုင်း ဆန်တက်ခဲ့ရာ ... သင်္ဘောသည် 'ညောင်လှ' သို့ ဆိုက်ရောက်သောအခါ အတော်ပင် မိုးချုပ်ခဲ့လေပြီ။

သို့နှင့် ရေနံချောင်းသို့အထိ ဆန်တက်ခြင်းမပြုဘဲ ညောင်လှတွင် ကမ်းမှ အနည်းငယ်ခွာပြီးလျှင် ကျောက်ချ၍ အိပ်လေ၏။ ကျွန်ုပ်၏ဝေဒနာမှာ မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်ခြင်း မရှိချေ။

သို့သော် ကိုယ်အင်္ဂါများ တဖြည်းဖြည်း ထုံ၍လာခြင်းကိုကား သိသိသာသာကြီး ခံစားရလေသည်။ ခွေးပုသည် ကျွန်ုပ်အား နှိပ်၍နေရာမှ ....

"ဘယ်နှယ့်နေသေးလဲ ဆရာ"

"လူကတော့ နေကောင်းသလိုလိုပဲကွယ့်၊ ဒါပေမဲ့ ဒီဘက်က ကိုယ်တစ်ခြမ်းက သေချင်လာတယ်"

"လက်ကကော ဆရာ"

"လက်ကတော့ တစ်ခါတည်း ဘာမှ မရှိတော့သလိုဘဲ နာလဲမနာ၊ ကျဉ်လည်းမကျဉ် ဘာမှမသိတော့ဘူးကွာ"

"ပင့်ကူရုပ်တာမှ ဟုတ်ရဲ့လား ဆရာ"

"သေသေချာချာတော့ မသိဘူးပေါ့ကွယ် ... နို့ပေမဲ့ ငါ့လက်ရုတ်လိုက်တော့ အကောင်ကို အတွေ့ရသားပဲကွာ"

"ဆရာပြောတာက ပင့်ကူအနက်ကလေး ဆိုတော့ တောပင့်ကူကြီးများလား ဆရာ"

"တောပင့်ကူဆိုရင်လည်း အကောင်ကြီးမှာပေါ့ကွယ့် ... အခုတော့ သိပ် မကြီးလှဘူး ခပ်ငယ်ငယ်ပဲ"

http://www.cherrythitsar.org



"ကျွန်တော့် စိတ်ထင်တော့ ဆင်ပေါင်ဝဲက ထင်းတင်ရင်း ပါလာတယ် ထင်တယ် ဆရာ"

"ထင်းတွေ ပုံထားတာက အလယ်စက်ခန်း နားမှာပဲကွယ်"

"ဒါပေမဲ့ ထင်းပုံက လက်ရမ်းကို တက်ပြီး လက်ရမ်းက လျှောက်လာတာ ဖြစ်မှာပေါ့ ဆရာရဲ့၊ အခုတွေ့ရတာလည်း လက်ရမ်းက အောက်တန်းပေါ်မှာ မဟုတ်လား"

"အေး ... ဟုတ်တယ်"

"ဟုတ်ပါပြီ ဆရာ ... ထင်းထဲမှာ ပါလာတဲ့ တောပင့်ကူကိုက်တာပါပဲ၊ နက်ဖြန်ပျောက်သွားပါလိမ့်မယ်"

ထို့နောက် အိပ်ရန်သံချောင်းခေါက်လေရာ ... ကျော်သွဲ့နှင့် ခွေးပုတို့လည်း ၎င်းတို့နေရာသို့ အသီးသီး ပြန်သွားကြပြီဖြစ်၍ ကျွန်ုပ်လည်း မျက်စိ ကို မှိတ်မှိတ်၍ အိပ်ရလေ၏။

အိပ်မပျော်မီ ကျွန်ုပ်လည်း အောက်ပါအတိုင်း စဉ်းစားမိ၏။ ငါသည် အရွယ်ရောက်သည့်အချိန်မှစ၍ ထောင်အမျိုးမျိုးတွင် ကျခံခဲ့ဖူးရာ ... ငါ မရောက်ဖူးသည့် ထောင်ဟူ၍ မရှိသလောက်ဖြစ်ခဲ့၏။ ဤအသက်အရွယ်ထိ ထောင်ထဲတွင်နေရသော နှစ်မှာ အပြင်တွင် နေရသည့်နှစ်ထက် များခဲ့၏။ ထိုထောင်များတွင်လည်း အများအားဖြင့် ထောင်တန္တေအဖြစ်ဖြင့် နေခဲ့ရာ ငါသည် ထိုအခွင့်အရေးကိုယူကာ ထောင်သားများအားမည်သည့်အခါမျှ မတရားနှိပ်စက်ခြင်းကို မပြုခဲ့ဖူးချေ။

ထောင်သားများ၏ အခွင့်အရေးကို အစွမ်းကုန် ရအောင် ဆောင်ရွက်ခဲ့၏။ မိုက်သောသူများကို ဆုံးမခဲ့၏။ လိမ္မာသော သူများထံ ချဉ်းကပ်ခဲ့၏။ လူကြီးမိဘ ဆရာသမားများကို ရိုသေခဲ့၏။ လူတို့၏အကျင့်စာရိတ္တကို ထိန်းသိမ်းခဲ့၏။ ပညာဗဟုသုတကို ရှာမှီးခဲ့၏။ လူအများအား ကြင်နာသနားခဲ့၏။ သို့ပင် ဖြစ်လင့်ကစား တစ်ခါတစ်ရံ ယုတ်မာသော သူများ ပေါ်ပေါက်လာကာ ငါ့အား မလိုမုန်းတီးလျက် အဆိပ်ကျွေး၍ သတ်သည်အထိ လုပ်ကြံခြင်းခံရ၏။

သို့သော် ငါကား ဘဝကုသိုလ်ကြောင့် ၎င်းတို့ လက်နက်ဖြင့် မသေခဲ့ချေ။ နောက်ဆုံးတွင် ဘာမဟုတ်သော တောပင့်ကူတစ်ကောင် ကိုက်ခြင်းဖြင့် သေရချေတော့အံ့ဟု ... အောက်မေ့မိ၏။ ယခင်က ကျွန်ုပ်ဖြစ်ပျက် တွေ့ကြုံခဲ့ဖူးသည့်အကြောင်းများကို အပ်ချည်အမျှင်တန်းသကဲ့သို့ ... လျှောက်၍ စဉ်းစားမိလေ၏။ ထို့နောက် ဤသို့စဉ်းစားနေရာမှ မေ့ခနဲ ဖြစ်သွားပြီးလျှင် အိပ်ပျော်၍သွားလေ၏။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိချေ။ ကျွန်ုပ်၏

http://www.cherrythitsar.org



ကိုယ်ပေါ်သို့ အလွန်လေးလံသော အရာကြီးတစ်ခုလာ၍ ပိသကဲ့သို့ ထင်မှတ်ရပြီးနောက် ကျွန်ုပ်လည်း အလွန်ကြောက်ရွံ့ပြီးလျှင် အိပ်ရာမှ ဖျတ်ခနဲ လန့်၍ နိုးလေ၏။ ထိုအချိန်၌ကား သင်္ဘောတစ်စင်းလုံး တိတ်ဆိတ်လျက် ရှိပြီးလျှင် မီးအိမ်အားလုံးမှာ ငြိမ်းထားပြီဖြစ်၍ မှောင်နှင့်မည်းမည်း ရှိလေရာ သင်္ဘောနံဘေးမှ လှိုင်းပုတ်သော အသံကလေးများသာ တစ်ခါတရံ ကြားရလေသည်။

ကျွန်ုပ်လည်း မျက်လုံးများကို ဖွင့်ကြည့်ရာ လူတစ်ယောက်သည် ကျွန်ုပ် ရင်ပတ်ပေါ်သို့ ခွ၍စီးလျက် ဓားမြှောင်တစ်လက်ဖြင့်လည်း ကျွန်ုပ်၏ လည်မျိုကို ထောက်ထားလေသည်။ ထို့နောက် ကျွန်ုပ် နားနားသို့ ကပ်၍ လေသံဖြင့် .... "မအော်နဲ့နော် ... ဓားမြှောင်ဖျားမှာ အသက်ပျောက်သွားမယ် ... နားလည်လား"

"မအော်ပါဘူးဗျာ ... မအော်ပါဘူး ... ခင်ဗျား ဘာလိုချင်လို့လဲ"

"ကောင်းကောင်း နိုးပြီလား ကိုဘိုးထော် မကြောက်ပါနဲ့၊ ကျုပ်ပါဗျ"

"နိုးပါပြီဗျ ... နေပါဦး ... ခင်ဗျားဘယ်သူလဲ"

"တိုးတိုးပြောဗျ၊ အနားက ကောင်တွေ နိုးကုန်မယ်။ ကျုပ်ဟာ ဆတ္တားလေ၊ ခင်ဗျားကို အရင်က မကောင်းကြံခဲ့တဲ့ ဆရာဝန် ဆတ္တားပေါ့"

သူသည် ဓားမြှောင်ကို ရုပ်သိမ်းလိုက်ပြီးနောက် ကျွန်ုပ်၏ ကိုယ်ပေါ် မှ ဆင်းကာ ကျွန်ုပ် နံဘေးတွင်လှဲ၍ အိပ်လိုက်လေ၏။

"အခုလို အကြမ်းလုပ်ရတာက ခင်ဗျား အိပ်ရာက နိုးပြီး ယောင်အော်လိုက်မှာ စိုးလို့ လုပ်ရတာပါ ကိုဘိုးထော်၊ စိတ်မရှိနဲ့နော် ... အရေလည်တော့ ခင်ဗျား ကျုပ်ကို ခွင့်လွှတ်နိုင်ပါလိမ့်မယ်"

ထိုအခါမှ ကျွန်ုပ်လည်း အခြေအနေကို ကောင်းစွာ သိရှိနားလည်တော့၏။ ဆတ္တားမှာ ကျွန်ုပ်၏ ရန်သူတစ်ယောက်ဖြစ်ပြီးလျှင် ကျွန်ုပ်အား ဓားမြှောင်နှင့် ထိုးသတ်ခွင့်ကြုံပါလျက် အဘယ်ကြောင့် မသတ်လေသနည်း။

"အခုလို အကြမ်းကိုင်ရတာက အခြားမဟုတ်ဘူး ကိုဘိုးထော်၊ အိပ်မှုန်စုံမွှားနဲ့ ခင်ဗျားက လန့်ပြီးအော်လိုက်ရင် ကျုပ်ဒုက္ခဖြစ်မှာစိုးလို့ ကာကွယ်ရတာဗျ။ ဒီဟာကို ပထမ ခင်ဗျား နားလည်စေချင်တယ်"

"နားလည်ပါပြီ ဗျာ"

"ပြီးတော့ ခင်ဗျားကို ကျုပ်ရန်ရှာရအောင် လာတာ မဟုတ်ဘူး ကိုဘိုးထော်၊ ခင်ဗျားကို အရင်က တုတ်ကြီးနဲ့ ပေါင်းပြီး ကျုပ်မကောင်းကြံခဲ့တာ မှန်တယ်။ ဒါပေမဲ့ ခင်ဗျားဟာ ကျုပ်ကျေးဇူးရှင် တစ်ယောက်ဖြစ်ကြောင်း သိတာနဲ့ တစ်ပြိုင်နက် ကျုပ်မှားပြီဆိုတာ ဝန်ခံပြီးခင်ဗျားကို တောင်းပန်ဖို့ပဲ ရှိတော့တယ်။ ခင်ဗျားဟာ ကျုပ်အသက်ကို ကယ်ခဲ့ဖူးတဲ့ လူတစ်ယောက်ဗျ"

http://www.cherrythitsar.org



"ခင်ဗျား အသက်ကို ကျုပ်ကယ်ဖူးတယ် ဟုတ်စ၊ ဘယ်တုန်းက ကျုပ်ကယ်ခဲ့လို့လဲ"

"ခင်ဗျား ထောင်မကျခင် သုံးလလောက်တုန်းက ညတစ်ည မဂို လမ်းမှာ ကုလားလူမျိုးတစ်ယောက် အသက်ကို ကယ်ခဲ့ဖူးတယ် မဟုတ်လား၊ ကံကောင်းလို့ဗျာ ... ကျေးဇူးရှင်တစ်ယောက်အပေါ် လက်လွန်တော့မလို့၊ ကျော်သွဲ့ဆိုတဲ့အကောင်က အခုမှ ပြောတယ်ဗျ။ ကျုပ်ကို ရိုက်တဲ့အကောင် လက်သီး နဲ့ လိုက်ထိုးတာ ခင်ဗျား မဟုတ်လား၊ ဘယ်သူလဲ ဘယ်နှယ့်လဲ၊ ကိုဘိုးထော် ... ခင်ဗျား မှတ်မိပြီလား"

ထိုအခါမှ ကျွန်ုပ်လည်း မဂိုလမ်းတွင် ကျော်သွဲ့အား ထမင်းကျွေးနေစဉ်က တွေ့ကြုံခဲ့သည့် အဖြစ်အပျက်များကို ပြန်၍ သတိရမိလေ၏။

"ဟုတ်တယ် ... ကျုပ် အမှတ်ရပါပြီ"

"အဲဒါ ကျုပ်ပေါ့ဗျ ကိုဘိုးထော်ရဲ့၊ ကျုပ်က ခင်ဗျားကို မမှတ်မိဘူး။ ခင်ဗျားကလည်း ကျုပ်ကို မမှတ်မိဘူး။ ကျော်သွဲ့က မှတ်မိတယ်ဗျ။ ဒါပေမဲ့ မပြောဘူး၊ မနေ့ညကမှ ခင်ဗျားဟာ အတော်ပဲ အသည်းအသန် ဖြစ်နေလေတော့ ခင်ဗျား စိတ်သဘောထားပြည့်ဝတဲ့အကြောင်းတွေ အကုန်ဖွင့်ပြောတဲ့အခါ ဒီအကြောင်းစကားစပ်မိပြီး ပြောတာကိုဗျ၊ မိုက်တဲ့အကောင်ဗျာ၊ စောစောက ပြောရင် ဒီလိုမဖြစ်ရဘူး"

"ဘယ်လိုဖြစ်တာ ပြောတာလဲ ဆတ္တားရဲ့"

"ခင်ဗျားမှာ ပင့်ကူ ကိုက်ခံရတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒါ ပြောတာပေါ့ ကိုဘိုးထော်"

"ခင်ဗျားပြောတာ ကျုပ် နားမလည်သေးပါဘူးဗျာ"

"ဒီဟာကို ဖန်တီးတာ ကျုပ်ပဲဗျ။ တခြားသူ မဟုတ်ဘူး။ ကျုပ် လွှတ်လိုက်တဲ့ ပင့်ကူကလေးပဲ"

"ခင်ဗျား လွှတ်လိုက်တာ ဟုတ်လား"

"ဟုတ်တာပေါ့၊ ခင်ဗျားကို ကိုက်အောင် ခင်ဗျား အိပ်ရာထဲမှာ ပထမ တစ်ကောင်ထည့်လိုက်တယ်။ နို့ပေမဲ့ ... ကံကောင်းလို့ ခင်ဗျားကို မကိုက်ပါဘူး။ ဒါနဲ့ သဘော်လက်ရမ်းကို ကိုင်ပြီး ခင်ဗျား အိပ်နေတုန်း နောက်ထပ် ကျုပ် တစ်ကောင် လွှတ်လိုက်ပြန်တယ်"

"အလို ... ဘုရား ... ဘုရား၊ ခင်ဗျား အင်မတန် ဆိုးဝါးတဲ့ လူ တစ်ယောက်ပါကလား၊ လက်စသတ်တော့ ခင်ဗျား လက်ချက်ကိုးဗျ"

http://www.cherrythitsar.org



"ကျုပ်လောက် ယုတ်မာတဲ့လူ ဘယ်ရှိဦးမလဲ ကိုဘိုးထော်၊ ဒါနဲ့ ကျော်သွဲ့က ခင်ဗျားနဲ့အတူ မဂိုလမ်း(ယခု–ရွှေဘုံသာလမ်း) မှာ ကျုပ်ကို တစ်ခါကယ်ဖူးတယ်ဆိုတာ ပြောပြတော့မှ ဒါဖြင့် မဖြစ်ချေဘူး။ ငါ့ကျေးဇူးရှင် တစ်ယောက်အပေါ် ဒီလိုကြံမိ တာ မှားပြီဆိုပြီး ကျုပ်လက်ချက်ကို ကျုပ်နှုတ်ရ အောင် အခု လာခဲ့တာပဲ။ ဘယ်နှယ့်လဲ ... ကျုပ်ပြောတာ နားရှင်းပြီ မဟုတ်လား ... ကိုဘိုးထော်"

"ရှင်းပါပြီဗျာ"

ထို့နောက် ဆတ္တားသည် ခါးထဲတွင် လိပ်၍ထည့်ထားသော ပုလင်း ကလေးတစ်လုံးကို ထုတ်ယူလိုက်ပြီးနောက် .... "ကိုင်း ... ကိုဘိုးထော်၊ ကျုပ် အခုပြောတာတွေ ခင်ဗျား ယုံပြီမဟုတ် လား။ မယုံရင်လည်း သည့်ထက်ပိုပြီး တော့ ဖွင့်မပြောနိုင်ဘူး။ ထောင်မှာတုန်းက အမဲသားဟင်းထဲ အဆိပ်ခပ်ခဲ့တာ လည်း ကျုပ်ပဲ၊ ပင့်ကူနက်လေး လွှတ်ပြီး သေကြောင်းကြံတာလည်း ကျုပ်ပဲဗျ"

"ယုံပါပြီ ဆတ္တားရယ်"

"ယုံရင် ဒီဆေးရည်ကို သောက်လိုက်"

ကျွန်ုပ်လည်း စဉ်းစားမနေနိုင်တော့ဘဲ ပုလင်းကလေးထဲမှ ဆေးရည် ကို တစ်ခါတည်း မော့၍ချလိုက်လေ၏။ ဆေးမှာ ခပ်မွှေးမွှေး ချဉ်ပြုံးပြုံး အရသာရှိလေသည်။

"အင်း ... အခုမှပဲ စိတ်အေးရတော့တယ် ... ကိုဘိုးထော်ရယ်၊ ခင် ဗျားမှာ ပင့်ကူဆိပ် အတော်တက်နေပြီဗျ။ ဒီဆေးမရောက်ရင်တော့ မြင်းခြံ မရောက်ခင် ခင်ဗျား ကိစ္စချောပြီပဲ"

"ဟုတ်တယ်ဗျာ ... အခုတောင် ကိုယ်တစ်ခြမ်း သေသလိုဖြစ်နေပြီ"

"အင်မတန် ... အဆိပ်ပြင်းတဲ့ အကောင်မျိုးကလားဗျာ ... ပင့်ကူနက် ကျောနီဆိုတာ ဒါပေါ့ ... အင်ဒမန်ကျွန်းက ကျုပ် ခဲခဲယဉ်းယဉ်း ယူလာပြီး မွေးထားရတာကလား၊ အဲဒီတစ်ကျွန်းက ပစ်ဂမီလူမျိုး လူရိုင်းပုကလေးတွေ ဟာ သူ့အဆိပ်ကို ဆိပ်လူးမြားထဲတောင် တချို့ထည့်ပြီး သုံးကြတယ်ဗျ။ လူဆိုရင် ချက်ချင်း မသေဘူး။ ကိုယ်တွေ၊ လက်တွေ၊ တောင့်တင်း အကြော အခြင်တွေ ဆိုင်းပြီး ၃ ရက်လောက် ခံတယ်ဗျ။ တိရစ္ဆာန်ဆိုရင်တော့ အလွန်ဆုံး ၅ မိနစ်၊ ၁၀ မိနစ်ပါပဲ။ ကပ္ပတိန်ရဲ့ မျောက်ကလေး ကြည့်ပါလား၊ ကိုက်ပြီးတဲ့ နောက် ဘာကြာသလဲ ချက်ချင်း အကြောဆွဲပြီး သေသွားတာပဲ မဟုတ်လား"

"အလို ... လတ်စသတ်တော့ မျောက်ကလေးကို သတ်လိုက်တာ ခင်ဗျားပဲကိုး"

"ကျုပ်ပေါ့ဗျ ... တခြားဘယ်သူ ဖြစ်နိုင်ဦးမလဲ၊ ခင်ဗျားကို အကိုက်

http://www.cherrythitsar.org



မခိုင်းခင် မျောက်ကလေးကို စမ်းကြည့်လိုက်ရသေးတယ်”

“တယ်လည်း ကြောက်စရာ ကောင်းတဲ့ အကောင်မျိုးပါလား ဆရာ”

“တစ်ကျွန်းကို ကျုပ်ရောက်တုန်းက အဖိုအမ နှစ်ကောင်လူရိုင်းတွေ ဆီက ပိုက်ဆံပေးပြီး ဝယ်ယူခဲ့ရတယ်။ အခုအကောင်ကလေးတွေက သူတို့က ပေါက်ဖွားတဲ့ အဆက်အနွယ်ပေါ့။ ကျုပ်က ဆေးဘက်ထက် အဆိပ်ဘက်မှာ ပိုနားလည်တဲ့ ဆရာဝန်တစ်ယောက်ပဲ၊ ကိုင်း ... ကိုင်း ... ကျုပ်ဖြေဆေး တစ်ခွက် ဝင်သွားရင် စိတ်ချရပါပြီ။ မသေနိုင်တော့ပါဘူး”

ထိုအခါ ရှေ့ဦကား အထက်မှ အလင်းရောင်များပင် ထွက်ပေါ်လာပြီ ဖြစ်ရာ သင်္ဘောစက်ခန်းဆီမှလည်း မီးအရှိန်ရလာသဖြင့် တရှူးရှူးမြည်သံများ ကိုလည်းကောင်း၊ သင်္ဘောကုလားများ အိပ်ရာမှနိုး၍ တစ်ယောက်တစ်ခွန်းပြော ဆိုသံများကိုလည်းကောင်း ကြားရလေ၏။ ဆရာသည် အကယ်ပင် နောင်တ ရသည့်ဟန်ဖြင့် ကျွန်ုပ်၏ခြေထောက်များကို လက်ဖြင့် တို့၍ သူ့နဖူးကို ကိုင် ကာ နောက်ဆုံး အရိုအသေပြု၍ နှုတ်ဆက်ပြီးနောက် သူ၏အိပ်ရာဘက်သို့ ကူး၍သွားလေ၏။

*

တစ်နာရီခန့်မျှကြာ၍ သင်္ဘောလည်း ညောင်လှမှ ထွက်ခဲ့ရာ ရေနံ ချောင်းမြို့ဆီသို့ ရောက်သောအခါ ကျွန်ုပ်မှာ ကိုယ်ပေါ်သို့ တစ်စုံတစ်ရာ ဖိထား သည်ဟု အိပ်မက် မက်ရာမှ နိုးလာသကဲ့သို့ ကိုယ်လက်များ ပေါ့ပါးသွားပြီး လျှင် ပင့်ကူကိုက်ထားသော လက်ကိုပင် ကောင်းစွာ မြှောက်နိုင်ခဲ့လေပြီ။ ထို့ နောက် နံနက်စာစားချိန်သို့ရောက်သောအခါ ယခင်က ကျောက်ကဲ့သို့ မာကျော နေသည့် လက်ချောင်းကလေးများကိုပင် ကောင်းစွာ လှုပ်ရှားနိုင်လာပြီဖြစ်၍ ကျွန်ုပ်အပေါ်တွင် ယခင်ကမကောင်းကြံစည်ဖူးသူပင် ဖြစ်သော်လည်း နောင်တ တရားရပြီဖြစ်ကြောင်း သိရသောအခါ ကျွန်ုပ်မှာ ၎င်းအား စိတ်ထဲမှ အနူး အညွတ် ခွင့်လွှတ်လိုက်မိတော့၏။ တစ်နေ့နေ့တွင် ပြောင်ပြောင်ကြီး ပြန်၍ လက်စားချေမည်ဟူသော ကျွန်ုပ်၏စိတ်ရိုင်းများလည်း ၎င်း၏ဝန်ခံမှု၊ နောင်တ တရားရမှုတို့ကြောင့် ရေခိုး၊ ရေငွေ့ ပမာ လွင့်စင်ပပျောက်၍ သွားလေတော့၏။

ထိုနေ့မှ စ၍ တုတ်ကြီးသည် လည်းကောင်း၊ ဆရာသည် လည်း ကောင်း ကျွန်ုပ်၏ မျက်နှာကို မကြည့်ဝံ့သကဲ့သို့ အလွန်ရှက်ကြောက် နောင်တ ရသည့် လက္ခဏာရှိလေရာ၊ မေတ္တာစာတ်တို့ မည်သည် တုန့်ပြန်သော သဘောတရားရှိသည်ဆိုခြင်းမှာ မှန်ကန်ပါပေသည်ဟု ကျွန်ုပ်လည်း တစ်ထစ် ချ ယူဆမိလေတော့၏။

# ဖယောင်းရုပ်

ကျွန်ုပ်သည် ပြည်မြို့ အကျဉ်းထောင်သို့ တတိယအကြိမ် မကျခံရမီ နှစ်နှစ်ခန့်က အထက်ရှမ်းပြည် မိုင်းပွန်းနယ်မှ မနန်းညွန့်ဆိုသူ မိန်းကလေး တစ်ယောက်နှင့် အောက်ပါအတိုင်း အသိအကျွမ်း ဖြစ်ခဲ့လေသည်။

ထိုအခါက ကျွန်ုပ်မှာ ပြည်မြို့အရှေ့ဘက် ‘ဘုရားကြီး’ အနီး ကွမ်းခြံတွင် ကွမ်းများ စိုက်ပျိုးရောင်းချလျက်ရှိရာ ... ကျွန်ုပ်၏တဲငယ်မှာလည်း ပြည်လမ်းဘက်သို့ မျက်နှာမူကာ ကွမ်းခြံထောင့်တွင် သာယာစွာရှိနေ၏။ ကွမ်းခြံမှာ လမ်းနှင့်တစ်ခေါ်လောက် ဝေးသော်လည်း ခြေလှမ်းမှာ ဖုံလျက်ရှိသဖြင့် လမ်းသွား လမ်းလာများသည် တစ်ခါတစ်ရံ ကျွန်ုပ်၏စိမ်းလန်းစိုပြည်သော ဥယျာဉ်နှင့် ကွမ်းခြံအတွင်းသို့ ဝင်ရောက်လာတတ်သည်။ ဥယျာဉ်၌ နှင်းဆီနှင့် ဒေါနစိုက်ပျိုး၍ ခြံဘက်၌မူ ကွမ်းချည်းသက်သက် စိုက်ပျိုး၏။ ခြံ၏အကျယ်မှာ နှစ်ဧကခန့်ရှိပြီးလျှင် ရေတွင်း၊ ရေကန်နှင့်တကွ သာယာစိမ်းလန်းပြီးလျှင် ပျော်မွေ့ဖွယ်ကောင်းသော နေရာကလေး တစ်ခုပေတည်း။

တစ်နေ့သော ညနေစောင်း နေဝင်ရီတရော အချိန်လောက်တွင် ကျွန်ုပ်သည် ကွမ်းခြံတိုင်များနံဘေးမှ ‘ပေါင်း’ များကို ပေါက်ပြားတစ်လက်ဖြင့် သုတ်သင်ပြီးနောက် တဲဘက်သို့ ပြန်မည်ပြုစဉ် ခြေလမ်းကလေးဘက်မှ ခပ်သုတ်သုတ် လျှောက်လာသော ခြေသံကို ကြားရသဖြင့် ကြည့်လိုက်ရာ ...

http://www.cherrythitsar.org



လက်ဆွဲသားရေအိတ်ကြီး တစ်လုံးကို မနိုင့်တနိုင် သယ်ကာ ကျွန်ုပ်တဲရှိရာသို့ လာနေသော မိန်းကလေးတစ်ယောက်ကို တွေ့မြင်ရလေသည်။

ထိုအချိန်၌ နေလုံးကြီးသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ တောင်တန်းများ အောက်သို့ ပျောက်ကွယ်သွားပြီဖြစ်သော်လည်း မှေးမှိန်သော အလင်းရောင်ကလေး ကျန်ရစ်သေးသဖြင့် မလှမ်းမကမ်းသို့ အတော်အတန် မြင်နိုင်သေး၏။ မိန်းကလေးမှာ အသက် ၂၀ ခန့်မျှရှိ၍ သေးသွယ်ပျော့ပျောင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိပြီးလျှင် လေးလံသော ဝန်ကို သယ်လာရသဖြင့် ပင်ပန်းနွမ်းနယ်ကာ မောပန်းသော အမူအရာရှိလေသည်။ ကျွန်ုပ်ကို မြင်လျှင် မိန်းကလေးသည် ခြံတံခါးမလွယ်ပေါက်တစ်ခုမှ ဝင်ပြီးလျှင် ကျွန်ုပ်ရှိရာသို့ ဦးတိုက်လျှောက်လာလေသည်။

"ဦးလေး ... ဦးလေး"

"ဘာလဲ သူငယ်မ ... ဘာလိုချင်လို့လဲ"

"ကျွန်မကို ၁၅ မိနစ်လောက် ပုန်းဖို့နေရာ ပေးစမ်းပါ ဦးလေးရယ်"

"ဘာဖြစ်လာလို့လဲ"

"အကျိုးအကြောင်းနောက်မှ ပြောပါရစေလား ဦးလေးရယ်။ ကျွန်မ ဘယ်မှာ ပုန်းရမလဲ ဟင်"

မိန်းကလေးသည် ရာဇဝတ်ပြစ်မှုတစ်ခုခုကို ကျူးလွန်လာဟန်တူ၏။ ရာဇဝတ်ပြစ်မှု ကျူးလွန်းလာသူများအား လက်ခံကွယ်ဝှက်၍ထားခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်ကြောင်း ကျွန်ုပ်သိ၏။ သို့ပင်ဖြစ်လင့်ကစား မိန်းသားတစ်ဦး၏ ဘေးအန္တရာယ်ကို လောလောဆယ် ကာကွယ်ရန်မှာ ယောကျာ်းတစ်ယောက်၏ ဝတ္တရားဖြစ်သည်ဟု ယူဆသည့်အတိုင်း ကျွန်ုပ်သည် မိန်းမပျိုအား တဲအတွင်းသို့ ခေါ်သွားမိလေ၏။ ထို့နောက် ကျွန်ုပ်လည်း မိန်းမပျိုအား တဲနောက်ဖေးဘက် မလှမ်းမကမ်းတွင် ရှိနေသည့် များစွာ မနက်လှသော ရေတွင်းဟောင်းတစ်ခု အတွင်းသို့ ဆင်း၍နေစေပြီးသော် တဲသို့ပြန်၍ လာခဲ့လေသည်။

၁၀ မိနစ်ခန့် ကြာလတ်သော် ရာဇဝတ်အုပ်တစ်ယောက်နှင့် ပုလိပ်သားတစ်ယောက်တို့သည် စက်ဘီးများဖြင့် ရောက်လာကြပြီးလျှင် ဤနေရာသို့ သားရေအိတ်နှင့် မိန်းကလေးတစ်ယောက် ရောက်လာသည်ကို မမြင်ပါသလော ဟု မေးမြန်းရာ ကျွန်ုပ်က မမြင်ကြောင်းနှင့် လိမ်လွဲပြောလိုက်ရ၏။ ပုလိပ်အရာရှိများသည် ကျွန်ုပ်၏ခြံထဲသို့ လက်နှိပ်ဓာတ်မီးများဖြင့် အတန်ကြာထိုး၍ ကြည့်ပြီးနောက် ကျွန်ုပ်အား မသင်္ကာသော မျက်နှာဖြင့် ကြည့်ပြီးလျှင် ထွက်သွားကြလေသည်။

http://www.cherrythitsar.org



ပုလိပ်များ ထွက်သွားပြီးနောက် နာရီဝက်ခန့် ကြာသောအခါ ကျွန်ုပ်လည်း ရေတွင်းပျက်ကြီးရှိရာသို့သွား၍ မိန်းမပျိုအား အပေါ်သို့ ကူညီဆွဲတင်ပြီးလျှင် ကျွန်ုပ်၏တဲရှိရာသို့ ခေါ်ခဲ့ပြီးနောက် ကျွန်ုပ်အတွက် ချက်ပြုတ်ထားသော ထမင်းဟင်းများကို ကျွေးမွေးလေ၏။

ကျွန်ုပ်က အဖြစ်အပျက်များကို မေးမြန်းရာ မိန်းမပျိုသည် ကျွန်ုပ်အား ကျေးဇူးတင်သော မျက်နှာဖြင့် မိမိ၏အမည်မှာ မနန်းညွန့်ဖြစ်ကြောင်း၊ ရှမ်းပြည်မှ တစ်စုံတစ်ခုသော အကြောင်းကြောင့် ထွက်ပြေးလာရပြီးလျှင် ရန်ကုန် စမ်းချောင်းရပ်၌ တည်းခိုနေထိုင်ခဲ့စဉ် တရုတ်သူဌေးကြီးတစ်ဦးနှင့် တွေ့ရ၍ မိမိအား သမီးအဖြစ်ဖြင့် ပထမ မွေးစားခဲ့ကြောင်း၊ တရုတ်သူဌေးကြီးမှာ လူကုံ့ တန်လောကတွင် 'မျက်နှာကြီး' တစ်ယောက်ဖြစ်သော်လည်း နောက်ကွယ်၌မူ ဘိန်းထုတ်ခြင်း၊ ခါးပိုက်နှိုက်များမွေးခြင်း၊ နိုင်ငံခြားမှ ရွှေများကို ခိုး၍သွင်းခြင်း၊ ငွေစက္ကူတုများ လုပ်ခြင်း၊ ခိုးရာပါပစ္စည်းများကို လက်ခံခြင်း၊ အရောင်းအဝယ်ပြုခြင်း စသော မကောင်းသော အလုပ်မှန်သမျှကို လုပ်ကိုင်သူဖြစ်ကြောင်း သိရလေသည်။

တရုတ်ကြီးသည် မနန်းညွန့်အား ထိုအလုပ်များထဲသို့တစ်စ၊ တစ်စ သွတ်သွင်းကာ ခိုင်းစေစပြုလာ၏။ သို့နှင့် မနန်းညွန့်သည် တရုတ်ကြီး၏ လက်တွင်းမှ လွတ်မြောက်ထွက်ပြေးရန် နှစ်ကြိမ်တိုင်တိုင် ကြံစည်ခဲ့ရာ နှစ်ကြိမ်စလုံးပင် မိသွားလေသည်။ ပိုက်ဆံဝါလား ထောင်ကဲကြီး၏ ပိုက်ကွန်ကြီးအား ကျယ်ပြန့်လှ၏။ နောက်ဆုံး၌ တရုတ်ကြီးသည် မနန်းညွန့်အား အလွန်လျှို့ဝှက်သည့် အလုပ်များ၌ပင် ခိုင်းစေခဲ့ရာ မနန်းညွန့်ကလည်း သစ္စာရှိစွာဖြင့် ဆောင်ရွက်ခဲ့လေသည်။ ဤသို့ဖြင့် ၆ လမျှ ကြာသောအခါ လူကိုပါ တစ်ခါတည်း သိမ်းပိုက်လိုက်တော့၏။

အထက်ပါ အဖြစ်အပျက်များကို ပြောပြပြီးနောက် မနန်းညွန့်သည် ကျွန်ုပ်အား ကျေးဇူးတင်စကားများကို အထပ်ထပ် ပြောကြားလျက်ရှိရာ ... ကျွန်ုပ်က .... "ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူး မိန်းကလေးရယ်"

"ဘာဖြစ်လို့ မလိုရမှာလဲ ဦးလေးရဲ့၊ ရာဇဝတ်ပြစ်မှုကျူးလွန်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကယ်တာဟာ ဦးလေးမှာ အပြစ်ရှိတယ် မဟုတ်လား"

"ဒီဟာ ဦးလေး သိတာပေါ့၊ နို့ပေမဲ့ ဦးလေး ကယ်တာက ရာဇဝတ်မှုကျူးလွန်တဲ့ မိန်းမသားတစ်ယောက်ကို ကယ်တာမှ မဟုတ်ဘဲ၊ သာမန်ခိုကိုးရာမဲ့ မိန်းမသားတစ်ယောက်ကို စိတ်ကောင်းစေတနာကောင်းနဲ့ ကာကွယ်တာပဲ"

http://www.cherrythitsar.org


"တရားအတိုင်းတော့ ဟုတ်မှာပေါ့ ဦးလေးရဲ့"

"နို့ပေမဲ့ ... ဦးလေးက တရားထက် အစိုးရ ဥပဒေကို ပိုမကြောက်ပါဘူး"

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်၊ ဒီဟာ သာပြီးကျေးဇူးတင်ဖို့ကောင်းတာ၊ ဩော် ... ဒါထက် ကျွန်မ သွားမှ ဖြစ်မယ်ထင်တယ်။ တစ်ဆိတ်မရှိမသေ ခိုင်းတယ်လည်း မထင်ပါနဲ့ ဦးလေးရယ်"

"အားမနာပါနဲ့လေ ... ပြောသာပြောပါ"

"ဘုရား အရှေ့ဘက်က မုန့်ဆိုင်ကလေးနားမှာ မြင်းရထားတစ်စီး စောင့်နေသလား ဆိုတာ မရှိမသေ ကြည့်ပေးပါလား ဦးလေးရယ်၊ အဲဒီအပေါ်မှာ ခေါင်းပေါင်း အစိမ်းနဲ့ လူတစ်ယောက်ထိုင်နေတာ တွေ့ရင် ဟုတ်ပြီ"

သို့နှင့် ကျွန်ုပ်လည်း မုန့်သေတ္တာဘူးတွင် ရေနံဆီ မီးခွက်ထည့်၍ ထွန်းညှိထားသော တောသားကိုင် 'ကျားမျက်လုံး' မီးအိမ်ဖြင့် လူသွားလမ်းကလေးအတိုင်း ထွက်လာခဲ့လေ၏။ အဆိုပါ မုန့်ဆိုင်ကလေးအနီးသို့ ရောက်သောအခါ မြင်းလှည်းကလေးတစ်စီး ရပ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း မုန့်ဆိုင်သို့ သွား၍ မုန့်အနည်းငယ်ဝယ်ရင်း မြင်းလှည်းကလေးကို ကြည့်လိုက်ရာ၊ မြင်းလှည်းပေါ်တွင် ခေါင်းပေါင်းစိမ်း ပေါင်းထားသော အဘိုးကြီးတစ်ယောက်ကို မြင်ရသဖြင့် အိမ်သို့လှည့်၍ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်၍ ကျွန်ုပ်က အကျိုးအကြောင်း ပြောပြသောအခါ မနန်းညွန့်က .... "ဟုတ်ပြီ ... ဦးလေးရေ၊ ကျွန်မကို စောင့်နေတဲ့ မြင်းလှည်းကလေးပဲ၊ ကိုင်း .... ကျွန်မကို ခွင့်ပြုပါဦး ... ဦးလေး"

"သွားပေတော့ တူမကြီး၊ ဒါထက် မြင်းလှည်းနဲ့ ဘယ်ကိုသွားမှာလဲ"

"မှော်ဇာ ဘူတာကနေပြီး ရန်ကုန်ရထား စီးရမယ် ဦးလေးရဲ့"

"ပြည်ကို သွားရင် သာပြီး မနီးဘူးလား"

"နီးတော့ နီးပါတယ်။ နို့ပေမဲ့ ... မဖြစ်ဘူး ဦးလေး၊ ဟိုမှာ အနှောင့်အယှက် ရှိတယ်"

"ဟုတ်တာပေါ့လေ၊ ကိုယ့်ဘေးရန် ကိုယ်ကြည့်ပြီးသွားပေါ့"

ထို့နောက် မနန်းညွန့်သည် ကျွန်ုပ်အား ကျေးဇူးတင်ကြောင်း တစ်ကြိမ် ထပ်၍ ပြောပြီးလျှင် နှုတ်ဆက်၍ ထွက်သွားလေရာ၊ မကြာမီ မှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်လည်း လက်ဖက်ရည်ကြမ်းသောက်ပြီးနောက် ထုံးစံအတိုင်း ကွမ်းတစ်ယာ စားမည်ဟု ကွမ်းအစ်ကို ယူပြီးလျှင်

http://www.cherrythitsar.org



အံဖိုးအတွင်းတွင် တစ်ရာတန် ငွေစက္ကူ၌နှစ်ချပ်ကို တွေ့ရသဖြင့် များစွာ အံ့သြမိ၏။ ယမန်နေ့ညက မနန်းညွန့်သည် ကွမ်းစားဘဲ ကွမ်းအစ်အဖုံးများကို ကိုင် နေသည်ကို ကျွန်ုပ် သတိရမိ၏။

ထိုအခါမှစ၍ ကျွန်ုပ်သည် မနန်းညွန့်ဆိုသော မိန်းကလေးကို မည်သည့်နေရာတွင်မှ တွေ့လည်း မတွေ့ရ၊ သတင်းလည်း မကြားရတော့ချေ။

*

ကျွန်ုပ်သည် ရာဇဂုဏ်မောက်လှသော မြို့အုပ်တစ်ယောက်အား ဆုံးမမိရာ၊ အတန်ငယ် လက်လွန်သွားသဖြင့် ပြည်မြို့ အကျဉ်းထောင်တွင် ၁၈ လ အကျဉ်းကျခံခဲ့ရ၏။

ထိုအကြိမ်မှာ ကျွန်ုပ်၏ တတိယအကြိမ် ဖြစ်သဖြင့် ကျွန်ုပ်၏မိတ်ဆွေ သင်္ဂဟ တပည့်လက်သားများသည် ကျွန်ုပ်အား ဝမ်းမြောက်စွာ ဆီးကြိုကြလေသည်။

ထိုအခါက ပြည်မြို့ ထောင်ကြီးတွင် မစ္စတာ ဂျုံးဆိုသူ အင်္ဂလိပ်ကပြား ထောင်မှူးကြီး အုပ်ချုပ်လျက် ထောင်ပိုင်မှာ မေဂျာရှော့ (စ) ဆိုသူ မျက်နှာဖြူတစ်ယောက် ဖြစ်၏။

ဒုတိယ ထောင်ပိုင်မှာ ကုလားလူမျိုး ဒေးဗစ်ဆိုသူဖြစ်၍ ဆင်စုရပ်ကွက် မင်းကြီးတောင်ခြေရင်း ကမ်းနားလမ်း၌ နေထိုင်လေသည်။

ထောင်ပိုင်ကြီး မေဂျာရှော့(စ)မှာ မင်းကြီးတောင်ပေါ်ရှိ အစိုးရအိမ်တွင် နေထိုင်၍ ကျွန်ုပ်ကိုယ်တိုင် အကျဉ်းသားများကို အုပ်ချုပ်ကာ ထိုအိမ်များ ကို မကြာခဏ ရောက်ဖူးခဲ့လေသည်။

တစ်နေ့သ၌ ဘိန်းမှုနှင့် ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခံရသည့် နာမည်ကြီး မိန်းမတစ်ယောက် ရောက်လာမည့်အကြောင်း တတိယ ထောင်မှူး ကလေး ဦးဘသိန်းဆိုသူထံမှ သတင်းကြားရသဖြင့် ကျွန်ုပ်လည်း ထောင်မှူးရုံး ခန်းမှ တစေ့တစောင်းကြည့်ရှုလျက်ရှိ၏။

ညနေ ငါးနာရီ သာသာခန့်၌ အကျဉ်းသားသစ်များကို ယူဆောင်လာသည့် မင်္ဂလာမရှိသော အနက်ရောင်ထောင်ကားကြီး ဆိုက်ရောက်လာရာ ၎င်းကားပေါ်တွင် အပြစ်ဒဏ်ကျခံရသော ယောကျ်ားအကျဉ်းသား သုံးယောက်နှင့် မိန်းမအကျဉ်းသားတစ်ယောက် ပါလာလေသည်။

မိန်းမသည် အဝတ်အထည်ကို ခေါင်းမြီးခြုံကာ ၈ လ အရွယ်ခန့်ရှိ ကလေးငယ်ကို ပိုက်ချီလျက် ကျွန်ုပ်အလုပ်လုပ်နေသော ဒုတိယထောင်မှူး အခန်းရှေ့မှ ဖြတ်သွား၏။

http://www.cherrythitsar.org



တံခါးပေါက်မှ အတန်ငယ်လွန်သောအခါ သူသည် တံခါးရှိရာသို့ ဖျတ်ခနဲ လှည့်၍ ကြည့်လိုက်သဖြင့် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်မိရာ ကျွန်ုပ်မှာ တစ်ကြိမ်မျှသာ မြင်ဖူးသော မျက်နှာကို မှတ်မိသကဲ့သို့ ရှိသော်လည်း ရုတ်တရက် စဉ်းစား၍ မရချေ။ သူကလည်း ကျွန်ုပ်လည်း အံ့အားသင့်သကဲ့သို့ ကြည့်ပြီးနောက် မျက်နှာလွှဲသွားလေသည်။

မိန်းကလေးအကြောင်းကို ကျွန်ုပ်တစ်ညလုံး စဉ်းစားပြီးနောက် တစ်ရေးနိုးသောအခါမှ လွန်ခဲ့သော နှစ်နှစ်လောက်က ဘုရားကြီးကွမ်းခြံတွင် ကျွန်ုပ်တစ်ကြိမ် ကယ်ဆယ်လိုက်ဖူးသော မနန်းညွန့်ဆိုသူ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ် သတိရမိတော့၏။

သို့သော် ထောင်ထဲသို့ ယခုရောက်လာသောအချိန်၌ သူ၏အမည်ကို မညွန့်ဟူ၍ ပေးထားလေသည်။ သူ၏ပြစ်မှုမှာ ဘိန်းတစ်သိန်း ဖိုးခန့်ကို အထက်မှ လှေကြီးတစ်စင်းဖြင့် တင်ဆောင်လာရာ ပြည်မြို့အထက် 'သဲဖြူ' ရွာအနီး လှေဆိုက်နေစဉ် ယစ်မျိုးအရာရှိများက ဖမ်းမိခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် မနန်းညွန့်အား ကျွန်ုပ် ဒုတိယအကြိမ် တွေ့ရပြန်လေသည်။

မနန်းညွန့်အကြောင်းကို ကျွန်ုပ် အတော်အတန် သိရသလောက် ကျွန်ုပ်အကြောင်း ကိုလည်း အခြားမိန်းမအကျဉ်းသားများထံမှ သူသိပြီးဖြစ် ကောင်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယူဆမိ၏။

အလုပ်ဝတ္တရားနှင့် ထောင်မှူးများမှ တစ်ပါး မိန်းမထောင်ဘက်သို့ မည်သည့် အကျဉ်းသားမျှ သွားရောက်ခွင့် မရှိပေ။ မိန်းမအကျဉ်းသား နှစ်ဆယ်ခန့်မှာ မိန်းမပြာတာ နှစ်ယောက်ဖြင့် သူတို့အား စောင့်ကြပ်လျက် ရှိသည်မှ တစ်ပါး အတော်ပင် လွတ်လပ်စွာ ရှိနေကြလေသည်။ သို့သော် မနန်းညွန့်နှင့် တွေ့ဆုံရန် ကံတရားက အောက်ပါအတိုင်း ဖန်တီးခဲ့လေသည်။

ကျွန်ုပ်မှာ ထောင်ထဲ၌ပင် မိမိဝါသနာထုံသော နရသုခိ နရမာလာ စသော ဆေးကျမ်းများနှင့် အခြားဗေဒဝိဇ္ဇာတို့ စီရင်ရေးသားသည့် ဆေးစာအုပ် အနည်းငယ် အားလပ်သည့်အချိန်များတွင် ဖတ်ရှုလေ့လာခွင့်ရသဖြင့် ယင်းပညာရပ်များကို အခါအခွင့်ကြုံတိုင်း လက်တွေ့စမ်းသပ်ခွင့် ရရှိခဲ့၏။

အကျဉ်းသားများ တော်ရုံတန်ရုံမျှ နာမကျန်း ဖြစ်သောအခါများတွင် မြန်မာဆေးများဖြင့် မြန်မာ ကုထုံးအတိုင်း စမ်းသပ်ကုသခဲ့ရာ အတော်ပင် အထမြောက်ခဲ့၏။ ကျွန်ုပ်မှာ အပြင်သို့ မကြာခဏ ထွက်ခွင့်လည်း ရသည့်ပြင် ပရဆေးများကို ဝယ်ရန် ထောင်မှူးကြီး ကိုယ်တိုင်ကပင် အခွင့်ပြုထားသဖြင့် ကောင်းစွာ ကုသနိုင်ခဲ့၏။

http://www.cherrythitsar.org



ဤကဲ့သို့ ခွင့်ပြုထားခြင်း အကြောင်းမှာလည်း တစ်ခါက ထောင်မှူးကြီး ကလေး ဝက်သက်ပေါက်ရာတွင် ကျွန်ုပ်က မြန်မာနည်းဖြင့် ကုသခဲ့ဖူးသောကြောင့် ဖြစ်လေသည်။ အကျဉ်းသားတစ်ယောက် နာမကျန်းဖြစ်က ထောင်ဆေးရုံသို့ တက်ရောက်ရန်မှာ မလွယ်ကူလှချေ။ သက်ဆိုင်ရာ ဆရာဝန်အား အတော်ပင် ကပ်ရပ်မှသာ ထိုဆရာဝန်၏ ထောက်ခံချက်ဖြင့် တက်ရောက်ရလေသည်။ သို့ဖြစ်၍ အကျဉ်းသားများသည် တော်ရုံတန်ရုံမျှ နာမကျန်းဖြစ်သောအခါများတွင် ထောင်ဆေးရုံသို့ တက်ရန် မကြိုးစားကြဘဲ ကျွန်ုပ်ထံ ရှေးဦးစွာ ချဉ်းကပ်သူများပြားလေသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ဒုတိယထောင်မှူးရုံးခန်း၌ စားပွဲနှင့် စာရေးကိရိယာများကို ပြင်ဆင်တိုက်ချွတ်လျက်ရှိစဉ် ထောင်မှူးကြီး၏ ပြာတာ လာရောက်ခေါ်ငင်သဖြင့် ထောင်မှူးကြီးရုံးခန်းသို့ လိုက်ပါသွားရလေ၏။

ရုံးခန်းထဲသို့ ဝင်သွားပြီးနောက် ကျွန်ုပ်လည်း ထုံးစံအတိုင်း အရိအသေ ပေးပြီးလျှင် အခန်းထောင့်၌ မတ်တတ်ရပ်လျက်ရှိစဉ် ထောင်မှူးကြီးသည် လက်ထဲတွင် စာရွက်ကလေးတစ်ရွက်ကို ဖြန့်ချည်ခေါက်ချည်လုပ်ကာ ကျွန်ုပ်အား ခပ်ပြုံးပြုံးကြည့်လျက်ရှိရာမှ ....

"ဘယ့်နှယ် ... မောင်ဘိုးထော်လည်း ထောင်ထဲမှာ ဆေးဆရာကြီးဖြစ်မှန်းမသိ ဖြစ်နေပါကလား"

ကျွန်ုပ်မှာ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားပြီးနောက် တစ်စုံတစ်ရာ ပြန်၍ မပြောနိုင်ဘဲ အံ့အားသင့်လျက်ရှိလေသည်။

ထောင်မှူးကြီးက ဆက်လက်၍ "ဟောဒီမှာ မိန်းမထောင်ဘက်က လျှောက်လွှာကလေး တစ်စောင် ရောက်လာတယ်။ လွန်ခဲ့တဲ့ ၁၅ ရက်လောက်က ဘိန်းမှုနဲ့ အပြစ်ကျခံရတဲ့ မညွန့်ဆိုတဲ့ မိန်းမမှာ ကလေးပါလာတယ် ကိုဘိုးထော်ရဲ့"

"မှန်ပ ... သခင်"

"အဲဒီ မိန်းမရဲ့ ကလေးဟာ နည်းနည်း နေထိုင်မကောင်း ဖြစ်နေလို့ ထောင်ဆရာဝန်ကို မပြခင် မောင်ဘိုးထော်နဲ့ တိုင်ပင်ချင်ပါတယ်လို့ လျှောက်လွှာတင်တယ်။ ဆေးဝါးကုသတဲ့ အလုပ်ဟာ မွန်မြတ်တဲ့ အလုပ်တစ်ခု ဖြစ်လေတော့ ကျွန်ုပ်ကလည်း ခွင့်ပြုပါတယ်"

"မှန်ပ"

"ထောင်ထဲကို ကလေးယူလာတဲ့ မိန်းမတွေဟာ သူတို့ကိုယ်တိုင်လည်း ဒုက္ခများ၊ ကျုပ်တို့ကိုလည်း ဒုက္ခပေးတော့တာပဲ ... မောင်ဘိုးထော်"

"မှန်ပါတယ် သခင်"

http://www.cherrythitsar.org



“နို့ပေမဲ့ ဘယ်တတ်နိုင်တော့မလဲလေ၊ မိုက်တဲ့အမေက ထောင်ထဲရောက်တော့ သူမွေးထားတဲ့ ကလေးလည်း ထောင်ထဲရောက်ပြီး ထောင်သားကလေး ဖြစ်ရတော့တာပေါ့။ ဒါထက် ဒီမိန်းမက အတော်လူရည်သန့်တဲ့ မိန်းမတစ်ယောက်လို့ ကျွန်ုပ် အကဲခတ်လိုက်မိတယ်”

“ရုပ်ရည်သနားကမားနဲ့ သန့်သန့်ပြန့်ပြန့်ပါပဲ သခင်၊ ကျွန်တော်မျိုးလည်း မြင်လိုက်မိပါတယ်”

“သူ့အမှုကို ကြည့်ရခြင်းအားဖြင့် ရန်ကုန်မြို့က မိန်းမတစ်ယာက်ဖြစ်ကြောင်း သိရတယ်။ နို့ပေမဲ့ ဇာတိက ရှမ်းပြည်မှာဆိုတော့ ရှမ်းမတစ်ယောက်ပဲလား မပြောတတ်ဘူး”

“မှန်ပ”

“ကိုင်း ... ဒီတော့ တတိယ ထောင်မှူးရယ်၊ ထောင်ပြာတာ တစ်ယောက်ရယ်၊ လိုက်လိမ့်မယ်။ ဟိုကျတော့ မိန်းမဗာရာနဲ့ ထောင်ပြာတာမလည်း အရှိသားပဲ။ မောင်ဘိုးထော်ကို သွားဖို့ ကျွန်ုပ် ခွင့်ပြုတယ်။ နို့ပေမဲ့ တာရှည်နေဖို့တော့ ကျွန်ုပ် ခွင်မပြုနိုင်ဘူး။ အလွန်ဆုံး နာရီဝက်ပဲ ကျွန်ုပ် ခွင့်ပြုတယ်”

“ကောင်းပါပြီ သခင်၊ သခင့် အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်”

*

လွယ်အိတ်ထဲတွင် ဆေးဝါးများ ထည့်ပြီးနောက် မိန်းမဆောင်ဘက်သို့ ကူးခဲ့ရာ၊ တတိယ ထောင်မှူးနှင့် ထောင်ပြာတာ နဂျပ်ဆင်တို့ လိုက်ပါလာ၏။ မိန်းမထောင်ဘက်၌ ထောင်ပြာတာမ မစိန်းဆိုသူသည် မိန်းမအကျဉ်းသားများအား စောင့်ရှောက်လျက်ရှိရာ၊ ကျွန်ုပ်တို့ ဝင်လာသည်ကို ခရီးဦးကြိုပြုပြီး လျှင် မနန်းညွန့်နေသော အခန်းသို့ လိုက်ပို့၏။

ထောင်နံရံနှင့် သစ်သားတိုင်ကြီးများ ဆုံရာ ထောင့်တစ်ခုကို အဝတ်များ ကာရံ၍ အခန်းသဖွယ် ပြုလုပ်ထားသော နေရာထောင့်တစ်ထောင့်တွင် ကလေးကို ပွေ့ချီကာ ကျွန်ုပ်တို့အလာကို စောင့်နေဟန်တူသော မနန်းညွန့်ကို ကျွန်ုပ်တွေ့ရလေသည်။ ထောင်မှူးနှင့် ထောင်ပြာတာ နဂျနပ်ဆင်တို့သည် အပေါက်ဝ၌နေခဲ့၍ မစိန်းတစ်ယောက်သာ ကျွန်ုပ်နှင့် မနီးမဝေးတွင် ရပ်လျက်ရှိ လေသည်။

ခွေးခြေကလေးတစ်လုံးပေါ်တွင် ကျွန်ုပ်အား နေရာထိုင်ခင်း ပေးပြီးနောက် မနန်းညွန့်သည် ပိုက်ထွေးထားသော သားကလေးကို ကျွန်ုပ်အား စမ်းသပ်စေရာ ကလေး၏ကိုယ်မှာ ခြစ်ခြစ်တောက်ပူလျက် ကျဗဟုံးများ ထွက်နေသည်ကို မြင်ရ၏။ သို့နှင့် ကျွန်ုပ်လည်း အမိန့်နှင့် ရောစပ်တိုက်ရန် ဆေးဝါမှုန့်

ကလေးများကို လည်းကောင်း၊ အုပ်ဆေးအနည်းငယ်ကို လည်းကောင်း ပေးလေ၏။

"ဒါထက် ... ဦးလေး ကျွန်မကို မှတ်မိသလား"

"မှတ်မိသားပဲ ... ဒါထက် ဘာဖြစ်လို့ ကွမ်းအစ်ထဲမှာ ငွေထည့်ပြီး ထားခဲ့ရတာလဲ"

"ဒီထက်မက ဦးလေးကို ကျေးဇူးဆပ်စရာ ရှိပါတယ် ... ဦးလေးရယ်။ ဒီဟာတွေ ပြောမနေပါနဲ့တော့ ... ဒါထက် ... ကလေးဟာ စိုးရိမ်စရာ မရှိပါဘူးနော်"

"ကျဗဟုံးကြောင့် အပူကြီးနာနေတာပါ၊ စိုးရိမ်စရာ မရှိပါဘူး။ ဆေးဝါကလေးကို နို့နဲ့ရောပြီး တိုက်လိုက်၊ ပြီးတော့ ညကျရင် အုပ်ဆေးကလေးကို နမ်းဆီနဲ့ ငယ်ထိပ်က အုပ်ပေး ...၊ စောင်တော့ ထူထူကြီး ခြုံမထားနဲ့၊ ကြားလား"

"ဟုတ်ကဲ့ ဦးလေး ... ကျေးဇူးတင်ပါတယ်။ ဒါထက် ဦးလေးကို ကျွန်မ အများကြီး စကားပြောစရာရှိတယ်။ ဦးလေးနဲ့ တိုင်ပင်စရာတွေလည်း ရှိတယ်"

"ဗာရာမနဲ့ ... ထောင်ပြာတာမတွေ ရှိနေတော့ ဘယ်နှယ့်လုပ်မလဲ"

လေသံဖြင့် .... "သူတို့ကို ခွဲ့ပြီးသားပါ ဦးလေးရယ်"

"တိုင်ပင်စရာရှိ တိုင်ပင်တာပေါ့ ... မနန်းညွှန့်"

"ဒီမှာ ... ကျွန်မ နာမည်ကို မညွှန့်လို့ ပေးထားတယ်"

"ဩော် ... ဟုတ်သားပဲ"

"ဒီတော့ ကျွန်မအလိုရှိတဲ့အခါ မှာလိုက်ရင်သာ ဦးလေး ဆက်ဆက်လာပါနော်"

"ဦးလေး ကြိုးစားပြီး လာပါ့မယ်"

"ဦးလေးအကြောင်းကို ဟောဒီက ကျွန်မမိတ်ဆွေတွေက ပြောလို့ သိရပါပြီ။ ကျွန်မဖြင့် သိပ်အားကိုးတာပဲ၊ အပြင်မှာ တွေ့ပြီးတဲ့နောက် ထောင်ထဲမှာ တစ်ခါလာတွေ့ကြဖို့ ဖန်တီးတဲ့ ကုသိုလ်ကံကို ကျွန်မဖြင့် သိပ်အံ့ဩမိတယ်"

"ကံ တရားဆိုတာ ဆန်းကြယ်သားကလား မနန်းညွှန့်ရယ်"

ထို့နောက် ကလေးကို မည်သို့မည်ပုံ ဆေးတိုက်ရန် မနန်းညွှန့်အား မှာကြားပြီးလျှင် ကျွန်ုပ် အလုပ်ရှိရာသို့ ပြန်ခဲ့လေ၏။ နောက် နှစ်ရက်မျှကြာသောအခါ ကလေးအား တစ်ကြိမ်သွားရောက်ကြည့်ရှုရ၏။ ဤနည်းဖြင့် မနန်းညွှန့်မှာ ကျွန်ုပ်နှင့် ယခင်ကထက် ပိုမိုရင်းနှီးခဲ့ပြီးလျှင် နောက်တစ်လခန့် ကြာ

http://www.cherrythitsar.org



သောအခါ အရေးကြီးသော အကြံတစ်ခုနှင့် ဆက်လက်ကူညီပါမည့်အကြောင်း နှင့် နောက်ဆုံးမှာကြားလိုက်၏။

နောက်တစ်လကျော်ကျော်ခန့်မှာ ကြာရှိ၍ ကျွန်ုပ်သည် အရေးမကြီး လှသော မနန်းညွန့်အကြောင်းကို သတိမေ့လျက်ရှိနေခဲ့စဉ် တစ်နေ့သ၌ မနန်း ညွန့်ထံမှ ကလေးမမာသဖြင့် ကျွန်ုပ်အားလာရောက် ဆေးကုခွင့်ပြုပါမည့် အကြောင်းနှင့် လျှောက်လွှာတစ်စောင် ထောင်မှူးကြီးထံသို့ ရောက်ရှိလာပြန်၏။

သို့ဖြင့် ထောင်မှူးကြီး ခွင့်ပြုသည့်အတိုင်း ကျွန်ုပ်သည် သွားရပြန်ရာ မနန်းညွန့်၏ သားကလေးမှာ ယခင်ကကဲ့သို့ တစ်ကိုယ်လုံး တရှိန်ရှိန် ပူလျက် ရှိသည်ကို တွေ့ရ၏။

ကျွန်ုပ်သည် ကလေး၏မျက်လုံးကလေးများနှင့် လျှာကလေးကို ကြည့်ရှုပြန်ရာ ဖောက်ပြန်သော သဘာဝကို မတွေ့ရဘဲ ကလေးမှာ ပြုံးရွှင် လျက် နဂိုပကတိအတိုင်း ရှိနေသည်ကို တွေ့ရသဖြင့် အံ့အားသင့်လျက် ရှိနေ လေသည်။

မနန်းညွန့် မသိမသာ ပြုံးလျက် ....

"ကလေး ဘာမှ မဖြစ်ပါဘူး ဦးလေးရဲ့၊ ကိုယ်ပူအောင် ကျွန်မ တမင် ဉာဏ်ဆင်ပြီး လုပ်လိုက်တာပါ"

"ဟုတ်လား"

"ကလေးချိုင်းကြားထဲ ကြက်သွန်ဥ ညှပ်ပြီး နေပူထဲ ခဏပစ်ထား လိုက်တော့ ကိုယ်ပူလာတာပေါ့ ... ဒီနည်းက အလွယ်ကလေးပါ။ ဒါထက် ကျွန်မ အကြံ ဦးလေး ပြောရဦးမယ်"

ကျွန်ုပ်က စိတ်မလုံသဖြင့် မစိန်းကို လှည့်ကြည့်ရာ မစိန်းမှာ ယခင်က ထက် ဝေးသောနေရာ တစ်နေရာတွင် မိန်းမအကျဉ်းသားတစ်ယောက်နှင့် စကားလက်ဆုံကျလျက် ရှိနေသည်ကို တွေ့ရသဖြင့် မနန်းညွန့် ယခင်က ပြော ဖူးသည့်အတိုင်း သူ့အား 'ခွံ့'ထားပြီးဖြစ်ကြောင်း ကျွန်ုပ် ရိပ်မိတော့၏။

"မစိုးရိမ်ပါနဲ့ ဦးလေးရဲ့၊ ဒီလူတွေအားလုံး ကျွန်မလူချည်းပါ။ ဘယ် နေရာမျိုးမဆို ပေးကမ်းခြင်းဟာ အောင်မြင်တယ်ဆို မဟုတ်လား ဦးလေးရဲ့"

"ဟုတ်ပါပေတယ် ... မနန်းညွန့်ရယ်"

"ကျွန်မတို့ လွတ်လွတ်လပ်လပ် တိုင်ပင်နိုင်အောင် တမင် ရှောင်ပေး ကြတာပေါ့ ဦးလေးရဲ့"

"ကိုင်းလေ ... ငါ့တူမမှာ ဘယ်လို အကြံအစည်များ ရှိလို့လဲ ဦးလေး ကို ပြောစမ်းပါဦး"

"ကျွန်မ ရုပ်လက္ခဏာကြည့်ပြီး ဦးလေး ဘယ်လို အကဲခတ်မိသလဲ"

"မနန်းညွန့်ဟာ မြန်မာမဟုတ်ဘူး၊ ရှမ်းကပြားတစ်ယောက် ဖြစ်ရမယ်။ ရှမ်းပြည်နယ်က လျှို့ဝှက်တဲ့ အကြံတစ်ခုနဲ့ သော်လည်းကောင်း၊ မိဘနဲ့ စိတ်သဘောချင်း မတိုက်ဆိုင်လို့သော်လည်းကောင်း ရန်ကုန်ကို ဆင်းလာပြီး အသက်မွေးဝမ်းကျောင်းမကောင်းတဲ့ လူတစ်ယောက်နဲ့ အကြောင်းပါပြီး နောက်ဆုံး ဒီထောင်ထဲ ရောက်လာတာလောက်ပဲ အကဲခတ်မိတယ်"

"မှန်တာပေါ့ ဦးလေးရယ်၊ ဦးလေး တွေးလိုက်တဲ့ အချက်တွေဟာ အားလုံး မှန်တာချည့်ပဲ။ ကျွန်မရဲ့ မယ်တော်ဟာ (.....) စော်ဘွားကြီးရဲ့ ဒုတိယ မဟာဒေဝီ ဖြစ်ပါတယ်။ စော်ဘွားကြီး ကိုယ်တိုင်က အင်မတန် မြတ်နိုးတော်မူပြီး ကျွန်မပေါ်မှာလည်း တခြားသားတော်တွေထက် အရေးပေးပြီး ချစ်ခင်ခဲ့ပါတယ်။ ဒီလိုနဲ့ အရိပ်တကြည့်ကြည့်နဲ့ ကြီးပြင်းလာတုန်း ဗြုန်းဆို ကံစီမံလာတာက ကျွန်မရဲ့ မယ်တော်ဟာ ရုတ်တရက် ရောဂါနဲ့ ဆုံးသွားရှာတယ်။ ဒီနောက် မကြာခင်ဘဲ ခမည်းတော်ဘုရားဆီမှာ လက်ရုံးရည်နဲ့ အမှုထမ်းပြီး ခစားနေတဲ့ သက်တော်စောင့် စစ်ဗိုလ်တစ်ယောက်က ကျွန်မအပေါ် မျက်စိကျပြီး လိုချင်တယ် ဖြစ်တော့ ခမည်းတော်ကလည်း သဘောတူသလိုလို ဖြစ်ပါလေရော ဦးလေးရယ်။ ဒီလူက စစ်ဗိုလ်ဆိုပေမယ့် ငယ်ငယ်ရွယ်ရွယ် မဟုတ်ဘူး။ အသက် ၄၀ ကျော် ၅၀ နီးပါးရှိပြီ။ ဒါနဲ့ သူ့ရန်ဟာ နီးကပ်လာလေတော့ မဖြစ်ချေဘူးဆိုပြီး ကျွန်မလည်း မယ်တော်ဘက်က အမွေအနှစ်ရတဲ့ ကျောက်မျက်ရတနာတွေ သိုဝှက်ပြီး ရွှေနဲ့လက်ဝတ်လက်စားတွေ ထုခွဲရောင်းချတဲ့ ငွေနဲ့ တစ်ခါတည်း ထွက်လာခဲ့တာပါပဲ ဦးလေးရယ်၊ ဒီနောက် ရန်ကုန်ရောက်ပြီး တရုတ်သူဌေးကြီး တစ်ဦးနဲ့ အကြောင်းပါတဲ့ဟာရော ... တရုတ်သူဌေးကြီး စက်ကွင်းက မလွတ်နိုင်ဘဲ သူခိုင်းစေသမျှ ဆောင်ရွက်နေရတဲ့အကြောင်းတွေရော ... ဥယျာဉ်ထဲမှာ ဦးလေးနဲ့ တွေ့တုန်းက ကျွန်မ ပြောသင့်သလောက် ပြော ခဲ့ပြီ မဟုတ်လား"

"ဟုတ်ပါတယ် မနန်းညွန့်၊ ဒီဟာတွေ ဦးလေး သိပါပြီ။ ဒီတော့ အခု မနန်းညွန့် အကြံ ဘယ်လိုလဲ"

ကလေးကို မြှောက်ပြလျက် ....

"ဟောဒီ လူမမယ်ကလေးဟာ ထောင်ထဲက လွတ်မြောက်ပြီး သူ့အဘိုးအဘွားများ လက်ထဲကို ပြန်ရောက်စေချင်တယ်။ ကျွန်မမှာတော့ လူညွန့်တုံးပြီး အတူတူ မထူးတော့ပါဘူး။ ဖြစ်သလိုနဲ့ ပျော်ရတော့မှာပါပဲ။ ဒီတော့ ဒီကလေးကို တစ်နည်းနည်းနဲ့ အပြင်ထုတ်ပြီး လွတ်မြောက်အောင် ကြံချင်တယ်။ တရုတ်သူဌေးကြီးကိုတော့ ထောင်ထဲမှာ ဒီကလေးသေသွားတယ်ဆိုတဲ့ အကြောင်း ယုံကြည်အောင် လုပ်ရမယ်၊ ဒါပဲ ဦးလေးရဲ့"

http://www.cherrythitsar.org



ကျွန်ုပ်သည် ကလေး၏ကိုယ်ကို ယုယပွတ်သပ်ကာ ဆေးများ လိမ်း ဟန်ပြုလုပ်ရင်း မနန်းညွန့်၏ စကားများကို နားထောင်လျက် ရှိလေသည်။

"ကလေးကို အပြင်ဘက် ရောက်အောင် ထုတ်နိုင်တယ်ထားဦး၊ ဒီကလေးကို ယူပြီး ရှမ်းပြည်နယ်ရောက်အောင် ဘယ်သူက သွားပို့မှာလဲ"

"ကျွန်မ ခမည်းတော်ဆီမှာ အရင်က အမှုထမ်းဖူးတဲ့ ဦးရန်ဝေး ဆိုတဲ့ လူကြီးတစ်ယောက် 'ဆင်စု' မှာ ရှိတယ် ဦးလေးရဲ့၊ ဒီလူကြီးလက်ထဲ ဒီကလေး ရောက်သွားရင် ပြီးတာပဲ"

"ထောင်ထဲမှာ ဒီကလေး ဆုံးသွားပြီဆိုတဲ့သတင်း ဖြစ်အောင်လုပ်ဖို့ ကကော"

"ဒီဟာတော့ ဦးလေး ကြံမှပေါ့ ... ဦးလေးရယ်။ ကျွန်မက မိန်းမသား ပဲ၊ ဘာဖြစ်လို့ ဒီလိုကြံရသလဲဆိုတော့ ကျွန်မရင်သွေးဟာ ထောင်ထဲမှာ ကြီး ပြင်းပြီး ထောင်က ထွက်တော့လည်း တရားမရှိတဲ့ တရုတ်သူခိုး၊ ဓားပြလက် ထဲကို ကျွန်မ အရောက်မခံနိုင်ဘူး ဦးလေးရဲ့၊ အနစ်နာခံရင် ကျွန်မသာ ခံမယ်။ ကျွန်မ ရင်သွေးကို မခံစေရဘူး။ ကျွန်မကိုယ်တိုင် ဘဝမပြောင်းနိုင်ပေမဲ့ ကလေး ကို ဘဝပြောင်းစေရမယ်။ တရုတ်ရဲ့သားဟာ ထောင်ထဲမှာသေပြီး စော်ဘွားရဲ့ မြေးတော်ကလေးဟာ ရှမ်းပြည်နယ်မှာ ရှမ်းတစ်ယောက်အဖြစ်နဲ့ အသက်ရှင်စေ ရမယ်"

"အင်း ... မနန်းညွန့် အကြံကတော့ အတော်ကြီးတဲ့အကြံပဲ။ ဒါပေ မဲ့ လုပ်ဖို့တော့ မလွယ်လှဘူး မှတ်တယ်"

"ဒါကြောင့် ဦးလေးကို အကူအညီ တောင်းတာပေါ့ ဦးလေးရယ် ... နို့ပေမဲ့ လောကကြီးမှာ ဘာပဲဖြစ်ဖြစ် ငွေနဲ့ကြံရင် ပြီးမြောက်တတ်ပါတယ်။ ဒီတော့ ကျွန်မရင်ထဲမှာ အမြဲသိမ်းဆည်းထားတဲ့ ဒီနန်းစဉ် ကျောက်သုံးလုံးကို ဦးလေး ယူသွားပြီး ကြံစည်ပါတော့၊ တိုင်ပင်စရာရှိရင် အဲဒီ ဦးရန်ဝေးနဲ့ တိုင် ပင်ပါ။ ဒီအဘိုးကြီးက သစ္စာရှိပြီး အစစ အရာရာ စိတ်ချရပါတယ်။ ကလေးကို လည်း သူ့အဘိုးဆီကို ရောက်အောင် ပို့နိုင်ပါလိမ့်မယ်"

ထို့နောက် မနန်းညွန့်သည် သူ၏ရင်ထဲတွင် ဝှက်၍ထားသော အဝတ်စုတ်ကလေး တစ်ခုဖြင့် ချည်နှောင်ထားသည့် အထုပ်ကလေး တစ်ထုပ် ကို ပေးလေရာ၊ ကျွန်ုပ်လည်း အခြားသူများ မမြင်အောင် အမှတ်မဲ့ လှမ်းယူ လိုက်လေ၏။

*

http://www.cherrythitsar.org


ကျွန်ုပ် အခန်းသို့ ပြန်ရောက်၍ ကျွန်ုပ်လည်း မနန်းညွန့် ပေးလိုက်သော အထုပ်ကလေးကို ဖြည်ကြည့်ရာ၊ စိန်နှစ်လုံးနှင့် ပတ္တမြားတစ်လုံးကို တွေ့ရလေသည်။

စိန်နှစ်လုံးမှာ တစ်လုံးလျှင် ရှစ်ရတီခန့်ရှိ၍ ခဲသားရောင်ထွက်ကာ ပြာလဲ့လဲ့ အဆင်းရှိလျက် အရွယ်အစား အနေအထားမှာ လွန်စွာပင် ဘက်ညီလှပေရာ၊ ဤမျှလောက် အရည်အသွေး ကောင်းသော ကျောက်မျက်ရတနာပုံကို တွေ့နိုင်ရန် ခဲယဉ်းလှလေသည်။

ထိုခေတ် ပေါက်ဈေးနှင့်ပင် တစ်လုံးလျှင် လေးထောင်ကျော် ငါးထောင်ခန့် တန်ပေသည်။

ပတ္တမြားမှာ ရွှေးကြီးစေ့ သာသာခန့်ရှိ၍ အပြစ်အနာအဆာ ကင်းစင်ပြီးလျှင် သွေးဥ၊ သွေးပေါက်ကဲ့သို့ ရဲရဲနီလျက် ရှိလေသည်။ တန်ဖိုးကိုကား ကျွန်ုပ် မခန့်မှန်းနိုင်ချေ။

ကျောက်မျက်ရတနာများကို သိမ်းဆည်းလိုက်ပြီးနောက် ကျွန်ုပ်လည်း ထိုညတစ်ညလုံး အကြံထုတ်လျက်ရှိရာ မျက်လုံးများကြောင်၍ နေသဖြင့် အိပ်မပျော်နိုင်ဘဲ နံနက်လင်းအားကြီးမှ အိပ်ပျော်သွားလေသည်။

နံနက် ၇ နာရီထိုး၍ အလုပ်ဆင်းသောအခါ ကျွန်ုပ်မှာ ဒုတိယထောင်မှူး၏ ရုံးခန်းတွင် အလုပ် လုပ်ရသည် ဖြစ်၍ ထောင်မှူးကြီးအိမ်ရှေ့မှ ဖြတ်၍လာခဲ့ရာ အိမ်ရှေ့တွင် ခွေးရုပ်ကလေးနှင့် ကစား၍နေသော ထောင်မှူးကြီး၏ သမီးကလေး ဘေဘီကို တွေ့ရလေ၏။

ဘေဘီကစား၍နေသော ခွေးရုပ်ကလေးမှာ လွန်ခဲ့သော သုံးလခန့်က ကျွန်ုပ်သည် ထောင်ပိုင်ကြီးနေသော 'မင်းကြီးတောင်' သို့ အကျဉ်းသားတစ်စုကို အုပ်ချုပ်လျက် လိုက်ပါသွားခဲ့စဉ် ဆင်စုရပ်ကွက်တွင် ဖယောင်းရုပ်များလုပ်၍ ရောင်းသော တရုတ်ကြီးတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့၍ ၎င်းထံမှ အဖိုးငွေ ၇ ကျပ်နှင့်ဝယ်၍ ပေးခဲ့သော ဖယောင်းရုပ်ကလေး ဖြစ်လေသည်။

ထောင်မှူးကြီးက ....

"ဒီခွေးကလေး ဘယ်သူဝယ်ပေးတာလဲ"

ဟု မေးတိုင်း ဘေဘီသည် ကျွန်ုပ်အား လက်ညှိုးထိုး၍ ပြလေ့ရှိ၏။

ကျွန်ုပ် အလုပ်ခွင်သို့ ဆက်လက်လျှောက်လာခဲ့ရာ ထိုခဏ၌ပင် ကျွန်ုပ်၏ ဦးခေါင်းထဲသို့ အသိဉာဏ်တစ်ခုသည် မှောင်အတွင်းသို့ ထိုးဝင်၍လာသော အလင်းရောင်တစ်ခုကဲ့သို့ ရုတ်တရက် ထိုးဝင်လာတော့သည်။

နောက်တစ်ပတ်ခန့်ကြာ၍ ကျွန်ုပ်သည် ထောင်ပိုင်ကြီးအိမ်သို့ သွားသော အကျဉ်းသားတစ်စုကို အုပ်ချုပ်၍ လိုက်ပါသွားလေရာ ကျွန်ုပ်နှင့်အတူ

လိုက်သော ထောင်ပြာတာ များမှာလည်း နဂျပ်ဆင်နှင့် အခြားကုလားတစ်ယောက် ဖြစ်လေသည်။ နဂျပ်ဆင်မှာ ကျွန်ုပ်နှင့်အလွန် ခင်မင်ရင်းနှီးသူဖြစ်၍ ကျွန်ုပ်ကိုလည်း အမြဲကူညီစောင့်ရှောက်သူဖြစ်၏။

သို့နှင့် ကျွန်ုပ်တို့ လူစုသည် ဖယောင်းရုပ်များ လုပ်ကိုင်ရောင်းချသော 'အဖောင်' အိမ်ရှေ့သို့ ရောက်သောအခါ နဂျပ်ဆင်အား အဖောင်နှင့် ခေတ္တတွေ့လိုကြောင်း ပြောပြရ၏။ သို့နှင့် နဂျပ်ဆင်သည် အခြားအကျဉ်းသားများနှင့် ထောင်ပြာတာတစ်ယောက်ကို ရှေ့မှ သွားစေရန် လွှတ်လိုက်ပြီးလျှင် သူကိုယ်တိုင် အိမ်ရှေ့တွင် စောင့်နေရစ်ခဲ့သဖြင့် ကျွန်ုပ်မှာ အဖောင်နှင့် ခေတ္တမျှ စကားပြောခွင့် ရလေသည်။

"ဟော့ ... ဆရာကီး ... မာလယ်နော်၊ အဲ ... အဲ ... ဝမ်းစာတယ်။ ဘာရုပ်လိုကင်လဲ ... ခွေးရုပ်လား၊ နွားရုပ်လား၊ မြင်းရုပ်လား"

"မဟုတ်ဘူး လူရုပ်"

"ကယန် ... ကယန် ... ဖန်ဖန်"

"ကြံကြံဖန်ဖန် မဟုတ်ဘူးလေ အဖောင်။ ကျုပ်ပြောတာ နားထောင်ဦး၊ လူနဲ့တူအောင် ခင်ဗျား အရုပ်ကလေး တစ်ခု ထုပေးနိုင်ပါ့မလား"

"ပေးနိုင်လယ်လေ၊ ပိုက်ဆံကောင်းကောင်း ပေးလယ်နော်၊ ဘာရုပ်ဖြစ်ဖြစ် လုပ်တာပဲ။ လူရုပ်ဘယ်လောက်ကီးလဲ"

"သိပ်မကြီးပါဘူး။ အရုပ်တစ်တောင်သာသာ လောက်ပေါ့"

"အေး ... လုပ်ပေးမယ်၊ ဘယ်တော့လိုချင်လဲ"

"နောက်တစ်ပတ်လောက်ကြာရင် ယူမှာပေါ့"

ထို့နောက် ကျွန်ုပ်လည်း ရန်ကုန်စမ်းချောင်းမှ လာရောက်နေထိုင်သော ဦးရန်ဝေးဆိုသူ အကြောင်းကို စုံစမ်းရာ ရှမ်းလူမျိုးနှင့် ခပ်ဆင်ဆင်တူသော ဦးရန်ဝေးဆိုသူမှာ တစ်အိမ်ခြား၌ နေထိုင်ကြောင်း အဖောင်က ပြောပြသဖြင့် ကံအားလျော်စွာပင် သိရှိရလေ၏။ သို့နှင့် ကျွန်ုပ်လည်း နောက်စနေပတ်၌ မိမိလာသောအခါ ဦးရန်ဝေးနှင့် တွေ့လိုကြောင်း၊ သို့ဖြစ်၍ ဦးရန်ဝေးအား ဤအိမ်သို့ နံနက်ခင်းတွင် ခေတ္တခေါ်ထားပါမည့်အကြောင်းနှင့် တောင်းပန်ရာ အဖောင်လည်း ကျွန်ုပ်နှင့် ခင်မင်ပြီးဖြစ်သည့်အတိုင်း သဘောတူညီလေသည်။

ဤသို့ကိစ္စနှင့် ပတ်သက်၍ နဂျပ်ဆင်ကိုလည်း အသိပေးတန်သ၍ ပေးပြီးလျှင် ခွဲ့သင့်သလောက် ခွဲ့မှသာ အောင်မြင်အထမြောက်မည့် အကြောင်း ကျွန်ုပ် ယူဆ၏။ ထို့နောက် ကျွန်ုပ်တို့လည်း အခြားအကျဉ်းသားများနောက်သို့ လိုက်သွားကြလေသည်။

http://www.cherrythitsar.org


နောက်တစ်ပတ်၌ ကျွန်ုပ်သည် အဖောင်အိမ်တွင် ဦးရန်ဝေးနှင့် တွေ့ရ၍ ကျွန်ုပ်က မနန်းညွှန့်အကြောင်းကို ပြောပြမိတ်ဖွဲ့လေရာ တစ်ခဏအတွင်း၌ပင် ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်ခဲ့လေသည်။ ဦးရန်ဝေးမှာ အသက် ၅၀ ကျော်ခန့်မျှ ရှိပြီဖြစ်သော်လည်း ကြံ့ခိုင်တောင့်တင်းသော ကိုယ်လုံး ကိုယ်ပေါက် ရှိ၍ ထက်မြက်စူးရှသော မျက်လုံးများရှိ၏။ စကားကို ရှင်းရှင်းနှင့် ဘွင်းဘွင်း ပြောတတ်သူတစ်ယောက်ဖြစ်ပြီးလျှင် ရိုးဖြောင့်တည်ကြည်သော အမူအရာလည်း ရှိလေသည်။ သို့နှင့် ကျွန်ုပ်လည်း မနန်းညွှန့်၏ အကြံအစည်ကို ထုတ်ဖော်ပြောပြပြီးလျှင် နောက်ဆုံး၌ မနန်းညွှန့်ပေးလိုက်သော ကျောက်မျက်ရတနာ သုံးလုံးကို ထုခွဲရောင်းချပေးရန် ထုတ်ပေးလေသည်။ ဦးရန်ဝေးသည် ကျောက်များကို နေရောင်တွင်ကြည့်လျက် ....

"အင်း ... ကျောက်တွေကတော့ ထိပ်ထား သခင်မလေးရဲ့ ရှေးဟောင်းပစ္စည်း အဖိုးတန် ကျောက်တွေနဲ့ တူတယ်။ အဲလေ ... မတတ်သာတော့ ခများလည်း မယ်တော့်ပစ္စည်းကို ထုခွဲရာရတော့မှာပဲ"

ဟု ညည်းညူပြီးနောက် နောက်တစ်ပတ်အတွင်း ထုခွဲရောင်းချပေးပါမည့်အကြောင်းနှင့် ဝန်ခံလိုက်လေ၏။

ထောင်သို့ပြန်ရောက်၍ ကျွန်ုပ်က ဤအကြောင်းများကို မနန်းညွှန့်အား ပြန်ပြောသောအခါ မနန်းညွှန့်က ဦးရန်ဝေးကို ယုံကြည်စိတ်ချရကြောင်း၊ ကျောက်များကို ထုခွဲရောင်းချပြီးနောက် ရသောငွေများကို သုံးသင့်သုံးထိုက်သည့် နေရာတွင် သုံးကာ၊ မိမိ၏သားကလေးကိုသာ အပြင်သို့ ရောက်အောင် ကြံစည်ပေးပါမည့်အကြောင်းနှင့် မနန်းညွှန့်က ပြောပြလေသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် အချိန်ကိုသာ စောင့်ဆိုင်းလျက်ရှိလေ၏။

*

နောက်တနင်္ဂနွေတစ်ပတ်တွင် ကျွန်ုပ်သည် ဦးရန်ဝေးထံမှ ကျောက်များ ရောင်းရသည့် ငွေ ၁၀၀၀၀ ကိုရရှိခဲ့ရာ အမှန်အားဖြင့်ဆိုသော် ယင်းငွေ တစ်သောင်းမှာ တန်ဖိုး၏ထက်ဝက်ပင်ရှိသေးကြောင်း၊ ငွေအကျပ်အတည်းနှင့် တွေ့ကြုံ၍သာ ရောင်းလိုက်ရကြောင်းဖြင့် ဦးရန်ဝေးက ရှင်းလင်းပြောပြလေသည်။

သို့နှင့် ငွေ ၁၀၀၀ဝ ကို ကျွန်ုပ်က အောက်ပါအတိုင်း လျာထားဝေလိုက်၏။ ဒုတိယထောင်ပိုင် ဆရာဝန်အား ငွေ ၃၀၀၀၊ နဂျပ်ဆင်အား ငွေ ၃၀၀၊ ထောင်ပြာတာမအတွက် ငွေ ၅၀၀၊ ဦးရန်ဝေးသုံးစွဲရန်နှင့် ကလေးကို ရှမ်းပြည်သို့ ပို့ရန်အတွက်ငွေ ၂၀၀၀ ကျွန်ုပ်၏စရိတ်စကများအတွက် ငွေ ၁၀၀၀

http://www.cherrythitsar.org



ဖြစ်လေသည်။ ကျန်သော ငွေမှာ မနန်းညွန့်ထောင်မှ ထွက်လာသည့်အခါ သုံးစွဲရန် ဦးရန်ဝေးလက်တွင် အပ်ထားလိုက်၏။

နောက် ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်တို့လည်း အလုပ်ကို စတင်လုပ်ကြတော့၏။

'အဖောင်' ကိုလည်း ၁၀ လသား အရွယ်ခန့်ရှိ ကိုယ်လက်အင်္ဂါ အပြည့်အစုံနှင့် ဖယောင်းရုပ်တစ်ခုကို ငွေ ၁၀၀ိ ပေး၍ ထုလုပ်စေပြီးသော် ဦးရန်ဝေး၏ အကူအညီဖြင့် ဒုတိယဆရာဝန် ဒေးဗစ်အိမ်သို့ ပို့ထားရလေသည်။

ဒေါက်တာ ဒေးဗစ်သည် ပထမ ငြင်းဆန်လျက်ရှိနေသော်လည်း ငွေ ၃၀၀ိ ကို မြင်သောအခါ ယင်းကဲ့သို့ ပိရိစွာကြံသော အကြံအစည်၌ မိမိ တတ်နိုင်သမျှ ကူညီမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်အား ဖွင့်၍ ပြောတော့၏။

အချိန်မှာ နွေဦးပေါက်သို့ ရောက်လာပြီဖြစ်၍ အလွန်ပူအိုက်လှသော ရာသီဥတု၏ပြောင်းလဲမှုကြောင့် မြို့ထဲတွင် ကျောက်ရောဂါများ ကျရောက်လျက်ရှိကြောင်းဖြင့် ကြားသိရ၏။ ပြည်မြို့အရှေ့ပိုင်းဖြစ်သော 'မူရာဘင်' ရပ်ကွက်၊ 'တရုတ်စု' ရပ်ကွက်၊ ထို့ပြင် ထောင်နှင့် အနီးဆုံး ဖြစ်သော 'ဝါရုံ' 'ကိုင်းတော' စသော ရပ်ကွက်ကြီးများတွင် ကျောက်ရောဂါများ အနှံ့အပြား ကျရောက်လျက် ရှိတော့၏။ ဤရောဂါသည် လူကြီးများထက် ကလေးသူငယ်များကို စတင်တိုက်ခိုက်တော့၏။ ဤအချက်ကို အခွင့်အရေးယူကာ ကျွန်ုပ် အကြံပေးသည့်အတိုင်း မနန်းညွန့်သည် သားကလေးအား ကိုယ်ကို ခြစ်ခြစ်တောက်ပူစေပြီးလျှင် နေထိုင်မကောင်းဖြစ်ဟန် ပြုလုပ်တော့၏။ ကလေးကို ခြင်ကိုက်အောင် ပစ်ထားခြင်းဖြင့် မျက်နှာတွင် အနီဖုကလေးများကို ဖြစ်စေ၏။

အခွင့်အမိန့်ရပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်အား ထောင်မှူးကြီးက သွားရောက်ကြည့်ရှုစေရာကလေးမှာ သာမန်အဖျားနှင့် သူငယ်နာမဟုတ်ဘဲ ကျောက်သွေးဝင်ရောက်လာကြောင်းဖြင့် ကျွန်ုပ်က အစီရင်ခံလိုက်၏။ ထိုရောဂါမျိုးမှာ အပြင်တွင် တစ်ဦးချင်းအနေဖြင့် ကြောက်စရာမရှိဘဲ ရှောင်ရှား၍ရသော်လည်း လူပေါင်းများစွာ ကျပ်တည်းစွာ နေထိုင်သည့် ထောင်အတွင်း၌မူ လွန်စွာပင် ကြောက်မက်ဖွယ်ကောင်းလှ၏။ လွန်စွာပင် စက်ဆုတ်ဖွယ်ကောင်း၍ လျင်မြန်စွာ ကူးစက်တတ်သော ရောဂါဖြစ်ရကား ... ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီး ကိုယ်တိုင် အကာအကွယ်ယူသည့်အနေဖြင့် ထောင်သားအားလုံးကို ကျောက်များ ထိုးစေ၏။ မနန်းညွန့် သားအမိကိုလည်း လွတ်လပ်သော အခန်းငယ်တစ်ခုသို့ ရွှေ့ပြောင်းစေပြီးလျှင် သီးသန့်နေထိုင်စေ၏။

ဤအချိန်အတွင်း ထောင်ထဲ၌ ကျောက်ရောဂါ ကျရောက်မည်ကို လွန်စွာ စိုးရိမ်လျက် ရှိရကား ... ကျွန်ုပ်တို့မှာ ပိုမို အခွင့်အရေး ရရှိခဲ့လေသည်။

http://www.cherrythitsar.org


ကျွန်ုပ်မှာ ဒုတိယ ဆရာဝန် ဒေးဗစ်အား ငွေ ၃၀၀၀ ပေးပြီးဖြစ်သဖြင့် တစ်နေ့တွင် ဒေးဗစ်သည် မနန်းညွန့်၏ သားကလေးကို ကြည့်ရှုဟန်ပြုပြီးလျှင် ကလေးကို 'ဓာတ်ငွေ့ပေးခြင်း' ပြုလုပ်ရန် မိမိအိမ်ဆေးခန်းသို့ ခေတ္တယူသွားရမည် ဖြစ်ကြောင်း၊ တစ်နာရီခန့် ဓာတ်ငွေ့ပေးခြင်း ပြုလုပ်ပြီးမှ ပြန်ပို့ရမည်ဖြစ်ကြောင်း၊ သူ့မိခင်ကိုယ်တိုင် လိုက်ရန်လည်း မသင့်သဖြင့် ယုံကြည်စိတ်ချရသော ထောင်သားကြီးတစ်ဦးဦးအား ကလေးကို အဝတ်များဖြင့် လုံအောင်ထွေး၍ လိုက်ပါစေရမည်ဖြစ်ကြောင်းနှင့် ထောင်မှူးကြီးထံ အခွင့်တောင်းရာ ထောင်မှူးကြီး အနူးအညွတ် ခွင့်ပြုလေသည်။ ထို့နောက် ကလေးအား ပွေ့ချီလိုက်ပို့ရန် လူကို ရွေးချယ်ပြန်ရာ အခြားထောင်သားများ တွန့်ဆုတ်လျက်ရှိသည်တွင် ကျွန်ုပ်က ရဲဝံ့စွာ တာဝန်ယူလိုက်၏။

သို့နှင့် ကျွန်ုပ်သည် မနန်းညွန့်၏သားကလေးကို ဂွမ်းဖျင်နှင့် စောင်များရစ်ပတ်ကာ ပွေ့ချီပြီးသော် ဒုတိယ ဆရာဝန် ဒေးဗစ်၏ကားကလေးဖြင့် ကမ်းနားလမ်းရှိ သူ၏အိမ်သို့ လိုက်ပါသွားရတော့၏။

ဆရာဝန်အိမ်သို့ရောက်သောအခါ ဆရာဝန်သည် ကလေးကို ဆေးခန်းအတွင်းသို့ ယူခဲ့စေပြီးနောက် စမ်းသပ်ကြည့်ရှုရာ ချစ်စဖွယ်ကောင်းသော မနန်းညွန့်၏ သားကလေးမှာ ပကတိကျန်းမာဝဖြိုးလျက်ရှိသည်ကို တွေ့ရ၏။ ကလေးသည် သဘောကောင်းလှသည်ဖြစ်၍ ငိုကြွေးခြင်းမပြုဘဲ ကျွန်ုပ်၏ မျက်နှာကို လက်သီးဆုပ်ကလေးများဖြင့် ပွတ်သပ်လျက်ရှိသည်ဖြစ်ရာ ... ကျွန်ုပ်မှာ ပြုံးရွှင်လျက်ရှိသော ကလေး၏ မျက်နှာကို ကြည့်ရှုရင်း သူ့မိခင်၏ ထူးဆန်းသော ဇာတ်လမ်းကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ ထူးဆန်းသော အကြံအစည်ကိုလည်းကောင်း စဉ်းစား၍နေမိ၏။

ထိုအချိန်၌ ဦးရန်ဝေးမှာ ဆရာဝန်အိမ်သို့ အသင့်ရောက်နေပြီဖြစ်၍ ကျွန်ုပ်လည်း မနန်းညွန့်၏ သားကလေးကို ဦးရန်ဝေးလက်သို့ ပေးအပ်လိုက်လေသည်။ အစားလဲ၍ ယူရမည်ဖြစ်သော အဖောင်၏ဖယောင်းရုပ်ကိုလည်း အနီးများဖြင့်ပိုက်ကာ ဦးရန်ဝေးကိုယ်တိုင် ယူလာခဲ့ပြီဖြစ်၍ ကျွန်ုပ်က ထို ဖယောင်းရုပ်ကို လက်ခံယူရ၏။ ဆရာဝန် ဒေးဗစ်ကိုယ်တိုင်ပင် ကျွန်ုပ်တို့၏ အပြုအမူများကို ပြုံး၍ ကြည့်လေသည်။ အလွန်လက်ရာကောင်းလှသော အဖောင်၏ ဖယောင်းရုပ်ကလေးလည်း ပကတိကလေးငယ်တစ်ယောက်နှင့် ဆံပင်၊ ငယ်ထိပ်၊ ခြေသည်း၊ လက်သည်းကလေးများမှစ၍ အစစအရာရာ တူညီလှပေသည်။ ကလေး၏ လည်ပင်းတွင် မဲကြိုးကလေးဖြင့် ချည်ထားသော လက်ဖွဲ့ကလေးကိုလည်းကောင်း၊ ငွေခြေကျင်းကလေးကိုလည်းကောင်း ကျွန်ုပ်က ဖြုတ်ယူပြီးနောက် ဖယောင်းရုပ်တွင် တပ်ဆင်ပေးလိုက်၏။

http://www.cherrythitsar.org



ဤကိစ္စများ ပြီးစီးလတ်သော် ဆရာဝန်၏ ဒရိုင်ဘာသည် ထောင်အတွင်း 'ဖူး' ဝအထိ ကျွန်ုပ်အား လိုက်ပို့သဖြင့် ကျွန်ုပ်လည်း ထောင်မှူးကြီးရုံးခန်းရှေ့မှဖြတ်ကာ ထောင်ပြာတာနဂျပ်ဆင်နှင့်အတူ မိန်းမထောင်ဘက်သို့ ကူးသွားရ၏။ ကလေးကို ပွေ့ချီလာသော ကျွန်ုပ်ကို မြင်သောအခါ လက်ပြလိုက်၏။ ကလေး၌ အကယ်ပင် ကျောက်ရောဂါစွဲကပ်နေသည် ထင်မှတ်သော အခြားထောင်သားများ၊ မိန်းမအကျဉ်းသားများကလည်း ကျွန်ုပ်အနီးသို့ မကပ်ကြချေ။ ကျွန်ုပ်တို့အကြောင်းကို သိပြီးဖြစ်သော နဂျပ်ဆင်နှင့် မစိန်းတို့ကလည်း ငွေရပြီးဖြစ်သဖြင့် ကျွန်ုပ်တို့ အနီးသို့ မကပ်ကြချေ။ ဤသို့ဖြင့် ကျွန်ုပ်မှာ အဖောင်၏ ဖယောင်းရုပ်ကလေးကို မနန်းညွန့် လက်ထဲသို့ လွတ်လပ်စွာ ပေးအပ်နိုင်ခဲ့လေသည်။

ထို့နောက် အရေးကြီးသော စကားနှစ်ခွန်း သုံးခွန်းကို မနန်းညွန့်နှင့် တိုင်ပင်ပြီးလျှင် ကျွန်ုပ်လည်း ထောင်မကြီးဘက်သို့ ကူးခဲ့၏။ ထောင်မှူးကြီးအခန်းသို့ မဝင်မီ ကျွန်ုပ်မှာ ဆေးရည်များ ထည့်ထားသော ရေကိုချိုးပြီးနောက် အဝတ်အစားအသစ်များကို လဲလှယ်ရသေး၏။ အခန်းတွင်းသို့ ရောက်သောအခါ ထောင်မှူးကြီး က –

"ဘယ်နှယ့်လဲ ... မောင်ဘိုးထော် ... ကလေး သက်သာရဲ့လား"

ကျွန်ုပ်က "မသက်သာပါဘူး သခင်၊ ကျွန်တော်မျိုးတော့ သိပ်မျှော်လင့်စရာ မရှိဘူးလို့ ထင်ပါတယ်"

ထောင်မှူးကြီးက "ဘယ်နှယ့်ကြောင့်လဲ ... ကျုပ်တစ်ခါ ခပ်လှမ်းလှမ်းက ကြည့်တော့ ကျောက်လည်း တယ် မမြင်ရပါကလား"

"ဟုတ်တာပေါ့ သခင် ... အဲဒီလို ကျောက်များများ မထွက်လို့ ခက်နေတာပေါ့ ... ကျွန်တော်မျိုးတို့ မြန်မာထုံးစံမှာ ကျောက်ထွက်တဲ့အချိန်မှာ အစွမ်းကုန်ထွက်အောင် ဆရာက ဆေးပေးရမယ်။ အစားအစာပေးရမယ်။ အစာမစားနိုင်လို့ နို့စို့တဲ့ အရွယ်ဖြစ်ရင် သူ့မိခင်ကို ပေးရမယ်။ အခု ဆရာဝန်ကြီး လုပ်တာလည်း ဒီလို ကျောက်လုံးကလေးတွေ များများထွက်လာအောင် လုပ်တယ်လို့ ကျွန်တော် မျိုးထင်တာပဲ"

"ဘယ်လိုလုပ်သလဲ"

"သူ့ဆေးခန်းထဲကို ဆရာမတစ်ယောက်နဲ့ ကလေးကို သွင်းသွားတာပါပဲ သခင်၊ ကျွန်တော်မျိုးလည်း မကြည့်ရဘူး"

"ဆရာဝန်က ကျွန်ုပ်တို့ထက် ပိုသိတာပေါ့။ အင်းလေ ... ဘုရားသခင် စောင်မ ပါစေလို့သာ ဆုတောင်းရတော့တာပဲ၊ အပြင်မှာ ကျောက်ရောဂါအကြောင်း ဘယ်လိုသတင်းကြားလဲ"

"ဒီထောင်အနီးတစ်ဝိုက်မှာတော့ ငြိမ်သွားပါပြီ သခင်၊ မရှိတော့ သလောက်ပါပဲ"

"ကောင်းပါလေရဲ့ မောင်ဘိုးထော်၊ ကျွန်ုပ်ဖြင့် ဒီရောဂါမျိုးကို သိပ် စက်ဆုတ်တာပဲ။ ကြောက်လည်း ကြောက်တယ်။ ကိုင်း ... ကိုင်း အလုပ်လုပ် စရာရှိတာ သွားလုပ်ပေတော့"

*

နောက်တစ်နေ့ နံနက် ငါးနာရီ သံချောင်းမခေါက်မီ မိန်းမထောင်ဘက် မှ မိန်းမတစ်ယောက်၏ စူးစူးဝါးဝါး ဟစ်အော်ငိုလိုက်သော အသံကိုလည်း ကောင်း၊ ခေါက်တုံ့ခေါက် ပြန်သွားကြသော ခြေသံများကိုလည်းကောင်းကြားရ ၏။

နာရီဝက်ခန့် ကြာလတ်သော် ထောင်ပြာတာမသည် နယ်ခြား တံခါး သို့ ရောက်ရှိလာရာ၊ တတိယ ထောင်မှူးကြီးထံ ခေါ်သွားလေသည်။ ထောင်ပြာ တာမက ကျောက်ပေါက်နေသော မညွန့်၏ကလေးမှာ ယခု နံနက်လင်းအား ကြီးတွင် သေဆုံးသွားပြီဖြစ်ကြောင်းနှင့် တိုင်တမ်းလေ၏။ ထောင်မှူးကြီးသည် ထိုအကြောင်းကို ဒုတိယ ဆရာဝန်ထံ တယ်လီဖုန်းဆက်၍ ပြောကြားလေရာ ၇ နာရီထိုးတွင် ဒေါက်တာ ဒေးဗစ် ရောက်လာလေသည်။

မိန်းမထောင်ဘက်သို့ ကူးသွားသောအခါ ဆရာဝန်နောက်မှ ကျွန်ုပ် နှင့် အခြား ဗာရာတစ်ယောက်၊ ထောင်ပြာတာ နဂျပ်ဆင်နှင့် တတိယ ထောင်မှူး လိုက်ပါလာလေသည်။ ကျွန်ုပ်တို့ကို မြင်သောအခါ မနန်းညွန့်သည်

"ကိုင်း ... အခုတော့ ကောင်းနိုင်ကြသေးရဲ့လား၊ ဦးလေးတို့၊ ဒေါက် တာတို့ရယ် ... ကျွန်မ သားကလေးအဖြစ် မြင်ဝံ့ကြသေးရဲ့လား ရှင်"

စသည်ဖြင့် အော်ဟစ်ကာ ကျွန်ုပ်တို့ ခြေထောက်အနီးတွင် လူးလိမ့် ငိုကြွေးလျက် ရှိလေ၏။ သူ၏မျက်လုံးမှာ နီရဲလျက်အကယ်ပင် မျက်ရည်များ တဖြိုင်ဖြိုင်ကျနေသည်ကို မြင်ရလေရာ၊ ထိုအခါ မိန်းမတို့၏ မာယာကို စာတစ် စောင် ပေတစ်ဖွဲ့အနေဖြင့် ရေးသားကြသည်မှာ မလွန်ကြောင်း ကျွန်ုပ် သိရှိတော့ ၏။

ဒေါက်တာ ဒေးဗစ်သည် စောင်ကို ပုခက်သဖွယ် ပြုလုပ်ထားသည့် အထဲမှ စောင်များဖြင့် မျက်နှာတစ်ခုလုံး ဖုံးလုမတတ် ရစ်ပတ်ထားသော ကလေး၏မျက်နှာကို လှပ်သည်ဆိုရုံမျှ လှပ်၍ ကြည့်ပြီးနောက် အခြားဘက် သို့ မျက်နှာလှည့်သွားလေ၏။

ထောင်မှူးနှင့် နဂျပ်ဆင်တို့မှာ တံခါးအဝင်ဝတွင် ကျန်ရစ်ခဲ့လေရာ၊ မစိန်းသည်လည်း ခပ်လှမ်းလှမ်းသို့ သွား၍နေလေသည်။ သို့နှင့် ကျွန်ုပ်လည်း

http://www.cherrythitsar.org



မနန်းညွန်အား အားပေးစကားပြောဟန်ဆောင်ကာ ရှေ့ကို မည်သို့မည်ပုံ ဆက်လက်ပြုလုပ်ရန် ရှိသေးကြောင်းများကို ပြောဆိုခွင့်ရလေ၏။

သို့နှင့် ဆရာဝန်လည်း ထောင်မှူးပေးသော ပုံစံစာရွက်ပေါ်တွင် ကလေးသေဆုံးသည့်အကြောင်း လက်မှတ်ရေးထိုးပြီးနောက် ပြန်သွားလေ၏။

နောက် ပြုလုပ်ရန်ရှိသော ကိစ္စသည်ကား အသုဘကိစ္စပင် ဖြစ်တော့၏။ သို့နှင့် ကျွန်ုပ်မှာ အသက်ရွယ်အားဖြင့်လည်း ကြီးရင့်သူဖြစ်သည့်ပြင်၊ ထောင်ဥပဒေနှင့်တကွ ထောင်၏ထုံးစံဓလေ့များကိုလည်း နားလည်ပြီးဖြစ်သည့်အတိုင်း ထိုတာဝန်ကို ကျွန်ုပ်ကိုပင် လွှဲအပ်ကြလေသည်။

ဤသို့ဖြင့် ကျွန်ုပ်လည်း လက်သမားထောင်သားတစ်ယောက်အား ထင်းရှူးပျဉ်ချပ်များဖြင့် ချက်ချင်းပင် ခေါင်းကလေးတစ်ခု စပ်စေပြီးသော် ... မနန်းညွန့်အား အလောင်းကို အဝတ်ဖြင့် လုံခြုံစွာ ထုပ်စေပြီးနောက် ခေါင်းအတွင်းသို့ ထည့်စေ၏။ ထို့နောက် ကျွန်ုပ် ကိုယ်တိုင် ဆေးရည်များပက်ဖျန်း၍ အပေါ်မှ မီးသွေးမှုန့်များကို ထည့်လေသည်။

၉ နာရီထိုးတွင် အလုံးစုံ အသင့်ရှိနေပြီဖြစ်၍ ကျွန်ုပ်သည် ခေါင်းကို ပွေ့ပိုက်ကာ ထောင်သင်္ချိုင်းရှိရာသို့ ရှေ့ရှုသွားလေရာ ထောင်သားကြီးတစ်ဦး က ရှေ့မှကြေးစည်ရိုက်လျက်သွားရ၏။ ကျွန်ုပ်၏နောက်မှ မနန်းညွန့်သည် ငိုယိုကာ လိုက်ပါလျက် သူ့နောက်မှ မစိန်းသည် တဘက် အဖြူကလေးတစ်ခု ကို တင်ကာ ညှိုးငယ်သော မျက်နှာနှင့် လိုက်ပါလာလေသည်။ ၎င်းနောက်မှ ထောင်သားတစ်ယောက်က ပေါက်ပြားတစ်လက်ကို ထမ်း၍ လိုက်ရ၏။

သင်္ချိုင်းတွင် တွင်းငယ်တစ်ခု တူးစေပြီးနောက် ရှေ့မှ ကြေးစည်ရိုက်၍ လိုက်လာသော ထောင်သားကြီးသည် ငါးပါးသီလနှင့် တကွ သရဏဂုံကို ရွတ်ဆိုကာ အပြီး၌ ကျွန်ုပ်လည်း 'ခေါင်း' ကို မြေတွင်းထဲသို့ ဖြည်းညင်းစွာ ချလိုက်လေသည်။

ဤသို့ဖြင့် အသုဘကိစ္စမှာ အပြီးသို့တိုင် ရောက်လာလေသတည်း။

ကျွန်ုပ်သည် မနန်းညွန့်ထက် ၅ လမျှစော၍ ထောင်မှ လွတ်ခဲ့ရာ၊ ထောင်မှ ထွက်ခါနီးတွင် မနန်းညွန်က ကျွန်ုပ်အတွက် စရိတ် ၁၀၀၀ ယူသည်မှာ အလွန်နည်းလှကြောင်း၊ သို့ဖြစ်၍ ဦးရန်ဝေးထံမှ နောက်ထပ် ၁၀၀၀ တောင်းယူရန် ပြောသေး၏။ သို့သော် ကျွန်ုပ်က လက်မခံလိုက်ချေ။ ရာဇဝတ်မှု တစ်ခုပင် ဖြစ်လင့်ကစား ဒုက္ခရောက်နေသော မိန်းမသားတစ်ဦး၏ အလို ဆန္ဒကို အသိုင်းအဝိုင်းဖြင့် ဆင်းရဲဒုက္ခခံကာ စွန့်စွန့်စားစား ဖြည့်လိုက်ရခြင်း ကိုပင် ကျွန်ုပ် နှစ်သိမ့်လျက်ရှိ၏။ ဤကိစ္စမှာ ရာဇဝတ်မှု တစ်ခုဖြစ်သည်ဟု ဥပဒေအရ ယူဆစေကာမူ၊ တိုင်းပြည်၏ ငြိမ်သက်မှုကိုလည်းကောင်း၊ အုပ်ချုပ်

ရေးကိုလည်းကောင်း တစ်စုံတစ်ရာ ထိခိုက်ခြင်း မရှိသဖြင့် မတတ်သာသည့် အခြေအနေတွင် ကျူးလွန်ခြင်းသည် အပြစ်မရှိဟု ကျွန်ုပ်ယူဆ၏။

ထောင်မှ လွတ်မြောက်ပြီးနောက် တစ်လခန့်ကြာသောအခါ ကျွန်ုပ်လည်း ခြေသလုံး အိမ်တိုင်နေရမည့် ဇာတာပါရှိသူ တစ်ယောက်ဖြစ်သည့် အတိုင်း ပြည်မြို့မှ ကွမ်းခြံကို ရောင်းချကာ အထက်အညာ ကျေးလက်သို့ ပြန်ခဲ့သဖြင့် မနန်းညွန့်နှင့် နောက်ထပ် မတွေ့ရတော့ချေ။

မနန်းညွန့်မှာ ထောင်ထဲတွင် ကလေးဆုံးသွားကြောင်း လူသိနတ်ကြား သက်သေပြနိုင်သဖြင့် ယောက်ျား ဖြစ်သူကလည်း တစ်စုံတစ်ရာ ပြောဆိုနိုင်တော့မည် မဟုတ်ချေ။ သို့သော် ပြည်မြို့ထောင် သင်္ချိုင်းတွင် ကျွန်ုပ်တို့ မြှုပ်နှံလိုက်သော ကလေးမှာ ဖယောင်းရုပ်မျှသာဖြစ်၍ ဤမှတ်တမ်းကို ကျွန်ုပ် ရေးသားသော အချိန်၌ မနန်းညွန့်၏ ရင်သွေး သားကလေးမှာ ရှမ်းပြည်ရှိ ဆွေမျိုးများလက်တွင် ကျန်းမာစွာ ရှိနေလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါကြောင်း။

◆

# ရတနာပုံ မောင်မောင်ကလေး

ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ ၂ နှစ်ခန့်က ကျွန်ုပ်သည် တရားမျှတ ခြင်း မရှိသော မြို့အုပ်တစ်ယောက်ကို ခပ်နာနာကလေး ဆုံးမမိသဖြင့် မန္တလေး ထောင်၌ ထောင်နန်းစံလျက်ရှိစဉ်၊ တစ်နေ့သ၌ အကျဉ်းသား ငမှင်ဆိုသူသည် ကျွန်ုပ်ထံ လာရောက်ကာ သေဒဏ်မှ တစ်သက်တစ်ကျွန်း (အနှစ် ၂၀) အပြစ် ဒဏ်သို့ ပြောင်းလဲပေးခြင်းခံရသော အကျဉ်းသားတစ်ယောက်၏ 'ဇာတ်လမ်း' ကို ပိုက်ဆံပေး၍ ဝယ်ယူကာ ရနိုင်ကြောင်းဖြင့် ပြောဆိုလေသည်။

ကျွန်ုပ်မှာ ကြိုးစင်သို့ တက်ရအံ့ဆဲဆဲ အကျဉ်းသားများ ထံမှလည်း ကောင်း၊ တစ်သက်တစ်ကျွန်း ကျခံရသူများထံမှလည်းကောင်း သူတို့၏ဘဝ ဇာတ်လမ်းအမျိုးမျိုးကို စုဆောင်းခဲ့ရာ ထိုသူများသည် အများအားဖြင့် ကျွန်ုပ် က တောင်းဆိုသည့်အခါမျိုးတွင် သူတို့၏ အတ္တုပ္ပတ္တိများကို စိတ်ရောကိုယ်ပါ ပေးတတ်ကြသဖြင့် ကျွန်ုပ်က ငွေဖြင့် ဝယ်ယူရသည်ဟူ၍ မရှိခဲ့ဖူးချေ။ သို့သော် ယခုကိစ္စမှာ ငွေပေး၍ ဝယ်ရမည်ဆိုသဖြင့် ကျွန်ုပ်အတွက် အထူးအဆန်းတစ်ခု ဖြစ်၍နေပေသည်။ သို့သော် မည်သို့ပင်ဖြစ်စေ၊ အကယ်ဖြစ်ပျက်သော အဖြစ် အပျက်မှန်တစ်ခုဖြစ်က ကျွန်ုပ်တတ်နိုင်သမျှသော ငွေဖြင့် ဝယ်ယူတော့မည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်၏။

"ဘယ်သူလဲကွယ့် ပြောစမ်းပါဦး"

"တစ်နေ့ကပဲ အမိန့်ပေးလိုက်တဲ့ လူပေါ့ ဆရာ၊ နာမည်က ရတနာပုံ မောင်မောင်ကလေးတဲ့"

"နာမည်က အတော်ဆန်းပါကလားဟေ့"

"ဆန်းဆို သူက မင်းညီမင်းသား အဆက်အနွယ်ထဲကဆို ထင်ပါရဲ့ ဆရာ"

"သူ့အကြောင်းသူ ပြောပြတာများ ပိုက်ဆံလိုချင်ရသေး သတဲ့လား မောင်မှင်ရဲ့"

"ဟုတ်ကဲ့၊ လိုချင်တာ ပြောတယ်ဆရာ ... ဆရာ့အကြောင်းကိုလည်း သူ နည်းနည်းပါးပါး ကြားဖူးလေတော့ ဒီအကြောင်း ဦးဘိုးထော် ပြောပေးပါဆိုပြီး ကျွန်တော့်ကို အပြောခိုင်းတယ်"

"ဘယ်လောက်လိုချင်သတဲ့လဲ"

"ဒီဟာတော့ မပြောလိုက်ဘူး ခင်ဗျ၊ ကျွန်တော်လည်း မေးမကြည့်မိဘူး။ ဆရာနဲ့ တွေ့တော့ မေးကြည့်တာပေါ့ ဆရာ"

"ငါ့မှာလည်း များများစားစား မရှိဘူးကွယ်၊ ကိုင်းလေ ... ရှိသမျှ ပေးရတာပေါ့၊ မင့်လူသာ ပြောလိုက်ပေတော့"

ထိုည၌ ကျွန်ုပ်သည် သာမန် အကျဉ်းသမား မောင်မှင်၏ စီစဉ်ချက်နှင့် ထောင်မှူးကြီးခွင့်ပြုချက်အရ၊ ရတနာပုံမောင်မောင်ကလေးဆိုသူနှင့် ၁၀ မိနစ်ခန့် တွေ့ဆုံခွင့်ရခဲ့သည်။

မောင်မောင်ကလေးမှာ အသားလတ်၍ အရပ် ၅ ပေ ၆ လက်မ ခန့် ရှိပြီးလျှင် ဆံပင်ရှည်ထားသူဖြစ်၏။ နက်မှောင်ထူထပ်သော မျက်ခုံးမွေး၊ နက်မှောင်သော မျက်လုံး၊ ခပ်ပါးပါးနှင့် ခပ်စေ့စေ့ ရှိနေသည့် ပါးစပ်ရှိ၍ အထူးသဖြင့် ၎င်း၏ နက်မှောင်သော မျက်လုံးများမှာ လျှို့ဝှက်နက်နဲမှု တစ်စုံတစ်ရာကို သိုသိပ်၍ ထားသကဲ့သို့လည်းကောင်း၊ မျက်လုံး၏ အရောင်တောက်ပုံမှာ ရဲစိတ်ရဲမာန်ကို ပြ၍ နေဘိသကဲ့သို့လည်းကောင်း ကျွန်ုပ် အကဲခတ်မိသည်။ မောင်မောင်မှင်က မိတ်ဆက်ပေးသောအခါ သူသည် ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်သည်။ သျှောင်ကို ခပ်စောင်းစောင်း ထုံးကာ ပိတ်လုံကွင်းနှင့် ပင်နီအင်္ကျီလက်ရှည်ကို ဝတ်ထားရာ သာမန် အကျဉ်းသားတစ်ယောက်နှင့်မတူ မင်းသားကြီးတစ်ယောက်နှင့်တူသည်ဟု ကျွန်ုပ် ထင်မိသည်။ သာမန်အရပ်အမောင်းမျှသာ ရှိသော်လည်း ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၍ ခြေတန်လက်တန် ကောင်းလှသည်။ အလုံးစုံခြုံ၍ အကဲခတ်သော် သူသည် လူသာမန်တစ်ယောက် မဟုတ်ကြောင်း ကျွန်ုပ် သတိပြုမိသည်။ အသက်ကား လေးဆယ်၏ ပတ်ဝန်းကျင်၌ ရှိလိမ့်မည်ဟု ကျွန်ုပ် ခန့်မှန်းမိသည်။

http://www.cherrythitsar.org


သူသည် ကျွန်ုပ်အား နေရာထိုင်ခင်းပေးပြီးနောက် "နောင်ကြီးက ထောင်ဗဟုသုတတွေကို အတော်ကလေးစုဆောင်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ သတင်းကြားပါတယ်"

"ဟုတ်တယ် ကိုမောင်ကလေး"

"ကောင်းပါတယ် ခင်ဗျာ၊ ဗဟုသုတဆိုတာ ဘယ်လိုဗဟုသုတမျိုးမှ အချည်းနှီးမဖြစ်ဘူး။ သူ့နေရာနဲ့သူ အသုံးကျတာပေါ့ ဗာဟုသစ္စဥ္စသိပ္ပဥ္စ၊ ဝိနယောစ၊ သုသိက္ခိတော သုဘာသိတာစ ယာဝါစာ ဧတံမင်္ဂလ မုတ္တမံဆို မဟုတ်လား ခင်ဗျ။ ကျွန်တော်တို့ မင်္ဂလာတရားမှာလည်း အရှိသားပဲ"

"ဟုတ်ပါတယ် ... ကျုပ်က ဒီဟာမျိုးတွေ သိပ်ဝါသနာ ထုံတယ် ကိုမောင်ကလေးရဲ့"

"ကျွန်တော့် အဖြစ်အပျက်ကလေးက မထူးဆန်းဘူးထားဦး၊ သေသေချာချာ တွေးကြည့်ရင် ရယ်စရာလည်း ကောင်း၊ တရားရစရာလည်း ကောင်းဆိုသလို ဖြစ်နေတယ် နောင်ကြီးရဲ့"

"ဒီအတွက် ခင်ဗျားက ငွေလိုချင်တယ်ဆို"

"ဟုတ်ပါတယ် နောင်ကြီးခင်ဗျာ ... ကျွန်းကို မသွားခင် ကျွန်တော်ချစ်တဲ့လူကို ငွေကလေး နည်းနည်းပါးပါးလောက်ပေးချင်ခဲ့တဲ့စိတ်ရှိလေတော့ ကျွန်တော်လည်း ကြံမိကြံရာ ကြံတာပါပဲ"

"ဘယ်လောက်လိုချင်လို့လဲ ကိုမောင်ကလေးရဲ့"

"ကျွန်တော်က ဘယ်ရွှေ့ဘယ်မျှလို့ မဆိုလိုပါဘူး ခင်ဗျာ ... နောင်ကြီး တတ်နိုင်သမျှ မ,စဖို့ပါပဲ"

ထိုအခါ ကျွန်ုပ်လည်း ဟုတ်တိုင်းမှန်ရာ ထုတ်ဖော်ပြောလိုက်မိ၏။ အဘယ်ကြောင့်ဆိုသော် သူ၏အဖြစ်အပျက်မှာ ထူးဆန်းသည် မထူးဆန်းသည်ကို အပထား၍ ကျွန်ုပ်၏ မှတ်တမ်းမှာ ဤကဲ့သို့ လူမျိုးတစ်ယောက်၏ အတ္ထုပ္ပတ္တိမှန် တစ်ခု လွတ်သွားမည်ကို စိုးရိမ်မိသည်။

သို့နှင့် ကျွန်ုပ်က .... "ဒီလိုလေ ... ကိုမောင်ကလေး၊ ကျုပ်မှာ ဆင်းဆင်းရဲရဲနဲ့ စုဆောင်း ထားတဲ့ ငွေကလေး ၃၀၀ ကျပ် ထောင်မှူးကြီးဆီမှာ အပ်ထားတာတော့ရှိတယ်။ ဒီဟာပဲ ယူပေါ့ဗျာ ... ဘယ်နှယ့်လဲ"

"ကျေးဇူးပါပဲ ခင်ဗျာ ... ဒီလောက်ဆိုရင် ကျွန်တော် ကျေနပ်တာ ထက်တောင် ပိုပါသေးတယ်"

"ကိစ္စ မရှိပါဘူးလေ"

"ဒါထက် သေတဲ့လူကို ကိုယ်တိုင်မသတ်ရဘဲနဲ့ သက်သက် အကုသိုလ်ကံ ဖိစီးလို့ ခံရတဲ့အမှုမျိုး နောင်ကြီး ဘယ်နှစ်မှု တွေ့ဖူးလဲ"

http://www.cherrythitsar.org



ကျွန်ုပ်က စဉ်းစားပြီးနောက် .... "နှစ်မှု တွေ့ဖူးတယ်"

"ကျွန်တော့်အမှု အကြောင်းလည်း နောင်ကြီး ကြားတန်သရွေ့ ကြားပြီးရောပေါ့။ အဒေါ်လုပ်တဲ့လူကို သတ်ပြီး ပစ္စည်းယူတယ် ဆိုတဲ့ အမှုပေါ့ ခင်ဗျာ။ ဖြစ်ပုံကလေးက အတော်ရယ်စရာ ကောင်းတယ်ခင်ဗျ"

"ကိုင်းလေ ... ကိုမောင်ကလေး အမှု အစကစပြီး ပြန်ပြောစမ်းပါဦး"

သို့နှင့် ကိုမောင်ကလေးသည် ဘုရားကို အာရုံပြုကာ ငါးပါးသီလ ကို ခံယူပြီးနောက် သူသည် မဟုတ်မမှန် လည်ဆယ်ပြောဆိုက အပါယ်ငရဲတွင် တစ်ကမ္ဘာခံရ၍ အကယ်၍ ဟုတ်မှန်သည့်အတိုင်း ပြောဆိုက ကောင်းရာသုဂတိ သို့ လားပါစေသားဟု သစ္စာအဓိဋ္ဌာန်ပြုကာ သူအပြစ်ခံရသော အမှုအကြောင်း ကို ပြောပြလေသည်။

*

ဤအမှု မဖြစ်ပွားမီ နှစ်ပေါင်း ၃၀ ခန့်လောက်က အမရပူရမြို့၏ အနောက်ဘက် ဧရာဝတီ မြစ်ကမ်းနဖူးနှင့် မနီးမဝေးရှိ ခြံကြီးတစ်ခြံတွင် အသက် ၃၀ ကျော်ခန့်ရှိ 'ရတနာပုံ ခင်လေးကြီး' ဆိုသူသည် တူဝမ်းကွဲ ကလေး နှစ် ယောက်နှင့် အတူလာရောက် နေထိုင်ခဲ့သည်။ ခင်လေးကြီးမှာ ကြော့ရှင်း ပြေပြစ်သော ရုပ်ရည်ရှိ၍ မဟာဆန်လှသော အမူအရာရှိလေရာ၊ မိန်းမများ၏ လှပသော ရုပ်အဆင်း၏ ဂုဏ်သတင်းတို့ မည်သည် အချိန်မကြာမီ ပျံ့နှံ့သွား တတ်သည့်အတိုင်း ရပ်ဝေးရပ်နီးမှ သူဌေးသူကြွယ်များ၊ ပိုက်ဆံရှိ မုဆိုးဖိုများ၊ မင်းပိုင်း စိုးပိုင်းမှ အရာရှိ အရာခံများတို့သည် ခင်လေးကြီးရှိရာသို့ တဖွဲဖွဲ ပျံ့ဝဲလာကြကုန်၏။ သို့သော် ခင်လေးကြီးသည် ထိုသူများအား မိမိသည် ပထမ အိမ်ထောင်ပျက်သည်မှ စ၍ နောက်ထပ် အိမ်ထောင်ပြုရန် စိတ်မကူး ကြောင်းဖြင့် ပြောဆိုကာ ချိုသာစွာ ငြင်းပယ်ခြင်း ခံကြရလေသည်။

ခင်လေးကြီးမှာ မိတ်ဆွေသင်္ဂဟများနှင့် ဓာတ်သိသော အိမ်နီးနား ချင်း အချို့အား အလွန်ကြီးလေးသော အတိုးနှုန်းများဖြင့် ငွေချေးခြင်းမှ တစ်ပါး အခြားပြောပလောက်သော အလုပ်အကိုင်ဟူ၍ မရှိချေ။ သို့သော် မန္တလေးမြို့သို့ တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် သွားရောက်ကာ အပြန်တွင် ငွေကြေး အတော်အတန် ပါလာခဲ့လေသည်။ အမှန်သော် ခင်လေးကြီးသည် မြို့သို့တက်ကာ အဖိုးတန် ပစ္စည်းတစ်စုံတစ်ရာကို သွားရောက် ရောင်းချဟန်တူ သည်။ အဘယ်ကြောင့်ဆိုသော် မြို့သို့သွား၍ ပြန်လာသည့်အခါတိုင်း ငွေကြေး အနည်းနှင့်အများ ပါလာသည်ချည်းသာ ဖြစ်ချေသည်။ သို့ဖြစ်၍ ခင်လေးကြီးမှာ ကျောက်သံပတ္တမြား စသည့် အဖိုးတန် လျှို့ဝှက်သော ပစ္စည်းအမြောက်အမြား ရှိရမည်ဟု တွေးထင်ကြလေသည်။

http://www.cherrythitsar.org



ခင်လေးကြီး၌ သူနှင့်အတူနေသော တူ နှစ်ယောက်ရှိ၍ ထိုအခါက အကြီးမှာ ၁၂ နှစ် အငယ်မှာ ၉ နှစ်အရွယ်မျှသာရှိသေး၏။ ယင်းတို့မှာ ညီ အစ်ကိုအရင်းများ မဟုတ်ကြသော်လည်း ရုပ်ရည်ချင်း ခပ်ဆင်ဆင် တူ၍ အကြီးအား ရတနာပုံ မောင်မောင်ကြီးဟူ၍ လည်းကောင်း၊ အငယ်အား ရတနာ ပုံ မောင်မောင်ကလေးဟူ၍ လည်းကောင်း အမည်ပေးထားလေသည်။ ဤသို့ ဖြင့် မောင်မောင်ကြီးနှင့် မောင်မောင်ကလေးတို့မှာ ခင်လေးကြီးလက်အောက် တွင် ကြီးပြင်းကာ လူလားမြောက်၍ လာကြရသည်။

အကြီးဖြစ်သူ မောင်မောင်ကြီးမှာ အပြောချို၍ အတော်အတန် နှစ်လို ဖွယ်ကောင်းသော ရုပ်အဆင်းရှိသော်လည်း မောင်မောင်ကလေးအပေါ်၌ သာ မက အခြားအပေါင်း အဖော်ကလေးများအပေါ် နိုင်လိုမင်းထက် ပြုလုပ်လိုခြင်း၊ လောဘကြီးခြင်း၊ လက်တုန့်ပြန်ခြင်း၊ ရန့်ရင်း ကြမ်းတမ်းခြင်း၊ လျှို့ဝှက်မျိုသိပ် ခြင်း အစရှိသော လက္ခဏာများရှိ၏။ မောင်မောင်ကလေးမှာမူ ပွင့်ပွင့်လင်းလင်း ပြောတတ်၍ မဟုတ်မခံစိတ် ရှိခြင်း၊ စကားပြောမာကြောသလောက် တည့်မတ် ဖြောင့်မှန်ခြင်း စသော လက္ခဏာများနှင့် ပြည့်စုံလေသည်။ ဤသို့နှင့် ညီအစ်ကို အရင်းများမှ ပေါက်ဖွားခဲ့သော ညီအစ်ကို ဝမ်းကွဲများပင်ဖြစ်သော်လည်း မောင် မောင်ကြီးနှင့် မောင်မောင်လေးတို့မှာ စိတ်သဘောချင်းမတူဘဲ ရှိခဲ့၏။ သို့သော် အတွင်းပင် ကောက်သော်လည်း နှုတ်ချိုသော သူတို့မည်သည် အုပ်ထိန်းသူ များ၏ ချစ်ခင်ခြင်းကို ခံရတတ်သည့်အတိုင်း ခင်လေးကြီးမှာ မောင်မောင်ကြီး အပေါ်တွင် မောင်မောင်ကလေးထက်ပို၍ မျက်နှာသာပေးခဲ့လေသည်။

ဤနည်းအားဖြင့် ညီနောင် နှစ်ဖော်တို့မှာ တဖြည်းဖြည်း ကြီးပြင်း လာခဲ့ရာ အရွယ်ရောက်လာသောအခါ လင်သားမရှိသော အဒေါ်ခင်လေးကြီး အား များစွာ အထောက်အပံ့ရစေခဲ့လေသည်။ သို့သော် အကြီးဖြစ်သူ မောင် မောင်ကြီးမှာ အိမ်တွင် အထောက်အပံ့ရသည်ထက် အနှောင့်အယှက်က ပို၍ များခဲ့၏။ အဒေါ်ဖြစ်သူ၏ ကုတ်ကုတ်ကပ်ကပ် ပေးသော ငွေများကို မောင် မောင်ကြီးသည် ထန်းရည်သောက်ခြင်း၊ ဖဲကစားခြင်း၊ ကြက်တိုက်ခြင်းများဖြင့် သုံးစွဲပစ်၏။ မကြာခဏ အပေါင်းအဖော်များနှင့် ရန်ဖြစ်သဖြင့် လျော်ကြေးပေးခဲ့ ရသည့် အကြိမ်ပေါင်းလည်း မနည်းလှပေ။ မောင်မောင်ကလေးမှာမူ အဒေါ်၏ အလုပ်များကို ကူညီလုပ်ကိုင်ကာ အိမ်တွင် အနေများသလောက် ခင်လေးကြီး ၏ ဆုပူကြိမ်းမောင်းခြင်းကို ခံရ၏။ ဤသို့ဖြင့် ရတနာပုံ ခင်လေးကြီးတို့ အိမ်သားစုမှာ ဘဝခရီးကို သွားလျက်ရှိကြလေသည်။

ယခုရေးသား ဖော်ပြသော အချိန်၌ ခင်လေးကြီးမှာ အသက် ၅၄ နှစ်၊ မောင်မောင်ကြီးမှာ ၃၈ နှစ်၊ မောင်မောင်ကလေးမှာ ၃၅ နှစ်မျှ ရှိခဲ့လေပြီ။ သို့သော် ထိုအချိန်ထိ ညီအစ်ကို ၂ ယောက်တို့မှာ အိမ်ထောင်မပြုကြသေးပေ။

ကြည်လင်သာယာသော မိုးကောင်းကင်တွင် မိုးသားတိမ်လိပ်များ သန်း၍လာသကဲ့သို့ ကံကြမ္မာသည် ခင်လေးကြီးတို့ အိမ်သားစုပေါ်သို့ ကျရောက်လာလေသည်။ ခင်လေးကြီးနှင့် တစ်ခေါ်လောက်ဝေးသော နေရာတွင် အကောက် ဦးအိုဇာ ဆိုသူတစ်ယောက် နေထိုင်ရာ ဦးအိုဇာ၏ဇနီး သေဆုံးသွားသည်တွင် အိမ်ထောင်ကို ဆက်လက်ထိန်းသိမ်းရန်၊ ဦးအိုဇာတွင် သားထောက် သမီးခံ မကျန်ရစ်ခဲ့သဖြင့် မန္တလေးမြို့မှ တူမတော်စပ်သော မမြကလေး ဆိုသူ တစ်ယောက်အား ခေါ်ယူထားရှိလေသည်။

ဦးအိုဇာအိမ်သို့ မမြကလေး ရောက်ပြီးနောက် ၃ လခန့်မျှ ကြာရှိသောအခါ တစ်နေ့သ၌ မမြလေးသည် အပေါင်းအဖော်များနှင့် ဈေးဝယ်ရာမှ ပြန်လာစဉ် ခွေးရူးတစ်ကောင်သည် နွားတစ်ကောင်ကို ကိုက်ခဲ့ပြီးနောက် မမြ လေးတို့ လူအုပ်ရှိရာသို့ အတင်းပြေးဝင်လာလေသည်။ ထိုအချိန်၌ မောင်မောင် ကလေးမှာ လှည်းယဉ်ကို မောင်းလာလျက် မမြကလေးတို့ လူအုပ်ရှေ့နားတွင် ရောက်လျက်ရှိ၏။ မမြကလေးမှာလည်း အဖော်များနှင့် ကွဲပြီးလျှင် လှည်းယဉ် ဆီသို့ ပြေးလာရာ ခွေးရူးမှာ လူအုပ်ကို ထားခဲ့ပြီးနောက် မမြကလေး နောက်သို့ ထက်ကြပ်လိုက်လာလေသည်။ ထိုအခါ မောင်မောင်ကလေးသည် လှည်းယဉ် ကို ခွေးရူး ရှေ့တည့်တည့် ရုတ်တရက် လှည့်၍ရပ်ခံ ခံလိုက်ပြီးနောက် လှည်း ထောက်ကို ကိုင်ကာ အောက်သို့ ခုန်ဆင်းလိုက်လေသည်။ မမြကလေးသည် ကြောက်အားလန့်အားနှင့် လှည်းယဉ်ပေါ်သို့ နောက်မှ ခုန်တက်လိုက်၏။ ခွေးရူးသည် မမြကလေးကို မျက်ခြည် ပြတ်သွားသောအခါ လှည်းယဉ်တွင် တပ်ထားသော နွားတစ်ကောင်၏ လက်ပုံကို ဝင်၍ခဲလေသည်။ သို့သော် တာ ရှည်စွာ မခဲနိုင်ချေ။ မောင်မောင်ကလေး၏ လှည်းထောက်ဖျားတွင် အသက်ပါ၍ သွားခဲ့သည်။

ဤနေရာ၌ပင် မောင်မောင်ကလေးမှာ 'ဟီးရိုး' ဖြစ်၍ သွားခဲ့လေပြီ။

မောင်မောင်ကလေးသည် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် တဆတ် ဆတ် တုန်နေသော မမြကလေးအား လှည်းယဉ်ကလေးဖြင့် အိမ်ကို လိုက်ပို့ရာ မမြကလေးက "ကျေးဇူးတင်လိုက်တာ မောင်ကြီးရယ်၊ မောင်ကြီးသာ မကယ်ရင် မြကလေးတော့ သေပြီးသားပဲ" ဟူ၍ လည်းကောင်း၊ မောင်မောင် ကလေးက "ဩော် ... နာမည်က မြတဲ့လား၊ နာမည်နဲ့ ရုပ်ကလေးဟာ သိပ် လိုက်တာပဲ။ ဒီလိုပါ မြရယ်၊ ဒါဟာ မောင်ကြီးတစ်ယောက်သာ ထူးထူးချွန်ချွန်

http://www.cherrythitsar.org



လုပ်ဝံ့တဲ့ အလုပ် မဟုတ်ပါဘူး။ ဒီလောက်တော့ ဘယ်ယောက်ျားမဆို လုပ်ဝံ့တာပါ။ မပြောပလောက်တဲ့ ဟာကလေးနဲ့ ကျေးဇူးစကားတွေ ပြောမနေစမ်းပါနဲ့" ဟူ၍လည်းကောင်း အပြန်အလှန် အချိတ်အဆက် စကားလေးများ ပြောခြင်းဖြင့် တစ်ယောက်ကိုတစ်ယောက် မေတ္တာဓာတ် သက်ရောက်နေကြပြီဖြစ်ကြောင်း အချင်းချင်း နားလည်ကြလေပြီ။

ထိုနေ့မှစ၍ မောင်မောင်ကလေးသည် ဝတ်ကောင်းစားလှများဖြင့် မမြကလေးတို့ အိမ်ရှေ့သို့ လမ်းသလားခြင်း၊ လှည်းယဉ်ကို ဟန်ပါပါ မောင်းနှင်ခြင်း၊ မြင်းကို 'လမ်းတိုး' စီးကာ လူလုံးပြခြင်းများဖြင့် ရက်အနည်းငယ်ခန့် အတွင်းတွင် သမီးရည်စားအဖြစ်သို့ ရောက်ခဲ့ကြလေ၏။

ရတနာပုံ မောင်မောင်ကလေးနှင့် မမြကလေးတို့၏ ရည်းစားဘဝကား လက်ဦးအစတွင် အတွေ့ကောင်းသလောက် ချောမောခြင်း မရှိချေ။ မမြကလေး၏ ဦးလေး ဦးအိုဇာသည် ကြက်တိုက်ခြင်းတွင် အထူးဝါသနာ ထုံသည့်အလျောက် မောင်မောင်ကြီးနှင့် မိတ်ဆွေဖြစ်ကာ ... မောင်မောင်ကြီးအား အိမ်သို့ ဖိတ်ခေါ်ခဲ့ရာမှ အစ မောင်မောင်ကြီးသည် အပြောအဆို လိမ္မာယဉ်ကျေး၍ ရုပ်ရည်ချောမောလှပသော မမြကလေးအပေါ်တွင် မျက်စိကျခဲ့လေသည်။

မောင်မောင်ကြီးသည် ပေါင်းသင်းဆက်ဆံမှုတွင် အလွန်လိမ္မာ၍ ပါးနပ်ဖျတ်လတ်သူ တစ်ယောက်ဖြစ်သည့်အတိုင်း ဦးအိုဇာအား မိမိတတ်အားသမျှ ငွေကြေးများဖြင့် ထောက်ပံ့ခြင်း၊ အရက်သေစာ တိုက်ကျွေးခြင်း၊ တိုက်ကြက်များ လက်ဆောင်ပေးခြင်းဖြင့် အခွင့်အရေးအတော်အတန် ရရှိခဲ့၏။ သို့ရရှိသောအခါ မောင်မောင်ကြီးသည် တစ်ဆင့်တက်လျက် ဤအသက်အရွယ်ထိ မိမိလူပျိုကြီး လုပ်လာခြင်းမှာ မိမိသဘောကျ မိန်းကလေးများကို မတွေ့သေးသဖြင့်ဖြစ်ကြောင်း၊ လိမ္မာရေးခြား အိမ်ထောင်သိမ်းတတ်သူများကို တွေ့က လက်ထပ်လိုကြောင်း၊ ယင်းကဲ့သို့ မိန်းကလေးမျိုးတွေ့က မိမိအား ညွှန်ကြားစေလိုကြောင်း၊ မိမိမှာ ယခုအခါ ဆင်းရဲဟန်ရှိသော်လည်း ခင်လေးကြီး သေဆုံးက အမွေမြောက်မြားစွာ ရရှိကြောင်း၊ ထိုမျှသာမကသေး ခင်လေး ကြီးမှာ မိမိအား အရေးပို၍ ပေးပြီးလျှင် ပို၍ ချစ်ခင်သဖြင့် အမွေကို မိမိကပို၍ ရရန်ရှိကြောင်းဖြင့် 'ဆွယ်' တရားဟောလျက် ရှိလေသည်။

ဤသို့ဖြင့် တစ်လခန့်ကြာသောအခါ ဦးအိုဇာသည် မောင်မောင်ကြီး အပေါ်တွင် အထင်အမြင် ကြီးသည်ထက် ကြီးလျက် အကယ်၍ မိမိ၏ တူမ မမြကလေးကသာ သဘောတူညီခြင်း ရှိပါက လက်ထပ်ပေးပါမည့်အကြောင်း နှင့် ကတိပေးလေသည်။

http://www.cherrythitsar.org



ထိုနေ့မှစ၍ ဦးအိုဇာသည် တူမဖြစ်သူ မမြကလေးအား မောင်မောင်ကြီး၏ ဂုဏ်ပုဒ်များကို ဖော်ထုတ်ကာ နားချလျက်ရှိတော့၏။ သို့သော် မမြကလေးမှာ မောင်မောင်ကြီးအပေါ်တွင် မည်သည့်နည်းနှင့် မေတ္တာမမျှနိုင်ကြောင်း တွေ့ရသဖြင့် ဦးလေးဖြစ်သူကို အားနာလျက်နှင့်ပင် သူ၏စကားကို နားမထောင်နိုင်အောင် ရှိခဲ့လေသည်။ အကြိမ်ကြိမ် နားချသောအခါ၌မူ မမြကလေးက မိမိမှာ ယောကျ်ားသနာရပါက ဦးလေးအား ဆက်လက်ပြုစုနိုင်မည်မဟုတ်သဖြင့်၊ ယခုကဲ့သို့ပင် ပြုစုစောင့်ရှောက်ကာ နှစ်နှစ်၊ သုံးနှစ်မျှ ဆက်လက်နေထိုင်သေးကြောင်းဖြင့် မလိမ့်တစ်ပတ်ငြင်းပယ်ခဲ့၏။ မောင်မောင်ကလေးက မမြ ကလေးအား စတင်ဆုံတွေ့သည့်အချိန်မှာ ယင်းသည့် အချိန်အတွင်း ဖြစ်လေ သည်။ မောင်မောင်ကလေးကမူ ထိုအကြောင်းကို တစ်စုံတစ်ရာ မသိရှိခဲ့ချေ။

*

တစ်နေ့သ၌ မောင်မောင်ကြီးသည် ရတနာပုံ ခင်လေးကြီး စာဖတ်နေသော အခန်းထဲသို့ဝင်ရောက်ကာ တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ အခန်းပြင်သို့ ပြန်ထွက်သွားလေသည်။ ခင်လေးကြီးသည် မောင်မောင်ကြီး၏ မျက်နှာကို ရိပ်ခနဲ မြင်လိုက်သခြင့် ပါးနပ်သော မိန်းမတစ်ယောက် ဖြစ်သည့်အတိုင်း ...

"ဟဲ့ ... မောင်မောင် ... မင်း ငါ့ကို ဘာပြောမလို့လဲ"

"ပြောတော့ ပြောမလို့ပဲ၊ နို့ပေမဲ့ ... မပြောတော့ပါဘူးလေ"

"မင်းက ဘာများ ဖြစ်နေပြန်ပြီလဲ ... ပြောစမ်းပါဦး"

"မောင်မောင်ကို ငွေနည်းနည်းပေးပါဦး ဒေါ်ဒေါ်"

"ဟင် ... ဘာကွယ့် ငွေနည်းနည်း ဟုတ်စ"

"ဟုတ်တယ် ... ဒေါ်ဒေါ်"

"နေပါဦး ... မင်းကို ငွေ ၅၀ ပေးထားတာ ဘယ်လောက်များ ကြာသေးလို့လဲ"

"အရင်လထဲကပဲ ဒေါ်ဒေါ်ရဲ့"

"အေးလေ ... မင်းကိုပေးတာ တစ်လ ၁၀ဝ ကျော်လောက် ကျနေတာပဲ မောင်မောင်ရဲ့၊ ဟိုအကောင်ကလေးကို ဒီလောက်မှ မပေးဘဲနဲ့"

"အောင်မယ် ... မောင်မောင်ကလေးများ ဒေါ်ဒေါ်က စကားထဲထည့်ပြောနေရသေးသလား၊ တကယ် အရေးအကြောင်းကျတော့ ဒီက အကောင်ကချည်း ဒိုင်ခံလုပ်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်လေ၊ ဒါကြောင့်လည်း ဘယ်နေရာမဆို ငါ့တူကို ပိုပြီး အခွင့်အရေး ပေးတယ်ဆိုတာ ငါ့တူအသိသားနဲ့ ... နေပါဦး မင်းလည်း သိပ်ပြီး သုံးဖြုန်းနေတာပဲ"

"အရင်တစ်နေ့က အပေါင်းအဖော်တွေနဲ့ ရွှေမြို့တော် ရောက်သွားတော့ ဝတ္တရားအတိုင်း ပြုစုတန်တဲ့လူ ပြုစု၊ ကျွေးမွေးတန်တဲ့ လူ ကျွေးမွေး၊ ပေးကမ်းတန်တဲ့လူ ပေးကမ်းဆိုသလို လုပ်လိုက်ရတာ ငွေရှစ်ဆယ်ကျော်လောက် ကုန်သွားတယ် ဒေါ်ဒေါ်၊ ဒါကြောင့် တောင်းတာပါ"

"ဒါကြောင့် မောင်မောင့်ကို အပေါင်းအသင်းတွေနဲ့ ပျော်လားပါး လား ၊ လည်လားပတ်လား ချည်းမနေဖို့ ဒေါ်ဒေါ် ပြောတာပါ၊ ကိုင်း ... ဒီလနောင်ထပ် မပေးတော့ဘူးဟေ့ ... ဒါပဲ ဒီဟာနဲ့ လောက်အောင်သုံး"

ခင်လေးကြီးသည် ခေါင်းအုံးအောက်မှ ငွေစက္ကူတစ်ရာတန် တစ်ချပ် မထုတ်ချင် ထုတ်ချင်နှင့် ထုတ်ပေးလိုက်သည်။ မောင်မောင်ကြီးသည် ငွေစက္ကူကို ယူလိုက်ပြီးလျှင် ရုပ်အင်္ကျီအိတ်ထဲသို့ ခေါက်၍ထည့်လိုက်လေသည်။ သို့ သော် အခန်းထဲမှ ထွက်မသွားသေးဘဲ ခင်လေးကြီး၏ မျက်နှာကို အကဲခတ် သည့် ဟန်ဖြင့် တစ်ခဏမျှ စိုက်ကြည့်လျက်ရှိသည်။

"ဒေါ်ဒေါ်"

"ဘာလဲ မောင်မောင်ရဲ့ အလန့်တကြား"

"ကျွန်တော် မိန်းမယူရင် ဘာလက်ဖွဲ့မလဲ"

ခင်လေးကြီးသည် အုံ့အားသင့်ကာ ပါးစပ်ကို မစေ့တစေ့ ထားပြီးနောက် ခပ်အုပ်အုပ် ရယ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် တူနှစ်ယောက် သည် ဤအသက်အရွယ်သို့ တိုင်အောင် မိန်းမအကြောင်းနှင့် ပတ်သက်၍ ခင်လေးကြီးအား မည်သည့်အခါမျှ စကားမပြောခဲ့ဖူးချေ။

"ဘယ်က မိန်းမများလဲ ... ကိုရွှေမောင်မောင်"

"အခုတော့ မသေချာ သေးဘူးပေါ့ဗျာ၊ သေချာတော့ ဒေါ်ဒေါ်သိရမှာပေါ့၊ နို့ပေမဲ့ လက်ထပ်တယ်ဆိုရင် ကျွန်တော်တို့က လက်ဖွဲ့မှလည်း ကောင်းမှာ ဒေါ်ဒေါ်"

"မဖွဲ့နိုင်ပါဘူး မောင်မောင်ရယ်၊ ဒေါ်ဒေါ့်မှာ ဘာပစ္စည်းရှိလို့ မောင် တို့ကို လက်ဖွဲ့ရမှာလဲ"

"မရှိရင် ရှိတာဖွဲ့ပေါ့ ဒေါ်ဒေါ်"

"ဘာရှိသလဲ ပြောစမ်းပါဦး၊ ဒေါ်ဒေါ့်မှာ ငွေဘယ်လောက်များ ရှိလို့လဲ"

"ငွေမရှိပေမယ့် မြေတို့၊ စိန်တို့၊ ပတ္တမြားတို့၊ ပုလဲတို့ရှိရင် ငွေရှိတာနဲ့ အတူတူပေါ့"

"ဟဲ့ ... မောင်မောင်"

"ဘာလဲ ဒေါ်ဒေါ်ရဲ့"

http://www.cherrythitsar.org


"ဒီပစ္စည်းတွေဟာ မောင်တော်ဘုရား စုထားခဲ့တဲ့ ပစ္စည်းတွေဆိုတာ မင်းသိတယ် မဟုတ်လား၊ မင်းတို့က ဘာများလုပ်ကိုင်ပေးလို့လဲ … အခု ဒီပစ္စည်းတွေ တဖြည်းဖြည်း ထုခွဲပြီး စားနေရလို့ ဒီလို ဣန္ဒြေမပျက် နေနိုင်တာ မဟုတ်လား … မင်းတို့ဟာ ဘာပညာမှလည်းမတတ်၊ ဘာမှလည်း လုပ်ဖော် မရ၊ ဒီမုဆိုးမကြီးရဲ့ ပစ္စည်းကို စားရုံနဲ့ အားမရလို့ဖွဲ့ပြီး ယူချင်သေးတယ်ပေါ့လေ ဟုတ်လား … မရဘူး မောင် … ကျုပ်လင်ရှာခဲ့တဲ့ ပစ္စည်း၊ မောင်တို့မိန်းမတောင်း ဖို့ ကျုပ်မပေးနိုင်ဘူး … ကျုပ်သေမှ မောင်တို့စားကြ"

"ဒီလိုဆိုရင် ကျွန်တော်မိန်းမရဖို့ ဒေါ်ဒေါ်က သေပေးရဦးမလို ဖြစ်နေ တာပေါ့"

"အေးလေ … ဘာပဲဖြစ်ဖြစ် ငါမသေခင် ငါ့ပစ္စည်းကို မပေးနိုင်ဘူး ဟော့ ရှင်းပြီလား"

"ရှင်းပါပြီဗျာ … ရှင်းတာမှ သိပ်ရှင်းတာပဲ"

ထို့နောက် မောင်မောင်ကြီးသည် ခြေကို ခပ်ပြင်းပြင်းနင်းကာ အခန်း တွင်းမှ ထွက်သွားလေသည်။

တစ်နေ့သော ညနေစောင်း၌ မောင်မောင်ကလေးသည် ဦးအိုဇာ၏ အိမ်ခြံနောက်ဖေးပေါက်မှ အမှတ်မဲ့ဝင်ရောက်ကာ ထမင်းဟင်းချက်ပြုတ်လျက်ရှိ သော မမြကလေးနှင့် စကားပြောဆိုလျက်ရှိ၏။ ထိုအချိန်၌ အိမ်တွင် ဦးအိုဇာ မရှိသဖြင့် ချစ်ခင်သူ နှစ်ယောက်တို့မှာ အတော်အတန်ကြာမြင့်စွာ စကားပြော ဆိုခွင့် ရခဲ့လေသည်။ မမြကလေးမှာ ယခင်ကကဲ့သို့ ပြုံးပြုံးရွှင်ရွှင်မရှိဘဲ၊ အလွန်ညှိုးငယ်သော မျက်နှာဖြင့် မောင်မောင်ကလေးအား မပြောချင် ပြောချင် ပြန်လှန်ပြောဆိုလျက် ရှိသည်ကို တွေ့ရသည်။

"မြ မျက်နှာ ကြည့်ရတာ အခုတစ်ခါ တယ်မသာပါကလား … မောင်ကို စိတ်ဆိုးသလား မြရဲ့၊ မောင့်မှာ ဘာများ အပြစ်ရှိလို့လဲ"

"မရှိပါဘူး မောင်၊ နို့ပေမဲ့ ဦးဦးက မောင်နဲ့ မြကို သဘောမတူတဲ့ အကြောင်း မနေ့က ဖွင့်ပြောတယ် မောင် … ဒီတော့ မြဖြင့် မောင်နဲ့ ဝေးရတော့ မယ် ထင်တယ်"

"အို … ဟုတ်လိုက်လေ မြရယ်၊ မြရဲ့ ဦးဦးက သဘောမတူတာနဲ့ မောင်တို့ ခွဲကြရမှာလား၊ မြ အသက် အခု ၂၆ နှစ်ရှိပြီဆို"

"ဟုတ်ပါတယ်"

"နှစ်ဆယ့်ခြောက်နှစ်ဆိုတာ စဉ်းစားတတ်တဲ့ အရွယ်ရောက်ပြီ မြရဲ့"

"ဟုတ်တာပေါ့၊ နို့ပေမဲ့ မြဟာ ကိုယ်ထင်သလို မလုပ်နိုင်ဘူး။ အအုပ် အထိန်း ရှိသေးတယ်ဆိုတာလည်း သတိရဦးမှပေါ့ မောင်"

http://www.cherrythitsar.org


"သြော် ... အအုပ်အထိန်းနဲ့ တစ်ခါ လှည့်တိုက်ပြန်တာလား၊ မြက ကျုပ်တို့ ဘိုးတော်ဘုရားလက်ထက် ထင်နေသေးသကိုး၊ အခု ကုလားမင်း လက်ထက် မြရဲ့၊ ကုလားမင်း ဥပဒေက မိန်းကလေးဟာ အသက် ၂၀ ကျော်ရင် ကိုယ့်သဘောအတိုင်း ကိုယ်ကြိုက်ရာ ယောကျ်ားကို ဘယ်သူက သဘောတူ သည် ဖြစ်စေ၊ မတူသည်ဖြစ်စေ ယူနိုင်ခွင့်ရှိတယ်။ ဘယ်နှယ့်လဲ မောင်ပြော တာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ နို့ပေမဲ့"

"နေပါဦး ... ဦးက မောင်နဲ့မြကို သဘောမတူနိုင်တာက ဘာကြောင့် လဲ"

"မောင် မသိသေးဘဲကိုး"

"မသိသေးပေါင်ဗျာ"

"တခြား ဟုတ်ပါရိုးလား မောင်၊ မောင့်အစ်ကို ဝမ်းကွဲဆိုတဲ့ မောင် မောင်ကြီးဆိုတဲ့ လူက ဦးဦးကို ကပ်ပြီး မြကို အရချိုင်နေတယ် မောင်ရဲ့၊ ဖဲ ကစားလိုက်၊ အရက်နဲ့မျှားလိုက်၊ ဖဲကစားလိုက်၊ ကြက်နဲ့မျှားလိုက် ဆိုသလို တဖြည်းဖြည်းနှူးပြီး သူလိုချင်တဲ့ ပန်းကို ခူးဖို့ ကြံစည်တယ် ဆိုပါတော့"

"မြက သိပ်စကားတတ်တာပဲဟေ့၊ အင်း ... အခုတလော အစ်ကို ကြီးဟာ ဒီအရပ်မှာ ကျက်စားနေတယ်ဆိုတာတော့ ကြားပါတယ်။ ဒါပေမဲ့ ဦးနဲ့ ဆက်သွယ်ပြီး မြကို ကြံနေတဲ့ အကြောင်းတော့ အခုပြောမှပဲ တပ်တပ် အပ်အပ် သိတော့တယ်။ ကောင်းပြီ ... ကောင်းပြီ ... ဂူတစ်ခုထဲမှာ ခြင်္သေ့နှစ် ကောင် အောင်းရိုး ထုံးစံမရှိဘူး မြရေ့၊ တစ်ယောက်ယောက်ကတော့ လမ်းဖယ် ပေးရလိမ့်မယ်"

"ပြီးတော့ တစ်ခုရှိသေးတယ် မောင်၊ ဦးဦးကို သူပြောပုံက သူ့လက် ထဲမှာ ငွေမရှိပေမယ့် လက်ဝတ်လက်စား လုပ်ဖို့ ကျောက်သံပတ္တမြားတွေ အမြောက်အမြား တင်ပါမယ်လို့ ... ပြောတယ် ဆိုပါကလား"

"သူ့မှာ ... ဘယ်ကလာပြီး ကျောက်သံပတ္တမြား ရမှာလဲ မြရယ်"

"မပြောတတ်ပါဘူး မောင်ရယ်၊ ဦးဦးကတော့ သူပြောသမျှ ယုံနေ တော့တာပါပဲ"

"ကိုင်း ... ဒီတော့ မြဘယ်လို လုပ်ချင်သလဲ"

"ဘာလဲ မောင်"

"ဘာရမှာလဲ မြရဲ့၊ မောင်တို့ ပေါင်းရဖို့ ကိစ္စပေါ့"

"အခုပြောပါပြီကော၊ မြတော့ ဦးဦးမျက်နှာကို အိုးမဲ မသုတ်ချင်ဘူး လို့"

http://www.cherrythitsar.org



"မောင်ပြောတဲ့ ခြသေ့်နှစ်ကောင်ဆိုတဲ့ အတိုင်းပါပဲ၊ ကိုင်း ... သွားဦးမယ် မြ ... အတော်လည်း မိုးချုပ်ပြီ"

မောင်မောင်ကလေးသည် တစ်စုံတစ်ခုကို စဉ်းစားသည့်ဟန်ဖြင့် အတန်ကြာ နှုတ်ဆိတ်လျက်ရှိနေပြီးနောက် မမြကလေးအား နှုတ်ဆက်ပြီးလျှင် နောက်ဖေးခြံပေါက်မှ မယောင်မလည် ထွက်ကာ အိမ်သို့ ပြန်ခဲ့လေ၏။

၁၀ ရက်ခန့် ကြာလတ်သော် တစ်နေ့သော ညနေစောင်း နေဝင်ရီတရောအချိန် မောင်မောင်ကလေးသည် အိမ်ဝင်းထဲတွင် ပေါင်းများကို ရှင်းလင်းလျက်ရှိစဉ် မောင်မောင်ကြီးသည် ခြံနောက်ဖေးပေါက်မှ ဒယိမ်းဒယိုင်နှင့် ဝင် လာ၏။

ခြံအတွင်းမှ မြက်အားလုံးကို ပေါင်းထိုးရန် ကုလားတစ်ယောက်အား ငှားရမ်းရာ ကုလားက ငွေနှစ်ကျပ်တောင်း၏။ ခင်လေးကြီးက တစ်ကျပ်ရှစ်ပဲဆစ်သဖြင့် ဈေးမတည့်သောကြောင့် ထိုကိစ္စမှာ မောင်မောင်ကလေးအပေါ်သို့ လုံးဝတာဝန်ကျရောက်ခဲ့လေသည်။

မောင်မောင်ကြီး ဝင်လာသောအခါ မောင်မောင်ကလေးသည် သစ်ငုတ်တို တစ်ခုပေါ်တွင်ထိုင်ကာ အမောဖြေရင်း ချွေးများကို သုတ်လျက်ရှိသည်။

ကြီး ။ ။ "ဟေ့ ... မောင်ကလေး နေဝင်လုပြီကွ၊ အဒေါ်ခိုင်းထားတဲ့ အလုပ်ပြီးအောင် လုပ်မှပေါ့၊ မင့်လိုသာ ဒေးမောပြီး ထိုင်နေရင် ပြီးဦးမှာလား"

လေး ။ ။ "ဟုတ်ကဲ့ အစ်ကိုကြီး ... လုပ်ပါ့မယ်၊ မောလို့ ခဏနားနေတာပါ"

"မောလို့တဲ့ ... ဟုတ်လိုက်လေကွယ်"

"ဒီကနေ့ မပြီးရင် နက်ဖြန်ပေါ့ အစ်ကိုကြီးရယ်"

"ဟေ့ ... မောင်ကလေး"

"မင်း အခုတလော အနောက်ပိုင်းကိုချည်း မြင်းသလား နေတယ်လို့ ငါကြားတယ် ... ဟုတ်တယ် မဟုတ်ဘူးလား"

"အနောက်ကိုချည်း မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ဘိုးဆောင်တို့ အိမ် သွားရင်း အနောက်ပိုင်း ရောက်တာပါ"

"ဦးအိုဇာအိမ်ရှေ့ မင်းမရောက်ဘူးလား"

"တစ်ခါတလေတော့ ရောက်ပါတယ်"

"မင်း ... ယီးတီးယားတားများတော့ မင်းမလုပ်နဲ့နော်၊ သူ့တူမ မြ ကလေးဆိုတာ ငါနဲ့ စေ့စပ်ထားပြီ နားလည်လား"

"ဘယ်တုန်းက အစ်ကိုကြီးနဲ့ စေ့စပ်ထားတာလဲ၊ ကျွန်တော်တို့လည်း မသိရပါကလား"

http://www.cherrythitsar.org



"အောင်မယ် ... မိန်းမစေ့စပ်တာများ မင့်ကို ငါက သံတော်ဦး တင်နေရဦးမှာလား"

ထို့နောက် မောင်မောင်ကြီးသည် နောက်ဖေးလှေကားမှ အိမ်ပေါ်သို့ တက်သွားရာ မောင်မောင်ကလေးသည် သစ်ငုတ်ပေါ်တွင် ထိုင်ကာ ဆေးလိပ် တိုကိုဖွာရင်း တစ်စုံတစ်ခုကို နက်နဲစွာ စဉ်းစားလျက်ရှိလေ၏။

*

တစ်သက်တစ်ကျွန်းနဲ့ အပြစ်ဒဏ်ခံရသူ ရတနာပုံ မောင်မောင်ကလေးသည် အထက်ပါ ဇာတ်လမ်းကလေးကို ကျွန်ုပ်အား ပြောပြပြီးနောက်

"အဲဒါ ... ကျွန်တော့်ရဲ့ မရေမရာနိုင်လှတဲ့ အချစ်ဇာတ်လမ်းကလေးပဲ နောင်ကြီးရေ့ ... သိပ်တော့ မထူးဆန်းလှပါဘူး"

"ဒါထက် ခင်ဗျာ့အမှုက အဲဒီအဒေါ်ကြီးကို သတ်လို့ ဖြစ်ရတဲ့ အမှု မဟုတ်လား"

"နေပါဦးလေ ဒီက ဆက်ပြီး လာပါလိမ့်မယ် နားထောင်ပါဦး။ ဒီနေ့ ကတည်းကစပြီး အခုထောင်ထဲ ရောက်တဲ့အချိန်အထိ ကျွန်တော့် ရည်းစား မမြကလေးမျက်နှာကို မမြင်ရတော့ပါဘူး ခင်ဗျာ။ ကျွန်တော်တို့ နှစ်ယောက် ဟာ တစ်ယောက်ကိုတစ်ယောက် ဒီလောက် မေတ္တာရှိလျက်နဲ့ ကြားထဲက ဟိုအကောင် ဝင်ဖျက်လို့ ကွဲခဲ့ကြရပါတယ်။ ဖြစ်ပုံက ဒီလိုခင်ဗျာ။ ကျွန်တော့် ကို သူဒီလို ရက်ရက်စက်စက် ပြစ်ပြစ်ခါခါ ပြောလိုက်တဲ့ နေ့ကစပြီး ကျွန်တော့် စိတ်ထဲမှာ မမြကလေးကို ကျွန်တော်ပြောခဲ့ဖူးတဲ့ ခြင်္သေ့နှစ်ကောင် အကြောင်း ချည်း အောက်မေ့နေတာပဲ"

"ဘယ်လိုလဲဗျ၊ ခြင်္သေ့နှစ်ကောင်ဆိုတာက"

"ကျွန်တော် ပြောပါပြီကော နောင်ကြီးရဲ့၊ ကေသရာဇာခြင်္သေ့ မင်းဟာ ဟိမဝန္တာက လိုဏ်ဂူထဲ အောင်းတဲ့အခါ ဘယ်တော့မှ နှစ်ကောင် မအောင်းဘူး။ တစ်ကောင်တည်း အောင်းရတယ်။ နှစ်ကောင်းအောင်းတယ်လို့ ထုံးစံမရှိဘူး။ တစ်ကောင်ကောင် သေရမယ်။ အခုလည်း ဒီအတိုင်းပဲ၊ မမြကလေးကို ရဖို့ကိစ္စကလည်း ဘယ်နည်းနဲ့မှ နှစ်ယောက် မဖြစ်နိုင်ဘူး၊ တစ်ယောက်ယောက်က လမ်းဖယ်ပေးရလိမ့်မယ်။ နို့ပေမဲ့ ကျွန်တော်ကတော့ သူ့ အပေါ် စိတ်ဆိုးတဲ့ အမူအရာ နည်းနည်းမှ မပြပါဘူး။ နေမြဲတိုင်း၊ ထိုင်မြဲတိုင်း၊ ပြောမြဲတိုင်း၊ ဆိုမြဲတိုင်း နေတာပါပဲ၊ ဒါပေမဲ့ ဝမ်းထဲကတော့ သူ့ကို ဘယ်လို လမ်းရှင်းရမလဲလို့ အမြဲကြံနေတာပဲ၊ ဘယ်နေရာမှာ လစ်ပါ့မလဲလို့ အမြဲကြံနေတာပဲ"

http://www.cherrythitsar.org



"ဒါနဲ့ တစ်ညတော့ ၁၀ နာရီလောက် ကျွန်တော်ဟာ ဦးအိုဇာတို့ အိမ်ဘက်က ပြန်လာတယ်ခင်ဗျ။ မမြလေးနဲ့ စကားမပြောရတောင် သူနေတဲ့ အိမ်ကလေးကြည့်ရတာ ကျွန်တော့် စိတ်ထဲမှာ အမြဲကြည်နူးနေတာပဲ။ ပြန်အလာ စိတ်ကလည်း ညစ်ညစ်နဲ့ ဟိုအနောက်ပိုင်း ကမ်းနားဘက်က ဘိုးဆောင်တို့ အိမ်ဆီ လှည့်သွားတာကို ခင်ဗျ၊ ဘိုးဆောင်လည်း မတွေ့ပါဘူး ခင်ဗျာ၊ အိမ်တွေဟာ တံခါးပိတ်နေကုန်ပါပြီ။ ဒါနဲ့ ကျွန်တော်လည်း ပြန်လာခဲ့တာ စစ်ကဲ့ကြီး ဦးဘိုးသန်း ခြံကြီးနားရောက်တော့ ကျွန်တော့်ရှေ့ မျက်နှာချင်းဆိုင်ဘက်က မိုးကာအင်္ကျီတစ်ခုခြုံပြီး မှုန်တိမှုန်မွှား လရောင်မှာ မည်းမည်းမည်းမည်းနဲ့ လျှောက်လာတာ မြင်ရတယ် ခင်ဗျ။ ဒီနေရာမှာ ဦးဘိုးသိန်းခြံ ဘက်က သစ်ပင်ကြီးတွေလည်း ရှိတယ်။ ကမ်းနားဘက်ကလည်း ချုံကလေးတွေလည်း ရှိပြီး ... လူအတော် ပြတ်တယ်။ ဒါနဲ့ ခပ်ဝေးဝေးကပဲ သူ့ခြေလှမ်းပုံ၊ သွားပုံ၊ လာပုံ အမြင်ရရုံနဲ့ပဲ ကျွန်တော်သိပြီ ခင်ဗျ၊ မောင်မောင်ကြီးမှ ... မောင်မောင်ကြီး အစစ်ပဲ"

"ဒီထက်ကောင်းတဲ့ အခွင့်အရေးတော့ နောက်ဘယ်တော့မှ ရမှာ မဟုတ်တော့ဘူး။ ခြသေ့်နှစ်ကောင်ရှိတဲ့အနက် တစ်ကောင်ကို လမ်းရှင်းပေးဖို့ ဒီနေရာဟာ အချက်ပဲ ခင်ဗျ။ ဒီအခါတုန်းက ကျွန်တော့်လက်ထဲမှာ လက်နက်ဆိုလို့ ကြီးကြီးကျယ်ကျယ် မပါဘူး။ ညမှာ အိမ်လည်ထွက်တတ်တဲ့အခါ ဆွဲမိဆွဲရာ ဆွဲလာတဲ့ တစ်တောင်သာသာလောက်ရှိတဲ့ ရှားနှစ်တုတ်တစ်ချောင်းတော့ပါရဲ့။ ကျွန်တော့်လက်နက်က သာမန်လူရိုက်ဖို့လောက်ပဲ ကောင်းတယ်။ ဇီဝိန်ကို တစ်ခါတည်း ခြွေဖို့ ဆိုတာကတော့ ချက်ကောင်းကို တစ်ချက်တည်း ထိမှဖြစ်မယ်။ ဒါနဲ့ ကျွန်တော်လည်း ချုံတစ်ခုနောက် အသာကပ်လိုက်ပြီး စဉ်းစားလိုက်သေးတယ်။ စဉ်းစားဖို့ အချိန်လည်း များများ မရပါဘူး ခင်ဗျာ၊ သူလည်း တစ်တောင်လောက်ရှိတဲ့ လူသွားလမ်းကလေးအတိုင်း တောင်ဘက်ကို စိုက်စိုက်စိုက်စိုက်နဲ့ လာနေတာပါပဲ။ ကျွန်တော့်ကို လူမှန်းသိစကတည်းက အနိုင့်အထက် ကျင့်ပြီး နှိပ်စက်လာတဲ့အထဲမှာ ကျွန်တော်ရဲ့အချစ်ကို အတင်းအဓမ္မ ဝင်လုပြန်တယ်ဆိုတော့ ဘယ်နည်းနဲ့မှ ကျွန်တော် ချမ်းသာမပေးနိုင်ဘူး။ ဒါနဲ့စိတ်ကို ချက်ချင်းပဲ ပိုင်းဖြတ်လိုက်ပြီး ကျွန်တော် ပုန်းနေတဲ့ ချုံက ရှေ့ကို နည်းနည်းကလေး လွန်သွားအောင် ခဏစောင့်နေရသေးတယ် ခင်ဗျ။ နောက် ၄–၅ လှမ်း လောက် လွန်သွားတဲ့ အခါကျမှ နောက်ကနေပြီး အုပ်ဆက်နေရာကို တုတ်ဖျား တအားစိုက်ပြီး ချလိုက်တာ 'ခွမ်' ခနဲ အသံကြားလိုက်ရတယ်။ သူလည်း ရှေ့ကို ဝါးတစ်ရိုက်လောက် ဟပ်ထိုးဖြစ်ပြီး ကမူကလေးတစ်ခုမှာ ခေါင်းစိုက်လည်း သွားတော့တာပါပဲ"

http://www.cherrythitsar.org


"တစ်ခါတည်းနဲ့ ကိစ္စချောရော့လား ကိုမောင်ကလေးရဲ့"

"ချောတာပါပဲ ခင်ဗျာ၊ အုန်းသီးကို ရိုက်ခွဲလိုက်သလိုပါပဲ။ လူဟာ ဟက်ထိုးဟပ်ထိုးနဲ့ ဝါးတစ်ရိုက်လောက်သွားပြီး တစ်ချက်မှတောင်မအော်နိုင်ဘဲ တစ်ခါတည်း လဲကျသွားတာပါပဲ။ ဒါနဲ့ အလောင်းကို ကျွန်တော်လည်း လရောင်အောက်မှာ ခဏ စိုက်ကြည့်နေမိတယ် ခင်ဗျ။ အချစ်သွေးမွှန်ပြီး ဒေါသ အလျောက်တော့ လုပ်လိုက်မိပြီ။ အဲဒီလို လုပ်လိုက်မိတဲ့အတွက် ကိုယ့်အပေါ်မှာ ဘယ်လို 'တန်ပြန်' မလဲဆိုတာ လူတွေဟာ မလုပ်ခင် မတွေးမိကြဘူးထင်ပါရဲ့ ခင်ဗျာ။ သတ်ပြီးမှ အဲဒီအလင်းရောင်ကလေးဟာ ကျွန်တော်ခေါင်းထဲ လျှပ်ပြတ်လိုက်သလို ဝင်းခနဲ ဝင်လာတယ်။ ကျွန်တော်လည်း တသီတစ်တန်းကြီး လျှောက်တွေးမိတာပါပဲ၊ အဲဒီလို စဉ်းစားနေတဲ့ အခိုက် သူလဲသွားတဲ့နေရာရဲ့ နံဘေးချုံစပ်မှာ ခပ်မည်မည်း ပစ္စည်းတစ်ခု မြင်တာနဲ့ ကျွန်တော့်စိတ်ဟာ အဲဒီရောက်သွားပြီး အနားကပ် သေသေချာချာ ကြည့်လိုက်မိတယ်။ အလျားတောင် ဆုပ်လောက်၊ အနံတစ်ထွာလောက်ရှိတဲ့ အပေါ်ဖုံးရော၊ အောက်ခံရော၊ ငွေကွပ်ပြီး ပန်းဖော်ထားတဲ့ စန္ဒကူးနှစ်နဲ့ လုပ်ထားတဲ့ သေတ္တာကလေးတစ်လုံး တွေ့ရတာကို ခင်ဗျ။ ကျွန်တော်နှစ်ပေါင်းများစွာက တစ်ခါတည်း မြင်ဖူးတဲ့ ဒေါ်ဒေါ့်သေတ္တာကလေးပေါ့ ခင်ဗျာ။ သူ့မောင်တော်တုရား စုဆောင်းထားခဲ့တဲ့ ကျောက်သံပတ္တမြားတွေ ထည့်ထားတယ်ဆိုတာ ဒီသေတ္တာကလေးပဲ ခင်ဗျ။ ကျွန်တော် ဒိဋ္ဌသိတယ်။ နို့ပေမဲ့ သေတ္တာကလေးဟာ သော့ခတ်လျက်သား ခင်ဗျ။ ခြေရာလက်ရာလည်း မပျက်ဘူး။ ဒါနဲ့ ဒီသေတ္တာကလေးကိုတော့ ဒေါ်ဒေါ့်ကို ပြန်ပေးမှပဲဆိုပြီး အဲဒီချုံအောက်ကိုပဲ ခဏထိုးထားလိုက်တယ်။ အဲဒီလိုလည်း လုပ်ပြီးရော၊ ကျွန်တော့်မျက်စိထဲမှာ လက်ထိပ်တွေ၊ ပုလိပ်သားတွေ၊ ထောင်နံရံတွေ ၊ သံခြေကျဉ်းတွေ၊ ကြိုးစင်တွေ တစ်ခါတည်း အကွင်းသား အကွင်းသား မြင်လာတော့တာပါပဲ ခင်ဗျ။ နို့ပေမဲ့ ကျွန်တော်က သတိလည်း ရှိတယ်။ ငါတော့ လူသတ်မိပြီ၊ ဒီတော့ ပထမဆုံး အရေးကြီးတဲ့ အချက်ဟာ ခြေရာလက်ရာကို ရှေးဦးစွာဖျောက်မှ ဖြစ်မယ်ဆိုတဲ့အကြောင်း ချက်ချင်းပဲ သတိရမိတယ် ခင်ဗျ။ ခြေရာလက်ရာ ဖျောက်တယ်ဆိုတာ သေသူရဲ့အလောင်းကို ပထမဆုံး ဖျောက်ဖျက်ပစ်ဖို့ပဲကို ခင်ဗျ၊ ဒီနေရာနဲ့ ကိုက် ၁၀၀ ကျော်ကျော်လောက် ဝေးတဲ့နေရာမှာ တခြားတစ်နေရာတွေထက် စောက်တဲ့ ချောက်ကမ်းပါးကြီး တစ်ခုရှိတယ် ခင်ဗျ။ ကျွန်တော်တို့ ကျောင်းသား အရွယ်တုန်းကတောင် ခဲကလေးတစ်လုံးမှာ အပ်ချည်ကြိုးချည်ပြီး၊ အောက်ကို တဖြည်းဖြည်း လျှောချဖူးတယ်။ နောက်တော့ လူကြီးတွေက "ဒီနေရာမှာ နင်တို့ မကစားကြနဲ့၊ အောက်လိမ့်ကျရင် ရေစီးထဲ မျောပါသွားပြီး အလောင်းတောင် ရှာတွေ့တဲ့နေရာ

http://www.cherrythitsar.org


မဟုတ်ဘူး’ လို့ ပြောတာနဲ့ နောက် မကစားကြရဘူး။ ညောင်ဦးက နတ်သမီး ကမ်းပါးတို့လိုပဲ ခင်ဗျ။ ဒီနေရာက ထန်းတစ်ဖျားလောက် ကမ်းပါးစောက်ကြီး ဖြစ်နေတဲ့နေရာ ခင်ဗျ။ ဒီနေရာကို ကျွန်တော် ချက်ချင်း သတိရပြီး အလောင်းကို ဒီနေရာက အောက်ကို ပစ်ချဖို့ စိတ်ကူးပေါ်လာတယ်။ လုပ်နိုင်ရင်တော့ ဘယ်သူမှ အလောင်းကို ရှာတွေ့မှာ မဟုတ်တော့ဘူး”

ဒါနဲ့ အလောင်းကို ပထမ ချီစမ်းကြည့်တယ်။ ကိုက် ၁၀၀ မဟုတ်ဘူး။ ၁၀ ကိုက် ပြည့်အောင် သွားနိုင်ဖို့ ခဲယဉ်းတယ်။ ကျွန်တော်က ခွန်အားဗလ အသေးသားပဲ၊ အလောင်းက ခုပ်တုတ်တုတ်နဲ့ ထောင်ထောင်မောင်းမောင်းဆိုတော့ ကျွန်တော့်မှာ ဆင်ခေါင်းကို ခွေးမချီနိုင်သလို ဖြစ်နေတာပဲ ခင်ဗျာ။ ဒီအပေါ်လူများ ပေါက်လာမလားဆိုပြီး တစ်ဖက်က လူသွားလူလာကို နားထောင်ရသေးတယ်။ ဒီအခါ စိတ်ကူးတစ်မျိုးရပြန်တယ်။ ဒီအခါ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ကျွန်တော် မြင်းစီးလာတဲ့အချိန်မှာ ဦးဘိုးသိန်းခြံထဲက သစ်ပင်စိုက်တဲ့ မာလီဟာ မြေကြီးတွေကို ကမ်းနားဘက်က လက်တွန်းလှည်းကလေးနဲ့ ခြံထဲသယ်လာတာ သွားပြီး သတိရမိတယ်။ လူများဟာ တကယ်အခက်အခဲနဲ့ ကြုံလာလို့ ဉာဏ်ထုတ်ဖို့လိုတဲ့အခါ စိတ်ကူးတွေဟာ အင်မတန်ထူးထူးခြားခြား ပေါ်လာတတ်တာမျိုးကလား၊ ဟန်ပြီ …ဟန်ပြီ၊ ငါ့အကြံတော့ အောင်တော့မှာပဲ၊ နေရာကျချင်တော့ ငါလာတုန်းက လက်တွန်းလှည်းကလေးကို ခြံထောင့်နားမှာတောင် မြင်ခဲ့သေးတာပဲ၊ ဟန်ကျလိုက်လေကွယ်၊ နတ်တို့ဖန်တော့ ရေကန်အသင့် ဆိုသလိုပါကလားဆိုပြီး ကျွန်တော်လည်း လက်တွန်းလှည်းကလေးသွားယူ၊ မောင်မောင်ကြီး အလောင်း လှည်းပေါ်တင်ပြီး တွန်းသွားတာကို ခင်ဗျ၊ ကံကောင်းထောက်မလေတော့ လမ်းမှာ ခွေးတစ်ကောင်တောင် မတွေ့ရပေဘူး။ ဒါနဲ့ ဒီလမ်းတွေ ကျွန်တော်က သိထားလေတော့ ချုံ ကြို ချုံကြားကပဲ လက်တွန်းလှည်းကလေး တွန်းသွားပြီး၊ ကမ်းပါးစောက်ထိပ်လည်း ရောက်ရော၊ အလောင်းကို ကမ်းပါးစောက်ထိပ်က ပစ်ချလိုက်တော့တာပါပဲ”

“ဒီနောက် လှည်းကလေးကို နေသားတကျ ပြန်ထားလိုက်ရတယ်။ ကံကောင်းထောက်မတာ တစ်ချက်က တုတ်နဲ့ရိုက်လိုက်တဲ့ ဒဏ်ရာဟာ သိပ်မကြီးလှဘူး။ သွေးလည်းမထွက်ဘူး နောင်ကြီးရဲ့၊ ပြီးတော့ တကယ်လို့ လှည်းဘီးရာကို လူတွေ့ဦးတော့ ဘယ်သူကပြောနိုင်ဦးမှာလဲ ခင်ဗျာ။ ဦးဘိုးသိန်းခြံထဲက မာလီကုလားမြေကျုံးတဲ့ ဘီးရာပဲလို့ ထင်ကြမှာပေါ့။ နောက် ကျွန်တော်လည်း ချုံကြားထဲတိုးထားခဲ့တဲ့ သေတ္တာကလေးကို ယူပြီး ဒီပစ္စည်းတွေကို ဒေါ်ဒေါ်ပြန်ပေးရင် မျက်နှာရမှာပဲလို့ အောက်မေ့တဲ့အတိုင်း သေတ္တာကလေး

http://www.cherrythitsar.org


ပိုက်၊ အိမ်ဆီသို့ သုတ်ခြေတင်ခဲ့တယ်။ သူခိုးပဲ ခိုးခိုး၊ ဓားပြပဲ တိုက်တိုက်၊ ဘယ်သူပဲယူယူ ဒီပစ္စည်းကို ကျွန်တော်ပြန်ရလာရင် ကျွန်တော် မျက်နှာကောင်း ရမှာမုချပဲ။ ဒီလိုဆိုရင် ဒေါ်ဒေါ်ဟာ အင်မတန် ဝမ်းသာပြီး ကျွန်တော့်ကို ဆု လာဘ်တော့ အနည်းနှင့်အများ ချီးမြှင့်ပြီးသားပဲလို့ တွက်ကိန်းချလိုက်တာပေါ့ ခင်ဗျ။ ဒါနဲ့ အိမ်နဲ့ မလှမ်းမကမ်းရောက်တော့ လားလား ... ကျွန်တော့်တို့ အိမ်တံခါး မပိတ်သေးဘူး ခင်ဗျ။ တခြားအိမ်တွေတော့ ပိတ်ကုန်ကြပြီ။ ပြီး တော့ ကျွန်တော်တို့ အိမ်ပေါ်ထပ်မှာ မီးခွက်နှစ်ခွက် သုံးခွက်ဟာ ဟိုသွား ဒီ သွား သွားပြီး လှုပ်ရှားနေတာ အဝေးကနေပြီး မြင်ရတယ်။ ဒီတော့ ကျွန်တော် လည်း အိမ်မှာ ဧကန္တ ပစ္စည်းပျောက်တာနဲ့ ရှာနေပြီလို့ အောက်မေ့ပြီး အိမ်ဝင်း ထဲ အပြေးလေး ဝင်သွားတာကိုခင်ဗျ။ ဝင်သွားလို့ အိမ်ရှေ့တံခါးကနေပြီး အိမ်ပေါ်ထပ်တက်မယ်လည်း လုပ်ရော ... မှောင်ထဲက လူနှစ်ယောက်ထွက်လာ ပြီး 'ဟော ... သတ်တဲ့ကောင် မိပြီ။ အလိုလက်ထဲကလည်း ခင်လေးကြီးရဲ့ လက်ဝတ်လက်စားသေတ္တာဆိုတာနဲ့ တူတယ်။ ဟေ့ကောင် ... လာ ... အင် စပက်တာဆီ လိုက်ခဲ့' လို့ ပြောပြောဆိုဆို ကျွန်တော့်ကို ဖမ်းသွားပါလေရော ခင်ဗျာ။ ကျွန်တော်လည်း ဘာမှမပြောနိုင်ခင် ပုလိပ်လက်ထဲ ပါသွားတာပါပဲ။ အိမ်ပေါ်ရောက်တော့ မီးတွေလည်း ထိန်ထိန်လင်းလို့။ အဒေါ်ဟာ သူ့အိပ်ရာ ပေါ်မှာ ပက်လက်ကြီးလန်ပြီး ရင်ဘတ်မှာ ဓားဒဏ်ရာကြီးနဲ့ သေနေတာတွေ့ရ တယ်။ အနားမှာ အင်စပက်တာတစ်ယောက်၊ ပုလိပ်သားတစ်ယောက်၊ အရပ် လူကြီးတစ်ယောက်လည်း တွေ့ရတယ်။ အဒေါ်ရဲ့ ပစ္စည်းနဲ့ ရွှေငွေတွေက အဒေါ့်အိပ်ရာ ဘေးက ကျွန်းသေတ္တာကြီးထဲမှာ ထားပါတယ် ခင်ဗျာ။ ဒီကျွန်း သေတ္တာကြီးထဲက စန္ဒကူးသေတ္တာကလေးကို ထုတ်ယူသွားတဲ့ နေရာကိုပါ သူတို့ပြလို့ ကျွန်တော်မြင်ရတယ်။ နံဘေးက အဝတ်ထုပ်တွေ ရှိတယ် ခင်ဗျ၊ ကျွန်တော့်သေတ္တာကလေးကို အဲဒီနေရာမှာ ချကြည့်လိုက်တော့ တစ်ခါတည်း ကို အံကိုက်နေတာပေါ့ခင်ဗျာ၊ ဒီကျွန်းသေတ္တာကြီးထဲက စန္ဒကူးသေတ္တာကလေး ကို ထုတ်ယူသွားတယ်ဆိုတာ ထင်ရှားတာပေါ့။ ဒီဟာနဲ့ ကျွန်တော်ဟာ ခင် လေးကြီးကို သတ်ပြီး ကျောက်သံပတ္တမြား ထည့်တဲ့ စန္ဒကူးသေတ္တာကလေးကို ယူသွားတယ်ဆိုပြီး ဖမ်းတာပါပဲ ခင်ဗျာ။ ခက်တာက ကျွန်တော့်မှာ ဟုတ်တိုင်း မှန်ရာကို မပြောဝံ့ဘူး။ ပြောရင်လည်း ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ ယုံပြန်တော့ ကော ... မောင်မောင်ကြီး ပျောက်သွားတဲ့ အမှုဟာ ကျွန်တော့် အပေါ် ပတ်ဦး မယ်။ ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းတုတ်ဆိုသလို ကျွန် တော့်မှာ မဟုတ်ဘဲနဲ့ ဒီအတိုင်း ခေါင်းငုံ့ပြီး ခံလိုက်ရတယ်"

ထိုအခါမှ ကျွန်ုပ်မှာ သက်ပြင်းတစ်ချက် ချလိုက်ပြီးလျှင် ...

"ကံကြမ္မာဆိုတာ ဒီလိုပဲ မလိမ့်တပတ် လှည့်စားချင် လှည့်စား တတ်တာမျိုးလား ကိုမောင်ကလေးရယ်"

"ပြီးတော့ ထူးဆန်းတဲ့ တခြားသက်သေခံ တစ်ခုရှိသေးတယ် နောင်ကြီးရဲ့"

"ပြောစမ်းပါဦး"

"ဒီစန္ဒကူးသေတ္တာကလေးကို အားလုံး လူကြီးစုံရာရှေ့မှာ ဖွင့်ကြတာကို ခင်ဗျ၊ ဖွင့်တော့ ဘာတွေ့တယ် ထင်သလဲ၊ ရွှေလက်ကောက်တွေ၊ လက်စွပ် တွေ၊ ပုလဲလုံးတွေရဲ့ အပေါ်ဆုံးမှာ ... ကျောက်စီဓားမြှောင်တစ်ချောင်း တွေ့ရ တယ်ခင်ဗျ။ တွေ့ရုံသာ မကဘူး။ ဒီဓားမြှောင်မှာလည်း သွေးစသွေးနတွေ တွေ့ရ တာကို ခင်ဗျ၊ ပြီးတော့ ဆရာဝန် အစစ်ခံချက်ကလည်း ဒီကျောက်စီ ဓားမြှောင်နဲ့ ထိုးရင် ဒီဒဏ်ရာမျိုး ရနိုင်တယ်လို့ အစစ်ခံတယ်"

"ဒါဖြင့် မောင်မောင်ကြီးဟာ သူ့အဒေါ်ကို ဒီဓားမြှောင်နဲ့ ထိုးသတ်တာ ဖြစ်နေတာပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဘာမှ ယုံမှားစရာ မရှိပါဘူး။ ပြီးတော့ ဒီ ထက် ထင်ရှားတဲ့ သက်သေခံကလေးတစ်ခု ပေါ်လာပြန်တယ် ခင်ဗျ"

"ပြောစမ်းပါဦး၊ ကိုမောင်ကလေး"

"ရင်ခွဲရုံမှာ ဒဏ်ရာကို ခွဲကြည့်တဲ့အခါ ဒဏ်ရာရဲ့ အပေါ် နှုတ်ခမ်းသားနားက ရွှေးကလေးစေ့လောက်ရှိတဲ့ ပတ္တမြားကလေးတစ်လုံးရသတဲ့ ... ခင်ဗျ ... ဒါနဲ့ ဓားမြှောင်ကို တရားသူကြီးရော၊ ရှေ့နေတွေရော၊ အသေအချာ ပြန်ကြည့်တဲ့အခါ ဆင်စွယ်ရိုးမှာ တပ်ထားတဲ့ အခွေးရဲ့ ထိပ်နားမှာ ကျောက် တစ်လုံးပြုတ်ကျနေတာ တွေ့ရတယ်။ အဲဒီနေရာဟာလည်း ဒဏ်ရာထဲကရတဲ့ ကျောက်ကို တပ်ကြည့်တဲ့အခါ၊ တစ်ခါတည်း အံကိုက်နေတာပါပဲ ခင်ဗျာ"

"အင်း ... သည်ထက် ထင်ရှားတာတော့ မရှိတော့ဘူး"

"မှန်တာပေါ့ ခင်ဗျာ၊ ဒါကြောင့် ကျွန်တော့် အဖြစ်အပျက်က စဉ်းစား ကြည့်လိုက်ရင် ရယ်စရာလည်း ကောင်း၊ ကြောက်စရာလည်း ကောင်း၊ တရား ရစရာလည်း ကောင်း ဆိုသလို ဖြစ်နေတာပဲ"

"ဟုတ်တာပေါ့ ကိုမောင်ကလေးရယ်"

"အဆုံးမတော့ အဒေါ်ကို သတ်တဲ့ အပြစ်ကို မောင်မောင်ကြီးကခံ မောင်မောင်ကြီးကို သတ်တဲ့အပြစ် ကျွန်တော်က ခံရတာပါပဲ၊ မောင်မောင်ကြီး ကို သတ်တဲ့အမှုဟာ မပေါ်ပေမဲ့ အခုတော့ ဒီဒဏ်ကို ကျွန်တော်ခံရတာပဲ မဟုတ်လား၊ မောင်မောင်ကြီးက သူ့ကို သတ်ရမလားဆိုပြီး သေခါနီးမှာ ကျွန်တော့်ကို သေတ္တာကလေး လက်ဆောင်ပေးခဲ့တာပေါ့ နောင်ကြီးရဲ့"

http://www.cherrythitsar.org


"ဒါကြောင့် ကံကြမ္မာဆိုတာ မျက်လှည့်ဆရာများလို လှည့်စားတတ်တယ်လို့ ပြောကြတာပေါ့။ ကိုင်း ... ကိုမောင်ကလေးကို ပေးဖို့ ငွေ ၃၀၀ ကျပ်ကိုတော့ ထောင်မှူးကြီးဆီက တောင်းယူပေတော့၊ ကျုပ်ပြောပြီးပါပြီ"

*

ဦးဘိုးထော်သည် အထက်ပါ ရတနာပုံ မောင်မောင်ကလေး၏ အတ္ထုပ္ပတ္တိကို ကျွန်ုပ်အား ပြန်ပြောသောအခါ ကျွန်ုပ်က ယင်းဝတ္ထုအတွက် သက်သက် ငွေ ၃၀၀ ကျပ်ကန်တော့လိုက်ပါသည်။

◆

# ဓာတ်ပုံသက်သေ

ကျွန်ုပ်သည် ရန်ကုန်ထောင်ကြီး၌ ဒုတိယအကြိမ် အကျဉ်းခံလျက်ရှိစဉ် ထောင်မှူးကြီး၏ ရုံးခန်းကို နေ့စဉ် သုတ်သင်ရှင်းလင်းရခြင်း၊ ထောင်မှူးကြီးစေခိုင်းသမျှ ဗာဟီရကိစ္စများကို ဆောင်ရွက်ရခြင်းစသော အလုပ်ဝတ္တရားကို ဆောင်ရွက်ရ၏။ နံနက် ၉ နာရီတွင် တစ်ကြိမ်၊ ညနေ ၄ နာရီတွင်တစ်ကြိမ်၊ ဖုန်များကို သုတ်၍ စာအုပ်နှင့် စာအုပ်ဗီရိုများကို ရှင်းလင်းသုတ်သင်ရ၏။

တစ်နေ့သော နံနက်ခင်း၌ ကျွန်ုပ်သည် ထောင်မှူးကြီး၏စားပွဲကို ရှင်းလင်းသုတ်သင်လျက် ရှိစဉ် ကုလားကပြား ထောင်မှူးကလေး တစ်ယောက် ဝင်လာ၍ မောင်စိန်မှန် ဆိုသူ အကျဉ်းသား လူမမာတစ်ယောက်က ကျွန်ုပ်နှင့် တွေ့လိုကြောင်း ပြောသည်နှင့် ကျွန်ုပ်လည်း ထောင်မှူးထံ ခွင့်တောင်းပြီးလျှင် မောင်စိန်မှန်ရှိရာသို့ လိုက်ပါသွားလေ၏။

မောင်စိန်မှန်၏ အိပ်ရာသို့ ရောက်လျှင် မောင်စိန်မှန်မှာ သစ်သားကြမ်းပြင်ပေါ်ရှိ အိပ်ရာပေါ်တွင် များစွာ ချောင်းဆိုးလျက်ရှိလေရာ ၎င်း၏ အသားမှာ နနွင်းကဲ့သို့ ဝါပြီးလျှင် မျက်လုံးတို့မှာလည်း အတွင်းသို့ များစွာ ချိုင့်ဝင်လျက်ရှိသည်ကို တွေ့ရ၏။ ရုပ်လက္ခဏာကို ကြည့်ခြင်းအားဖြင့် မောင် စိန်မှန်မှာ လူ့ပြည်တွင် တာရှည်စွာ နေရတော့မည် မဟုတ်ဘဲ မကြာမီ အသက် နှင့် စည်းစိမ်ကို စွန့်ခွာသွားရတော့မည့် အကြောင်းကို သိရလေသည်။

"ဦးဘိုးထော် မှတ်တယ်ဗျ"

http://www.cherrythitsar.org



"ဟုတ်ပါတယ် ခင်ဗျာ၊ ခင်ဗျား တွေ့ချင်တယ်ဆိုလို့ လာခဲ့တယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ဒီလို ဂရုစိုက်ပြီး ချက်ချင်း လိုက်လာတယ်ဆိုတာ၊ ဒါနဲ့ ဦးဘိုးထော် ကျုပ်တော့ လူ့ပြည်မှာ ကြာကြာမနေရတော့ဘူး ဗျ။ ဒီချောင်းဆိုးသွေးပါ ရောဂါနဲ့ပဲ သွားရတော့မှာပဲ"

"နေပါဦး ... ခင်ဗျား ဆေးရုံကို တက်နေသေးတယ် မဟုတ်လား"

"ဟုတ်တယ် ... ဆေးရုံမှာ တစ်ပတ်၊ ထောင်ဆေးရုံမှာ အရက် ၂၀ ကျော်ကျော်လောက် နေခဲ့ရတယ်"

"ဒါဖြင့် ဘာဖြစ်လို့ ပြန်လာရသလဲ"

"ကျုပ်ကိုကျုပ် သေမှာသိလို့ မသေခင် ခင်ဗျားနဲ့ တွေ့ပြီး ကျုပ်ဘဝ အဖြစ်အပျက်ကလေး ခင်ဗျားကို ပြောခဲ့ချင်လို့ ဦးဘိုးထော်ရဲ့"

"ဩော် ... ဒီလိုကိုး"

"ထောင်ထဲက လူတွေရဲ့ အဖြစ်အပျက်တွေကို စုဆောင်းနေတယ်လို့ ကျုပ်ကြားတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုသဘောနဲ့ ဒီလိုစုဆောင်းတာလဲဗျ"

"ဝါသနာပါလို့ လုပ်တာပါ ကိုစိန်မှန်ရယ် ... ဘယ်အတွက်ရယ်လို့မှ ရည်ရွယ်ချက်မရှိဘူး ... ထောင်ထဲမှာဆိုတော့ ခင်ဗျား သိတဲ့အတိုင်း တော်တော်ကလေး လူစုံတယ်ဗျ။ အထက်နယ်က လူလည်းရှိတယ်။ အောက်မြို့ကျေးရွာက လူလည်းရှိတယ်။ ဆန်းဆန်းပြားပြား အဖြစ်အပျက်တွေကို တွေ့ကြုံခဲ့တဲ့လူများလည်း ရှိတယ်။ ဒီတော့ သူတို့ကို တစ်စတစ်စ ထောက်လှမ်းမေးမြန်းပြီး ကျုပ်လိုချင်တဲ့ အချက်တွေရတော့ ကျုပ်ဗဟုသုတ တိုးတာပဗျာ"

"အင်း ... ဒါကြောင့် ကျုပ်လည်း မသေခင် ဖွင့်ပြီးပြောခဲ့ချင်တာကလေးတစ်ခုရှိလို့ ခင်ဗျားကို အခေါ်လွှတ်ရတာပဲဗျို့။ ဒီအကြောင်းတွေ ခင်ဗျားကို ပြောသွားခဲ့ရလို့ရှိရင် ကျုပ်အသက်ဖြောင့်ဖြောင့် ထွက်ကောင်းပါရဲ့ဗျာ"

မောင်စိန်မှန်သည် သူ၏အိပ်ရာ ခေါင်းအုံးအောက်တွင် ကျစ်လျစ်သိပ်သည်းစွာ ဝှက်ထားသော စာရွက်ကလေး ၂ ရွက်ကို ကျွန်ုပ်အား ထုတ်ပေးလေရာ တစ်ရွက်မှာ မြေပုံနှင့်သဏ္ဌာန်တူ၍ အခြားတစ်ရွက်မှာ အလွန်ဟောင်းနွမ်းနေသော ဓာတ်ပုံကလေးတစ်ခု ဖြစ်လေသည်။

မြေပုံမှာ ထောင့်အစွန်းတစ်ခုတွင် ခရီးအကွာအဝေးကို အင်္ဂလိပ်မိုင်များဖြင့် စကေးပြုလုပ်၍ ပြထားသည့်ပြင် တစ်ခုသော နေရာ၌ မင်နီဖြင့် ကြက်ခြေခတ်၍ပြထားသော နေရာတစ်ခုလည်း ပါရှိ၏။ ဓာတ်ပုံမှာ မိန်းကလေးတစ်ယောက်၏ ဓာတ်ပုံဖြစ်၍ စက္ကူမှာ အဝါရောင်သို့ ကူးပြောင်းကာ အလွန်

http://www.cherrythitsar.org


ဟောင်းနွမ်းလျက်ရှိနေလေပြီ၊ မျက်နှာပုံကို ခပ်ရေးရေးမျှ မြင်ရလျက်၊ အသက်အရွယ်အားဖြင့် ၁၄ နှစ်၊ ၁၅ နှစ်ခန့်မျှသာ ရှိပေဦးမည်။ ခပ်ရေးရေးမျှပေါ်လွင် လျက်ပင်ရှိသော မျက်နှာကလေးမှာ အတော်ချောမောလှပသော မိန်းမပျိုတစ် ယောက်၏ မျက်နှာဖြစ်ရမည်ဟု ခန့်မှန်းရ၏။

"ဦးဘိုးထော် ကျုပ်မရှိတဲ့နောက် ကျုပ်အတွက် ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုရမယ်ဆိုရင် ပြုနိုင်ပါ့မလား"

"ကျုပ်လည်း ခင်ဗျားလိုပဲ ထောင်နန်းစံပြီး နေရတဲ့ လူတစ်ယောက် ဘယ်မှာကုသိုလ် ကောင်းမှုကို သတိရနိုင်ပါ့မလဲ ... ကိုစိန်မှန်"

"ဒါကို ပြောတာ မဟုတ်ဘူးဗျ။ ထောင်က လွတ်တဲ့အခါကို ပြောတာ ပါ။ ကုသိုလ်လုပ်ရမယ်ဆိုတာကလည်း တခြားသူပစ္စည်းနဲ့ လုပ်ရမှာ မဟုတ် ဘူး။ ကျုပ်ပစ္စည်းနဲ့ပါ"

"ဒီလိုဆိုရင် လုပ်နိုင်ချေရဲ့ဗျာ"

"ကိုင်း ... ဦးဘိုးထော် ... ကျုပ်အခု ဖွင့်ပြီးပြောတော့မယ်။ ကျုပ်မှာ ပစ္စည်းအတော်များများ မြှုပ်နှံထားခဲ့တဲ့ နေရာတစ်ခုရှိတယ်။ အဲဒီနေရာက ကျုပ်ဇာတိဖြစ်တဲ့ ပြည်မြို့ပဲ၊ အလွယ်တကူ သိနိုင်အောင် အရှေ့အနောက် တောင်မြောက်ပြပြီး ပစ္စည်းမြှုပ်ထားတဲ့နေရာကိုတော့ မင်နီနဲ့ ကြက်ခြေခတ်ပြ ထားတယ်။ အဲဒါ ခင်ဗျားလက်ထဲက မြေပုံပဲ။ ဒီတော့ ကျုပ် မြေပုံမှာ ပါတဲ့ အတိုင်း ဥစ္စာပစ္စည်းတွေကို တူးဖော်ပြီး တစ်ဝက်ကို ခင်ဗျားယူ ... ကျန်ခဲ့တဲ့ တစ်ဝက်ကို လှူဒါန်းပြီး ကျုပ်အတွက် အမျှအတမ်းဝေ မကောင်းဘူးလားဗျာ၊ ဘယ်နှယ့်လဲ ဦးဘိုးထော် သဘောပေါက်ပြီ မဟုတ်လား"

"ကောင်းပါပြီဗျာ ... ကျုပ်အတွက် မရချင်နေပါစေ ... ခင်ဗျား ပြော တဲ့အတိုင်း ကျုပ်ဆောင်ရွက်ပါ့မယ်"

"ဒီလိုလည်း မဟုတ်ဘူးလေ ... ခင်ဗျား ဒုက္ခခံရတဲ့အတွက် ခင်ဗျား တစ်ဝက် ဆိုင်တယ်လို့ ကျုပ်ယူဆတယ်။ ကျုပ်မှာ ခင်ဗျားအပြင် ပေးစရာ သားသမီးလည်း မရှိဘူးဗျ။ ဆွေမျိုးညာတိဆိုလို့လည်း ဟုတ္တိပတ္တိ မရှိဘူး။ ဒီတော့ မြေကြီးသြဇာအဖြစ်ခံမယ့် အတူတူ တစ်ဝက်ကို ကုသိုလ်လုပ်၊ တစ်ဝက် ကို ကိုယ်နဲ့ခင်မင်တဲ့ လူကိုပေး တယ်နေရာကျဗျို့ ... ကိုင်းဗျာ ... ကျုပ်ပြောတာ သဘောတူပြီ မဟုတ်လား"

"ဒါဖြင့်လည်း ကောင်းပါပြီဗျာ ... နေပါဦး၊ ဒီဓာတ်ပုံအကြောင်းက ကော"

"ကျုပ် အတ္တုပ္ပတ္တိပြောတော့ သူ့အကြောင်းလည်း ပါပါလိမ့်မယ်ဗျာ၊ အလျင်မလိုပါနဲ့ဦး" ဟု ပြောပြီးနောက် မောင်စိန်မှန်သည် ပြင်းစွာချောင်းဆိုးပြီး

http://www.cherrythitsar.org


လျှင် သွေးတစ်ပွက်နှစ်ပွက် အန်ပြီးနောက် အောက်ပါအကြောင်းအရာများကို ပြောပြသည်ဖြစ်ပါကြောင်း။

မောင်စိန်မှန်နှင့် ဦးဘိုးထော်တို့သည် ရန်ကုန်ထောင်ကြီးတွင် တစ်ယောက်နှင့်တစ်ယောက် အသိအကျွမ်း မဖြစ်မီ .. နှစ်ပေါင်း ၂၀ ကျော်ခန့် လောက်တွင် အလွန်ပူအိုက်သော တန်ခူးလ ညနေနေဝင်ရီတရော အချိန်၌ ပြည်မြို့၏တောင်ဖျား (ယခုမင်းကြီးတောင်) ဟု ခေါ်သော တောင်ခြေအနီး တစ်ခုသော ဝင်းခြံကြီး၏ ခြံစည်းရိုးအနီး၌ အသက် ၂၀ ခန့်ရှိသော ယောက်ျား ပျိုကလေး တစ်ယောက်နှင့် အသက် ၁၄ နှစ်ခန့်ရှိ မိန်းမပျိုကလေးတစ်ယောက် တို့သည် ရင်းနှီးသော သမီးရည်းစားတို့ ဘာဝ ချစ်တင်းနှီးနှော စကားပြောဆို လျက် ရှိကြကုန်၏။

ထိုအရပ်သည်ကား အစိုးရအရာရှိကြီးများနှင့် ပင်စင်အငြိမ်းစား အရာရှိများ နေထိုင်ရာ ရပ်ကွက်ဖြစ်သည့်ပြင် ဝင်းခြံတို့မှာလည်း လွန်စွာ ကျယ် ဝန်းလှသည်ဖြစ်၍ တစ်အိမ်နှင့်တစ်အိမ် အတော်ပင် ကွာဝေးလျက်ရှိသည့်ပြင် ခြံအတွင်း၌လည်း ထူထပ်သော သစ်ပင်အုပ်တို့သည် ကောင်းကင်မှ ထီးဝန်းမိုး ထားဘိသကဲ့သို့ ရှိရကား၊ ချစ်ခင်သော သမီးရည်းစား မောင်နှံတို့မှာ လွတ်လပ် စွာ စကားပြောဆိုခွင့်ရရှိကြလေသည်။

ယောက်ျားကလေးမှာ အသက် ၂၀ ခန့်မျှသာ ရှိသော်လည်း ကျန်း မာသန်စွမ်းဟန် လက္ခဏာရှိ၍ အသားခပ်ညိုညိုရှိပြီးလျှင် မည်းနက်သော ဆံပင်တို့သည် ပုံပန်းကျနသော ဦးခေါင်းကို တန်ဆာဆင်၍ ထားဘိသကဲ့သို့ ရှိ၏။ ကြည်လင်တောက်ပသော မျက်လုံးတို့မှာ ၎င်း၏ သူရသတ္တိကို ပြဘိ သကဲ့သို့ မည်းနက်တောက်ပြောင်လျက်ရှိ၏။ လူတို့၏ ရဲစွမ်းသတ္တိနှင့် စိတ်နေ သဘောထားများကို အများအားဖြင့် ၎င်းတို့၏ ဆံပင်နှင့် မျက်လုံးတို့၌ ထင် ရှားစွာ တွေ့မြင်နိုင်လေသည်။

မိန်းကလေးမှာ ပင်စင်အငြိမ်းစား ဝန်ထောက်မင်းတစ်ဦး၏ တစ် ယောက်တည်းသော သမီးဖြစ်လေရာ၊ ၎င်းတို့နှစ်ဦးမှာ တိတ်တဆိတ် ချစ် ကြိုက်လျက် ရှိရကား သူငယ်မကလေး၏ မိဘများမှာ ထိုသူငယ်နှင့် သဘော မကျဘဲ မိမိတို့၏ တစ်ယောက်တည်းသော သမီးအတွက် မိမိတို့သဘော နှစ်ခြိုက်ရာ ယောက်ျားကို ရွေးချယ်၍ နေရာချထားမည် ကြံစည်စိတ်ကူးလျက် ရှိသည့်အတိုင်း ထိုသူငယ်နှင့် ကလေးချင်းဘာဝ တိတ်တဆိတ် ချစ်ကြိုက်နေ ခြင်း ဖြစ်လေသည်။

ထိုသူငယ်သည်ကား အခြားမဟုတ် မောင်စိန်မှန်ပင်ဖြစ်၏။ မောင် စိန်မှန်သည် အထက်ဆင်ပေါင်ဝဲမြို့မှ ပြည်မြို့သို့လာရောက်၍ အင်္ဂလိပ်–မြန်မာ

http://www.cherrythitsar.org



အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသူတစ်ယောက်ဖြစ်ရာ ဓာတ်ပုံရိုက်ခြင်းကိုလည်း ဝါသနာအလျောက် တတ်မြောက်ခဲ့သူဖြစ်၏။ ဤသို့ဖြင့် မောင်စိန်မှန်မှာ ကျောင်းစာများထက် မိမိ၏ဝါသနာဖြစ်သော ဓာတ်ပုံရိုက်ခြင်းအတတ်ကို ပိုမိုလေ့လာဆည်းပူးလျက်ရှိရာ၊ အသက်မွေးဝမ်းကျောင်း ဓာတ်ပုံဆရာတစ်ယောက်ကဲ့သို့ပင် ရိုက်ကူးနိုင်လေသည်။

မောင်စိန်မှန်၏ မိဘများမှာ အတော်အတန် ချမ်းသာသူများ ဖြစ်သည့်အတိုင်း မိမိတို့၏ သားအား မျက်နှာမငယ်စေရန် ဆိုသည်ထက်ပို၍ လစဉ်တင်ပို့ထောက်ပံ့လျက်ရှိ၏။ ဤသို့ဖြင့် မောင်စိန်မှန်မှာ အကောင်းဆုံးကင်မရာများနှင့် ဓာတ်ပုံရိုက်ပစ္စည်းများကို ကောင်းစွာ ဝယ်ယူနိုင်ခဲ့လေသည်။ မောင်စိန်မှန် နောက်ဆုံး ဝယ်ယူခဲ့သော ဓာတ်ပုံသေတ္တာကလေးမှာ ဂျာမနီနိုင်ငံမှ မှာထားဝယ်ယူသော ကင်မရာဖြစ်၍ ဓာတ်ပုံရိုက်သည့်အချိန်ကို နာရီစက်တစ်မျိုးဖြင့် ပြုလုပ်ထားသည့်အတိုင်း မိမိ ရိုက်ကူးလိုသော အချိန်ကို အတွင်း၌ပါသော နာရီကွက် လက်တံပေါ်သို့ မြားကလေးကို ရွှေ့၍ထားလိုက်က ထိုအချိန်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဖလင်ကော်ပြား ကုန်ဆုံးသည်အထိ ပုံ ၁၂ ပုံကို သူ့အလို အလျောက်ဆက်တိုက် ရိုက်ကူးသွားလေသည်။ ဥပမာဆိုသော် ညနေ ၄ နာရီ တိတိအချိန်တွင် ဓာတ်ပုံရိုက်ကူးလိုက အတွင်း၌ပါသော နာရီလက်တံကလေးကို ၄ နာရီအကွက်ပေါ်၌ ထား၍ မြားကလေးကို ထို ၄ နာရီကွက်နှင့် တည့်တည့်ထားလိုက်က ညနေ ၄ နာရီထိုးသည်နှင့် တစ်ပြိုင်နက် မှန်ဘီလူးရှေ့တည့်တည့်တွင် ရှိနေသော အရာဝတ္ထုများကို တစ်စက္ကန့်ကို တစ်ပုံစီ သူ့အလိုအလျောက် ၁၂ ပုံပြည့်သည်အထိ ရိုက်ကူးသွားလေသည်။ သံပတ်မှာ ၁၂ နာရီခံ၍ သော့ပေးသည့်အချိန်မှ ၁၂ နာရီ အတွင်း မိမိအလိုရှိသော အချိန်နာရီကို စက္ကန့်ပိုင်းမျှ မလွဲရအောင် ရိုက်ကူးနိုင်လေသည်။ မောင်စိန်မှန်မှာ ထိုကင်မရာ အဆန်းကလေးကို ဝယ်ယူခါစဖြစ်သည့်အတိုင်း စမ်းသပ်ရိုက်ကူးရန် ကြိုးစားလျက်ရှိသော အချိန်ဖြစ်လေသည်။

"ဘယ်နှယ့်လဲ မိ ... အစ်ကိုပြောတာ နားလည်ပြီ မဟုတ်လား။ လက်ဆွဲအိတ်ကလေးထဲမှာ အဝတ်အစားကလေး နည်းနည်းပါးပါး ထည့်ပြီး ယူခဲ့ရုံပေါ့ ... လေးလေးပင်ပင် ဘာမှ မယူခဲ့နဲ့နော်"

"လက်ဝတ်လက်စားတော့ နည်းနည်းပါးပါး ယူခဲ့ရဦးမယ် ... ပြီးတော့ စရိတ်စကလည်း လုံလောက်အောင်ယူခဲ့ဦးမှ အစ်ကိုရဲ့"

"တော်တော်ကြာ ဒီဟာတွေက ဒုက္ခများနေပါလိမ့်ဦးမယ်၊ အစ်ကို့မှာလည်း ပါတန်သလောက် ပါမှာပဲ"

http://www.cherrythitsar.org



"ပါတာလည်း ပါတာပေါ့ အစ်ကိုရဲ့ ... ငွေဆိုတာ လုံလောက်မှ ကောင်း တယ်"

"အချိန်ကို ဂရုစိုက်နော်၊ ၅ နာရီတိတိ ဒီနေရာကို ရောက်အောင်လာခဲ့၊ အစ်ကို ဒီနေရာက စောင့်နေမယ်။ ၅ နာရီဆိုရင် လင်းရောင်ကလေး လာပါပြီ၊ သင်္ဘောက ၆ နာရီမှာ ထွက်တာ"

သူတို့၏အကြံမှာ နံနက် ၆ နာရီတိတိတွင် ပြည်မြို့ဆိပ်ကမ်းမှ ထွက်ခွာသော သရက်မြို့ သင်္ဘောကလေးဖြင့် လိုက်ရန်ဖြစ်လေသည်။ ထိုအချိန်၌ နေမင်းသည် ဧရာဝတီမြစ် အနောက်ဖက်တောင်တန်းများထိပ်တွင် ကွယ်သွားပြီဖြစ်၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရှု၍ အားမရနိုင်သော သမီးရည်းစား နှစ်ယောက်တို့အား ခွဲခွာရန် အထိမ်းအမှတ် ပြနေသကဲ့သို့ ရှိလေ၏။ မမိလေးသည် မောင်စိန်မှန်၏လက်မောင်းများကို နောက်ဆုံး ယုယစွာ ဖျစ်ညှစ်ပြီးလျှင် ပေါ့ပါးဖျတ်လတ်စွာ အိမ်ခြံဘက်သို့ ပြေးဝင်သွားပြီးနောက် သစ်ပင်အုပ်များထဲတွင် ပျောက်ကွယ်သွားလေ၏။

ထိုအခါ မောင်စိန်မှန်သည် အကြံတစ်ခုရသည်နှင့် မိမိ၏ ဓာတ်ပုံ သေတ္တာကလေးကို ချုံတစ်ခုအတွင်းသို့ ဝှက်ထားပြီးလျှင် ရိုက်ကူးရန် အချိန်ပြ မြားတံကို ၅ နာရီတစ်မိနစ်အကွက်တွင်ထား၍ မိမိတို့ ထိုင်၍ စကားပြောနေ ကြနေရာ သစ်တုံးကြီးရှိရာသို့ ကင်မရာကို ချိန်၍ထားခဲ့၏။ သူ၏အကြံမှာ မိမိ၏အလာကို မျှော်မှန်းနေမည့် မမိလေး ဓာတ်ပုံကို ၎င်းမသိစေဘဲ ဓာတ်ပုံ ရိုက်ယူရန် ဖြစ်လေသည်။

မောင်စိန်မှန် ထွက်သွားသည်နှင့် တစ်ပြိုင်နက် ပုလိပ်သား ယူနီဖောင်း ဝတ်ထားသူတစ်ယောက်သည် ချုံတစ်ချုံအကွယ်မှ ထွက်လာပြီးနောက် မောင်စိန်မှန်နှင့် မမိလေးတို့ထိုင်၍ စကားပြောနေကြနေရာကို အသေအချာ ကြည့်ရှုမှတ်သားပြီးနောက် ကျေနပ်သည့်လက္ခဏာဖြင့် ဦးခေါင်းကို တစ်ချက် နှစ်ချက်မျှ ဆတ်ပြီးလျှင် ခြံစည်းရိုးကို ကျော်ပြီးနောက် ကမ်းနားဘက်သို့ လျင်မြန်စွာ ထွက်သွားလေ၏။

*

ထိုညဉ့်၌ မောင်စိန်မှန် ကောင်းစွာ မအိပ်နိုင်ဘဲ မိမိတို့ရှေ့ရေးကိုစဉ်းစားရင်း အချိန်ကုန်ခဲ့ပြီးလျှင် နံနက် ၃ နာရီကျော်ကျော်မှ အိပ်ပျော်သွားလေ၏။

အိပ်ရာမှလန့်နိုး၍ မျက်စိများကို ဖွင့်ကြည့်လိုက်ရာ မိုးစင်စင် လင်းနေပြီဖြစ်ကြောင်း တွေ့ရသည်နှင့် လက်ဆွဲသားရေအိတ်ကို ဆွဲကာ မြင်းရထား တစ်စီးပေါ်သို့ ခုန်တက်ပြီးနောက် ဆင်စုရပ်ဘက်သို့ မောင်းနှင်ခဲ့လေ၏။ နွေရာသီဖြစ်သဖြင့် လူများသည် ညဉ့်ဦးယံ၌ ပူအိုက်လှသဖြင့် ကောင်းစွာ မအိပ်

နိုင်ဘဲ နံနက်စောစောအချိန်မှသာ နှစ်ခြိုက်စွာ အိပ်ပျော်တတ်ကြကုန်ရာ၊ မမိလေးတို့ အိမ်ဝင်းခြံဘေးသို့ မောင်စိန်မှန် ရောက်သောအခါ ခြံနားနီးချင်းများမှာ အိပ်ရာမှ မထကြသေးဘဲ လူသွားလူလာလည်း အတော်အတန် ပြတ်စဲနေ သည်ကို တွေ့ရ၏။ ခြံထောင့် တစ်နေရာမှ ဝင်ခဲ့၍ သစ်ပင်အုပ်တစ်ခုကို ကျော် လွန်ပြီးနောက် မမိလေးနှင့်တွေ့ဆုံရန် ချိန်းချက်ထားသည့် သစ်တုံးဆီသို့ လှည့်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မောင်စိန်မှန်မှာ သေနတ်ထိမှန်ဘိသကဲ့သို့ ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွား၏။ လက်ထဲမှ သားရေအိတ်ပင် လွတ်ကျသွား၏။

အဘယ်ကြောင့်ဆိုသော် မမိလေး၏ အလောင်းမှာ အဆိုပါသစ်တုံး ပေါ်တွင် ခါးတစ်ပိုင်းတင်လျက် ရှိလေရာ ရင်ဝတွင် စိုက်လျက်ရှိသော ဓား မြှောင်မှာ အသွားဆုံးသည်အထိ နစ်မြုပ်စူးဝင်လျက်ရှိသည်ကို တွေ့မြင်ရသော ကြောင့်ပေတည်း။ ပိုးအင်္ကျီ အဖြူကလေးမှာ သွေးဖြင့် လျှော်ထားဘိသကဲ့သို့ ချင်းချင်းနီပြီးလျှင် မမိလေးသည် ဓားမြှောင်ကို အရင်းမှ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်သေဆုံးနေသည်ကို တွေ့ရ၏။ မမိလေးမှာ သေခါနီးတွင် သွေးရူး သွေးတန်းဖြင့် ဓားမြှောင်ကို ဆွဲနှုတ်ဟန် လက္ခဏာရှိလေသည်။

မောင်စိန်မှန်သည် အရူးတစ်ယောက်ပမာ ဆောက်တည်ရာမရရှာဘဲ အလောင်းကို ပွေ့၍ဖက်ကာ “ဖြစ်ရလေ မိရယ်၊ ဩော် ... ငါ့ကိုယ်က မိုက်ပါ တယ်လေ ... မိုးလင်းခါနီးမှပဲ အိပ်ပျော်သွားရသေးသတဲ့” စသည်ဖြင့် တစ် ပြစ်တောက်တောက် ညည်းညူလျက်ရှိလေ၏။

မောင်စိန်မှန်သည် သတိတရားလွတ်ကင်း၍ သွားဘိသကဲ့သို့ မိမိ မည်ကဲ့သို့ ပြုလုပ်နေသည်ကိုမှ မသိရှာဘဲ မိမိဆံပင်များကို ဆွဲခြင်း၊ အသားများ ကိုလည်း လက်ဖြင့် ကုပ်ဖဲ့ခြင်း၊ လေကို အကြိမ်ကြိမ် အဖန်ဖန် လက်သီးဖြင့် ထိုးခြင်း၊ မိမိကိုယ်ကို မြေပေါ်သို့ ပစ်လွှဲ၍ လူးလိမ့်ခြင်းကို ပြုရှာလေ၏။ ၎င်း နောက် အတန်ငယ် သတိရလာပြီးလျှင် “ဟယ် ... သေပြီး အတူတူတော့ မထူးတော့ပါဘူး။ နို့ပေမဲ့ ... ငါ့ရည်းစားကို သတ်တဲ့လူကိုတော့ ကမ္ဘာ မဆုံး မချင်း ရှာရသေးတာပေါ့” ဟု ဖုတ်များကို ခါ၍ ထကာ အလောင်းအနီး၌ ကြည့်ရှုရှာဖွေသောအခါ အလွန်တုံးသော ဖိနပ်ဦးဖြင့် နင်းသွားဟန်ရှိသော ခြေရာကြီးကို လည်းကောင်း၊ ခဲစာလုံးဖြင့် အစိုးရပုလိပ်ဝန်ထမ်းများ၏ အင်္ကျီ တွင် တပ်ဆင်လေ့ရှိသော (B-P)အမှတ်အသားပါရှိသော အင်္ကျီကြယ်သီး ကလေးတစ်ခုမှာ ခြေဖြင့် နင်းဖိ၍ လိမ်ကောက်နေသည်ကိုပင် တွေ့ရလေ၏။

ထိုခဏ၌ မမိလေးတို့နေသော အိမ်ဘက်မှ ဆူဆူညံညံ အသံများကို လည်းကောင်း၊ ဧရာဝတီ မြစ်ဆိပ်ကမ်းဆီမှ မီးသင်္ဘောတစ်စင်း၏ ဥသြသံကို လည်းကောင်း၊ တောင်ခါးပန်းဆီမှ ကြက်တွန်သံကို လည်းကောင်း ကြားလိုက်

http://www.cherrythitsar.org



ရပြီးလျှင် ယောက်ျားမိန်းမ လူ လေး ငါး ဆယ် ယောက်ခန့်တို့သည် ဘေးပတ်ဝန်းကျင်မှ ပြေးလွှားလာကြပြီးနောက် ယောက်ျား ၃–၄ ယောက်တို့က "ဒီကောင်ပဲဟ ... ဒီကောင်ပဲ" ဟုပြောဆိုကာ မောင်စိန်မှန်အား ချုပ်နှောင်ဖမ်းဆီးကြလေ၏။ မောင်စိန်မှန်မှာ တစ်စုံတစ်ရာ ရှင်းလင်းပြောဆိုရန် အချိန်မရဘဲ ဌာနသို့ လိုက်ပါသွားရရှာလေ၏။

*

ဤနေရာသို့ ရောက်လျှင် အကျဉ်းသား မောင်စိန်မှန်သည် ပြင်းစွာချောင်းဆိုးပြီးနောက် "မောလိုက်တာ ဦးဘိုးထော်ရယ် ... တဆိတ်ကလေးဗျာ မရှိမသေ ကျုပ်ရင်ဘတ်ကို လက်ကလေးနဲ့ ဖိပေးစမ်းဗျာ"

"ခပ်ဖြည်းဖြည်း ပြောမှပေါ့ဗျ"

"ဒါနဲ့ ကျုပ်ကို လူသတ်မှုနဲ့ ဖမ်း၊ အစိုးရရှေ့နေကလည်း ဝန်ထောက်ကြီးတစ်ယောက်ရဲ့ သမီးအမှုဆိုတော့ အင်မတန် ကြိုးစားပြီးလိုက်တာကိုဗျ။ ဓားမြှောင်ကိုလည်း ကျုပ်အနားမှာ တွေ့တယ်။ ကျုပ်မျက်နှာမှာလည်း ကုတ်ဖွဲ့ရာ တွေ့တယ်၊ သူတို့ချင်း အချိန်းအချက်ပေးပြီးထားလို့ ဒီသူငယ်မလေးဟာ နံနက်စောစော ဒီအချိန်အခါမှာ ရောက်လာရတယ်။ ရောက်လာတော့ ကျုပ်က လက်ဝတ်လက်စားတွေယူ တော်ရာမှာ ဝှက်ထားပြီး ဒီသူငယ်မလေးကို သတ်ပစ်ဟန် လက္ခဏာရှိတဲ့အကြောင်း လျှောက်လဲတာကိုးဗျ။ ဒီတော့ စက်ရှင်တရားသူကြီးကလည်း အတော်ကြာ စဉ်းစားပြီး ကျုပ်ကို မောင်မင်း သက်သေပြဦးမလား မေးတာကိုး ဦးဘိုးထော်ရဲ့"

"ဩော် ... ကျုပ် တစ်ခုမေးစရာ ကျန်နေရစ်တယ်။ ဟိုနေ့ညက ချုံ ကြားထဲမှာ ခင်ဗျားဝှက်ပြီး ထားခဲ့တယ်ဆိုတဲ့ ဓာတ်ပုံသေတ္တာကလေး အကြောင်းကကော"

"ပြောပါ့မယ်ဗျာ၊ အဲဒီ ဓာတ်ပုံသေတ္တာကလေးကယ်ပေလို့ ကျုပ် အသက်ချမ်းသာရာ ရပေတာပေါ့ ဦးဘိုးထော်ရဲ့၊ နို့မဟုတ်ရင် ကြိုးကျပြီး အခုလောက်ရှိ အရိုးတောင်ဆွေးနေပြီပေါ့ဗျာ"

"တယ် ကံကောင်းတဲ့ လူပေဗျာ၊ ပြောစမ်းပါဦး"

"ဒီတော့ ... ကျုပ်လည်းပဲ ကျုပ်ဟာ အင်္ဂလိပ်ကျောင်းသားဖြစ်သော်လည်း ဓာတ်ပုံဘက်မှာ အင်မတန် ဝါသနာပါတဲ့အတွက် ဓာတ်ပုံရိုက်ကျွမ်းကျင်ကြောင်း၊ လူသတ်မှုမဖြစ်မီ တစ်နေ့က အလိုအလျောက် ဓာတ်ပုံရိုက်ယူနိုင်သော ဓာတ်ပုံသေတ္တာ ကင်မရာကလေးတစ်ခုကို ယခု လူသတ်မှုဖြစ်ပွားသော နေရာ၏နောက် ၁၀ ပေခန့်အကွာ ချုံတစ်ခုအကွယ်တွင် ဝှက်ထားခဲ့ကြောင်း၊ ဓာတ်ပုံသေတ္တာကလေးမှာ သံပတ်ဖြင့် သော့ပေး၍ သော့ပေးသည့် အချိန်မှ

http://www.cherrythitsar.org



၁၂ နာရီအတွင်း မိမိအလိုရှိသောအချိန်၌ အလိုအလျောက် ရိုက်ယူနိုင်သော ဓာတ်ပုံသေတ္တာဖြစ်၍ မကြာမီကမှ မိမိဝယ်ယူခဲ့ကြောင်း၊ အခင်းမဖြစ်ပွားမီ ညနေစောင်းက မိမိသည် နောက်တစ်နေ့နံနက် ၅ နာရီတိတိ၌ ထိုနေရာတွင် မမိလေးနှင့်တွေ့ရန် ချိန်းဆိုထားသည့်အတိုင်း ကင်မရာ အတွင်းရှိ အချိန်ပြစက် လက်တံကို ၅ နာရီ တစ်မိနစ်အကွက်သို့ ချိန်၍ထားခဲ့ကြောင်း၊ ထိုအချိန်မှာ အခင်းဖြစ်ပွားနိုင်လောက်သည့် အချိန်ဖြစ်၍ အကယ်၍ မမိလေးသာ ၅ နာရီ တိတိလောက်တွင် ထိုနေရာသို့ ရောက်ပါက ဖလင်ကော်ပြားပေါ်တွင် အရိပ် အယောင်တစ်စုံတစ်ရာ ပေါ်ရမည်ဖြစ်ကြောင်း၊ မိမိမှာ မမျှော်လင့်ဘဲ စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ရာ အကြောင်းများနှင့် တွေ့ကြုံရသဖြင့် ထိုဓာတ်ပုံ သေတ္တာကလေး ထားခဲ့သည်ကိုပင် သတိမေ့နေပြီးလျှင် ယခုမှ ရုတ်တရက် ပြန်၍သတိရလာကြောင်း၊ မိမိထားခဲ့သည်မှာ လုံခြုံစွာ ကွယ်ဝှက်ထားခဲ့ခြင်း ဖြစ်၍ ယခုပင် သွားရောက်ရှာဖွေက တွေ့လိမ့်မည်ထင်ကြောင်း၊ ၎င်းပြင် မမိလေးအား သတ်၍ ပစ္စည်းများကို မိမိကယူသည်ဟု ရုံးတော်ကယူဆခဲ့လျှင် ထိုပစ္စည်းများကိုသွားရောက်သိုဝှက်ထားရန် မည်သည့်နည်းနှင့်မျှ မိမိမှာ အချိန် မရကြောင်း၊ အကယ်၍ မိမိသာတရားခံ အစစ်အမှန်ဖြစ်က ထိုပစ္စည်းကိုမိမိ လက်တွင် လက်ပူးလက်ကြပ်တွေ့ရမည်ဖြစ်ကြောင်း၊ မိမိမှာ ထိုနေ့က အချိန် လွန်၍ အိပ်ပျော်သွားသည့်အတွက် အချိန်အနည်းငယ်မျှ နောက်ကျသွား ကြောင်း၊ သို့ဖြစ်၍ မိမိမှာ ချစ်သူတစ်ယောက် သူတစ်ပါး၏ လက်ချက်ဖြင့် ရက်စက်စွာ ဆုံရှုံးခြင်းခံရရုံမျှမက ယခုကဲ့သို့ စွပ်စွဲချုပ်နှောင်ခြင်းကိုပင် ခံရ ကြောင်း အဲဒီလို ကျုပ်လည်းပဲ တစ်ခုမကျန်စီကာပတ်ကုံး လျှောက်လဲထုချေ တာကိုးဗျ"

"ဓာတ်ပုံအကြောင်းကကောဗျာ ... ပြောစမ်းပါဦး"

"ဒီတော့ တရားသူကြီးနှင့်တကွ အစိုးရရှေ့နေကြီးရယ်၊ ဝတ်လုံ နှစ် ယောက်ရယ်၊ တခြားသက်သေ သုံးယောက်ရယ်၊ တစ်ခါတည်း အခင်းဖြစ်ပွား တဲ့နေရာသွားပြီး ကျုပ်ဓာတ်ပုံသေတ္တာကလေးကို ရှာကြတာပဲဗျို့"

"တွေ့ရဲ့လား"

"တွေ့ပေါ့ဗျာ ... ဓာတ်ပုံသေတ္တာမှာ တွေ့ရတဲ့ ကျွဲကော်ပြားကို ချက် ချင်းလိုပဲ ဆေးကြည့်တော့ မမိလေးက ကျုပ်ကို အမြဲထိုင်ပြီး စကားပြောနေကြ တုံးပေါ်မှာ ကန့်လန့်ဖြတ်လဲလို့၊ လူတစ်ယောက်က ဓားကို တအားမြှောက်ပြီး ထိုးမယ်လို့ ဟန်ယူနေတဲ့ပုံ တစ်ခါတည်း ပေါ်ပြီး လာတာကို ဦးဘိုးထော်ရဲ့၊ သူတော်ကောင်း နတ်ကောင်းမ,ဆိုသလိုပေါ့ဗျာ၊ ဒါနဲ့ ကျုပ်ကို ဒီအမှုက တရား သေလွှတ်လိုက်တယ်။ တရားသူကြီးလည်း အင်မတန် ဆန်းပြားတဲ့ ဓာတ်ပုံ

http://www.cherrythitsar.org



သက်သေခံချက်များနဲ့ သူ့ထင်မြင်ချက်များကို စီရင်ချက်ထဲမှာ အကျယ်တဝင့် ထုတ်ဖော်ပြီး ရေးတာကိုး ဦးဘိုးထော်ရဲ့"

"သတ်တဲ့လူကကောဗျာ"

"ကျုပ်ထင်တဲ့အတိုင်း ပုလိပ်သား တစ်ယောက်ပေါ့ဗျာ၊ နို့နေပေမဲ့ ဆိုးတာတစ်ခုက ဓားကို လက်တစ်ဖက်နဲ့ မြှောက်ကိုင်ထားတဲ့ လူရဲ့ မျက်နှာ နေရာကို သစ်ပင်အုပ်တစ်ခုက အရိပ်ကလေး ကွယ်နေလေတော့ ဓာတ်ပုံထဲမှာ ကောင်းကောင်းမထင်ရှားဘူးဗျ။ ကိုယ်အထက်ပိုင်းပါ ဓာတ်ပုံထဲမှာ ခပ်ဝါးဝါး ဖြစ်နေတယ်။ ဒါပေမဲ့ ဓာတ်ပုံထဲမှာ ပါတဲ့လူဟာ ကျုပ်အဝတ်အစားနဲ့ရော ကျုပ်ရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ရော နှိုင်းယှဉ်ပြီး ကြည့်ရင် ကျုပ် မဟုတ်ဘူးဆို တာတော့ ကောင်းကောင်းကြီး ထင်ရှားတယ်။ အဲဒီအချက်နဲ့ ကျုပ်လွတ်တာပဲ။ လွတ်တယ်ဆိုပေမယ့် ဓာတ်ပုံသက်သေခံ တင်ရတာနဲ့ အင်မတန် တတ်ကျွမ်း တဲ့ ဓာတ်ပုံဆရာခေါ်ပြီး သက်သေခံချက်ယူရတာနဲ့ သုံးလေးခါ ရက်ချိန်းပေး ပြီးမှ လွတ်တယ်။ အလဟဿ အချိန်ကုန်ပြီး အချုပ်ထဲမှာ ၃ လနီးပါးကြာခဲ့ရ တယ်။ ပုလိပ်ကလည်း ဓာတ်ပုံထဲမှာ ပါတဲ့လူဟာ ဘယ်သူဘယ်ဝါဖြစ်တယ် လို့ ဆက်လက်ပြီး သေသေချာချာ မစုံစမ်းတော့ဘူးပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်မှာ တော့ ဓာတ်ပုံ ထဲမှာပါတဲ့လူရဲ့ ဝတ်ပုံစားပုံ ကြည့်ရတာရယ်၊ အလောင်းနားမှာ ဦးတုံးတုံး ဖိနပ်ရာကြီးတွေ့ရတာရယ်၊ ပုလိပ်သားများရဲ့ အင်္ကျီပေါ်မှာ တပ်လေ့ ရှိတဲ့ (B.P)ဆိုတဲ့ တံဆိပ်ပါတဲ့ ဒန်ရောင် ကြယ်သီးကလေး တွေ့ရတာရယ်၊ အားလုံးပေါင်းပြီး စဉ်းစားကြည့်တဲ့အခါ တရားခံဟာ ပုလိပ်သား တစ်ယောက် ဖြစ်ရမယ်ဆိုတာ ကောင်းကောင်းကြီး ထင်ရှားနေတာပေါ့"

"အင်း ... ဒီနောက် ဘာဖြစ်သလဲ ပြောစမ်းပါဦး"

"ကျုပ်လည်းပဲ အမှုက လွတ်သွားသွားချင်း ဆံတော်ရပ် ဌာနသွား ပြီး လူသတ်မှုမဖြစ်ပွားမီ ညနေက ဆင်စုရပ်ကွက် မင်းကြီးတောင်အနီးမှာ ဘယ်သူ ပတ္တရောင် ကျတယ်ဆိုတာ စုံစမ်းရတာပေါ့ဗျာ၊ ဌာနအုပ်ကလည်း ကျုပ်မိတ်ဆွေတစ်ယောက်ရဲ့ သူငယ်ချင်းဖြစ်လေတော့ စုံစမ်းရတာ မခဲယဉ်းလှ ပါဘူး။ ဒီတော့မှ သိရတာကိုး ဦးဘိုးထော်ရဲ့၊ ဒီကောင်ဟာ လွန်ခဲ့တဲ့ နှစ်လ လောက်ကပဲ အလုပ်က ထွက်သွားတယ်ဆိုပဲဗျ၊ အကောင်က အထက်သား၊ လူပုံလူပန်းနှင့်တကွ ထောက်လှမ်းသိရှိခဲ့ရတယ်။ ပြီးတော့ သူပြန်ပြီးအပ်တဲ့ အင်္ကျီမှာ လက်ဝဲဘက်ပခုံးက တံဆိပ်တစ်ခုပြုတ်ပြီးနေတာ ကျုပ်စုံစမ်းလို့ သိရ တယ် ... ကျုပ်ဝမ်းထဲမှာ လက်စားချေချင်တဲ့စိတ်က အမြဲစွဲနေလေတော့ နိုက် နိုက်ချွတ်ချွတ် ရှာဖွေရတာပဲဗျို့"

"တော်လည်း တော်တဲ့ လူပေပဲဗျ"

http://www.cherrythitsar.org


"ပြီးတော့ ... သူ့ခာတ်ပုံကို တစ်ခါရအောင် ရှာရတာကိုးဗျ။ ခာတ်ပုံကိုရမှ သူ့ကို အသေအချာ သတင်းမေးပြီး လိုက်နိုင်မှာကိုး၊ ဒီနောက် ကျုပ်လည်းပဲ ကျောင်းကထွက် ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်ဆိုပြီး ဒီ အကောင်ကို ရှာဖွေခဲ့တာ ဦးဘိုးထော်ရဲ့"

"အင်း ... ပြောစမ်းပါဦးဗျာ"

"ဒီလိုနဲ့ ကျုပ်လည်းပဲ တစ်မြို့ကတစ်မြို့ တစ်ရွာကတစ်ရွာ ပြောင်းရှာ ခဲ့တာ သုံးနှစ်ကျော် လေးနှစ်ကြာခဲ့တယ်။ တွေ့ချင်တော့ နောက်ဆုံး ပျဉ်းမနား မှာ တောအုပ်အဖြစ်နဲ့ သွားပြီးတွေ့တာကိုဗျ။ ဒီအကောင်က ပညာခံကလေးက လည်းရှိ၊ ပါးရည်နပ်ရည်ကလည်းရှိ၊ လက်ထဲမှာ ပိုက်ဆံကလေးလည်းရှိလေ တော့ အကပ်အရပ်ကောင်းပြီး သစ်တောဘက်မှာ ဒီရာထူးကို ရနေတာနဲ့ တူပါ တယ်"

"နေပါဦး၊ မမိလေးကို သတ်သွားတဲ့ အမှုနဲ့ပတ်သက်ပြီး ဒီအကောင်ကို ပုလိပ်ကကော မလိုက်ဘူးလား"

"ဘယ်လိုက်လိမ့်မလဲဗျာ ... ဒီအကောင် သတ်သွားတယ်ဆိုတာ ကျုပ်တစ်ယောက်သာ ယုံကြည်တာကိုးဗျ ... ဒီအကောင်ကို ထင်တယ်ဆိုတဲ့ အကြောင်း ကျုပ်ကလည်း သူတို့ကို ပြောမပြဘူး။ ပြောရင်လည်း သူတို့က ယုံချင်မှ ယုံမှာ၊ ဒါကြောင့် ကျုပ်တစ်ယောက်တည်း ကြိတ်ပြီး ဒီအကောင် နောက်ကို လိုက်တာကိုး ဦးဘိုးထော်ရဲ့"

"တော်တော်လည်း ဇွဲကောင်းတဲ့ လူပဲဗျာ"

"ကောင်းဆို ကိုယ့်အရေးကိုဗျ၊ ပုလိပ်က မေ့လောက်တဲ့အချိန်ရောက် ပေမဲ့ ကျုပ်က မမေ့နိုင်ဘူး။ ကျုပ်စိတ်ထဲမှာ မနေ့တစ်နေ့ကဖြစ်သလို အောက်မေ့တယ်။ ဒီအကောင့် နာမည်က ရွှေဖိုးတဲ့ဗျ။ မြို့အစွန်မှာ တိုက်အိုကလေး တစ် လုံးငှားပြီးနေတာကို ဦးဘိုးထော်ရဲ့၊ ဒီတော့ ကျုပ်လည်းပဲ သူ့အိမ်ကိုငါ ဘယ်နည်းနဲ့ ဝင်ခွင့်ရပါ့မလဲလို့ ကြံလိုက်ရတာဗျာ၊ နောက်တော့မှ သူ့လက်အောက်က အမှုထမ်းတွေ ဘာတွေနဲ့ ရောတန်ရော၊ တစ်နေ့တော့ သူ့အိမ်က ထမင်းချက်မယ့် ကောင်ကလေးတစ်ယောက် ထွက်သွားလို့ ထမင်းချက်မယ့် လူတစ်ယောက် အလိုရှိတဲ့အကြောင်း သိရတာနဲ့ ကျုပ်ကို ကျုပ် အညာသား ယောင်ဆောင်ပြီး ထမင်းချက်အလုပ် လုပ်ရတာကိုးဗျာ။ ဟိုရောက်ရောက်ချင်း တစ်ခါတည်း နှံလိုက်မယ် ကြံလိုက်ပါသေးရဲ့၊ နို့ပေမဲ့ ဒီလို အရမ်းလုပ်လိုက်မယ်ဆိုရင် ကျုပ်အပေါ်မှာလည်း ရာဇဝတ်ပြစ်မှုကင်းမယ် မဟုတ်ဘူး။ သူလည်းပဲ ဘယ်အတွက် သူ့ကို လုပ်တယ်ဆိုတာ သိမယ် မဟုတ်ဘူး။ ပြီးတော့ လက်စားချေရကျိုးလည်း မနပ်ဘူး။ ဟုတ်တယ် မဟုတ်လား ဦးဘိုးထော်"

http://www.cherrythitsar.org



"ဟုတ်တာပေါ့ဗျာ"

"ကျုပ်အကြံက ဒီအကောင်ကြီး မသေခင် သူအမှန်သတ်တယ်ဆိုတာ ကျုပ်ကိုယ်တိုင်သိရအောင် စမ်းကြည့်ချင်သေးတာကိုးဗျ။ မမှားသော်ရှိ၊ မှား သော်ရှိဆိုတာလို ဘယ်အရာမဆို စူးစမ်းဆင်ခြင်ပြီးမှ လုပ်ရမယ် မဟုတ်လား။ လူတစ်ယောက်ဟာ မလုပ်ရဘဲနဲ့ တမင်သက်သက်ခံရမယ်ဆိုရင် တရား ရာ ရောက်ပါ့မလား ဦးဘိုးထော်"

"အရမ်းလုပ်ရင် ဘယ်တရားမလဲဗျာ"

"မှန်ပေတယ် ... မှန်ပေတယ်၊ ကျုပ်က မိုက်တယ်၊ ဆိုးတယ် ဆိုပေမဲ့ အကြောင်းမဲ့ သက်သက်ဆိုရင် လူတစ်ယောက်ကို လက်ဖျားနဲ့မျှ မထိဘူး။ ဒါနဲ့ပြောရဦးမယ် ... သူ့အိမ်ကိုရောက်လို့ တစ်လလောက်ရှိတော့ သူက လည်း ကျုပ်ကို အတော်ခင်မင်ပုံရတယ်။ ကျုပ်ကလည်း သူ့အကြိုက်ကို လိုက် ပြော ... ထမင်းဟင်းချက်ပြုတ်တဲ့နေရာ၊ ဝတ်ကြီးဝတ်ငယ် ပြုလုပ်တဲ့နေရာမှာ တစ်ခုမှ မလစ်လပ်အောင် ဆောင်ရွက်လုပ်ကိုင်တာကိုး ဦးဘိုးထော်ရဲ့၊ ပြီးတော့မှ တစ်စတစ်စ အယုံသွင်းပြီး တစ်နေ့တော့ ကျုပ်ကိုကျုပ် သေသွားတဲ့ မိမိလေး နဲ့တူအောင်ဆင်၊ သူသေတဲ့ အခါမှာဝတ်တဲ့ စူရတီလုံချည်အပြာနုရောင်ကလေး ဝတ်၊ ပိုးအင်္ကျီအဖြူကလေးကို သွေးနဲ့တူအောင် ပန်းဆီတွေ ဆိုး၊ ဆံပင်ပုံကို တပ်ပြီး သနပ်ခါးကလေး ဖုန်ဖုန်လိမ်း၊ ရင်ဝမှာ ဓားမြှောင်ကြီး တန်းလန်းဖြစ် အောင် ကြိုးနဲ့ချည်ပြီး တိုက်နံဘေးက မန်ကျည်းပင် ခွဆုံပေါ် တက်ပြီး ကိုယ် ယောင်ပြတာကိုးဗျ"

"တတ်လည်း တတ်နိုင်တဲ့ လူပါပဲဗျာ"

"ရွှေဖိုးက လူပျိုကြီးကိုဗျ ... အိမ်မှာ တောက်တိုမယ်ရခိုင်းဖို့ ကောင် ကလေးတစ်ယောက်ရယ်၊ ကျုပ်ရယ်၊ သူရယ် ဒီသုံးယောက်ပဲရှိတယ်။ ဒီကနေ့ ဟာ အိမ်မယ် ကောင်ကလေးကလည်း မရှိဘူး။ ကျုပ်လည်းပဲ ညဏ်ဆင်ပြီး စောစောကတည်းက ပွဲကြည့်သွားဦးမယ်လို့ သူ့ဆီမှာ ခွင့်တောင်းပြီး ထွက်ခဲ့ တာကိုးဗျ။ ဒီညဟာ လဆန်း (၈) ရက်နေ့ည ... ကျုပ် သေသေချာချာ မှတ်မိ တယ်။ လ ကလေးကလည်း သာလိုက်တာထိန်လို့ ... အဲဒီလို သူ့ကိုကျုပ်က ခြောက် ပြတော့ သူလည်းပဲ ကျုပ်ကို တကယ် မကောင်းဆိုးဝါးထင်ပြီး ... 'ဒီကောင်မ ဒီလောက်ကြာတောင် လာပြီး ခြောက်ရသေးသလားဟင် ... နင်က နှစ်ခါ ပြန်သေချင်တယ် ထင်တယ်' ဆိုပြီး သူ့ခါးထဲက ခြောက်လုံးပြူးနဲ့ ဆွဲပြီး ပစ်တာ ကို ဦးဘိုးထော်ရဲ့"

"ခင်ဗျားကို မထိဘူးလား"

"ဘယ်က ထိရမှာလဲဗျ ... သူ့သေနတ်က ယမ်းတောင့်တွေကို ကျုပ် က စောစောကတည်းက ထုတ်ပြီး ခိုးထားတာပဲ"

"တယ်လည်း ဉာဏ်ကောင်းတဲ့ လူဗျာ"

"နောက်တစ်နေ့ညကျတော့ ကျုပ်လည်း ပြင်ဆင်စရာ ရှိတာကို ပြင်ဆင်ပြီး သူ့အရိပ်အကဲကို စောင့်ကြည့်နေတာကိုးဗျ... နောက်ဖေးက မန် ကျည်းပင်ကလေးမှာ သရဲရှိတဲ့အကြောင်းသူက ကျုပ်ကိုပြောတော့ ကျုပ်က မဟုတ်တာ ဆရာ ... ဒါမျိုးတွေကို ကျွန်တော် နည်းနည်းမှ မကြောက်ဘူးလို့ ပြောပြီး သူလည်းပဲ ဒီညမှာ ကောင်းကောင်းမအိပ်နိုင်ပါဘူး။ ဒါနဲ့ သူ့ကို စောင့်နေခဲ့တာ ၂ နာရီကျော်ကျော်လောက်ရှိတော့ သူအိပ်တဲ့ အခန်းပြတင်း ပေါက်ကို အပြင်က ဖွင့်ပြီးဝင် ... သူ့ကုတင်နားရောက်တော့ ကျုပ်လည်းပဲ သတ်ရမှာကို ဝမ်းသာလွန်းလို့ မီးရောင်ကလေး ခပ်မှိန်မှိန်မှာ သူ့မျက်နှာကို စိုက်ပြီး ကြည့်နေမိတာ ကျုပ်စိတ်ထင်ဖြင့် ၁၀ မိနစ်လောက် ကြာလိမ့်မယ် ထင်တယ်။ ပြီးတော့မှ ပြတင်းပေါက်တံခါးတွေ လုံအောင်ပိတ်၊ မှန်အိမ်ကို မီးစာထုတ်ပြီး သူ့ပခုံးကို လှုပ်နှိုးတာကို ဦးဘိုးထော်ရဲ့ ... ဒီတော့မှ သူလည်း အိပ်မှုန်စုံမွှားနဲ့ အိပ်ရာကထပြီး၊ ဟေ့ ... ဖိုးသာလား ... အလန့်တကြားကွယ် ဘာလဲ ... အဲဒီတုန်းက ကျုပ်နာမည်က ဖိုးသာကိုးဗျ ... ဒီတော့ ကျုပ်လည်း သူ့ရှပ်အင်္ကျီလည်ပင်းကို ဆုပ်ကိုင်ပြီး ....

"ဟေ့ကောင် ငါ့မျက်နှာ သေသေချာချာ ကြည့်စမ်း ... ဘယ်သူလဲ လို့"

"မောင်ဖိုးသာ... မင်း ရူးများနေသလား"

"အို ... မင်းရူးသလား ... ငါရူးသလားဆိုတာ သိရလိမ့်မယ်။ ဒီ ကနေ့ညတော့ မင်းသေဖို့သာ ပြင်ပေတော့ သတ်ရလိမ့်မယ်။ ငါ့ကို မင်းအဟုတ် မသိဘူးလား"

သေနတ်ကို လက်ဖြင့်စမ်းရင်း .... "အဟုတ်ပြောတာလား ... မင်း နာမည် ဖိုးသာပဲ ... ဖိုးသာပေါ့ကွ"

"သေနတ်တွေ ဘာတွေစမ်းမနေပါနဲ့၊ သေနတ်က ဟောဒီမှာရောက် နေပြီ၊ ဖိုးသာဆိုတာက ငါ့နာမည်ရင်း မဟုတ်ဘူး။ နာမည်ရင်းက စိန်မှန်တဲ့ နားလည်ရဲ့လား၊ ဘယ်နှယ့်ကွယ် ငါ့ရည်းစားလည်း သတ်သေးတယ်။ ငါ့ကို လည်း ကြိုးပေးအောင် လုပ်ခဲ့သေးတယ်။ လက်ဝတ်လက်စားတွေလည်း ခားပြ တိုက်သွားသေးတယ်။ ဒီတစ်သက် ဘယ်မေ့နိုင်ပါ့မလဲ ရွှေဖိုးရယ်"

"ဒီတော့မှ ဒီအကောင်က အရင်အဖြစ်အပျက်တွေ သတိရပြီး တောင်းပန်တော့တာကိုး ဦးဘိုးထော်ရဲ့၊ ဘာရမလဲဗျာ။ ကျုပ်လည်းပဲ အိတ်ထဲ

က အဆိပ်ပုလင်းရယ်၊ ဓားမြှောင်ရယ်၊ ခြောက်လုံးပြူး သေနတ်ရယ်ပြပြီး ... ဟော့ ... ရွှေဖိုး မင်း ... မလှုပ်နဲ့နော်၊ နေရာက ရွှေ့မယ် မကြံနဲ့၊ မင်း ဦးနှောက်တွေကို ထုတ်လိုက်မယ် နားလည်ရဲ့လား။ ကိုင်း ... ကိုင်း ... အချိန်လည်း မရှိဘူး။ ဒီ ၃ မျိုး ကြိုက်ရာ ရွေးပေတော့၊ အဆိပ်နဲ့သေချင်သလား၊ ဓားနဲ့သေချင်သလား၊ သေနတ်နဲ့ သေချင်သလားလို့ မေးတော့ သူလည်းပဲ တောင်းပန်လို့ မရမှန်းသိတဲ့အတွက် ကျုပ်ကို ပြန်ပြီးကိုင်မယ် ကြံတာကိုးဗျ၊ ဘာရမလဲဗျာ ... ကျုပ်က လက်ဦးပြီးသားပဲ။ သူထတဲ့ အထမှာ ရင်ဝကို ဓားမြှောင်နဲ့ မထိတထိကလေး ထောက်ပြီး ပြန်အထိုင်ခိုင်း၊ အခုပြောတဲ့ ၃ မျိုးကို အရွေးခိုင်းတာပေါ့လေ၊ သူလည်း ကျုပ်ကိုပြောလို့ မရမှန်းသိလေတော့ နောက်ဆုံး အဆိပ်နဲ့ သေပါတော့မယ်လို့ ပြောတာကို ဦးဘိုးထော်ရဲ့၊ ဒီတော့မှ ကျုပ်လည်းပဲ သူ့ ပစ္စည်းရှိသမျှကို တောင်းတော့ လားလား မမိလေး ဝတ်သွားတဲ့ စိန်ထည်ရွှေထည်တွေဟာ တချို့တစ်ဝက်တွေ့ရသေးတာကိုးဗျ။ ဒါနဲ့ အားလုံး ကိစ္စပြီးတော့မှ သူ့လည်မျိုကို ဓားမြှောင်နဲ့ ထောက်ပြီး အဆိပ်ရည်ကို ကုန်အောင်အသောက်ခိုင်း၊ ကုလားထိုင်ပေါ်က ကျုပ်ထိုင်စောင့်ပြီး ကြည့်နေခဲ့တာ ၅ မိနစ် လောက်သာ ကြာတယ်။ တကတည်း ဦးဘိုးထော်ရယ်၊ ဒီအကောင့် မျက်နှာကြီးဟာ နဂိုက ဆိုးရတဲ့အပေါ်မှာ ဖြစ်သွားလိုက်တာဗျာ။ ကျုပ်ဖြင့် ကျုပ်တစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်ပါဘူး။ အခု ပြောရင်း ဆိုရင်းတောင် မြင်ယောင်မိသေးတယ်။ ဒီနောက် ကျုပ်လည်းပဲ ထင်ယောင် ထင်မှား ဖြစ်အောင် အလောင်းကို သေသေချာချာပြင်၊ သူ့သေနတ်ကိုလည်း နေရာတကျ ပြန်ထား၊ ရင်ဝမှာ ဓားမြှောင်စိုက်ပြီး ထားခဲ့တာကိုးဗျ"

"ဩော် ... အရင်တလောက ကြားလိုက်မိတယ်ဗျို့"

"အစစ်ပေါ့ဗျာ၊ ဒီဟာ ကျုပ်လက်ချက်ပေါ့"

ဤနေရာသို့ရောက်လျှင် အကျဉ်းသားမောင်စိန်မှန်မှာ မရပ်မနား ချောင်းဆိုးလာပြီးလျှင် သွေးနည်းငယ်အန်ပြီးနောက် .... "ဒါပါပဲဗျာ ... ဦးဘိုးထော်၊ ကျုပ်လည်း စကားပြောရတာ မောလှပါပြီ၊ ဒီအကောင်ကို သတ်ပြီး ကျုပ်လည်းပဲ အခြေမပျက် သူ့အိမ်မယ် ၁၀ ရက်လောက်ဆက်ပြီး နေခဲ့သေးတယ်။ တံခါးပေါက်တစ်ပေါက်ကို အပြင်ကနေဖွင့်တဲ့သဘောနဲ့ ဖွင့် ... သူ့ ပစ္စည်းတွေ ဖရိုဖရဲကြဲထား၊ သူ့သေနတ်ကို တော်ရာမှာ ဖျောက်ဖျက်ပစ် ... အဲဒီလို ဉာဏ်ဆင်ပြီး အထင်မှားအောင် ကျုပ်က လုပ်ထားလေတော့ ပုလိပ်ကလည်း ကျုပ်အပေါ်မှာ တစ်စွန်းတစ်စမှ မထင်ဘူး။ ကျုပ်ကို စစ်တဲ့အခါ ကျုပ်က အိမ်အောက်ထပ် နောက်ဖေးခန်းမှာ ကျုပ် အိပ်ပျော်နေတယ်လို့ အစစ်ခံတဲ့အတိုင်း သူတို့ ယုံကြည်တဲ့လက္ခဏာပဲ၊ ကံကောင်းတာ တစ်ခုကလည်း

http://www.cherrythitsar.org



ဒီအခါတုန်းက ပျဉ်းမနားမြို့ပေါ်မယ် ပစ္စည်းယူ လူသတ် အနုကြမ်းစီးသွားတဲ့ အမှုတစ်ခုနှစ်ခု ဖြစ်နေလေတော့ ပုလိပ်ကလည်း ဒီအကောင်တွေပဲလို့ ထင်တာ ပေါ့ဗျာ။ ပြီးတော့ လုပ်တဲ့ကိုင်တဲ့ နေရာမှာလည်း ကျုပ်ကတော်တော် စေ့စပ်တဲ့ လူကိုးဗျ ... ဒါနဲ့ အားလုံးကိစ္စချောတော့မှ ကျုပ်လည်းပဲ ရုပ်ဖျောက်ပြီး ရန်ကုန် ကို ထွက်လာခဲ့တယ် ဦးဘိုးထော်"

"အင်း ... တော်တော်လည်း ကြိုးကြိုးစားစား လုပ်ခဲ့တဲ့လူပဲ"

"ဒီလိုလုပ်ခဲ့ရလို့လည်း ကျုပ်ဟာ သေပျော်ပြီလို့ ပြောတာပေါ့ ဦးဘိုး ထော်ရဲ့"

"ဒါနဲ့ပဲ ရန်ကုန်ကို ရောက်လာပြီးတဲ့နောက် ကိုင်းတန်းမှာ လူတစ် ယောက်ကို ဓားနဲ့ ထိုးတဲ့အမှုနဲ့ ထောင်ကို အခုရောက်လာတာပဲ ဦးဘိုးထော်ရဲ့"

"ဩော်"

"ဒါပါပဲဗျာ။ ကျုပ်လည်းပဲ စကားပြောရတာ မောလှပါပြီ ... ဒီတော့ ကျုပ်အခုပေးခဲ့တဲ့ မြေပုံမှာ ပါတဲ့အတိုင်း ကျုပ် မြှုပ်ထားခဲ့တဲ့ ပစ္စည်းတွေကို လူမသိအောင် ခင်ဗျားကိုယ်တိုင် တူးဖော်ပြီး ရတဲ့ပစ္စည်းရောင်းချပြီး တစ်ဝက်ကို ကုသိုလ်ကောင်းမှုပြု၊ မမိလေးနဲ့ ကျုပ်အတွက် အမျှအတမ်းဝေ၊ ကျန်တဲ့ တစ် ဝက်ကိုတော့ ခင်ဗျား သဘောအတိုင်းပေါ့ဗျာ ... ကျုပ်လည်း ကြာကြာနေရ တော့မယ် မဟုတ်ပါဘူး။ နာရီပိုင်းလောက်သာ ကျန်ပါတော့တယ်"

"မဟုတ်တာ ကိုစိန်မှန်ရယ် ... ခင်ဗျား မသေနိုင်သေးပါဘူးဗျာ၊ အားတင်းမှာပေါ့"

"မဟုတ်ဘူး ... ဦးဘိုးထော်၊ ကျုပ်အကြောင်း ကျုပ် သိတယ် ... မနေ့ညက တစ်ညလုံး ရွှေဖိုးမျက်နှာချည်း မြင်မြင်နေတယ်။ သူ့လက်ထဲမှာ အဆိပ်ပုလင်းရော၊ ဓားရော၊ သေနတ်ရော ကိုင်လို့ဗျာ"

"ခင်ဗျား စိတ်စွဲလန်းလို့ပါ ကိုစိန်မှန်ရယ်"

"ကဲ ... ကဲ ... မသေခင် ကျုပ်လုပ်ချင်ရာ လုပ်ဖို့ အခုလို ဦးဘိုးထော် ကို တာဝန်လွှဲပေးခဲ့ရလို့ ကျုပ် ကျေနပ်ပါပြီ။ ဩော် ... အနိစ္စ ... အနိစ္စ ဘယ် သင်းမှ မမြဲပါကလား ဦးဘိုးထော် ... အခု စကားပြောနေတဲ့ ကျုပ်ရဲ့ ခန္ဓာကိုယ် ကြီးဟာလည်း အနတ္တသဘောမို့ မကြာခင်ဘဲ ရွှေ့လျားပြောင်းသွားပြီး ပိုး လောက်တို့ရဲ့ အစာဖြစ်တော့မယ် ဦးဘိုးထော်၊ ကျုပ်မှာတဲ့ အတိုင်းသာ မပျက် မကွက် ဆက်ဆက်ဆောင်ရွက်ပါတော့ ဦးဘိုးထော်ရယ်"

"ကောင်းပါပြီဗျာ၊ စိတ်ချပါ ... ဆောင်ရွက်စရာရှိရင် ကျုပ်အသက်နဲ့ တောင် လဲရလဲရ ... ခင်ဗျားပြောတဲ့ အတိုင်း တစ်သဝေ မတိမ်းအောင် ကျုပ် ဆောင်ရွက်ပါ့မယ်"

http://www.cherrythitsar.org



မောင်စိန်မှန်မှာ မျက်ရည်များပင် ကျလျက် ရှိရှာလေသည်။

*

နောက်တစ်နေ့၌ပင် မောင်စိန်မှန် အနိစ္စရောက်ရှာလေသည်။ ကျွန်ုပ်သည် ထောင်မှ လွတ်ခဲ့ပြီးနောက် မောင်စိန်မှန်၏ မြေပုံအညွှန်းအတိုင်း ပြည်မြို့ ရွှေလင်ပန်း တောရအနီးတွင် သူမြှုပ်နှံထားသော ပစ္စည်းများကို သွားရောက်ရှာဖွေရာ ခဲယဉ်းခြင်း မရှိလှဘဲ တူးဖော်ရရှိခဲ့ပါ၏။ ယင်းပစ္စည်းများကို ထုခွဲရောင်းချပြီးနောက် ကျွန်ုပ်လည်း မောင်စိန်မှန်အား ကတိပြုခဲ့သည့်အတိုင်း ထက်ဝက်ကို အလှူအတန်းပြုလုပ်၍ အမျှအတန်းဝေ၏။ ကျန်တစ်ဝက်ကိုမူ ကျွန်ုပ် ရယူခဲ့လေသည်။

◆

# စွန့်ဝံ့သူ

ကျွန်ုပ် မောင်ဘိုးထော်သည် နဂိုဝါသနာအားဖြင့် မဟုတ်မခံတတ်သူ 'လက်ယဉ်' သူတစ်ယောက်ဖြစ်၍ ထောင်သို့ အကြိမ်ကြိမ်ကျခဲ့ရာ ကျွန်ုပ် စိတ်ဓာတ်မှာမူ ကျွန်ုပ်က တရားသည်ဟု ထင်မြင်သည့်ဘက်မှ အမြဲကူညီလေ့ ရှိ၏။ ထောင်သားအချင်းချင်း ဖြစ်ပွားသော အမှုကိစ္စများသာမက ထောင်သား များက တစ်ဖက်၊ ထောင်အရာရှိများက တစ်ဖက် ဖြစ်ပွားသည့် ပဋိပက္ခမှုများ၌ လည်း ကျွန်ုပ်ကိုယ်တိုင် ထောက်လှမ်းစုံစမ်းပြီးနောက် တရားမှန်ကန်သည်ဟု ထင်မြင် သဘောရရှိသောဘက်မှ ကျွန်ုပ် ကူညီခဲ့၏။ ဤသို့အားဖြင့် ကျွန်ုပ် သည် ထောင်မှူး၊ ထောင်ပိုင်တို့အား အကောက်ကြံ၍ တော်လှန်သည့် အကျဉ်း သားပေါင်းများစွာကိုလည်း ဖမ်းဆီးပေးခဲ့၏။ ထောင်သားများအပေါ်တွင် မတရားနှိပ်စက်သော ထောင်ပိုင်၊ ထောင်မှူးများကိုလည်း ကျွန်ုပ်ကိုယ်တိုင်သော် လည်း ကောင်း၊ ကျွန်ုပ်၏ အကြံပေးချက်ဖြင့်သော်လည်းကောင်း လုပ်ကြံခဲ့ဖူး ၏။ ယင်းကဲ့ သို့ပြုလုပ်ရာ၌ ကျွန်ုပ်သည် ယခု ပစ္စက္ခကို လည်းကောင်း၊ နောင်သံသရာကို လည်းကောင်း တစ်စုံတစ်ရာ ထောက်ထားခြင်း၊ တွေးတော ခြင်း၊ ကြောက်ရွံ့ခြင်း မရှိဘဲ ရဲရဲဝံ့ဝံ့ လုပ်ကိုင်ခဲ့လေသည်။

သို့ကြံစည်ပြုလုပ်ရာ၌ ကျွန်ုပ်မှာ ခေတ်ပညာ (အင်္ဂလိပ်စာ) ကိုပင် များစွာ မတတ်ကျွမ်းစေကာမူ လုံ့လဝီရိယရှိခြင်း၊ ပိရိသေသပ်ခြင်း၊ ရဲရင့်ခြင်း၊ မဖြစ်မီ ကြိုတင်စိတ်ကူးတတ်ခြင်း၊ လူတစ်ဖက်သား၏ သဘောကို လေ့လာ

http://www.cherrythitsar.org



စုးစမ်းတတ်ခြင်း၊ မိမိ၏ ထိုးထွင်းဉာဏ်ကို ဝေဖန်သုံးစွဲတတ်ခြင်း၊ ဆင်ခြင်တုံတရားရှိခြင်း၊ ဗဟုသုတရှိခြင်း စသည်တို့ကြောင့် ကျွန်ုပ်ပြုလုပ်သမျှမှုခင်းကိစ္စ တို့မှာ ပိရိသေသပ်စွာဖြင့် အပြီးသတ်၍ သွားတတ်လေသည်။ တစ်ခါတစ်ရံ ထောင်မှူး၊ ထောင်ပိုင်များသည် ကျွန်ုပ်အပေါ်တွင် ရိပ်မိစေကာမူ ကျွန်ုပ်အား အပြစ်ပေးနိုင်လောက်အောင် သက်သေအထောက်အထားမရှိသဖြင့် မသိဘာ သာ နေခဲ့ကြလေသည်။

ကျွန်ုပ်၏ အခြားဝါသနာတစ်ခုမှာ ဒုက္ခရောက်နေသူ၊ နောက်ဆုံးအကျဉ်းကျပ်တွေ့နေသူ၊ မျှော်လင့်ချက်ကင်းမဲ့နေသူတို့အား တတ်နိုင်သမျှ အကူအညီပေးကာ စိတ်ရောကိုယ်ပါ ဆောင်ရွက်ခဲ့၏။ သို့နှင့် ကျွန်ုပ်မှာ ထိုသူများထံမှ ငွေကြေးများ၊ ပစ္စည်းဘဏ္ဍာများကို တစ်ခါတစ်ရံ မမျှော်လင့်ဘဲ အမြောက်အမြား ရရှိခဲ့ဖူးလေသည်။ အချို့လည်း သူတို့ လျှို့ဝှက်စွာ မြှုပ်နှံထားသည့် ပစ္စည်း ဘဏ္ဍာ ရတနာ ရွှေငွေများကို ကျွန်ုပ်အား ရက်ရောစွာ ပေးခဲ့ကြလေသည်။

ကျွန်ုပ်မှာ ထောင်သက်နှစ်ပေါင်း ၃၀ ခန့်ရှိသည့်အတွင်း ထောင်ထဲ တွင် ကြိုးဒဏ်ခံရသူပေါင်း မြောက်မြားစွာတို့ကို တွေ့ခဲ့ရဖူးရာ လူတစ်ယောက် သည် အသက်ကို မည်ကဲ့သို့ စွန့်လွှတ်ပုံ၊ အသက်၏ တန်ဖိုး မည်မျှရှိပုံ၊ မိမိ တို့ အသက်ကို မည်မျှလောက် ခင်မင်တွယ်တာပုံ၊ အသက်အတွက် ငွေကုန် ကြေးကျခံပုံ အစရှိသော ဘဝ၏ အဖြစ်သနစ်တို့ကို အခြားသူများထက် ပို၍ နီးကပ်စွာ တွေ့မြင်ခဲ့ရ၏။

ရာဇဝတ်မှု ကျူးလွန်ကာ သူတစ်ပါးအသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူများသည် လည်းကောင်း၊ ငါ အသက်အချင်း လဲဝံ့သည်ဟု ကြုံးဝါးခဲ့သူများသည် လည်းကောင်း၊ အလွန်သတ္တိကောင်းသည်ဟု ကျော်ကြားခဲ့သူများသည် လည်းကောင်း၊ 'သူ့အသက် သတ်ရင် ကိုယ်လည်း ခံဝံ့ရ မယ်' ဟု ကြွားလုံးထုတ်ခဲ့သူများသည် လည်းကောင်း၊ ကြိုးစင်သို့ တက်ရတော့မည့်ဆဲဆဲ အချိန်သို့ရောက်လျှင် အတင်းရုန်းကန်လျက်ရှိတတ်ကြ၏။ သို့သော် တစ်ခါတစ်ရံ၌လည်း အနည်းငယ်မျှ မျက်နှာမပျက်ဘဲ သေမင်းကို ရဲရဲကြီး ရင်ဆိုင်၍ သွားသူများကိုလည်း တွေ့ရဖူးလေသည်။

သေခြင်းသဘောတရားနှင့် ပတ်သက်၍ မည်သည့် သတ္တဝါမျိုးမဆို ဝေဒနာ တစ်စုံတစ်ရာ မခံစားရဘဲ အတိုတောင်းဆုံးသော အချိန်၌ ဘဝကူးရခြင်းသည် အသက်သာဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့ ဝန်ခံရပေမည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် 'သေရမယ့်အတူတူ မြန်မြန်သေရတာ ကောင်းပါတယ်' ဟု ပြောဆိုတတ်ကြလေသည်။ အသက်ရှိသော သတ္တဝါမှန်

http://www.cherrythitsar.org


သမျှ သေကြရမြဲပင် ဖြစ်သော်လည်း မသေမီ အချိန်အတွင်း၌ ခံစားရမည့် ဒုက္ခဝေဒနာကိုကား အလွန်ကြောက်ရွံ့ကြကုန်၏။ ကြောက်ရွံ့လည်း ကြောက်ရွံ့ထိုက်ပါပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကြီးကျယ်သော ဝေဒနာကို မဆိုထားဘိဦး။ ဆူးစူးခြင်း၊ ခလုတ်တိုက်မိခြင်း အစရှိသည့် မပြော ပလောက်သည့် နာကျင်မှုကလေးများကိုပင် အချိန်ကြာလျှင် ကြာသည့် အလျောက် မိနစ်စက္ကန့် အပိုင်းအခြားဖြင့် သိသိသာသာကြီး ခံစားကြရသော ကြောင့်ပေတည်း။ သေအံ့ဆဲဆဲ လူတစ်ယောက်သည် ပြင်းပြသော ဝေဒနာကို ခံစားလျက်ရှိစဉ် ထိုသူအား ကိုင်တွယ်ခြင်းပြုမိက အကယ်၍ ဝေဒနာကို အနည်းငယ်မျှ တိုးစေပြီးလျှင် ထိုအခိုက် အသက်ထွက်က ကိုင်တွယ်သူ၏ ပယောဂမကင်းဘဲ ကိုင်တွယ်သူမှာ အပြစ်ရှိသည်ဟု အချို့က ယူဆကြလေ သည်။

လူ၏အသက်သည် ဘဝကူးခါနီး နောက်ဆုံး အခိုက်အတန့်၌ ဤ မျှလောက် နနယ်လှသည်ဖြစ်ရကား ထိုသို့ ကြောက်မက်ဖွယ်ကောင်းသည့် ဝေဒနာခံစားမှုကို အချိန်အတိုဆုံးအတွင်း၌ ပြတ်စဲအောင် ပြုလုပ်ခြင်းမှာ အကောင်းဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့ ဝန်ခံရပေမည်။ ထို့ကြောင့်လည်း အနောက်နိုင်ငံသားများသည် မိမိတို့ ချစ်ခင်သော ခွေး၊ မြင်းစသည့် တိရစ္ဆာန် များအား ကုစား၍ မရနိုင်လောက်အောင် ဝေဒနာ တစ်စုံတစ်ခု စွဲကပ်လာက ထိုဝေဒနာကို ချက်ချင်းရပ်စဲလိုသည့်သဘောဖြင့် သေနတ်နှင့် ပစ်သတ်တတ်ကြ ၏။ ဤကဲ့သို့ ပြုလုပ်ခြင်းကို ကျွန်ုပ် အယူအဆ အားဖြင့်လည်း သဘောတူညီ ခဲ့ကြလေသည်။

အထက်ပါ သဘောတရားကို အထောက်အထားပြုပြီးလျှင် ကျွန်ုပ် သည် လူတစ်ယောက်အား တစ်ခါက အောက်ပါအတိုင်း ကူညီခဲ့ဖူးလေသည်။

တစ်နေ့သ၌ ရန်ကုန်ထောင်အတွင်းသို့ ဆရာဝန်ကြီး ဦးထွန်းခိုင် သည် သူ၏ဇနီးအား သတ်မှုဖြင့် ရောက်ရှိလာရာ အမှုသွားမှာ အောက်ပါ အတိုင်း ဖြစ်၏။

ဦးထွန်းခိုင်မှာ အသက် ၅၅ နှစ်မျှ ရှိပြီဖြစ်၍ ကုက္ကိုင်းလမ်းတွင် မိမိအိမ်ပိုင် ဝင်းခြံကလေးနှင့် အေးချမ်းစွာနေသော ဘိလပ်ပြန်ဆရာဝန်ကြီး ဖြစ်၏။ အစိုးရဘက်တွင် ၂၂ နှစ်မျှ အမှုထမ်းဆောင်ပြီးနောက် မိမိနေအိမ်၌ပင် လက်ထောက်တစ်ယောက်ငှားပြီးလျှင် ဆေးခန်းကလေး ဖွင့်ကာ ရသမျှသော ဝင်ငွေကလေးဖြင့် တင်းတိမ်ရောင့်ရဲခဲ့သူ ဖြစ်လေသည်။ လူပျိုကြီး အဖြစ်ဖြင့် နေခဲ့ပြီးနောက် အသက် ၄၈ နှစ်တွင်မှ ခင်ညွန့်ရီဆိုသူ အသက် ၂၀ မျှသာရှိ သေးသော မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ခဲ့၏။

ဦးထွန်းခိုင်မှာ လူရိုးကြီးတစ်ယောက်ဖြစ်သည့်အတိုင်း ခင်ညွှန့်ရီအား ရှိသမျှပစ္စည်းကို ပုံ၍အပ်ကာ တတ်နိုင်သမျှ အလိုလိုက်ခဲ့ရာ အသက်အရွယ် နုပျို၍ အလိုလိုက်ခြင်းခံရသော ဇနီးချောတို့မည်သည် ကမ်းမမြင် လမ်းမမြင် သွားလာလည်ပတ်ပျော်ရွှင်၍ နေတတ်သည့်အတိုင်း ခင်ညွှန့်ရီမှာ အလှူ၊ ပွဲထိုင်၊ မင်္ဂလာဆောင်၊ ဂါဒင်ပါတီ၊ တီးပါတီမကျန် ကားကလေးတစ်စီးဖြင့် လှည့် လည်ကာ အချိန်ကုန်စေခဲ့၏။ ဤသို့ သွားလာသည့်အခါတိုင်းလည်း ဦးထွန်း ခိုင် မပါဘဲ တစ်ယောက်တည်း သွားလာတတ်၏။ တစ်ခါတစ်ရံ အချိန်မတော် တွင် သွားရသည့်အခါများ၌ စိတ်မချသဖြင့် ဦးထွန်းခိုင်က မိမိ၏လက်ထောက် မောင်သောင်းတင်ကို လိုက်၍ပို့စေ၏။ ဦးထွန်းခိုင်မှာ မိမိ လူပျိုကြီးဘဝတွင် ရှိနေစဉ်က ထိုကဲ့သို့ အပျော်အပါးနှင့် ပတ်သက်သည့် ဆိုရှယ်ကိစ္စများတွင် ငြီးငွေ့လာခဲ့သည်မှာ အကြောင်းတစ်ခု ဖြစ်၏။ အခြားအကြောင်းတစ်ခုမှာ ဦးထွန်းခိုင်သည် မိမိ မသေမီ မြန်မာပြည်ကြီးအား ဆေးပညာနှင့်ပတ်သက် သည့် ကုစားမှုတစ်ခုကို အမွေပေးခဲ့မည်ဟု စိတ်ကူးပေါက်ခဲ့၏။ မိမိကိုယ်တိုင် စကော့တလန်နိုင်ငံ 'အက်ဒင်ဗာရာ' မြို့တော်၌ ရှိနေစဉ် ဆေးပညာဘက်၌ 'နီဘယ်လ်' ဆုရ ဂျာန် ပရော်ဖက်ဆာကြီး တစ်ဦးထံမှ နိဿယကို ခံခဲ့သည့် အတိုင်း မြန်မာပြည်တွင် ကုစားရန် အခဲယဉ်းဆုံး ရောဂါတစ်ခု ဖြစ်သည့် အသားများကို တဖြည်းဖြည်း စားတတ်သော 'ကင်ဆာ' (Cancer) ခေါ် အနာ ပဆုပ်ရောဂါတစ်မျိုးကို ရေဒီယမ်ဓာတ်ပါဝင်မည့် ခရမ်းရင့်ရောင် ဓာတ် ရောင်ခြည်တစ်မျိုးကို တစ်မျိုးတစ်ဖုံ တီထွင်ကာ ကုစားသောနည်း ဖြစ်လေ သည်။

ထိုနည်းမှာ အောင်မြင်လုဆဲဆဲရှိနေသဖြင့် ဦးထွန်းခိုင်သည် တစ်ခါ တစ်ရံ 'ထမင်းမှန်းဟင်းမှန်း မသိ၊ သားမှန်း မယားမှန်း' မသိဘဲ နေ့ရောညပါ အလုပ်ခန်းထဲတွင် အချိန်ကို ကုန်လွန်စေလျက်ရှိ၏။ ထိုအချိန်များ၌ လင် ယောကျ်ားနှင့် အစဉ်မပြတ် ပူးပူးကပ်ကပ်နေလိုသော ခင်ညွှန့်ရီသည် ဤသို့ နေရန် အခွင့်အရေး မရသော အချိန်များတွင် 'ပါတီ' အမျိုးမျိုးသို့ တက်ရောက် ခြင်းဖြင့် ပျော်ရွှင်မှုကို ရှာတော့၏။ တစ်ခါတစ်ရံ ထိုပါတီများ၊ ပျော်ရွှင်ပွဲများ နှင့်ပင် တင်းတိမ်ရောင့်ရဲခြင်း မရှိသောအခါ 'ဘောဒန့်' ခေါ် ကပွဲမျိုးသို့ပင် သွားရောက်လေတော့၏။

ဦးထွန်းခိုင်မှာ ထိုအကြောင်းကို အတော်အတန် သိရှိရိပ်မိသော် လည်း မိမိ အနီးသို့ မကပ်လျှင် ပြီးစေတော့ ဟူသော သဘောရှိသဖြင့် တစ် ကြောင်း၊ အသက်ငယ်သော ဇနီး၏အလိုကို လုံးဝလိုက်လျောလိုသဖြင့် တစ် ကြောင်း၊ ဆေးပညာတွင် ကျွမ်းကျင်နားလည်သလောက် 'မ' ဘက်တွင်

http://www.cherrythitsar.org



ဉာဏ်ပညာ ခေါင်းပါးသဖြင့် တစ်ကြောင်း ခင်ညွန့်ရီ၏ သဘောအတိုင်း သွားလာနေထိုင်ရန် လွှတ်၍ထားခဲ့ခြင်း ဖြစ်လေသည်။

ဤကဲ့သို့ ခွင့်လွှတ်၍ထားခြင်းများသည်ကား နုနယ်လှပသော၊ သွေးသား ဆူဖြိုးသော၊ ပျော်ရွှင်တတ်သော နဂိုစာတ်ခံရှိသူ ခင်ညွန့်ရီအတွက် အခွင့်ကောင်းအခါကောင်းများပင် ဖြစ်တော့၏။

ဦးထွန်းခိုင်၏လက်ထောက်ဖြစ်သူ မောင်သောင်းတင်မှာ (L.M.P) ဘွဲ့ရ ဆရာဝန်ကလေး တစ်ဦးဖြစ်၍ မဂိုလမ်း ကုလားများအကြားတွင် ဆေးဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်ကာ နေထိုင်ခဲ့သော ဆရာဝန်ကလေးတစ်ယောက် ဖြစ်၏။ အသက် ၃၀ ခန့်သာ ရှိသေးသော်လည်း လွန်ခဲ့သော နှစ်နှစ်ခန့်ကပင် မိန်းမသေဆုံးသွားသဖြင့် မုဆိုးဖိုကလေးဖြစ်၏။ အလုပ်အကိုင်မှာ ဆေးဌာနတွင် ထိုအချိန်က လွှမ်းမိုးလျက်ရှိခဲ့သော အိန္ဒိယတိုင်းရင်းသားများကြားထဲ၌ ကောင်းစွာ မဖြစ်ထွန်းဘဲရှိနေခဲ့ရာ 'အဆုတ်နာ' ဘက်တွင် ရှာဖွေစူးစမ်းလျက်ရှိနေသူတစ်ယောက် ဖြစ်လေသည်။ ဤအကြောင်းကို သိသော ဆရာဝန်ကြီး ဦးထွန်းခိုင်သည် မောင်သောင်းတင်၏ အလုပ် မအောင်မြင်ခြင်းနှင့် မောင်သောင်းတင်၏ စူးစမ်းရှာဖွေတတ်သော ဝါသနာကို သိသည့်အတိုင်း မိမိနှင့်အတူ 'ရှာဖွေစူးစမ်းခြင်းသုတေသီ' လုပ်ငန်းများကို ပေါင်းစပ်လုပ်ကိုင်ရန် ခေါ်ယူခဲ့ခြင်းဖြစ်၏။ သို့ခေါ်ယူခဲ့သည့်အတိုင်းလည်း မောင်သောင်းတင်သည် ဦးထွန်းခိုင်၏ ရှာဖွေရေးလုပ်ငန်းတွင် များစွာ အကူအညီရပြီးလျှင် ဦးထွန်းခိုင်နှင့် ထပ်တူထပ်မျှ စိတ်ဝင်စားမှု ရှိခဲ့လေသည်။

အလုပ်ဘက်၌သာ စိတ်ဝင်စားလျက်ရှိသော ဦးထွန်းခိုင်အား ခင်ညွန့်ရီသည် ကျေနပ်ခြင်း မရှိလှချေ။ သို့နှင့် အချိန်ကြာလတ်သော် မောင်သောင်းတင်နှင့် တဖြည်းဖြည်း အကျွမ်းဝင်၍လာခဲ့တော့၏။ လင်ကလည်း အလိုလိုက်ပြန်၊ နဂိုကလည်း အပျော်အပါး ဝါသနာထုံပြန်၊ သွေးသားကလည်း ဆူဖြိုးသော အရွယ်ဖြစ်ပြန်ရှိနေရကား၊ ထိုကဲ့သို့ မိန်းမမျိုးမှာ ငယ်ရွယ်သော ယောကျ်ားများနှင့် အချိန်မတော် တွဲဖက်သွားရဖန်များလတ်သော် ဖောက်ပြန်မြဲဖြစ်သည့်အတိုင်း ဆရာဝန်ကလေး မောင်သောင်းတင်နှင့် အချစ်နှောင်ကြိုးတွင် တဖြည်းဖြည်း ငြိတွယ်စပြု၍ လာတော့၏။

သို့သော် မောင်သောင်းတင်ကား ရိုးသား၍ သစ္စာစောင့်သောသူ တစ်ယောက်ဖြစ်သည့်အတိုင်း ခင်ညွန့်ရီ၏ အချစ်နှောင်ကြိုးများကို တတ်နိုင်သမျှ လွတ်အောင်ရှောင်လျက်ရှိ၏။ သို့ဖြစ်၍ ကျူးကျူးလွန်လွန် မရှိကြသေးချေ။ ဦးထွန်းခိုင်မှာ ထိုအကြောင်းများကို အတော်အတန် ရိပ်မိသိရှိသော်လည်း မိမိ၏ အလုပ်ပျက်မည်ကို စိုးသဖြင့် တစ်ကြောင်း၊ မောင်သောင်းတင်၏ သစ္စာ

http://www.cherrythitsar.org



စောင့်မှုကို ယုံကြည်သဖြင့် တစ်ကြောင်း၊ ထိုအချိန်အထိ တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မပြုဘဲ မသိဟန်ဆောင်ကာ နေခဲ့လေသည်။ ဤကဲ့သို့ ဦးထွန်းခိုင် ရိပ်မိခြင်းကို မောင်သောင်းတင် သိရှိသော်လည်း အချစ်စိတ်လွှမ်းဖုံးနေသော ခင်ညွန့်ရီကမူ တစ်စုံတစ်ရာ မရိပ်မိချေ။ ဤသို့ဖြင့် တဖြည်းဖြည်း နေ့ရက်များ ကုန်၍လာခဲ့ရာ ဦးထွန်းခိုင်၏ ရှာဖွေစမ်းသပ်မှုကလည်း ဒုတိယအထစ်တွင် ရောက်ရှိအောင်မြင်၍ လာခဲ့လေပြီ။

နွေရာသီ တစ်နေ့သော ညနေစောင်းတွင် ခင်ညွန့်ရီသည် အင်းလျားလမ်းရှိ ပရော်ဖက်ဆာတစ်ဦး၏ ဇနီး 'မွေးနေ့ပါတီမှ' ဖိတ်ကြားသည်ဆိုကာ ကားနှင့် ထွက်သွားလေ၏။ ထို့နောက် ကားကို အိမ်သို့ ပြန်၍ လွှတ်လိုက်ပြီးလျှင် ည ၉ နာရီမှ လာ၍ ကြိုရန် ဒရိုင်ဘာအား မှာကြားလိုက်လေသည်။ ထိုနေ့၌ မောင်သောင်းတင်သည် ညစဉ် လာနေကျဖြစ်သည့်အတိုင်း မလာရောက်ဘဲ နေမကောင်းသဖြင့် ထိုည မလာနိုင်ကြောင်း ဦးထွန်းခိုင်ထံ စာရေး၍ ပို့လိုက်၏။

ဦးထွန်းခိုင်မှာ ညနေစောင်းတွင် တစ်ခါတစ်ရံ လေညင်းခံရန်နှင့် ဧည့်သည်များ လာရောက်က ပျော်ရွှင်စွာ စားသောက်နေထိုင်နိုင်ရန် အင်းလျားကန်စောင်းတွင် တစ်ထပ်အိမ် (အိမ်ငယ်) ကလေးတစ်ဆောင် ဆောက်လုပ်ထား၏။ သို့ဖြစ်၍ ဦးထွန်းခိုင်သည် တနင်္ဂနွေနေ့ ညနေစောင်းများ၌ လည်းကောင်း၊ နွေရာသီ အလွန်ပူအိုက်သောနေ့များ၌ လည်းကောင်း၊ လသာသော ညဥ့်များ၌ လည်းကောင်း ထိုအိမ်သို့သွားရောက်ကာ လေညင်းခံတတ်၏။

အဆိုပါ ညသည်ကား အလွန်ပူအိုက်သော ညတစ်ည ဖြစ်သည့်ပြင် လာသာသော ညတစ်ညလည်း ဖြစ်သဖြင့် ဦးထွန်းခိုင်သည် ည ၇ နာရီတွင် အလုပ်ခန်းမှ ထွက်ခဲ့ပြီးနောက် ဘွိုင်ပြင်ပေးသော ညစာကို ကပျာကယာစားပြီးလျှင် အလွန်ပူအိုက်သည်နှင့် အင်းလျားကန်စောင်းရှိ 'အိမ်ငယ်' သို့ ကားနှင့် ထွက်ခဲ့လေ၏။ အင်းလျားကျောင်းဆောင်ရှေ့သို့ ရောက်သောအခါ ကားကို ပြန်လွှတ်လိုက်ပြီးနောက် မိမိ လေညင်းခံ အိမ်ကလေးရှိရာသို့ ခြေလျင် လျှောက်ခဲ့လေသည်။ အိမ်ရှေ့ဝင်းအတွင်းသို့ ဝင်ခဲ့ပြီးနောက် အစောင့်အဘိုးကြီး အိပ်နေသော နောက်ဖေး အဖီကလေးတွင် မီးရောင်ကလေး မြင်သည်နှင့် နောက်ဖေးဘက်သို့လှည့်၍ လျှောက်လာခဲ့ရာ အစောင့်အဘိုးကြီးကို မတွေ့ရဘဲ လင်ပန်း ထဲတွင် ဖယောင်းတိုင်တိုကလေးတစ်တိုင် ထွန်းထားသည်ကိုသာ တွေ့ရသဖြင့် အိမ်ရှေ့ဘက်သို့ ပြန်၍ ထွက်လာခဲ့လေ၏။

အိမ်ရှေ့တံခါးမှာ စေ့ရုံသာ စေ့ထားခဲ့ပြီးလျှင် သော့ပေါက်၌လည်း ဖဲကြိုးအနီကွင်းကလေးဖြင့် ချည်နှောင်ထားသော သော့ကလေးကို တန်းလန်း

http://www.cherrythitsar.org



တွေ့ရှိရလေသည်။ ထိုသော့ခလောက်တွင် သော့တူနှစ်ချောင်းရှိ၍ ဦးထွန်းခိုင်သည် ဇနီးသည် ခင်ညွန့်ရီအား ယခင်က တစ်ချောင်းပေးထားခဲ့ဖူးသည်ကို ထိုအခါမှ ကောင်းစွာ အမှတ်ရသဖြင့် ဦးထွန်းခိုင်သည် ခြေဖျားထောက်ကာ အိမ်ထဲသို့ ဝင်သွားလေ၏။ ထိုအချိန်၌ အလယ်စင်္ကြံမှာ မှောင်နှင့်မည်းမည်း ရှိနေသော်လည်း ခေါင်းရင်းဘက်ရှိ မိမိ၏ စာဖတ်ခန်းမှာမူ မီးလင်းလျက် ရှိသည်ကို တွေ့ရသဖြင့် ဦးထွန်းခိုင်သည် ထိုအခန်းဆီသို့ နားစွင့်ကာ တဖြည်းဖြည်း လျှောက်သွားလေသည်။

အခန်းဝဆီသို့ မရောက်မီပင် တီးတိုးစကားပြောသံများ ကြားရသဖြင့် ဦးထွန်းခိုင်သည် ခေတ္တမျှ ရပ်ကာ ထရံကို နားနှင့်ကပ်၍ ထောင်မိ၏။ ပထမပြောသော အသံမှာ ခင်ညွန့်ရီ၏ အသံဖြစ်၍ ထိုအချိန်၌ပင် ခပ်အုပ်အုပ် ချောင်းဟန့်လိုက်သော ယောကျ်ားသံတစ်သံကို ကြားရပြန်ရာ ထိုယောကျ်ားသံမှာ မောင်သောင်းတင်၏ အသံဖြစ်ကြောင်း ယုံမှားရန် မရှိချေ။

မ ။ ။ "ဘယ့်နှယ်လဲ ဆရာကြီးရဲ့ စဉ်းစားပြီးပလား၊ ငပြူးက ပြဲရတယ်ရှိသေး၊ ယောကျ်ားကများ မူနေရတယ်ဆိုတာ ကျွန်မတော့ အဟုတ်အံ့ဩမိတယ်"

ကျား။ ။ "ဒါကတော့ လွတ်လွတ်လပ်လပ် မဟုတ်တဲ့သူမို့ ပြောနေတာပေါ့ ဆရာကတော်ရဲ့၊ ခင်ဗျားဟာ အပျို၊ ဒါမှမဟုတ် မုဆိုးမဖြစ်ရင် ကျုပ် ယူပြီးလို့ ကလေးတစ်ယောက်တောင် ရနေပြီ"

မ ။ ။ "ကြည့်ပါလား ကိုသောင်းတင်ဟာလေ ပြောလိုက်မှဖြင့် ဒီလိုချည်းပဲ"

ကျား။ ။ "ဟုတ်ပါတယ်၊ တကယ်ပါပဲ ဆရာကတော်ရဲ့"

မ ။ ။ "ဆရာကတော်တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့၊ တကတည်း၊ ခင်ညွန့်ရီ ... ခင်ညွန့်ရီပေါ့"

"ဟုတ်ပါတယ် မခင်ညွန့်ရီရဲ့ ... ရီရဲ့"

"ဟီ ... ဟီ ... ဒီလိုမှပေါ့"

"ဘယ်နှယ့်လဲ၊ ရီပြောတာ သဘောတူပြီလား၊ ဒီကနေ့ညပဲ ပြေးကြမယ်လေ၊ ရီ့မှာ စိန်တစ်ဆင်စာပါတယ်။ ငွေက ၃၀၀၀ ကျပ်၊ တစ်ရာတန်ချည်းပဲ၊ ပြီးတော့ ရီ့နာမည်နဲ့ ဘဏ်မှာ အပ်ထားတာ တစ်သောင်းရှိသေးတယ်။ ဘာများ ပူစရာရှိသေးလဲ ကိုသောင်းတင်၊ ရှင် အသင့်ထိုင်ပြီး စားရုံပဲ မဟုတ်လား၊ သည့်ထက်တောင် ဘာရှိသေးလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်ရင် စိန်လိုက်ပါတော့လားရှင်၊ ဘာလုပ်နေသေးလဲ"

"တစ်ခုက ရှိသေးတယ် ရီရယ်၊ ဆရာကြီးနဲ့ ကျုပ်နဲ့ကြံစည်နေတဲ့ ရှာဖွေမှု အထမြောက်ခါနီးပြီ ရီရဲ့၊ ကင်ဆာရောဂါကို ရောင်ခြည်ဓာတ်နဲ့ ကုသဖို့ဟာ ဒုတိယအဆင့်ကို ရောက်နေပြီ၊ ဒီအကြံအောင်ရင် မြန်မာပြည်မှာသာ မဟုတ်ဘူး၊ အရှေ့တိုင်းမှာ ကျုပ်တို့လောက် ကျော်ကြားမယ့်လူ၊ ကျုပ်တို့လောက် ပိုက်ဆံချမ်းသာမယ့်လူ ရှိတော့မှာ မဟုတ်တော့ဘူး၊ ပြီးတော့လည်း ကျုပ်တို့ တိုင်းပြည်ကြီးမှာ ..."

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မ ဘာမှ မသိဘူး၊ ဘာအလုပ်မှ ကျွန်မ နားမလည်ဘူး၊ ကျွန်မ နားလည်တာ တစ်ခုပဲ ရှိတယ်။ အဲဒါဟာ ရှင်နဲ့အတူပေါင်းပြီး လွတ်ရာကင်းရာမှာ သွားနေကြစို့ပဲ။ ဒီမှာ ကိုသောင်းတင် ကျွန်မပြောတာ နားထောင်စမ်းပါဦး၊ မိညွန့်ရီကို မသနားတော့ဘူးလားဟင်။ ကိုယ်နဲ့ သက်တူရွယ်တူ မဟုတ်တဲ့ပြင် မိန်းမအကြောင်းကို လုံးလုံးမသိတဲ့ လူကြီးတစ်ယောက်၊ မယားအလိုကို မလိုက်တတ်တဲ့ လူတစ်ယောက်၊ အလုပ်ထဲ စိတ်ဝင်စားနေတဲ့ လူတစ်ယောက်၊ အလုပ်ကို မယားထက် ပိုချစ်တဲ့ လူတစ်ယောက်နဲ့ ပေါင်းနေရတဲ့ မိန်းမတစ်ယောက်ဟာ ဘယ့်လောက် စိတ်ဆင်းရဲမယ်ဆိုတာ နည်းနည်းကလေးမှ ကိုသောင်းတင် မစဉ်းစားမိဘူးလား ဟင်၊ ညွန့်ရီကို နည်းနည်းကလးမှ မသနားတော့ဘူးလား၊ ဘယ်နှယ့်လဲ ကျွန်မ အလိုကို လိုက်တော့မယ် မဟုတ်လား"

တစ်ခဏမျှ ငြိမ်သက်လျက် ရှိလေ၏။

"သိပ်ခက်တာပဲ ဆရာကတော်ရယ်၊ အလုပ်ကလည်း"

(ယခင်ကထက် ခက်ထန်သော အသံဖြင့်)

"အလုပ် ... အလုပ် ... ဘာအလုပ်လဲ၊ ခွေးအလုပ်၊ ဝက်အလုပ် အချစ်ထက် ဘာအလုပ်က အရေးကြီးဦးမှာလဲ ဟင်"

"ဆရာကြီးနဲ့ ကြံထားတဲ့ အကြံအစည် အထမြောက်သည်အထိ ဆိုင်းပါဦးလား ခင်ရယ်၊ မကြာတော့ပါဘူး။ သုံးလလောက်ဆိုရင် ကျုပ်တို့ စုံစမ်းမှုဟာ အပြီးသတ် အောင်မြင်ပါတော့မယ်"

"အောင်မယ် ... သုံးလ ဟုတ်စ၊ သုံးရက်တောင် မဆိုင်းနိုင်ဘူး၊ သုံးနာရီ သုံးမိနစ်တောင် မဆိုင်းဘူး နားလည်လား၊ ဒါနဲ့ ဘာဖြစ်လို့ ဒီညချိန်းရသေးလဲ။ ရှင်သက်သက် ကျွန်မကို အကြောင်ရိုက်တာပေါ့လေ၊ ညွန့်ရီစိတ် ဘာထင်သလဲ၊ ဒီမှာ ကြည့်စမ်း"

အချစ်ဆိုသည်မှာ မျက်စိကန်း၏။ နားလည်းကန်း၏။ ခင်ညွန့်ရီသည် ခါးထဲတွင် ထိုးလာသော ဦးထွန်းခိုင်၏ ဒန်ရောင်ပစ္စတိုကလေးကို လျင်မြန်စွာ ဆွဲထုတ်လိုက်သည်။

http://www.cherrythitsar.org



"အောင်မယ် ... ခင်ဗျားက သေနတ်တွေ ဘာတွေနဲ့လား၊ ကိုင်းလေ ... ကိုင်း ..."

"အို ... ပစ်တယ်"

ခင်ညွန့်ရီသည် သေနတ်ပြောင်းကလေးကို မောင်သောင်းတင်ဘက်သို့ လှည့်ကာ မောင်းကို ဆွဲလိုက်လေ၏။ သို့သော် မောင်သောင်းတင်မှာ လက်မြန်လှသဖြင့် သေနတ်ကိုင်ထားသော ခင်ညွန့်ရီ၏ လက်ယာဘက် လက်ကို ဖမ်း၍ ဆုပ်ကိုင်လိုက်ရာ ပြောင်းဝသည် အထက်သို့ အတန်ငယ် ရောက်သွားပြီးနောက် ကျည်ဆန်သည် အိမ်မိုးကို ဖောက်ထွက်သွားလေ၏။ သို့နှင့်ပင် ခင်ညွန့်ရီသည် ဒုတိယတစ်ချက်ထပ်၍ ဆွဲလိုက်ပြန်ရာ ထိုအကြိမ်တွင် ပြောင်း တံကလေးသည် မောင်သောင်းတင် ဆုပ်ကိုင်တွန်းလိုက်သော အရှိန်ဖြင့် ခပ် လန်လန်ဖြစ်၍ သွားရကား ခင်ညွန့်ရီ၏ မေးစေ့အောက်မှ ဦးခေါင်းနောက်ကို ဖောက်ထွက်သွားပြီးလျှင် ခင်ညွန့်ရီ၏ ပျော့ပျောင်းသော ကိုယ်ကလေးသည် ပက်လက်လန်ကာ ကြမ်းပေါ်သို့ ပျော့ခွေကျသွားတော့၏။ ထိုအချိန်၌ ဆရာဝန်ကြီးသည် အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်ရောက်လာပြီ ဖြစ်၏။ ဇနီးချောကလေးအား ယုယစွာ ပွေ့ပိုက်ထားလိုက်မိလေသည်။

"ညွန့်ရေ ... ညွန့် ... တစ်ခါဖြင့် ကိုယ်ကျိုးနည်းပေါ့ ညွန့်ရေ ... ဟော့အကောင် မင်းဘာပြောချင်သေးသလဲ"

"ကျွန်တော်ကိုပါ တစ်ခါတည်း ဆရာပစ်သတ်လိုက်ပါဆိုတာကလွဲပြီး ကျွန်တော် ဘာမှ မပြောလိုပါဘူး ဆရာ"

(စိတ်ပြေသွားလျက်) "အေး ... ပစ်သတ်ဖို့တော့ ကောင်းတာပေါ့ကွယ်၊ နို့ပေမဲ့ အဲဒါကို ငါက အခုပြောချင်နေတယ်။ ငါ ချောင်းနားထောင်နေလို့ မင်းတို့ ပြောတာတွေ အားလုံး ကြားရပြီ၊ မင်းအပေါ်မှာ ဘာမှ အပြစ်မရှိဘူး မောင်သောင်းတင် ငါ အခု သိပြီ"

"ကျွန်တော် တတ်နိုင်သမျှ ရှောင်ပါတယ် ဆရာ၊ ပြီးတော့ ဆရာ့ အပေါ်မှာ ကျွန်တော် သစ္စာရှိပါတယ်"

"အိုး ... ဒါတွေ ပြောမနေပါနဲ့ကွယ်၊ ငါ သိပါတယ်။ ကိုင်းလေ ... လို အသံကြားပြီး ပထမအချက် ကျည်ဆန်ထွက်သွားကတည်းက ငါ ပြေးလာ တာ၊ နည်းနည်းကလေး နောက်ကျသွားလို့ ဒီလို ဖြစ်သွားရတာပေါ့ကွယ်"

"ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နဲ့ သူ့လက်ကို ဖမ်းပြီး တွန်းလိုက်လို့ ဒီလို ဖြစ်ရတာပေါ့ ဆရာ၊ အမှန်တော့ ကျွန်တော့် အပြစ်ပါပဲ"

"မဟုတ်ဘူး ... မောင်သောင်းတင်၊ မဟုတ်ဘူး၊ ဒါတွေ အားလုံး ဆရာ့ အပြစ်ချည်းပဲ။ အသက်ငယ်ပြီး ရုပ်ချောတဲ့ မိန်းမတစ်ယောက်ကို အခုလို

http://www.cherrythitsar.org



လွတ်လွတ်လပ်လပ် ထားမိတာ ဆရာ့အပြစ်မဟုတ်ရင် ဘယ်သူ့အပြစ်လဲ၊ ဆရာဟာ သူ့ကို ချစ်သလောက် ဂရုမစိုက်ခဲ့ဘူး။ ဆေးပညာဘက်မှာ ဆရာ ဉာဏ်သွားသလောက် မိန်းမဘက်မှာ ဆရာ့ဉာဏ်ဟာ ခေါင်းပါးခဲ့တယ်။ ဆရာဟာ လူသတ္တဝါတွေအားလုံး ကောင်းစားဖို့အတွက် အချစ်ကို ပစ်ပြီး အလုပ်နဲ့ပျော်ခဲ့တယ်။ ဩော် ... ခင်ညွန့်ရီ ... ခင်ညွန့်ရီ မိုက်လိုက်တာ ခင် ညွန့်ရီရယ်"

ထိုအချိန်တွင် အတော်ခပ်ဝေးဝေးမှ လူသံများကို ကြားလေရာ မောင် သောင်းတင်မှာ ကြံရာမရသကဲ့သို့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လျက် ရှိလေ၏။

"ဒီတော့ ကျွန်တော်တို့ အခု ဘယ်လိုလုပ်ကြမလဲ ဆရာ"

"တို့နှစ်ယောက်လုံးရှေ့မှာ မိန်းကလေးက သူ့ကိုယ်သူ ပစ်သတ် တယ်ဆိုလို့ ပုလိပ်က ယုံမလား"

"ယုံမယ် မဟုတ်ဘူး ဆရာ"

"ငါက ရှောင်ထွက်သွားပြီး မင်းနဲ့နှစ်ယောက်ချင်း ရှိတဲ့အခါ သူ့ ကိုယ်သူ ပစ်သတ်တယ်လို့ မင်းက ပြောရင်ကော ယုံမလား"

"ဒီလိုလဲ ယုံမှာ မဟုတ်ဘူး"

"အဲဒီအတိုင်းပဲ ငါနဲ့ နှစ်ယောက်ချင်းရှိတဲ့အခါ သူ့ကိုယ်သူ ပစ် သတ်တယ်ဆိုလဲည်းယုံမှာ မဟုတ်ဘူး"

"မှန်ပါတယ် ဆရာ"

"တို့နှစ်ယောက်စလုံး မရှိရင်ကော ပုလိပ်က တို့ကို မထင်ဘူးလို့ ထင်သလား၊ မင်းနဲ့နှစ်ယောက်ချင်း ချိန်းတွေ့တာဟာ ဒီအိမ်က အိမ်စောင့် အဘိုးကြီးကို အသိပေးပြီးမှ တွေ့ကြတယ် မဟုတ်လား၊ ငါ့ကို မှန်မှန်ပြောစမ်း မောင်သောင်းတင်"

"ဟုတ်ပါတယ် ဆရာ"

"အဘိုးကြီးကို ပုလိပ်က နှစ်ချက်လောက် ရိုက်ပြီး စစ်လိုက်ရင် ဘယ်လို ဖြစ်မယ် ထင်သလဲ"

"ကျွန်တော်နဲ့ ချိန်းတွေ့တာ ပေါ်တော့မှာပေါ့ ဆရာ"

"ပေါ်မှာပေါ့ကွယ်၊ ဟုတ်လည်း ဟုတ်တာကိုး၊ ပြီးတော့ သေနတ် ကလည်း ငါ့သေနတ် ဖြစ်တာကလည်း ငါ လေညင်းခံတဲ့ အိမ်၊ ဒီတော့ လူနှစ် ယောက်စလုံးပဲ ဖြစ်ဖြစ်၊ တစ်ယောက်စီပဲဖြစ်ဖြစ် ဘယ်တော့မှ အပြစ်လွတ်မယ် မဟုတ်တော့ဘူး"

"ဒါလည်း ဟုတ်တာပဲ ဆရာ"

ထိုအချိန်၌ လူသံများမှာ ယခင်ကထက် နီးကပ်လာပြီးလျှင် အိမ်ဆီ သို့ ပြေးလာသော ခြေသံများကိုပင် ခပ်လှမ်းလှမ်းမှ ကြားရလေပြီ။

"ကိုင်း ... ငါ့တပည့် ဒီမှာကြည့်စမ်း၊ ငါဟာ အသက် ၅၅ နှစ်ရှိနေပြီ၊ သေဖို့ရာက မင်းထက် နီးနေပြီ၊ မင်းက အခုမှ ၃၀ ဆိုတော့ ရှေ့ကို လူလုပ်ဖို့ အချိန်တွေ၊ ကြံဖို့ဖန်ဖို့ အချိန်တွေ၊ ကမ္ဘာကြီးကို ကောင်းစားအောင် လုပ်နိုင်မယ့် အချိန်တွေ၊ တိုင်းပြည်အကျိုးရှိအောင် လုပ်နိုင်မယ့်အချိန်တွေ၊ လူသတ္တဝါတွေကို ဒုက္ခအပေါင်းက ဆေးပညာအစွမ်းနဲ့ ကယ်တင်နိုင်မယ့် အချိန်တွေ အများကြီးရှိသေးတယ်။ မင်း နေရစ် ... နေရစ်၊ ငါသွားမယ်"

"ဆရာ ... ဆရာ ... ဆရာ ဘယ်နှယ့်ပြောလိုက်တာလဲ ဆရာ"

"ဒီအပြစ်ကို ငါခံမယ်ကွယ့် နားလည်လား၊ ငါချစ်တဲ့လူလည်း သေသွားပြီ၊ ငါ့မှာ ပူစရာ ပင်စရာ၊ လောကကြီးကို ခင်တွယ်စရာဆိုလို့ ဘာရှိတော့သလဲ၊ ငါခံမယ် ... ငါခံမယ် ... ဒီအပြစ်ကို ငါတစ်ယောက်တည်း ခံတော့မယ်"

"မလုပ်ပါနဲ့ ဆရာ"

"ဘာမလုပ်ပါနဲ့လဲ"

ဦးထွန်းခိုင်သည် ကြမ်းပေါ်တွင် ကျရောက်နေသော သေနတ်ကလေးကို ဖျတ်ခနဲ ကောက်ယူလိုက်လေ၏။ ထို့နောက် မောင်သောင်းတင်အား ချိန် လျက် –

"ကိုင်း ... သွား ... သွား ... ငါ့ပညာကို ဆက်ပြီး အထမြောက်အောင် ကြံဖို့ မင်းနေရစ်ခဲ့ရမယ်။ ဟို ပြတင်းပေါက်က ခုန်ဆင်း၊ ဝါးချုံထဲမှာနေပြီး မင်းလွတ်အောင် ပြေးပေတော့"

"ဒီမှာ ... ဆရာ"

"ဟော့ကောင် စကားရှည်မနေနဲ့၊ ငါ့ သေနတ်နဲ့ ပစ်မိလိမ့်မယ် ... သွား"

ထို့နောက် ဆရာဝန်ကလေး မောင်သောင်းတင်သည် အိမ်ကလေး၏ဘေး ပြတင်းပေါက်မှ ခုန်ချလိုက်ပြီးလျှင် အရိပ်များရှိရာ ဝါးရုံပင်အုပ်ကလေး တစ်ခုအနီးသို့ ချဉ်းကပ်လိုက်ပြီးနောက် မှောင်ထဲတွင် လျင်မြန်စွာ ပျောက်ကွယ်သွားလေတော့၏။

ထိုအချိန်တွင် မလှမ်းမကမ်းမှ သေနတ်သံကြားရသော ပတ္တာရောင်ပုလိပ်နှစ်ယောက်နှင့် ကောလိပ်ကျောင်းမှ ကျောင်းသားနှစ်ယောက်တို့သည် ဝင်းခြံကလေးကို ကျော်ခဲ့ပြီးနောက် အိမ်ကလေးထဲသို့ ဝင်လာကြလေ၏။ ထိုအခါ၌ကား ဦးထွန်းခိုင်မှာ လောကကြီးတွင် ဆက်လက်နေထိုင်ရန် အလိုမရှိ

http://www.cherrythitsar.org



တော့သည့်အတိုင်း မိမိ၏ဇနီးအား မိမိပင် သတ်လိုက်ကြောင်းဖြင့် ဖြောင့်ဆိုခဲ့လေသတည်း။

ဦးထွန်းခိုင် ထောင်ချုပ်နှင့် ရှိနေစဉ် ကျွန်ုပ်သည် အထက်ပါ အကြောင်းများကို သူ့ထံမှ ကြားသိရခြင်း ဖြစ်၏။

သူ့အား ကြိုးစင်သို့ မတင်မီ သုံးရက်က ကျွန်ုပ်သည် ဦးထွန်းခိုင်နှင့် ၁၅ မိနစ်ခန့်မျှ လျှို့ဝှက်စွာ စကားပြောခွင့်ရခဲ့လေသည်။ ဤသို့ တွေ့ဆုံခဲ့ခြင်းမှာလည်း သူ၏ အလိုဆန္ဒအတိုင်း သူ့အား မသေမီ အရေးကြီးသော ကိစ္စတစ်ခုကို ဆောင်ရွက်ပေးစေလိုကြောင်း၊ တီးတိုးပြောကြားခဲ့ဖူးသဖြင့် ကျွန်ုပ်လည်း သူ့အား လျှို့ဝှက်စွာ ကြံဖန်တွေ့ရခြင်း ဖြစ်လေသည်။ ဦးထွန်းခိုင်မှာ ကြိုးပေးအံ့ဆဲဆဲ လူတစ်ယောက် ဖြစ်သော်လည်း အစိုးရအပြစ်ဒဏ်ဖြင့် သေရမည့် လူတစ်ယောက်နှင့်မတူ ဆေးခန်းတွင် အေးချမ်းစွာ လူနာနှင့် တိုင်ပင်၍နေသော ဆရာဝန်တစ်ဦးနှင့်သာ တူလေသည်။ ဦးထွန်းခိုင်သည် သူကြားဖူးသလောက် ကျွန်ုပ်၏ အရည်အချင်းများကို ချီးကျူးပြီးနောက် –

"သြော် … ဒါထက် ကိုဘိုးထော်ကို ပြောပြရဦးမယ်၊ သေခါနီးဆဲဆဲ အချိန်မှာ အသက်ရှိတဲ့သတ္တဝါများရဲ့ ဝေဒနာခံစားမှု အကြောင်းကို ကျုပ်က ဆရာဝန်တစ်ယောက်အနေနဲ့ လေ့လာခဲ့ဖူးလို့ အနည်းအကျဉ်းလောက် ပြောပြရ ဦးမယ်၊ အသက်ရှိတဲ့ သတ္တဝါထဲမှာလည်း လူ့ရဲ့အသက်ဟာ အင်မတန် ပြင်း လေတော့ ဓားနဲ့ပဲ ခုတ်သတ်သတ်၊ တုတ်နဲ့ပဲရိုက်သတ်သတ် နောက်ဆုံး အမြန် ဆုံးသေအောင်ဆိုပြီး သေနတ်နဲ့ ရင်ဝပစ်သတ်တာတောင် မိနစ်ပိုင်း စက္ကန့်ပိုင်း အချိန်အခိုက် အတန့်မှာတော့ အင်မတန်ပြင်းထန်တဲ့ ဝေဒနာကို ခံစားသွားကြရ တယ် ကိုဘိုးထော်ရဲ့၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီတော့ ဆရာတစ်ခုမေးမယ် မောင်ဘိုးထော်ရဲ့၊ တစ်သက်မှာ လူ များ ကြိုးပေးတာ ဘယ်နှစ်ခါလောက် မြင်ဖူးသလဲ"

"အခါ ၂၀ ထက် မနည်း မြင်ဖူးပါတယ် ခင်ဗျာ"

"အပေါ်က ဒေါက်ဖြုတ်ချလိုက်လို့ လူ့ကိုယ်ကြီးဟာ အောက်ကို ဒေါက်ခနဲ ရောက်သွားတဲ့အချိန်ကစပြီး ငြိမ်သက်သွားတဲ့ အချိန်အထိကြိုးဟာ အချိန်ဘယ်လောက်ကြာကြာ လှုပ်နေသေးသလဲ"

"တစ်မိနစ်လောက်တော့ ကြာလိမ့်မလား မပြောတတ်ဘူး ခင်ဗျာ"

"တစ်မိနစ်တဲ့ အလိုလေး၊ ဘုရား … ဘုရား တစ်မိနစ်တောင် ခံစားရမယ်ဆိုတဲ့ ဝေဒနာဟာ နည်းတာ မဟုတ်ပါကလား ကိုဘိုးထော်၊ ကြိုးဟာ ဆတ်ဆတ်ခါနေသမျှ ကာလပတ်လုံး လူဟာ အပြင်းထန်ဆုံး ဝေဒနာမျိုးကို

ခံစားနေရတာပဲ ကိုဘိုးထော်ရဲ့၊ တွေးလိုက်တိုင်း ကြောက်စရာပါကလား ကိုဘိုးထော်ရယ်၊ ကျုပ် ဒီဟာကို ဘယ်လိုလုပ်ပြီး ရင်ဆိုင်ရပါ့မလဲဗျာ၊ ကျုပ်က ဆရာဝန်တစ်ယောက် ဖြစ်နေတော့ ဝေဒနာခံစားရပုံကို တခြားသူများထက် ပိုပြီး ရိပ်စားမိတယ် ကိုဘိုးထော်ရဲ့"

"မှန်ပါတယ် ဆရာကြီး"

"ဒါကြောင့်လည်း ကြိုးပေးတာဟာ အသေနှေးတယ်ဆိုပြီး ပြင်သစ်ပြည်မှာ ရေးတုန်းက လည်ပင်းကို ဖြတ်ပစ်တဲ့ ဓားစက်နဲ့သတ်တယ်၊ တချို့နိုင်ငံမှာလည်း သေနတ် ၁၀ လက်လောက်နဲ့ တစ်ပြိုင်တည်းပစ်သတ်တယ်။ အမေရိကန်ကတော့ အကောင်းဆုံးဆိုပြီး နောက်ဆုံးပေါ် လျှပ်စစ်ဓာတ်နဲ့ သတ်ကြတာပေါ့ဗျာ၊ လျှပ်စစ်ဓာတ် ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဓာတ်အားလွှတ်လိုက်တဲ့ အချိန်ကစပြီး ငါးစက္ကန့်အတွင်းမှာ တစ်ခါတည်း လုံးလုံး အသက်ပျောက်သွားတာပဲ၊ ကျုပ် လက်ချိုးပြီး ရေပြမယ် ကြည့်စမ်း၊ ဒက် ... ဒက် ... ဒက် ... ဒက် ... ဒက် ကိုင်း ... တစ်ခါတည်း ဘာမှ မသိတော့ဘူး"

"အသေမြန်တာပေါ့ ခင်ဗျာ"

"အဲ ... ဟုတ်ပြီ၊ အသေမြန်တာကို ကျုပ်က လိုချင်တယ် ကိုဘိုးထော်၊ သဘောပေါက်ပြီ မဟုတ်လား"

"ပေါက်ပါပြီ ဆရာကြီး"

"အသေအမြန်ဆုံးနည်းဟာ အကောင်းဆုံးနည်းပဲ မဟုတ်လား ကိုဘိုးထော်ရဲ့၊ ဘယ့်နှယ်လဲ ကျုပ်ပြောတာ သဘောကျရဲ့ မဟုတ်လား"

"ကျပါတယ် ဆရာကြီး၊ ဝေဒနာခံစားရတာကို ကျွန်တော်လည်း အင်မတန် ကြောက်ပါတယ် ခင်ဗျာ"

"ဒါပေါ့ဗျာ၊ တွေးကြည့်မယ်ဆို ကြောက်စရာပေါ့၊ ဒါကြောင့်လည်း ဒီအကြောင်းတွေ တွေးမိလို့ သူတို့အနောက်နိုင်ငံသား မျက်နှာဖြူတွေဟာ သူတို့ချစ်တဲ့ ခွေးတို့၊ မြင်းတို့ တစ်စုံတစ်ခု ဖြစ်လို့ ဝေဒနာအပြင်းအထန် ခံစားနေရရင် မကြည့်ရက်ဘူးဆိုပြီး ချက်ချင်းသေအောင် သေနတ်နဲ့ ပစ်သတ်ကြတာပေါ့"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်လည်း ကြားဖူးပါတယ်"

"ကိုင်း ... ဒီတော့ ဆရာ့ကို တစ်ခု ကူညီစေချင်တယ် ကိုဘိုးထော်"

"အမိန့်ရှိပါ ဆရာကြီး"

"နက်ဖြန်မနက်ကို ကျုပ်တူတစ်ယောက် ထောင်ဝင်စာခံပြီး ကျုပ်ကို လာတွေ့လိမ့်မယ်။ အဲဒီလူဟာ ကျုပ်နဲ့ စကားပြောရုံသာ ပြောရမယ်၊ ဘာမှ ကျုပ်ကို ပေးနိုင်မှာ မဟုတ်ဘူး"

"ဟုတ်ပါတယ် ဆရာကြီး"

http://www.cherrythitsar.org



"နို့ပေမဲ့ ကိုဘိုးထော်ကတော့ ထောင်ထဲမှာ တန္တေဖြစ်နေတဲ့အတွက် ထွက်ခါနီးမှာ သူနဲ့ စကားပြောခွင့်ရပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ရနိုင်ပါတယ် ဆရာကြီး"

"အဲဒီလူက ကိုဘိုးထော် လက်ထဲကို ငွေ ၃၀၀ ကျပ် ထည့်လိမ့်မယ်"

"ဟုတ်ကဲ့"

"ဒီအခါမှာ အဲဒီငွေ ၃၀၀ ကျပ်နဲ့ ကိုဘိုးထော်က ကျုပ်လိုတဲ့ ပစ္စည်းကို ရအောင်ရှာပြီး ကျုပ်အခန်းထဲရောက်အောင် ကြံဖန်ပြီး သွင်းပေးစေချင်တယ်"

"ဆရာကြီး အလိုရှိတာက ဘယ်လို ပစ္စည်းမျိုးပါလဲ ခင်ဗျာ၊ အမိန့်ရှိပါဦး"

"၁၀ ကိုက် ၁၂ ကိုက်လောက်ရှိတဲ့ သံနန်းခွေကလေးတစ်ခု၊ အလုံးကတော့ တစ်ပဲလုံးလောက်ရှိရင် တော်ပါပြီ၊ အလေးချိန် နှစ်ကျပ်သား သုံးကျပ်သားလောက်လေးတဲ့ ကွင်းကလေးတစ်ခု၊ ပြီးတော့ ရော်ဘာနဲ့ လုပ်ထားတဲ့ သားရေလက်အိတ်တစ်ဖက်၊ တစ်စုံမဟုတ်ဘူးဗျနော်၊ တစ်ဘက်ရရင် တော်လောက်ပါပြီ"

သို့နှင့် ကျွန်ုပ်က ထိုပစ္စည်းများကိုရအောင် ရှာပေးပြီးလျှင် အခန်းတွင်းသို့လည်း ရောက်အောင် ကြံဖန်သွင်းပေးပါမည်အကြောင်းနှင့် အာမဝန်တာ ခံလိုက်ရလေ၏။

*

ရန်ကုန်ထောင်ကြီး၌ ကျွန်ုပ်မှာ 'ဘဂဝမ်ဆင်' ဆိုသူ ထောင်ပြာတာ အဘိုးကြီး မိတ်ဆွေဟောင်းရှိခဲ့၏။ ဘဂဝမ်ဆင်မှာ ကျွန်ုပ်အား ချစ်ကြောက်ရိုသေဆိုဘိသကဲ့သို့ ကျွန်ုပ်ခိုင်းစေသမျှ အလုပ်များကို သေချာပိရိစွာ ဆောင်ရွက်ပေးခဲ့ဖူးသူဖြစ်ရာ ကျွန်ုပ်ကလည်း သူ့အား တတ်အားသမျှ ထောက်ပံ့ကြည့်ရှုခဲ့လေသည်။ ထိုအခါက ကံအားလျော်စွာ ထောင်မှူးကြီး၏ အိမ်တွင် ဓာတ်မီးကြိုးများ အသစ်လဲလှယ်တပ်ဆင်နေသောအခါ ဖြစ်၍ ဘဂဝမ်ဆင်သည် ဓာတ်မီးနှင့် ပတ်သက်သည့် ကိရိယာများ၊ မီးလုံးများ၊ ကြေးနန်းကြိုးများနှင့် အခြားပစ္စည်းများကိုပါ အပြင်သို့ ထွက်၍ ဝယ်ယူနေရသည့်အခါဖြစ်၍ ကျွန်ုပ်က သူ့အား ငွေ ၁၀၀ ကျပ် ကျိတ်၍ ပေးလိုက်ခြင်းအားဖြင့် ကျွန်ုပ်အလိုရှိသော ပစ္စည်းများကို ရရှိခဲ့လေ၏။

နောက်ဆုံး၌ ဆရာဝန်ကြီး ဦးထွန်းခိုင်အား ကြိုးပေးမည့်နေ့ကို တစ်နေ့သော တနင်္လာနေ့ နံနက် ၆ နာရီတွင် သတ်မှတ်လိုက်တော့၏။

http://www.cherrythitsar.org


သို့ဖြစ်၍ ထိုပစ္စည်းများကို ဦးထွန်းခိုင်အား ချုပ်နှောင်ထားရာ 'ကြိုး တိုက်' အတွင်းသို့ နောက်အကျဆုံး တနင်္ဂနွေနေ့ ညနေတွင် ရောက်အောင် ကျွန်ုပ်က ပို့ရပေမည်။ ကြိုးတိုက်၏ ရှေ့ဘက်မှလည်းကောင်း၊ နောက်မှ လည်း ကောင်း ထောင်သားများ ဖြတ်သန်းသွားလာခွင့် မရှိချေ။ သို့သော် ထောင်ပြာ တာများမှာ ကြိုးတိုက်နောက်မှ ဖြတ်၍ အချိန်မရွေးသွားလာခွင့် ရှိသည့်အတိုင်း ဤကိစ္စကို ဘဂဝမ်ဆင်အား ပြန်၍ လွှဲအပ်မှသာ အဆင်ပြေပေတော့မည်။ သို့ဖြစ်ရကား ဘဂဝမ်ဆင်အား နောက်ထပ် ငွေ ၅၀ ကျပ်ပေးပြီးလျှင် အထုပ် ကလေးကို ဦးထွန်းခိုင်နေသော အခန်းကလေးအတွင်းသို့ ရောက်အောင် စီစဉ်ရ ပြန်၏။

သို့နှင့် တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီ ထိုးသောအခါ ကျွန်ုပ်လည်း ထောင်မှူးကြီးအိမ်သို့ လက်ဖက်ရည်ပွဲယူရန် သွားရာတွင် ကြိုးတိုက်နံဘေး အတော်ခပ်လှမ်းလှမ်း၌ ဘဂဝမ်ဆင်နှင့် တွေ့ဆုံရန် ကြိုတင်ချိန်းဆိုထားသည့် အတိုင်း တွေ့ဆုံလေ၏။ ထိုအခါ ကျွန်ုပ်လည်း ကျွန်ုပ်၏ ခါးဝတ်အောက်တွင် ဝှက်ယူခဲ့သော အထုပ်ကလေးကို ဘဂဝမ်ဆင်လက်သို့ အမှတ်မဲ့ပေးလိုက်လေ သည်။ အထုပ်ကလေးကိုရသောအခါ ဘဂဝမ်ဆင်သည် ကျွန်ုပ်တို့ရှေ့၌ပင် ကြိုးတိုက်နောက်မှ လျှောက်သွားနေကျအတိုင်း လျှောက်သွားပြီးနောက် ဦး ထွန်းခိုင်အခန်းနှင့် တည့်တည့်နေရာသို့ ရောက်သောအခါ အထုပ်ကလေးကို သံတိုင်ကလေးနှစ်ခုကြားမှ အတွင်းသို့ ပစ်သွင်းလိုက်သည်ကို မြင်လိုက်ရလေ သည်။ ထိုအခါ ကျွန်ုပ်၏ ဆောင်ရွက်မှုမှာ ကောင်းစွာချောမော အောင်မြင်သွား ပြီဖြစ်သဖြင့် ကျွန်ုပ်မှာ အထူး ကျေနပ်နှစ်သိမ့်မိတော့သည်။

*

ထိုနေ့ည ၇ နာရီသာသာလောက်၌ ကျွန်ုပ်တို့အခန်း 'မိန်းမထောင်' နှင့် ရုံးခန်းမှ ဓာတ်မီးများ ရုတ်တရက် ငြိမ်းသွားလေ၏။ နောက်တစ်ခဏ၌ ရုံးခန်းဆီမှ ဒုတိယ ထောင်မှူး၏ အမိန့်ပေးသံနှင့် ထောင်ပြာတာ လေးငါး ယောက် ပြေးလွှားသံများကို ကြားရပြီးလျှင် လက်ဆွဲမီးအိမ်နှစ်လုံးကို ကိုင်ကာ ကြိုးတိုက်ခန်းများဆီသို့ ထောင်ပြာတာများ ပြေးလွှားသွားသည်ကို မြင်လိုက် ရ၏။ မကြာမီ ဓာတ်မီးများ ပြန်၍ လင်းလာပြီးနောက် ကျွန်ုပ်တို့ အခန်းဝသို့ ထောင်မှူးကလေး တစ်ယောက်နှင့် ထောင်ပြာတာတစ်ယောက် ရောက်ရှိလာ ပြီးလျှင် ကျွန်ုပ်နှင့် ဖိုးစိန်ဆိုသူ အခြားဗာရာတစ်ယောက်အား ခေါ်ထုတ်သွား လေသည်။

ကျွန်ုပ်တို့အား ထောင်မှူးကြီးအမိန့်ဖြင့် ကြိုးတိုက်သို့ ခေါ်သွားရာ ဦးထွန်းခိုင် အခန်းရှေ့တွင် ထောင်မှူးကြီး၊ ဒုတိယထောင်မှူး၊ ထောင်မှူးကလေး

http://www.cherrythitsar.org



သုံးယောက်နှင့် ထောင်ပြာတာလေးငါးယောက်တို့ကို တွေ့ရလေသည်။ အခန်းတွင်း၌ကား ဦးထွန်းခိုင်မှာ သမံတလင်းပေါ်၌ လဲကျနေပြီးလျှင် အင်္ကျီမပါသော သူ၏ကိုယ်တွင် ကြေးနန်းကြိုးကလေးဖြင့် ရစ်ပတ်ထားသည်ကိုလည်းကောင်း၊ လက်ယာဘက်လက်တွင် သားရေလက်အိတ်တစ်ခု စွပ်ထားသည်ကို လည်းကောင်း အံ့သြစွာ တွေ့မြင်ရလေ၏။ သူ၏ကိုယ်တွင် ရစ်ပတ်ထားသော ကြေးနန်းကြိုး၏ အခြားဘက်အစမှာ သံတိုင်အပြင်သို့ကျလျက် ရှိလေသည်။

ထောင်ဆရာဝန်ကြီး ရောက်လာသောအခါမှ ထောင်မှူးကြီးသည် တံခါးကို ဖွင့်ရန် အမိန့်ပေးလေသည်။ အခန်းတွင်းသို့ အရာရှိများ ဝင်သွားသောအခါ၌ကား ဦးထွန်းခိုင်မှာ သေဆုံးလျက် ရှိနေလေပြီ။

ဆရာဝန်ကြီးက အလောင်းကို မည်သူမျှ ရှေးဦးစွာ မကိုင်တွယ်ရန် ပြောပြီးလျှင် ကြေးနန်းကြိုးကလေးဖြင့် အပြင်တွင် ချိတ်တွယ်လျက်ရှိသော ဓာတ်လိုက်နေသည့် သွပ်ကြိုးနှင့် ဆက်သွယ်လျက်ရှိသည့် မိန်းဆွစ် (Main Switch) ကို လျှပ်စစ်ဘက်တွင် နားလည်သူ ဗာရာဖိုးထွန်းဆိုသူအား သွား၍ ပိတ်စေ၏။ ထို့နောက် အပြင်ဘက်သို့ ကျလျက်ရှိသော ကြေးနန်းကြိုးကို အခန်းတွင်းသို့ ဆွဲယူစေပြီးမှ ကျွန်ုပ်နှင့် ဗာရာဖိုးစိန်တို့မှာ သူ့အမိန့်ပေးသည့် အတိုင်း ဦးထွန်းခိုင်၏ ကိုယ်တွင် သုံးလေးပတ်မျှ ရစ်ပတ်လျက်ရှိသည့် ကြေး နန်းကြိုးများကို ဖြေယူရလေ၏။ ကြေးနန်းကြိုးများနှင့် နှလုံးသားရှိရာ ရင်ဘတ် တည့်တည့်ပေါ်သို့ သုံးပတ်မျှ တင်းတင်းကြီး ရစ်ပတ်ထားပြီးလျှင် အတွင်း ကြိုးစမှာလည်း လက်ဝဲဘက်ရင်အုံပေါ်တွင် အဆုံးသတ်လျက် ရှိလေသည်။သူ၏အကြံ အထမြောက်ရန် ဖြစ်ပေါ်လာပုံမှာ ထောင်အတွင်းရှိ ဓာတ်မီး'ကြိုး မ,ကြီး' တပ်ဆင်ထားသော တိုင်မှ ထောင်မှူးကြီးအိမ်ဘက်သို့ အားပေးကြိုး ကြီးတစ်ချောင်းသည် ကြိုးတိုက်မှ ဖြတ်သန်းသွယ်ထားလေရာ ဦးထွန်းခိုင် သည် အဖျားတွင် သံအလေးကွင်းကလေး တပ်ထားသည့် ကြေးနန်းကြိုးကို သူ၏ အခန်းနောက်ဘက်ရှိ သံတိုင်ကြားမှ အားပေးကြိုးကြီးပေါ်သို့ လှမ်း၍ ပစ်လိုက်ဟန်တူ၏။ သို့နှင့် ဓာတ်လိုက်ကာ သေဆုံးသွားခြင်း ဖြစ်၏။

ထိုအခါမှ ကျွန်ုပ်လည်း ဦးထွန်းခိုင်ပြောဖူးသည့် 'အချိန်အတိုဆုံးနှင့် သေနည်းမျိုး' ကို တစိမ့်စိမ့် ပြန်၍ တွေးမိတော့၏။ ဦးထွန်းခိုင်ကား စက္ကန့် ၆၀ ခံစားရမည့် ဝေဒနာကို ငါးစက္ကန့်မျှသာ ခံစားရမည့် ဝေဒနာနှင့် လဲလှယ်ကာ အစိုးရမင်းတို့၏ 'ကြိုးဒဏ်'ကို တစ်မျိုးတစ်ဖုံ လှည့်ဖြားပြောင်းလဲယူသွားခဲ့လေ ပြီ။

အထက်ပါ ကိစ္စအတွက် ထောင်ပိုင်များ၊ ထောင်မှူးများ၊ ထောင်တာဝန်များမှစ၍ ထောင်အရာရှိအားလုံး ခေါင်းချင်းရိုက်ကာ မည်သည့်နည်းနှင့်

http://www.cherrythitsar.org



ဦးထွန်းခိုင်၏အခန်းတွင်းသို့သံကွင်း၊ လက်အိတ်နှင့် ကြေးနန်းကြိုး ရောက်ရှိလာသည်ကို စုံစမ်းမှုဖွင့်သေး၏။ ကျွန်ုပ် ကိုယ်တိုင်ပင် စစ်ဆေးခြင်းခံရရာ ကျွန်ုပ်က ဘူးကွယ်ခဲ့၏။ ဦးထွန်းခိုင် အချုပ်ခံနေရသည့်အတွင်း သူ၏ ထောင်ဝင်စာခံ၍ လာရောက်တွေ့ဆုံသူနှစ်ယောက် ရှိခဲ့ရာ ၎င်းတို့အပေါ်တွင် သံသယမဖြစ်ရန် ရှိသော်လည်း ပြီးသည့်အမှု ပြီးစေတော့ဟု သဘောထားဟန်နှင့် ၎င်းတို့အား ခေါ်ယူစစ်ဆေးခြင်း မပြုကြတော့ချေ။ သို့နှင့် စစ်ဆေး၍မရနိုင်သည့် အဆုံးတွင် ဦးထွန်းခိုင်သည် စီရင်ချက်ချသောနေ့တွင် အပြင်မှ လျှို့ဝှက်ကာ သူ့အဝတ်အစားများအောက်တွင် ဝှက်ယူလာဟန် တူကြောင်း မှတ်ချက်ချကာ အမှုကို နောက်ဆုံး ပိတ်လိုက်ရလေသည်။

ဤအမှု၌ ပါဏာတိပါတာကံ ထိုက်သင့်စေရန် ကျွန်ုပ် ကူညီခဲ့၍ ကျွန်ုပ်၏ ပယောဂ မကင်းသည်မှန်သော်လည်း လူတစ်ဦးတစ်ယောက်၏ အလိုသို့ လိုက်လျောကာ အချိန်ကြာမြင့်စွာ ဝေဒနာခံစားရခြင်းမှ သက်သာရာရစေရန် ကူညီခဲ့ရသဖြင့် ကျွန်ုပ်မှာ နောင်တရမည့်အစား ဝမ်းမြောက်မိပါကြောင်း။

◆

# ဒိန်းဒလိန်းနတ်ကြောင့် အကျပ်ရိုက်ခံရပုံ

ကျွန်ုပ်မှာ ထောင်သက်ရှည်သူတစ်ယောက်ဖြစ်၍ ထောင်သားများ၏ ဘဝကို နီးကပ်စွာ လေ့လာခွင့်ရခဲ့သည့်အတိုင်း သူတို့၏ အဖြစ်အပျက်များကို အသေးစိပ် သိရှိရသောအခါ သူတို့၏ အဖြစ်အပျက်များထဲမှ မှတ်သားဖွယ်၊ နည်းယူဖွယ်၊ ရှောင်ကြဉ်ဖွယ် ကလေးများကို တွေ့ရ၏။ စူးစမ်းရှာဖွေတတ်သော အသိဉာဏ်ကို ပိုမိုထက်မြက်စေ၏။ အလုံးစုံခြုံ၍ ပြောရမည်ဆိုသော် ၎င်းတို့ထံမှ ရရှိသော ဗဟုသုတများသည် ကျွန်ုပ်၏ စဉ်းစားဆင်ခြင်တတ်သော ဉာဏ်ကို ရင့်သန်ကြီးမားစေ၏။ ကျွန်ုပ်မှာ ထောင်သားများထဲတွင် အကြီးအကဲဖြစ်ရုံမျှမက ထောင်ဗာရာများထဲ၌လည်း လူကြီးတစ်ယောက်ဖြစ်သည် ဟု ယူဆသည့်အတိုင်း ထောင်မှူးများသည် ကျွန်ုပ်အပေါ်တွင် ခင်မင်ကြသည့်အလျောက် အကြောင်းကြီးငယ်ရှိက ကျွန်ုပ်အား တိုင်ပင်လေ့ရှိကြ၏။ ဤအကြောင်းများကို အထက်က အကြိမ်ကြိမ် ရေးသားဖော်ပြခဲ့ဖူးပေပြီ။ တစ်ခါတစ်ရံ သူတို့၏ကိစ္စများကိုပင် ဆောင်ရွက်ပေးရ၏။ ဤသို့ ဆောင်ရွက်ပေးရခြင်းများမှာ တစ်ခါတစ်ရံ ကောင်းသော ကိစ္စလည်း ရှိ၏။ တစ်ခါတစ်ရံ၌လည်း မကောင်းသော ကိစ္စလည်း ရှိ၏။ သို့သော် ထောင်သားဆိုသည်မှာ ထောင်မှ မထွက်မချင်း ထောင်မှူးများ လက်အောက်မှ မလွတ်မြောက်နိုင်ရကား တစ်ခါတစ်ရံ ကျွန်ုပ်မှာ အလွန်ဆိုးရွားသော အခြေအနေသို့ ရောက်ရှိတတ်လေသည်။

ရှေးအခါက ထောင်မှူးများမှာ အပြင်အပနှင့် အဆက်အသွယ် အလွန် နည်းပါးပြီးလျှင် နေ့ရောည့်ပါ ထောင်သားများနှင့်သာ အမြဲဆက်ဆံလျက် ရှိနေရကား အပြင်မျက်စိနှင့် ကြည့်မည်ဆိုက သူကိုယ်တိုင် ထောင်သား တစ်ပိုင်းဖြစ်၍နေပြီးလျှင် သူတို့၏မိတ်ဆွေ သင်္ဂဟများမှာလည်း အများအားဖြင့် ထောင်ဆရာဝန်များ၊ ထောင်ပိုင်များ၊ ထောင်ကန်ထရိုက်များနှင့် အရာရှိအချို့သာဖြစ်၍ အခြားသော အစိုးရအရာရှိများကဲ့သို့ အပြင်လောကနှင့် အဆက်အသွယ် နည်းပါးလေသည်။ ထို့ပြင် 'ထောင်' ဆိုသော နေရာမှာလည်း လူများ၏ မျက်စိတွင် လူမိုက်၊ လူဆိုးများစု၍ နေထိုင်သော နေရာဟူ၍သာ အသိအမှတ်ပြုကြသည့်အတိုင်း အပြင်အပမှ လူများသည်လည်း ထောင်နှင့် ဆက် သွယ်ရန် လွန်စွာ ရွံရှာမုန်းတီးကြ၏။

ပထမကမ္ဘာစစ်ကြီးပြီးသည့်နောက် တစ်နှစ်ခန့်အကြာတွင် ကျွန်ုပ်သည် ရွှေဘိုထောင်၌ ရှိနေရာ ထိုအခါက ရွှေဘိုထောင်ကို အုပ်ချုပ်ရသော ထောင်မှူးကြီးမှာ ဂျွန်ဆင်ဆိုသူ ကပြားတစ်ယောက်ဖြစ်၍ အသက်မှာ ၅၀ ကျော်ခန့်ရှိလေပြီ။ သူ၏ဇနီးမှာမူ အသက် ၃၀ ခန့်သာ ရှိသေး၍ ရုပ်ရည်ချောမောသော ကပြားမတစ်ယောက်ဖြစ်၏။ မြန်မာလိုဝတ်ဆင်၍ ထောင်မှူးကြီးနှင့် စကားပြောရာ၌သာ အင်္ဂလိပ်ဘာသာဖြင့် ပြောပြီးလျှင် မည်သည့်အခါမဆို မြန်မာစကားပြောသူတစ်ယောက်လည်း ဖြစ်လေသည်။ ၎င်း၏အမည်ရင်းကို မသိရသော်လည်း အများကပင် မမေရီဟု ခေါ်ကြ၍ ကျွန်ုပ်တို့ကမူ ထုံးစံအတိုင်း 'သခင်မ' 'သခင်မကြီး' စသည်ဖြင့် ခေါ်ကြလေသည်။ ဝတ်စားဆင်ယင်၍ ဖြီးလိမ်းခြယ်လှယ်ရာ၌လည်း မြန်မာမ အစစ်ထက်ပင်သာသေး၍ ယောကျ်ားအပေါ်တွင် အတော်ဩဇာညောင်းဟန်လည်း လက္ခဏာရှိ၏။

တစ်နေ့သ၌ ထောင်မှူးကြီးနှင့် ထောင်မှူးကတော်တို့သည် အရေးပိုင်၏ ညစာစားပွဲသို့ ည ၇ နာရီအချိန်ခန့်တွင် သွားရောက်၍ ၁၀ နာရီကျော်ကျော်မှ ပြန်ရောက်လာကြောင်း၊ အစောင့် ဒရဝမ်ကုလားများထံမှ သိရ၏။ နောက်တစ်နေ့တွင် ကျွန်ုပ်သည် အလုပ်ဝတ္တရား ရှိသည့်အတိုင်း ထောင်ရှိ ရုံးခန်းသို့ ထောင်မှူးကြီးရောက်လာသည်နှင့် တစ်ပြိုင်နက် ထောင်မှူးကြီး အိမ်သို့ သွားရောက်ရလေ၏။ ကျွန်ုပ်၏ အလုပ်ဝတ္တရားမှာ ရုံးခန်းသို့ ထောင်မှူးကြီးရောက်လာသည်နှင့် တစ်ပြိုင်နက် ၎င်း၏နေအိမ်သို့ နံနက် ၁၀ နာရီခန့်တွင် သွား၍ ၁၂ နာရီအထိ အိမ်၏ဗာဟီရ အလုပ်များကို လုပ်ကိုင်ပေးရ၏။ ဤသို့ ၂ နာရီခန့်မျှ အလုပ်လုပ်ရသော အချိန်သည် ကျွန်ုပ်အတွက် တစ်နေ့အဖို့တွင် ထောင်မှလွတ်၍ နေရဘိသကဲ့သို့ အပျော်ရွှင်ဆုံး အချိန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ကလေးအတွင်း၌ ကျွန်ုပ်မှာ ထောင်မှူးကြီးစားပွဲ စား၍ကျန်

သော စားကောင်းသောက်ကောင်းများကို စားရခြင်း၊ ထောင်မှူးကြီး သောက်သော ဆေးပြင်းလိပ်တစ်လိပ်နှင့်တကွ ဆေးပြင်းလိပ်အတိုများကို ကျွန်ုပ်သဘောအတိုင်း သောက်ရခြင်း၊ အိမ်ရှေ့ခန်းကို တံမြက်လှည်း၍ စားပွဲ၊ ကုလားထိုင်၊ စာအုပ်ဗီရိုများကို ရှင်းလင်းသုတ်သင် တိုက်ချွတ်ရသော အလုပ်မှာ ပြောပ လောက်သော အလုပ်မဟုတ်၍ အလုပ်ပြီးစီးက ကျွန်ုပ်၏ ဘဝမှတ် တမ်းကို အေးချမ်းစွာ ရေးသားနိုင်ခြင်း၊ ဆေးပြင်းလိပ်အတိုကို စည်းစိမ်နှင့် သောက်ကာ တစ်ရေးတစ်မောပင် အိပ်၍ နေထိုင်ခြင်း အစရှိသော လွတ်လပ် ပျော်ရွှင်မှုကလေး များကို ရသောကြောင့်ပင်တည်း။

ထိုနေ့က ကျွန်ုပ်သွားရောက်သောအခါ ရုံးခန်းတွင် ခိုင်းစေထား သဖြင့် ခါတိုင်းထက် ၁၅ မိနစ်ခန့်မျှ နောက်ကျသွား၏။ သို့နှင့် ကျွန်ုပ်လည်း အပေါ်ထပ်သို့ ဖြည်းညင်းစွာ တက်သွားရာ အပေါ်ထပ်သို့ ရောက်၍ 'ဖိနပ် ချွတ်' မှ အိမ်တွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ထောင်မှူးကြီးအိပ်သော အခန်းထဲမှ ခန်းဆီးကလေးပေါ်တွင် ယောကျ်ားတစ်ယောက်၏ အရိပ်ကို ရိပ် ခနဲ မြင်လိုက်ရသကဲ့သို့ ထင်မိ၏။ အဘယ်ကြောင့်ဆိုသော် အချိန်မှာ ၁၀ နာရီ ခွဲသာသာမျှသာ ရှိသေး၍ နောက်ဖေးဘက်မှ အလင်းရောင်သည် ထို အခန်း ပြတင်းပေါက်ကလေးတွင် တပ်ဆင်ထားသည့် ပန်းနုရောင်ခန်းဆီး ကလေးပေါ်သို့ ခပ်စောင်းစောင်းကျရောက်လျက်ရှိသောကြောင့်ပင်တည်း။ သို့ သော် မည်သူ မည်ဝါ ဟူ၍ကား မကွဲပြားချေ။

ကျွန်ုပ်လည်း အိမ်ရှေ့ခန်း၌ အလုပ်ကို ထုံးစံအတိုင်း လုပ်ကိုင်လျက် ရှိလေရာ နာရီဝက်ခန့်ကြာလတ်သော် တံမြက်လှည်းခြင်း၊ စားပွဲကုလားထိုင် များသုတ်ခြင်း၊ ကြမ်းများကို ရေပတ်ဖြင့် ပွတ်တိုက်ခြင်းစသည့် အလုပ်များ ပြီးစီးသွားသဖြင့် စားပွဲပေါ်၌ အလှအပ တင်ထားသော ကြေးရုပ်များကို ကြေး ပွတ်ဆေးဖြင့် ပွတ်တိုက်လျက် ရှိလေ၏။ ထိုအတွင်း အရိပ်မြင်ရသော အခန်း ထဲမှ 'ခစ်' ခနဲ မိန်းကလေးတစ်ယောက်၏ ရယ်သံတစ်သံကို ကြားလိုက်ရပြီး နောက် တစ်ခဏမျှကြာလတ်သော် ထောင်မှူးကတော်သည် တံခါးခန်းဆီးကို လက်ဖြင့် ဖယ်ရှားကာ အပြင်သို့ ထွက်လာလေသည်။ သူသည် ခါတိုင်းနေ့များ ကဲ့သို့ မဟုတ်ဘဲ တစ်စုံတစ်ရာကို ကြောက်လန့်နေသကဲ့သို့ တုန်တုန်ယင်ယင် ရှိနေပြီးလျှင် ကျွန်ုပ်အား –

"မောင်ဘိုးထော် ဒီအရုပ်တွေ မတိုက်နဲ့တော့လေ"

"သခင်ကြီးက မနေ့က အတိုက်ခိုင်းလို့ပါ သခင်မ"

"မင့် သခင်ကြီးအမိန့်ကို ငါ မလိုချင်ဘူး။ အခု ပြောတာ ငါ့အမိန့်"

"မှန်ပါတယ် သခင်မ"

http://www.cherrythitsar.org


“သူက ရုံးမှာသာ အမိန့်ပေးနိုင်တယ်။ အိမ်မှာ ငါ့အမိန့်ကို နာခံရမယ်”

“မှန်ပါတယ် သခင်မ”

“သွား ... အောက်ထပ်သွားပြီး တံမြက်လှည်းချေ၊ ၁၂ နာရီ ထိုးရင် ပြန်တော့”

“ကောင်းပါပြီ သခင်မ”

“သူ့ဆေးခန်းထဲများ မဝင်နဲ့နော်”

“မဝင်ပါဘူး သခင်မ”

“ကိုင်း ... သွား”

သို့နှင့် ကျွန်ုပ်သည် အောက်ထပ်သို့ ဆင်းခဲ့၏။ အောက်ထပ်တွင် အိမ်ရှေ့ဧည့်ခန်း၏နောက်၌ အခန်းနှစ်ခန်းရှိရာ ခြေရင်းခန်းမှာ တိုလီမိုလီပစ္စည်းများထား၍ ခေါင်းရင်းခန်းမှာ အမြဲသော့ခတ်ထားသော သူ၏ဆေးခန်းဖြစ်၏။ ထောင်မှူးကတော် ပြောသောအခန်းမှာ ဤအခန်းပင် ဖြစ်လေသည်။ ဤအခန်းကိုမူ ထောင်မှူးကြီးသည် မည်သည့်အခါမျှ ကျွန်ုပ်အား တံမြက်လှည်းရန် မခိုင်းဖူးချေ။

ကျွန်ုပ်သည် အိမ်ရှေ့အခန်းကျယ်ကြီးကို ရှင်းလင်းသုတ်သင်ပြီးနောက် ဆေးပြင်းလိပ် အတိုတစ်ခုကိုခဲရင်း အချိန်ကုန်လွန်၍ သွားလေရာ ၁၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ထောင်ထဲသို့ ပြန်ခဲ့လေ၏။

*

နောက် သုံးလေးရက်ခန့် ကြာသောအခါ ထောင်မှူးကြီးသည် နံနက် ၁၀ နာရီသာသာတွင် ရုံးခန်းသို့ မျက်နှာနီမြန်းကာ စိတ်ဆိုးမာန်ဆိုးနှင့် ရောက် လာပြီးနောက် စာရေးများ၊ အော်ဒလီများကို ကြိမ်းမောင်းမြည်တွန်လျက်ရှိ သဖြင့် ကျွန်ုပ်မှာ ချောင်တစ်ချောင်တွင် ကုပ်လျက်ရှိနေရ၏။ တစ်ခဏမျှ မြည် တွန်တောက်တီးပြီးနောက် ကျွန်ုပ်အား ခေါ်လိုက်သဖြင့် သူ၏ စားပွဲရှိရာ လိုက် ကာကလေး၏ နောက်သို့ ဝင်သွားရလေ၏။

“ဒါနဲ့ ... မောင်ဘိုးထော်၊ မင်းဟာ သစ္စာရှိတဲ့ လူတစ်ယောက်ဆိုတာ ငါသိတယ်။ ပြီးတော့ ဗာရာတွေထဲမှာ ငါအားအထားဆုံးလူတစ်ယောက်ပဲ”

“မှန်ပါတယ် သခင်ကြီး”

“ဒီတော့ ... ငါ့အတွက် ဆောင်ရွက်ပေးစရာ ကိစ္စတစ်ခု ရှိနေတယ်”

“မှန်ပါ့၊ ဘယ်အခါမဆို ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ သခင်”

“နက်ဖြန်ကျတော့ ငါ အိမ်ကို ၉ နာရီခွဲ ရောက်အောင်လာခဲ့၊ ရုံးခန်းကို ငါ ရောက်အောင် စောင့်မနေရဘူး”

http://www.cherrythitsar.org


"ကောင်းပါပြီ သခင်"

"ဟိုရောက်တဲ့အခါ ငါ မနက်စာစားနေတာ မင်းတွေ့လိမ့်မယ်။ ဒီတော့ မင်းက လေ့ကားအတက် တံခါးပေါက်ဝနားမှာ အသာထိုင်နေ ကြားလား"

"မှန်ပါ"

"ဒီတစ်ခါ အိမ်ပေါ်မှာ ငါနဲ့ စားပွဲထိုးကလွဲပြီး ဘယ်သူမှ မရှိဘူး။ နောက် ငါက မျက်ရိပ်ပြလိုက်တဲ့အခါ အခန်းထောင့်က ဗီရိုကြီးအောက်ထပ်ထဲကို ဝင်လိုက်ရမယ်။ ဒီဗီရိုမှာ အပေါ်ထပ်ကသာ ဖိုင်တွဲတွေထားပြီး အောက်ထပ်က ဘာမှ မရှိဘူး။ လူတစ်ယောက် ကောင်းကောင်းဝင်နေနိုင်တယ်။ နားလည်လား မောင်ဘိုးထော်"

"ကျွန်တော်မျိုး နားလည်ပါပြီ သခင်"

"ပြီးတော့ ... တံခါးကို မစေ့တစေ့ကလေး ဖွင့်ထားရမယ်"

"ကောင်းပါပြီ သခင်"

"နောက် အိမ်ပေါ်ကို ဘယ်သူတက်လာတယ်၊ ဘယ်သူနဲ့ ဘယ်သူနဲ့ စကားပြောတယ်၊ ဘာလုပ်ကြတယ် ဆိုတာ မှတ်ထားပြီး ငါ့ကို မှန်တဲ့အတိုင်း ပြန်ပြောရမယ်"

"မှန်ပါ့"

"အဲဒီနေ့မှာ ၁၂ နာရီထိုးကို ငါ အိမ်ပြန်လာခဲ့မယ်။ ငါ ပြန်လာပြီး မင်းကို ဗီရိုထဲက မထုတ်မချင်း မင်း မထွက်ရဘူး။ ဟိုမှာပဲ နေရမယ်"

"ကောင်းပါပြီ သခင်၊ အမိန့်ရှိပါ"

"ငါ ပြန်ပြီးပြောဦးမယ် နားထောင်၊ မင်းဟာ နက်ဖြန် မနက် ၉ နာရီခွဲကို ငါ့အိမ်ရောက်အောင် လာရမယ်။ လာတဲ့အခါ ငါမနက်စာ စားနေတာတွေ့ရလိမ့်မယ်။ ဒီတစ်ခါ လှေကားအတက် တံခါးပေါက်ဝမှာ ထိုင်နေရမယ်။ နောက် ငါက မျက်ရိပ်မျက်ခြည်ပြလိုက်တဲ့အခါ အခန်းထောင့်က ဗီရိုကြီးထဲဝင်ပုန်းနေရမယ်။ ဒီနောက် ဗီရိုတံခါးကို မစေ့တစေ့ ဖွင့်ထားပြီး အိမ်ပေါ်ကို ဘယ်သူလာတယ်။ ဘယ်သူနဲ့ဘယ်သူ ဘာစကားပြောတယ်၊ ဘာလုပ်တယ် ဆိုတာ အားလုံးမှတ်ထားပြီး ငါ့ကို ပြောရမယ်။ ၁၂ နာရီထိုးပြီးတဲ့နောက် ငါရောက်လာပြီး ဗီရိုကို မဖွင့်မချင်း မင်း ဒီအထဲကပဲ စောင့်နေရမယ်။ ကိုင်း ... တိတိကျကျ မှတ်ပြီးပြီလား မောင်ဘိုးထော်"

မိန်းမတစ်ယောက်၏ အပြုအမူကို ချောင်းမြောင်းကြည့်ရှုရန် ခိုင်းစေသော အလုပ်သည်ကား အလွန်အောက်တန်းကျပြီးလျှင် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှ၏။ သို့သော် မလွှဲသာသဖြင့် ကျွန်ုပ်မှာ လုပ်ရပေတော့မည်။

"အတိအကျ မှတ်မိပါပြီ သခင်၊ သို့သော် ကျွန်တော်မျိုးတစ်ခု ပြောပါရစေ"

"ပြောစမ်း"

"တကယ်လို့ ဗီရိုကို သခင်မက ဖြစ်စေ၊ ချာပလာစီက ဖြစ်စေ" စကားမဆုံးမီ –

"ငါ နားလည်ပါပြီကွယ်၊ ဒီဗီရိုကို ဘယ်သူမှ လာမဖွင့်ပါဘူး။ မင်းသခင်မလည်း ဘယ်တော့မှ မဖွင့်ဘူး။ စိတ်ချ ဒီဟာတွေ ငါအားလုံးကြည့်ပြီး စီ စဉ်မယ်၊ မင်းလည်း ထောင်မှာ အလုပ်များတဲ့အတွက် ဒီနေ့ မလာနိုင်ဘူးဆိုတဲ့အကြောင်း ငါ ပြောထားနှင့်မယ် နားလည်ပြီလား"

"ကောင်းပါပြီ သခင်"

*

နောက်တစ်နေ့တွင် ထောင်အတွင်းရှိ ရုံးခန်း၌ သုတ်သင်ရှင်းလင်းရန် အလုပ်များကို အခြားထောင်ဗာရာတစ်ယောက်နှင့် လွှဲထားခဲ့ပြီးနောက် နံနက် ၉ နာရီခွဲတွင် ကျွန်ုပ်သည် ထောင်မှူးကြီးအိမ်သို့ ရောက်ရှိခဲ့လေ၏။ လှေကားမှ အပေါ်ထပ်သို့တက်သွားသောအခါ ထောင်မှူးကြီးမှာ အလယ်စားပွဲ၌ ထိုင်ကာ နံနက်စာ စားသောက်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ၎င်းမှာထားသည့်အတိုင်း လှေကားအထက် တံခါးဝ၌ရှိသော ခွေးခြေပုကလေး တစ်လုံးပေါ်တွင် ထိုင်လျက်ရှိလေ၏။ ထိုနေ့၌ ထောင်မှူးကြီး၏အိမ်မှာ အထူးတိတ်ဆိတ်လျက် မည်သည့်အသံမျှ မကြားရဘဲ စားပွဲထိုးတစ်ယောက်သာ နောက်ဖေးခန်းမှ မကြာခဏ ထွက်ပေါ်လာကာ ဟင်းခွက်များကို စားပွဲပေါ်၌ချလျက်ရှိလေသည်။ ထောင်မှူးကြီးသည် အိမ်ပေါ်သို့ ကျွန်ုပ် တက်လာစဉ်က ကျွန်ုပ်အား တစ်ချက်မျှ ဖျတ်ခနဲ လှမ်း၍ကြည့်လိုက်ပြီးနောက် ဟင်းလျာများကိုသာ တစ်ခွက်ပြီး တစ်ခွက် စားသောက်လျက်ရှိလေရာ ၎င်းကိုမျက်နှာထားမှာမူ ရွာသွန်းမည့်ဟန်ဖြင့် အုံ့မှိုင်းလျက်ရှိသော မိုးကောင်းကင်ကဲ့သို့ တွေးတောခြင်း၊ ဒေါသဖြစ်ခြင်း၊ အရိပ်အယောင်များဖြင့် သန်းလျက်ရှိလေသည်။ လွန်ခဲ့သော တစ်ပတ်အတွင်းလောက်မှစ၍ ထောင်မှူးကြီးသည် ရုံးခန်းသို့ ဒေါသတကြီး ရောက်လာတတ်ပြီးလျှင် စာရေးများနှင့် အော်ဒလီကုလားများအား မာန်မဲတတ်၏။ မျက်နှာ မသာဘဲ အလုပ်စားပွဲတွင် မကြာခဏ မှိုင်၍နေတတ်၏။ ၎င်းတို့ကို ယခု ကျွန်ုပ်အား ဗီရိုအတွင်းမှနေ၍ အိမ်တွင် မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို ချောင်းမြောင်းကြည့်ရှုရန် ခိုင်းစေခြင်းများနှင့် ပေါင်းစပ်၍ ကြည့်လိုက်သောအခါ စိတ်မချမ်းမြေ့ဖွယ်ကောင်းသော အိမ်တွင်းကိစ္စများ ရှိရမည်ဟု ကျွန်ုပ် တွက်မိ၏။ ရှေ့တွင် မည်ကဲ့သို့သောအရာများကို တွေ့မြင်ရပေဦးမည်နည်းဟုလည်း စဉ်းစားမိ၏။

http://www.cherrythitsar.org



၁၀ မိနစ်ခန့်ကြာလတ်သော် စားဖိုဆောင်သို့ ကူးသည့် လမ်းကြား ကလေးထဲသို့ စားပွဲထိုးကုလားပြန်၍ ဝင်သွားသည်နှင့် တစ်ပြိုင်နက် ထောင်မှူး ကြီးသည် ကျွန်ုပ်ဘက်သို့လှည့်ကာ ဗီရိုရှိရာဘက်သို့ မေးဆတ်၍ ပြလိုက် သဖြင့် ကျွန်ုပ်လည်း ဗီရိုရှိရာသို့ ခြေသံမကြားအောင်သွားပြီးလျှင် အတွင်းသို့ ဝင်ကာ တံခါးကိုစေ့၍ ထားလိုက်လေ၏။ ထို့နောက် ဗီရိုအတွင်းမှ စိတ်အား ထက်သန်စွာ စောင့်ဆိုင်းလျက်ရှိလေသည်။

၁၀ မိနစ်ခန့်ကြာလတ်သော် အောက်ထပ်သို့ ဆင်းသွားသော ထောင်မှူးကြီး၏ ဖိနပ်သံကို သဲကွဲစွာ ကြားလိုက်ရပြီးလျှင် ဘွိုင်ကုလားသည် စားပွဲပေါ်မှ ပန်းကန်အကြွင်းအကျန်များကို ရှင်းလင်းနေသည်ကို မြင်ရ၏။ ထို့နောက် တစ်အိမ်လုံးသည် တိတ်ဆိတ်လျက်ရှိလေရာ မကြာမီ နောက်ဖေး ခန်းမှ ထောင်မှူးကတော်၏ အသံကို ကြားရ၏။ အသံမှာ နောက်ဖေးလှေကား ဆီမှ ဖိနပ်သံနှင့်အတူ အခန်းရှိရာသို့ တဖြည်းဖြည်း နီးကပ်လာသည်ကို ကြား ရသဖြင့် ထောင်မှူးကတော်သည် နောက်ဖေးလှေကားမှ တက်လာပြီးလျှင် အခန်းတွင်းသို့ ဝင်သွားဟန်ရှိလေသည်။

ကျွန်ုပ်စိတ်ထင် နာရီဝက်ခန့်မျှ အချိန်ကြာ၍ သွားလေ၏။ ထို့နောက် အခန်း၏နံဘေး တံခါးပေါက်ဆီမှ ခြေသံတစ်သံကြားရပြီးလျှင် ထောင်မှူး ကတော်သည် အပြင်ခန်းသို့ ထွက်လာပြီးနောက် ဧည့်ခန်းရှိ တစ်ယောက်ထိုင် ဆိုဖာတစ်လုံးပေါ်တွင် ထိုင်လေ၏။ ၎င်းမှာ မြန်မာအပျိုကလေးတစ်ယောက် ရှုံးလောက်အောင် ပဒုမ္မာအင်္ကျီပါး၊ ပန်းနုရောင် စူလတီလုံချည်တို့ကို သပ်ရပ် စွာ ဝတ်ဆင်ကာ အင်္ကျီ၌ စိန်ကြယ်သီးများ တပ်ဆင်ထားပြီးလျှင် အပေါ်ကြယ် သီးတစ်လုံးမှာလည်း နံဘေးသို့ လျော့ရဲစွာ ကျလျက်ရှိလေသည်။ မျက်နှာ၌ လိမ်းကျံထားသော သနပ်ခါး၊ ပေါင်ဒါများမှာ ဖြူဖွေးသော အသားအရောင်နှင့် ရောယှက်၍နေသဖြင့် အရွယ်ကို ပို၍ နုပျိုစေသကဲ့သို့ ထင်ရလေရာ အခန်းတွင်း သို့ သူဝင်လာသည်နှင့် တစ်ပြိုင်နက် သူ၏ကိုယ်မှ ပေါင်ဒါနံ့များသည် တစ် ခန်းလုံးကို ကြိုင်လှိုင်သွားစေ၏။

ထောင်မှူးကြီးသည် မည်သည့်အချက်ကို မသင်္ကာလေသနည်း။ မည်သူနှင့် မသင်္ကာလေသနည်းဟု ကျွန်ုပ် စဉ်းစားမိ၏။ အကယ်၍ ထောင်မှူး ကတော်သာ သစ္စာရှိသော မိန်းမတစ်ယောက်ဖြစ်ပါက ယောကျ်ားဖြစ်သူက ဉာဏ်ကိစ္စနှင့် ပတ်သက်၍ မယုံသင်္ကာရှိခြင်းသည် အလွန်ကလေးကလားနိုင်လှ သော အလုပ်၊ ယောကျ်ားမပီသသော အလုပ်၊ စိတ်သဘောထား နိမ့်ကျရာ ရောက်သော အလုပ်ဖြစ်၏။ ထောင်မှူးကတော်သည် အလွန်လှပစွာ သူ့ကိုယ်

http://www.cherrythitsar.org



သူ ဝတ်ဆင်သည်မှာ နဂိုဝတ်ဆင်နေကျအတိုင်းပင် ဝတ်စားထားခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

တစ်ခဏမျှ ဆိုဖာပေါ်တွင် ထိုင်နေပြီးနောက် သူသည် ခေါင်းရင်းခန်းမှ တိုင်ကပ်နာရီကြီးကို မျှော်ကြည့်လိုက်ပြီးလျှင် လက်ပတ်နာရီကလေးကိုလည်း ကြည့်၏။ ဤကဲ့သို့ မကြာခဏ ကြည့်သဖြင့် ၎င်းမှာ တစ်စုံတစ်ယောက်ကို မျှော်လင့်နေကြောင်း ကျွန်ုပ်ရိပ်မိတော့၏။ နာရီကြီးသည် ၁၁ နာရီထိုးရန် ၁၅ မိနစ်မျှသာ လိုတော့၏။ ထိုအခါ ၎င်းသည် အငြိမ်မနေနိုင်တော့ဘဲ တစ်ခါတစ်ရံ တံခါးဆီသို့ နားစွင့်၍ နေသကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံလည်း အိမ်ရှေ့ပြတင်းပေါက်ဆီသို့ မျှော်ကြည့်နေသကဲ့သို့လည်းကောင်း ထချည်တစ်ခါ ထိုင်ချည်တစ်လှည့်နှင့် ရှိနေတော့၏။ လက်ပတ်နာရီကိုလည်း ယခင်ကထက် အကြည့်မြန်၍လာတော့၏။ ၁၁ နာရီထိုးသောအခါ သူသည် အခန်းတွင်းသို့ ခေတ္တဝင်သွားပြီးလျှင် ချက်ချင်းလိုပင် ပြန်၍ထွက်လာပြီးနောက် ခေါင်းရင်းဘက်မှ တရုတ်ကပ် တံခါးကလေးကို ဖွင့်လိုက်လေ၏။ သူ ပြုလုပ်သည်နှင့်အမျှ စောင့်၍ကြည့်နေရသော ကျွန်ုပ်မှာ ဗီရိုအတွင်းမှ မောပန်းလျက် ရှိလေသည်။

မကြာမီ အိမ်ရှေ့လှေကားဆီမှ တက်လာသော ခြေသံတစ်သံကြားရ ပြီးနောက် တံခါးခေါက်သံကြားရလေရာ ထောင်မှူးကတော်သည် တံခါးကို ချက်ချင်း ဖွင့်ပေးလိုက်လေ၏။ တက်လာသောသူကို မြင်ရသောအခါ ကျွန်ုပ် လည်း အံ့အားသင့်၍ နေမိ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းမှာ ဒုတိယထောင် မှူး 'ရောဘတ်' ဆိုသူ ဖြစ်သောကြောင့်ပေတည်း။

ဤနေရာ၌ ကျွန်ုပ်တို့၏ ဒုတိယထောင်မှူးရောဘတ် အကြောင်းကို အနည်းငယ်မျှ ရေးသားဖော်ပြရပေဦးမည်။ ရောဘတ်မှာ ပညာတတ် ထောင်မှူးတစ်ယောက်ဖြစ်၍ လုပ်သက်မရင့်သေးသည်မှ တစ်ပါး ထောင်မှူးကြီးထက်ပင် ပညာအရည်အချင်းနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ် ကြားဖူး၏။ အဘ အင်္ဂလိပ်၊ အမိ မဂိုလူမျိုးဖြစ်သဖြင့် အသားဖြူစင်၍ ရုပ်ရည်ချောမောသူတစ်ယောက်ဖြစ်ရာ အသက်မှာလည်း ၃၅ နှစ်ထက် ကြီးဦးမည် မဟုတ်ချေ။ ရောဘတ်မှာ မြန်မာပြည်ပေါက် ကောလိပ်ကျောင်းထွက် တစ်ယောက်ဖြစ်သည့်အတိုင်း မြန်မာစကားကို လည်ပတ်စွာပြောဆိုနိုင်ရုံမျှမက မြန်မာသီချင်းများကိုပင် ကောင်းစွာသီဆိုနိုင်၏။ တစ်ခါက ကျွန်ုပ်တို့ထောင်တွင် အငြိမ့်ပွဲတစ်ခု ကပြရာ ဒုတိယထောင်မှူး ရောဘတ်သည် မြန်မာအဝတ်အစားများကို ဝတ်ဆင်ကာ အငြိမ့်မင်းသမီးနှင့် ဘိုးစိန်ကြီး စုံတွဲသီချင်းတစ်ပုဒ်ကို သီဆိုတွဲဖက် ကပြဖူးသဖြင့် များစွာ 'ပွဲကျ' ခဲ့ဖူး၏။ ထိုအခါမှစ၍ ၎င်းအား ကျွန်ုပ်တို့

ထောင်သားများက ထောင်မှူးဘိုးစိန် ဟူ၍ လည်းကောင်း၊ ဘိုးစိန်ကြီး ဟူ၍ လည်းကောင်း အမည်ပေးခဲ့ကြလေသည်။

ထောင်မှူးကတော်သည် ပြုံးရွှင်သောမျက်နှာဖြင့် မစ္စတာ ရောဘတ် အား ဆီးကြိုနှုတ်ဆက်လေရာ ရောဘတ်သည် ထောင်မှူးကတော်နှင့် မျက်နှာ ချင်းဆိုင် နှစ်ယောက်ထိုင် ဆိုဖာ၏ ထောင့်တစ်ခုတွင် ဣန္ဒြေရစွာ ထိုင်လေ၏။ ထိုအခါ ထောင်မှူးကတော်က ချိုပြုံးသောမျက်နှာဖြင့် –

"ကောင်မလေးကို စာရေးပြီး လွှတ်လိုက်တာ ၁၁ နာရီ မထိုးခင်လာခဲ့ မယ်ဆိုလို့"

ထိုအခါ ထောင်မှူးကလေးက အင်္ဂလိပ်ဘာသာဖြင့် တစ်စုံတစ်ရာ ပြန်ပြောလိုက်လေသည်။

"မေရီနဲ့ စကားပြောတဲ့အခါ မြန်မာလိုပြောစမ်းပါရှင့်"

"ကိုင်းဗျာ၊ ဒီလိုဆိုရင် ပြောပါ့မယ်၊ နေပါဦး ဘာဖြစ်လို့ စာရေးပြီး မှာရပြန်တာလည်း ထောင်မှူးကတော်ရဲ့"

"ထောင်မှူးကတော်တွေ ဘာတွေ ခေါ်မနေစမ်းပါနဲ့၊ မေရီဆိုရင် မေရီ ပေါ့"

"ကောင်းပါပြီဗျာ၊ ခေါ်စေချင်တဲ့အတိုင်း ခေါ်ပါ့မယ်"

"ဘာဖြစ်လို့ ခေါ်ရမှာလဲ၊ ရှင့်မျက်နှာတော်ကို ဖူးမြော်ချင်လို့ပေါ့"

"ကိုင်းလေ ... အခု မြင်ရပြီ မဟုတ်လား၊ ကျုပ် တစ်ခုပြောမယ် မမေရီရယ်၊ ကျုပ် ပြောတာကို စိတ်လည်း မဆိုးနဲ့နော်၊ ကျုပ်တို့ဟာ အခု ကတည်းက ဖြတ်လိုက်ကြရင် ကောင်းမယ် ထင်တယ်ဗျာ။ အချစ်ဆိုတာ ရက် တာရှည်လေ အမြစ်အဆုံကြီးပြီး ပိုဒုက္ခရောက်ကြလေ ဖြစ်ကြလိမ့်မယ် ထင် တယ်။ ခက်တယ်ဗျာ"

"ဘာခက်စရာရှိသလဲ၊ ကျွန်မတို့နှစ်ယောက် ဒီလူကြီးနဲ့ ဝေးတဲ့နေရာ လွင့်ကြရုံပေါ့"

"မဖြစ်နိုင်ဘူး ထင်တယ် မမေရီ"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ လူကြံရင် ဖြစ်နိုင်တာပေါ့ရှင့်၊ ရှင် ကျွန်မ ကို မသနားဘူးလား၊ မိန်းမသားဖြစ်လျက်နဲ့ ယောကျ်ားတစ်ယောက်ရှေ့မှာ ဒူးထောက်ပြီး အသနားခံတာကိုများ ငြင်းပယ်ဦးမလို့လား မစ္စတာရောဘတ် ရယ်"

ရောဘတ်သည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ဦးခေါင်းကို ငုံ့လျက် ရှိ၏။ ထောင်မှူးကတော်သည် ရောဘတ်ထိုင်နေသော နှစ်ယောက်ထိုင် ဆိုဖာ ပေါ်သို့ပြောင်းရွှေ့ကာ ထောင်မှူးကလေးနှင့် ကိုယ်ချင်းထိ၍ ထိုင်လိုက်လေသည်။

http://www.cherrythitsar.org



"မစ္စတာရောဘတ် ဒီမှာ ကြည့်စမ်း၊ မမေရီ ပြောတာ နားထောင်စမ်း၊ မမေရီဟာ ကိုယ်နဲ့ သက်တူရွယ်မျှမဟုတ်တဲ့ ဒီလူကြီးနဲ့ ပေါင်းသင်းနေရတာ ဘယ်လောက် စိတ်ဆင်းရဲသလဲဆိုတာ မောင့်ကို အကုန်ဖွင့်ပြောပြီးပြီ မဟုတ်လား၊ မမေရီကို သနားထိုက်ပါတယ် မောင်ရယ်၊ အခုတော့ ငါချစ်တဲ့လူ ငါနဲ့ သက်တူရွယ်တူ တွေ့ပြီဆိုပြီး မမေရီဟာ မိန်းမတို့ဣန္ဒြေကို မငဲ့ကွက်ဘဲ ဝမ်းထဲ မှာ ရှိသမျှ အခု အန်ထုတ်ပြီ မဟုတ်လား မောင်ရယ်၊ မမေရီကို နည်းနည်း ကလေးမှ မသနားဘူးလားဟင်"

"သနားပါတယ်ဗျာ၊ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ဒီလောက် ဖွင့်ပြောနေမှ မသနားဘဲ နေနိုင်ပါ့မလား၊ ကျုပ်မှာလည်း ဝမ်းထဲမှာ အသည်းနှလုံး ရှိပါတယ်ဗျာ"

"ဒါဖြင့် မမေရီကို ချစ်ပြီပေါ့နော်"

ထောင်မှူးကတော်သည် ထောင်မှူးကလေး၏ ကိုယ်ကို သိမ်းကျုံး ဖက်ထားလိုက်ကာ မစ္စတာရောဘတ်၏ ရင်ဘတ်ပေါ်သို့ သူ၏ ဦးခေါင်းကို ခပ်မှော့မှော့ တင်ထားလိုက်လေ၏။

ဤမျှလောက် သစ္စာဖောက်သော မိန်းမတစ်ယောက် ကမ္ဘာပေါ်တွင် ရှိပါလေ၏လောဟု ကျွန်ုပ်သည် စိတ်ထဲမှ မခံမရပ်နိုင်သကဲ့သို့ ဖြစ်ကာ အံ့ ကြိတ်မိ၏။ ကိုယ်ချင်းစာမိ၏။ ထောင်မှူးကြီး၏ နေရာတွင် ကျွန်ုပ်ကိုယ်ကို ထား၍ ကြည့်မိ၏။ ကျွန်ုပ်မှာ မိန်းမနှင့် ပတ်သက်က စိတ်ခိုင်သူတစ်ယောက် ဖြစ်သော်လည်း ကျွန်ုပ်၏ကိုယ်မှာ ဒေါသထွက်လွန်းသဖြင့် တုန်လှုပ်ချောက် ချားကာ ချွေးဒီးဒီး ပျံလျက်ရှိ၏။ ရှေ့မည်ကဲ့သို့ ဖြစ်ပျက်ဦးမည်ကို မကြည့်လို၊ မမြင်လိုသဖြင့် မကြာမီ ထောင်မှူးကြီး ပြန်၍ ရောက်လာစေရန် ဆုတောင်းမိရာ ကျွန်ုပ် ဆုတောင်းသည့်အတိုင်းလည်း ပြည့်ဝတော့၏။

ထောင်မှူးကလေးသည် ထောင်မှူးကတော်တည်ခင်းသော ငွေ စီး ကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးလျှင် နေရာမှ ဖျတ်ခနဲ ထလိုက်၏။

"သွားမယ် ... မမေရီ၊ ၁၂ နာရီထိုးတော့မယ်၊ ထောင်မှူးကြီး ပြန်လာ ချိန်နီးပြီ"

"ကျွန်မပြောတာ စဉ်းစားပါဦး မောင်ရယ်"

"နောက်တစ်ခါတော့ ကျုပ် အသေအချာ ပြောပါ့မယ် မမေရီ"

ထို့နောက် ထောင်မှူးကလေးသည် ခြေလှမ်းကို ခပ်သွက်သွက် လှမ်းကာ ဧည့်ခန်းမှ ထွက်သွားလေ၏။

http://www.cherrythitsar.org



ထောင်မှူးကလေး ဆင်းသွားပြီးနောက် ထောင်မှူးကတော်သည် အိမ် ရှေ့တံခါးကို ပိတ်လိုက်ပြီးလျှင် ကျွန်ုပ် ဗီရိုရှိရာသို့ လျှောက်လာသောအခါ ကျွန်ုပ်မှာ 'တစ်ခါဖြင့် ငါ့ကို မြင်၍သွားပြီလော၊ ဤသို့ဆိုလျှင် ကိစ္စချောပေတော့ မည်' ဟု စိတ်ထဲတွင် အောက်မေ့ကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ပြီးလျှင် ဇောချွေးများ ပျံလျက်ရှိလေ၏။ သို့သော် ကျွန်ုပ် ပုန်းနေသော ဗီရိုအနီးသို့ရောက် သည်နှင့် တစ်ပြိုင်နက် အခန်းဘက်သို့ပြန်၍ တွေးပြီး နောက်ခန်းဆီးကို ပင့်၍ အခန်းထဲသို့ ဝင်သွားလေရာ ထိုအခါမှ ကျွန်ုပ်လည်း သက်ပြင်းချမိတော့၏။

၁၂ နာရီ ၅ မိနစ်တွင် ထောင်မှူးကြီးရောက်လာရာ ထောင်မှူးကြီး သည် အခန်းတွင်းသို့ တန်း၍ဝင်သွားပြီးနောက် နာရီဝက်ခန့်ကြာမှ ပြန်၍ ထွက်လာ၏။ ထိုအချိန်၌ကား ဘွိုင်သည် အိမ်ရှေ့လက်ဖက်ရည်စားပွဲတွင် လက်ဖက်ရည်ပြင်လျက် ရှိနေလေပြီ။ ဒုတိယ တစ်ခေါက် ဘွိုင်ကုလား ပြန်၍ ဝင်သွားသောအခါ ထောင်မှူးကြီးသည် ကျွန်ုပ်ရှိသော ဗီရိုရှိရာသို့ လျှောက်လာ ပြီးနောက် ကျွန်ုပ်အား ဆွဲထုတ်ပြီးလျှင် ဗီရိုရှေ့၌ ရပ်နေစေ၍ သူ ကိုယ်တိုင် နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်လိုက်ကာ အသံခပ်ကျယ်ကျယ်နှင့်–

"ကိုင်း ... မောင်ဘိုးထောင် အရေးကြီးရင် ငါ လက်ဖက်ရည်သောက် ပြီး ချက်ချင်းလိုက်ခဲ့မယ်။ မင်း သွားနိုင်ပြီ" ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း သူ၏ပရိယာယ်ကို ရိပ်မိသဖြင့် ဣန္ဒြေရရနှင့်ပင် အိမ်ရှေ့လှေကားမှ ဆင်းလာ ခဲ့လေ၏။

နောက်တစ်နေ့၌ကား ရုံးခန်းတွင် ယမန်နေ့က ကျွန်ုပ်တွေ့မြင်ရ သည့် အကြောင်းများနှင့် စပ်လျဥ်း၍ အပရိက ကိုယ်ထိလက်ရောက် ကျူးလွန် ခြင်းများကို ချန်လှပ်ပြီးလျှင် ကျွန်ုပ်က ပြောပြရလေ၏။ ထောင်မှူးကလေး မစ္စတာရောဘတ်မှာ ကျွန်ုပ်အား ကြည့်ရှုသူတစ်ယောက်ဖြစ်သော်လည်း ကျွန်ုပ် ၏အခြေအနေမှာ နီးရာစားကို ကြောက်ရွံ့ရသည့်အတိုင်း ပြောပြရခြင်းဖြစ်၏။ ဤသို့ဖြင့် ကျွန်ုပ်၏ဘဝမှာ ထောင်သားများနှင့် ကြိုးဒဏ်ခံရသူများ၏ အဖြစ် အပျက်များ၌သာမက ထောင်အုပ်ချုပ်သူ အချင်းချင်းတို့၏ ပြဿနာများထဲသို့ ပင် အခြေအနေအရ ဝင်ရောက်စွက်ဖက်လျက် ရှိနေရလေပြီ။

*

သုံးလေးရက်မျှ အချိန်ကုန်လွန်၍ သွားလေ၏။ ထိုအချိန်၌ ကျွန်ုပ် တို့ ထောင်ထဲတွင် ပလိပ်ရောဂါကျရောက်ဖြစ်ပွားလျက်ရှိရာ ထောင်သားထဲ မှ ၁၁ ယောက်ကို ဆေးရုံသို့ပို့လိုက်ရ၏။ ထို့ပြင် ထောင်မှူးကြီးအိမ်မှ ဘွိုင် ကုလား တစ်ယောက်၊ ထောင်မှူးကလေးအိမ်မှ အစေခံမိန်းမတစ်ယောက်တို့

ကိုလည်း နောက်ထပ်ပို့ရပြန်၏။ နောက်တစ်နေ့တွင် ၎င်းတို့အနက်မှ ထောင်သားခုနစ်ယောက်နှင့် ဘင်္ဂါလီကုလား သေဆုံးသွားလေသည်။ ထိုအခါ ထောင်ပိုင်ကြီးက အရေးပိုင်နှင့်တကွ ထောင်မှူးကြီး၊ ထောင်ဆရာဝန်တို့ပါ ခေါ်၍ ထောင်သားတန်းလျားများ၊ အိပ်ခန်း၊ ရေချိုးခန်း၊ စားဖိုဆောင်၊ အလုပ်ရုံ စသည်တို့ကိုပါ ထောင်တစ်ထောင်လုံး လိုက်လံကြည့်ရှုလေ၏။ အထူးသဖြင့် ထမင်းဟင်းချက်ပြုတ်သည့် နေရာများကိုလည်းကောင်း၊ ဆန်နှင့် ဟင်းသီးဟင်းရွက်များကိုလည်းကောင်း၊ အမဲသားငါးကိုလည်းကောင်း စစ်ဆေး၏။ ထို့နောက် ရေချိုးခန်းနှင့် သောက်ရေတို့ကို စစ်ဆေး၏။ စားဖိုဆောင်၊ ရေအိမ် စသည်တို့၌ အညစ်အကြေးများကို ဆေးကြောသုတ်သင်စေပြီးလျှင် ဆေးရည်များ ပက်ဖျန်းပေး၏။ ရေတွင်းနှင့် သောက်ရေတွင်းကို ဆေးမှုန့်အနီများခပ်၏။ ရေမြောင်းများကို ဆေးကြောစေပြီးနောက် ကာဘော်လစ်ဆီများ လောင်းထည့်၏။ သို့ဖြင့် ထောင်တွင်း၌ ရောဂါမပြန့်ပွားစေရန် သန့်ရှင်းရေးအကာအကွယ်များ ပြုလုပ်လေသည်။ မည်သို့ပင်ဖြစ်စေ ထောင်သားများမှာ မိမိတို့အပေါင်းအဖော်များထဲမှ ၁၁ ယောက် ဆေးရုံသို့ ပို့ရသည့်အနက် ခုနစ်ယောက် သေဆုံးသွားသဖြင့် အတော်ပင်တုန်လှုပ်ချောက်ချားလျက် ရှိကြလေ၏။ နောက်တစ်နေ့တွင် ကျွန်ုပ်တို့အားလုံး ပလိပ်ဆေးများ ထိုးကြရလေသည်။

ထောင်တစ်ထောင်လုံးမှာ ထိုရောဂါအကြောင်းကိုသာ ဂရုတစိုက်ပြောဆိုလျက်ရှိကြရာ အနည်းငယ်မျှ ရိုးရိုးနေထိုင်မကောင်းသူကိုပင် ပလိပ်ရောဂါစွဲကပ်ပြီဟူ၍ အထင်ရောက်ကြကုန်၏။ ဤကဲ့သို့ အကြောင်းများကြောင့် ကျွန်ုပ်မှာ ယခင်ကထက်ပို၍ ဗာဟီရကိစ္စများ များ၍လာလေရာ ထောင်မှူးကလေး ရောဘတ်နှင့် ထောင်မှူးကြီး၏ ဇနီး မမေရီတို့အကြောင်းကိုပါ သတိမေ့ ၍ နေတော့၏။ သို့သော် တစ်ခုထူးဆန်းသည်မှာ ကျွန်ုပ်က ထောင်မှူးကြီးအား အိမ်ပေါ်တွင် ကျွန်ုပ်တွေ့မြင်ခဲ့ရသည့်အကြောင်းများကို ပြောပြသောအခါ ထောင်မှူးကြီးသည် မကြာခဏ အောက်နှုတ်ခမ်းများကို ကိုက်လျက်ရှိသော် လည်း တစ်စုံတစ်ရာ ဒေါသမထွက်သကဲ့သို့ ရှိနေခြင်းပင် ဖြစ်လေသည်။ ဒုတိယထောင်မှူး မစ္စတာ ရောဘတ်နှင့် တွေ့သောအခါလည်း သူသည် ယခင် က အတိုင်း ပြုံးပြုံးရယ်ရယ်နှင့်ပင် ရှိနေလေသည်။ သို့ဖြစ်၍ ထောင်မှူးကလေး အား ချက်ချင်းပင် သွားရောက်သေနတ်နှင့် ပစ်သတ်မည်လောဟု ကျွန်ုပ်တွေး ထင်မိခြင်းကား မှားယွင်းခဲ့လေပြီ။

နောက်တစ်နေ့ နံနက် ၉ နာရီတွင် ကျွန်ုပ်သည် အလုပ်ဝတ္တရားအတိုင်း ထောင်မှူးကြီး ရုံးခန်းသို့ သွားရောက်ရလေရာ ထောင်မှူးကြီးမှာ ခွင့်သုံးရက်ယူထားကြောင်း၊ ကျွန်ုပ်သည်လည်း သူ့အိမ်သို့ လာရန် မလိုကြောင်း

http://www.cherrythitsar.org


ထောင်မှူးကလေးက ပြောပြသဖြင့် သိရ၏။ သူ၏စားပွဲတွင် ဒုတိယထောင်မှူးဖြစ်သူ မစ္စတာရောဘတ်က အလုပ်လုပ်လျက်ရှိလေသည်။ သို့နှင့် ကျွန်ုပ်လည်း ရုံးခန်းတစ်ခုလုံးနှင့် စားပွဲသုံးလုံး၊ ဗီရိုကြီးလေးလုံးနှင့် ကုလားထိုင်များကိုပါ သုတ်သင်ရှင်းလင်းပြီးနောက် မစ္စတာရောဘတ် ခိုင်းသော အလုပ်များကို လုပ် ကိုင်ပေးရ၏။

ထောင်မှူးကလေးသည် ကျွန်ုပ်အား ဆေးပြင်းလိပ်တစ်လိပ် ပေးပြီးနောက် သူ့အနီးသို့ ခေါ်၍ –

"မောင်ဘိုးထော် အလုပ်ပြီးပြီလား"

"ပြီးပါပြီ သခင်"

"ထောင်မှူးကြီးအိမ်ကို မသွားရတော့ဘူးလား"

"နောက် အမိန့်မပေးမချင်း မလာရဘူးလို့ မှာလိုက်ပါတယ် သခင်"

"ဟုတ်တယ်၊ အဘိုးကြီးလည်း ကောင်းကောင်းနေမကောင်းဘူးဆိုပြီး ခွင့်သုံးရက်ယူလိုက်တယ်။ ဖျားများ ဖျားသလား မပြောတတ်ဘူး။ ဟုတ် မယ်တော့ မထင်ပါဘူးလေ၊ တကယ်လို့ ဖျားရင်လည်း ကျုပ်တို့ကို အကြောင်း ကြားရမပေါ့"

"သခင်ကလေးပြောတာ မှန်ပါတယ်"

"အဘိုးကြီးကို ကျုပ် သနားတယ် မောင်ဘိုးထော်၊ ကြီးတောင်ကြီးမှ မယားကလေးငယ်ငယ်ရတာနဲ့ ခများအလုပ်ကို ကြိုးစားပြီး လုပ်နေရရှာတယ်။ သူ့အသက် ၅၅ နှစ်ရှိပြီ မောင်ဘိုးထော်ရဲ့၊ ဒီအရွယ် ပင်စင်ယူပြီး အေးအေးနေ ကောင်းပြီ"

"ဒါပေမဲ့ ဝမ်းရေးက ရှိသေးတာကို သခင်ကလေး"

"အဘိုးကြီးက အရင်က ဆရာဝန်လုပ်ဖူးတာပဲ၊ ဒီတုန်းက ပစ္စည်းဥစ္စာ အတော်စုဆောင်းမိတယ်လို့ ကြားရတယ်။ ဒါပေမဲ့ လူဆိုတာ လောဘကို ဘယ်သတ်နိုင်မလဲလေ၊ ပြီးတော့ ဝမ်းရေးထက် သားမယားဝတ်ဖို့ စားဖို့လည်း အရေးကြီးသေးတယ် မောင်ဘိုးထော်ရဲ့၊ သူ့မယားက နေရာတကာမှာ လောဘ ကြီးတဲ့ မိန်းမတစ်ယောက်ပဲ"

"မှန်ပါ့"

"ဒါထက် အခန်းထောင့်တွေမှာ ကာဘော်လစ်ဆီ ဖျန်းပြီးပြီလား မောင်ဘိုးထော်"

"မဖျန်းရသေးပါဘူး သခင်"

"ဒါဖြင့် ဖျန်းလိုက်ပါလေ၊ ကျုပ်တို့ထောင်ထဲမှာ အခန်းတိုင်း ရောဂါတွေ ဖြစ်နေတယ် မဟုတ်လား၊ ဒီတော့ ကြွက်မလာနိုင်အောင် ကျုပ်တို့ အထူး ဂရုပြုရလိမ့်မယ်။ ဒီရောဂါဟာ ကြွက်သေကအစပြုတာ မောင်ဘိုးထော်ရဲ့"

http://www.cherrythitsar.org



ပလိပ်ရောဂါ ဖြစ်ပွားခြင်းမှာ အပူလွန်ကဲသဖြင့် ဖြစ်ပွားရသော ငန်း ဖျားတစ်မျိုးပင်ဖြစ်ရာ ကြွက်သတ္တဝါမှစ၍ ကူးစက်ပြန့်ပွားသည်ဆိုခြင်းကို ကျွန်ုပ် လုံးဝအယုံအကြည်မရှိချေ။ ကျွန်ုပ်လည်း ထောင်မှူးကလေး အမိန့် ပေးသည့်အတိုင်း ကာဘော်လစ်ဆေးရည်များကို အခန်းထောင့်များထဲ၌ လည်း ကောင်း၊ ရုံးခန်းအပြင် ပတ်ဝန်းကျင်၌ လည်းကောင်း ပက်ဖျန်းလျက် ရှိလေ၏။

ညနေ ၃ နာရီတွင် ကျွန်ုပ်သည် ဒုတိယထောင်မှူး မစ္စတာရောဘတ် အိမ်သို့သွား၍ ညနေစာ လက်ဖက်ရည်ယူရ၏။ ထောင်မှူးကလေးမှာ သား မယားမရှိသော မုဆိုးဖိုတစ်ယောက်ဖြစ်၍ အိမ်၌ အစေခံတစ်ယောက်သာ ရှိ၏။ သို့နှင့် ကျွန်ုပ်သည် အစေခံပြင်၍ပေးသော လက်ဖက်ရည်ကရား၊ ပေါင်မုန့်နှင့် ထောပတ်ထည့်သော ဒန်သေတ္တာကလေးကို ခရီးဆောင်လက်ဆွဲခြင်းတောင်း၌ ထည့်ပြီးသော် ရုံးခန်းသို့ယူလာခဲ့၏။ ဤကဲ့သို့ ဒုတိယထောင်မှူးကလေး အတွက် ညနေ ၃ နာရီ၌ အိမ်သို့သွား၍ လက်ဖက်ရည်ယူရခြင်းမှာ ကျွန်ုပ် နေ့စဉ် အလုပ်ဝတ္တရားတစ်ခု ဖြစ်လေသည်။

ညနေ ၄ နာရီတွင် အလုပ်ပြီး၍ ကျွန်ုပ်လည်း ရုံးခန်းမှ ပြန်လာခဲ့ရာ တန်းလျားဘက်သို့ ကူးသော တံခါးဝတွင် ထောင်မှူးကြီး အော်ဒလီကို တွေ့ရ ၍ နောက်တစ်နေ့ နံနက် ၁၀ နာရီတွင် ထောင်မှူးကလေးထံမှ အခွင့်တောင်း၍ သူ့အိမ်သို့ ခေတ္တလာပေးလိုသည့်အကြောင်း ပြောကြားလေသည်။

နောက်တစ်နေ့၌ ကျွန်ုပ်သည် ရုံးခန်းတွင် တစ်နာရီခန့်မျှ ဆောင်ရွက် ရန်ရှိသော ကိစ္စများကို ပြုလုပ်ဆောင်ရွက်ပြီးနောက် ၁၀ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ထောင်မှူးကလေးထံ အခွင့်တောင်းပြီးလျှင် ယမန်နေ့က ထောင် မှူးကြီး မှာကြားထားသည့်အတိုင်း သူ့အိမ်သို့ သွားရောက်ရလေ၏။ ထောင် မှူးကြီး၏ အိမ်ခြံဝင်းအတွင်းသို့ နံဘေးပေါက်မှ ဝင်ရောက်မိသော ခဏ၌ပင် မြင်းရထားတစ်စီးသည် အိမ်ရှေ့ဆင်ဝင်အောက်မှ ထွက်သွားသဖြင့် မြင်းရထား ပေါ်တွင် ထောင်မှူးကတော်၏ မျက်နှာကို ရိပ်ခနဲ မြင်လိုက်ရ၏။ ကျွန်ုပ်သည် အပေါ်ထပ်သို့ နံဘေး လှေကားမှ တက်သွားမည်ပြုရာ အောက်ထပ် အတွင်း ခန်းဆီးမှ ထောင်မှူးကြီး၏ ချောင်းဟန့်လိုက်သံကို ကြားရသည်နှင့် ကျွန်ုပ် လည်း အပေါ်သို့ မတက်ဘဲ အောက်ထပ်သို့ ဝင်ခဲ့လေ၏။ ထိုအခါ ယခင် အထက်ထက်က ပိတ်၍ထားသော ထောင်မှူးကြီး၏ ဆေးခန်းဆိုသော အခန်း မှာ ပွင့်၍နေပြီးလျှင် အတွင်းမှ ထောင်မှူးကြီး၏အသံဖြင့် "ဟေ့ မောင်ဘိုးထော်၊ အထဲဝင်ခဲ့လေ" ဟု ခေါ်သံကြားရသဖြင့် ကျွန်ုပ်လည်း အခန်းထဲသို့ မရဲတရဲ ဝင်သွားလေ၏။

http://www.cherrythitsar.org



အခန်းကလေးမှာ ၁၂ ပေ၊ ၁၀ ပေ ခန့်မျှရှိသော အခန်းကလေး တစ်ခန်းဖြစ်၍ အတွင်း၌ကား ဖန်ဘူးဖန်ခွက်များ၊ ဖန်လုံးကြီးများ၊ ဖန်ပြွန်များ၊ ဓာတ်မီးဖိုများဖြင့် ပတ်ဝန်းကျင်တွင် ပြည့်ကျပ်လျက်ရှိ၏။ အခန်းနံရံ၌ စင်များ ပြုလုပ်ထားရာ စင်များပေါ်တွင် စာအုပ်များ၊ ဆေးပုလင်းများ၊ ခွဲစိတ်သည့် ကိရိယာတန်ဆာပလာများ ထားရှိလေသည်။ အခန်းအလယ်၌ စားပွဲတစ်လုံး မှာ စားပွဲ၏အလယ်တွင် အပေါ်မှ မီးအုပ်ဆောင်းဖြင့် ကွယ်ထားသည့် ဓာတ်မီး တစ်လုံးသည် အခန်းတစ်ခုလုံး၏ အောက်ပိုင်းကို ထိန်ထိန်လင်းလျက်ရှိစေ၏။ စားပွဲပေါ်၌ကား လေးလက်မ ပတ်လည်ခန့်ရှိ ပုလင်းကြီး သုံးလုံးကို စက္ကူဖြင့် ပတ်၍ တင်ထားပြီးလျှင် ထောင်မှူးကြီးသည် ထိုစားပွဲတွင် ကုလားထိုင်တစ်လုံး နှင့် ထိုင်လျက်ရှိလေသည်။ ကျွန်ုပ်က အသံပြု၍ဝင်သွားရာ ထောင်မှူးကြီးသည် ကုလားထိုင်မှ ထလာပြီးနောက် အခန်းတံခါးကို ပထမဦးစွာအတွင်းမှ သော့ ခတ်၍ ပိတ်လိုက်လေ၏။ စားပွဲရှေ့၌ ခွေးခြေလေးတစ်လုံးရှိ၍ သူသည် ကျွန်ုပ် အား ခွေးခြေပေါ်၌ ထိုင်ရန် မေးကို ဆတ်၍ပြလိုက်လေသည်။

"ဘယ့်နှယ်လဲ မောင်ဘိုးထော်၊ ထောင်ထဲမှာ နောက်ထပ် ရောဂါ ဘယများဖြစ်တယ် ကြားသေးသလား"

"မကြားတော့ပါဘူး သခင်ကြီး၊ လူ ၁၁ ယောက် ဆေးရုံရောက်ပြီး တဲ့နောက် နောက်ထပ် မဖြစ်တော့ပါဘူး"

"အင်း ... ကာကွယ်ရေးတွေလည်း အများကြီး၊ ကျုပ်တို့ လုပ်ပြီးမှကိုး မောင်ဘိုးထော်ရဲ့၊ လုပ်တာတောင် နည်းနည်းကလေး နောက်ကျသွားသေး တယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဘယ်အချိန်အခါမဆို ကာကွယ်ခြင်းဆိုတာ ကောင်းတာချည်းပဲ"

"မှန်ပါ့"

"ဒါထက် ပလိပ်ရောဂါဟာ တစ်ယောက်ကတစ်ယောက် ကူးစက် တယ်ဆိုတာ မောင်ဘိုးထော် မယုံဘူးလား"

"ကျွန်တော်မျိုးကတော့ မြန်မာလူမျိုးပဲ ဘုရား၊ မြန်မာ အယူအဆနဲ့ တော့ မယုံပါဘူး"

"သြော် ... ရောဂါကူးတယ်ဆိုတာ မောင်ဘိုးထော် မယုံတဲ့ကိုး၊ ကိုင်းလေ မယုံရင် တစ်နေ့တော့ လက်တွေ့ပြရသေးတာပေါ့၊ ဒီဟာတွေ ထား လိုက်ပါဦး၊ အရေးမကြီးပါဘူး။ အရေးကြီးတဲ့ကိစ္စကလေး ဆက်ကြရအောင်"

"အမိန့်ရှိပါ သခင်ကြီး"

"မိန်းမများ လင်ငယ်နေတယ်ဆိုတာ မြန်မာစကားနဲ့ ယဉ်ယဉ်ကျေး ကျေးပြောရင် မျောက်မထားတယ်ဆိုတာ ဘာကြောင့်လဲ မောင်ဘိုးထော်"

http://www.cherrythitsar.org


ကျွန်ုပ်သည် မည်ကဲ့သို့ ဖြေရမည်ကို မသိနိုင်အောင် ရှိနေသည်။ ကျွန်ုပ်အား ချောင်းမြောင်းကြည့်ရှုရန် ခိုင်းစေခဲ့သော အရာမှာ မီးမငြိမ်းသေးဘဲ မည်မျှအထိ ဆက်လက်တောက်လောင်ဦးမည်နည်းဟု စဉ်းစားမိ၏။ ကျွန်ုပ် မျက်စိအောက်တွင် မြင်ရသမျှမှာ သူတို့ချင်း တစ်ယောက်နှင့်တစ်ယောက် အပါရိကဘက်လဲ ကစားပြုလုပ်ခြင်း၊ မိန်းမယောက်ျားအား သူ့အလိုသို့ လိုက်အောင် မြူချီသွေးဆောင်ခြင်းများဖြစ်၏။ ထိုအချက်များကိုကား မငြင်းနိုင်ပေ။ သို့ရာတွင် ကျွန်ုပ်၏ အခြေအနေမှာ ဆူးနှစ်ခုကြားတွင် ပေါက်သောဖက်ကဲ့သို့ မလှုပ်မယှက်သာအောင် ရှိတော့၏။ မည်သည့်အတွက်ကြောင့် မိန်းမများ မျောက်မ ထားသည်ဟူသော ပုစ္ဆာကို ဖြေဆိုရန် ကျွန်ုပ်၌ ဉာဏ်မရှိချေ။

“ဒီမေးခွန်း ကျွန်တော်မျိုး မဖြေတတ်ပါဘူး သခင်ကြီး”

“ယောက်ျားအငယ်ရှိနေလို့သာ သူ မျောက်မထားတာပဲ မဟုတ်လား မောင်ဘိုးထော်ရဲ့”

“မှန်ပါတယ် သခင်ကြီး”

“မရှိရင် မထားဘူးပေါ့ အရှင်းသားပဲ၊ ဒီလို မိန်းမက မျောက်မထားရင် လင်ကြီးရဲ့ စိတ်ထဲမှာ ဘယ်လိုနေမလဲ”

“အင်မတန် စိတ်ဆိုးစရာ ကောင်းပါတယ် သခင်ကြီး”

“စိတ်ဆိုးရုံဘယ်ကမလဲ၊ အသည်းကို ဆူးစူးတာနဲ့ အတူတူပဲ၊ ကျွန်ုပ် ပြောတာ ဟုတ်တယ် မဟုတ်လား”

“မှန်ပါတယ် သခင်ကြီး”

“မောင်ဘိုးထော်မှာ ဆူးစူးတဲ့အခါ ဘယ်လိုလုပ်သလဲ”

“ဆူးကလေးကို နုတ်ပစ်ရပါတယ် သခင်”

“မှန်တာပေါ့၊ ကျုပ် အသည်းမှာ စူးနေတဲ့ ဆူးကလေးကိုလည်း နုတ်ရလိမ့်မယ် မောင်ဘိုးထော်”

မီးသည် မည်သည့်အခြေအထိ လောင်ကျွမ်းတော့မည်ကို ကျွန်ုပ်ရိပ်မိလေပြီ။ အထက်လူကြီး၏ ဩဇာကို မလွန်ဆန်နိုင်သဖြင့် ပြုလုပ်ရသော်လည်း အကယ်၍ တစ်စုံတစ်ရာ ဖြစ်ပွားက ကျွန်ုပ်၏ ပယောဂ ကင်းရှင်းနိုင်တော့မည် မဟုတ်ချေ။ သို့နှင့် ကျွန်ုပ်လည်း စကားပြန်၍ မပြောဘဲ ဦးခေါင်းကိုသာ ငုံ့ လျက်ရှိလေသည်။

“အဲဒီ ဆူးကလေးကို နုတ်ပစ်ရလိမ့်မယ် မောင်ဘိုးထော်၊ ကျုပ်သွားတဲ့လမ်းမှာ အမှိုက်သရိုက်ရှိရင် ကျုပ် ရှင်းရလိမ့်မယ်”

ကျွန်ုပ်သည် ထိုအချိန်ထိ စကားပြန်၍ မပြောချေ။ ထောင်မှူးကြီးသည် ကျွန်ုပ်အား စေ့စေ့ကြည့်လိုက်ပြီးနောက် –

http://www.cherrythitsar.org


"မောင်ဘိုးထော်ကို အခုလို အနေအစားချောင်ပြီး ၁၂ မှတ်ရ ဗာရာဖြစ်လာအောင် ဘယ်သူလုပ်ပေးသလဲ"

"သခင်ကြီးရဲ့ ကျေးဇူးဖြစ်ပါတယ်"

"ဒီတော့ ဒီကျေးဇူးကို ပြန်ဆပ်ဖို့ အခွင့်အရေးကြုံလာပြီ ထင်တယ် မောင်ဘိုးထော်၊ တစ်ယောက်ကျေးဇူးကို တစ်ယောက်က သိတတ်ရတယ်ဆို မဟုတ်လား"

"မှန်ပါ့၊ အမိန့်ရှိပါ သခင်ကြီး"

"ဘိုးစိန်ကြီးကို နောက်ထပ်မကနိုင်အောင် ဆေးလုံးကလေးတစ်လုံး ခွံ့ပေးရလိမ့်မယ်"

ထောင်မှူးကြီးသည် စားပွဲအံဆွဲထဲမှ အလုံပိတ်၍ထားသော ဖန်ပြွန်ကလေးတစ်ချောင်းကို ထုတ်ယူလိုက်လေ၏။ ဖန်ပြွန်မှာ လေးလက်မခန့်ရှည်၍ လက်သန်းလုံးခန့် လုံးပတ်ရှိပြီးလျှင် အတွင်း၌ အိမ်မြှောင်ဥ အရွယ်ရှိ အဖြူလုံး ကလေးတစ်လုံးကို တွေ့မြင်ရ၏။ သူသည် ဖန်ပြွန်ကလေးကို မီးရောင်၌ ထောင်၍ပြရာ အလုံးကလေးမှာ ဓာတ်မီးရောင်တွင် ပုလဲဥကလေးကဲ့သို့ ကြည် လင်သော အရောင်အဆင်းရှိသည်ကို တွေ့ရလေသည်။ ထောင်မှူးကြီးသည် ဖန်ပြွန်ကိုကိုင်ပြီးနောက် –

"လွယ်ပါတယ် မောင်ဘိုးထော်၊ ဒီအလုံးကလေးကို သူသောက်မယ့် လက်ဖက်ရည်ကရားထဲ ထည့်လိုက်ရင် ဘိုးစိန်ကြီးဟာ နောက်ထပ် ဘယ် တော့မှ မကနိုင်တော့ဘူး။ သူ့အတွက် မောင်ဘိုးထော် နေ့တိုင်း လက်ဖက်ရည် သွားယူရတယ် မဟုတ်လား"

"ယူရပါတယ် သခင်"

"ဒါဖြင့် လက်ဖက်ရည်ကရားထဲ အသာလေး ထည့်လိုက်ရုံပေါ့"

ကျွန်ုပ်သည် တစ်စုံတစ်ရာ စကားပြန်၍ မပြောဘဲ တစ်ကိုယ်လုံး တုန်လှုပ်လျက် ရပ်နေမိလေသည်။ ထို့နောက် ကျွန်ုပ်က –

"အဆိပ်လုံးကလေးလား သခင်ကြီး" ဟု ယောင်ရမ်း၍ ဟစ်အော် လိုက်မိလေသည်။

"အဆိပ်လုံးကလေးပဲ ဆိုပါတော့"

"ကျွန်တော်မျိုး တစ်ခုလျှောက်ထားပါရစေ သခင်"

"ပြောလေ ... မောင်ဘိုးထော် ပြောပါ"

"ဒီဆေးလုံးကို လက်ဖက်ရည်ထဲ ခပ်ဖို့ဟာက အင်မတန် လွယ်ကူပါ တယ် သခင်၊ သို့သော် ခပ်ဖို့လွယ်ကူသလောက် နောင် ကျွန်တော်မျိုးအပေါ် မှာရော၊ သခင်ကြီးအပေါ်မှာရော မုချသံသယမကင်း ဖြစ်ကြပါလိမ့်မယ်"

http://www.cherrythitsar.org


"ဟား ... ဟား ... ဟား"

ထောင်မှူးကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သဖြင့် ကျွန်ုပ်ပင် ဖျတ်ခနဲ လန့်၍သွားလေ၏။ သူသည် ငွေပန်းကန်ပြားပေါ်၌ တင်ထားသော သောက်လက်စ ဆေးပြင်းလိပ်ကို တစ်ဖန် မီးညှိလိုက်ပြီးနောက် –

"ဒီလိုအလုပ်မျိုးဆိုတာ ပညာမရှိတဲ့ လူတစ်ယောက်အတွက်တော့ မောင်ဘိုးထော် ထင်တဲ့အတိုင်း ဟုတ်တာပေါ့၊ နို့ပေမဲ့ ကျုပ်က ဆရာဝန် အလုပ်နဲ့ အနှစ် ၂၀ ကြာခဲ့ဖူးတယ်။ ထောင်မှူးလုပ်လာတာလည်း ၁၁ နှစ်ရှိပြီ၊ ပညာတတ်ရုံမကဘူး၊ တွေ့ဖူးကြုံဖူး ဗဟုသုတလည်း များခဲ့တဲ့ လူတစ်ယောက်ဆိုတော့ မောင်ဘိုးထော် ပြောခဲ့တဲ့ ကိစ္စတွေကို ကျုပ် တင်ကြိုပြီး တွေးပြီးသားပဲ၊ ဒီတော့ ပညာဉာဏ်ရှေ့ထားပြီး သတိ၊ ဝီရိယနဲ့ လုပ်တဲ့ အလုပ်ဆိုတာ ဘယ်တော့မှ မပေါ်ပေါက်နိုင်ဘူး မောင်ဘိုးထော်"

ကျွန်ုပ်သည် စကားပြန်၍ မပြောဘဲ ဖန်ပွွန်ကလေးကိုသာ ငေးစိုက် ကြည့်ရှုလျက် ရှိလေ၏။

"ဩော် ... ဒါထက် ရောဂါကူးစက်တတ်တဲ့အကြောင်းနဲ့ ပတ်သက်ပြီး စကားလက်စတောင် ပြတ်သွားတယ်။ ဒီလိုကိုး မောင်ဘိုးထော်ရဲ့၊ အခုလို ကူးစက်တတ်တဲ့ ရောဂါမျိုးဟာ ဘာကြောင့်ဖြစ်ပွားရတယ်ဆိုတဲ့ ဇစ်မြစ်ကို ကျုပ်တို့ အနောက်နိုင်ငံ ဆေးသိပ္ပံပညာနဲ့ စစ်ဆေးတဲ့အခါ ပလိပ်ရောဂါ စတင် ဖြစ်ပွားတဲ့ ပိုးကလေးတွေ တွေ့ရတယ်။ ပလိပ်ရောဂါဖြစ်တဲ့လူရဲ့ ကိုအင်္ဂါထဲမှာ ပလိပ်ရောဂါဖြစ်တဲ့ ကြွက်က ပိုးတွေကိုတွေ့ရတယ်။ သာမန်မျက်စိနဲ့တော့ မမြင်နိုင်ဘူးပါလေ၊ ပိုးတွေက အင်မတန်သေးမွှားတဲ့အတွက် အဆပေါင်းများစွာ ကြီးတဲ့ မှန်ဘီလူးနဲ့ ကြည့်မှမြင်နိုင်သေးတာပေါ့။ ပြီးတော့ ဒီရောဂါမျိုးကျ ရောက်လာရင် အိမ်မှာ ကြွက်တွေဟာ ပထမဆုံးကြွက်နာကျပြီး သေတာကို တော့ ကြားဖူးရဲ့ မဟုတ်လား"

"မှန်ပါ့၊ ကြားဖူးပါတယ် သခင်"

"ဒီမှာ ကြည့်စမ်း မောင်ဘိုးထော်"

ထောင်မှူးကြီးသည် ပြောပြောဆိုဆိုနှင့် စားပွဲပေါ်၌ တင်ထားသော လေးထောင့်ပုလင်းသုံးလုံးတွင် အပေါ်ယံမှ ပတ်ထားသည့် စက္ကူများကို ဖြည် လိုက်လေ၏။ ပုလင်းများအတွင်း၌ကား ပျားရည်ကဲ့သို့ ဝါဝင်းသော အရောင်ရှိသည့် အရည်များရှိလေရာ ပုလင်းတစ်လုံးတွင် ကြွက်နှစ်ကောင်စီမျှ စိမ်၍ထား သည်ကို ထူးဆန်းစွာ တွေ့မြင်ရလေ၏။

"ဘယ့်နှယ်လဲ မောင်ဘိုးထော်၊ ကြည့်စမ်း ကြွက်တစ်ကောင်တည်း က ပိုးအကောင် တစ်သိန်းပဲ ထုတ်ယူနိုင်ဦးတော့၊ ကြွက်ခြောက်ကောင်က

ခြောက်သိန်းရမယ်။ ကျုပ်က အနည်းဆုံးပြောတာ၊ ဒီထက် ပိုရင်သာပိုမယ်။ သို့သော် ထားတော့ အဲဒီပိုးတွေကို အားလုံးထုတ်ပြီး ဒီပုလဲလုံးကလေးကို အားလုံးသွင်းပြီး ပုလဲလုံးကို မောင်ဘိုးထော် ယူသွားပြီး သူ့လက်ဖက်ရည်ကရားထဲသာ ထည့်လိုက်ပေတော့"

ကျွန်ုပ်က "ဘုရား ... ဘုရား" ဟု စိတ်ထဲက ရေရွတ်လိုက်မိ၏။ သို့သော် နှုတ်ဖြင့်ကား ဖွင့်ဟ၍ မပြောဝံ့ချေ။ မကောင်းကြံစည်သည့်နေရာတွင် ရက်စက်လှပါပေ၏။ ထို့နောက် သူက ဆက်လက်၍ –

"ဘယ့်နှယ်လဲ မောင်ဘိုးထော်၊ ကျုပ်အကြံမကောင်းဘူးလား၊ လက်ဖက်ရည်ထဲ ဒီဆေးလုံးကလေး ထည့်လိုက်တဲ့အခါ ဘာနံ့မှလည်း မရှိဘူး။ ဘာအရသာမှလည်း မရှိဘူး။ အရည်ပျော်ရုံပျော်သွားမှာပဲ။ လက်ဖက်ရည်လည်း သူ သောက်ပြီးရော သူ့ဝမ်းထဲကို ပလိပ်ပိုးအကောင် ၆၀၀၀၀၀ လည်း ဝင်သွားရော၊ ကြွက်တစ်ကောင်တည်းက ထုတ်ရတဲ့ ပိုးကိုတောင် လူတစ်ယောက် မခံနိုင်ဘဲနဲ့ ကြွက်ခြောက်ကောင်ထဲက ရတဲ့ပိုးတွေ အားလုံးသွင်းလိုက်ရင် ဒီအကောင်မှ မသေ ဘယ်ခံနိုင်မလဲ မောင်ဘိုးထော်ရယ်၊ သုံးနာရီအတွင်း ဖျားပြီး ၂၄ နာရီ အတွင်း သေရမယ်။ ဒီနည်းထက် ကောင်းတဲ့နည်း ဘာရသေးသလဲ၊ အဆိပ်ခပ်တာကမှ အစာအိမ်ကိုခွဲကြည့်ရင် တွေ့လိမ့်ဦးမယ်၊ အခု ကျုပ်လွှတ်လိုက်တဲ့ အကောင်ကလေးတွေက ၁၀ မိနစ်အတွင်း တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေထဲ ပျံ့နှံ့သွားရမယ်။ ဟား ... ဟား ... ဟား ကောင်းလိုက်တဲ့ အကြံကလေးနှယ် ဘယ်လိုစုံထောက်မျိုး၊ ဘယ်လို ဆရာဝန်မျိုးမှ စမ်းသပ်လို့ မတွေ့ဘူး၊ ပလိပ်ဖြစ်တဲ့ လူတွေရဲ့ သွေးကို စမ်းသပ်ရင် ပလိပ်ကလွဲပြီး ဘာမှ တွေ့ဦးမှာတဲ့လဲ၊ ထောင်ထဲမှာ ရောဂါဖြစ်နေကြတဲ့အခါနဲ့ ကျုပ်ကြံထားတဲ့ အကြံကလေးနဲ့တော့ တစ်ခါတည်း အံကိုက်သွားတော့တာပဲ။ ကိုင်း ... မောင် ဘိုးထော် ဒီပွန်ချောင်းကလေး ယူသွားပေတော့"

ထောင်မှူးကြီးသည် ဖန်ပြွန်ချောင်းကလေးကို ယုယစွာ ကိုင်တွယ်ပြီးလျှင် ကျွန်ုပ်အား လှမ်း၍ပေးလေရာ ကျွန်ုပ်လည်း တုန်ယင်သော လက်များဖြင့် ယူလိုက်ရလေ၏။

"ဖန်ပြွန်ကလေးက ဗူးဆို့ကိုဖွင့်ပြီး ဒီအလုံးကလေးကို လက်ဖက်ရည်ကရားထဲ သွန်ချလိုက်ရုံပဲ မောင်ဘိုးထော်၊ သို့သော် ဘယ်နည်းနဲ့မှ ဖန်ပြွန်ကိုရော၊ ဆေးလုံးကိုရော မကွဲစေနဲ့ ကျုပ်ပြောတာ ကောင်းကောင်းကြီး မှတ်ထားပါ မောင်ဘိုးထော်၊ ဒီဟာ အရေးကြီးဆုံးပဲ၊ လက်ဖက်ရည်ထဲကို ဒီဆေးလုံးကလေး ရောက်သွားတဲ့အခါကျမှတော့ မောင်ဘိုးထော်ကို ဘယ်နည်းနဲ့မှ မကူးစက်နိုင်ဘူးဆိုတာလည်း မှတ်ထားဦး၊ ကျုပ်ပြောတဲ့စကားကို ယုံကြည်ပါ၊

http://www.cherrythitsar.org


ဒီကောင်ကလေးတွေဟာ လက်ဖက်ရည်ထဲက ဘယ်နည်းနဲ့မှ ခုန်မတက်နိုင်ဘူး၊ ကိုင်း … မောင်ဘိုးထော် အားလုံးနားလည်ပြီနော်"

ကျွန်ုပ်မှာ ရင်ခုန်လျက်ရှိသဖြင့် ရုတ်တရက် စကားပြန်၍ မပြောနိုင်သော်လည်း နောက်ဆုံး၌ "ကျွန်တော်မျိုး နားလည်ပါပြီ" ဟု ပြောကာ ဦးခေါင်းကို ညိတ်လိုက်ရလေ၏။

"မောင်ဘိုးထော်ကို နောက်ဆုံး ကျုပ်တစ်ခုပြောမယ်။ ကျုပ်စေခိုင်းတဲ့ အလုပ်ဟာ ဘာမှခဲယဉ်းတဲ့ အလုပ်မဟုတ်ဘူး။ ပြီးတော့ သခင့် အကျိုးလည်း စွန့်စားပြီး ဆောင်ရွက်ရာရောက်တယ်။ နောက်အချိန်အခါအရလည်း အခုလို ထောင်ထဲမှာ ပလိပ်ရောဂါ ဖြစ်ပွားနေတဲ့အခါ ကြံစည်ရတဲ့အတွက် ကျုပ်တို့မှာ ပိုပြီး လွယ်ကူတယ်။ ကြံစည်ထားတဲ့ နည်းလမ်းကလည်း ကျုပ်တစ်ယောက်က လွဲလို့ ဘယ်သူမှ မသိနိုင်ဘူး။ တကယ်လို့ မသင်္ကာတဲ့အတွက် သေခါမှ ရင်ထဲခွဲကြည့်ဦး ပလိပ်ကလွဲပြီး အဆိပ်နဲ့ပတ်သက်တဲ့ ဓာတ်သတ္တုဆိုလို့ တစ် စွန်းတစ်စမှ မတွေ့နိုင်ဘူး။ ဒီတော့ စိတ်ချရရော မဟုတ်လား။ ကိုင်း … ၂ နာရီတောင် ထိုးနေပြီ။ ငါ့တပည့်ကြီးသွားပေတော့၊ ချောချောမောမော ဖြစ်ပါ စေဆိုတာ သခင်ကြီး ဆုတောင်းလိုက်မယ်"

ထို့နောက် ကျွန်ုပ်လည်း အခန်းထဲမှ ဒယီးဒယိုင် ထွက်ခဲ့လေ၏။

*

ဒုတိယထောင်မှူး မစ္စတာ ရောဘတ် အိမ်မှ လက်ဖက်ရည်ယူ၍ ပြန်လာသောအခါ ၃ နာရီထိုးရန် ၁၀ မိနစ်မျှသာ လိုတော့၏။ ကျွန်ုပ်သည် လမ်းတစ်လျှောက်လုံး မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်ရဘဲ မြူများဆိုင်းနေဘိသကဲ့သို့ ကျွန်ုပ်၏ မျက်လုံးများသည် ဝေလျက်ရှိ၏။ ကျွန်ုပ်ကား အထက် လူကြီး၏ အာဏာကို ကြောက်ရွံ့သဖြင့် ဤဆိုးရွားကြောက်မက်ဖွယ်ကောင်းသော လူသတ်မှုကြီးကို ကျူးလွန်ရပေတော့မည်။ ကျွန်ုပ်မှာ လမ်းလျှောက်ရင်း ဒယိမ်းဒယိုင်ဖြစ်ကာ ခြေလှမ်းပင် မမှန်နိုင်အောင် ရှိတော့၏။

ရေချိုးကန်အနီးမှ ဖြတ်လာရသဖြင့် ကျွန်ုပ်လည်း လက်ညောင်းသည့်ဟန်ဖြင့် လက်ဖက်ရည်ဆွဲခြင်းကို ကန်ပေါင်ပေါ်၌ ခေတ္တချထားကာ ခါးထဲမှ ဖန်ပြွန်ကလေးကို ထုတ်ယူလေ၏။ ဒေါသထွက်သည့်အခါများတွင် လူချင်းယှဉ်နိုင်၍ လူအင်အား၊ လက်နက်အင်အားကို ပဓာနမထားဘဲ တိုက်ခိုက်ရန် ဦးမလေးခဲ့သော ကျွန်ုပ်မှာ ဤဆေးလုံးကလေးများကို လက်ဖက်ရည်ကရားထဲသို့ ပစ်ထည့်ရန်ပင် လက်တုန်လျက်ရှိလေသည်။ သို့သော် မိမိအပေါ်တွင် ကျရောက်မည့် လောလောဆယ် ဘေးအန္တရာယ်ကို ကြောက်ရွံ့သဖြင့် ကျွန်ုပ်လည်း ပိတ်ထားသော ဖော့ကလေးကို ထုတ်လိုက်ပြီးလျှင် ဖန်ပြွန်ထဲမှ

http://www.cherrythitsar.org


ဆေးလုံးကလေးကို လက်ဖက်ရည်ကရားထဲသို့ သွန်ချလိုက်လေ၏။ ထို့နောက် ပြွန်ချောင်းကလေးကို အနီးရှိ မြောင်းကြားထဲသို့ ချလိုက်၏။

ရုံးခန်းသို့ ရောက်၍ လက်ဖက်ရည် လင်ပန်းကို စားပွဲပေါ်သို့ တင်လိုက်သောအခါ ကျွန်ုပ်၏ လက်များမှာ သာ၍ပင် တုန်ယင်၍လာတော့၏။ ထိုအချိန်၌ ဒုတိယထောင်မှူးကလေးသည် သတင်းစာတစ်စောင်ကို ဖတ်လျက် ရှိလေသည်။

"မောင်ဘိုးထော် မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်သလဲ နေများ မကောင်းဘူးလား"

"ကောင်းပါတယ် သခင်လေး၊ ကျွန်တော်မျိုး ဘာမှ မဖြစ်ပါဘူး"

"ကောင်းတယ်သာဆိုတယ်၊ အသံတွေကလည်း တုန်လို့၊ လက်ဖက်ရည် ငှဲ့လိုက်လေ"

ကျွန်ုပ်လည်း ပန်းကန်လုံးနှင့် ပန်းကန်ပြားကို ခေါက်၍ထားသော လက်သုတ်ပဝါဖြင့် ပွတ်တိုက်ပြီးသော် လက်ဖက်ရည်ကို ကရားထဲမှ လောင်းထည့်လေ၏။ သို့သော် ခါတိုင်းကဲ့သို့ သပ်ရပ်စွာ မရှိဘဲ အဖိတ်ဖိတ်အစဉ်စဉ် ရှိလေသည်။ လက်ဖက်ရည်များသည် ကရားဝမှ ပန်းကန်ထဲသို့ တသွင်သွင် ကျဆင်းလေရာ ကျွန်ုပ်၏မျက်စိတွင် လက်ဖက်ရည်များကို မမြင်ရတော့ဘဲ၊ ပိုးကောင်းကလေးများဖြင့် ပြည့်နေသည့် အဆိပ်ရည်များကိုသာ မြင်ရလေသည်။ ထို့နောက် ကျွန်ုပ်လည်း ခြောက်ပေ ခုနစ်ပေခန့်မျှသာ ဝေးသော နေရာရှိ ဗီရိုဆောင်းကြီးထဲမှ ဖိုင်တွဲများကို ရှင်းလင်းလျက်ရှိလေသည်။ ဖိုင်တွဲများကို နံပါတ်စဉ်အတိုင်း ညီညာစွာထပ်၍ ဖုန်များသုတ်နေရသော်လည်း ကျွန်ုပ်၏ မျက်စိများမှာ လက်ဖက်ရည်ပန်းကန်ဆီသို့သာ ရောက်လျက်ရှိလေ၏။

ထိုခဏ၌ ကျွန်ုပ်သည် အောက်ပါအတိုင်း စဉ်းစားမိ၏။

"ငါသည် ထောင်မှူးကြီး၏ လူယုံဖြစ်သည့်အတိုင်း သူ၏ အကြံအစည်တွင် ပါဝင်စွက်ဖက်ခဲ့ရလေပြီ၊ မျောက်မထားသူများ၏ ယောက်ျားတိုင်းလိုပင် တဏှာနှင့်ယှဉ်သော ဒေါသမီးက ပိတ်ဆီးကာကွယ်၍နေသဖြင့် ဆင်ကန်းတောတိုးဖြစ်ကြ၏။ ဆင်ခြင်စဉ်းစားသောဉာဏ် ကင်းမဲ့တတ်ကြ၏။ သူသည် ငါ့အား လက်နက်သဖွယ် အသုံးပြုကာ သူ၏ဆေးပညာစွမ်းဖြင့် လင်ငယ်ဖြစ်သူအား ကိစ္စတုံးစီရင်ခြင်းဖြစ်၏။ သူပြောလိုက်သည့်အတိုင်း မိန်းမများ မျောက်မထားခြင်းမှာ လင်ငယ်ယောကျ်ားရှိနေ၍သာ ဖြစ်ရသည်ဟု ဆိုခြင်းမှာ တစ်နည်းအားဖြင့် မှန်ကန်မည်ဖြစ်သော်လည်း တစ်ဖက်သတ်ကျလွန်းလှချေ၏။ မိန်းမများ၏ လက်ယပ်ခေါ်ငင်မှု၊ မြူချီသွေးဆောင်မှုများ မပါလေသလော၊ ကျွန်ုပ်၏ဘဝတွင် တွေ့ကြုံခဲ့ဖူးသမျှသော ဗဟုသုတအရ လူ့သဘာဝအနက်

တစ်ယောက်သော ယောကျ်ားသည်ပင် ကာမပိုင်ရှိသော မိန်းမများအား မိန်းမဘက်မှ မြူချိုသွေးဆောင်ခြင်း မရှိဘဲ စတင်ရန် ခဲယဉ်းလှ၏။ ယခုကိစ္စ၌ကား ထောင်မှူးကတော်ကစ၍ ထောင်မှူးကလေး ရောဘတ်အား သွေးဆောင်ခဲ့သည်မှာ ကျွန်ုပ် မျက်မြင်ကိုယ်တွေ့ မဟုတ်ပါလော၊ ထို့ပြင်လည်း ထောင်မှူးကြီးသည် သားမယားဆိုဆုံးမခြင်းလည်း မပြု၊ လင်ငယ်ကို အတိအလင်း ရင်ဆိုင်ခြင်းလည်း မပြုဘဲ ယခုကဲ့သို့ အတွင်းကြိတ် ကြံစည်ခြင်းသည် ယောကျ်ားပီသရာ မရောက်သည့်ပြင် ရက်စက်ဆိုးရွားရာ ရောက်ပေ၏။ ယောကျ်ားအချင်းချင်း ဓားနှင့်လည်းကောင်း၊ သေနတ်နှင့်သော်လည်းကောင်း ထိုအရှုပ်အရှင်းကို ဖြေရှင်းအပ်၏။ ယခု အပြုအမူကား လွန်စွာ ရက်စက်လွန်းလှသည့်ပြင် စက်ဆုပ်ရွံရှာဖွယ်လည်း ကောင်းလှပေ၏။ မိန်းမက စတင်သွေးဆောင်သဖြင့် ပါတော့မည့်ဆဲဆဲဖြစ်နေသော အပြစ်ကင်းစင်သည့် ယောကျ်ားတစ်ယောက်အား ရောဂါပိုးများကို ကိုယ်တွင်းသို့သွင်း၍ မထင်မရှား သတ်ခြင်းမှာ သာမန် လူသတ်မှုများထက် အဆပေါင်း ရာထောင်မက ရက်စက်ဆိုးရွားလှတော့၏။ ဤအထဲတွင် ကျွန်ုပ်က ထောင်မှူးကြီး၏ လက်သုံး တောင်ဝှေးအဖြစ်ဖြင့် ပါဝင်စွက်ဖက်လျက်ရှိနေလေရာ ကျွန်ုပ်ထက် ယုတ်ညံ့သော သူ၊ ကျွန်ုပ်ထက် သူရဲဘောကြောင်သောသူ၊ ကျွန်ုပ်ထက် မိုက်မဲသောသူ အဘယ်မှာ ရှိနိုင်အံ့သနည်း"

တစ်မိနစ်မျှ အချိန်မကြာမီ ကျွန်ုပ်သည် အထက်ပါအကြောင်းများကို စဉ်းစား၍ ပြီးလေပြီ။

"မလုပ်ဘူး ... မလုပ်ဘူး ... ငါ မလုပ်ဘူး၊ ငါ့ကိုယ်ကို ထောင်သားအဖြစ်နဲ့ သူတို့ပိုင်ပေမယ့် ငါ့စိတ်ကို သူတို့မပိုင်ဘူး၊ ငါမိုက်လို ဒီအလုပ် လက်ခံမိတာ၊ ငါတော့ မှားပြီ၊ အင်မတန် ဆိုးရွားတဲ့အလုပ်၊ အင်မတန် ရက်စက်တဲ့အလုပ်၊ အင်မတန် စက်ဆုပ်ဖို့ကောင်းတဲ့အလုပ်၊ သူ့မိန်းမက သွေးဆောင်တာ ငါ့မျက်စိနဲ့ ဒိဋ္ဌမြင်ရတယ်။ ငါ့နားနဲ့ ဆတ်ဆတ်ကြားရတယ်။ မိန်းမက ဒီလောက် သွေးဆောင်လျက်သားနဲ့ မပါတဲ့ လူတစ်ယောက်ဟာ အပြစ်မရှိဘူး၊ အပြစ်မရှိတဲ့ လူတစ်ယောက်ကို အသေဆိုးနဲ့ မသေစေရဘူး။ သူကို မသတ်လို့ ငါ့ကို သတ်ချင်သတ်ပါစေ၊ ငါသာ အသေခံမယ်။ အပြစ်ကင်းတဲ့ လူတစ်ယောက် အသက်ကိုတော့ ရက်ရက်စက်စက် ငါမသတ်နိုင်ဘူး၊ နို့ပေမဲ့ ..."

ထိုအချိန်၌ ထောင်မှူးကလေးသည် သတင်းစာကို ချထားလိုက်ပြီးလျှင် လက်ဖက်ရည်သောက်ရန် ပန်းကန်ကို ကိုင်မြှောက်လိုက်လေ၏။ ကျွန်ုပ်လည်း တစ်စုံတစ်ရာ မပြောဘဲ ခုနစ်ပေခန့် ဝေးသော နေရာသို့ နှစ်လှမ်းနှင့်ရောက်အောင် ခုန်လိုက်ပြီးလျှင် နှုတ်ခမ်းသို့ တေ့လုမတတ် ဖြစ်နေသော

http://www.cherrythitsar.org



လက်ဖက်ရည် ပန်းကန်ကို လက်ဖြင့် ပုတ်ချလိုက်လေ၏။ ကံအားလျော်စွာ ထိုအချိန်၌ ရုံးခန်းထဲတွင် မည်သူမျှ မရှိချေ။

"ဟော့ ... ဟော့ ... ဟော့ ... မောင်ဘိုးထော် ဘာလုပ်တာလဲ၊ မောင်ဘိုးထော် ဟင် ... ဟေ"

"သည်းခံပါ သခင်လေး၊ သည်းခံပါ"

"ဘာပြောတယ်၊ ဘာ ... ဘာ"

"ကျွန်တော်မျိုး သခင်လေးကို လျှောက်ထားဖို့ အများကြီး ရှိပါတယ် သခင်လေး"

"ပြောစမ်း ... မင်း ဘာပြောမလို့လဲ"

"ကျွန်တော်မျိုးအသက်ကို ချမ်းသာပေးရင် မှန်တဲ့အတိုင်း ကျွန်တော်မျိုး လျှောက်ထားပါ့မယ် သခင်လေး"

"ပြောလေကွယ် ... ပြော ... ပြော ... မြန်မြန်ပြောစမ်း"

ထိုအခါ ကျွန်ုပ်လည်း ဖြစ်ပျက်သမျှ ဇာတ်လမ်းကို အစမှ အဆုံးတိုင် ပြောပြလျက် နောက်ဆုံးတွင် ကျွန်ုပ်သည် မိမိ၏အသက်ကိုပင် အသေခံရစေကာမူ အပြစ်ကင်းမဲ့သူတစ်ယောက်အား မရက်စက်နိုင်သဖြင့် ဤကဲ့သို့ ပြုလုပ်ကြောင်း၊ သို့ဖြစ်၍ သွေးဆောင်ကြံစည်မှုဖြင့် ကျွန်ုပ်အား မတရားစွဲဆိုအပြစ်ပေးပါမည့်အကြောင်း လျှောက်ထားကာ သူထိုင်သော ကုလားထိုင်ရှေ့တွင် ဒူး ထောက်လိုက်မိလေ၏။ ကျွန်ုပ်မှာ အကယ်ပင် နောင်တတရားရကာ မျက်ရည် များပင် ကျလျက်ရှိလေသည်။

ဒုတိယ ထောင်မှူးကလေးသည် အံကို တစ်ချက်ကြိတ်လိုက်ပြီး နောက် အကယ်ပင် နောင်တရသော ကျွန်ုပ်၏မျက်နှာကို မြင်ရသောအခါ ရုတ်တရက် စိတ်ပြောင်းသွားသည့် လက္ခဏာနှင့် "ကျုပ်ဒေါသကို ချုပ်တည်းလိုက်ပြီ မောင်ဘိုးထော်၊ ဘယ်သူ့ကိုမှ ကျုပ် စိတ်မဆိုးတော့ဘူး၊ ကျုပ် အသက်ကို ကယ်ဆယ်တဲ့အတွက် မောင်ဘိုးထော်ကိုတောင် ကျုပ် အများကြီး ကျေးဇူးတင်ပါတယ်"

ဟု ပြောကာ ကျွန်ုပ်၏ပခုံးကို ခပ်သာသာ ပုတ်လိုက်လေသည်။

*

ထောင်မှူးကတော်၏အမိန့်အရ စားပွဲတွင် ဖိတ်၍နေသော လက်ဖက်ရည်များကို အဝတ်ဖြင့် သုတ်ပြီးလျှင် ထိုအဝတ်စုတ်များကို ရေနံဆီလောင်း၍ မီးရှို့ရ၏။ ကုတ်အင်္ကျီပေါ်၌ အနည်းငယ်မျှ လက်ဖက်ရည် စွန်းထင်သွားသော နေရာကိုပင် ကာဘော်လစ်ဆီဖြင့် ပွတ်တိုက်ပစ်ရ၏။ ရုံးခန်းတစ်ခန်းလုံးကို လည်း ကာဘော်လစ်ဆီများ လောင်းစေ၏။ ထို့နောက် ထောင်မှူးကလေးသည်

http://www.cherrythitsar.org



ပြတင်းပေါက်ရှိရာသို့သွား၍ သံတိုင်များကို လက်နှစ်ဖက်နှင့် ကိုင်ပြီးလျှင် အလွန်ဝေးသော နေရာတစ်ခုကို မျှော်ကြည့်နေသကဲ့သို့ မျှော်ကြည့်ကာ တစ်စုံ တစ်ရာကို နက်နဲစွာ စဉ်းစားနေသည့်ဟန်ဖြင့် ရှိနေလေသည်။ ကျွန်ုပ်သည် လက်ဖက်ရည် ဖိတ်သောနေရာများကို ကာဘော်လစ်ဆီများ လောင်းလျက် ရှိ၏။

အချိန်မှာ ၃ နာရီ ၂၀ မိနစ်မျှ ရှိလေပြီ။ ရုံးခန်းတစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိလေ၏။ ထိုခဏ၌ ထောင်မှူးကြီးအိမ်ဆီမှ 'ဒိုင်း' ခနဲ မြည်သံ တစ်ခုကို ကြားလိုက်ရသဖြင့် မစ္စတာရောဘတ်သည် ဖျတ်ခနဲ လန့်၍သွား သကဲ့သို့ သံတိုင်ကို လွှတ်လိုက်ကာ အခန်းအပြင်သို့ ထွက်သွားသဖြင့် ကျွန်ုပ် လည်း သူ့နောက်မှ လိုက်ပါသွားလေ၏။ အခန်းအပြင်သို့ ရောက်သောအခါ စားဖိုဆောင်ဘက်မှ ပြေးလာသော ထောင်မှူးကလေး ဦးဘရှိန်၊ ထောင်မှူး ကလေး ဂျေဝပ်၊ ထောင်ပြတာ ဘဂဝမ်ဆင်တို့နှင့်တွေ့၍ သူတို့သည် သေနတ် သံအကြောင်းကို အမျိုးမျိုး ထင်မြင်ချက်ပေးလျက် ရှိကြကုန်၏။ မကြာမီ ဒုတိယ ထောင်မှူးရောဘတ်နှင့် ထောင်မှူးကလေး ဦးဘရှိန်တို့သည် အသံကြား ရာ ထောင်မှူးကြီးအိမ်ဆီသို့ ပြေးသွားကြလေ၏။

နောက်တစ်နာရီခန့် ကြာသောအခါ ကျွန်ုပ်လည်း အောက်ပါ အကြောင်းများကို ကြားသိရ၏။

သူတို့သည် သေနတ်သံကြားရာသို့ လိုက်သွားကြရာ ထောင်မှူးကြီး အိမ်ထဲမှ ပြေး၍လာသော ထောင်မှူးကြီး၏ ချာပလာစီကုလားကို တွေ့ရ၍ သူက အိမ်အပေါ်ထပ်မှ သေနတ်သံ ကြားရကြောင်း၊ သူကိုယ်တိုင် တက်၍ မကြည့်ဝံ့သည့်ပြင် ထောင်မှူးကတော်သည်လည်း လက်ဖက်ရည်ပွဲတစ်ခုသို့ သွားနေသဖြင့် အိမ်တွင် မည်သူမျှ မရှိကြောင်း ပြောပြလေသည်။

သို့နှင့် မစ္စတာ ရောဘတ်တို့ လူစုလည်း အိမ်ပေါ်သို့ တက်ရောက် ကြည့်ရှုကြရာ အိမ်အပေါ်ထပ်၌ ထောင်မှူးကြီးသည် သူ၏အိပ်ရာပေါ်တွင် သွေး အိုင်ထဲ၌ လဲလျက်ရှိသည်ကို တွေ့ကြရ၏။ ရိုင်ဖယ်သေနတ်ပြောင်းဝကို ရင်ဝသို့ ကပ်၍ မောင်းဖြုတ်လိုက်သည့်ဟန်ဖြင့် သေနတ်ကို ကိုင်လျက်သား ရှိနေပြီးလျှင် လက်ဝဲဘက် ရင်အုံ၌လည်း ဒဏ်ရာကြီးတစ်ခုကို တွေ့ရလေသည်။ သူ၏စာ ရေး စားပွဲ၌ကား စာရွက်ကလေးကို ခဲလုံးဖြင့် အသေအချာ ဖိ၍တင်ထား၏။ ထိုစာရွက်ကလေး၌ သူ၏ဘဝကို ငြီးငွေ့လာပြီဖြစ်၍ ချက်ချင်း အငြိမ်းစားယူ လိုက်ပြီဖြစ်ကြောင်းဖြင့် အောက်၌ သူကိုယ်တိုင် လက်မှတ်ရေးထားလေ သည်။

အားလုံးသော ကိစ္စများ ပြီးစီးချောမောသွားပြီးနောက် ဒုတိယထောင် မှူး မစ္စတာ ရောဘတ်သည် ထောင်မှူးကြီး၏နေရာကို ဆက်ခံရရှိ၏။ ထောင်

http://www.cherrythitsar.org



မှူးကတော်မှာ မိမိ၏လော်လည်ဖောက်ပြားမှုအတွက် ရာထူးနှင့် လင်တစ်ယောက် ဆုံးရှုံးရုံမျှမက မိမိအလိုဆန္ဒလည်း မပြည့်ဝဘဲ ပစ္စည်းအနည်းငယ်နှင့် ဆွေမျိုးများရှိရာ မိတ္ထီလာသို့ ပြောင်းရွှေ့သွားလေသည်။ ကျွန်ုပ်ကိုယ်တိုင် ဝင်ရောက် စွက်ဖက်မိသော ကိစ္စကြီးကိုမူကား သေဆုံးသွားသူ ထောင်မှူးကြီးနှင့်တကွ ထောင်မှူးကတော်တို့၏ မျက်နှာကို ထောက်ထားသဖြင့် တစ်ကြောင်း၊ လက်ရှိ အလုပ်နှင့်နေသူ မစ္စတာရောဘတ်၏ ဂုဏ်သရေကို ငဲ့ကွက်သဖြင့် တစ်ကြောင်း မည်သူအားမျှ မသိစေဘဲ လျှို့ဝှက်ထားခဲ့၏။

◆

# ပင်လယ်စားပြ၏ ဘဏ္ဍာသိုက်

'အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရ' ဟူသော စကားပုံမှာ ကျွန်ုပ် ဦးဘိုးထော်အတွက် ပို၍ မှန်ကန်ပေ၏။ ပြစ်မှုအမျိုးမျိုးဖြင့် ထောင်မျိုးစုံသို့ ရောက်ခဲ့သော ဦးဘိုးထော်သည် ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ ခုနှစ်ဆန်းလောက်တွင် ရဲအရာရှိတစ်ဦးအား ဓားဖြင့် ခုတ်သဖြင့် အိန္ဒိယရာဇဝတ်ပုဒ်မ ၃၂၆ အရ အင်းစိန်ထောင်ကြီးတွင် ထောင်ဒဏ်တစ်နှစ်ခွဲမျှ အကျဉ်းကျခဲ့ရလေ၏။

ထိုအခါ 'ရဲ' ဟု မခေါ်သေးဘဲ ပုလိပ်ဟုခေါ်ဝေါ်လျက် ဘုရင်ခံဆာဒေါ်မန်စမစ် ဖြစ်၍ ဆာပေါ်ထွန်းက နန်းရင်းဝန်အဖြစ် အစိုးရအဖွဲ့ ဖွဲ့စည်းအုပ်ချုပ်သော အချိန် ဖြစ်၏။

ဓားခုတ်ခံရသော ရဲအရာရှိကြီးသည် ဆေးရုံမှ ဆင်းပြီးနောက် မကြာမီပင် အတွင်းရေးများ ရှုပ်ထွေးသဖြင့် အလုပ်မှ ထွက်ရလေရာ ၎င်းနေရာသို့ ရဲမှူးတစ်ဦးအား ခန့်ထားလိုက်၏။

ထောင်မကျမီ ဦးဘိုးထော်သည် ဘောက်ထော်ရွာကလေးတွင် နွားများ မွေးမြူခြင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းစသော ခြံယာအလုပ်စသည်တို့ဖြင့် တောင်သူလယ်သမားတို့ဘာဝ အေးချမ်းစွာ နေထိုင်လျက်ရှိစဉ် ဦးဘိုးထော်အား ကောင်းစွာ မှတ်မိသော ရဲအရာရှိ အချို့သည် အနီးပတ်ဝန်းကျင်တွင် လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုများဖြစ်တိုင်း ဦးဘိုးထော်ထံ လာရောက် ငွေညှစ်လေ့ရှိ၏။ တစ်ခါတစ်ရံ ကြက်၊ ငှက်၊ ဘဲများကို လာရောက်

http://www.cherrythitsar.org



တောင်းသွားတတ်၏။ ထိုအခါက နယ်ချဲ့လက်အောက်ရှိ အရာရှိတို့မှာ အထူး သဖြင့် ဦးဘိုးထော်ကဲ့သို့ ရိုးသားသော လူထုအပေါ်တွင် တစ်ခါတစ်ရံ မိုက် ကြေးကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံလည်း သဒ္ဓါကြေးကဲ့သို့လည်းကောင်း အမျိုးမျိုး ညှဉ်းတတ်လေရာ ထိုကိစ္စများအတွက်နှင့်ပတ်သက်၍ အမှုဖြစ်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော် လက်လွန်သွားပြီးသည်နှင့် တစ်ပြိုင်နက် ဦးဘိုးထော် သည် မဟုတ်လျှင် မခံချင်သော စိတ်များ ကွယ်ပျောက်၍ သူတစ်ပါးအပေါ် တွင် သနားကရုဏာထားတတ်သည့် ပင်ကိုစိတ်များ ပေါ်ပေါက်လာပြီးနောက် မိမိ ကျူးလွန်မိသည့် ပြစ်မှုအတွက် နောင်တရ၍ မဆုံးနိုင်အောင် ရှိတော့၏။

စစ်ပြီးခေတ်တွင် အင်္ဂလိပ် အစိုးရတို့က ထောင်မှူး၊ ထောင်ပိုင် စသော ထောင်အာဏာပိုင်များ ခန့်ထားရာ၌ အင်္ဂလိပ်စစ်တပ်မှ အနားယူသော စစ်ဗိုလ် များကိုသာ ခန့်ထားခဲ့လေရာ ရန်ကုန် အချုပ်ထောင်တွင် မေဂျာဒေါင်း ဆိုသူက ထောင်ပိုင်ကြီးဖြစ်ပြီးလျှင် အင်းစိန်ထောင်တွင်ကား ‘မစ္စတာ မက္ကာဖွိုင်း’ ဆိုသူက ထောင်ပိုင်ကြီးအဖြစ်နှင့် အုပ်ချုပ်လျက်ရှိလေသည်။ ဦးဘိုးထော်မှာ အမှုမပြီးမီ ရန်ကုန်ထောင်၌ အချုပ်ခံခဲ့ရသော်လည်း အပြစ်ကျသောအခါ အင်းစိန်ထောင် တွင် အပြစ်ကျခံရ၏။

ဦးဘိုးထော် ထောင်ကျသောအချိန်မှာ စစ်ကြီးပြီးစ အချိန်ဖြစ်၍ ထို အခါက တိုးတက်ကောင်းမွန်သော ထောင်ဥပဒေများကို ပြင်ဆင်ခြင်း မပြုသေး ဘဲ ယခင် စစ်မဖြစ်မီအချိန်က ကဲ့သို့ပင် ရှိနေသေးရာ ထောင်ကျလာသော အကျဉ်းသားသစ်များအား ထောင်အဝင်ဗူးဝတွင် ‘ပုံစံအထိုင်ခိုင်းခြင်း’၊ နံပါတ် တုတ်များဖြင့် ထောင်ပုံစံပြခြင်းများကို ပြုလုပ်ကြသေး၏။ သို့သော် ဦးဘိုးထော် မှာ ထိုထောင်၌ပင် ထောင်ဗာရာအဖြစ် နှစ်အတော်ကြာ လုပ်ခဲ့ဖူးသဖြင့် လူသစ် များ ခံရသော ပုံစံထိုင်ကာ အရိုက်ခံခြင်း၊ မိလ္လာတိုက်ခြင်း ခေါ် နောက်ဖေး အသွားခိုင်းခြင်း စသည့် နှိပ်စက်ညှဉ်းပန်းမှုများမှ လွတ်မြောက်လာခဲ့လေသည်။

ဒုတိယထောင်ပိုင်ကြီးအဖြစ်ဖြင့် အုပ်ချုပ်ခဲ့သော ထောင်အရာရှိနှင့် ထောင်မှူးကြီးတို့မှာ ဦးဘိုးထော်နှင့် သိကျွမ်းခင်မင်ခဲ့ဖူးသူများဖြစ်သဖြင့် ထောင် ထဲသို့ ဦးဘိုးထော် ရောက်လျှင် ရောက်ချင်း ဒုတိယ ထောင်ပိုင်ကြီးသည် ဦး ဘိုးထော်အား ခေါ်ယူတွေ့ဆုံလေသည်။

ထောင်ပိုင်ကြီးရှေ့သို့ ရောက်သောအခါ ဦးဘိုးထော်သည် သင့်လျော် လျောက်ပတ်သော နေရာ၌ ခြေစုံရပ်လျက်ပြီးလျှင် လက်များကို ရှေ့သို့ ပစ်လိုက် ကာ ပတ္တာဆက်, ဆက်လျက် အရိုအသေပြုလိုက်လေ၏။ ထောင်ပိုင်ကြီးသည် စားပွဲတွင် အလုပ်လုပ်လျက်ရှိရာမှ အတန်ငယ် မော်ကြည့်လိုက်ပြီးလျှင် မျက်နှာ ခပ်ပြုံးပြုံးဖြင့် –

"ဘယ့်နှယ်လဲ မောင်ဘိုးထော်၊ ထောင်ထဲကို ပြန်မလာတော့ဘူးဆို၊ အခု စစ်ပြီးတာနဲ့ ထောင်ဖွင့်ဖို့ စောစောစီးစီး ပြန်လာတယ် ထင်တယ်"

ထောင်ပိုင်ကြီးမှာ စစ်မဖြစ်မီ ဦးဘိုးထော် ထောင်ကျစဉ်က သိကျွမ်း ခင်မင်ခဲ့ဖူးသည့်ပြင် ရယ်စရာ မောစရာ ပြောတတ်ဆိုတတ်သူဖြစ်သဖြင့် ဦး ဘိုးထော်အား ခနဲ့တဲ့တဲ့ မေးလိုက်ခြင်း ဖြစ်လေ၏။

ထော်။ ။ "ကျွန်တော်မျိုး ပြန်မလာချင်ပေမဲ့ ကျွန်တော်မျိုးရဲ့ ကံကြမ္မာက ထောင်ထဲကို ပြန်ပို့လိုက်တာပါပဲ သခင်ကြီး၊ သခင်ကြီးကို စောင့်ရှောက်ဖို့ပဲ ဆိုပါတော့"

ပိုင် ။ ။ "သြော် ... သြော် ... ကျွန်ုပ်ကို စောင့်ရှောက်ဖို့ ဘုရားသခင်က မောင်ဘိုးထော်ကို ထောင်ထဲပို့လိုက်တယ်။ ဟား ... ဟား ... ဟား"

ဦးဘိုးထော်က ရိုသေစွာ ခေါင်းညိတ်လျက် "မှန်ပါတယ် သခင်ကြီး၊ ထောင်ထဲကို ကျွန်တော်မျိုး မရောက်ခင်ကတည်းက သခင်ကြီးဆီကို သွားရမယ်ဆိုပြီး လူဖြူကြီးတစ်ယောက်က လာပြောလို့ အိပ်မက်မက်ပါတယ် သခင် ကြီး"

ဦးဘိုးထော်မှာ လျင်မြန်ဖျတ်လတ်၍ အကင်းပါးသူတစ်ယောက်လည်း ဖြစ်သည့်အတိုင်း ဖြတ်ထိုးဉာဏ်ဖြင့် ပြောလိုက်ရာ ဒုတိယထောင်ပိုင်ကြီးမှာ –

"မောင်ဘိုးထော် အရင်ကလို လက်သမားအလုပ်နဲ့ ပန်းပုထုတတ်သေးသလား၊ မောင်ဘိုးထော် လုပ်ပေးခဲ့တဲ့ ကျွန်းသား ဆင်ရုပ်ကလေးဟာ ကျွန်ုပ်အိမ်မှာ ခုထိ ရှိသေးတယ်"

"ကျွန်တော်မျိုး ထောင်က လွတ်သွားပေမယ့် ဒီလက်သမားပညာ ပန်းပုပညာတွေ အမြဲအသုံးပြုခဲ့တယ် သခင်ကြီး"

"ကောင်းတယ် မောင်ဘိုးထော်၊ ကောင်းတယ် ကဲ ... ကဲ ... မောင်ဘိုးထော် ဘယ်မှာ အလုပ်လုပ်ချင်သလဲ၊ မောင်ဘိုးထော် အလုပ်လုပ်ချင်တဲ့ နေရာပြောပါ"

ထောင်ပိုင်ကြီးသည် ဦးဘိုးထော်အပေါ်တွင် ခင်မင်သူတစ်ဦးဖြစ်သည့်အတိုင်း အကျဉ်းသားသစ်များအား အလုပ်မချရသေးမီပင် ဦးဘိုးထော်ကိုယ်တိုင် နှစ်သက်သော အလုပ်ကို လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်၏။

"ကျွန်တော် သခင်ကြီး ရုံးမှာ လုပ်ချင်ပါတယ် သခင်ကြီး"

"အင်း ... အင်း ... ကျွန်ုပ်ရုံးမှာထက် ဦးဘိုးထော် အေးအေးဆေးဆေး နေရအောင် ကျွန်ုပ် အလုပ်ချပေးမယ်။ ကောင်းကောင်းလည်း စားရသောက်ရမယ်။ ထောင်ဆေးရုံမှာရှိတဲ့ ထမင်းချက်ရုံမှာ လုပ်ရမယ်။ အကျဉ်း

သားလူနာစောင့်တွေကို ကြည့်ရတဲ့လူကြီးအဖြစ်နဲ့ ကျွန်ုပ် အလုပ်ချပေးမယ်။ ထောင်ဘုတ် စာအုပ်ကြီး ကျွန်ုပ်ဆီမှာ ရောက်မှာပဲ၊ ကဲ ... သွားနိုင်ပြီ”

ထောင်တွင်းသို့ အကျဉ်းသားလူသစ်အဖြစ် ရောက်လာရခြင်းမှာ စစ်ထဲသို့ ဝင်ခါစ စစ်သားသစ် တစ်ယောက်ကဲ့သို့ အလုပ်အကိုင် အတိအကျ ချထားခံရခြင်း မရှိသေးမီ နံနက်အိပ်ရာထ၍ တန်းစီလူစစ်ပြီးနောက် ‘အိပ်’ ဆောင်မှ ဆင်းခဲ့ရ၏။ နံနက် အလုပ်ဆင်းချိန်သို့ ရောက်သောအခါ ထိုအကျဉ်း သား လူသစ်များအား တစ်နေရာသို့ စုရုံးစေပြီးလျှင် အလုပ်ဌာန အသီးသီး၌ အုပ်ချုပ်သော ခြောက်မှတ်၊ ရှစ်မှတ်၊ ၁၂ မှတ် စသော ဗာရာတို့က လူသစ်ထိန်း ဗာရာထံမှ ခေါ်ဆောင်သွားကြ၏။ ယင်းကဲ့သို့ အကျဉ်းသားများအား ခေါ် ဆောင်သွားခြင်းကို ‘ချွေးတပ်ဆွဲခြင်း’ ဟု ထောင်ဝေါဟာရအားဖြင့် ခေါ်ဝေါ် လေသည်။

ထိုကဲ့သို့ အလုပ်ဌာနအသီးသီးမှ လာရောက်ခေါ်ယူကြရာ၌ အများ အားဖြင့် အကျဉ်းသားသစ်များမှာ ထောင်တွင်း ဆန်ကြိတ်ဌာနနှင့် တောင်ယာ အလုပ်များ၊ မိလ္လာသိမ်းအလုပ်ဌာနများ၊ ရေတင်ဌာနများ စသည်ဖြင့် ပင်ပန်း ကြီးစွာ လုပ်ကိုင်ရသော အလုပ်များတွင် အများဆုံး လုပ်ကိုင်ကြရ၏။ ထို့ ကြောင့်လည်း အကျဉ်းသမားလူသစ် ဖြစ်လာသည်ဆိုပါမူ မည်သည့်အကျဉ်း သားသစ်မဆို မိမိတို့၏ အမြဲတမ်းအလုပ်လုပ်ရမည့် လုပ်ငန်းကိုသာ စောင့် မျှော်နေရလျက် မြန်မြန်အလုပ်ချပါစေဟု ဆုတောင်းသည်က များလေသည်။

အကျဉ်းထောင်အတွင်း၌ကား လူကုံတန်၊ လူရည်သန့် လူသစ်များ ရောက်လာကြသောအခါ ၎င်းတို့မှာ ဘီကလပ်(စ်)ပင် မရစေကာမူ ခေတ်ပညာ အတော်အသင့် တတ်မြောက်က ထောင်တွင်း အယူခံရုံး ထောင်လွတ်ရက် တွက်ချက်ပေးရခြင်းနှင့် ထောင်တွင်းအလုပ်များကို ကြီးကြပ်ခန့်ခွဲပေးရသော ရုံး၊ အဝတ်တိုက်နှင့် ရိက္ခာများ သိုလှောင်ရာဌာနရုံး စသည့် သင့်လျော်ရာ ရုံးများ၌ ထောင်စာရေးအဖြစ် အမှုထမ်းဆောင်ကြရလေသည်။

အကျဉ်းထောင်အတွင်းရှိ အရေးအကြီးဆုံးသော အကျဉ်းသားများ မှီခိုရာ ရုံးမှာ အယူခံရုံးပင်ဖြစ်၏။ ထိုရုံးမှပင် တစ်ထောင်လုံးရှိ အကျဉ်းသား များအား ဘုရင်ခံထံသို့ အသနားခံစာတင်ပေးရခြင်း၊ ဟိုက်ကုတ် လွှတ်တော် သို့ တိုက်ရိုက် အယူခံပေးရခြင်းများ ပြုလုပ်ပေးရပြီးလျှင် တစ်ထောင်လုံးတွင် ရှိသော ခြောက်မှတ်၊ ရှစ်မှတ်၊ ၁၂ မှတ်ရ အကျဉ်းသား ဗာရာများအား ည၌ အိပ်ဖန်စောင့် တာဝန်များကို စနစ်တကျ ခန့်ခွဲပေးရလေသည်။

ယခု ဦးဘိုးထော် အလုပ်ရသော နေရာမှာလည်း သာမန် အကျဉ်း သား တစ်ယောက် ရောက်ရန် ခဲယဉ်းသောနေရာဖြစ်၍ အကပ်အရပ်ကလေး

http://www.cherrythitsar.org



ရှိမှသာ ရောက်နိုင်သော ဌာနဖြစ်၏။ ဆေးရုံထမင်းချက်နှင့် လူနာစောင့်သမား များ အပေါ်တွင် ကြီးကြပ်ထိန်းသိမ်းရသော လုပ်ငန်းဖြစ်၍ ၎င်းမှာ တန္ဒေခေါ် ထောင်မင်းသားလောက် နီးပါးမျှ အဆင့်အတန်းရှိသော ရာထူးဖြစ်၏။ ထို နေရာကို ရရှိခြင်းအားဖြင့် အစားအသောက်မှာလည်း ဘီကလပ်(စ်)ရသော အထက်တန်းစား အကျဉ်းသားတစ်ယောက်ထက်ပင် မိမိကြိုက်နှစ်သက်ရာကို စားသောက်နိုင်လေသည်။

ဦးဘိုးထော်မှာ ထောင်ဆေးရုံ၌ တာဝန်ကျသူဖြစ်သဖြင့် အများအား ဖြင့် ထောင်ဆေးရုံ၌ အအိပ်များပြီးလျှင် တစ်ခါတစ်ရံမှသာ အိပ်ထောင်များသို့ သွားရောက်အိပ်တတ်လေသည်။

*

စေတနာ အကျိုးပေးဟူသော စကားမှာ လူတစ်ယောက်က အခြား သူ တစ်ယောက်အပေါ်တွင် ဖြူစင်သန့်ရှင်းသော မေတ္တာနှင့် စေတနာ ရှိသော အခါ ယင်းစေတနာကို ထိုသူကလည်း တုံ့ပြန်တတ်သော သဘောရှိလေသည်။ ဦးဘိုးထော်သည် ရာဇဝတ်မှု ကျူးလွန်ခဲ့သောအပြစ်ဖြင့် အကျဉ်းထောင်အတွင်း တွင် ကျခံနေရသော အကျဉ်းသားတစ်ယောက်ဖြစ်စေကာမူ စိတ်ရင်းကောင်း၍ သဘောထားကြီးသူ တစ်ယောက်ဖြစ်သည့်အတိုင်း လူတစ်ယောက်အပေါ်တွင် ခင်မင်ကြင်နာတတ်ခြင်း၊ အရေးရှိက ကူညီလိုသော စိတ်ဆန္ဒရှိခြင်း စသော စိတ်ဓာတ်ပြည့်ဝသူတစ်ယောက်ဖြစ်၏။

ထောင်ဆေးရုံသို့ ဦးဘိုးထော် ရောက်သောအခါ လူတစ်ယောက်နှင့် သိကျွမ်းခင်မင်ကာ မိတ်ဆွေဖြစ်ခဲ့၏။ ထိုပုဂ္ဂိုလ်မှာ ရခိုင်အမျိုးသားနှစ်ကြီး အကျဉ်းသမား တစ်ဦးဖြစ်သော ဦးစံရွှေအောင်ဆိုသူ ဖြစ်၏။ ဦးစံရွှေအောင် သည် ရခိုင်ပြည်နယ်ကျောက်ဖြူမြို့သားဖြစ်ပြီးလျှင် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ရခိုင်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆိုးသွမ်းဟော့ရမ်းလျက် ရှိသော ဓားပြဗိုလ်ကြီးတစ်ဦးဖြစ်လေရာ အမှုပေါင်းများစွာဖြင့် ထောင်သို့ကျ ခဲ့၏။ သူ၏ပြစ်မှုများမှ ထောင်သက်မှာ များလှသဖြင့် ဤတစ်သက်တွင် လွတ် နိုင်စရာ အကြောင်းမရှိသလောက်ပင် ဖြစ်တော့၏။

ဦးစံရွှေအောင်မှာ ထောင်တွင်းသို့ ရောက်လာပြီးနောက် မစားနိုင်၊ မသောက်နိုင်ဖြင့် နာမကျန်းဖြစ်ပြီးလျှင် ထောင်ဆေးရုံသို့ တက်ခဲ့ရလေရာ၊ ဦးဘိုးထော်နှင့် တွေ့သောအခါ အတော်ပင် ပိန်ချုံးချည့်နဲ့လျက် ရှိနေလေပြီ။

ဦးဘိုးထော် က –

"မိတ်ဆွေကြီး ကြည့်ရတာ တော်တော် စိတ်ထိခိုက်နေပုံပါပဲ၊ ထောင် ထဲ ရောက်မှတော့ စိတ်ပျော်ပျော်သာ ထားပေါ့ဗျာ၊ လိုချင်တဲ့ အကူအညီလည်း

တောင်းပါ၊ ကျုပ်အမည်ကတော့ မောင်ဘိုးထော်တဲ့၊ ကောင်လေးတွေ အပြုအစု မကောင်းရင် ကျုပ်ကိုသာ တိုင်ပေတော့၊ ဒါနဲ့ ခင်ဗျားကို မြင်မြင်ချင်း အရင်က ကျုပ်တွေ့ဖူးတဲ့ မိတ်ဆွေကြီးတစ်ယောက်နဲ့ အင်မတန် တူပါကလားဆိုပြီး ကြည့်နေမိတယ်ဗျ"

ဤသို့ ဦးဘိုးထော်က ဦးစံရွှေအောင်အား အားပေးစကားများ ပြောကြားလိုက်သောအခါ ဦးစံရွှေအောင်မှာ အတော်ပင် အားတက်လန်းဆန်းသွားသကဲ့သို့ ဦးဘိုးထော်အား ဖျတ်ခနဲ ခေါင်းထောင်၍ ကြည့်လိုက်၏။

ဦးစံရွှေအောင်အား ဆေးရုံလုပ်သားများက "ဘုကျသော အကျဉ်းသမားကြီး၊ ဒီလူကြီးနဲ့ ဘယ်ဆေးရုံစောင့် အလုပ်သမားနဲ့မှ မတည့်ဘူး ဦးလေးရဲ့၊ အစားအသောက်ဆိုလည်း သိပ်ချေးထူတဲ့ အဘိုးကြီး၊ တစ်ခါတစ်ခါ အဝတ်တွေကို လွှင့်ပစ်ချင်သေးတယ်"

ဟု ပြောကြားပြီးလျှင် လက်အောက်မှ ဆေးရုံလုပ်သားတစ်ဦးကလည်း ဦးဘိုးထော်အား ဤသို့ပင် တိုင်တမ်းခဲ့ဖူး၏။ ထို့ကြောင့်လည်း ဦးဘိုးထော် ကိုယ်တိုင် ထိုအကျဉ်းသား လူမမာကြီးအား ဂရုတစိုက် ကြည့်ရှုခဲ့ခြင်း ဖြစ်၏။ ဦးစံရွှေအောင်မှာ တစ်ယောက်တည်း အေးအေးဆေးဆေး နေထိုင်လို ခြင်း၊ ပုတီးစိပ်ခြင်းနှင့် ဘုရားရှိခိုးခြင်း၊ အနီးပတ်ဝန်းကျင်တွင် ဆူဆူပူပူလုပ်သည်ကို လုံးဝမကြိုက်မနှစ်သက်ခြင်း စသော ဆန္ဒများ ရှိလေသည်။ ဦးဘိုးထော်မှာ လူကဲခတ်ကောင်းသူတစ်ယောက် ဖြစ်သည့်အတိုင်း ဦးစံရွှေအောင်အား စတင် မိတ်ဖွဲ့လိုက်ခြင်း ဖြစ်၏။

ဦးစံရွှေအောင်သည် မိမိအား စတင်မိတ်ဖွဲ့၍ စကားပြောလာသောသူကို ကြည့်လိုက်ရာ မိမိနှင့် အသက်ချင်း သိပ်မကွာခြားလှဘဲ ဥပဓိရုပ်အားဖြင့် တည်ကြည်ခံ့ညားသူတစ်ဦးဖြစ်ကြောင်း တွေ့ရသဖြင့် နှစ်လိုစွာသော အပြုံးချိုချိုဖြင့် ပြုံးလိုက်ရင်း ခုတင်အထက်ပိုင်းသို့ နေရာရွှေ့ပေးပြီးလျှင် "ထိုင်ပါ မိတ်ဆွေကြီး ဦးဘိုးထော်၊ ထိုင်ပါ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးဘိုးထော်သည် ဦးစံရွှေအောင်၏ ခုတင်စွန်းတွင် ဝင်၍ထိုင်လိုက်ပြီးနောက် –

"အိပ်လို့ကော ပျော်ရဲ့လား မိတ်ဆွေကြီး"

"ဩော် ... အိပ်လို့လား ... ပျော်လှတယ် မဟုတ်ပါဘူး ခင်ဗျား၊ ဒါထက် ဦးဘိုးထော်က ဒီမှာ လူကြီးနော်"

"ဟုတ်ပါတယ်"

"အေးဗျာ၊ ကျုပ်လည်း ခင်ဗျား သတင်းကို ကြားဖူးပါရဲ့၊ လူချင်းတော့ အခုမှပဲ တွေ့ရတော့တယ်။ လူကို မြင်တော့မှပဲ အင်း ... ပြောသံကြားဖူးတာ ထက် ဦးဘိုးထော်ဟာ လူတစ်ယောက်အပေါ်မှာ ကရုဏာနဲ့ ပြည့်စုံပြီး

ကူညီလိုတဲ့စိတ် ရှိပါကလားဆိုတာ ကိုယ်တိုင်တွေ့တော့ ပိုသိရတာပါဗျာ၊ ဒါထက် အခုတင်က စကားထဲမှာ ကျုပ်နဲ့တူတဲ့ လူတစ်ယောက်ကို ဦးဘိုးထော် တွေ့ခဲ့ဖူးတယ် ဆိုလားလို့"

"ဟုတ်တယ်ဗျ၊ ကျုပ်ကိုယ်တိုင် အဲဒီလူကို အတော် အကူအညီ ပေးဖူးတယ်။ အဲဒါကတော့ ကြာပါပြီဗျာ၊ 'ပြည်' ထောင်ထဲမှာနဲ့ တူတယ်။ သူ့အသက်က ကျုပ်နဲ့တွေ့တုန်းက ၃၀ လောက်ပဲ ရှိဦးမယ်၊ အခုဆိုရင် အသက် ၄၀ ကျော် ၅၀ တွင်း ရှိရောပေါ့ဗျာ၊ သူကလည်း ရခိုင်ပြည်နယ်ကပဲဗျ၊ သဘောသဏ္ဌာယကလည်း အင်မတန် ကောင်းရှာပါတယ်။ သဘောကောင်း သလောက် သတ္တိကလည်း မခေဘူး ခင်ဗျ၊ သူက ဓားပြဗိုလ်တစ်ယောက်တဲ့ဗျ"

"နေပါဦး … အဲဒီလူမှာ … အင်း … လက်ဝဲဘက်ပါးမှာ အမာရွတ် တစ်ခုနဲ့ နှာခေါင်းမှာ မှဲ့ကလေးတစ်လုံးများ ရှိသလား"

"ဟာ … ရှိတယ်၊ သူနဲ့တွေ့တုန်းက ကျုပ်က တန္တေ့ပဲ ရှိသေးတယ်ဗျ၊ သူနဲ့ အကျဉ်းသားတွေ တစ်အုပ်ကြီး ထမင်းဆွဲတဲ့ ဖိုနားမှာ ရိုက်ကြလို့ ကျုပ် ဝင်ဖျဉ်ရတယ်။ သူတစ်ယောက်တည်း ရိုက်လိုက်တာ အကျဉ်းသား လေးငါး ယောက်လောက် ခေါင်းကွဲသွားတယ်ဗျ၊ သူ့ကိုလည်း တိုက်ပိတ်ခံရတယ်။ ဒါပေမဲ့ ဒီလူက တော်တော် ဖွဲ့ကြီးတဲ့လူ ခင်ဗျ"

"ပြောစမ်းပါဦးဗျာ"

"ဒီလူက အိပ်ထောင်အမှတ် ၃ မှာနေတယ်။ ဒါပေမဲ့ အိပ်ထောင် အမှတ် ၂ မှာ ရှိတဲ့ သူ့မိတ်ဆွေ အုန်းသီးဆိုတဲ့ လူဆီကို သွားပြီးလည်တယ်။ ထမင်းကျွေးတဲ့အချိန်မှာ အလှည့်ကျနဲ့ ကျွေးတာကလားဗျ၊ ဒီတော့ သူဟာ အမှတ် ၂ အိပ်ထောင်က အကျဉ်းသားတွေနဲ့အတူ ထမင်းဆွဲရအောင် ပုံစံတန်း စီပြီး ထွက်တာကိုး၊ ဒီတော့ ကိုယ့်အိပ်ထောင်က မဟုတ်ဘဲ ဒီမှာလာပြီး ဆွဲရပါ မို့လားဆိုပြီး၊ အကျဉ်းသား ဝက်ကြီးဆိုတဲ့ အကောင်က မကြားတကြား ပြော တယ်။ သူပြောတာကလည်း ဒီကောင် ဘယ်လောက် ထမင်းငတ်နေလို့ စော စောစီးစီး ထမင်းလာဆွဲရတာတဲ့လဲလို့ ပြောသတဲ့ဗျ။ တစ်ယောက်က ဝက်ကြီး စကားနားထောင်လိုက်ပြီး 'အလကား ချေးဝင်စားတွေပါကွာ' လို့ပြောတာ ကိုး၊ ဒီတင်ပဲ စောလှဖြူက မခံနိုင်ဘဲ ဒီအကောင်ကိုလက်သီးနဲ့ တစ်ခါတည်း ထိုးတော့တာပဲ၊ တခြားအကျဉ်းသားတွေကလည်း စောလှဖြူကို ဝိုင်းထိုးတော့ သူ့သူငယ်ချင်း အုန်းသီးက ဝင်ချတာပေါ့ဗျာ၊ နို့ပေမဲ့ အုန်းသီးဟာ မခံနိုင်ဘဲ စောစောစီးစီး လဲသွားရှာတော့တာပဲ၊ စောလှဖြူကတော့ ထမင်းဖိုက ထင်း ချောင်းတစ်ချောင်း ရပြီး လိုက်ရိုက်တာ အကျဉ်းသား ဆယ်ယောက်လောက် ခေါင်းကွဲသွားတယ်။ ပြီးမှ ထောင်ဝါဒါတွေ ရောက်လာပြီး ဆွဲခေါ်သွားမှ ရန်ပွဲ

http://www.cherrythitsar.org



စဲတော့တာပါပဲဗျာ။ သူကတော့ ခပ်ညစ်ညစ်ပဲဗျို့၊ လူက လူရွှတ်ပဲ၊ ပုဆိုးကို လည်ပင်းမှာ ကွင်းသိုင်းပြီး လိုက်သွားတယ်ဗျ"

ထိုစကားကို ကြားရသည်နှင့် ဦးစံရွှေအောင်မှာ အတော်ပင် စိတ်ထိ ခိုက်သွားဟန်ဖြင့် မျက်လုံးအိမ်များတွင် မျက်ရည်များ စို့လာသည်ကို တွေ့ရ လေ၏။

"ဩော် ... စောလှဖြူ ... စောလှဖြူ ... ကျုပ်ညီပေါ့ဗျာ၊ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်ဟာ ဂျပန်တွေခေတ်မှာ ဓားပြဂိုဏ်းဖွဲ့ပြီး တိုက်ခဲ့တာပေါ့၊ စောလှဖြူဟာ အစစအရာရာ ယုံကြည်စိတ်ချရတယ်။ မျက်နှာလွှဲရအောင် တော်တယ်ဗျ။ ဒါပေမဲ့ ဦးဘိုးထော်ရယ် ဘယ်လောက်ပဲ တော်တဲ့လူ ဖြစ်ပေစေ မိန်းမနဲ့ကျလာတော့ မခံနိုင်တော့ဘူးဗျာ"

"ဘာကြောင့်လဲဗျာ ... ပြောစမ်းပါဦး၊ ကျုပ်လည်း ဒီလူကိုတော့ တော်တော် ခင်မင်ပါတယ်။ ခင်မင်တာကလည်း တခြားမဟုတ်ဘူး။ မဟုတ်မခံ ချင်တဲ့ စိတ်ရှိလို့၊ ဒီလူက မတရား လုပ်ခဲ့တာကိုတော့ ကျုပ် မတွေ့ခဲ့ပါဘူး"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ကျုပ်ညီက ဘယ်တော့မှ မတရား မလုပ်ဘူး ခင်ဗျ၊ ဒီလိုပါဗျာ ... ကျုပ်ညီမှာ ညဉ်တစ်ခုရှိတယ်ဗျ၊ မိန်းမချောချော လှလှကလေးတွေ ဆိုရင်တော့ ပိုးတော့တာပဲ၊ လက်နက်အားကိုးပြီး အနိုင်ကျင့် ယူတဲ့သဘော မရှိပါဘူး။ ဒီမိန်းမချောချောလှလှလေးတွေဟာ ဒုက္ခလာပေး တော့တာပါပဲ ခင်ဗျာ" ဟု အစချီကာ မိမိတို့ ညီအစ်ကိုနှစ်ယောက် ဖွဲ့စည်းခဲ့ သော ဂိုဏ်းကြီးအကြောင်းကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

ရခိုင်ရိုးမတောင်တန်းများကြား အလယ်ဗဟိုပေါ်တွင် အတည်တကျ စခန်းချတည်ဆောက်ထားသော ၎င်းတို့ဂိုဏ်း၏ အနီးပတ်ဝန်းကျင်၌ လူနေရွာ များရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ သက်ဆိုင်ရာ အာဏာပိုင် များထံသို့ဖြစ်စေ၊ ဂျပန်ကင်ပေတိုင်သို့ ဖြစ်စေ သွားရောက်သတင်းပေးပို့သူ မရှိချေ။ တစ်ခါတစ်ရံ တစ်ဖွဲ့နှင့် တစ်ဖွဲ့ တွေ့ဆုံပြီး တိုက်ကြသည့်အခါ ဦးစံရွှေ အောင်တို့က အရေးသာပြီးလျှင် ပုလိပ်အဖွဲ့မှာ အကျအဆုံး များစွာနှင့် ဆုတ် ခွာသွားခဲ့ဖူးလေသည်။ ဂျပန်စစ်တပ်ကလည်း စစ်တပ်ကို ရန်ပြုသော သူများ မဟုတ်ဘဲ ရွာသားများကိုသာ တိုက်ခိုက်သည့် ဂိုဏ်းဖြစ်သဖြင့် အရေးတကြီး လိုက်လံတိုက်ခိုက်ခြင်း မပြုခဲ့ပေ။ ယင်းအချက်သည်ပင် ဦးစံရွှေအောင်တို့ဖက်မှ တစ်ပန်းသာပြီး ဖြစ်လေသည်။

ထို့ပြင် ၎င်းတို့နေထိုင်သော နေရာမှာ တောတောင်သဘာဝအားဖြင့် ကောင်းခြင်း၊ ရန်သူတို့ လာမည့်လမ်းကို ကြိုတင်ခန့် မှန်းနိုင်သည့် နေရာများ၌ ကင်းပုန်းများ လျှို့ဝှက်စွာ ချထားနိုင်ခြင်းတို့ကြောင့်-

http://www.cherrythitsar.org



တစ်နေ့တွင် ညီအစ်ကိုနှစ်ယောက်တို့သည် တိုင်းပြည်အခြေအနေ ရအားဖြင့်လည်းကောင်း၊ မိမိတို့ရှေ့ရေးကို မျှော်တွေးသဖြင့်လည်းကောင်း တိုက်ခိုက်ရရှိပြီးသော အဖိုးတန်ပစ္စည်းများကို လုံခြုံသော တစ်နေရာတွင် လျှို့ ဝှက်ထားဖို့ရန် စီစဉ်လျက်ရှိကြ၏။ နေရာအမျိုးမျိုး ရွေးချယ်ပြီးနောက် နောက် ဆုံးတွင် 'ဆီးချိုင်'ခေါ် ရွာကလေးနှင့် နှစ်မိုင်ခန့်ဝေးသော ပင်လယ်ပြင်ရှိ ကျောက် တန်းကျောက်ဆောင်များကြားတွင် သွားရောက်မြုပ်နှံထားရန် သဘောတူကြ ၏။ ဤသို့ မြုပ်နှံပြီးနောက်မှ သူတို့အတွက် ဝေစုမှ ကျန်သော ပစ္စည်းများကို တပည့်တပန်းများအား ညီမျှစွာ ခွဲဝေပေးရန်နှင့် တဖြည်းဖြည်း လူစုခွဲပစ်ရန် သဘောတူကြလေသည်။

ထိုသို့ တစ်နေ့တွင် ညီအစ်ကိုနှစ်ယောက်တို့သည် သုံးသိန်းခန့်တန် သည့် စိန်ရွှေကျောက်သံ ပတ္တမြားများပါသော သေတ္တာတစ်လုံးကိုယူကာ ည၌ လူခြေတိတ်ချိန်၌ လှေကလေးတစ်စင်းဖြင့် ချောင်းပေါက်မှ ပင်လယ်ပြင်သို့ အရောက်ထွက်ခဲ့ကြလေ၏။

လှေကို လှော်ခတ်သွားပြီးနောက် မကြာမီပင် မိမိတို့နောက်မှ တစ်စုံ တစ်ယောက် နောက်ယောင်ခံ၍ လိုက်လာဘိသကဲ့သို့ စိတ်ထဲတွင် မသိုးမသန့် ဖြစ်ကာ နောက်သို့ပင် မကြာခဏ လှည့်ကြည့်မိကြ၏။ မကြာမီ နောက်မှ ခပ်မည်းမည်းအရာတစ်ခု တဖြည်းဖြည်း လိုက်လာသည်ကို မြင်ရသဖြင့် မိမိတို့ တွေးထင်သည့်အတိုင်း မှန်ချေပြီဟု ပင်လယ်ထွက်ပေါက် မရောက်မီ ညီအစ်ကို နှစ်ယောက်တို့သည် လှေကို ကမန်းကတန်း ကမ်းခြေသို့ ကပ်၍ခွဲတင်ပြီးလျှင် ကျောက်တုံးကြီး တစ်တုံးအောင်း၌ ပုန်းအောင်းနေလျက်ရှိကြကုန်၏။ ထိုအချိန်၌ နောက်မှ လိုက်လာသော လှေဖြတ်သွားသည်ကို မြင်ရပြီးလျှင် ထိုလှေပေါ်တွင် ကား မိမိတို့အဖွဲ့မှ လက်ထောက်ခေါင်းဆောင် လှဘော်နှင့် ငယ်သားသုံး ယောက်တို့ကိုပါ လက်နက်အပြည့်အစုံ တွေ့မြင်ကြရလေ၏။ ပင်လယ်ထွက် ပေါက်သို့ ထိုလှေထွက်သွားသောအခါ အခြားထူးဆန်းသော အခြင်းအရာကို တွေ့မြင်ရပြန်သဖြင့် ညီအစ်ကို နှစ်ယောက်တို့မှာ အံ့သြခြင်းမက အံ့သြကာ ငေးမောတွေဝေရင်း ကြည့်ရှုနေမိကြ၏။

ယင်းသည်ကား အခြားမဟုတ် ပင်လယ်ထွက်ပေါက်ဝတွင် အခြား လှေတစ်စင်း ဆိုက်ကပ်ထားလျက် ထိုလှေပေါ်၌ လူငါးယောက်ရှိပြီးလျှင် ထိုငါး ယောက်အနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသော သူနှင့် မိမိတို့ဂိုဏ်းမှ လက် ထောက်ခေါင်းဆောင်တို့ စကားပြောနေသည်ကို တွေ့မြင်ရပြီးလျှင် မှောင်ရိပ်မှ သူတို့ရှိရာသို့ တိုးသွားသဖြင့် စကားပြောသံကိုပင် အတိုင်းသားကြားနေရလေ သည်။

http://www.cherrythitsar.org



ဆရာလှဘော်က "ဒါထက် ခင်ဗျားတို့ဆီကို လှေတစ်စင်း ထွက် လာတာ မတွေ့လိုက်ဘူးလား ရွှေထွန်း"

ရွှေထွန်း က "ဟာ ... မတွေ့ပါကလား၊ လှဘော် ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးဗျာ"

"ကဲ ... ဒီတော့ ခင်ဗျားတို့ ပြောမယ့်ကိစ္စ ဆိုစမ်းပါဦး"

"ရွှေထွန်း" ဟု အခေါ်ခံရသူမှာ ဦးစံရွှေအောင်တို့ ညီအစ်ကို ဦးစီးသော ဂိုဏ်းနှင့် ဘက်ပြိုင်ဓားပြဂိုဏ်း တစ်ဂိုဏ်းဖြစ်ပြီးလျှင် ထိုဂိုဏ်းမှာ ဦးစံရွှေအောင်တို့လောက် လက်နက်အင်အား၊ လူအင်အား မရှိသော ဓားပြဂိုဏ်းတစ်ဂိုဏ်းဖြစ်၏။ မကြာခဏ ဦးစံရွှေအောင်တို့နှင့် တိုက်ခိုက်ခဲ့ဖူးသည့်ပြင် တိုက်ခိုက်ခဲ့တိုင်းလည်း ၎င်းတို့ဘက်၌ အရေးနိမ့်ခဲ့သည်သာ ဖြစ်၏။

ယခုကဲ့သို့ မိမိတို့လက်အောက်မှ ယုံကြည်အားထားခြင်းခံရသော လက်ထောင်ခေါင်းဆောင်၏ အပြုအမူကို မမျှော်လင့်ဘဲ ယခုကဲ့သို့ အမှတ်မထင်တွေ့ရသောအခါ စောလှဖြူမှာ ဦးစံရွှေအောင်ထက် ဒေါသထွက်ကာ လက်ထဲတွင် အသင့်ကိုင်ဆောင်ဆောင်ထားသည့် စက်သေနတ် အသေးစား ကလေးကို ဆွဲလိုက်ရန် ဟန်တပြင်ပြင် ရှိနေလေ၏။ သို့သော် ဦးစံရွှေအောင်က "ဟေ့ ... ညီလေး ဒေါသရှေ့ထားရင် မှားမပေါ့ကွယ်၊ သူတို့ဘာတွေ ပြောတယ်ဆိုတာ အစအဆုံး နားထောင်ဦးမှပေါ့ကွယ်၊ ဒါမှသာ တို့က သူတို့ကိုနိုင်အောင် ဉာဏ်ထုတ်နိုင်တော့မပေါ့ကွယ်" ဟု ပြောလိုက်သောအခါမှသာ စောလှဖြူမှာ အံကြိတ်ရင်း စက်သေနတ်ကို နံဘေးသို့ ချထားလိုက်လေသည်။ ဆရာ လှဘော်နှင့် ရန်သူဓားပြဂိုဏ်းဖက်မှ ရွှေထွန်းတို့သည်လည်း ဆက်လက် စကားပြောလျက် ရှိနေကြလေသည်။

ဆရာ လှဘော် က "ကျုပ်ပြောတဲ့ လဆန်း ၃ ရက်နေ့ညမှာ ခင်ဗျားတို့ တက်လာကြ၊ ကျုပ် တပည့်တစ်ယောက်က လမ်းပြလိမ့်မယ်"

ရွှေထွန်း က –

"ဒီလိုဆိုရင် စိတ်သာချပါဗျာ၊ ဒါထက် ခင်ဗျားတို့ ခေါင်းဆောင်ကြီးမှာ ရွှေတွေ တော်တော်များများ စုဆောင်းမိနေပြီ မဟုတ်လား"

"ဟာ ... အများကြီးပေါ့၊ ဒီညီအစ်ကိုက ကျုပ်တို့ကို တစ်ပတ်ရိုက်ဖို့ ကြံနေတာဗျ၊ ကျုပ်တို့ကို အခုအထိ ဝေစုခွဲမပေးသေးဘူး၊ ဒီတော့ ခင်ဗျားတို့ လည်း အကြံအောင်ရအောင် ကျုပ်တို့လည်း ဒီအဖွဲ့ကြီးမှာ ဆက်လက်ကြီးစိုးရ အောင် ခင်ဗျားတို့ ကူညီမှ ဖြစ်မှာပဲ"

"ခင်ဗျားတို့ ငယ်သားတွေကို ဆွဲဆောင်ပါလားဗျ။ ဘာဖြစ်လို့ ကျုပ် တို့ကို ခေါ်ရသလဲ ပြောစမ်းပါဦး"

http://www.cherrythitsar.org



"အကုန်လုံးက ကျုပ်ဘက်ပါတာ မဟုတ်ဘူး၊ ရွှေထွန်း ... ဒီကိစ္စက ပေါက်ကြားသွားရင်လည်း ဒုက္ခရောက်ကြမယ်။ ဒါကြောင့် ကျိတ်ပြီး ကြံစည် ရတာပဲ၊ ရတဲ့ရွှေတွေငွေတွေကို ကျုပ်တို့ အပိုင်သိမ်းယူမယ်။ သူတို့ ညီအစ်ကိုနှစ် ယောက်နဲ့ သူ့တပည့်တွေကို တစ်ခါတည်း နေရာတွင် ကိစ္စချောပစ်လိုက်မယ် ဗျာ၊ အဲဒီနေ့မှာသာ စိတ်ချပါရစေ"

"စိတ်ချပါဗျာ၊ ကျုပ်တို့ လာခဲ့ပါ့မယ်။ ဒါထက် တစ်ရက်ကြိုပြီးတော့ သာ ခင်ဗျားလူကို လွှတ်လိုက်ပါ"

"စိတ်သာချ၊ ကျုပ်တပည့် ငတိုးကို လွှတ်လိုက်မယ်"

"ဒါထက် ခင်ဗျားရဲ့ ဆရာတွေ လှေတစ်စင်းနဲ့ ဒီဘက်ထွက်လာပြီး ပျောက်သွားတယ်ဆိုတာ ဘယ်လိုသဘောလဲဗျ"

(စကားကို လှီးလွှဲလျက်) "ဟဲဟဲ ... သူတို့က ဒီကို ထွက်ချင်မှ ထွက်မှာပါဗျာ၊ ကျုပ်အထင်တော့ ဒီကိုမလာဘဲ တစ်ဘက်ကမ်းကို ကူးပြီး 'ကန်ချိုင်' ဘက်မှာရှိတဲ့ စောလှဖြူရဲ့ ရည်းစားဆီကို သွားတယ်လို့ ထင်တာပဲ"

"ဩော် ... သူ့မှာ ရည်းစားရှိသလား၊ ဒီလိုဆို သာပြီး လွယ်တာပေါ့၊ သူတို့ကို လမ်းက စောင့်ဖမ်းလိုက်ရုံပဲ မဟုတ်လား"

"သူတို့ကလည်း အပါးပဲဗျ။ သူတို့ထွက်သွားတာကို ဘယ်သူမှ အသိပေးတာ မဟုတ်ဘူး။ အခုလည်း ဖြုန်းခနဲ ထွက်သွားတာသာ တွေ့လိုက်ရ တယ်။ ဘယ်နေရာကို ထွက်သွားတယ်ဆိုတာ မပြောနိုင်ဘူး။ သိပ်ပြီးလည်တဲ့ ညီအစ်ကိုဗျာ၊ ကဲ ... ကဲ ... တာရှည်စကားပြောလို့ မဖြစ်ဘူး၊ ကျုပ်တို့လူစု မြန်မြန်လူချင်းခွဲရအောင် ... သစ္စာရှိပါစေဗျာ၊ ဒါထက် ဒီအရေးကိစ္စပြီးရင်တော့ ကျွန်တော်နဲ့ မဖြူလှဝင်းတို့ ကိစ္စလေးလည်း သိပါရစေ ရွှေထွန်းရယ်"

ရွှေထွန်းက လှဘော်၏ပခုံးကလေးကို ပုတ်လျက် –

"ဒီအတွက်တော့ စိတ်ချပါဗျာ၊ အေးဆေးတဲ့အခါကျတော့ ကျုပ် ကိုယ်တိုင် ကျုပ်နှမနဲ့ လက်ထပ်ပေးပါ့မယ်၊ ဟိုနေ့ ကျုပ်တို့လာတဲ့အခါလည်း ကျုပ်ကိုယ်တိုင် ခေါင်းဆောင်လုပ်လာမှာဗျ"

တစ်ခဏမျှကြာသောအခါ သူတို့သည် လူချင်းခွဲလိုက်ကြပြီးနောက် ရွှေထွန်းတို့ လှေသည် ပင်လယ်ပြင်ဘက်သို့ ထွက်ခွာသွားရာ လှဘော်နှင့် တပည့်သုံးယောက်တို့လည်း သူတို့စီးနင်းလာသော လှေကလေးပေါ်သို့ တက် ပြီးနောက် လာလမ်းအတိုင်း ပြန်သွားသည်ကို တွေ့မြင်ကြရလေ၏။

ဦးစံရွှေအောင် က –

"ဒီကောင်ဟာ ရွှေထွန်းနှမ လိုချင်တာနဲ့ တို့ကို သစ္စာဖောက်တာပဲ ညီလေး၊ အင်း ... တွေ့ကြဦးမှာပေါ့ကွာ"

http://www.cherrythitsar.org



စောလှဖြူ က –

"ကျွန်တော်တော့ ဒီကောင်တွေကို တစ်ခါတည်း ပစ်သတ်လိုက်ချင်တာပဲ အစ်ကိုကြီး"

ဦးစံရွှေအောင်က သူ့ညီ စောလှဖြူ၏ပခုံးကို ယုယစွာဖက်လျက်–

"ညီလေးက သိပ်ပြီး ဒေါသထွက်မြန်တာကိုးကွယ့်၊ ဒီကိစ္စကို အေးအေးဆေးဆေး လုပ်ရလိမ့်မယ်။ ခေါင်းအေးအေးနဲ့ ကြံလေလေ အောင်မြင်လာလေလေပေါ့ကွယ်၊ ဟော … အခုဆို သူတို့ အကြံအစည်အားလုံးကိုလည်း သိပြီ၊ ဟိုနေ့ရောက်တော့ သူတို့တစ်ဂိုဏ်းလုံးလည်း မိမှာပေါ့၊ ကဲ … ဘယ်လောက်ဟန်ကျသလဲ"

ထိုအခါမှ စောလှဖြူသည် ကောင်းစွာ သဘောပေါက်သွားသဖြင့် "ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော် နားလည်ပါပြီ" ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။

ထို့နောက် ညီအစ်ကိုနှစ်ယောက်တို့သည် စိန်ရွှေကျောက်သံပတ္တမြားစသည့် အဖိုးတန်ရတနာများ ထည့်ထားသော သေတ္တာကလေးကို ကျောက်တန်းတွင် ရေပေါ်သို့ ထိုးထွက်လျက်ရှိသော ကျောက်ဆောင်လေးခုအနက် တတိယကျောက်ဆောင်၏ သုံးပုံနှစ်ပုံခန့်လောက်တွင် အပေါက်တစ်ခုကို တွေ့ရသည်နှင့် လှေကို ထိုနေရာသို့ရောက်အောင် လှော်ခတ်သွားပြီးနောက် ထိုအပေါက်အတွင်းရှိ လိုဏ်ခေါင်းကလေးတစ်ခုအတွင်းသို့ သေတ္တာကလေးကို ထိုးသွင်းပြီးလျှင် အတွင်းဘက်မှ ကျောက်တက်တစ်ခုတွင် သေတ္တာအဖုံးမှ သံကြိုးအဖျားနှင့် မြဲမြံစွာ ရစ်ပတ်ချည်နှောင်ထားလိုက်၏။

ထို့နောက် ဦးစံရွှေအောင်သည် ကျောင်တုံး၊ ကျောက်ခဲများ ပေါများလှသော ကမ်းခြေသို့ လှော်ခတ်သွားပြီးလျှင် လိုဏ်ခေါင်းဝနှင့် တော်လောက်သည့် ကျောက်တုံးတစ်တုံးကို ရွေးချယ်ကာ အလယ်တွင် မြင်နိုင်လောက်အောင် ကြက်ခြေခတ် အမှတ်အသားတစ်ခု ပြုလုပ်ပြီးနောက် ထိုကျောက်တုံးဖြင့် လိုဏ်ဂူအဝကို အံကျပိတ်လိုက်လေသည်။ ထိုအချိန်မှာ နေဝင်ချိန်ဖြစ်၍ အနောက်ဘက် ပင်လယ်ပြင်တွင် နစ်မြုပ်သွားသည့် နောက်ဆုံး ရောင်ခြည်တန်းများသည် ယင်းကျောက်တုံးကလေးမှ ကြက်ခြေခတ် အမှတ်အသားသို့ တည့်တည့်ကြီး ကျရောက်သည်နှင့် တစ်ပြိုင်နက် နေလုံးပျောက်သွားသည်ဟု ဦးစံရွှေအောင် သတိပြုမိ၏။ ထို့နောက် ညီအစ်ကိုနှစ်ယောက်တို့လည်း မိမိတို့ ညီအစ်ကိုမျက်နှာစုံညီ ဆုံဆည်းမှသာလျှင် ဤပစ္စည်းကို ယူပါမည်ဟု သစ္စာ အဓိဋ္ဌာန်ပြုကြလေသည်။

*

http://www.cherrythitsar.org


လှဘော်၏ အကြံအစည်အတိုင်း လှျို့ဝှက်လုပ်ကြံမှုကြီး ဖြစ်ပွားမည့် လဆန်း ၃ ရက်နေ့ ညဥ့်ဦးယံမှ အထူးသာယာကြည်နူးဖွယ်ကောင်းသော ည ဖြစ်၍ တောင်ရိုးများပေါ်သို့ ကျော်ထွက်ကာ ကြည်လင်သော ကောင်းကင်ယံမှ မပေါ်တပေါ်တွင် ထွက်ပြူလာသည့် သုံးရက်လကလေးသည် ခပ်ကွေးကွေး ရှိနေသော လေးကိုင်းသဏ္ဍာန်ကဲ့သို့ ရှိနေ၏။

ထိုနေ့ည နေမဝင်မီ ကြက်သားဟင်းများဖြင့် ညစာစားသောက်ကြ၍ ဟင်းထဲတွင်လည်း ဆေးခြောက်များ ထည့်ထားသောကြောင့် ပို၍ မူးယစ်တော့၏။ ညစာမစားမီ အရက်များ ဝိုင်း၍ သောက်ကြလေရာ အရက်ခွက်များကို တစ်ခါတစ်ရံ ဦးစံရွှေအောင်နှင့် စောလှဖြူတို့ကိုယ်တိုင် လက်ထောက်ခေါင်းဆောင်များနှင့် တပည့်များသို့ လက်ဆင့်ကမ်း၍ ပျော်ရွှင်စွာ သောက်ကြကုန်၏။ အတန်ငယ် မူးလာကြသောအခါ ဦးစံရွှေအောင် ကိုယ်တိုင် တစ်ကြိမ်နှစ် ကြိမ်မျှ လှဘော်၏ လည်ပင်းကို ဖက်ပြီးလျှင် စကားရော ဖောရောနှင့် ရယ်မောပြောဆိုလျက်ရှိရာ လှဘော်မှာ တစ်ခါတစ်ရံတွင် ဂနာမငြိမ်သကဲ့သို့ ရှိသည်ကို တွေ့ရှိ၏။ သို့သော် လှဘော်မှာ ဦးစံရွှေအောင်တို့က ကြိုတင်ကြံစည်ထားသော အကြံအစည်ကို မရိပ်မိရှာချေ။

ထမင်းစားပြီးကြသည်နှင့် တစ်ပြိုင်နက် အရက်အနည်းငယ်ကာ သောက်၍ ကြက်သားဟင်းကို လုံးဝမစားသော ဦးစံရွှေအောင်၏ လူယုံတပည့် သုံးဆယ်တို့က လှဘော်နှင့်တကွ သူ၏ဘက်တော်သားများကို တစ်ပြိုင်တည်း ဖမ်းဆီးချုပ်နှောင်ထားလိုက်ကြ၏။ ထို့နောက် သစ္စာဖောက်များနှင့် ရန်သူများအား ချုပ်နှောင်သုတ်သင်ရာ တောစပ်ရှိ သစ်လုံးအိမ်ကြီးအတွင်းတွင် ချုပ်နှောင် ထားလိုက်ကြ၏။

ထိုနေ့ည ချိန်းဆိုထားသည့် ၈း၃၀ နာရီအချိန်သို့ ရောက်သောအခါ ရွှေထွန်းနှင့် သူ၏နှမပျိုတို့ ခေါင်းဆောင်ဦးစီးသော စားပြဂိုဏ်းသည် တောင်ပေါ်သို့ လှျို့ဝှက်စွာ တက်ရောက်လာကြ၏။ သို့သော် 'သမင်လည်ပြန်' ဟု ခေါ်တွင်သော လူဆယ်ယောက်ကို တစ်ယောက်တည်းက ခုခံနိုင်သည့် တစ်လမ်းတည်းသာရှိသော တောင်ကြားကွေ့သို့ ရောက်သောအခါ ဦးစံရွှေအောင်၏ လူများက အလစ်တွင် တစ်ခါတည်း အုပ်၍ ဖမ်းဆီးလိုက်လေသည်။ ရွှေထွန်း၏ နှမချော မဖြူလှဝင်းကိုလည်း ပိုးဘောင်းဘီအပြာဝတ်ထားသော ယောကျ်ားတစ်ယောက်အသွင်ဖြင့် ဖမ်းဆီးရရှိလေသည်။

ဦးစံရွှေအောင်သည် ရွှေထွန်းနှင့်တကွ ၎င်း၏တပည့်များအား အချုပ်ခန်းသို့ သွင်းပြီးနောက် ရွှေထွန်းအား လှဘော်၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြရင်း၊ "ဘယ့်နှယ်လဲဗျ ကိုရွှေထွန်း၊ ခင်ဗျား မိတ်ဆွေကြီးဖြစ်ပျက်နေ

http://www.cherrythitsar.org



ပုံလဲ ကြည့်စမ်းပါဦး”ဟု လှောင်ပြောင်ပြောလိုက်ရာ ရွှေထွန်းသည် တောက် တစ်ချက်ခေါက်ကာ လှဘော်၏ မျက်နှာကိုကြည့်ရင်း ‘ခွေးမသား’ဟု တစ်ခွန်းဆဲရေးလိုက်၏။

ထို့နောက် ဦးစံရွှေအောင်ဘက်သို့ လှည့်ပြီးလျှင် “ကဲ ... ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်ချင်သလဲ၊ သတ်ချင်သလား၊ သတ်ချင်လည်း အချိန်မရွေး အသေခံဖို့ အဆင်သင့်ပဲ၊ ခင်ဗျားတို့ လက်ထဲရောက်နေမှကိုးဗျ” ဟု ရဲတင်းစွာ ပြောလိုက်လေသည်။

ထိုအချိန်၌ စောလှဖြူသည် ယောက်ျားတစ်ယောက်ကဲ့သို့ ဝတ်ထားသော မဖြူလှဝင်း၏ ကျော့ရှင်းလှပသော မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ သဘောကျလျက် တပြုံးပြုံးရှိလေ၏။ မဖြူလှဝင်းကလည်း ယောက်ျားပီသ၍ ခန့်ချောချောသော စောလှဖြူအား မိမိအပေါ်တွင် မေတ္တာရှိနေသည်ကို ရိပ်မိသည့်အတိုင်း တစ်ကြိမ်နှစ်ကြိမ်မျှ မျက်လုံးချင်းဆိုင်မိကာ ပြုံးလိုက်လေသည်။

သို့သော် မဖြူလှဝင်းက သဘောကျသကဲ့သို့ ပြုံးလိုက်ခြင်းမှာ ဤ ကဲ့သို့ ပရိယာယ်လုပ်သော် မိမိတို့ လွတ်မြောက်ရေးအတွက် လမ်းစပေါ်မည့် အကြောင်းကို တစ်ထစ်ချသိရှိခြင်းကြောင့် ဖြစ်လေသည်။

ရွှေထွန်းအား အချုပ်ခန်းအတွင်းသို့ သွင်းမိသောအခါ ရွှေထွန်းမှာ အလွန်ခက်ထန်၍ စိတ်မြန်သူတစ်ယောက်ဖြစ်သည့်အတိုင်း လှဘော်ကြောင့် သာ ယခုကဲ့သို့ မိမိအဖမ်းခံရခြင်းဖြစ်သည်ဟု စိတ်နာလှသဖြင့် လှဘော် ရှိရာ သို့ ပြေးသွားပြီးလျှင် ၎င်း၏လည်ပင်းကို အတင်းဝင်ရောက် ဖျစ်ညှစ်လေတော့ ရာ ဦးစံရွှေအောင်၏ လူများက မနည်းပင်ကြိုးစား၍ လူချင်းခွဲလိုက်ရ၏။

ထိုည၌ သန်းခေါင်ကျော်လောက်၌ စောလှဖြူသည် မဖြူလှဝင်းအား အချုပ်တွင်းမှ ထုတ်၍ မိမိ၏မေတ္တာကို အစွမ်းကုန်ဖော်ထုတ် ဖွင့်လှစ်ပြောလေ ရာ မဖြူလှဝင်းကမူ သူ၏အစ်ကိုနှင့် ငယ်သားများအား ပြန်၍လွှတ်က လက် ထပ်ပါမည်ဟု နောက်ဆုံးကတိပြုလိုက်၏။

စောလှဖြူမှာ ဤအကြောင်းကို အစ်ကိုဖြစ်သူနှင့် တိုင်ပင်ရလေရာ ဦးစံရွှေအောင် ကိုယ်တိုင်ကလည်း လူအများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ရမည်ထက် အသက်အရွယ်လည်း အတော်ကြီးရင့်လာကြပြီဖြစ်သဖြင့် ငြိမ်းချမ်းရေးကို လိုလားကာ မိမိတို့ရှေ့ရေးကို မျှော်တွေးဆင်ခြင်လျက် ရှိလေသည်။ သို့နှင့် တစ်နာရီခန့်မျှ ညီအစ်ကိုနှစ်ယောက်တို့ နှီးနှောတိုင်ပင်ကြပြီး နောက် ‘ရန်မလိုမှ ရန်ပြိုမည်’ ဟူသော စကားအတိုင်း ရွှေထွန်းနှင့် နားလည်မှု ယူကာ စေ့စပ်ရေးလုပ်ခဲ့လေသည်။

ဦးစံလှအောင် က –

http://www.cherrythitsar.org



"ကျုပ် ခင်ဗျားတို့ကို မသတ်ချင်ပါဘူးဗျာ၊ ခင်ဗျားတို့နဲ့ ကျုပ်တို့ဟာ အလုပ်တူ၊ ဘဝတူတွေမို့ ကျား ကျား ချင်း အသားမစားကောင်းသလို နယ်ချင်း လည်း လုဖို့ မသင့်ဘူး။ ဒါကြောင့် ခင်ဗျားတို့ကို ပြန်လွှတ်မယ်ဗျာ၊ ဒါပေမဲ့ ကျုပ်ညီဟာ ခင်ဗျားတို့ရဲ့နှမကို အခု မေတ္တာရှိနေကြတော့ ကျုပ်တို့နှစ် ဂိုဏ်းဟာ ဒီပင်လယ်တစ်ဝိုက်မှာ ပူးပေါင်းတိုက်ခိုက်ကြရင် ဘယ်လို ရန်သူမျိုး ခံနိုင်မှာလဲ ဗျ၊ ကျုပ် ပြောတာ မဟုတ်ဘူးလား"

ရွှေထွန်း က –

"အင်း ... ခင်ဗျား အကြံ မဆိုးပါဘူး။ ဒါပေမဲ့ ကျုပ်ညီမ က ခင်ဗျားရဲ့ ညီကို ကြိုက်မကြိုက်တော့ ကျုပ် မသိရသေးဘူး၊ တကယ်လို့ သူတို့ သူငယ် ချင်းဟာ မေတ္တာရှိကြတယ်ဆိုရင်တော့ ကျုပ် မကန့်ကွက်ပါဘူး။ သို့သော် အဟမ်း ... အခုအနေတော့ ကျုပ်ညီမကို ပြန်ခေါ်သွားဖို့ အခွင့်ပြုရ လိမ့်မယ်"

ဤသို့ လူကြီးချင်း ငြိမ်းချမ်းရေး၌လည်းကောင်း၊ အချစ်ရေး၌ လည်း ကောင်း ပြောဆိုစေ့စပ်ကြပြီးနောက် စောလှဖြူနှင့် မဖြူလှဝင်း တို့မှာ အကယ် ပင် ချစ်ကြိုက်နေကြသည်ဖြစ်ကြောင်း ရွှေထွန်း တွေ့ရှိရတော့၏။ မဖြူလှဝင်း မှာ ပထမတွင် မိမိတို့ လွတ်မြောက်ရေးအတွက် ပရိယာယ်ကို သုံးကာ ဟန် ဆောင်မှု ချစ်ခဲ့သည် မှန်သော်လည်း နောက်ဆုံးတွင် ရုပ်ချော၍ သဘော ကောင်းသော စောလှဖြူအား မေတ္တာစစ်မေတ္တာမှန်ဖြင့် ချစ်ခင်လျက် ရှိနေလေ ပြီ။ ဤသို့ဖြင့် လက်ထပ်ပေးမည့် ရက်ချိန်းကိုပင် သတ်မှတ်ကြပြီးနောက် ရွှေထွန်းတို့လူစုအား လွှတ်လိုက်ကာ အပြန်တွင် ဦးစံရွှေအောင်နှင့် စောလှဖြူ တို့ကိုယ်တိုင် လှေဆိပ်အထိ လိုက်၍ပို့လေသည်။

*

လူနာ အကျဉ်းသားကြီး ဦးစံရွှေအောင်သည် ဂျပန်ခေတ်က ဖြစ်ပျက် သည့် မိမိအဖြစ်အပျက်များကို ဦးဘိုးထော်အား ပြန်ပြောင်းပြောဆိုလျက်ရှိစဉ် ဤနေရာသို့ရောက်သည်နှင့်တစ်ပြိုင်နက် "ဟိုမှာ ... ဟိုကောင် ကျုပ်တို့ပြောနေ တဲ့စကား ကြားသွားပြီ ထင်တယ်။ ခွေးမသား လှဘော်၊ လှဘော်" ဟု မလှမ်း မကမ်းတွင် ခပ်သုတ်သုတ် ထွက်သွားသော အကျဉ်းသားတစ်ယောက်အား လက်ညှိုးထိုးပြကာ ရုတ်တရက် အော်ဟစ်လိုက်လေ၏။ ဦးဘိုးထော်ကလည်း မြင်လိုက်သဖြင့် ထိုသူ၏နောက်သို့ ချက်ချင်း ထ၍လိုက်ရာ အကျဉ်းသားမှာ ထောင်ဆေးရုံ၏ ခပ်နိမ့်နိမ့် အုတ်နံရံကို ကျော်ဆင်းကာ တစ်ဖက်အိပ်ထောင် အတွင်းသို့ ခုန်ဆင်းသွားပြီးနောက် အခြား အကျဉ်းသားများနှင့် ရောနှောကာ ပျောက်ကွယ်သွားလေ၏။

ဦးဘိုးထော်သည် ဦးစံရွှေအောင်၏ ကုတင်ရှိရာသို့ ပြန်လာခဲ့ပြီး နောက် အကျိုးအကြောင်း ပြောပြပြီးလျှင် "နေပါဦး ဦးစံရွှေအောင်ရဲ့၊ လှဘော် ဆိုတဲ့ အကောင် ဒီအထဲရောက်နေသလား"

"ဟုတ်တယ် ဦးဘိုးထော်၊ ဒီကောင်က လူရိုက်မှုနဲ့ ကျလာပြီး အခု လွတ်ခါတောင်နီးပြီလား မပြောတတ်ဘူး။ သူက အခုထက်ထိ ကျုပ်ကို မတွေ့ တွေ့အောင် ရှာပြီး လိုက်နေတာဗျ။ ကျုပ်တို့ လျှို့ဝှက်ထားတဲ့ ပစ္စည်းထားတဲ့ နေရာကိုမေးပြီး တစ်နေ့ ကျုပ်ကို သတ်မှာပဲတောင် သူက ကြိမ်းမောင်းနေတယ်။ ကျုပ်လည်း သူ့အသတ်မခံပါဘူးဗျာ။ ကျုပ် ရောဂါနဲ့ကျုပ် သေမှာပါ"

"ဒါထက် ဟိုတုန်းက ဒီအကောင်ကို လွှတ်ပစ်လိုက်လို့ လွတ်သွား သလား"

"မဟုတ်ပါဘူးဗျာ၊ သူတပည့်တစ်ယောက် အစောင့်ကျနေတုန်း ဖွင့် လွှတ်ပြီး သူတို့နှစ်ယောက်စလုံး ထွက်ပြေးကြတယ်"

"ဒါထက် ခင်ဗျား ညီအကြောင်းကကော"

"သူက ရွှေထွန်းနဲ့ နှမဆီကို လက်မထပ်ခင်ဘဲ မကြာမကြာသွားပြီး လူပျိုလှည့်တော့ တစ်နေ့ ဆေးသင့်တာပေါ့ဗျာ၊ ညတစ်ည မှုးပြီး လူပျိုလှည့်ရာ က အပြန် မဖြူလှဝင်းကို နောက်ပိုးနေတဲ့ အကောင်တစ်ကောင်က လမ်းက ချောင်းပြီး ပစ်သတ်လိုက်တယ်။ ဒီအထဲမှာ ကောင်မလေးအစ်ကို ရွှေထွန်းရဲ့ လက်ချက်လည်း ပါတယ်ဗျ၊ အမှန်တော့ သူက အပြင်မှာသာ ဟန်ဆောင်နေ တယ် စိတ်ထဲက သူ့ညီမနဲ့ သဘောမတူဘူး။ စစ်ကြီးပြီးလို့ တိုင်းပြည်အေး ချမ်းတဲ့ အချိန်ရောက်တော့ ရွှေထွန်းကို ကျုပ် ပုသိမ်ဘက်အသွားမှာ တွေ့ရပြီး ကျုပ်က သေနတ်နဲ့ ပစ်သတ်လိုက်မိတယ်။ ဒါပေမဲ့ ကျုပ်က ဂုဏ်သရေရှိ စပါးကုန်သည် အနေနဲ့တော့ မတော်တဆ သေနတ်ကျည်ဆန် ထွက်သွားတယ် လို့ အမှုကိုဆင်ခဲ့တယ်။ ငွေလည်း အတော်ကုန်ခဲ့တယ်ပေါ့ဗျာ၊ ဒါပေမဲ့ဗျို့ ကျုပ် ကုသိုလ်ကံ ဆိုးချင်တော့ ရခိုင်က ရာဇဝတ်ဝန်ကြီး ပြောင်းလာတာနဲ့ကြုံပြီး ဒီရာဇဝတ်ဝန်ကြီးက ကျုပ်ဟာ အရင်က နာမည်ကြီး ဓားပြခေါင်းဆောင် တစ် ယောက်ဆိုတာ သိလေတော့ ကျုပ်အမှုတွေဟာ တစ်စတစ်စ ပေါ်လာပြီး အခု အင်းစိန်ထောင်ထဲ တစ်သက်တစ်ကျွန်းဒဏ်နဲ့ ရောက်ခဲ့တာပါပဲ ဦးဘိုးထော်ရဲ့"

"ဒီလိုဆိုရင် လှဘော်ကိုလည်း ဆွဲထည့်ပါလားဗျ"

"နေပါစေတော့ဗျာ၊ ကျုပ်ဘဝနဲ့ ကျုပ်ရှိပါစေတော့ အခုမှတော့ ဘယ် သူ့မှ ဒုက္ခမပေးချင်တော့ပါဘူး။ ဒီအကောင်လည်း ခင်ဗျား သိမှာ မဟုတ်ဘူး၊ အကောင်က ထောင်ထဲမှာတောင် နာမည်အမျိုးမျိုးပြောင်း၊ အလုပ်အမျိုးမျိုး ပြောင်း၊ ရုပ်အမျိုးမျိုးပြောင်းနေတာဗျ"

http://www.cherrythitsar.org


သို့ပြောရင်းကပင် ဦးစံရွှေအောင်သည် ဦးဘိုးထော်၏လက်ကို ယုယစွာ ဆုပ်ကိုင်လျက် "ဒီမယ် ဦးဘိုးထော်၊ ခင်ဗျားကို ကျုပ် တစ်ခု အကူအညီ တောင်းချင်တယ်ဗျာ၊ ခင်ဗျားရဲ့ ဂုဏ်သိက္ခာနဲ့ ခင်ဗျားရဲ့ သီလသမာဓိကို ကျုပ် ယုံကြည်တယ်" ဟု ပြောလိုက်လေ၏။

"ဘယ်လို အကူအညီများလည်းဗျာ၊ ကျုပ် တတ်နိုင်တဲ့ အလုပ်မျိုး ဆိုရင် ကူညီနိုင်ပါတယ်"

"ခင်ဗျား မကူညီနိုင်စရာ အကြောင်းလည်း မရှိပါဘူး။ ဒါထက် ခင်ဗျား ဘယ်တော့လောက် လွတ်မလဲ"

"နောက် နှစ်လလောက်များ လိုဦးမလား မပြောတတ်ဘူး"

"ကျုပ်အကြံက ခင်ဗျားလည်း အကျိုးရှိ၊ ကျုပ်မိန်းမနဲ့ ကလေးလည်း အကျိုး ရှိပေါ့ဗျာ၊ ကျုပ်မိန်းမဟာ သားတစ်ယောက်နဲ့ 'ကန်ချိုင်' ဆိုတဲ့ ရွာကလေးမှာ အတော်ကသီလင်တ ဖြစ်နေတယ်ဗျ၊ သူက တခြားလူ မဟုတ်ဘူး၊ ကျုပ်ညီရဲ့ ရည်းစား မဖြူလှဝင်းပေါ့ ဦးဘိုးထော်ရဲ့၊ ကျုပ်ညီ မရှိတဲ့နောက် ကျုပ်နဲ့ အိမ်ထောင်ကျတယ်။ ဒါနဲ့ စောစောပိုင်းက ကျုပ်ပြောတဲ့အတိုင်း ကျုပ် တို့ညီအစ်ကိုရဲ့ ပစ္စည်းတွေ လှို့ဝှက်ထားတဲ့နေရာဟာ အခုထက်ထိရှိတယ်။ ဒီနေရာကတော့ ကုန်းတစ်တန်၊ လှေတစ်တန်သွားပြီး နောက်ဆုံး ကျောက်တန်းတွေက ကျောက်ဆောင်တွေကို တစ်ခုပြီးတစ်ခု ကျော်သွားရတယ်၊ အချို့နေရာမှာ ကျောက်ဆောင်တစ်ခုနဲ့တစ်ခုကြား ဒီရေတက်တဲ့အချိန်ဆိုရင် ရေကူးတောင် သွားရတယ်။ အဲဒီနေရာကို အလွယ်တကူ သွားနိုင်ဖို့ အညွှန်းနဲ့တကွ မြေပုံလုပ်ပြီး ကျုပ် ထားတယ်။ ဒီမြေပုံကို ကျုပ်ပေးလိုက်မယ်၊ ဒီတော့ ခင်ဗျား ထောင်က လွတ်ရင် လွတ်ချင်း ကျုပ်မြေပုံ အညွှန်းအတိုင်း သွားပေတော့။ ဟိုရောက်လို့ ပစ္စည်းတွေရတဲ့အခါ ခင်ဗျားက တစ်ဝက်ယူပြီး ကျုပ်မိန်းမနဲ့ သားကလေးကို တစ်ဝက်ပေးလိုက်ပါဗျာ"

ဦးစံရွှေအောင်သည် ဦးဘိုးထော်၏ လက်မောင်းများကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး မျက်ရည်စက်လက်ဖြင့် ပြောရှာလေသည်။

"စိတ်ချပါမိတ်ဆွေ၊ အညွှန်းမြေပုံသာပေးပါ၊ ဒီနေရာကို ကျုပ် မရောက်ရောက်အောင် သွားပါ့မယ်၊ ပစ္စည်းတွေရရင်လဲ ကျုပ် တစ်ဝက်မယူချင်ပါဘူး၊ ဒီအထဲက ကျုပ်နည်းနည်းပါးပါးစားလောက်ရုံရရင် တော်ပါပြီ"

"ကျေးဇူးတင်လိုက်တာ ဦးဘိုးထော်၊ ကျုပ်တော် သေပျော်ပါပြီဗျာ၊ အင်း ... အခုမှပဲ ဘာမှ သံယောဇဉ်မရှိဘဲနဲ့ အသက်ထွက်တဲ့အခါ ဖြောင့်ဖြောင့် ထွက်နိုင်တော့မယ်၊ သာဓုဗျာ ... သာဓု ... သာဓု၊ ချောချောမောမော အောင်မြင်ပါစေဗျာ"

http://www.cherrythitsar.org



ထို့နောက် ဦးစံရွှေအောင်လည်း သူ၏ခေါင်းအုံးထဲတွင် ကျစ်လျစ်စွာ လိပ်၍ထိုးထည့်ထားသော ဖယောင်းစက္ကူပေါ်တွင် ရေးထားသည့် မြေပုံလိပ်ကလေးကို ဦးဘိုးထော်လက်သို့ ပေးအပ်လိုက်လေ၏။

*

နောက် သုံးလခန့်ကြာလတ်သော် ကြည်လင်သာယာသောနေ့ တစ်နေ့တွင် ပုသိမ်နှင့် ငပုတော ပြင်ခရိုင်သို့ ခုတ်မောင်းလျက်ရှိသော ဧရာဝတီ နှစ်ထပ်သင်္ဘောကလေးတစ်စင်းပေါ်တွင် လွယ်အိတ်ခပ်ဟောင်းဟောင်းတစ်လုံးကို လွယ်လျက် ဦးခေါင်းတွင် မျက်နှာသုတ်ပဝါတစ်ထည် ပတ်ထားသော အသက် ၅၀ ကျော်ခန့်ရှိ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခွန်အားဗလ ကောင်းသော လူကြီးတစ်ယောက်သည် အသက် ၄၀ ခန့်ရှိ ရှမ်းဘောင်းဘီ ဝတ်ထားသော ၎င်း၏တပည့်တစ်ယောက်နှင့်အတူ စကားပြောရင်း လိုက်ပါလာကြလေ၏။ ၎င်းတို့မှာ ဦးဘိုးထော်နှင့် ၎င်း၏တပည့် ထွန်းဝဆိုသူတို့ပင် ဖြစ်လေသည်။ ဦးဘိုးထော်မှာ အင်းစိန်ထောင်မှ လွတ်မြောက်ခဲ့ပြီးနောက် ဦးစံ ရွှေအောင်ထံမှ ၎င်း၏ပစ္စည်းများ သိုဝှက်မြှုပ်နှံထားရာ ရတနာသိုက် အညွှန်းနေရာကို ရရှိခဲ့ပြီးဖြစ်ရာ ထိုမြေပုံအတိုင်း တပည့်လူယုံတစ်ယောက်ကို ခေါ်၍ လိုက်လာခဲ့ခြင်းဖြစ်၏။

တပည့်ထွန်းဝဆိုသူမှာ အင်းစိန်ထောင်သို့ ဦးဘိုးထော် ရောက်ပြီးနောက် တစ်နှစ်ခန့် အကြာတွင် အကျဉ်းသားလူသစ် (ထောင်အခေါ်ကတုံး) တစ်ယောက်အဖြစ်ဖြင့် ရောက်လာခဲ့သူဖြစ်၏။ ရတနာသုံးပါးကိုလည်း ရိုသေ ကိုင်းရှိုင်းသူတစ်ယောက် ဖြစ်ပြီးလျှင် ဦးဘိုးထော် ခိုင်းစေသည်များကို ကြိုးကြိုး နွံနွံ လုပ်ကိုင်ဆောင်ရွက်ပေးခြင်း၊ ညဥ့်အိပ်ချိန်များတွင် ဦးဘိုးထော်အား နင်းနှိပ် ပေးခြင်းတို့ကြောင့် ဦးဘိုးထော်၏ ယုံကြည်ကိုးစားခြင်း ခံရသော တပည့်တစ် ယောက် ဖြစ်လေသည်။ ထို့ကြောင့်လည်း ဦးစံရွှေအောင်၏ ရတနာသိုက်ကို ရှာဖွေရန် သွားရောက်မည့်ခရီး၌ မိမိနှင့်အတူ ခေါ်ခဲ့ခြင်းဖြစ်လေသည်။ ထွန်းဝ မှာ ထောင်ဒဏ်လေးလသာ ကျခံရ၍ ဦးဘိုးထော် ထောင်မှလွတ်သည့်အချိန် ၌လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် တစ်ယောက်နှင့်တစ်ယောက် တစ်ရက်မျှသာ ကွာခြား၍ လွတ်ခဲ့ကြလေသည်။

ဤသို့ဖြင့်လည်း ဦးဘိုးထော်သည် တပည့်ဖြစ်သူ ထွန်းဝအား မိမိ၏ အကြံအစည်နှင့် ခရီးစဉ်ကို ထုတ်ဖော်ပြောဆိုပြီးလျှင် ချက်ချင်းထွက်ခဲ့၍ ပုသိမ် မြို့သို့ ရောက်သောအခါမှ လမ်းတွင်လိုအပ်သည့် ပစ္စည်းအနည်းငယ်ကို ဝယ် ခြမ်းပြီးလျှင် ယင်းသင်္ဘောကလေးဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်၏။

http://www.cherrythitsar.org



ပြင်ပခရိုင်သို့ ရောက်သောအခါ ရိုးမတောင်ခြေ၏ တောင်များဖြစ်သော 'ခမောက်မော်' ရွာသို့ သွားသည့် မော်တော်တစ်စင်းဖြင့် ဆက်လက်လိုက်ပါလာခဲ့ကြ၏။ ထို 'ခမောက်မော်' ရွာမှ တစ်ဆင့် ဦးစံရွှေအောင်၏ ဇနီးရှိသော 'ကံချိုင်' ရွာသို့ ပြန်လာခဲ့ပြီးနောက် စုံစမ်းရာ အခန့်သင့်ပင် မဖြူလှဝင်းအား တွေ့ရ၏။ မဖြူလှဝင်းမှာ ရခိုင်အမျိုးသမီး မိန်းမချောတစ်ယောက်ဖြစ်၍ သားကလေးပင် လူပျိုပေါက်နီးနီးဖြစ်၍နေချေပြီ။ သားအမိနှစ်ယောက်တို့မှာ ဓနိခုတ်ခြင်း၊ ဓနိရက်ခြင်း၊ ငါးပိအငှားလိုက်၍ ထောင်းခြင်းစသည့် အလုပ်တို့ဖြင့် ဆင်းရဲစွာ လုပ်ကိုင်စားသောက် အသက်မွေးမြူနေထိုင်ကြရသည်ကို တွေ့ရလေသည်။

ဦးဘိုးထော်သည် ထိုရွာတွင် နှစ်ညအိပ်၍ မဖြူလှဝင်းအား မိမိလာရင်း အကျိုးအကြောင်းကို လျှို့ဝှက်စွာ ပြောခဲ့ပြီးနောက် နောက်တစ်နေ့နံနက် စောစောတွင် ထိုရွာမှ ထွက်ခဲ့၏။ ရခိုင်ရိုးမတောင်ပေါ်လာအတိုင်း မြေပုံတွင် ပါရှိသည့် ဖြတ်လမ်းဖြင့် 'ဆီးချိုင်' ရွာသို့လာခဲ့ရာ ညနေ ၃ နာရီလောက်တွင်မှ ရွာအနီးသို့ ရောက်လာခဲ့၏။ တစ်နေကုန်လာခဲ့ရသော ခရီးဖြစ်သဖြင့် ခြေကုန် လက်ပန်းကျကာ ခေတ္တမျှ အပန်းဖြေနားနေရန် ချုံကြီးတစ်ချုံ၏ အရိပ်တွင် ထိုင်နေကြလေ၏။

ဦးဘိုးထော်က မြက်ခြောက်များပေါ်တွင် လှဲကာ လွယ်အိတ်ကို ခေါင်းအုံးလိုက်ပြီးနောက် –

"မောင်ထွန်းရေ ... ဆရာတော့ ခဏ တစ်ရေးလောက် မှေးလိုက်ဦးမယ်ကွယ်၊ လူသွားလူလာကြည့်ပြီး ဆရာ့ကို နှိုးပေးတော့၊ အချိန်လည်း လိုပါ သေးတယ်"

"ဟုတ်ကဲ့ဆရာ ... စိတ်ချပါ"

ဦးဘိုးထော်သည် အိပ်ရာပေါ်သို့ ခေါင်းချပြီးနောက် နှစ်မိနစ်အတွင်းမှာပင် နှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့လေသည်။ အချိန်မည်မျှကြာသွားသည် မသိ၊ မိမိ ဦးခေါင်းကို လူတစ်ယောက် တအားလွှဲ၍ ရိုက်လိုက်သည်ဟု အိပ်မက်ထဲတွင် မြင်လိုက်ရသကဲ့သို့ ဒုန်းခနဲ အသံတစ်ခုကိုပင် နားထဲတွင် ကြားလိုက်ရ၏။ ဦးခေါင်းတစ်ခုလုံးမှာလည်း အလွန်နာကျင်ကာ မိုက်ခနဲ ဖြစ်၍သွား၏။

သို့နှင့် အိပ်ရာမှ ကမူးရှူးထိုးထရန် ကြိုးစားလိုက်၏။ သို့သော် မိမိမှာ နောက်ကျခဲ့ပေပြီ။ ထွန်းဝသည် မိမိ၏ရင်ပတ်ကို ခွစီးလျက် ဓားမြှောင်ဖြင့် ရင်ဝကို ထောက်ကာ "ဦးဘိုးထော် ခင်ဗျား အော်မယ်တော့ မကြံနဲ့တော့၊ အော်တာနဲ့တစ်ပြိုင်နက် ခင်ဗျား ရင်ဝကို ဓားသွားဆုံးအောင် စိုက်ထည့်လိုက်မယ်၊ ခင်ဗျားယူလာတဲ့ ဦးစံရွှေအောင် မြေပုံ ကျပ်ကို ပေးစမ်း၊ သူ့ဆီမှာ

http://www.cherrythitsar.org



လက်ထောက်ခေါင်းဆောင်လုပ်ခဲ့တဲ့ လှဘော်ဆိုတာ တခြားလူ မဟုတ်ဘူး ကျုပ်ပဲ၊ ဒီပစ္စည်းတွေဟာ ကျုပ်နဲ့အထိုက်ဆုံး၊ ကျုပ် လိုက်ခဲ့တာကြာပြီ၊ သူနဲ့ တွေ့ပြီး ဒီမြေပုံလိုချင်လို့ ထောင်ကျအောင် လူတစ်ယောက်ကို တမင်သက် သက် ရိုက်ပြီး ထောင်ကျခံတယ်။ ဒီလူကြီးဟာ သူကိုယ်တိုင် မသွားနိုင်ရင် ပစ္စည်းရှိတဲ့ နေရာကို လူတစ်ယောက်လွှတ်ပြီး ခိုင်းမယ်ဆိုတာ ကျုပ် အတတ် သိတယ်။ နောက်ဆုံး ခင်ဗျားလက်ထဲ မြေပုံရောက်သွားတာ သိတော့ ခင်ဗျား ကို ကျုပ်ကအနစ်နာခံပြီး ပေါင်းခဲ့တာလည်း ဒါကြောင့်ပဲ၊ အခုတော့ ကျုပ် အကြံအောင်ပြီ၊ ကဲ ... ကဲ ... စကားပြောနေကြာတယ်၊ ဘယ်မလဲမြေပုံ ပေးစမ်း မြန်မြန်"

"ဟ ... ရက်စက်လှချည်လား ထွန်းဝရာ"

"ဘယ်ကလာ ထွန်းဝလဲ၊ ကျုပ် ထွန်းဝ မဟုတ်ဘူး၊ လူသတ်သမား ဓားပြခေါင်းဆောင် လှဘော်ဗျ ... လှဘော် ... လှဘော်၊ ဘယ်မလဲ ပေးလေ"

လှဘော်သည် ဦးဘိုးထော်၏ မျက်လုံးများဆီသို့ ထိလုနီးပါး ဓားမြှောင်ဦးကို ရှေ့သို့တိုး၍ ချိန်ရွယ်လိုက်လေ၏။

"ယီးတီးယားတား မလုပ်ပါနဲ့၊ မသေခင် မျက်လုံးပေါက်ထွက်သွားချင်လား၊ တစ်ခါက ခင်ဗျားဟာ ဆရာသမားဖြစ်ခဲ့လို့ ဒီကျေးဇူးတွေ ထောက်ထားပြီး ညှာတာတဲ့ သဘောနဲ့ တစ်ခါတည်း အသေမသတ်ဘဲ မူးသွားရုံ လောက် ကျောက်ခဲနဲ့ ခပ်ဆဆကလေး ထုလိုက်တာ၊ သို့ပေမဲ့ ခင်ဗျား ဘာမှ မလုပ်နိုင်အောင် ခြေတွေ လက်တွေကိုတော့ တုပ်ထားရမယ်"

လှဘော်သည် သူ၏ လွတ်အိတ်ထဲတွင် အသင့်ပါသော လေထီးကြိုးများဖြင့် ဦးဘိုးထော်၏ ခြေလက်များကို တုပ်နှောင်လေ၏။ နောက်ဆုံး၌ ဦးဘိုးထော်သည် အလျှော့ပေးရမည့် အခြေသို့ ရောက်နေ၍ မိမိ၏အတွင်း အင်္ကျီအိတ်တွင် မြေပုံလိပ်ကလေးရှိကြောင်း ပြောလိုက်ရတော့၏။ မြေပုံလိပ်ကလေးကိုရသောအခါ လှဘော်သည် "ကော်ပြီကွ ... ကော်ပြီကွ၊ ဟား ဟား ဟား" ဟု အော်ဟစ်လိုက်ကာ ရူးသွပ်သွားလုမတတ် အူမြူးလျက်ရှိလေ၏။

ထို့နောက် လှဘော်သည် လွယ်အိတ်ကိုလွယ်ကာ "ကဲ ... ကျုပ်သွားမယ်၊ ခင်ဗျားကိုတော့ ခရီးသွားတွေက ကြိုးဖြေပေးပါလိမ့်မယ်။ မတော်တဆ အမည်းကောင်တွေနဲ့တွေ့ရင်တော့ မတတ်နိုင်ဘူးပေါ့ဗျာ" ဟုပြောဆိုလျက် ကမ်းခြေဘက်ဆီသို့ လျင်မြန်စွာ ပြေးထွက်သွားလေ၏။

နေသည် အနောက်ဘက်သို့ တဖြည်းဖြည်း ကျဆင်းလာပြီဖြစ်၍ ဦးဘိုးထော်သည် မိမိလွတ်မြောက်ရေးအတွက် ပင်ပန်းကြီးစွာ ကြိုးစားလျက်ရှိလေ၏။ လက်များကို နောက်ပြန်တုပ်၍ထားသဖြင့် ရုတ်တရက် ဖြုတ်ရန်သော်

http://www.cherrythitsar.org



လည်းကောင်း၊ ဖြေရန်သော်လည်းကောင်း မလွယ်ကူလှချေ။ ထိုမျှသာမက ခြေထောက်ကိုလည်း နွယ်ကြိုးများဖြင့် ပူး၍ချည်နှောင်ထားခဲ့သေး၏။

အခက်အခဲပေါင်း များစွာကို ကျော်လွှန်ခဲ့ဖူးသော ဦးဘိုးထော်သည် မိမိရှေ့ မနီးမဝေး၌ မီးလောင်ထားသော သစ်ပင်ငုတ်ကို တစ်ခုကို ကံအားလျော်စွာ တွေ့မြင်ရသဖြင့် ၎င်းရှိရာသို့ တစ်ခါတစ်ရံ လှိမ့်၍လည်းကောင်း၊ တစ်ခါ တစ်ရံလည်း တရွတ်ဆွဲ၍ လည်းကောင်း သွားပြီးနောက် နောက်ပြန်လှည့်ကာ လက်တွင် တုပ်ချည်ထားသည့် ကြိုးကို ငုတ်အစွန်းဖြင့် ပွတ်တိုက်လေရာ အပေါ်ဆုံးမှ ကြိုးသည် တဖြည်းဖြည်း ပွန်း၍ မိနစ် ၂၀ ခန့်အကြာတွင် တစ်ခါတည်း ပြတ်ထွက်သွားလေတော့၏။ ထိုအခါမှ ခြေထောက်မှ ကြိုးများကို ဖြေနိုင်လျှင် ဦးဘိုးထော်သည် လွယ်အိတ်အတွင်းမှ ရေပုလင်းကို ထုတ်ယူကာ ရေကို အဝ သောက်ရလေတော့၏။

ဤသို့ဖြင့် အတော်အတန် အားအင်ပြည့်တင်းလာသောအခါ ဦးဘိုး ထော် လည်း ဆေးတံနှင့် ဆေးဗူးကို ထုတ်ယူပြီးလျှင် ဆေးတံကို ဆေးထည့်၍ သောက်ရင်း ဆေးမှုန့်များအောက်တွင် သိုသိပ်စွာ ဝှက်၍ထားသော ဦးစံရွှေအောင်၏ မြေပုံမှ တစ်ထပ်တည်း ကူးယူထားသည့် မြေပုံစာရွက်ကလေးကို ထုတ်ယူလိုက်လေ၏။ ထို့နောက် လှဘော် ထွက်သွားသော လမ်းကို လျင်မြန် စွာ လိုက်သွားလေ၏။

*

ထိုအချိန်လောက်၌ လှဘော်သည် 'ဆီးချိုင်' နှင့် နှစ်မိုင်ခန့် ဝေးသော ကမ်းခြေကျောက်တန်းများဆီသို့ ရောက်ရှိနေခဲ့လေပြီ။

ကျောက်တန်းမှာ ပင်လယ်ရေပြင်ဘက်သို့ ပေ ၁၀၀ ကျော်ခန့်မျှ ထွက်လျက်ရှိရာ ကျောက်တန်း၏ အစွန်းဆုံးသော နေရာမှ ပေ ၂၀ ခန့်အကွာ တွင် မြေပုံတွင်ပါရှိသော ကျောက်ဆောင်ကြီးလေးခုကို တွေ့ရသဖြင့် ဒုတိယ ကျောက်ဆောင်သို့ ရောက်အောင် ပေါင်လယ်ခန့်မျှနက်သော ရေပြင်ကို ဖြတ် လျှောက်သွားရပြီးနောက် ထိုနေရာ၌ အောက်ခံဘောင်းဘီတစ်ထည်မျှသာ ချန် ၍ အားလုံးအဝတ်အစားများကို ချွတ်ထားခဲ့ပြီးလျှင် တတိယ ကျောက်ဆောင် ရှိရာသို့ ကူးခတ်သွားလေ၏။

ထိုအချိန်၌ နေလုံးကြီးမှာ ပင်လယ်ရေပြင်နှင့် ထိလာပြီဖြစ်၍ ကျောက် တန်း၏အရိပ်သည် တတိယကျောက်ဆောင် ပင်လယ်ဘက် မျက်နှာပြင်ပေါ်သို့ ထိုးကျလျက်ရှိနေ၏။ နေလုံးပျောက်သည့်အချိန်နှင့် တစ်ပြိုင်နက် ပိတ်၍ထား သော ကျောက်တုံးမှ အမှတ်အသားကို မြင်ရပြီဖြစ်ရာ လှဘော်သည် ကျောက် ဆောင်အစွန်းတစ်ခု၌ တွယ်ကပ်သော ပိတ်ဆို့ထားသည့် ကျောက်တုံးကို

http://www.cherrythitsar.org



အား စိုက်ခွန်စိုက် ဖယ်ရှားလျက်ရှိရာမှ နောက်ဆုံး ဓားမြှောင်ဦးဖြင့် ကျောက်စွန်း တစ်ခုကို ထိုးလိုက်သည်တွင် လက်လေးသစ်ခန့်မျှ ဓားမြှောင်ဦးကျိုးသွားပြီး နောက် ပိတ်ထားသော ကျောက်တုံးကြီးသည်လည်း ရေထဲသို့ ဝုန်းခနဲ ကျ သွားလေ၏။

ထိုအချိန်၌ နေမှာလုံးလုံးဝင်ခဲ့လေပြီ၊ လှဘော်သည် လိုဏ်ခေါင်း အတွင်းသို့ ကြည့်လိုက်ရာ အလျား တောင်ဆုပ်၊ အနံတစ်ထွာသာသာခန့်မျှ ရှိသော သေတ္တာတစ်လုံးမှာ လိုဏ်ခေါင်းနံရံမှ ကျောက်စွန်းတစ်ခုတွင် သံကြိုး ဖြင့် ဆက်၍ မြဲမြဲစွာ ချည်နှောင်ထားသည်ကို တွေ့ရလေ၏။

လှဘော်သည် လက်များကို မြှောက်ကာ "ကော်ပြီဟေ့ ... ကော်ပြီ ... ဒါပဲ ... ဒါပဲ" ဟု အရူးတစ်ယောက်သဖွယ် အသံများထွက်အောင် ဟစ်အော် လိုက်လေ၏။ ၎င်း၏မျက်လုံးများမှာ ပြူးကြောင်ကြောင်ဖြစ်ကာ မမိတမိရှိနေ သည့် သံသေတ္တာကလေးကို လက်နှစ်ဖက်ဖြင့် တအားကုန်ဆောင့်၍ ဆွဲလေ ၏။ သို့သော် ဆွဲ၍မရဘဲ သံကြိုးမှာ ကျောက်စွန်းတွင် ခိုင်မြဲလျက်ပင် ရှိလေ၏။ ဒုတိယအကြိမ်ဆောင့်၍ ဆွဲလိုက်သောအခါ၌ကား သံချေးတက်၍နေသော သေတ္တာအဖုံးမှာ သံကြိုးနောက်သို့ပါသွားပြီးလျှင် အတွင်းမှ လက်ကောက်၊ ပုတီး၊ နားတောင်းစသော ရွှေထည်၊ စိန်ထည်များဖြင့် အခြားအဖိုးတန် ကျောက်မျက်ရွဲများသည် လိုဏ်ခေါင်းကျောက်ပြားကြမ်းပြင်ပေါ်သို့ ဒလဟော ထွက်ကျသွားကြကုန်တော့၏။

လှဘော်သည် ကျနေသော ပစ္စည်းများကို လက်ဝါးကြီးများ ဖြန့်ကာ လက်နှစ်ဖက်ဖြင့် အားပါးတရ နှိုက်ယူလေ၏။ ဘောင်းဘီအိတ်ထဲသို့ အနည်းငယ် ထိုးသွင်းလိုက်၏။ "ငါ သူဌေးဖြစ်ပြီကွ၊ သူဌေး ... သူဌေး" ဟု တဟားဟား ရယ်မောကာ အရူးတစ်ယောက်ကဲ့သို့ စူးစူးဝါးဝါး ဟစ်အော် လိုက်၏။

ထိုအချိန်၌ ဦးဘိုးထော်မှာ ကျောက်တန်း၏ အစွန်းဆုံးနေရာသို့ ရောက်လာပြီဖြစ်၍ လှဘော်၏ အဝတ်အစားမှာ စုပုံထားသည်ကိုသာ တွေ့ရ ပြီးလျှင် လှဘော်ကိုကား အရိပ်အယောင်မျှ မတွေ့ရတော့ချေ။

လှဘော်သည် ဥစ္စာရူး ရူးကာ နောက်ဆုံးဟစ်အော်လိုက်သည့် အချိန်၌ လှိုင်းလုံးတစ်လုံးသည် အခြားကျောက်ဆောင်ကိုပါ ဝုန်းခနဲ တစ်ချက် ရိုက်လိုက်ရာ လှဘော်မှာ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်၍ သွားလေသည်။

ပင်လယ်ဘက်သို့ကြည့်လိုက်သည်တွင် အခန်းတစ်ခန်းစာမျှလောက် အိမ်တစ်အိမ်စာမျှလောက် လှိုင်းလုံးများ ထပ်ဆင့်လာနေသည်ကိုတွေ့ရလေ ၏။

http://www.cherrythitsar.org



"အလိုလေး ဘုရား ... ဘုရား ... ဒီရေတွေ တက်လာပါပကော၊ လှိုင်းလည်း ကြီးလိုက်တာ၊ ဖြစ်ဖူးဖြစ်ဖူး၊ မြန်မြန်ပြေးမှပဲ၊ ဒီဟာတွေကိုတော့ နောက်တစ်ခေါက်မှ ယူမှပဲ"

လှဘော် ပါးစပ်မှ အသံများပင် ထွက်လာ၏။ သို့ရှိစဉ် နောက်ထပ် လှိုင်းလုံးတစ်လုံးသည် ကျောက်ဆောင်ကို ခါးလယ်မှ အရှိန်ပြင်းစွာဖြင့် ရိုက်ချ လိုက်ရာ လှဘော်မှာ ကျောက်ဆောင်ပေါ်မှ ပြန်ကျသွားပြီးနောက် လှိုင်းလုံးနှင့် အတူ တစ်ပါတည်း ပါသွားလေတော့၏။

ဦးဘိုးထော်မှာ နေဝင်ဖြိုးဖျ အတန်ငယ် မှောင်သွားလျက်ရှိသော အချိန်တွင် လှဘော်ကို မမြင်လိုက်ရသော်လည်း ၎င်း၏ သေခါနီး စူးစူးဝါးဝါး အော်လိုက်သည့် အသံနက်ကြီးကိုမူ လှိုင်းသံများအတွင်းမှပင် ခပ်သဲ့သဲ့ ကြား လိုက်ရလေသည်။

*

ဦးဘိုးထော်သည် သတိကြီးစွာဖြင့် ကျောက်တန်းမှ ကမ်းဘက်သို့ ကူးခဲ့၍ ထိုညဦးအဖို့ ဘေးရန်ကင်းသော နေရာသို့ သွားရောက်ကာ အိပ်စက်ရ၏။ နောက်တစ်နေ့ နံနက်စောစော၌ ကျောက်တန်းမှတစ်ဆင့် ပစ္စည်းများ လျှို့ဝှက်ထားရာ တတိယကျောက်ဆောင်သို့ ကူးခဲ့ပြန်၏။ ထိုအချိန်၌ကား ဒီရေကျချိန်ဖြစ်သဖြင့် ထိုနေရာသို့ အေးဆေးစွာပင် ရောက်ရှိသွားပြီးနောက် လိုဏ်ဂူပေါက်ဝအတွင်း ကျောက်ခွက်ထဲတွင် ပြန့်ကြဲလျက်ရှိသော ရွှေထည်၊ စိန်ထည်များနှင့် ကျောက်မျက်ရွဲအားလုံးကို လွယ်လင့်တကူနှင့်ပင် ရရှိခဲ့လေသည်။

ထို့နောက် ဦးဘိုးထော်သည် မဖြူလှဝင်းအား 'ကန်ချိုင်' ရွာသို့ ပြန်ခဲ့ပြီးနောက် မဖြူလှဝင်းအား ပစ္စည်းများ အားလုံးကို ပုံ၍ပေးအပ်လေ၏။ မဖြူလှဝင်းက အတင်းပြန်၍ပေးသဖြင့် မလွှဲသာသောကြောင့် ဦးဘိုးထော် ပြန်၍ယူရသော ပစ္စည်းအချို့မှာတ န်ဖိုးငွေ ၅၀၀၀ ကျော်ထက် မပိုချေ။

မဖြူလှဝင်း၏ ဧည့်ဝတ်ပြုခြင်းကိုခံကာ ထိုရွာတွင် တစ်ညဥ့်အိပ်ခဲ့ပြီး နောက် ဦးဘိုးထော်သည် နောက်တစ်နေ့နံနက်စောစော မိမိနေရပ်သို့ ပြန်ခဲ့လေသည်။

◆

# ကျားကြီး

ပြည်စီရင်စု မော်ဇာမြို့နယ် အပါအဝင် လင်းရွာအနီး တောထဲ၌ ထူထပ်သော ချုံပုတ်ကြီးများကို အမှီသဟဲပြုကာ ထိုနယ်တစ်ဝိုက်၌ ကျက်စား နေထိုင်သော 'ဓားပြခေါင်းဆောင်ကျားကြီး' ဆိုသူသည် အတော်ပင် ကျော် ကြားခဲ့လေသည်။

မော်ဇာနှင့် ပြည်စပ်ကြားမှ ငါးမိုင်ခရီးခန့် ရှိ၍ ပြည်မှသွားသော တာလမ်း၏ အရှေ့ဘက်တွင် ဥယျာဉ်ကြီးများ၊ ခြံကြီးများအပြင် လယ်တော များ၌ ပေါက်နေသည့် ချုံနွယ်ပိတ်ပေါင်းတို့မှာလည်း ထိုနေရာတစ်ဝိုက်တွင် ပြည့်နှက်လျက်ရှိရကား 'ကျားကြီး' သည် ထိုတောများထဲတွင် တပည့်အဖော် မပါ တစ်ကိုယ်တည်း ပုန်းအောင်းကာ လမ်းသွားခရီးသည်တို့အား 'ဘုရား ကြီး' အနီးမှ ထွက်၍ တိုက်ခိုက်လေ့ရှိ၏။

ထိုအခါက လူဆိုးများမှာ ယခုခေတ်ကဲ့သို့ ခေတ်မီဘာရင်းဂန်း၊ စတင်းဂန်းကို မဆိုထားဘိ၊ ခြောက်လုံးပြူးသေနတ် ကိုင်နိုင်သော လူဆိုးပင် အလွန် ရှားပါးရကား ကျားကြီးသည် ရာဇဝတ်အုပ် တစ်ဦးထံမှ လုယူရရှိ သော ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် ယမ်းတောင့် ၃၀ ခန့်ကို အားကိုး လက်ကိုင်ပြုကာ တိုက်ခိုက်လျက်ရှိလေသည်။

သို့သော် ကျားကြီးသည် အများအားဖြင့် သေနတ်ကိုင်ဆောင်ခြင်း ထက် ငှက်ကြီးတောင် ဓားနှစ်လက်ကို အားပြုကာ ပြည်မြို့နှင့် မော်ဇာအကြား

http://www.cherrythitsar.org



တွင် ကူးသန်းသွားလာသည့် ခရီးသည်များအနက် မည်သူ၌ ပစ္စည်းမည်မျှပါ မည်ကို သတင်းအသေအချာရပြီးမှသာ တိုက်ခိုက်လေ့ရှိ၏။ ဤသို့ 'သေချာ ပေါက်' တိုက်ခိုက်သဖြင့်လည်း ကျားကြီးမှာ တစ်ချီလျှင် တစ်သောင်းကိုး ထောင်ခန့် အနည်းဆုံးရ၍သွားပြီးနောက် တစ်ဖန် မေ့လောက်သော အချိန် ရောက်မှသာ တိုက်ပြန်လေသည်။

ဤသို့နှင့် ပုလိပ်ဘက်မှာလည်း သူတိုက်မည့်အချိန်ကို မခန့်မှန်းနိုင် ကြသည့်ပြင် သူ ကျက်စားသည့် ငါးမိုင်ခန့်ခရီးအတွင်း အစောင့် ပတ္တာရောင် များ အမြဲချထားရန်လည်း အစဉ်သဖြင့် မတတ်နိုင်ချေ။

ကျားကြီးမှာ ခရီးသည်များအား တိုက်ခိုက်ရာတွင် သတ္တိကောင်းရုံမျှ မက ဉာဏ်ပရိယာယ်များ၍ လွန်စွာလည်း ကျင်လည်လှလေသည်။

တစ်ခါက ခရီးသည်တစ်စုတို့သည် မြင်းလှည်းနှစ်စီးငှား၍ ပြည်မြို့ ပေါင်းတလည်သို့လာကြရာငွေကြေးအတော် မြောက်မြားစွာပါကြသည့် အတိုင်း ပြည်ပုလိပ်ဌာနမှ ပုလိပ်နှစ်ယောက်ကို မြင်းလှည်းတစ်စီးတွင် တစ် ယောက်ကျ တင်ဆောင်ခေါ်ယူလာကြ၏။

ပထမ မြင်းလှည်းမှာ မြင်းကောင်းသဖြင့် ရှေ့အတော်ဝေးမှ မောင်း သွားရာ နောက်မြင်းလှည်းမှာမူ မြင်းပိန်ကလေး တပ်ထားသည့်အတိုင်း မြင်း နားရန် 'ဘုရားကြီး' ဘုရား၏အရှေ့ဘက် နှစ်ဖာလုံအကွာခန့်ရှိ သစ်ပင်ရိပ်တစ် ခုအောက်တွင် ခေတ္တမျှ အမောပြေ ရပ်၍ ကျန်ရစ်ခဲ့၏။ သို့နှင့် နောက်မြင်းလှည်း မှာ ရှေ့မြင်းလှည်းနှင့် ကိုက် ၁၀၀ ပကျော်ကျော်မျှ ပြတ်၍ ကျန်ရစ်ခဲ့လေသည်။

မြင်းလှည်းရပ်သောအခါ၌ ခရီးသည်များသည် မြင်းလှည်းပေါ်မှ ဆင်း၍ သစ်ပင်ရိပ်အောင်တွင် အမောဖြေလျက် ရှိကြစဉ် ဤနေရာမှာ ကျား ကြီး ကျက်စားနေကျ နေရာဖြစ်ကြောင်းနှင့် တစ်ယောက်ကစ၍ သတိပေးရာ ကျန်လူများမှာ အတွေးနှင့် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့လျက် ရှိကြကုန်၏။

တစ်ယောက် –

"ကြောက်စရာ မရှိပါဘူးဗျ၊ လူအများသားပဲ"

အခြားတစ်ယောက် –

"လူများပေမယ့် တကယ်လာရင် ဘာတတ်နိုင်မှာလဲ၊ သူက အသက် စွန့်ပြီးလာတဲ့ လူဗျ၊ ကျုပ်တို့က မတုနိုင်ဘူး"

ကျန်တစ်ယောက် –

"နို့ပေမဲ့ သေနတ်နဲ့ ပုလိပ်သားတစ်ယောက်လည်း ပါလာတယ်ဆို တော့ အနားတောင် ကပ်ဝံ့မယ် မထင်ပါဘူးဗျ"

ပုလိပ် –

"ကပ်ဝံ့ ကပ်စမ်းပါစေဗျာ၊ ကျုပ် လှိုင်ဖိုမှာ အသက်ပါမသွားရင် ကံကောင်းပေါ့"

ခရီးသည်တစ်ယောက် –

"လှိုင်ဖိုဆိုတာ ဘာကို ခေါ်တာလဲ ဆရာ"

ပုလိပ် –

"ဒီလူ တယ်ပြီး တောကျသေးတာပဲ၊ မြင်းလှည်းပေါ်မှာ တင်ထားတဲ့ ကျုပ် သေနတ်ကြီးကို ခေါ်တာဗျ"

တစ်ယောက် –

"ဟုတ်ပါ့ကွယ်၊ မင်းမလည်း အ လိုက်တာ ဟိုသေနတ်ကြီးကို လှိုင်ဖိုလို့ ခေါ်တယ် မှတ်ထားဗျို့၊ မြင်းလှည်း ဆရာကြီး မောင်းကြမယ်ဗျာ။ ရှေ့က မြင်းလှည်း အတော်ရောက်သွားပြီဗျ"

မြင်းလှည်းသမားကြီးမှာ အသက် ၅၀ ခန့်ရှိ၍ လုံချည်အစုတ်ကို ဝတ်ထား၏။ သျှောင်ကလေးကို ခပ်ကျစ်ကျစ် ထုံးထားကာ မျက်နှာသုတ်ပဝါ အနွမ်းတစ်ထည်ကို ခေါင်းပေါင်း၍ ထားလေသည်။ အင်္ကျီမှာ အစုတ်အပြဲများကို နောက်ကျောဘက်တွင် ဖာထေး၍ထားလေရာ မြင်းကြိမ်လုံးကလေးကို ထိုင်ကာ လမ်းဘေး၌ မြက်စားနေသော မြင်းပိန်ကလေးကို ခပ်လှမ်းလှမ်းမှ ကြည့်ရှုလျက်ရှိနေလေ၏။

သူသည် ခေါ်သံကြားသည်နှင့် အနီးသို့ချဉ်းကပ်လာပြီးနောက် ဖြူဖွေးသောနှုတ်ခမ်းများကို လိမ်သပ်ကာ ခရီးသည်များကို ကြည့်ရှုနေလေသည်။

တစ်ယောက် –

"သွားမယ်လေ ဆရာကြီး၊ ဘာကြည့်နေတာလဲဗျ၊ မြင်းတပ်ပါ"

မြင်းလှည်းသမား –

"ဟုတ်ကဲ့ဗျာ၊ တပ်တာပေါ့၊ ဒါထက် အခုတင်က လှိုင်ဖိုဆိုလား ဘာဆိုလား ပြောသံကြားလိုက်မိသလားလို့"

ပုလိပ် –

"တယ် စကားရှည်တဲ့ အဘိုးကြီး၊ မြင်းတပ်မှာ တပ်တာ မဟုတ်ဘူး၊ သူတို့က ဒီနေရာမှာ ကျားကြီးကို ကြောက်စရာကောင်းတဲ့အကြောင်း ပြောနေလို့ ကျုပ်က ကျားကြီးလာရင် လှိုင်ဖိုစာ ဖြစ်သွားမယ် ပြောတာဗျို့၊ ကိုင်း ... နားလည်ပြီလား"

မြင်းလှည်းသမား –

"သြော် ... ကျားကြီးလာရင် သေနတ်နဲ့ ပစ်သတ်မယ်၊ မကြောက်ဘူးဆိုပါတော့"

http://www.cherrythitsar.org



ပုလိပ် –

"ဒါပေါ့၊ ဘာကြောက်စရာ ရှိသလဲ"

မြင်းလှည်းသမား – "လာပြီလေ"

ပုလိပ် –

"ဘယ်မှာလဲ"

မြင်းလှည်းသမား –

"ဒီမှာ"

ထိုခဏ၌ပင် မြင်းလှည်းသမား အဘိုးကြီးသည် ဖြူဖွေးသော နှုတ်ခမ်းမွေးများကို လက်ဖြင့် လိမ်ကာ ပွတ်သပ်လျက်ရှိရာမှ တစ်ဘက်စီ ဖြုတ်ချလိုက်လေ၏။ ခေါင်းတွင် ပတ်ထားသော မျက်နှာသုတ်ပဝါကြီးကို ဆွဲယူလိုက်သောအခါ သျှောင်ပုံပါ ပါလာ၍ အသက် ၄၀ ခန့်ရှိ ဆံပင်တိုတိုညှပ်ထားသော လူတစ်ယောက်၏ ပုံသဏ္ဌာန်သို့ မျက်စိအောက်၌ပင် ပြောင်းသွားလေသည်။

ထိုသူသည် အပေါ်ယံဝတ်ထားသော ချည်ကြမ်းလုံချည်ကို ချွတ်လိုက်လျှင် ခါးပတ် ပတ်၍ထားသော အောက်ခံကာကီဘောင်းဘီအိတ်ထဲမှ ခြောက်လုံးပြူး သေနတ်တစ်လက်ကို လျင်မြန်စွာ ဆွဲထုတ်ပြီးနောက် ပုလိပ်နှင့် တကွ ခရီးသည်သုံးယောက်တို့ကိုပါ ချိန်၍ထားလေသည်။

ကျားကြီး က –

"ကျားကြီးဆိုတာ ငါပဲဟေ့ ... ဘယ်မှာလဲ မင်းလိုင်ဖို"

ခရီးသည်များသည် မိမိတို့အား အသက်ချမ်းသာပေးပါမည့်အကြောင်းနှင့် တောင်းပန်လျက်ရှိရာ ပုလိပ်သားမှာမူ မိမိ စကားလွန်မိသည့်အတွက် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ရှိနေလေ၏။

ပုလိပ် က အသံတုန်လျက် –

"ချမ်းသာပေးပါ ဆရာ"

ကျားကြီးက တည်ငြိမ်သော အသံဖြင့် –

"စကားပြောတာ သတိထား ပြောပေါ့ကွယ့်၊ ဟေ့လူတွေ ပါတဲ့ပစ္စည်းထုတ်ကြစမ်း၊ ယီးတီးယားတားတော့ လုပ်မယ်များ မကြံနဲ့နော်၊ ခေါင်းပြုတ်သွားမယ်"

ခရီးသည် သုံးယောက်တို့သည် မိမိတို့ပါသမျှ ငွေစက္ကူများနှင့်တကွ နာရီ၊ လက်စွပ်စသည်တို့ကိုပါ ကျားကြီး၏ အမိန့်အတိုင်း လွယ်အိတ်လွတ်တစ်လုံးတွင် ထည့်ရလေ၏။

ပြီးစီးသောအခါ ကျားကြီးသည် သူ၏ချည်လုံချည်စုတ်၊ နှုတ်ခမ်းမွေးပုံ၊ ဆံပင်ပုံ၊ မျက်နှာသုတ်ပဝါယောင်းစသော ပစ္စည်းများကို ထိုလွယ်အိတ်၌

http://www.cherrythitsar.org



ပင် ထည့်ရန် အမိန့်ပေးပြီးလျှင် ပုလိပ်အား မြင်းလှည်းအနီးသို့ ခေါ်သွားလေ၏။

မြင်းလှည်းအနီးသို့ ရောက်လာလျှင် ကျားကြီးသည် ပုလိပ်၏နောက်ကျောကို ခြောက်လုံးပြူးဖြင့် တေ့၍ထားလျက် "သေနတ်ကြီးထဲက ယမ်းတောင့်တွေအားလုံး ထုတ်လိုက်၊ ပြောင်းဝကို မင်းရှေ့တည့်တည့် လှည့်ပြီးထုတ်၊ ငါ့အမိန့်ပေးတဲ့အတိုင်း လုပ်နော်၊ နားလည်လား"

"ကောင်းပါပြီ ခင်ဗျာ၊ သေနတ်ကြီးကိုတော့ ယူမသွားပါနဲ့ ဆရာ၊ ယူသွားရင် ကျွန်တော် ထောင်ကျပြီးသားပါပဲ"

"ငါ နားလည်တယ်၊ ယမ်းတောင့်တွေအားလုံးပေး၊ အဲ ... ဟုတ်ပြီ၊ ဒီလွယ်အိတ်ထဲ ထည့်ပါကွယ်"

ပုလိပ်သားသည် ရိုင်ဖယ်မှ ယမ်းတောင့်နှင့် ခါးပတ်တွင်ရှိသော ယမ်းတောင့်အားလုံးကို အမိန့်ပေးသည့်အတိုင်း ကျားကြီး၏ လွယ်အိတ်ထဲသို့ ထည့်လေ၏။

ကျားကြီးသည် ပုလိပ်သားအား မြင်းတပ်စေရာ မိမိကိုယ်တိုင်လည်း ကူညီပေးသဖြင့် မကြာမီ ပြီးစီးလေ၏။ ထို့နောက် ခရီးသည်များအား မြင်းလှည်းပေါ်သို့ တက်စေပြီးလျှင် ဤမြင်းလှည်းကို ပေါင်းတလည်ရွာသို့ မောင်း နှင်၍မသွားဘဲ မှော်ဇာလမ်းဆုံနတ်စင်အနီးတွင် ထားခဲ့ရန်အကြောင်း။ ထို့ နောက် ခရီးသည်များသည် ထိုလမ်းဆုံမှ စောင့်ဆိုင်းကာ ပေါင်းတလည်ရွာသို့ သွားသော မြင်းလှည်းကြုံများကို စောင့်၍ စီးနင်းကြောင်းဖြင့် မှာထားလေ၏။

"ကိုင်း ... ဒီက မြင်ရတဲ့ ဇရပ်ပျက်ကလေးထိအောင် မောင်းပေတော့၊ နောက်တော့ လှည့်ကြည့်မယ် မကြံကြနဲ့နော်၊ အရင်ကြည့်တဲ့လူ၊ အရင်ပစ်လိုက်မှာပဲ၊ သွားကြ ... သွားကြ"

မြင်းလှည်းကလေးထွက်သွားသည်နှင့်တစ်ပြိုင်နက် ကျားကြီးသည် အဘိုးအိုတစ်ယောက်အသွင်ပြန်၍ ဖန်ဆင်းကာ ဘုရားကြီးစေတီ၏ မြောက်ဘက်ရှိ ဥယျာဉ်သို့သွားသော လမ်းကလေးအတိုင်း တဖြည်းဖြည်း လျှောက်၍ သွားလေသတည်း။

ကျွန်ုပ် မောင်ဘိုးထော်သည် ၁၉၃၃ ခုနှစ်က ပြည်ထောင်တွင် အကျဉ်းကျခံနေရသည်ဖြစ်ရာ ထိုအခါက အုပ်ချုပ်သော ထောင်မှူးကြီးမှာ 'မစ္စတာ မက်ကောမစ်' ဆိုသူ ဖြစ်လေသည်။

မစ္စတာ မက်ကောမစ်သည် ကျွန်ုပ်တွေ့ခဲ့ဖူးသမျှ မျက်နှာဖြူထောင်များထဲတွင် သဘောအပြည့်ဝဆုံးသော ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်၍ ထောင်သားများအပေါ်တွင် ဥပဒေခွင့်ပြုသလောက် ထောက်ထားညှာတာတတ်လေ

http://www.cherrythitsar.org



သည်။ သို့အတွက်လည်း ထောင်သားများသည် ထောင်မှူးကြီး လေးစားချစ်ခင်လျက် အခြားထောင်မှူးများ လက်အောက်မှာထက် ငြိမ်ဝပ်ပိပြားစွာ နေကြ ကုန်၏။

ကျွန်ုပ်မှာ ထောင်၏ငြိမ်ဝပ်ပိပြားမှု၌ တစ်ဖက်တစ်လမ်းမှနေ၍ ကူညီရသည်ဖြစ်ရကား၊ တစ်ခါတစ်ရံ ထောင်သားများကို တင်ကြို၍ အသိမပေးလိုသည့် ကိစ္စများတွင် ကျွန်ုပ်အား တိုင်ပင်လေ့ရှိ၏။ ကျွန်ုပ်ကလည်း အာဏာပိုင်များဘက်မှ တင်းကျပ်လွန်းသော ကိစ္စများကို လျော့ပေါ့နိုင်လေသမျှ လျှော့ ပေါ့ပေးစေခြင်း၊ ထောင်သားများဘက်မှလည်း တင်းလွန်းသော ကိစ္စများရှိလျှင် ဖျောင်းဖျောင်းဖျဖျ နားဝင်အောင်ပြော၍ အာဏာပိုင်တို့အား ကျေနပ်စေခြင်း တို့ကို ပြုလုပ်၍ပေးရသဖြင့် ထောင်သားများက ကျွန်ုပ်အား ရိုသေလေးစား သလောက် အာဏာပိုင်များနှင့်တကွ ထောင်ပိုင်၊ ထောင်မှူးတို့ကလည်း ကျွန်ုပ် အား ကျေးဇူးတင်ကြသည်။

သို့နှင့် ကျွန်ုပ်မှာ အင်္ဂလိပ်စာပင် မတတ်သော်လည်း ထောင်မှူးကြီး မက်ကောမစ်၏ အပါးတော်မြဲကဲ့သို့ပင် ဖြစ်နေရ၏။

မစ္စတာ မက်ကောမစ်၌ ဝါသနာတစ်ခုရှိ၏။ ထိုဝါသနာမှာ ပစ္စည်းဟောင်းများအကြောင်း၊ သိုက်များအကြောင်းကို ပြောလျှင် ၎င်းတို့ကို အလွန်လိုက်လိုသော ဆန္ဒရှိလေသည်။

တစ်နေ့တွင် ကျွန်ုပ်က စကားစပ်မိ၍ ကျွန်ု မြင်းခြံထောင်တွင်ရှိစဉ်က ဓားပြခေါင်းဆောင်မိုးသီး ဆိုသူတစ်ယောက်နှင့် အကျွမ်းတဝင်ဖြစ်ခဲ့ရာ ထိုသူ သည် ထောင်ဆေးရုံ၌သေသွားသည့်အခါ ကျွန်ုပ်အား သူ၏ပစ္စည်းများ မြှုပ် နှံထားရာ အရပ်ကို မသေမီပြောခဲ့ကြောင်း၊ သူဝှက်ထားသောနေရာမှာ သစ်ပင် တစ်ပင်၏ ခွဆုံတွင် ရှိသော သစ်ခေါင်းတစ်ခုဖြစ်၍ သူသေပြီးနောက် ကျွန်ုပ် ထောင်မှ လွတ်သောအခါ သူပြောခဲ့သည့် တောထဲ၌ သခွတ်ပင်ကို လိုက်၍ရှာ ကြောင်း၊ အချိန်မှာ ၁၀ နှစ်ကျော်ကျော် ကြာမြင့်သွားပြီဖြစ်၍ သခွတ်ပင်က အလွန်ကြီးထွားလာသည့်အတိုင်း သစ်ခေါင်းကိုရှာ၍ မတွေ့ဘဲ အပေါက်ပိတ် ကာ ထိုနေရာတွင် ကျီးပေါင်းများတက်လျက် အဖုအပိန့်ကြီး ဖြစ်နေသည်ကို တွေ့ရကြောင်း၊ ကျွန်ုပ်လည်း ထိုကျီးပေါင်းအတွင်း၌ ပစ္စည်းများ မုချရှိရမည်ဟု စိတ်မလျှော့ဘဲ သစ်ပင်ကြီးကို အရင်းမှလှဲပြီးလျှင် ထိုသစ်ဖုကြီးကို တဖြည်း ဖြည်းခွဲ၍ ရှာဖွေရာ အချိန်နှစ်ပိဿာကျော်ကျော်မျှရှိသော ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ ရွှေနားကပ်၊ ရွှေခြေချင်း၊ ရွှေဘီးမှစ၍ လက်ဝတ် လက်စားများကို ကံကောင်းထောက်မသဖြင့် တွေ့ရှိရကြောင်းများကို ပြောပြဖူး၏။

http://www.cherrythitsar.org



သူကလည်း အနောက်နိုင်ငံများတွင် မြေ၌ဖြစ်စေ၊ ရေ၌ဖြစ်စေ ဥစ္စာ ရှင် မရှိသော အဖိုးတန်ပစ္စည်းများ မြောက်မြားစွာရှိကြောင်း၊ ၎င်းတို့မှာ သင်္ဘော များ ပျက်စီး၍သော်လည်းကောင်း၊ ပင်လယ်ဓားပြများသည် ကုန်သင်္ဘော အစိုးရဘဏ္ဍာတော်သင်္ဘောများကို တိုက်ခိုက်ပြီးနောက် ပင်လယ်တွင်းရှိ လူသူ မရောက်သော ကျွန်းတစ်ခုခုတွင် မြှုပ်နှံထားတတ်ကြကြောင်း၊ တစ်ခါတစ်ရံ ထိုပင်လယ်ဓားပြများသည် အချင်းချင်း မသင့်မြတ်၍ သော်လည်းကောင်း၊ နေရာကိုသိသူ ရုတ်တရက် သေဆုံးသွား၍သော်လည်းကောင်း၊ တစ်ယောက် နှင့်တစ်ယောက် အကောက်ကြံပြီးနောက် အချင်းချင်းသတ်ဖြတ်ရာ နှစ်ယောက် စလုံး သေ၍သော်လည်းကောင်း အရှင်မရှိဘဲ ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာရွှေငွေ များသည် အနတ္တဂ္ဃမရှိကြောင်းများ ပြောပြ၏။

ထိုကဲ့သို့ တိမ်မြုပ်၍နေသော ပစ္စည်းများသည် အစွန့်ရှည်ကြာလတ် သော် 'သိုက်' ကဲ့သို့လည်းကောင်း၊ 'ယုံတမ်းစကား' ကဲ့သို့လည်းကောင်း ဖြစ်ကာ တစ်ခါတစ်ရံ ယုံကြည်သူတစ်စုသည် အစုရှယ်ယာများခေါ်၍ ကုမ္ပဏီ ဖွဲ့ကာ လိုက်လံရှာဖွေ တူးဖော်တတ်ကြသည့်အလျောက် မိမိသည် စကော့ တလန်ပြည်၌ရှိစဉ် အင်္ဂလိပ်ကုန်သည်တစ်စုသည် ရှယ်ယာတစ်စုလျှင် ၁၀ ပေါင်ကျထား၍ ကုမ္ပဏီတစ်ခု ဖွဲ့စည်းကာ စပိန်ကမ်းခြေနှင့် မိုင် ၃၀ ခန့် ကွာဝေးသည့် 'ဘေးအော့ဘစ်စကေ' ခေါ် ပင်လယ်ကွေ့၌ လွန်ခဲ့သော ပထမ ကမ္ဘာစစ်အတွင်းက နစ်မြုပ်သွားခဲ့သော သင်္ဘောတစ်စင်းမှ ရွှေများကို ရှာဖွေရာ ရရှိခဲ့ဖူးကြောင်း၊ ထို့ပြင် မြောက်အမေရိကတိုက် အရှေ့ဘက်ရှိ ကျွန်းတစ်ကျွန်း ပေါ်တွင် တွင်းကြီးတစ်ခုအတွင်းမှ တံငါသည်တစ်ယောက်သည် ရေးလက်စွပ် တစ်ကွင်း ကောက်ရသည်မှအစ ရာဇဝင်အရအားဖြင့် မက္ကဆီကိုနယ်ကို အောင် မြင်ခဲ့သော စပိန်စစ်ဗိုလ်ကြီးတစ်ဦးသည် မက္ကဆီကိုမှ ရရှိသော ရွှေများကို စပိန်ဘုရင်အား မအပ်လိုသဖြင့် တိတ်တဆိတ် မြှုပ်နှံထားခဲ့ကြောင်း၊ ယုံကြည် ချက်အရ လူတစ်စုတို့သည် ထိုနေရာတွင် တူးဖော်ကြရာ ခြောက်လမျှအကြာ တွင် ရွှေဒင်္ဂါးနှစ်ကုဋေဖိုးမျှ ထိုက်တန်သော ရွှေအိုး၊ ရွှေခွက်၊ ရွှေပန်းကန်မှစ၍ ရှေးမက္ကဆီကင် လူမျိုးတို့ သုံးစွဲသည့် ပစ္စည်းများကို ရဖူးကြောင်းများကို နား ထောင်ချင့်စဖွယ် ပြောပြလေသည်။

ဤသို့နှင့် ထောင်မှူးကြီးသည် ကျွန်ုပ်အပေါ်၌ ပို၍ခင်မင်ပြီးလျှင် အားလပ်၍ အခါအခွင့်ရတိုင်း ဤအကြောင်းများနှင့် ပတ်သက်ပြီး ကျွန်ုပ်က မေးမြန်းလေ့ရှိရာ ကျွန်ုပ်ကလည်း ကျွန်ုပ်ဗဟုသုတရှိသလောက် ရှေးဟောင်း သိုက်များအကြောင်းကိုလည်းကောင်း၊ မကြာမီက မြန်မာပြည်အရပ်ရပ်တွင် တိမ်ကောနစ်မြုပ်နေသော သူဌေးများ၏ ပစ္စည်းများကိုလည်းကောင်း၊ ခိုးသား

http://www.cherrythitsar.org



ဓားပြတို့၏ပစ္စည်းများကိုလည်းကောင်း ကျွန်ုပ် သိရှိသလောက် ပြောပြသော အခါ ထောင်မှူးကြီးမှာ လွန်စွာ စိတ်ဝင်စားလျက်ရှိလေ၏။

ကျွန်ုပ်လည်း လွတ်မြောက်ရန် တနင်္ဂနွေ နှစ်ပတ်ခန့်သာလိုသော အချိန်၌ တစ်နေ့သော နေ့လယ်ခင်းတွင် ထောင်မှူးကြီးသည် ထောင်ဗူးဝရှိ ရုံးခန်းအပေါ်ထပ်ဖြစ်သော သူ၏အိမ်သို့ ကျွန်ုပ်အား ခေါ်ပြီးလျှင် ဤဝတ္ထုအစ တွင် ရေးသားဖော်ပြခဲ့သော မော်ဇာနယ်မှ ဖမ်းဆီးရမိသည့် ဓားပြခေါင်းဆောင် 'ကျားကြီး' အကြောင်းကို အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ပြောပြ ပြီးနောက် –

"ကျားကြီး ဒီထောင်ရောက်လာတုန်းက မောင်ဘိုးထော် မရောက် သေးဘူး ... ဟုတ်စ"

"မရောက်သေးပါဘူး သခင်၊ ပြောသံတော့ ကြားဖူးပါတယ်"

"အင်မတန်ဆိုးတဲ့ လူတစ်ယောက်ပဲ မောင်ဘိုးထော်၊ ဒီလူက ရယ် ရယ်ပြုံးပြုံးနဲ့ အတူတူ ထိုင်စကားပြောနေရာက စိတ်မထင်ရင် တွေ့ကရာနဲ့ ဒက်ခနဲ ကောက်ချချင် ချလိုက်တာပဲ။ အင်မတန် စိတ်မြန်တဲ့လူ၊ နို့ပေမဲ့ ဝမ်းထဲ သဘောတော့ ကောင်းပုံရတယ်"

"မှန်ပါ့"

"ဒီလူ ဒီထောင်မှာ သုံးလကျော်ကျော်လောက် အချုပ်ခံနေရတယ် မောင်ဘိုးထော်ရဲ့၊ ပြီးတော့ အနှစ် ၂၀ အပြစ်ပေးလိုက်တော့ သရက်မြို့ထောင် ကို ရွှေ့လိုက်ရတယ်။ တိုက်ရာခိုက်ရာမှာ ဖျတ်ဖျတ်လတ်လတ် ရှိသလောက် ဉာဏ်ကလည်း အင်မတန် သွားတဲ့လူတစ်ယာက်ပဲ၊ ပြီးတော့ သူတိုက်ခိုက်တဲ့ ရွှေငွေ ပစ္စည်းဘဏ္ဍာတွေဟာ သုံးနှစ်အတွင်းမှ တစ်သိန်းခွဲထက် မနည်းဘူး"

"တယ်များပါလား သခင်"

"များတယ်လေ၊ ဒီလူက သူများလို ငွေတစ်ရာကိုးဆယ်မျိုး ပါလို့ တိုက်တာမှ မဟုတ်ဘဲပဲ၊ သူကိုယ်တိုင်ဓာတ်သိမှ၊ မိလည်း မိလောက်မှ တစ်ခါ တည်း ချက်ကောင်းကိုင်တဲ့လူ မောင်ဘိုးထော်ရဲ့၊ ပြီးတော့ သားမယားလည်း မရှိဘူးတဲ့ မောင်ဘိုးထော်ရဲ့"

"ဒီလိုဆိုရင် တိုက်ရတဲ့ပစ္စည်းတွေ အလကားပေါ့ သခင်"

"သည်တော့ ဒီလောက်ရတဲ့ ရွှေငွေတွေဟာ သားမရှိ၊ မယားမရှိရင် သူတစ်ယောက်တည်း သုံးစွဲလို့ မကုန်ဘူး၊ ပြီးတော့ ... တခြား လူဆိုးတွေလို သောက်လား စားလား၊ ကစားလားလည်း မရှိဘူး။ တိုက်လို့ တော်တော်ရပြန် ရင် ခပ်ဝေးဝေးနေရာမှာ အေးအေးချမ်းချမ်းချမ်းနေပြန်ရောတဲ့"

"တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ သခင်"

http://www.cherrythitsar.org



"ထူးဆန်းတာတော့ မပြောနဲ့တော့၊ ရတဲ့ပစ္စည်းဥစ္စာတွေလည်း သူ စားတန်သလောက် ယူပြီး တောထဲ အလွန်လျှို့ဝှက်တဲ့ နေရာတစ်ခုမှာ ဝှက်ပြီး ထားသတဲ့ မောင်ဘိုးထော်ရဲ့"

"ပြောပါဦး သခင်ရဲ့"

"အခုမိတာလည်း လင်းရှာက မိန်းမတစ်ယောက်နဲ့ ရာဇဝတ်အုပ် တစ်ယောက်က လှည့်ပတ်ပြီး ထောင်ဖမ်းတာကြောင့် မိရတာကွယ့်"

"ပစ္စည်းထားတဲ့နေရာ နည်းနည်းပါးပါးမှ မရိပ်မိကြဘူးလား သခင်၊ အနည်းဆုံး ဘယ်တောထဲမှာ ရှိတယ်လို့တောင် သတင်းမရကြဘူးလား"

"သူကလွဲလို့ ဘယ်သူမှမသိပါဘူးကွယ်။ ထင်ချက်လောက်ပဲ ရှိပါ တယ်။ အချို့ကလည်း လင်းရှာအနောက်ဘက် မန်ကျည်းအုပ်ထဲ ဝင်သွားတာ မကြာမကြာ မြင်လိုက်ရတယ်တဲ့၊ တချို့ကလည်း မော်ဇာအရှေ့ဘက် ထန်း တောထဲမှာ ရှိလိမ့်မယ်တဲ့၊ တချို့ကလည်း 'ဘုရားကြီး' အရှေ့မြောက်ဘက်က ဆူးရစ်ချုံတွေပေါ်တဲ့ ရိုးကလေးထဲမှာ ရှိမှာပဲတဲ့၊ အမျိုးမျိုး စိတ်ကူးနဲ့ပြောကြတာ ပဲ၊ ဘယ်သူမှ တပ်အပ်သေချာ မသိပါဘူး"

"သခင် ပြောတဲ့အတိုင်းဆိုရင် တစ်နေရာရာမှာ ဝှက်ထားတာကတော့ အမှန်ပဲ၊ မဟုတ်ဘူးလား သခင်"

"ဟုတ်တာပေါ့၊ ဝှက်ထားကြောင်းကိုတော့ ရွာနီးချုပ်စပ်က လူတွေ အသိပေါ့ မောင်ဘိုးထော်ရဲ့"

"ဒီအချုပ်ထဲ ရောက်လာတော့ သူ့ကို သခင် နည်းနည်း တီးခေါက် မကြည့်ဘူးလား"

"ကြည့်ပြီးလားကွယ်၊ အဲဒီအကြောင်း မောင်ဘိုးထော် တိုင်ပင်ချင်လို့ အခု ခေါ်တာပဲ၊ ဒီလိုပဲ ... ကျားကြီး အချုပ်ထဲ ရောက်လာတော့ ဒီလူက ဘယ်သူနဲ့မှ အပေါင်းအဖော် မလုပ်ဘူး။ ဘယ်သူ့ကိုမှလည်း မကြောက်ဘူး၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘူး၊ နို့ပေမဲ့ ဘဂျပ်ဆင်ဆိုတဲ့ ထောင်ပြာတာကြီး တစ်ယောက်ကိုတော့ သူမျက်မှန်းတန်းမိပြီး နည်းနည်း အရောဝင်တယ်။ ဘဂျပ်ဆင်ကလည်း ကုလားပါးကြီးပဲ၊ ဒီလူဟာ လူဆိုးခေါင်းဆောင်မှန်းသိလေတော့ ထောင်ပြင်က ကွမ်းယာကလေး ယူလာ၊ ဆေးပြင်းလိပ်ကလေး ယူလာပေး၊ ဟင်းကလေး ဘာလေးလည်း ကောင်းကောင်းမွန်မွန်စားရအောင် ကြည့်ရှုလေ တော့ တဖြည်းဖြည်း ဒီကုလားကြီးကို ခင်မင်လာပြီး သူတို့ချင်း ဘယ်လောက် အရောဝင်သလဲဆိုရင် ဘဂျပ်ဆင်က ပြောင်းပြီး သူ့ကို 'ကျားကလေး' လို့ ခေါ်တယ်။ သူကလည်း ဘဂျပ်ဆင်ကို နာမည်မခေါ်ဘဲ 'မုတ်ဆိတ်ကြီး' လို့ ခေါ်တယ်။ သည်လောက်တောင် ရင်းနှီးကြတယ်၊ ဒါနဲ့ သူက တစ်နေ့တော့

http://www.cherrythitsar.org



ခင်ဗျားကို ကျုပ် တစ်နေ့နေ့ ကျေးဇူးဆပ်မယ်ဗျာ၊ ကျုပ်မှာ ငွေတစ်သိန်းနီးပါး လောက် စုထားတာ ရှိပါတယ်။ ကျုပ် ခင်ဗျားလို ကျေးဇူးရှင်မျိုး လိုက်ရှာနေ တာပဲ၊ ပြီးတော့ ထောင်ထဲမှာ ကျုပ် ချမ်းချမ်းသာသာနေရအောင် ခင်ဗျားလုပ် ပေးတာ၊ ခင်ဗျား ကျေးဇူးဘယ်တော့မှ ကျုပ် မမေ့ပါဘူးလို့ ပြောသတဲ့"

"နေပါဦး သခင်၊ ဘဂျပ်ဆင် ဆိုတာ မြန်မာရည်လည်ပြီးတော့ မုတ် ဆိတ်ဖြူကြီးနဲ့ ထောင်ပြာတာကြီး မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီ ထောင်ပြာတာကြီးပဲ၊ မောင်ဘိုးထော် မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် သခင်"

"ဒီလို မောင်ဘိုးထော်၊ အဲဒီ ဘဂျပ်ဆင်ကို ကျားကြီးက ဘယ်အထိ ပြောသွားသလဲဆိုရင် တကယ်လို့ ကျုပ်များ ကြိုးပေးခံရလို့ရှိရင် ပစ္စည်းဟာ မြေကြီးသြဇာတော့ အဖြစ်မခံဘူး၊ ဘဂျပ်ဆင်ကို အကုန်ဖွင့်ပြောခဲ့မှာပဲလို့တောင် ပြောသွားသတဲ့၊ အခု အနှစ် ၂၀ ကျသွားတော့ ကုလားကြီး ဘင်္ဂလားပြန်သွား တာ ဘယ်တော့ ပြန်မလာမလဲဆိုတဲ့အကြောင်း သူ့ကို သရက်ထောင် မပို့ခင် မကြာမကြာ မေးနေဆိုပဲ"

"ဒီလိုဆို ဘဂျပ်ဆင်ရှိရင် သူ ဖွင့်ပြောကောင်း ပြောမှာပဲ သခင်"

"ဒါပေါ့ မောင်ဘိုးထော်ရဲ့၊ အနှစ် ၂၀ ဆိုတော့လည်း သေတာနဲ့ မထူးပါဘူး၊ လူဆိုတာ မျှော်လင့်စရာမရှိတဲ့ အချိန်မှာ ဖွင့်ပြောမြဲပဲ၊ ဒါနဲ့ ဘဂျပ် ဆင် ဘင်္ဂလားကို ခဏရယ်လို့ ပြန်သွားတာ အခု ဟိုမှာ ဆုံးရှာပြီတဲ့ မောင်ဘိုး ထော်၊ သူ့ညီဆီကို ဒီကနေ့ မနက်ပဲ စာရောက်လာတယ်"

"ဩော် … ဖြစ်မှဖြစ်ရလေ သခင်၊ ကုလားကြီး သဘောလည်း ကောင်း မြန်မာရည်ကလည်း လည်လိုက်တာ မပြောနဲ့တော့"

"ဒီလို မောင်ဘိုးထော်ရဲ့၊ ကုလားကြီး ဘင်္ဂလားကို ခဏရယ်လို့ ပြန်သွားတော့ လက်မှတ်တွေရော၊ အမှုထမ်း စာအုပ်ရော ကျုပ်ဆီမှာ ထားခဲ့ တယ်။ ဒီအကြောင်း သူ့ညီ ဘဂဝမ်ဆင်တောင် သိဟန်လက္ခဏာမရှိဘူး"

"မှန်ပါ့၊ ဒါနဲ့ သူ့ညီက ဘယ်မှာလဲ သခင်"

"သူ့ညီက မြို့တောင်ဘက် တဲစုကလေးမှာ နွားမွေးပြီး နွားနို့ရောင်း စားနေတယ်။ ကျုပ်ခေါ်လိုက်ရင် ချက်ချင်းရပါတယ်။ ဒီတော့ ကျုပ်ကြံထား တာက ဘဂျပ်ဆင် ပြန်ရောက်လာပြီဖြစ်တဲ့အကြောင်း၊ ဒါပေမဲ့ အသက်က လည်း ကြီး၊ ကောင်းကောင်းလည်း မကျန်းမာလို့ သူကိုယ်တိုင် မလာနိုင်တဲ့ အတွက် သူ့ညီကို လွှတ်လိုက်ရတဲ့အကြောင်း၊ ဒါကြောင့် သူ့ညီအပေါ်မှာ သူ့လိုပဲ စိတ်ချပြီး အခုစာထဲမှာ သူရေးလိုက်တဲ့အကြောင်း လုပ်ပေးလိုက်ဖို့

အကြောင်း စာရေးပြီး ဘဂဝမ်ဆင်က သရက်ထောင်ကို သွားရမယ်၊ ထောင်ပြာတာ အဖြစ်နဲ့ သွားသင့်သွားရမယ်”

“ဖြစ်ပါ့မလား သခင်၊ သူ့ညီဆိုတာကိုကော ကျားကြီးက ယုံကြည်ပါ့မလား”

“ယုံကြည်ပါလိမ့်မယ် မောင်ဘိုးထော်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ညီဟာ ဘဂျပ်ဆင်နဲ့ မျက်နှာချင်းလည်း အင်မတန်တူတယ်။ နည်းနည်း အရပ်ကလေး နိမ့်တာတစ်ခုပဲ ပြောစရာရှိတယ်၊ မုတ်ဆိတ်မွေးရော၊ ပါးသိုင်းမွေးသွားဟန်လာဟန်ကစပြီး ဘဂျပ်ဆင်နဲ့ အင်မတန် တူတယ်”

“ဒီတော့ သခင်ကြီးက ဘယ်လို ကြံမှာလဲ”

“ကျုပ်စိတ်ကူးထားတာက သူ့ညီ ဘဂဝမ်ဆင်နဲ့ မောင်ဘိုးထော်ကို သရက်မြို့ ထောင်ရောက်အောင် တစ်နည်းနည်းနဲ့ ကျုပ် ကြံမယ်၊ ဘဂဝမ်ဆင်က သရက်မြို့ ထောင်ထဲမှာရှိတဲ့ သူ့ဆွေမျိုးကုလားထောင်ပြာတာတစ်ယောက်ဆီကို အလည်အပတ်သွားတဲ့သဘောနဲ့ ထောင်ထဲရောက်အောင် ကျုပ်ကြံပေးမယ်။ ဘဂဝမ်ဆင်က ကျုပ်ဆီကို နွားနို့ပို့ရအောင် လာတုန်းကလည်း သရက်မြို့ ထောင်ထဲမှာ သူ့ဆွေမျိုး ထောင်ပြာတာတစ်ယောက်ရှိတယ်လို့ သူပြောဖူးတော့ သူ့ကို အကျိုးအကြောင်း ဖွင့်ပြောတန်သလောက်ပြောပြီး အဲဒီ ထောင်ပျာတာကြီးဆီမှာ ဧည့်သည်အဖြစ်နဲ့ ခဏ တည်းခိုသလို လုပ်ရမယ်။ မောင်ဘိုးထော်ကိုတော့ အကျဉ်းသားချင်း လဲတဲ့အနေနဲ့ ကျုပ်ပို့ပေးရမယ်။ ဘဂဝမ်ဆင်ဟာလည်း အင်မတန် လူရည်လည်ပါတယ်။ ဒီကိစ္စကြီး အောင်မြင်သွားလို့ ပစ္စည်းဥစ္စာတွေရလာရင် သူ့အတွက်လည်း ထိုက်သင့်သလောက် ရစေရမယ်ပေါ့၊ ဒီလိုဆိုရင် သူလည်း ငြင်းမယ် မဟုတ်ဘူး”

“ကျွန်တော်မျိုးက သူနဲ့အတူတူလောက် သွားရမှာလား သခင်”

“မဟုတ်ဘူးလေ၊ အတူတူရောက်သွားလို့ ဘယ်ဖြစ်မလဲ၊ မောင်ဘိုးထော်က အရင်ရောက်နှင့်ပြီး ကျားကြီးနဲ့ ပထမ မိတ်ဆွေဖွဲ့မှာပေါ့၊ မိတ်ဖွဲ့ပြီး အတော်ကလေးကြာမှ သရက်မြို့ထောင်ကို ဘဂဝမ်ဆင်ဆိုတဲ့ ထောင်ပြာတာတစ်ယောက် ရောက်နေတဲ့အကြောင်း၊ အဲဒီထောင်ပြာတာဟာ ပြည်ထောင်မှာ သူရှိတုန်းက မိတ်ဆွေဖြစ်ခဲ့တဲ့ ဘဂျပ်ဆင်ရဲ့ ညီအရင်းဖြစ်တဲ့ အကြောင်းပြောထားနှင့်ရမယ်၊ မိတ်ဆက်ဖို့ စကားသွင်းထားရမယ်ဆိုပါတော့၊ ဒီနောက် မောင် ဘိုးထော်က ဘဂဝမ်ဆင်ကို ကျားကြီးနဲ့ တစ်နေရာရာမှာ လျှို့ဝှက်စွာတွေ့အောင် ချိန်းပေးရမယ်၊ ဒီလို သူတို့နှစ်ယောက် တွေ့အောင် လုပ်ပေးဖို့ကတော့ မောင်ဘိုးထော်ရဲ့ တာဝန်ဆိုပါတော့၊ အဲဒီလိုတွေ့ပေးတဲ့အခါမှာ ဘဂဝမ်ဆင်ဟာ ဘဂျပ်ဆင်ရဲ့ညီ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ကျားကြီးက သံသယ

ဖြစ်ရင် ဟုတ်တဲ့အကြောင်း မောင်ဘိုးထော်က ဝင်ပြီး ထောက်ခံဖို့ ဘယ်နှယ်လဲ မောင်ဘိုးထော်၊ ကျုပ်ပြောတာ သဘောပေါက်ပြီလား”

“ပေါက်ပါပြီ သခင်၊ ကျွန်တော်မျိုးက ဘဂဝမ်ဆင်ကို ကျားကြီးနဲ့ မိတ်ဆက်ပေးပြီး သူဟာ ဘဂျပ်ဆင်ရဲ့ညီ ဖြစ်တဲ့အကြောင်း၊ ကျားကြီး ယုံအောင် ပြောဖို့ပဲ မဟုတ်လား”

“ဟုတ်တယ် မောင်ဘိုးထော် ဒါပဲ၊ သူတို့ညီအစ်ကို ရုပ်ချင်းကလည်း ခပ်ဆင်ဆင်တူတော့ သူလည်း ယုံကြည်ပါလိမ့်မယ်၊ မယုံကြည်ဘူးဆိုရင်တော့ ကံတရားအတိုင်းပေါ့ မောင်ဘိုးထော်၊ ကျုပ်တို့ အကြံပျက်ရုံပေါ့”

“ကောင်းပါပြီ သခင်၊ ကျွန်တော်တို့တတ်နိုင်သလောက် ကြိုးစားပါ့မယ်”

နောက်တစ်နေ့၌ပင် ထောင်မှူးကြီး မက်ကောမစ်သည် သူ၏အိပ်ခန်းသို့ ကျွန်ုပ်အားခေါ်ပြီးလျှင် အသင့်ရောက်နေပြီဖြစ်သော ဘဂဝမ်ဆင်ဆိုသူ နွားနို့ရောင်းသော ကုလားနှင့် မိတ်ဆက်ပေး၏။ ထို့နောက် ကျွန်ုပ်ကို သခင်က ပြောခဲ့ဖူးသည့်အတိုင်း သူ၏လျှို့ဝှက်သော အကြံအစည်ကို ကျွန်ုပ်တို့နှင့် တိုင်ပင်လေသည်။

ဘဂဝမ်ဆင်မှာ မြန်မာစကားကောင်းစွာ တတ်ပြီးလျှင် လူရည်လည်သော ကုလားဖြစ်သည့်အတိုင်း ထောင်မှူးကြီးပြောသမျှကို ကောင်းစွာသဘောပေါက် နားလည်လေသည်။

*

နောက်တစ်လခန့်ကြာသောအခါ ကျွန်ုပ်သည် သရက်မြို့ ထောင်သို့ ရောက်ရှိနေပြီဖြစ်ရာ ကျားကြီးနှင့်လည်း အတော်အသင့် မိတ်ဆွေဖြစ်၍နေခဲ့လေပြီ။ ကျားကြီးမှာ ယခင်က အလွန်ခက်ထန်၍ မျက်နှာထားတင်းသူတစ်ယောက် ဖြစ်သည်ဆိုသော်လည်း ယခုအချိန်၌မူ အလုပ်ကြမ်း၏ ဒဏ်ကြောင့်သော်လည်းကောင်း၊ သူ၏ကျန်းမာရေး အခြေအနေကြောင့်သော်လည်းကောင်း အတော်ပင် ကြုံလှီလျက်ရှိနေသည်ကို တွေ့ရ၏။ သူသည် ပထမတွင် ကျွန်ုပ်အား ခပ်တန်းတန်းဆက်ဆံလျက် ရှိနေခဲ့သော်လည်း ကျွန်ုပ်က သူ့အား တတ်နိုင်သမျှ အခွင့်အရေးပေးရုံမက တစ်ခါတစ်ရံ ဆေးပြင်းလိပ်ကလေးများနှင့် ကျွန်ုပ် ကြံဖန်ရရှိခဲ့သည့် မုန့်ပဲသွားရည်စာကလေးများကို ပေးသောအခါ အတော်ပင် ရင်းနှီး၍လာခဲ့၏။

မကြာမီပင် သရက်ထောင်သို့ ဘဂဝမ်ဆင်ရောက်လာပြီး ဂန်ဂျစ်ဆင်ဆိုသူ ထောင်ပြာတာကြီး၏ အိမ်တွင် တည်းခိုနေထိုင်လျက်ရှိကြောင်း သိရ၏။ ထောင်ပြာတာကြီး၏အိမ်မှာ ထောင်ခြံနှင့် မနီးမဝေးတန်းလျား၏ ထောင့်စွန်း

http://www.cherrythitsar.org



အခန်းဖြစ်၍ ကျွန်ုပ်လည်း ထောင်သားများအလစ်တွင် ခြံစည်းရိုး တစ်ဘက်မှ နေ၍ သူနှင့် စကားပြောခွင့်ရခဲ့လေသည်။

ကျွန်ုပ်၏အကြံမှာ ပြည်မြို့ထောင်တွင် ကျားကြီးရှိစဉ်က ထောင်ပြာ တာ ဘဂျပ်ဆင်အား သူပြောခဲ့ဖူးသည့်အတိုင်း သူ၏ပစ္စည်းဘဏ္ဍာများ မြှုပ်နှံ ထားသည့် နေရာရှိ မရှိဆိုသည့်အကြောင်းကို ပထမဦးစွာ တီးခေါက်စုံစမ်းရပေ မည်။ ထို့နောက် ဘဂျပ်ဆင်၏ ညီအရင်းတစ်ယောက်သည် ဤထောင်သို့ ထောင်ပြာတာ အသစ်တစ်ယောက်အဖြစ်နှင့် ရောက်လာကြောင်း၊ ထိုသူမှာ ပြည်မြို့ ထောင်ထဲတွင် ကျွန်ုပ်နှင့်သိခဲ့ဖူး၍ ဤထောင်၌ သူ၏အစ်ကိုနှင့် ခင်မင် သော ကျားကြီးဆိုသူ အကျဉ်းသားတစ်ယောက်ရှိ မရှိ ကျွန်ုပ်အား မေးမြန်းရာ ကျွန်ုပ်က ရှိကြောင်းဖြင့် သူ့အား ပြန်ပြောလိုက်ကြောင်း၊ ထိုအခါ ဘဂျပ်ဆင် ၏ ညီ ဘဂဝမ်ဆင်ဆိုသူက ဤသို့ဆိုလျှင် သူသည် ကျားကြီးဆိုသူ အကျဉ်း သားအား အရေးကြီးသော ကိစ္စတစ်ခုနှင့် တွေ့လိုကြောင်း စသည်တို့ကို ကျား ကြီးအား ပထမဦးစွာ ကျွန်ုပ်က လမ်းခင်း၍ပြောထားရပေမည်။ ထို့နောက်တွင် မှ သူတို့နှစ်ယောက်အား ကျွန်ုပ်က ကြံဖန်၍ တွေ့ဆုံပေးရပေမည်။

သို့နှင့် တစ်နေ့တွင် ကျွန်ုပ်သည် ထောင်၏တောင်ဘက် ရေစင်အနီးရှိ ပျိုးခင်း၌ အလုပ်လုပ်မည့် အကျဉ်းသားများအား ကွပ်ကဲလိုက်ပါသွားခဲ့ရာ ထိုနေ့၌ ကျားကြီးနှင့် အချိန်အတော်ကြာ စကားပြောဆိုခွင့်ရရှိခဲ့၏။ ကျွန်ုပ် သည် ကျားကြီးအား ထောင်ပြာတာ နှစ်ယောက်နှင့် အခြားအကျဉ်းသားများ အလစ်တွင် ဆေးပြင်းလိပ်တစ်လိပ်ကို ပေးလိုက်ရာ ကျားကြီးသည် ဆေးလိပ် ဖင်ကို ကိုက်ဖြတ်၍ ငုံလိုက်ပြီးနောက် ဆေးလိပ်တိုကို သူ၏နံငယ်ပိုင်းထဲတွင် ကျစ်လျစ်စွာ လိပ်၍ ဝှက်ထားလိုက်၏။

"ဩော် ... ဒါနဲ့ ခင်ဗျားလည်း အတော်ပိန်သွားတာပဲ"

ကျားကြီးသည် တဟွတ်ဟွတ် ချောင်းဆိုးလျက်ရှိရာမှ – "ကျေးဇူးပါ ပဲ ကိုဘိုးထော်၊ ဆေးမငုံရတာ နှစ်ရက်ရှိသွားပြီ၊ ထမင်း မစားရရင် နေပေစေ၊ ဆေးငုံတာတော့ ကျုပ် မဖြတ်နိုင်ဘူးဗျို့"

"ဒါနဲ့ပြောရဦးမယ်၊ ခင်ဗျားကို ဟိုနေ့က ကျုပ်ပြောခဲ့တဲ့အတိုင်း ပြည် မြို့ထောင်ထဲမှာ ခင်ဗျားနဲ့ အင်မတန် ခင်မင်ရင်းနှီးဖူးတယ်ဆိုတဲ့ ဘဂျပ်ဆင်ရဲ့ညီ ထောင်ပြာတာ အသစ်တစ်ယောက် မနေ့ကပဲ ဒီထောင်ထဲ ရောက်လာတယ်လေ"

"ဩော် ... ဟုတ်လား၊ ခင်ဗျားကို ဘယ်သူကပြောလဲ"

"ကျုပ် သိတာပေါ့ဗျာ၊ ထောင်မှူးကြီးအိမ်ကို နေ့တိုင်း နွားနို့လာပို့တဲ့ ကုလားက အခုထောင်ပြာတာဖြစ်ပြီး ဒီမြို့ကို ပြောင်းလာရတယ်၊ ကျုပ်နဲ့

http://www.cherrythitsar.org


ကောင်းကောင်း သိတာပေါ့”

“သူက ဘဂျပ်ဆင်ကြီးနဲ့ ညီအစ်ကို အရင်းတဲ့လား”

“ဟုတ်တယ်လေ သူ့ညီအရင်းပဲ၊ ရုပ်ချင်းလဲ ခပ်ဆင်ဆင်ပဲ”

“ဒါဖြင့် ကျုပ်တွေ့ချင်တယ်ဗျာ”

“ဒီလိုဆို တွေ့ရအောင် ကျုပ် ကြံပေးပါ့မယ်”

“ဘယ်လိုကိစ္စရှိလို့လဲ ကိုကျားကြီး”

ကျွန်ုပ်မှာ စကားကို အကုန်ဖွင့်၍ မပြောဝံ့သေးဘဲ သူ၏ အရိပ်အကဲကို စောင့်ကြည့်ရန် စကားတောက်လိုက်ခြင်း ဖြစ်၏။

“ကိစ္စက သူ့အစ်ကို ဘဂျပ်ဆင်ကြီးကို ကျုပ်ပြောခဲ့ဖူးတဲ့ ကိစ္စပေါ့ဗျာ၊ အခုတော့ အဘိုးကြီးကလဲ ဘင်္ဂလားက ပြန်လာပြီး ကောင်းကောင်းလဲ မကျန်းမာလို့ မလာနိုင်ဘူးဆိုတော့ သူ့ညီကိုပဲ ပြောစရာရှိတာတွေ ပြောလိုက်ရမှာပေါ့၊ ဪ ... ဒါထက် ဘဂဝမ်ဆင်ဆိုတဲ့ ပြာတာက သူ့ညီအရင်းပဲနော်”

“ဟုတ်ပါတယ်ဗျာ၊ ကျုပ် သေသေချာချာ သိပါတယ်”

“ကဲ ... ဒါဖြင့် ကိုဘိုးထော်ပဲ ကြည့်ပြီး ကျုပ်တို့ချင်း တွေ့ရအောင် လုပ်ပေးပါဗျာ”

*

ကျွန်ုပ်၏အကြံမှာ ထောင်ပြာတာ ဂန်ဂျစ်ဆင်၏အိမ်တွင် ဧည့်သည်အဖြစ် တည်းခိုလျက်ရှိသော ပြည်မြို့မှ ဘဂဝမ်ဆင်ကို သူ၏ အိမ်ရှင်အား လာဘ်ထိုး၍ လူချင်းလဲနိုင်အောင် ပထမကြံရမည်ဖြစ်၏။ ဂန်ဂျစ်ဆင်၏ ထောင်ပြာတာ အဝတ်အစားတစ်စုံကို ခေတ္တယူ၍ ဝတ်ရန်မှာ ခဲယဉ်းမည် မဟုတ်ချေ။ ထို့နောက် ထောင်ပြာတာ ဂန်ဂျစ်ဆင်အိမ်နှင့် ကပ်လျက်ရှိသော ယာခင်းသို့ထွက်၍ အလုပ်လုပ်သည့် အကျဉ်းသားများကို ကျွန်ုပ်က အုပ်ချုပ်လိုက်ပါပြီးလျှင် ဘဂဝမ်ဆင်အား ထောင်သားများအလစ်တွင် ခြံစည်းရိုးကို တစ်နေရာမှ ဖောက်၍ ဝင်စေမည်။ ခြံတွင်းသို့ ရောက်သောအခါ ဘဂဝမ်ဆင်သည် နောက်ရောက်လာသည့် ထောင်ပြာတာအသစ်တစ်ယောက် ဖြစ်ကြောင်းဖြင့် ထောင်သားများအား လှည့်ဖြားပြောဆိုပြီးလျှင် ပန်းဂေါ်ဖီနှင့် မုန်လာစိုက်ခင်းကို သူတို့ စိုက်ပျိုးလုပ်ကိုင်လျက်ရှိစဉ် ဘဂဝမ်ဆင်အား ကျားကြီးနှင့် စကားပြောဆိုခွင့်ရအောင် ကျွန်ုပ်က ကြံစည်ပေးမည်။ တစ်ကြိမ် တွေ့ဆုံ၍ နေရာကျလျှင် နောက်ထပ် နှစ်ကြိမ်သုံးကြိမ် တွေ့ဆုံရန် ခဲယဉ်းတော့မည် မဟုတ်ပေ။

သို့နှင့် ဤအကြောင်းကို ဘဂဝမ်ဆင်နှင့် တိုင်ပင်ပြီးလျှင် ဂန်ဂျစ်ဆင်အား ယင်းကိစ္စအတွက် ဘဂဝမ်ဆင်မှတစ်ဆင့် ကျွန်ုပ်က ငွေတစ်ရာ ပေး

လိုက်ရာ ပထမတွင် ဂန်ဂျစ်ဆင်က အတန်တန်ငြင်းပယ်လျက်ရှိသော်လည်း တစ်နာရီခန့်မျှ လူချင်းလဲရမည့် ကိစ္စကလေးအတွက် ငွေတစ်ရာကျပ်ကို အလွယ်တကူရမည်ဖြစ်သောကြောင့် နောက်ဆုံး သဘောတူလေသည်။ နောက် နှစ်ရက်မျှ ကြာသောအခါ ကျွန်ုပ်၏အကြံမှာ ကောင်းစွာထမြောက် အောင်မြင် ခဲ့၏။ ထိုအကျဉ်းသားအုပ်အား ကွပ်ကဲလိုက်ပါလာသည့် အခြားဗာရာ တစ် ယောက်မှာလည်း ကျွန်ုပ်က ငွေနှစ်ဆယ်ပေးထားပြီးဖြစ်သဖြင့် ကျွန်ုပ်ကို ကိစ္စ ထဲသို့ ဝင်၍ စွက်ဖက်မည် မဟုတ်ချေ။

ထိုအချိန်၌ ကျားကြီးမှာ ကျွန်ုပ်နှင့် တိုင်ပင်ထားပြီးဖြစ်သည့်အတိုင်း စိုက်ခင်း၏ထောင့်တစ်နေရာတွင် ပျိုးပင်ကလေးများကို ရေလောင်းလျက် ရှိနေ၏။ ခြံထဲသို့ ဘဂဝမ်ဆင် ရောက်လာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်း ထောင်သားများအား သံသယမဖြစ်စေဘဲ ကျားကြီးရှိရာသို့ ခေါ်သွားပြီးလျှင် သူတို့နှစ်ယောက်အား မိတ်ဆက်ပေးလိုက်လေသည်။ ထိုအချိန်၌ ကျားကြီးမှာ အသားများ ဝါ၍နေပြီးလျှင် ချောင်းတဟွတ်ဟွတ် ဆိုးလျက်ရှိရာ သူ၏ကျန်းမာရေးမှာလည်း တစ်နေ့တခြား ကျဆင်းလျက်ရှိကြောင်း ကျွန်ုပ်သတိပြုမိ၏။

သုံးကြိမ်မျှ သူတို့ချင်းတွေ့ဆုံပြီးနောက် တတိယနေ့သို့ ရောက်သော အခါ ကျားကြီးသည် သူတို့စကားပြောသည့် နေရာသို့ ကျွန်ုပ်အား လှမ်း၍ခေါ် ပြီးလျှင် –

"ကဲ … ကိုဘိုးထော် ကျုပ်တို့ကိစ္စမှာ ခင်ဗျားလည်း ပါမှ ဖြစ်လိမ့်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီက ဘဂဝမ်ဆင် တစ်ယောက်တည်းနဲ့လည်း မပြီးဘူးဗျ"

ကျွန်ုပ်က ဟန်ဆောင်လျက် –

"ခင်ဗျားတို့ချင်း ပြီးရင်လည်း ပြီးတာ ပါပဲဗျာ၊ ကျုပ် ဝင်စရာမလိုပါဘူး။ ကိစ္စက ဘယ်လိုကိစ္စမျိုးမို့လဲ"

ကျားကြီး က –

"အဟွတ် … အဟွတ်၊ ကိစ္စက သေရေးရှင်ရေးကိစ္စပဲ ဆိုပါတော့ ကိုဘိုးထော်၊ ကျုပ်ဟာ ကောင်းကောင်း မမာဘူးဗျ၊ လူ့ပြည်မှာ ကြာကြာနေရတော့မယ် မထင်ဘူး၊ သန်ဘက်ခါလောက်ပဲ ဆေးရုံတက်ခွင့်ရဖို့ ထောင်မှူးကြီးကို ကျုပ်ပြောပြီးပြီ၊ လူ့ပြည်မှာ ကြာကြာနေရတော့မယ် မထင်ပါဘူးဗျာ"

"မဟုတ်တာဗျာ၊ ချောင်းဆိုးရုံကလေးနဲ့ သေရတော့မှာလားဗျ"

"မဟုတ်ဘူး ကိုဘိုးထော် မဟုတ်ဘူး၊ ကျုပ် ချောင်းဆိုးတာက ရိုးရိုး ချောင်းဆိုးတာ မဟုတ်ဘူး၊ ကျုပ် အသည်းနှလုံးမှာ အနာဖြစ်နေပြီနဲ့ တူတယ်ဗျ၊ ဒီထောင်ထဲရောက်မှ သာဆိုးနေတယ်။ ငယ်ငယ်က ရမ်းခဲ့၊ ဆန်းခဲ့တဲ့ ဒဏ်တွေပေါ့ဗျာ၊ ပြီးတော့ ဆင်းရဲသားတွေအပေါ် အနိုင်ကျင့်ခဲ့တာတွေ၊ သူများ

http://www.cherrythitsar.org



ပစ္စည်းမတရားယူခဲ့တာတွေ၊ အားငယ်တဲ့ မိန်းမသားတွေအပေါ် မိုက်မဲစော်ကား ခဲ့တာတွေဟာ အခုလာပြီး အကျိုးပေးတာနဲ့တူတယ် ကိုဘိုးထော်"

"ဒါလောက်လည်း စိတ်မလျှော့ပါနဲ့ဦး၊ အဆုတ်နာဆိုတာ ဆေးရုံမှာ ၁၀ ရက်၊ ၁၅ ရက်လောက်ကုပြီး ဆေးမှန်မှန် စားသွားရင် ပျောက်နိုင်ပါတယ်၊ အခုခေတ် အင်္ဂလိပ်ဆေးဝါးတွေဟာလည်း အင်မတန် စွမ်းတာပဲ၊ ဒါလောက် စိတ်မလျှော့ပါနဲ့ဦးဗျာ"

"မဟုတ်ဘူး ကိုဘိုးထော် မဟုတ်ဘူး။ ဒီရောဂါနဲ့ပဲ ကျုပ် သေရမယ် ဆိုတာ ကျုပ်သိတယ်။ ဒီလိုဗျ ... ကျုပ်ဘဝတစ်လျှောက်မှာ ဆိုးခိုးတိုက်ခိုက် လာလို့ ရတဲ့ပစ္စည်းတွေ ကျုပ်မှာ အတော်များများရှိတယ်။ ရွှေငွေတွေ၊ ကျောက်သံ ပတ္တမြားတွေ စုံလို့ပေါ့ဗျာ၊ ဒီတုန်းက ကျုပ်မှာ ဘာသံယောဇဉ်မှ မရှိဘူး၊ ကျုပ်နေချင်တဲ့ နေရာနေ၊ သွားချင်တဲ့နေရာသွား၊ စားချင်တဲ့နေရာစား၊ အိပ် ချင်တဲ့နေရာအိပ်၊ ရွာထဲက လူမိုက်တစ်ယောက်ခေါ်ပြီး ငွေ ၁၀ ကျပ်၊ ၁၅ ကျပ် ကျုပ်ပေးလိုက်ရင် ထမင်းနှစ်နပ်လောက်တော့ ကောင်းကောင်းကြီး စားရ တာပေါ့ဗျာ၊ ပြီးတော့ လင်းရွာနဲ့ တောင်ဘက်မှာ တဲကလေးထိုးပြီး အကြော် ရောင်းနေတဲ့ မိန်းမကြီးတစ်ယောက်ကလည်း ကျုပ်ကို ထမင်းမှန်မှန် ကျွေးနေ တော့ ကျုပ်မှာ ဘာမှ ပူစရာမရှိဘူးပေါ့ဗျာ၊ ကဲ ... ဒီတော့ တောထဲမှာ ကျုပ် မြှုပ်ထားတဲ့ပစ္စည်းတွေကို ကျုပ် မသေခင် ကျုပ်အပေါ်မှာ ကျေးဇူးရှိတဲ့လူတွေကို ဝေခြမ်းပေးခဲ့ချင်တယ်။ ပြည်မြို့ထောင်မှာတုန်းက အစားအသောက် အနေ အထိုင်ကစပြီး ချောင်ချောင်ချိချိဖြစ်အောင် လုပ်ပေးတဲ့ ကျုပ်ကျေးဇူးရှင် မုတ် ဆိတ်ကြီးကို ဒီပစ္စည်းတွေ အားလုံးပေးခဲ့ချင်တယ်"

"ပေးလိုက်ပါ့မယ်ဗျာ၊ စိတ်ချပါ။ ခင်ဗျား ပေးစေချင်သလောက် ပေး လိုက်မယ်ဆိုတာ ကျုပ် ကျိန်ပြီး ပြောပါ့မယ်"

"ကျိန်ပြီးပြောဖို့ မလိုပါဘူး ကိုဘိုးထော်၊ ခင်ဗျားကို ကျုပ် ယုံကြည် ပါတယ်ဗျာ"

"ပြည်မြို့ အရှေ့ မော်ဇာမြို့ကလေးနားမှာ ကျုပ်အရင်က နေခဲ့ဖူးတဲ့ လင်းရွာဆိုတဲ့ ရွာကလေးရှိတယ်။ အဲဒီ ရွာထိပ်မှာ ဘုန်းကြီးကျောင်း တစ် ကျောင်းရှိတယ်။ အဲဒီကျောင်းကြီးက ဆရာဘုန်းကြီးကို ငွေရှစ်သောင်းဖိုး လောက် လှူလိုက်ပါ၊ ပြီးတော့ ပြည်က အင်္ဂလိပ်ထောင်မှူးကြီးဟာလည်း ကျုပ် အပေါ်မှာ အင်မတန် ကောင်းရှာတယ်။ သူ့ကိုလည်း ငွေရှစ်သောင်းလောက်ဝေ လိုက်ပါ၊ ဘုန်းကြီးကိုလည်း ကျုပ်အတွက် အလှူလုပ်ပြီး ကျုပ်ကို အမျှအတန်း ပေးဖို့ လျှောက်လိုက်ပါ၊ ကျုပ်ကို အမြဲ ထမင်းကျွေးနေတဲ့ အကြော်သည် မိန်းမကြီးကိုလည်း ငွေ ၅၀၀၀ ကျပ်လောက် ပေးလိုက်ပါဦး"

"ပေးပါ့မယ်ဗျာ စိတ်သာချပါ"

"ကျုပ်အသက်သခင် ကျေးဇူးရှင်ပါဗျာ၊ သူ့ကြောင့် ကျုပ် ဒါလောက် အသက်ရှည်လာတာ၊ ကျန်သမျှကိုတော့ မုတ်ဆိတ်ကြီးကို ပေးလိုက်ပါ၊ ခင်ဗျားတို့နှစ်ယောက်ကိုလည်း ဒုက္ခခံတဲ့အတွက် သူကြည့်ပြီး ပေးပါလိမ့်မယ်၊ မုတ်ဆိတ်ကြီးဟာ သဘော အင်မတန်ပြည့်ဝတဲ့ လူတစ်ယောက်ပါ။ ဒီတော့ ဒီကိစ္စတွေဟာ ဘဂဝမ်ဆင် တစ်ယောက်တည်းနဲ့ မပြီးနိုင်ဘူး၊ ကိုဘိုးထော် ကိုယ်တိုင် ကူညီမှဖြစ်လိမ့်မယ်၊ ဒါကြောင့် ကျုပ်သေခါနီးမှာ ခင်ဗျားနဲ့ အခုလို လာပြီး တွေ့ရတာ၊ ကျုပ်ဆန္ဒပြည့်ဝအောင် ကံကောင်းထောက်မတယ်လို့ ဆိုရ မှာပဲ ကိုဘိုးထော်"

ကျွန်ုပ်က ကျားကြီးအား ရုတ်တရက် သူ မသေနိုင်သေးကြောင်းဖြင့် အားပေးလျက်ရှိရာ ဘဂဝမ်ဆင်လည်း ကျွန်ုပ်၏စကားကို လိုက်၍ ထောက်ခံလျက်ရှိလေသည်။ နောက်ဆုံးတွင် ကျားကြီးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် – "ကိုင်း … ကိုဘိုးထော်၊ ဒီတော့ ကျုပ်ပစ္စည်းတွေကို ခင်ဗျားတို့နှစ်ယောက် သွားရှာဖို့ပဲ ရှိတော့တယ်"

(ကျွန်ုပ်က သက်ပြင်းချလျက်) "အင်း … ခင်ဗျားက စိတ်ကို ဒီလို ဆုံးဖြတ်ပြီးပြီဆိုရင်လည်း ဘယ်လိုရှာရမယ်ဆိုတာသာ ပြောပါတော့လေ"

"ပြောပါ့မယ် ကိုဘိုးထော်၊ ပြောပါ့မယ် … အဟွတ် … အဟွတ်၊ အရေးထဲ ချောင်းကလည်း ဆိုးလိုက်တာဗျာ၊ စကားပြောရင် အခုတလော သိပ်မောတယ် ကိုဘိုးထော်"

"ဖြည်းဖြည်း ပြောပါလေ"

"ကျုပ် စာရွက်တစ်ရွက်နဲ့ ပုံစံတော့ ရေးထားတယ်ဗျ၊ မြှုပ်ထားတဲ့ နေရာက မှော်ဇာနဲ့ ပြည်မြို့ကြားမှာ ဆိုပါတော့"

"ဘာလဲ မြေပုံဆွဲထားသလား"

"ဟုတ်တယ်၊ မြေပုံဆိုရမှာပေါ့၊ အခုခေတ် စကားတွေ ကျုပ်ကောင်းကောင်း နားမလည်ပါဘူးဗျာ၊ ကျုပ်စိတ်ထဲက မှန်းပြီး ပစ္စည်းမြှုပ်တဲ့နေရာကို ခဲတံကို ကြောင်းထားတဲ့ စာရွက်ကလေးက ကျုပ်အင်္ကျီဟောင်းက အနားပတ် ထဲမှာ ထည့်ထားတယ်။ ကျုပ် မှတ်မိသလောက်တော့ ရေးခြစ်ထားတာပဲ ကိုဘိုးထော်ရေ၊ အမှန်ပြောရမှာဖြင့် ကျုပ်က စာမတတ်ဘူးဗျ၊ ကကြီး ခကွေး လောက်ပဲ ဖတ်တတ်တယ်။ ငယ်ငယ်တုန်းက စာမသင်ခဲ့ရဘူး ဆိုပါတော့ဗျာ၊ ဘုန်းကြီးကျောင်းထား ထွက်ပြေး၊ လူကျောင်းထား ထွက်ပြေးနဲ့ ငယ်ငယ် ကတည်းကစပြီး တေတေပေပေ နေခဲ့တဲ့ အကောင်ကိုဗျ၊ ဘယ်မှာ စာတတ်ပါ့ မလဲ၊ ဒီတော့ ကျုပ် ရေးခြစ်ထားတာတွေ ခင်ဗျားတို့ နားလည်မလားတော့

မသိဘူး၊ အဲဒါ ကျုပ် မသေခင် ခင်ဗျားနဲ့ မုတ်ဆိတ်ကြီးရဲ့ညီ ဟောဒီက ဘဂဝမ်ဆင် လက်ထဲကို ထည့်ခဲ့မယ်"

ကျွန်ုပ်နှင့် ဘဂဝမ်ဆင်တို့သည် ဦးခေါင်းကို ငုံ့လျက်ရှိရာ ဘဂဝမ်ဆင်က – "ကျေးဇူးတင်ပါတယ် ကျားကလေး၊ ဒီအကြောင်းတွေ ကျုပ်ဘိုင် ကြီးကို ပြောပြလိုက်ပါ့မယ်"

"မုတ်ဆိတ်ကြီးကို ကျုပ်မသေခင်တော့ တွေ့ချင်သေးတယ်ဗျာ။ နို့ ပေမဲ့ သူကလည်း ဒီကို မလာနိုင်၊ လာလို့လည်း မဖြစ်၊ ကျုပ်ကလည်း သူ့ဆီ သွားလို့ မဖြစ်၊ လူကလည်း နေ့သေမလား ညသေမလားဆိုတော့ ဘယ်နည်းနဲ့ မှ သူနဲ့ တွေ့ရတော့မယ် မဟုတ်ပါဘူးဗျာ"

ကျွန်ုပ် က –

"ကျုပ်လည်း သူနဲ့တွေ့ရဦးမှာပဲဗျာ၊ ဒီတော့ ခင်ဗျား အကြောင်းတွေ အားလုံး မုတ်ဆိတ်ကြီးကို ရေရေလည်လည် ကျုပ်ပြန်ပြောလိုက်ပါ့မယ်"

"ဒီလိုဆိုရင် ဘယ်နည်းနဲ့ အဲဒီ စာရွက်ကလေး ခင်ဗျားကို ပေးရမလဲ ဆိုတော့ ဒီနေ့ည သံချောင်းခေါက်တဲ့အချိန် အိပ်ထောင်က ကျုပ်အိပ်တဲ့ အခန်း အောက်တည့်တည့် ရေမြောင်းဘေးကို မယောင်မလည် ခင်ဗျားလာခဲ့ဗျာ၊ ပြီး တော့ ချောင်းတစ်ချက် ဟန့်လိုက်၊ စာရွက်ကလေးကို ကျုပ် ချပေးလိုက်မယ်"

"အင်း ... ကောင်းသားပဲ၊ ကျုပ် လာခဲ့မယ်လေ"

"ဆက်ဆက်လာခဲ့နော် ကိုဘိုးထော်၊ သိပ်ပြီး အချိန်မရှိဘူးဗျ။ ဒီညပဲ ခင်ဗျားနဲ့တွေ့ရတော့မှာ၊ နက်ဖြန် မနက်လောက် ကျုပ်ကို ဆေးရုံပို့ကြလိမ့် မယ် ထင်တယ်၊ ဆက်ဆက်လာခဲ့နော်"

"လာခဲ့ပါ့မယ်ဗျာ၊ စိတ်ချပါ"

"ကျုပ်ပြောတာ နားလည်ပြီနော်"

"နားလည်ပါပြီဗျာ"

ကျားကြီး၏အဖြစ်ကို သိရပြီးလျှင် လှိုက်လှိုက်လှဲလှဲ ပြောလိုက် သော သူ၏စကားများကို ကြားရသောအခါ ကျွန်ုပ်မှာ မျက်ရည်များပင် လည် လုမတတ် ရှိတော့၏။ ဘဂဝမ်ဆင်သည်ပင် မျက်ရည်လည်ရှိသည်ကို ကျွန်ုပ် သတိပြုမိ၏။ ထိုအချိန်တွင် စိုက်ခင်းမှ အကျဉ်းသား တစ်ယောက် ကျွန်ုပ်တို့ရှိ ရာသို့ လျှောက်လာသည်ကို မြင်လိုက်သဖြင့် ကျွန်ုပ်တို့လည်း လူချင်းခွဲလိုက် ကြလေသည်။

အကျဉ်းချုံး၍ ပြောရမည်ဆိုသော် ကျားကြီး၏ စာရွက်ကလေးကို ကျွန်ုပ် ကြည့်သောအခါ တရားနာဖိတ်စာ စာရွက်၏ နောက်ကျောတွင် ခဲတံ ခပ်တုံးတုံးဖြင့် ရေးထားသည့် အစင်းအကြောင်း အမှတ်အသားများကိုသာ

http://www.cherrythitsar.org



တွေ့ရ၍ စာဟူ၍ လုံးဝမပါရှိချေ။ သစ်ပင်ကြီး နှစ်ပင်၏ပုံ၊ ၎င်းအနီးတွင် ချုံ ပုတ်သဏ္ဍာန်ကဲ့သို့ ခပ်နိမ့်နိမ့် ရေးဆွဲထားသည့် အရာငါးခု၊ လက်ယာဘက် ခပ်ဝေးဝေးတစ်နေရာတွင် ထန်းပင်ကဲ့သို့ ခပ်မြင့်မြင့် သစ်ပင်သုံးပင်၏ ပုံ၊ လက် ဝဲဘက်တွင် ကျောက်တုံးလေးငါးဆယ်တုံးခန့်ပုံပါရှိ၍ ချုံတစ်ချုံ၏ အောက်ခြေ တွင် ကြက်ခြေခတ်ကဲ့သို့ ထင်ရသော အမှတ်အသားတစ်ခုကို တွေ့ရ၏။

အထက်ပါ အမှတ်အသားများအပြင် အခြားညွှန်ပြချက်ဟူ၍လည်း တစ်စုံတစ်ရာ မပါသဖြင့် အရှေ့အနောက်တောင်မြောက် လေးပါးကို မှန်းဆ မရနိုင်ချေ။

ဤကဲ့သို့ မရေရာသော အညွှန်းများဖြင့် သူ၏ပစ္စည်းဘဏ္ဍာထားသို ရာ အရပ်ကို ကျွန်ုပ်တို့ မည်ကဲ့သို့ ရှာဖွေနိုင်ပါမည်နည်း။

နောက်တစ်နေ့ ညနေစောင်း၌ပင် ကျားကြီးမှာ ဆေးရုံတွင် ကွယ် လွန်သွားကြောင်း သိရ၏။ ဘဂဝမ်ဆင်မှာ နောက်နှစ်ရက်ခန့်အကြာတွင် ပြည်သို့ ပြန်သွားလေရာ ကျွန်ုပ်လည်း ကျားကြီးထံမှ ရရှိသော မြေပုံစာရွက် ကလေးကို ပြည်မြို့ထောင်မှ ထောင်မှူးကြီး မစ္စတာ မက်ကောမစ်လက်သို့ ပေးအပ်ထားရန်နှင့် ကျွန်ုပ်ထောင်မှ လွတ်လာသောအခါ သူဘဂဝမ်ဆင်နှင့် အတူ လိုက်လံရှာဖွေဦးမည့်အကြောင်း ပြောထားနှင့်ရန် မှာကြားလိုက်၏။

နောက်နှစ်လခန့်အကြာတွင် ကျွန်ုပ်လည်း ထောင်မှ လွတ်မြောက်ခဲ့ရာ ချက်ချင်းလိုပင် မစ္စတာ မက်ကောမစ်ထံသို့ သွားရောက်ခဲ့၏။ မစ္စတာ မက်ကောမစ်သည် ကျားကြီးပေးခဲ့သော သူ၏ဘဏ္ဍာသိုက် အညွှန်းစာရွက် ကလေးကို ကြည့်ကာ အတန်ငယ် ပြုံးလျက် –

"ဘယ့်နှယ်လဲ မောင်ဘိုးထော် ရှာချင်သေးသလား၊ စရိတ်စက အတွက်တော့ ဖူလုံအောင် ကျုပ်ပေးလိုက်ပါ့မယ်။ နို့ပေမဲ့ ပြည်မြို့နဲ့ မှော်ဇာကြီး က ငါးမိုင်ဝေးတယ်၊ သံလမ်း အရှေ့ဘက်က တောတန်းဟာ အလျားငါးမိုင် အနံတစ်မိုင်ဆိုတော့ ဒါလောက်ကျယ်ပြန့်တဲ့နေရာ၊ ထန်းပင်တွေ ချုံတွေကလည်း ဟိုတစ်စုသည်တစ်စုနဲ့ ရှိနေတော့ မျှော်လင့်စရာ မရှိပါဘူး မောင်ဘိုးထော်"

"ကျွန်တော်မျိုးလည်း ဒီလို ထင်တာပါပဲ သခင်၊ နို့ပေမဲ့ သူ့ညီ ဘဂဝမ်ဆင် ကျေနပ်အောင် ကျွန်တော်မျိုးတော့ စမ်းပြီး ကြည့်ချင်သေးတယ်"

"ကဲ ... ဒါဖြင့် ငွေတစ်ရာယူသွား၊ နက်ဖြန်မနက်ပဲ ဘဂဝမ်ဆင်နဲ့ သွားပေတော့"

*

သို့နှင့် ကျွန်ုပ်လည်း ဘဂဝမ်ဆင်နှင့်အတူ နံနက် ၇ နာရီရထားဖြင့် မှော်ဇာမြို့သို့ လိုက်ပါလာပြီးလျှင် သံလမ်းမြောက်ဘက် တောတန်းတစ်

လျှောက် တဖြည်းဖြည်း လျှောက်လာခဲ့၏။ ကျားကြီး၏ မြေပုံစာရွက်တွင် ပါသည့်အတိုင်း ခပ်ဝေးဝေးမှ ထန်းပင်ကလေးနှစ်ပင်ကို လည်းကောင်း၊ သစ်ပင်ကြီး နှစ်ပင်နှင့် ၎င်းတို့အနီးတွင် ပေါက်၍နေသော ချုံပုတ်လေး ငါးခု စုနေသည့်နေရာကိုလည်းကောင်း လိုက်လံကြည့်ရှုလျက်ရှိကြ၏။ သို့သော် သစ်ပင်ကြီးများမှာလည်း အချို့နေရာ၌ နှစ်ပင်တွဲသုံးပင်တွဲ နီးကပ်စွာပေါက်၍နေပြီးလျှင် ထန်းပင်တို့မှာလည်း နှစ်ပင်တည်း ယှဉ်ကပ်နေသည်ကို မတွေ့ရဘဲ အနှံ့အပြား ပေါက်နေသည်ကိုသာ လမ်းတစ်လျှောက်လုံး တွေ့ရ၏။

ပြည်မြို့သို့ ပြန်ရောက်၍ စိတ်မကျေသေးသည်နှင့် နောက်တစ်နေ့တွင် ပြည်မြို့မှ တစ်ဖန် မော်ဇာဘက်သို့ ယမန်နေ့ကနည်းတူ တဖြည်းဖြည်း ခြေလျင်လျှောက်၍ ရှာဖွေကြရာ ယမန်နေ့က အတိုင်းပင် အချည်းနှီးသာဖြစ်ရတော့၏။ ကျားကြီးမှာ ခေတ်ပညာကို မဆိုထားဘိဦး မြန်မာစာကိုပင် ကကြီးခကွေးသာသာမျှသာ ရေးတတ်သူဖြစ်သောကြောင့် မိမိပစ္စည်းများ ထားသည့်နေရာကို ယခုခေတ် မြေပုံသဘောဖြင့် ဖော်ပြနိုင်စွမ်း မရှိခဲ့ချေ၊ သူစိတ်ထင်ရာကိုသာ ထောင်ထဲမှနေ၍ စက္ကူစုတ်တစ်ခုပေါ်တွင် မှန်းဆရေးခြစ်ထားခဲ့ခြင်း ဖြစ်လေသည်။

ကျားကြီး၏ ပစ္စည်းများ မြှုပ်နှံထားသည့်နေရာကို ကျွန်ုပ်တို့ ရှာဖွေရခြင်းမှာ ကောက်ရိုးပုံကြီးတစ်ပုံတွင် ပျောက်၍သွားသော အပ်တစ်ချောင်းကို ရှာဖွေရသကဲ့သို့ပင် ရှိတော့၏။ ဤသို့ဖြင့် နောက်ဆုံး၍ ကျွန်ုပ်တို့လည်း လက်လျှော့လိုက်ရပြီးလျှင် နောက်တစ်နေ့၌ ထောင်မှူးကြီးအား အကျိုးအကြောင်းကို သွား၍ ပြောကြားရလေသည်။

ဤသို့ဖြင့် ကျားကြီး၏ ပစ္စည်းဥစ္စာများသည် အချည်းနှီးအလဟဿ မြေကြီးသြဇာဖြစ်ရလေပြီ။

ကျွန်ုပ်တို့ စကားဆုံးသောအခါ ထောင်မှူးကြီးသည် ကျွန်ုပ်အား အတန်ငယ် ပြုံး၍ကြည့်ပြီးနောက် –

"ဒါပေါ့ဗျာ ... ပစ္စည်းဆိုတာ ကိုယ်နဲ့ထိုက်မှ ရတယ်လို့ ခင်ဗျားတို့ မြန်မာစကားရှိတယ် မဟုတ်လား"

"မှန်ပါတယ်"

ဒီတော့ ကျုပ်တို့နဲ့ မထိုက်လို့ ကျုပ်တို့ မရတာပေါ့ မောင်ဘိုးထော်၊ ဝမ်းနည်းစရာတော့ မဟုတ်ပါဘူး၊ ကျုပ်က ပိုက်ဆံကုန်ချင်ကုန်ပစေ၊ ဒီလိုဟာမျိုးတွေ လုပ်ရတာ ကျုပ် ဝါသနာပဲ"

မစ္စတာမက်ကောမစ်သည် စီးကရက်တစ်လိပ်ကို ဖွာရှိုက်ရင်း ခေါင်း တညိတ်ညိတ်ဖြင့် ရှိနေလေသည်။

# ထူးဆန်းသော မှားယွင်းမှု

ဒဂုန်မဂ္ဂဇင်းဖတ်သူတိုင်းလိုလိုပင် ဦးဘိုးထော်၏ အတ္ထုပ္ပတ္တိကို မှတ်မိကြပေလိမ့်မည်ဖြစ်ရာ မသိသေးသူများအတွက် အကျဉ်းချုပ်၍ ဖော်ပြရေးသားရမည်ဆိုသော် ဦးဘိုးထော်မှာ ဇာတိအားဖြင့် ရွှေဘိုနယ် မန်ကျည်းတုံရွာသားဖြစ်၍ ၎င်း၏အမိအဖများမှာ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရမင်းတို့လက်ရသိမ်းပိုက်စဉ်အခါက သူပုန်မှုဖြင့် အသက်ဆုံးရှုံးခြင်းခံခဲ့ကြရ၏။ သို့နှင့်ဦးဘိုးထော်သည် မိမိ၏ဖခင်နှင့် အစ်ကိုတို့အတွက် အစိုးရတို့အပေါ်တွင် စိတ် နာပြီးလျှင် ရိုးသားဖြောင့်မတ်စွာ ရှာဖွေစားသောက်ခြင်းကို မပြုမူ၍ တိုက်ခိုက် လုယက်ခြင်းဖြင့်သာလျှင် အသက်မွေးဝမ်းကျောင်းမှုကို ပြုခဲ့လေ၏။

သို့ဖြစ်ရကား ရန်ကုန်ထောင်၊ မြင်းခြံထောင်၊ အင်းစိန်ထောင်၊ အုန်း ကျွန်းစသော ထောင်ကြီးများ၌ မိမိ၏နေရာကို သီးသန့်ရွေးချယ်၍ထားသည့်အလား လှည့်လည်စံမြန်းလျက်ရှိခဲ့ရာ ထောင်ပိုင်အရာရှိကြီးများနှင့် အထက်အစိုးရများပါ ဦးဘိုးထော်၏ စွမ်းရည်သတ္တိကို သိခဲ့သဖြင့် မိုက်သောသူများထဲတွင် အမိုက်ဆုံးဖြစ်ပြီးလျှင် သတ္တိကောင်းသောသူများအနက် သတ္တိအကောင်း ဆုံးအဖြစ်ရကား 'ထောင်မင်းသား' ရာထူးဖြင့် ချီးကျူးခြင်းမြှောက်စားခြင်းကို ခံရလေ၏။

ထိုအခါ ဦးဘိုးထော်၌ ထူးဆန်းသော အကြံတစ်ခုဖြစ်ပေါ်လာခဲ့ရာ ထိုအကြံသည်ကား ထောင်ထဲတွင် အများအားဖြင့် လူသတ်မှုဖြစ်ပွားခဲ့သော

သူများထံမှ ၎င်းတို့၏ အတ္ထုပ္ပတ္တိရာဇဝင် အစုံအလင်ကို တိတ်တဆိတ် စုံစမ်းမေးမြန်း မှတ်ယူခြင်းပင် ဖြစ်လေသည်။

လူတို့မည်သည် မိမိတို့ပြုလုပ်ခဲ့သော အကောင်းမှုများကို လည်းကောင်း၊ တစ်သက်ပတ်လုံး မိမိတို့လျှို့ဝှက်၍ထားသော အရာများကို လည်းကောင်း၊ တစ်သက်ပတ်လုံး မသုံးမစားရက်ဘဲ သိုဝှက်စုဆောင်းထားခဲ့သော ပစ္စည်းများနှင့်တကွ သိုဝှက်ရာ အရပ်ကိုလည်းကောင်း၊ သေခါနီးဆဲဆဲတွင် မိမိတို့ ယုံကြည်ချစ်ခင်သော သူများအား မကွယ်မဝှက် ဟုတ်တိုင်းမှန်ရာ ဖွင့်လှစ်ပြောဆိုတတ်ကြ၏။ သို့ဖြစ်ရကား ဦးဘိုးထော်မှာ ဤနည်းအားဖြင့် မိမိအလိုရှိအပ်သော ဗဟုသုတများကို အမြောက်အမြား စုဆောင်းမိလေ၏။ အစိုးရအားစိတ်နာသဖြင့် မပြောဘဲ 'ဘူးကွယ်' ၍နေသော အပြစ်ရှိသူများထံမှ လည်းကောင်း၊ အပြစ်မရှိဘဲ အပြစ်ခံ၍သွားကြရရှာသော သူများထံမှ လည်းကောင်း၊ ဦးဘိုးထော်က ၎င်းတို့အား တိတ်တဆိတ် စုံစမ်းမေးမြန်းသောအခါ ဟုတ်မှန်သည့်အတိုင်း မကွယ်မထောင့် ပြောဆိုတတ်ကြ၏။ သို့နှင့်အောက်တွင် ရေးသားဖော်ပြအံ့သော အတ္ထုပ္ပတ္တိမှာ ဦးဘိုးထော်၏မှတ်တမ်းတွင် ပါရှိ သည့်အတိုင်း ကျွန်ုပ်က ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

ဦးဘိုးထော်သည် (        ) မြို့ ထောင်ကြီးထဲ၌ အကျဉ်းခံရလျက်ရှိစဉ် အလွန် မှောင်မိုက်သော ညတစ်ည သန်းခေါင်ယံ အချိန်လောက်တွင် တစ်စုံတစ်ယောက်သော သူသည် မိမိ၏ပခုံးကို ဖြည်းညှင်းစွာ ပုတ်၍နှိုးသဖြင့် အိပ်ရာမှ ရုတ်တရက် လန့်၍ နိုးလေရာ မျက်စိများကို လက်ဝါးဖြင့် ပွတ်၍ ကြည့်ပြီးနောက် "ဘယ်သူလဲဟေ့ နရမ်းဆင်လား" (ဟိန္ဒူဘာသာဖြင့်) "ဟုတ်တယ် ဆပ်၊ တိုးတိုးပြောပါ"

"ဘာလဲကွယ့်"

"အင်မတန် အရေးကြီးတယ်ဆပ်"

"ဘယ်လိုအရေးကြီးပုံလဲကွယ့် ပြောစမ်းပါဦး၊ မင်း ကနေ့ည ဘယ်မှာ အလုည့်ကျနေသလဲ ရမ်းဆင်"

"ကြိုးတိုက် အချုပ်ထောင်ကလေးမှာ ဆပ်"

"ဩော် ... ကနေ့ပဲ ကြိုးမိန့်ကျသွားရှာတဲ့ လူတစ်ယောက် ရှိတယ် ဟုတ်စ"

"မှန်တယ် ဆပ်"

"သည်တော့ ဘာဖြစ်သလဲ"

"သူက ဆပ်ကို အခေါ်ခိုင်းတယ်၊ ဆပ်နဲ့တွေ့ချင်တယ်တဲ့"

"နေဦး ... အခု ဘယ်နှစ်နာရီထိုးပြီလဲ"

"၁၂ နာရီ ၁၅ မိနစ် ရှိပြီ"

"ထောင်မှူးကလေးက ၂ နာရီတိတိမှာ လာမယ် မဟုတ်လား"

"ဟုတ်တယ် ဆပ်၊ မြန်မြန်လုပ်ပါ"

"အေး ... ငါ အခုပဲ လာခဲ့မယ် မင်းပြန်နှင့်"

ဦးဘိုးထော်သည် အခန်းတွင်းတွင် ထွန်းညှိ၍ထားသော လက်ဆွဲမှန်အိမ်မှ မီးတောက်ကို အတန်ငယ်မှ မှိန်၍ ထားခဲ့ပြီးနောက် မိမိအိပ်သော အခန်းမှ ဝရန်တာတစ်ခုကို ကျော်တက်ပြီးလျှင် ကြိုးမိန့်ပေးပြီးသူများအား ချုပ်နှောင်ထားရာ အလုံထောင်အချုပ်ခန်းငယ်ကလေးသို့ သွားရောက်လေ၏။ အချုပ်သမားသည် ဦးဘိုးထော် လာသည်ကိုမြင်လျှင် သံတိုင်ပေါက်ဆီသို့ ချဉ်းကပ်လျက် လေသံဖြင့် "ထောင်မင်းသားကြီး မှတ်တယ်ဗျ"

"ဟုတ်တယ်၊ ခင်ဗျား ကျုပ်ကို အခေါ်ခိုင်းတယ်ဆို"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် တိုင်ပင်ရမယ့် ကိစ္စက တခြားသူနဲ့ မပြီးသေးဘူး ခင်ဗျ"

"ကုလားတွေကိုကော ခင်ဗျားပေးကမ်းပြီးပြီလား"

"သည်ဟာအတွက်နဲ့တော့ မပူပါနဲ့ ခင်ဗျာ၊ ကျွန်တော် စီမံပြီးပါပြီ"

"ဒါဖြင့်လည်း ပြီးရောပေါ့ဗျာ၊ ကိစ္စက ဘယ်လိုကိစ္စလဲ၊ ခင်ဗျားကို ဒီကနေ့ပဲ စီရင်ချက်ချလိုက်တယ် ဟုတ်စ"

"မှန်ပါတယ် ခင်ဗျာ၊ အယူခံရက်နဲ့ဆိုတော့ အနည်းဆုံး နောက်ကို တစ်လလောက်တော့ လူ့ပြည်မှာ နေရဦးမှာပေါ့ ခင်ဗျာ၊ ကံကောင်းထောက်မလို့ ကြိုးမိန့်ကို တစ်သက်တစ်ကျွန်းပြင်ရင်လည်း ကျွန်တော့်ကုသိုလ်ပေါ့ ဆရာ၊ တစ်နေ့ကမှ ဟိုဘက်ခန်းက မောင်ဖိုလ်ကြီးက ဆရာ့အကြောင်းပြောလေတော့ ကျွန်တော့်အဖြစ်အပျက်ကလေး နည်းနည်းလောက်ပြန်ပြောပြီး ကျွန်တော့် အတတ်ကိုလည်း မသေခင် ဆရာ့ပြခဲ့၊ ကျွန်တော်အကြံလည်း အောင်မြင်၊ ဆရာ့မှာလည်း ဗဟုသုတတိုး အင်မတန်နေရာကျတယ် မဟုတ်လား ဆရာ"

"ပြောစမ်းပါဦး ကိုယ့်လူရယ်"

"ဆရာ့ကို ကျွန်တော်ခေါ်ပြီး တိုင်ပင်တာဟာ တခြားမဟုတ်ဘူး ဆရာ၊ ဆရာဟာ ဒီလူတွေထဲမှာ သစ္စာအရှိဆုံးလို့ပဲ ကျွန်တော် ထင်မိတယ်၊ ကျွန်တော်ကို ကြိုးပေးတဲ့အမှုဟာ ဘာမှုလဲ ဆရာသိရဲ့လား"

"ဓားပြတိုက်ပြီး လူသတ်မှု မဟုတ်လား"

"ဟုတ်တယ် ဆရာရဲ့၊ ဓားပြတိုက်တဲ့လူများဟာ အများအားဖြင့် ဘာပြုလို့ တိုက်ကြသလဲ ဆရာ"

"ငွေလိုချင်လို့ပေါ့ကွယ်"

http://www.cherrythitsar.org


"မှန်တယ် ဆရာ၊ ငွေလိုချင်တဲ့လူတွေသာ တိုက်ပါတယ်။ ကျွန်တော် လို အကောင်မျိုးက ငွေကို ကျောက်ခဲလောက် အောက်မေ့နေတဲ့လူ၊ ဘာပြုလို့ အပင်ပန်းခံပြီး ဓားပြတိုက်၊ လူသတ်လုပ်နေရဦးမှာလဲ ဆရာရဲ့"

"ဒါဖြင့် ဒီအကြောင်းတွေကို သက်သေမပြဘူးလား"

"ဟာ ... အင်္ဂလိပ်ဥပဒေတွေက အခက်သားကလား ဆရာ၊ ဆရာ လည်း သိသားနဲ့၊ သူတို့ကို ဒီအကြောင်းတွေ ပြောပြလို့ သူတို့လည်း ယုံမှာ မဟုတ်ဘူး၊ ကိုင်း ... ကိုင်း ကျွန်တော် ငွေမလိုချင်တဲ့အကြောင်းတွေထားပြီး အခုလုပ်ရမယ့် အလုပ်ကလေးကို ဆက်လုပ်ကြဦးစို့၊ ဒီအမှုမှာ ကျွန်တော် မလုပ်ဘဲနဲ့ သက်သက်မဲ့ခံရတယ်ဆိုတာ ဆရာလည်း ရိပ်မိလောက်ပါပြီ"

"ဒါဖြင့် တရားခံအစစ်က ဘယ်သူလဲကွယ့်"

"ရှိပါတယ် ဆရာ၊ အခုပဲ ကျွန်တော် အခေါ်ပြပါ့မယ်"

"လောကကြီးမှာ ထူးဆန်းတာတွေ အင်မတန် ပေါတယ် ဆရာရဲ့၊ ကျွန်တော်က အရုပ်ရုပ်အနယ်နယ်ကိုလည်း ရောက်၊ လောကီပညာရပ်တွေကို လည်း အတော်လိုက်စားခဲ့တာ အတွေ့အကြုံအတော်များပါတယ်။ ပညာ လည်း အတော် ဆည်းပူးမိပါတယ်"

"ဒါဖြင့် ဘယ်လိုဖြစ်တာလဲကွယ်။ ပြောစမ်းပါဦး"

"အို ... ခပ်တိုတိုပဲ ပြောပါ့မယ် ဆရာ၊ ကျွန်တော်ကလည်း အဲဟိုရွာ ကို အရောက်၊ ဓားပြတိုက်ခံရတဲ့လူနဲ့ ကျွန်တော်နဲ့လည်း အဆက်ကလေးကရှိ၊ လူ သတ်ပြီးသွားတဲ့ အကောင်နဲ့ ကျွန်တော်နဲ့ ရုပ်ရည်ချင်းကလည်း အင်မတန် တူ၊ သည်ဟာတွေနဲ့ နောက်ဆုံး ကျွန်တော့်အပေါ်မှာ သတ္တုကျတော့တာပါပဲ ဆရာ၊ ကျွန်တော့်ကို ဆရာကူညီမယ် မဟုတ်လား"

"ကူညီထိုက်တယ်လို့ ငါသဘောရလျှင် ကူညီဖို့အသင့်ပဲကွယ့်၊ မင်းနဲ့ တူတဲ့လူဆိုတာ ငါကြည့်ချင်တယ်ကွယ်၊ ဘယ်လောက်များ တူသလဲ ဆိုတာ"

"ပြပါ့မယ် ဆရာ၊ ဒီလူကိုလည်း ဆရာ တွေ့ရမယ်၊ ကျွန်တော့် အတတ်ကိုလည်း ဆရာ မြင်ရဦးမယ်ဆိုရင် ကူညီမယ် မဟုတ်လား ဆရာ"

"ဒီလိုကွယ် ကိုယ့်လူရဲ့၊ ကျုပ်က ကူညီသင့်တယ်လို့ ထင်တဲ့အခါမှာ ဘယ်လောက်ပဲ သက်စွန့်ကြိုးပမ်းနဲ့ ပင်ပန်းဆင်းရဲပါစေ ကူညီဖို့ ဝါသနာရှိပါ တယ်၊ မကူညီထိုက်ဘူးလို့ ထင်တဲ့အခါမှာလည်း ဘယ်လောက်ပဲ လာဘ်သပ် ပကာ ရပေစေ မကူညီခဲ့ဘူး၊ အစိုးရအပြစ်ဒဏ်ကိုတော့ ဆယ်ကြိုးကျပေစေ နည်းနည်းမှ ငါဂရုမစိုက်ခဲ့ဘူး"

"ဒီအကြောင်းတွေ ကျွန်တော် သိပြီးပါပြီ ဆရာ၊ ဒါကြောင့် ဆရာ့ကို အကူအညီတောင်းတာပါ။ သည်လိုကို ဆရာရဲ့၊ ကျွန်တော့်ဇာတိက သရက်ဒိ

စတြိတ်၊ မင်းတုံးရွာဇာတိကိုး၊ အလုပ်ကတော့ ဆင်များကို ထိန်းကျောင်းတဲ့ 'ဆင်ထိန်း' အလုပ်ကို လုပ်ပါတယ်။ စတီးဘရားသားက သစ်ဆွဲတဲ့ ဆင်အုပ်မှာ ကျွန်တော်က ဆင်ထိန်းလူကြီးအဖြစ် လုပ်ရတာကို ဆရာရဲ့၊ သည်ဟာနဲ့ တစ်နေ့တော့ မင်းတုံးရွာအရှေ့ ရှစ်မိုင်လောက်ကွာတဲ့ ရွာကလေးတစ်ရွာနားမှာ အလုပ်လုပ်နေတဲ့အခါ ဆင်တစ်ကောင်ဟာ 'ထူး' ပြတ်ပြီး တောနက်ထဲ ဝင်သွားပါရော ဆရာ၊ သည်တော့ ကျွန်တော်လည်း ဘယ်သူ့မှ မပြောနိုင်ဘူး။ ကျွန်တော့်တာဝန် ဖြစ်နေလေတော့ တောထဲကို အကြမ်းလိုက်ရတော့တာပဲ၊ ဆင်ထိန်းလူကြီးဆိုတော့ သည်လိုကိစ္စမျိုးဟာ ကျွန်တော့်တာဝန်ပဲ၊ သည့်အပေါ် ဆင်ကလည်း ဆင်လိမ္မာဆိုတော့ ကျွန်တော့်အပေါ်မှာ အထက်လူကြီးများ အပြစ်တင်ချေရဲ့ဆိုပြီး မျက်ခြည်မပြတ်တစ်ပြတ်နဲ့ တဖြည်းဖြည်း လိုက်တော့ တောဟာ နက်မှန်းမသိ နက်လာပြီး နေလဲဝင်မှန်းမသိ ဝင်ပြီးအသွား ကျွန်တော်လည်း ဆင်ကို မျက်ခြည်ပြတ်ပြီး ရှေ့တိုးလိုက်ရမှာလည်း အခက်၊ နောက်ပြန် ဆုတ်ရမှာလည်း အခက်ဖြစ်နေတာကို ဆရာရဲ့၊ ဒါနဲ့ အတော်ကြာသွားတော့ အနီးနားက တောကောင်တွေ အသံကြားတော့မှ မဖြစ်ချေဘူးဆိုပြီး ပုဆိုးတစ်ပတ်လောက်ရှိတဲ့ ညောင်ပင်ကြီးတစ်ပင် ပေါ်တက်ရတာကို ဆရာရဲ့၊ တက်ပြီးတော့ ကျွန်တော်လည်း ထမင်းက ဆာ၊ ရေငတ် အောက်ကိုလည်း ဆင်းပြီး ရှေ့တက်မသွားဝံ့လေတော့ အကြံအိုက်ပြီးနေတုန်း သစ်ပင်ကြီး တောင်ဘက်စူးစူးက တောင်ကမ်းပါးယံလိုလို ဆင်ခြေလျှောလေး တစ်ခုမှာ မီးလိုလို ရေလိုလို အရောင်တောက်နေတာ မြင်ရတယ်၊ တောကလည်း နက်၊ မှောင်ကလည်း မှောင်ဆိုတော့ ကျွန်တော်က ဘယ့်နှယ်လဲ သည်တောင်ကမ်းပါးစောက်ကြီးမှာ တဲလည်းရှိနိုင်မယ် မထင်ပါဘူးဆိုပြီး သေသေချာချာ သိရအောင် သွားကြည့်တာကို ဆရာရဲ့၊ ကျွန်တော်လည်း တောင်ကမ်းပါးစောက်ကြီးကို မရရအောင် ကုပ်ကပ်ပြီးတက်၊ အရောင်ထွက်နေတာကို ကြည့်တော့ လား ... လား ... ကျောက်တစ်တုံးက အရောင်ထွက်နေတာ တွေ့ရတာကို ဆရာရဲ့၊ သည်တော့မှ သည်ကျောက်ဟာ ထူးဆန်းလှချေကလားလို့ အသာခွာပြီးယူ၊ သစ်ပင်ကြီးပေါ် ပြန်တက်အိပ်ခဲ့ရတယ်၊ နောက်တစ်နေ့ကျတော့မှ ဆင်ခြေရာခံပြီး လိုက်တော့ ကရင်တဲတစ်တဲ ရောက်သွားတယ်၊ သည်တော့မှ ကရင်ကြီးဆီမှာ ထမင်းကလေး ဘာကလေး တောင်းစားပြီး အရင်ညက ဆင်တစ်ကောင်များ တောကျွံပြီး လာသလားလို့ အကျိုးအကြောင်း မေးကြည့်တော့ သူက ယာတောက သူပြန်အလာမှာ ဆင်ခလောက်သံလိုလို ကြားလိုက်ရတယ်။ ပြီးတော့လည်း ဝါးရုံပင်တွေကို နင်းပြီး သွားတဲ့အသံလည်း ကြားလိုက်ရတဲ့အတိုင်း ပြောတာကို၊ ဒါနဲ့ ပြောလိုက်ရဦးမယ်၊ ဘိုးသာပေါ်ဆိုတဲ့ ကရင်ကြီးမှာလည်း

သမီးချောကလေးတစ်ယောက်ရှိတာကိုး၊ 'နမ်းခါ' တဲ့ ကရင်ဆိုပေမယ့် မြန်မာမသာပါဘူး ဆရာ၊ သူ့မျက်ခုံးနေပုံ၊ မျက် လုံးနေပုံ၊ အို ... အရိုင်းအစိုင်းလို သင်တိုင်းဝတ်ပြီးနေရပေမယ့် စိန်၊ ရွှေ မဆင်ရဘဲနဲ့ နဂိုအတိုင်း ယဉ်တာမို့ ကျွန်တော်ဖြင့် ယခုထက်ထိ မမေ့နိုင်အောင် ရှိတော့တာပါပဲ ဆရာ၊ ကရင်ကြီးနဲ့လည်း စကားလက်ဆုံကျ၊ 'နန်းခါ' ကလည်း ဖော်ဖော်ရွေရွေနဲ့ လောကွတ်ကောင်းလေတော့ ဆင့်နောက်ကိုလိုက်ပြီး လာတဲ့အကြောင်းတွေကိုတောင် မေ့သလောက်ဖြစ်ပြီး တိုတိုပြောပါရစေတော့၊ နောက်ဆုံးမှာ ကျွန်တော်နဲ့ တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းဆုံပြီး သမီးရည်စားမကျတကျ အဖြစ်မျိုးကို ရောက်ခဲ့ပါရော၊ ကျွန်တော်လည်း သူ့ကို မခွဲချင်ပေမဲ့ ဒီမှာ အချိန်ကုန်နေလို့ ဆင်ဟာ တောကျွံသည်ထက် ကျွံပြီးသွားမှဖြင့် တစ်ယောက်တည်း ခက်ချေရဲ့ဆိုပြီး မနန်းခါတို့ကို မလွှဲသာ လွှဲသာနဲ့ ခွဲခဲ့ပြီး ဆင်ခြေရာကို တစ်ခါခံပြီးလိုက်၊ ဆင်ကို နောက်ဆုံးတွေ့တော့မှ လာလမ်းအတိုင်း ပြန်ခဲ့ရတာ ဆရာရဲ့၊ အပြန်ကျ တော့ ကျွန်တော်လည်း ကြာကြာ မနေနိုင်ဘဲ မနန်းခါတို့ သားအဖကို နှုတ်ဆက်ပြီး နောင်အခါမှ အေးအေးဆေးဆေး လာခဲ့ပါဦးမယ်ဆိုတဲ့ အကြောင်း ပြောပြပြီး ခွဲခွာခဲ့ရပါတယ် ဆရာရယ်"

"ဓားပြတိုက်တဲ့အကြောင်းကကောကွယ်"

"ဒီအကြောင်း လာပါလိမ့်မယ် ဆရာရယ်၊ ဒါနဲ့ မနန်းခါနဲ့ ကျွန်တော်တို့မှာ ကိုယ့်အချစ်ကို ကိုယ်ဖွင့်ဟပြီး တစ်ယောက်ကို တစ်ယောက် မပြောပေမဲ့ တစ်ယောက်ကို တစ်ယောက် မေတ္တာရှိတဲ့အကြောင်း မျက်လုံးချင်းသိခဲ့တာကို ဆရာရဲ့၊ သည်တော့ ကျွန်တော့်မှာ တစ်သက်နဲ့ တစ်ကိုယ်တစ်ခါ မိန်းမများနဲ့ ပတ်သက်ပြီး သည့်လောက် မစွဲလမ်းဖူးပေမဲ့ ဒီတစ်ခါတော့ မနေနိုင်သလောက်ဖြစ်ပြီး 'မနန်းခါ' တို့ဆီကို မရောက်ရောက်အောင် သွားမယ်လို့ အားခဲပြီးနေတဲ့အခါ ကံကောင်းထောက်မချင်တော့ မနန်းခါနဲ့ ခွဲခွာခဲ့ပြီး ဆယ်ရက်လောက်အကြာမှာ သတ္တုတူးဖော်ရေးဘက်က အင်ဂျင်နီယာတစ်ယောက်နဲ့ သရက်မြို့မှာ သွားပြီးတွေ့တာကို ဆရာရဲ့၊ တွေ့တဲ့အကြောင်းကလည်း ကျွန်တော်တို့ဗိုလ်က ကျွန်တော့်အကြောင်းပြောပြပြီး ကျွန်တော်တွေ့ခဲ့တဲ့ ကျောက်ကို ပြတာကို အင်္ဂလိပ်လူမျိုးများဟာ ပြောသာပြောရ အင်မတန် သစ္စာရှိတဲ့ လူမျိုးပါပဲ ဆရာ၊ ကျွန်တော့် အပေါ်မှာ အတိအလင်းဖွင့်ပြောရှာပါတယ်။ မောင်သာလှိုင်တဲ့၊ မင်း ငါ့ကိုအပ်ပြီးထားတဲ့ ကျောက်ခဲကလေးကို ငွေ ၂၀၀၀ ကျပ်နဲ့ ရောင်းနိုင်မယ် မဟုတ်လားလို့ ကျွန်တော့်ဗိုလ်က မေးတာကို ဆရာရဲ့၊ သည်တော့ ကျွန်တော်က ကစားတာ အောက်မေ့ပြီး သခင်သဘောအတိုင်းပါပဲ၊ ကျွန်တော် တောထဲက အလကား ကောက်ပြီး ရတဲ့ပစ္စည်းပဲ၊ ခြောက်မူးပဲ ရရ အမြတ်ပဲလို့

http://www.cherrythitsar.org



ပြောတော့ ဗိုလ်ကလည်း ရယ်မောပြီး သတ္တုတွင်း အင်ဂျင်နီယာကြီးကို ကျွန် တော့်ရှေ့မှာပဲ ငွေ ၂၀၀၀ ကျပ်နဲ့ ရောင်းတာကို ဆရာရဲ့၊ သည်တော့ ကျွန်တော်က သည်ကျောက်တုံးကို ကောက်ပြီး ယူခဲ့တဲ့အခါက အနီးအနားမှာ ဒီကျောက်လောက် အရောင်မထွက်ပေမဲ့ မှုန်ရီမှုန်မွှား၊ ပြောင်ပြောင်လက် လက်ကျောက်ခဲတွေ အများကြီး မြင်ရတယ်။ ဧကန်မုချ ဒီနေရာဟာ အဖိုးထိုက်တဲ့ကျောက်တွင်းဖြစ်ရမယ်။ ပြီးတော့ သတ္တုတွင်းဘက်ဆိုင်ရာ အင်ဂျင်နီယာကြီးနဲ့ တွေ့တုန်းကလည်း ဒီကျောက်ကောက်ရတဲ့နေရာကို အသေအချာ လိုက်ပြီးပြနိုင်ခဲ့လို့ရှိရင် အခုပေးတဲ့ ငွေ ၂၀၀၀ ကျပ်မက ပေးဦးမယ်လို့ပြောတယ်။ ဒီတော့ နေရာကျပြီဆိုပြီး မနန်းခါတို့ကိုလည်း တွေ့ရအောင် ကျောက်တွင်းအကြောင်း ကိုလည်း စုံစမ်းသိရှိရအောင်ဆိုပြီး တစ်နေ့တော့ ဗိုလ်ဆီမှာ အခွင့်တိုင်ပြီး ထွက် ခဲ့ပါရောဆရာ၊ နေဝင်ရီတရောသာသာပဲ၊ မနန်းခါတို့နေတဲ့ တဲကလေးကို မြင်ရ ပါရော၊ မြင်ရတော့ မနန်းခါတို့တဲဆီက မီးရှူးမီးတိုင်တွေလည်း မြင်ရတယ်။ လူသံတွေလည်း ကြားရတယ်။ သည်တော့ ကျွန်တော်က စိတ်ထဲမှာ သင်္ကာ မကင်းဖြစ်ပြီး သေသေချာချာသိရအောင် တဲနောက်ဖေးက ချုံတွေထဲ တိုးပြီး တဖြည်းဖြည်း တဲနားကို ကပ်သွားတဲ့အခါ ဝါးလေးပြန်လောက်ကနေပြီး ဆူး ရစ်ချုံကို ကွယ်ပြီး ကြည့်နေတုန်း တဲဆီက မချိမဆံ့ အော်သံကြီးတစ်ခု ကြား လိုက်ရပြီးတဲ့နောက် ကျွန်တော် ပုန်းနေတဲ့ ချုံနံဘေးက လူသွားလမ်းကလေး အတိုင်း ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ ကျွန်တော် ရှိတဲ့ဘက်ပြေးလာတဲ့ ခြေသံတွေ ကြားတာနဲ့ ကြည့်လိုက်တော့ လားလား ... မိန်းမတစ်ယောက်က အူယားဖားယားနဲ့ ရှေ့က ပြေးလို့ နောက်က လူတစ်ယောက်က အတင်းလိုက်လာတာ မြင်တာကို ဆရာရဲ့"

"ရှေ့က ပြေးလာတဲ့ သူငယ်မက မနန်းခါပဲလား"

"အစစ်ပေါ့ ဆရာ"

"သည်တော့ ခင်ဗျားက ဘာလုပ်သလဲ"

"သည်လိုကို ဆရာရဲ့၊ နောက်က လိုက်လာတဲ့အကောင်က လက်ထဲမှာ ဘာမှမပါဘူး၊ လက်ချည်းပဲ၊ ကျွန်တော့်လက်ထဲမှာတော့ ဓားမြှောင်ရှိတယ်။ သည်တော့ ကျွန်တော်လည်း ဒီအကောင်ကို တစ်ခါတည်း ဆီးပြီးနံ့လိုက်ရရင်တော့ သေချာတော့မှာပဲ၊ လက်ချည်းသက်သက် လူကို ဓားနဲ့ဆီးပြီး ထိုးလိုက်မယ်ဆိုရင် အင်မတန် မတရားရာရောက်မယ်လို့ အောက်မေ့ပြီး ကျွန် တော်နဲ့ မနီးမဝေး အရောက်မှာ တစ်ခါတည်းဆီးပြီး သူ့မေးရိုးအောက်ကို လက်သီးနဲ့ တစ်ချက်တည်း စွတ်ထိုးလိုက်တော့ ငှက်ပျောပင်ကို အရင်းက ပိုင်းချလိုက်သလို ဖိုင်းခနဲ လဲသွားတာပါပဲ၊ သည့်နောက် မနန်းခါဆီကို လိုက်

http://www.cherrythitsar.org



မယ်လို့ အလုပ်မှာ မနန်းခါလည်း ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ လကလည်း ထွက်ပြီး အလာ လရောင်အောက်မှာ အစွန့်သား မှောက်ရက်ကြီး လဲနေတဲ့ အကောင်ကို ကျွန်တော်လည်း ဘယ်သူဘယ်ဝါများ ဖြစ်မလဲ သိရအောင် မျက်နှာကိုပဲ လှန်ကြည့်လိုက်ရော ကျွန်တော့်မှာ ကြက်သေသေ မလောက် ဖြစ်သွားတာပါပဲ ဆရာ”

“ဘာပြုလို့လဲ မောင်သာလှိုင်ရဲ့”

“သူ့မျက်နှာဟာ ကျွန်တော့်မျက်နှာနဲ့ တစ်ဖုံတည်းပါပဲ၊ သည်လောက်တောင် ထူးထူးဆန်းဆန်းတူရတာ ကျွန်တော်ဖြင့် တွေ့ပဲ မတွေ့ဖူးပါဘူး ဆရာရယ်၊ သည်တော့မှ ကျွန်တော်လည်း အကြံအိုက်ပြီး ဒီအကောင် အသက်မှ ရှိသေးရဲ့လားလို့ စမ်းသပ်ကြည့်နေတုန်း ဖြုန်းဆို နောက်ကနေပြီး ခေါင်းကို ရိုက်လိုက်တာပဲလား၊ ဓားနဲ့ခုတ်လိုက်တာပဲလား မပြောတတ်ပါဘူး ဆရာ၊ ကျွန်တော်လည်း ရှေ့ကို ထိုးလဲသွားပြီး သတိမေ့သွားတာပါပဲ၊ သတိရ သလိုလိုရှိလို့ ကြည့်လိုက်တော့ ချောင်းကလေးတစ်ခုဘေးမှာ လဲနေတာတွေ့ရတာကို ဆရာရဲ့၊ သည်တော့ အရုဏ်တက်လာပြီ၊ ပြီးတော့ ကျွန်တော့် ကိုယ့်မှာ အဝတ်အစားများဟာလည်း ကျွန်တော့် အဝတ်အစားတွေ မဟုတ်တော့ဘူး။ ညက တွေ့ခဲ့ရတဲ့ ကျွန်တော့်နဲ့ မျက်နှာချင်းတူတဲ့ အကောင်ဝတ်တဲ့ အဝတ်အစားတွေ ဖြစ်ရတာကို ဆရာရဲ့၊ သွေးတွေဆိုတာလည်း ရစရာမရှိဘူး။ ကျွန်တော့် ဓားမြှောင်လည်း အနားမှာ သွေးတွေလူးပြီးနေတာ တွေ့ရတာကို၊ သည်တော့မှ ကျွန်တော်လည်း ဇကွေ့ ငါ့ကိုတော့ ဒီအကောင်ဟာ တစ်ပတ်ရိုက်ပြီး ဆင်ခဲ့တဲ့ ဆင်လုံးပဲလို့ စဉ်းစားပြီးနေတုန်း ရွာသားတွေလည်း ခြေရာခံပြီး ကျွန်တော့်ဆီကို ရောက်လာ၊ ကျွန်တော်ဟာ ကရင်ကြီးကို သတ်ပြီးသွားတဲ့ ဓားပြလူဆိုးပဲဆိုပြီး ဖမ်းကြတော့တာပါပဲ ဆရာရယ်”

“သည့်အတိုင်းမှန်ရင်တော့ အင်မတန် အသည်းနာစရာကောင်းပေသပေါ့ မောင်သာလှိုင်ရယ်”

“ကျွန်တော် အခုပြောတာ အမှန်ပါပဲ ဆရာ၊ ဆယ်ကျမ်းရွက်ပြီး ကျိန်ပြောဝံ့ပါတယ်။ ဆရာခင်ဗျား၊ နို့ပေမဲ့ ဆရာသိတဲ့အတိုင်းပါပဲ၊ ဒီအကြောင်းတွေကို အစိုးရကို ဖွင့်ပြီး ပြောပေမဲ့ ယုံကြည်မယ် မဟုတ်ဘူး၊ မနန်းခါကလည်း သူ့အဖေကို ဓားနဲ့ထိုးပြီးသတ်တဲ့လူဟာ ကျွန်တော်ပါပဲလို့ ဒိဋ္ဌစွဲပြီးနေတယ်၊ ခများကလေးကတော့ မသိရှာဘူး။ ဩော် ... မနန်းခါ ... မနန်းခါ ... ငါ့အဖြစ်အပျက်တွေ အမှန်အတိုင်းသာ မင်းသိမယ်ဆိုရင် စက်တိုင်ကို ငါ ရဲရဲကြီး တက်ဝံ့ပါတယ်ကွယ်၊ အခုတော့ ငါချစ်တဲ့လူက လူဆိုးတစ်ယောက်ပါကလားလို့ မင်းထင်ပြီးနေတာ အသည်းနာလှချေရဲ့ကွယ်”

http://www.cherrythitsar.org



"သည်တော့ မင်း ဘယ်လိုကြံဦးမှာလဲကွယ့်"

"ဆေးရုံကို တစ်လလောက် တက်ရပြီး ဒဏ်ရာပျောက်လို့ အချုပ်ထဲရောက်လာတော့မှ ကျွန်တော်တို့ရွာက ကျွဲခိုးမှုနဲ့ အချုပ်ခံနေရတဲ့အကောင်တစ်ယောက်နဲ့ ကံအားလျော်စွာ သွားတွေ့ရတာကို ဆရာရဲ့၊ ကျွန်တော်လည်း သူ့ကို ဒီအဖြစ်အပျက်တွေကို အကုန်ပြန်ပြီးပြောတော့ သူလည်း တစ်အောင့်လောက် စဉ်းစားပြီး သူက ... ဟော့ သာလှိုင် ငါသိပြီတဲ့၊ အရင်တစ်နှစ်လောက်တုန်းက ကာမရွာက လူဆိုး ခြေချုပ်ဥပဒေနဲ့ ထွက်ပြေးလာတဲ့ ဘိုးမှန်ဆိုတဲ့ အကောင်တစ်ယောက်ဟာ မင်းနဲ့တူလိုက်တာကွယ်တဲ့၊ ငါတောင် တစ်ခါလူမှားပြီး နှုတ်ဆက်မိသေးတယ်တဲ့၊ ဒီအကောင်ကလည်း ဆင်ဆိပ်ရွာအနောက်ဘက်က ညောင်ပင်သာဆိုတဲ့ တံငါရွာကလေးမှာနေတယ်လို့ ငါ့ကို လူတစ်ယောက်က ပြောဖူးတယ်တဲ့၊ ဧကန္တ ဒီအကောင် အစစ်ပဲဟေ့လို့ ပြောတာကို ဆရာရဲ့၊ သည်တော့မှ ကျွန်တော်လည်း ဒီအကောင်ကို အချုပ်ထဲကို တစ်နည်း နည်းနဲ့ ရောက်အောင် ဘယ်လို ကြံရပါ့မလဲဆိုပြီး အို ... တိုတိုပြောပါ့မယ် ဆရာ၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို ငွေ ၅၀၀ ကျပ်ပေးပြီး အကြံခိုင်း၊ အခု ဟိုဘက်ခန်းထဲမှာ ရောက်နေပါပြီကော"

"အင်း ... ကြံကြံဖန်ဖန် မင်းမို့လို ကြံတတ်ပလေကွယ်"

"ဆရာလည်း အသိသားနဲ့ လူဆိုးနာမည်စာရင်းရှိတဲ့ အကောင်တစ်ကောင်ကို အချုပ်ထဲရောက်အောင်ဟာ ဆေးခြောက်ငါးမူးသားလောက်ရှာ၊ အိမ်အောက်ပစ်ထားပြီး ပုလိပ်ကို လက်တို့လိုက်ရင် ကိစ္စပြီးတာပဲ မဟုတ်လား၊ သူ့လည်းပဲ အချုပ်ထဲ မနေ့က ရောက်လာရော ကျွန်တော့်ကိုလည်း ဒီကနေ့ အမိန့်ပေးတာပဲ ဆရာ၊ လက်မတင်ကလေးလိုတော့တယ်။ ဒီအကြံကို ကနေ့ည မှ အထ မမြောက်ရင် တစ်ခါတည်း ကိစ္စချောပြီးသားပဲ ဆရာ၊ ကိုင်း ... ကိုင်း ကျွန်တော် လုပ်ရမယ့်အလုပ်ကို ပြောရဦးမယ်၊ ဆရာဟာ တော်တော် စိတ်ခက်ထန်တဲ့ လူတစ်ယောက် မဟုတ်လား"

"ဟုတ်တယ်"

"ကိုင်း ... နည်းနည်းတော့ အစွမ်းပြလိုက်ရဦးမယ်" ဟု ဆို၍ အကျဉ်းသား မောင်သာလှိုင်သည် ထောင်မင်းသား ဦးဘိုးထော်၏ မျက်နှာကို စေ့စေ့ကြည့်လျက် "ဆရာ ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်စမ်း" ဟု သုံးကြိမ်မျှ ရေရွတ်ပြောဆိုပြီးနောက် သူ၏စိတ်အားကို အစွမ်းကုန်ညှစ်လျက် လက်ချောင်းများကို အချုပ်ထောင် သံတိုင်များအတွင်းမှ ဖြန့်ချည်ဆုပ်ချည်လုပ်ကာ ဦးဘိုးထော်၏ မျက်စိရှေ့တွင် ဝှေ့ယမ်းလျက်ရှိလေ၏။

http://www.cherrythitsar.org



ထိုအခါ ဦးဘိုးထော်မှာ မောင်သာလှိုင်နှင့် မျက်နှာချင်းကပ်လျက်ရှိလေရာ မောင်သာလှိုင်ကလည်း ယခင်ကထက်ပင် ဦးဘိုးထော်၏ မျက်လုံးများကို စိုက်ကြည့်လျက် ယခင်က နည်းတူ သူ၏လက်ချောင်းများကို ဖြန့်ချည့်ဆုပ်ချည်ဆွဲငင်ပြုလုပ်လျက်ရှိလေ၏။ ထိုအခါ ဦးဘိုးထော်၏ ကိုယ်မှာ မောင်သာလှိုင်၏အနီးသို့ နီးကပ်သည်ထက် နီးကပ်၍သွားပြီးလျှင် မောင်သာလှိုင်က သူ၏စိတ်အားကို လျှော့လိုက်သည်နှင့် တစ်ပြိုင်နက် ဦးဘိုးထော်မှာ "အလိုအလို ... မူးလိုက်တာ မောင်သာလှိုင်ရယ်၊ ကျုပ် ဘယ့်နှယ်ဖြစ်သွားပါလိမ့်မလဲ" ဟု ပြောဆိုကာ မတ်တပ်မှ လဲကျသွားတော့မည်ကဲ့သို့ ရှိနေ၏။ သို့ရှိစဉ် မောင်သာလှိုင်သည် အတွင်းမှနေ၍ ဦးဘိုးထော်၏ လက်ရုံးများကို ဖေးမဆွဲကိုင်ထားလိုက်သဖြင့် ထိုအခါမှသာ ကြမ်းပေါ်သို့ မလဲရန် အနိုင်နိုင်ကြိုးစားလျက် သံတိုင်များကို လက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ရတော့၏။

"သည်ဟာ ကျွန်တော့်အတတ်ပဲ ဆရာ၊ အင်မတန် စိတ်ခက်ထန်ပြီးနေတဲ့ ဆရာ့ကိုတောင် ကျွန်တော် နိုင်သေးတာ၊ ဟိုအကောင်မျိုးတွေ့ အရေးလုပ်စရာ မရှိပါဘူး၊ ကိုင်း ... ဒီအတတ်ကို အခု ကျွန်တော်အသုံးချလိမ့်မယ်"

"ထူးဆန်းလှချေရဲ့ကွယ်၊ ဒီအတတ်မျိုးဆိုတာ ကြားသာကြားဖူးခဲ့တယ်၊ ခုမှပဲ ကိုယ်တိုင် ဒိဋ္ဌတွေ့ရပေတော့သကွယ်၊ ဩော် ... ဒါနဲ့ မင်းအခန်းကို ဖွင့်ဖို့ ခက်သေးတယ်ကွယ့်၊ ဒါ ဘယ့်နှယ်ကြံမလဲ"

"ဟာ ... ဟာ ဆရာကလည်း ဒီဟာတွေကို ကြိုတင်ပြီး ကျွန်တော် အသင့် ကြံထားပါတယ် ဆရာ"

ထို့နောက် မောင်သာလှိုင်လည်း ဒိုင်းလွှဖြင့် ဖြတ်ပြီးလျှင် တိတ်တဆိတ် ပြန်၍ ဖယောင်းဖြင့် ဆက်ထားသော သံတိုင်နှစ်တိုင်ကို ခွာပြီးနောက် အပြင်သို့ ရောက်လာလေ၏။

အပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မောင်သာလှိုင်သည် ဦးဘိုးထော်၏ လက်ကို ဖြည်းညှင်းစွာ ဆွဲပြီးလျှင် အချုပ်ထောင်ရှိရာသို့ သွားကြလေ၏။ မောင်သာလှိုင်သည် အခန်းနံပါတ်များကို သေချာစွာကြည့်လျက် လျှောက် ခဲ့ကြရာ တစ်ခုသော အခန်းအရှေ့သို့ရောက်လျှင် ဦးဘိုးထော်ဘက်သို့ လှည့်၍ သည်ဟာတော့ ဆရာ့တာဝန်ပဲ ဆရာရဲ့၊ ဆရာ့မှာ သော့ပါတယ် မဟုတ်လား" "ပါတာပေါ့ကွယ်"

ဦးဘိုးထော်မှာ အလွန်အရေးကြီးသော အကြောင်းရှိက အချုပ်ခန်းများမှ အားလုံးသော သော့ခလောက်များကို အလွယ်တကူဖွင့်နိုင်ရန် အထူးတလည် ပြုလုပ်ထားသည့် သော့တူတစ်ချောင်းကို လျှို့ဝှက်စွာ ပြုလုပ်ထားရှိပြီးဖြစ်လေသည်။

ဤသို့ဖြင့် ဦးဘိုးထော်သည် အားလုံးသော့ခလောက်များကို ဖွင့်သည့် သော့တူကို ယူပြီးလျှင် ဘိုးမှန်၏အခန်းမှ သော့ခလောက်ကို စမ်းသပ်ဖွင့် လေရာ တစ်ခဏမျှအကြာတွင် 'ဂျောက်' ခနဲ ပွင့်သွားတော့၏။

ထိုအခါ ထောင်နာရီမှာ တစ်ချက်ထိုးသံကြားရလေရာ ညဥ့်စောင့် စန္ဒရီကုလား၏ အော်လိုက်သံကို ကြားရသဖြင့် ဦးဘိုးထော်နှင့် မောင်သာလှိုင် တို့ မလှုပ်ဝံ့ဘဲ အခန်း၏ချောင်တစ်ခု၌ ကပ်ကာ ကိုယ်ရှိန်သပ်လျက် ရှိကြကုန် ၏။ ထို့နောက် မောင်သာလှိုင်သည် အခန်းဝတွင် ထွန်းညှိထားသော လက်ဆွဲ မီးအိမ်ကို ဖြုတ်ပြီးနောက် အခန်းထောင့်တွင် ပက်လက်လှန်၍ အိပ်ပျော်နေ သော အချုပ်သမားတစ်ယောက်အနီးသို့သွား၍ ၎င်း၏မျက်နှာကို ကြည့်လေ ရာ ဦးဘိုးထော်လည်း မောင်သာလှိုင်၏နောက်မှ ကပ်၍ လိုက်သွားလေ၏။

ဦးဘိုးထော်သည် အိပ်ပျော်နေသူ၏မျက်နှာကို မီးရောင်တွင် မြင် လိုက်သည်နှင့် တစ်ပြိုင်နက် မောင်သာလှိုင်၏မျက်နှာကို တစ်လှည့်၊ အိပ်ပျော် နေသူ၏ မျက်နှာကို တစ်လှည့်ကြည့်ကာ "အလိုလေး တူလှချည့်ကလား ကွယ်" ဟု ပြောဆိုရေရွတ်လျက်ရှိရာ အိပ်ပျော်နေသော အချုပ်သား ဘိုးမှန်နှင့် မောင်သာလှိုင်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ချွတ်၍ စွပ်ထားဘိ သကဲ့သို့ ရှိချေ၏။

မောင်သာလှိုင်သည် ထိုသူအား ပခုံးကို ဖြည်းညှင်းစွာ လက်ဖြင့် ပုတ်လျက် နိုးလေရာ ထိုသူသည် မျက်စိများကို ပွတ်ကာ ထ၍ ထိုင်ပြီးနောက် မောင်သာလှိုင်၏ မျက်နှာကို မြင်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ရာကို ပြော မည်လုပ်ပြီးမှ မပြောနိုင်သကဲ့သို့ အားယူလျက်ရှိလေ၏။ ထို့နောက် မောင်သာ လှိုင်သည် ဦးဘိုးထော်ဘက်သို့ လှည့်ပြီးလျှင် –

"ကိုင်း ... ဆရာရှေ့၊ ဒီအကောင်ကို ကျွန်တော့်အခန်း ခေါ်သွားရ လိမ့်မယ်။ ကျွန်တော်က ရှေ့က ခေါ်ပြီးသွားတဲ့အခါ သူက နောက်က လိုက် လာလိမ့်မယ်။ လမ်းမှာ ဆရာက ကျွန်တော့်ကို စကား တစ်ခွန်းမျှ မပြောပါနဲ့ ဆရာ၊ မမေးလည်း မမေးပါနဲ့ သည်းခံပါ" ဟု ပြောဆိုပြီးနောက် မောင်သာလှိုင် သည် ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် မိမိ၏စူးရှသော မျက်လုံးတန်ခိုး ဖြင့် ထိုသူ၏စိတ်ကို ညှို့လျက်ရှိလေ၏။

ထိုသူသည် အရူးကဲ့သို့ မျက်လုံးများလည်လျက် ဟစ်အော်တော့ မည်ကဲ့သို့ ပါးစပ်တွင်းမှ အသံကို အပြင်သို့ ညှစ်ထုတ်ရန် ကြိုးစားလျက်ရှိလေ ရာ မောင်သာလှိုင်သည် မျက်စိကို စုံမှိတ်လျက် နဖူးမှချွေးများ ဒီးဒီးကျလျက် လာသည့်တိုင်အောင် တအားကုန်ညှို့လျက်ရှိလေ၏။ ဤသို့ဖြင့် ငါးမိနစ်ခန့်မျှ

http://www.cherrythitsar.org


ကြာလတ်သော် မောင်သာလှိုင်သည် ထိုင်ရာမှ ထလေရာ အချုပ်သမား ဘိုး မှန်သည်လည်း မတ်တပ်ရပ်လေ၏။

ထို့နောက် အခန်းမှထွက်ခဲ့ကြ၍ မောင်သာလှိုင်သည် တည်ငြိမ်လေးနက်သော မျက်နှာဖြင့် မိမိ၏လက်ချောင်းများကိုသာ ဘိုးမှန်၏မျက်နှာနှင့် ကပ်၍ ဖြန့်ချည်ဆုပ်ချည်ပြုလုပ်ကာ ရှေ့ဆုံးမှနေ၍ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားလေရာ ဘိုးမှန်လည်း အိပ်မက် မက်၍ နေဘိသကဲ့သို့ မျက်လုံးများကို စိုက်၍ကြည့်ကာ မောင်သာလှိုင်ခေါ်ရာသို့ လိုက်ပါသွားလေ၏။

မောင်သာလှိုင်၏ အချုပ်ခန်းရှေ့သို့ရောက်လျှင် မောင်သာလှိုင်လည်း ဘိုးမှန်အား ဖြည်းညှင်းစွာ သွင်းပြီးနောက် သံတိုင်နှစ်ချောင်းကို ဖယောင်းဖြင့် သေသပ်စွာ ပြန်၍တပ်လေ၏။ ထို့နောက် ဘိုးမှန်အား မျက်တောင်မျှ မခတ်ဘဲ အတန်ကြာစိုက်၍ကြည့်ပြီးလျှင် သူ၏အခန်းထဲ၌ထား၍ မောင်သာလှိုင်သည် ဘိုးမှန်နေခဲ့သည့် အခန်းရှိရာသို့ ပြန်ခဲ့ရာ ဦးဘိုးထော်သည် ၎င်းနောက်မှ လိုက်ပါသွားရပြန်လာလေ၏။ အခန်းဝသို့ ရောက်လျှင် မောင်သာလှိုင်သည် အခန်းကို ပြန်ပိတ်ရန် ဦးဘိုးထော်အား ပြောပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်ပြီးလျှင် ဦးဘိုးထော်အား –

"အင်မတန် ကျေးဇူးကြီးလှပါတယ် ဆရာရယ်၊ ဆရာ့ဂုဏ်ကျေးဇူးကို ဒီတစ်သက်မက ဆယ်သက်နေလို့တောင် ကျွန်တော်ဖြင့် မေ့နိုင်စရာ အကြောင်းမရှိပါဘူး ဆရာရယ်" ဟု ပြောဆိုကာ မိမိ၏ခါးကြားထဲမှ စက္ကူလိပ်တစ်လိပ်ကို ဦးဘိုးထော်အား ရိုသေစွာ ပေးအပ်လေ၏။ (ယင်းစက္ကူလိပ်တွင် တစ်ရာတန် ငွေစက္ကူကိုးချပ် ပါရှိလေ၏။)

"အခု ကျွန်တော်လုပ်တာဟာ မတရား မဟုတ်ပါဘူး ဆရာရယ်၊ အားလုံး တရားနည်းလမ်းအတိုင်းချည်းပါပဲ၊ ကျွန်တော့်အမှုမှာလည်း ကြိုးပေးမယ့်သာ ပေးခဲ့တယ်။ လုံလောက်တဲ့ သက်သေခံ မရှိဘူးဆိုတာ ဆရာလည်း သိပါတယ်။ သည်တော့ အယူခံမှာ ဘိုးမှန်က သူမဟုတ်တဲ့အကြောင်း အကိုးအကားပြ၊ လူချင်းတူပေမယ့် လက်ပုံစံက ဘယ်နှယ့်နည်းနှင့်မျှ မတူနိုင်ဘူး မဟုတ်လား ဆရာရဲ့၊ ဒီအကြောင်းတွေကို သက်သေပြ တစ်ခါတည်း လွတ်ရုံပါပဲ၊ သည်ဟာနဲ့မှ အထက်ရုံးကြီးက မလွတ်ရင်ဖြင့် သူ့အပြစ်သူခံပေစေ ဆရာရေ့" ဟု ပြောဆိုလျက်ရှိစဉ် ဘိုးမှန်အား ချုပ်နှောင်ထားရာ အချုပ်ခန်းဆီမှ "ကျုပ်ဘာပြုလို့သည်ကို ရောက်လာရတာလဲဗျ၊ ကျုပ်ကို ဘယ်သူခေါ်လာသလဲ ဟော ... ဟော ... ဟော ... ကရင်ကြီးလာပြီ၊ အမယ်လေး ထောင်ပိုင်ကြီး ကယ်တော်မူပါ ဘုရား" စသည်ဖြင့် ဆူညံစွာ ဟစ်အော်လျက် ရှိသည်

http://www.cherrythitsar.org



ကို ကြားရလေ၏။ ထိုအသံကား အခြားမဟုတ်၊ ဘိုးမှန်၏ ဟစ် အော်သံပင် ဖြစ်လေသည်။

ဦးဘိုးထော်သည် မောင်သာလှိုင်၏အခန်းသို့ လျှင်မြန်စွာ ပိတ်၍ သော့ခတ်ခဲ့ပြီးသော် မိမိအခန်းသို့ ပြန်၍ရောက်သောအခါ ထောင်နာရီမှ နှစ် ချက် ထိုးသံကြားရလေသည်။

မှတ်ချက်။ ။ "မောင်သာလှိုင်၏အမှုကို ဘုရင်ခံထံသို့ နောက်ဆုံး အသနားခံလွှာတင်သည်တွင် သေဒဏ်အား တစ်သက်တစ်ကျွန်းကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်လေသည်။

ဦးဘိုးထော်၏ မှတ်တမ်းတွင် ဤကဲ့သို့ မိမိပြုလုပ်မိခဲ့သည့်အတွက် သူကိုယ်တိုင် နောင်တရမိကြောင်း၊ သို့သော် ဘိုးမှန်မှာ သေဒဏ်မခံရဘဲ တစ်သက်တစ်ကျွန်း အပြစ်ဒဏ် ခံရသဖြင့်သာ တော်ပေသေး၏ ဟု မိမိစိတ်ကို ဖြေဆည်ရကြောင်းဖြင့် မှတ်ချက်ရေးသားထားလေသည်။

◆

http://www.cherrythitsar.org

# ရင်သွေးတော်

ကျွန်ုပ်သည် အခါအခွင့် သင့်သောအခါတိုင်း ထောင်နန်းအမျိုးမျိုးကို စံခဲ့ဖူးသော ထောင်မင်းသား ဦးဘိုးထော်၏အကြောင်းကို ဒဂုန်မဂ္ဂဇင်းတွင် အကြိမ်ကြိမ် ရေးသားခဲ့ဖူးသဖြင့် စာဖတ်သူများ အတော်အတန် သိပြီဖြစ်မည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။

ဦးဘိုးထော်၏ ဘဝမှာ အပြင်၌ လွတ်လပ်စွာ နေရသော ရက်နှင့် ထောင်ထဲတွင် အကျဉ်းကျခံရသော ရက်များကို နှိုင်းစာကြည့်ရှုက ထောင်သက်ကပင် ပို၍များသေး၏။ သူသည် အစိုးရ အပြစ်ဒဏ်ဖြင့် အကျဉ်းခံနေရသော ထောင်သားတစ်ယောက်ပင် ဖြစ်သော်လည်း တည်ကြည်မြင့်မြတ်သော စိတ်ထားရှိသူဖြစ်ရကား ၎င်း၏အမှုများမှာ လိမ်လည်ကောက်ကျစ်၍ဖြစ်ရသော အမှုမျိုး မဟုတ်ဘဲ မဟုတ်လျှင် မခံချင်စိတ်ရှိသူတစ်ယောက် ဖြစ်သည့်အတိုင်း ရိုက်မှု၊ ဓားခုတ်မှု၊ လုံထိုးမှု၊ လူသတ်မှု စသည်တို့သာဖြစ်ခဲ့လေသည်။

ဦးဘိုးထော်မှာ ဤကဲ့သို့ မြန်မာပြည်ရှိ အရပ်ရပ်ထောင်များတွင် အကြိမ်ကြိမ် ကျခဲ့ဖူးသည့်အတိုင်း ၎င်း၏စိတ်သဘောကို အငယ်ဆုံး ထောင်ပြာတာမှစ၍ အကြီးဆုံးထောင်ပိုင်အရာရှိကြီးများအထိ သိရှိခဲ့၏။ သို့နှင့် ဦး ဘိုးထော်မှာ ခရိုင်ထောင်ကြီးများ၌ပင် ထောင်မင်းသားအဖြစ် ချောင်ချိစွာ နေထိုင်နိုင်ခဲ့သည်သာ ဖြစ်၏။

ဦးဘိုးထော်၏ ဝါသနာမှာ ထောင်ထဲတွင် အကျဉ်းခံနေရသော အကျဉ်းသမားများထံမှ ၎င်းတို့၏ဖြစ်ရပ်မှန်အတ္ထုပ္ပတ္တိများကို တတ်နိုင်သမျှ

http://www.cherrythitsar.org



ရှာဖွေစုဆောင်းခဲ့ရာ ကျွန်ုပ်မှာ သူပြောသမျှ အတ္ထုပ္ပတ္တိကလေးများကို ဝတ္ထု သဖွယ် စာဖတ်ပရိသတ်အား တင်ပြနိုင်ခဲ့လေပြီ။ ယခုရေးသားအံ့သော အတ္ထုပ္ပတ္တိမှာလည်း ပြည်မြို့ထောင်ကြီးတွင် ဦးဘိုးထော် ကျခံနေစဉ် သူကိုယ် တိုင် တွေ့ကြုံခဲ့သည့်အဖြစ်အပျက်တစ်ခုဖြစ်ကြောင်း ဦးဘိုးထော်က ပြောပြ သဖြင့် သိရှိရ၏။

ဦးဘိုးထော်မှာ ထောင်မှ ထွက်လာသောအခါများတွင် မည်သည့် အလုပ်ကိုမျှ မလုပ်ကိုင်ဘဲ အေးချမ်းစွာ စားသောက်နေထိုင်နိုင်ခဲ့သဖြင့် ၎င်းမှာ ပစ္စည်းဥစ္စာ အတော်အတန် ပြည့်စုံကြောင်းသိရှိရသော်လည်း သူ့တွင် မည်မျှ လောက် အတော်ပစ္စည်းဥစ္စာရှိသည်ကို မည်သူတစ်စုံတစ်ယောက်မျှ အမှန်မသိ ချေ။ သူ့တွင် ရှိသည့်ပစ္စည်းများအနက် အလွန်အရည်ကောင်းလှ၍ အဖိုးထိုက် တန်သော 'မြ' တစ်လုံးရှိသည်ဟု အရိပ်အမြွက်ကြားသိခဲ့ဖူး၏။ သို့သော် ထိုအဖိုးတန် ကျောက်မျက်ရွဲကို ကျွန်ုပ်မည်သည့်အခါမျှ မမြင်ဖူးခဲ့ချေ။

တစ်နေ့သ၌ ကျွန်ုပ်လည်း မြန်မာဘုရင်များ၏ နန်းစဉ်ကျောက်မျက် ရွဲများအကြောင်းနှင့် ပတ်သက်၍ သီပေါဘုရင်လက်ထက်တော်တွင် ရှိခဲ့သော 'ရေလိုအေး' ခေါ် ပြည်တန် 'မြ' တစ်လုံးမှာ သီပေါဘုရင်မင်းမြတ်အား ၁၂၄၇ ခုနှစ်တွင် ကာနယ်စလေဒင်က ခေါ်ဆောင်သွားစဉ် ထို'မြ' မှာ ဗြိတိုက်အတွင်းမှ ပျောက်၍သွားသည်ဆိုကြောင်း၊ ထိုသတင်းမှာ မှန်သည်ဖြစ်စေ၊ မှားသည် ဖြစ်စေ ထိုမြ၏အကြောင်းကို ထိုအခါမှစ၍ ယခုတိုင် မကြားရတော့သဖြင့် ပျောက်သွားသည်ဆိုသော သတင်းမှာ ဟုတ်မှန်စရာအကြောင်းများရှိကြောင်း၊ ထိုမြရတနာမျိုးမှာ ယခုအခါ မိမိ ကိုယ်ပိုင်ရှိရန် မဆိုထားဘိဦး၊ တွေ့မြင်ရန်ပင် အလွန်ခဲယဉ်းကြောင်းဖြင့် ကျွန်ုပ်က ပြောသောအခါ ဦးဘိုးထော်သည် ကျွန်ုပ် ပြောသမျှကို ဝန်ခံလေ၏။ ထို့နောက် ဦးဘိုးထော်လည်း ကျွန်ုပ်အား ဤကဲ့သို့ အရည်ကောင်းသော 'မြ' မျိုးကို ကြည့်လိုသလောဟု မေးရာ ကျွန်ုပ်ကလည်း ကြည့်လိုပါကြောင်းဖြင့် ပြောပြ၏။ ထိုအချိန်က ဦးဘိုးထော်မှာ ထောင်မှ လွတ် ၍ ပြည်မြို့ 'ဘုရားကြီး' ဘုရား၏ အရှေ့ဘက် ကွမ်းခြံ၌ သူ၏တပည့်တစ် ယောက်၏တဲတွင် နေထိုင်လျက်ရှိချိန် ဖြစ်၏။

ဦးဘိုးထော်သည် အိမ်နောက်ဖေး ခြံထဲသို့ တစ်ခဏမျှ ထွက်သွားပြီး နောက် ကွမ်းတစ်ယာညက်ခန့်အကြာတွင် ရွှံ့မြေများလိမ်းကျံလျက် မြေမှ ရုတ်တရက် တူးဖော်ယူခဲ့ဟန် လက္ခဏာရှိသော ဝါးကျည်တောက်တစ်လုံးကို ကိုင်၍လာခဲ့လေသည်။ ထို့နောက် ကျွန်ုပ်အား ဖန်ခွက်တစ်လုံးကို ဆေးကြော ယူခဲ့စေ၍ ဝါးကျည်တောက်ငယ်အတွင်းမှ ကြိုးကြာဥသဏ္ဍာန်ရှိ အလွန်အရည် ကောင်း၍ စိမ်းလဲ့သော အဆင်းရှိသည့် ကျောက်တစ်လုံးကို ဖန်ခွက်ထဲသို့

http://www.cherrythitsar.org



ထည့်လိုက်ပြီးလျှင် ကျွန်ုပ်အား ဖန်ခွက်ပြည့်သည့်တိုင်အောင် ရေကို လောင်းစေခဲ့၏။ ဖန်ခွက်တွင် ရေပြည့်၍လာသောအခါ ထိုရေသည် 'မြ' ၏ တန်ခိုးဖြင့် ယခုအခါတွင် ကျွန်ုပ်တို့ သောက်လေ့ရှိသော 'သစ်ခွအဖျော်ရည်' ကဲ့သို့ ဖန်ခွက် တစ်ခွက်လုံး စိမ်းလျက်ရှိသည်ကို တွေ့ရတော့၏။

ဦးဘိုးထော်သည် ဖန်ခွက်အတွင်း၌ 'မြ' ကို ဆယ်ယူပြီးလျှင် ကျည်ထောက်ငယ်အတွင်းသို့ တစ်ဖန် ပြန်၍ထည့်လိုက်ပြီးနောက် နောက်ဖေးဘက်သို့ ပြန်၍ယူသွားလေ၏။ ကျွန်ုပ်လည်း ထို 'မြ' အကြောင်းနှင့် ပတ်သက်၍ အမျိုးမျိုးချီးမွမ်း ပြောဆိုလျက်ရှိရာ ဦးဘိုးထော်က ယခုမြင်ရသော 'မြ'မှာ သီပေါဘုရင် လက်ထက်တော်က ပေါ်ပေါက်ခဲ့သော 'ရေလိုအေး' အမည်ခံ နန်းစဉ်ရတနာဖြစ်သည့် 'မြ'ကို မမီသော်လည်း ယင်းတို့မှာ တွင်းတစ်တွင်းတည်းမှ ထွက်သည့် အဖိုးတန်ကျောက်မျက်ရတနာများ ဖြစ်ကြောင်းဖြင့် ပြောဆိုလေ၏။ ထိုအခါ ကျွန်ုပ်က ဦးဘိုးထော်၏ 'မြ'တွင် ထူးဆန်းသော ရာဇဝင်တစ်ခု အမှန်ရှိတန်ရာ၏ဟု ထိုအကြောင်းကို မေးမြန်းလေရာ ယခု သူ့တွင်ရှိသော 'မြ'၏ နောက်ကြောင်းရာဇဝင်ကို အသေအချာ မသိရသော်လည်း သူ၏လက်သို့ မည်သို့မည်ပုံရောက်လာသည့်အကြောင်းကိုမူ အောက်ပါအတ္ထုပ္ပတ္တိကို ကြည့်ရှုခြင်းအားဖြင့် စာဖတ်သူများသိရှိနားလည်လိမ့်မည်ဖြစ်ပါသည်။

*

ဦးဘိုးထော်သည် ပြည်မြို့ထောင်ကြီးတွင် ထောင်မင်းသားအဖြစ်ရှိစဉ် တစ်နေ့သ၌ ထောင်ပြာတာ နဂျပ်ဆင်ဆိုသူသည် ဦးဘိုးထော်အမည်နှင့် လိပ်တပ်ထားသော စာတစ်စောင်ကို ထောင်အပြင်မှ လျှို့ဝှက်ယူလာခဲ့ပြီးလျှင် ဦးဘိုးထော်အား ပေးလေ၏။ ထောင်သားများမှာ တစ်ယောက်နှင့် တစ်ယောက်သော်လည်းကောင်း၊ ပြင်ပမှလူများနှင့်သော်လည်းကောင်း မည်သည့်နည်းနှင့်မျှ စာပေးစာယူပြုလုပ်ရန် အခွင့်မရှိချေ။ ဤဥပဒေကို ကျော်နင်းသောသူများမှာ ကြီးလေးသော အပြစ်ဒဏ်ကို ခံကြရလေသည်။ ထောင်ပြာတာနဂျပ်ဆင်မှာ ဤဥပဒေကို ကောင်းစွာသိရှိပြီးဖြစ်သော်လည်း ထိုစာကို ပေးသော သူထံမှ ငွေငါးကျပ် ရရှိခဲ့သဖြင့်တစ်ကြောင်း၊ အကယ်၍ ထိုစာမှာ ဦးဘိုးထော်၌ တစ်စုံတစ်ရာ အကျိုးရှိခဲ့ပါမူ ဦးဘိုးထော်ထံမှ 'ဘောက်ဆူး' ရရန် မျှော်လင့်သဖြင့်တစ်ကြောင်း ထိုစာကို ထောင်အတွင်းသို့ လျှို့ဝှက်၍ယူဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ဦးဘိုးထော်လည်း နဂျပ်ဆင်အား ဤစာကို မည်သူ့ထံမှ ရခဲ့သနည်းဟု မေးရာ ထိုနေ့နံနက် အကျဉ်းသားများသည် ထောင်မှ ထွက်သော ဟင်းရွက်ဟင်းသီးများကို လူတွန်းသောလှည်းဖြင့် ပြည်မြို့ ဈေးကြီးသို့ သွားရောက်

http://www.cherrythitsar.org



ရောင်းချရာတွင် ရှမ်းလူမျိုးနှင့်တူသည့် မိန်းမတစ်ယောက်က ပေးလိုက်ကြောင်း၊ ဤစာမှာ အလွန်လျှို့ဝှက်သော စာဖြစ်၍ ၎င်းအား ဦးဘိုးထော်၏ အကြောင်းကို အကြိမ်ကြိမ် စစ်ကြောမေးမြန်းပြီးမှ ထိုစာကို ပေးလိုက်ကြောင်း၊ ထိုမိန်းမမှာ စာအတွက် စိတ်မချနိုင်သဖြင့် ထောင်အရာရှိများ မမိစေရန် အထပ်ထပ်မှာ ကြားပြီးမှ စာကို ပေးကြောင်းဖြင့် ပြောဆိုလေသည်။

ဦးဘိုးထော်သည် စာကို ဆိတ်ကွယ်လုံခြုံရာတွင် ဖောက်၍ကြည့်ရှုရာ အောက်ပါအတိုင်းရေးသားထားသည်ကို ထူးဆန်းစွာ တွေ့ရှိရ၏။

**"အဆွေတော် ဦးဘိုးထော် ....**

**ကျွန်ုပ်တို့သည် မိတ်ဆွေ၏အကြောင်းကို မြင်းခြံထောင်တွင် မိတ်ဆွေ ရှိစဉ်ကတည်းက ကြားဖူးခဲ့သဖြင့် မိတ်ဆွေမှတစ်ပါး အခြားမည်သူမှ စွမ်းဆောင်နိုင်မည်မဟုတ်ဟု ယူဆသဖြင့် ယခု ရောက်လာခြင်း ဖြစ်ပါသည်။ မိတ်ဆွေကြီး စိုးစံနေသော ထောင်တွင် နိုင်ငံရေးကိစ္စများနှင့် ပတ်သက်၍အကျဉ်းခံနေရသူ မခင်မူ ခေါ် မနှာ ဆိုသူ မိန်းမအကျဉ်းသမားတစ်ယောက် ရှိပါသည်။ သူ့တွင် ယခု အခါ သားယောက်ျားကလေးတစ်ယောက် မျက်နှာသန့်စင်၍ ပြီး သည်မှာ တစ်လခန့်မျှသာ ရှိသေးကြောင်းသိရပါသည်။ ထိုကလေး မှာ သာမန်ကလေးမျှ မဟုတ်ပါ၊ ကျွန်ုပ်တို့နယ်တွင် အုပ်စိုးမည့် နန်းညွန့်နန်းလျာကလေး ဖြစ်သဖြင့် ထိုကလေးအတွက်နှင့် ပတ် သက်၍ မိတ်ဆွေကြီးနှင့် ကိုယ်တိုင် စကားပြောဆိုတိုင်ပင်ရန် ရှိ ပါသည်။ သို့ဖြစ်သောကြောင့် ယခု ၁၂ နာရီတိတိအချိန်တွင် ထောင် ကြီး၏တောင်ဘက် တောင်ယာကြီးနှင့်ကပ်လျက်ရှိသော ဆုတောင်း ပြည့်ဘုရားကလေးအနီးမှ ဧရပ်နောက်ဖေးသို့ ကျွန်ုပ်နှင့်တွေ့ရန် ကြံဖန်၍ လာစေလိုပါသည်။**

**လူချင်းတွေ့ရန် အထိမ်းအမှတ်မှာ အဝတ်နက်ကို ဝတ်၍ထား သောလူတစ်ယောက်ကမိတ်ဆွေကိုမြင်လျှင်မြွေတွန်သကဲ့သို့ အော်ပါလိမ့်မည်။ ထိုအခါ မိတ်ဆွေက ယခု စာရေးစက္ကူတွင် ပါသော အထိမ်းအမှတ်အတိုင်း လက်ညှိုးနှစ်ချောင်းကို ယှက်၍ပြပါ၊ ထိုအခါ ထိုသူကလည်း ထိုနည်းအတူ ပြန်၍ပြပါလိမ့်မည်။ ထိုသူ ကား မိတ်ဆွေနှင့် တွေ့လိုသောသူ အမှန်ဖြစ်ပါသည်။ လူချင်းတွေ့ ဆုံသောအခါ အကြောင်းစုံ သူက ပြောပြပါလိမ့်မည်"**

ရေးသူ၏ လက်မှတ်တစ်စုံရာ မပါဘဲ အထက်ပါ ထူးဆန်းသော စာကို တွေ့ရှိရ၏။ စာရေးစက္ကူမှာ အလွန် မျိုးကောင်း၍ ကုန်သည်ပွဲစား

http://www.cherrythitsar.org



စသော လူသာမန်တို့ အသုံးပြုခဲ့သော အဖိုးတန်စက္ကူမျိုးဖြစ်ပြီးလျှင် စက္ကူ၏ ထိပ်တွင်လည်း လက်ညှိုးချင်းယှက်နေသော လက်နှစ်ဖက်ကို မြွေတစ်ကောင် လိမ်ရစ်ပတ်နေပုံကို စာရေးစက္ကူမျက်နှာတစ်ဖက်မှ အခြားတစ်ဘက်သို့ ပေါက် အောင် ရိုက်နှိပ်ထား၏။

ဦးဘိုးထော်သည် ထိုစာကို နှစ်ကြိမ်သုံးကြိမ်မျှ ပြန်၍ဖတ်ပြီးနောက် ဖျောက်ဖျက်၍ပစ်လိုက်သည်။ ထို့နောက် မိန်းမထောင်ဘက်တွင် အုပ်ချုပ်သည့် ထောင်မှူးထံမှ မိန်းမအကျဉ်းသားများ၏ စာရင်းကို လျှို့ဝှက်စွာ ရရှိခဲ့ရာ ထိုစာ ရင်းမှ ဆေးရုံပို့ရသော မိန်းမအကျဉ်းသားများအနက် မီးဖွားသော မခင်မူ ခေါ် မစန္ဒာဆိုသူ မိန်းမအကျဉ်းသားတစ်ယောက်၏ အမည်ကို တွေ့ရ၏။ ဦးဘိုး ထော်၏ ဝါသနာမှာ အခကြေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထူးထူးဆန်း ဆန်း တွေ့ကြုံဆောင်ရွက်လိုသည့်အတိုင်း ထိုည၌ ချိန်းချက်သော အချိန်တွင် ချိန်းချက်သောနေရာသို့ အမည်မသိသူနှင့် တွေ့ဆုံရန် စိတ်ကို ပိုင်းဖြတ်လိုက် လေသည်။

ဦးဘိုးထော်သည် သူ၏ လူယုံဖြစ်သော နဂျပ်ဆင်နှင့် လုံခြုံသော နေရာတစ်ခုတွင် တိုင်ပင်လျက်ရှိလေသည်။

"ဒီမယ် ... နဂျပ်ဆင်၊ ကိစ္စတစ်ခုတော့ ပေါ်လာပြန်ပြီဟေ့"

"ဘာလဲ ကိုဘိုးထော်"

"ဒီနေ့ည တောင်ယာကြီးဘက်က စင်မြင့်ပေါ်မှ ဘယ်သူ အစောင့်ကျ သလဲ"

"နှာနပ်ဆင် စောင့်မယ် ကိုဘိုးထော်"

"သူက မင်းလူပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘာလုပ်မလို့လဲ"

"သူနဲ့ ငါနဲ့ ၁ နာရီထိုးလောက်အထိ လူချင်း ခဏလဲချင်တယ်ကွယ်၊ မင်း ကြံပြီးပေးနိုင်ပါ့မလား"

"လုပ်ပေးရတာပေါ့၊ နို့ပေမဲ့ ထောင်မှူးကလေးများ သိသွားရင် ..."

"သည်ဟာတော့ မသိအောင် လုပ်ရမှာပေါ့ကွယ်၊ သိရင် ထောင်ကျ ပြီးသားပေါ့၊ ငါ့အတွက်တော့ မထူးပါဘူး"

"ကောင်းပြီလေ၊ ည ထမင်းစားပြီးရင်သာ အလုံထောင်နောက်ဖေးကို လာခဲ့ပါ၊ ကျွန်တော် စောင့်နေပါ့မယ်"

"အေး ... လာခဲ့မယ်၊ ကျေးဇူးပါပဲ"

ထိုနေ့ ညနေ အကျဉ်းသားများ ထမင်းစားချိန်ပြီးသောအခါ ဦးဘိုး ထော်သည် အလုံထောင်ကလေး၏ နောက်ဖေးဘက်သို့ ထွက်ခဲ့ရာ ထိုည၌

http://www.cherrythitsar.org



အတွက် ပတ်တရောင်ကျသော နှာနပ်ဆင်ဆိုသူ ပြာတာနှင့် အခန့်သင့်ပင် တွေ့ရ၏။ နှာနပ်ဆင်မှာ နာဂျပ်ဆင်က ပြောပြီးသည့်အတိုင်း ဦးဘိုးထော် အနီးသို့ ကပ်၍ –

"ခင်ဗျား ဒီကနေ့ည ကျုပ်နဲ့ ခဏ လူချင်းလဲချင်တယ်နော်"

"ဟုတ်တယ် နှာနပ်ဆင်"

"ဘယ်လိုကိစ္စမျိုး ရှိလို့လဲဗျာ"

"မင်း ဒီကနေ့ည တောင်ယာကြီးဘက်က မျှော်စင်မှာ စောင့်ရမယ်ဆို"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်အချိန်က ဘယ်အချိန်အထိလဲ"

"ည ၉ နာရီမှ ၂ နာရီထိုးအထိ"

"ဒါဖြင့် အဆင်သင့်ပဲ"

"ကိစ္စက ဘာကိစ္စလဲ ခင်ဗျား၊ ကျွန်တော့်ကို ပြောပါဦး"

"ဘယ်လို ကိစ္စမျိုးလဲတော့ မသိသေးဘူးကွယ့်၊ နို့ပေမဲ့ ငါနဲ့ လူတစ်ယောက်နဲ့ စကားပြောဖို့ ကိစ္စပဲကွယ့်"

"စကားပြောရုံဖြင့် ထောင်ဝင်စာခံပြီး ပြောရင်လည်း အဖြစ်သားပဲ ခင်ဗျား"

"လူမသိစေချင်တဲ့ ကိစ္စမို့ပေါ့ကွယ်၊ ပြီးတော့လည်း သည့်ပြင် အကြောင်းလည်း ရှိတာပေါ့"

"ခင်ဗျားမှာ အကျိုးရှိရင် ကျွန်တော်တို့မှာလည်း အကျိုးရှိပါစေ ခင်ဗျာ"

"စိတ်ချပါကွယ် ရှိပါစေ့မယ်"

"တစ်ခုတော့ သတိထားပါ ခင်ဗျာ"

"ဘာလဲကွယ့် နှာနပ်ဆင်"

"၂ နာရီမထိုးခင် ၁၅ မိနစ်လောက် အရောက်ပြန်လာပါ ခင်ဗျာ"

"စကားပြောတာ သည့်လောက်တောင် မကြာပါဘူးကွယ်၊ အလွန်ဆုံး နာရီဝက်ပါပဲ"

"ဒါဖြင့်လည်း ကောင်းပါလေရဲ့ ခင်ဗျာ၊ ပြီးတော့ ကျွန်တော် လုပ်ရ မယ့် အလုပ်ဝတ္တရားတွေ သိပြီ မဟုတ်လား"

"တစ်နာရီတစ်ခါ နာရီအလှည့်ကျ အော်ဖို့ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"သည်ဟာတွေ ငါသိပြီးသားပါကွယ်၊ မင်းကော ငါ့အလုပ်ဝတ္တရား တွေ သိရဲ့ မဟုတ်လား"

http://www.cherrythitsar.org



"အချုပ်ခန်းရှေ့က ကြိုးခုတင်ကလေးအပေါ်မှာ ထိုင်ပြီး နာရီစေ့တိုင်း သံချောင်းခေါက်ရမယ် မဟုတ်လား ခင်ဗျာ"

"အေး ... ဟုတ်တယ်"

"ဒါဖြင့် ၉ နာရီလောက်ကျမှပဲ ကျွန်တော်နဲ့ အဝတ်လဲရအောင် လာပါ ခင်ဗျာ၊ အခုတော့ စောပါသေးတယ်"

"အေး လာခဲ့ပါမယ်။ မင်းကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်"

ထိုည၌ ၉ နာရီအချိန်လောက်၌ အထက်ပါအတိုင်း စီမံပြီး ဖြစ်ရကား ဦးဘိုးထော်သည် နှာနပ်ဆင်နှင့် လူချင်းလဲပြီးလျှင် သူစောင့်ရမည်ဖြစ်သော 'တောင်ယာကြီး' (ဟင်းသီးဟင်းရွက်များ စိုက်ရမည့် ဥယျာဉ်) ဘက် မျှော်စင်သို့ ရောက်ရှိခဲ့လေ၏။ ထောင်ပြတာများမှာ ဦးဘိုးထော်အကြောင်းကို သိပြီး ဖြစ်သည့်အတိုင်း ဤကဲ့သို့ အလွန်စွန့်စားလုပ်ရမည့် အခွင့်အရေးများကိုပင် တိတ်တဆိတ်ပေးတတ်ကြရာ ဦးဘိုးထော်ကလည်း မည်သည့်အခါမျှ သစ္စာ မဖောက်သဖြင့် သူ့အား ကောင်းစွာ ယုံကြည်ကြလေသည်။

ထောင်နာရီမှ ၁၂ နာရီထိုးလတ်သော် ဦးဘိုးထော်သည် မျှော်စင်ပေါ်မှ နှာနပ်ဆင် အော်သကဲ့သို့ အသံမျိုးဖြင့် "ဗာရာဘာဂျာဟိုး" ဟု အော်ပြီးနောက် လက်သမားအလုပ်ရုံမှ အသင့်ယူဆောင်လာခဲ့သည့် ကြိုးခွေကို မျှော်စင်မှ တိုင်တစ်လုံးတွင် ခိုင်မြဲစွာချည်ပြီးနောက် ကြိုးစကို ထောင်၏ အုတ်တံတိုင်းတွင်ကပ်ကာ အပြင်ဘက်သို့ လျှောချလေ၏။ ထို့နောက် ချိန်းချက်ထားသည့်အတိုင်း 'သံတစ်ချောင်းလမ်း' ဘက် ဆုတောင်းပြည့်စေတီအနီးရှိ ဇရပ်၏ နောက်ဖေးသို့ လာခဲ့၏။ ဇရပ်အနီးတွင် ခပ်မည်းမည်း သဏ္ဍာန်တစ်ခု လှုပ်ရှား လျက်ရှိသည်ကို မထင်မရှား တွေ့လိုက်ရလေသည်။

ထိုသူသည် ဦးဘိုးထော်အနီးသို့ အတန်ငယ် ချဉ်းကပ်ပြီးနောက် မြွေတွန်သံကဲ့သို့ အသံမျိုးဖြင့် အချက်ပေးလေရာ ဦးဘိုးထော်က လက်ညှိုးနှစ်ချောင်းကို ယှက်၍ ထိုအခါ အဝတ်နက်ဖြင့် တစ်ကိုယ်လုံးခြုံ၍ထားသော သူလည်း ဦးဘိုးထော်၏ နည်းတူ လက်ညှိုးနှစ်ချောင်းကို ယှက်ပြီးလျှင် ပြန်၍ ပြလေ၏။ ထိုသူနှင့် လက်တစ်ကမ်းအကွာမျှလောက် ရောက်လာလေလျှင် ထိုသူက စတင်၍ "ဦးဘိုးထော် မှတ်တယ်"

"ဟုတ်ပါတယ် ရုပ်ဖျက်ထားလို့ပါ၊ ကျုပ် ကုလား မဟုတ်ပါဘူး၊ နို့ ခင်ဗျားကော ဘယ်သူလဲ"

"ပြောတာပေါ့လေ ခပ်ဖြည်းဖြည်းပေါ့ဗျာ၊ နို့ပေမဲ့ ဘယ်အရပ်၊ ဘယ် ဒေသကလာပြီး ဘယ်သူက ခိုင်းစေတယ်ဆိုတဲ့အကြောင်းတော့ မမေးစေချင်ဘူး။ တဆိတ် သည်းခံစေချင်ပါတယ်"

"ဘာပြုလို့လဲ မိတ်ဆွေ"

"သည်အတိုင်း မှာလို့ပါ"

"ဒါဖြင့် မိတ်ဆွေက အဲဒီပုဂ္ဂိုလ်ရဲ့ လူယုံတော်ဆိုပါတော့၊ အထက်က အမိန့်ကို နာခံပြီး လုပ်ရတာလား"

"သည်အတိုင်း မှန်ပါတယ် မိတ်ဆွေ"

"ကောင်းပြီလေ၊ မမေးစေချင်တာ မမေးပါဘူး၊ ရှိပါစေတော့၊ နို့ ... ဒီသူငယ်မမှာ ကလေးမျက်နှာမြင်တာကို ကျုပ်က ဘယ်လိုဆောင်ရွက်ပေးရမှာလဲ"

"စာထဲမှာလည်း ကျုပ်နှမတော်က ရေးသင့်သလောက် ရေးလိုက်ပြီထင်ပါရဲ့"

"စာထဲမှာတော့ ပါသင့်သလောက် ပါပါတယ် မိတ်ဆွေ၊ ဒီသူငယ်မမှာ သားယောက်ျားကလေး တစ်ယောက် မျက်နှာမြင်တယ် ဆိုတာကတော့ ဟုတ်ပါပြီ"

"အင်း ... ဒီကလေးအတွက်ပေါ့ မိတ်ဆွေ၊ ကျုပ်တို့မှာ လိုက်ပြီးနေရတာ၊ အခု ထောင်ကျနေရှာတဲ့ သူငယ်မဟာ ကျုပ်တို့ ကျေးဇူးရှင် စော်ဘွားကြီးရဲ့ မဟာဒေဝီဆိုပါတော့၊ နို့ပေမဲ့ သူက အကြီးမဟုတ်ရှာလေဘူး အငယ်ပါ၊ အငယ်ဖြစ်သော်လည်း စော်ဘွားကြီးရဲ့ မြတ်နိုးခြင်းကို များစွာခံခဲ့ရပါတယ်။ ဒီလို စော်ဘွားကြီးနဲ့ သင့်မြတ်ပြီး တစ်နှစ်ကိုးလဆိုသလို ကြာတဲ့အခါမှာ အခြားစော်ဘွားတစ်ဦးအတွက် အခု မဟာဒေဝီကလေးအပေါ်မှာ အထင်မှားပြီး စော်ဘွားကြီးနယ်က နောက်ဆုံး ထွက်ခဲ့ရပါတယ်၊ သည်လို နယ်က ထွက်ခဲ့ပြီး မြန်မာပြည်ရောက်တဲ့အခါ အမြို့မြို့အနယ်နယ်လည်ပြီး နိုင်ငံရေးတရားတွေ ဟောတဲ့အခါ အစိုးရကို အကြည်ညိုပျက်စေတဲ့ အချက်တွေ ပါတယ်ဆိုပြီး နောက်ဆုံး သည်ထောင်မှာ ကျရှာရတာပါပဲ"

"နိုင်ငံရေးနဲ့ ပတ်သက်တဲ့ အကြောင်းတွေဆိုတာက ဘယ်လို အကြောင်းတွေလဲ"

"ဒီဟာက သူ့ယောက်ျား စော်ဘွားကြီးအပေါ်မှာ စိတ်နာပြီး ဟောတဲ့တရားတွေပေါ့ မိတ်ဆွေ"

"ကိုင်း ... ရှေ့ဆက်ပြီး ပြောစမ်းပါဦးလေ၊ ဘယ်လိုဖြစ်တယ်ဆိုတာ"

"ဟော်နန်းကိုစွန့်ပြီး ကျုပ်တို့နယ်ပယ်က ထွက်သွားတဲ့အခါ စော်ဘွားကြီးနဲ့ရတဲ့ ပဋိသန္ဓေပါသွားရှာတယ်။ ဒီနောက် လွန်ခဲ့တဲ့ လကတည်းက သူ့ကို တိုင်းပြည်က နှင်ထုတ်လိုက်ရတဲ့အတွက် စော်ဘွားကြီးလည်း အင်မတန်ယူကျုံးမရဖြစ်ပြီး ပြန်ခေါ်မယ်လုပ်နေတုန်း အသည်းအသန်မမာတော်မူပြီး

http://www.cherrythitsar.org



နောက်ဆုံး နတ်ရွာစံကံတော်ကုန်ရရှာတာပါပဲ၊ အင်း ... အနိစ္စသဘောဆိုတာ မလွန်ဆန်နိုင်ကြဘူးပေါ့ မိတ်ဆွေ၊ နို့ပေမဲ့ မသေခင် မှာခဲ့တဲ့ စကားတစ်ခွန်းက သူ့မဟာဒေဝီ ဖြစ်ဖူးတဲ့ မစန္ဒာ အမည်ခံ ခင်စောမူကို မြန်မာနိုင်ငံမှာ မတွေ့တွေ့အောင် ရှာပြီး သူ့ရင်သွေးတော်ကလေးကိုတော့ အကယ်၍ သားယောကျ်ားကလေးဖြစ်ခဲ့လို့ရှိရင် သူ့ အရိုက်အရာကို ခံပါစေလို့ တသသမှာတဲ့အခါကျတော့ အလိုတော်အတိုင်း ဖြစ်ပါစေ့မယ်လို့ သူနတ်ရွာမစံခင် ကျွန်ုပ်က ဝန်ခံ လိုက်မိတယ် မိတ်ဆွေ၊ သည်တော့ စော်ဘွားကြီး နတ်ရွာစံသွားပြီးတဲ့နောက် အခု ဆက်လက်ပြီး အုပ်ချုပ်နေတဲ့ သူ့ရဲ့ညီတော်က တစ်ဖက်၊ ကျွန်ုပ်တို့ အသင်းက တစ်ဖက် အကြီးအကျယ်စကားများပြီး ပြည်တွင်းစစ်တောင် ဖြစ် တော့မလို အခြေအနေရောက်နေတယ်၊ ဒါနဲ့ ကျွန်ုပ်လည်း ဒေဝီကလေးရဲ့ နေရပ်ကို မေးပြီး တဖြည်းဖြည်း မြန်မာပြည်ကို လိုက်လာခဲ့တာ၊ တိုတိုပြောကြစို့ မိတ်ဆွေ၊ နောက်ဆုံး သည်မြို့ကို ရောက်လာတာပဲ၊ ဒီအခါ ကျွန်ုပ်တို့ မန္တလေးမှာ ရှိစဉ်ကတည်းက မိတ်ဆွေအကြောင်းကို မြင်းခြံထောင်မှာ ကြားဖူး တာနဲ့ မိတ်ဆွေဆီကို စာနဲ့လှမ်းပြီး အကြောင်းကြားလိုက်တာ အခု ကျွန်ုပ်နဲ့ မျက်နှာစုံညီမိတ်ဆွေကို တွေ့ရတော့တာပဲ”

“မဟာဒေဝီကလေးအတွက်တော့ မစဉ်းစားကြတော့ဘူးလား”

“အင်း ... ဒီဟာကတော့ စော်ဘွားကြီးက သူ့အကြောင်း မကောင်း ပြောတဲ့ မိန်းမ တစ်ယောက်လို့ သူ့အပေါ်စိတ်နာပြီး ဘာမှ သူ့အတွက် မစဉ်း စားတော့သလိုပါပဲ၊ နို့ပေမဲ့ အကယ်၍ သူ့ကိုယ်ဝန်ဟာ ယောကျ်ားကလေး မွေးဖွားခဲ့လို့ရှိရင် သူ့သွေးသူ့သား သူ့ရဲ့ထီးညွန့်နန်းလျာတစ်ပါး ဖြစ်ရမယ် ဆိုပြီး သားတော်ဖြစ်ရင် မရအရ ကြံဆောင်ပြီး ယူလာရမယ်လို့ အမိန့်တော် ချမှတ်ခဲ့တာပဲ မိတ်ဆွေ”

ထော်။ ။“ဪ ... ဒါထက် ကလေးကို ယူတာကတော့ ဟုတ်ပါပြီ၊ ဘယ်လိုလုပ်ပြီး ယူချင်တာလဲ”

တိုသူ။ ။“ကလေးချင်းလဲပြီး ယူရလိမ့်မယ် မိတ်ဆွေ”

“ဖြစ်နိုင်ပါ့မလား”

“သည်အခြေရောက်မှတော့ မဖြစ်ဖြစ်အောင် ကြံမှပဲ မိတ်ဆွေ၊ ရုပ်ရည်ချင်း အင်မတန်တူမယ့် ကလေးတစ်ယောက်ကိုလည်း ကျွန်ုပ်တို့ ယူခဲ့ပါမယ့်”

“ဪ ... ကျုပ်က ခင်ဗျား ယူလာမယ့်ကလေးနဲ့ ထောင်ထဲက ကလေးကို ကလေးချင်းလဲပေးရမယ် ဆိုပါတော့”

“မှန်ပါတယ် မိတ်ဆွေ၊ သည်အတိုင်းပါပဲ”

http://www.cherrythitsar.org



"ဒါဖြင့် ဘယ်တော့လောက် လိုချင်တာလဲ၊ တာဝန်ကဖြင့် အင်မတန် လေးတဲ့အလုပ်ပဲ မိတ်ဆွေရဲ့"

"တာဝန်လေးတဲ့အတွက် ဦးဘိုးထော်ကိုပဲ အားကိုးရပါတယ်။ ပြီးတော့ ခင်ဗျား ဆောင်ရွက်ပေးတဲ့အတွက် ကျုပ်တို့က ကျေးဇူးမမေ့ပါဘူး မိတ်ဆွေ"

(အတန်ကြာ စဉ်းစားပြီးနောက်) "ကိုင်းလေ ... ရအောင်လုပ်ပေးပါမယ် ဆိုတာ ဝန်ခံရတာပေါ့လေ၊ မိတ်ဆွေကသာ ကတိသစ္စာကို မဖျက်ပါနဲ့"

"မဖျက်ပါဘူး မိတ်ဆွေ စိတ်ချပါ၊ ကျုပ်တို့ အမျိုးအနွယ်ဟာ အင်မတန် ကတိသစ္စာရှိကြပါတယ်။ နက်ဖြန်ည ဒီအချိန်မှာ ဒီနေရာကိုသာလာခဲ့ပါ၊ ကျွန်ုပ်ကလည်း အစားလဲရမည့်ကလေးကို ယူခဲ့ပါ့မယ်၊ မိတ်ဆွေသာ ဒီနေရာကို အရောက်လာခဲ့ပါ၊ အစစအရာရာ ချောချောမောမောဖြစ်ပြီး အကြံအစည် အောင်မြင်ပါစေဆိုတာ ဆုတောင်းပါတယ်"

ထို့နောက် ဝတ်ရုံနက်ကို ဝတ်ဆင်ထားသူသည် တန်ဆောင်း၏ မြောက်ဘက် တံခါးပေါက်အနီးရှိ မှောင်ရိပ်ထဲသို့ဝင်ကာ လျင်မြန်စွာ ပျောက်ကွယ်၍ သွားလေရာ ဦးဘိုးထော်သည် ထောင်ဘက်သို့ ပြန်ခဲ့လေသည်။

*

နောက်တစ်နေ့၌ ဦးဘိုးထော်သည် မိန်းမထောင်ဘက်မှ အကျဉ်းသား မခင်မူ၏ ကလေးကို ခိုးယူရန် နည်းအမျိုးမျိုး အကြံထုတ်လျက် ရှိလေ၏။ ဤအလုပ်မှာ လွယ်ကူသော အလုပ် မဟုတ်ချေ။ ကလေးကို ခိုးယူရန် မဆိုထားဘိ မိန်းမထောင်ဘက်သို့ ကူးရန်ပင် လွန်စွာ ခဲယဉ်းလှတော့၏။ မိန်းမ အကျဉ်းသားများထားရာ ထောင်ခန်းမှာ ယောကျ်ားများ ထောင်ခန်းထက် ၁၂ ပေခန့်မျှမြင့်၍ မတ်စောက်သော အုတ်နံရံကြီး တားဆီးလျက်ရှိနေ၏။ သို့နှင့် ဦးဘိုးထော်လည်း နဖူးမှ ချွေးပေါက်ကြီးများကျ၍ လာသည့်တိုင်အောင် အကြံထုတ်လျက်ရှိရာ ညနေစောင်းအချိန်သို့ ရောက်လာသောအခါမှ အကြံ တစ်ခုရ၍ လာတော့၏။

ယောကျ်ားထောင်နှင့် မိန်းမထောင်မှာ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ၁၂ ပေခန့်မျှမြင့်သော အုတ်တံတိုင်းကြီးတစ်ခု ခြားလျက်ရှိသည့်ပြင် ထိုအုတ်တံတိုင်းကို ကျော်တက်ရန် မည်သည့်နည်းနှင့်မျှ မတတ်နိုင်ချေ။ သို့သော် ယောကျ်ားထောင်ဘက်တွင် ထမင်းဟင်းများ ချက်ပြုတ်သော စားဖိုဆောင်၏ နောက်တွင် မြင့်ရာမှ နိမ့်ရာသို့ မိုးရေနှင့် အညစ်အကြေးများ တစ်ဖက်မှတစ်ဖက်သို့ စီးဆင်းသွားလာနိုင်ရန် ပြုလုပ်ထားသော ပြွန်လုံးကြီးတစ်လုံးဖြင့် ဆက်သွယ်လျက်ရှိ၏။ ထိုပြွန်လုံးတွင်းမှ ကူးမည်ဆိုသော် မိန်းမထောင်ဘက်

သို့ ရောက်နိုင်ကြောင်း တွေ့ရှိရလေသည်။ သို့ပင်ဖြစ်လင့်ကစား ခဲယဉ်းသည်မှာ ပြွန်လုံး၏ထိပ်ဝသည် နှစ်ပေသာသာခန့်မျှသာရှိ၍ ကိုယ်လုံးကိုယ်ပေါက်အားဖြင့် အလွန်ပိန်သော လူတစ်ယောက်သာ ထိုပြွန်လုံးအတွင်းသို့ ဝင်နိုင်မည် ဖြစ်၏။

သို့ဖြစ်၍ ဦးဘိုးထော်လည်း မိမိ၏ တပည့်ဖြစ်သော နဂျပ်ဆင်အား လက်သမားအလုပ်ရုံတွင် အလုပ်လုပ်နေသည့် ရွှေကင်းဆိုသူ အကျဉ်းသားအား အခေါ်ခိုင်းလိုက်ရာ မကြာမီပင် အလွန်ကြုံလှီသော သူတစ်ယောက်သည် ဦးဘိုးထော်၏ ရှေ့သို့ ရောက်လာလေသည်။ သို့နှင့် ဦးဘိုးထော်လည်း ရွှေ ကင်းအား တိတ်ဆိတ်လုံခြုံသည့် နေရာတစ်နေရာသို့ ခေါ်သွားပြီးလျှင် ထိုည လုပ်ရမည့်အလုပ်ကို ရွှေကင်းအား ညွှန်ကြားပြောဆိုလျက်ရှိလေ၏။

"ဘာလဲ ဆရာ၊ ဘယ်သူ့ကို နှံရဦးမှာလဲ"

"ဘယ်သူ့ကိုမှ မနှံရပါဘူးကွယ်၊ အလုပ်ကတော့ အတော် ထူးဆန်းတယ်ဟေ့"

"ဘယ်လို ထူးဆန်းတာလဲ ဆရာ"

"မိန်းမထောင်ဘက်ကို ကူးရလိမ့်မယ်ကွယ့်၊ ကူးပြီး ဟိုမှာ ကလေး တစ်ယောက်ကို ခိုးခဲ့ရမယ်"

"ဩော် ... မကြာသေးခင်ကပဲ မိန်းမ အကျဉ်းသား တစ်ယောက်မှာ ကလေးမျက်နှာမြင်တယ် ကြားတယ်"

"အေး ... ဟုတ်တယ်၊ အဲဒီ ကလေးပဲ"

"သူ့အမေသိရင်ကော ဆရာ"

"မသိအောင် ကလေးချင်းလဲပြီး အစားထားခဲ့ရမယ်ကွယ်"

"နေပါဦးဆရာ ... ဟိုဘက်ရောက်အောင် ကူးရမှာက ခက်တယ်"

"သည်ဟာ ငါ ကြံပြီးပါပြီကွယ်၊ ရေတွေဖောက်ချတဲ့ ပြွန်လုံးကြီးထဲက ဝင်ပြီး မင်းသွားရလိမ့်မယ်၊ မင်း ကိုယ်နဲ့တော့ ဆံ့ပါတယ်"

"ဟိုရောက်တော့ ဘယ့်နှယ်လုပ်ရမလဲ ဆရာ"

"မသိန်းဆိုတဲ့ မိန်းမ ဗာရာတစ်ယောက် စောင့်နေတာ မင်းတွေ့ရလိမ့်မယ်၊ မိန်းမထောင်ဘက်မှ သူဟာ အကြီးအကဲပဲကွ"

"သည်တော့ ဘာလုပ်ရမလဲ ဆရာ"

"ငါပေးလိုက်တဲ့ စာကလေးတစ်စောင် သူ့ကိုပြရင် အားလုံးကိစ္စတုံးအောင် သူလုပ်ပေးလိမ့်မယ်"

"နို့ပေမဲ့ ပြွန်ပေါက်က အထွက်မှ ကုလားမိသွားမှာ စိုးရတယ်"

"ဒေးဗစ်ဆိုတဲ့ အကောင်ကြီးပါကွယ်၊ မျက်စိကလည်း အင်မတန်မွဲပါ တယ်။ ပြီးတော့ ဒီအချိန်လောက်မှာ သူလည်း အိပ်နေမှာပါပဲ၊ အပေါက်ဝက အထွက်မှာ အလစ်ကြည့်ပြီး မသိန်းစောင့်ပြီးနေတဲ့နေရာသာ ပြေးပေတော့"

"ဘယ်တော့ သွားရမှာလဲ ဆရာ"

"ဒီကနေ့ညပဲ သွားရလိမ့်မယ် ဟေ့"

"ကောင်းပါပြီ ဆရာ စိတ်ချပါ၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

ထိုည၌ ဦးဘိုးထော်လည်း ည ၉ နာရီအချိန်လောက်ကပင် အကျဉ်း သား ရွှေကင်းကို ခေါ်၍ စားဖိုဆောင်အနီးတွင် စောင့်သော ကုလားအား လာဘ်ပေး၍ ရွှေကင်းကို ထိုနေရာအနီးရှိ စည်ပိုင်းအလွတ်တစ်လုံးထဲ နှစ်သွင်းကာ ဖုက်၍ထားလိုက်၏။ ထို့နောက် သူသည် နှာနပ်ဆင်နှင့် လူချင်းလဲလှယ်ပြီးလျှင် တောင်ယာကြီးဘက် စင်မြင့်ပေါ်သို့ ရောက်ရှိလာခဲ့၏။ ထိုည၌ ကံအားလျော်စွာပင် ယခင် စင်မြင့်၌ နှာနပ်ဆင်ပင် စောင့်ရန် အလှည့်ကျသည်ဖြစ်၍ ဦးဘိုးထော်မှာ ခဲယဉ်းခြင်းမရှိဘဲ အရာရာတွင် ချောမောအောင် စီမံနိုင်ခဲ့လေသည်။ ထို့နောက် ည ၁၂ နာရီထိုးသည်နှင့်တစ်ပြိုင်နက် ယမန်နေ့ ဝတ်ရုံနက် ဝတ်သူနှင့် ချိန်းဆိုထားခဲ့သော နေရာသို့ ရောက်ရှိလာလေသည်။

ထိုနေရာသို့ ရောက်သောအခါ ဦးဘိုးထော်သည် ခပ်မည်းမည်း လူ ၏ သဏ္ဌာန်နှစ်ခုကို မလှမ်းမကမ်းကပင် တွေ့မြင်ရလေသည်။ သဏ္ဌာန်တစ်ခုမှာ ယမန်နေ့ညက တွေ့ခဲ့ရသော ပုံသဏ္ဌာန်နှင့် တူပြီးလျှင် အခြားပုံသဏ္ဌာန် တစ်ခုမှာကား မျက်နှာကိုပင် မမြင်ရသော်လည်း ကိုယ်ဟန်လှုပ်ရှားပုံ အမူအရာကို မြင်ရခြင်းအားဖြင့် မိန်းမတစ်ယောက်ဖြစ်ဟန် လက္ခဏာရှိသည်ဟု ထင်မိ၏။ ၎င်းတို့နှစ်ဦးမှာ မျက်လုံးနေရာများကိုသာ ချန်လှပ်၍ တစ်ကိုယ်လုံး ဝတ်ရုံနက်ကြီးများဖြင့် လွှမ်းခြုံလျက်ရှိနေ၏။

သို့နှင့် ဦးဘိုးထော်လည်း ၎င်းတို့နှင့် ယမန်နေ့က ချိန်းချက်ထားသည့်အတိုင်း အမှတ်အသားလက္ခဏာကို ပြပြီးနောက် အနီးသို့ ချဉ်းကပ်သွားလေသည်။

ဦးဘိုးထော် က –

"အချိန်မှန်ပေသားပဲ၊ နေပါဦး ... ဟိုဟာက ဘယ်သူလဲ"

အဝတ်နက် က –

"မသိချင်ပါနဲ့လေ"

"မိတ်ဆွေ မသိစေချင်လည်း မမေးတော့ပါဘူးဗျာ၊ ဘယ့်နှယ်လဲ ခင်ဗျားတို့ ယူလာခဲ့မယ်ဆိုတဲ့ ကလေးကော ပါရဲ့လား"

"ပါပါတယ်ဗျာ အဆင်သင့်ပါပဲ၊ ဟောဟိုမှာ"

http://www.cherrythitsar.org



ထိုသူသည် မိန်းမနှင့်သဏ္ဌာန်တူသော ဝတ်ရုံနက်ဝတ်သူအား လက် ညှိုးထိုး၍ ပြလိုက်၏။

ထိုအခါ မိန်းမနှင့် ပုံသဏ္ဌာန်တူသည့် ဝတ်ရုံနက်ကြီးကို ကြည့် လိုက်ရာ ထိုသူသည် သူ၏ဝတ်ရုံအောက်မှ အထုပ်ငယ်တစ်ခုကဲ့သို့ အရာ ဝတ္ထုတစ်ခုအား ပွေ့ချီလျက်ရှိသည်ကို တွေ့ရ၏။ ထိုသူ၏ အမူအရာမှာ မိန်းမ တစ်ယောက်ကဲ့သို့ရှိနေ၏။ အထုပ်ငယ်အတွင်း၌ကား အဝတ်ဖြူတစ်ခုဖြင့် ရစ် ပတ်ထားသည့် တစ်လသားခန့်မျှသာ ရှိသေးသော ကလေးငယ်သည် မှုန်မွှား မွှားလရောင်အောက်တွင် ခြေလက်ကလေးများကို မြှောက်ချည်၊ ကွေးချည်ပြုလုပ် လျက် ရှိနေလေ၏။

ဦးဘိုးထော်နှင့် စကားပြောနေသူသည် မိန်းမနှင့်တူသော သဏ္ဌာန်၏ လက်ထဲမှ အဝတ်များဖြင့် ရစ်ပတ်ထားသည့် ကလေးငယ်ကို လှမ်းယူပွေ့ချီ လိုက်ပြီးနောက် "ကိုင်း ... မိတ်ဆွေယူသွားပေတော့ ဒီကလေးပဲ" ဟု ပြောလိုက် ၏။

ဦးဘိုးထော်က အတန်ကြာစဉ်းစားပြီးနောက် "ကျုပ်တစ်ခု စဉ်းစား နေတယ်"

"ဘာလဲ မိတ်ဆွေ၊ ကတိမတည်မှာ စိုးလို့လား၊ ခင်ဗျားကို ပေးဖို့ရန် ပစ္စည်း ကျုပ်အိတ်ထဲမှာ အသင့်ပါပါတယ်"

ထို့နောက် ခေါင်းဆောင်ဝတ်ရုံနက်သည် သူ၏ဝတ်ရုံကြီးအောက်မှ အထုပ်ငယ်တစ်ခုကို ထုတ်ယူလိုက်၏။ အထုပ်ငယ်မှာ တစ်စုံတစ်ခုသော အရာ ကို ရစ်ပတ်ထားခြင်း ဖြစ်၏။ ဤကဲ့သို့ ယုယပိုက်ထွေးထားရာမှပင် ကလေး ငယ်သည် ခြေကလန် လက်ကလန်လုပ်ကာ တအယ်အယ် ငိုကြွေးစပြုလာ တော့၏။

"ကျုပ် စဉ်းစားတာက တခြားမဟုတ်ဘူးဗျ"

"ဘာလဲ မိတ်ဆွေ"

"ထောင်ထဲကို ရောက်သွားတဲ့အခါ ကလေးငိုမှာ စိုးရိမ်ရတယ်။ ဒီလို ဆိုရင် ကျုပ်တို့အကြံအစည် အထမမြောက်တော့ဘူးဆိုတာသာ မှတ်ပေတော့"

"ဒါတော့ စိတ်ချပါ မိတ်ဆွေ၊ သည်အတွက် ကျုပ်တို့က ကြိုတင်ပြီး စဉ်းစားထားပါတယ်။ ကိုင်းကွယ် ... ဒီက ထောင်မင်းသား ယုံကြည်အောင် ဆေးအစွမ်းကလေး နည်းနည်းပြလိုက်စမ်းပါ"

အဝတ်နက်ကို ဝတ်ထားသော ပထမလူက ဤကဲ့သို့ ပြောလိုက်၏။ ထိုအခါ မိန်းမနှင့် သဏ္ဌာန်တူသော ဒုတိယလူသည် အင်္ကျီအတွင်းအိတ်ထဲ လက်နှိုက်ပြီးနောက် လက်သန်းဖျားခန့်ရှိ ဆေးတောင့်ကလေးတစ်ခုကို ထုတ်၍

ငိုကြွေးလျက်ရှိသော ကလေး၏ပါးစပ်ကို တွေ့ရှိထားလိုက်၏။ ဤကဲ့သို့ တပ်လိုက်သည်နှင့် တစ်ပြိုင်နက် တစာစာ ငိုလျက်ရှိသော ကလေးငယ်မှ မိခင်၏နို့ကို စို့ရသည့်အလား သေးငယ်လှသောပါးစပ်ကလေးဖြင့် ဆေးတောင့်ကလေး၏ အဖျားကို အတန်ငယ် စုပ်ယူလျက် ချက်ချင်းပင် အိပ်ပျော်သွားသည်ကို တွေ့ရ၏။

"ဘယ့်နှယ်လဲ ဦးဘိုးထော်၊ ခင်ဗျား ယုံပြီ မဟုတ်လား၊ သည်လောက်မှ မလုပ်နိုင်ရင်လည်း ကျုပ်တို့ ဒီကို မလာပါဘူး"

'အံ့ဩလောက်ပါပေတယ် ဗျာ"

"ကိုင်း ... ဒါဖြင့် သွားပေတော့ မိတ်ဆွေ၊ အချိန်သာ ကုန်နေမယ် ရော့ ... ကလေးအတွက် ဆေးတစ်တောင့်ကိုလည်း မိတ်ဆွေ ယူသွားပါ"

ဦးဘိုးထော်သည် ကလေးကို လှမ်းယူပြီးနောက် ထူးဆန်းသော ဆေးတောင့်ကိုပါ ယူခဲ့ပြီးလျှင် ထောင်ဘက်သို့ ပြန်ခဲ့လေ၏။

ဦးဘိုးထော်လည်း စင်မြင့်ပေါ်သို့ ရောက်အောင် ခဲယဉ်းစွာ တက်ပြီးနောက် ထိုနေရာမှတစ်ဖန် ရွှေကင်းကို ဝှက်ထားခဲ့သည့်နေရာသို့ သွားရပြန်၏။ ထိုနေရာတွင် ရွှေကင်းကို အဆင်သင့်တွေ့ရ၍ ရွှေကင်းလက်သို့ ကလေးနှင့်တကွ ဆေးတောင့်ကိုအပ်ပြီးလျှင် ကလေးချင်းလဲ၍ ယူခါနီးတွင်လည်း အကျဉ်းသမား မခင်မူ၏ကလေးကို အိပ်ပျော်စေရန် ဆေးတောင့်ကို မည်သို့မည်ပုံ အသုံးပြုရမည့်အကြောင်း အထပ်ထပ် မှာကြားရပြန်လေသည်။

ရွှေကင်းသည် ဦးဘိုးထော်၏ ညွှန်ကြားချက်အရ သူ၏ကိုယ်ကို စားဖိုဆောင်မှ ဂုန်အိပ်စုတ်တစ်လုံးဖြင့် တစ်ကိုယ်လုံးနီးပါးရစ်ပတ်ပြီးလျှင် ပြွန် ပေါက်အတွင်းသို့ ဝင်ခဲ့လေ၏။ ဤသို့ပြုလုပ်ရခြင်းမှာ ကလေးနှင့်တကွ သူ၏ ကိုယ်ကိုပါ ပြွန်ထဲမှ ရွှံ့နွံနှင့် အညစ်အကြေးများ မပေကျံစေရန်ဖြစ်၏။ ကလေး ကိုမူ အသက်ရှူရန် မျက်နှာကိုဖော်ကာ အဝတ်များဖြင့် အထပ်ထပ် ရစ်ပတ်ပြီး လျှင် သူ၏ရင်ခွင်၌ အလိုက်သင့် ပွေ့ချီထားရ၏။ ဤသို့ဖြင့် ရွှေကင်းသည် အခြားဘက်သို့ ရောက်အောင် တစ်လံသာသာမျှရှည်သောပြွန်လုံးကို အထက် ပါအနေအထားအတိုင်း ခဲယဉ်းစွာ ဖြတ်ကျော်ခဲ့ရလေသည်။ အခြားဘက်သို့ ရောက်သောအခါ ဦးဘိုးထော် စီမံပြီးသည့်အတိုင်း မိန်းမအကျဉ်းသမားများကို တာဝန်ခံ စောင့်ရှောက်ရသည့် မိန်းမ ဗာရာ မသိန်း၏ အကူအညီဖြင့် သူ ယူ ဆောင်သွားသော ကလေးကို အစားထားခဲ့ပြီးလျှင် မခင်မူ၏ ကလေးကို ရရှိခဲ့ လေသည်။

ဤသို့ဖြင့် ရွှေကင်းသည် ယခင်ကနည်းအတိုင်း ကလေးကို ခဲယဉ်း စွာ ပြန်၍ယူနိုင်ခဲ့လေသည်။

http://www.cherrythitsar.org



ထို့နောက် ဦးဘိုးထော်လည်း ကလေးကို ပွေ့ချီကာ ဝတ်ရုံနက်ဝတ်သူ နှစ်ယောက်အနက် ခေါင်းဆောင်၏လက်ကို မခင်မူ မစန္ဒာ၏ ရင်သွေးကလေးကို ပေးအပ်လိုက်တော့၏။ ဝတ်ရုံနက်နှစ်ဦးတို့သည် ဦးဘိုးထော် ယူလာခဲ့သော ကလေးငယ်ကို လရောင်အောက်တွင် အသေအချာ ကြည့်ပြီးနောက် ကျေနပ်ဝမ်းမြောက်သည့် လက္ခဏာဖြင့် ကလေးငယ်အား တစ်ယောက်တစ်လှည့်စီ ယုယကြင်နာစွာ အကြိမ်ကြိမ် နမ်းရှုပ်လျက် ရှိနေ၏။

နောက်ဆုံးတွင် ခေါင်းဆောင်ဖြစ်သူ ဝတ်ရုံနက်နှင့်လူသည် ဦးဘိုးထော်၏ပခုံးကို ခင်မင်ယုယစွာ ပုတ်လျက် "ကျေးဇူးတင်ပါတယ် ဦးဘိုးထော်၊ ယခု ကိစ္စကို ဦးဘိုးထော်ကလွဲရင် ဘယ်သူမှ မတတ်နိုင်ဘူးဆိုတာ ကျုပ်တို့ သိပါတယ်၊ ဒီလိုကူညီတဲ့ ကျေးဇူးကိုလည်း ကျုပ်တို့ ဘယ်တော့မှ မမေ့ပါဘူး"

"ကျုပ်ကလည်း မိတ်ဆွေတို့ အလိုဆန္ဒပြည့်အောင် တတ်နိုင်သမျှ ကူညီ လိုက်တာပါပဲ၊ ဘယ်လိုကိစ္စမျိုးမဆို တရားတဲ့နည်းလမ်းအတိုင်း လုပ်ပေးရ မယ် ဆိုရင် ကူညီဖို့ အသင့်ပါပဲ"

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ ... ကျေးဇူးတင်ပါတယ်၊ အင်း ... ကျုပ်တို့ အကြံတော့ အောင်ပေပြီ၊ အခုလို ကျုပ်တို့ အရေးကိစ္စမှာ အသက်စွန့် ကြိုးပမ်းကူညီတဲ့အတွက် ကမ္ဘောဇတိုင်းက ဟောဒီ 'မြ' ကို လက်ဆောင်အဖြစ် ကျုပ်တို့က ဦးဘိုးထော်ကို ချီးမြှင့်ပါတယ် ... လက်ခံပါတယ်"

သို့ပြောပြီးနောက် ခေါင်းဆောင်ဖြစ်သူသည် သူ၏ဝတ်ရုံနက်အောက်တွင် အဝတ်ဖြူစကလေးတစ်ခုဖြင့် ရစ်ပတ်ထားသည့် 'မြ'တစ်လုံးကို ဦးဘိုးထော်၏ လက်သို့ ကမ်း၍ပေးလိုက်လေသည်။ 'မြ'မှာ ယောကျာ်းတစ်ယောက်၏ လက်မ လက်သည်းခွံခန့်ရှိ၍ မထင်ရှားသော လရောင်အောက်၌ပင် တောက်ပလျက်ရှိသော ၎င်း၏ အရည်အသွေးကို အကဲခတ်နိုင်လောက်ပေရာ ဦးဘိုးထော်လည်း ဤမျှလောက် အရည်အသွေးကောင်းလှသည့် ကျောက် မျက်ရတနာမျိုးကို မည်သည့်အခါကမျှ မမြင်ဖူးခဲ့ချေ။

ထို့နောက် လူမည်းကြီးနှစ်ယောက်လည်း သစ်ပင်ရိပ်တွင် ချည်နှောင် ထားသည့် မြင်းနှစ်စီးပေါ်သို့ အသီးသီးတက်ကာ –

"ကိုင်း ... မိတ်ဆွေ ... ကျုပ်တို့အလိုဆန္ဒတော့ ပြည့်စုံပေပြီ၊ နို့ပေမဲ့ ကျုပ်တို့ဟာ မည်သူမည်ဝါဖြစ်တယ်ဆိုတာ မိတ်ဆွေကို ထုတ်ဖော်ပြီး မပြောခဲ့ ရလို့ အင်မတန် ဝမ်းနည်းပါတယ်၊ သွားဖို့ ခရီးကလည်း ဝေးသေးတော့ ပြန် လိုက်ဦးမယ် မိတ်ဆွေ၊ နောင်အခါ အခွင့်သင့်တဲ့အခါလည်း တွေ့ကောင်းတွေ့ ပါလိမ့်ဦးမယ်၊ မိတ်ဆွေကြီးက ကျုပ်ကို မသိပေမဲ့ ကျုပ်က မိတ်ဆွေကြီးကိုတော့ ကောင်းကောင်းမှတ်မိပါတယ်၊ သွားပေါ့ ... မိတ်ဆွေ ... သွားပေါ့"

http://www.cherrythitsar.org



သို့ပြောဆိုပြီးနောက် ဝတ်ရုံနက်ဆင်ထားသူ နှစ်ယောက်တို့လည်း မြင်းများပေါ် အသီးသီးတက်ပြီးလျှင် အရှေ့ဘက်သို့ ခပ်ဖြည်းဖြည်း မောင်းနှင်သွားလေရာ ဦးဘိုးထော်သည် ထိုထူးဆန်းသော လူနှစ်ယောက်အား မျက်စိတဆုံးကြည့်၍နေမိတော့၏။

ထို့နောက် ချက်ချင်းပင် မြင်းစီးသမားနှစ်ယောက်တို့လည်း 'သံတစ်ချောင်းလမ်း' ပေါ်ရှိ ကုက္ကိုပင်ရိပ်များအောက်သို့ ဝင်ကာ တဖြည်းဖြည်း ကွယ်ပျောက်သွားလေတော့သတည်း။

ထို 'မြ' အကြောင်းနှင့် ပတ်သက်၍ ဦးဘိုးထော်သည် ကျွန်ုပ်အား အောက်ပါ အတ္ထုပ္ပတ္တိကို ပြောပြသဖြင့် ဦးဘိုးထော် ပြောပြသည့်အတိုင်း ရေး သားရခြင်း ဖြစ်ပါသည်။

◆

# အကြံကောင်းလို့ လက်ညှိုးတစ်ချောင်းဖြတ်ရသူ

၁၉၃၃ ခုနှစ်က ကျွန်ုပ်သည် ပြည်မြို့ အကျဉ်းထောင်၌ ကျခံလျက် ရှိစဉ် ထောင်မှူးကြီးမှာ မျက်နှာဖြူလူမျိုး မက်ကော်မစ်ဆိုသူဖြစ်၍ ကျွန်ုပ်၏ ထောင်သက်တစ်လျှောက်တွင် သူကဲ့သို့ သဘောကောင်းသော မျက်နှာဖြူ ထောင်မှူးမျိုးကို မတွေ့ဖူးချေ။ သူ့နောက်မှ ရောက်လာသော 'ဂျုန်း'ဆိုသူ ထောင်မှူးမှာကား ပထမထောင်မှူး သဘောကောင်းလေသမျှ သူက ဒိုင်ခံ၍ဆိုး မည် ဆိုသကဲ့သို့ ထောင်သားများအပေါ်တွင် အာဏာပိုင်ပီပီ ရက်စက်သူတစ် ယောက် ဖြစ်လေသည်။ သို့ဖြစ်၍လည်း ကျွန်ုပ် တွေ့ဖူးခဲ့သမျှ ထောင်မှူးထဲတွင် အရက်စက်ဆုံးအကြမ်းကြုတ်ဆုံးဟု ကျွန်ုပ် မှတ်တမ်းတင်ခဲ့၏။ သို့သော် သူ့ကို ဒုတိယလိုက်သည့် အခြားရက်စက်သော ထောင်မှူးတစ်ယောက်ကို သာယာဝတီထောင်၌ တွေ့ခဲ့ဖူး၏။ (ထောင်မှူးမစ္စတာ ဂျုန်း၏ ရက်စက်ကြမ်း ကြုတ်ပုံများနှင့်တကွ ဦးဘိုးထော်က ကြံစည်ခဲ့ပုံများကို ၁၉၄၉ ခု ဇန်နဝါရီလ ထုတ် ရှုမဝမဂ္ဂဇင်း၊ အတွဲ – ၂၊ အမှတ် – ၂၀ တွင် ရေးသားဖော်ပြခဲ့ဖူးပြီဖြစ်ရာ ယခု ရေးသားအံ့သော အကြောင်းများမှာမူ သာယာဝတီ ထောင်တွင် ဦးဘိုး ထော် တွေ့ကြုံခဲ့သည့်အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။)

ကျွန်ုပ်သာယာဝတီထောင်၌ရှိစဉ် အင်္ဂလိပ်ကပြားစပ်နှင့်တူသော 'မစ္စတာကလိုက်' ဆိုသူ ရောက်လာ၍ ရောက်ပြီးသည့်နောက် သုံးလေးရက်မျှ မကြာမီပင် သူ၏ ဆိုးဝါးရက်စက်ပုံများကို ကျွန်ုပ် တွေ့ရတော့၏။

http://www.cherrythitsar.org



ထောင်ထမင်းထောင်းဟင်းများ ညံ့ဖျင်းသည်ဟု လေသံမျှ ကြား လျှင်ပင် ဒဏ်တပ်သည်ဆိုကာ ငါးပိမထည့်ဘဲ ပေးစေ၏။ ရေလှည့်စက်၌ ပင်ပန်းကြောင်း ထောင်သားတစ်ယောက်က ဗာရာတစ်ဦးအား ပြောမိသဖြင့် ထိုထောင်သားအား လေးနာရီလုံးလုံး ရေတင်သောဘီးကို မရပ်မနားစေဘဲ ဆက်၍ လှည့်စေ၏။ ဆေးငုံသောသူများ၊ ဆေးလိပ်ခိုးသောက်သောသူများကို တွေ့လျှင် သူကိုယ်တိုင် ပါးနားကို ရိုက်ခြင်းများ ပြုလုပ်၏။ ထောင်သားများ သည် ဥပဒေများကို ကျူးလွန်ဖောက်ဖျက်သောအခါများ၌ လျှော့ရက်များကို ဖြတ်တောက်ခြင်း၊ အလွန်ဆိုးသွမ်းလျှင် အလုံထောင်၌ ချထားခြင်းများကို ပြုလုပ်နိုင်သည်မှန်သော်လည်း ဤကဲ့သို့ ပါးနားရိုက်ခြင်း၊ လိပ်ကျောက်မီးဖြင့် ရိုက်ခြင်း၊ အလွန်ပင်ပန်းသော အလုပ်ကြမ်းကို လေးနာရီလုံးလုံးဆက်၍ တမင် သက်သက်ခိုင်းစေခြင်း၊ ထမင်းကို တစ်ခါတစ်ရံ ငါးပိမပါဘဲ ကျွေးခြင်းများမှာ ဥပဒေအတိုင်း အရေးယူခြင်း မဟုတ်ဘဲ မတရားညှဉ်းပန်းမှုများသာ ဖြစ် ကြောင်း ကျွန်ုပ်တို့ နားလည်၏။

တစ်နေ့သ၌ ကျွန်ုပ်တို့ထောင်သို့ ဂျူန်မောင်ကလေးဆိုသူသည် အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောမှုနှင့် ရောက်လာလေသည်။ သူသည် ဘီအတန်းအစား အကျဉ်းသားအဖြစ်ဖြင့်နေရန် အယူခံထားသေး၏။ သို့သော် နောက်ဆုံး၌ အယူခံရှုံးပြီးလျှင် အလုပ်ကြမ်းသမား အကျဉ်းသား အဖြစ် နေခဲ့ရလေသည်။ ဦးမောင်ကလေးမှာ တတိယတန်း ရှေ့နေတစ်ယောက် ဖြစ်၍ အမျိုးသားစိတ်ရှိသူဖြစ်၏။ ဝံသာနုအသင်းများကို ခေါင်းဆောင်ခဲ့၏ အင်္ဂလိပ်အစိုးရအား မသိမသာ အတိုက်အခံလုပ်ကာ ဟောပြောခဲ့၏။ ဂျူန် သူပုန်ဘက်သို့ ပါဝင်သည်ဆိုကာ သူပုန်မှုဖြင့် ဖမ်းဆီးခြင်း ခံရသူများအတွက် အခကြေးငွေကို ပဓာနမထားဘဲ အားကြိုးမာန်တက် လိုက်ပါဆောင်ရွက်ခဲ့၏။ ဤသို့ဖြင့် ဂျူန်မှု မှန်သမျှမှာ ဦးမောင်ကလေးသာ ဆောင်ရွက်သည်က များ သဖြင့် နောက်ဆုံး ဂျူန်မောင်ကလေးဟု အမည်တွင်ခဲ့လေသည်။ ထောင်သို့ ရောက်၍ သုံးလေးရက်မျှ မကြာမီ ကျွန်ုပ်နှင့်ဦးမောင်ကလေးတို့မှာ အတော်ပင် ခင်မင်ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်ခဲ့ကြလေပြီ။

ဦးမောင်ကလေးမှာ အသက် ၃၈ နှစ်မျှသာ ရှိသေး၍ သန်မာဖျတ် လတ်တုန်းပင် ရှိသေးရာ သတ္တိကောင်းတစ်ယောက်လည်းဖြစ်ကြောင်း သိရ လေသည်။ ကျွန်ုပ်က ဦးမောင်ကလေးအား အစားအသောက် အနေအထိုင်တို့ တွင် စောင့်ရှောက်သဖြင့် ကျွန်ုပ်အား ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိခဲ့ပြီးလျှင် သူ့ဘက်မှရရှိသော အစားအသောက်များ၊ ဆေးလိပ်များကိုလည်း ကျွန်ုပ် သဘောအတိုင်း သုံးစွဲရန် ဝေငှပေးခဲ့၏။ တစ်လခန့်မျှကြာသောအခါ ထောင်မှူး

http://www.cherrythitsar.org



ကြီးသည် ဦးမောင်ကလေး၏ အရည်အချင်းကို သိသည့်အတိုင်း သူ့ရုံးခန်း၌ ကူညီလုပ်ကိုင်ရန် စာရေးခန့်ထားလေရာ ကျွန်ုပ်နှင့် နေ့စဉ် တွေ့ဆုံခွင့်ရသည့် အတိုင်း ပိုမိုရင်းနှီးခဲ့လေသည်။

ရှေ့နေဦးမောင်ကလေး သို့မဟုတ် ဂဠုန် ဦးမောင်ကလေးမှာ မျိုးချစ် ဝံသာနုတစ်ယောက် ဖြစ်သည့်ပြင် ရှေ့နေသက် ၁၁ နှစ်မျှရှိပြီဖြစ်၍ ဥပဒေကို ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်ယောက်၊ ဗဟုသုတနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်၏။ ရှေ့နေအလုပ်မလုပ်မီကလည်း ဦးမောင်ကလေးမှာ စာရေးစာချီ၊ ကုန်သည်နှင့် လက်ရုံးရည်ဖြင့် အမှုထမ်းရသော ပုလိပ်ဘက်၌ပင် သုံးနှစ်ကြာမျှ အလုပ်လုပ် ဖူးခဲ့လေသည်။ အသား အနည်းငယ်ညို၍ အရပ်အမောင်း ထောင်ထောင်မောင်း မောင်း ရှိပြီးလျှင် နက်မှောင်သော မျက်လုံးနှင့် မျက်ခုံးတို့မှာ မဟုတ်လျှင် မခံတတ်သော သတ္တိကို ဖော်ပြလျက် ရှိလေသည်။ သို့သော် လူတစ်ယောက် ကိုကြည့်သောအခါ သူ၏မျက်လုံးအတွင်း ထောင့်တစ်ထောင့် တစ်နေရာတွင် ခပ်တွေတွေကြည့်တတ်သော အရိပ်အယောင်ကလေးတစ်ခု သန်းလျက်ရှိသည် ကို ဂရုစိုက်၍ ကြည့်က တွေ့မြင်နိုင်သဖြင့် ၎င်းမှာ နက်နဲသော အရာများကို ကြံစည်တတ်ခြင်း၊ အခဲမကျေရှိတတ်ခြင်း၊ လျှို့ဝှက်ခြင်းတို့၏ လက္ခဏာကို ပြလေသည်။ ဦးမောင်ကလေးက သူ၏အကြောင်းကို တဖြည်းဖြည်း ပြောပြ လေရာ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ဘဝဖြစ်စဉ်ကို ပြောပြ၏။ ဤသို့ အချင်းချင်း စကားလဲလှယ်မှုကြောင့် ကျွန်ုပ်တို့မှာ မကြာမီ တစ်ယောက်အကြောင်း တစ် ယောက် သိလာပြီးလျှင် ပိုမိုရင်းနှီးခဲ့လေသည်။

ဦးမောင်ကလေးမှာ ထောင်မှူးကြီး ရုံးခန်းတွင် နံနက်စာ ထမင်းစား ချိန်မှတစ်ပါး အမြဲရေးမှတ်သော အလုပ်များကို လုပ်ရ၏။ ဗီရိုအားလုံး၌ရှိသည့် စာရင်းစာအုပ်များ၊ ဖိုင်တွဲများကို စိစစ်ရွေးချယ်၍ပေးရခြင်း၊ ထောင်ဥပဒေစာအုပ် များကို အဆင်သင့် ရှာဖွေရခြင်း၊ နေ့စဉ်စာရင်းသစ်များ ဖွင့်ရာတွင် မျဉ်းသား ခြင်း၊ ဇယားကွက်များ ချပေးခြင်းများ ပြုလုပ်ကာ ကူညီရ၏။

ဤသို့ဖြင့် ထောင်မှူးကြီးမှာ ဦးမောင်ကလေးရောက်လာသည့် နေ့မှစ ၍ အတော်ပင် သက်သာ၍ အကူအညီ ရရှိခဲ့လေသည်။ သို့ပင် ဖြစ်လင့်ကစား ထောင်မှူးကြီးသည် ဦးမောင်ကလေးအပေါ်၌ လည်းကောင်း၊ ကျွန်ုပ်အပေါ်၌ လည်းကောင်း၊ အခြား ဗာရာများအပေါ်၌ လည်းကောင်း စိုးစဉ်းမျှ မျက်နှာသာ မပေးသည့်ပြင် သူ့စိတ်ကြိုက်နှင့် မတွေ့သည့်အခါများ၌ ထိုးမည် ကြိတ်မည် ဟုပင် ပြုလုပ်လိုက်ချေသေး၏။

တစ်နေ့တွင် ကျွန်ုပ်သည် ဝမ်းကိုက်ရောဂါဖြင့် ဆေးရုံသို့ တက်ရလေ ရာ ဆယ်ရက်ခန့်ကြာမှ ဆင်းခဲ့ရ၏။ ရောဂါ၏ အခြေအနေအရ ဆေးထိုးခြင်း၊

http://www.cherrythitsar.org



ဆေးတိုက်ခြင်းများ ပြုလုပ်၏။ ထို့ပြင် ကျွေးမွေးသော နို့နှင့် အစားအစာများမှာ ညှံ့ဖျင်းလှသောကြောင့်သာ ဤမျှလောက်ရက်ကြာသွားသည်ဟု ကျွန်ုပ် ထင်၏။ ရောဂါ အတန်ငယ်သက်သာ၍ နံနက်စာအဖြစ်ဖြင့် နွားနို့သက်သက် တိုက်ကျွေးသောအခါ၌လည်း နွားနို့စစ်စစ်ကို မသောက်ရသဖြင့် ခရီးမရောက်လှချေ။ ဥပမာအားဖြင့် ထောင်ဆရာဝန်ကြီးက လူနာတစ်ယောက်အတွက် နွားနို့စစ်စစ် ၅ဝ ကျပ်သား တိုက်ရမည်ဟု ညွှန်ကြားပြဋ္ဌာန်းထားသော်လည်း ဆေးရုံကန်ထရိုက်က အဝက်သားခန့် နှုတ်ယူထားသဖြင့် ၃၇ ကျပ်၊ ရှစ်ပဲသားခန့်သာ ကျန်တော့၏။ ထို့နောက် ဆေးရုံဆရာမကြီးက တစ်ဆယ်သားခန့် ခေါင်းပုံဖြတ်ပြီးလျှင် ရေအနည်းငယ်ရော၍ ပေးလိုက်၏။ သို့နှင့် လူမမာလက်သို့ရောက်သောအခါ ရေထက်ဝက်နှင့် နွားနို့အစစ် အစိတ်သားခန့်မျှသာ သောက်ရ၏။ သို့သော် မည်သို့ပင်ဖြစ်စေ ဤကိစ္စမျိုးမှာ ကျွန်ုပ်တို့ ထောင်သားများအတွက် အဆန်းမဟုတ်ချေ။

ကျွန်ုပ် ဆေးရုံမှဆင်းလာသောနေ့တွင် ပုံစံခွက်များဆွဲသည့် အချိန်၌ ကျွန်ုပ်သည် ဦးမောင်ကလေးနှင့် သာညွှန့်ဆိုသူ နှစ်ယောက်အား ရေသောက်ကန်အနီးတွင် တွေ့ရ၍ သူတို့ထံသွားရောက်လေ၏။ သူတို့နှစ်ယောက်မှာ အခြားထောင်သားများနှင့် ခပ်ကွဲကွဲရှိနေသဖြင့် တစ်စုံတစ်ရာ နီးနှောတိုင်ပင်နေသည်ဟု အောက်မေ့မိ၏။ ဦးမောင်ကလေးသည် ကျွန်ုပ်အား ဖော်ရွှေစွာ နှုတ် ဆက်ပြီးလျှင် ဆေးရုံတွင် ကျွန်ုပ် တက်ခဲ့ရပုံများကို မေးမြန်းပြီးနောက် –

"ကိုဘိုးထော် ဆေးရုံတက်နေတုန်း ကျုပ်တို့ အကောင်တွေတော့ အတော်ကလေး အညှဉ်းခံလိုက်ရသဗျို့၊ ခင်ဗျား မရှိတာလည်း ခပ်ကောင်းကောင်းပဲ"

"ဘယ်လိုခံရပုံလဲဗျ ... ပြောစမ်းပါဦး ကိုမောင်ကလေး"

"ဟောဒီက သာညွှန့်ပေါ့ဗျာ၊ ခင်ဗျား ဆေးရုံတက်ပြီး သုံးရက်အကြာမှာ ရုံးခန်းထဲက ဗီရိုတွေကို ဆေးသုတ်ဖို့ ထောင်မှူးကြီးက လူတစ်ယောက် ရှာပေးပါပြောလို့ ကျုပ်က ရှာပေးတယ်။ ဒါနဲ့ သူလည်း အားလုံးဗီရိုတွေကို ရေနဲ့ တိုက်ဆေး၊ ခြောက်တော့ ကော်ပတ်စားပြီး အရောင်တင်ဆီသုတ်ရတယ်။ ဗီရိုကြီးက လေးလုံး၊ စားပွဲတစ်လုံးဆိုတော့ အလုပ်က သုံးရက်လောက် လုပ်ရ တာပေါ့ဗျာ၊ ဒါနဲ့နောက်ဆုံးနေ့ရောက်တော့ ထောင်မှူးကြီးကလည်း ညနေရုံး ဆင်းခါနီးမှာ ဆေးပြင်းလိပ်တစ်လိပ်သောက်ပြီး ဆေးပြင်းလိပ်တိုကို သံတိုင် ပေါက်က အပြင်ဘက်ကို လှမ်းပစ်လိုက်တာကိုဗျ၊ ဒီတော့ ဆေးပြင်းလိပ်တိုကလေးဟာ အပြင်ကို မရောက်ဘဲ သံတိုင်ကိုတိုက်ပြီး သာညွှန့်ဆေးသုတ်နေတဲ့အနား လာကျပါလေရော၊ ဒီတော့ သာညွှန့်က လက်တစ်ဆစ်လောက်ရှိတဲ့

http://www.cherrythitsar.org



ဆေးပြင်းလိပ်တိုကလေးကို တစ်ဖွာနှစ်ဖွာရှုပြီး သံတိုင်ကြားက အပြင်ကို လွှင့် ပစ်လိုက်တယ်။ ဒီဟာ ဟိုအကောင်ကြီး အပြင်ထွက်မယ့်အလုပ် ရိပ်ခနဲ မြင်သွားတာကိုဗျ၊ မျက်စိကလည်း အင်မတန်လျင်တဲ့ အကောင်ကြီးဗျ၊ ဒီတော့ သာညွှန့်ကိုခေါ်ပြီး 'ဟေ့ အကောင် ... မင်း တယ် လူပါးဝပါကလား၊ ထောင်မှာ ဆေးလိပ်မသောက်ရဘူးဆိုတာ မင်းသိတယ် မဟုတ်လား၊ မင်းက ဂဠုန်တပည့် ဆိုပြီး ငါ့ကို ပမာမခန့်လုပ်တာပေါ့လေ၊ ကိုင်း ... ကိုင်း ... ဒီလောက်ဆေးလိပ် သောက်ချင်တဲ့ အကောင် ငါ့အကြောင်း သိစေရမယ်ပေါ့ "ဆိုပြီး သာညွှန့်ကို စားပွဲတစ်လုံးပေါ်တင်၊ ထောင်ပြတာ နှစ်ယောက်ခေါ်၊ လက်နှစ်ဖက်ကို အချုပ်ခိုင်းပြီး အာခေါင်ကို ဆေးပြင်းလိပ် မီးရဲရဲနဲ့ သူကိုယ်တိုင် တို့သတဲ့ဗျာ၊ ဒီလောက် ရက်စက်တဲ့ ထောင်မှူးမျိုး ကျုပ်ဖြင့် တွေ့ပဲမတွေ့ဖူးဘူး"

"ဘာတွေ့ဖူးမလဲဗျာ၊ ခင်ဗျားက ထောင်နှစ်ခါလောက် ကျဖူးတဲ့လူပဲ"

"ခင်ဗျားကော တွေ့ဖူးလား"

"တွေ့ဖူးတာပေါ့၊ ပြည်ထောင်မှာ ကျုပ်တွေ့ဖူးတဲ့ မစ္စတာဂျုန်းဆိုတဲ့ အကောင်ကြီးက သူ့ထက်ဆိုးသေးတာပေါ့၊ သူသောက်တဲ့ လက်ဖက်ရည်ပွဲက ကျန်တဲ့ပေါင်မုန့်အပဲ့ကလေးကို အကျဉ်းသားတစ်ယောက် ပန်းကန်ဆေးရင်း ယူစားမိတာနဲ့ သွားတစ်ချောင်းကို ပလိုင်ယာနဲ့ ဆွဲနုတ်ပစ်တယ်"

"အလိုလေး ... ဘုရား ... ဘုရား ... ဘုရား၊ နားရှိလို့သာ ကြားရတယ်၊ ရက်စက်လွန်းလှချည်ကလား ကိုဘိုးထော်ရယ်"

"အခုဟာ ဘာဟုတ်သေးသလဲ၊ ဟိုအကောင်ကြီးကမှ တကယ် ဆိုးတာ"

"အင်း ... ပြောပါဦး၊ နောက်တော့ ခင်ဗျားတို့ ဝိုင်းချကြရော့လား"

"ဝိုင်းမချပါဘူး"

"အင်း ... ဒါဖြင့် တစ်ယောက်တည်း ချသလား"

"တစ်ယောက်တည်းလည်း မချဘူး"

"ဘယ့်နှယ်လဲဗျာ၊ ခင်ဗျားစကားက ဝေ့လည်လည်နဲ့"

"ဟုတ်တယ် ဦးမောင်ကလေးရဲ့ ဝိုင်းလည်း မချဘူး။ တစ်ယောက်တည်းလည်း မချဘူး၊ သူ့ကိုယ်ကိုသူ အစီရင်ခိုင်းလိုက်တယ်"

"ဘယ်လိုလဲ"

"အဆုံးပေါ့"

ကျွန်ုပ်က မျက်နှာခပ်တည်တည်နှင့် ပြောလိုက်ရာ ဂဠုန်ဦးမောင်ကလေးလည်း သဘောပေါက်သွားဟန်ရှိလေသည်။ ဦးမောင်ကလေးသည် မျက်စိတစ်ဖက်ကို ခပ်စွေစွေလုပ်၍ ကြည့်လိုက်ပြီးနောက် –

"အဆုံးတော့ မစီရင်ဝံ့သေးဘူးဗျာ၊ သတ္တိကောင်းတယ် ဆိုပေမဲ့ ကြိုး ကွင်းတော့ ကြည့်ရှောင်ဦးမှ၊ ကျုပ်က ဒီအကောင်ကြီးကို မနာမကျင်လောက် လုပ်ချင်ပါတယ်"

"လုပ်ပေါ့ဗျာ၊ ကျုပ်တို့လည်း တတ်နိုင်သလောက် ကူညီမှာပေါ့"

"ဒါနဲ့ ခင်ဗျား ဆေးရုံတက်နေတုန်းက ကျုပ်ကို တစ်ခါ စော်ကား သေးတယ် ကိုဘိုးထော်ရဲ့"

"ဘယ်လို စော်ကားပုံလဲ ပြောစမ်းပါဦး"

"ပြောရမှာ ရှက်တောင် ရှက်ပါရဲ့ ကိုဘိုးထော်ရယ်၊ ဒီလိုဗျ ... လွန်ခဲ့ တဲ့ စနေနေ့က သာယာဝတီ အရေးပိုင်က ထောင်ကို အလည်လာတယ်ဗျ။ ဒီတော့ ထောင်မှူးကြီးကလည်း ထောင်ထဲကို တစ်နာရီလောက် လိုက်ပြပြီး သူ့ရုံးခန်းထဲမှာ အရေးပိုင်ကို လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံတယ်။ ဒါနဲ့ ကျုပ်လည်း ကျုပ် လုပ်စရာရှိတဲ့ အလုပ်ကလေးတွေ ခဏချထားပြီး ဧည့်ဝတ်စောင်ဝတ်ပြုရာ မှာ အလိုက်သိစွာ ကူညီပါတယ်ဗျာ၊ စားပွဲတွေ သုတ်၊ စားပွဲခင်း၊ စားပွဲပေါ်က ပန်းအိုးကို ပန်းအသစ်လဲ၊ ဖန်ခွက်တွေကို ရေဆေး၊ အဝတ်နဲ့သုတ် လိုလေသေး မရှိပါဘူး၊ ဘဏ္ဍာစိုးက လက်ဖက်ရည် ငှဲ့ပေးရုံလောက်ပါပဲ၊ ဒီအရေးပိုင်ဆိုတာ အခြား ဟုတ်ပါရိုးလား ကိုဘိုးထော်၊ ကျုပ်ကို ထောင်ချလိုက်တဲ့ အကောင်ကြီး ပေါ့"

"ဒါဖြင့် ခင်ဗျားကို မှတ်မိမှာပေါ့"

"မှတ်မိရုံ ဘယ်ကမလဲဗျာ၊ သိတာပေါ့၊ ပြီးတော့ သူ့ရုံးမှာ နှစ်ခါသုံး ခါတောင် အမှုလိုက်ဖူးသေးတာပဲ"

"အင်း ... ပြောပါဦး"

"ဒါနဲ့ သူတို့နှစ်ယောက် လက်ဖက်ရည်ပွဲကို ပြုံးပြုံးရယ်ရယ်သောက် ပြီးတဲ့နောက် ဆေးလိပ်တွေ ကိုယ်စီသောက်ကြ သောက်ကြတာပေါ့ဗျာ၊ ထောင် မှူးကြီးက 'ဟေ့ ... ဂျူနီမောင်ကလေး၊ ဒီကိုလာစမ်းတဲ့၊ ငါ့ဖိနပ်တစ်ဖက် ကြိုးပြုတ်နေတာ ချည်ပေးစမ်း' လို့ ပြောလိုက်တာကိုဗျ၊ ဒီတော့ ကျုပ်လည်း ရုတ်တရက် အံ့အားသင့်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က တစ်ခါမှ ဒီလိုမခိုင်းဘူးပဲကိုဗျ၊ ခင်ဗျားလည်း သိတဲ့အတိုင်းပဲ၊ နောက် ကျုပ် ချက်ချင်း သတိရတယ်။ ကျုပ်က ရှေ့နေတစ်ယောက် မဟုတ်လား၊ ဟိုက အလည်လာ တာက အရေးပိုင်တရားသူကြီးတစ်ယောက်၊ ရှေ့နေရှေ့ရပ်ဆိုတာ ဘာပဲဖြစ်ဖြစ် တရားသူကြီးရှေ့မှာ အင်မတန် ဂုဏ်ရှိတယ်လို့ ယူဆရတယ်ဆိုတာ သူသိလေ တော့ သက်သက် ငါ့ကို ချိုးချင်တဲ့သဘောနဲ့ ခိုင်းတာပဲလို့ဆိုတာ ကျုပ် ချက် ချင်းတွေးမိတယ်။ ဒါပေမဲ့ ကျုပ် ငြင်းစရာမရှိပါဘူး ကိုဘိုးထော်၊ ကျုပ်က

http://www.cherrythitsar.org


သာမန် အကျဉ်းသား၊ သူက ထောင်မှူးဆိုတော့ သူ့ခိုင်းစေရာ ကျုပ် လုပ်ရမယ် ဆိုတာက ဝတ္တရားပဲ၊ ဒါနဲ့ကျုပ်လည်းပဲ ပန်းကန်တွေ သိမ်းနေတာ အသာချ ထားပြီး သူ့ဘွတ်ဖိနပ်တစ်ဖက်က ဖိနပ်ကြိုးပြုတ်နေတာ သွားပြီး ရိုရိုသေသေ ချည်ပေးပါတယ်၊ ဒီအခါမှာ သူက အရေးပိုင်ကိုကြည့်၊ အရေးပိုင်က သူ့ကို ပြန်ကြည့်တဲ့ အပြန်အလှန် မျက်နှာထားတွေက အင်း ... မင်း တို့ ဝံသာနုသမား တွေ မှတ်ကရောဆိုတဲ့ အဓိပ္ပါယ်ပေါ့ဗျာ၊ နို့ပေမဲ့ မတတ်သာဘူးလေ၊ ဘယ်လိုပဲ အပြင်မှာ ငါ့ဂုဏ်ရှိပေမယ့် အခုတော့ ထောင်သားဖြစ်နေမှ ဘာထူးသေးသလဲ လို့ အောက်မေ့ပါတယ်။ ဒါနဲ့ ကြိုးကို တပ်ပြီးတဲ့အခါ သူက ငုံ့ကြည့်လိုက်ပြီး 'ခွေးမသား ဖိနပ်ကြိုးတောင် မချည်တတ်ဘူး။ သွား' ဆိုပြီး သူ့ဘွတ်ဖိနပ်နဲ့ ကျုပ်ကို တွန်းကန်လိုက်တာ ကျုပ်တစ်ခါတည်း ပက်လက်လန်သွားတာပါပဲ ဗျာ၊ ဘယ်လောက်များ မိုက်ရိုင်းစော်ကားသလဲလို့၊ ဒီတုန်းကတည်းက တစ်ခါ တည်း မျဉ်းလုံးနဲ့ ထချမယ် ကြံမိသေးတယ်။ နို့ပေမဲ့ အရာလည်း ရောက်မှာ မဟုတ်ဘူးဆိုပြီး အားမတန် မာန်လျှော့လိုက်ရတယ် ကိုဘိုးထော်ရဲ့၊ ဒီဟာတွင် မကသေးဘူး၊ 'မင်းတို့ မြန်မာလူမျိုးတွေဟာ ဟန်ကြီးပန်ကြီးသာ လုပ်နေ တယ်။ ဖိနပ်ကြိုးတောင် ကောင်းကောင်းချည်တတ်တဲ့ အကောင်မျိုးတွေ မဟုတ်ဘူး' တဲ့ ပြောလိုက်သေးတယ်။ ကျုပ်ကို ဆဲချင်ဆဲ၊ ဆိုချင်ဆို၊ ကန်ချင် ကန်၊ ကျောက်ချင်ကျောက် အရေးမကြီးပါဘူးဗျာ။ မြန်မာတစ်မျိုးသားလုံးကို ထိခိုက်ပြောတော့ ကျုပ် မခံနိုင်ဘူး ကိုဘိုးထော်၊ ဝမ်းထဲမှာ 'တစ်တေး' တေး ထားလိုက်သေးတာပေါ့လေ၊ နောက်ပြီးတော့ ..."

စကားမဆုံးမီ နာရီသံချောင်းခေါက်သံ ကြားရသည်နှင့် ကျွန်ုပ်လည်း အလုပ်ဝတ္တရားရှိရာသို့ သွားလေရာ ဂဠုန်ကိုမောင်ကလေးလည်း ထောင်မှူး ကြီး ရုံးခန်းသို့ သွားလေ၏။ ထိုနေ့တွင် ကျွန်ုပ်သည် ကိုမောင်ကလေးနှင့် မတွေ့ရဘဲ ရှိနေသော်လည်း နောက်တစ်နေ့၌ကား ထောင်မှူးကြီး ရုံးခန်းတွင် အလုပ်အတူ လုပ်နေရသဖြင့် ကောင်းစွာ တွေ့ဆုံပြောဆိုခွင့်ရလေသည်။

*

နံနက်စာစားရန် ထောင်မှူးကြီး အလုပ်ဆင်းသွားသောအခါ ကိုမောင် ကလေးသည် ထောင်စာရင်းများကို ရေးမှတ်လျက်ရှိနေရာ ကျွန်ုပ်ကလည်း ရုံးခန်းနှင့်ပတ်သက်သည့်ကိစ္စများ၊ ထောင်မှူးကလေးများထံသို့ စာပေးစာယူ လုပ်ရသည့်ကိစ္စများကို ဆောင်ရွက်၍နေရ၏။ တစ်နာရီထိုးသဖြင့် ထောင်စာ ရေးသည် လက်ဖက်ရည်သောက်ရန် ဆင်းသွားသောအခါ ကိုမောင်ကလေး သည် ကျွန်ုပ်အနီးသို့ကပ်၍ –

"ဒီအကောင်ကြီးတော့ မကျောဘူးဗျာ၊ ကျုပ် လုပ်ရမှပဲ ကျေနပ်မယ်"

http://www.cherrythitsar.org



"ဒါပေမဲ့ လုပ်ဖို့က အခက်သားကလား ကိုမောင်ကလေးရယ်၊ ထင်ထင်ရှားရှား လုပ်ပြန်ရင်လည်း ဥပဒေက ရှိသေးတယ်။ ပြီးတော့ ခင်ဗျားပြော သလို ကြိုးကွင်းကိုလည်း တတ်နိုင်သမျှ လွတ်အောင် ရှောင်ရသေးတယ် မဟုတ်လား"

"ဟုတ်တာပေါ့ဗျာ၊ အဲဒီဥပဒေကို ကျုပ် စဉ်းစားနေတာပေါ့၊ မနေ့ည ကမှ အကြံရလာတယ်"

"ပြောစမ်းပါဦး ကိုမောင်ကလေး"

"ဒီအကောင်ကြီးဟာ ကျုပ်ကို အလုပ်နားလည်လို့သာ ခိုင်းနေတာဗျ၊ နည်းနည်းကလေးမျှ မေတ္တာမရှိဘူး"

"ထောင်မှူးတစ်ယောက်က ထောင်သားအပေါ် မေတ္တာထားတယ်ဆိုတာ အခဲယဉ်းသား ကိုမောင်ကလေးရယ်"

"ကျုပ်တို့အပေါ်မှာ စေတနာသဒ္ဓါတရားနဲ့ ပြည့်စုံရမယ်။ ကျွေးမွေးရ မယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး ကိုဘိုးထော်ရဲ့၊ ဒီလိုလည်း ကျုပ် မမျှော်လင့်ပါ ဘူး။ အလုပ်လုပ်စရာရှိတဲ့အခါ ဝတ္တရားအတိုင်း အလုပ်လုပ်၊ အပြစ်ပေးစရာရှိ တဲ့အတိုင်း အပြစ်ပေး ကျုပ် ကျေနပ်ပါတယ်ဗျာ၊ အခုတော့ ကျုပ်အပေါ် အသားယူပြီး အရှက်ခွဲတာ ကျုပ် မခံချင်လွန်းလို့"

"ဒါကတော့ သူတို့မျက်နှာဖြူတွေ ဘုန်းတန်ခိုးတက်ချိန်ပေကိုးဗျ။ တစ်နေ့နေ့တော့ ကျုပ်တို့အလှည့် ရောက်ဦးမှာပေါ့၊ ပြီးတော့ ခင်ဗျားက ဝံသာနု ခေါင်းဆောင်တစ်ယောက် ဖြစ်တဲ့အတွက် မျက်မုန်းကျိုးနေတယ် ထင်ပါရဲ့"

"ဟုတ်တာပေါ့ ကျုပ်လည်း သိပါတယ်။ ဒါပေမဲ့ ခင်ဗျားအပေါ်မှာတော့ တယ်ပြီး မထန်ဝံ့ဘူးဗျို့"

"သူ့မျက်စိအောက်မှာ ထောင်သားတစ်ယောက်က ကျုပ်ကို မခန့်လေးစား လုပ်လေတော့ ကျုပ်က နားရင်းနှစ်ချက် သုံးချက်အုပ်လိုက်ကာမြင်ရ လို့ နည်းနည်းသူ လန့်သွားတယ် ထင်ပါရဲ့၊ ဒါပေမဲ့ တကယ်ဆိုတော့ ကျုပ်ကို လည်း ချမ်းသာပေးမယ့် အကောင်ကြီး မဟုတ်ပါဘူးဗျာ"

"ကျုပ်က ဥပဒေကို သိတဲ့လူဆိုတော့ သာပြီး ခက်နေတယ်ဗျာ၊ လုပ် မယ် ကြံလိုက်ရင်း ဥပဒေကို သွားပြီး စဉ်းစားမိရင်းပဲ"

"ဟုတ်တာပေါ့ဗျာ၊ ခင်ဗျားက ရှေ့နေတစ်ယောက်ဆိုတော့ ဟုတ်ပေမှာပဲ၊ ဒါထက် ခင်ဗျားအကြံ ပြောစမ်းပါဦး၊ ဥပဒေနဲ့ရော လွတ်ရဲ့လား"

"လုံးလုံးကြီးတော့ ဘယ်လွတ်မလဲ ကိုဘိုးထော်၊ နည်းနည်းသက်သာရင် တော်ပြီ အောက်မေ့ရတာပေါ့၊ လူတစ်ဖက်သားကို လုပ်မယ်ဆိုတာ အနည်းအများတော့ ခံရပေမပေါ့"

"ပြောစမ်းပါဦး"

"စနေနေ့ညနေမှာ စာရေးလုပ်တဲ့သူက ရုံးဆင်းသွားတော့ ထောင်မှူးကြီးရယ်၊ ခင်ဗျားရယ်၊ ကျုပ်ရယ် ဒီသုံးယောက်ပဲ အခန်းထဲ ကျန်ရစ်နေခဲ့မယ် မဟုတ်လား"

"ဟုတ်တာပေါ့"

"ဒီအထဲမှ ခင်ဗျားဝင်ပြီး ကရမယ့် ဇာတ်လမ်းလည်း ပါတယ် ကိုဘိုး ထော်ရဲ့"

"ဆိုစမ်းပါဦးဗျာ၊ ဘယ်လို ကရမှာလဲ"

"အဲဒီအခါ ခင်ဗျားနဲ့ ကျုပ်နဲ့ ရန်ဖြစ်ချင်ယောင်ဆောင်ပြီး ထိုးလားကြိတ်လား လုပ်ရာက ခင်ဗျားကို ကျုပ်က အုတ်ခဲနဲ့ ပေါက်လိုက်သလိုနဲ့ သူ့ မျက်နှာကြီးကို ကျုပ် ဆော်လိုက်မယ်"

"ခင်ဗျား ဥစ္စာ ပြောင်မကျလွန်းဘူးလား ကိုမောင်ကလေးရယ်"

"တယ်ခက်တဲ့လူပဲ၊ ကျုပ် ပေါက်တာ သူ့ကို ထိလည်း ထိရမယ်၊ ခင်ဗျားလည်း လွတ်ရမယ်၊ မတော်တဆ သူ့ကို မှန်တဲ့ သဘောမျိုးပေါ့ဗျာ"

"ဘယ်လိုလုပ်ပြီးပေါက်မှာလဲ၊ ကျုပ် နားရှင်းအောင် ပြောစမ်းပါဦး ကိုမောင်ကလေးရဲ့"

"ဒီလိုဗျ၊ စနေနေ့ ညနေတိုင်း ၄ နာရီသာသာလောက်မှာ ထောင်မှူးကလေးအခန်းက ခင်ဗျား ဗာဟီရလုပ်ပြီး ပြန်လာရတယ် မဟုတ်လား၊ ဒီအခါ ကျုပ်က အပေါက်ဝက ခွေးခြေပေါ်မှာ ထိုင်နေမယ်၊ ဒီတော့ ခင်ဗျားက ကျုပ်ခြေထောက်ကို တက်နင်းသွားရမယ်"

"အင်း ... ဆိုစမ်းပါဦး"

"နောက် ကျုပ်က ခင်ဗျားကို တစ်ချက်တိုင်းလိုက်မယ်၊ ဒီအခါ ခင်ဗျားက အောင်မယ် ခွေးမသား ဂဠုန်က ဘာလူပါးဝတာလဲ၊ မတော်လို့ တိုက် မိတာများ ဘာဖြစ်သေးသလဲလို့ ပြန်ပြော"

"ကောင်းပါပြီဗျာ"

"ဒီတော့ ကျုပ်က လက်နက်ရှာမယ်။ ယပ်ဆွဲတဲ့ကြိုးဖျားမှာ အုပ်ခဲထက်ပိုင်းကျိုးကြီး ချည်ထားတယ် မဟုတ်လား၊ အဲဒါ ကျုပ် လက်နက်ပဲ၊ ဒီအခါမှာ ခင်ဗျားက ထောင်မှူးကြီး နောက်တည့်တည့်မှာရှိတဲ့ တိုလီမိုလီထည့်တဲ့ ဗီရိုကြီးမှာ လက်နက်ရှာချင်ယောင် ဆောင်ရမယ်။ ဒီအခါ ခင်ဗျားက ထောင်မှူးကြီး ကုလားထိုင် နောက်တည့်တည့်မှာ ရှိရမယ်နော်၊ ကျုပ်ကလည်း အုတ်ခဲနဲ့ ပေါက်လိုက်ရော ခင်ဗျားလည်း သူ့ကုလားထိုင်နောက်ကို ပစ်သာလှဲလိုက်ပေတော့၊ ကျုပ်ကတော့ ခင်ဗျား ပေါက်သလိုလိုနဲ့ သူ့မျက်နှာကို တည့်

တည့်ကြီး လှမ်းထုလိုက်မှာပဲ။ ခင်ဗျားကို ပေါက်လိုက်တာ မတော်တဆ သူ့ကို ချော်ပြီး မှန်တယ်ဆိုတော့ တကယ်လို့ အပြစ်ခံရတောင် အပြစ်လည်း လျော့ မယ်၊ သူကလည်း ကျုပ်အပေါ် ရန်ငြိုးမထားနိုင်ဘူး မဟုတ်လား၊ ဘယ့်နှယ်လဲ ကိုဘိုးထော်၊ ကျုပ် အကြံမကောင်းဘူးလား"

ကျွန်ုပ်မှာ စိတ်ခပ်လေးလေးနှင့်ပင် ခေါင်းညိတ်လိုက်ရလေသည်။

"ခင်ဗျားက ဥပဒေတတ်တဲ့လူပဲလေ၊ ကြည့်သာ လုပ်ပေတော့"

"တိတ်ဗျို့၊ ဟိုမှာ ထောင်မှူးကြီးလာနေပြီ"

*

စနေနေ့ ညနေစောင်း၌ ထောင်မှူးကြီးသည် ရုံးခန်းအလုပ်စားပွဲတွင် တစ်ယောက်တည်း ထိုင်နေလျက်ရှိလေရာ ကိုမောင်ကလေးသည် စာရေးခြင်း အလုပ်ကိစ္စများပြီးသည်နှင့် အခန်းထဲ အဝင်တံခါးမကြီးအနီးရှိ ခွေးခြေကလေး ပေါ်တွင် ထိုင်လျက်ရှိ၏။ ထောင်မှူးကလေးများ ရုံးခန်းဘက်သို့ ကျွန်ုပ် ထွက် သွားသောအခါ ကိုမောင်ကလေးသည် မျက်နှာကို ခပ်ပြုံးပြုံးလုပ်ကာ မျက်စိ တစ်ဖက်ကိုပင် မှိတ်၍ပြလိုက်သေး၏။ ကျွန်ုပ်မှာ လူတစ်ဖက်သားအား မခံနိုင် ၍လုပ်လျှင် ပြောင်လုပ်ခဲ့သည်က များသဖြင့် ဤကဲ့သို့ ပရိယာယ်ဆင်၍ လုပ်ရ သည့်ကိစ္စတွင် စိတ်ပါဝင်စားခြင်းမရှိလှဘဲ စိတ်မလုံနိုင်အောင်ဖြစ်နေ၏။ မိမိ ရန်သူပင် ဖြစ်သော်လည်း သွေးအေးနေသည့်အခါမျိုးတွင် လုပ်ရမည့် ကိစ္စ လည်းဖြစ်သဖြင့် ကျွန်ုပ်မှာ စိတ်မပါလှချေ။ သို့သော် ကျွန်ုပ်၏တာဝန်မှာ အုတ်ခဲကို သူကောက်၍ ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ကုလားထိုင် နောက် သို့လှဲချကာ တိမ်းရှောင်ရမည့် အလုပ်သာဖြစ်ရကား ကျွန်ုပ် တာဝန်မကြီးလှ ချေ။ သို့ဖြစ်၍ ကိုမောင်ကလေး၏အကြံတွင် ကျွန်ုပ်သည် အလွန်အကျူး အားပေးခြင်းလည်း မပြု၊ ဖျက်လိုဖျက်ဆီးလုပ်ကာ ခေါင်းတိမ်းခြင်းလည်း မပြုဘဲ သူပြုလုပ်စေလိုသည့်အတိုင်း ပြုလုပ်ရန်သာ ရှိတော့သည်။

သို့နှင့် မျက်နှာချင်းဆိုင်လျက်ရှိသော ထောင်မှူးကလေးများ၏ ရုံး ခန်း၌ ကျွန်ုပ်လည်း လုပ်ကိုင်ရန်ရှိသမျှကို လုပ်ကိုင်ခဲ့ပြီးနောက် ထောင်မှူးကြီး အခန်းသို့ ပြန်ခဲ့လေ၏။ တံခါးပေါက်ဝတွင် ကိုမောင်ကလေးသည် ခြေကို ခပ်ဆန့်ဆန့်လုပ်၍ ထိုင်နေသဖြင့် ကျွန်ုပ်သည် သူ့ခြေတစ်ဖက်ကို ဝင်၍ခလုတ် တိုက်လေရာ ကျွန်ုပ်မှာ လဲတော့မည်ကဲ့သို့ ရှေ့သို့ ဟပ်ထိုးဖြစ်သွားလေသည်။

"ဟော့လူ ... လူတစ်ယောက်လုံး ထိုင်နေတာ မမြင်ဘူးလား"

"မတော်လို့တိုက်မိတာ ခင်ဗျားက ဘာလုပ်ချင်သေးလဲ"

"ဘာလုပ်ချင်သေးသလဲဆိုတဲ့ စကားက ကျုပ်ကို ရန်စတာပေါ့လေ၊ ဟုတ်စ"

ထိုအခါ ထောင်မှူးကြီးသည် ကျွန်ုပ်တို့နှစ်ယောက်အား တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့အားသင့်လျက်ရှိလေသည်။

"အေးကွာ၊ စတယ်ထင်ရင်လည်း စတာပေါ့၊ ခွေးမသား ဂဠုန်က လူပါးဝလို့၊ မင်းတော့ သိစေ့မယ်"

"အောင်မယ် မင်းလည်း အခုသိစေ့မယ်"

ကိုမောင်ကလေးသည် ယပ်ဆွဲသော ကြိုးအဖျားတွင် ချည်နှောင်ထားသည့် အုတ်ခဲထက်ပိုင်းကျိုးကို ဆွဲယူလျက်ရှိရာ ကျွန်ုပ်လည်း ထောင်မှူးကြီး နောက်ဘက်၌ရှိသော ဗီရိုအတွင်း၌ လက်နက်တစ်စုံတစ်ရာရရန် ရှာဖွေလျက်ရှိ၏။ ထိုအခါ ထောင်မှူးကြီးသည် ကိုမောင်ကလေး၏ဘက်သို့ မျက်နှာမူလျက်ရှိသဖြင့် "ဟေ့အကောင်၊ မပေါက်နဲ့ မပေါက်နဲ့၊ မင်းလက်ထဲက အုတ်ခဲ ချလိုက်" ဟု ဟစ်အော်၍မှမဆုံးမီ ကျွန်ုပ်လည်း ကိုမောင်ကလေး လက်မြှောက် လိုက်သည်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထောင်မှူးကြီးထိုင်သော ကုလားထိုင်နောက်တွင် လျင်မြန်စွာ လှဲချလိုက်၏။ ထိုခဏ၌ 'ဒိုင်း'ခနဲ အသံကြီးတစ်ခု ကြားရပြီးလျှင် ကုလားထိုင် ကြိမ်ခင်းပေါ်မှ တစ်ဆင့် မာကျောသော အရာ ဝတ္ထုတစ်ခု သမံတလင်းပေါ်သို့ ကျသွားသံ ကြားလိုက်ရလေသည်။ ကုလား ထိုင်ပေါ်၌ကား ထောင်မှူးကြီး မရှိတော့ချေ။ သူသည် ကျွန်ုပ်တို့ထက်ပင် လျှင် မြန်လေရကား အသံကြား၍ ကျွန်ုပ် လှမ်းကြည့်လိုက်သောအခါ စားပွဲ အောက်တွင် ပြားပြားဝပ်လျက်ရှိနေလေပြီ၊ ထိုအခါ ကျွန်ုပ်က တုန်လှုပ်လျက်–

"ကြည့်စမ်း ... ကြည့်စမ်း၊ အင်မတန် စော်ကားတဲ့ ခွေးမသား၊ နင် လား ငါ့ကို ခဲနဲ့ပေါက်တာ သိရစေ့မပေါ့ကွယ်"

ထိုအခါ၌ကား ထောင်မှူးကြီးသည် စားပွဲအောက်မှ ထွက်လာပြီဖြစ်၍ ကျွန်ုပ်အား ဦးခေါင်းကို လက်ဖြင့် တစ်ချက်လှမ်း၍ ပုတ်လိုက်၏။ အပြင်ခန်း ဖူးပေါက်အနီးတွင် တံမြက်လှည်းနေသော သာညွန့်သည်လည်း ရောက်လာပြီ ဖြစ်၍ ကိုမောင်ကလေးအား အတင်းဆွဲလျက်ရှိ၏။ သို့ရှိစဉ် ဒုတိယထောင်မှူး နှင့် မြန်မာထောင်မှူးကလေးတစ်ယောက် ရောက်ရှိလာလေရာ ထောင်မှူးကြီးက အမိန့်ပေးလိုက်သည်တွင် ကိုမောင်ကလေးအား ဖမ်းဆီးခေါ်သွားကြလေ၏။

ကျွန်ုပ်လည်း ထောင်မှူးကြီး ကုလားထိုင်ပေါ်မှလည်းကောင်း၊ သမံတလင်းပေါ်မှလည်းကောင်း အုတ်နီမှုန့်နှင့် အုတ်ခဲပဲ့များကို ရှင်းလင်းလျက်ရှိ လေရာ ကုလားထိုင်နောက်မှီတွင် အုတ်ခဲထိမှန်သော နေရာ၌ အနက် တစ်မတ် ခန့်မျှ ချိုင့်ဝင်လျက်ရှိသည်ကို တွေ့ရလေ၏။ အကယ်၍ တစ်စက္ကန့်မျှ နောက် ကျခဲ့ပါမူ ထောင်မှူးကြီး၏မျက်နှာမှာ စုတ်ပြတ်သွားရုံမျှမက မချိမဆံ့ခံရမည် ကိုပင် ကျွန်ုပ်တွေးမိ၏။ သို့ဖြစ်၍ ဤကဲ့သို့ မထိသည်မှာလည်း ကံကောင်းလှ

http://www.cherrythitsar.org



၏ဟု ကျွန်ုပ် အောက်မေ့မိ၏။ ထောင်မှူးကြီးသည် ကျာပွတ်ရိုက်ခံရသော ကျားကြီးတစ်ကောင်ကဲ့သို့ ပါးစပ်မှလည်း "ခွေး ... ဝက်၊ ဘလက်ဒီ" စသည်ဖြင့် အင်္ဂလိပ်ရော မြန်မာပါ ပါးစပ်မှ ထွက်သလို အမျိုးမျိုး အဆက်မပြတ် ရေရွတ်လျက် ရှိလေသည်။

"ခွေး ... ခွေးထက် မိုက်တဲ့ အကောင်၊ မောင်မင်းကို ပေါက်တာ ကျွန်ုပ်ကို ထိမယ် မဟုတ်လား"

ကျွန်ုပ်မှာ စိတ်ထဲကပင် ရယ်ချင်စိတ် ပေါက်၍လာမိ၏။

"ကျွန်တော်မျိုးလည်း စိတ်ဆိုးတာပေါ့ သခင်ကြီး၊ နို့ပေမဲ့ သခင်ကြီးကို လုပ်တာတော့ မဟုတ်ပါဘူး၊ ကျွန်တော်မျိုးကို ပေါက်တာပါ"

"ဟုတ်တယ် ... ကျွန်ုပ်သိတယ်။ မောင်မင်းရဲ့ ရန်သူဘက်က မောင် မင်းက ရှေ့နေလိုက်သလား"

"မဟုတ်ပါ သခင်ကြီး၊ ဒီအကောင်ကို ကျွန်တော်မျိုး လက်သီးနဲ့ သုံးချက်လောက်ပဲ ထိုးဖို့ အခွင့်ပြုပါ"

"ဒီဟာတော့ ကျွန်ုပ် အခွင့်မပြုနိုင်ဘူး၊ သူဟာ အင်မတန် ဆိုးတဲ့ အကောင် ခွေးထက်မိုက်တဲ့ အကောင်၊ ကျားနဲ့တူတယ်"

"မှန်ပါ့။ အင်မတန် ဆိုးတဲ့အကောင်ပါ သခင်ကြီး"

"ဆိုးတဲ့ကျားကို ဘယ်လိုလုပ်ရမလဲ၊ မောင်မင်း သိသလား"

"မသိပါဘူး သခင်ကြီး"

"မီးမထွန်းတဲ့ နေရာမှာ ထားရမယ်။ မှောင်နေတဲ့နေရာ၊ နားလည်လား"

"မှန်ပါ"

"သူ့ကို မှောင်နေတဲ့နေရာမှာ ထားရမယ်၊ အခန်းကျဉ်းကျဉ်းမှာ ထား ရမယ်၊ ခါနာ နည်းနည်းပေးရမယ်၊ ရေနည်းနည်း ပေးရမယ်၊ ဒါပဲ"

"မှန်ပါ၊ ထားလိုက်ပါ သခင်ကြီး"

"မောင်မင်းကော မကြောက်ဘူးလား"

"ကြောက်ပါတယ် ဘုရား"

"သူ့ကို မှောင်တဲ့နေရာမှာ ကျွန်ုပ် ထားလိုက်မယ်"

"ကောင်းပါတယ် သခင်ကြီး၊ ကျွန်တော်မျိုး သဘောကျပါတယ်"

ဤပြစ်မှုအတွက် ကျွန်ုပ်မှာ ထောင်သားအချင်းချင်း ရန်ဖြစ်မှုအတွက် လျှော့ရက် ခြောက်ရက် ဖြတ်တောက်ခြင်းခံရ၏။ ဂျွန်မောင်ကလေးမှာမူ အလုံထောင်တွင် တစ်ပတ်ကျခံရလေသည်။

http://www.cherrythitsar.org



ထိုအခါ ကျွန်ုပ်လည်း လူတစ်ယောက်အား ချောင်း၍ရိုက်ခြင်း၊ တိတ်တဆိတ် လျှို့ဝှက်၍ သတ်ဖြတ်ရန် ကြံစည်ခြင်းတို့မှာ ကြံစည်သည့် အတိုင်းလည်း အထမမြောက်တတ်ဟုဆိုသည်မှာ မှန်ကန်ကြောင်း ကျွန်ုပ် တွေးမိ၏။ သို့သော် နောက်ဖြစ်ပွားမည့် အကြောင်းအရာများမှာ ထိုထက်ပင် ထူးဆန်းကြောင်း ကျွန်ုပ်ကိုယ်တိုင် တွေ့ရှိရတော့၏။

*

အထက်ပါအကြောင်းအရာများမှာ ဖြစ်ပွားပြီးသည့်နောက် တစ်လ ခန့်မျှကြာရှိသောအခါ ကျွန်ုပ်နှင့် ကိုမောင်ကလေးတို့မှာ ယခင်ကကဲ့သို့ အရော တဝင် မနေဝံ့တော့ဘဲ ခပ်တန်းတန်း ခပ်မှန်မှန်သာ နေခဲ့လေသည်။ ထောင်မှူး ကြီးကလည်း ကိုမောင်ကလေး၏ အကြံကို မရိပ်မိဘဲ ကျွန်ုပ်နှင့် အကယ်ပင် ရန်ဖြစ်သဖြင့် ကျွန်ုပ်အား အုတ်ခဲနှင့်ပေါက်ခြင်းဖြစ်သည်ဟု ယုံကြည်လျက်ရှိ ၏။ ဤသို့ ယုံကြည်သည့်အတွက်သာ ကျွန်ုပ်တို့မှာ သက်သာရာရပြီးလျှင် ကိုမောင်ကလေးမှာလည်း ယခင်ကကဲ့သို့ စာရေးအလုပ်ကို ဆက်လက်လုပ်ခဲ့ရ လေသည်။

သို့သော် ထောင်မှူးကြီးမှာ နောင်တရသည်ဟူ၍ မရှိဘဲ အကျဉ်းသား များအား ဥပဒေ အတွင်းမှသော် လည်းကောင်း၊ ဥပဒေ အပြင်မှသော် လည်း ကောင်း ညှဉ်းပန်းနိုင်သမျှ ညှဉ်းလျက်ပင်ရှိနေလေသည်။ ဤအတွင်း ကိုမောင် ကလေးကိုပင် မင်းအိုးဖိတ်သဖြင့် တစ်ကြိမ်၊ ကလောင်တံ လွတ်ကျသဖြင့် တစ်ကြိမ် မျဉ်းလုံးနှင့် တစ်ချက်နှစ်ချက် ရိုက်သည်ကို မြင်ရလေရာ ကျွန်ုပ်မှာ အားနာသဖြင့် မျက်နှာလွှဲ၍ နေလိုက်ရ၏။ သို့သော် ကိုမောင်ကလေး၏ မျက် လုံးများမှာမူ မည်သည့်အခါမျှ စိတ်ပျက်အားငယ်သွားသည်ဟူ၍ မရှိဘဲ "အေး ကွယ် ... မင်းတို့က နိုင်တဲ့ အခိုက်လုပ်သေးတာပေါ့" ဟူသော အဓိပ္ပာယ်သည် ကား ထောင်မှူးကြီးပင် မရိပ်မိစေကာမူ သူ၏နဖူးတွင် စာတန်းထိုးထားဘိ သကဲ့သို့ ထင်ရှားလှပေ၏။

တစ်နေ့တွင် ထောင်ခြံအတွင်းရှိ အမှိုက်ပုံနှင့် နွားချေးပုံကြီးကို ရှင်း လင်းလျက်ရှိစဉ် အကျဉ်းသားတစ်ယောက်မှာ မြွေကိုက်သဖြင့် ရုတ်တရက် သေဆုံးသွားလေ၏။ နောက်တစ်နေ့ နေ့လယ်၌ ကိုမောင်ကလေးသည် ထောင် မှူးကြီးထိုင်သော အလုပ်စားပွဲ၏ လက်ယာဘက်၌ရှိသော အကျဉ်းသားများ ၏ ကိုယ်ရေးရာဇဝင် မှတ်တမ်းဖိုင်များတင်သည့်စင်မှ စာအုပ်များကို ရွှေ့ပြောင်း လျက်ရှိ၏။ ကျွန်ုပ်က ထောင်မှူးကြီး၏ စားပွဲပေါ်တွင် မင်အိုးတင်သောခုံနှင့် အလှထားသော ဆင်ရုပ်ကလေးကို အဝတ်စုတ်ဖြင့် ပွတ်သပ်လျက်ရှိ၏။ မကြာမီ "မြွေ ... မြွေ" ဟု အလန့်တကြား ဟစ်အော်လိုက်သော ကိုမောင်

http://www.cherrythitsar.org



ကလေး၏ အသံကိုကြားရသဖြင့် ကျွန်ုပ်လည်း လှမ်း၍ကြည့်လိုက်ရာ ကိုမောင်ကလေးနှင့် မျက်နှာချင်းဆိုင် စင်မြင့်ပေါ်၌ တင်ထားသော ဖိုင်တွဲနှစ်ခုကြားတွင် တွန့်လိမ်လျက်ရှိသည့် မြွေကလေးတစ်ကောင်ကို တွေ့မြင်ရလေ၏။ ကိုမောင်ကလေးမှာ အလွန်လက်မြန်သူတစ်ယောက် ဖြစ်သည့်အတိုင်း ဤသို့ ကျွန်ုပ်ကြည့်နေစဉ်မှာပင် ထောင်မှူးကြီးစားပွဲမှ မျဉ်းလုံးကို လျင်မြန်စွာ ဆွဲယူလိုက်ပြီးလျှင် ဖိုင်တွဲနှစ်ခုကြားမှ ထွက်နေသော မြွေကလေးကို သုံးလေးချက်ထက် မနည်းရိုက်သတ်လိုက်လေ၏။ ထောင်မှူးကြီးမှာ ကုလားထိုင်ကိုတွန်း၍ ပစ်ခဲ့ပြီးလျှင် ပါးစပ်မှ အမျိုးမျိုးဆဲဆိုရေရွတ်ကာ တံခါးဝသို့ သွား၍ရပ်နေ၏။

"မြွေပွေးလား ... ငန်းလား မပြောတတ်ဘူး ကိုဘိုးထော်၊ ကျုပ်က ဦးလို့ပေါ့ဗျာ၊ ကျုပ်ကို မကိုက်တာ ကံကောင်းပဲ"

"ဟုတ်ရဲ့လား ကိုမောင်ကလေးရဲ့"

"ဟုတ်တာပေါ့ဗျ၊ ခင်ဗျားက ကျုပ်တို့ မြို့အကြောင်း မသိသေးလို့ အခုလို စပါးရိတ်ချိန်မှာ ပိုးထိလို့ လူဘယ်လောက်သေတယ် ထင်သလဲ"

ထို့နောက် ကိုမောင်ကလေးသည် မြွေအသေအကောင်ကို ဝါးခြမ်းစ တစ်ခုဖြင့် ညှပ်ပြီးလျှင် အပြင်သို့ ထုတ်ယူသွားပြီးနောက် ထောင်မှူးကြီး၏ အမိန့်အတိုင်း တွင်းတူး၍မြှုပ်ပစ်ရ၏။

ထောင်မှူးကြီးက စာအုပ်စင်ကို အပေါ်ဆုံးထပ်မှစ၍ ရှင်းလင်းရန် ပြောသဖြင့် ကျွန်ုပ်တို့လည်း ရှင်းလင်းကြရလေ၏။ ထောင်မှူးကြီး၏ ရုံးခန်းမှာ ရုံးခန်းဟုပင် ဆိုရသော်လည်း အပေါ်တွင် ပျက်စီးနေသော မျက်နှာကြက်ဟောင်းများ၊ အုတ်နံရံရှိ အပေါက်များ၊ အုတ်နံရံနှင့် သမံတလင်း စပ်ကြားရှိ အချို့ထောင့်များတွင် ကြွက်တွင်းဟောင်းများရှိသဖြင့် မြွေများရှိမည် ဆိုကလည်း ရှိနိုင်လောက်ပေ၏။ ထိုနေ့ တစ်ညနေလုံး ထောင်မှူးကြီးသည် မြွေတွေ့ သည်အတွက် အမျိုးမျိုး ရေရွတ်ကျိန်ဆဲလျက် ရှိနေတော့၏။

*

နောက် သုံးရက်ခန့်ကြာသောအခါ တစ်နေ့သော နံနက်၌ ကိုမောင်ကလေးသည် ထောင်မှူးကြီး ရုံးခန်းသို့ ကျွန်ုပ်ထက် စောစောရောက်နေသဖြင့် ကျွန်ုပ်က – "ဟေ့လူ ... ဒီကနေ့ တယ်စောပါလား"

"ဟုတ်တယ် ကိုဘိုးထော်ရဲ့၊ ဒီကနေ့ ဟိုဗီရိုကြီးထဲက အမှုတွဲဟောင်းတွေကို ဟိုအကောင်ကြီးက အကုန်လုံးအပြင်ထုတ်ပြီး နေလှန်းရမယ် ပြောလို့ဗျ"

"အရင်တလောကပဲ အမှုတွဲဟောင်းတွေကို ခင်ဗျားနဲ့ကျုပ်နဲ့ ရှင်းထားကြသေးတယ် မဟုတ်လား"

http://www.cherrythitsar.org



"ဟုတ်တာပေါ့ဗျာ၊ နို့ပေမဲ့ သူက မြွေကြောက်တော်မူသတဲ့၊ သူတို့ မျက်နှာဖြူတွေဟာ မြွေကို သိပ်ကြောက်ကြတယ်ဗျ"

"မြွေဆိုတာ လူတိုင်းကြောက်တာပေါ့ ကိုမောင်ကလေးရယ်၊ မျက်နှာ ဖြူ၊ မျက်နှာမည်းရယ်လို့ ဘယ်ဟုတ်မလဲ"

ကိုမောင်ကလေးသည် စကားပြောရင်း ခါးပိုက်ထောင်ထဲမှ လက်လေးသစ်သာသာခန့်မျှရှိသော ပုလင်းလွတ်ကလေးတစ်လုံးကို လျင်မြန်စွာ ထုတ်ပြီးလျှင် ရုံးခန်း၏ အပြင်နံရံနှင့် ကပ်၍ ရိုက်ခွဲလျက် ပစ်လိုက်လေ၏။

"ဘာပုလင်းကလေးလဲဗျ"

"မသိပါဘူးဗျာ၊ ဗီရိုဟောင်းကြီးနောက်က တွေ့လို့ လွှင့်ပစ်လိုက်တာပါ"

"ထောင်မှူးကြီး ရောက်ပြီလား"

"မရောက်သေးဘူး၊ လာခါနီးပြီ၊ ဩော် ... ဒါထက် ထောင်မှူးကြီး စားပွဲက ညာဘက်အံဆွဲများ သွားမဖွင့်လေနဲ့နော်"

"ဘာဖြစ်လို့လဲ"

ထိုခဏ၌ ထောင်မှူးကြီးသည် နောက်ဖေးဘက်မှ လှည့်၍ဝင်လာသဖြင့် ကျွန်ုပ်တို့လည်း စကားလက်စ ပြတ်သွားတော့၏။ ထို့နောက် ကျွန်ုပ်သည် လုပ်ကိုင်ရန် အလုပ်များကို ဆက်လက်လုပ်ကိုင်လျက်ရှိလေရာ ကိုမောင် ကလေးမှာ ဗီရိုကြီးထဲမှ အမှုတွဲဟောင်းများကို တစ်ထုပ်စီ အပြင်သို့ ထုတ်ကာ နေလှန်းလျက်ရှိလေ၏။

နေ့လည် ၂ နာရီအချိန်တွင် ထောင်မှူးကြီးအိမ်မှ လက်ဖက်ရည် လက်ဆွဲခြင်း ရောက်လာ၍ ကျွန်ုပ်လည်း လက်ဖက်ရည်စားပွဲဝိုင်းကလေးပေါ်သို့ လက်ဖက်ရည်ပွဲကို ငွေလင်ဗန်းနှင့် ပြင်ပေးရ၏။ ထောင်မှူးကြီးသည် အခန်း ထောင့်ရှိ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်တွင် မှိန်း၍နေသဖြင့် ကျွန်ုပ်လည်း လက်ဖက်ရည်ပွဲတင်ထားသော စားပွဲဝိုင်းကလေးကို ကုလားထိုင်ကြီးနံဘေး သို့ သွားရောက်ချထားရ၏။

ထောင်မှူးကြီးသည် လက်ဖက်ရည်ပွဲကို စားသောက်ပြီးလျှင် လက်များကို ဆန့်တန်းကာ တစ်ချက်သမ်းဝေလိုက်ပြီးနောက် "ဟေ့ ... မောင်ကလေး၊ ငါ့အံဆွဲထဲက ဆေးပြင်းလိပ် တစ်လိပ် ယူခဲ့စမ်း"

ထောင်မှူးကြီး၏အလုပ်စားပွဲမှ အလျား ၄ ပေ၊ အနံ ၃ ပေခန့်ရှိ စားပွဲကြီးဖြစ်၍ လက်ဝဲဘက်မှာ ဗီရိုကလေးဖြစ်ပြီးလျှင် လက်ယာဘက်တွင် အံဆွဲကလေး သုံးထပ်ရှိ၏။ အံဆွဲကလေးများမှာ အနံ ၁ ပေ၊ အလျား လက်မ ၂၀ ခန့်သာရှိ၍ ကျဉ်းမြောင်းရှည်လျားသော အံဆွဲကလေးများ ဖြစ်လေသည်။ ထို

http://www.cherrythitsar.org



အံဆွဲကလေးများမှာ ထောင်မှူးကြီး၏ ဆေးပြင်းလိပ်၊ စီးကရက်၊ မီးခြစ်နှင့် ထောင်မှူးပိုင် အခြားတိုလီမိုလီပစ္စည်းများထည့်သော အံဆွဲများဖြစ်၍ သော့ကို စားပွဲနောက်ရှိ သော့ချိတ်သောတိုင်တွင် သစ်သားပြားကလေးနှင့် ထားလေ့ရှိ ၏။ အပေါ်ဆုံး အံဆွဲတွင် ဆေးပြင်းလိပ်များ ထားရှိကြောင်း ကျွန်ုပ်တို့ နား လည်ပြီး ဖြစ်လေသည်။

ကိုမောင်ကလေးသည် ထောင်မှူးကြီးပြောသည်ကို မကြားသေးဘဲ ဖိုင်တွဲများကို နံပတ်စဉ်အတိုင်း စည်းနှောင်ရာတွင် အလုပ်ရှုပ်လျက်ရှိလေသည်။

"ဟေ့ကောင် ... ခွေးမသား၊ ငါပြောတာ မကြားဘူးလား၊ အပေါ်ဆုံး အံဆွဲထဲက ဆေးပြင်းလိပ်တစ်လိပ် ယူခဲ့ဆိုတော့"

"မှန်ပါ့ သခင်ကြီး"

ကိုမောင်ကလေးသည် နေးကန်သော ခြေလှမ်းများဖြင့် ထလာပြီး လျှင် အပေါ်ဆုံး အံဆွဲကို ၄ လက်မခန့် အပြင်သို့ ဆွဲဖွင့်လိုက်လေ၏။ သူ သည် လက်ယာဘက်လက်ဖြင့် ဆွဲမည်ပြုပြီးမှ လက်ဝဲဘက်လက်ဖြင့် ရုတ်တ ရက် ဆွဲလိုက်လေသည်။ ကျွန်ုပ်သည် ထောင်မှူးကြီးအနီးရှိ အခြားစားပွဲတစ် လုံးတွင် စာရွက်များကို စာအုပ်ဖြစ်အောင် သီချုပ်၍နေသဖြင့် ထောင်မှူးကြီးက ဒုတိယအကြိမ် ထပ်၍ပြောလိုက်သောအခါမှ ကိုမောင်ကလေးဘက်သို့ လှမ်း၍ ကြည့်လိုက်မိလေသည်။

အံဆွဲပွင့်သွားသည်နှင့် တစ်ပြိုင်နက် "အောင်မယ်လေး ခင်ဗျ သေ ပါပြီ" ဟု သူ၏ဟစ်အော်သံကို ကြားလိုက်ရလေ၏။

ထောင်မှူးကြီးရော ကျွန်ုပ်ပါ ကိုမောင်ကလေး၏ ရုတ်တရက် ဟစ် အော်လိုက်သံကြောင့် အံ့အားသင့်ကာ ကြက်သေသေလျက် ရှိလေသည်။ ထောင်မှူးကြီးမှာ ပက်လက်ကုလားထိုင်ပေါ်၌ပင် ရှိသေးရာ ကျွန်ုပ်သာ ရှေ့သို့ ခြေတစ်လှမ်းနှစ်လှမ်းမျှ တိုးသွားမိလေသည်။ ကိုမောင်ကလေး၏ လက်သည် အံဆွဲမှ ရုပ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့လည်း ထူးဆန်းသော အခြင်းအရာတစ်ခုကို တွေ့မြင်လိုက်ရ၏။ သူ၏ လက်ဝဲဘက် လက်ညှိုး အလယ်လောက်တွင် တစ်ညှိုးခန့်ရှိ မြွေဝါကလေးတစ်ကောင်သည် တန်းလန်း ပါ၍လာပြီးနောက် လက်ကို ခါချလိုက်သောအခါမှ စားပွဲအောက်သို့ ကျသွား လေသည်။ ထိုအချိန်တွင် ကျွန်ုပ်မှာ ကောင်းစွာ သတိရလာပြီဖြစ်၍ မြွေကလေး ကို စားပွဲပေါ်မှ ကျောက်ဆင်ရုပ်ကလေးဖြင့် အဆုံးစီရင်လိုက်တော့၏။ ထိုအခါ မှ ကျွန်ုပ်လည်း ထိုနေ့နံနက်ခင်းက "ထောင်မှူးကြီးစားပွဲက ညာဘက်အံဆွဲများ ဒီကနေ့ သွားမဖွင့်လေနဲ့ဗျနော် ကိုဘိုးထော်" ဟု ကိုမောင်ကလေး ပြောသော စကားများကို သွား၍ သတိရမိ၏။

http://www.cherrythitsar.org



ကိုမောင်ကလေး၏ မျက်နှာမှာ သွေးများ မရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ရှိနေရာ သူ၏လက်များမှာလည်း တဆတ်ဆတ်တုန်လျက်ရှိလေသည်။ သို့ ရှိနေရာမှ သူသည် ကောင်းစွာ သတိရလာသည့်ဟန်ဖြင့် စားပွဲကြီးပေါ်၌ အသင့်ရှိနေသော စက္ကူဖြတ်သည့် ဓားကလေးကို လျင်မြန်စွာ ကောက်ယူလိုက်ကာ စားပွဲထောင့်စွန်းတွင် သူ၏ လက်ဝဲဘက်လက်ညှိုးကို တင်ပြီးနောက် အရင်းမှ တအားလှီးချလိုက်လေ၏။ ထိုခဏ၌ လက်ညှိုးပြတ်မှ သွေးများ ထွက်လာပြီးလျှင် ကိုမောင်ကလေး၏ ကိုယ်မှာ နတ်ပူးသကဲ့သို့ တဆတ်ဆတ် တုန်၍လာပြီးနောက် အနီးရှိကုလားထိုင်ပေါ်သို့ ကန့်လန့်ဖြတ်လဲကျသွားလေသည်။

ထိုအချိန်၌ကား ထောင်မှူးကြီးမှာ ကောင်းစွာ သတိရလာပြီဖြစ်၍ တံခါးပေါက်အနီးသို့ ပြေး၍ ရပ်ကာ –

"မြွေ ... မြွေ ... ခွေးမသားမြွေ ... ဘလက်ဒီမြွေ" စသည်ဖြင့် တတွတ်တွတ် ရေရွတ်ပြီးနောက် –

"မောင်ဘိုးထော်၊ ရုံးခန်းထဲမှာ အားလုံးကြည့်ပြီး ရှင်းပစ်လိုက်စမ်း၊ ကျွန်ုပ် မကြည့်ချင်ဘူး၊ နေ့တိုင်းမြင်တွေ့တယ်၊ ကျွန်ုပ် ရုံးခန်းပြောင်းမယ်" ဟု ပြောဆိုကာ ထောင်မှူးကလေးများ ရုံးခန်းဘက်သို့ ထွက်သွားလေ၏။

ချက်ချင်းပင် ထောင်မှူးကလေးများ ရောက်လာ၍ သွေးလွန်လျက် သတိမေ့နေသော ကိုမောင်ကလေးအား ထောင်သားလေးယောက် ပွေ့ချီကာ လူနာတင် ထမ်းစင်ပေါ်သို့ တင်ပြီးနောက် ဆေးရုံသို့ ပို့လိုက်ရတော့၏။

*

ကိုမောင်ကလေး၏ ဒဏ်ရာမှာ ပြင်းထန်သဖြင့် ရက်ပေါင်း ၂၀ ကျော် ကျော်မျှ ဆေးရုံတွင် ကုသရ၏။ ဆေးရုံမှ ဆင်းသောအခါ အကျဉ်းသားများ အိပ်ခန်းအပြောင်းအလဲရှိသဖြင့် ကိုမောင်ကလေးနှင့် ကျွန်ုပ်မှာ တစ်ခန်းတည်း အိပ်ရလေရာ ထိုည၌ အခြားအကျဉ်းသားများ အိပ်ချိန်တွင် ကျွန်ုပ်တို့မှာ လွတ် လပ်စွာ စကားပြောခွင့်ရခဲ့လေသည်။ ကျွန်ုပ်က စ၍ –

"သတ္တိလည်း ကောင်းတဲ့လူဗျာ၊ ကျုပ်ဖြင့် တခြားလူက လုပ်ပေးရင် တော့ မပြောတတ်ဘူး။ ကိုယ့်ကိုယ်တိုင်တော့ ကိုယ့်လက်ညှိုး ကိုယ်ဖြတ်မပစ် ဝံ့ဘူးဗျို့"

"သတ္တိကောင်းလို့ရယ်တော့ ဘယ်ဟုတ်မလဲ ကိုဘိုးထော်၊ လူဆိုတာ ကိုယ်တွေ့ကြုံတော့ သက်လုံကောင်းရတယ်ဆို မဟုတ်လားဗျ"

"ဟုတ်တော့ ဟုတ်တာပေါ့"

http://www.cherrythitsar.org



"ဒါထက် ဟိုအကောင်ကြီးတော့ ကျုပ်အကြံ မရိပ်မိဘူး မဟုတ်လား"

"မရိပ်မိပါဘူးဗျာ စိတ်ချပါ၊ ဒါကြောင့် ဒီအခန်းမှာ မြွေတွင်းရှိတယ်ဆိုပြီး နောက်တစ်နေ့ ရုံးခန်းပြောင်းတာပေါ့"

"မရိပ်မိမှပဲဗျို့၊ နို့မဟုတ်ရင် ကျုပ်တို့အသက် ဖက်နဲ့ထုပ်ထားဆိုတာပဲ၊ တစ်ခါတည်း ဒီအကောင်ကြီး ကိစ္စတုံးရောဆိုပြီး ကျုပ်တော့ ကြံလိုက်တာပဲ"

"ဒါထက် ခင်ဗျားမြွေက ဘယ်က ရတာလဲ"

"တောက မှာယူရတာပေါ့ဗျာ၊ ငါးကျပ်တောင် ပေးဝယ်ရတယ်။ ငန်း ကျားဆိုတာ ဘယ်တော့မှ ဆေးမမီဘူး၊ အခုလိုသာ လက်ညှိုးကို ကျုပ်မဖြတ် ဝံ့ရင် အခုလောက်ရှိ ကျုပ် သင်္ချိုင်းရောက်နေတာ ကြာပြီ"

"အကြံလည်း ရတတ်ပါပေ့ဗျာ၊ ခင်ဗျား လုပ်တာ တရားတာ မတရား တာ အပထား၊ ခင်ဗျား အကြံအောင်မြင်တာ မအောင်မြင်တာ အပထားပြီး ခင်ဗျားကိုတော့ ကျုပ် ချီးကျူးတယ်ဗျို့"

"အကြံရတာက ဒီလိုဗျ၊ ထောင်ခြံထောင့်က အမှိုက်ပုံကြီး ရှင်းရာမှာ ဘိုးတူကို မြွေကိုက်သေတာက ဆက်စပ်ပြီး ရုတ်တရက် ဒီအကြံရလာတာပေါ့၊ တကယ်လို့ ဒီအကောင်ကြီး မြွေကိုက်သေရင်လည်း ကောက်ရိုတ်တဲ့အချိန်လည်း ဖြစ်ပြန်၊ ထောင်ခြံထဲမှာ ထောင်သားတစ်ယောက်လည်း မြွေကိုက်သေထားပြန်တော့ ဘယ်သူကမှ ကျုပ်တို့အပေါ် သံသယရှိမယ် မဟုတ်ဘူး၊ ဒါ ကြောင့်မို့လည်း ယုတ္တိရှိအောင် မြက်ရှောလေးတစ်ကောင် ပထမ ဖမ်းလာပြီး ရှေ့တော်ပေး စမ်းသပ်ကြည့်လိုက်ရတယ် မဟုတ်လား"

"ဩော် ... လက်စသတ်တော့ ပထမတွေ့တဲ့ မြွေကလေးကလည်း ခင်ဗျား အကြံပဲကို၊ မြွေဆိုးမဟုတ်ဘူးလား"

"ဘယ်ကလာ ဟုတ်ရမှာလဲဗျ၊ ကျုပ် ခါးပိုက်ထောင်ထဲ ထည့်ယူလာတဲ့ မြက်ရှောကလေးပဲ၊ ဒါပေမဲ့ နောက်အကောင်ကျတော့ ပုလင်းနဲ့ယူလာတယ်ဗျို့"

"ဟိုနေ့မနက်က လွှင့်ပစ်လိုက်တဲ့ ပုလင်းကလေးဟာလား"

"အစစ်ပေါ့ဗျာ"

"ကျုပ်ဖြင့် အ,တယ်ပြောပြော မရိပ်မိပေါင်ဗျာ"

"မရိပ်မိတာပဲ ကောင်းပါတယ် ကိုဘိုးထော်၊ ဒါကြောင့်လည်း ခင်ဗျားကို ကြိုတင်ပြီး ကျုပ် သတိပေးတာပေါ့၊ ကျုပ်ကတော့ ဟိုအကောင်ကြီးလက် ဖက်ရည် သောက်ပြီးလို့ ဆေးလိပ်လာနိုက်တာနဲ့ တစ်ပြိုင်နက် ကိစ္စချောပြီလို့ တွက်ကိန်းချထားတာပဲ၊ အခုတော့ ဒီကနေ့မှပဲ ကျုပ်ကို ခိုင်းလွန်းသဗျာ"

"ကံဆိုတာ အင်မတန် ဆန်းကြယ်တယ်ကလား ကိုမောင်ကလေးရဲ့၊ ကြံတိုင်းလည်း မဖြစ်ဘူး၊ မကြံဘဲနေရင်လည်း ဖြစ်ချင်ဖြစ်တတ်တယ်ဆိုတာ ကျုပ်တို့ ဘုရားဟောရှိတယ် မဟုတ်လားဗျ"

"မှန်တာပေါ့ဗျာ၊ နို့ပေမဲ့ ဘာပဲပြောပြော ကျုပ်မှာတော့ အကြံကောင်းလို့ လက်ညှိုးတစ်ချောင်းတော့ ဖြတ်လိုက်ရပြီ ကိုဘိုးထော်"

http://www.cherrythitsar.org

